www.burmeseclassic.com

ဆုတော်(ကြင်ဇာ)၊ ကဝေရုန်စံ၊ ဂျိုင်လ

ဂန္ဓာဂ

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဂါထာ ဘုရားရှိခိုး

ပါဠိ-အနက်

သမ္မုဒ္ဓေ အဋ္ဌပိသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနုန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌပိသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္မုဒ္ဓေစ**-တန်ဆောင်မှာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင်မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတို့က်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံစောက်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချှာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန-အာဒရံ**-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် ဓေတုနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရား-ရဟန်း၊ ဗြဟ္မဏ်လူတွင့် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စီစဉ်တည်းဖြတ်သည့်

ဂန္ဓာ

မဂ္ဂဇင်း

အကြံပေး
ဦးစိန်မျိုးမြင့်
ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ
မောင်မောင်လတ်

အမှတ်(၂၆၄)၊ ၂၀၁၇ ဇူလိုင်လ

၆။ ဓိလ်တထောင် ကိုဦး
မွန်မင်းများ အစဉ်အဆက်
တည်ထားကိုးကွယ်ခဲ့သော
ရွေးဟောင်း ကျိုက်ခနတ်စေတီတော်

၁၆။ သစ္စာမင်းခေါင်
ကျောက်တန်းမြို့နယ်၊ တံတားမြို့
မာရ်အောင်ရတနာဘုရားကြီးမှ
သိုက်နန်းရှင်တို့နှင့် ပတ်သက်သည့်
ဂမ္ဘီရဖြစ်ရပ်များ

၂၂။ ဓေယျာထက်
သူတော်စင်တို့ မွေ့လျော်ရာ
သိမ်တော်ဦးမြနန္ဒာစေတီတော်အောင်မြေ

၂၈။ သုံးဆယ် ဘုန်းကြွယ်
ဆရာစံ၏ နယ်ချဲ့တော်လှန်ရေး (ဗဟိုစခန်း)
အလံတောင်ရှိ မဟာအောင်မြေပဌာန
ဆုတောင်းပြည့်ဘုရား

၃၈။ မောင်ထည်ဝါ(ပျော်ဘွယ်)
ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့
ဓေယျတောင်တောရ သာသနာ့နယ်မြေ

၄၈။ မောင်မိုးဦး
မင်းကွန်းခေါင်းလောင်းတော်ကြီး

၅၂။ ရွှေတလေး(လွယ်လင်)
လက်လုပ်တောင်နှင့်
ဒဏ္ဍာရီဆန်သော သာသနာ့ပြု မဟာခရီးသည်

၆၉။ မမြာစရီယ ဦးစောဝင်း
ဆားနှင့်ရေ ရေနှင့်ဆား

၆၄။ နန္ဒာဓိုး(ဆင်ဖြူကျွန်း)
သုမိတ္တာနီဒါန်းအစ အန္တိမ ယသော်ခရာ(၁၂)

၇၄။ ဓမ္မဃောသက အရှင်ဩဘာသ
ဒါန၏ မူမတ်သော အကျိုးပေးများ(၁)

၈၀။ နန္ဒာမောင်(ဆင်ဖြူကျွန်း)
လက်ဝဲတော်ရဲ့ အလောင်းတော် ရှင်ရဟေ့နှင့်
သရဘင်္ဂတော်

၈၄။ ဥတ္တလာ မြင့်သန်းအောင်
ကုဟနဝတ္ထု

၈၈။ ဘဏ်အရာရှိဟောင်းတစ်ဦး
စိတ်နားနေရာ ကွန်းရိပ်သာ

www.burmeseclassic.com

www.burmeseclassic.com

၉၂။ ကိုရွှေမြသန်း(သမိုင်း)
သိဒ္ဓိလမ်းပြ ခြသေ့နှစ်ကောင်
၉၆။ ရဲမြတ်တင်
ပိုင်းခြားဆင်ခြင် ဉာဏ်နှင့်ယှဉ်သော်
၁၀၄။ မောင်ဉာဏ်လင်း(တောင်ကုတ်)
အနိုင် အရှုံး
၁၁၀။ ဗျာပုံ တင်နိုင်ဝင်း
ပရိတ်တန်ခိုး အကျိုးအာနိသင်
၁၁၃။ မုံရွာ နေဇာ
ဆရာကြီးသခင်ကိုယ်တော်မှိုင်း
အမြဲရွတ်ဖတ်ခဲ့သော ဂါထာသုံးပုဒ်



၁၁၆။ အာကာသ(သာစည်)
ပစ်ပယ်၍ရမည်မဟုတ်သော ရှေးကဆိုစကားများ
၁၁၅။ မင်းနေထွန်း(ကန့်ဘလူ)
သမုဒ္ဒရာထက်က ရေတစ်စက်
၁၃၀။ သုခစုစံ(ကျိုက်လတ်)
(၁၃၇၉)ခုနှစ် ပက္ခအဟောနှင့် ယတြာ
၁၃၄။ သာထက်စော်(မကွေး)
ဆစ်ငေါ့တာမှန်သမျှ ကင်းဝေးစေသောယတြာ
၁၃၈။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ကာနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၁၈။ စကြာကောင်းစံ
ကဲချင်ပြည်နယ်မှ အလောင်းတော်ကဿပသို့
ခြေကျင်ကြွကာ အတွင်းသို့ ဝင်ရောက်ဖူးမြော်
ခဲ့သည့် ရာကျော်ဆရာတော်နှင့် ဘိုးခင်မောင်
၁၂၂။ ရန်နိုင်
အလှည့်ကျလျှင် မနွဲကြစေချင်
၁၂၈။ မောင်လှယဉ်(မော်လမြိုင်)
အောဇာရင်နှင့် ပညာရှိ ကာလဒါသ(၉)
၁၃၁။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဆရာတော်ကြီး ဦးခန္ဓာဇောတိ၏
ဂုဏ်ဩာသယကျင့်စဉ်
၁၃၄။ ပုရောဟိတ် ဆရာဦးမြတ်စံ
လောကီကိစ္စ ကောလိစိပ်မှ အောင်မြင်ပါမည်

www.burmeseclassic.com

၁၇၀။ **ဆရာကံထူး(ဝေဒသုတေသီ)**
ဘဝဆိုတာ ကံတူ အကျိုးပေးပါ

၁၇၆။ **ဆရာကံထူး(ဝေဒသုတေသီ)**
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၈၂။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဂမ္ဘီရပရိသတ်မေးခဲ့ ဖြေသည်

၁၈၈။ **မင်းမဟော်ညွှန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ

၁၉၄။ **ဆရာရန်အောင်ဟိန်း(B.Sc)**
နှလုံးရောဂါဖြင့် သေဆုံးခြင်းကို
ကော်ဒီ စနစ်အရ ဝေဖန်ပြခြင်း

၁၉၆။ **ဟိန်း(ဘူမိ)**
ဝဖြိုးခြင်း၊ အဝလွန်ခြင်းနှင့်
အဝပြဿနာ အဖြေရှာ

၂၀၂။ **ရှစ်ခွင်ကျော်(ဖောင်တော်သီ)**
နတ်နဲ့နဂါး လှည့်စားသော်

၂၀၇။ **မရည်မွန်(ကျုံပျော်)**
ဂမ္ဘီရအိပ်မက်

၂၁၂။ **ဦးကိုကိုကြီး(စစ်ဆေးရေး)**
ဌာန်းနှစ်ပင် စိုက်ပါ

၂၁၈။ **မဟာထွန်း**
တောရကျောင်းက သရဲမ

၂၂၄။ **ဗျင်ခူဝါ**
လပြည့်နေ့ ည(၈)နာရီ

၂၃၅။ **ကောင်းသော်**
ဓားပြကြီး ဗိုလ်နဂါး

၂၄၀။ **ချစ်ဆိုင်**
ကျွန်ုပ်၏ ချစ်ခြင်းအစ ဂမ္ဘီရ

၂၅၂။ **ဒါရိုက်တာ မျိုးစော်အောင်**
သစ်ကနက်ပန်းပုရုပ်

၂၆၂။ **တင့်ထူး(စေယျဝတီ)**
အိပ်မက်ဆိုး ပေးလာသော ဘီလူး

၂၆၈။ **ရှင်ထွေးအောင်**
ဂမ္ဘီရဆန်သော လူသားများ

၂၇၂။ **ဂါဠီးနွန်းကို**
စိတ္တဇအမြင်

၂၈၄။ **စိုးယဉ်ထွန်း**
ချက်ကြိုးကွင်းစွပ် သင်းမောင်

၂၉၃။ **ချစ်မင်းသူ**
လိပ်ပြာလှတဲ့ မင်းသမီးလေး

၃၀၀။ **ဆန်းဝင်း(အောင်မြေ)**
ထောင်ချောက်

၃၀၆။ **ကိုမောင်သန်းဝင်း**
ဘူလေးလဲဟ

ထုတ်ဝေသူ – ဦးသန်းဦး(မြ–၀၀၅၃၆၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
အတွင်းသရုပ်ဖော် – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွှန့်နိုင်လှ၊ ဖော်ညွှန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိုန်း။
အတွင်းသားဖလင်–STARS ။ **စာအုပ်ချုပ်**–အကျော်။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
မျက်နှာဖုံးပုံနှိပ်–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅ ၊ ၀၉ ၂၆၀၀ ၈၅၅ ၈၆၀

www.burmeseclassic.com

www.burmeseclassic.com

ဇိုလ်တာထောင်ကိုဦး

မွန်မင်းများ အစဉ်အဆက်တည်ထားကိုးကွယ်ခဲ့သော ရွှေတောင်းကျိုက်ဓနုတ်စေတီတော်

မွန်သုံးရပ် ရှိလေသည်။ မုတ္တမမွန်၊ ပုသိမ်မွန်နှင့် ဒဂုံမွန်တို့ ဖြစ်ကြသည်။ ပါဒနိုင်ငံတွင် မုတ္တမမွန် တိသဘုရင်၏ အဆက်အနွယ် တိသဘောဂသေန မင်းပြု၏။ ဒဂုံနယ်တွင် ဥက္ကလာပ မင်းပြု၏။ ပုသိမ်နယ်တွင် တိသသီဟသေန (ခေါ်) သီဟနန္ဒ မင်းပြု၏။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် အနောက်မစ္ဆိမဒေသ၌ ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်တော်မူချိန် ဒဂုံနယ်ပေါက္ခရဝတီမြို့မှ တဖုံသ၊ ဘလ္လိက ကုန်သည်ညီနောင်သည် ကုန်ရောင်းသွားကြရင်း မြတ်ဗုဒ္ဓ၏ ဆံတော်ရွှစ်ဆူကို ပင့်ဆောင်ပူဇော်ခွင့်ရခဲ့လေသည်။ ဗုဒ္ဓဆံတော်ရွှစ်ဆူကို ကုန်သည်ညီနောင်တို့သည် ဥက္ကလာပမင်းကြီးအား ဆက်သကာ ကြီးစွာသောပူဇော်မှုပြုကြသည်။

ထိုမှ သိဂုံတ္တရကုန်းတော်ထက်၌ ဥက္ကလာပမင်းကြီးနှင့်တကွ ပါဒဘုရင် တိသဘောဂသေန၊ ပုသိမ်မင်း သီဟနန္ဒ အပါအဝင် မှူးမတ်ပြည်သူအပေါင်းသည် ဗုဒ္ဓဆံတော်များကို ဌာပနာထည့်သွင်းကာ စေတီတည်ထားကိုးကွယ်ကြလေသည်။



အရှေ့ဘက်မုခ်ဦး အဝင်မှ တွေ့မြင်ရစေသော မြန်မာမူရာစ်ရာမြောက်တန်ဆောင်းနှင့်အတူ ဓနုတ်စေတီတော်အား ပုံတွေ့ရစဉ်

သမ္မည်ရွှင်တော်ဘုရား ထင်ရှားပွင့်တော်မူပြီဖြစ်ကြောင်း သိရသော ပါဒဘုရင် တိသဘောဂသေနမင်းသည် ဤသို့စဉ်းစား၏။ ဤလောကီစည်းစိမ်တို့ကို ခံစားနေခြင်းဖြင့် သံသရာ၌ မည်သို့အကျိုးရှိအံ့နည်း။ ဘုရားရှင် အဆုံးအဖြတ် ဘုရားသားတော်အဖြစ်သာ သံသရာအကျိုးစီးပွား ရှာတော့အံ့ဟု သံဝေဂတရား ရရှိတော်မူ၍ မဟာသက္ကရာဇ်(၁၀၆)ခုနှစ်၊ နန်းစံ(၈)နှစ်မြောက်တွင် ညီတော် တိသနရသီဟအား ထီးနန်းလွှဲအပ်တော်မူကာ ဆွယ်ဝန်းကုန်းတောတန်း၌ ရသေ့အသွင် ဆင်မြန်းလျက် ဗြဟ္မဏအကျင့်ဖြင့် ကမ္မဋ္ဌာန်းတရား ဝင်တော်မူ၏။ မနားမနေကြိုးစားမှုကြောင့် လောကီအဘိညာဉ်ပေါက်၍ ရှာန်တည်းဟူသော ချမ်းသာသို့ ရောက်ရှိလေ၏။

ဗုဒ္ဓဆံတော်များ မွန်တိုင်းဒေသသို့ ရောက်ရှိခြင်း

မဟာသက္ကရာဇ် တစ်ရာတစ်ဆယ့်တစ်ခုနှစ်တွင် အရှင်ဂဝံပတိ ရဟန္တာမြတ်၏ ပင့်လျှောက်မှုကြောင့် ဂေါတမမြတ်စွာသည် သုဝဏ္ဏဘူမိတိုင်း သုဓမ္မပူရသို့ နောက်ပါ ရဟန္တာများနှင့်အတူ ကြွရောက်လာလေ၏။ မင်းနှင့်တကွ ပြည်သူတို့အား တရားရေအေးတိုက်ကျွေးရာ လူမြောက်မြားစွာတို့သည် အကျွတ်တရား ရရှိကြကုန်၏။

ဘုရားရှင် သုဝဏ္ဏဘူမိသို့ ကြွရောက်လာကြောင်း ကြားသိရသော တိသဓရသေ့ကြီးသည် အခြားရသေ့ကြီး (၇၁)ဦးနှင့် နောက်ပါရသေ့ငယ်များအား ဦးဆောင်ကာ သဒ္ဓါပြည်သို့ ကောင်းကင်ခရီးဖြင့် သွားကြ၏။

ရှင်တော်ဗုဒ္ဓအား မျက်ဝါးထင်ထင် ဖူးမြင်ခွင့်ရသော တိသရသေ့ကြီးသည် လွန်စွာကြည်ညိုခြင်း ဖြစ်လေ၏။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာအား ဤသို့လျှောက်၏။ ဘုရား တပည့်တော်တို့ အရှည်ကိုးကွယ်ခွင့်ရစေရန် ကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပွား ပေးအပ်ချီးမြှင့်ပါရန် လျှောက်ထားတောင်းပန်သောအခါ ရာမညတိုင်းတွင် သာသနာတော် အခွန့်ရှည်ကြာမည်ဖြစ်ကြောင်း သိရှိသော ဗုဒ္ဓရှင်တော်မြတ်သည် ဆံတော်တစ်ဆူ ချီးမြှင့်တော်မူ၏။

ထိုအခါ တိသရဏေက မိမိနှင့်အတူပါ ရဟန္တာ(၇၁) ဦးတို့သည် ဗုဒ္ဓဆံတော်တစ်ဆူတည်းအား မည်သို့ကိုးကွယ်ရပါမည်ဟု လျှောက်ထားသောကြောင့် ရှင်တော်ဗုဒ္ဓက မိဠာန်တော်မူလိုက်ရာ ဆံတော်(၇၁)ဆူပွားများ ရရှိကြကုန်၏။

ရဟန္တာအပေါင်းသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် မိမိနေရပ်ဒေသသို့ ပြန်ရောက်လာကြလေ၏။ မင်းနှင့်တကွ ပြည်သူတို့သည် အားရရွှင်လန်းစွာ ကြိုဆိုကြလျက် ကြီးစွာသော ပူဇော်သက္ကာရပြုကြလေ၏။

ဘုရင်မင်းမြတ်သည် တိသရဏေ၊ ကရဏ္ဍက ရှင်ရဟန္တာတို့နှင့်တိုင်ပင်ကာ ဆံတော်(၇၁)ဆူတို့အား မြို့တော်ပတ်ဝန်းကျင်အရပ်တို့၌ စေတီအမှတ်ဖြင့် ကျောက်ထီးတိုင် စိုက်ထူကာ ကိုးကွယ်ကြကုန်၏။ တိသရှင်ရဟန္တာရရှိသော ဆံတော်ကို တြိယဝက်တောင်ကုန်း၌ စေတီအမှတ်ဖြင့် တည်ထားကိုးကွယ်ကြ၏။

ကျိုက်ဓနုတ်စေတီ တည်လေပြီ

ပါဒဘုရင် ခြောက်ဆက်မြောက် သုခမုခနန်းစောရှင်လက်ထက်၌ အိန္ဒိယတိုင်းသား တေလဂူ(လ်)လူမျိုးများသည် ကုန်ရောင်းဝယ်ဖောက်ကားရင်း နယ်မြေလုလာကြ၏။ အခါတစ်ပါး၌ သမိန်စကားကျွန်းကို မြေလုရန် သင်္ဘော(၁၇)စင်းဖြင့် ရောက်လာကြသော ကုလားစစ်သည်များကို မင်းကြီးကိုယ်တိုင် လေးစကြာ ကိုင်ဆွဲကာ ဦးဆောင်တိုက်ခိုက်ရာ ကုလားစစ်သည်တို့ မခံနိုင်၍ မြစ်တစ်ဖက်ကမ်းသို့ကူးကာ ထွက်ပြေးကြ၏။ မင်းကြီးလည်း မြစ်တစ်ဖက်ကမ်းထိကူး၍ လိုက်လံတိုက်ခိုက်ရာ ကုလားစစ်သည်တို့အား အောင်ပွဲဆင်အနိုင်ရခဲ့သည်။

ထိုအောင်မြေနေရာ၌ မင်းကြီးသည် အထိမ်းအမှတ် စေတီ



ဆုဗောဓိပြည့် ကျိုက်ဓနုတ်ဆံတော်ရှင်စေတီတော်

တစ်ဆူ တည်လေ၏။ ဘေးတော်ဖြစ်သော တိသရဏေကြီး၏ ဌာပနာတိုက်ကိုဖောက်၍ ရရှိလာသည့် ဆံတော်တစ်ဆူနှင့် မဇ္ဈိမဒေသမှ ရဟန္တာတို့ ယူဆောင်လာသော ဆံတော်ဓာတ် သုံးဆူတို့ကို မြကြုတ်တွင် ထည့်သွင်း ဌာပနာပြီး တိုက်စေတီတစ်ဆူကို သာသနာသက္ကရာဇ်(၃၅)ခုနှစ်၌ တည်တော်မူ၏။ အမြင့်အတောင်လေးဆယ် ရှိ၏။ ဘွဲ့တော်ကိုလည်း ကျိုက်ဓနုတ်စေတီဟု သမိုင်းထိုးတော်မူ၏။ ရန်သူတို့ကို လေးနှင့် ပစ်ခွင်းအောင်မြင်ရာ လေး

ကျယ်ဝန်းအောရင်မြင့်နှင့်အတူ တွေ့မြင်ရသည့် အရံစေတီများနှင့် လှပသောဘုန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

အရောဘက်ပြာသာဒ်တန်ဆောင်းအတွင်းရှိ လက္ခဏာငါးပါးပြည့်ဗုဒ္ဓပြတိမာစွာအားမှုအတွေ့ရတဲ့

ဘုရားဟု အဓိပ္ပာယ်ရလေ၏။

ဒုတိယအကြိမ်မြောက် စေတီတော်တည်ထားခြင်း

သာသနာသက္ကရာဇ်(၂၃၆)ခုနှစ်တွင် မဇ္ဈိမဒေသ၌ သီရိခမ္မာသောက(အသောက)မင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တမထေရ်ကို ဦးဆောင်စေ၍ တတိယသင်္ဂါယနာတင်

ပြန်ယာမုအလေးနှင့် လက်ရာပြောက်တန်ဆောင်းကြီး

ဆော်မူလေ၏။ ဗုဒ္ဓသာသနာပြန့်ပွားစေရန် ရည်ရွယ်လျက် ကိုးတိုင်းကိုးဌာနသို့ ရဟန္တာမထေရ်မြတ်တို့အား ဗုဒ္ဓ ဆံတော်၊ ဓာတ်တော်များဖြင့် စေလွှတ်တော်မူ၏။

သုဝဏ္ဏဘူမိသထုံပြည်သို့ အရှင်မောဂ္ဂလိပုတ္တမထေရ်မြတ်၏ တပည့်ကြီးများဖြစ်သော အရှင်သောဏ၊ အရှင်ဥတ္တရမထေရ်မြတ်တို့ ဦးဆောင်၍ ရောက်ရှိလာကြ၏။ ထိုကာလက ဗုဒ္ဓသာသနာတော်အကြောင်း သိရှိသူ နည်းပါးခဲ့သောကြောင့် ရဟန္တာအရှင်မြတ်များအား ရက္ခိုက်ဘီလူးများဟု အထင်မှားကာ ရန်ပြုကြလေ၏။

သုဝဏ္ဏဘူမိ၏ နယ်မြေဒေသတွင် ပါဝင်ခဲ့သော ဒဂုံနယ်၊ ပုသိမ်နယ်တို့တွင်လည်း သာသနာတော်ကွယ်ပလျက် တောအတိဖုံးလွှမ်းကာ သာသနာတော် အမှောင်လွှမ်းချိန် ဖြစ်လေ၏။

ထိုအချိန်က သုဝဏ္ဏဘူမိ သထုံပြည်တွင် စူဠသီရိမာသောကမင်း ထီးနန်းစိုးစံချိန် ဖြစ်သည်။ မင်းကြီးသည် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ရုံမက ရဟန္တာမထေရ်မြတ်မှတစ်ဆင့် အသောကမင်းကြီးထံ ဓာတ်တော်မွေတော်များ ထုပ်မံရရှိနိုင်ရန် တောင်းပန်လျှောက်ထားမှုကြောင့် အရှင်ကိဿဂုတ္တ ကြီးမှူး၍ ရဟန္တာအရှင်မြတ်ငါးပါးတို့အား ပျံဝင်ရောက်ပြည်သို့ စေလွှတ်တော်မူလေ၏။ ဓာတ်တော် မွေတော်များရရှိ၍ ပြန်လာကြသော ရဟန်းတော်များအနက် ဒဂုံ ဒလနယ်သား အရှင်တိကွနှင့် အရှင်သာဂရတို့ ဆံတော်(၂၄)ဆူနှင့် ဓာတ်တော်အများအပြား ဝေစုရရှိကြ၏။ ဒဂုံ ဒလနယ်ရှိ နေရာအနှံ့၌ စေတီတော်များ ရှာဖွေဖော်ထုတ်ကာ ပြန်လည်တည်ထားကြကုန်၏။ ဝေနေယျအပေါင်းတို့သည်လည်း တရားဓမ္မဒေသနာတော် နာကြားရသောကြောင့် အကျွတ်တရား ရကြလေ၏။

ဒလနယ် ပင်လယ်ဝကမ်းခြေ၌ လေးသည်ရွာရှိ၏။ လေးသည်ရွာမှ သံဃာတော်အကြီးအကဲ အရှင်သုဇာတ မထေရ်သည် အရှင်နှစ်ပါးတို့ ခွဲဝေပေးသည့် ဆံတော်(၁၈)ဆူနှင့် ဓာတ်တော်(၂၄)ဆူတို့ကို

www.burmeseclassic.com

www.burmeseclassic.com

တိုက်တန်ဆောင်းဆောက်လုပ်ပြီး တန်ဆောင်းအထက် တိုက်စေတီတည်ကာ ဌာပနာထည့်သွင်းလေ၏။ စေတီပုံမှာ လေးထောင့်တိုက်စေတီဖြစ်၍ သာသနာသက္ကရာဇ် (၂၄၀)ပြည့်နှစ်တွင် တည်ထားပြီးစီးလေ၏။ စေတီမှာ ဥဏ်တော်တစ်ဆယ့်ခြောက်တောင်ရှိ၍ စေတီတော်ကို ခနုဂ္ဂဟစေတီဟု ခွဲမည်ပေး၏။

မင်းအဆက်ဆက် စေတီတော်အား ပြုပြင်တည်ထား ကိုးကွယ်ခဲ့ကြ

ဒလနယ် ပင်လယ်ဝတွင်ရှိသော လေးသည်ရွာကို ခနုတ်ရွာဟုလည်း ခေါ်ကြ၏။ ရွာဦးရှိ ခနုဂ္ဂဟစေတီတော်သည် နေ့,ညမပြတ် မီးထွန်းပူဇော်ထားရှိ၏။ ရေကြောင်းခရီးဖြင့် သွားလာလျက်ရှိသော ပင်လယ်ကူးသင်္ဘောကြီးငယ်များသည် ရန်ကုန်မြစ်အတွင်း ဝင်ရောက်နိုင်ရန် စေတီတော်အား ဦးတိုက်၍ မြစ်ဝအထိ ရောက်ရှိလာပြီး ခနုတ်ကင်းဆိပ်တွင် အခွန်ကောက်ခံပြီးနောက် အချက်ပြရေကြောင်းအကူအညီဖြင့် ဆိပ်ကမ်းများသို့ ဆိုက်ကပ်နိုင်လေ၏။

ကောဇသက္ကရာဇ်(၇၀၁)ခုနှစ်တွင် ဟံသာဝတီနေပြည်တော်၌ မင်းပြုလျက်ရှိသော ဗညားဦးမင်းသည် ငလျင်ဒဏ်ကြောင့် ပြိုပျက်ခဲ့ရသည့် ခနုဂ္ဂဟစေတီတော်အား ပြန်လည်ပြုပြင်ရန် လက်ခိုက်မြို့စား သံဇြတ်ကို တာဝန်ပေးတော်မူ၏။

ခနုတ်ကင်းဆိပ်မှ ရရှိသော အကောက်ခွန်ဘဏ္ဍာတော်ငွေများဖြင့် သက္ကရာဇ်(၇၁၅)ခုနှစ်တွင် စေတီတော်အား တိုက်ပုံစေတီမှ သင်တိုင်းပုံစေတီအဖြစ် အသစ်တည်ထားကိုးကွယ်လေ၏။ သက္ကရာဇ် (၇၁၆)ခုနှစ်တွင် မင်း၊ မိဖုရား၊ မှူးမတ်များသည် မင်းခမ်းမင်းနားဖြင့် ထီးတော်တင်လှူတော်မူ၏။

သက္ကရာဇ်(၇၄၅)ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် စေတီတော် ပြိုကျပြန်သည်။ ဗညားဦး၏သားတော် ရာဇဓိရာဇ်မင်း ထီးနန်းစိုးစံချိန်ဖြစ်၍ ခနုတ်ကင်းသူကြီးတဗဏ္ဍိုကို တာဝန်ပေးတော်မူခဲ့ရာ သက္ကရာဇ်(၇၅၆)ခုနှစ်တွင် စေတီတော်ကို ဥဏ်တော်(၄၅)တောင်အမြင့်ဖြင့် မွမ်းမံပြင်ဆင်တော်မူ၏။ စေတီသမိုင်းကျောက်စာကို သက္ကရာဇ် (၇၇၆)တွင် ရေးထိုးတော်မူ၏။

သက္ကရာဇ်(၈၁၄)ခုနှစ်တွင် ဘုရင်မကြီးရှင်စောပုနန်းတက်ပြီး (၅)နှစ်အကြာ ငလျင်ဒဏ်ကြောင့် စေတီတော် ပြိုကျရာ ပန်းတင်ခဲ့သာကျန်ခဲ့၏။ ဘုရင်မကြီးသည် (၆၅)တောင်အမြင့်ရှိ စေတီတော်အား ပြန်လည်တည်ထားပြီးနောက် သက္ကရာဇ်(၈၂၅)တွင် ထီးတော်တင်လှူ၍ (၈၂၆)ခုနှစ်တွင် ခနုတ်ကင်းခွန်မှ ရရှိငွေဖြင့် စေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခဲ့သည်။


(၂၀၀၆) ခုနှစ်က ပြုပြင်ခဲ့သော ငှက်ပျောပူးစေတီအား မြန်လည်တည့်မတ်ထားစဉ်

ဘုရင့်နောင်မင်းကြီးသည် သက္ကရာဇ်(၉၂၆)တွင် ပြိုကျခဲ့သော စေတီတော်ကို အတောင်(၉၀)မြှင့်၍ အသစ်တည်ထားပြီး ကြေးထီးတော် တင်လှူတော်မူ၏။ ခနုတ်ကင်းဆိပ်မှရသော အခွန်ဘဏ္ဍာအားလုံးကို စေတီနှင့်တကွ သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းတော်မူလေ၏။

နယ်ချဲ့အင်္ဂလိပ်အုပ်စိုးချိန် ခနုတ်စေတီ

သက္ကရာဇ်(၉၆၁)ခုနှစ်တွင် ဟံသာဝတီထီးနန်းပျက်သဉ်းချိန် သန်လျင်ဒေသမှ ဇင်ကာသည် ခနုတ်ဘုရားပိုင် ကင်းဆိပ်မှရရှိသော ဘဏ္ဍာငွေများကိုယူ၍ စေတီတော်ရှိ ရုပ်ပွားနှင့် သာသနိကအဆောက်အအုံများကို ဖျက်ဆီးခဲ့၏။

www.burmeseclassic.com

ကောဇာသက္ကရာဇ်(၁၂၁၃)ခုနှစ်တွင် ဓနုတ်ကင်းစခန်း၌ မြန်မာတပ်နှင့် နယ်ချဲ့တပ်တို့ တိုက်ခိုက်ကြရာ နယ်ချဲ့တပ်တို့သည် မြန်မာတပ်များ ခုခံတိုက်ခိုက်နိုင်ခြင်း မရှိစေရန် ဓနုတ်စေတီတံတိုင်းကို ဖြိုချဖျက်ဆီးခဲ့သည်။ ထို့ပြင် တန်ဆောင်းစရပ် သာသနိကအဆောက်အအုံများကိုပါ ဖျက်ဆီးကြလေသည်။

(၁၂၁၄)ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက်၊ တနလာနေ့မှစ၍ အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့ လက်အောက်သို့ ကျရောက်သွားလေ၏။ ဓနုတ်စေတီအနီး ပတ်ဝန်းကျင်ကျေးရွာများသည်လည်း ပျောက်ကွယ်ခဲ့ရသည်။ (၁၂၅၁)ခုနှစ်တွင် မြေငလျင်လှုပ်၍ စေတီတော်မှာလည်း ပြိုကျရပြန်သည်။

(၁၂၅၂)ခုနှစ်တွင် စေတီငုတ်တိုပေါ်၌ (၉)တောင်အမြင့် စေတီငယ်တစ်ဆူကို ဒလကမာကဆစ်ကျေးရွာမှ လယ်ပိုင်ရှင် ဦးကြည်က ထပ်မံတည်ထားလေ၏။ စေတီတော်ရိုသော်လည်း စေတီအနီးကျေးရွာများနှင့် စေတီတော်ပရိဝုဏ်ရှိ သာသနိကအဆောက်အအုံတို့သည် နယ်ချဲ့တို့၏ မီးရှို့ဖျက်ဆီးမှုကြောင့် လူသူကင်းမဲ့ကာ ဘုရားဖူးသူ အရောက်အပေါက် မရှိတော့ဘဲ တောချုံဖုံးလွှမ်းခဲ့ရလေ၏။



ရင်ပြင်ဝယ်ရှိ ဟသံာရုပ်ခံတံခွန်တိုင်

ဘုရားဒါယကာများ ပေါ်ပေါက်လာ

ဒလကမာကဆစ်ရွာမှ လယ်ပိုင်ရှင် ဦးကြည်သည် ဓနုတ်စေတီတော် ပြန်လည်တည်ထားပြီးသည်မှစ၍ စီးပွားရေး တစ်ရှိန်ထိုး အောင်မြင်လာခဲ့ရာ စေတီတော်နှင့် တကွ သာသနိကအဆောက်အအုံများ ဆက်လက်လှူဒါန်း ဆောက်လုပ်ရန် ပြင်ဆင်နေချိန် ကွယ်လွန်ခဲ့ရသည်။

သားဖြစ်သူ ကမာကဆစ် ဆန်စက်သူဌေး ဦးဖိုးခင်သည် ဖခင်၏ အလိုဆန္ဒပြည့်ဝစေရန် ဒေသခံတို့၏ အကူအညီဖြင့် ယန်းတင်ခုံမှစ၍ ဆူးလေစေတီပုံတော်အတိုင်း ဉာဏ်တော်အခြင့်(၁၂၄)တောင်ရှိ ရှစ်ထောင့်အချိုးစေတီတော်တည်လေ၏။ ရတနာခုနှစ်ပါးစီခြယ်ကာ စိန်ဖူးငှက်မြတ်နားကို ပြုလုပ်ပူဇော်၏။

စေတီတော်ကြီး တင့်တယ်သပ်ရပ်စွာ ပူဇော်နိုင်ရန် ဓနုတ်စေတီအနီးအပါး ကျေးရွာများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ထီးတော်ကြီး၏ ဘုံအဆင့်ဆင့်ကို ကျေးရွာအလိုက် ခွဲဝေလှူဒါန်းကြရာ ပင်မအလှူရှင် ကမာကဆစ်ရွာမှ ဦးဖိုးခင်မိသားစုက လိုအပ်သမျှ ပံ့ပိုးကူညီမှုကြောင့် ဓနုတ်စေတီတော်မှာ တစ်ဖန်ပြန်လည် ပွင့်လင်းတော်မူလာခဲ့ပေ၏။

နှစ်ပေါင်းများစွာ ပြိုပျက်ခဲ့ရသော စေတီတော်ကြီးသည် (၁၂၇၇)ခုနှစ်မှ စတင်တည်ထားလာခဲ့ရာ (၁၂၇၉)ခုနှစ် ဩန်ခူးလ၌ ထီးတော်တင်လှူနိုင်ခဲ့၏။ အစိုးရက ပွဲမိန့်ပေးသောကြောင့် ပျော်ပွဲရွှင်ပွဲများကျင်းပရာ ကြက်ပျံမကျ စည်ကားလှ၏။

(၁၃၁၁)ခုနှစ်တွင် လေပြင်းတိုက်ခတ်ခဲ့ရာ စေတီတော်ထီးတော်နှင့် ငှက်မြတ်နားတို့ ပျက်စီးခဲ့ရသည်။ ဂေါပကလူကြီးများ သဘောတူဆုံးဖြတ်ချက်အရ ရတနာမျိုးစုံပါဝင်သော စိန်ဖူးနှင့် ငှက်မြတ်နားတို့ကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတိုက်အတွင်း အပ်နှံသိမ်းဆည်းထားခဲ့ကြသည်။ ထိုအချိန်က ဒလ-တွံတေး တောကြီးတန်းနယ်မြေတွင် ရောင်စုံသူပုန်တို့ သောင်းကျန်းမှုကြောင့် ဒေသတွင်း မတည်မငြိမ် ဖြစ်နေချိန်ဖြစ်၏။

(၁၉၆၂)ခုနှစ်မှစ၍ နယ်မြေအေးချမ်းစပြုလာ၏။ စေတီတော်ပရိဝုဏ်အတွင်း ထူထပ်လျက်ရှိသော တောချုံများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်အား ထုံးသင်းနီးကပ်လှူခြင်း၊ လျှပ်စစ်မီးပူဇော်ခြင်းနှင့် ဘုရားပွဲတော်များ

www.burmeseclassic.com

ပြန်လည်ကျင်းပခဲ့ကြ၏။

(၁၉၇၄)ခုနှစ်မှ (၁၉၈၈) ခုနှစ်ထိ စေတီတော်မှာ ထုံးသင်္ကန်း အဖြစ်သာ ပူဇော်နိုင်သေးသည်။ သာသနိက အဆောက်အအုံများ ပြင်ဆင်ဆောက်လုပ်ခြင်း၊ သောက် ရေကန်များ ပြန်လည်တူးဖော်ခြင်း၊ ညစဉ် လျှပ်စစ်မီးပူဇော်ခြင်းတို့ကို ဆောင်ရွက်ရင်း (၁၃၃၅)ခုနှစ်၊ တန်ခူးလဆန်း (၂)ရက်နေ့တွင် အင်္ဂါထောင့်၌ သိမ်တစ်လုံးကို ဆောက်လုပ်ပြီး ရေစက်ချအလှူ မင်္ဂလာ ပြုလုပ်နိုင်၏။

ပြောက်ဘက်မုခ်ဦးအနီး၊ ဓာတ်မြေရသည့် ရေးထားတံခွန်ထောင်။

ဓနုတ်စေတီတော်တွင် (၁၉၅၃)ခုနှစ်မှ (၁၉၉၁)ခုနှစ်ထိ စိန်ဖူးနှင့် ငွက်မြတ်နားမရှိဘဲ ထီးတော်ရောင် ညှိုးခဲ့ရသည်။

တပ်မတော်အစိုးရလက်ထက် ထီးတင်ပွဲ

ဓနုတ်စေတီတော်ကြီးကို ဘက်စုံပြုပြင်မွမ်းမံကြသည်။ ကွဲအက်နေသော ငွက်ပျောဖူးကို ပြင်ဆင်ခြင်း၊ ကြာမှောက်ကြာလန် အသစ်ပြင်ခြင်း၊ ငွက်ပျောဖူးကြေးပြားခံ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရင်ပြင်ပေါ်၌ သုံးလက်မထူ ကွန်ကရစ်ခင်းခြင်း၊ အရံစေတီ(၂၄)ဆူ တည်ထားခြင်း၊ အထက်ပစ္စယာ သံတိုင်သံပန်းများ တပ်ဆင်ခြင်း၊ မဟာရံတံတိုင်းအသစ် ဆောက်လုပ်ခြင်း၊ မုခ်ဦးများတွင် ခြင်္သေ့ရုပ်အသစ်ထုလုပ်ခြင်း၊ တံခွန်တိုင် ပြုလုပ်ခြင်း၊ ရုပ်ပွားဆင်းတူများ ရွှေသင်္ကန်း ကပ်လှူခြင်း၊ ယျက်စီးနေသော သာသနိက အဆောက်အအုံများ ပြင်ဆင်မွမ်းမံ ဆောက်လုပ်ခြင်း စသဖြင့် ဘက်စုံထောင့်စုံအောင် ပြုပြင်ခဲ့ကြသည်။

(၁၉၉၁)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆၊ ၂၇၊ ၂၈)ရက်နေ့များ၌ ထီးတော်၊ ငွက်မြတ်နား၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ခဲ့ကြ၏။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတိုက်အတွင်း ခေတ္တအပ်နှံထားခဲ့သော စိန်ဖူးနှင့် ငွက်မြတ်နားတို့ကို ဒေဝါဝင်း၊ ရာဇာဝင်းခင်းရှု ရွှေတိဂုံမှ ဆူးလေစေတီ၊ ပန်းဘဲတန်း၊ ဒဂုံ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး မြို့နယ်များသို့ အပူဇော်ခံပြီးနောက် ဖေဖော်ဝါရီလ (၂၂)ရက်တွင် ဓနုတ်စေတီသို့ ပင့်ဆောင်ခဲ့၏။ ဒေသခံများ ကြည်ညိုပူဇော်ပြီးနောက် စေတီတော်အထွတ်သို့ တင်လှူကြ၏။ ကြက်ပျံမကျ စည်ကားလှပေသည်။

စေတီတော် နှစ်ကြိမ်ပြုကျခဲ့ရ

(၁၉၉၁)ခုနှစ်တွင် စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံခဲ့ပြီး (၂၀၀၆)ခုနှစ်၊ ဇွန်လ (၂၇)ရက်၊ အင်္ဂါနေ့ နံနက်(၂)နာရီ (၁၅)မိနစ်အချိန် အရှေ့တောင်ထောင့်မှစ၍ စိန်ဖူး၊ ငွက်မြတ်နား၊ ထီးတော်နှင့်တကွ စေတီတော်ကြီး

ဆုတောင်းပြည့် ကျိုက်ဓနုတ်စေတီတော် အဝင်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဆက်ပုစ်ဉီးဝရှိ သာသနာ့ဓမ္မပီဟန်တော်

ထက်ခြမ်းကွဲ၍ ပြုကျခဲ့ရသည်။

ပြုကျကျန်ရစ်ခဲ့သော စေတီတော်ပုံသဏ္ဌာန်မှာ နဂါးတစ်ကောင် အမောက်ထောင်နေသည်နှင့် တူလှ၏။

ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည်။ တည်ဆောက်ရေးတာဝန်ယူခဲ့သော ရွှေသံလွင်ကုမ္ပဏီမှ အင်ဂျင်နီယာ လေးဦးခန့် လွဲပြောင်းတာဝန်ယူပြီးနောက်မှ စေတီတော် တည်ဆောက်ရေးလုပ်ငန်း တိုးတက်လာ၏။

စေတီတော်ကြီးအား အသစ်ပြန်လည် တည်ထားခဲ့ပြီး နောက် မေလ (၅)ရက် (၂၀၀၉)ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲမိသားစုမှ တက်ရောက်၍ ထီးတော်အသစ် တင်လှူပွဲ ကျင်းပခဲ့ကြသည်။ နိုင်ငံတော်အဆင့် စေတီ၊ ထီးတော်တင်လှူပွဲ ဖြစ်သောကြောင့် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ထိပ်တန်း တာဝန်ရှိ ပုဂ္ဂိုလ်များပါ တက်ရောက်ခဲ့ကြသည်။

သို့သော်လည်း ထီးတော်တင်လှူအပြီး (၂၁)ရက် အကြာ (၃၀-၅-၂၀၀၉)ရက်နေ့ ညနေ(၃)နာရီအချိန်ခန့်၌ ဓနုတ်စေတီတော် ထီးတော်မှာ မြောက်ဘက်သို့ ပြုတ်ကျသွားပြီး ငါးမိနစ်ခန့်ကြာမှ ဝုန်းဆိုသော ပေါက်ကွဲသံကြီးနှင့်အတူ စေတီတော်မှာ ထက်ခြမ်းကွဲအက် ပြုကျခဲ့ရပြန်၏။

စေတီတော်မပြုကျမီ (၁၀)ရက်ခန့်၌ နိမိတ်ပုံများ ပေါ်လာ၏။ ကောင်းကင်၌ ထီးတော်ပုံရိပ်မှာ ရွှေရောင်ဝင်းလျက် ပေါ်လာ၏။ ရုပ်ပွားတော်ပုံရိပ်မှာလည်း ခေါင်းတုံးပုံပေါ်လာကြောင်း ဂေါပကအဖွဲ့မှ ရှင်းပြ၏။

၄င်းပျောက်ကွယ်တော်မှာ အရှေ့ဘက်ရင်ပြင်တော် ပရိဝုဏ်ဆီသို့ ပြုတ်ကျခဲ့လေ၏။ ထူထည်ကြီးမားလှသော စေတီတော်ကြီး ပြန်လည်တည်ဆောက်ရေးအတွက် တာဝန်ရှိသူတို့ ရတက်မအေး ဖြစ်ကြရလေသည်။

ကျိုက်ထီးဆောင်းဆရာတော်နှင့် ကျိုက်ဓနုတ်စေတီ

ကောဇာသက္ကရာဇ်(၁၃၇၃) ခုနှစ်တွင် နိုင်ငံတော် သမ္မတကြီးနှင့်တကွ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိသားစုတို့သည် ကျိုက်ထီးဆောင်းဆံတော်ရှင် သာသနာပြု အထွေထွေအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တနာဂိန္ဒအား သမ္မတအိမ်တော်သို့ ပင့်ဆောင်ပြီး အကြိမ်ကြိမ်ပြုကျနေသော ဓနုတ်စေတီတော်အား ပြန်လည်ပြုပြင်တည်ဆောက်ပေးပါရန် အပ်နှံကြလေသည်။

ဓနုတ်ဆံတော်ရှင်စေတီတော်မှာ ဥဏှတော်အမြင့် (၁၈၉)ပေ၊ လုံးပတ်တော်(၂၄၄)ပေ ရှိလေသည်။ ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ်မှာ ကြီးမားလှသည်။ နိုင်ငံတော်မှ လိုအပ်သမျှပံ့ပိုးကူညီမည်ဟု တာဝန်ယူ၏။ ပင်မအလှူရှင် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမိသားစုမှ မိမိရှိသမျှ စည်းစိမ်ပစ္စည်း ကုန်ချင်ကုန်ပါစေ။ စေတီတော် အခွန်ရှည်တည်တံ့နိုင်ရေး၊ တာရှည်ခိုင်မြဲအောင် ဆောက်လုပ်ရေးပစ္စည်းများအသုံးပြု တည်ဆောက်ပါမည်ဟု ကတိအထပ်ထပ်ပေး၏။

ဤသို့ဖြင့် ကျိုက်ထီးဆောင်းဆံတော်ရှင် သာသနာပြုဥဿျောင် ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ချုပ် ဆရာတော်တို့ ဦးဆောင်လျက် (၂၀၁၂)ခုနှစ်၊ မတ်လတွင် စေတီတော်ပြုကျမှုအပျက်အစီး အပိုင်းအစများ ရှင်းလင်းဖယ်ရှားမှုကို စတင်ခဲ့၏။ ဒေသခံများနှင့်အတူ ဒလ၊ ရန်ကုန်မြို့ကြီးမှ လူများစွာတို့သည် စေတနာထက်သန်စွာဖြင့် လုပ်အားဒါနလှူဒါန်းကြလေသည်။

(၂၂-၄-၂၀၁၂)ရက်နေ့မှစ၍ စေတီတော် တည်ဆောက်မှုအပိုင်းကို စတင်ဆောင်ရွက်ခဲ့ရာ အဆင့်ဆင့်ပြုပြင်တည်ဆောက်ခဲ့ရ၏။ စေတီတော်တည်ဆောက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

သာသနိကအဆောက်အအုံဟောင်းများကို အသစ်ပြုပြင်မွမ်းမံခြင်း၊ ဌာပနာဖူးမှ ခေါင်းလောင်းအထိ စတီးရွေပြားများကို မြန်မာမှုပြု၍ တပ်ဆင်ထားခြင်း စသည်ဖြင့် အဆင့်ဆင့်အောင်မြင်လာခဲ့ရာ (၁၃၇၄)ခုနှစ်၊ တပေါင်းလဆန်း(၃၊ ၄၊ ၅)ရက် ခရစ်နှစ် (၂၀၁၃)ခုနှစ်၊ မတ်လ (၁၄၊ ၁၅၊ ၁၆)ရက်ထိ သုံးရက်တိုင်တိုင် ထီးတော်တင်လှူခြင်းမင်္ဂလာကို ဆင်နွှဲခဲ့ကြလေသည်။

စေတီတော်ဘွဲ့ခံည်ကိုလည်း ရှေးမင်းများ သမုတ်တော်မူခဲ့သည့် ဆုတောင်းပြည့် ကျိုက်ဓနုတ်ဆံတော်ရှင် စေတီတော်ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

ကျိုက်ဓနုတ်စေတီတော်နှင့် ကိုရင်ကြီး

ကျိုက်ဓနုတ်စေတီနှင့် ကိုရင်ကြီး နာဂဝံသတို့သည် ပဋ္ဌာန်းဆက်ပါရမီ ရှိခဲ့၏။ ကိုရင်ကြီးကို ဒလမြို့နယ် ရခိုင်ချောင်ရွာတောင်ပိုင်းနေ အဖ ဦးဘပု၊ အမိ ဒေါ်နှင်းမြိုင်တို့မှ (၁၂၈၅)ခုနှစ်တွင် မွေးဖွားခဲ့၏။ ငယ်မည်မှာ မောင်တင်အုန်း ဖြစ်သည်။

ငယ်စဉ်ကလေးဘဝ (၆)နှစ်၊ (၇)နှစ်အရွယ်မှစ၍ ပုတီးတစ်ကုံးဖြင့် ဘာဝနာတရား ပွားများလာခဲ့၏။ ရခိုင်ချောင်ရွာအရှေ့ရှိ မမကြီးကန်အနီး တစ်ပါးနေတဲကျောင်းထိုး၍ တရားကျင့်ကြံအားထုတ်၏။ တွဲတေးမြို့နယ် အတွင်းရှိ သုသာန်များတွင် အသုဘကမ္မဋ္ဌာန်း စီးဖြန်းရင်း လျှောက်သွားနေခဲ့ရာမှ အသက်(၃၀)အရွယ်တွင် ဓနုတ်စေတီပရိဂုဏ် တောင်ဘက်ရှိ ဇရပ်တစ်ဆောင်၌ သီတင်းသုံးရန် ရောက်ရှိလာလေသည်။

ရောက်စက ဇရပ်အတွင်း၌ ရှိနေကြသော မမြင်အပ်သည့် ပုဂ္ဂိုလ်များက ကိုရင်ကြီးအား လက်မခံချေ။ ကျောတခင်းစာ နေရာပေးရန် တောင်းပန်မှုကြောင့် ဇရပ်အတွင်း ဝင်ပေါက်အနီး၌ ကျောတခင်းစာသာ နေရာပေးလေ၏။

ကိုရင်ကြီးအား ကမ္မဋ္ဌာန်းဘာဝနာ မစီးဖြန်းနိုင်စေရန် အနှောင့်အယှက်အမျိုးမျိုးပြုကြ၏။ နှစ်ပေါင်းငါးဆယ်မျှ နေထိုင်ကျင့်ကြံလာခဲ့ရာ ခရီးအတန်ပေါက်ပြီဖြစ်သော ကြောင့် မမြင်အပ်သည့် ပုဂ္ဂိုလ်များသည် ကိုရင်ကြီးအား ဘုရားခန်းနေရာ၌ နေရာပေးကြ၏။

ကိုရင်ကြီးသည် စေတီအနီး နေအိမ်နှစ်ခု၌သာ ဆွမ်းခံကြွ၏။ စေတီတော်အုပ်မုခ်ဦးဝရှိ ဒေါ်ခင်ဝင်းအိမ်နှင့် ကားလမ်းတစ်ဖက်ရှိ ကိုသစ်လွင်၊ မမူအိမ်တို့သာ ဆွမ်းခံကြွ၏။ ထိုနှစ်အိမ်ကလည်း ကိုရင်ကြီး ဆွမ်းလောက်ငစေရန် လောင်းလှူကြသည်။ ဆွမ်းအလှူခံရရှိသည့်သပိတ်



ဘုရားအမကြီး ဒဒါမယ်၏ ဓာတ်သွန်းရုပ်တု

www.burmeseclassic.com



ကိုရင်ကြီး နာစဉ်သဘား ပုံရွှန်တော်မမှီ တွေ့ရစဉ်

ဖြင့် ဘုရားအား ဦးစွာဆွမ်းကပ်၏။ ပြီးမှ စွန့်၍ ပတ္တ ပိဏ်ဆွမ်း ဘုဉ်းပေးတော်မူ၏။ ဆွမ်းစားစဉ် သပိတ်ကို မကြည့်ဘဲ နေကိုကြည့်၍ ဆွမ်းစားသည်ဟု ဂေါပက ဥက္ကဋ္ဌက ရှင်းပြလေ၏။

ခနုတ်စေတီတော် မပြီကျမီ သုံးလခန့်တွင်တစ်ကြိမ်၊ ခုနစ်ရက်အလိုတွင်တစ်ကြိမ်၊ ပြီမည့်နေ့ နံနက်ပိုင်းတွင် တစ်ကြိမ် စေတီပြီမည့်အကြောင်း တာဝန်ရှိသူတို့အား ပြောကြားခဲ့၏။ မည်သူမျှ မယုံကြည်ကြပေ။

ထို့ပြင် ဆွမ်းအလှူရှင် ဒေါ်ခင်ဝင်းအား ၄င်းပုံလွန်တော်မူပါက မှန်ခေါင်းတာဝန်ယူရန် မှာကြား၏။ ကိုသစ်လွင်၊ မမူတို့ကိုမူ ဂူတာဝန်ယူရန် မှာကြားထားလေ၏။

ဤသို့ဖြင့် (၂၀၀၉)ခုနှစ်၊ မေလ (၃၀)ရက်နေ့ ညနေ (၃)နာရီအချိန်ခန့်တွင် ခနုတ်စေတီတော်ကြီးမှာ ထက်ခြမ်းကွဲကာ ပြိုကျခဲ့ရသည်။ စေတီတော်ပြိုအပြီး (၂၁)ရက်အကြာ၌ ကိုရင်ကြီး ရှင်နာဂဝံသသည်လည်း သက်တော် (၈၆)နှစ်အရွယ်၌ ပုံလွန်တော်မူခဲ့လေသည်။

ဆွမ်းဒကာ နှစ်ဦးတို့ကလည်း ကတိအတိုင်း မှန်ခေါင်းဖြင့် အုတ်ဂူအတွင်းထည့်ကာထားခဲ့၏။ (၂၀၁၂)ခုနှစ် စေတီတော်ပြန်လည်တည်ထားချိန်ထိ ကိုရင်ကြီးမှာ မပုပ်မသိုးဘဲ ပကတိရုပ်အတိုင်း ရှိနေခဲ့သည်။ သို့သော်လည်း ကျိုက်ထီးခံတင်းဆရာတော်ကြီးမှ ကိုရင်ကြီးမှာ ဝိဇ္ဇာတစ်ဦးဖြစ်၍ အလောင်းအား မီးသင်္ဂြိုဟ်ကာ စေတီတော်တောင်ဘက်တန်ဆောင်း၌ ရုပ်တုပြုလုပ်ကာ အရိုးပြာအား ထည့်သွင်းထားလေ၏။

ထူးခြားဖြစ်စဉ်များ

ခနုတ်စေတီတော်တွင် (၂၀၁၅)ခုနှစ်၊ စက်တင်ဘာလအတွင်း (၄၃)ရက်တိုင်တိုင် ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ခဲ့၏။ အနီးဝန်းကျင်ရှိ ဒေသခံများမှ စတင်တွေ့ရှိခဲ့ပြီး တစ်စ,တစ်စ ပုံနှံ့ကာ ဒလမြို့၊ ရန်ကုန်မြို့မှ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များပါ လာရောက်ကြည့်ရှုကြရာ ပရိသတ်မှာ လွန်စွာများပြားခဲ့ဆည်။

ညခုနစ်နာရီနောက်ပိုင်းမှစ၍ စေတီတော်ကောင်းကင်တွင် အရှေ့တန်ဆောင်းအတွင်းရှိ ဆုတောင်းပြည့်ရုပ်ပွားတော်ပုံ ပေါ်လာ၏။ ရောင်ခြည်တော်များလည်း ၄ာ်ပျောဖူးတော်ပေါ်၌ ကွန့်မြူးကြကုန်၏။ ပန်းရထားသည်လည်း စေတီတော်အား ဦးတိုက်နေပုံ ပုံရိပ်ပေါ်လာ၏။ စေတီတော်အား အုပ်မိုးလျက်ရှိသော လွန်စွာကြီးမားသည့် မြွေကြီးတစ်ကောင်အရိပ်သည်လည်း ထင်ရှားစွာပေါ်လာပြီး



ကျိုက်ခနုတ်စေတီတော် ထရံဖောက်ထွက်လို့ ဥတ္တမဦးပြာသာဒ ရှင်းပြစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံမှတ်တမ်းတင်နိုင်ခဲ့သည်။ ၄င်းပျောဖူးတော်တွင် ဗုဒ္ဓရုပ်ပွားတော်ပုံလည်း ပေါ်လာ၏။ (၄၃)ရက်တိုင်တိုင် ညစဉ်မပြတ် ရောင်ခြည်တော်လွှတ်ခြင်း၊ ပုံရိပ်များပေါ်လာခြင်းပြုပြီးနောက်ပိုင်း ထူးခြားဖြစ်စဉ် လုံးဝမဖြစ်ပေါ်တော့ပေ။

ဂေါပကအလိုဆန္ဒ

သီလိုသမျှအား စိတ်ရှည်လက်ရှည် ရှင်းပြပေးပါသော စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြသွေးအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဂေါပက ဥက္ကဋ္ဌမှလည်း စေတီတော်လိုအပ်ချက်အား ပြောပြသည်။

စေတီတော်အရှေ့မုခ် သာသနာ့ဗိမာန်အဆောက်အအုံ အတွင်း (၁၀၀ ပေ × ၆၀ ပေ)အကျယ်ရှိသောနေရာတွင် ကြွေပြားများ ခင်းလိုခြင်း၊ မျက်နှာကြက်များ အလှတပ်ဆင်လိုခြင်း၊ ရှေးဟောင်းဇရပ်များကို ပြန်လည်ပြုပြင်မွမ်းမံလိုခြင်း၊ ထီးတော်၌ ရွှေအစစ်ရွေသင်္ကန်း ကပ်လှူလိုခြင်း စသောဆန္ဒများရှိနေသည့် ဂေါပကအဖွဲ့၏ အလိုဆန္ဒအား ဖြည့်ဆည်းတော်မူနိုင်ရန် ခုနစ်နေ့သားသမီး သူတော်စင်အပေါင်းတို့သည် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်တော်လှူနိုင်ရန် စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် (၀၉ ၈၆ ၁၅၀၀၃)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရှေးဟောင်းသမိုင်းဓင် ထူးခြားထင်ရှားလှသော ကျိုက်ဓနုတ်ဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်သို့ ဒလမှ (၁၂)မိုင်ကွာဝေးလျက် ညီညာပြေပြစ်သည့်ကားလမ်းဖြင့် သွားရောက်ဖူးမြော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တိုက်တွန်းလိုက်ပါသတည်း။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

ဗိုလ်တထောင် ကိုဦး

မှီငြမ်း * ဒေါက်တာမြင့်လှိုင် ရေးဒလတောကြီးတန်းရှာပုံတော်။
* ရွှေပြည်ဟိန်း ရေးသားပူဇော်သည့် ဆုတောင်းပြည့်ကျိုက်ဓနုတ်ဆံတော်ရှင်စေတီ သမိုင်းသစ် သမိုင်းဟောင်း။

www.burmeseclassic.com

ကျောက်တန်းမြို့နယ်၊ တံတားမြို့

သစ္စာမင်းခေါင်

မာရ်အောင်ရတနာဘုရားကြီးမှ သိုက်နန်းရှင်တို့နှင့်ပတ်သက်သည့် ဂမ္ဘီရဖြစ်ရပ်များ

ကျောက်တန်းမြို့နယ်၏ အရှေ့မြောက်ဘက် (၁၂)မိုင် အကွာရှိ တံတားမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ခန့် ဖြိတိသျှကိုလိုနီခေတ်က တည်ထားကိုးကွယ်ခဲ့ကြသော မာရ်အောင်ရတနာဘုရားကြီး တည်ရှိ၏။ ထိုဘုရားကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများအဖြစ် အဆိုပါ ဘုရားကြီးပရိဝုဏ်အနီးရှိ တံတားမြို့ အလယ်ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်များက အစဉ်အဆက် တာဝန်ယူခဲ့ကြ၏။ လက်ရှိ အလယ်ကျောင်းတိုက် ဆရာတော် ဦးဝဏ္ဏသာမိ လက်ထက်တွင် ယိုယွင်းပျက်စီးနေသော အဆိုပါ ဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်ကြီးကို အသစ်တစ်ဖန် ပြန်လည်မွမ်းမံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့၏။

ယခင်ဆရာတော် အဆက်ဆက်က ခွင့်ပြုနေရာပေးထားခဲ့သော သိုက်နန်းရှင်တို့၏နေရာ

ဖော်ပြပါ မာရ်အောင်ရတနာဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း လက်ဝဲဘက်ရှိ အဆောင်ထောင့်တွင် ယခင်ဩဝါဒစရိယ ဆရာတော်အဆက်ဆက်က ခွင့်ပြုနေရာပေးထားခဲ့သော မာရ်အောင်ရတနာဘုရားကြီး၏ အစောင့်အရှောက် သိုက်နန်းရှင်တို့၏နေရာ သိုက်စင်ရှိ၏။ အထက်ဖော်ပြပါအတိုင်း မာရ်အောင်ရတနာဘုရားကြီး၏ လက်ရှိဩဝါဒစရိယ ဖြစ်တော်မူသော အလယ်ကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏသာမိက ဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်အား ဘက်စုံမွမ်းမံပြင်ဆင်ရန် စီစဉ်သောအခါ သိုက်နန်းရှင်တို့၏ နေရာ(သိုက်စင်) ပါရှိသည့် ဟောင်းနွမ်းယိုယွင်းနေသော ဂန္ဓကုဋိကျောင်းဆောင်တော်၏ ဝဲဘက်အဆောင်ကိုပါ ဖြိုဖျက်ခဲ့၏။

သိုက်နန်းရှင်တို့က ဆရာတော်အား အိပ်မက်ပေး တောင်းပန်လျှောက်ထားကြခြင်း

ထိုအခါ မာရ်အောင်ရတနာဘုရားကြီး၏ အစောင့်အရှောက်များဖြစ်ကြသော သိုက်နန်းရှင်ညီအစ်မ နှစ်ဖော်က ဘုရားကြီး၏ ဩဝါဒစရိယဖြစ်တော်မူသော ကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏသာမိအား အိပ်မက်ပေးပြီး-

'ဆရာတော်ဘုရားက တပည့်တော်မတို့ရဲ့ နေရာ(သိုက်စင်)ကိုပါ ဖြိုဖျက်လိုက်လို့ တပည့်တော်မတို့မှာ နေစရာမရှိ ဖြစ်နေရပါပြီဘုရား။ တပည့်တော်မတို့ကို ဒီဘုရားကြီးပရိဝုဏ်အတွင်းမှာ နေရာတစ်ခုခု ပေးသနားတော်မူပါဘုရား' ဟူ၍ တောင်းပန်လျှောက်ထားကြ၏။



မာရ်အောင်ရတနာဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်အား ဝတ္ထုပြုရေဒီ

မာရ်အောင်ရတနာဘုရားကြီး ပရိဝုဏ်ရှိ ရေကန်ပေါင်ပေါ်၌ သိုက်စင်ဆောက်လုပ်ပေးခြင်း

ထို့ကြောင့် ဆရာတော် ဦးဝဏ္ဏသာမိသည် မာရ်အောင်ရတနာဘုရားကြီး၏ ယာဘက်ရှိ ရေကန်ပေါင်ပေါ်၌ တိုင်(၄)တိုင်ခွဲ သိုက်

www.burmeseclassic.com

www.burmeseclassic.com

ပန်းဆောင်ရာစာဘုရားရှေ့ဆေး ဘုရင်အောင်ဆိုင်ဘုရားရှိခိုးစင်တွင်

စင်ဆောက်လုပ်ပြီး ၄င်းတို့အတွက် နေရာပေးခဲ့၏။

နာဂစ်မုန်တိုင်းကြောင့်
သိုက်စင် ကျွမ်းထိုးမောက်ခုံ ဖြစ်သွားခြင်း

ယင်းနောက် ပြင်းထန်သော နာဂစ်မုန်တိုင်းကြောင့် ရေကန်ပေါင်ပေါ်မှ ထိုသိုက်စင်မှာလည်း ကျွမ်းထိုးမောက်ခုံ ဖြစ်သွားခဲ့လေ၏။

အိပ်မက်ပေးကြွပြန်ခြင်း

သို့အတွက် ထိုသိုက်နန်းရှင်တို့သည် ဖော်ပြပါ ဆရာတော် ဦးဝဏ္ဏသာမိအား မွမ်းမံပြင်ဆင် ပြီးစီးသွားပြီဖြစ်သည့် မာရ်အောင်ရတနာဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်တော် ဝဲဘက်ရှိ မိမိတို့၏ မူလနေရာ၌ ပြန်လည်နေရာပေးပါရန် အိပ်မက်ပေး လျှောက်ထားကြပြန်၏။ ဆရာတော် ဦးဝဏ္ဏသာမိအနေနှင့် ထိုသိုက်နန်းရှင်တို့အား ဂန္ဓကုဋိကျောင်းဆောင်အတွင်း၌ ထပ်မံနေရာမပေးလို သဖြင့် ခပ်မဆိတ်ပင် နေခဲ့လေ၏။

ဒုတိယအကြိမ်၊ တတိယအကြိမ် အိပ်မက်ပေးခြင်း

သို့ဖြင့် အဆိုပါ သိုက်နန်းရှင်တို့သည် မိမိတို့၏နေရာ ပြန်လည်ရရှိရေးအတွက် ဖော်ပြပါ ဆရာတော် ဦးဝဏ္ဏသာမိအား ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် (၂)ကြိမ်တိတိ ထပ်မံအိပ်မက်ပေးခဲ့ကြလေ၏။ ဆရာတော် ဦးဝဏ္ဏသာမိကလည်း အလေးအနက်မထားဘဲ မသိကျိုးကျန်ပြုနေခဲ့၏။

ဆရာတော် ဦးဝဏ္ဏသာမိ၏ သွားများ
ရုတ်တရက် ဝေဒနာခံစားရခြင်း

ထိုကဲ့သို့ သိုက်နန်းရှင်တို့ အိပ်မက်အကြိမ်ကြိမ် ပေးခဲ့သော်လည်း ၄င်းတို့မှာ နေရာမရဖြစ်နေခဲ့လေ၏။ ယင်းနောက် တတိယအကြိမ် အိပ်မက်ပေးပြီး တစ်ပတ်ခန့် အကြာတွင် ဆရာတော်ဦးဝဏ္ဏသာမိ၏ သွားများမှာ ပလာယာနှင့် ဆွဲနုတ်ခံရသလို ပြင်းထန်စွာ နာကျင်ခံစားရပြီး ဆွမ်းပင် ဘုဉ်းမပေးနိုင်တော့သည့် အခြေအနေသို့ ရောက်ခဲ့ရ၏။ ဆေးခန်းသို့ကြွ၍ ဆရာဝန်နှင့် ပြသသော်လည်း သက်သာပျောက်ကင်းခြင်းမရှိဘဲ နာနာကျင်ကျင် ခံစားနေရ၏။

ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း
ဝဲဘက်အဆောင်တွင် ပြန်လည်နေရာပေးခြင်း

အထက်ဖော်ပြပါအတိုင်း ဆရာတော် ဦးဝဏ္ဏသာမိအနေနှင့် သွားများအားလုံး နာကျင်ကိုက်ခဲခြင်းကို ပြင်းပြင်းထန်ထန် ခံစားရပြီး နောက်(၃)ရက်အကြာတွင် အဆိုပါ သိုက်နန်းရှင်တို့အား မာရ်အောင်ရတနာဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း ဝဲဘက်အဆောင်ထောင့်တွင် သိုက်စင်ပြုလုပ်၍ ပြန်လည်နေရာပေးခဲ့၏။ ထိုသို့နေရာချထားပေးပြီးနောက် နောက်တစ်နေ့ မနက်ပိုင်းတွင် ဆရာတော်သွားများ ပြင်းပြင်းထန်ထန် နာကျင်ကိုက်ခဲသော ဝေဒနာမှာ လုံးဝပျောက်ကင်းသွားခဲ့လေ၏။

www.burmeseclassic.com

ကျောက်တန်ဆူးနယ်၊ တံတားမြို့ရှာ
မာရ်အောင်ရတနာဘုရားကြီး

ဤသည်မှာ ဖော်ပြပါ မာရ်အောင်ရတနာဘုရားကြီးမှ သိုက်နန်းရှင်တို့နှင့် ဆက်နွယ်သော ဂန္ဓိရဖြစ်ရပ်ဆန်းတစ်ခုပင် ဖြစ်ပါ၏။

အလားတူ ထိုသိုက်နန်းရှင်တို့နှင့် ပတ်သက်ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုကလည်း မယုံနိုင်ဖွယ် ဆန်းကြယ်လွန်းလှပါ၏။ ထိုဖြစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

ဦးပဉ္စင်းကြီး ဦးသုမန သက်တော်(၆၁)နှစ်၊ ဝါတော်(၆)ဝါသည် အထက်ပါ မာရ်အောင်ရတနာဘုရားကြီး ပရိဝုဏ်အနီးရှိ အလယ်ကျောင်းတိုက်မှ ဦးပဉ္စင်းကြီးတစ်ပါး ဖြစ်၏။ ဦးပဉ္စင်းကြီး ဦးသုမနသည် ယခင်ဘဝက တပ်မတော်တပ်ရင်းတစ်ခုမှ ရဲဘော်တစ်ဦး ဖြစ်ခဲ့၏။ ထိုစဉ်က အမည်မှာ ရဲဘော်မောင်လှိုင် ဖြစ်၏။ ရဲဘော်မောင်လှိုင်တို့ တပ်ရင်းသည် ပြည်တွင်းသောင်းကျန်းမှုကာလက လုံခြုံရေးအရ ဖော်ပြပါ မာရ်အောင်ရတနာဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ တပ်စခန်းချနေခဲ့၏။ ထိုသို့ တပ်စခန်းချနေစဉ်အတွင်း ရဲဘော်မောင်လှိုင်နှင့် သူငယ်ချင်း ရဲဘော်တစ်ဦးသည် ရိုင်ဖယ်သေနတ်ကိုယ်စီနှင့် အချင်းချင်း နောက်ပြောင်ရင်း မတော်တဆ ကျည်ထွက်ကာ ရဲဘော်မောင်လှိုင်မှာ ပွဲချင်းပြီး သေဆုံးသွားခဲ့၏။

ယင်းနောက် တံတားရွာ(ယခု တံတားမြို့)၌ပင် လူဝင်စားပြန်ဖြစ်ပြီး အမည်မှာ သိန်းဇော်ဟု ခေါ်တွင်၏။ သိန်းဇော်သည် အရွယ်ရောက်သောအခါ ကုန်သွယ်လယ်ယာ ဒိုင်မှူးတစ်ဦးဖြစ်ခဲ့ပြီး ယင်းနောက်ပိုင်း လောကီလူဝတ်ကြောင်ကို စွန့်လွှတ်ကာ တံတားမြို့ အလယ်ကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏသာမိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့၏။ ရဟန်းဘွဲ့မည်မှာ ဦးသုမနဖြစ်၏။

ဦးပဉ္စင်းကြီး ဦးသုမနသည် ဆရာတော်၏ တာဝန်ပေးချက်အရ မာရ်အောင်ရတနာဘုရားကြီး ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းဆောင်တော်၏ ယာဘက်တွင် သီးခြားအခန်းငယ်ဖြင့် သီတင်းသုံးနေထိုင်ပြီး ဘုရားကြီး၏ ဝေယျာဝစ္စ အားလုံးကို ဆောင်ရွက်ရ၏။ ပန်းလဲခြင်း၊ လျှပ်စစ်မီးပူဇော်ခြင်း၊ မျက်နှာသစ်တော်ရေ၊ သောက်တော်ရေများ ဆက်ကပ်ခြင်း၊ ဘုရားကြီးပရိဝုဏ်ရှိ ပန်းခင်းအား ရေဖျန်းခြင်း စသည်တို့ကို နေ့စဉ် ဝတ်မပျက် လုပ်ကိုင်ရပြီး ဘုရားကြီး လုံခြုံရေးအတွက်လည်း အနီး

မာရ်အောင်ရတနာဘုရားကြီး၏ ဝေယျာဝစ္စကို နေ့စဉ်မပြတ်
ဆောင်ရွက်ရုပ်ကိုင်ကျောက်ရိုက်သော ဦးပဉ္စင်းကြီး၊
ဦးသုမန (သက်တော် ၆၁နှစ်၊ ဝါတော် ၆ ဝါ) အား
ဘုရားကြီး၏ ဂန္ဓကုဋိဝရာဇာဂိဏ် တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ကပ် ဂရုစိုက်ရ၏။ ဦးပဉ္စင်းကြီး ဦးသုမန၏ ထူးခြားသော ဓလေ့တစ်ခုမှာ စိတ်ထဲရှိသည့်အတိုင်း ရှင်းရှင်းဘွင်းဘွင်း ပြောတတ်ခြင်းပင် ဖြစ်၏။

သိုက်နှန်းရှင်တို့၏နေရာ (သိုက်စင်)မှ မီးလုံးကို ဖြုတ်ခိုးသွားခြင်း

တစ်နေ့တွင် မာရ်အောင်ရတနာဘုရားကြီး၏ ဝဲဘက်အဆောင်ရှိ သိုက်နှန်းရှင်တို့၏နေရာ သိုက်စင်တွင် တပ်ဆင်ထားသော အနီရောင်မီးလုံးသည် တစ်စုံတစ်ဦး၏ ခိုးဖြုတ်ခြင်းကို ခံလိုက်ရပြီး ပျောက်ဆုံးသွားခဲ့၏။ ယင်းအနီရောင်မီးလုံးမှာ ဦးပဉ္စင်းကြီး ဦးသုမနက မကြာသေးမီကမှ အသစ်တပ်ဆင်ပေးထားခြင်းဖြစ်၏။

ဦးပဉ္စင်း ဦးသုမနသည် မီးလုံးအခိုးခံရသည့်ကိစ္စကို ဒေါကန်သွားသဖြင့် အဆိုပါသိုက်စင်ရှေ့သို့ သွားရောက်ပြီး 'ဟဲ့...ဥစ္စာစောင့် ကောင်မတွေ၊ မီးလုံးအခိုးခံရတာကို မသိရလောက်အောင် နင်တို့ ဘာလုပ်နေကြတာလဲ။ အတွဲချောင်းနေကြတာလား။ တော်တော်အသုံးမကျတဲ့ ကောင်မတွေပဲ' ဟု ၄င်း၏ဝသီအတိုင်း စိတ်ထဲရှိရာ ပြောချခဲ့၏။

ဦးပဉ္စင်းကြီးဦးသုမန ရုတ်တရက် စိတ်ဖောက်ပြန်သွားခဲ့ခြင်း

ယင်းနောက် နောက်တစ်နေ့ နံနက်ပိုင်းတွင် ဦးပဉ္စင်းကြီး ဦးသုမနမှာ ရုတ်တရက် စိတ်ဖောက်ပြန်သွားခဲ့ပြီး ဂန္ဓကုဋီကျောင်းဆောင်တော်ကြီးကိုပတ်၍ မရပ်မနားပြေးလေ၏။ ပါးစပ်မှလည်း အများသူငါ နားမလည်နိုင်သော ဘာသာစကားတစ်မျိုးနှင့် ပူးပူးပါးပါးအော်၏။ ဂန္ဓကုဋီကျောင်းတော်ကြီး၏ ဝဲဘက်အဆောင်ရှိ သိုက်နှန်းရှင်တို့၏နေရာ သိုက်စင်ရှေ့သို့ သွားရောက်ပြီး ဒစ္စကိုဒန်ဆာထား၏။ အိုပါဂါးနားစတိုင် အော်ပြီး ဘရိတ်ဒန့်ဆွဲ၏။ ဦးပဉ္စင်းကြီး ဦးသုမနမှာ ထူးဆန်းစွာပင် စိတ်ဖောက်ပြန်သွားခဲ့လေ၏။

ဆရာတော်ဦးဝဏ္ဏသာမိ ကြွရောက်လာပြီး သိုက်နှန်းရှင်တို့အား သတိပေးခြင်း

ထိုကဲ့သို့ဖြစ်ပွားပြီး (၂)ရက်အကြာတွင် အထက်ဖော်ပြပါ ဘုရားကြီး၏ သြဝါဒါစရိယ ဖြစ်တော်မူသော အယ်ကျောင်းတိုက် ဆရာတော် ဦးဝဏ္ဏသာမိသည် အဆိုပါ သိုက်နှန်းရှင်တို့၏ သိုက်စင်ရှေ့သို့ ကြွရောက်ပြီး

မာရ်အောင်ရတနာဘုရားကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသော အယ်ကျောင်းတိုက် ဆရာတော် ဦးဝဏ္ဏသာမိ (ဆက်တော် ဂျွန်၊ ဓါတော် ဂျွတ်)

'ဟဲ့...သိုက်နှန်းရှင်ဒကာမတွေ၊ ဦးပဉ္စင်းကြီး ဘာကြောင့် ဒီလိုဖြစ်ရတယ် ဆိုတာကို ဘုန်းကြီးသိတယ်။ အခု ဦးပဉ္စင်းကြီး မလုပ်နိုင်တော့ ဘုရားကြီးရဲ့ ဝေယျာဝစ္စတွေ အကုန်လုံး လစ်ဟင်းကုန်တယ်။ ဒီဝေယျာဝစ္စတွေထို နင်တို့ လုပ်မှာလား။ ဒါကြောင့် ဦးပဉ္စင်းကြီးကို မနှောင့်ယှက်ကြပါနဲ့။ ခွင့်လွှတ်ကျေအေးလိုက်ကြပါ။ နင်တို့ကို ဘုန်းကြီး ပြောလို့မရရင်တော့ ဒီဘုရားပရိဝုဏ်ထဲကနေ ကမ္ဘဝါစာဖတ်ပြီး နှင်ထုတ်ရလိမ့်မယ်' ဟု သတိပေး မိန့်ကြားခဲ့၏။

ဦးပဉ္စင်းကြီးဦးသုမန အကောင်းပကတိဖြစ်သွားခြင်း

အထက်ပါအတိုင်း ဆရာတော်ဦးဝဏ္ဏသာမိက အဆိုပါ သိုက်နှန်းရှင်တို့အား သတိပေးစကား မိန့်ကြားခဲ့ပြီး နောက် နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ ဦးပဉ္စင်းကြီး ဦးသုမနမှာ အကောင်းပကတိ ပြန်ဖြစ်သွားခဲ့လေ၏။

သိုက်နှန်းရှင်တို့၏ ပုံတူရုပ်တုများ၊ ပုံတူပန်းချီကားများကို သိုက်စင်၌ထားရန် ဒကာ၊ဒကာမတို့က လာရောက်လျှောက်ထားကြခြင်း

အဆိုပါ သိုက်နှန်းရှင်တို့၏ တန်ဖိုးကြီးစွာသော ပုံတူ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်တုများ၊ ပုံတူပန်းချီကားများကို အိပ်မက်ရရှိသူ ဒကာ,ဒကာမတို့က ဖော်ပြပါ သိုက်စင်၌ ထားရန် အတွက် ဆရာတော် ဦးဝဏ္ဏသာမိအား လာရောက်လျှောက်ထားကြသော်လည်း ဆရာတော်က လက်မခံဘဲ ဩဝါဒါစရိယဆရာတော် အဆက်ဆက်က ခွင့်ပြုနေရာပေးထားခဲ့သော သိုက်နန်းရှင်တို့၏ နေရာ သိုက်စင်တစ်ခုတည်းကို သာလျှင် ခွင့်ပြုထားခြင်း ဖြစ်သည် ဆို၏။

ဟင်္သာအင်ရတနာစာဆရာကြီး၊ ဂန္ဓကုဋိကျောင်းဆရာတော် ဝိဇာဂ်အဓောင်ရှိ သိုက်နန်းရှင်တို့၏နေရာ (သိုက်စင်)အား ထွေ့မြင်ရစဉ်

♦ ♦ ♦

မည်သို့ဆိုစေ ဖော်ပြပါ မာရ်အောင်ရတနာဘုရားကြီးမှ သိုက်နန်းရှင်တို့နှင့် ပတ်သက်သည့် အထက်ပါ ဂန္ဓိရဖြစ်ရပ်ဆန်းများ အမှန်တကယ် ဖြစ်ပွားခဲ့သည်မှာကား အထင်အရှားပင် ဖြစ်ပါလေ၏။

ဝေနေယျအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

ဓမ္မောရည်၍
သစ္စာမင်းခေါင်

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂန္ဓိရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၃(၃-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်စဈးဧရိ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁ ၊ ၀၉ ၅၀ ၆၉၃၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အဝိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစီးမိုးဂဏန်းများကို စနစ်တကျ စီစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)... စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် ထွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂါဝိဇ္ဇာ ဓာတ်ယကြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

သူတော်စင်တို့ ဖြတ်သန်းရာ သိမ်တော်ဦးမြေနှင့် စေတီတော် အောင်မြေ

ဒေယျာဝေက်

စေတီတော်အား အရှေ့တောင်ဘက် မြင်ရစဉ်

သမိန်ဗရမ်းလမ်းထိပ်သို့ ရောက်သည်နှင့် ပတ်ဝန်းကျင်ကို အကဲဖြတ်သုံးသပ်နေမိသည်။ မနေ့က ညနေက ဦးအောင်မြတ်ပန်းခြံတွင်းရှိ ဓမ္မာရုံတွင် ဆုံတွေ့ဖြစ်ခဲ့ရသည့် ဓမ္မမိတ်ဆွေ တစ်ဦး၏ အကြံပြုစကားက နားစည်ထဲ ပြန်ပေါ်လာနေမိသည်။

ဓမ္မမိတ်ဆွေကြီးမှာ သံဒင်းရွာတွင် နေထိုင်သူ ဖြစ်သည်။ သူ၏ အဘိုးဖြစ်သူ အသက်(၉၆)နှစ် အရွယ်ရှိ ဦးသူတော် ပြောပြခဲ့သမျှ ပြန်ပြောပြခဲ့သည်များက ထူးခြားဆန်းကြယ် အံ့သြဖွယ်ရာများကို ပြန်လည်ပြောပြခဲ့ခြင်းပင် ဖြစ်သည်။



မြောက်ပြန်လေက အတင်းပွေ့ဖက် လှုပ်ခတ်နေသလို နှင်းမှုန်ဖြူလွလွလေးများကလည်း ကျွန်တော့်မျက်နှာပြင်ကို ရိုက်ခိုက်ကန်ကျောက်လျက်သား ရှိနေ

www.burmeseclassic.com

သည်။ နေ့စဉ် မြို့ဦးစေတီတော်မြတ်ထံတော်ပါး အရောက် သွားကာ ကြည်ညိုသဒ္ဓါပွားလေ့ရှိသည်။ ကျွန်တော် တစ်ထိုင်တည်းမှာပင် မနေ့က ဓမ္မမိတ်ဆွေကြီး ပြောပြခဲ့သည့် သိမ်တော်ဦးမြနန္ဒာစေတီတော်မြတ်ကြီး တည်ရာ သံဒင်းရွာဟောင်း ရပ်ကွက်ဆီသို့ သွားမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိတော့သည်။

ရွှေညာမောင်မှတ်တိုင် ကျော်မိသည်နှင့် အနောက် စူးစူးဆီသို့ ဖြောင့်တန်းစွာခင်းထားသည့် ကွန်ကရစ်လမ်း ကျယ်ကြီးအတိုင်း ချီးကွေ့ကာ ဝင်သွားဖြစ်သည်။ ကွန် ကရစ်လမ်းသည် သံဒင်းရွာဟောင်းရပ်ကွက် တည်ရာသို့ ဦးတည်ဖောက်လုပ်ထားသည့် လမ်းပင်ဖြစ်သည်။ ရွာ ဟောင်းရပ်ကွက်အား ဖြတ်သန်းဝင်ရောက်မိသည်နှင့် အေး စိမ့်စိမ့် အထိအတွေ့က လွှမ်းခြုံလိုက်လာသည်။ တစ်ချိန် သော ကာလက ဤနေရာသည် အုံအုံဆိုင်းဆိုင်း တော အုပ်လေးတစ်ခု ဖြစ်ခဲ့သည်။

ဆယ်မိနစ်ခန့် လျှောက်လှမ်းမိသည်တွင် စေတီတော် မြတ်ထံပါးမှ လွင့်ပျံထွက်လာသည့် ဆည်းလည်းသံသာ လေးက ဆီးကြိုသဖြင့် ရင်ထဲအေးငြိမ်းမှု ရသစုက စိုးမိုး သွားသည်။ နင်းလက်စ စက်ဘီးအရှိန်ကို လျှော့ချကာ စက်ဘီးပေါ်မှဆင်းပြီး စက်ဘီးကို တွန်းလာဖြစ်သည်။

စေတီတော်မြတ်ထံတော်ပါးသို့ အရှေ့မုခ်ဘက်မှ ဝင် လာဖြစ်ရာ စေတီတော်မြတ်ပရိဝုဏ်ထိပ်တွင် ရှေးဟောင်း သမိုင်းဝင် သိမ်တော်ဦးမြနန္ဒာ စေတီတော်မြတ်ဟု ရေးထိုးထား သည့် ဆိုင်းဘုတ်ကို မြင်တွေ့ရ ၏။

စေတီတော်မြတ် တည်နေရာ သည် အောင်မြေ အောင်ဌာနမှန် ရာ နေရာတစ်နေရာ ဖြစ်သဖြင့် ရှေးအခါကတည်းက အစပြု၍ ယနေ့တိုင်အောင်ပင် ဝိဇ္ဇာလမ်း လျှောက်လှမ်းနေကြသူ သူတော် စင် သူမြတ်လောင်း၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ် ဆိုသလို လာရောက်ကြကာ အဓိ ဌာန်ဝင်လေ့ရှိကြသည်။ အောင်

ဝိုလ်ဆင်၊ စရားဆိုင်ဓုဆောင်းကို မတ်ရပ်ဆင်းတုတော်

မြေတည်ရာသည် တစ်ချိန်က စေတီတော်မြတ်အနီးတွင် သံဒင်းရွာနှင့် သံဒင်းချောင်းတို့သာရှိပြီး အုံဆိုင်းနေသော တောအုပ်ငယ်တစ်ခုသာ ဖြစ်သည်။ သံဒင်းရွာနှင့် တော အုပ်လေးပတ်လည် ယခု ရွှေပြည်သာမြို့သစ် တည်ရာ နေရာတို့သည် ကွင်းထီးတည်းအဖြစ် တည်ရှိနေကာ ခရီး

အလှူစေတီတော်များ

www.burmeseclassic.com

www.burmeseclassic.com



ဇေတီတော်မြတ်ကြီး

လမ်းပန်း သွားလာရ ခက်ခဲကာ ရေလမ်းအဖြစ် သံဒင်းချောင်းကိုသာ အသုံးပြုခဲ့ကြရသည်။

သံဒင်းရွာ၏ အနောက်တောင်ဘက်အရပ်တွင် တည်ရှိသော ကိုးနဝင်းစေတီတော်မြတ်တွင် အဘရာကျော်ဆရာတော်ဘုရားကြီး လာရောက်အမိန့်ဒာန်ဝင်ကာ မင်းခမ္မ တောင်တော် ကြီးကုန်းသို့ ပြန်ကြွခါနီးတွင် ယခု ရွှေပြည်သာမြို့သစ်တည်ရာ ကွင်းပြင်များဆီသို့ လက်ညှိုးညွှန်တော်မူရင်း-

'ဒီကွင်းကြီးမှာ ကြက်ပျံမကျ စည်ကားတဲ့ မြို့ပြအိမ်ရာတွေ ဖြစ်တည်လာလိမ့်မယ်။ သာသနာတော် ပွင့်လန်းထွန်းကားရာ ဒေသတစ်ခု ဖြစ်လာတော့မယ်' ဟု မိန့်တော်မူသွားခဲ့သည်။

စေတီတော်မြတ်ကြီးအနီးသို့ ရောက်သည်နှင့် စေတီတော်မြတ်ကြီးအား စေ့စပ်သေချာစွာ ဖူးမြော်နေမိဖြစ်သည်။ အနီးကပ် ဖူးမြော်မိရသည်တွင် စေတီတော်မြတ်ကြီးမှာ ရှေးဟောင်းစေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်မည်ဟု မှတ်ချက်ချမိရသည်။ ရှေးဟောင်းစေတီတော်ဟု မှန်းဆခွင့်ရမိသည်က စေတီတော်ဖောင်းရစ်တွင် အထင်အရှားရှိနေသည်။ ဘီလူးခေါင်း ရုပ်ကြွရုပ်လုံးများကြောင့်ပင် ဖြစ်သည်။ ဘီလူးခေါင်းတွင် ရဲတင်းတစ်ဖက်တစ်လက် ရဲလျက် ပုံဖော်ထားသည်။ ဘီလူးခေါင်းပုံဖော်ကာ ဖောင်းရစ်တွင်ကပ်လျက် ပုံဖော်ထားသော စေတီတော်တို့မှာ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ကျော်ခန့်က တည်ခဲ့ကြသည့် ပုံစံပင်ဖြစ်သည်။ စေတီတော်မြတ်တွင် အရံစေတီတော်များ များပြားလွန်းလှသည်ကို တွေ့ရသည်။ စေတီတော်၏ တောင်ဘက်တွင် စေတီတော်ငယ်အဖြူလေး သုံးဆူ တည်ရှိသည်။ စေတီဖြူငယ်သုံးဆူ၏အောက်တွင် တရားထိုင်ပူ တည်ရှိပြီး ဝူအုတ်တွင်းဝယ် မတ်ရပ်ဆင်းတုတော် တစ်ဆူ သီတင်းသုံးတော်မူလျက် ရှိသည်။ ပုံတော်မှာ ဒေသစာရီကြွချီဟန်ဖြစ်သည်။ ဤဝူတွင် အမိဒ္ဓာန် ဝင်ရောက်ကြသူများ၊ နိုင်ငံရပ်ခြားခရီး၊ နိုင်ငံရပ်ခြား အလုပ်အကိုင်တို့ အဆင်ပြေကြသည်သာမက လောကီအကျိုးစီးပွားများ ထူးခြားစွာ တိုးတက်အောင်မြင်မှုရကြသည်ဟု သိရသည်။



ဇေတီနှင့်သံမဏိတော်

စေတီတော်မြတ်ကို လှည့်ပတ်ကြည်ညိုရင်း လေ့လာဆန်းစစ်ကြည့်မိရာ သူတော်စင် သုံးဦးတ

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်အောင်ဆာင်ရှိ ဆင်ရောဖန်းတွေ့

၈၊ ၈၊ ၈၇ စေတီတော်

လောင်း၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ် တရားအားထုတ် အဓိဋ္ဌာန်ဝင်ကြရာ အောင်မြေ အောင်ဌာနမှန်ရာ နေရာ တစ်နေရာဖြစ်ကြောင်း အထောက်အထားအဖြစ် လက်စလက်နများ ကျန်ရစ်လျက်ရှိနေသည်ကို မြင်တွေ့ရသည်။

စေတီတော်အား လှည့်ပတ်ကြည်ညိုပြီးသည်နှင့် ဓစေတီတော်၏ အနောက်ဘက်တွင် တည်ရှိသည့် ရှေးဟောင်းကျောင်းတော်ကြီး အပေါ်တက်သွားမိဖြစ်သည်။ ကျောင်းတော်ကြီးအတွင်း သီတင်းသုံးနေတော်မူသည့် ဆင်းတုတော်ကြီးတွင် (၁၂၆၆)ခုနှစ်၊ ဗြာသိုလဆန်း (၅)ရက် ကျူချောင်ရွာနေ ဦးဖိုးထယ်၊ ဒေါ်မယ်ဖော်ကောင်းမှုဟု ကမ္ဘည်းထွင်းထားသည်ကို တွေ့ရသည်။ ထိုဆင်းတုတော်သည်ပင် နှစ်ပေါင်း(၁၀၀) ကျော်က လှူဒါန်းထားခဲ့သည့် ဆင်းတုတော် ဖြစ်လေရာ သိမ်တော်ဦးမြနန္ဒာ စေတီတော်မြတ်သည် ရှေးဟောင်းနှစ်ပေါင်း များစွာကတည်းက တည်ရှိနေခဲ့သော စေတီတော်မြတ်ဖြစ်မည်မှာ သေချာပါသည်။

ဗြိတိသျှလက်ထက်က တော်လှန်ရေးသမားတစ်ဦးဖြစ်သူ ဗိုလ်သံဒင်းသည် ဤသို့ အံ့အံ့ဆိုင်းဆိုင်းရှိနေကာ သွားလာမှု ခက်ခဲလှသည့် သံဒင်းရွာတစ်ဝိုက်တွင် ခိုလှုံနေခဲ့ဖူးသည်။ ထိုသို့ခိုလှုံနေစဉ်အတွင်း သိမ်တော်ဦးမြနန္ဒာ

အရှေ့မြောက်မှ ဖူးတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဝိတောက်အတွင်းရှိစေတီတော်ငယ်

ပါးစီ၏ ရုပ်တုတော်များ တည်ရှိနေသည်ကို တွေ့ရသည်။ ထူးခြားသည်မှာ စေတီတော်ပရိဝုဏ်နှင့် သိမ်ပရိဝုဏ်တို့တွင် စိုက်ထူထားသည့် ဒုတ်တိုင်များပင်ဖြစ်သည်။ မြေပြင်အထက် တစ်တောင်သာသာခန့် ပေါ်လွင်လျက်ရှိနေသည့် ဒုတ်တို့ထိပ်တွင် ဘီလူးခေါင်းဒုတ်နှင့် နတ်သားဒုတ်တို့အဖြစ် ထုဆစ်ထားသည့် ကျောက်ဒုတ်များ ရှိနေခြင်းပင် ဖြစ်သည်။

သိမ်တော်ဦးမြနန္ဒာစေတီတော်မြတ်မြောက်ဘက်တွင် ကပ်လျက်တည်ရှိနေသည့် သိမ်တော်၏ မြောက်ဘက်တွင်ကား စိမ်းလဲ့ကြည်လင်လျက်ရှိနေသည့် ကန်တော်မင်္ဂလာတစ်ခု ရှိနေသည်။ ကန်တော်မင်္ဂလာ၏ ပတ်လမ်းတစ်လျှောက်တွင် စိမ်းလန်းစိုပြည် ဝေဆာလှသည့် သစ်ကြီးဝါးကြီးများ ပေါက်ရောက်နေသည်။

ကန်တော်မင်္ဂလာ ပတ်လမ်းအတိုင်း လျှောက်လာမိဖြစ်ရာ အရှေ့ဘက်ရှိ ကန်တော်မင်္ဂလာပတ်လမ်းပေါ်တွင် (၈၊ ၆၊ ၅၊ ၀) စမအက္ခရာဖြင့် ထုံမွမ်းကာ တည်ထားသည့် စေတီငယ်တစ်ဆူ ရှိနေသည်ကို ဖူးတွေ့ခွင့်ရသည်။

ထိုစေတီငယ်မှာ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေသည့် သူတော်စင် ပုဂ္ဂိုလ်တစ်ဦးက တည်ထားသွားခဲ့ရာ ဝိဇ္ဇာလမ်း လျှောက်သူတို့ သိမ်တော်ဦးမြနန္ဒာစေတီတော်မြတ်ထံပါး အရောက်လာကာ အဓိဋ္ဌာန်စင်လေ့ရှိတိုင်း မယျက်မကွက်ဦးတိုက်လေ့ရှိသည့် စေတီငယ်ဖြစ်သည်ဟု သိရသည်။

သိမ်တော်အတွင်း

မြောက်ဘက်ကန်ပတ်လမ်းတောင်ပေါ်မှ စေတီတော်မြတ်အား လှမ်းမြော်ကြည့်မိဖြစ်သည်။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးက လန်း

www.burmeseclassic.com

www.burmeseclassic.com

ဆတ်မှုကို ဖော်ဆောင်ပေးနေသည့် အလား ခံစားလိုက်ရသည်။ ကန်ရေပြင်ထက်တွင် ကြည်လင်ပြတ်သားစွာ ထင်ဟပ်နေသည့် စေတီတော်၊ သိမ်တော်တို့ပုံရိပ်က စိမ်းစိုသန်းနေသော ကန်ရေပြင်ထဲ လူးလွန့်လှုပ်ခတ်လျက်သား ရှိနေသည်။

ကြည်နူးစွာ ဖူးတွေ့နေစဉ်မှာပင် လေပြည်လေညင်း တိုက်ခတ်လိုက်မှုကြောင့် လွင့်ပျံထွက်လာသည့် စေတီတော်မြတ်၏ ဆည်းလည်းသံတို့က သခ်ါရဓမ္မတေးသွား တစ်ပုဒ်ကို တီးခတ်လိုက်လေသလား မှတ်ထင်မိရသည်။

ဆောင်ရွက်ရှိ ဘီလူးပန်းဆွဲအနုပညာ

စေတီတော်မြတ်၏ အရိပ်အာဝါသက ငြိမ်းအေးမှုကို အပြည့်အဝပေးစွမ်းထားလျက်ရှိကာ အေးချမ်းတိတ်ဆိတ်ငြိမ်သက်မှုရှိနေသော နေရာဖြစ်နေသဖြင့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ အရောက်လာ၊ အစီဥာန်ဝင်နေကြခြင်းပင် ဖြစ်သည်။ ဝိဇ္ဇာလမ်း လျှောက်လှမ်းရန် ရည်သန်ကာ အစီဥာန်ဝင်သည်ဖြစ်စေ၊ သံသရာလွတ်လမ်းအတွက် ကြိုးပမ်းအားထုတ်ရန် အစီဥာန်ဝင်သည်ဖြစ်စေ မည်သို့ပင် အစီဥာန်ဝင်ဝင် မိမိရရှိလာမည့် စရဏစွမ်းအား လျော့ပါးပျက်ပြယ်စေသည်က မနာလို ဝန်တိုစိတ်ပင် ဖြစ်သည်ဟု အဘရာကျော်ဆရာတော် ဘုရားကြီး မိန့်တော်မူထားခဲ့ဖူးပါသည်။



ဗြဟ္မဝါဒီပါတိမောက္ခစေတီ ကျောက်စာတော်

မိမိထက် သာမည်ကို စိုးရိမ်ခြင်း၊ မိမိထက် သာသူတို့ လမ်းကြောင်းပျက်စေရန်၊ စိတ်အနှောင့်အယှက် ဖြစ်စေရန် ရှည်သန်ကာ ပြောဆိုဟန့်တားမှုတို့သည် ကျွဿာခေါ် မနာလိုဝန်တိုစိတ်မှ လှုံ့ဆော်ပေးခြင်းများဖြစ်သဖြင့် သူတော်စင်လမ်း လျှောက်လှမ်းသူတို့အတွက် အထူးသတိချပ်ဆင်ခြင်သင့်ကြကြောင်း မိန့်တော်မူထားခဲ့ခြင်းပင် ဖြစ်သည်။

ရှေးဟောင်းစေတီတော် တစ်ဆူဖြစ်သည့် သိမ်တော်ဦးမြနန္ဒာစေတီတော်မြတ်ကြီးသည် ယနေ့တိုင် ရှေးဟောင်းလက်ရာအတိုင်း တည်ရှိနေပြီး ရွေ့ပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ သံဒင်းရွာဟောင်းမြို့သစ်ကွက်ထဲတွင် တည်ရှိပါသည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများ ရရှိခံစားလိုသူများ တစ်ခါတစ်ခေါက် ရရှိခံစား စံစားကြရမည် ဖြစ်ပါသဖြင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေသော်။

ဇေယျာထက်

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံနှင့် ဆုရ၏ တစ်ပွဲတစ်ရာ
တည်ထားကိုးကွယ်ခဲ့သောဝတ်တော်

သုံးဆယ် ဘုန်းကြွယ်

ဆရာစံ၏ နယ်ချဲ့တော်လှန်ရေး(ဗဟိုစခန်း)

အလံတော်ရှိ

ပထမဒေသကြီးပြေးဒုတပ်ဖွဲ့ချုပ်

(၁)

ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးနေစဉ် အနားတွင် ချထားသောဖုန်းမှ အသံမြည်လာသဖြင့် ကောက်ကိုင်ပြီး ကြည့်လိုက်ရာ ရေးဖော်ရေးဖက် ကိုသောင်းတင်ထံမှ ဖုန်းဖြစ်ကြောင်း သိလိုက်သည်။

'ဟယ်လို..ဆရာဘုန်းလား'

'ဟုတ်ပါတယ်'

'ဆရာရေ..လာမယ့်တနင်္ဂနွေနေ့မှာ ဆရာစံရဲ့ အလံတော်ဆောင်စခန်းကို သွားလေ့လာကြမယ်။ စာရေးဆရာအဖွဲ့က (၄)ဦး၊ ဆရာပါ လိုက်မယ်ဆိုရင် (၅)ဦးပေါ့'

'ဟာ..ဒါမျိုးဆို သိပ်လိုက်ပေါ့။ အစီအစဉ်လေး ပြောပါဦး'

'အစီအစဉ်ကဲ့ ဆိုင်ကယ်တွေနဲ့ သွားကြမယ်။ အစား အသောက်အတွက် ကောက်ညှင်းထုပ်၊ မုန့်၊ ရေသန့်ဘူး တွေ ဝယ်သွားမယ်။ အဲဒီကတစ်ဆင့် ဆက်ထွက်မယ်။ ဆရာဘုန်းက ကျွန်တော့်ဆိုင်ကယ်နဲ့ လိုက်ပေါ့'

'အိုကေ၊ လိုက်မယ်'

ဖုန်းချပြီး စာဆက်ရေးနေရသော်လည်း အတွေးများက နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့သော တောင်သူလယ် သမား ခေါင်းဆောင်ကြီး ဆရာစံ၏ ပုံရိပ်များက ကျွန် တော့်အတွေးနယ်ထဲသို့ တဝဲဝဲရောက်ရှိလာတော့သည်။

ဆရာစံသည် သာယာဝတီသို့ (၁၉၃၀)ပြည့်နှစ်၊ ဇန် နဝါရီလ (၁၈)ရက်၊ (၁၂၉၁)ခုနှစ်၊ ပြာသိုလဆုတ် (၅) ရက်တွင် ရော်ကရှိလာသည်။ စီနှစ်ခွ၊ စမ်းတွင်း၊ အင်း ကောက်၊ ရေတိုက် စသည့် ကျေးရွာများမှ အခွန်တော် မပေးသဖြင့် အစိုးရက အကြမ်းနည်းဖြင့် ကောက်ခံနေခြင်း ဖြစ်သည်။ တောင်သူလယ်သမားကြီးများမှာ စီးပွားရေး ကျပ်တည်းနေသည့်အထဲတွင် အစိုးရက အမျိုးမျိုးနှိပ် စက်ညှဉ်းပန်းကာ အခွန်တော်များ အတင်းအဓမ္မ ကောက် ခံခဲ့ကြသဖြင့် မခံမရပ်နိုင်ဖြစ်ကာ အင်္ဂလိပ်အစိုးရအား လက်နက်ကိုင် တော်လှန်ပုန်ကန်ရန် စီစဉ်နေကြသည်။

ဤအခြေအနေတွင် ဆရာစံသည် တောင်သူလယ် သမား ခေါင်းဆောင်ကြီးများကို စည်းရုံးဟောပြောကာ အင်အားစုနေသည်။ ထို့နောက် အစည်းအဝေးများကို လည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ ဆရာစံနှင့် တောင်

www.burmeseclassic.com

သူလယ်သမားကြီးတို့၏ ခံယူချက်မှာ ငှင်းတို့အနေဖြင့် ဆင်းရဲငတ်ပြတ်ကာ အသက်ရှင်နေရသည်ထက် မိမိထက် အစစအရာရာ အင်အားကြီးမားသော အင်္ဂလိပ်အစိုးရအား ရှိသည့် လက်နက်များဖြင့် တော်လှန်တိုက်ပွဲဝင်ကာ သေခြင်းက မြတ်သည်ဟု ခံယူကာ တိုက်ပွဲဝင်ရန် ပြင်ဆင်ခဲ့ကြပါသည်။ ထိုသို့ တိုက်ပွဲဝင်ရာတွင် ဗဟိုစခန်း(ဌာနချုပ်)အဖြစ် အသုံးပြုခဲ့သော ဆရာစံ၏ အလံတောင်နှင့် သူ၏တပ်ဖွဲ့ဝင်များ တည်ထားကိုးကွယ်ခဲ့သော စေတီတော်အား ဖူးမြော်ရမည့် လေ့လာရေးခရီးကိုတွေးရင်း ကျွန်တော် ကျေနပ်နေမိတော့သည်။

(၂)

(၂၂-၁-၂၀၁၇)ရက်၊ တနင်္ဂနွေနေ့ နံနက်(၄)နာရီ အိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုး၊ တရားထိုင်၊ နေ့စဉ်ပြုလုပ်နေကျကိစ္စများ ပြီးစီးသည့်အခါ ခရီးသွားရန် ပြင်ဆင်သည်။ တောထဲ တောင်ထဲသွားရမည့် ခရီးဖြစ်သဖြင့် လိုအပ်သောပစ္စည်းများကို အိတ်ထဲသို့ထည့်သည်။ (၅)နာရီခွဲအချိန်တွင် ကိုသောင်းတင်မှ ဖုန်းဆက်၍ အဝတ်အစားလဲကာ ခေါင်းစွပ်၊ လက်အိတ်များစွပ်ပြီး အိမ်မှ ထွက်လာသည်။ ကိုသောင်းတင် အိမ်ရောက်သောအခါ ဆိုင်ကယ်ထုတ်၍ နှစ်ဦးသားထွက်ခဲ့သည်။ ပြာသိုလဖြစ်သဖြင့် အလွန်ချမ်းအေးပြီး (၆)နာရီထိုးသော်လည်း ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်ရသေး။ နှင်းမြူလေးများက ခပ်ပါးပါးကျနေသည်။ ဓာတ်ဆီဆိုင်တွင် ဆီဝင်ဖြည့်ပြီး ဒီဇယ်ရံရှေ့တွင် ကောက်ညှင်းထုပ်များ ဝယ်သည်။

ဆက်လက်ထွက်ခွာလာရာ မကြာမီ မိုးသဲအောင်တို့ အိမ်သို့ ရောက်သည်။ အိမ်ရှင် မိုးသဲအောင်ကို မတွေ့ဘဲ ဧည့်ခန်းတွင် ပခုက္ကူစာပေဆုရ ကဗျာဆရာထွန်းထွန်း(သာယာဝတီ)ကို တွေ့ရသည်။

"ဟေ့...ဆရာထွန်း၊ ဘယ်တုန်းက ရောက်နေသလဲ"

ကိုထွန်းထွန်းသည် တိုက်ကြီးမြို့တွင် နေထိုင်သူဖြစ်ပြီး သွားမည့်ခရီးစဉ်တွင် သူ့မပါ။ ကျွန်တော် မနေ့က ဆက်သွယ်ထားတယ်။ ဒီကျမှ အလံတောင်သွားမယ့် ခရီးစဉ်ကို သတိရတာ။ ကျွန်တော်ပါ လိုက်မယ်။ သွားချင်တာ ကြာပြီး ကိုကိုတို့ဆိုင်ဆိုင် ကံကောင်းတယ်"

"ကောင်းတာပေါ့ဗျာ၊ လိုက်ခဲ့ပေါ့။ တစ်ယောက်ထည်း တရူးတကသွားဖို့ဆို လွယ်တာမဟုတ်ဘူး။ ဒါနဲ့ မိုးသဲအောင်လည်း မတွေ့ပါလား"

"ဆရာရဲ့နွယ်မောင်တို့ကို သွားခေါ်တယ်"

အိမ်ရှင်မိုးသဲအောင်၏နေ့မှ ပါပြုတ်ကြော်၊ ကြက်ဥကြော်၊ ထမင်းကြော်တို့နှင့် ဧည့်ခံသည်။ အိမ်က စားလာသည့်အတွက် ကျွန်တော် မစားတော့ဘဲ လက်ဖက်ရည်ကြမ်းပူပူလေးကိုသာ သောက်နေမိတော့သည်။ မကြာမီ မိုးသဲအောင်နှင့်အတူ ဆရာရဲ့နွယ်မောင်၊ ဆရာစံသူမြတ်တို့ ရောက်ရှိလာသည်။ ကျွန်တော်တို့ ခရီးစဉ်တွင် လိုက်ပါမည့် မိုးသဲအောင်၏အစ်ကို ကိုသက်ဦး၊ ဆိုင်ကယ်သမား ကိုစန်းဦး၊ ကိုညွန့်လွင်၊ မောင်ကျော်ထက်ပိုင်(စက်ပြင်)တို့ ရောက်ရှိလာသည်။ မိုးသဲအောင်၏ သားငယ်ပါလိုက်မည်ဖြစ်ပြီး လူစုံသောအခါ မိုးသဲအောင်၏ တိုက်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

နံနက်(၇)နာရီတွင် ခရီးစဉ်ကို စတင်ခဲ့တော့သည်။ ဆိုင်ကယ်(၅)စီးဖြင့် ခရီးစဉ် စတင်ထွက်ခွာလာရာ စည်ပင်ရွာသို့ ရောက်သောအခါ ဆိုင်ကယ်အားလုံး စုံမိစေရန် ခေတ္တနားရ၍ စောင့်ကြသည်။

ဆိုင်ကယ်အားလုံး စုံသောအခါ ဆက်လက်ထွက်ခွာ



ပထောက်အခင်းပြု ပဒုန်းဆုတောင်းပြည့်ဘုရားဆိုင်းဘုတ်
(ဓာတ်ပုံဆရာက မရောက်မှ ရိုက်ကူးသည်)

www.burmeseclassic.com

www.burmeseclassic.com

လာရာ (၇)နာရီ မိနစ်(၄၀)တွင် ဘိုကြီးထုန်းရွာသို့ ရောက်ရှိပြီး ခေတ္တနားသည်။ ပြန်လည်ထွက်ခွာသောအခါ ရှေ့က ဆိုင်ကယ်(၃)စီး ထွက်သွားပြီဖြစ်သော်လည်း ကျွန်တော်စီးသော ကိုသောင်းတင်၏ ဆိုင်ကယ်က လီဗာကြောင့်နေပြီ။ ဆိုင်ကယ်စက်နှိုးပြီး ထွက်မည်ဆဲဆဲ မောင်ကျော်ထက်ပိုင်က သူ၏ဆိုင်ကယ်ကို စက်ရပ်ပြီး လာရောက်ကြည့်ရှု ပြင်ပေးသည်။ ရှေ့ကထွက်သွားသော ဆိုင်ကယ်(၃)စီးက အတော်လေး ခရီးရောက်လေ့ကျပြီ။ ရှေ့ဆုံးမှ မောင်းသွားသော မိုးသဲအောင်ထံသို့ ကျွန်တော်က အကျိုးအကြောင်း ဖုန်းဆက်ပြီး စောင့်နေရန် ပြောလိုက်သည်။ (၁၅)မိနစ်ခန့်ကြာ ပြင်ဆင်ပြီးသောအခါ ကောင်းသွားသဖြင့် ခရီးဆက်ခဲ့သည်။

(၈)နာရီအချိန်ခန့် မြစိမ်းတောင်ညိုလမ်းမှ ခွဲထွက်၍ ဆည်မြောင်းတာအတိုင်း မောင်းနှင်ကြသည်။ မရပ်မနားအရှိန်အဟုန်ကောင်းကောင်းဖြင့် မောင်းနှင်ကြသည်။ တာတောင်လမ်းဆုံး၍ တောတောင်ထဲဝင်မည့်အချိန်တွင် ကျွန်တော်စီးသည့် ဆိုင်ကယ်ကို မောင်းနှင်သည့် ကိုသောင်းတင်နှင့် ကိုသက်ဦး လူချင်းလဲ၍ မောင်းနှင်သည်။ ကို



အလယ်တောင်တန်းကို ဖြတ်တောက်ရှေ့

သောင်းတင်မှ တောလမ်း တောင်လမ်း မကျွမ်းကျင်၍ဖြစ်သည်။ တောလမ်းက ကြမ်းသည်။

တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ဆင်းဖြင့် အတက်အဆင်း၊ အကွေ့အကောက်များစွာကို မောင်းနှင်ကျော်ဖြတ်လာရာ သုံးဆယ်ဆည်သို့ ရောက်ရှိသည်။ ခေတ္တနားပြီး ဓာတ်ပုံများရိုက်သည်။ သာယာလှပသော တောတောင်သဘာဝ အလှအပ၊ အေးမြသော တောင်ပေါ်လေကို တစ်ဝကြီးရှူရှိုက်ရင်း ခံစားကြသည်။ နေခြည်နုနုက ဖြာကျရင်း ဆောင်းပဝါပါးပါးလေး လွှမ်းခြုံထားသကဲ့သို့ အထက်ဘက်ဆည်ကြီး၏ ရေလှောင်ဧရိယာကို ကြည့်လိုက်သောအခါ ရေပြင်သည် ညီညာပြန့်ပြူးနေသည်။ ရေပြင်သည် အပြာရောင်သန်းနေပြီး စိမ်းစိုနေသော တောင်တန်းများနောက်ခံထား၍ ပန်းရလှသည်။ ကမ်းခြေတွင် စက်လှေတစ်စင်း ရပ်ထားပြီး တစ်စင်းက ကမ်းခြေသို့ ကပ်ရန် ခုတ်မောင်းနေသည်။ ဆည်၏ အောက်ဘက်သို့ ကြည့်လိုက်သောအခါ ဆည်မှ လွှတ်ထားသော ရေများက အမြင့်မှအောက်သို့ ရေတံခွန်ပမာ စီးဆင်းနေသည်။ (၁၅)မိနစ်ခန့် အနားယူပြီး ခရီးဆက်ခဲ့ရာ မကြာမီ အလံတောင်တောင်ခြေသို့ ရောက်ရှိတော့၏။

(၃)

တောင်ခြေတွင် ဆိုင်ကယ်များအားလုံး ထားခဲ့ပြီး ခြေကျင်ခရီး ဆက်ရသည်။ တောင်ပေါ်ကျောင်းတွင် သီတင်းသုံးသော ဆရာတော်၏ ကျောင်းတော်သို့ တောင်တက်လမ်းအတိုင်း တက်လာကြရာ တောင်ကုန်းပေါ်သို့ ရောက်သောအခါ မောပန်းနေကြပြီ။ ကျောင်းပေါ်သို့ ရောက်သောအခါ (၉)နာရီထိုးပြီးဖြစ်ကြောင်း ကျွန်တော်၏ ဖုန်းမှ အသံမြည်လာသည်။ ကျောင်းပေါ်သို့ ရောက်သောအခါ ဘုရားဝတ်ပြုကြသည်။ ကျောင်းပေါ်တွင် ကပ်ိယကြီးတစ်ဦးသာ တွေ့ရသည်။ ကပ်ိယကြီး ၇ ဓာတ် ဘူးနှစ်ဘူး ယူလာပြီး ဇည့်ခံသည်။

ကပ်ိယကြီးကို မေးမြန်းကြည့်ရာ ဆရာတော်၏ ဘွဲ့အမည်မှာ ဦးနေဝိတ ဖြစ်ကြောင်း၊ ဆရာတော် ခရီးသွားနေ၍ မရှိကြောင်း၊ ကိုရင်တစ်ပါးရှိရာ မြို့ပေါ်ရှိ စာသင်တိုက်တွင် သွားရောက်စာသင်နေကြောင်း၊ သူ၏ အမည်မှာ ဦးစန်းလွင်ဖြစ်ကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com

အသင်းအစည်းကို ပေ(၃၀၀)ဆုကမ်း လှူဒါန်းထားစဉ်ပြခြင်းပုံ

(၄)

ကျောင်းပေါ်တွင် ပစ္စည်းများထားခဲ့၍ လိုအပ်သော ပစ္စည်းများယူ၍ ကျောင်းပေါ်မှ ဆင်းလာကြသည်။

တောလမ်းအတိုင်း အနည်းငယ်လျှောက်မိသောအခါ စေတီတည်ထားရာ တောင်ပေါ်သို့ တက်ရန် လမ်းခွဲသို့ ရောက်သောအခါ ကပ္ပိယကြီးက လမ်းညွှန်ပေးပြီး-

'ကဲ..တက်ပြီး ဖူးကြ။ ကျွန်တော် ဒီနားကပဲ စောင့်နေမယ်'

ကျွန်တော်တို့ တစ်သိုက်လည်း ရောက်ချင်စောနှင့် တက်ကြသည်။ အတက်လမ်းချည်းဖြစ်သည်။ အသက်ကြီးသူများက တစ်ထောက်နား၍ ဆက်တက်ကြသည်။

ဟော..ရောက်ပါပြီ။ ဆရာစံနှင့် သူ၏ ဂဠုန်တပ်

အလံထောင်ထိပ်ရှိ ထရာဝဲအတွင်းပြရုပ်တသာ ဘုရားတိုင်

စားသောက်ရန် ပါရှိလာသော ကောက်ညှင်းထုပ်များနှင့် မုန့်လုံးကြီးကြော်များကို ဘုရားလည်း ဆက်ကပ်လှူဒါန်း၊ ကပ္ပိယကြီးကိုလည်း လှူဒါန်းကြသည်။ ကပ္ပိယကြီးမှာ အသက်(၆၀) ကျော်ပြီး ကျန်းမာရေးမကောင်းလှ။ ကျောင်း၏ ဝေယျာဝစ္စများ ပြုလုပ်ပေးရပြီး ရွာမှ သူအား လစဉ် ငွေကျပ် တစ်သောင်းခွဲ ထောက်ပံ့ကြောင်း ပြောပြသည်။

'ကျွန်တော် ဒီရောက်တာ (၄၊ ၅)လတော့ ရှိပြီ။ ဒီနေရာက လူသူအရောက်အပေါက်နည်းတယ်'

'ဒါပေမဲ့ သမိုင်းနဲ့ပတ်သက်ပြီး လေ့လာချင်သူတွေ အသန္တရဖဟုသုတရှာမှီးလိုသူတွေတော့ လာချင်ကြမှာပါ။ ဒီနေရာလေးကို လူအတော်များများသိအောင် ရေးဖို့ တာဝန်က ကျွန်တော်တို့ စာပေသမားတွေရဲ့ တာဝန်ပဲလေ။ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ပေါ့'

'ဟုတ်တာပေါ့ ဆရာရယ်'

ကျွန်တော်နှင့် ကပ္ပိယကြီး အပြန်အလှန်ပြောနေစဉ် မီးသဲအောင်က-

'ဦးရယ်..ဖြစ်နိုင်ရင် ကျွန်တော်တို့ကို စေတီတော်နဲ့ အလံတောင်ကို လိုက်ပို့ပါလား။ ဦးက ကျန်းမာရေးမကောင်းတော့ အားနာတယ်'

'ရပါတယ်၊ ဦး လိုက်ပို့မှာပေါ့'

အမောဖြေကြရင်း ပါလာသော ကောက်ညှင်းထုပ်များ စားရင်း ရေနွေးကြမ်းသောက်လိုက်၊ စကားတွေပြောလိုက်၊ ဓာတ်ပုံတွေ ရိုက်ကြ။

'ကဲ..အမောပြေရင် သွားကြမယ်ဟေ့'

ဆရာကြီး ရဲနွယ်မောင်က ဆော်သြသည်။

www.burmeseclassic.com



ဝေဘဂြိုဟ်တောင်ရှိ သရက်ပဇ္ဇုန်ဘုရားတော်

သားများ တော်လှန်ရေးကာလအတွင်းက တည်ခဲ့သော စေတီတစ်ဆူကို ဖူးမြော်ရပါပြီ။ ရင်ပြင်တော်အကျယ် ပေ(၃၀)ပတ်လည်ခန့်ရှိပြီး စေတီတော်၏ ညာဘက်မှာ (၁၅)ပေခန့် ရှိသည်။ စကျင်ကျောက်ဖြူဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသည် သုံးဆယ်ဆည်ရှိရာ အနောက်ဘက်သို့ မျက်နှာမူ၍ စံပယ်တော်မူနေသည်။

ဆရာရဲန္တယ်မောင်နှင့် မိုးသဲအောင်တို့က အမွေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ပူဇော်နေစဉ် အားလုံးလည်း သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ ရိုခိုးပူဇော်ကြသည်။ ဘုရားဖူးပြီး ဖုန်းများဖြင့် အလုပ်ရှုပ်နေကြသည်။ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည့်အပြင် မြို့ပြများတွင် မမြင်တွေ့ရသော တောင်ပေါ်ရှုခင်းများကို ရိုက်ကြသည်။ စေတီတော်အား လှည့်ပတ်ဓာတ်ပုံရိုက်ပြီး အပေါ်စီးမှ မြင်နေရသော လှပသော သုံးဆယ်ဆည်ကြီးအား ရိုက်ကူးသည်။ ပြီး ဘယ်သူမှ စိတ်ကူးမရှိသော စေတီတော်၏ ဆိုင်းဘုတ်ကို ချောက်ထဲသို့ဆင်းပြီး ကြည့်လိုက်သည်။ သစ်သားဆိုင်းဘုတ်ဖြစ်၍ သစ်သားကို ထွင်းထားသော စာလုံးများကို ကပ်ထားသည်။ အချို့စာလုံးတို့သည် ပြုတ်ကျနေ၍ ထင်ကျန်နေခဲ့သော အရာလေးများကို မှန်းဆ၍ ဖတ်လိုက်သည်။ မဟာအောင်မြေ ပဋ္ဌာန ဆုတောင်းပြည့်ဘုရား။ ကျွန်တော်လည်း ခဲရာခဲဆစ် ဓာတိပုံရိုက်ယူသည်။ ထိုဆိုင်းဘုတ်နောက်တွင်ရှိသော သံတိုင်တွင် သာသနာ့အလံတော်ကို လွှင့်ထူထားသည်။

အားလုံးပြီးစီးသောအခါ တောင်အောက်သို့ ပြန်ဆင်းကြသည်။ ကပ္ပိယကြီး စောင့်နေသော လမ်းခွဲရောက်သော အခါ ရှေ့သို့ ဆက်လျှောက်ကြသည်။ အတန်ငယ်သွားမိသောအခါ 'ဒါ အလံတောင်တက်တဲ့လမ်းပဲ'ဟု လမ်းပြ၍ ကပ္ပိယကြီးကိုယ်တိုင် လိုက်လံပို့ဆောင်ပေးသည်။ သူနှင့် အတူ ခွေးဖြူလေး တစ်ကောင်လည်း ပါလာသည်။ တက်ရပြန်ပြီ တစ်ကြော။

(၅)

အလံတောင်ပေါ်သို့ တောင်ကြောအတိုင်း တက်နေစဉ် ဆရာစံတော်လှန်ရေး စတင်ခဲ့ပုံနှင့် အလံတောင် အကြောင်း တွေးတောနေမိသည်။

(၁၉၃၀)ပြည့်နှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့တွင် မြစိမ်းတောင်ညီဘုရား၌ ဇရပ်တစ်ခုဌာ ဘီသိုက် မင်္ဂလာပွဲ ဆင်ယင်ကျင်းပကာ သုပဏ္ဏက ဂဠုန်ရာဇာဟူသော ဘွဲ့ကို ခံယူသည်။ ထိုနေ့ ည(၁၁)နာရီ မိနစ်(၅၀) အချိန်တွင် ဆရာစံနှင့် ဝံသာနခေါင်းဆောင်ကြီးများသည် မြစိမ်းတောင်ညီဘုရား ခြေတော်ရင်း၌ ဆေးမျိုခဲ့ကြပြီး (၁၀)ရက်ကြာ ဥပုသ်ဝင်ခဲ့သည်။ ဆရာစံနှင့်အတူ ဘီသိုက် မင်္ဂလာပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ဝံသာနခေါင်းဆောင်ကြီးများမှာ ထားဝယ်မြို့မှ ဦးပဉ္စင်းတစ်ပါး၊ ဆရာနိုင်ကြီး ခေါ် ဦးရွှေနိုင်၊ အင်းရွာ အုန်းပင်စုရွာမှ ဦးပန်းစိန်၊ အင်းရွာ အလယ်စုမှ ဦးကြက်တော၊ ဖိမ်ဇာရွာမှ ဦးထွန်းလင်း၊ ဦးရန်လင်း၊ စီနှစ်ခွရွာမှ ဦးထွန်းသွယ်၊ ဦးဘိုးဆင်၊ ရွှေချိုကြီး၊ ဦးဘိုးထွန်း၊ ဆ ရာစတို့ ဖြစ်သည်။

ဘီသိုက်မင်္ဂလာအခမ်းအနားတွင် ဦးထွန်းလင်း၊ ဦးရန်လင်းတို့က မတ်တတ်ရပ်လျက် ဆေးခြယ်ထားသော ဂဠုန်ရုပ်နှင့် နဂါးရုပ်ပါသော အလံတစ်ခုစီ ကိုင်ထားကြသည်။ ဆရာစံအပါအဝင် အားလုံးက စီတန်းကာ ဆိုင်နေကြရသည်။ ဦးရွှေနိုင်က မင်္ဂလာသြဘာစကား ရွတ်

www.burmeseclassic.com

www.burmeseclassic.com

ဖတ်သည်။ ထို့နောက် ဦးရွှေနိုင်က (အောင်စေသား)ဟု သုံးခါဆိုကာ အခမ်းအနားကို ရပ်နားလိုက်သည်။ ထို အချိန်မှ စတင်ကာ ဆရာစံနှင့် အပေါင်းပါ ခေါင်းဆောင် ကြီးများသည် တောင်သူလယ်သမားကြီးများအား ရက် ရက်စက်စက် ညဉ်းပန်းနှိပ်စက်ခဲ့ကြသော အင်္ဂလိပ်နယ်ချဲ့ အစိုးရအား လက်နက်ကိုင်တော်လှန်ရန် သန္နိဋ္ဌာန်ချခဲ့ကြ သည်။

ဆရာစံသည် (၁၉၃၀)ပြည့်နှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ ညနေ(၅)နာရီတွင် အလံတောင်၌ ပန္နက်ချ၍ ဗုဒ္ဓရာဇမြို့ဟူသော မြို့သစ်တစ်မြို့ကို သမုတ်သည်။ (၁၉၃၀)ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၁)ရက်၊ နံနက်(၉)နာရီ (၃၀)မိနစ်တွင် တဲနန်းဆောက်လုပ်ကာ နယ်ချဲ့အစိုးရအား ဆော်လှန်ပုန်ကန်ရန်အတွက် ဗဟိုစခန်း(ဌာနချုပ်) ပြုလုပ် ခဲ့သည်။

ကျွန်တော်လည်း သမိုင်းကြောင်းကို တွေးတောရင်း တက်လာလိုက်သည်မှာ အလံတောင်ပေါ်သို့ ရောက်ရှိ လာသည်။ အလံတောင်ထိပ်သည် ကျောက်သားချည်းဖြစ် သည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့အဖွဲ့ အလံ တောင်ထိပ်သို့ ရောက်ရှိသောနေ့သည် ဆရာစံ ဗဟိုစခန်း ပြုလုပ်သော (၈၆)နှစ် (၁)လပြည့်သောနေ့ ဖြစ်သည်။ ဓာတ်ပုံထဲတွင် မြင်ရသော သစ်သားတိုင်ဖြူဖြူဖွေးဖွေးမှာ ဆရာစံတို့ အသုံးပြုခဲ့သော ကျွန်းသစ်အလံတိုင်ဖြစ်သည်။ ထိုသည်ကို အစွဲပြု၍ အလံတောင်ဟု ခေါ်တွင်ခြင်းဖြစ် မည်။ ကျောက်တောင်ကြီး၏ အရှေ့ဘက်သို့ ကြည့်လိုက် သောအခါ အလွန်နက်ရှိုင်းသော ချောက်ကြီးကို တွေ့ရ သည်။ နက်ရှိုင်းသောချောက်ကြီး ဟိုမှာဘက်တွင် တောင် တန်းတစ်ခု။ ကြည့်လေရာနေရာတိုင်း တောင်စဉ်တောင် တန်း အဆင့်ဆင့်နှင့် အလွန်လွမ်းမောဖွယ်ကောင်းသော နေရာလေးပါပေ။

ကျောက်ဖျာပေါ်တွင် ထွင်းထုထားသော စာများကို တွေ့ရသည်။ စာအားလုံးကို ဓာတ်ပုံမရိုက်တော့ဘဲ ထင် ထင်ရှားရှားတွေ့ရသော ဆရာစံဟု ရေးထားသည့် နေရာ ကိုကွက်၍ ဓာတ်ပုံရိုက်သည်။ ဤတောင်ပေါ်တွင် ဆရာ စံသည် သူ၏ ဂဠုန်တပ်သားများကို စုတ်ဖြင့် ဆေးထိုး



ဆရာစံနှင့် သူ၏တပ်ဖွဲ့ဝင်များ၊ အစည်းအဝေးများ ပြုလုပ်ရာ အဆောက်အအုံ



ဒေါင်မြကုန်းရှိ အဝင်မုခ်ဦး

www.burmeseclassic.com

ပေးရာ နေရာဖြစ်သည်။ ဆရာစံ ဆေးထောင်းရာတွင် အသုံးပြုခဲ့သော ကျောက်တောင်ကို ထွင်းထားပြီး ခြောက်လက်မခန့် အချင်းရှိမည့် ကျင်းပေါက်(၃)ခုကိုလည်း တွေ့ရသည်။

စုပေါင်းဓာတ်ပုံရိုက်စဉ် ကျောက်တောင်ကြီး၏ အစွန်ဆုံးတွင် ကျွန်တော်ထိုင်သည်။

"ဆရာဘုန်း..ပြုတ်ကျမယ်နော်"

"ငါ့ဟိုဘက်မှာ သုံးပေလောက် ရှိပါသေးတယ်"

"အမှတ်တမဲ့ ပြုတ်ကျသွားရင် မလွယ်ဘူးနော်။ သီချင်းကြီးတစ်ပုဒ်ဆိုးတောင် အောက်ရောက်မှာ မဟုတ်ဘူး"

တစ်ယောက် အရွှန်းဖောက်လိုက်သဖြင့် အားလုံး ရယ်မောလိုက်ကြသည်။ အားလုံး လေ့လာပြီးသောအခါ အောက်သို့ ပြန်ဆင်းနေကြပြီ။

ဤကျောက်တောင်ကြီးတွင် ဆရာစံ နေထိုင်ခဲ့သော ဂူပေါက်ကြီးရှိသည်ဟု ကြားဖူးသည်။ ကျောက်တောင်ကြီး၏ နံရံတွင်လည်း လူကြီးတစ်ဖက်စာ အရွယ်ရှိ ဆရာစံဟု စာလုံးထွင်းကြောင်း၊ တစ်ဖက်တောင်ကြောမှ ကြည့်လျှင် မြင်ရကြောင်း ရောက်ဖူးသူတို့ ပြောစကားကို



ကြားဖူးထားသည်။

အားလုံး ပြန်ဆင်းသွားကြသော်လည်း ကျွန်တော်၊ မိုးသဲအောင်၊ ဆိုင်ကယ်မောင်းသူ နှစ်ဦးနှင့်အတူ လမ်းတစ်ဝက်အရောက် လျှိုထဲသို့ ခက်ခက်ခဲခဲဆင်းရသည်။ ဖိနပ်များ ချွတ်ထားခဲ့ပြီး သစ်ရွက်ကြွေများ ဖုံးလွှမ်းနေသော တောင်စောင်းလေးအတိုင်း ချောက်ထဲ ပြုတ်မကျအောင် ဝါးပင်လေးများ၊ သစ်ပင်လေးများကိုဆွဲ၍ လျှောက်ရသည်။ ကျွန်တော်သည် မကြာမီက တက်ခဲ့သော အလံတောင် အောက်တည့်တည့်သို့ ရောက်ရှိ၍ မော့ကြည့်လိုက်ရာ အလွန်ကြီးမားသော ကျောက်တုံးကြီး တစ်တုံးတည်း ပုံသဏ္ဌာန်မျိုး တွေ့လိုက်ရသည်။

ကျွန်တော်သည် လျှိုထဲသို့ ပေ(၃၀)ခန့်သာ ဆင်းခဲ့ပြီး ကျောက်ကမ်းပါးယံကြီးကို မော့ကြည့်လိုက်ရာ ကမ်းပါးယံကြီးသည် တည့်တည့်မတ်မတ် တက်သွားခြင်းမဟုတ်ဘဲ အပေါ်ရောက်လုလု (၁၀)ပေခန့်အလိုတွင် အရှေ့သို့ (၅)ပေခန့် ငေါထွက်နေသည်။ မိုးသဲအောင်သည် ပေ(၁၀၀)အနက်ထိ ဆင်းသွားပြီး ဆရာစံစာလုံးကြီးများကို ရှာဖွေ၍ ဓာတ်ပုံရိုက်ရန် ကြိုးစားနေသည်။ မိုးသဲအောင်က အောက်မှ လှမ်းအော်သည်။

"ဆရာဘုန်း..အဲဒီမှာ ခဏရပ်နေ၊ ကျွန်တော် ဓာတ်ပုံရိုက်မယ်။ နည်းနည်းဝေးတယ်။ ကျွန်တော် အပေါ်ထပ်တက်လိုက်ဦးမယ်' ဟုပြောပြီး အပေါ်သို့ ဆယ်ပေခန့် စပ်ပြီးတက်လာသည်။ ပြီး ဓာတ်ပုံလှမ်းရိုက်သည်။

လူချင်း တကွဲတပြားစီ ကွဲသွားမည်စိုးရိမ်၍ ဂူပေါက်ရှာသော ကိစ္စကို လက်လျှော့လိုက်ရသည်။ အချိန်ယူပြီး အထောက်အကူပြု ပစ္စည်းများနှင့် ရှာဖွေလျှင် တွေ့နိုင်ကောင်းသည်။

ချောက်ထဲမှ အပေါ်သို့ ပြန်တက်လာသောအခါ ကျွန်တော် ခုက္ခရောက်တော့သည်။ ဆင်းလာစဉ်က လမ်းမဟုတ်ဘဲ လမ်းမှားပြီး မတ်စောက်သောဘက်မှ ပြန်တက်မိသည်။ အောက်ပြုတ်မကျအောင် တွေ့ရာအပင်လေးတွေဆွဲလိုက်၊ အောက်လျှောကျလိုက်ဖြင့် ကျွန်တော် ဇောချွေးပြန်နေမိတော့သည်။ ခက်ခက်ခဲခဲ ကုတ်ကတ်ပြီးတက်ရာ အပေါ်သို့ ပြန်ရောက်သွားသည်။ အပေါ်ရောက်မှ သက်ပြင်းချမိသည်။ ရှေ့ကလူတွေ မိအောင် မပြေးရုံတစ်မည်တောင်ပေါ်က အမြန်ဆင်းခဲ့ရသည်။

www.burmeseclassic.com

(၆)

အောက်ဘက်တောင်ကုန်းရှိ သိမ်ဘက်သို့ ဆက်လိုက်သွားသည်။ လမ်းတွင် ဆင်ခြေချုံးတုံး အခြောက်များကို တွေ့ရသည်။ သိမ်မှာ ပေ(၄၀) ပေ(၂၀)ခန့်ရှိပြီး သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံဖြစ်သည်။ ရုပ်ပွားတော်ကြီးမှာ ဥဏ်းတော်(၈)ပေခန့်ရှိပြီး မြေပေါက်ပလ္လင်ပေါ်တွင် တည်ထားခဲ့ခြင်းဖြစ်မည်။ ယခုအခါ သိမ်တော်အတွင်းတွင် စံပယ်နေတော်မူသည်။



ဘယ်ဘက်က ဘုတ်ဆိုင်ရှိရာကုန်းပြတ်ကြောင်းမှတဆင့် ရောက်ရှိလာသော စာများအနက်မှ သံရာစဉ်ဟု ရေးသိုထားသောစာတစ်စောင်

သိမ်မှ အပြန်လမ်းတွင် ကပွဲယကြီးအား-

'ဒီနေရာ ဆင်တွေ လာသလား'

'လာတယ်၊ ဆရာတော်ကို လာဖူးတာပါ'

လမ်းတွင် တိုင်ကီ(ပီပါ)နှစ်လုံးကို လက်ညှိုးထိုး၍-

'အဲဒါ ဆင်နင်းသွားလို့ ပိန်နေတာ'

ထိုသို့ပြောသောအခါ ကိုသောင်းတင်က ဓာတ်ပုံရိုက်ယူသည်။ ထိုမှ ဆရာတော်ကျောင်းသို့ ပြန်ရောက်ပြီး နာရီဝက်ခန့်နားပြီး တောင်အောက်သို့ ပြန်ဆင်းခဲ့ကြသည်။

ဆိုင်ကယ်များနှင့် အပြန်ခရီးကား နေပူ၍ ဖုန်တထောင်းထောင်းနှင့် တောလမ်း တောင်လမ်းအတိုင်း အပြင်းမောင်းနှင်ခဲ့ကြသည်။ လမ်းတွင် တစ်ထောက်နား၍ ဆက်မောင်းလာရာ ဆရာစံ၏ အောင်မြေကုန်းသို့ (၁၂း၃၀)နာရီ အချိန်တွင် ရောက်ရှိသည်။ အဝင်မုခ်ဦးတွင် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု ဟု ရေးထားပြီး အောက်ဆင့်တန်းတွင် ခေါင်းဆောင် သုပဏ္ဏက ရာစာ ဆရာစံအောင်မြေကုန်းဟု ရေးထိုးထားသည်။

မုခ်ဦးကိုဖြတ်ကျော်ပြီး ဆရာစံ ကျောက်ရုပ်တု နောက်တွင်ရှိသော သစ်ပင်ကြီး၏ အရိပ်တွင် ဆိုင်ကယ်များ ရပ်နား၍ ထိုအရိပ်တွင် နားရင်း စားကြ သောက်ကြသည်။ ကျွန်တော်မှာ မနားနိုင်သေးဘဲ ဆရာစံ၏ရုပ်တုအား သွားရောက်လေ့လာသည်။ ရုပ်တုမှာ အုတ်တိုင်ပုံအပါအဝင် (၁၅)ပေခန့် ရှိမည်။ ဆရာစံမှာ ပုံဆိုးအပြာကွက်၊ ဖျင်နီတိုက်ပုံ၊ ခေါင်းပေါင်းနှင့် တောင်ဝှေးထောက်၍ ရပ်နေပုံမှာ ခံ့ခံ့ထည်ထည်ရှိလှသည်။ တိုင်ပုံတွင် စကျင်ကျောက်ဖြူဖြင့် ရေးထွင်း၍ မှတ်တမ်းတင်ထားသည်။ ရေးထွင်းထားသော မှတ်တမ်းမှာ (မူလစာလုံးပေါင်း သတ်ပုံအတိုင်း)-

ကမ္ဘာမှာ ပထမနယ်ချဲ့ အင်္ဂလိပ်ဖြိုတိသျှအစိုးရကို သူကျွန်မခံ ရဂုလက်နက် စွဲကိုင်တွန်းလှန် တိုက်ခိုက်ခဲ့သော စေတောင်သူလယ်သမားခေါင်းဆောင်ကြီး သုပဏ္ဏက ရာစာ ဂဠုန်ဆရာစံ (၁) အင်းဝအောင်မြေ၊ (၂) မန္တလေး

ဆရာစံသူတို့အစွဲ သုံးဆယ်ဆည်တွင် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

အောင်မြေ၊ (၃) ပုဂံအောင်မြေ၊ (၄) တောင်ငူအောင်မြေ၊ (၅) တွံတေး အောင်မြေ။

ဗြိတိသျှနယ်ချဲ့ကို တွန်းလှန်ရန် ယင်းအောင်မြေများပေါ်တွင် သစ္စာဆိုခြင်း ပန္နက်ရိုက်ခဲ့သည်။ နောင်လာနောက်သားသမီးများ ဇာတိသွေးဇာတိမာန် ရှင်သန်ထက်မြက်စေရန် ရည်သန်၍ သစ္စာမဏ္ဍိုင်စေတီကို အောင်မြေပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည်။

သမိုင်းကျောက်စာ ဖော်ထုတ်ခဲ့သော ပုဂ္ဂိုလ်များ

ဗိုလ်ဦးအုံးဖေ၊ ဗိုလ်ဦးချစ်ပု၊ ဗိုလ်ဦးပေါထွန်း၊ ဗိုလ်ဦးညီပု၊ ဗိုလ်ဦးကောက်၊ သမိုင်းဖြစ်မြောက်ပေါထွန်းရေးတာဝန်ခံ မြန်မာသမားတော်ကြီး ဆရာဦးသန်းရွှေ (အာဘိဓမ္မာ ဆောင်သာနာယက) (ဒုဥက္ကဋ္ဌ)တို့ ဖြစ်ကြပါသည်ဟု ဖော်ပြထားပါသည်။

ကျွန်တော်တို့ အနားယူရာ အရှေ့ဘက်တွင် ဘုံ(၃)ဆင့်နှင့် (၁၅)ပေပတ်လည် အဆောက်အအုံထဲတွင် ရုပ်ပွားတော်တစ်ဆူ သပ္ပာယ်စွာ စံနေတော်မူသည်။ ရုပ်ပွားတော်၏ မြောက်ယွန်းယွန်းတွင် သစ္စာမဏ္ဍိုင်စေတီတော်

ဒေါင်ငြာကုန်၏ ဒေသများ၌ ရှာတွေ့ရသည့် အရာထိုးဆားဖေသာ အနှစ်တရုဏ်ပြကျောက်စာတိုင်

တစ်ဆူ တည်ထားသည်။ (၃)ပေအမြင့် မဟာရံတိုင်းကာရံထားပြီး ဟင်္သာရုပ်တံခွန်တိုင်ကိုလည်း တွေ့ရသည်။ စေတီတော်မှ မုခ်ဦးဘက်သို့ ပြန်ကြည့်လိုက်သောအခါ ဆရာစံနှင့် သူ၏ တော်လှန်ရေးတပ်ဖွဲ့များ စည်းဝေးတိုင်ပင်ရာ ပေ(၄၀) ပေ(၂၀)ခန့် အုတ်ကာ သွပ်မိုးအဆောက်အအုံကို တွေ့ရပြီး ခေါင်းရင်းဘက်နံရံကို နီရဲသောဆေးများ သုတ်ထားသည်။ ထိုအဆောက်အအုံ၏ ခြေရင်းဘက်တွင် နဂါးလေးကောင်ပေါ်၌ အနှံစာတုံးပုံသဏ္ဌာန် လေးထောင့်ကျောက်တုံးကို တင်ထားပြီး လေးဖက်လေးတန်းကမ္ဘည်းစာများ ရေးထိုးထားသည်။ အနောက်ဘက်မျက်နှာတွင် နဂါးကို ဂဠုန်ချီဟန် အရုပ်ရှိပြီး အရုပ်၏အထက်တွင် သုပဏ္ဏကဂဠုဟု ရေးထားပြီး အောက်တွင် ဆရာစံဟု ရေးထိုးထားသည်။

တောင်ဘက်မျက်နှာတွင် *(၁၂၉၂)ခုနှစ် နယ်ချဲ့အင်္ဂလိပ်ကို ဓားနှင့် ခုခံတိုက်ခိုက်ခဲ့သော တောင်သူလယ်သမား ပြည်ချစ်ခြာစံနှင့် အာဇာနီကြီးများအား သတိရဂုဏ်ပြုကျောက်စာတိုင်။ ကုန်ကျငွေ (၁၅၇)* ဟု ရေးထိုးထားသည်။

အရှေ့ဘက်မျက်နှာတွင် လွတ်လပ်ရေးအတွက် ဆရာစံနှင့် ဤကုန်းမြေသည် (၁၂၉၁)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက် အောက်ပါပုဂ္ဂိုလ်များနှင့် သစ္စာဆိုသည်ဟု ရေးထားသည်။

အောက်ခြေ(၃)ပေခန့် အမြင့်ရှိ အုတ်ခဲတစ်ပတ်လည်တွင် ဟင်္သာတဗိုလ်သရဲ၊ လက်ပန်တန်းဗိုလ်စံလှိုင် စသည်ဖြင့် (၅၀)ဦးခန့် ရေးထိုးထားသည်။

မြောက်ဘက်မျက်နှာတွင် ဤကုန်းမြေသည် တောင်သူလယ်သမား လွတ်မြောက်ရေးအတွက် တော်လှန်ရေးစတင်ခဲ့သော အောင်မြေကုန်းဖြစ်သည်ဟု ရေးထိုးထားသည်။

အားလုံးလေ့လာပြီးသောအခါ အောင်မြေကုန်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြတော့သည်။

(၇)

ဆရာစံအောင်မြေကုန်းမှ အပြန်လမ်းသည် လမ်းများကောင်းမွန်သည်။ မကြာမီ ဖားရွေကျော်ရွာကို ဖြတ်သန်းခဲ့ကြသည်။ ဖားရွေကျော်တိုက်ပွဲမှာ ထင်ရှားသည်။ ဂရ၏ သားယာအေးရွာကို ဖြတ်သောအခါ ထိုရွာတွင် ဘွဲ့နှင့်တော့

www.burmeseclassic.com

ရှေးသည်၏ ဆွေမျိုးသားချင်းများရှိသော်လည်း မဝင်ဆော့။ ဇနီးဖြစ်သူ ဒေါ်အေးသန်း၏ မောင်နှမ၊ ညီအစ်မ တစ်ဝမ်းကွဲများဖြစ်ကြသော ဦးသန်းစိန်၊ ဦးတင်လှ၊ ဒေါ်လေးခင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ဝင်းမြင့်တို့ရှိသည်။ သူတို့၏ အဘ ဦးဘိုးမင်းသည်လည်း ဂဠုန်တပ်ဖွဲ့ဝင်ဖြစ်၍ ဖားရွေဘုရားတိုက်ပွဲတွင် ကျဆုံးခဲ့ရသူ ဖြစ်သည်။

မကြာမီ ခလရ(၃၅)သို့ ရောက်ရှိပြီး တပ်ကွင်းရောင်လမ်းမှ ဆက်လက်ထွက်ခွာရာ ရန်ကုန်-ပြည် လမ်းမကြီးပေါ်သို့ ပြန်လည်ရောက်ရှိသည်။ တောထဲ တောင်ထဲ တစ်ပတ်လည် လေ့လာရေးခရီးသည် မွန်းလွဲ(၁)နာရီခွဲအချိန်တွင် အဆုံးသတ်ခဲ့သည်။ သို့သော် ကျွန်တော်၏ အတွေးများက အဆုံးမသတ်သေး။ ဆရာစံ၏ နောက်ဆုံးစကားများကို ဆက်လက်အတွေးနယ်ချဲ့နေသည်။

ရှမ်းပြည်နယ်၊ နောင်ချိုတွင် ဆရာစံအား ဖမ်းဆီးခဲ့ပြီး (၁၉၃၁)ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်၊ ည(၈)နာရီ (၅၈)မိနစ်တွင် သာယာဝတီဘူတာသို့ ရောက်ရှိလာသည်။ ဩဂုတ်လ (၁၅)ရက်တွင် အထူးတရားခုံရုံး၊ အဖွဲ့ရုံးဆိုင်ရာ သာယာဝတီခရိုင် ရာဇဝတ်တရားသူကြီးရုံး၌ ခုံချုပ်(၁၄)ခုဖြင့် စွဲချက်တင်သည်။ ဆရာစံသည် သာယာဝတီအကျဉ်းထောင်အတွင်း ကျခံနေစဉ်မှ ကဗျာ ၁၀ပုဒ် ရေးခဲ့ကြောင်း မှတ်သားဖူးသည်။

ထိုကဗျာမှာ-

(၁) မည်သူမည်ဝါ၊ ဤကမ္ဘာတွင်၊ ခန္ဓာခိုင်စွဲ၊ မမြဲမှတ်ရာ၊ လူထံထွာတည်း။

(၂) မီးတစ်ဆယ့်တစ်၊ ငြိမ်းရာဖြစ်သော၊ စင်စစ်ဇကန်၊ ပြည်နိဗ္ဗာန်သို့၊ အမြန်ထုတ်ခြေအံ့၊ မရောက်ရသေး၊ လူတစေးတို့၊ သေဘေးတွေ့ရ၊ ဖြစ်ကအမှန်၊ ပျက်မြဲနှုန်တည်း။

(၃) ကြာက်သွေးဟူ၍၊ နှမ်းတစ်စေ့မျှ၊ မတွေ့စိတ်ထဲ၊ ရှိခဲ့ပေတည့်၊ မမြဲမတည်၊ လူဟူသည်ကား၊ မရှည်အသက်၊ ကြာနေပျက်ကို၊ ပြက်ပြက်ဆင်ထင်၊ ငါအခြင်တည်း။

(၄) အတ်အောက်မြန်မာ၊ လူတကာတို့၊ ဆရာခေါ်ဆို၊ ဘိုးတော်တိုလျှင်၊ ကြွားပိုသည့်ရုံး၊ ဘယ်သို့ကုံးလည်း၊ အဆုံးဆိုရေး ကြိုးဒဏ်ဘေးနှင့်၊ ဖေးရမည်တည်း။

ဩဂုတ်လ (၂၈)ရက်တွင် ဆရာစံကို သေဒဏ်အမိန့် ချမှတ်ခဲ့သည်။ စက်တင်ဘာလ (၂၁)ရက်တွင် တရားဝန်ကြီးများက အယူခံကိုပယ်ပြီး သေဒဏ်ကို အတည်ပြုခဲ့ပေသည်။ နိုဝင်ဘာလ (၂၈)ရက် နံနက်(၆)နာရီခွဲအချိန်တွင် သာယာဝတီထောင်၌ ကြိုးပေး၍ သတ်လိုက်သည်။

ဆရာစံသည် လူပင် သေသော်လည်း နာမည်မသေ။ ဆရာစံ၏ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးသည် လက်နက်အင်အား၊ လူအင်အား အဆမတန်ကွာခြားမှုကြောင့် ရှုံးနိမ့်ခဲ့ရသော်လည်း တောင်သူလယ်သမားများအပါအဝင် ပြည်သူအားလုံးကို လွတ်လပ်ရေးအတွက် အမျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့အတွက် မီးမောင်းထိုးပြသွားခဲ့သည်။

ဆရာစံနှင့် ကျဆုံးလေပြီးသော သူ၏ တပ်ဖွဲ့ဝင် အပေါင်း ကောင်းရာသုဂတိလားပါစေ၊ ပြည်သူတို့၏ ကျေးဇူးရှင်ဖြစ်သော တောင်သူလယ်သမားအားလုံး လူမှုဆင်းရဲခြင်းဒုက္ခအပေါင်းမှ ကင်းဝေးပါစေကြောင်း ဆုတောင်းရင်း ကျွန်တော်၏ ဆောင်းပါးကို အဆုံးသတ်လိုက်ရလေသတည်း။

သုံးဆယ် ဘုန်းကြွယ်

www.burmeseclassic.com

မောင်ထည်ဝါ(ပျော်ဘွယ်)

ပျော်ဘွယ်မြို့နယ် ရန်အောင်မြို့ ဧယျာတောင်တောရသာသနာ့နယ်မြေ

(၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့ နံနက်ခင်း အချိန်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ဝယ် စာရေးသူတို့ မှန်လုံကားလေးမှာ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့လေးဆီသို့ တရိပ်ရိပ်ပြေးလွှားလျက်ရှိနေ၏။ ခရီးထွက်လာရခြင်း အကြောင်းကတော့ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာကြီး ကိုကြီးဆွေ(ဗိုလ်မှူးကြီး မြင့်ဆွေ-ငြိမ်း)၏ ဖိတ်ခေါ်ချက်အရ ယင်း၏ မွေးရပ်ဌာနေ ဇာတိမြေ ရန်အောင်မြို့ရှိ ဧယျာတောင်တောရကျောင်းနှစ်တစ်ရာပြည့်ပွဲတော် တက်ရောက်ရန်ဖြစ်သည်။ ကားပေါ်မှာ ဆရာကိုကြီးဆွေ၊ မြင်းမူအေးဆောင်၊ စိုးမြင့်လွင် (ရွှေဘို)နှင့် မောင်ထည်ဝါ(ပျော်ဘွယ်)တို့ လိုက်ပါလာသည်။ ရာသီဥတုမှာ ဆောင်းရာသီကာလဖြစ်သဖြင့် နှင်းမှုန်များ တဖွဲဖွဲကျဆင်းနေသည်။ နေရောင်ကောင်းစွာ မရသေး၍ မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေ၏။



ဓရဏိမင်္ဂကျောင်း

သို့ဖြစ်၍ ကားဆရာလေးမှာလည်း အမြန်လမ်းပေါ်မှာ ကားကို မတိမ်းမစောင်းရအောင် အထူးဂရုပြု ထိန်းမောင်းနေရသည်။ ကားထဲမှာ အဲယားကွန်းဖွင့်ထားသဖြင့် အေးဆေးပြေပါသည်။ စာရေးသူတို့ ကားလေးမှာ နံနက်(၉)နာရီတွင် (၁၁၅)မိုင်စခန်းသို့ ရောက်ရှိခဲ့သည်။ ခရီးသည် ကားကြီးများ ရပ်နားရာ ဆိုင်ကြီးများတွင် ရပ်နားခြင်း မပြုဘဲ ဆိုင်ကြီးများကို ကျော်လွှန်၍ Country Road ဆိုင်လေးတွင် ကားကို ရပ်နားလိုက်သည်။

ဆိုင်ကလေးတွင် လူရှင်းနေသဖြင့် အေးအေးလူလူ ရှိပါသည်။ ထိုဆိုင်လေးတွင် အဆာပြေ ထမင်းကြော် မှာယူသုံးဆောင်ကြ၏။ နာရီဝက်ခန့် အနားယူပြီးသော အခါမှာတော့ စာရေးသူတို့အဖွဲ့ ရန်အောင်မြို့လေးဆီသို့ ခရီးဆက်ခဲ့ကြသည်။

စာရေးသူမှာ ရန်အောင်မြို့နှင့်စပ်လျဉ်း၍ မန္တလေးမြို့ ရတနာပုံခေတ်မှ ရနောင်းမြို့စားမောင်မောင်ကို ပြန်လည်တွေးတောမိသလို လွယ်လယ်ရေးရပြီးကာလ ထောင်နှင့်စပ်လျဉ်း၍ ထောင်အကြောင်း အတွင်းကျကျ ထောင်ဝတ္ထုများ ရေးသားခဲ့သော စာရေးဆရာကြီး ရန်အောင်မောင်မောင်ကိုလည်း အမှတ်ရနေ၏။ သို့ဖြစ်၍ စာရေးသူနှင့် ရန်အောင်မြို့မှာ ငယ်စဉ်ကပင် ရင်းနှီးနေပါသည်။ အခုတော့ ရန်အောင်မြို့သို့ ကိုယ်တိုင်ရောက်ရတော့မှာဖြစ်လို့ ဖိတ်ခေါ်သူ ဆရာကိုကြီးဆွေအား ကျေးဇူးတင်ရပါသည်။

စာရေးသူ၏ ဘေးတွင်ထိုင်နေသော မြင်းမူအေးဆောင်က စူးထဲမှ ကွမ်းယာတစ်ယာကို ထုတ်ယူပြီး တမြုံ့မြုံ့ဝါးနေရင်း "ကဲ..ကိုကြီးဆွေ၊ ကျွန်တော်တို့ကို အခုသွားနေတဲ့ ရန်အောင်မြို့သမိုင်းကို မိတ်ဆက်သဘော ပြောပြပေးပါလား" ဟု တောင်းဆိုလေ၏။

"ဟုတ်တာပေါ့ ကိုကြီးဆွေ၊ သိသမျှ ပြောပြပေးပါ။ ဗဟုသုတရတာပေါ့" ဟု စိုးမြင့်လွင်က ထပ်ဆင့်ကိုက်တွန်း

www.burmeseclassic.com

www.burmeseclassic.com

ပြန်၏။

ထိုအခါ ဆရာကြီးကိုဆွေက ဆရာတို့က တောင်းဆိုနေမှတော့ "ပြောရမှာပေါ့ဗျာ။ ကျွန်တော်က ကလေးဘဝတုန်းက နေခဲ့ဖူးတာပါ" ဟုဆို၍ ရန်အောင်မြို့ ဖြစ်တည်လာပုံ သမိုင်းအကျဉ်းကို အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

♦♦♦

ရွှေဥမင်စေတီတော်

ကောဏာသက္ကရာဇ် (၄၂၈) ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် နောက်လိုက် မျူးမတ်စစ်သည်ဗိုလ်ပါများနှင့်အတူ ပတ္တမြားမျက်ရှင် အသက်သွင်းထားသော သစ်နက်ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်တော်မူခဲ့ရာ ကျွန်းဦးသံပြေပင်အနီး၌ ရပ်တန့်တော်မူစဉ် သမုဒ္ဒရာစောင့် နတ်တို့က ရှင်ဖြူ ရှင်လှ ကဿပဟူသော ဆင်းတုတော် သုံးဆူကို မင်းကြီးအား ဆက်သလေ၏။ မင်းကြီးလည်း ဆင်းတုတော်များကို ပင့်ဆောင်ပူဇော်ပြီးလျှင် ဆက်လက်၍ တိုင်းခန်းလှည့်လည်တော်မူခဲ့ရာ စံပယ်ကုန်းမည်သော အရပ်၌ ယာယီတဲနန်းထိုး၍ ခေတ္တစံနေတော်မူ၏။ ထိုအရပ်သည် ယခုအခါ စံပယ်ကုန်းရွာဟု အမည်တွင်နေလေ၏။

တစ်ဖန် သရေခေတ္တရာပြည်ကြီး ပျက်စီးသည့်ကာလတွင် ပျူ၊ ကမ်းယံ၊ မြန်မာဟူ၍ လူမျိုးစု သုံးစု ကွဲပြားခဲ့၏။ ထိုသုံးစုအနက်မှ ပျူလူမျိုးနွယ်ဖြစ်သော ငထွဋ်ဖြူသည် ယခုရနောင်းမြို့ တည်ရှိသောအရပ်၌ ဆွေမျိုးများ စုရုံးသိမ်းသွင်း၍ ကျေးရွာတည်ထောင် အုပ်ချုပ်နေထိုင်ခဲ့၏။ ငထွဋ်ညို ဆိုသူကလည်း အလောင်းစည်သူမင်းကြီးအား ကြိုဆိုခဲ့သောအရပ်၌ ကျေးရွာတည်ထောင် နေထိုင်ခဲ့၏။ ထိုဆီးကြိုသောအရပ်၌ တည်ရှိသော ရွာကို သခုအခါ ဆိတ်ချိုရွာဟု အမည်တွင်လျက်ရှိ၏။ ထို့အတူ ငထွဋ်တင် ဆိုသူကလည်း လယ်သာခေါ်သော အရပ်၌ ကျေးရွာတည်ထောင် နေထိုင်ခဲ့သည်။

ထိုညီနောင် သုံးဦးတို့သည် တောဓလေ့သဘာဝ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ကို ပစ်ခတ်ဖမ်းဆီး၍ အသက်မွေးမှုပြုကြရ၏။ ဤတွင် ငထွဋ်ဖြူ၏သား ငနောင်ဆိုသူသည် တောပစ်၍ရရှိသော အမဲသားငါးတို့ကို ထမ်းယူလျက် စံပယ်ကုန်းအရပ်၌ စံနေတော်မူသော အလောင်းစည်သူမင်းကြီးထံသို့ သွားရောက်ဆက်သခဲ့သည်။ မင်းကြီးက သဘောကျနှစ်ခြိုက်သဖြင့် ထိုသူ၏ အမည်နာမ နေရာဌာန အလုံးစုံကို မေးမြန်းတော်မူ၏။

ထိုအခါ ငနောင်က သရေခေတ္တရာပြည် ပျက်သည်မှစ၍ ဘိုးဘေးစဉ်ဆက် ထွက်ပြေးတိမ်းရှောင် ရှာဖွေတည်


အောင်စည်သာစေတီတော်မြင့်ဦး

www.burmeseclassic.com



ဆရာတော် ဦးနုပဏ္ဍိယ

ဒေါက်တာ ဦးဘဂ္ဂဝ (ဘာသာပြန်ဆရာတော်)
ဝေယျာဝစ္စကရဆရာတော်

ထောင်နေခဲ့ရပါကြောင်း၊ ကျွန်တော်မျိုး တောပစ်သော နေရာဒေသမှာ အရှေ့လားသော် ရွှေဒါးချောင်း၊ တောင်လားသော် ဆင်သေချောင်း၊ အနောက်လားသော် ကုန်းတန်းရဝေ၊ မြောက်လားသော် ချောင်းမကြီး စသည့်နယ်နိမိတ် ရှစ်ရပ်အတွင်း ကျွန်တော်မျိုး လှည့်ပတ်ကျက်စားရာတော ဖြစ်ပါကြောင်း လျှောက်ထား၏။

အလောင်းစည်သူမင်းကြီးက နှစ်ခြိုက်တော်မူသဖြင့် အဆိုပါ နယ်နိမိတ်အတွင်း ဆူပူထကြွ ခိုးဆိုးသူတို့ကို နှိမ်နင်းရန် ငနောင်အား မြို့သူကြီးအရာ အပ်နှင်းသည့် စာချွန်တော်ဖြင့် တာဝန်ပေးအပ် အုပ်ချုပ်စေသည်။ ငနောင်သူကြီးအဖြစ် အုပ်စိုးသောကာလမှစ၍ ထိုမြို့ကို ငနောင်မြို့ဟု အမည်တွင်ခဲ့လေသည်။

သက္ကရာဇ်(၄၄၆)ခုနှစ် ရောက်သောအခါ တောင်တွင်းကြီးနယ်မှ မြို့သူကြီးလေးဦးတို့သည် ရွာသိမ်ရွာငယ်များကို ဝင်ရောက်စီးနင်း တိုက်ခိုက်သောကြောင့် မြို့သူကြီး ငနောင်အား တပ်ဗိုလ်ခန့်အပ်၍ ညောင်ရမ်းမြို့စားလိုက်ပါလျက် ချီတက်နှိမ်နင်းရမည်ဟု ပုဂံနေပြည်တော်မှ အမိန့်တော်ချမှတ်လိုက်လေ၏။

မြို့သူကြီးငနောင်လည်း မင်းကြီး၏ အမိန့်တော်အတိုင်း ရန်သူများကို ချီတက်တိုက်ခိုက် နှိမ်နင်းလေ၏။ နှစ်ဖက်တပ်များ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နေရာဒေသကို စစ်ဆုံရွာဟု သတ်မှတ်ခဲ့ရာ ယခုအခါ ထိုရွာကို သစ်ဆုံရွာဟု ခေါ်တွင်လျက်ရှိ၏။

တိုက်ပွဲမှာ ပြင်းထန်သောကြောင့် တောင်တွင်းကြီးသား စစ်သည်များ ထိခိုက်ကျဆုံးမှု များပြားသဖြင့် ဆုတ်ခွာသွားခဲ့ရသည်။ ထိုအခါ တောင်တွင်းကြီးသားများက စစ်တပ်အင်အား' အခြေအနေကို စုံစမ်းထောက်လှမ်းရန် သံတမန်လေးယောက်ကို လှို့ဝှက်စွာ စေလွှတ်လိုက်၏။ အဆိုပါသံတမန်များကို ငနောင်တို့အဖွဲ့က သံဖန်းချောင်းအရပ်တွင် လက်ရဖမ်းဆီးမိလိုက်၏။ ထိုသံတမန်များ ဖမ်းဆီးမိသောအရပ်ကို ယခုအခါ သံဖန်းချောင်းရွာဟု ခေါ်တွင်လျက်ရှိသည်။

ထို့နောက် မြို့သူကြီးငနောင်နှင့် ညောင်ရမ်းမြို့စားတို့က ရန်သူများကို နှိမ်နင်းအောင်မြင်ပြီး ဖြစ်ပါကြောင်း အလောင်းစည်သူမင်းကြီးထံ လျှောက်ထားတင်ပြခဲ့၏။ မင်းကြီးက တိုက်ပွဲတွင်ပါဝင်သော အကြပ်တပ်သားများ ပါမကျန် ဆုတော်လာဘ်တော်များ ပေးအပ်တော်မူ၏။ တပ်ဗိုလ်ငနောင်ကိုလည်း သီရိဇေယျာရန်ဟောင်ဟူသော

www.burmeseclassic.com

ဘွဲ့တံဆိပ်ခတ်နိုပ်လျက် ရန်အောင်မြို့စား မင်းအရာ ချီးမြှောက်ခန့်အပ်တော်မူခဲ့သည်။ ရန်သူအပေါင်းကို အလုံးစုံအောင်မြင်တော်မူသဖြင့် ငနောင်မြို့ကိုလည်း ရန်အောင်မြို့ဟု ယခုတိုင် ခေါ်တွင်လျက်ရှိသည်။

♦ ♦ ♦

'ကဲ..ဆရာတို့၊ ရန်အောင်မြို့ သမိုင်းကတော့ ဒီမျှပါပဲဗျာ။ အခု ကျွန်တော်တို့ အမြန်လမ်း မိုင်တိုင်(၂၆၂) ပျော်ဘွယ်လမ်းခွဲ ရောက်ပါပြီ။ ရန်အောင်မြို့ကို မကြာခင် ရောက်ပါတော့မယ်' ဟုပြော၍ ဆရာကိုကြီးဆွေက သူ၏ စကားကို ဖြတ်လိုက်၏။

စာရေးသူတို့လည်း ဆရာကိုကြီးဆွေ ပြောပြနေသည့် ရန်အောင်မြို့သမိုင်းကို စိတ်ဝင်တစား နားထောင်နေကြသဖြင့် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို သတိမထားမိကြဘဲရှိရာ ကိုကြီးဆွေ သတိပေးစကားသံကို ကြားလိုက်ရတော့မှ ခေါင်းထောင်ပြီး ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်မိသည်။

ပျော်ဘွယ်-နတ်မောက်လမ်းနှင့် အမြန်လမ်းမကြီးတို့ ဖြတ်သန်းရာ လမ်းဆုံကို တွေ့ရ၏။ စာရေးသူတို့ ကားလေးသည် ပျော်ဘွယ်လမ်းခွဲအတိုင်း ရန်အောင်မြို့ဆီသို့ ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာခဲ့သည်။

မွန်းလွဲ(၂း၃၀)နာရီခန့်တွင် စာရေးသူတို့ အဖွဲ့သည် ရန်အောင်မြို့မှ တစ်မိုင်ခန့် ကွာဝေးသော ဇေယျတောင်တောရကျောင်းသို့ ကောင်းမွန်စွာ ရောက်ရှိခဲ့ပါတော့သည်။ သာသနာ့အလံတော်များ စိုက်ထူထားပြီး ကျောင်းအဆောက်အအုံများကို သန့်သန့်ရှင်းရှင်း မွမ်းမံပြင်ဆင်ထား၏။

စာရေးသူတို့ ကားပေါ်မှ ဆင်းကြတော့ အကျိုးဆောင် ကပ္ပိယဦးမောင်ပု ရောက်လာပြီး 'ဆရာကြီးတို့ကို ကျွန်တော်တို့ စောင့်နေကြတာပါ' ဟု ပြုံးရွှင်စွာဖြင့် နှုတ်ဆက်စကား ဆို၏။

ဆရာကိုကြီးဆွေက 'ဆရာတော်ကြီး ရှိတယ်နော်' ဟု မေးလိုက်ရာ 'ဟုတ်ကဲ့၊ ကျောင်းထဲကို ကြွပါ' ဟု ကပ္ပိယဦးမောင်ပုက ဖြေပါသည်။

စာရေးသူတို့လည်း ဆရာတော်ကြီးထံ ဝင်ရောက်၍ ဦးမြော်ဦးချ ဂါရဝပြုကြ၏။ ဆရာတော်ကြီးနှင့် ဆရာကိုကြီးဆွေတို့မှာ ဆွေမျိုးနီးစပ်ပြီး ဆရာ,ဒကာရင်းများဖြစ်ကြသဖြင့် နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး ရှိလှပါ၏။

ညပိုင်းမှာတော့ ဆရာတော်ကြီး ဦးဝိလာသနှင့် စာရေးသူတို့အဖွဲ့ ဇေယျတောင်တောရကျောင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖြစ်ခဲ့ပါသည်။ ဇေယျတောင်တောရ နှစ်တစ်ရာပြည့်(၁၂၇၈-၁၃၇၈) မော်ကွန်းစာအုပ် ထုတ်ဝေနိုင်ခဲ့ခြင်းသည် ရန်အောင်မြို့၏ သာသနာရောင် ဘာသာရောင်ကို ထွန်းပြောင်စေခြင်းဖြစ်၍ အဝိုင်းမသီ ဝမ်းမြောက်ရပါကြောင်း မိန့်ဆိုပါသည်။

(၂၀၁၇)ခုနှစ်၊ ဧန်နဝါရီလ (၁၅)ရက်နေ့၊ နံနက်(၆) နာရီတွင် ဘုရားအနေကဓောတင်ခြင်းကို ပြုလုပ်ခဲ့ပြီး နံနက်(၇း၃၀)နာရီတွင် နာယကဆရာတော်ကြီး ဦးဝိလာသအား သိင်္ခာထပ်ခြင်း(ကံထပ်ခြင်း) မင်္ဂလာအခမ်းအနား ပြုလုပ်ပါသည်။ နံနက်(၁၀း၃၀)နာရီမှာတော့ ပင့်သံဃာအပါး(၂၀၀)တို့အား နေ့ဆွမ်းဆပ်ကပ် လှူဒါန်းခဲ့သည်။ မွန်းလွဲ(၁)နာရီအချိန်တွင် ကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့်ပွဲအခမ်းအနားကို စတင်ကျင်းပသည်။ သံဃာတော်အပါး(၂၀၀)တို့အား တစ်ပါးလျှင် သင်္ကန်းတစ်စုံ၊ ထီးတစ်လက်၊ ဖိနပ်တစ်ရန်၊ ဝတ္ထုဒွေတစ်သောင်းစီနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ရာ သာဓုအနုမောဒနာ ခေါ်ရပါ



ဗရဏမင်းဘုရားအနီးရှိ ဓရူးခေါင်းလောင်း

www.burmeseclassic.com

သည်။

ရာပြည့်အလှူတော်ပွဲ ပြီးဆုံးသွားသောအခါ စာရေးသူတို့အဖွဲ့သည် ဖေယျုတောင်တောရ သာသနာ့နယ်မြေရှိ ဘုရားပုထိုးများနှင့် ရန်အောင်မြို့ဝန်းကျင်ရှိ ကျောင်းတိုက်ကြီးများ၊ ဘုရား၊ တန်ဆောင်း၊ စေတီ၊ ပုထိုးများနှင့် သာခေါင်ကန်တော်တို့ကို ကားဖြင့် သွားရောက်လှည့်လည်လေ့လာပြီး မှတ်တမ်းပြုစုခဲ့ပါသည်။

◆◆◆

လေ့လာတွေ့ရှိရသော မှတ်တမ်းများ၊ ဓာတ်ပုံများအရ ရန်အောင်မြို့ ဖေယျုတောင်တောရကျောင်းကို (၁၂၇၈)ခုနှစ်၊ ဝါဆိုလ (၁၉၁၆)ခုနှစ်၊ ဇူလိုင်လတွင် ဆရာတော် ဦးနန္ဒိယမှ စတင်တည်ဆောက်ခဲ့သည်။ ကျောင်းတည်နေရာကတော့ ရန်အောင်မြို့ အရှေ့တောင်ဘက်ယွန်းယွန်း ကုလားလေးတာပြန်ငါးရာ (သို့မဟုတ်) တစ်မိုင်ကွာဝေးသော ရန်အောင်မြို့ သမိုင်းစာအရ မြို့ရန်အောင်၊ ကန်သာခေါင်၊ တောင်ဖေယျုဟူသော စာဆိုနှင့်အညီ ဖေယျုတောင်ပေါ်၌ တည်ရှိသည်။ ကျောင်းဒါယကာမှာ ဦးထွန်းဝ၊ ဒေါ်လှရေးတို့ ဖြစ်၏။ ကျောင်းဟုဆိုရသော်လည်း ခိုင်ခိုင်ခဲ့ခဲ့မဟုတ်။ သစ်ငယ်ဝါးငယ်များဖြင့် ဆောက်လုပ်ထားသော ပြောင်းရိုးတဲလေးသာဖြစ်၏။ ကျောင်းပတ်ဝန်းကျင်၌ ချောင်းငယ် မြောင်းငယ်များ ရစ်ပတ်ခွေဆင်းပြီး စမ်းရေတသွင်သွင် စီးဆင်းလျက် စိမ်းလန်းစိုပြည်သော သစ်ပင်ကြီးများ ဖုံးလွှမ်းနေ၏။ ဘုရားရှင် အလိုတော်ကျ ဆိတ်ငြိမ်အေးချမ်းသော နေရာကောင်းတစ်ခုပင်ဖြစ်၏။ ဖေယျုတောင်တော်ကို အမှီအစွဲပြု၍ ဖေယျုတောင်တောရဟု အမည်တွင် ထင်ရှားခဲ့သည်။

ဆရာတော်ဦးနန္ဒိယသည် တောရဆောက်တည်သော နေ့မှစ၍ အရည်ကင်ဥတင်အကျင့်ကို ဘဝ၏ နောက်ဆုံးနေ့အထိ ဆောက်တည်သွားခဲ့သည်။ ဆရာတော်ဦးနန္ဒိယကို မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ သမ္ဘားရွာ၌ (၁၂၄၄)ခုနှစ်တွင် မွေးဖွားခဲ့သည်။ ရန်အောင်မြို့ မင်းကျောင်းဆရာတော် ဦးယသကို အကြောင်းပြု၍ ရန်အောင်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆရာတော် ဦးနန္ဒိယသည် ရန်အောင်မြို့နေ ဦးဘ၊ ဒေါ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။ ရဟန်းဘဝတွင် မင်းကျောင်းဆရာတော် ဦး



ဖေယျုတောင်ပေါ်ရှိ ဖေယျုတောင်တောရ ကျောင်းတိုက်ကြီး

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ဘေးရောင်ရှောင်ကျကြီး

www.burmeseclassic.com

www.burmeseclassic.com

ထသထံ၌ အခြေခံပရိယတ္တိစာပေများကို သင်ယူခဲ့ပြီး နောက် မန္တလေးမြို့ ဘုရားကြီးတိုက် ပင်းသာကျောင်း ဆရာတော် ဦးခန္တီဓမ္မထံ၌ ဖိဋ္ဌကတ်အထက်တန်းစာဝါများကို သင်ယူတတ်မြောက်ခဲ့သည်။ ယင်းနောက် ဆရာတော်သည် မန္တလေးမှ ရန်အောင်မြို့သို့ ပြန်ကြွလာပြီးလျှင် မင်းကျောင်း၌ သီတင်းသုံးနေထိုင်ခဲ့သည်။ သက္ကရာဇ် (၁၂၇၈)ခုနှစ်သို့ ရောက်သောအခါ တောရဆောက်တည်လိုသော ပါရမီဓာတ်ခံ ရင့်သန်လာသည့်အလျောက် ဇေယျတောင်တောရသို့ ပြောင်းရွှေ့သီတင်းသုံးပြီး အရည်ကင်ဂူတင်အကျင့်ကို ဆောက်တည်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးကိုလည်း ဖြတ်သန်းခံစားခဲ့ရပုံများကား မမေ့နိုင်စရာပင်ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း တောရကျောင်းမြေ၌ စစ်တလင်းဖြစ်ခဲ့ရ၏။ ကျောင်းအဆောက်အအုံများ ဗုံးဒဏ်ထိမှန်ပြီး အားလုံးနီးပါး ပျက်စီးဆုံးရှုံးခဲ့ရ၏။ ဂျပန်အဝင် အင်္ဂလိပ်အပြေးတွင် ရန်အောင်မြို့အပါအဝင် ပျော်ဘွယ်တစ်မြို့လုံး ကျွန်စ်ကောင်ကြားက မြေဇာပင်ဖြစ်ခဲ့ရ၏။ စစ်ကြီးအတွင်း ပျော်ဘွယ်မြို့၊ ရန်အောင်မြို့တို့မှ လူကြီးလူကောင်းများမှာ မြို့ပေါ်မှာ မနေဝံ့ကြသဖြင့် စစ်ဘေးရှောင်ရင်း တောရကျောင်းပေါ်၌ ရွှေ့ပြောင်းနေထိုင်ကြရာ ရွာကလေးသဖွယ်ပင် ဖြစ်သည်ဟု ပြောကြပါသည်။ ပစ္စည်းဥစ္စာချမ်းသာသူများ အများစုဖြစ်သဖြင့် သူဌေးကုန်းဟု နာမည်ကြီးခဲ့သည်ဟု ဆိုပါသည်။

ဆရာတော်ကြီး ဦးနန္ဒိယ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် မေတ္တာဓာတ်စွမ်းအား ကြီးမားသောကြောင့် အေးချမ်းသက်သာစွာ နေထိုင်နိုင်ခဲ့ကြ၏။ စစ်ဘေးရှောင် ပုဂ္ဂိုလ်များ စိုးရိမ်သောကကင်းစွာ နေထိုင်နိုင်ရန် တောင်ကုန်းနံရံ၊ ချောင်းကမ်းပါးနံရံတို့တွင် စိုဖြင့် ထုဆစ်၍ လိုဏ်ဂူကြီးငါးလုံးကို တည်ဆောက်နိုင်ခဲ့သည်။ စစ်ဘေးရှောင်ပုဂ္ဂိုလ်များ၏ အသက်ကို ဤဂူကြီးအထဲတွင် နေထိုင်စေခြင်းဖြင့် ကယ်တင်ပေးနိုင်ခဲ့သည်။ ဆရာတော်ကြီး ကိုယ်တိုင်လည်း ဤဂူကြီးများထဲ၌ နေထိုင်၍ အရည်ကင်ဂူတင်အကျင့်ကို ပွားများအားထုတ်ခဲ့ကြောင်းလည်း သိရသည်။ ထိုဂူကြီးများကို ယခုတိုင် တွေ့ရှိခဲ့ရသည်။

ဤသို့ဖြင့် ဂျပန်အပြေး အင်္ဂလိပ်တို့ ပြန်ဝင်လာသော


တော်ပေါင်းဆုတော်တော်

အခါမှာလည်း တောရကျောင်း သာသနာ့နယ်မြေသည် မိအေးနှစ်ခါနာ ဆိုသကဲ့သို့ ရင်ဆိုင်တိုက်ပွဲကြီးများ အကြီးအကျယ်ဖြစ်ခဲ့သဖြင့် စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံရပြန်၏။ သို့သော် ဆရာတော်ကြီး၏ မေတ္တာဓာတ်အရှိန်အဝါကြောင့် အသေအပျောက်တော့ မရှိခဲ့ပါ။ အဆောက်အအုံများ ဆုံးရှုံးခဲ့ရ၏။ သို့ဖြစ်၍ ရန်အောင်မြို့ရှိ ဒေါ်ယောင်းဇရပ်၊ ထန်းတောဇရပ်၊ ရွှေဂူဇရပ် စသည့်ဇရပ်ဟောင်းများကို ရွှေ့ပြောင်းသယ်ယူ၍ တောရကျောင်းမြေနေရာတွင် ပြန်လည်ဆောက်တည်၍ ကျောင်းအမှတ်ဖြင့် သီတင်းသုံးနေထိုင်ခဲ့ရသည်။

♦ ♦ ♦

သို့ဖြစ်ရာ ဆရာတော်ကြီး ဦးနန္ဒိယသည် (၁၃၃၅) ခုနှစ်၊ ကဆုန်လဆန်း (၂)ရက် သင်္ကော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါအရတွင် တစ်ဘဝခန္ဓာချုပ်ငြိမ်း၍ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ယင်းနောက်မှာတော့ ဆရာတော် ဦးသူရိယမှ ဆက်ခံ၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေစဉ်မှာပင် ကျန်းမာရေးယိုယွင်းလာသဖြင့် (၁၃၅၅) ခုနှစ်တွင် ဘဝနတ်ထံပျံလွန်တော်မူပြန်၏။ ထိုအခါမှာတော့ ယခုလက်ရှိ ဆရာတော် ဦးဝိလာသက အမွေဆက်ခံ တာဝန်ယူ၍ ဇေယျတောင်တောရ သာသနာပြုလုပ်ငန်း

www.burmeseclassic.com

များကို ဆောင်ရွက်နေခြင်း ဖြစ်သည်။

ဆရာတော်ကြီး ဦးဝိလာသကို (၁၃၀၇)ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့၌ ခမည်းတော် ဦးရွှေအိုး၊ မယ်တော် ဒေါ်ဒေါ်ပုံတို့မှ မွေးဖွားသော စတုတ္ထမြောက် သားရတနာ ဖြစ်၏။ ငယ်မည်မှာ မောင်လှမြင့် ဖြစ်၏။ ငယ်စဉ်က ရန်အောင်မြို့ မြို့ဦးတိုက် ဓေယျကျောင်း ဆရာတော် ဦးတိလောကထံ၌ အခြေခံသင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နမက္ကာရ စသည့် စာဝါများကို သင်ယူခဲ့သည်။

ဆရာတော် (၇)နှစ်သားအရွယ်တွင် ရန်အောင်မြို့ အစိုးရအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပြီး အတန်းစာများ သင်ယူခဲ့သည်။ ခေတ်ပညာ အတန်းစာများကို သတ္တမတန်းအထိ သင်ယူခဲ့ပြီးနောက် ကျောင်းထွက်ခဲ့သည်။ (၁၃၂၁)ခုနှစ်၊ တန်ခူးလတွင် သာသနာ့ဘောင်သို့ ရှင်သာမဏေအဖြစ် ဝင်ရောက်ခဲ့သည်။ ထိုအချိန်၌ တောရဆရာတော်ကြီး ဦးနန္ဒိယအား အန္တေဝါသိက တပည့်အဖြစ် လုပ်ကျွေးခွင့်ရရှိခဲ့၏။ ဆရာတော်ကြီးထံမှ သဒ္ဒါ၊ သင်္ကြိုဟ် စသော ပိဋကတ်စာပေကျမ်းဂန်များကို သင်ယူခဲ့ရ၏။ (၁၃၂၆)ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ကူးပြောင်းခဲ့သည်။

ရဟန်းဘဝတွင် ရန်အောင်မြို့ ဗောဓိပင်ကျောင်း ဆရာတော် ဦးပဏ္ဍိတထံ၌ သဒ္ဒါ၊ သင်္ကြိုဟ်၊ ဝိနည်း၊ ဆန်း၊ အဘိဓမ္မာ၊ အလင်္ကာ၊ ရူပသိဒ္ဓိ၊ ဋီကာကျော် စသော ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ်တို့ကို သင်ယူဆည်းပူးခဲ့သည်။ ရဟန်း(၄)ဝါအရွတွင် မန္တလေးမြို့ ဒက္ခိဏာရုံဘုရားကြီးတိုက်၊ ပင်းသာကျောင်းဆရာတော် ဦးကုသလထံ၌ ပိဋကတ်အထက်တန်း စာပေများကို နှေဝါ ညဝါ မအားရအောင် သင်ယူဆည်းပူး တတ်မြောက်ခဲ့သည်။

ဆရာတော်ကြီး ဦးဝိလာသ၏ ထူးခြားမှုမှာ ပရိယတ္တိ ပိဋကတ် စာပေကျမ်းဂန်များကို ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံတွင် စနစ်တကျ သင်ရိုးကျန်(ကျမ်းကြီးပေါက်) မူလခံမှာစရိယတတ်မြောက်အောင် ဆရာနည်းကျ သင်ယူဆည်းပူးခဲ့သော်လည်း မည်သည့်စာမေးပွဲကိုမျှ ဝင်ရောက်ဖြေဆိုခြင်း မပြုခဲ့ခြင်းပင် ဖြစ်သည်။

ဆရာတော်ကြီး ဦးဝိလာသ လက်ထက်တွင် မိုးကုတ်ဝိပဿနာတရား ထွန်းကားပြန့်ပွားရေးကို အထူး အလေးထား ဆောင်ရွက်ခဲ့သည်။ တန်ခူးလသကြွန်အခါတွင် တရားစခန်းတစ်ကြိမ်၊ တန်ဆောင်မုန်းလတွင် တရားစခန်းတစ်ကြိမ် တစ်နှစ်လျှင် တရားစခန်း နှစ်ကြိမ် ဖွင့်လှစ်ပေးခဲ့၏။

ဝါတွင်းသုံးလတွင်မူ ရန်အောင်မြို့ မင်းကျောင်းရှိ ရွှေကျီးညိုခမ္မာရုံ၌ တရားဟော၊ တရားပြ၊ တရားထိုင် အလုပ်များကို နေ့စဉ် မပျက်မကွက် ဆောင်ရွက်ပေးခဲ့ရာ တရားချစ်ခင် ယောဂီများအဖို့ မိမိတို့ အချိန်ရလျှင်ရသလို တရားနာခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်နိုင်ပြီ ဖြစ်သည်။

ဆရာတော်ကြီး ဦးဝိလာသ ရောက်ရှိချိန်မှစ၍ ယောဂီသူတော်စင်များလည်း တိုးပွားလာ၏။ ကျောင်းအဆောက်အအုံနှင့် ယောဂီများ မဆံ့အောင် ဖြစ်လာသည်။ ထို့အတွက် ကျောင်းအမကြီး ဒေါ်ခင်ငြိမ်းငြိမ်းမူ မူလ(၄)ပင် ပတ်လည်ကျောင်းကို အနောက်ဘက် (၁၀)ပေ၊ မြောက်ဘက် (၂၀)ပေ တိုးချဲ့ဆောက်လုပ်ခဲ့၏။ တောရကျောင်း၌ သိမ်မရှိသေး၍ ဝိသုဂါမသိမ်ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့သည်။

(၁၃၅၉)ခုနှစ်တွင် ကျောင်းအမကြီး ဒေါ်ခင်ငြိမ်းငြိမ်းသည်



ဓမ္မာဂီကျောင်းအဆောင်

www.burmeseclassic.com

ဆောရကျောင်းတွင် (၂၇×၂၄)ပေ အကျယ် ဘုရားခန်း၊ ဆင်ဝင်ခန်း အပါအဝင် ဓမ္မာရုံကျောင်းတော်ကြီးကို ခုံထည်စွာ ဆောက်လုပ်လှူဒါန်းခဲ့ပြန်ပါသည်။ ဇေယျတောင်တောရ သာသနာတော်သည် တစ်နေ့တခြား ထွန်းကားလာသည့်အလျောက် ယောဂီပရိသတ်များလည်း တိုးပွားလာ၏။ သို့ဖြစ်၍ မူလကျောင်းဆောင်ကြီးကို အနောက်ဘက် ပေ(၂၀×၁၀)(၄)ခန်း၊ ကျောင်းမျက်နှာစာ (၁၀)ပေ (၇)ခန်း တိုးချဲ့ဆောက်လုပ်၍ လှူဒါန်းခဲ့သည်။

ဇေယျတောင်တောရ ရာပြည့်ပွဲကို (၂၀၁၇)ခုနှစ်၊ နှေ့၀ါရိုလ (၁၅)ရက်တွင် ပြုလုပ်ခဲ့ရာ ထိုရာပြည့်ပွဲတော်အမီ ကျောင်းအမကြီး ဒေါ်ခင်ငြိမ်းငြိမ်း၏တူဖြစ်သူ ဦးမိုးဟိန်း၊ ဒေါ်ခင်မာနီ မိသားစုတို့က ရာပြည့်ပွဲအထိမ်းအမှတ်အဖြစ် မူလကျောင်းတော်ကြီး၌ ဘုရားအခန်းအသစ် ပြုလုပ်ခြင်း၊ ရုပ်ပွားတော်အသစ် ပူဇော်ခြင်း၊ သိမ်ဘုရားများ ပြုပြင်ခြင်း စသည့်ကုသိုလ်ထူးများကို ပြုလုပ်လှူဒါန်း၍ ကျောင်းအမကြီး ဒေါ်ခင်ငြိမ်းငြိမ်း၏ လောကတွဲရာအမွေကို ဆက်ခံထိန်းသိမ်းခဲ့သည်။

ဆရာတော်ကြီး ဦးဝိလာသသည် ဘာသာရေး၊ သာသနာရေးများအပြင် ရပ်ရေးရွာရေး လူမှုရေးကိစ္စများကိုလည်း တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ပေးခဲ့ပါသည်။ မြို့အဝင်ရှိ သုသာန်ကြီးကို စည်ပင်ဌာနနှင့် ညှိနှိုင်း၍ မြို့မြောက်ဘက်သို့ ရွှေ့ပြောင်းစေခဲ့သည်။ ဟောင်းနွမ်းနေသော ရှေးဟောင်းအောင်စည်သာ စေတီတော်ကို အသစ်ပြန်လည်ပြုပြင်ခဲ့ရာ ယခုအခါ မြို့အဝင်၌ ကြည်ညိုဖွယ်ရာ ရှုမြော်နိုင်ငြိုဖြစ်သည်။

ထို့အတူ ရန်အောင်မြို့ မြို့ဦးတိုက်ရှိ ဓာတ်ပေါင်းစုစေတီဟော်း မိုးကောင်းစေတီတော်တို့ကို ရန်ကုန်၊ ရွှေပြည်သာမှ ဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) (စာရေးဆရာ ကိုကြီးဆွေ)၊ စာရေးဆရာကြီး ရန်အောင်မောင်မောင်၏သားကြီး ဦးရည်မွန် မိသားစုတို့၏ မေ့တည်လှူဒါန်းမှုကို အခြေပြု၍ အသစ်ပြန်လည်ပြုပြင် တည်ထားကိုးကွယ် ပူဇော်နိုင်ခဲ့သည်။

ဆရာတော်ကြီး ဦးဝိလာသသည် ပျော်ဘွယ်မြို့နယ် သံဃနာယကအဖွဲ့ ဒုဥက္ကဋ္ဌ၊ မြို့နယ်မဘာသအဖွဲ့ကြီးတွင် ဥက္ကဋ္ဌ၊ ပါဠိပထမပြန်စာမေးပွဲ ကျင်းပရေးတွင် ဥက္ကဋ္ဌ၊ ရန်အောင်မြို့ မဇ္ဈိမလမ်း လူမှုရေးကူညီမှု ပရဟိတအဖွဲ့တွင် ဩ၀ါဒါစရိယ၊ ရန်အောင်မြို့ ဘာသာရေးအသင်းကြီးတွင် ဩ၀ါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်ပေးနေဆဲ ဖြစ်သည်။

စာရေးသူတို့အဖွဲ့သည် ရာပြည့်ပွဲတော် ပြီးဆုံးသည့်

တရားနာယူနေသော ယောဂီများ

www.burmeseclassic.com

www.burmeseclassic.com

ဒေရာဝတ်ဦးဝိသာဒ(ဘလယ်)၊ ဒေရာတော်ဦးဇေနှင့် ဦးဇောဒိဝ(ပို့ဆောင် ဝတ္ထာဝဒိတ)

နောက်တစ်ရက် (၁၆-၁-၂၀၁၇)ရက်နေ့တွင် ရန်အောင်မြို့မှ (၇)မိုင်ခန့်ကွာဝေးသော ပျော်ဘွယ် မြို့မဈေးကြီးနှင့် မြို့အရှေ့ဘက်၌ တည်ရှိသော ရှေးဟောင်းသမိုင်းဝင် မင်းရာမစေတီတော်သို့ ဦးစွာသွားရောက်ဖူးမြော်ခဲ့ကြသည်။ ယင်းနောက်မှာတော့ ရှမ်းပွဲရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ရွေပြည်သာစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထိုစေတီတော်ကြီးကို သက္ကရာဇ်(၁၂၃၃)ခုနှစ် ရတနာပုံခေတ်က တည်ထားခဲ့သော စေတီတော်ကြီးဖြစ်သည်။

ထိုမှဆက်လက်၍ ပျော်ဘွယ်မြို့မြောက်ဘက်အထွက်တွင် တည်ရှိသော မြသိန်းတန်စေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထိုစေတီတော်မှာ ညောင်ရမ်းခေတ်က တည်ထားခဲ့သည့် သမိုင်းဝင် ရှေးဟောင်းစေတီ ဖြစ်သည်ဟု သိရသည်။ အချိန်မှာ ညနေ(၃း၃၀)နာရီ ရှိနေပြီဖြစ်၍ စာရေးသူတို့အဖွဲ့ ကားလေးမှာ ရန်အောင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

ကောဇာနှစ်(၁၂၇၈)ခုနှစ်မှ စတင်တည်ထောင် သာသနာပြုခဲ့သော ဇေယျတောင် တောရကျောင်းတော်ကြီးမှာ ယခုအခါ သက်တမ်းနှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်၏။ ခေတ်အဆက်ဆက် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်၍ အမျိုး၊ ဘာသာ၊ သာသနာတော်အကျိုးကို လက်ဆင့်ကမ်း သယ်ပိုးခဲ့ကြသော တောရကျောင်း ဆရာတော်ကြီးများ၏အမွေကို ဆရာတော်ကြီး ဦးဝိလာသက ဆက်ခံရယူ၍ သာသနာပြုနေသည်မှာ တရားချစ်ခင် သူတော်စင် ယောဂီများအတွက် အားတက်ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

ဇေယျတောင်တောရ သာသနာ့နယ်မြေသည် လာရောက်ခိုမှီ၍ တရားဘာဝနာ ပွားများကြသော သူတော်စင် ယောဂီများကို တရားရှုမြင် နိဗ္ဗာန်ဝင်ရန် လမ်းညွှန်ပြရာ တစ်နည်းဆိုရသော် နိဗ္ဗာန်ကူးတို့ ပို့ဆောင်ပေးနေသော ဓမ္မရိပ်သာကြီးပင်ဖြစ်သည်။ သို့ပါ၍ တရားချစ်ခင် သူတော်စင်တို့ နားနေခိုလှုံရာ အေးချမ်းဆိတ်ငြိမ်ကမ္ဘာလေးတစ်ခုဖြစ်သော ပျော်ဘွယ်မြို့နယ် ရန်အောင်မြို့ရှိ နိဗ္ဗာန် ပို့ဆောင် ဇေယျတောင်တောရသာသနာ့နယ်မြေသို့ တစ်ခါတစ်ခေါက် လာရောက်၍ ဖူးမြော်ကြည်ညိုကုသိုလ်တော်ယူကြပါရန် ‘ပတ်ခေါ်’ လိုက်ပါသည်။

သာဝဏ်ကိုရိန္ဒာဘိဝံသ ကျောင်းတိုက်အောဇဆောင် ဝိပဿနာလွှင်(ရွှေဆို)၊ ဇောဂါဆောင်ဝတ်(ပျော်ဘွယ်)

ဇောဂါဆောင်ဝတ်(ပျော်ဘွယ်)

(ဇေယျတောင်တောရ သာသနာပြု ဆရာတော်ကြီး ဦးဝိလာသအား ဦးခိုက်ပူဇော်လျက်)

www.burmeseclassic.com

ကျားကမ္ဘာ

佳葛巴

男性补肾

အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သတ်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှိုးခြင်း၊ သေခြင်း၊ ပြန်ခြင်း၊
အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊
ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ဗောဂါများအတွက်
ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

ဓိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ခရကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄
အဖြဲ့အစည်းခိုင်မာခြင်းတွင် မေးဝယ်ပါ။

® ဆင်ကဘို

ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

သုံးစွဲနိုင်သောရောဂါများ

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊
အဝု၊ အပိမ့်များ၊ ဒူလာပါဒရက်၊ ဒီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘို၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။
ပဲခူးလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတဲ့နာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်သူဦးပိုင်စင်အမှတ် - ၈/ကဝဂ(တဆထလ)(နိုင်)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၄(၀၆၁၅)

ပင်ရင်း-ကျားကမ္ဘာဘယဆေးထိုင် - ၄၀၂(ဒေ)ခွဲ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ ၅၅၀၁၁၉၃၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၅၀၁၂၂(လိုင်းခွဲ)၅၅၃

www.burmeseclassic.com

www.burmeseclassic.com

မင်းကွန်းခေါင်းလောင်းတော်ကြီး

မောင်မိုးဦး

(၂၀၁၆)ခုနှစ်အတွင်း ကျွန်တော် ခရီးတချို့ ထွက်ဖြစ်သည်။ မှတ်မှတ်ရရ စက်တင်ဘာလ ဒုတိယအပတ်က ထွက်ဖြစ်သော မင်းကွန်းခရီးစဉ်လေးက တစ်ခါမျှ မရောက်ဖူးသဖြင့် ဝိုင်ဝိုင်းကြည်နူးရသည်။ ရပ်မြင်သံကြားနှင့် မဂ္ဂဇင်း၊ ဂျာနယ်များမှာသာ ကြည့်ဖူးသော မင်းကွန်းခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီး စသည်များကို ကိုယ်တိုင်ဖူးမြော်ခွင့်ရခဲ့ခြင်းကလည်း မဂ်လာပင်ဖြစ်သည်။

ထို့ပြင် မင်းကွန်းတိပိဋကဓရ လွှမ်းစေတီ၊ မင်းကွန်းထေရ်အရှင် ကျမ်းပြုကျောင်းတော်ကြီး၊ မင်းကွန်းဆရာတော်ကြီး၏ရုပ်တု(လက်နှိပ်စက်ရိုက်နေပုံ၊ ခုတင်ပေါ်တွင် စာဖတ်နေပုံ၊ ဆွမ်းဘုဉ်းပေးနေပုံ၊ မတ်တတ်ရပ်နေပုံ)နှင့် တစ်နှစ်တစ်ခါ တစ်ပါးသာ ထူးခြားစွာ ပေါ်ထွန်းတော်မူခဲ့သည့် ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး



မင်းကွန်းခေါင်းလောင်းကြီး
(စတင်သွန်းလောင်းခြင်းခေတ် အုတ်တိုင်၊ ကျွန်းရုံတန်းထိုး၊ ခေါင်းခလောင်)

www.burmeseclassic.com

www.burmeseclassic.com

၏ သက်တော်ရာပြည့်အထိမ်းအမှတ် မင်းကွန်းတိပိဋကရာပြည့်ကျောင်းတော်ကြီး စသည့်နေရာများသို့လည်း သွားရောက်ဖူးမြော်ခွင့်ရခဲ့သည်။

ယခုဆောင်းပါးတွင် အဓိကတင်ပြလိုသည်မှာ မင်းကွန်းခေါင်းလောင်းကြီး အကြောင်းဖြစ်သည်။ (ကျွန်တော်တို့ တည်းခိုသည့်ကျောင်းမှာ မင်းကွန်းခေါင်းလောင်းကြီး၏ မျက်နှာချင်းဆိုင်ရှိ ဖောင်တော်သီကျောင်း ဖြစ်၏။)

♦ ♦ ♦

ကျွန်တော်တို့ မြန်မာ့သမိုင်းတွင် နိုင်ငံတော်ကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ဟု သုတေသီများက ပိုင်းခြားသတ်မှတ်ခဲ့ကြသည်။ ထို့အတူ ခရစ်နှစ်(၇၅၂)မှ (၁၈၈၅)ခုနှစ်အထိ (၁၃၃)နှစ်ကြာခဲ့သော တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ခေတ်ကာလအတွင်း ဘုရင်(၁၁)ပါး စိုးစံအုပ်ချုပ်ခဲ့၏။ ထိုခေတ် သုံးခေတ်တွင် ကုန်းဘောင်ခေတ်သည် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားချိန်ဖြစ်သောကြောင့် ဘုရင်နှင့် ပြည်သူများ၏ လှူဒါန်းမှုအဖြစ် ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ယနေ့တိုင် တွေ့မြင်နိုင်လေသည်။

ထို့ပြင် ဗုဒ္ဓဘာသာသမိုင်းတွင် မှတ်တမ်းပြုခဲ့ရသည့် ပဉ္စမသင်္ဂါယနာတင်ပွဲကို ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် ကျင်းပနိုင်ခြင်းဖြင့် ပိဋကတ်သုံးပုံကျမ်းများကို ကျောက်ထက်အက္ခရာတင်နိုင်ခဲ့သည်။ ထို့အတူ အလောင်းဘုရား ဦးအောင်ဇေယျမှ သီပေါဘုရင်အထိ ကုန်းဘောင်ဆက် ဘုရင်များသည် ဗုဒ္ဓဘာသာဆိုင်ရာ အလှူဒါနများ ပြုလုပ်ခဲ့ကြရာတွင် မင်းကွန်းခေါင်းလောင်းတော်ကြီးအပါအဝင် သမိုင်းဝင် ခေါင်းလောင်းတော်ကြီးများကိုလည်း သွန်းလုပ်လှူဒါန်းနိုင်ခဲ့ကြ၏။ ကုန်းဘောင်မင်းဆက် ဘုရင်(၁၁)ပါးအနက် ခုနစ်ပါးသည် ခေါင်းလောင်းတော်(၉)လုံးကို သွန်းလုပ်လှူဒါန်းခဲ့ကြောင်း မှတ်တမ်းများမှာ တွေ့ရသည်။ ရန်ကုန်တွင် နှစ်လုံး၊ မန္တလေးတွင် နှစ်လုံး၊ ရွှေဘို၊ စစ်ကိုင်း၊ မြန်အောင်၊ အမရပူရနှင့် မင်းကွန်းတွင် တစ်လုံးစီရှိသည်။

ထင်ရှားသော ခေါင်းလောင်းတော်များမှာ-

- မင်းကွန်းခေါင်းလောင်းတော်
(ဘိုးတော်ဘုရား ခေါ် ဗဒုံမင်း)၊
- အလောင်းမင်းတရားခေါင်းလောင်းတော်၊
- စဉ့်ကူမင်းခေါင်းလောင်းတော်၊
- ဘကြီးတော်ခေါင်းလောင်းတော်၊
- သာယာဝတီမင်းခေါင်းလောင်းတော်၊
- ပုဂံမင်းနှင့် မင်းတုန်းမင်းခေါင်းလောင်းတော်

စသည်တို့ ဖြစ်သည်။

ကုန်းဘောင်ခေတ်က မြန်မာရှင်ဘုရင်များသည် သူတို့ သွန်းလုပ်လှူဒါန်းခဲ့ကြသည့် ခေါင်းလောင်းတော်များတွင် ကမ္ဘည်းစာများကို ရေးထိုးထားခဲ့ကြ၏။ ဘုရင်များသည် မိမိတို့ သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းအရွယ်အစား၊ အလေးချိန်၊ တင်လှူသည့် စေတီဘုရား၊ နေ့စွဲ၊ ဆုတောင်း စသည့်အချက်များကို ခေါင်းလောင်းပေါ်၌ ရေးထိုးမှတ်တမ်းပြုခဲ့ကြသောကြောင့် ခိုင်မာသောသမိုင်းအထောက်အထားများကိုလည်း သိရှိနိုင်လေသည်။

♦ ♦ ♦

မင်းကွန်းသည် မြန်မာနိုင်ငံအထက်ပိုင်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတောင်တန်းမြောက်ဘက် မင်းကွန်းတောင်ခြေတွင် တည်ရှိသည်။ မန္တလေးမှဆိုလျှင် အနောက်မြောက်ဘက် (၇)မိုင်အကွာ၌ရှိ၏။ မင်းကွန်း၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်က ရစ်ခွေစီးဆင်းလျက်ရှိရာ မန္တလေးမြို့မရန်းခြံ(ပိုက်ကျူး)ဆိပ်ကမ်းမှ မော်တော်၊ စစ်ကိုင်းမှ မော်တော်ကားတို့ဖြင့် မင်းကွန်းသို့ လာရောက်နိုင်၏။

သမိုင်းကို ပြန်လေ့လာလျှင် မင်းကွန်း၏ မူလအမည်မှာ မင်းကောင်ဖြစ်သည်။ အင်းဝခေတ် ဘုရင်မင်းခေါင်လက်ထက် သက္ကရာဇ်(၇၆၃)ခုနှစ်တွင် မင်းကောင်ဟူသော ရွာအမည်သည် ဘုရင်မင်းခေါင် အမည်နှင့် ခပ်ဆင်ဆင် တူနေသောကြောင့် မင်းရွာဟု ပြောင်းလဲခဲ့၏။ မြန်မာသက္ကရာဇ်(၁၁၅၂)ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်၊ ကြာသပတေးနေ့တွင် အမရပူရရွှေနန်းကို စတင်တည်ထောင်တော်မူခဲ့သော ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်းက မင်းရွာကို မင်းကွန်းဟု ခေါ်ရန် သတ်မှတ်တော်မူခဲ့သဖြင့် ယနေ့တိုင် မင်းကွန်းဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

မင်းကွန်းဟူသည် နတ်တို့၏စံရာ နတ်နန်းကို နတ်ကွန်းဟု ခေါ်သကဲ့သို့ မင်း၏ မိဖုရား၊ သားတော်၊ သမီးတော်များနှင့်အတူ ယာယီစံနန်းကွန်းထောက်ရာ နန်းရာကို

www.burmeseclassic.com

ခေါ်ဆိုခြင်း ဖြစ်သည်။

ခေါင်းလောင်းသံသည် သာယာပြီး ကျက်သရေရှိလှသည်။ ကြားရသူတိုင်းကို ကုသိုလ်ရေးနယ်ပယ်ထဲသို့ ခေါ်ငင်သွားသောကြောင့် ခေါင်းလောင်းနှင့် ခေါင်းလောင်းသံသည် ဗုဒ္ဓဘာသာနယ်ပယ်၌ အရေးကြီးဆုံး အဆင်တန်ဆာဖြစ်၏။ ထို့ကြောင့် မြန်မာပြည်အရပ်ရပ်ရှိ စေတီ၊ ပုထိုး၊ သိမ်၊ ကျောင်း၊ ဓရုပ်တို့တွင် ခေါင်းလောင်းများကို ချိတ်ဆွဲလှူဒါန်းကြခြင်း ဖြစ်သည်။

ခေါင်းလောင်းတော်တို့တွင် မင်းကွန်းခေါင်းလောင်းတော်ကြီးသည် မြန်မာပြည်တွင် အထင်ရှားဆုံးနှင့် အကျော်ကြားဆုံးဖြစ်သည်။ ကုန်းဘောင်မင်းဆက် ပဉ္စမမြောက် ဘုရင်ဖြစ်သည့် ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်း (၁၇၈၂-၁၈၁၉)သည် ခေါင်းလောင်းတော် နှစ်လုံးကို သွန်းလုပ်လှူဒါန်းခဲ့ရာ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးနှင့် စစ်ကိုင်းမြို့ အောင်မြေလောကစေတီတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းတော်တို့ ဖြစ်သည်။



မင်းကွန်းခေါင်းလောင်းတော်ကြီးကို ဘိုးတော်ဘုရား၏ အမိန့်တော်အရ ပန်းတဉ်းဝန် မဟာနန္ဒကျော်သူက ကြပ်မတ်ပြီး ပုထိုးတော်ကြီး အရှေ့ယ်အစားနှင့် ကိုက်ညီအောင် အချိုးကျ သွန်းလုပ်ခဲ့ခြင်း ဖြစ်၏။ ထိုခေါင်းလောင်းတော်ကြီးကို ကြေးညိဖြင့် သွန်းလုပ်ထားကာ ခေါင်းလောင်းကြီး၏ ကြေးသားထဲတွင် ရွှေစ၊ ငွေစများ မြှုပ်နှံထားကြောင်း သိရသည်။ ထိုသို့သွန်းလုပ်ရာတွင် ကြေးပိသာချိန်ပေါင်း (၅၅၅၅၅)ကုန်ကျခဲ့ပြီး ထိုဂဏန်းကို အလွယ်တကူ မှတ်မိစေရန် မင်းဖြူမှန်မှန်ပြောဟု ရေးသားထားခြင်းသည် မြန်မာတို့၏ အယူအဆအရ (၅) ဂဏန်းကို ကိုယ်စားပြုသော ကြာဿပတေးနေ့ အင်္ဂါရာဂါးလုံးဖြင့် ခေါင်းလောင်းအလေးချိန်ကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မင်းကွန်းခေါင်းလောင်းကြီးကို သက္ကရာဇ် (၁၁၇၀)ပြည့်နှစ်၊ ကဆုန်လဆန်း (၅)ရက်နေ့တွင် စတင်သွန်းလုပ်ခဲ့သည်ဟု ရေးသားထား၏။

ခေါင်းလောင်းကြီးကို သွန်းလုပ်သည့် စွန်းလွန်းရွာမှ မင်းကွန်းတစ်ဖက်ကမ်းရောက်အောင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် သယ်ယူခဲ့ခြင်း ဖြစ်၏။ ထိုသို့သယ်ယူရာတွင် ခေါင်းလောင်းတော်ကြီးအောက်ခြေ၌ မြောင်းတူးပြီး အလံ (၂၀)ရှိသော ကရဝိက်ဖောင်တော် နှစ်စင်းကို ခိုင်ခံ့အောင် လုပ်ပြီး ရွှေပိန်းချထားရသည်။ ထို့နောက် ဖောင်တော်သွန်းလုပ်ရာအရပ်မှ မြစ်ဆိပ်ရောက်အောင် ဖောင်ချောင်းတူး၍ အနောက်ဘက်ကမ်း၌လည်း ပုထိုးတော်ကြီး မြောက်ဘက် ဧရာဝတီဆိပ်ကမ်းက ခေါင်းလောင်းတော်ကြီး ထားသည့်နေရာအထိ ဖောင်ချောင်းတူးထားပေးရသည်။ ရေတွေ လျှံတက်လာသောအခါ ကရဝိက်ဖောင်ပေါ်မှ ခေါင်းလောင်းတော်ကြီးကို ဘိုးတော်ဘုရားကိုယ်တိုင် ဦးဆောင်ကာ မင်းကွန်းသို့ သယ်ဆောင်ခဲ့လေသည်။

မင်းကွန်းရောက်သည့်အခါ ခေါင်းလောင်းတော်ကြီးကို အုတ်တံတိုင်းပေါ်၌ သစ်သားယက်မကြီး တပ်ကာ ချိတ်ဆွဲလှူဒါန်းခဲ့၏။ (၁၈၃၈)ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့် ခေါင်းလောင်းတော်ကြီး ပြုတ်ကျမြေခဲ့ရာ ကြေးပိသာချိန်(၅၀၀)ခန့် ပဲ့ထွက်သွားခဲ့၏။ ခရစ်နှစ်(၁၉၀၄)ခုနှစ်တွင် ဧရာဝတီသင်္ဘောကုမ္ပဏီမှ မစ္စတာစီဂျွန်ဦးဆောင်ပြီး မူလသစ်သားယက်မ အုတ်တိုင်တို့ကို သံ

www.burmeseclassic.com

ထက်မ၊ သံတိုင်တို့ဖြင့် ပြောင်းလဲတပ်ဆင်ပေးခဲ့ရာ ယခု မြင်ရသည့် အနေအထားအတိုင်းဖြစ်သည်။ ထို့ပြင် ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် အမိုးပြာဆာဒ်သုံးဆင့်၊ တိုင်ပေါင်း(၁၆)တိုင်ရှိသည့် ဘုံ ဗိမာန်အတွင်းတွင် ထိုက်တန်စွာ ချိတ်ဆွဲထားလေသည်။ ခေါင်းလောင်းတော်ကြီးထားရာ ဗိမာန်ကိုလည်း သံပန်းများ တပ်ဆင်ကာ လုံခြုံအောင် ကာရံထားပြီး ဖြစ်၏။

ခေါင်းလောင်းတော်ကြီးနှင့် ပတ်သက်သော အတိုင်းအတာများ-

- အဝအချင်း (၁၆)ပေ (၉)လက်မ၊
- လုံးပတ်(အောက်အစွန်း) (၅၂)ပေ (၃)လက်မ၊
- အစောက် (၂၀)ပေ (၃)လက်မ၊
- အထူ (၁)ပေ (၇)လက်မ၊
- အမြင့် (ဆွဲကွင်းထိပ်မှ အောက်အစွန်းထိ) (၂၇)ပေ (၈)လက်မ။

♦ ♦ ♦

မင်းကွန်းခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်တွင် တတိယ အကြီးဆုံး ခေါင်းလောင်းကြီးဖြစ်ပြီး အသံထွက်တီးနိုင်၊ ထိုးခေါက်နိုင်သော ခေါင်းလောင်းများထဲတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံး ခေါင်းလောင်းကြီးဖြစ်သည်။



ပထမနှင့် ဒုတိယ အကြီးဆုံး ခေါင်းလောင်းများမှာ မြေစိုက်ခေါင်းလောင်းများဖြစ်ပြီး အသံမထွက်၊ ခေါင်းလောင်းထိုး၍ မရပေ။ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းမှာ ရုရှားနိုင်ငံ၊ မော်စကို ကရင်မလင်နန်းတော်မှာ ရှိသော ဆာကိုလိုဘော့ အမည်ရှိ ခေါင်းလောင်းကြီး ဖြစ်သည်။ ဒုတိယအကြီးဆုံး ခေါင်းလောင်းမှာ မော်စကိုမြို့တွင်ရှိ၏။

ကမ္ဘာ့တတိယအကြီးဆုံး အသံထွက်သော မင်းကွန်းခေါင်းလောင်းကြီးမှာ တန်ချိန်(၉၀.၅၂)တန်ရှိ၏။ ပုထိုးတော်ကြီးနှင့် မနီးမဝေးမှာရှိပြီး ဒေါ်ဦးဖွန်း တည်ထောင်ခဲ့သော ဘိုးဘွားရိပ်သာ(လူအိုရုံ)နှင့် မျက်နှာချင်းဆိုင်မှာ ရှိ၏။ မရောက်ဖူးသူများ သွားရောက်ဖူးမြော်လေ့လာနိုင်ရန် တင်ပြလိုက်ပါသည်။

မောင်မိုးဦး

(၁၃-၉-၂၀၁၆ နေ့က သွားရောက်ခဲ့သော မင်းကွန်း ခရီးစဉ်လေးသို့...။)

www.burmeseclassic.com

www.burmeseclassic.com

ဇာတာတပ်ပြီဆိုရင်ဆေးခန်းရုံးတွေ

လက်လုပ်တောင်နှင့် ဒက္ကာရီဆန်သော ဆေးခန်းပြုမယားရုံးသည်

ရွှေတလေး(လွယ်လင်)

လက်လုပ်တောင်ဟူသည် တစ်ချိန်က နေ့ချင်းပြီး ညချင်းပြီး တစ်ရက်တည်းဖြင့် လူအများ သယ်ဆောင်ဖို့ လုပ်ထားသောတောင်ဖြစ်၏။ ယခု လက်လုပ်တောင်၏ အရှေ့မြောက်နှစ်မိုင်ခန့်က မြေတို့ကိုတူး၍ ယူဆောင်ကာ ဖို့လုပ်ထားခြင်းလည်းဖြစ်သည်။ ထိုမြေများကို တူးယူရာ အရပ်တွင် ကန်ကြီးဖြစ်ကာ ကျန်ရစ်ခဲ့ပြီး လက်လုပ်တောင်ကား တောင်ဖြစ်သွားရ၏။

ထိုလက်လုပ်တောင်နှင့် ကန်နေရာကြားတွင် တောင်

www.burmeseclassic.com

www.burmeseclassic.com

သေးလေးတစ်လုံး ရှိ၏။ ထိုတောင်သေးလေးကို လက်ဆက်တောင်ဟူ၍လည်းကောင်း၊ လက်ယိုတောင်ဟူ၍လည်းကောင်း ယနေ့တိုင် ခေါ်ဆိုနေကြ၏။ မြေတူးရာကန်နေရာတွင် ရွာတည်သောအခါ ကန်လှဟု အမည်ပေးကြ၏။ အနီကန်လှရွာလေးသည် အိမ်ခြေ(၁၀၀)ခန့်ပင် ရှိလေ၏။

လက်လုပ်တောင်သည် အခြားတောင်များနှင့်မတူဘဲ ကွင်းလယ်၊ လယ်ကွက်အလယ်တွင် တောင်ငယ်ကလေး တစ်လုံးတည်းအဖြစ် တည်ရှိနေပြီး ပတ်ဝန်းကျင်ကား မြေပြန့်ဖြစ်၏။ တောင်သုံးဆင့်ကဲ့သို့ဖြစ်နေပြီး ပထမအဆင့်သည် ဘုရားတည်ရာအမြင့်ဖြစ်၏။ ဒုတိယအဆင့်သည် သံဃာတော်များ ကျောင်းဆောက်ရာ အလယ်အလတ်ဖြစ်၏။ တတိယအဆင့်ကား ယောဂီဆောင်နေရာဖြစ်ပြီး မြေပြန့်ထက် သုံးပေခန့်သာ မြင့်လေသည်။ ကျောင်းတော်နေရာသည် မြေညီထက် ကိုးပေခန့်မြင့်၍ ဘုရားကုန်းတော်မှာ ပေငါးဆယ်ခန့်မြင့်၏။ လက်လုပ်တောင်သည် အခြားတောင်တို့နှင့် ရောယှက်မနေဘဲ သီးခြားရှိနေသည်ဟု ဆိုရပေမည်။

ထို့အပြင် လက်လုပ်တောင်နှင့် စပ်လျဉ်း၍ ထူးခြားသော သမိုင်းမှတ်တမ်းက ရှိနေပြန်သည်။ နောင် အရိမေတ္တေယျဘုရား ပွင့်တော်မူလျှင် ကျောင်းဆောက်လှူဒါန်းရန်အတွက် ရွှေ၊ ငွေ၊ ရတနာပစ္စည်းများကို တိုက်ကြီး လေးတိုက်ပြုလုပ်ကာ မြှုပ်နှံထားသည့် အကြောင်းအရာများပင် ဖြစ်လေ၏။

ထိုသမိုင်းမှတ်တမ်းကို လက်လုပ်တောင်၏တောင်ဘက် တစ်မိုင်ခန့်ရှိ သပြေတန်းရွာသား ဦးအောင်ကြည်ဆိုသူက ရေးမှတ်ကာ သိမ်းဆည်းထားခဲ့ခြင်း ဖြစ်လေသည်။ ဦးအောင်ကြည်သည် (၁၄)နှစ်သား ဘဝကတည်းက လက်လုပ်တောင်သို့ သိုက်သုံးခါတူးရာတွင် ပါဝင်ခဲ့သော သပြေတန်းရွာမှ ဦးလူတုတ်၊ ဦးထွန်းဦးတို့က စာရေးအကူးခိုင်းထားသဖြင့် မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ခြင်းလည်း ဖြစ်၏။

လက်လုပ်တောင်၏ သမိုင်းမှတ်တမ်း

ရွှေလွန်လေပြီးသောကာလက မဏိပူရပြည်ကို အုပ်ရပါသော် ဘုရင်ကြီး၏ တောင်ညာစံ ဒေဝိမိဖုရားဘွင် သားတော်သုံးပါး ထွန်းကားခဲ့၏။ သားတော်များ အရွယ်ရောက်လာသောအခါတွင် သားတော်ကြီး နှစ်ပါးဖြစ်သည့် ညီတော်၊ နောင်တော်တို့သည် ထီးနန်းစည်းစိမ်ကို စိတ်မဝင်စား။ ဝိဇ္ဇာနည်းလမ်း၊ သမထစခန်းကိုသာ စိတ်ဝင်စားကြသဖြင့် တောထွက်ကြကုန်၏။

ယင်းသို့ ညီနောင်နှစ်ပါး တောထွက်လာလေရာ မြန်မာနိုင်ငံ ဗဟိုကျရာဖြစ်သော ရက်ဖောက်တောင်တန်းအစဖျားခုနှစ် လွမ်းတောင်နှင့် လက်လုပ်တောင်ဝန်းကျင် ဖားခုံညွှတ်သန္ဓိစေတီတော်ဝန်းကျင်သို့ ရောက်ကြသောအခါ စိတ်များ အလွန်အေးချမ်းကြ၏။ တောင်တို့ကား မကြီးလွန်းဘဲ ရွာများနှင့်လည်း မနီးချေ။ တောတောင်သစ်ပင်များက စိမ်းလန်းစိုပြည်နေသည်ဖြစ်ရကား ထိုဒေသတွင် နေထိုင်ဖို့ရန် ဆုံးဖြတ်ချက်ချလိုက်ကြလေ၏။

အစ်ကိုကြီးကား တောင်မြင့်ရာ လွမ်းတောင်မှာနေရပြီး ညီငယ်ကား တောင်နိမ့်ရာ လက်လုပ်တောင်မှာ နေရမည်ဟူ၍ တိုင်ပင်ကာ ခွဲဝေနေထိုင်ကြလေသည်။ လွမ်းတောင်နှင့် လက်လုပ်တောင်တို့သည် (၄)ဖာလုံခန့်သာ ဝေးကြသဖြင့် တစ်တောင်နှင့်တစ်တောင် မီးရောင်ပြလျက် နေထိုင်ကြရခြင်းဖြစ်၏။ ယင်းနောက် အစ်ကိုကြီးကား လွမ်းတောင်တွင် တရားအားထုတ်လေရာ ပေါက်မြောက်သွားသလို ညီတော်လည်း လက်လုပ်တောင်တွင် ပေါက်မြောက်ခဲ့၏။

ညီဖြစ်သူက အဓိဋ္ဌာန်ထားသည်မှာ မိမိပါလာသော ရွှေ၊ ငွေ၊ ရတနာ စသည့် တန်ဖိုးရှိ ပစ္စည်းများကို နောင်အရိမေတ္တေယျဘုရားပွင့်တော်မူလျှင် ကျောင်းဆောက်လှူဒါန်းရန်အတွက် လက်လုပ်တောင်အတွင်း၌ တိုက်ကြီးလေးခုပြုလုပ်၍ မြှုပ်နှံသိမ်းဆည်းထားရန် ဖြစ်၏။ ထိုတိုက်ကြီးလေးခုတို့ကို စောင့်ရှောက်ရန် ရွှေတုံးကြီးကို နဂါးရုပ်ထုလုပ်၍ မျက်စိကို ပြဒါးရှင်လုံးတပ်ပြီး ဝိဇ္ဇာပညာရပ်အတတ်ဖြင့် အသက်သွင်းပေးကာ စောင့်ရှောက်စေသည်ဟု ဆို၏။

မဏိပူရဘုရင်ကြီး နတ်ရွာစံတော်မူသောအခါတွင် မြောက်နန်းစံမိဖုရားကြီးမှ မွေးထားသော သားတော်ခုနစ်ပါးအနက် အကြီးဆုံး အဘိမဟ္မရာဇာက နန်းမွေထီးမွေဆက်ခံသဖြင့် ဘုရင်ဖြစ်လာ၏။ ကျန်ရှိသော ညီခြောက်ယောက်တို့အား မြို့စားနယ်စားများအဖြစ် ပေးခဲ့၏။ တောင်နန်းစံမိဖုရားကြီးမှမွေးသော အငယ်ဆုံးသားတော်

www.burmeseclassic.com

ကိုကား စစ်သူကြီးနေရာထားပြီး အုပ်ချုပ်ခဲ့၏။

အဘိဓမ္မရာဇာမင်းကြီး ခွဲဝေပြီး အုပ်ချုပ်စေသော မြို့များမှာ မဏိပူရမြို့၊ အာသံမြို့၊ ကသည်းမြို့၊ စစ်ကိုင်းမြို့၊ ပင်းယမြို့၊ အင်းဝမြို့၊ ကုန်းဘောင်မြို့ စသည်တို့ပင် ဖြစ်လေ၏။

အဘိဓမ္မရာဇာမင်းကြီး၏ မိဖုရားကြီးကား ကေတုမတီ မည်တွင်လေသည်။ မင်းကြီးသည် ငယ်စဉ်က တက္ကသိုလ်ပြည် ဒိသာပါမောက္ခကြီးထံ ပညာသင်စဉ်ကပင် ပညာတော်သဖြင့် ဆရာကြီးက သမီးကို အပ်နှင်းလိုက်ခြင်းဖြစ်၏။ မိဖုရားကြီးသည် သမီးတော်ကလျာဏမိတ္တာနှင့် သားတော် ဓေယျပတ္တာတို့ကို မွေးပြီးနောက် သမီးတော်လေးယောက် ထပ်မံမွေးဖွားလေ၏။ အားလုံးပေါင်း သားသမီးခြောက်ယောက် ဖြစ်၏။

မိဖုရားကြီး ကေတုမတီကား လောဘကြီးသူဖြစ်၏။ သားတော်လေး ဓေယျပတ္တာ အရွယ်ရောက်လာသောအခါ သားတော်လေးကို ထီးနန်းတင်လို၏။ သို့သော်လည်း ထီးနန်းသြဇာအာဏာသည် စစ်သူကြီး၏ လက်ထဲတွင်သာ ရှိနေလေသည်။ ထို့ကြောင့်ပင် မှူးမတ်တို့ကိုခေါ်၍ စစ်သူကြီးကို ဖယ်ရှားကာ သားတော်လေးကို ထီးနန်းအပ်စေဟု ဘုရင်မသိခင် မိဖုရားက အမိန့်ထုတ်လေ၏။ မိဖုရား၏ အမိန့်စကားကို မှူးမတ်များက အကောင်အထည်ဖော်သည့်အပြင် စစ်သူကြီးထံ သတင်းရောက်သွားလေတော့သည်။

စစ်သူကြီးသည် အမျက်ထွက်၍ မိဖုရားနန်းတော်ကို ဝိုင်းကာ မရီးတော်ကေတုမတီ မိဖုရားကို အပြတ်ရှင်းလိုက်လေ၏။ ထို့နောက် မြို့စားနယ်စားများကိုပင် သိမ်း၍ ကွပ်မျက်ကာ မင်းပြုလေ၏။

သို့နှင့် အဘိဓမ္မရာဇာမင်းကြီးလည်း သားတော်၊ သမီးတော်များကို ခေါ်ဆောင်ကာ အစ်ကိုနှစ်ဦး ရှိရာသို့ ရှောင်တိမ်းထွက်လာခဲ့ကြရ၏။ မင်းကြီးသည် အစ်ကိုကြီးရှိရာ လွမ်းတောင်မှာလည်းမနေ၊ အစ်ကိုလတ်ရှိရာ လက်လုပ်တောင်မှာလည်းမနေဘဲ လက်လုပ်တောင်၏အနောက်တောင်ထောင့် ကုန်မြေလေးတွင် သစ်ပင်၊ တောပင်များကို ရှင်းလင်း၍ တဲအိမ်ကလေး ဆောက်နေကြရ၏။ သားတော် ဓေယျပတ္တာကိုလည်း စစ်ကိုင်းသို့ ပညာသင်လွှတ်လိုက်လေသည်။ ယင်းနောက် မင်းကြီး နတ်ရွာစံ ကံတော်ကုန်လေတော့၏။

ထို့နောက် သမီးတော် ကလျာဏမိတ္တာနှင့် ညီမတော်လေးယောက်တို့သာ ကျန်ရှိလေတော့သဖြင့် ထိုတူမတော်များကို ဘကြီးတော်ညီနောင်နှစ်ပါးက စောင့်ရှောက်ထားကြရသည်။

တစ်ခါသော် ဘကြီးတော်တို့သည် တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တွင် ပုပ္ပားတောင်ကလပ်သို့ ဆေးကြိတ်သွားကြရမည်။ တူမတော်တို့ သတိ၊ ဝီရိယဖြင့် နေဆိုင်ရန် မှာကြား၏။ အကယ်၍ အကြောင်းတစ်စုံတစ်ရာရှိပါက အင်းပျံများကို ကိုင်ပေါက်လိုက်ခြင်းဖြင့် ဘကြီးတော်တို့ ချက်ချင်းအမြန်ပြန်ရောက်လာမည်ဆိုကာ အင်းပျံများအပ်နှင်း၍ ပုပ္ပားတောင်ကလပ်ဘက်သို့ ခရီးထွက်သွားကြလေ၏။

ကလျာဏမိတ္တာနှင့်အတူ ဘုရင့်သမီးတော် ငါးဦးမှာ နန်းတွင်းသူလေးများဖြစ်သလို နုနယ်လှပကြော့ရှင်းကြ၏။ ဆံရှည်ဘီးစပါတ်များနှင့် နတ်သမီးအလား ထင်မှတ်မှားနိုင်ပေသည်။ တောသစ်ပင်များ ပိတ်ဖုံးနေသည့် တောတွင်းထဲက တဲအိမ်ကလေးကလည်း ကြည်နူးစရာအတိပင်။

တစ်နေ့တွင် မင်းသမီးများရှိရာ တဲအိမ်ကလေးသို့ သိုက်ဆရာကြီးနှင့် တပည့်လေးယောက် ရောက်ရှိလာကြ၏။ ဒီလောက် လူမနီးသူမနီး တောတောင်ကြီးအတွင်းမှာ ပက်ပင်းတွေ့ရတာ ဒင်းတို့ကား လူမဟုတ်ရာ၊ ဥစ္စာစောင့်သာ ဖြစ်နိုင်ခြေသည်ဟု အထင်မှားကြ၏။ သို့နှင့် သိုက်ဆရာများသည် အလိုရမ္မက်ကြီးကြီးဖြင့် မင်းသမီးလေးတွေကို ဖမ်းဆီးလိုက်ပြီး သူတို့လိုရာကို တောင်းကြတော့သည်။

သိုက်ဆရာကြီးများ အလိုရှိသည်မှာ လက်လုပ်တောင်တွင်ရှိသော ရွှေနဂါးရုပ်ကြီး၏ မျက်လုံးနှစ်လုံးဖြစ်သော ပြဒါးရှင်လုံးများပင် ဖြစ်ပေသည်။ ဘကြီးတော်တို့ မြှုပ်နှံထားသည်ကိုလည်း မင်းသမီးလေးများက မသိကြပေ။ ပေးလည်း မပေးနိုင်ကြ။ မည်သည့်ပစ္စည်းကိုတောင်းနေမှန်းလည်း မသိဘဲ ဖြစ်နေကြသည်။ ထိုအခါ သိုက်ဆရာကြီးများက တောင်းမရသဖြင့် မင်းသမီးလေးများကို ရိုက်ပုတ်နှိပ်စက်ကြလေကုန်၏။

ထို့အပြင် တဲအိမ်အတွင်းသို့ မွေနှောက်ရှာဖွေကြည့်

www.burmeseclassic.com

ကြပြန်ရာ အင်္ဂရက်ငွေများကို တွေ့ရ၏။ ထိုငွေများကို ရမ္မက်ကန္ဒြောက်၍ ပြေးကောက်သည့်အခါတွင် ငွေများလုံးဝယူမရသည့်အပြင် ငွေများ ပျံတက်ကာ လက်လုပ်တောင်ဘက်သို့သာ ကျရောက်သွားလေ၏။

မှတ်ချက်

ငွေများ ပျံတက်သွားသောနေရာ ဖြစ်သောကြောင့် ငွေပျံကုန်းဟုခေါ်၏။ ထိုနေရာအနီးတွင် မင်းတုန်းမင်းကြီးက ငွေလုံစိုက်ပြီး အင်္ဂလန်ကို အောင်ဓာတ်ဆင်ပြန်ရာ ငွေလုံကုန်းဟု မည်လာပြန်၏။ တစ်ဖန် လူကြီးများက တို့ရွာငွေကို လှန်တာမဟုတ်ဘူး။ ငွေလျှံတာ၊ ပြည့်လျှံတာဟုဆိုကာ ငွေလျှံကုန်းဟု ကင်ပွန်းတပ်လိုက်ကြ၏။ ထိုငွေလျှံကုန်းရွာကလေးသည် အိမ်ခြေ(၂၇)အိမ်သာရှိပြီး ယခုအခါ ရာဇ္ဓေနီလမ်းမကြီး၏တောင်ဘက် လက်လုပ်တောင်၏ထောင့်တွင် ယနေ့တိုင် တည်ရှိနေလေသည်။

(စာရေးသူ)

ငွေတို့သည် လက်လုပ်တောင်ဘက်သို့ချည်းသာ ပျံထွက်သွားသည်ကို မြင်လိုက်ကြရသော သိုက်ဆရာကြီးတို့သည် လက်လုပ်တောင်ရှိ ရွှေနဂါးမျက်စိ ပြဒါးရှင်လုံးတို့ကို အလိုရှိသဖြင့် ဧကန်ပင် မင်းသမီးကလေးများ ယူပေးနိုင်လိမ့်မည်ဟု ထင်မြင်မိကာ မင်းသမီးကလေးများကို လက်ပြန်ကြိုးတုပ်နှောင်ပြီး လက်လုပ်တောင်သို့ ခေါ်သွားကြကုန်၏။

တောင်ပေါ်သို့ ရောက်သည့်အခါတွင် မင်းသမီးကလေးများကို ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်၍ ပြဒါးရှင်လုံးကို တောင်းကြပြန်၏။ နောက်ဆုံး မရသည့်အခါတွင် လည်မျိုကို ဝါးနှစ်လုံးဖြင့်ညှပ်၍ မရမကတောင်းဆိုကြပြန်၏။

ထိုအခါ သမီးတော်ကြီး ကလျာဏာမိတ္တာသည် မိမိနှင့်တကွ ညီမတော်တို့မှာ နှိပ်စက်သည့်ဒဏ်ကို မရှုမလှခံနေရသဖြင့် လွတ်ရာလွတ်ကြောင်း အကြောင်းတစ်ခုခုကို စဉ်းစားမိကာ-

'ဆရာကြီးတို့၊ သည်းခံတော်မူပါ။ သနားတော်မူပါ။ ဟိုအရှေ့တောင်တွင် ဘကြီးတော်တစ်ပါး ရှိပါသေးသည်။ ထိုဘကြီးတော်ကား သင်တို့တောင်းနေသော ပြဒါးရှင်လုံးတို့ကို ယူပေးနိုင်ကောင်းပါလိမ့်မည်' ဟု သက်သာရာသက်သာကြောင်း ပြောရှာလေ၏။

ထိုအခါ သိုက်ဆရာကြီးများက ဖြစ်တန်ကောင်းရဲ့ဟု ယုံကြည်ကာ ကလျာဏာမိတ္တာ အစ်မကြီးကို လွှတ်ပေးပြီး ဘကြီးတော်ဆိုသူအား အခေါ်ခိုင်းလိုက်၏။ သို့သော် ကလျာဏာမိတ္တာသည် ထိုအရှေ့တောင်သို့ ရောက်သွားသောအခါ ဘကြီးတော်ကိုလည်း ရှာမတွေ့။ ပြန်လာဖို့ကလည်း ကြောက်လန့်နေသည့်အပြင် အရိုက်ခံထားရသည့် ဒဏ်ရာဒဏ်ချက်များနှင့် ကျန်ရစ်ခဲ့သော ညီမများကိုလည်း လွမ်း၊ မောင်တော် ဇေယျပတ္တာကိုလည်း လွမ်းရသည့် ဝေဒနာများကြောင့် ရင်ကွဲနာကျကာ သေလေ၏။ ထို့ကြောင့် ထိုတောင်ကို လွမ်းတောင်ဟု ယနေ့တိုင် မည်တွင်နေလေသည်။

သမီးတော်ကြီး ကလျာဏာမိတ္တာ သေလွန်၍ ပြန်မရောက်လာသောအခါတွင် သိုက်ဆရာကြီးများက ညီမလေးယောက်ထံမှ ပြဒါးရှင်လုံး မရသဖြင့် မသေမချင်း ညှဉ်းပန်းနှိပ်စက်ကာ သတ်ပစ်လိုက်ကြပြန်၏။ ညီမတော်လေးယောက် သေလွန်သော် ဘကြီးတော် ဝိဇ္ဇာညီနောင်တို့ပေးထားခဲ့သော အင်းပျံများသည် ပျံထွက်၍ ပုပ္ပားတောင်ကလပ်ပေါ်သို့ ကျလေ၏။ ထိုအခါ ဘကြီးတော်ညီနောင်တို့သည် တူမတော် မင်းသမီးများ သေဆုံးခဲ့ကြောင်း သိလိုက်ရကာ အဖြစ်မှန်ကို သိလိုသဖြင့် အင်းပျံများကို ကိုင်ပေါက်လိုက်လေရာ သိုက်ဆရာငါးယောက်စလုံး ပွဲချင်းပြီး သေဆုံးကြကုန်သည်ဟူ၏။

ထိုခဏ၌ပင် ဘကြီးတော်ညီနောင်တို့လည်း လက်လုပ်တောင်သို့ ချက်ချင်းရောက်လာကြပြီး သူတို့၏ အတတ်ပညာဖြင့် ရှေ့မှောက်သို့ ရောက်စေဟု အမိန့်ပေးလိုက်ရာ သိုက်ဆရာငါးယောက်နှင့်အတူ တူမတော်လေးယောက်တို့ မကျွတ်မလွတ်ဘဝဖြင့် ရောက်လာပြီး ဦးတိုက်ကြလေ၏။

ထိုအခါ ဘကြီးတော်ညီနောင်တို့က သူတို့သည် အမိဋ္ဌာန်ပြု၍ အရိုမေတ္တေယျဘုရားပွင့်လျှင် ကျောင်းဆောက်လှူဒါန်းရန် ရွှေတိုက်၊ ငွေတိုက်၊ ကျောက်သံပတ္တမြားတိုက်၊ ပြဒါးတိုက်ဟူသော တိုက်ကြီးလေးတိုက် ရှိကြောင်းနှင့် ရွှေနဂါးတွင် ပြဒါးရှင်လုံးများရှိကြောင်းတို့ကို ရှင်းပြပြီး တူမကြီးလေးယောက်က တိုက်ကြီးလေးတိုက် စောင့်ရှောက်ကြစေ။ သိုက်ဆရာကြီး၏ တပည့်လေးယောက်က တောင်၏ အရပ်လေးမျက်နှာတွင်

www.burmeseclassic.com

စောင့်ကြစေ။ သိုက်ဆရာကြီးက တောင်တစ်ခုလုံးကို တောင်ပိုင်အဖြစ် အုပ်ချုပ်စေဟုဆိုရာ အားလုံးက သဘော တူညီကြ၏။

ထိုအချိန်တွင် စစ်ကိုင်းတွင် ပညာသင်နေသော အစ်ကိုဖြစ်သူ ဇေယျပဏ္ဍိတမင်းသားသည် ဘုန်မြိုယပညာတွင် ပါရဂူမြောက် တတ်ခဲ့ပြီး ခမည်းတော်၊ ဘကြီးတော်၊ နှမတော်၊ အစ်မတော်များရှိရာသို့ ပြန်လာခဲ့လေရာ ခမည်း တော်၊ အစ်မတော်တို့ကို မတွေ့ရတော့ဘဲ လက်ဇုံပ် တောင်တွင် ပက်စက်စွာ သေနေကြသည်ကို သူပညာဖြင့် တွေ့မြင်လိုက်ရ၏ ဖြစ်ကြောင်းကုန်စင်ကို သိရသောအခါ လက်လုပ်တောင်ရှိ နှမတော်များနှင့် သိုက်ဆရာတို့ကို အခြားမည်သူမျှ မနှိပ်စက်စေရန်အတွက် ဆေးကြိမ်လုံးနှင့် တကွ အင်း၊ အိုင်၊ လက်ဖွဲ့များကိုပေးကာ စီမံခဲ့လေသည်။

ယင်းနောက် ဇေယျပဏ္ဍိတမင်းသားက 'ငါသည် စစ်ကိုင်းတောင်သွား၍ ရဟန်းပြုကာ တရားအားထုတ် တော့မည်' ဟု ဆိုသဖြင့် နှမတော်များက ဤလက်လုပ် တောင်မှာပင် သာသနာပြုပါရန် လျှောက်ထားကြလေ သောအခါ မင်းသားက 'နှမတော်များ...ငါသည် စစ် ကိုင်းတောင်မှာသွား၍ ရဟန်းပြုအံ့။ ကျွင်းကြပ်မှားများအံ့။ ယခုအချိန်သည် သာသနာပြုချိန် မဟုတ်သေး။ ငါသည် ကျွင်းရဦးမည်။ နောင်သာသနာတော် နှစ်တစ်ဝက်ကျော် သောအခါမှသာလျှင် ဤလက်လုပ်တောင်၏ အရှေ့ မြောက်အရပ်မှ ရဟန်းဘဝဖြင့် ကြွလာမည်။ အရှေ့ မြောက် တောင်ပေါ်သို့ လာရောက်ပင့်လော့။ ငါသည် ကား စကြာယာဉ်စီးပြီး ကြွလာမည်။ ငါသည် ပစ္စယာသုံး ထပ် ကာရံ၍ သာသနာပြုမည်။ သာသနာထွန်းလင်း တောက်ပစေရမည်' ဟု ပြောဆိုကာ ဇေယျပဏ္ဍိတမင်းသား သည် စစ်ကိုင်းသို့ ပြန်သွားလေ၏။

အထက်တွင် ရေးသားဖော်ပြခဲ့သော လက်လုပ် တောင်၏ သမိုင်းမှတ်တမ်း အဓိကမှတ်ချက် ပြဆိုထား သည်မှာ-

ဇေယျပဏ္ဍိတမင်းသားသည် လက်လုပ်တောင်သို့ ရဟန်းဘဝဖြင့်ကြွမည်။ အရှေ့မြောက်တောင်ပေါ်သို့ သွား ရောက်ပင့်ရမည်။ ကြွလာသည့်နေ့တွင် စကြာယာဉ် စီး လာသဖြင့် မြေသို့ ခြေမချပါရ။ လက်လုပ်တောင်တွင် အရင်ဆုံး ဆွမ်းခံလိမ့်မည်။ နှမတော်များ ဆွမ်းထွက် လောင်းကြလိမ့်မည်။ ပြီးမှ ကျေးလက်တောရွာသို့ ဆွမ်းခံ လှည့်လည်လိမ့်မည်။ ဇေယျပဏ္ဍိတမင်းသားသည် လက်လုပ် တောင်သို့ ကြွသည့်အခါတွင် ရဟန်းဘဝ ထူးချွန်သော အရိယာအစစ်ဖြစ်လိမ့်မည် စသည်ဖြင့် ညွှန်းဆိုထားခြင်း ဖြစ်ပေ၏။

သမိုင်းစာထဲက မင်းသားတစ်ဖြစ်လဲ ရဟန်းတော်ကိုမျှော်

သခ္ပြေတန်းရွာသား ဦးအောင်ကြည်သည် လက်လုပ် တောင်သိုက်ကို တူးခဲ့ရာတွင် ပါဝင်ခဲ့ဖူးသော ဦးလူတုတ်၊ ဦးထွန်းဦးတို့ထံမှ ကူးယူရရှိထားသည့် သိုက်သမိုင်းမှတ် တမ်းကို သိမ်းဆည်းထားခဲ့သည်မှာ နှစ်ပေါင်း(၅၀)နီးပါး ခန့်ရှိနေလေပြီ။ သူငယ်စဉ်ကတည်းက လက်လုပ်တောင် သို့ ကြွလာကြသည့် ရဟန်းတော်များကို ဤသမိုင်းမှတ် ချက်ဖြင့် တွက်စစ်နေခဲ့၏။ ရဟန်းတော်များ မကြာခဏ ကြွလာကြသော်လည်း အသံကြားရံမျှသာရှိသည်။ ကြာ ရှည်မမြဲ ပြန်ကြွသွားပြီဟု သိလိုက်ရ၏။ ယင်းနောက် တစ်ဖန် ကြွလာပြန်ပြီ ရသေ့တစ်ပါး။ မကြာပါ၊ ပြန်ကြွ သွားသည်ဟူ၏။ သည်လိုနှင့် ရဟန်းတော်များ လက်လုပ် တောင်သို့ ကြွလာကြသည်မှာ (၁၅)ပါးမက ရှိခဲ့သော် လည်း မြဲသည်ဟူ၍ မရှိပေ။

ယင်းသို့ လက်လုပ်တောင်သို့ ကြွရောက်တော်မူလာ ကြသည့် ရဟန်းတော်များကိုလည်း ဦးအောင်ကြည်က သူ့သမိုင်းစာနှင့်ပင် တိုင်းထွာကြည့်နေမိ၏။ မည်သည့် ရဟန်းပင်ကြွကြွ သမိုင်းစာအရ သူတို့က်ကြည့်နေလျက် ပင်။

(၁၃၂၆)ခုနှစ်က ဦးမာလာဟူသော ဆရာတော် ကြွ လာတော်မူသည်။ ဦးမာလာ ကြွလာကတည်းက သူ့ သမိုင်းစာဖြင့် တိုက်ကြည့်၊ မကိုက်မိချေ။ ထိုဆရာတော် သည် (၁၃၂၇)ခုနှစ်တွင် လက်လုပ်တောင်၏တောင် ဘက် ငွေလျှံကုန်းရွာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ ၏။ အကြောင်းမူကား ဆရာတော်နေသည့်ကျောင်းအား ကွဲလောက်ရှိသည့် အကောင်မည်းကြီး လေးကောင်က ခေါင်းနှင့် ပြေးပြေးတိုက်နေ၏။ တစ်ည၊ နှစ်ညနှင့် ရပ် မသွားဘဲ ညစဉ်ဖြစ်နေသဖြင့် မနေစေချင်လို့ တိုက်တာပဲ ဟု စဉ်းစားမိကာ ပြောင်းရွှေ့ခဲ့ရသည် ဟူ၏။

ယင်းနောက်ကြာမီကာလအတွင်းမှာပင် သာဉာဏ်-ရွှေကျောင်းကုန်းတောင်မှ ဆရာတော်တစ်ပါး လက်လုပ်

www.burmeseclassic.com

တောင်သို့ ကြွလာမည်။ ကျောင်းလည်း ဆောက်နေပြီဟူသော သတင်းကြားရသည့်အခါ ဦးအောင်ကြည်က ဟုတ်မှ မဟုတ် လေ့လာ၏။ ဟုတ်တာပဲ၊ ကြွလာမှာမို့လို့ ကျောင်းဆောက်နေတာဟု ရွာထဲက လူတွေကလည်း ပြောကြ၏။ ထိုဆရာတော်သည် မြန်မာပြည်အရပ်ရပ်တွင် တောရဆောက်တည်၏။ ဓူတင်လည်းကျင့်၊ ဝိပဿနာလည်း ကျင့်သည် စသည်ဖြင့် တစ်ဆင့်စကား ကြားနေရ၏။ ဦးအောင်ကြည်ကား သိုက်သမိုင်းထဲက မင်းသား ရဟန်း ဖြစ်နေမလားဟု တွေးနေမိတော့သည်။

ဆရာတော် ကြွလာတော့မည်။ ပျဉ်းမနားမြို့ရောက်လျှင် မြို့နယ်ဆရာတော်ကြီးများကို ကန်တော့မည်။ ဆွမ်းစားပြီးမှ လက်လုပ်တောင်သို့ ကြွမည်ဟူသော အသံကို ကြားလိုက်ရသောအခါ ဤဆရာတော်လည်း သမိုင်းထဲက ဆရာတော် မဖြစ်နိုင်။ သမိုင်းစာထဲက ရဟန်းက ကျောင်းသို့ အရင်ကြွမည်။ ဆွမ်းခံမည်ဟူသောကြောင့် ဖြစ်၏။

ထိုသတင်းကို ကြားကတည်းက ဦးအောင်ကြည် မစုံစမ်းတော့။ ရှေးကကြွလာတဲ့ ဆရာတော်လိုပါပဲ ကြာလှ တစ်လပေါ့ဟု တွေးမိကာ ဘာသိဘာသာ နေလိုက်၏။

<u>ဒဏ္ဍာရီဆန်သော သာသနာပြု မဟာခရီးသည်</u>

ထို့နောက်မကြာမီ သတင်းတစ်ခု ကြားလာရပြန်၏။ (၁၃၅၃)ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်နေ့ ဆရာတော် ကြွလာမည်။ လက်လုပ်တောင်ကို အရင်ကြွမည်။ နောက်ကျမှ မြို့ပေါ်က ဆရာတော်များကို ကန်တော့မည်တဲ့။ လက်လုပ်တောင်ပေါ်ကြွဖို့ အရှေ့မြောက်အရပ်က တက်မည်။ တောင်ပေါ်ရောက်လျှင် ဆွမ်းခံကြွမည်ဟူသော သတင်းကို ကြားလိုက်ရသောအခါ ဦးအောင်ကြည်တစ်ယောက် ခေါင်းနားပန်းကြီးသွားပြီး ဟင်ခနဲ အံ့သြသွားလေ၏။ ဦးအောင်ကြည်သည် သူသမိုင်းမှတ်တမ်းစာအုပ်လေးကို ပြန်ဖတ်ကြည့်၏။

'ဟင်..တော်တော်တူပါလား။ ဒီမှတ်တမ်းကလည်း ငါတစ်ယောက်တည်း သိတာ။ ဘယ်သူကမျှ သွားလျှောက်ထားတယ် မသိဘူး။ ငါ အကောင်းဆုံးတော့ ကူသိုလ်ယူရမှာပဲ' ဟူသော အတွေးဖြင့် ဆီးပင်အောက်မှာ ဆီးထင်း၊ ဆီးယောက်မဖြင့် ဆွမ်းချက်ပြီး လောင်းမည်ဟု ဆုံးဖြတ်ချက်ချကာ စီစဉ်လေ၏။

'စီစဉ်နေသည့်ကြားကပင် ဒီလို အရှေ့မြောက်အရပ်ကကို တောင်သို့ဝင်မည်။ ဆွမ်းခံမည်။ နောက်ရက်မှ မြို့တက်မည်လို့ အစီအစဉ်ပြောင်းသွားရတာ ဘယ်သူ လက်ချက်တွေလဲ။ မင်းသမီးလေးတွေ သွားပြီး ပင့်လေသလား မသိ'

'နောက်ပြီးတော့ ကြီးပင်သာက ကိုသန်းအောင်သမီး ငယ်ငယ်လေးကလည်း ကျန်ခဲ့တဲ့ တစ်လကျော်က ဟိုထန်းပင်အဖျားမှာ ဘုန်းကြီးတစ်ပါး ကြွလာတယ်လို့ အော်သေးတယ်။ ဒီကောလာဟလကလည်း လူတိုင်း သိနေပြီ။ ပြီးတော့ တစ်ခါမှ မကြွရောက်ဖူးသေးတဲ့ ဆရာတော်က ကျောင်းဆောက်ရင် ဗောဓိပင်ကို ခေါင်းထားဆောက်ဟု မိန့်သံကြားရတယ်။ ထူးတော့ထူးတဲ့ရဟန်းပဲ။ အေးလေ၊ ကြည့်ရသေးတာပေါ့'

သို့နှင့် ကဆုန်လဆန်း (၁၀)ရက်နေ့တွင် ဦးအောင်ကြည်သည် ခပ်စောစောပင် လက်လုပ်တောင်သို့ ရောက်သွား၏။ ဆွမ်းချက်ရန် ဆီးပင်အောက်၌ ပြင်ဆင်လိုက်၏။ ထိုစဉ် တောင်ပေါ် ရောက်လာကြသူများက မနည်း။ မည်သူက သတင်းပေးလိုက်မှန်းမသိ၊ တဖွဖွနှင့် ရောက်လာကြသည်မှာ များမှများပင်။ တချို့ကလည်း ဦးအောင်ကြည်ကို မေးကြ၏။ ဘာလုပ်တာလဲတဲ့။ ငါလည်း ငါ့အဓိဋ္ဌာန်နဲ့ငါ ဆွမ်းလောင်းကုသိုလ်ယူမလို့ပေါ့ ဟူ၍သာ ဖြေခဲ့၏။

ဆရာတော်ကြွလာရန် အချိန်နီးလာလေလေ ဆွမ်းလောင်းမည့် လူတန်းကြီးကလည်း ရှည်လာလေလေဖြစ်၏။ လက်လုပ်တောင်၏ အရှေ့မြောက်အရပ်မှ ဆရာတော် သီတင်းသုံးမည့် ဗောဓိမဏ္ဍိုင်ကျောင်းသို့ တန်းစီနေကြ၏။ ထိုလူတန်းကြီးထဲတွင် တစ်ခါဖူးမျှ မမြင်ဖူးသောလူတွေကိုလည်း တွေ့ရ၏။

ဦးအောင်ကြည် တွေးထင်မိသည်မှာ-

ဓေယျပတ္တမင်းသား ရဟန်းဘဝဖြင့် ပြန်ကြွလာပါက ဘယ်နည်းနဲ့ဖြစ်ဖြစ် သူနှမမင်းသမီးတွေ ဆွမ်းထွက်လောင်းမှာပဲဟု အတွေးရောက်ကာ လူတွေ၏မျက်နှာကို လိုက်ကြည့်မိ၏။ အကယ်၍ မင်းသမီးတွေထွက်ပြီး ဆွမ်းလောင်းပါက လူရိပ်ထင်မှာ မဟုတ်ဘူးဟူ၍လည်း တွေးမိကာ အရိပ်နှင့် လူဟပ်ကြည့်နေမိပြန်သည်။

www.burmeseclassic.com

ထိုနေ့နံနက်(၁၀)နာရီခန့်တွင် ဆရာတော် ကြွလာတော်မူလေပြီ။ အရှေ့မြောက်အရပ်က ကားဖြင့် ကြွလာခြင်းဖြစ်၏။ ပရိသတ်တွေလည်း သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းလောင်းလှူကြ၏။ ဦးအောင်ကြည်လည်း ဆွမ်းလောင်းလှူ၏။ ပရိသတ်နောက်ဆုံးနားတွင်ကား အမျိုးသမီးလေးများ၊ သစ်သီးဆွမ်းများ လောင်းလှူနေကြ၏။

ဆရာတော်သည် ဒကာ,ဒကာမတို့အား မေတ္တာပို့လွတ်ရင်း ဆွမ်းခံကြွလေရာ ဆွမ်းဇလုံကြီး(၁၁)လုံး ရလေသည်။ ဘယ်သူတွေ ဝင်လောင်းမှာလဲဟု အကဲခတ်နိုင်တော့ပြီ။ ဆရာတော်ကို ဖူးမြော်ရသည်မှာ ဖူးမဝ ဦးချလို့ ပင်နေကြ၏။

ဆရာတော်သည် တစ်ချိန်က ဇေယျပတ္တမင်းသားဖြစ်ခဲ့ပြီး ပြန်ကြွလာသည် ဟုတ်,မဟုတ်တော့မသိချေ။ သို့သော်လည်း ဦးအောင်ကြည်၏ နှစ်ပေါင်းငါးဆယ်ကျော် ရေးမှတ်ထားခဲ့သည့် သမိုင်းစာထဲက ပြန်ကြွလာခြင်းမျိုးမှတ်ချက်နှင့် တိုက်ဆိုင်မှုတော့ရှိနေသည်။ အရှေ့မြောက်အရပ်တောင်မှ ကြွလာတော်မူခြင်း၊ စကြာယာဉ်စီးလာမည်ဆိုရာ ကားယာဉ်ဖြင့် ကြွလာခြင်း၊ တောင်ပေါ်ရောက်မှ ဆွမ်းခံခြင်း စသည်တို့ကား ကိုက်ညီနေပေ၏။

ယင်းသို့ ဦးအောင်ကြည်၏ သမိုင်းစာမှတ်တမ်းထဲက ဇေယျပတ္တမင်းသားနှင့် တိုက်ဆိုင်မှုရှိနေသည့် လက်လုပ်တောင်သို့ ကြွရောက်တော်မူလာသော ဆရာတော်ကား ဒဏ္ဍာရီဆန်သော သာသနာပြုမဟာခရီးသည်ဟု ဆိုရမည့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးပင် ဖြစ်လေတော့သတည်း။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတလေး(လွယ်လင်)

ကျမ်းကိုး

ဗုဒ္ဓါရသ အရှင်ဣန္ဒာစရိယ၏ သာသနာပြုမဟာခရီးသည်၊

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် အကျဉ်း၊

(၂၀၁၁)ခုနှစ်၊ အောက်တိုဘာလထုတ်၊ ပထမအကြိမ်။

နလုံးတုန်၊ ရင်ခုန်၊ မူးဇမာသူများအတွက်

နှန်းဆိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်မိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ ဓာတုမသောဖြစ်ခြင်း၊ အသက်ရှူမဝမှုန်ခြင်း၊ နှလုံးနှင့်ပတ်သတ်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ တို့ဆေးထို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)

ယာယီဆေးပါးမှတ်ပုံစာင်အမှတ် - ဝ၂၁၃ Y ဝ၃၀၁၇၈

ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း နန်းဆိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

☎ ဝ၉၂၀၀၉၉၉၇၊ ☎ (၀၁)၂၁၈၈၃၃

ရန်ကုန် မြည့်ဒဂုန်အဆေးဖျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)ရွှေညွှန့်စုံရေး (ဒုတိယထပ်)၊ မင်္ဂလာဒေတာင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

☎ ဝ၉၄၂၁၀၀၇၃၃၊ ဝ၉၄၂၁၀၀၂၃၀

မန္တလေး ဦးအေးမြင့် မြန်မာဆေးဖျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ် - ၉၆(ဇမ္ဗူညီထပ်)၊ ဈေးရှေ့၊ မန္တလေးမြို့။ ☎ (၀၂)၃၁၀၈၈

www.burmeseclassic.com

www.burmeseclassic.com

မွာစရီယ ခိုးစောင်းဆားနှင့် ရေနှင့်ဆား

အင်္ဂလိပ်လို ဖေဖော်ဝါရီလ (၁၄)ရက်သည် စာရေးသူ မွေးနေ့၊ မြန်မာလိုကတော့ တပေါင်းလဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။ ယခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် ကျူပျော်မြို့၊ အင်းရဲလမ်းရှိ ဝေဠုဝန်ကျောင်းတိုက်သို့ ကြက်သားဟင်းနှင့် နဝကမ္မ တစ်သောင်းကျပ် ဆက်ကပ်လှူဒါန်းပါသည်။

မှော်သေးရွာမှ ကျူပျော်မြို့သို့ ကျောင်းလာတက်ကြတဲ့ ကျောင်းသားကျောင်းသူ ဆယ်ယောက်လောက်နှင့် လယ်/စိုက်ရုံးက ဇနီးရဲ့ မိန်းကလေးသူငယ်ချင်း ဆယ်ယောက်၊ မိသားစုဝင်များ၊ အားလုံး လူပေါင်း(၃၀) ကျော်အား မုန့်ဟင်းခါး ချက်ကျွေးခြင်း ကုသိုလ်လည်း ပြုပါသည်။

ဇနီးရဲ့ဖခင်ကြီး အသက်(၈၀)ကျော် လေဖြန်းထားတဲ့ အဖေကြီးကိုလည်း အင်္ဂျူဝါး တစ်ဘူး၊ မုန့်တစ်ထုပ် လှူဒါန်းပူဇော်ပါသည်။ အိမ်၊ အိမ်ခြံနှင့် အိမ်သာပါ သန့်ရှင်းရေးကုသိုလ်လည်း ပြုလုပ်လိုက်ပါသည်။ မွေးသမီခင်ကြီး ဓာတ်ပုံကို ရေဆေးသန့်စင်ပြီး မိဘနှစ်ပါးကို အာရုံပြုကာ ရှိခိုးဦးချ ကန်တော့ပါသည်။ ရောက်လေရာ ဘုံဘဝမှာ သောရန်ကင်းကွာ ကျန်းမာချမ်းသာစေရန်လည်း ရည်ညွှန်းမေတ္တာပို့သလိုက်ပါသည်။

ထို့အပြင် မွေးနေ့ရောက်တိုင်း တစ်နှစ်ကြီးလာသလို သေခြင်းတရားနှင့်လည်း တစ်နှစ်နီးသွားပေပြီတကားလို့ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုက်ပါသည်။ ကွေးတဲ့လက် မဆန့်မီ၊ ဆန့်တဲ့လက် မကွေးမီ၊ ဝင်လေ မထွက်မီ၊ ထွက်လေ မြန်မဝင်မီ၊ သေခြင်းတရားသည် ငါ့ထံသို့ ရောက်လာနိုင်၏။ ငါသည် မမြဲ၊ ငါ၏ သေခြင်းတရားသည်သာလျှင် မြဲ၏တကား လို့လည်း ဘာဝနာပွားပါသည်။

တပေါင်းလဆန်း (၁)ရက် မြန်မာလို မွေးနေ့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com

မွေးနေ့မတိုင်မီ တစ်ရက်က သစ်သီးဖျော်ရည် ဝယ်လာပါသည်။ ညနေကျတော့ ကျိုက်ပယောဓေတီတော်တွင် လျှပ်စစ်မီးအလှူ တစ်ညတာအတွက် သွားလှူပါသည်။ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စတဲ့ နေ့စဉ်လုပ်နေကျ ကုသိုလ်များကိုလည်း လုပ်မြဲတိုင်း လုပ်ပါသည်။

မွေးနေ့ရက်မှာတော့ ဘုရားသုံးဆူလောက်သွားပြီး ပုတီးစိပ်မယ်ဆိုပြီး ဆုံးဖြတ်ထားပါသည်။ မနက်ပိုင်း မြတ်ချမ်းသာဘုရား၊ နေ့လယ်ပိုင်း မြို့ဦးစေတီ၊ ညနေပိုင်း ဖိုးစိန်ကြီးဘုရားဆိုပြီး အစီအစဉ် ဆွဲထားပါသည်။ သို့သော် မနက်ပိုင်း မြတ်ချမ်းသာဘုရားကိုပဲ သွားဖြစ်ပါသည်။ ကျန်ဘုရားတွေ မသွားဖြစ်လိုက်ပါ။ သို့သော် ကုသိုလ်အတွက် အားရကျေနပ်ပါသည်။ သို့လော၊ သို့လော ဖြစ်နေခြင်း မရှိပါ။

ညဘက်ရောက်တော့ ဇနီးနှင့် ကတောက်ကဆ စကားများရပါသည်။ ဖြစ်တာက နည်းနည်းပါ၊ သို့သော် တအုံနွေးနွေး ဖြစ်နေသည်က တစ်ညလုံး။ နောက်တစ်နေ့ မနက်လင်းသည်အထိ စိတ်မပြေချင်သေးပါ။ မနေ့က စိတ်နှင့် ဒီနေ့စိတ်သည် ကွာချင်တိုင်း ကွာနေ၏။ မနေ့က ကြည်လင်ပြီး နူးညံ့သိမ်မွေ့နေ၏၊ တက်ကြွနေ၏။ အာရုံကို လက်ခံရန် အသင့်အနေအထား အမြဲရှိပါသည်။

ဒီနေ့တော့ စိတ်က ထိုင်းမှိုင်းနေ၏၊ တက်ကြွမှုမရှိ၊ ခက်ထန်မာကျောနေပါသည်။ ထို့ကြောင့် စိတ်၏တုည်မှိရာ ရုပ်တရားလည်း ခက်ထန်မာကျောနေပါသည်။ အာရုံကို လက်ခံရန် အမြဲငြင်းဆန်နေတော့၏။ ခဏကြာတော့ 'ဤစိတ်သည် ငါ့ကိုယ်တွင်းတွင် ဖြစ်နေသော်လည်း ငါ့စိတ် မဟုတ်' ဟု သတိထားမိလာပါသည်။

မှန်၏၊ စာရေးသူ၏ ပင်ကိုစိတ် မဟုတ်ပေ။ အာဂန္တုအဖြစ် ခဏတာ ရောက်ရှိလာတဲ့ ဒေါသက ခြယ်လှယ်လို့ ဖွေထလာတဲ့ ဒေါသစိတ်မျှသာ ဖြစ်ပါသည်။

မှန်၏၊ နောက်တစ်နေ့မနက် ဘုရားရှိခိုးတဲ့အခါ မနေ့က ဒေါသစိတ်ကို မတွေ့မိပါ။ အာဂန္တုမို့ အိမ်ရှင် လက်မခံလို့ ပြန်သွားသည် မဟုတ်ပေလော။

သို့ဆိုလျှင် အိမ်ရှင် မည်သူနည်း။ အဘယ့်ကြောင့် မကောင်းတဲ့ ဧည့်သည်ဆိုးကို လက်ခံရသနည်း။ ဧည့်သည်ဆိုး ရောက်လာတဲ့ညက တစ်ညလုံး အိပ်မပျော်နိုင်။ စိုင်းချင်တိုင်းစိုင်းပြီး ရိုင်းချင်တိုင်း ရိုင်းနေခဲ့ပါသည်။

ကိုယ်လည်း ပင်ပန်းသလို ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ပင်ပန်းစေ၏။ မကောင်းမှန်းသိလျက် ဆိုးသွမ်းတဲ့ ဧည့်သည်ကို လက်ခံတဲ့ အိမ်ရှင်ကကော မကောင်းတဲ့ အဆိုးလား။ ဤသို့ တစ်ယောက်တည်း ထိုင်ကာ စဉ်းစားနေမိပါသည်။

ထိုစဉ် သင်ယူဖူးတဲ့ စာတစ်ကြောင်း ခေါင်းထဲသို့ ပြေးဝင်လာပါသည်။ အိမ်ရှင်ဆိုတာ ဖြူစင်တဲ့ ဘဝင်စိတ်ရဲ့ အမည်ပါတဲ့။ အိမ်ရှင်နာမည်က ဘဝင်စိတ်။ အိမ်ရှင်သဘောက ဖြူစင်သတဲ့။ ဟယ်..လို့ အာမေဋိတ်ထွက်ပြီး ဖြူစင်တဲ့ အိမ်ရှင်ဘဝင်စိတ်က မည်းညစ်တဲ့ ဧည့်သည်ဆိုးဒေါသကို ဘာ့ကြောင့်များ လက်ခံသနည်းဟု မကျေမနပ် စဉ်းစားကြည့်၏။

ထိုအခါ အာဃာတဝတ္ထု(၉)ပါးဆိုတဲ့ ဘုရားစကားတော်ကို သတိရလာပါသည်။

၁။ ငါ့အကျိုးစီးပွားမဲ့ကို ယခု ပြုနေသူ၊
၂။ ယခင်က ပြုခဲ့ဖူးသူ၊
၃။ နောင် ပြုလတ္တံ့သူ၊
၄။ ငါ့ချစ်သူရဲ့ အကျိုးမဲ့ကို ယခု ပြုနေသူ၊
၅။ ယခင် ပြုခဲ့ဖူးသူ၊
၆။ နောင် ပြုလတ္တံ့သူ၊
၇။ ငါ့ရန်သူ အကျိုးရှိအောင် ယခု ပြုနေသူ၊
၈။ ယခင် ပြုခဲ့ဖူးသူ၊
၉။ နောင် ပြုလတ္တံ့သူ။

ဤကိုးမျိုးကို အာဃာတဝတ္ထု(ဒေါသဖြစ်ကြောင်း) ကိုးပါးဟု ဘုရားဟောပြ၏။ နေက ပူလွန်းအားကြီးတယ်၊ မိုးက ရွာလွန်းအားကြီးတယ် စသည်ဖြင့် အရာဌာန မဟုတ်သည်၌ ဒေါသထွက်ခြင်းကို ပါဠိလို အဋ္ဌာန ကောပဟု ခေါ်၏။ ဤသဘောကိုပါ ထည့်ရေတွက်လျက် ဒေါသဖြစ်ကြောင်း ဆယ်ပါးရှိပါသည်။ အဆိုပါ အကြောင်းတရား ဆယ်မျိုးထဲက တစ်မျိုးမျိုးကြောင့် ဖြူစင်နေတဲ့ အိမ်ရှင်ဘဝင်စိတ်က ဧည့်သည်ဆိုး ဒေါသကို လက်ခံလိုက်ပါသည်။

သို့သော် အခိုက်အတန့်မျှသာ လက်ခံ၏။ ထာဝရ လက်မခံပေ။ ဖြူစင်တဲ့ မိတ်ဆွေကောင်းများ လာလျှင် လက်ခံရမည့် တာဝန်ရှိသေး၏။ ထို့ကြောင့် အမြဲတဝရ လက်မခံပေ။ မှန်၏၊ နောက်နေ့ မနက်လင်းတဲ့ ဘုရား

www.burmeseclassic.com

ရှိခိုးတဲ့အခါ ဇည့်ဆိုးများကို မတွေ့ရဘဲ မိတ်ဆွေကောင်းများကိုသာ တွေ့ရ၏။ အိမ်ရှင်ရော ဇည့်သည်ပါ ဖြူစင်နေ၏။ နူးညံ့သိမ်မွေ့နေ၏။ မာကျောခက်ထန်နေခြင်း မရှိပေ။

ပင်ပန်းနေခြင်း အလျှင်းမရှိ။ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်စွာ တက်ကြွနေပါသည်။ ဇည့်သည်ဆိုးများ လာရောက်တုန်းက ပင်ပန်း၏။ မိတ်ဆွေကောင်းများ ရောက်တော့ ရွှင်လန်း၏။ ပင်ပန်းခြင်းသည် ဆင်းရဲ၏။ ဆင်းရဲခြင်းသည် ဒုက္ခ။ သို့ဆိုလျှင် ဇည့်သည်ဆိုးများသည် အိမ်ရှင်အား ဒုက္ခလာပေးသည်မှာ သေချာ၏။

ဒုက္ခလာပေးလျှင် ထိုဇည့်သည်ဆိုးသည် အကုသလသဘဝဒုက္ခဝိပါက လက္ခဏာ အရ အကုသိုလ်ပင် ဖြစ်ပေသည်။ ဩော်...ဇည့်သည်ဆိုးဆိုတဲ့ အကုသိုလ်က ဝင်ဝင်လာလို့ နဂိုဖြူစင်နေတဲ့ အိမ်ရှင်ဘဝင်စိတ်က မည်းညစ်သွားရသည်ကိုး။ ဤအသိကို ဦးနှောက်က လက်ခံသိမ်းဆည်းရင်း ဒါဆို မိတ်ဆွေကောင်းများ ဝင်ဝင်လာတဲ့ခါ အိမ်ရှင်ဘဝင်စိတ်က ဖြူနေမှာပေါ့လို့လည်း ဆင့်ပွားတွေးမိပါသည်။

အိမ်ရှင်ဘဝင်စိတ်သည် မည်းတဲ့အခါ မည်းရ၏။ မည်းခြင်းသည်ပင် ဘဝဿ အင်္ဂ ဘဝင် အရ ဘဝင်၏ အစိတ်အပိုင်းတစ်ခု ဖြစ်၏။ ဖြူတဲ့အခါ ဖြူရ၏။ ဖြူခြင်းသည်လည်းပဲ ဘဝဿ အင်္ဂ ဘဝင် အရ ဘဝင်၏ အစိတ်အပိုင်း တစ်ခုပင် ဖြစ်၏။ ဤသို့လျှင် မည်းလိုက်၊ ဖြူလိုက်နှင့် ပြောင်းလဲဖြစ်ပျက်နေခြင်းသည်ပင်လျှင် ဘဝဟုတ်ပေလော။

မှန်၏၊ ဘဝဟူသည် ဖြစ်ခြင်းနှင့်ပျက်ခြင်း အချိုးတူ ပေါင်းစပ်နေတဲ့ ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။ ထို့ထက် ဘိုပေ။ ဘဝထဲသို့ ဇည့်သည်ဆိုး အကုသိုလ်ဝင်လျှင် ဆိုးကျိုးဖြစ်၏။ ထိုဇည့်သည်ဆိုး ပြန်သွားလျှင် အကုသိုလ်သည်း ချုပ်ငြိမ်းပျောက်ကွယ်သွားပေသည်။

သို့သော် ဆိုးကျိုးများကား ပျောက်ကွယ်သွားခြင်း ရှိပါပေ။ လှည်းဘီးသည် နွားနောက်က ထက်ကြပ်မကွာ အဆောက်ကောက် လိုက်ပါနေဘိသကဲ့သို့ ဆိုးကျိုးသည် ပြုသူနောက်က ထက်ကြပ်မကွာ လိုက်ပါလာလျက် ရှိပေသည်။

ဘဝထဲသို့ မိတ်ဆွေကောင်း ကုသိုလ်များ ဝင်လာလျှင် ကောင်းကျိုးရ၏။ မိတ်ဆွေကောင်းများ ပြန်သွားလျှင် ကုသိုလ်များလည်း ချုပ်ငြိမ်းပျောက်သွား၏။ သို့သော် ကုသိုလ်၏ ကောင်းကျိုးချမ်းသာများကား ပျောက်ကွယ်သွားခြင်း မရှိပေ။

အရိပ်သည် လူနောက်က ထက်ကြပ်မကွာ လိုက်ပါလာနေသကဲ့သို့ ကောင်းကျိုးများသည်လည်း ပြုသူနောက်က ထက်ကြပ်မကွာ လိုက်ပါလာလျက် ရှိပေသည်။ ပျောက်သွားခြင်း မရှိပေ။

ဤသို့ ဓမ္မပဒဋ္ဌ မြတ်ဘုရား အတိအလင်း ဟော ပြထား၏။ သို့ဆိုလျှင် ပြုပြီးက ခံ၊ ပြုပြီးက စံ၊ အမြဲဇကန် ဤအတိုင်း အမှန်ပေလော။ စဉ်းစားရင်း သွားသန့်ရှင်း ကျန်းမာရေးအတွက် ရေကျက်အေးနှင့် ဖျော်ထားတဲ့ ဆားရည်ပုလင်းကို ကောက်ကာ တစ်ငုံ၊ ငုံလိုက်ရာ တစ်ပြိုင်တည်းလိုလိုပင် အသိတစ်ခုလည်း လင်းလက်သွားပါသည်။

ဆားနှင့်ရေ၊ ရေနှင့်ဆား။ ရေနည်းပြီး ဆားအလွန်များနေလျှင် ငန်၏။ ရေအရသာ မပေါ်လွင်။ ဆားအရသာ ပေါ်လွင်၏။ ဆားနည်းပြီး ရေအလွန်များလျှင် မငန်၊ ဆားအရသာ မပေါ်လွင်။ ရေ၏အရသာ ပေါ်လွင်၏။ ဤအတူပင် ကုသိုလ်နည်းပြီး အကုသိုလ်အလွန်များနေလျှင် ဘဝသည် ခါးစပ်၏။ ကောင်းကျိုး မပေါ်လွင်။ ဆိုးကျိုးသာ ပေါ်လွင်ထင်ရှားပါသည်။

အကုသိုလ်နည်းပြီး ကုသိုလ်က အလွန်များနေလျှင် ဘဝသည် ချိုမြိန်၏။ ဆိုးကျိုး မပေါ်လွင်။ ကောင်းကျိုးသာ ပေါ်လွင်ထင်ရှားပါသည်။ ရေကန်တစ်ကန်တွင် ဆားတစ်ဇွန်းကျလျှင် ဆား၏အရသာ မပေါ်လွင်ဘဲ ပျောက်သွားရသကဲ့သို့ ကုသိုလ်များနေသူအား အနည်းငယ်သော အကုသိုလ် ရှိပင်ရှိလင့်ကစား အကျိုးပေးအားဖြင့် မထင်ရှားနိုင်ဘဲ ပျောက်ကွယ်သွားရပေသည်။

ဆားတစ်ကျင်း၌ ရေတစ်ခွက် လောင်းထည့်လိုက်လျှင် ရေအရသာ မပေါ်လွင်ဘဲ ပျောက်သွားရသကဲ့သို့ အကုသိုလ်များသူအား အနည်းငယ်သောကုသိုလ် ရှိပင်ရှိလင့်ကစား အကျိုးပေးအားဖြင့် မထင်ရှားနိုင်ဘဲ ပျောက်ကွယ်သွားရပေသည်။ ဆားများ ဆားနိုင်၊ ရေများ ရေနိုင်ဟု ဆိုရပေမည်။

သို့ဆိုလျှင် ဘဝမှာ ဆိုးကျိုးဒုက္ခမခံစားရဘဲ ကောင်း

www.burmeseclassic.com

ကျိုးချမ်းသာ စံစားလိုသူတိုင်း ဆားနည်းပြီး ရေများစေသင့်၏။ အကုသိုလ်နည်းပြီး ကုသိုလ်များစေသင့်ပါသည်။ မကောင်းသော အကြံအစည်၊ အပြောအဆို၊ အပြုအမူများကို ရှောင်ရှားသင့်၏။ ကောင်းသော အကြံအစည်၊ အပြောအဆို၊ အပြုအမူများကို ဆောင်သင့်ပါသည်။

လိုရင်းတိုရှင်းအားဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ဟုဆိုလျှင် ပြီးပြည့်စုံ၏။ နားလည်နိုင်ပါသည်။ သို့သော် နေ့တိုင်း အမြဲလိုလို ကုသိုလ်ပြုနေနိုင်ဖို့ရာကား လောကီလူသားတို့တွက် ခက်ပါသည်။ နေ့စဉ် မကောင်းမှုမှ ရှောင်ကြဉ်နိုင်ဖို့ရာကား ပိုလို့ပင် ခက်၏။

ထို့ကြောင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ဖို့ရာ အပြောလွယ်သလောက် လိုက်နာလုပ်ဆောင်ရ အလွန်ခက်၏။ တစ်ဘဝဆိုတဲ့ ရှည်လျားတဲ့ နှစ်၊ လ၊ ရက်များကို အသာထားလို့ ယခုနှစ် မွေးနေ့တစ်နေ့တည်းမှာပင် ကောင်းမှု ဆောင်နိုင်ခဲ့သော်ငြားလည်း မကောင်းမှုကို မရှောင်နိုင်ခဲ့ပေ။ ကောင်းမှုနှင့် မကောင်းမှု ဒွန်တွဲသွား၏။ ရေနှင့်ဆား ဆတူနီးပါး ဖြစ်သွားပေသည်။ ရေအရသာ ပေါ်လွင်နိုင်တော့မည် မထင်ပါ။ ဆားအရသာ ပေါ်လွင်သွားနိုင်ပေသည်။

တစ်လအတွင်း မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ရန်ကား ထို့ထက်ပို၍ ခက်ခဲပေလိမ့်မည်။ နောက်တစ်နှစ် မွေးနေ့တိုင်အောင် တစ်နှစ်တာကာလအတွင်း၌ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်ဖို့ရာကား ထို့ထက်မက ပို၍၊ ပို၍ ခက်ခဲပေမည်။ ဘဝမှာ ရေများဖို့ မလွယ်၊ ဆားများဖို့ရာသာ လွယ်သွားနိုင်ခြေ ရှိပါသည်။

ကုသိုလ်များများ လုပ်နိုင်သူအတွက် ပြောစရာမရှိသော်လည်း ကုသိုလ်နှင့် အကုသိုလ် ဒွန်တွဲကာ အချိုးတူ လုပ်ဆောင်နေရသူများအတွက် ဆားနည်းပြီး ရေများရန်၊ အကုသိုလ်နည်းပြီး ကုသိုလ်များစေရန် မည်သို့လုပ်ဆောင်ရမည်ဆိုတဲ့ အချက်သည် ဘဝအတွက် စိတ်ဝင်စားစရာကောင်း၏။

စာရေးသူကတော့ မွေးနေ့တွင် ပြုဖြစ်သည့် ကုသိုလ်နှင့် အကုသိုလ်တို့တွင် အကုသိုလ်နည်းသွားစေပြီး ကုသိုလ်များသွားစေနိုင်မည့် နည်းလမ်းကိုသာ စိတ်ဝင်တစား ရှာဖွေနေမိပါသည်။ ဘုရား မည်သို့ဟောခဲ့သနည်းဟုလည်း အားကိုးတကြီး တမ်းတကာ မေးနေမိပါသည်။ ဘုရားမဟောဘဲ အကြွင်းအကျန် ချန်ထားခဲ့မည်ကား မဟုတ်ပေ။

ဤသို့ ယုံကြည်ချက် ခိုင်ခိုင်မာမာထားကာ ဘုရားဟော ပါဠိတော်များကို အာရုံပြုကြည့်ပါသည်။

နေရာပေါင်းများစွာ၌ လူ၊ နတ်၊ ဗြဟ္မာ များစွာတို့အား အကြိမ်ပေါင်းများစွာ ဟောပြခဲ့သည်ကား-

"ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် ဘဝိတ-အမြဲပွားများနေလျှင်၊ အာသေဝိတ-ထုံမွမ်းနေလျှင်၊ ဗဟုလီကတ-ကြိမ်ဖန်များစွာပြုနေလျှင် ပွားသည်ထက် ပွားလာပေသည်"

ဘဝိတ-အမြဲပွားများနေသည်၊ အာသေဝိတ-ထုံမွမ်းနေသည် ဆိုသည်ကား အာစိဏ္ဏကံဖြစ်အောင်၊ အာသေဝနပစ္စည်းတပ်အောင် စိတ်ထဲတွင် ပွားများနေခြင်းပင် ဖြစ်၏။ ကုသိုလ်ကောင်းမှုသည် ဘာဝေတဗ္ဗ-ပွားများအပ်သော တရားဟု မြတ်ဘုရား ဟောပြထား၏။ ထို့ကြောင့် ဘဝိတ၊ အာသေဝိတ ပြုလျှင် ဘုရားဟောနှင့်ညီ၏။

အကုသိုလ်ကိုမူ ပဟာတဗ္ဗ-ပယ်အပ်သောတရားဟု မြတ်ဘုရား ဟောပြတော်မူ၏။ ထို့ကြောင့် အကုသိုလ်ကို ဘဝိတ၊ အာသေဝိတ လုပ်နေလျှင် များသည်ထက် များလာသည်ဆိုတဲ့ အဆိုကို အနည်းငယ် နားရှုပ်ဖွယ် ရှိပါသည်။ အကုသိုလ်ကို ဘဝိတ၊ အာသေဝိတဖြစ်အောင် လုပ်နေသည်ဆိုသည်မှာ တကယ်တော့ ယင်းအကုသိုလ်ကို နောင်တပူပန်ကာ ပြန်ပြန်တွေးနေခြင်းပင် ဖြစ်ပါသည်။

ကုက္ကုစ္စ၊ ဝိပ္ပဋိသာရ၊ အတ္တာနုဝါဒများဖြင့် ဖွဲ့မီးကဲ့သို့ အတွင်းလှိုက်ကာ လောင်နေခြင်း ဖြစ်ပါသည်။ ထိုသို့အတွင်းလှိုက်ပြီး လောင်နေလျှင် အကုသိုလ် များသည်ထက် များလာပေမည်။ ထို့ကြောင့် ထိုသို့အတွင်းလှိုက်ကာ လောင်မနေဘဲ ဖယ်ရှားပစ်ရပေမည်။ သို့မှသာလျှင် အကုသိုလ် နည်းသည်ထက် နည်းသွားပေမည်။

ဗဟုလီကတ-ကြိမ်ဖန်များစွာပြုသည်ဆိုတဲ့ စကားကတော့ ရှင်းပါသည်။ ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ် အကြိမ်များစွာ ပြုနေခြင်းပါပဲ။ အနှစ်ချုပ်ပြောလျှင် ဘဝိတ၊ အာသေဝိတ၊ ဗဟုလီကတပြုတဲ့ ကုသိုလ်၊ အကုသိုလ်သည် များသည်ထက် များလာ၏။ ဘဝိတ၊

www.burmeseclassic.com

www.burmeseclassic.com

အာသေဝိတ၊ ဗဟုလီကတ မပြုလျှင် ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် နည်းသည်ထက် နည်းသွားပေသည်။

သို့ဆိုလျှင် ဆားများစေလိုက များအောင် ပြုနိုင်တော့၏။ ရေများစေလိုကလည်း များသည် ထက်များလာအောင် ပြုနိုင်တော့၏။ ခက်ခဲမှု မရှိတော့ပေ။ အကုသိုလ်ဆားကိုပဲ များစေလိုသလား၊ ကုသိုလ်ရေကိုပဲ များစေလိုသလား။ ကိုယ့်ကိုကိုယ်သာ ပြန်မေးရာ၏။ ငါ ဘာကို များစေချင်တာလဲလို့ ကိုယ့်ဘာသာ မေးခွန်းထုတ်ရပေတော့မည်။

ကုသိုလ်ဆိုတဲ့ ရေပမာဏကို များစေလိုလျှင် ကုသိုလ်ကိုပဲ ဘာဝိတ၊ အာသေဝိတ၊ ဗဟုလီကတ ပြုရာ၏။ ကုသိုလ်ဆိုတဲ့ ရေပမာဏ များပြားလာလေလေ ဘဝမှာ ကောင်းကျိုးချမ်းသာများ တိုးပွားလာလေလေပင် ဖြစ်ပါသည်။

အကုသိုလ်ဆိုတဲ့ ဆားပမာဏ များစေလိုပါက အကုသိုလ်ကို ဘာဝိတ၊ အာသေဝိတ၊ ဗဟုလီကတ ပြုရာ၏။ အကုသိုလ်ဆားပမာဏ ပိုများလာလေ ဆိုးကျိုးဒုက္ခ များလာလေ ဖြစ်ပါသည်။

ရေပမာဏ နည်းလိုလျှင် ကုသိုလ်ကို ပြုကာမတ္တ၊ ပြုပြီးရင် ပြီးရော့ဆိုပြီး မေ့မေ့ပျောက်ပျောက် သဘောထားလိုက်ပါ။ ကုသိုလ်ဖြည်းဖြည်းချင်း နည်းပါးသွားလိမ့်မည်။ ကုသိုလ်ကောင်းမှု နည်းပါးသွားပါက ရေနည်းပါး၍ ဆင်းရဲဒုက္ခများ အလုံးလိုက် အခဲလိုက် ဝင်လာပေလိမ့်မည်။

ဆားပမာဏ နည်းစေလိုက အကုသိုလ်ကို ပြုကာမတ္တ၊ ပြုပြီးရင် ပြီးရော့ဆိုပြီး မေ့မေ့ပျောက်ထားလိုက်ပါ။ ပယ်အပ်တဲ့တရား ပယ်ထားလိုက်ပါ၊ ဖယ်ရှားလိုက်ပါ။ အကုသိုလ် ဖြည်းဖြည်းချင်း နည်းသွားပေလိမ့်မည်။ အကုသိုလ် နည်းပါးပါက ဆားနည်းပါးသွား၍ ဆင်းရဲဒုက္ခများလည်း ဘဝနှင့် ဝေးရာသို့ ပြေးခွာသွားကြပေလိမ့်မည်။

ဆားနှင့်ရေ၊ ရေနှင့်ဆားကို မိမိတို့ လိုသလို၊ မိမိဆန္ဒအတိုင်း အတိုးအလျှော့ ပြုလုပ်ခြင်းဖြင့် မိမိဘဝကို အလှဆင်နိုင်ကြပါစေဗျာ။

ဓမ္မာစရိယ ဦးစောဝင်း

မန္တလေး-နေပြည်တော် ဆရာလှ၏ ပြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစိ (ရှမ်းပြည်)

B.A (History)

မေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှုမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယဉ်ကြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) -- တိုက် - ၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

(ယခင်လမှအဆက်)

နန္ဒာဝိုး (ထင်ပြူကျွန်း) သုမိတ္တာနိဒါန်းအစ အန္တိမယသော်ဓရာ

(ပင်ကိုရေးမှုရသ အခန်းထက်ဝက်ကျော်)

(၃၅)

မြတ်စွာဘုရားရှင်သည် မယ်တော်၊ မိထွေးတော် မဟာပဇာပတိဂေါတမီ၏ အကြောင်းပြု ပင့်ဖိတ်လျှောက်ထားချက်အရ ကပိလဝတ်ပြည်သို့ ကြွရောက်လာခဲ့ပေပြီ။ မူလက စီစဉ်ထားနှင့်ကြသည့်အတိုင်းပင် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူပြီး ကပိလဝတ်ရွှေနန်းတော်တွင် ဆွမ်းစားကြွရောက်တော်မူ၏။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်ကား မီးစာကုန်ခဲ်ခန်းခဲ့လေပြီ။

မင်းကြီး၏ တစ်သက်တာတွင် မက်ခဲ့သော စကြဝတေးမင်း၏ နိုင်ငံတော်ဟူသော အိပ်မက်ကို အပြီးတိုင် စွန့်လွှတ်ရတော့မည်ဖြစ်၏။ သို့ရာတွင် သားတော်မြတ်စွာဘုရားသည် မင်းကြီးအား စကြဝတေးမင်း နိုင်ငံတော်နှင့် မနှိုင်းသာ မယှဉ်သာအောင် ပိုမိုမြင့်မြတ်သော အရိယာတို့၏ သန့်ရှင်းသုခနိုင်ငံတော် (သို့မဟုတ်) နိဗ္ဗာန်ရွှေပြည်တော်သို့ အရောက်ပို့ဆောင် ကျေးဇူးဆပ်တော့မည် ဖြစ်သည်။

ဘုရားရှင်သည် ကပိလဝတ်ရွှေနန်းတော်ရှိ ဖခမည်းတော်မင်းကြီး သုဒ္ဓေါဒန၏ စက်ရာဆောင်သို့ ကြွချီဝင်ရောက်၏။ ဝေဒနာခံစားနေသော မင်းကြီး၏ သဂျမ်ညောင်စောင်းစက်ရာ၏ ခေါင်းရင်းဘက်တွင် ရုပ်တန့်တော်မူကာ ထိုဝေဒနာကို သခ်ါရတင်၍ ရှင်ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com

ရန်ဖြစ်သော တရားခမ္မများကို ဟောကြားပေးတော်မူ၏။ သုဒ္ဓေါဒနမင်းကြီးသည် သားတော်မြတ်စွာဘုရား ဟောကြားပေးတော်မူသော တရားတို့ကို စက်ရာခင်းထက်မှပင် လျောင်းစက်နေသော ကျရိယာပုဒ်ဖြင့် လက်အုပ်ချီကာ နူးစိုက်နာယူတော်မူ၏။

မင်းကြီး၏ ဉာဏ်စဉ်သည် ထက်မြက်သော ဝိပဿနာလမ်းသို့ ပေါက်ရောက်တော်မူခဲ့လေပြီ။ စင်စစ်၌ မင်းကြီးသည် ဘုရားရှင်၏ ကပိလဝတ်ပြည်သို့ ပထမဆုံးအကြိမ် ပြန်လည်ကြွချီတော်မူခဲ့ရာ အချိန်ကပင် ရွှေနန်းတော်၌ ဆွမ်းစားအပြီး ခမ္မပါလဓာတ်တော်ကြီးကို ဟောကြားတော်မူအပြီးဝယ် အနာဂါမ်တည်တော်မူခဲ့ပြီးဖြစ်သည် မဟုတ်လော။

ဘုရားရှင်သည် ယခုတစ်ခေါက်တွင်လည်း နေပြည်တော်သို့ ရောက်ရှိခဲ့သည့်နေ့မှစကာ ဖခမည်းတော် မင်းကြီးအား နေ့စဉ်ရက်ဆက် တရားခမ္မတို့ကို ဟောကြားပေးတော်မူခဲ့၏။

အဘယ်ကြောင့်ဆိုသော် ဘုရားရှင်သည် အချိန်အာလနှင့် အခြေအနေတို့ကို သိတော်မူသော ကာလဉာဏ်

ခေတ္တညူ ဖြစ်တော်မူသည့်အတိုင်း ဖခမည်းတော် မင်းကြီးသည် သစ္စာဉာဏ်ကို ရရှိဖို့ အချိန်အခါနှင့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ပြီဖြစ်ကြောင်း သမ္မာညုတဉာဏ်တော်နှင့် ထိုးထွင်းသိမြင်ခဲ့ပြီး၍ ဖြစ်သည်။ သစ္စာဉာဏ်ကို ရရန်အတွက် အချိန်ကာလသည် များစွာအရေးပါသော ဥပါနိဿယတစ်ပါး ဖြစ်၏။ အချိန်အခါရောက်မှ ပါရမီရင့်၏။ ပါရမီရင့်မှ ဣန္ဒြေရင့်၏။ ဣန္ဒြေရင့်ပါမှ သစ္စာဉာဏ်ကို ရ၏။ မူလကပင် အနာဂါမ်တည်ခဲ့ပြီးဖြစ်သော သုဒ္ဓေါဒနမင်းကြီးသည် သူ၏ နောက်ဆုံးအချိန်တွင် ဥပနိဿယ အားလုံး ပြည့်စုံခဲ့လေပြီ။

ထို့ကြောင့် ဘုရားရှင်က နေပြည်တော် ရောက်လေကတည်းက မင်းကြီးအား နေ့စဉ်ရက်ဆက် ဝေဒနာကို သခါရတင်ရှုပွားဆင်ခြင်ရာ တရားခမ္မတို့ကို ဟောကြားပေးတော်မူလေရာ သုံးရက်မြောက်သောနေ့မှာပင် ခမည်းတော်မင်းကြီးသည် အရဟတ္တဖိုလ်သို့ရောက်၍ ထီးဖြူအောက်မှာပင် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံတော်မူလေသည်။

မင်းကြီး၏ စွာပနကိစ္စကိုလည်း မြတ်စွာဘုရားကပင် ကိုယ်တော်တိုင် စောင့်ရှောက်ဦးစီး၍ ချီးမြှောက်

www.burmeseclassic.com

ပေးတော်မူ၏။ သင်္ဂြိဟ်ခြင်းစျာပနကိစ္စပွဲကြီး ပြီးဆုံးသွား သောအခါတွင်မှ နိဂြောဓရုံကျောင်းတော်ကြီးတွင် ပြန် လည်သီတင်းသုံးတော်မူ၏။ ယသော်ဓရာသည် ကပိ လဝတ် ပြည်သူများနည်းတူပင် သုဒ္ဓေါဒနမင်းကြီး၏ နောက်ဆုံးစျာပနပွဲသို့ တက်ရောက်ခဲ့သော်လည်း မောင် တော်ဘုရားရှင်အား အများနှင့်ထပ်တူ အဝေးမှသာ ဖူး မြော်ကြည်ညိုု ကန်တော့ခဲ့၏။ ရှိခိုးပူဇော်ခဲ့၏။ မိမိစံမြန်း ရာ နန်းဆောင်သို့ သီးခြားကြွရောက်တော်မူပါရန် အနီး ကပ် သွားရောက်လျှောက်ထားတောင်းပန်မှု မပြုခဲ့။ ကပိ လဝတ်ပြည်၏ဦးသျှောင် သုဒ္ဓေါဒနမင်းကြီး၏ စျာပန အခမ်းအနားမျိုးတွင် သခွတ်ပင်က မီးတကျိကျိဆိုသလို မိမိအနေနှင့် အခွင့်အရေးတောင်းဆိုခြင်းငှာ မထိုက်ဟု နားလည်ပေးခဲ့ပြီးဖြစ်၏။ မောင်တော်ဘုရားရှင်၏ စိတ် တိုင်းကျသာ သူဖခမည်းတော်ကြီး၏ နောက်ဆုံးစျာပန သင်္ဂြိဟ်ပွဲကြီးကို ကြီးမှူးကျင်းပပါစေဟု နှလုံးသွင်းကာ အဝေးမှပင် ဖူးမြော်ကြည်ညိုခဲ့ခြင်း ဖြစ်လေသည်။ စျာပန ပွဲကြီး ပြီးဆုံးသွား၍ ဘုရားရှင် နိဂြောဓရုံကျောင်းတော် ကြီးတွင် ပြန်လည်သီတင်းသုံးတော်မူသောအခါတွင်လည်း ကျောင်းတော်သို့ သွားရောက်ခြင်းမပြုဘဲ မိမိနန်းဆောင် မှာပင် စံမြန်းနေတော်မူ၏။ ကပိလဝတ် တစ်ပြည်ထောင် ထဲ၌ ကြုံတောင့်ကြုံခဲ့ အနေနီးနေချိန်မို့ သွားရောက်ဖူးမြော် လိုလှသော်လည်း အများပြည်သူက ကဲ့ရဲ့ဖွယ် ဖြစ်မလာ ရလေအောင် ထိုဆန္ဒတို့ကို မျိုသိပ်ထိန်းချုပ်ထားခဲ့၏။ သည်ထိန်းချုပ်မှုကပဲ ပါရမီဖြည့်ဖက်တစ်ဦး၏ အလိုက် တသိ ဖြည့်ဆည်းမှုတစ်ရပ် ဖြစ်တယ်မဟုတ်လားဟု မိမိ ကိုယ်မိမိ ပြန်လည်နှစ်သိမ့်နေတော်မူခဲ့ကြောင်းကို မောင် တော်ဘုရားရှင်လည်း သိနားလည်ပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်လေ။ ယသော်ဓရာသည် ဘုရားရှင်နှင့် ပတ်သက်၍ အခွင့်ထူးခံမဟုတ်။

သို့ရာတွင် မိထွေးတော် မဟာပဇာပတိဂေါတမီ မိဖုရားကြီးကတော့ ယသော်ဓရာနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ လေသည်။ အဘယ်ကြောင့်ဆိုသော် မိထွေးတော်သည် ဘုရားရှင် သီတင်းသုံးနေတော်မူရာ နိဂြောဓရုံကျောင်း တော်သို့ ကိုယ်တိုင်သွားရောက်ဖူးမြော်ကာ အများပြည်သူ များ အံ့အားသင့်သွားကြစေခဲ့သည့် အခွင့်အရေးတစ်ရပ်ကို တောင်းဆိုခဲ့သောကြောင့်ပင်။ အများက အံ့အားသင့်ကြ မည်ဆိုလျှင်လည်း သင့်လောက်ပေသည်။ အကြောင်းမူ ဘုရားရှင်၏ သာသနာတော်သက်တမ်းတစ်လျှောက်တွင် မည်သူကမျှ မတောင်းဆိုခဲ့ဖူးသေးသော အမျိုးသမီးထု ကြီး တစ်ရပ်လုံးအတွက် ပထမဦးဆုံး စတင်တောင်းဆိုမှု ကြီး ဖြစ်ခဲ့သည် မဟုတ်ပါလား။

"သားတော်မြတ်စွာဘုရား.. သားတော်ဘုရားရှင်ရဲ့ သာသနာတော်မှာ အမျိုးသားများကို ရဟန်းပြုခွင့်ပေးပြီး သာသနာတော်တွင်းကို ဝင်ရောက်ခွင့်ပေးခဲ့သလို တပည့် တော်မကိုလည်း အရှင်ဘုရား၏ သာသနာတော်တွင်းသို့ ဘိက္ခုနီမအဖြစ် ဝင်ရောက်ခွင့်ပြုပေးခြင်းနဲ့ ချီးမြှောက် တော်မူပါဘုရား။ တပည့်တော်မ တစ်ဦးတည်းသာမက တပည့်တော်မနဲ့ ဆန္ဒထပ်တူရှိကြဦးမယ့် အမျိုးသမီးတိုင်း ကိုလည်း အရှင်ဘုရား၏ သာသနာတော်တွင်းကို ဝင် ရောက်ရဟန်းပြုခွင့်ပေးတော်မူပါဘုရား"

မိထွေးတော် မဟာပဇာပတိဂေါတမီ၏ လျှောက် ကြားချက်သည် မည်သူကမျှ မျှော်လင့်မထားခဲ့မိကြသော တောင်းဆိုမှုအသစ်တစ်ရပ်ဖြစ်သည်။ စင်စစ် ကပိလဝတ် ပြည်ထောင်၏ အရှင်နှစ်ပါးဟု ဆိုအပ်သော သုဒ္ဓေါဒန မင်းကြီးနှင့် မိဖုရားကြီးဂေါတမီတို့ အတူယှဉ်တွဲ စံမြန်း တော်မူခဲ့ကြရာမှ ယခု သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံဝင် တော်မူသွားခဲ့ပြီးချိန်တွင် တိုင်းပြည်ကို ဆက်လက်အုပ်ချုပ် ရန် အခွင့်အာဏာအရုပ်ရပ်သည် မိထွေးတော်၏ လက် ဝယ်သို့ လုံးလုံးကြီး အကြွင်းမဲ့ ကူးပြောင်းရောက်ရှိသွား ခဲ့ပြီဖြစ်၏။ နောက်ထပ်သင့်လျော်ရာ မင်းအသစ်တစ်ပါး ပါး တင်မြှောက်လိုလျှင်တင်မြှောက်၊ မတင်မြှောက်ခဲ့ပါက မိဖုရားကြီးကသာ အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းဆက် ခံဖို့ရှိသည်။ ကပိလဝတ်အဖို့ ဧကရာဇ်မင်းတစ်ပါးနေရာ တွင် ဧကရီမင်းတစ်ပါး အစားထိုး ဝင်ရောက်လာဖို့သာ ရှိသည်။ ယခုမူ ဧကရီမင်းတစ်ပါးတည်းဟူသော အာဏာ ကို စွန့်လွှတ်မျက်ကွယ်ပြုလိုက်ပြီဟု အဓိပ္ပာယ်သက် ရောက်သော တောင်းဆိုမှုကို လျှောက်ထားဘောင်းဆို လိုက်သောကြောင့် အံ့အားသင့်သွားကြရခြင်း ဖြစ်တော့ ၏။

မိထွေးတော်၏ လျှောက်ထားချက်အဆုံးတွင် ဘုရား ရှင်၏ ကျောင်းတော်တွင် ရှိနေကြသော အမျိုးသားရဟန်း တော်များ၊ မိဖုရားကြီး၏ နောက်တော်ပါအတူ လိုက်

www.burmeseclassic.com

ပါလာကြသော အခြွေအရံများ၊ ဘုရားရှင်အား ဖူးမြော်ရန် ရောက်ရှိနေနှင့်ကြသော အခြားပြည်သူပရိသတ်အများတို့ အံ့သြတကြီးဖြင့် နိဂြောဓရုံကျောင်းတော်တစ်ခုလုံး ငြိမ်ကျသွား၏။ အားလုံးသော ပရိသတ်၏ အကြည့်များသည် မိဖုရားကြီး ဂေါတမီထံသို့တစ်လှည့်၊ တရားဟောပလ္လင်တော်ထက်ရှိ ဘုရားရှင်ထံသို့တစ်လှည့် လူးလာခေါက်တုံ့ရက်ကန်းလွန်းရှယ်သကဲ့သို့ ပြေးလွှားကူးပြောင်း ရောက်ရှိနေကြသည်။ အားလုံး၏ မျက်ဝန်းတို့ထဲတွင် ထိုအဖွယ်တောင်းဆိုမှုကို ဘုရားရှင်က မည်သို့တုံ့ပြန်မည်နည်းဟူသော သိလိုစေဖြင့် ငုံလင့်သည့်အရိပ်များသာ တူတူညီညီလွှမ်းခြုံနေကြတော့သည်။

"မယ်တော်ကြီး...သာသနာတော်အတွင်း၌ ရဟန်းအဖြစ်ကို ခွင့်မတောင်းပါနဲ့။ သာသနာတော်တွင်း၌ မာတုဂါမတို့ ဝင်ရောက်၍ ရဟန်းပြုခွင့်ကို ရကြပါလျှင် သာသနာသည် တာရှည်စွာ စင်ကြယ်နိုင်လိမ့်မည်မဟုတ်။ ဒါကြောင့် သည်တောင်းဆိုမှုကို မပြုပါနဲ့ မယ်တော်ကြီး"

နိဂြောဓရုံကျောင်းတော်ကြီး၏ ခန်းမကြီးတစ်ခုလုံး၏ တိတ်ဆိတ်မှုက ပို၍နက်ရှိုင်းသွားသည်မှာ အိမ်မြှောင်ကလေးတစ်ကောင် ဖြတ်ပြေးလျှင်ပင် သူ၏ခြေသံကို အားလုံးက အတိုင်းသား ကြားကြရတော့မည်ကဲ့သို့ရှိ၏။ မိထွေးတော်၏ တောင်းဆိုမှုကို ပြတ်သားစွာ ပယ်ဖြစ်တော်မူလိုက်သော မြတ်စွာဘုရား၏ တုံ့ပြန်မိန့်ကြားသံနောက်တွင် ကျောင်းတော်အတွင်းရှိ ပရိသတ်အများစုကြီးသည် သက်မဲ့ရုပ်တုတွေ တန်းစီချထားလိုက်တော့သကဲ့သို့ ငြိမ်သက်သွားကြတော့သည်။

"ဒုတိယအကြိမ် ထပ်မံတောင်းဆိုပါရစေ သားတော် မြတ်စွာဘုရား။ မယ်တော်အပါအဝင် အမျိုးသမီးထုကို လည်း အရှင်ဘုရား၏ သာသနာတော်မှာ ရဟန်းပြုခွင့်ပေးတော်မူပါ"

မိထွေးတော် မိဖုရားကြီးဂေါတမီ၏ လေသံထဲမှာ လှိုက်လဲတုန်ယင်မှုကို အများကပင် ဖမ်းယူကြားနာလိုက်ကြရ၏။ ဘုရားရှင်၏ အဖြေကတော့ မပြောင်းလဲ။ မယ်တော်ကြီးသည် တတိယအကြိမ် ထပ်မံလျှောက်ထားပြန်၏။ ဘုရားရှင်ကလည်း တတိယအကြိမ် ထပ်မံပယ်ဖြစ်တော်မူလိုက်ပြန်လေသည်။

ဘုရားရှင်အား လက်အုပ်ချီ ရှိခိုးကန်တော့လျက်ရှိသော မိထွေးတော်ထံမှ နောက်ထပ်တောင်းဆိုသံ ထွက်ရှိမလာခဲ့တော့။ သို့သော် အငြိမ်သက်ကြီး ငြိမ်သက်နေသော ကျောင်းတော်ခန်းမ၏ တိတ်ဆိတ်မှုထဲသို့ ခပ်မှုန်းမှုန်း တိုးဝင်လာလိုက်သော မိထွေးတော်၏ ပင့်သက်ချသံကိုမူ ပရိသတ်အားလုံး ဝမ်းနည်းစွာ ကြားသိလိုက်ကြရလေသည်။ ထိုပင့်သက်ချသံနောက်တွင်မှ မိထွေးတော်၏ တုန်ခိုက်နေသော လျှောက်ထားသံ။

"သားတော်မြတ်စွာဘုရား...အရှင်ဘုရားဟာ သတ္တဝါဓေနေယျတို့အပေါ်မှာ အနှိုင်းအဆမဲ့ မဟာကရုဏာတော် ထားရှိတော်မူတဲ့ သုံးလောကထွတ်တင် ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော် အရှင်ပါ။ သို့ပါလျက်နဲ့ တပည့်တော်မရဲ့ တောင်းဆိုမှုကို သုံးကြိမ်တိုင်တိုင် ပယ်ဖြစ်တော်မူခဲ့ပါပြီ။ ဒီလိုပယ်ဖြစ်တော်မူခြင်းဟာ အကြောင်းမဲ့မဖြစ်နိုင်။ အကြောင်းရင်းတစ်စုံတစ်ရာ ရှိနေသေးလို့သာ ဖြစ်ရလိမ့်မယ်လို့ တပည့်တော်မ ယုံကြည်ပါတယ် အရှင်ဘုရား။ အဲဒီအကြောင်းရင်းဟာ ဘာလဲဆိုတာ ပဟေဠိကို အဖြေရှာရင်း တပည့်တော်မရဲ့ အချိန်အခါတို့ကို ဖြတ်သန်းကုန်ဆုံးလွန်မြောက်ရပါစေမယ် အရှင်ဘုရား"

ဘုရားရှင်သည် မိထွေးတော်ကို စူးစိုက်စွာငဲ့ကြည့်တော်မူလျက်မှ မည်သည့်တုံ့ပြန်စကားကိုမျှ မိန့်တော်မမူတော့ဘဲ ဦးခေါင်းတော်ကိုသာ ညိတ်ပြတော်မူလိုက်လေသည်။ ဘုရားရှင်သည် မယ်တော်ကြီးမိထွေးတော်ဂေါတမီ၏ လျှောက်ထားချက်ကို မည်သို့နားလည်တော်မူလိုက်၍ ဤသို့ခေါင်းညိတ်ပြတော်မူလေသနည်း။ မည်သူမျှမသိ။ ထို့ကြောင့် ထိုပဟေဠိသည် မြတ်စွာဘုရားရှင် ကပိလဝတ်ပြည် နိဂြောဓရုံကျောင်းတော်၌ မွေ့လျော်သမျှ သီတင်းသုံးတော်မူပြီး ဝေသာလီပြည်သို့ ပြန်လည်ကြွချီ ထွက်ခွာသွားတော်မူခဲ့ပြီးချိန်အထိ အဖြေမရှိ။ ဟုတ်သည်။ ကျန်ရစ်ခဲ့သော ကပိလဝတ်ပြည်သူအများအတွက်တော့ မိထွေးတော်ဂေါတမီ၏ တောင်းဆိုချက်နှင့် ဘုရားရှင်၏ ငြင်းပယ်ချက်တို့မှာ တကယ့်ကို ကြိုဆဖွယ်နိမ့်ထွ်။ အဖြေမရှိသည့်ပဟေဠိ။

♦ ♦ ♦

(၃၆)

အချိန်ကာလက မဟာသတ္တရာဇ်(၁၀၇)ခုနှစ်။ နေရာဌာနက ဝန္ဒီတိုင်း၊ ဝေသာလီပြည် မဟာဝုန်

www.burmeseclassic.com

တော၊ ကူဋ္ဌာဂါရကျောင်းတိုက်။

မြတ်စွာဘုရားရှင်သည် ထိုကူဋ္ဌာဂါရကျောင်းတိုက်တွင် ပဌမဝါအဖြစ် သီတင်းသုံးတော်မူခဲ့ရာတွင် အလုပ်အကျွေးပြုဖြစ်သော ညီတော် အရှင်အာနန္ဒာမထေရ်သည်လည်း ထိုကျောင်းတိုက်မှာပင် အတူတကွ ဝါကပ်တော်မူရလေသည်။

အရှင်အာနန္ဒာမထေရ်ကား ဘုရားရှင်၏ ကိုယ်ရေးကိစ္စများတွင်သာ အလုပ်အကျွေးပြုနေသူ မဟုတ်။ ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီးအတွက် လိုအပ်သမျှ ကိစ္စအဝဝတွင်လည်း မလစ်ဟင်းရအောင် တံမြက်လှည်း၊ အမှိုက်ရှင်းမှအစ ကုဋီများသို့ သန့်သက်ရေဖြည့်စွက်ခြင်းအထိသော် ဝေယျာဝစ္စမျိုးစုံတွင်လည်း ဒိုင်ခံဆောင်ရွက်ဖြည့်ဆည်းလေ့ရှိ၏။

အရှေ့ဆီမှ နေမင်း၏ ရောင်ခြည်သည် ကူဋ္ဌာဂါရကျောင်းတိုက်ဝန်းကျင်သို့ ဖြန့်ကျက်လာခဲ့ပြီ။ အရှင်အာနန္ဒာသည် ဘုရားရှင်၏ နံနက်ခင်းတရားကို နာယူပြီးသည်နှင့် ထုံးစံအတိုင်း ကျောင်းဝင်းအတွင်းသို့ဆင်းခဲ့ကာ သစ်ရွက်ကြွေ အမှိုက်သရိုက်များကို လှည်းကျင်း၏။ သင့်လျော်ရာ နေရာတို့တွင် စုပုံပေးထားလိုက်သော အမှိုက်တို့ကို အကူအညီ ရဟန်းငယ်တို့က မီးရှို့ကြ၏။ အရှင်အာနန္ဒာကမူ အုန်းလက်အဆံတပ် မတ်ရပ်တံမြက်စည်းတစ်ချောင်းဖြင့် တွေ့သမျှ အမှိုက်တို့ကို လှည်းကျင်းကာ တစ်ပုံပြီးတစ်ပုံ စုဝေးပေးနေတော်မူ၏။ ထိုအချိန်မှာပင် ရဟန်းငယ် တစ်ပါးက အရှင်အာနန္ဒာမထေရ်၏ ရှေ့တော်မှောက်သို့ အပြေးအလွှား ရောက်ရှိလာခဲ့လေသည်။

'အရှင်ဘုရား..အရှင်ဘုရား၊ တံမြက်လှည်းတာကို ခဏရပ်တော်မူပါဦးဘုရား'

'ဟဲ့..ဘာဖြစ်လာတာလဲ ငါ့ရှင်ရဲ့။ ပျာယီးပျာယာနဲ့ပါကလား။ အခု ဘယ်ကပြန်လာတာတုံး'

အရှင်အာနန္ဒာက တံမြက်လှည်းခြင်းကို ရပ်တန့်လိုက်ကာ ရဟန်းငယ်ကို မေးခွန်းထုတ်လိုက်၏။

'တင်ပါ့။ တပည့်တော်ရဲ့ မယ်တော်ကြီး နေထိုင်မကောင်းဘူးဆိုတာ ဗန္ဓေက လာသတင်းပေးလို့ ခုမနက်ပဲ မြို့ထဲက မယ်တော်ကြီးရဲ့အိမ်ကို ခဏပြန်သွားပြီး မယ်တော်ကြီးကို သတင်မေးပြုစုဖို့အတွက် ဘုရားရှင်ထံ ခွင့်ပန်ပြီး သွားရောက်ခဲ့ပါတယ်ဘုရား'

'အင်း..ဆိုစမ်းပါဦး ငါ့ရှင်။ ဘယ်လိုလဲ။ ငါ့ရှင်ရဲ့ မယ်တော်ကြီးအခြေအနေကို လျှောက်ထားချင်လို့လား'

အရှင်အာနန္ဒာက ထပ်ဆင့်၍ မေးလိုက်ပြန်သည်။

'တင်ပါ့ဘုရား။ မယ်တော်ကြီးကတော့ မယ်တော်ကြီးပါပဲ။ တပည့်တော်ရဲ့ မယ်တော်ကြီးကတော့ သာမန်ဖျားနာရုံပဲမို့ သက်သာစပြုလာပါပြီဘုရား။ အခု တပည့်တော်လျှောက်ထားချင်တာက တခြားမယ်တော်ကြီးပါဘုရား'

ရဟန်းငယ်မှာ လျှောက်ထားချင်ဇောကြီးနေသဖြင့် လိုရင်းသို့မရောက်ဘဲ ပလုံးပထွေးဖြစ်နေ၏။ အရှင်အာနန္ဒာမှာ ရဟန်းငယ်၏ စကားတို့ကို နားမလည်နိုင်ဘဲဖြစ်နေ၏။

'ဘယ်လို..တခြားမယ်တော်ကြီး၊ ဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'ကိုင်း..ရှင်းရှင်းလျှောက်ထားစမ်းပါ ငါ့ရှင်ရယ်။ ဘယ်က မယ်တော်ကြီးအကြောင်း လျှောက်ထားမှာမို့ အလောတကြီး ဖြစ်နေရတာတုံး။ စိတ်အေးအေးထားပြီး ဖြည်းဖြည်းပြောစမ်းပါ'

'ဒီ..ဒီလိုပါဘုရား။ အခု တပည့်တော်လျှောက်ထားမှာက မြတ်စွာဘုရားရှင်ရဲ့ မယ်တော်ကြီးအကြောင်းပါဘုရား'

အရှင်အာနန္ဒာသည် အံ့အားတသင့်ဖြင့် မျက်ခုံးပင့်မိသွား၏။

'ဘာပြောလိုက်တယ် ငါ့ရှင်။ မြတ်စွာဘုရားရှင်ရဲ့ မယ်တော်ကြီး၊ ဟုတ်စ'

'ဟုတ်ပါတယ်ဘုရား။ မြတ်စွာဘုရားရှင်ရဲ့မယ်တော်ကြီး မဟာပဇာပတိဂေါတမီ မိဖုရားကြီးဟာ အခု မြို့တော်ထဲကို ရောက်ရှိလာပါပြီဘုရား။ သူနောက်မှာလည်း အခြံအရံ သာကီဝင်မင်းသမီး(၅၀၀) လိုက်ပါလာပါတယ်ဘုရား'

'ဟော'

အရှင်အာနန္ဒာမထေရ်အဖို့ လုံးဝမျှော်လင့်မထားခဲ့မိသော သတင်းထူးကြီးတစ်ရပ် ဖြစ်နေတော့သဖြင့် ဟောခဲ့သော အာမေဋိတ်သံပင် လွှတ်ခနဲပြေး ထွက်သွားရလေတော့သည်။ ကပိလဝတ်နန်းတော်တွင် စံမြန်းနေတော်မူသော မယ်တော်ကြီးသည် မည်သည့်အကြောင်းကြားခွင့်

www.burmeseclassic.com

စာစုံတစ်ရာမျှ ကြိုတင်ကြားရောက်ခြင်းမရှိဘဲ အဘယ်ကြောင့် ဝေသာလီမြို့တော်သို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ရှိလာခဲ့ရချေသနည်း။ ထိုအခိုက်မှာပင် ရဟန်းငယ်က ထပ်မံလျှောက်ထားပြန်၏။

"မယ်တော်ကြီးဟာ အဲဒီနောက်ပါအခြေအရံ မင်းသမီး (၅၀၀)နဲ့အတူ အခု တပည့်တော်တို့ကျောင်းကို လာရောက်ပြီး ဘုရားရှင်ကို ဖူးမြော်ကြမယ်လို့လည်း သတင်းကြားသိခဲ့ရပါတယ်ဘုရား"

"သြော်..ဒီလိုတဲ့လား။ ကောင်းပါလေ့ ငါ့ရှင်ရယ်။ ဒီလိုဆိုတော့လည်း ကျောင်းအဝင်လမ်းမုခ်ဦးကပဲ ထွက်ပြီး ဆီးကြိုရတော့မှာပေါ့။ သူတို့ရောက်ရှိလာကြပါမှပဲ ဘုရားရှင်ကို ဝင်ရောက်လျှောက်ထား အသိပေးကြတာပေါ့လေ"

"တင်မပါ့ဘုရား"

အရှင်အာနန္ဒာသည် လုပ်လက်စဖြစ်သော သန့်ရှင်းရေးအလုပ်ကို ဆက်၍လုပ်ရင်း အဘယ်အကြောင်းကြောင့်များ မယ်တော်ကြီး မိထွေးတော် မဟာပဇာပတိဂေါတမီက (၅၁)ယူဇနာဝေးကွာသော ဤဝေသာလီပြည်သို့ ကပိလဝတ်ပြည်မှ လိုက်လာတော်မူပါလိမ့်ဟု တွေးတောအဖြေရာဇနမိရလေသည်။

♦♦♦

(၃၇)

နောက်ပြန်ဆုတ်၍ မရတော့သော ဆုံးဖြတ်ချက်ကို ပြတ်သားစွာချခဲ့လိုက်ပြီးနောက် ထိုဆုံးဖြတ်ချက်အရ ကပိလဝတ်ပြည် ရွှေနန်းတော်မှ ထွက်ခွာလာခဲ့ကြသောနောက် ပြန်ဆုတ်၍မရတော့သော ခရီးသည် မကြာမီပင် အဆုံးသတ်ပေတော့မည်။ ဟုတ်သည်။ မယ်တော်ကြီးမဟာပဇာပတိဂေါတမီကတော့ ဤသို့သာလျှင် နားလည်ခံယူနေမိ၏။

မယ်တော်ကြီး မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှသည် ကပိလဝတ်ပြည်သို့ ဆယ်ဦးဆုံးအကြိမ် ကြွရောက်တော်မူခဲ့ပြီး ဆွမ်းခံခြင်းအလေ့နှင့် ပတ်သက်သောတရားကို ဟောကြားတော်မူခဲ့ချိန်ထိပင် သောတာပန်ဖြစ်ခဲ့၏။ ထို့ကြောင့် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာပါတကားဟု အမှန်အတိုင်း သိမြင်ခဲ့သော်ဘဝဟူသည် ခင်တွယ်တပ်မက်ဖွယ်မဟုတ်။ စက်ဆုပ်ဖွယ်သာဖြစ်သည်ဟူသော အရိယသစ္စာဉာဏ်အမြင်သို့ ပြောင်းလဲရွှေ့မြောင်ခဲ့ပြီးပြီ ဖြစ်၏။

သို့ရာတွင် သောတာပန်အသိမျှသာဖြစ်၍ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သေး။ အရဟတ္တမဂ်ဉာဏ်ကို ရရှိမှသာ ပြီးပြည့်စုံသောအသိသို့ ဆိုက်ရောက်မည်။ အရဟတ္တမဂ်ဉာဏ်ကိုရလျှင် သူ့နောက်မှ အရဟတ္တဖိုလ်ဉာဏ်သို့ ခဏမခြား ဆိုက်ရောက်မည်။ အရဟတ္တဖိုလ်ဉာဏ်သို့ ဆိုက်ပြီဆိုလျှင် ရဟန္တာမဖြစ်ပြီ။ ရဟန္တာမဖြစ်လျှင် နောက်တစ်ကြိမ် ပဋိသန္ဓေနေရခြင်းဇာတိမှ လွတ်မြောက်ပြီ။ သံသရာ၌ ဒုက္ခများဖြင့် အဖန်ဖန်လည်ပတ်ကျင်လည်ရခြင်း စက်ဝန်းကြီးမှ လွတ်မြောက်ပြီ။ မွေးဖွားခြင်း၊ အိုမင်းခြင်း၊ နာကျင်ခြင်း၊ သေဆုံးရခြင်းဟူသော ခန္ဓာဝန်၏ နှိပ်စက်မှုအားအန္တရာယ်ကြီးလည်း ရှိမလာနိုင်တော့ပြီ။

မိထွေးတော်သည် သောတာပန် ဖြစ်သွားခဲ့ပြီးကတည်းက အရဟတ္တမဂ်ကိုရရှိသော ရဟန္တာမ အဖြစ်ကို တောင့်တခဲ့၏။ သူ၏ ပါရမီတော်အရ ရဟန္တာမ အဖြစ်ကို ရရန် တရားအားထုတ်ရာ၌ သင်္ကန်းဝတ်ဖြင့် အားထုတ်လိုခဲ့၏။ အဘယ်မည်သော ပါရမီတော်များ၏ လှုံ့ဆော်မှုဖြစ်သနည်း။ စင်စစ်၌ မိထွေးတော်ဂေါတမီသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်က တည်းက ထိုမြတ်စွာဘုရားထံမှ ရတ္တညူဒတဒဂ်ဗျာဒိတ်တော် ရခဲ့ပြီးသူဖြစ်၏။ ထို ပါရမီတော်၏ နှိုးဆွလှုံ့ဆော်မှုကြောင့် မိထွေးတော်သည် သင်္ကန်းဗီတ်လိုခြင်း ဖြစ်၏။

သို့ရာတွင် သားတော် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်တွင် အမျိုးသားရဟန်းတွေချည်းဖြစ်နေသဖြင့်။ အမျိုးသမီးတို့က သင်္ကန်းဝတ်ဟူ၍ မရှိသေး။ မိထွေးတော်ကတော့ ပါရမီ၏ တိုက်တွန်းမှုရှိလာလျှင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်ထပ်တူ သင်္ကန်းဝတ်ခွင့်ရှိရမည်၊ ရှိသင့်သည်။ သစ္စာလေးပါးကို အမျိုးသားများကဲ့သို့ အမျိုးသမီးများသည်လည်း ထိုးထွင်းသိမြင်နိုင်ခွင့်ရှိရမည်ဟု ခံယူသုံးသပ်ခဲ့၏။ ထိုအခွင့်အရေးသည် သားတော်မြတ်စွာဘုရားထံ၌ အမျိုးသမီးထုအတွက် တောင်းထိုက်သောအခွင့်အရေးဟု ယုံကြည်ခဲ့၏။ အမျိုးသမီးထုအတွက် ရထိုက်သော အခွင့်အရေးဖြစ်သည်ဟုလည်း ရဲရဲကြီး ယုံကြည်ခဲ့၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ဖခမည်းတော်

www.burmeseclassic.com

သုဒ္ဓေါဒနမင်းကြီး၏ နာမကျန်းမှုအတွက် ကြွရောက်လာခဲ့ပြီး ခမည်းတော်ကို ကိုယ်တော်တိုင်ပြုစုကာ တရားဓမ္မများ ဟောကြားသောအခါ အခြေအနေကို စောင့်စား၏။ မင်းကြီးသည် ထီးဖြူအောက်မှာပင် ရဟန္တာဖြစ်တော်မူကာ ပရိနိဗ္ဗာန်စံသွားပြီးသောအခါ မိထွေးတော်၏ ရဟန်းပြုရန် ဆုံးဖြတ်ချက်သည် ပို၍ခိုင်မာလာခဲ့တော့၏။ မင်းကြီး၏ ဈာပနကိစ္စများ ပြီးဆုံးချိန်အထိ ဆက်လက်စောင့်စားနေခဲ့၏။

မိထွေးတော်သည် ဣဿိပါဒိလေးပါးကို နားလည်သည်။ ကိစ္စတစ်ခုကို ဆောင်ရွက်ရာတွင် (၁) ပြင်းပြသော ဆန္ဒလည်း တကယ်ရှိမည်။ (၂) ကြိုးစားမှုလည်း ရှိမည်။ (၃) ခိုင်မာသောစိတ်ဓာတ်နှင့် သန္နိဋ္ဌာန်လည်းရှိမည်။ (၄) ဉာဏ်အမြော်အမြင်လည်း ရှိမည်ဆိုပါလျှင် ထိုကိစ္စသည် မလွဲမသွေ အောင်မြင်ရမည်ဖြစ်သည်။ ထိုအခြင်းအရာ(၄)မျိုးကို ဣဒ္ဓိပါဒ်(၄)ပါးဟု ဆိုခြင်းဖြစ်သည်။ ထို(၄)ပါးစလုံးပင် မိမိ၌ရှိသည်ဟု မိထွေးတော်က ယုံကြည်သည်။ ထို့ကြောင့်ပင် သုဒ္ဓေါဒနမင်းကြီး၏ဈာပနကိစ္စများ ပြီးစီးခဲ့ချိန်နောက်တွင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်သို့ သွားရောက်ကာ အမျိုးသမီးများအား ရဟန်းပြုခွင့်ပေးတော်မူပါရန် သားတော်မြတ်စွာဘုရားအား လျှောက်ထားတောင်းဆိုခဲ့ခြင်းဖြစ်၏။

သို့ရာတွင် သုံးကြိမ်တိုင်တိုင် လျှောက်ထားပါလျက်နှင့် ဘုရားရှင်က ခွင့်ပြုတော်မမူဘဲ ပယ်မြစ်ခဲ့သည်ကို သာ ကြုံရ၏။ သတ္တဝါဝေနေယျတို့အပေါ် မဟာကရုဏာတရား ထားရှိတော်မူသော သားတော်မြတ်စွာဘုရားသည် အာဘယ်ကြောင့် အမျိုးသမီးတို့ကို အမျိုးသားများနှင့် တန်းတူအခွင့်အရေး မပေးဘဲရှိသနည်း။ မည်သူမျှ မဖြေနိုင်သော ပဟေဠိတစ်ခု ဖြစ်ခဲ့သည်။ မည်သူတွေပဲ အဖြေရာ မရနိုင် ဖြစ်နေကြစေကာမူ မိထွေးတော်ဂေါတမီကတော့ ထိုအဖြေကို တွေးတောဆင်ခြင် ရရှိထားခဲ့ပြီးဖြစ်သည်။ အခြားအကြောင်းထူး မရှိနိုင်။ မိမိတောင်းဆိုသော အခွင့်အရေးကို မပေးခဲ့ခြင်းသည် အချိန်မကျသေးသောကြောင့်သာ ဖြစ်ရမည်ဟူသော အဖြေပါတည်း။

ထိုအဖြေနှင့်ပတ်သက်၍ အနုလုံပဋိလုံ ပြန်စဉ်းစားသုံးသပ်ကြည့်၏။ မိမိသည် သားတော်မြတ်စွာဘုရား အပေါ်၌ များစွာအနစ်နာခံခဲ့သူဖြစ်ခဲ့၏။ များစွာကျေးဇူးပြုခဲ့ဖူးသူဖြစ်၏။ သားတော်မြတ်စွာဘုရားသည် သူတစ်ပါး၏ ကျေးဇူးကို သိတော်မူရာ၌ ဤလောကတွင် သူနှင့်ယှဉ်၍ သိသူမရှိဟု 'ဆိုနိုင်မည့်သူဖြစ်သည်။ သည်ကြားထဲက ထိုသို့ကျေးဇူးရှိခဲ့ဖူးသူ၏ တောင်းဆိုမှုကို ပယ်မြစ်ခဲ့ခြင်းမှာ အချိန်အခါနှင့် အခြေအနေမဆိုက် ရောက်သေးသောကြောင့်သာ ဖြစ်ရမည်ဆိုတာထက် ပို၍ တိကျခိုင်မာသော အဖြေမရှိနိုင်ပြီ။ ထို့ကြောင့် မိထွေးတော်သည် ကပိလဝတ် ရွှေနန်းတော်မှာပင် ချန်ရစ်နေခဲ့ကာ အချိန်အခါကို ခွဲနှင့် ထိုင်စောင့်စားနေခဲ့ခြင်း ဖြစ်တော့သည်။

အချိန်အခါသို့ ဆိုက်ရောက်လာသောအခါတွင်လည်း မည်သို့မျှ ကြိုတင်မျှော်လင့်မထားသည့်ဖြစ်ရပ်တို့က ရွှေနန်းတော်သို့ ဆိုက်မြိုက်ရောက်ရှိလာခဲ့၏။ အခြားမဟုတ်၊ သာကီဝင်မင်းသမီး(၅၀၀)တို့ဖြစ်၏။ ကပိလဝတ်ပြည်က မင်းသမီး(၂၅၀)၊ ရောဟိဏီမြစ်တစ်ဖက်ခြား ကောလိယပြည်ထောင်က မင်းသမီး(၂၅၀)။ စုစုပေါင်း(၅၀၀)သော သာကီဝင် မျိုးနွယ်မင်းသမီးတွေက ကပိလဝတ်ရွှေနန်းတော်သို့ ဆိုက်ရောက်လာခဲ့ကြ၏။ သူတို့သည် ရောဟိဏီမြစ်ရေကိစ္စနှင့်ပတ်သက်၍ နှစ်ပြည်ထောင်စစ်ပြေငြိမ်းမှုအတွက် မြတ်စွာဘုရားရှင် ကြွလာတော်မူကာ ဟောကြားဆုံးမခဲ့စဉ်က ဘုရားရှင်ထံ၌ ရဟန်းပြုသွားခဲ့ကြသော သာကီဝင်မင်းသား(၅၀၀)တို့၏ ဇနီးမယားများပင် ဖြစ်ကြ၏။

သူတို့သည်လည်း ဇဟိဘိက္ခု ဖြစ်သွားကြတော်မူကြ

www.burmeseclassic.com

www.burmeseclassic.com

သော မိမိတို့၏လင်ယောကျ်ားများ သာကီဝင်မင်းသား(၅၀၀) တို့ကဲ့သို့ မြတ်စွာဘုရား၏ သာသနာတော်တွင် ဝင်ရောက် ရဟန်းပြုကြရန် သဘောတူညီစွာ ဆုံးဖြတ်ချက်ချကြ၏။ သို့ရာတွင် ဤကိစ္စသည် သူတို့ချည်း ဘယ်နည်းနှင့်မျှ စွမ်းဆောင်နိုင်ရည် မရှိသောကိစ္စဟု သိကြ၏။ သူတို့မှာ အားကိုးစရာဆို၍ တစ်ဦးသာရှိသည်။ ၄င်းကား မိထွေးတော် မဟာပဇာပတိဂေါတမီ မိဖုရားကြီးပင် ဖြစ်တော့၏။ မယ်တော်ကြီးက ဘုရားရှင်ထံ အမျိုးသမီးများလည်း ရဟန်းပြုခွင့် ရသင့်ပါကြောင်း၊ ခွင့်ပြုတော်မူပါမည့် အကြောင်း လျှောက်ထားတောင်းဆိုခဲ့ပြီး ဘုရားရှင်က ပယ်မြစ်တော်မူခဲ့သည်ဆိုတာကို သိကြ၊ ကြားကြပြီး ဖြစ်၏။ သို့ရာတွင် တကယ်အားကိုးလောက်သူကို ရှာဖွေသောအခါ မယ်တော်ကြီး ဂေါတမီတစ်ပါးသာ ရှိသည်ဟု သိမြင်ကြ၏။ ထို့ကြောင့် မယ်တော်ကြီးကိုသာ ဝိုင်းဝန်းအပူကပ် တောင်းဆိုဖို့ ကပိလဝတ်ရွှေနန်းတော်သို့ တစုတဝေးကြီး ချီတက်ရောက်ရှိလာကြခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ သာသနာတော်တွင် ရဟန်းပြုခွင့်ရရန် တောင်းပန်ပါမည့်အကြောင်း မယ်တော်ကြီးကိုပင် ဦးတိုက်လျှောက်ထားကြတော့၏။

မိထွေးတော် မယ်တော်ကြီးသည်ကား များစွာကျေနပ် အားတက်၍မဆုံးပြီ။ ယခင်က မိမိတစ်ပါးတည်းသာ ဤဆန္ဒ ရှိခဲ့၏။ ကြည့်..ယခုတော့ မိမိနောက်မှာ သာကီဝင်မင်းသမီး(၅၀၀)တို့ ပါလာပြီ။ အင်နှင့်အားနှင့်၊ အစုနှင့် အဝေးနှင့်ဖြစ်ခဲ့ပြီ။ တောင်းဆိုအား ကောင်းခဲ့ပြီ။ ဤတွင် မိထွေးတော်သည် နောက်ပြန်လှည့်၍ မူရင်းတော့သော ဆုံးဖြတ်ချက်ကိုချလိုက်၏။ (၅၁)ယူဇနာအကွာ ဓေသာလီပြည် မဟာဝုန်တော၊ ကူဋာဂါရကျောင်းတိုက်တွင် သီတင်းသုံးနေတော်မူသည့် သားတော်မြတ်စွာဘုရားထံသို့ ဤ(၅၀၀)သော သာကီဝင်မင်းသမီးတို့ကို ဦးဆောင်ကာ ရောက်သွားမည်။ ရဟန်းပြုခွင့်ကို ထပ်မံတောင်းဆိုမည် ဟူသော ဆုံးဖြတ်ချက်ဖြစ်သည်။

မိထွေးတော်ဂေါတမီသည် ထိုဆုံးဖြတ်ချက်ကိုချပြီးသည်နှင့် နန်းတွင်းသို့ ဆတ္တာသည်တို့ကို ခေါ်ယူလိုက်၏။ ထိုအပါအဝင် သာကီဝင်မင်းသမီး(၅၀၀)တို့ကို ဆံပင်များ ညှပ်ပြီး ဦးပြည်းခေါင်းတုံး ရိတ်စေလိုက်၏။ ပြီးနောက် ဆုတ်ကြောင်အသွင်ကို စွန့်လွှတ်လိုက်ကြကာ မြတ်စွာဘုရားကိုရည်မှန်း၍ ဖန်ရည်စွန်းသော အဝတ်တို့ကိုသာ ဝတ်စေပြီး ရဟန်းမအသွင်သို့ ပြောင်းလဲလိုက်ကြ၏။ ဟုတ်ပြီ။ မိမိတို့အားလုံးကတော့ အသွင်ပြောင်းပြီးကြပြီ ဆိုတာကတော့ ဟုတ်ပါပြီ။ ဘုရားရှင်ထံသို့ မည်သို့သွားရောက်ကြမည်နည်း။

စင်စစ်၌ ကပိလဝတ်ပြည်တွင် သုဒ္ဓါဒနမင်းကြီး မရှိတော့သည့်နောက်တွင် မိထွေးတော်ဂေါတမီမိဖုရားကြီးသည် အာဏာအကြီးဆုံးသောသူသာဖြစ်၏။ သူသာ အလိုရှိလျှင် တိုင်းပြည်၏ အင်္ဂါငါးပါးကိုခြံရံ၍ ဓေသာလီပြည်သို့ တခမ်းတနား သွားရောက်နိုင်သည်။ သို့ရာတွင် မိထွေးတော်ကား သည်ကဲ့သို့ကား လူဘုံခန်းဝါ ပုထုဇဉ်တို့၏ တပ်မက်ဖွယ်အဆောင်အယောင်၊ ဟိတ်ဟန်၊ ပကာသနတို့ကို အရေခွံခွာချခဲ့လိုက်ပြီ။ သံယောဇဉ်ဖြတ်ချခဲ့လိုက်ပြီဖြစ်၏။ ကျောခိုင်းစွန့်လွှတ်လိုက်ပြီဆိုကတည်းက နောက်ကို ပြန်လှည့်မကြည့်ကြစတမ်းဆိုပါမှ အဓိပ္ပာယ်ရှိပေတော့မည်။

ကပိလဝတ်ပြည်မှ (၅၁)ယူဇနာဝေးသော ဓေသာလီပြည်သို့ ငါတို့သည် ခြေကျင်ခရီးဖြင့်သာ ရောက်အောင်သွားကြမည်။ အသက်ရှင်ခြင်းအလို့ငှာ စားသောက်ဖွယ်အာဟာရရိက္ခာမှတစ်ပါး အခြားမည်သို့သော အဆုံးအဆောင်ပစ္စည်းပစ္စယမှ သယ်ယူစရာမလို။ ယုတ်စွအဆုံးထီး၊ ဖိနပ်တို့မင် ယူဆောင်ရန်မလို။ မြတ်စွာဘုရား၏သာသနာတော်၌ ကြည်ညိုသောငါတို့၏ သဒ္ဓါတရားသည် ဤလောကဌ ကြက်သီးမွေးညင်းထစဖွယ် မော်ကွန်းစိုက်ထူပြီး ဖြစ်စေလတ္တံ့။ မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်ရဟန်းမ ပြုလိုသော ငါတို့၏ ဆန္ဒဖောသည် ဤလောကဌ အံ့ဖွယ်တစ်ပါးအဖြစ် သမိုင်းတွင်ရစ်စေလတ္တံ့။ မိထွေးတော်၏ ထိုဆုံးဖြတ်ချက်ကို သာကီဝင်မင်းသမီး(၅၀၀)တို့ကလည်း သဘောတူညီကြလေသည်။

ဤသို့အားဖြင့် မိထွေးတော်ဂေါတမီသည် လနှင့်ချီ၍ ကြာရှည်သည့် ဤနောက်ပြန်လှည့်၍ မဖြစ်တော့သော ခရီးရှည်ကြီးကို သာကီဝင်မင်းသမီး(၅၀၀)တို့အား အကြီးအမှူးပြုလျက် ကပိလဝတ်ရွှေနန်းတော်မှ ထွက်ခွာလာခဲ့၏။ ယခုအခါ ဤခရီးက နီးခဲ့ပြီ။ နိဂုံးကမ္မတ် အဆုံးသတ်တော့မည်။ ဓေသာလီပြည်ကို ဆိုက်ရောက်ခဲ့ကြပြီး မဟာဝုန်တောကို ဖြတ်ကျော်ခဲ့ကြပြီ။ ကြည့်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေ့ခပ်ဝေးဝေး လမ်း၏အဆုံးတွင် ဘုရားရှင် သီတင်းသုံးနေတော်မူရာ ကူဋာဂါရကျောင်းတော်၏ အဝင် မုခ်ဦးတံခါးဝကို လှမ်းမြင်နေရပြီ ဖြစ်သည်လေ။

♦ ♦ ♦

(၃၈)

'အရှင်ဘုရား... မြတ်စွာဘုရား၏ မယ်တော်ကြီးနှင့် သာကီဝင်မင်းသမီးတွေဟာ ကျောင်းတိုက်ရဲ့ ပြင်ပမုခ်ဦး အနီး တံတိုင်းနံဘေးကို ရောက်ရှိနေကြပါပြီဘုရား'

ကူဋာဂါရကျောင်းတိုက်ဝင်း၏ တံခါးမုခ်ဦးတွင် အစောင့်အနေဖြင့် တာဝန်ချထားပေးခဲ့သော ရဟန်းငယ်က လာရောက်လျှောက်ထား၏။ ထို့ကြောင့် အရှင်အာနန္ဒာ မထေရ်က မိန့်တော်မူလိုက်ရသည်။

'မုခ်ဦးဝရောက်နေပြီဆိုမှတော့ ငါ့ရှင်ရယ်။ ကျောင်းဝင်းထဲက တစ်ပါးတည်း ဖိတ်မန်ခဲ့ရောပေါ့'

'တင်ပါ့။ တပည့်တော် ဖိတ်မန်ပါတယ်ဘုရား။ ဒါပေမဲ့ မယ်တော်ကြီးတို့က ကျောင်းဝင်းထဲကို မဝင်ဝံ့ကြဘူးတဲ့ဘုရား။ တံတိုင်းအပြင်ဘက်မှာပဲ စုဝေးနေရစ်ခဲ့ကြပါတယ်'

'ဟေ'

အရှင်အာနန္ဒာမထေရ်သည် အာမေဋိတ်သံနှင့်အတူ အံ့ပါကြီးခွဲလိုက်သလို ထိုင်နေရာမှ ငေါက်ခနဲထရပ်လိုက်ပြီး ဖြစ်သွားရလေသည်။

'ဘယ်လိုအကြောင်းကြောင့် မဝင်ဝံ့ကြတာပါလိမ့်။ ကိုင်းလေ... ထွက်တွေ့ မေးမြန်းရင် အကြောင်းစုံသိရမပေါ့ကွယ်'

အရှင်အာနန္ဒာမထေရ်သည် သင်္ကန်းကို သပ်ရပ်အောင် ပြုပြင်ရုံလိုက်ပြီးနောက် ကျောင်းတိုက်ထဲမှ လှမ်းထွက်ခဲ့၏။ မုခ်ဦးမှ ထွက်သည်နှင့်ပင် ကျောင်းတံတိုင်း၏ အပြင်ဘက်တွင် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်သွားရ၏။ သာသနာ့ဝန်ထမ်း ရဟန်းတော် တစ်ပါး ဖြစ်နေသည့်တိုင် ရင်ထဲတွင် လှိုက်ခနဲ ဆို့နှင့်သွားရသည်။ ကြည့်ပါဦး။ ဒါဟာ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးရှင် မိထွေးတော် မယ်တော်ကြီးတဲ့လား။ ကပိလဝတ်ပြည်ရဲ့ အာဏာအကြီးဆုံး အခေါင်အချုပ်အဖြစ် ကျန်ရစ်တော်မူခဲ့တဲ့ ပြည်ပိုင်မိဖုရားကြီး တစ်ပါးတဲ့လား။

မိထွေးတော်ဂေါတမီနှင့် နောက်ပါ သာကီဝင်မင်းသမီး(၅၀၀)တို့သည် ဆံပင်များကို ရိတ်ပယ်ကြပြီး သားဦးပြည်းခေါင်းတုံးများနှင့် ဖန်ရည်စွန်းသော အဝတ်များကို တူညီဝတ်ဆင်ထားကြသည်။ သူတို့၏ ခြေအစုံတို့မှာ ဖူးဖူးရောင်ကိုင်းလျက်။ သူတို့၏ ဝတ်ရုံများသည် မြူအလိမ်းလိမ်း ဖုန်အထုလိုက် ကပ်ငြိပေကျံလျက်။ သူတို့၏ မျက်နှာများသည်လည်း ပင်ပန်းနွမ်းနယ်မှုဖြင့် ညှိုးချုံးနေကြသည့်အထဲ အသွယ်သွယ်စီးကျနေကြသော မျက်ရည်များဖြင့် ပြည့်နေကြသည်။ မယ်တော်ကြီးနှင့် သာကီဝင်မင်းသမီးတို့ကို ဤပုံစံ ဤအနေအထားဖြင့် မြင်တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့မိ။

မယ်တော်ကြီးနှင့် အပေါင်းပါတို့သည် အရှင်အာနန္ဒာမထေရ်ကိုမြင်သည်နှင့် မြေပြင်တွင် ဒူးတုပ်လျက် ရိုသေစွာရှိခိုးကန်တော့ကြလေသည်။ မိမိရှေ့တွင် ပျပ်ဝပ်စွာ ရှိခိုးကန်တော့နေကြသော မယ်တော်ကြီးနှင့် အပေါင်းပါများကို အံ့အားတသင့် ငုံကြည့်လိုက်ရင်း အရှင်အာနန္ဒာမထေရ်ရင်ထဲ ဆို့သွားသည်။ သူတို့တွင် ထီး၊ ဖိနပ်စသော အကာအကွယ်အစီးအနင်းတို့လည်းမပါ။ သူတို့၏ အသွင်အပြင်များကပင် သူတို့ လျှောက်လှမ်းဖြတ်သန်းလာခဲ့ကြသော (၅၁)ယူဇနာခရီးကြမ်းကြီး၏ ပန်းလျှောက်ထန်ကြမ်းတမ်းပုံကို ဖော်ပြနေသလို ရှိပေတော့သည်။

'မယ်တော်ကြီးရယ်... ဒီလောက်ဝေးလံတဲ့ ခရီးကို ဖိနပ်မစီး ထီးမဆောင်းဘဲ ဘယ်အတွက်ကြောင့် အပန်းစာကြီး လာခဲ့ကြရတာတဲ့လဲ။ အင်မတန်ပင်ပန်းကြီးလှပါကလား'

'အရှင်အာနန္ဒာမထေရ်မြတ်ဘုရား... တပည့်တော်နှင့် အပေါင်းပါ သာကီဝင်မင်းသမီး(၅၀၀)တို့ဟာ သားတော်မြတ်စွာဘုရားထံမှာ ရဟန်းပြုလိုကြတဲ့ဆန္ဒအောက် အပန်းတကြီးလာခဲ့ကြခြင်းပါဘုရား။ ဒါကြောင့် အခွင့်ရအောင် လျှောက်တင်ပေးပါ။ သားတော်မြတ်စွာဘုရား ကပိလဝတ်ပြည်ကို ကြွလာစဉ်က ရဟန်းပြုခွင့်ကို ဘုံးကြိမ်တိုင်တိုင် လျှောက်တင်ခဲ့ပေမယ့် ပယ်မြစ်တော်မူခဲ့ပါတယ်။ ယခုအခါမှာတော့ အချိန်အခါလည်း ကျရောက်ပြီထင်ပါတယ်။ အခုတစ်ကြိမ် ပင်ပန်းဆင်းရဲကြီးစွာ လာခဲ့ကြသည်ကို ထောက်ညှာပြီး ရဟန်းပြုခွင့်ပေးတော်မူဖို့ အရှင်ဘုရားကပဲ လျှောက်ထားပေးတော်မူပါဘုရား'

မယ်တော်ကြီးက လိုရင်းအချက်ကို လျှောက်တင်

www.burmeseclassic.com

လိုက်သည်။ အရှင်အာနန္ဒာမထေရ်သည် ဤမြို့နှုးညံ့လှသော မိဖုရားကြီးနှင့် သာကီဝင်မင်းသမီးတို့အနေဖြင့် ဤမြေးလေးတမ်းတမ်းသောခရီးကို ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ခြေကျင်လာခဲ့ကြသည် ဆိုကတည်းက ဘုရားရှင် အပေါ် ထားရှိကြသော ဗုဒ္ဓဂါရဝသဒ္ဓါနှင့် ရဟန်းပြုလိုစော မည်မျှထက်သန်ကြီးမားကြသည်ကို အကြွင်းမဲ့အဖြေရလိုက်ပြီး ဖြစ်တော့သည်။ သူတို့၏ ဆန္ဒစောနှင့် သာသနာ၌ သက်ဝင်သော သဒ္ဓါစာရသည် လက်ဖျားခါလောက်သည့် ဆန္ဒစောနှင့် သဒ္ဓါတရားသာ ဖြစ်သည်ကို ငြင်းဖွယ်မရှိ။ ထို့ကြောင့် ပင်ပန်းကြီးစွာ ရောက်ရှိလာကြသော မယ်တော်ကြီးနှင့် သာကီဝင်မင်းသမီး(၅၀၀)တို့ကို ဖေးမ,နှစ်သိမ့်စကားကို မိန့်ကြားကာ ဘုရားရှင်အား လျှောက်ထားပေးမည့် အကြောင်းကို အသိပေးလိုက်၏။

ပြီးနောက် အရှင်အာနန္ဒာမထေရ်သည် နောင်တော်ဖြစ်သူ မြတ်စွာဘုရားရှေ့တော်မှောက်သို့ ရောက်ရှိဦးခိုက် ပြီးနောက် အကြောင်းစုံကို လျှောက်ထားလေသည်။ ထိုသို့ လျှောက်ထားရာ၌ မယ်တော်ကြီး၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ထည့်သွင်းဖော်ကျူး၏။ ဤရွှေဤမြို့ ပင်ပန်းကြီးစွာ လှမ်းလာခဲ့ကြခြင်း၏ သဒ္ဓါတရားကိုလည်း ထင်ရှားအောင် ဖော်ထုတ်၏။ ထိုသို့သောအကြောင်းတို့ကြောင့် ရဟန်းပြုခွင့်ပေးတော်မူပါရန် တောင်းပန်၏။ နှစ်ကြိမ်တိတိ လျှောက်ထားပြီးသောအခါ မြတ်စွာဘုရားရှင်က မိန့်တော်မူသည်။

'ချစ်သားအာနန္ဒာ..ငါဘုရားသာသနာ၌ မာတုဂါမများဝင်၍ ရဟန်းပြုကြသည်ကို ငါခွင့်မပြုလို။ မာတုဂါမတို့ဝင်၍ ရဟန်းပြုကြလျှင် အညစ်အကြေး ထူပြော၍ အပြစ်တွေ များလတ္တံ့။ သာသနာလည်း ကြာရှည်စွာ တောည်နိုင်ဘဲ ဖြစ်လတ္တံ့'

မြတ်စွာဘုရားရှင်က ပယ်မြစ်တော်မူပြန်သော်လည်း အရှင်အာနန္ဒာမထေရ်က ခွဲမလျှော့။ မယ်တော်ကြီးနှင့်တကွ သာကီဝင်မင်းသမီး(၅၀၀)တို့၏ လွန်စွာကရုဏာသက်ဖွယ် ပုံရိပ်များက အရှင်အာနန္ဒာ၏ မျက်လုံးထဲမှာ ဝေဆာမရအောင် စွဲထင်လျက်ရှိ၏။ သူတို့၏ သဒ္ဓါတရားနှင့် ဆန္ဒစောထက်သန်မှုကိုလည်း လုံးဝဥဿုံ ယုံကြည်ခဲ့ပြီ၏။ ထို့ကြောင့် ရဟန်းပြုခွင့်ရရေးအတွက် ထပ်မံတောင်းဆို တောင်းပန်လျှောက်ထားပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် သဗ္ဗညုတရွှောဇဏ်တော်ကွန်ရက်ကို ဖြန့်ကျက်ကြည့်ရှုတော်မူ၏။

အကယ်၍ ခွင့်ပြုတော်မူလိုက်ပါက ဘိက္ခုနီမသာသနာသည် အနှစ်တစ်ထောင်လောက်သာ ထွန်းကားပြီးနောက် ကွယ်ပျောက်သွားမည်ကို မြင်တော်မူ၏။ သို့ရာတွင် ထိုနှစ်ပေါင်း(၁၀၀၀)ခန့် တည်တံ့ထွန်းကားစဉ်ကာလအတွင်း၌ အမျိုးသားများနှင့်တန်းတူ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်သို့ စံဝင်နိုင်ကြမည့် အမျိုးသမီးများလည်း သူပါရမီနှင့်သူ ရှိနေကြကြောင်း မြင်တော်မူ၏။ ထိုအမျိုးသမီးများသည်လည်း ရေးဘဝပေါင်းများစွာက ပါရမီဖြည့်ဆည်းလာခဲ့ကြသူများပင် မဟုတ်ပါလော။

မိထွေးတော် ဂေါတမီပင်လျှင် ပဒုမုတ္တရဘုရားရှင် ပေးတော်မူခဲ့သော ရတ္တညုဇ္ဈာဒဂ် ဗျာဒိတ်တော်ကို ရခဲ့ပြီးသူ ဖြစ်နေသည်ကို မြင်တော်မူလေသည်။ အနှစ်(၁၀၀၀)ခန့် တည်တံ့ထွန်းကားဦးမည့် ဘိက္ခုနီမသာသနာကာလအတွင်း နိဗ္ဗာန်သို့ စံဝင်ကြမည့် ပါရမီရှင်အမျိုးသမီးတို့ကို တားဆီးထား၍ မရနိုင်၊ မဖြစ်နိုင်သည်ကိုလည်း ထင်လင်းစွာ သိမြင်တော်မူ၏။ ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သို့ မယ်တော်ကြီးဂေါတမီနှင့်တကွ သာကီဝင်မင်းသမီး(၅၀၀)တို့ကို ရဟန်းပြုခွင့် ပေးလိုက်ကြောင်း မိန့်ကြားတော်မူလိုက်တော့သည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား..သည်ခွင့်ပြုချက်အတွက် အထူးဝမ်းမြောက်လှကြောင်းပါ။ ယခုပင် ကျောင်းဝင်းအပြင်မှာ စောင့်စားတော်မူနေတဲ့ မယ်တော်ကြီးနှင့် အပေါင်းပါတို့ကို ဝမ်းမြောက်ဖွယ်သတင်းပါးခွင့်ပြုတော်မူပါဘုရား'

အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်ထံ ခွင့်ပန်ပြီးနောက် ရှိခိုးကန်တော့ကာ ကျောင်းတိုက်မှခဲဦးသို့ အမြန်လှမ်းကြွလေတော့သည်။ ရင်ထဲမှာတော့ လှိုက်လှဲသောပီတိတို့ တလှုပ်လှုပ် ထွန်းပလျက်။ မြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ် မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး(၅၀၀)တို့မှ အစပြုသည့် ဘိက္ခုနီမသာသနာလည်း ထွန်းကားလာပေဦးတော့မည် မဟုတ်ပါလား။

(ဆက်လက်ဖော်ပြပါမည်)

နန္ဒာစိုး(ဆင်ကြွန်း)

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မယောသက

အရှင်ပြဿာသ

ဒါန၏

မှုမတူသော အကျိုးပေးများ(၁)

သာသနာတော်တွင် အသိဉာဏ်ကို နှိုက်ယူသလောက် ယူ၍ရသော ပိဋကတ်တစ်ပုံရှိ၏။ ထိုပိဋကတ်သည် အဘိဓမ္မာပိဋကတ်ဖြစ်၏။ အဘိဓမ္မာပိဋကတ်သည် အသိဉာဏ်၏ ကျက်စားရာဒေသဖြစ်၏။ မြတ်ဗုဒ္ဓသည်ပင် အဘိဓမ္မာပိဋကတ်တော်ထဲက ပဋ္ဌာန်းဒေသနာကို ဆင်ခြင်သုံးသပ်သည့်အခါမှ ရောင်ခြည်တော်များ ကွန့်မြူးထွက်ပေါ်လာခဲ့၏။ အဘိဓမ္မာပိဋကတ်တော်သည် ဤမျှလောက် နက်ရှိုင်း၏။ သာမန်အသိဉာဏ်မျှနှင့် အဘိဓမ္မာပိဋကတ်တော်၏ အဆီအနှစ်သာရကို ထုတ်ယူသုံးစွဲနိုင်ဖို့ဆိုသည်မှာ အင်မတန်ဓက်ခဲ၏။ မြတ်ဗုဒ္ဓသည် အဘိဓမ္မာပိဋကတ်တော်အား လောကထဲသို့ မဖြန့်ဝေသေးဘဲ ခုနစ်နှစ်လောက်သော ကာလပတ်လုံး အသိဉာဏ်ထဲတွင် သိမှီးသိမ်းဆည်းတော်မူခဲ့၏။ ဘုရားဖြစ်တော်မူပြီး၍ ခုနစ်ဝါမြောက်သည့် အချိန်၌သာ အဘိဓမ္မာပိဋကတ်တော်ကို စတင်ဖြန့်ဝေတော်မူခဲ့၏။ မြတ်စွာဗုဒ္ဓသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။ အဘိဓမ္မာ ပိဋကတ်ဖြစ်ပေါ်ရာ ခုနှစ်သည် မဟာသက္ကရာဇ်(၁၁၀)ပြည့်နှစ် ဖြစ်လိမ့်မည်ဖြစ်၏။

ထိုချိန်ကာလသည် သာသနာတော်အား အားသွန်ခွန်စိုက် တည်ဆောက်နေရသောကာလဖြစ်၏။ ယခုအခေါ်အဝေါ်အရ အိန္ဒိယနိုင်ငံသည် ထိုချိန်ကာလ၌ ဝါဒမြောက်စုံမျှင်းပြိုင်နေကြသောဒေသ ဖြစ်ခဲ့၏။ ကိုယ့်အယူးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ဝါဒတည်ထောင်ကြ၏။ ထိုဝါဒတည်ထောင်သူများကို ယခုခေတ်အခေါ်အဝေါ်နှင့် ပြောရမည်ဆိုလျှင် အတွေးခေါ်ပညာရှင်များဟု ဆိုရမည် ဖြစ်၏။

မြောက်မြားစွာသော အတွေးအခေါ် ပညာရှင်များအနက် ရာဇဂြိုဟ်ကို ခြေကုပ်ယူထားသော ပူရဏကဿပ စသည့် ဆရာကြီးခြောက်ယောက်သည် နာမည်အထင်ပေါ်ဆုံးဖြစ်၏။ သူတို့၏ တွေးခေါ်ပြောဆိုမှုဝါဒကို လူအများ လက်ခံကြ၏။ သူတို့တွင် အနီးနေ တပည့်တို့သည်လည်း များစွာရှိ၏။ သူတို့နှင့် တပည့်များ၏ စားဝတ်နေရေး စသည်တို့ကို ထောက်ပံ့ကြသော ဒါယကာ၊ ဒါယိကာမတို့သည်လည်း များစွာရှိ၏။ သူတို့ကိုယ်သူတို့ ဘုရားဟု ကြွေးကြော်ကြ၏။

သူတို့၏ ကျင့်သုံးနေသော အယူဝါဒကို အနှစ်ချုပ်ကြည့်သည့်အခါ အတ္တဝါဒကို တွေ့ရ၏။ အတ္တဝါဒသည် လူတို့ သဘောအကျဆုံးသော ဝါဒဖြစ်၏။ လူများ နှစ်သက်သော ဝါဒဖြစ်၏။ အိန္ဒိယတစ်ခွင်၌ အတ္တဝါဒသည် နှစ်ပေါင်းများစွာ ကြာမြင့်နေခဲ့ပြီဖြစ်၏။ လူတို့၏ နှလုံးသားထဲ၌ အတ္တဝါဒသည် သံမှိုစွဲသကဲ့သို့ စွဲနေခဲ့ပြီဖြစ်၏။ အတ္တဝါဒသည် လောကဌ အံဝင်ခွင်ကျမရှိ။ အတ္တဝါဒ၏ အုပ်စုထဲတွင် နိစ္စဝါဒ၊ သုခဝါဒသည် ပါရှိ၏။ လောက၏ သဘာဝတွင် နိစ္စသဘောသည် မရှိ။ သုခသဘောသည် မရှိ။ အတ္တသဘောသည် မရှိ။

သဗ္ဗညုတညာဏ်တော်ရှင် မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူလာသည့်အခါ အတ္တဝါဒနှင့် ဆန့်ကျင်နေ၏။ အတ္တဝါဒအား မြတ်စွာဘုရား တိုက်ထုတ်ခဲ့သည်မဟုတ်။ လောက၏ အမှန်တရားကို ဟောကြားသည်သာဖြစ်၏။ လောက၏ အမှန်တရားတွင် ကိုယ့်ကိုယ်ကိုယ် အစိုးရမှုအတ္တသဘောသည် မရှိ။ အစိုးမရသည့် အနတ္တသဘောသာ ရှိ၏။ ကြီးရင့်လာသော ခန္ဓာကိုယ်ကြီးကို မကြီးရင့်နှင့်ဟု အမိန့်ပေးရ၍မရ။ နာကျင်လာသော ခန္ဓာကိုယ်ကြီးကို မနာကျင်နဲ့ဟု အမိန့်ပေးရ၍ရ။ ခန္ဓာကိုယ်သဘောကို အမိန့်ပေးစိုးအုပ်၍ မရနိုင်။ ကြီးရင့်ချိန် ရောက်လာလျှင် ခန္ဓာကိုယ်သည် ကြီးရင့်မည် ဖြစ်၏။ နာကျင်ချိန် ရောက်လာလျှင် ခန္ဓာကိုယ်သည် နာကျင်မည် ဖြစ်၏။ ဤသည် အနတ္တသဘောပင်ဖြစ်၏။ ဦးဖွားရာမှ နုပျိုရာမှ အိုမင်း၏။ အိုမင်းရာမှ သေဆုံး၏။ ခန္ဓာကိုယ်၏ သဘောသည် ဤသို့ရှိ၏။ တည်မြဲခြင်းမရှိ။ ရွေ့လျားပြောင်းလဲခြင်းသဘောရှိ၍ ပြောင်းလဲဖြစ်ပျက်နေခြင်းသည် အနိစ္စပင်ဖြစ်၏။ ဆာလောင်ခြင်းသည် ဒုက္ခဖြစ်၏။ နာကျင်ခြင်းသည် ဒုက္ခဖြစ်၏။ ဆာလောင်မှု တဒင်္ဂငြိမ်းအောင် စားသောက်ရခြင်းသည် ဒုက္ခဖြစ်၏။ စားသောက်ရန်အတွက် ရှာဖွေရခြင်းသည် ဒုက္ခဖြစ်၏။

လောကကြီးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားဖြင့် ထုံးဖွဲ့ထားခြင်းဖြစ်၏။ အနိစ္စ၊ သုခ၊ အတ္တဖြင့် ထုံးဖွဲ့ထားခြင်းမဟုတ်။ အခြေမြစ်တည်ရှိနေသော အတ္တဝါဒနှင့် မြတ်ဗုဒ္ဓ ဟောသမျှတရားတို့သည် ဆန့်ကျင်၏။ အတ္တဝါဒရှုထောင့်ကကြည့်လျှင် မြတ်ဗုဒ္ဓ၏ဝါဒသည် အနတ္တဝါဒ ဖြစ်လာခဲ့၏။ အရိုးစွဲနေသော အတ္တဝါဒရုပ်ဝန်းဋ္ဌ အနတ္တဝါဒကို တည်ထောင်ရသည်မှာ ခက်ခဲ၏။ ပင်ပန်း၏။ မြတ်ဗုဒ္ဓသည် ခန္ဓာကိုယ်၏ ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြု။ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ အလေးထား၏။ အတ္တဝါဒကိုစွန့်မှ သတ္တဝါတို့၏ ဘဝသံသရာသည် အကျိုးရှိမည် ဖြစ်၏။

မြတ်စွာဘုဒ္ဓ ဟောကြားခြင်းတို့သည် လက်တွေ့ကျ၏။ စဉ်းစားတွေးခေါ်တတ်ကြသော ပညာပြည့်ဝသူတို့သည် မြတ်စွာဘုဒ္ဓ၏အယူကို လက်ခံလာကြ၏။ ဘဝ၏ အနှစ်သာရအမှန်ကို မြင်လာကြ၏။ လက်ရှိစွဲယူထားသော ဝါဒကို စွန့်လွှတ်ကာ ဗုဒ္ဓဘာသာဝင်များအဖြစ်ကို ခံယူလာကြ၏။ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလာသူများထဲတွင် မင်းများလည်း ပါ၏။ ပုဏ္ဏားများလည်း ပါ၏။ သူကြွယ်များလည်း ပါ၏။ သူဆင်းရဲများလည်း ပါ၏။ အများလေး ပါးလုံးက လူတို့သည် တဖြည်းဖြည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာကြ၏။

မဟာသက္ကရာဇ်(၁၁၀)ပြည့်နှစ်တွင် ဗုဒ္ဓဘာသာဝင်တို့သည် များပြားနေပြီ ဖြစ်၏။ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ကောသမ္ဗီ၊ ဝေသာလီ နေရာအသီးသီးတွင် ဗုဒ္ဓဘာသာဝင်များ ရှိနေပြီဖြစ်၏။ မြတ်စွာဘုဒ္ဓ၏ တပည့်သာဝကသံဃာရတနာသည်လည်း စည်စည်ကားကား ရှိနေပြီဖြစ်၏။ မြတ်စွာဘုဒ္ဓ သာသနာ၌ ကိုးကွယ်မြတ်နိုး ယုံကြည်လက်ခံသူများ ပြားလာသည့်အခါ အခြားသော အယူဝါဒတို့၌ ယုံကြည်လက်ခံသူ နည်းပါးလာခဲ့၏။ ပူရဏ

www.burmeseclassic.com

ကဿပ စသော ဆရာကြီးတို့၏ ထင်ပေါ်ကျော်ကြားမှုတို့သည် မှေးမှိန်လာခဲ့၏။ ထိုသူတို့၏ ကျော်ကြားမှုများ မှေးမှိန်လာခြင်းမှာ မြတ်စွာဗုဒ္ဓကြောင့်ဟု ထိုသူတို့ ခံယူလာကြ၏။ မြတ်စွာဗုဒ္ဓကို ရန်သူတော်အဖြစ် သတ်မှတ်လာကြ၏။ မြတ်စွာဗုဒ္ဓနှင့် သာသနာတော် တစ်ရပ်လုံး၏ ဂျက်စီးရာဂျက်စီးကြောင်းများကို အခွင့်ရတိုင်း လုပ်လာကြ၏။ ပြင်းပြင်းထန်ထန် တိုက်ခိုက်လာကြ၏။

အမှန်ကန်အားဖြင့် မြတ်စွာဗုဒ္ဓသည် အခြားသော ဘာသာဝါဒအား တိုက်ခိုက်သည်မဟုတ်။ လမ်းစဉ်တိုင်း လျှောက်လှမ်းခြင်းသာ ဖြစ်၏။ ပူရဏကဿပ စသော ဆရာကြီးတို့၏ ကျော်ကြားမှုများ မှေးမှိန်လာခြင်းမှာ မြတ်စွာဗုဒ္ဓနှင့် တိုက်ရိုက်ပတ်သက်မှုမရှိ။ သူတို့၏ ပင်ကို အရည်ချင်းနှင့်သာ သက်ဆိုင်၏။ သူတို့သည် မှားယွင်းသော အယူဝါဒအား စွဲကိုင်ထားသူဖြစ်၏။ သူတို့၏အယူဝါဒ၌ ဟန်ဆောင်မှု၊ လှည့်ပတ်မှုတို့သည်သာရှိ၏။ အယူဝါဒ၏ အရည်အချင်းသည်လည်း ဟန်ဆောင်မှု၊ လှည့်ပတ်မှုမျှသာဖြစ်၏။ လူတို့သည် ဟန်ဆောင်မှုကို ဟန်ဆောင်မှုမှန်း မသိခင်သာ ဟန်ဆောင်မှုနောက်သို့ လိုက်ကြ၏။ ဟန်ဆောင်မှုကို အမှန်ထင်ကြ၏။ လှည့်ပတ်မှုကို လှည့်ပတ်မှုမှန်း မသိခင်သာ လှည့်ပတ်မှုနောက်သို့ လိုက်ကြ၏။ လှည့်ပတ်မှုကို အမှန်ထင်ကြ၏။ အမှန်တရားကို အသေအချာ သိလိုက်ရသည့်အခါ ဟန်ဆောင်မှုကို ကျောခိုင်း၏။ လှည့်ပတ်မှုကို ပြက်ရယ်ပြုကြ၏။

လူတိုင်းသည် ဘဝ၏ တန်ဖိုးအမှန်ကို ရှာဖွေနေကြသည်ချည်းဖြစ်၏။ တန်ဖိုးအမှန်ကို မြင်လာသည့်အခါ မှားယွင်းမှုများကို မျက်ကွယ်ပြုသည်မှာ သဘာဝကျ၏။ ပူရဏကဿပ စသူတို့သည် သူတို့၏ လိုအပ်ချက်၊ မှားယွင်းချက်များကို မသုံးသပ်၊ မမြင်နိုင်ဘဲ မြတ်စွာဗုဒ္ဓနှင့် သာသနာကိုသာ ဖျက်ဆီးဖို့ ကြိုးပမ်းကြ၏။ မြတ်စွာဗုဒ္ဓသည် မဟာသက္ကရာဇ်(၁၁၀)ပြည့်နှစ်တွင် မလွဲသာ၍ တန်ခိုးတော်ကို ပြတော်မူခဲ့ရ၏။ ရေ၊ မီးအစုံ ကြီးကျယ်သော တန်ခိုးတော်ကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခဲ့၏။

တာဝတိံသာနတ်ပြည်သို့ ကြွတော်မူရခြင်း၏ ရည်ရွယ်ချက်မှာ အဘိဓမ္မာပိဋကတ်တော်ကို ဟောတော်မူရန် ဖြစ်၏။ ယနေ့မြန်မာနိုင်ငံ၌ရှိနေသော အဘိဓမ္မာပိဋကတ်သည် တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဘိဓမ္မာပိဋကတ်တော် အပြည့်အစုံမဟုတ်။ မြတ်စွာဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာပိဋကတ်ကို ဝါတွင်းသုံးလပတ်လုံး တစ်စက္ကန့်မျှ နားနေခြင်းမရှိဘဲ ဟောကြားတော်မူခဲ့ရ၏။ မြတ်စွာဗုဒ္ဓ၏ စကားတော်သည် လျှင်မြန်မှုရှိ၏။ ပကတိလူသားတို့ စကားတစ်ခွန်းပြောချိန်၌ မြတ်စွာဗုဒ္ဓသည် စကားပေါင်း(၁၂၈)ခွန်းထိ ပြောဆိုနိုင်၏။ ထိုမျှလျင်မြန်သော စကားတော်များဖြင့် ဟောကြားသည့်တိုင် အဘိဓမ္မာပိဋကတ်ကို ဝါတွင်းသုံးလလုံး ဟောတော်မူခဲ့ရ၏။

မြန်မာနိုင်ငံ၌ရှိနေသော အဘိဓမ္မာပိဋကတ်ကို သာမန်လူတို့၏ ပကတိအသံဖြင့် ရွတ်ဖတ်သည့်တိုင် (၁၅) ရက်လောက် ရွတ်ဖတ်လျှင် ပြီးဆုံးမည်ဖြစ်၏။ စာပေအရ အဘိဓမ္မာပိဋကတ်ကို သင်ကြားနည်းသည် သုံးနည်းရှိ၏။ ဝိတ္ထာရနယနည်း၊ သခ္ခေပနယနည်း၊ နာတိဝိတ္ထာရနာတိသခ္ခေပနယနည်းတို့ ဖြစ်၏။ အကျယ်တဝင့် ဟောကြားသောနည်းကို ဝိတ္ထာရနယနည်းဟု ခေါ်၏။

မြတ်စွာဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ ဝိတ္ထာရနယနည်းဖြင့် ဟောကြားတော်မူ၏။ အကျဉ်းအားဖြင့် ဟောကြားသောနည်းကို သခ္ခေပနယနည်းဟု ခေါ်၏။ မြတ်စွာဗုဒ္ဓသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဟောကြားသောနည်း ဖြစ်၏။ မကျဉ်းလွန်း မကျယ်လွန်း ဘဲ အလယ်အလတ်သဘောဖြင့် ဟောကြားသောနည်းသည် နာတိဝိတ္ထာရနာတိသခ္ခေပနယနည်း ဖြစ်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းငါးရာအား နာတိဝိတ္ထာရနာတိသခ္ခေပနယနည်းဖြင့် သင်ကြားပို့ချ ဟောကြားတော်မူခဲ့၏။ မြန်မာနိုင်ငံ၌ရှိနေသော အဘိဓမ္မာပိဋကတ်သည် အရှင်သာရိပုတ္တရာမထေရ် သင်ကြားပို့ချ ဟောကြားတော်မူခဲ့သော ပိဋကတ်ဖြစ်၏။

အဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူရန် တာဝတိံသာနတ်ပြည်သို့ ရောက်သွားချိန်၌ ဦးစွာပထမ ရောက်ရှိလာကြသော နတ်တို့သည် အကုံရနတ်၊ ဣန္ဒကနတ်၊ သန္ဓသိတနတ်တို့ ဖြစ်၏။ သန္ဓသိတနတ်နှင့် ဣန္ဒကနတ်တို့သည် မြတ်စွာဗုဒ္ဓညာဘက်၌ နေရာယူ ထိုင်ကြ၏။ အကုံရနတ်သည် မြတ်စွာဗုဒ္ဓ၏ ဘယ်ဘက်ခြမ်း၌ နေရာယူ ထိုင်၏။ ထိုနတ်များ ရောက်ရှိ၍ များမကြာမီ တစ်

www.burmeseclassic.com

www.burmeseclassic.com

သောင်းသော စကြဝဠာတိုက်မှ နတ်၊ ဗြဟ္မာတို့သည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်ရှိလာကြ၏။ နတ်၊ ဗြဟ္မာများ ရောက်ရှိလာသည့်အခါ အကံ်ရနတ်သားသည် မြတ်စွာဘုဒ္ဓ နှင့် တစ်ဆယ့်နှစ်ယူဇနာ ဝေးသောအရပ်သို့ ရောက်သွား ရ၏။ နတ်ပြည်၌ နေရာပေးမှုစနစ်သည် ဦးရာလူစနစ် မဟုတ်ပေ။ နတ်ပြည်သည် ဘုန်းကံရှိသူတို့ နေရာဖြစ်၏။

နတ်ပြည်သို့ ရောက်လာကြသော နတ်တို့တွင် ကြီး မားသော ဘုန်းကံသည် ပါရှိကြ၏။ နတ်ပြည်သို့ ရောက် ရှိလာသော နတ်တိုင်းသည် ကိုယ့်ဘုန်းကံနှင့်ကိုယ်ဖြစ်၏။ နတ်ပြည်သို့ ရောက်သည်ချင်း တူသော်လည်း ဘုန်းကံ ချင်းမူ မတူ။ ဘုန်းကံကြီးသော နတ်တို့ ရှိ၏။ ဘုန်းကံ နည်းသော နတ်တို့ ရှိ၏။ နေရာပေးမှုစနစ်တွင် ဘုန်းကံ သည် အဓိကဖြစ်၏။ ဘုန်းကံကြီးသော နတ်တို့သည် ရှေ့သို့ ရောက်ကြရ၏။ ဘုန်းကံနည်းသော နတ်တို့သည် နောက်သို့ ရောက်သွားရ၏။ ဤသည် နတ်တို့၏ စည်း ကမ်းချက်မဟုတ်၊ နတ်တို့၏ ဘုန်းရှိန်ဖြစ်၏။ ဘုန်းကံ နည်းသော နတ်တို့သည် ဘုန်းကံကြီးသောနတ်တို့၏ရှေ့၌ မနေနိုင်ကြပေ။

အကံ်ရနတ်သည် ဦးစွာပထမ ရောက်ရှိနေသော်လည်း ဘုန်းကံကြီးသောနတ်တို့ ရောက်ရှိလာသည့်အခါ နေမြဲတိုင်းသော နေရာ၌ မနေနိုင်ဖြစ်လာ၏။ နေရာဖယ်ပေးရ၏။ ကိုယ်နှင့်သင့်လျော်သောနေရာသို့ ဆုတ်ခွာသွားရင်းပင် တစ်ဆယ့်နှစ်ယူဇနာ ဝေးသွားရခြင်း ဖြစ်၏။ အကံ်ရနတ်နှင့်အတူ ဦးစွာပထမ ရောက်ရှိလာကြသော သန္ဓသိတနတ်၊ ဣန္ဒကနတ်တို့မှာမူ တည်မြဲတိုင်းသော မြတ်စွာဘုဒ္ဓ၏ ညာဘက်အရပ်၌သာ ရှိနေကြ၏။ နတ်၊ ဗြဟ္မာများ အဘယ်မျှပင်လာလာ ဣန္ဒကနတ်တို့သည် ဘယ်ပေးစရာမလို။

သန္ဓသိတနတ်သည် မြတ်စွာဘုဒ္ဓ၏ မယ်တော် ဖြစ် ခဲ့သူသောနတ် ဖြစ်၏။ သန္ဓသိတနတ်ကို အဓိကပြု၍ အတိမမွာဖိဋ္ဌကတ်ကို ဟောကြားတော်မူခဲ့ခြင်းလည်း ဖြစ်၏။ သန္ဓသိတနတ်သည် ဘုန်းကံကြီး၏။ ဣန္ဒက နတ်သည် ဘုန်းကံကြီး၏။ ဘုန်းကံဟူသည် ပြုလုပ်ခဲ့ သော ကံတရားကိုပင် ဆို၏။ အားကြီးသော ကောင်းမှု ကုသိုလ်ကံတရားကို ပြုခဲ့သူသည် အားကြီးသော ကောင်း မှု အကျိုးကို ခံစားရပြီး ဘုန်းကံကြီး၏။ အားနည်းသော

ကောင်းမှုကုသိုလ်ကံတရားကို ပြုခဲ့သူသည် အားနည်း သော ကောင်းမှုအကျိုးကို ခံစားရပြီး ဘုန်းကံနည်း၏။ နတ်ပြည်သို့ရောက်ရှိအောင် တွန်းပို့ပေးလိုက်သော ဣန္ဒက နတ်နှင့် အကံ်ရနတ်တို့၏ ကောင်းမှုကုသိုလ်ကံမှာမူ တူညီ သည်ကို တွေ့ရ၏။

ဣန္ဒကနတ်၏ အကြောင်းကံသည် ဒါနဖြစ်၏။ အကံ်ရနတ်၏ အကြောင်းကံသည်လည်း ဒါနဖြစ်၏။ ဒါန၏ သဘောကို လူတိုင်းသိကြ၏။ ပေးကမ်းစွန့်ကြဲခြင်း သဘောသည် ဒါနဖြစ်၏။ ပေးကမ်းစွန့်ကြဲခြင်းသည် ကိုယ်ပိုင်ဆိုင်သော မည်သည့်ပစ္စည်းကိုမဆို ပေးကမ်း စွန့်ကြဲခြင်းဖြစ်၏။ ဒါနတစ်ခု အထမြောက်ရန်အတွက် အကြောင်းအရာသုံးမျိုး ပြည့်စုံရမည်ဖြစ်၏။ ပေးကမ်းချင် သောစိတ်၊ ပေးကမ်းနိုင်သောဝတ္ထု၊ လက်ခံမည့်ပုဂ္ဂိုလ် ဤသုံးမျိုးသည် ပြည့်စုံရမည့် အကြောင်းအရာများဖြစ်၏။ ဤသုံးမျိုးတွင် တစ်မျိုးမျိုးချို့ယွင်းနေလျှင် ဒါနတစ်ခု ဖြစ် မလာနိုင်ပေ။

မှန်၏။ ဒါနသည် ပေးကမ်းစွန့်ကြဲခြင်း သဘော ရှိ၏။ ပေးကမ်းစွန့်ကြလိုက်မှ ဒါနဖြစ်၏။ ပေးကမ်းလို သောစိတ် မရှိလျှင် ပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာတို့သည် ဒါနအဖြစ်သို့ ပြောင်းလဲမသွားနိုင်။ လက်ခံမည့်ပုဂ္ဂိုလ် အဘယ်မျှရှိရှိ၊ ပေးကမ်းနိုင်သောဝတ္ထု အဘယ်မျှရှိရှိ ဒါန သည် ပျောက်ဆုံးနေမည်သာ ဖြစ်၏။ ပေးကမ်းနိုင်သော ဝတ္ထု မရှိလျှင်လည်း ပေးကမ်းချင်သောစိတ်ရှိခြင်းသည် ဒါနဖြစ်မလာနိုင်။ လက်ခံမည့်ပုဂ္ဂိုလ် မရှိလျှင်လည်း ပေး

www.burmeseclassic.com

www.burmeseclassic.com

ကမ်းချင်သောစိတ်နှင့် ပေးကမ်းနိုင်သောဝတ္ထုသည် ဒါန ဖြစ်မလာနိုင်။ လောကသည် မတူညီမှုများဖြင့် တည် ဆောက်ထားခြင်း ဖြစ်၏။

မတူညီသောလောကထဲ၌ ဖြတ်သန်းနေရသော ဘဝ တို့တွင်လည်း အနိမ့်အမြင့်သည် ရှိ၏။ ဘဝ၏ အနိမ့်အမြင့် တွင် ကွာခြားမှုများစွာတို့သည် ရှိ၏။ အဆင်မပြေမှုတို့ သည် နိမ့်ကျသောဘဝအား ဆွဲချလေ့ရှိ၏။ ဤသို့ ဆွဲ ချနေ၍ အလှူခံပုဂ္ဂိုလ်သည့် မရှား။ လူအများစုတို့၏ စိတ်သဘောသည်လည်း ပေးကမ်းရသည်ကို တွန့်တို့၏။ လက်ခံရသည်ကို သာယာတတ်၏။ ထိုအကြောင်းများ ကြောင့်လည်း အလှူခံပုဂ္ဂိုလ်သည် မရှား။ အလှူခံပုဂ္ဂိုလ် ရှားပါးသောနေရာသည် လူလောကဌ ရှားပါးကောင်း ရှားပါးနိုင်၏။ အလှူခံပုဂ္ဂိုလ် ပေါများသော နေရာသည် လူလောကဌ လက်ညှိုးထိုးမလွဲ ရှိနိုင်၏။ ဒါနတစ်ခု ဖြစ်မြောက်ရန်အတွက် အလှူခံပုဂ္ဂိုလ် ရှာဖွေရသည်မှာ မခဲယဉ်းလှပေ။ ပေးကမ်းစွန့်ကြဲလိုသောစိတ်ကို မွေးထုတ် ရသည်မှာ အခဲယဉ်းဆုံး ဖြစ်နိုင်၏။ ပေးကမ်းနိုင်သော ဝတ္ထုကို ရှာဖွေရသည်မှာလည်း ခက်ခဲနိုင်၏။

ဤအကြောင်းအရာသုံးမျိုး ပြည့်စုံလျှင် ဒါနသည် ဧကန်မုချ ဖြစ်လာမည်ဖြစ်၏။ ဒါနပြုခဲ့သော ဣန္ဒ္ဒကနတ် တွင် ဤအကြောင်းအရာသုံးမျိုး ပြည့်စုံခဲ့၏။ ဒါနပြုခဲ့ သော အင်္ဂုရနတ်တွင်လည်း ဤအကြောင်းအရာသုံးမျိုး ပြည့်စုံခဲ့၏။ အကြောင်းအရာသုံးမျိုးတွင် အရည်အချင်း ကိုယ်စီရှိကြ၏။ ထိုအရည်ချင်းအံ်းလျော်စွာ အကျိုးပေးမှု သည် ကြီးထွား၏။

သစ်ပင်တစ်ပင့် စိုက်ပျိုးရာ၌ မျိုးစေ့သည် အရေးကြီး ၏။ မြေသည် အရေးကြီး၏။ သစ်ပင်၏ အကိုင်း၊ အခက်၊ အသီး၊ အပွင့်တို့သည် စည်ပင်လာမည် ဖြစ်၏။ ပေါများ လာမည် ဖြစ်၏။ မျိုးစေ့မကောင်းလျှင် သစ်ပင်သည် ရှင်သန်ဖို့ရာ ခက်၏။ မြေမကောင်းလျှင် သစ်ပင်သည် အားရှိသလောက် ကြီးထွားဖို့ရာ ခက်၏။ ရေမသောက် ရလျှင် သစ်ပင်သည် စိုပြေမှု၊ လန်းဆန်းမှု၊ စည်ပင်မှု ရှိဖို့ရာ ခက်၏။ မျိုးစေ့၊ မြေ၊ ရေကောင်းပါမှ သစ်ပင် သည် စည်ပင်ကြီးထွားမည် ဖြစ်၏။ တစ်မျိုးမျိုး မကောင်း လျှင် သစ်ပင်၌ တစ်မျိုးမျိုး ချို့ယွင်းနေမည် ဖြစ်၏။ အခန့်မသင့်လျှင် သစ်ပင်သည် ရှင်သန်ခွင့်မရှိတဲ့ သေသွား နိုင်၏။ သို့မဟုတ် အစားအသောက် ငတ်ပြတ်နေသော လူကဲ့သို့ သစ်ပင်သည် ပိန်လိမ်နေမည် ဖြစ်၏။

ဒါနသည်လည်း သစ်ပင်နှင့်တူ၏။ ဒါနတစ်ခု စည် ပင်ကြီးထွားရန်အတွက် အထက်ပါ အကြောင်းအရာ သုံး မျိုးကို လိုကိုလိုအပ်၏။ စိတ်သည်လည်းကောင်း၊ လှူ ဖွယ်ဝတ္ထုသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း အရည်အချင်း ပြည့်ဝနေရမည် ဖြစ်၏။ တစ်မျိုးအရည် အချင်း မပြည့်ဝလျှင် ဒါန၏ အကျိုးပေးထွင်လည်း တစ် မျိုးမျိုး လိုအပ်နေမည် ဖြစ်၏။ ဒါန၏ မူပိုင်အကျိုးထက် သန်မှတို့သည် မှေးမှိန်မည်ဖြစ်၏။ ဒါန၏ မူပိုင်အကျိုး ပေးမှုကို တားဆီးသကဲ့သို့ ဖြစ်နေမည်ဖြစ်၏။ လွတ်လပ် စွာ အကျိုးပေးခွင့်ကို ရလိမ့်မည်မဟုတ်။ အင်္ဂုရနတ်သည် ဒါန၏ အကျိုးပေးမှုကို တားဆီးခံရသူဖြစ်၏။ အကျိုးပေး လာသော ဒါနသည် လွတ်လပ်စွာ အကျိုးပေးခွင့်ကို မရရှိခြင်း ဖြစ်၏။

ဣန္ဒ္ဒကနတ်သည် ဒါန၏ လွတ်လပ်စွာ အကျိုးပေး ခွင့်ကို ရရှိသူဖြစ်၏။ ဒါန၏ လွတ်လပ်စွာ အကျိုးပေး ခွင့်ကို ရရှိ၍ ဣန္ဒ္ဒကနတ်သားသည် ဘုန်းကံကြီး၏။ နေမြဲတိုင်းသောနေရာ၌ နေရ၏။ ဒါန၏ လွတ်လပ်စွာ အကျိုးပေးခွင့်ကို မရရှိ၍ အင်္ဂုရနတ်သားသည် ဘုန်းကံ နည်း၏။ နေမြဲတိုင်းသောနေရာ၌ မနေရဘဲ ရွှေ့ပြောင်းပေး ရ၏။

ဒါန၏ လွတ်လပ်စွာ အကျိုးပေးခွင့်ကို တားဆီး သော အရာသည် အကြောင်းအရာ သုံးမျိုးပင် ဖြစ်၏။ ပြည့်စုံရမည့် အကြောင်းအရာသုံးမျိုးတွင် တစ်မျိုးမျိုး အရည်အချင်း မပြည့်စုံ၍ဖြစ်၏။ အကြောင်းအရာ သုံးမျိုး လုံး အရည်အချင်း ပြည့်စုံနေမည်ဆိုလျှင် ဒါန၏ လွတ် လပ်စွာ အကျိုးပေးမှုကို ခံစားရမည်ဖြစ်၏။

သို့ဆိုလျှင် အကြောင်းအရာသုံးမျိုး၏ အရည်အချင်း ကို မဖြစ်မနေ လေ့လာရမည် ဖြစ်၏။ သိရှိထား ရမည် ဖြစ်၏။ အကြောင်းအရာသုံးမျိုး၏ အရည်အချင်းကား အဘယ်ပါနည်း။

(ဆက်ပါဦးမည်)

မေဇ္ဇော်ဖြင့်

မမွေးဘသက အရှင်ဥဘာသ

www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

ကြက်လည်ဆံ သီးသေး

Vitex-Penduncularis

သုံးစွဲနိုင်သောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်းများ)ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

တိုင်းရင်းဆေးဝါးမူတ်ပုံတင်အမှတ်

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, mixiimization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 09514038 9/09420007085

ဝင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း

(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁ ၄၀၃၀၉၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲတော်ရဲ့ အငလောင်းတော်ရှင်ရသေ့နှင့် သရဘင်္ဂတိ

နိဒ္ဒါမောင် (သံဖြူဇရပ်)

ကံ့ချတ်ချော်ချိန် ရောက်ပြီဆိုလျှင်
နည်းလွဲနည်းမှားတွေကို
နည်းမှန်လမ်းမှန်ဆိုပြီး လုပ်ကြတယ်။
(ဆရာတော်ကြီးအရှင်ဉာဏိသရ)

သရဘင်္ဂတိ

အနှီဇာတ်ဝတ္ထုသည် ဘုရားမပွင့်မီ အိန္ဒိယနိုင်ငံ၏ တောင်ဘက် အလယ်ပိုင်းဒေသ ဂေါရာဝတီမြစ်အနီး ကုမ္ဘဝတီမြို့ပြဒေသ၌ ဖြစ်ရပ်တစ်ခု ဖြစ်လေသည်။

ယခုတင်ပြမည့် သရဘင်္ဂဇာတ်ဟု ဆိုသော်လည်း ခေါင်းဆောင် သရဘင်္ဂရသေ့မြတ်အကြောင်း မဟုတ်ဘဲ သူ၏ လက်ထောက်ရသေ့ကြီး (၇)ဦးအနက် ကိသဝစ္ဆဆိုသော ရသေ့နှင့် ကုမ္ဘဝတီမြို့တော် ဒန္တကီမင်းလက်ထက်က အကြောင်းခြင်းရာများ ဖြစ်လေသည်။

ကိသဝစ္ဆရသေ့

ယင်းသူတော်ကောင်း ရှင်ရသေ့တစ်ပါး အပါအဝင် လက်ထောက်တပည့် (၇)ဦးနှင့် သရဘင်္ဂခေါင်းဆောင် ရသေ့ကြီးတို့ (၈)ပါးလုံးမှာ ရူပဈာန်လေးပါးနှင့် လောကီအဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါး ရထားကြသော သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများ ဖြစ်၏။

သို့သော် အရှင်မြတ်ရသေ့တို့ ပြင်ပအသွင်သန္ဌာန်မှာ ယနေ့ မိမိတို့သိရှိထားသည့် ဦးပြည်းကတုံး၊ သစ်ခေါက်ဆိုးဝတ်ရုံ၊ ဒေါက်ချာဆောင်းပုဂ္ဂိုလ်ချိုး မဟုတ်ဘဲ ဦးခေါင်းလည်းမတုံး၊ မုတ်ဆိတ်ကျင်စွယ်လည်း မရိတ်သဖြင့် သင်းတို့ ဆံပင်နှင့် ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများသည် ရှည်လျားစွာ တစ်ကိုယ်လုံး ဖားလျားချ ခြုံလွှမ်းထားသကဲ့

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ အများအမြင်မှာ လွန်မင်းစွာ အရပ်ဆိုး အကျည်းတန်သလို ဖြစ်နေ၏။

လက်ထောက်ရသေ့ကြီး(၇)ပါးမှာ (၁) သာလိသရ၊ (၂) မဓိသရ၊ (၃) မဇ္ဈရ၊ (၄)ကာလဒေဝိဋ္ဌ၊ (၅) ကိသဝစ္ဆ၊ (၆) အနုသိသရ၊ (၇) နာရဒ ..ဟူ၍ဖြစ်ရာ အမှတ်စဉ်ငါးပါး ကိသဝစ္ဆရသေ့နှင့် ဆက်စပ်အကြောင်းအရာများကိုသာ ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။

ကိသဝစ္ဆရသေ့အပါအဝင် ခေါင်းဆောင်ရသေ့ တစ်ဦးချင်း၌ တပည့်ငယ်ပေါင်း ငါးထောင်၊ တစ်သောင်းခန့် ရှိရာ ရသေ့(၈)ဦးတွင် စုစုပေါင်း တပည့်ရှစ်သောင်း၊ တစ်သိန်းခန့်ရှိပြီး ရသေ့အုပ်စုကြီးမှာ ယင်းတို့နေထိုင်ရာ ဂေါရာဝတီမြစ်ကမ်းတစ်လျှောက်၌ချည်း စုဝေးနေထိုင်ရန် မဖြစ်နိုင်သည့်အတွက် သင်တို့အား အလျဉ်းသင့်သလို အုပ်စုဖွဲ့ ခွဲနေထိုင်ကြရန် ဆရာရသေ့ကြီးက ခွင့်ပြုရာ စာအစဉ်းတွင် ဖော်ပြထားသည့် ကိသဝစ္ဆရသေ့နှင့် တပည့်များသည် ဒန္တကီမင်းအုပ်ချုပ်သော ကုမ္ဘဝတီမြို့အနီး ဥယျာဉ်ကြီးတစ်ခုတွင်ထိုင် အခြေချနေထိုင်ကြ၏။

ကိသဝစ္ဆရသေ့၊ ကိသ အဓိပ္ပာယ်မှာ ဝိန်လိမ်ခြင်း၊ ကြိုးလိုခြင်းမျိုးဖြစ်ရာ ဆံပင်ရှည်ကို ကျစ်နေအောင်ထုံးပြီး ဆံထုံးကို ခေါင်းပေါ်တင်ထားသည်ဖြစ်ရာ တစ်ကိုယ်လုံး အမွေးအမှင်များဖြင့် ခြုံလွှမ်းထားသကဲ့သို့ဖြစ်၍လည်း အပြင်အမြင်အားဖြင့် ကြည့်ရအရုပ်ဆိုးသည့်တိုင် အတွင်းနှလုံးသားက ဖြူစင်လှပေ၏။

ရသေ့တို့သည် ဒန္တကီမင်း အုပ်စိုးသည့် ကုမ္ဘဝတီမြို့ကို အမှီပြုဆွမ်းခံစား နေထိုင်ကုန်သဖြင့် အစစအရာရာ အဆင်ပြေကြလေ၏။

ပြည့်တန်ဆာမ နဂရသောဘိနီ

ထိုအချိန်က ဒန္တကီမင်းအုပ်စိုးသော ကုမ္ဘဝတီမြို့တွင် စာရေးဝင်ခန့်အပ်ထားသော နဂရသောဘိနီဆိုသည့် ပြည့်တန်ဆာတစ်ဦးရှိ၏။ ထိုခေတ်အခါက ပြည့်တန်ဆာ ဆိုသည်မှာ ယခုခေတ်ကဲ့သို့ ပြည့်တန်ဆာမျိုးမဟုတ်၊ မြင်သူတကာကို စွဲမက်လောက်အောင် အလွန်တရာ လှပတင့်တယ် ချစ်စဖွယ်ကောင်းသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော အမျိုးသမီးတစ်ဦးဖြစ်ပြီး ဘုံခုနစ်ဆင့်ပြာသာဒ်နှင့် အခြံအရံ၊ အစေအပါးတို့ဖြင့် မင်းသမီးလေးတစ်ဦးသဖွယ် နေထိုင်ရ၏။

တစ်နည်းအားဖြင့် နဂရသောဘိနီ ဆိုသည်မှာ မြို့၏ ကျက်သရေဆောင် အမျိုးသမီးတစ်ဦးဖြစ်ရာ သူမထံ ဘုရင်ကြီး၊ ဝန်ကြီး၊ စစ်သူကြီးများအပြင် အရပ်ရှစ်မျက်နှာမှ သူဌေးသူကြွယ်များပါ ပိုက်ဆံပေး ဝင်ထွက်သွားလာကြသဖြင့် ဝင်ငွေကောင်းလှသူလေး ဖြစ်၏။ ထိုအချိန် ဝင်ငွေကျဆင်းလာသော ဘုရင်ကြီး ဒန္တကီမင်းမှာ သူမ အပေါ် အကြောင်းမဲ့ မကျေမချမ်းဖြစ်ပြီး ပြည့်တန်ဆာမလေးအား အဆောင်အယောင်များ ရုပ်သိမ်းကာ နေထိုင်သည့် တိုက်ဆောင်ပေါ်မှ နှင်ချလိုက်လေ၏။

ထိုသို့ နဂရသောဘိနီ ပြည့်တန်ဆာဘဝ ရာထူးပြုတ်ပြီး ခိုကိုးရာမဲ့ ဆောက်တည်ရာမရ လျှောက်သွားစဉ် ဘုရင့်ဥယျာဉ်ထဲ ရောက်ရှိသွားရာ ခေါင်းဆောင်ရသေ့ ကိသဝစ္ဆနှင့် တွေ့ဆုံလေ၏။ အမြင်မကောင်းသော ဆံပင်၊ မုတ်ဆိတ်၊ ကျင်စွယ်များ၊ တစ်ကိုယ်လုံး ဖုံးအုပ်လျက်ရှိသော သူတော်ကောင်း ရသေ့ကို ထိုသို့ မမျှော်လင့်ဘဲ မြင်တွေ့လိုက်သည်ဖြစ်ရာ နံနက်ပိုင်းအိပ်ရာထချိန်ဖြစ်၍ အမင်္ဂလာဖြစ်သည်ဟု မှတ်ယူပြီး ရသေ့ကြီးမျက်နှာအား တံပူဖြင့် ပလုတ်ကျင်းထားသည့် အရိုအရှဲ၊ အရည်၊ အဖတ်တို့ဖြင့် တပျစ်ပျစ် တထိုထိုဖြင့် ထွေး၏။ နှုတ်မှလည်း ကာလကဏ္ဏီ သူယုတ်မာဟု စွပ်စွဲ၍ အားမနာပဆဲဆိုလေ၏။

ထိုမှ ခုနစ်ရက်မြောက်သည့်အခါ ဘုရင်ကြီးမှာ အမျက်ပြေသဖြင့် နဂရသောဘိနီအား အခေါ်ခိုင်းပြီး ယခင်အတိုင်း အဆောင်အယောင်များ ပြန်လည်ပေးအပ်လေ၏။

သူမနှင့် မရှေးမနှောင်းပင် ဝန်ကြီးတစ်ပါး ရာထူးပြုတ်ပြန်ရာ ရာထူးပြန်ရသည့် ပြည့်တန်ဆာမ သောဘိနီ၏ ယတြာချေနည်းကိုယူပြီး သူတော်ကောင်း ရသေ့ကြီးအား တံတွေးဖြင့် နာနာထွေးပြန်ရာ တိုက်ဆိုင်မှုကြောင့်ပဲလား ရှေးကံထောက်မ၍လားမှမသိ၊ တစ်ပတ်ခန့်အကြာ ရာထူးပြန်ရပြန်လေသည်။

နောက်များမကြာမီ ကုမ္ဘဝတီတိုင်းပြည်တွင် သူပုန်သူကန်များ ထကြွသောင်းကျန်းရာ နိမ့်နှင်းရန်အတွက် ဒန္တကီဘုရင်ကြီးကိုယ်တိုင် တပ်မကြီး ချီလာစဉ် ရာထူးပြန်ရသောဝန်ကြီး လျှောက်ထားချက်အရ အရှင်မင်းကြီး တိုက်ပွဲအောင်မြင်လိုလျှင် ဥယျာဉ်အတွင်းရှိ ရှင်ရသေ့

www.burmeseclassic.com

ကြီးတား တံတွေးရည်တို့ဖြင့်ထွေးရန် အကြပြုသဖြင့် ဥဏှမဲ့သော ဘုရင်ကြီးနှင့်တကွ လိုက်ပါလာသည့် ဝန်ကြီး၊ စစ်သူကြီး၊ တပ်သားများမပါကျန် ရသေ့ကြီးအား နာနာထွေးကြပြန်ရာ တိုက်တိုက်ဆိုင်ဆိုင် ဘုရင်ကြီးလည်း အောင်ပွဲရပြန်သည်။

ယင်းမှာ ကောင်းကံအရှိန် မကုန်သေးမီ မကောင်းမှုပြုကြသော ပြည့်တန်ဆာမ နဂရသောဘိနီ၊ ဝန်ကြီးတစ်ဦး၊ ဘုရင်ဒန္တကုမင်းတို့အား လုံး ကံအားလျော်စွာ ရလိုက်သည့် အခိုက်အတန့် အခွင့်အရေးမျှဖြစ်ရာ သူတော်ကောင်း ပြစ်မှားမိသည့် ဆိုးကံက ဖြစ်ချိန်တန်ပြီဆိုလျှင် ဆည်မြောင်းရေကာတာကြီးများ ကျိုးပေါက်သည့်နှယ် ဒီရေလှိုင်းလုံးကြီးများ အတားအဆီးမရှိ တလှိမ့်လှိမ့် ကျဆင်းလာသလို သင်းတို့အား ဆိုးဆိုးဝါးဝါး ဝါးမျိုဖျက်ဆီးတော့မည် ဖြစ်၏။

ကံဆိုးမိုးမောင်ကျရောက်ချိန်တန်လျှင်

ရသေ့သူတော်ကောင်းကြီးကို တံတွေးဖြင့်ထွေးသော်လည်း ကောင်းကံအရှိန် မကုန်သေးမီ ပြည့်တန်ဆာမ ရာထူးပြန်ရ၊ ဝန်ကြီးလည်း ရာထူးပြန်ရ၊ ဘုရင်ကြီးလည်း စစ်ပွဲအောင်နိုင်လိုက်သည်ဖြစ်ရာ သူတို့ဘုရင်ကြီး တော်ပေစွတဲ့ ချီးမွမ်းထောပနာပြုရင်း ကခုန်ရွှင်မြူးနေကြကုန်၏။

မကြာပေ ဘုရင်ကြီး၊ ဝန်ကြီးနှင့် ပြည့်တန်ဆာမတို့မှာ ကောင်းကံများ ကုန်ဆုံး၍ ဆိုးကံများ လိုက်ပါအကျိုးပေးတော့မည်ဖြစ်ရာ သူတော်ကောင်း ရသေ့ကြီးအား ထဲထဲဝင်ဝင် ပြစ်မှားမိသည့်အတွက် ကုမ္ဘဝတီတစ်မြို့လုံး တစ်နယ်လုံးကို စောင့်ရှောက်ကုန်ကြသော အာကာသစိုး၊ ရက္ခစိုး၊ ဘုမ္မစိုးနတ်မင်းများအားလုံး အလွန်စိတ်ဆိုးကြကုန်၏။

ထိုဖြစ်ရပ်ဆိုးကို ဆရာဖြစ်သူ သရဘင်္ဂရသေ့ကြီး အဘိညာဉ်ဖြင့် သိတော်မူသဖြင့် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော သူ၏တပည့် ကိသဝစ္ဆရသေ့ကြီးနှင့် တပည့်ရသေ့အပေါင်းတို့အားလုံး ကုမ္ဘဝတီမြို့မှ အပြီးတိုင် စွန့်ခွာစေရာ ကုမ္ဘဝတီတစ်မြို့လုံး ရသေ့၊ ရဟန်း၊ သူတော်ကောင်းဟူ၍ မရှိတော့ပေ။

ထိုသို့ သူတော်ကောင်းများ မရှိတော့သည့်အတွက် သူတော်ကောင်းတို့ကို အနီးကပ် စောင့်ရှောက်ကုန်သော နတ်များက လွန်စွာစိတ်ဆိုးပြီး ဒန္တကီဘုရင်ကြီးနှင့် မြို့သူမြို့သားအားလုံးကို စတင်ဒဏ်ခတ်လေ၏။

ရှေးဦးစွာ ပထမ မြို့ကြီးတစ်ခုလုံးသို့ မိုးကြီးသည်း ထန်စွာရွာသွန်း စိုစွတ်စေ၏။

ဒုတိယ သဲဖြူမိုး ရွာ၏။

တတိယ ပန်းမိုး ရွာစေ၏။

စတုတ္ထ ဝိုက်ဆံမိုး ရွာ၏။

ပဉ္စမ လက်ဝတ်ရာနာမိုးကြီး ရွာစေ၏။

သည်အထိ သူတို့ဘုရင်ကြီး နတ်တို့ ကောင်းချီးပေးသည်ဟု ထင်မှတ်မှားကာ ဘုရင်ကြီးနှင့် သူတို့တိုင်းသူပြည်သားအားလုံး တပြုံးပြုံးနှင့် ပျော်မဆုံးမော်မဆုံး ဖြစ်နေဆဲ နတ်များက ထိုသို့ အဆုံးစွန်သော ကောင်းကျိုးများစွာ ပေးပြီးသည့်နောက် လူသူအားလုံး လမ်းပေါ်ရောက်မြူးထူးပျော်ပါးနေကြစဉ်မှာပင်-

ဆဋ္ဌမ လက်နက်မိုးကိုလည်းကောင်း၊

သတ္တမ ကျောက်တုံးကျောက်ခဲမိုးကြီးကိုလည်းကောင်း၊

အဋ္ဌမ မီးကျီး မီးခဲမိုးကိုလည်းကောင်း၊

နောက်ဆုံး သဲမိုးကြီးကိုလည်းကောင်း ရွာသွန်းစေ၏။

ထိုအခါ ကုမ္ဘဝတီတိုင်းပြည်ရှိ လူသူအားလုံး အိုင်းဝိုင်း အပြတ်ပြတ် သွေးသံရဲရဲဖြင့် သေဆုံးကုန်လျက် သဲထုကြီးများ ဖုံးလွှမ်းကာ မြို့တော်ကြီးတစ်ခုလုံး သဲကန္တာရလွင်ပြင်ကြီး ဖြစ်သွားရသလို ဒန္တကီဘုရင်ကြီးနှင့် သူ့ တိုင်းပြည်ကြီးသည်လည်း သဲထုအောက်ရောက်ပြီး ပျောက်ခြင်းမလှ ပျောက်ကွယ်ပျက်သုဉ်းသွားရလေ၏

ဆိုးကံများ ထိုသို့ အတိုင်းအဆမသို ကျရောက်ဖိစီးလာပြီဆိုသောအခါ မည်သူတစ်ဦးတစ်ယောက်မျှ တိမ်းရှောင်ပုန်းကွယ်ချိန်မရဘဲ တော့တော့ဆိုင်ဆိုင် ဆိုးဆိုးဝါးဝါး ခါးစည်းခံရဖို့သာ ရှိပေ၏။

အနှစ်ချုပ်စစ်တမ်းထုတ်ကြစို့

ကုမ္ဘဝတီမြို့တော်ကြီး ပျက်စီးသည့် တစ်ချိန်တည်းတွင် ဂေါရာဝတီမြစ်ကမ်း၌လည်း အရှင်ရသေ့ ကိသဝစ္ဆ သူတော်ကောင်းကြီးလည်း နတ်ရွာစံချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လေ၏။ အဘိညာဉ်ရ အခိုပါ သူတော်ကောင်း ပုဂ္ဂိုလ်ကြီးအား ဂေါရာဝတီမြစ်ကမ်းဘေး၌

www.burmeseclassic.com

သင်္ကြိုဟ်သည့်အခါ သိကြားမင်းကိုယ်တိုင် ပူဇော်ခြင်းဖြစ်ရာ နတ်ရွာသို့လားသည်ဖြစ်၍ နတ်ရွာစံသည်ဟု ဆိုခြင်းဖြစ်သည်။ ဒန္တကီမင်းမှာမူ နတ်ရွာမစံမူဘဲ အဝီစိငရဲသို့ သက်ဆင်းကျရောက်သည်ဖြစ်၍ နတ်ရွာစံသည်ဟု လားလားမျှ မဆိုနိုင်ချေ။

အကောင်းကို ကောင်းသည်ဟု မမြင်၊ အဆိုးကို အကောင်းမှတ်၍ မဟုတ်မမှန်သည်ကို သိပါလျက် အကောင်းထင် အကောင်းမှတ်၍ ပြုမိမှားကြသော ယင်း ပုဂ္ဂိုလ်ကြီးမှာ အခြားသူ မဟုတ်ဘဲ လက်ဝဲတော်ရံ ပုဂ္ဂိုလ်ကြီး ရှင်မောဂ္ဂလာန်အလောင်းတော်ကြီးဖြစ်ရာ အဆိုပါ အရှင်မြတ်ကြီးအား လားလားလတ်လတ် စော်ကားပြစ်မှားမိသည်နှင့် တူလှ၏။ ထိုသို့ ကဲကြီးထိုက်သော အမှားကို ကျူးလွန်မိပြီဆိုက ယင်းတို့အားလုံး အဝီစိငရဲမှတစ်ပါး အခြားမဲ့သွားစရာဟူ၍ မရှိပေ။

သရဘင် ဇာတ်တော်ကို ပေါင်းချုပ်လိုက်သည့်အခါ သရဘင် ရသေ့ကြီးသည် ယခု ဘဒ္ဒကမ္ပာမှာ မိမိတို့ ဂေါတမဘုရားရှင် ဖြစ်လာ၏။ လက်ထောက်တပည့်ဖြစ်သူ ကိသဝစ္ဆရသေ့ကား အရှင်မဟာမောဂ္ဂလာန် ဖြစ်လာပြီး ယင်းကို မန္ဒိမဒေသ ရာဇဂြိုဟ်မြို့ဟောင်းရှိ ကာလသိလဆိုသော ကျောက်ဖျာထက်ဝယ် အရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုစဉ်က သိကြားမင်းကိုယ်တိုင် ကောင်းကင်ထက်မှ ပန်းများဖြင့် ကြဲဖြန့်ပူဇော်သွားကြောင်း သရဘင် ဇာတ်တော်လာအရ ကမ္ဘည်းမော်ကွန်း ထိုးရစ်ထားရှိကြောင်း အဋ္ဌကထာဆရာများက ဆိုလေ၏။

စာရှုသူများ အထူးသတိပြုမှတ်သားရန်မှာ ဘဝတွင် နည်းမှား လမ်းမှားများကို နည်းမှန် လမ်းမှန်ဟုထင်ကာ အသိမှား၊ အမြင်မှား၊ အမှတ်မှား မပြုမိကြဖို့ အထူးလို အပ်ကြောင်း၊ သတိပေးနှိုးဆော်လိုက်ရပေသတည်း။

နန္ဒာမောင်(သံဖြူဖရပ်)

စာကိုးစာရင်း

ဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ (Ph-D.D.Litt) ဟောပြောအပ်သော လူမိုက်တို့သွားရာလမ်းကို မှီငြမ်းရေးသားအပ်ပါသည်။

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝဒိဋ္ဌာတို့ရဲ့ အဓိပ္ပာယ်မကင်းစေနိုင်းချက်အရ

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး ဒေးဒေး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပယ်ရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်းအပည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အငြင်းအလွှဲပြုပုံခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် ဘဝခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယဉ်၊

မာတိကိုက်မာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ ဓေတုနာ ရေထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၂၅၅၉၉၅၅၂၅၂၀ ၊ ၀၉၄၂၁၀၂၁၁၆၈

www.burmeseclassic.com

အရပ်ဒေသတစ်ခုရှိ ရသေ့ကြီးတစ်ပါးသည် လွင်တီးခေါင်ပြင် တစ်နေရာ၌ နေပူကျဲကျဲအချိန်တွင် မတ်တတ်ရပ်နေသည်။ မြေကြီးမြေပြင် (သို့မဟုတ်) အခင်းအနှီးတစ်မျိုးပေါ်၌ ရိုးရိုးသားသား ရပ်နေသည်ကား မဟုတ်။ တစ်ဖက်,တစ်ဖက် ဘယ်ညာနှစ်ဖက်တွင် အုတ်ခဲခြောက်လုံးကို အထက်အောက် ဆင့်ထားပြီး ထိုအုတ်ခဲဆင့်ထားသည့်အပေါ်၌ ခြေတစ်ဖက်စီ နင်းလျက် မယိမ်းမယိုင် တည်တည်ငြိမ်ငြိမ် ရပ်နေခြင်း ဖြစ်သည်။

ထိုရသေ့ကြီး၏ မျက်လုံးများက မျက်နှာမူရာဘက်သို့ မမှိတ်မသုန် ကြည့်ရှုနေသည်။ ရသေ့ကြီး၏ လက်နှစ်ဖက်အတွင်း၌ အဖုံးဖွင့်ထားသော သပိတ်တစ်လုံးကို ပွေ့ပိုက်ထား၏။ ဖြတ်သွားဖြတ်လာကြသူများက ရသေ့ကြီး ပွေ့ပိုက်ထားသည့် သပိတ်အတွင်းသို့ အလှူငွေများကို ထည့်လှူကြသည်။

ဥက္ကလာ

မြင့်သန်းအောင်

ကုဟနဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

ရသေ့ကြီးသည် ထိုတစ်နေ့ နေဝင်မိုးချုပ်ရောက်မှ ထိုနေရာမှ ထွက်ခွာသွားတော့သည်။ အလှူခံရသည့် အလှူငွေများကို အနီးအနားမှ စေတီ၊ ပုထိုးများသို့ ဝင်ရောက်လှူဒါန်းသွားလေ့ရှိသည်။

♦ ♦ ♦

ရဟန်းကြီးဂေါတမသည် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိနိုင်ရန် အားမာန်အပြည့်ဖြင့် ကြိုးစားအားထုတ်တော်မူစဉ်က ရပ်၍လည်း ကျင့်ခဲ့သည်။ ထိုင်၍လည်း ကျင့်ခဲ့သည်။ မအိပ်ဘဲလည်း ကျင့်ခဲ့သည်။ လက်တစ်ဆုပ်စာ ပဲနှောက်ဟင်းနှင့် ရေတစ်ခွက်မျှ စားသောက်၍လည်း ကျင့်ခဲ့သည်။ လုံးဝဥသုံ့ မစားမသောက်ဘဲ အစာပြတ် ရေငတ်ခံ၍လည်း ကျင့်ခဲ့သည်။ ထိုသို့ကျင့်ခဲ့သည်မှာ တစ်ရက်၊ တစ်လ၊ တစ်နှစ်မျှသာ မဟုတ်၊ ခြောက်နှစ်တိုင်အောင် ကြာမြင့်တော်မူခဲ့သည်။ ထိုအကျင့်များဖြင့် ဗုဒ္ဓအဖြစ်သို့ကား မရောက်ရှိခဲ့။ မည်သို့သော တရားထူးကိုမျှလည်း ရတော်မူခြင်း မရှိခဲ့ပါချေ။

နောက်ဆုံးတွင် ရဟန်းကြီးဂေါတမသည် ထိုသို့သော လုပ်ရပ်များကို စွန့်ပယ်တော်မူခဲ့သည်။ ထိုလုပ်ရပ် ထို အကျင့်များသည် ဗုဒ္ဓအဖြစ်သို့ ရောက်စေနိုင်သော အကျင့်များ မဟုတ်ကြောင်း၊ ကိုယ်ခန္ဓာကို အချည်းနှီးပင်ပန်းမှုကိုသာ ဖြစ်စေသည့် လုပ်ရပ်များ၊ အကျင့်များသာဖြစ်ကြောင်း၊ ကိုယ်ဟော်တိုင် သိရှိတော်မူသဖြင့် ထိုသို့သော လုပ်ရပ်၊ ထိုသို့သောအကျင့်များကို ပယ်စွန့်တော်မူခဲ့ခြင်းဖြစ်၏။

ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည်နှင့်ပင် ဗုဒ္ဓဘုရားရှင်သည် ကိုယ်ခန္ဓာပင်ပန်းမှုကို ဖြစ်စေသည့် လုပ်ရပ်များ၊ အကျင့်များသည် တရားထူး တစ်စုံတစ်ရာကိုမျှ ရရှိစေနိုင်သည့် အကျင့်များမဟုတ်ကြောင်း၊ အစွန်းရောက်လုပ်ရပ်၊ အစွန်းရောက်အကျင့်များသာဖြစ်ကြောင်း လူဦးစွာ အတိအလင်း ဟောညွှန်ပြတော်မူခဲ့သည်။

(ဓမ္မစက္ကာ၊ ပဝတ္တနသုတ်)

ဗုဒ္ဓဘုရားရှင်၏ ဓမ္မစက္ကာ၊ ပဝတ္တနသုတ်ဖြင့် ကိုယ်ခန္ဓာတို့ ပင်ပန်းရုံမျှဖြစ်စေသော အတ္တကိလမထ အကျင့်နှင့် ကာမဂုဏ်အာရုံကိုသာ ခံစားနေမှု (ကာမသုခလ္လိက) အကျင့်များသည် တရားထူး တစ်စုံတစ်ရာကို ဖြစ်ပေါ်ရရှိအောင် စွမ်းဆောင်နိုင်သောအကျင့်များ မဟုတ်ကြောင်း၊ အစွန်းရောက် အချည်းနှီးအကျင့်များသာဖြစ်ကြောင်း အထင်အလင်း ညွှန်ပြထားမှုကို အစဉ်သတိပြုကြရမည် ဖြစ်သည်။

ထိုသို့သိရှိထားရန် လိုအပ်သည့် အရေးကြီးသော အချက်တစ်ချက်မှာ ကုဟနဝတ္ထု သုံးမျိုးပင် ဖြစ်ပါသည်။ မဟာနိဒ္ဒေသပါဠိတော်၌ ကုဟနဝတ္ထု သုံးမျိုးရှိကြောင်း၊ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ တွေ့သူ မြင်သူ ကြားရသူတို့၏ စိတ်သန္တာန်၌ အံ့သြကုန်နိုင်ဖွယ် ဖြစ်စေမည့် အပြောအဆို၊ အပြုအမူများကို ကုဟနဝတ္ထု ဟု ခေါ်ဆိုကြောင်းနှင့်

(၁) ပစ္စယပဋိသေဝနာ၊

(၂) သာမန္တဇပ္ပန၊

(၃) ဣရိယာပထ သန္နိဿိတဟူ၍ ကုဟနဝတ္ထု သုံးမျိုး ရှိကြောင်း ဟောညွှန်မိန့်ဟတော်မူခဲ့ပါသည်။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး မှီဝဲအသုံးပြုမှုနှင့် ဆက်စပ်သည့် အံ့သြဖွယ်ရာ ပြုမူပြောဆို ချက်များသည် ပစ္စယပဋိသေဝနကုဟနဝတ္ထုမျိုး ဖြစ်၏။ အစစ်အမှန်ခေါင်းပါးသည့်အကျင့်ကို ကျင့်လိုစိတ်မရှိဘဲ ခေါင်းပါးသည့်အကျင့်ကို ကျင့်နေသည့် သူတော်စင် သူတော်မြတ်ကြီးအဖြစ် သူတစ်ပါးတို့က အထင်ကြီး အသိအမှတ်ပြုပြီး သူတစ်ပါးတို့၏ ဆည်းကပ်ကိုးကွယ်မှု၊ ပေါပေါများများ လှူဒါန်းမှုကို လိုလားသည့် ယုတ်ညံ့သော စိတ်ဓာတ်ဖြင့် သူတော်စင် ရှင်ရဟန်းတို့မည်သည် အလိုနှည်း၏။ အနှည်းငယ်မျှသော အာဟာရဖြင့် ရောင့်ရဲ၏။ သုသာန်တစ်စပြင်မှ ရရှိသော အဝတ်ပိုင်းများသည် ပုံသကူသင်္ကန်းဖြစ်၍ မြတ်၏။

သစ်တစ်ပင် ဝါးတစ်ရုံမျှသည် သီတင်းသုံးရာ ကျောင်းသခိမ်းအဖြစ် လုံလောက်၏။ နွားကျင်ငယ်ရည်ဖြင့် စိမ်အပ်သော ဖန်ခါးသီးသည် ဘုရားဆေးမဟာသြသဓပင် ဖြစ်၏။ သလေးဆွမ်း၊ သားပြွမ်းဆွမ်း စသည့် ကောင်းမြတ်သော စားသောက်ဖွယ်ရာများသည်လည်း ကောင်း၊ အဖိုးထိုက် အဖိုးတန် အဝတ်သင်္ကန်းများသည်လည်းကောင်း၊ ခမ်းနားကြီးကျယ်သည့် ကျောင်းတိုက်၊ အဆောက်အအုံများသည်လည်းကောင်း ခေတ်ပေါ် ဆေးဝါးများသည်လည်းကောင်း သူတော်စင်ရဟန်းတို့နှင့် မသင့်စပ်၊ မသင့်လျော်။ မတော်မတည့် ကိလေသာနယ်ချဲ့သည့်

www.burmeseclassic.com

အသုံးအဆောင်များသာဖြစ်၏ စသည်ဖြင့် ဟိတ်ဟန်လုပ်၍ ပြောဆိုပြီး လူသူလေးပါးတို့၏ ရှေ့တွင် ဖြစ်သလို နေပြ၊ စားပြခြင်းသည် ပစ္စယပဋိသေဝနကုဟန ဖြစ်ပါသည်။

ဤသို့ပြောဆိုလျှင် မိမိအား သူတစ်ပါးတို့က အထင်ကြီးကြလိမ့်မည်။ ဆည်းကပ်ကြလိမ့်မည်။ ကိုးကွယ်ကြလိမ့်မည်ဟူသော ယုတ်ညံ့သည့် အလိုဆန္ဒများဖြင့် မိမိ၏ အနေအထိုင်၊ အပြောအဆို၊ အပြုအမူများကို ရည်ညွှန်းလျက် ဤသို့ဤပုံ နေထိုင်သူသည် တန်ခိုးကြီးသူဖြစ်၏။ သူတော်စင်သူတော်မြတ် ဖြစ်၏။ ဤသို့ဤပုံ ပြောဆိုသူသည် တန်ခိုးကြီးသူဖြစ်၏။ သူတော်စင် သူတော်မြတ် ဖြစ်၏။ ဤသို့သော အပြုအမူများကား တန်ခိုးကြီးသူ၊ မြင့်မြတ်သူတို့၏ အပြုအမူများဖြစ်၏ စသည်ဖြင့် ပြောဆိုခြင်းများသည်လည်းကောင်း၊ မိမိအား မြင့်မြတ်သော အကျင့်ကို ကျင့်ကြံအားထုတ်နေသူအဖြစ် သူတစ်ပါးတို့ အထင်ကြီးလာစေရန် ရည်သန်၍ အဓိပ္ပာယ်မဲ့ အကျိုးမပြီး၊ အချည်းနီး နှုတ်ကို လွန်စွာချုပ်တည်းမှု ဝစီပိတ်ဟု ခေါ်ဆိုနေကြသည့် ကောရဇိကအကျင့်သည်လည်းကောင်း သာမန်ဇပွန်းကုဟနများ ဖြစ်၏။

သူတစ်ပါးကို ပြောဆိုသကဲ့သို့ မိမိ၏အနီး၌ မိမိအကြောင်းကိုပင် ပြောဆိုခြင်းဖြစ်သောကြောင့် သာမန်ဇပွန်းကုဟနဟု အမည်ရခြင်း ဖြစ်သည်။

ကု၊ ကော-ယုတ်ညံ့ဆိုးညစ်သော၊

ရဇ-မြူအညစ်အကြေးနှင့်တူသည့် အလိုဆန္ဒဆိုး။

ကောရဇိက-လွန်စွာယုတ်ညံ့သော အလိုဆန္ဒဆိုးဖြင့် ပြုကျင့်နေခြင်း၊ သူတစ်ပါးတို့က မိမိအား အရိယာပုဂ္ဂိုလ်ကြီး၊ သူတော်စင်ကြီးဟူ၍ ထင်မြင်စေလိုသည့် ယုတ်ညံ့သော အလိုဆန္ဒဖြင့်သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဣရိယာပုထ်များကို ကောင်းစွာပြုပြင် လုပ်ဆောင်မှုသည် ဣရိယာပထသန္နိဿိတကုဟန ဖြစ်၏။

ဥပမာ-အမှန်တကယ်အားဖြင့် တော်သလို လျော်သလို သွားလာလေ့ရှိသူ တစ်ယောက်သည် လူအများ၏ မျက်မှောက်တွင် ကမ္မဋ္ဌာန်းတရားကို အမြဲနီစွန့်လုံးသွင်းအားထုတ်နေသူတို့၏ သွားလာခြင်းများကဲ့သို့ မျက်လွှာအောက်ချလျက် ငြိမ်သက်ဖြည်းညင်းစွာ သွားလာခြင်းများ၊ လူအများ မြင်နိုင်လောက်သည့်အရပ်၌ အချိန်နာရီ ကြာမြင့်စွာ မတ်တတ်ရပ်ပြနေခြင်းများ၊ ဈာန်သမာပတ် ဝင်စားနေဟန် ဉာဏ်နီဉာဏ်နက်သုံးလျက် စက္ခုန္ဒြေချပြီး ကြီးစွာသော ဣန္ဒြေဖြင့် ထိုင်နေခြင်းများ၊ ခက်ခဲသိမ်မွေ့သည့် တရားဓမ္မများကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်နေသည့် အမူအရာများဖြင့် ပေါ်လွင်စေရန် လုပ်ကြံ၍ မျက်မှောင်ကြုတ်ထားခြင်းများ၊ သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓဘုရားရှင်၏ လျောင်းတော်မူဟန်နှင့်တူစွာ သဏ္ဌာန်လုပ် သရုပ်ဆောင်ခဲ့သည့် ရှင်ဒေဝဒတ်၏ လက်ယာဘက်စောင်းလျက်၊ လဲလျောင်းအိပ်စက်နေခြင်းများ စသည်တို့မှာ ဣရိယာပထ သန္နိဿိတကုဟနများသာ ဖြစ်ပါသည်။

သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ထွက်လာခြင်း မရှိသေးမီအချိန်က သူတော်ကောင်းစိတ်ဓာတ် ရှိကြသူတို့သည် သံသရာဝဋ်မှ လွတ်မြောက်ကြောင်း အကျင့်ကောင်းကို ညွှန်ပြပေးနိုင်သည့် ဆရာကောင်း မရရှိကြသဖြင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ သံသရာမှ လွတ်မြောက်ကြောင်းကို စိတ်စေတနာကောင်းမွန်စွာဖြင့် ရှာကြံခဲ့ကြရသည်။ အကျင့်အမျိုးမျိုးကို ဟုတ်လိမ့်နိုးနိုးဖြင့် ကျင့်ခဲ့ကြရသည်။

သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူရာ ယခုကဲ့သို့သော သာသနာတော်တွင်း ခေတ်အခါ၌ကား လောကလူသား သူတော်ကောင်းများတို့သည် စမ်းတဝါးဝါးဖြင့် အကျင့်များပြားပြီး လမ်းမှားလိုက်နေဖွယ်ရာ အကြောင်းမရှိတော့ချေ။ သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ရန် စိတ်ဆန္ဒပြင်းပြနေသူတို့အတွက် မဂ္ဂင်ရှစ်ဖြာ မစ္ဆိုမပဋိပဒါသည် ခန့်ထည်စွာပင် တည်ရှိနေပြီ ဖြစ်၏။

ဗုဒ္ဓဘုရားရှင်သည် မလိုအပ်ဘဲ တန်ခိုးပြသခြင်း အထူးအဆန်း အံ့ဖွယ်သရဲ ပြုလုပ်ပြသခြင်းကို အလွန်တရာ စက်ဆုပ်တော်မူပါသည်။ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို ဆောင်ယူခန်း၌ တန်ခိုးအစွမ်း ပြခဲ့သည့် အရှင်ပိဏ္ဍောလဘာရဟန္တာအား များစွာသောအကြောင်းတို့ကို ဖော်ပြလျက် ကဲ့ရဲ့ရှုတ်ချတော်မူပြီး နောင်တွင် ဤကဲ့သို့ တန်ခိုးအစွမ်း ထူးဆန်းအံ့ဖွယ် ပြုလုပ်ပြသသည့် ရဟန်းအား ဒုက္ကဋ်အာပတ်သင့်ရောက်စေဟူ၍ပင် သိက္ခာပုဒ်ကို ပညတ်၍ တန်ခိုးအစွမ်း ထူးဆန်းအံ့ဖွယ် ပြုလုပ်ပြသခြင်းအမှုကို တားမြစ်တော်မူခဲ့၏။

www.burmeseclassic.com

တန်ခိုးအစွမ်း ထူးဆန်းအံ့ဖွယ် ပြုလုပ်ပြသခြင်းသည် သူတော်စင် သူတော်မြတ်တို့၏ ပဓာနကျသော ကိစ္စရပ်မဟုတ်ပါ။ တစ်မင်္ဂလာတစ်ဖိုလ် ရစေသော အကျင့်ကောင်းအကျင့်မြတ်လည်း မဟုတ်ပါ။ တန်ခိုးအစွမ်း ထူးဆန်းအံ့ဖွယ် ပြုလုပ်ပြသနိုင်ရုံမျှဖြင့်လည်း အရိယာစာရင်းဝင် သူတော်စင်များ ဖြစ်လာမည် မဟုတ်ပါ။

ကမ္ဘာကျော် မျက်လှည့်ဆရာတို့သည် ထူးဆန်းအံ့သြဖွယ်ရာများကို ကြည့်ရှုသူတို့ မရိုးအီရအောင် အမျိုးမျိုး အဖုံဖုံ ပြုလုပ်ပြသနိုင်ကြသည်ဖြစ်၏။ ဆာဒူးကြီးတို့သည် ရေပြင်ပေါ်၌ပင် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်စက်လဲလျောင်းခြင်း စသည်တို့ကို ပြုလုပ်ပြသနိုင်ကြသည်ဟု ဆိုကြသည်။ မီးနင်းပွဲအခါသမယတွင် ရဲရဲညီးပြောင်တောက်လောင်နေသည့် မီးကျီမီးခဲများအပေါ် ဖြတ်ကျော်နင်းလျှောက် သွားနိုင်သူများရှိသကဲ့သို့ ကိုယ်ခန္ဓာအနှံ့အပြားတွင် သံစူးချွန်များ ထိုးစိုက်လျက် တစ်လမ်းဝင် တစ်လမ်းထွက် ခြေသွက်နေသူများလည်း ရှိပါသည်။

ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝကအဖြစ် ခံယူထားကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် ဗုဒ္ဓဘုရားရှင်၏ စစ်မှန်သော အဆုံးအမသြဝါဒကို နှစ်နှစ်ကာကာ ယုံကြည်လက်ခံကျင့်သုံးမှသာလျှင် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမသြဝါဒ သာသနာတော်သည် အရှည်ခံထည်၍ တည်တံ့မည် ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝက အဖြစ် ခံယူရကျိုးနပ်မည် ဖြစ်၏။

ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝကအဖြစ် ခံယူထားသူဖြစ်လျက် ဗုဒ္ဓ၏ အဆုံးအမသြဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ထူးဆန်းအံ့သြဖွယ်ရာများကိုသာ အယုတ်တမာ စိတ်အားဖြင့် ပြုလုပ်ပြသနေကြသည်။ နှစ်လိုရွှင်လန်းဝမ်းပန်းတသာ ဖြစ်နေကြမည်ဆိုပါက ဗုဒ္ဓသာသနာတော်၏ အရောင်အရှိန်သည်လည်း မှိန်ဖျော့လျော့နည်းပြီး ဗုဒ္ဓဘာသာဝင်များသည်လည်း ဘာဝနာရကြမည်သာ ဖြစ်ပါသတည်း။

ဥက္ကလာ မြင့်သန်းအောင်

ကျမ်းကိုး

* မဟာနိဒ္ဒေသပါဠိတော်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်အရာရှိတောင်းတစ်ဦး

စိတ်နားငန်ရာ ကွန်းရိပ်သာ

အတွေးများကို သယ်ဆောင်ရင်း ဘဝ၏ နောက်ဆုံး တံခါးခေါက်သံကို မကြားရမီ ပင်ပန်းနွမ်းနယ်သော နှလုံးသားကို ငြိမ်ငြိမ်လေးမဟုတ်သော်လည်း တဒင်္ဂလေး အေးဆေးသော အချိန်ကို ရှာဖွေမိပါသည်။

စိပ်ပုတီးစိပ်သော အချိန်လေးတွင်ပင် အာရုံမလာသောအခါ ချမ်းမြေ့သောစိတ်၏ နားနေခြင်း၊ ကြည်မွေ့ခြင်း အရသာကို တွေ့ရှိလာပါသည်။ ဤအရသာသည် ချေး၍ ငှား၍၊ ပေး၍ ကမ်း၍ရသော အရသာမျိုး မဟုတ်ပါချေ။

ပုတီးစိပ်ခြင်းသည် သမာဓိမျိုးစေ့ပြင်သော အလုပ်ပင် ဖြစ်ပေသည်။ သမာဓိဟူသည် တည်ကြည်ခြင်းပင် ဖြစ်ပေသည်။ ပုတီးစိပ်သောအခါ စိတ်အာရုံတည်ကြည်မှုရရန် စိတ်ကို ပင်ပန်းကြီးစွာ မစိပ်မိစေရန် အရေးကြီးပေလိမ့်မည်။ ဘုရား၊ တရား၊ သံဃာဂုဏ်တို့ကို အာရုံဖြင့်ထား၍ စိတ်ကို မလေလွင့်စေရန် အရေးအကြီးဆုံးဖြစ်သည်ကို သတိပြုရပါမည်။

စိပ်ပုတီးအကြောင်းကို ပုတီးသာ စိပ်နေကြသော်လည်း ပုဂ္ဂိုလ်တိုင်း မသိပေ။ ပုတီးအကြောင်း ပုတီးစိပ်ခြင်းအကြောင်းကို စင်စစ်အားဖြင့် မည်သည့်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများတွင်မျှ မတွေ့မမြင်ဟု သုတေသီများ အဆိုအမိန့် ရှိပေသည်။

သို့ရာတွင် သာဝကများတို့အား ပစ္စည်းလေးပါးတို့၌ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲရန်ကိုကား မှာကြားဆုံးမခွင့် ပြုတော်မူသည်ကို တွေ့မြင်သိရှိရပေသည်။ ပုထုဇဉ်ရဟန်းတို့မှာကား ပစ္စဝေက္ခဏာဆင်ခြင်ရာတွင် သံဝေဂလျော့တတ်သောကြောင့် နှစ်ခေါက်ရပြီ၊ ဘဏ်ပစ္စည်းကို

www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်ပြီးပြီ စသည်ဖြင့် မှတ်ယူနိုင်ရန် အင်္ဂကထာသင်္ကယနာတင် ဆရာတို့က ထားရှိခဲ့ဟန် တူပေသည်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ စသည်တို့မှာကား သတိမေ့လျော့တတ်ခြင်း၊ မရှိသောကြောင့် ပုတီးဆောင်ရန် လိုအပ်မည် မဟုတ်ပေ။

စိပ်ပုတီးကို ကိုင်ဆောင်သုံးစွဲလိုသူတို့သည် မိမိတို့ ရည်ရွယ်ချက်၊ စိတ်ဆန္ဒ အမျိုးမျိုးရှိကြသည့် အားလျော်စွာ စိပ်ပုတီးလုံးရေကို စီမံကန့်သတ်ရာ၌လည်း တစ်ဦးနှင့် တစ်ဦးမတူ အမျိုးမျိုးအဖုံဖုံ ကွဲပြားကြ၏။

အချို့က (၁၈)လုံး၊ ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာဂုဏ်တော်(၉)ပါးတို့ ပေါင်း၍ ဂုဏ်တော်(၂၄)ပါးအား ရည်ညွှန်းကာ ပုတီး(၂၄)လုံး၊ (၃၂)ကောဋ္ဌသကိုရည်၍ ပုတီး(၃၂)လုံး၊ ကမ္မဋ္ဌာန်း(၄၀)ကို ရည်၍ ပုတီးလုံး(၄၀)ဟူ၍ အမျိုးမျိုးတွေ့ရပါသည်။

ယခုခေတ် အများသုံး ပုတီးတစ်ကုံးတွင် ပုတီးစေ့ကလေးပေါင်း(၁၀၈)စေ့ ပါရှိလေသည်။ လောကုတ္တရာအကြောင်းနှင့် စပ်သည့်အရာဖြစ်လျှင် မြတ်စွာဘုရား ခြေတော်စက်လက္ခဏာ (၁၀၈)ကွက်ကိုသော်လည်းကောင်း ရည်၍ ထားကြကြောင်း၊ လောကီကြောင်းနှင့် စပ်သည့် အရာဖြစ်လျှင် ဂြိုဟ်သက်(၁၀၈)နဝင်းကိုသော်လည်းကောင်း ရည်၍ ထားပါသည်။

ပုတီးကို ပါဠိဘာသာဖြင့် ဇပမာလာဟု ခေါ်သည်။ ဇပ-ရွတ်ဆိုခြင်း၊ သရဏ္ဂမန်ခြင်း၊ မာလာ-ပန်း (သို့မဟုတ်) အစဉ်အတန်း၊ ထို့ကြောင့် ဇပမာလာ၏အဓိပ္ပာယ်မှာ တစ်ခုခုကို ရွတ်ဆိုသရဏ္ဂမန်သောအခါ ၎င်းရွတ်ဆိုမှု အကြိမ်ပေါင်းကို မှတ်သားရန် သီကုံးထားသော အရာဝတ္ထုဟူ၍ ဖြစ်လေ၏။ မြန်မာလို ပုတီးကုံးဝင်တည်း။

စိပ်ပုဿောစကား၏ မူရင်းအဓိပ္ပာယ်မှာ မကျဲခြင်း၊ မလပ်ခြင်းဖြစ်၏။ ဆက်တိုက်မပြတ် ပြုလုပ်ရန် ဖြစ်ပေသည်။ တစ်ခုနှင့်တစ်ခု ဆက်မိပြီး မကျဲခြင်း (၀၁) စိပ်ခြင်း ဖြစ်ပေလိမ့်မည်။ စိပ်အောင်လုပ်သည် (၀၂) မကျဲအောင် လုပ်သည်ကို စိပ်သည်ဟု အဓိပ္ပာယ်ဖော်ထုတ်နိုင်ပေသည်။

တစ်နည်းအားဖြင့် စိပ်ပုဿော ဝေါဟာရ၏အနက်ကို ဆင်ခြင်ခြင်းဟူ၍လည်း ဖော်ပြကြသေးသည်။

ဘုရားပွင့်တော်မမူမီ လွန်လေပြီးသော အတိတ်ကာလကပင် ဂါထာမန္တန်စိပ်ကြောင်း၊ စုပ်ကြောင်းများကို သိသာရန်ဖြစ်သော ဝေဒဗ္ဗမန္တန်တတ်သည့် ပုဏ္ဏားဝတ္ထု၊ အသေကောင်ထစေတတ်သော မန္တန်ကိုတတ်သည့် သဒ္ဓိဝလုလင် ဝတ္ထု စသောနိပါတ်တော် များစွာရှိသည်။

ဣန္ဒဇာလကျမ်း၊ ကာမရတနကျမ်း၊ ဆကမွဒီပိကကျမ်း၊ ဘူတဒါမရကျမ်း၊ ဥသကျမ်း စသော သတ္တဋ္ဌဘာသာကျမ်းများတွင်လည်း စိပ်ပုတီးစိပ်ပုံစိပ်နည်းအကြောင်းအသီးသီးများစွာ ပါရှိသည်။ ၄င်းကျမ်းများမှာ ကမ္ဘာဦးကပင် ရှိသည်ဟူ၍ အယူရှိကြသည့် ကျမ်းများဖြစ်၏။

စိပ်ပုတီးစိပ်ကြသည့် အရာသင့်ကြောင်းကို ဘိုးတော်မင်းဘုရား သားတော် အိမ်ရှေ့မင်းသားကြီး ကိုးကွယ်ဆည်းကပ်တော်မူသော ကူကြီးဆရာတော် ဦးဃာက ၄င်းစီရင်သည့် ဥပါသကပါဠိဥပဒါကျမ်းတွင် ထုတ်ဖော်ရေးသား ပြဆိုကြောင်း၊ ၄င်းကျမ်းလည်း ယခုတိုင် ထင်ရှားရှိပါသည်။

ပုတီးစိပ်သည့်အတွက် ထပ်တလဲလဲ အောက်မေ့သတိရမှု ဖြစ်ပွားလာစေသည်။ တစ်ဖန်တလဲလဲ သတိရခြင်းကို ပါဠိလို အနုဿတိဟု ခေါ်လေသည်။ အနု-အဖန်ဖန်၊ သတိ-အမှတ်ရခြင်း။ သို့ဖြစ်၍ ပုတီးစိပ်ခြင်းအလုပ်သည် အနုဿတိကမ္မဋ္ဌာန်းသို့ သက်ဝင်လေသည်။

ပုတီးစိပ်ရာတွင်-

(၁) သာမန်ပုတီးစိပ်ခြင်း၊

(၂) အလုပ်ခွင်ချ၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းဟူ၍ နှစ်မျိုးနှစ်စား ပိုင်းခြားနိုင်ပေသည်။

သာမန်ပုတီးစိပ်ခြင်းဆိုသည်မှာ ကုသိုလ်ရနိုင်သည့် အခွင့်အရေးကောင်းကို လက်လွတ်မခံဘဲ နေရာမရွေး၊ အချိန်မရွေး ပုတီးစိပ်ခြင်းမျိုးကို ဆိုလိုသည်။

မြတ်စွာဘုရား လက်ထက်တော်အခါက အာဠဝကဘီလူးကြီးသည် မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လာပြီးနောက် ဘုရားရှင်ကို ရှိခိုးရင်း အမြဲမပြတ်အရွာရွာသို့ လှည့်လည်သွားလာခဲ့ကြောင်းကို အာဠဝကသုတ္တန်၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။ ဤအချက်သည် သွားရင်းလာရင်းပင် ဘုရားရှင်ကို အဖန်ဖန်သတိရနိုင်ကြောင်း ထင်ရှားစေသည်။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်း ဆိုသည်မှာ ပုတီးစိပ်ခြင်းကို သီးခြားလုပ်ငန်းတစ်ခုအဖြစ် သတ်သတ်အချိန်ပေးပြီး အဓိ

www.burmeseclassic.com

ဌာန်၍ ကျကျနနစိပ်ခြင်းမျိုး ဖြစ်ပေသည်။ ဤသို့ စနစ်တကျ ပုတီးစိပ်မည်ဆိုလျှင် ပုတီးစိပ်တိုင်း၊ စိပ်တိုင်း အောက်တွင် ဖော်ပြမည့် အချက်ကြီး(၁၈)ချက်ကို လက်တွေ့ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၁) ဝမ်းထဲ၌ အစာမရှိဘဲ ပုတီးစိပ်ပါလျှင် သမာဓိမရနိုင်။ ထမင်းစားပြီးခါစ ပုတီးစိပ်လျှင် စိတ်ထိုင်းမှိုင်းလာတတ်သည်။

(၂) ကိုယ်သန့်ရှင်းရမည်။ အဝတ်အစား သန့်ရှင်းရမည်။ ပုတီးစိပ်သည့်နေရာ သန့်ရှင်းရမည်။

(၃) မိမိကိုယ်ခန္ဓာ ခံ့ကျန်းမှုရှိချိန် ပတ်ဝန်းကျင်မှ အသံများ နည်းပါးချိန်မှာ အကောင်းဆုံးဖြစ်သည်။ နေမဲ့သော၊ နေ့မဟုတ်သောအခါ၊ ညအခါ အကောင်းဆုံးဖြစ်သည်။

အရဏ်တက်ချိန်၌ အားအင်ပြည့်ပြီး ကိုယ်ခန္ဓာပေါ့ပါးလန်းဆန်းခြင်း၊ အသံဗလံ နည်းပါးခြင်းတို့ကြောင့် အဓိဋ္ဌာန်ပုတီးခွင်သို့ဝင်ရန် အကောင်းဆုံးဖြစ်သည်။

(၄) ဆိတ်ငြိမ်မှုသည် အဓိကဖြစ်သည်။ ညအခါနှင့် အရဏ်တက်ချိန်များတွင် မိမိအိမ်ရှိ ဘုရားစင်ရှေ့မှာ နေရာယူလိုက်လျှင် နေရာယူမှန်ပြီဟု ဆိုနိုင်သည်။

(၅) သရဏဂုံသီလ ခံဆောက်တည်ရပါမည်။

(၆) အနန္တငါးပါးကို ကန်တော့ရပါမည်။

(၇) မေတ္တာပို့ရပါမည်။

(၈) ဘုရားပုဒ်ရပါမည်။

(၉) မိမိခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းရပါမည်။

(၁၀)ပုတီးစိပ်ကမ္မဋ္ဌာန်း တောင်းရမည်။

(၁၁)အဓိဋ္ဌာန်ပြုရပါမည်။

အဓိဋ္ဌာန်ပုံမှာ

အကျွန်ုပ်သည် ယခု ပုတီးစိပ်သောအခါ တစ်ထိုင်တည်းနှင့် ပုတီး(...)ပတ် ကောင်းစွာပြည့်မြောက်အောင် စိပ်မည်။ မည်သည့်အကြောင်းကြောင့်မျှ အထိုင်ဖျက်ခြင်း၊ ပုတီးစိပ်ဖျက်ခြင်း မပြုပါ။ ကျွန်ုပ်၏ သစ္စာဓိဋ္ဌာန်ကို မြတ်စွာဘုရားနှင့် သိကြားဒေဝါ နတ်များစွာတို့ သိကြ၊ ကြားကြ ဖြစ်ပါစေသောဝ်။

(၁၂)စနစ်တကျ ထိုင်ရပါမည်။

(၁၃)ပုတီးကိုင်နည်းစနစ် မှန်ကန်ရပါမည်။

(၁၄)မိမိပွားများလိုသော တရားဓမ္မအစုစုကို ကြိုတင်လေ့လာပြီး တရားကိုအာရုံပြု၍ ပုတီးစိပ်ရန် ဖြစ်ပေသည်။

(၁၅)ဂုဏ်တော်ကိုစိပ်လျှင် မိမိစိပ်သော ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို စူးစူးစိုက်စိုက် စိတ်ဝင်စားရမည်။ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုပါ အာရုံစူးအောင် ရှုပါလေ။ လေးလေးနက်နက် ယုံယုံကြည်ကြည် စိပ်ရပါမည်။ ဤကား ဆောင်ရမည့်အချက် ဖြစ်ပေသည်။

(၁၆)ပုတီးစိပ်နေသည့်အခိုက်အတန့်၌ တစ်ခုခုကို မျှော်ကိုးလိုလားသည့် လိုချင်စိတ် မဖြစ်စေရပေ။

ပုတီးစိပ်နေစဉ် အခြားစိတ်ကူး အဝင်မခံပါနှင့်။ ချက်ချင်းသိအောင်လုပ်ပြီး ပုတီးစိပ်သည့် ဘုရားအာရုံသို့ ဦးတည်ပေးပါ။ ဤကား ရှောင်ရန်အချက်များ ဖြစ်ပေသည်။

(၁၇)အဓိဋ္ဌာန်စေ့၍ ပုတီးစိပ်မှု ပြီးဆုံးသွားသောအခါ ချက်ချင်းမထသေးဘဲ မိမိပုတီးစိပ်ခဲ့ပုံကို ပြန်လည်ဆင်ခြင် သုံးသပ်ရပါမည်။

(၁၈)ဤသို့ဆင်ခြင်ပြီးနောက် မိမိပြုလုပ်အားထုတ်သော ပုတီးစိပ်မှု ဘာဝနာကုသိုလ်အတွက် ဆုတောင်းရန်၊ အမျှဝေရန် လိုအပ်ပါသည်။ အမျှပေးလျှင် ပေးသူမှာလည်း ကုသိုလ်တိုးလာသည်။ အမျှရသူမှာလည်း ကုသိုလ်ရသည်။

ဤပုတီးစိပ်သည့် လုပ်ငန်းကို ဆန်းစစ်ကြည့်လျှင် သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါးလုံးပြည့်စုံနေသည်ကို တွေ့ရသည်။

ရတနာသုံးပါးကိုယုံကြည်မှု-သဒ္ဓါဗိုလ်၊ အားထုတ်မှု-ဝီရိယဗိုလ်၊ မပြတ်ဆင်ခြင်အောက်မေ့ အမှတ်ရနေမှု-သတိဗိုလ်၊ စိတ်တည်ကြည်မှု-သမာဓိဗိုလ်၊ ပိုင်းခြားဝေဖန် သိတတ်မှု-ပညာဗိုလ် စသည့်ဗိုလ်ငါးပါးနှင့် ပြည့်စုံခြင်း ဖြစ်သည်။

သို့ဖြစ်သောကြောင့် ကောင်းကျိုးချမ်းသာကို လိုလားသော သူတော်ကောင်းပုဂ္ဂိုလ်တိုင်းသည် ဤလုပ်ငန်းကို ကြိုးပမ်းအားထုတ် ဖြစ်ကြပါစေသတည်း။

ဘဏ်အရာရှိဟောင်းတစ်ဦး

မှီငြမ်းစာ

(၁) အခြေခံပုတီးစိပ်နည်း [ဦးကျော်လွင်(နှစ်ဖက်လှ)]။

(၂) စိပ်ပုတီးဖြင့် အကြိုအောင်နည်း (ဦးမောင်မောင်ညွန့်)။

www.burmeseclassic.com

www.burmeseclassic.com

ကိုဇေရမြသန်း(သမိုင်း)

သိဒ္ဓိလမ်းဖြစ်ခြင်သော့နှစ်ကောင်

ပြည်ရွှေဆံတော်မုခ်ဦးရှိ ခြင်္သေ့ကြီးနှစ်ကောင်မှာ အကောင်အထည်ပမာဏအားဖြင့် ကြီးမားထည်ဝါ ခံ့ညားလှသည်။ ဗိသုကာလက်ရာအနေဖြင့် ပြေပြစ်လှပရုံသာမက ခြင်္သေ့တို့၏ ဗီဇ၊ ရဲရင့်ခြင်း အသွင်များကလည်း ဝိပြင်စွာ သရုပ်ပေါ်လွင်လျက်ရှိသည်။ အဖို့,အမ ခြင်္သေ့နှစ်ကောင်အဖြစ် အေးချင်းယှဉ်လျက် မုခ်ဦးဝတွင် တည်ငြိမ်မြင့်မားစွာ ရပ်တည်နေကြသည်။ အဘယ်ကြောင့် အဖို့,အမဟု ပြောဆိုရပါသနည်း။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် အဖို့,အမဆိုင်ရာ နေရာထားသတ်မှတ်မှု အလေ့အထများ ရှိကြသည်။ အဆိုပါ အလေ့အထများတွင် လူမျိုးတိုင်း တူညီသောအချက်မှာ လက်ယာဘက်သည် အဖို့၊ လက်ဝဲဘက်သည် အမ၊ ထို့ကြောင့် လက်ယာဘက်မှ ခြင်္သေ့ကြီးသည် ခြင်္သေ့ထီးကြီးဖြစ်၍ လက်ဝဲဘက်မှ ခြင်္သေ့သည် ခြင်္သေ့မကြီး ဖြစ်ပေသည်။ ဝိုရ်သိသာထင်ရှားသောအချက်မှာ လက်ယာဘက်ရှိ ခြင်္သေ့ကြီးသည် အမြင့် (၃၇)ပေ၊ (၇)လက်မ၊ အလျား (၂၇)ပေရှိသည်။ ခြင်္သေ့မကြီးထက် ကိုယ်ထည်ပမာဏ ဝိုမိုကြီးမားပြီး ဖိုသဘာဝဟန်ပန်အပြည့် ရှိသည်။

လက်ဝဲဘက်ရှိ ခြင်္သေ့မမှာ အမြင့်(၃၅)ပေ (၅) လက်မခွဲ၊ အလျား(၂၇)ပေ (၉)လက်မရှိပြီး မ,သဘာဝဟန် ခပ်ရိုရိုပုံသဏ္ဌာန်နှင့် လက်ယာဘက်ရှိ ခြင်္သေ့ကြီးထက် အနည်းငယ်သေးပေသည်။ အထူးသဖြင့် ဝစ္ဆမင်္ဂ(စအို)နှင့် တစ်ဆက်တည်းတွင် ပသာဝမင်္ဂ(မအင်္ဂါ) အထင်အရှားရှိနေကြောင်း တွေ့ရပါသည်။

လှိုဏ်ဂုဟာနက်နဲဆန်းကြယ်သော ဂန္ဓီရပညာရှင်များသည် ရှေးဟောင်းရုပ်တုများတွင် ထည့်သွင်းဖော်ပြ လမ်းညွှန်ပေးလျက် ရှိတတ်ပါသည်။ မြန်မာနိုင်ငံအတွင်း ခေတ်ပုထိုးမုခ်ဦးများရှေ့ရှိ ခြင်္သေ့ရုပ်တုများနှင့် မတူညီဘဲ ထူးခြားဆန်းကြယ်စွာ ထုလုပ်ထားခြင်း ဖြစ်ပေသည်။



လက်ယာဘက်ရှိ ခြင်္သေ့ထီးကြီး ပါးစပ်ထဲတွင် ကျားသတ္တဝါကို ကိုက်ချီထားပြီး လက်ဝဲဘက်ရှိ ခြင်္သေ့မ ပါးစပ်ထဲတွင် ချေသတ္တဝါကို ကိုက်ချီထားဟန် သဘာဝမှာ ဂန္ဓီရပညာရပ်များ ကိန်းအောင်းနေသည့် ခေတ္တရာ ခြင်္သေ့ကြီးနှစ်ကောင်ပင် ဖြစ်သည်။

စာပေကျမ်းဂန်လာ မရှိသော်လည်း ကျားနှင့် ချေ(ဂျီ) သတ္တဝါတို့အား ကိုက်ချီထားဟန် သင်္ကေတမှာ ခြင်္သေ့ကြီး နှစ်ကောင်အား အမျိုးမျိုးသော အဓိပ္ပာယ်များနှင့် ဖွင့်ဆိုကြသည်။ တချို့ကဆိုလျှင် ယခုကဲ့သို့ စီရင်တည်ဆောက်ထားခြင်းမှာ ခြင်္သေ့ကြီးများကို အစာကျွေးထားခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း၊ အာယပ်ကြောင့် ကျားနှင့် ချေ(ဂျီ) သတ္တဝါတို့ကို အစာကျွေးထားရပါသနည်း။ တောသုံးထောင်ကို အစိုးရသော ကေသရာစေခြင်္သေ့မင်းတို့သည် ဆာလောင်မွတ်သိပ်လျှင် သားကောင်ရရှိရန်အတွက် ကြောက်မက်ဖွယ်ကောင်းသော အသံဖြင့် သုံးကြိမ်ဟိန်း ဟောက်သည်။ ဟိန်းဟောက်သည့်အသံကား သုံးယူဇနာ ပဲ့တင်ထပ်ကုန်၏။

ခြင်္သေ့အသံ ကြားရ၍ တောနေတိရစ္ဆာန်တို့သည် ကြောက်ရွံ့ထိတ်လန့်ကြသည်။ တွင်းနေသတ္တဝါတို့ကား တွင်းထဲသို့ ဝင်ချေ၏။ ရေနေသတ္တဝါတို့ကား ရေငုပ်ကုန်၏။ တောနေသတ္တဝါများကား တောနက်ထဲသို့ ပြေးလွှားဝင်ရောက်ကြကုန်၏။ ငှက်တို့ကား ကောင်းကင်၌ ထိတ်လန့်တကြား ပျံကြကုန်၏။ တချို့သော သတ္တဝါတို့ကား ဆောက်တည်ရာ ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ကြကုန်သည်။ ထိုအခါ ခြင်္သေ့သည် မိမိနှစ်သက်ရာ သားကောင်ကို ဖမ်းယူစားသောက်လေသည်။

ခြင်္သေ့ဆာလောင်မွတ်သိပ်ကာပါက ထိုသို့ပြုလုပ်တတ်သောကြောင့် တောနေသတ္တဝါများ ဘေးဒုက္ခရောက်ကုန်၏။ ခြင်္သေ့သည် အစာစားနေရလျှင်ဖြစ်စေ၊ သူပါးစပ်ထဲတွင် အစာရှိနေလျှင်ဖြစ်စေ သူ၏ စိတ်နဲ့ဇဝေးချမ်းမြေ့သောကြောင့် မဟိန်းဟောက်တော့ပေ။ ထို့ကြောင့် ခေတ္တရာခြင်္သေ့ကြီး နှစ်ကောင်အား သက်မဲ့ရုပ်တုများပင် ဖြစ်သော်လည်း အဓိကရခြင်္သေ့ကြီးများဖြစ်၍ ဘေးဒုက္ခ အန္တရာယ်မပြုရန် အစာအဖြစ် ကျားနှင့်ဂျီ(ချေ)ကို ကိုက်ချီထားဟန်စီမံ၍ ခြင်္သေ့ကြီးနှစ်ကောင်အား အစာကျွေးထားခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။

ခြင်္သေ့ကြီးနှစ်ကောင်၏ ထူးခြားမှုများကို ရှုမြင်သုံးသပ်ကြရာတွင် အသိအမြင် အတွေးအခေါ် တူညီကြသလို တူညီကွဲပြားမှုလည်း ရှိလေသည်။ အဂ္ဂိရတိပညာရှင်များ ပြောဆိုကြရာတွင် လက်ယာဘက်ခြင်္သေ့ကြီး၏ ပါးစပ်ထဲမှ သတ္တဝါသည် ကျားဖြစ်သည်။ လက်ဝဲဘက်မှ ခြင်္သေ့မကြီး၏ ပါးစပ်ထဲမှ သတ္တဝါသည် သမင်အဖြစ် စီရင်ထွင်းထုထားကြောင်း ယူဆကြသည်။

ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရား၏ သားတော်ဖြစ်သော ပြည်ဘုရင် သီရိမဟာသီဟမဟာရာဇာသည် မူလသရေခေတ္တရာခေတ်က ထားရှိခဲ့သော ရိုးရိုးခြင်္သေ့ရုပ်တုများကို ပခုလုက်ရှိ ခြင်္သေ့ရုပ်တုအတိုင်း ထူးထူးခြားခြား ပြုပြင်ပြောင်းလဲ ထုလုပ်ထားခဲ့ခြင်းဖြစ်သည်။ မည်သည့် ရည်ရွယ်ချက်ဖြင့် ထုလုပ်ခဲ့သည်ကို မည်သူမျှ မသိရှိကြပေ။ ထိုအချိန်က ပထမဘိုးဘိုးအောင်သည် ပြည်ရွှေဆံတော်ဘုရားတည်ရှိရာ သုဒဿနတောင်မှ ထွက်ရပ်ပေါက်သွားသူဖြစ်သည်။ ခြင်္သေ့ရုပ်ကြီးများ ပြုလုပ်ရာတွင် ပထမဘိုးဘိုးအောင်၏ အစီအမံများ ပါဝင်ကြောင်း တချို့ကလည်း ယူဆကြသည်။

ပထမဘိုးဘိုးအောင်သည် ပြည်မြို့အား အန္တရာယ်ကင်းရှင်းစေရန် သတ္တဝါပြုလုပ်ထားခြင်းဖြစ်နိုင်သလို အင်္ဂါရုတ် ရွှေဖြစ်ဌေးဖြစ်လမ်းအတွက် သိဒ္ဓိထွက်ရပ်ပေါက်လမ်းကို ညွှန်ဆိုပြထားခြင်းဖြစ်ကြောင်း ယူဆသူများကလည်း ယူဆကြသည်။

ရွှေဖြစ်နည်း ဓနသိဒ္ဓိလမ်းစဉ်နှင့်တကွ ထွက်ရပ်ပေါက်ပညာကို မိမိနှင့် ကံတူသူ၊ ဉာဏ်တူသူ၊ ဝီရိယတူသူ၊ ပါရမီတူသူ ဘုန်းကံရှင်များအတွက် ယူတတ်လျှင် ပို့ကြရော ဟူသော နှလုံးသွင်းခြင်းဖြင့် ခြင်္သေ့ကြီး နှစ်ကောင်မှ လျှို့ဝှက်ခက်ခဲစွာ လှစ်ဟပြောဆိုထားကြောင်း ညွှန်းဆိုကြသည်။

ပထမဘိုးဘိုးအောင်သည် ပရိယတ္တိစာပေကျမ်းဂန်တတ်ကျွမ်းနှံ့စပ်ပြီး ဗေဒင်နက္ခတ်ပညာကိုလည်း အထူးလိုက်စားခဲ့ရုံမျှမက စာပေအရေးအသားတွင်လည်း တတ်ကျွမ်းသော စာရေးဆရာ ဝီဇာမိုးကြီးဖြစ်သည်။ သိဒ္ဓိလမ်းဆိုင်ရာ ရတု၊ ရကန်၊ လင်္ကာ၊ ကဗျာများစွာ ရေးသားခဲ့သည်။

သိဒ္ဓိလမ်းဆိုင်ရာ ရကန်တစ်ပိုဒ်တွင်-

'လယ်ယာအောင်မြေ၊ ကျွန်းထိပ်မွေတွင်၊ ပစ်သံပြေစစ်၊ ညှာမှုလုစ်၍၊ ဇမ္ဗူရာဇရွေ၊ သုံးရစ်စေဟု၊ စိတ်ပြေမများ၊ စီရင်ထားသည်၊ ဂြိုဟ်များသင့်၊ ရာဟုမင်းကို၊ တောအောကြီးလှ၊ စန္ဒရရကြေး၊ ဖီကာမွေးလျက်၊ ကန့်လက်အုပ်ပြီး၊ ဓော်ဂျီလုစွာ၊ ဖိုဝယ်မှာလျှင်၊ သာယာဖြည်းညင်း၊ တောအောသွင်းမှ၊ ကြေးစန္ဒနှင့်၊ ဖွေးကြယ်ကတင်၊ ယူငင်ခဏ၊ အသာချ၍၊ ဒေါသပြေလောက်၊ အာပေါရောက်သော်၊ သောကြာဂြိုဟ်မင်း၊ ဖြူရောင်ဝင်းနှင့်၊ ဖြန့်ခင်းစကြာ၊ လှည့်သောအခါဝယ်၊ တစ်ရာသီကွေ့၊ ခိုန်းသစ်တွင်၊ မာန်ငွေ့လျှမ်းလျှမ်း၊ ရာဟုမင်းက၊ နေနှင့်စကြာ၊

www.burmeseclassic.com



ရတနာသည်၊ ရောင်ဝါလျှမ်းလျှမ်း၊ သက်ဇောပြတ်၍၊ ဖြူလှပ်ညီးညီး၊ ဟိုင်းဆယ်စီးထက်၊ ဆယ်ပဲတက်၍၊ တွဲယှက်လေးတူ၊ ကိတ်မင်းကူသော်၊ တောင်ဇမ္ဗူရစ်၊ ရွှေစင်ဖြစ်သည်၊ တစ်သစ်နေကွယ်၊ နီဝင်းတည်း' ဟု ရွှေဖြစ်နည်း၊ နေသိဒ္ဓိလမ်းကို ညွှန်းဆိုခဲ့သည်။

ဦးအောင်ကျမ်းတွင် 'သာသနာတော်၊ ထင်ပေါ်ထွန်းပေါက်၊ အသိဉာဏ်ပေါက်ကရော့လို့၊ အထောက်အကူထားတော်မူလည်း၊ ဇမ္ဗူဒီပါတောင်လက်ယာတွင်၊ ရာမာ၊ သမိုက်၊ တစ်သောင်းတိုက်၌၊ အသိုက်ဝင်ပြု၊ ဆရာစုများတွင်၊ သူနာမည်ဟိတ်၊ ဂုဏ်တံဆိပ်နှင့်၊ ဒီဗွစက္ခု ဆရာကြီး ပြုလိုက်မည်' ဟု ညွှန်းဆိုထားသည်။

'သကျမျိုးမည်၊ မှန်သည်မယွင်း၊ တောင်မင်းဘုမိန်၊ မြေရင်နှိမ်က၊ တုမိန်စက်သွား' ဟု ဝိဇ္ဇာဓိရ်ဆရာကြီး ဘိုးဘိုးအောင်သည် ခေတ္တရာခြင်္သေ့ကြီးများဖြင့် သိဒ္ဓိစခန်းကို လမ်းပြပေးထားခြင်းဖြစ်ကြောင်း၊ အဂ္ဂိရတ်ပညာရှင်များက သိဒ္ဓိလမ်းပြခြင်္သေ့ကြီး နှစ်ကောင်ဟု ပြောဆိုကြသည်။ သိဒ္ဓိလမ်းပြ အနှစ်ချုပ်ဖြစ်သည်ဟု ပြောဆိုကြသည်။

'ခြင်္သေ့နှင့် သမင် နည်းတူကိုမြင်လျှင် သမင်မှာ ယောဟာဏ'

'ခြင်္သေ့တဲ့ပီပီ၊ ရေဝတီဆိုတဲ့ကျားနဲ့၊ ညားခဲ့လေပြီ၊ ပဉ္စမီငါးလီအတွေ့၊ အဋ္ဌမဂ္ဂင်နှင့်၊ ရွှေဉာဏ်နှင့်ဖောင်တော်ဦး၊ ကူးမည့်ယနေ့၊ နိဗ္ဗာန်ဆို သူဟုတ်လား၊ လူလုပ်တဲ့နိဗ္ဗာန် ဘယ်လိုကူးရပါ့၊ တစ်မူးရာဟန်ဖွဲ့လို့၊ တကယ့်ဉာဏ်' ဟူ၍ သာမန်လူတို့ မသိသော၊ အသိရခက်သော သိဒ္ဓိလိုင်းဆိုင်ရာ ဓာတ်စကားများဖြင့် သိဒ္ဓိလမ်းပေါက်စဉ်များကို ညွှန်းဆိုခဲ့ပေသည်။ ရုကန်အဖွဲ့စာပိုဒ်များတွင် ပါရှိသော ပါးစပ်ထဲရှိကျား၊ ချေ(ဂျီ) သတ္တဝါတို့ကို ကိုက်ချီထားသော ခြင်္သေ့ကြီးများနှင့် ဆက်စပ်မှုများ ရှိနေပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရား၊ ပုထိုးစေတီများတွင် ဘုရားလောင်းခြင်္သေ့မင်းအား ရည်ရွယ်ပြီး ခြင်္သေ့ရုပ်များ၊ ထုလုပ်ထားကြသလို ပြည်ရွှေဆံတော်ရှေ့ရှိ ခြင်္သေ့ကြီး နှစ်ကောင်မှာမူ သိဒ္ဓိ၊ မြင်းပြ ဂန္ဓိရခြင်္သေ့ကြီးနှစ်ကောင်ပင် ဖြစ်ပေတော့သည်ဟု ဟူ၍ သာ...။

ကိုရွှေမြသန်း(သမိုင်း)

မှီငြိမ်း

* နန်းကြော့သျှင်၏ စေတီပုထိုးများမှ စကားပြောသော ရုပ်တုများ။

www.burmeseclassic.com

www.burmeseclassic.com

ဂျပြတရား

ဝိုင်းခြားဆင်ခြင်

ဉာဏ်နှင့်ပညာသော်

မိုးဦးကာလမို့ မိုးက ဖြိုင်ဖြိုင်ရွာသွန်းခြင်းတော့ မရှိသေးပေ။ မိုးမမှန်သေးပေ။ မိုးက တစ်ခါတစ်ရံ၌သာ ဝေါခနဲ ရွာချသွားပြီး အတန်ကြာအောင် ပျောက်ချင့် ပျောက်နေတတ်သေးသည်။ မိုးကြောင့် ဝန်းကျင်တစ်ခုလုံး စွတ်စိုမှိုင်းမှုန်နေသည့် ရာသီမျိုးသို့ မရောက်ရှိသေး။ မြင်မြင်သမျှ ရှုခင်းများက ပွင့်လင်းနေသေးသည်။ ကြည်သာနေသေးသည်။ ထိုမျှမက တစ်ခါတစ်ရံ မှသာ ဆွတ်ဖျန်း ဆေးကြောပေးသွားတတ်သည့် မိုးရေကြောင့် သဘာဝတောတောင်များက ပို၍ပင် စိမ်းစိုလှပလျက် ရှိသည်။ မိုးရေစွတ်ထားသော သစ်ပင်တောအုပ်များက နေရောင်ပြင်းပြင်း အောက်တွင် ကျောက်စိမ်းရောင်ထပြီး တလက်လက် တောင်ပနေသကဲ့သို့ တောင်ကတုံးနှင့် ကွင်းပြင်များကမူ ဝါထိန်ပြီး ရွှေရောင်တောက်နေကြတော့သည်။ စပ်ကူးမပ်ကူးကာလ၏ တင့်မောဖွယ် ပန်းချီကားတစ်ချပ်ကို တွေ့မြင်နေရသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com

- သာယာသော ထိုကာလ၌ တောင်ပို့ရွာနှင့်ဒေသရှိ ဘေးမဲ့တောရကျောင်းအတွင်း၌ရှိ သာယာခြင်းက အလျဉ်းကင်းမဲ့လျက်ရှိသည်။ မှန်သည်။ ထိုရပ်ဝန်းတစ်ဝိုက်၌ ပဋိပက္ခတစ်ခုကြောင့် လူတစ်စုက နှစ်ဝိုက်၊ နှစ်ပက္ခ ကွဲလျက်ရှိသည်။ သူ့အုပ်စု၊ ကိုယ့်အုပ်စုအငြင်းပွားလျက် ရှိသည်။ ပဋိပက္ခအသွင်၊ ဝိရောဓိအသွင်ကို ဆောင်ယူနေသည်ဆိုမှတော့ မေတ္တာခေါင်းပါးခြင်း၊ အငြိုးသိုခြင်း၊ အမုန်းထားခြင်းများနှင့် ဖွဲ့စည်းဖြစ်တည်နေမည့် သဘောအား အထူးဆိုဖွယ် မလိုတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုရပ်ဝန်း၌ သာယာခြင်း ကင်းမဲ့လျက်ရှိသည်ဟု အထက်က ဆိုခဲ့ခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်တော့သည်။

ပဋိပက္ခဖြစ်ပွားရာနေရာမှာ ဘေးမဲ့ကျောင်းတွင်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းကလည်း ဘေးမဲ့ပြဿနာပင်ဖြစ်သည်။ ထပ်ဆင့်ရှင်းရသော် ဤကျောင်းရှိ အဖွဲ့တစ်ဖွဲ့က ဘေးမဲ့ကျောင်းဟူသည့် အမည်နာမနှင့် အညီ ဤကျောင်းတွင် နေထိုင်ကြသော ရဟန်း၊ ရှင်၊ လူမှန်သမျှ ဘေးမဲ့ကိုသာ စားသုံးရမည်။ တစ်နည်းအားဖြင့် ဘေးမဲ့စည်းကမ်းကိုသာ လိုက်နာရမည် စသည်ဖြင့် ထိုမူအတိုင်း လက်ခံထားသည်။ စွဲကိုင်ထားသည်။ အခြားသော အဖွဲ့တစ်ဖွဲ့ကမူ ဘေးမဲ့ဝါဒကို ဆန့်ကျင်သည်။ သူတို့က ဘေးမဲ့ဆွမ်းကို စားလည်း မစား၊ စားလည်း မစားနိုင်။ ဘေးမဲ့အစား ကြိုရာကိုသာ စားလိုသည် စသည်ဖြင့် ဝါဒရေးရာ ကွဲပြားကြရာမှ အပြန်အလှန်ပြောဆိုချေပ ငြင်းခုံကြရင်း ပဋိပက္ခအသွင်သို့ ရောက်မှန်းမသိ ရောက်သွားခဲ့ရခြင်း ဖြစ်သည်။

ဤ၌ ဤဘေးမဲ့တောရကျောင်း၏သမိုင်းကို အကျဉ်းမျှ ဖော်ပြလိုသည်။ ဤကျောင်းမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း(၈၀)ကျော် ကြာခဲ့လေပြီ။ ဤကျောင်း၌ သီတင်းသုံးခဲ့သော ဆရာတော်အစဉ်အဆက်မှာ ဘေးမဲ့ဆရာတော်ကြီးများသာ ဖြစ်ကြသည်။ ထိုနည်းတူ ဤကျောင်း၏ ဝေယျာဝစ္စ၊ နဝကမ္မများအတွက် ပြုစုစောင့်ရှောက်ကြကုန်သော ဒကာ၊ဒကာမများမှာလည်း ရှေးဘိုးဘွားအစဉ်အဆက်က ဆင်းသက်လာသော ဘေးမဲ့ဒကာ၊ဒကာမများသာ ဖြစ်ကြလေသည်။

ဤကျောင်း၏ နောက်ဆုံးဆရာတော်ဖြစ်သော ဆရာတော် ဦးနာဝိက ပျံလွန်တော်မူပြီးနောက်ပိုင်း ခေတ္တမျှ ဘေးမဲ့ဘုန်းကြီးနှင့် အဆက်ပြတ် သွားခဲ့ရသေးသည်။ ပြီးခဲ့သည့်နှစ်ကမှ ဘေးမဲ့ကိုယ်တော်လေး တစ်ပါးကို ပြန်လည်ရရှိခဲ့ကြသည်။ ထိုကိုယ်တော်လေးမှာ ဦးစန္ဒိမာဖြစ်ပြီး ဝါတော်မှာ လေးဝါမျှသာ ရရှိသေးသည်။ သို့ကြောင့် မနှစ်က ဝါဆိုခါနီးတွင် ဒကာများက အခက်အခဲတချို့နှင့် ကြုံကြရသည်။ ဝါတွင်း၌ ကျောင်းတွင် ထေရ်ကြီးဝါကြီးဟူ၍ အနည်းဆုံး တစ်ပါးလောက်တော့ ရှိထားသင့်သည်။ သို့မှသာ ရဟန်းခံတို့၊ ရှင်ပြုတို့လို ကိစ္စမျိုးမှအစ ကထိန်တို့၊ သိမ်တို့လို ကိစ္စမျိုးအထိ နိဿရည်းပေးမည့်သူ ရှိပေမည်။

ဝါဝင်ခါနီးတွင် သူတို့ဆန္ဒပြည့်ဝသွားသည်။ ကျောင်းသို့ အာဂန္တုကိုယ်တော်များ ကြွလာရာ ထိုကိုယ်တော်များက ဤဘေးမဲ့ကျောင်းမှာပင် ဝါဆိုတော့မည်ဟု ဆိုကြသည်။ ၎င်းတို့အားလုံး ဦးပဉ္စင်းလေး ဦးစန္ဒိမာနှင့် ခင်မင်ရင်းနှီးပြီးသူများဖြစ်ကြပြီး ထိုအဖွဲ့ထဲတွင် ဦးကုမာရက ဝါဆယ့်တစ်ဝါဖြင့် ဝါအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ထို့ပြင် ဦးကုမာရက စာပေပရိယတ်နှင့်လည်း ပြည့်စုံကာ အကျင့်သိက္ခာရော ဥပဓိရုပ်ပါ ဘာမျှပြောစရာမရှိသူ ဖြစ်သည်။ ဒကာများအတွက် ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ အာဂန္တုများကို လှိုက်လဲ့ပျူငှာ ကြိုဆိုကြသည်။

သို့ငြား ဒကာများက ဦးကုမာရတို့ကို ကြိုတင်လျှောက်ထားချက်တစ်ခု ရှိသည်။ ကြိုတင်သဘောတူညီချက် ရယူထားခြင်းဟုလည်း ဆိုနိုင်သည်။ အခြားမဟုတ်၊ ဤကျောင်းမှာ ဘေးမဲ့ကျောင်းဖြစ်သည်။ ထို့ကြောင့် ဆွမ်းမှအစ ဘေးမဲ့စည်းကမ်းအတိုင်း ဦးကုမာရတို့က လိုက်နာနိုင်ပါမည်လားဟု လျှောက်ထားကြခြင်းဖြစ်သည်။

ထိုစဉ်ကတော့ ဦးကုမာရတို့ကလည်း နေနိုင်ပါသည်။ စားနိုင်ပါသည်။ လိုက်နာနိုင်ပါသည်ဟု ခပ်လွယ်လွယ်သာ အာမဝန်ခံခဲ့ကြသည်။

တကယ်တမ်းကျတော့လည်း ဝါတွင်းတစ်ခုလုံး ဘာပြဿနာမှမရှိ။ အားလုံး အဆင်ချောခဲ့သည်သာ။ ဆရာ၊ ဒကာ ညီညွတ်ပြေလည်ခဲ့သည်သာ။ အဲ...ဝါကျွတ်ပြီးနောက် ပြဿနာကစလာတော့သည်။ ဝါကျွတ်၍ လွတ်လပ်ရေးရသဖြင့် ကိုယ်တော်များ ဟိုသွားသည်လာပြုကြသည်။ ထိုအခါ ကျောင်းအပြင်ရောက်သဖြင့် ကြိုရာနေရာ၌ ကြိုရာအစားအစာကို စားသောက်မိကြသည်။ ကျောင်းသို့ ပြန်လာသောအခါ ဘေးမဲ့ကို သဘောမတွေ့နိုင်ကြတော့။ မစားနိုင်ကြတော့။ ထိုမှစကာ ကိုယ်တော်တစ်ပါး၊ နှစ်ပါးကစပြီး စည်းစပျက်လာသည်။ ပြင်ပမှ ကြိုရာဆွမ်း(သားငါးအပါအဝင်)များကို ခံယူလာကာ ကျောင်းပေါ်တင်စားသည်အထိ ဖြစ်လာသည်။ နောက်ဆုံး ကိုယ်တော်အားလုံး စည်းပျက်သွားကာ ကြိုရာစိတ်ကြိုက် ဘဉ်းပေးသည်အထိ ဖြစ်လာကြသည်။ အဆိုးဆုံးမှာ ကျောင်းရှိ ကပ္ပိယများကို သားငါးများ ဝယ်ခြမ်းစီမံခိုင်းပြီး အုကပ်

www.burmeseclassic.com

www.burmeseclassic.com

ခိုင်းသည်အထိ ဖြစ်လာခြင်းပင်။

ဒကာများက ထိုအဖြစ်ကို မခံမရပ်နိုင် ဖြစ်ကြသည်။ ကျောင်းသို့ စုရုံးလာပြီး ကိုယ်တော်များကို ကန့်ကွက်ကြသည်။ တားမြစ်ကြသည်။ ရပ်တန်းကရပ်ရန် လျှောက်ထားကြသည်။ ကိုယ်တော်များကလည်း နောက်မဆုတ်နိုင်တော့။ ဘေးမဲ့ကို ပြန်မစားနိုင်ကြတော့။ ဤတွင် ဆရာဒကာ ခွန်းကြီး ခွန်းငယ် ဖြစ်ကြရသည်။ ငြင်းကြခုံကြ စကားနိုင်လုကြနှင့် ဖြစ်ကြရသည်။ နောက်ဆုံး ဒကာများက ဘာမှမပြောကြတော့။ ပြောလည်း ရတော့မည်မဟုတ်။ သံဃာနှင့်လူ ဆိုသည်က မည်သို့မျှ မယှဉ်သာ။ သံဃာကို နှုတ်ဖြင့် ပြောချမရသောကြောင့် ကိုယ်ထိလက်ရောက် ဆွဲရမ်းတားမြစ်ဖို့ဆိုသည်မှာ စိတ်ပင် မကူးရဲပေ။ သို့နှင့် သူတို့ဘက်က ငြိမ်နေလိုက်ကြရခြင်း ဖြစ်သည်။ သို့သော် လက်လျှော့လိုက်ခြင်း၊ အရှုံးပေးလိုက်ခြင်းကား မဟုတ်ပေ။ ဒကာအတော်များများက အိမ်သို့ မပြန်ကြတော့ဘဲ ကျောင်းမှာပင်နေပြီး ဤကိုယ်တော်များကို စွဲ၊ ဤအရေးအခင်းကိစ္စ မည်သို့ဖြေရှင်းရမည်ကို ကြိတ်၍ ကြံစည်နေကြသည်။

ဦးကုမာရတို့ကလည်း ခပ်တည်တည် ခပ်တင်းတင်း ဝင် ဆက်စခန်းသွားနေကြသည်။ ဒကာများ မရှိလျှင်လည်း ရသည်။ ကပ္ပိယမရှိလျှင်လည်း ရသည်ဟူသော ခံယူချက်ဖြင့် ဆွမ်းစားကျောင်းကို အုပ်စီးထားကာ ပုံမှန်အတိုင်း ကြံရာကိုသာ ဆွမ်းခံ ဆွမ်းစား လုပ်နေကြသည်။ နှုလ ကျောင်းစောင့် ဦးပဉ္စင်းလေး ဦးစန္ဒိမာခမျာမှာ ဝါကြီးကိုယ်တော်များကိုလည်း ကြောက်ရွံ့ရ၊ လေးစားရ၊ ဓိဓိဒကာများကိုလည်း ငဲ့ညှာရ အားနာရနှင့် ဗျာများနေရှာသည်။ သို့သော် သူက အခြားကိုယ်တော်များနှင့် ပူးပေါင်းနေရသော်လည်း စိတ်ဓာတ်အားဖြင့်မူ ဒကာများဘက်သို့ ဆိုင်သည်။ လက်ရှိတွင်လည်း ဘေးမဲ့ဒကာများ အိမ်သို့ သာ ဆွမ်းရပ်ပြီး ဘေးမဲ့ကိုသာ ဘုဉ်းပေးလျက်ရှိသည်။ ဤအချက်နှင့်ပတ်သက်၍တော့ ဦးကုမာရက ဦးစန္ဒိမာကို ဆော်သြမျှ မဝေဖန်ပေ။ ဘေးမဲ့မစားနှင့်ဟု မတားမြစ်သလို ကြံရာစားပါဟုလည်း မတိုက်တွန်းချေ။

ဆိုခဲ့သည့်အတိုင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ သူအယူအဆ၊ ကိုယ့်အယူအဆ စွပ်စွဲပြစ်တင် ငြင်းခုံခြင်းများ မရှိတော့သော်လည်း အခြေအနေက တင်းမာနေမြဲဖြစ်သည်။ ထို အဖွဲ့နှစ်ဖွဲ့တွင် ပါဝင်ကြသော ပုဂ္ဂိုလ်များကို အတိအကျ ဖော်ပြရပါက ကြံရာကိုယ်တော်များအဖွဲ့တွင် ဦးကုမာရ နှင့်အတူ ဦးဣန္ဒာစာရ၊ ဦးပညာဇောတ၊ ဦးဉာဏိန္ဒ၊ ဦးအရိန္ဒမ အစရှိသော ကိုယ်တော်များ ပါဝင်ကြသည်။ ဘေးမဲ့ဒကာများအဖွဲ့တွင်မူ အ·ထ·ကကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်က ဦးဆောင်ကာ ဦးကြင်သိန်း၊ ဒေါ်အေးခင်၊ ဒေါ်လှမြင့်၊ ကိုမောင်ခိုင် အစရှိသူများ ပါဝင်ကြ၏။ သူတို့နှင့် လိုက်ပါလာသော အခြားအဖော်သဟဲများ၊ အဆွယ်အပွားများကိုပါ ထည့်တွက်ပါက ဘေးမဲ့အဖွဲ့က အင်အားစုစုပေါင်း (၂၀)ကျော်ခန့်ရှိသည်။ ဦးကုမာရတို့အဖွဲ့က ဒကာများ တပ်ချထားရာ ဓမ္မာရုံဘက်သို့ မကူးကြဘဲ မိမိတို့ ကျောင်းဆောင်များမှာပင် ခပ်တင်းတင်း နေနေကြသကဲ့သို့ ဒေါ်လှကြည်တို့ အဖွဲ့ကလည်း ဆွမ်းစားကျောင်းနှင့် ကိုယ်တော်များရှိရာဘက်သို့ ယောင်၍မျှ မသွားဘဲ ဓမ္မာရုံမှာပင် ခြေကုပ်ယူနေကြသည်။

လိပ်ခဲတည်းလည်းဖြစ်နေသော အခြေအနေကို ပတ်ဝန်းကျင်ကလည်း ရိပ်မိကြသည်။ အနီးအပါးမှ လူများက ကျောင်းသို့ အလည်လာသလိုလို ဘာလိုလိုနှင့် မယောင်မလည်ရောက်လာကာ စူးစမ်းသမျှ၊ စပ်စုသမျှပြုကြသည်။ တောင်ပို့စွန်း သာသနာ့နုယ်မြေအတွင်းရှိ အခြားကျောင်းတိုက်များမှ ရဟန်း၊ သီလရှင်၊ ကပ္ပိယ အစရှိသူများကလည်း ဟို့မှသည်မှ ရောက်လာကြကာ အဖွဲ့နှစ်ဖွဲ့စလုံးနှင့် တွေ့ဆုံပြီး သတင်းမေးကြသည်။ စနည်းနာကြသည်။ အဖွဲ့နှစ်ဖွဲ့စလုံးကလည်း မိမိတို့ စွဲကိုင်ထားသည့် မူဝါဒ အယူအဆများကို မေးလာသူများအား အားတက်သရော ရှင်းပြကြသည်။ ရှင်းပြရင်းမှလည်း မိမိတို့ကသာ မှန်ကန်ကြောင်း စည်းရုံးရေးစကား ပြောလိုက်ကြသည်။

ဤခဏ ကြံရာအဖွဲ့တွင် ဦးကုမာရက လာသမျှ ဧည့်သည်တိုင်းကို ခိုင်ခံရှင်းပြနေရသူဖြစ်ရာ ဧည့်သည်ကသာ တစ်ဦးပြီးတစ်ဦး ပြောင်းသွားမည်ဖြစ်သော်လည်း ဦးကုမာရ ရှင်းပြသော အကြောင်းအရာများ၊ အချက်အလက်များက ပြောင်းလဲမှုမရှိပေ။ တစ်ပုံစံတည်း၊ တစ်မျိုးတစ်မည်တည်းသာ ဖြစ်လျက်ရှိသည်။ ဥပမာအားဖြင့် ပြင်ပမှ ဒကာတစ်ဦးက အခြေအနေကို လာရောက်စုံစမ်းသည်ဆိုပါစို့။ ဦးကုမာရက ထိုဒကာကို အောက်ပါပြောကို ပြောစဉ်အတိုင်း ဖြေကြားရှင်းလင်းလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

'ဒကာကြီး စဉ်းစားကြည့်ပေါ့ဗျာ။ ဦးပဉ္စင်းတို့ ခုလို ရပ်တည်နေတာတာ ကျောင်းရချင်လို့လည်း မဟုတ်ဘူး။ တခြားဘာမှရချင်လို့လည်း မဟုတ်ဘူး။ မှားယွင်းနေတဲ့ အတွေးအခေါ် အယူအဆတွေကို ခေါ်ချပစ်ချင်လို့ဗျ။ ချေပှန်းပစ်ချင်လို့ပဲ'

'တင်ပါ့ဘုရား'

'ဘယ်ဗျာ... ဒီဘေးမဲ့ဝါဒဆိုတာ ဘုရားဟောလည်း မရှိသလို ဗုဒ္ဓဘာသာအယူလည်း ဟုတ်မှ မဟုတ်ဘဲ။ ဗြဟ္မဏတို့၊ ဟိန္ဒူတို့က ဆင်းသက်လာတဲ့ အယူတွေပဲ။ ဒါတွေကိုပဲ ဦးပဉ္စင်းတို့က ဘုရားသားတော်တွေလုပ်ပြီး လက်ခံနေရဦးမှာလား။ လိုက်နာနေရဦးမှာလားဗျ'

'တင်ပါ့ဘုရား'

'ဘုရားရှင်ကိုယ်တိုင် ဆွမ်းခံရင်း သပိတ်ထဲ ကျသမျှ ဘဉ်းပေးတော်မူတာပဲဗျ။ ဘာသားမစားရဘူး၊ ညာသား မစားရဘူးဆိုတာ မရှိပါဘူး။ မတားမြစ်ပါဘူး။ ကြားသား မြင်သား ဆိုတာတွေကလွဲလို့ ကြိုက်ရာစားဖို့ ခွင့်ပြုတော်မူထားတာပဲ။ အဓိပ္ပာယ်မရှိတဲ့ ဒီဝါဒ၊ ဒီအကျင့်တွေကို ဦးပဉ္စင်းတို့က ထောက်ခံနေတယ်။ ကျင့်သုံးနေတယ်ဆိုရင် သဘာဝကျပါဦးမလား။

ဒကာကြီး တွေးကြည့်ပေါ့ဗျာ။ သတ္တဝါတွေဟာ သံသရာတစ်လျှောက်လုံး သူမါးစပ်ထဲ ငါဝင်၊ ငါ့ပါးစပ်ထဲ သူဝင်နဲ့ အသားစားလာခဲ့ကြတာပဲ။ ခုကမှ စားသူရှိလို့ သတ်သူ ရှိရမဲ့တယ်။ စားသူမရှိရင် သတ်သူ မရှိဘူး။ သတ်သူ မရှိရင် သတ္တဝါတွေ အသက်ချမ်းသာမယ်ဆိုတဲ့ သူတို့ရဲ့ ကယ်တင်ရေးဘုရားကြီးက စာကယ်မရော ဖြစ်နိုင်လို့လား။ တကယ်ရော ယုတ္တိရှိလို့လား။ ဒီလမ်းစဉ် ဒီယုံကြည်ချက်ကြီးက အောင်မြင်မယ်လို့ရော ထင်လို့လား။ ဖေးပါအေးဗျာ။

ဦးပဉ္စင်းတို့က ရဟန်းသီလ၊ ရဟန်းဝိနည်းနဲ့ ညီအောင် ကြိုးစားပြီး နေကြသားပဲ။ ဒါဆိုရင် ဒကာတွေ ဘက်က ကျေနပ်သင့်ပြီပေါ့ဗျာ။ ဟိုဟာ မစား၊ ဒီဟာ မစားရတွေ ဘာလိုက်ကန့်သတ်နေစရာ လိုသလဲ။ ဆူးကြားက ဘူးခါးဖမာ နေနေကြရတဲ့ ဦးပဉ္စင်းတို့ ရဟန်းဘဝမှာ သာယာစရာ၊ မက်မောစရာဆိုလို့ ဒီရသာရုံလေးတစ်ခုပဲရှိတယ်။ ဒါလေးကိုတောင် လိုက်ချုပ်ချယ်နေမှတော့ ဦးပဉ္စင်းတို့က ဘယ်သွားနေရတော့မလဲ။ ဟုတ်တယ် မဟုတ်လား'

'တင်ပါ့ဘုရား'

ဤကဲ့သို့ပင်ဖြစ်သည်။ ဦးကုမာရက ထိုကဲ့သို့ တစ်ပါးတည်း ခိုင်ခံပြောကြားနေသော်လည်း ဘေးမဲ့အဖွဲ့က မူ သင့်ရာလူကသာ ကြဲလာသမျှဧည့်သည်ကို ရှင်းလင်းသမှုပြုကြသည်။ ဒေါ်လှကြည် ပြောလျှင်ပြော၊ သို့မဟုတ် ဦးကြည်သိန်း၊ ဒေါ်အေးခင်တို့က ပြောကြသည်။ မည်သို့ဆိုစေ နောက်ဆုံးမှာတော့ သူတို့နှစ်ဖွဲ့က သဘောတူညီချက်တစ်ခု ရရှိသွားကြသည်။ ဤကိစ္စကို သက်ဆိုင်ရာသို့ တင်ပြမည်။ ပြဿနာအား အဆုံးအဖြတ်ပေးနိုင်မည့် ဆရာတော်ကြီးများအား ပင့်ဖိတ်မည်။ ထိုဆရာတော်ကြီးများ ရှေ့မောက်တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် ထွက်ဆိုကြမည်။ ဆရာတော်ကြီးများက ကြားနာစစ်ဆေးဖြီးနောက် အဆုံးအဖြတ်ကို မိန့်ကြားလိမ့်မည်။ ထိုအဆုံးအဖြတ်အတိုင်း အဖွဲ့နှစ်ဖွဲ့လုံးက လိုက်နာကြရမည်။ အကယ်၍ ကြိုရာကိုယ်တော်များက ရုံးနိမ့်ခဲ့လျှင် ဤကျောင်းမှ ထွက်ခွာပေးရမည်။ ဘေးမဲ့အဖွဲ့က ရှုံးခဲ့လျှင် ဤကျောင်း၏ ဘေးမဲ့စည်းကမ်းကို ဖျက်သိမ်းပေးမည်။ နောက်ဆုံးတော်မေးမည် စသည်ဖြင့် သဘောတူညီလိုက်ကြခြင်း ဖြစ်သည်။

မကြာမီ မြို့ပေါ်ရှိ သံဃာအဖွဲ့အစည်းမှ ဆရာတော်ကြီးသုံးပါး ကြွလာမည့် အကြောင်းကို အဖွဲ့နှစ်ဖွဲ့လုံးမှ သိရှိကြရသည်။ ဤတွင် ဦးကုမာရက ကြိုတင်၍ဝမ်းသာသွားမိသည်။ အကြောင်းမှာ ကြွလာမည့် ဆရာတော်သုံးပါးထဲမှ ဥက္ကဋ္ဌဆရာတော်ဖြစ်သော ဆရာတော် ဦးဝိစိတ္တမှာ သူနှင့် အလွန်ချစ်ကြည်ရင်းနှီးသော ဆရာတော်ကြီး ဖြစ်နေသောကြောင့်ပင်။ စာပေပရိယတ်နှင့်ပြည့်စုံပြီး ဝိနည်းဝိုဋ်တစ်ပါးလည်းဖြစ်သော ထိုဆရာတော်ကြီးမှာ သူအတွက် ဆရာဆိုလည်းဟုတ်၊ မိဘဆိုလည်းဟုတ် ဆိုသကဲ့သို့ပင် ဖြစ်သည်။ သို့ကြောင့် ထိုဆရာတော်ကြီး ပါဝင်လာမည်ကို သိရှိရသည့်အတွက် ဦးကုမာရ အလွန်ဝမ်းသာမိသည်။ အလူးအားဖြင့် မိမိတို့က ရဟန်းသီကို ကြိုးစားစောင့်ထိန်းပါလျက် ဘာမဟုတ်သည့် အစားတစ်လုတ် ကိစ္စအတွက် ဒကာများ၏ ကန့်လန့်တိုက်နေမှုကို ဆရာတော်ကြီးများက ဟုတ်တိုင်းမှန်စွာ နားလည်သိမြင် စိုရင်ဆုံးဖြတ်ပေးမည့်အဖြစ်အား ကြိုတင်မျှော်တွေးရင်း ပီတိအဖြစ်ကြီး ဖြစ်နေမိလေသည်။

www.burmeseclassic.com

တစ်ချိန်တည်းမှာပင် ဘေးမဲ့ဒကာများကလည်း ဖြစ်သင့်ဖြစ်ထိုက်သည်ကို တော်တည့်ဖြောင့်မှန်စွာ ဆုံးဖြတ်ပေးတော်မူမည့် ထိုဆရာတော်ကြီးများအား စောင့်မျှော်ရှုံး လိုအပ်သမျှ ကြိုတင်ပြင်ဆင်ထားကြခြင်းနှင့်အတူ စိတ်ပါ လူပ်ရှားနေမိကြလေသည်။

♦ ♦ ♦

မကြာမီ ဆရာတော်များ ကျောင်းသို့ ကြွရောက်လာကြသည်။ ရောက်ရောက်ချင်းပင် ဆရာတော်များက လုပ်ငန်းစသည်။ အစီအစဉ်အရ နှစ်ဖက်အဖွဲ့များကို တွေ့ဆုံစစ်မေးသွားမည်။ ပြီးလျှင် ဆရာတော်များ အချင်းချင်း အစည်းအဝေးထိုင်မည်။ ဆုံးဖြတ်ချက်ချမည်။ ထိုလုပ်ငန်းများကို တစ်နေ့တည်း အပြီးလုပ်ဆောင်မည်။ နေ့မကူးစေဘဲ ဆောင်ရွက်ပြီးနောက် ဆရာတော်များက ပြန်ကြွကြမည်။

သို့နှင့် *ဆရာတော်များအဖွဲ့က* သီးသန့်ကျောင်းဆောင်တစ်ခုတွင် နေရာယူပြီး ဦးကုမာရတို့ ကြိုရာအဖွဲ့ကို ဦးစွာခေါ်ယူတွေ့ဆုံသည်။ ဦးကုမာရတို့တစ်ဖွဲ့လုံး ဆရာတော်များရှေ့မှောက်သို့ သွားရောက်ကြရသည်။ ဦးကုမာရက ဆရာတော် ဦးဝိစိတ္တနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် စိတ်က ရွှင်လန်းတက်ကြွလာသည်။ ဆရာတော်ဘေးသမျှကို ဖျတ်လတ်သွက်လက်စွာ တင်ပြသည်။ လျှောက်ထားသည်။ ဖြစ်စဉ်အစအဆုံးနှင့်တကွ ပြဿနာ၏ သဘောသရုပ် အနှစ်ချုပ်တို့ကို စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံ တင်ပြသည်။ လိုအပ်သော အကိုးအကားများ၊ အထောက်အထားများ၊ မြတ်စွာဘုရား၏ ဟောစဉ်များကို ပါ ဘက်စုံထောင့်စုံမှ ဟာကွက်မရှိအောင် တင်ပြသည်။

ဦးကုမာရတင်ပြသမျှကို ဆရာတော်ဦးဝိစိတ္တက စိတ်ဝင်တစား နားထောင်သည်။ တစ်ချက်,တစ်ချက်တွင် ထေားထောက်ရင်း ဝင်မေးမြန်းသည်။ အများအားဖြင့်တော့ ဦးကုမာရ တင်ပြသမျှကို ဒါ ဟုတ်တာပေါ့။ ဒါ မှန်တာပေါ့။ မင်းပြောတာ သဘာဝကျပါတယ် စသည်ဖြင့် ထောက်ခံချက်ပေးလျက်ရှိသည်။ သို့အတွက် ဦးကုမာရက အားတက်ရသည်။ ဝမ်းသာရသည်။

အားလုံး စစ်မေးခြင်းကိစ္စ ပြီးစီးသောအခါ ဤပွဲ၌ တို့ သေချာပေါက် အနိုင်ရမည်ဟူသော စိတ်ပိုင်းဖြတ်ချင်အတူ ပေါ့ပါးစွာ ပြန်လာခဲ့ကြသည်။

ထို့နောက် ဆရာတော်များက ဘေးမဲ့အဖွဲ့ကို ဆက်လက်ပြီး ခေါ်ယူတွေ့ဆုံသည်။ ဒေါ်လှကြည် အပါအဝင် ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များက အစစ်ခံကြသည်။ ရုံခါ၌ အခြားဒကာ,ဒကာမများကပါ ဝင်ရောက်လျှောက်ထားကြသည်။

ဆရာတော်များက ဘေးမဲ့ဒကာများ၏ လျှောက်ထားချက်များကိုလည်း အလေးအနက်ပြုကာ နားထောင်ကြသည်။ ထို့နောက် ပြည့်စုံစွာ မေးမြန်းပြီးသည်နှင့် ဒကာများကို ပြန်လွှတ်လိုက်သည်။ မေးမြန်းစစ်ဆေးခြင်းကိစ္စလည်း ပြီးဆုံးသွားသည်။

ဆွမ်းစားချိန်ရောက်သော် ဆရာတော်များက ဆွမ်းဘဉ်းပေးကြသည်။ ထို့နောက် နေ့သန့်ချိန်အတွင်း ခေတ္တနားကြသည်။ ဆရာတော်များ နေ့သန့်ပြီးနောက် ဒုတိယအကြိမ် စစ်မေးခြင်းကို ပြန်စသည်။ သည်တစ်ကြိမ်တွင် ဦးကုမာရနှင့် ဒေါ်လှကြည်တို့ကိုသာ တစ်လှည့်စီ ခေါ်ယူတွေ့ဆုံခြင်းဖြစ်သည်။ သိလိုသမျှ အနည်းငယ်စီ မေးမြန်းပြီးနောက် ပြန်လွှတ်လိုက်သည်။ သည့်နောက်တွင် ဆရာတော်များက ကျောင်းဆောင်တံခါးကို ပိတ်လိုက်ပြီး အပြီးသတ်အစည်းအဝေးကို ပြုလုပ်ကြသည်။ ထိုအစည်းအဝေးက နောက်ဆုံးအဆုံးအဖြတ်ပေးမည့် အစည်းအဝေးပင်ဖြစ်သည်။

ထိုအချိန်အတွင်း ဦးကုမာရတို့အဖွဲ့ရော ဒေါ်လှကြည်တို့အဖွဲ့ပါ ဆရာတော်များ၏ ကျောင်းဆောင်ဘက်သို့ မကြာ,မကြာ မျှော်ကြည့်နေမိကြသည်။ ထွက်ပေါ်လာမည့် စီရင်ချက်အား စိတ်စောမိခြင်းနှင့်အတူ ရင်ခုန်နေမိကြဆဲ။ စိတ်လှုပ်ရှားရင်း ဂနာမငြိမ်ဖြစ်နေမိကြသည်။

ညနေစောင်းလောက်တွင် ဆရာတော်များ၏ ကျောင်းဆောင်က တံခါးပွင့်လာသည်။ ဦးစွာ ဆရာတော်ဦးဝိစိတ္တက အတူပါလာသော ကျွပ်ယဒကာ တစ်ယောက်ကို အတွင်းမှနေ၍ လှမ်းခေါ်လိုက်သည်။ စောစောက ဆရာတော်များ အစည်းအဝေး ပြုလုပ်နေကြသောကြောင့် ထိုဒကာက အပြင်ဘက်ထွက်နေခြင်း ဖြစ်သည်။

ထိုဒကာ ဆရာတော့်ထံ ရောက်သွားသောအခါ ဆရာတော်က စာရွက်နှစ်ရွက်ကို ထိုဒကာအား ပေးသည်။ တစ်ရွက်ကို ဦးကုမာရတို့အား ပေးရန်နှင့် ကျန်တစ်ရွက်ကို ဒေါ်လှကြည်တို့အား ပေးလိုက်ရန် မှာကြားလိုက်သည်။

www.burmeseclassic.com

စင်စစ် ထိုစာရွက်များမှာ စီရင်ချက်ပါရှိသော အမိန့်စာပင် ဖြစ်သည်။ ထိုဒကာက ချက်ချင်းပင် အဖွဲ့နှစ်ဖွဲ့လုံးသို့ သွားရောက်ပေးပို့လိုက်သည်။

ဦးကုမာရက လက်ထဲရောက်လာသော အမိန့်စာကို လျင်မြန်စွာဖတ်ကြည့်လိုက်သည်။ အမိန့်စာက သိပ်မရှည်လှ၊ ခပ်တိုတိုသာဖြစ်သည်။ တစ်ခဏအတွင်းမှာပင် ဖတ်၍ပြီးသွားသည်။ ဆရာတော်ကြီးသုံးပါး လက်မှတ်ရေးထိုးထားသော ဆုံးဖြတ်ချက်အကြောင်းအရာကို ဖတ်ပြီးသွားသည်နှင့် ဦးကုမာရ ခေါင်းထဲတွင် မှိုက်ခနဲ ဖြစ်သွားရသည်။ ရင်ထဲကပါ ဟာခနဲ ဖြစ်သွားသည်။ မယုံနိုင်အောင်လည်း အံ့သြမိသွားသည်။ ထို့ကြောင့် နောက်တစ်ခေါက် ထပ်ဖတ်သည်။ သို့သော် ဤအတိုင်းသာ ထပ်တွေ့နေရသည်မို့ စိတ်က ထိခိုက်သွားရတော့သည်။ ဝမ်းနည်းခြင်းကပါ ထပ်ဆင့်လိုက်ပါလာပြီး ဦးကုမာရ ဇက်ကျိုးကျသွားတော့သည်။

ဦးကုမာရကို မျှော်ကြည့်နေကြသော အခြားကိုယ်ဖော်လေးများကလည်း အခြေလှုပ်မရမှန်း သိသွားကြသည်။ ဦးကုမာရလက်ထဲမှ စာရွက်ကို လှမ်းယူကာ တစ်ပါးပြီးတစ်ပါး ဖတ်ကြည့်လိုက်ကြသည်။ ဖတ်ရသူတိုင်းပင် ဦးကုမာရနည်းတူ ဖြစ်သွားကြရသည်။ စိတ်ပျက်အားလျော့သွားကြရသည်။

စာထဲတွင်ကား ဦးကုမာရ မျှော်လင့်ထားသလို မိမိဘက်သို့ အနိုင်ပေး ဆုံးဖြတ်ထားခြင်း မဟုတ်မှာဘဲ၊ သားမဲ့ဒကာများသာလျှင် ရပ်တည်မှု မှန်ကန်ကြောင်း၊ ဤကျောင်းကို သားမဲ့ဒကာများ၏ ထောက်ပံ့စောင့်ရှောက်မှုနှင့်အတူ သားမဲ့ကိုယ်တော်များသာ ဆက်လက်သီတင်းသုံးရမည်ဖြစ်ကြောင်း၊ သားမဲ့စည်းကမ်းကို မလိုက်နာနိုင်ဘဲ ကြံရာကိုသာ ဘုဉ်းပေးလိုသော ကိုယ်တော်များမှာ ဤကျောင်းမှ အမြန်ဆုံးထွက်ခွာသွားရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်လိုက်ခြင်းကြောင့်ပင် ဖြစ်လေတော့သတည်း။

အမိန့်ထုတ်ပြီးသည်နှင့် တာဝန်လည်း ပြီးဆုံးလေပြီမို့ ဆရာတော်များက ပြန်ကြွရန် ပြင်ကြသည်။ ဆရာတော်အားလုံး ကျောင်းပြင်၌ ရပ်ထားသော မော်တော်ကားဆီသို့ ပြန်ကြွကြသည်။ ကားရပ်ထားသောနေရာက ကျောင်းနှင့် တော်တော်ဝေးသည်။ တစ်ဖာလုံသာသာခန့် လျှောက်ရသည်။ အဲ့ဆိုင်းလျက်ရှိသော သစ်ပင်များအောက်မှ လမ်းကလေးအတိုင်း ဆရာတော်များက ဣန္ဒြေရရ ကြွချီသွားကြသည်။

ဦးကုမာရက ထိုင်ရာမှ လျင်မြန်စွာထကာ၊ ဆရာတော်များနောက်သို့ ခပ်သွက်သွက် လိုက်သွားလိုက်မိသည်။ တစ်ပင်လုံး နီရဲနေသော စိန်ပန်းပင်ကြီးအောက်တွင် ဆရာတော်များကို မီသွားသည်။

'ဆရာတော်ဘုရား...ဆရာတော်ဘုရား'

ဦးကုမာရ အသံကြောင့် ဆရာတော်များက လှည့်ကြည့်ကြသည်။ ဦးကုမာရက ဆရာတော်ကြီး ဦးဝိစိတ္တရှေ့တွင် ရှိရှိသေသေထိုင်၍ ဝတ်ပြုလိုက်သည်။ ကျန်ဆရာတော်များက 'ဆက်လက်၍ ကြွချီသွားကြရာ ဦးကုမာရနှင့် ဆရာတော်ကြီးသာ ကျန်ရစ်တော့သည်။ ဦးကုမာရက ကြေကွဲသောအသံဖြင့် ဆရာတော့်ကို လျှောက်ထားလိုက်သည်။

'ဆရာတော်... ဘယ်လိုလုပ်လိုက်တာလဲဘုရား။ ကိုယ့်တပည့်ရဲ့ မျက်နှာကိုတောင် မထောက်ထားတော့ဘူးလားဘုရား'

'အေး...အဲဒါ ခက်တာပဲကွ။ မင်းက စိတ်ထိခိုက်သွားပြီကိုး။ ကဲ...ငါ မေးပါဦးမယ်။ ဒီကျောင်းမှာ မင်းအတွက် ဘာများ မက်မောစရာ ရှိနေလို့လဲ။ မင်းဟာ ရဟန်းကောင်းတစ်ပါးပဲ။ မင်းသာ ကျောင်းထိုင်ချင်လို့ကတော့ မင်းကိုလိုချင်တဲ့ ဒကာတွေ အများကြီးရှိတယ်။ ဒါ...ငါ အားလုံးသိတယ်။ ဒီတော့ ဒီမှာ မနေရတော့ရော မင်း ဘာဖြစ်သွားမှာလဲ။ ပြောစမ်း တပည့်'

ဆရာတော်က ကရုဏာဖြင့် မိန့်ကြားလိုက်သည်။ ဦးကုမာရက အံကိုခဲဖိဖိကြိတ်၍ ခပ်တွေတွေ လုပ်နေသေးသည်။ ပြီးတော့မှ-

'တပည့်တော်မှာ နေစရာလည်း မရှားဘူး၊ စားစရာလည်း မရှားဘူးဘုရား။ ခုကိစ္စက သာသနာ့ပြဿနာဝါဒတွေ မင်းမူနေတာကို ခံပြင်းလွန်းလို့ ဒီလိုလုပ်ရတာပါဆိုတာ တပည့်တော် လျှောက်ထားပြီးပြီပဲဘုရား'

'အေး...မင်း အဲဒါ ပိုခက်တာပဲ။ မင်းက ခံပြင်းလို့ ဒီဝါဒတွေကို တိုက်ထုတ်ချင်ပါတယ်တဲ့။ အောင်မြင်မယ်လို့ မင်းထင်သလား။ ဒီမှာတင် မင်းစကားနဲ့မင်း ပြန်မိနေပြီ။ မင်းက ပြောတယ်မဟုတ်လား။ သူပါးစပ်ထဲ

www.burmeseclassic.com

ငါဝင်၊ ငါပါးစပ်ထဲ သူဝင်နဲ့ သံသရာလည်နေတဲ့ အသားစားဓလေ့ကို ဘေးမဲ့ဝါဒနဲ့ အနိုင်ယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးလို့ မင်းပြောခဲ့တယ် မဟုတ်လား။ ခု ဒီဘေးမဲ့ဝါဒကို တိုက်ထုတ်ဖို့ လုပ်တဲ့နေရာမှာ မင်းကရော အောင်မြင်မှာမို့လို့လား။ ဒါကို ယုံကြည်တဲ့သူတွေက ဟိုတုန်းကလည်း ရှိခဲ့ဖူးယ်။ ခုလည်း ရှိတယ်။ နောင်ကိုလည်း ရှိနေဦးမှာပဲ။ ဘယ်တော့မှ မျိုးပြုတ်သွားမှာ မဟုတ်ဘူး။ ငါပြောတာ သဘောပေါက်လား'

ဦးကုမာရက ခွန်းတုံ့မပြန်ဘဲ ငြိမ်နေသည်။

'အကြောင်းတရား မှန်ချင်မှန်ပေလိမ့်မယ်။ ဒါပေမဲ့ အကျိုးမရှိဘူးဆိုရင် ဘာမှမလုပ်ဖို့၊ မပြောဖို့ တို့ဘုရားက ဆုံးမထားတာပဲ။ ခုကိစ္စမှာလည်း မင်းခံယူချက်၊ ယူဆချက်တွေက အမှန်တွေချည်းပဲဆိုတာ ငါသိတာပဲ။ ဒီအပေါ်မှာ မင်းရဲ့လုပ်ကိုင်ဆောင်ရွက်ချက်တွေက အကျိုးရှိသလားဆိုတော့ ဘာမှအကျိုးမရှိဘူး။ အကျိုးမရှိတာကို အချိန်ကုန်ခံပြီး လုပ်မနေချင်စမ်းနဲ့ ငါ့တပည့်။ ဒါက ကိုယ့်အချင်းချင်းမို့ ပြောရတဲ့ စကားပဲ။

တို့က ပြဿနာကို ဆုံးဖြတ်ဖို့ကျတော့ ဘက်စုံထောင့်စုံကနေ ကြည့်ရတယ်။ ခုကိစ္စမှာ ဒီကျောင်းရဲ့ အစဉ်အလာနဲ့ ဒီကျောင်းရဲ့ပုံသဏ္ဌာန် စတာတွေကို ဦးစားပေးစဉ်းစားပြီး ဆုံးဖြတ်ပေးခဲ့ကြတာ။ မင်းတို့ဘက်က တင်ပြတဲ့ အယူအဆရေး မှန်တယ်၊ မမှန်ဘူးဆိုတာတွေက တကယ်တမ်းကျတော့ တရားမဝင်ထော့ဘူးကွ။ ဟိုဘက်က ဒကာမကြီးဒေါ်လှကြည် တင်ပြပုံက တော်တော်သဘာဝကျတယ်။ သူတို့အနေနဲ့ အစွန်းရောက်ဘေးမဲ့ဝါဒီတွေ မဟုတ်တဲ့အကြောင်း၊ သူတို့က အိမ်မှာဆိုရင် ကြွေရာကိုပဲ စားကြတဲ့အကြောင်း၊ ကျောင်းကိုရောက်ရင်တော့ အစဉ်အဆက် ကိုးကွယ်ခဲ့တဲ့ ဆရာတော်ကြီးများရဲ့ ဝုတ်ကျေးဇူးကို ရိုသေသောအားဖြင့် ဘေးမဲ့စည်းကမ်းကို သာ လိုက်နာကြတဲ့အကြောင်း၊ ဒီကျောင်းက ဘေးမဲ့ကျောင်းအဖြစ် ရပ်တည်ခဲ့တာ နှစ်ပေါင်း(၈၀)ကျော်ပြီဆိုတော့ ဒီအစဉ်အလာကို ပျက်မသွားစေချင်တဲ့အကြောင်း၊ ဒီကျောင်းရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ ဘေးမဲ့ထုံးစံကို ပျက်စေသွားစေလိုတဲ့ အကြောင်းတွေ ရှင်းပြတယ်။ ကဲ...သူပြောတာ သဘောတူကျဘူးလား။

ဒီတော့ကွာ၊ သူတို့က ဘေးမဲ့ကျောင်းမှာ ဘေးမဲ့ကိုယ်တော်ကိုပဲ တင်ထားချင်ကြမှာပဲ။ ပြောရရင် မင်းတို့က ဧည့်သည်တွေပဲ။ ဒီမှာ အမြဲတမ်းနေမယ့်သူတွေမှ မဟုတ်ဘဲ။ ထိုင်ကားရား ထကားရားသမားတွေပဲ။ ဒါကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်ကလည်း ဒီကျောင်းကလေးမှာ အာဝါသကောင်းလို့၊ သပ္ပာယမျှတလို့ နေချင်သပဆိုရင် နေတုန်းသခိုက်မှာတော့ သူစည်းကမ်းအတိုင်း လိုက်နာပြီး အေးအေးဆေးဆေး နေသွားကြရင် ကောင်းတာပေါ့။ ကိုယ်က ခဏတစ်ဖြတ်လောက် ဝင်နေပြီး ကိုယ့်ကြောင့် သူတို့ တစ်သက်လုံး ထိန်းသိမ်းလာတာလေးတွေ ဖရိုဖရဲဖြစ်ကျန်ရစ်ခဲ့မယ်၊ အစဉ်အလာ ပျက်ကျန်ရစ်ခဲ့မယ် ဆိုရင် ဘယ်ကောင်းမလဲကွာ။ တို့ဆုံးဖြတ်ခဲ့တာတွေကို မင်း သဘောပေါက်ပြီ မဟုတ်လား။ ကိုင်း...ငါသွားတော့မယ်'

ဆရာတော်က စကားကို အဆုံးသတ်လိုက်သည်။ တပည့်ဖြစ်သူကိုလည်း ပြုံးရွှင်ကြည်ကာ ပခုံးကို တစ်ချက်ပုတ်ပြီး နှုတ်ဆက်လိုက်သည်။ ပြီးနောက် အသာပင် ကြွသွားတော့သည်။ ဦးကုမာရက နေရာမှာပင် ငိုင်တွေပြီး ကျန်ရစ်ခဲ့သည်။

♦♦♦

ဘေးမဲ့ဒကာများက ဝမ်းသာအားရ ဖြစ်နေကြသည်။ ဘေးမဲ့ကျောင်းအား ဦးပဉ္စင်းလေး ဦးစန္ဒိမာနှင့် ဆက်လက်စခန်းသွားခွင့်ရခဲ့ခြင်းအပေါ် ဝမ်းမြောက်နေမိကြသည်။ သို့သော် သူတို့က တစ်ဖက်မှ ဦးကုမာရတို့အားလည်း အားနာသောအားဖြင့်၊ ထောက်ထားသောအားဖြင့် မိမိတို့၏ ဝမ်းသာမှုကို အလွန်အကျူး မဖော်ပြကြပေ။

ဦးကုမာရကား ဆရာတော်ကြီးဦးဝိစိတ္တ မိန့်ကြားသွားသမျှကို သဘောပင်ပေါက်သော်လည်း လူငယ်ပီပီ စိတ်ထဲတွင် ကျေကျေနပ်နပ် ရှောရှောရှူရှူကား မဖြစ်သေးပေ။ သို့သော် မည်သို့မျှလည်း မတတ်နိုင်လေပြီမို့ ထိုနေ့မှာပင် သပိတ်၊ ပရိက္ခရာတို့ကို သိမ်းဆည်းကာ အခြားရဟန်းများနှင့်အတူ ဘေးမဲ့ကျောင်းမှ ထွက်ခွာသွားလေသည်။

ဤကျောင်း၌ ဖြစ်ပွားခဲ့သော ပဋိပက္ခသည်လည်း ဤမှာပင် နိဂုံးတံလေတော့သည်။

ရဲမြတ်ပင်

www.burmeseclassic.com

ယနေ့ငါသည် မနက်ဖြန်ငါနှင့် မတူစေရ၊ မနက်ဖြန်ငါက ယနေ့ငါထက် အသိဉာဏ်ဆင်ခြင်တုံတရားကအစ အစစအရာရာ သာလွန်ရမည်။ တစ်နေ့ တစ်ရွေ့နှင့် ငါ့ဘဝ တစ်စ၊တစ်စ တိုးတက်လာရမည်။ ငါ ဦးထိပ်ရွက်ကာ သယ်ဆောင်လာခဲ့တဲ့ အတိတ်ကံဘောင် အတွင်း၌ ပစ္စုပ္ပန် ဉာဏ်ဝိရိယသွင်းကာ ဘဝအောင်မြင်မှု အထွတ်အထိပ်သို့ ရောက်အောင် သတိသမ္မဇဉ် ဉာဏ်အမြင်ဖြင့် အစဉ်ထာဝရ ငါကြိုးစားရပေမည်။

ကံရင်းမူလ ပေးထားသမျှကို အပြည့်အဝ ရရှိခံစားနိုင်အောင် ငါ စွမ်းဆောင်ရမည်။ ပစ္စုပ္ပန်တွင် ဉာဏ်ဝိရိယ ယုတ်လျော့နိမ့်ကျ၍ ကံရင်းမူလ ပေးသမျှကို အပြည့်အဝ မရနိုင်ပါက ငါသည် လူဖြစ်ရကျိုး မနပ်ပေ။ အတိတ်ဘဝက မိမိပြုခဲ့သမျှ ကုသိုလ်ကမ္မသတ္တိများကို ပမာမပြု လျစ်လျူရှုကာ မသိကျိုးကျွန်ပြုရာ ရောက်ပေမည်။ အနာဂတ်ဘဝကို အလှမဆင်နိုင်သူ လူဖျင်းလူအလည်းဖြစ်သွားပေမည်။

ထိုသို့ကား အဖြစ်မခံနိုင်ချေ။

အနိုင်အရှုံး ဖောက်ကြာတလိမ့်မွှေ(အောင်ကျော်)

ယခု ငါပိုင်ဆိုင်ထားတဲ့ ဉာဏ်ဘဝ ဉာဏ်ခန္ဓာသို့ အတိတ်ကမ္မသတ္တိကောင်းများ စိမ့်ဝင်စီးဆင်းခွင့် ရရှိရေးအတွက်၊ အနာဂတ်ဘဝ လှသည်ထက် လှစေရေးအတွက် ပစ္စုပ္ပန် ဉာဏ်ဝိရိယကို အစွမ်းကုန် ရွက်ဖွင့်ရပေမည်။

ဉာဏ်စွမ်းဉာဏ်စ နည်းပါးပြီး ဝိရိယလျော့နည်းခြင်းကြောင့် အတိတ်ဘဝက ကံရင်းမူလကို အပြည့်အဝ ထုတ်ယူသုံးစွဲနိုင်ခြင်းမရှိလျှင် အတိတ်ကမ္မသတ္တိကောင်းများ ဉာဏ်ဘဝသို့ စိမ့်ဝင်စီးဆင်းခွင့် မရနိုင်ပေ။ အတိတ်ကမ္မသတ္တိကောင်းများ စိမ့်ဝင်စီးဆင်းခြင်း မရှိလျှင် ပစ္စုပ္ပန်ဘဝ မစောက်ပြောင်နိုင်ချေ။ ပစ္စုပ္ပန်ဘဝ

www.burmeseclassic.com

www.burmeseclassic.com

မတောက်ပြောင်လျှင် အနာဂတ်ဘဝအား ကြိုတင်စီစဉ်ထား အလှဆင်မထားနိုင်ပေ။ သို့ဖြစ်လျှင် အရှုံး ငါပြင်နိုင်ခဲ့လော။

ဤသို့ တွေးတောစဉ်းစားပြီး ကာလသုံးပါး၌ ဘဝသုံးဆူး တိုးတက်သာယာရေး ဦးတည်ကာ မိမိတစ်ဦးတည်း ပြိုင်ဆိုင်ရာ၏၊ ပြိုင်ဆိုင်သင့်ပါသည်။

ထိုသို့ တစ်ဦးတည်း ပြိုင်ဆိုင်ခြင်း၌ အပြင်ဒိုင်လူကြီး မရှိ၊ အရှုံးလည်း မရှိပေ။

မိမိ၏ သတိသမ္ပဇဉ် ဉာဏ်အမြင်သည်သာ ဒိုင်လူကြီး ဖြစ်ပါသည်။ အပြင်ဒိုင်လူကြီး မရှိပေ။ ဉာဏ်ချက်စီ၊ ဝိရိယလက်ခြေများ တပ်ဆင်ကာ အတ္တဆိုတဲ့ မိမိတစ်ဦးတည်း ယှဉ်ပြိုင်၍ အတ္တသည်ပင် အမြဲအနိုင်ရ၏၊ ရှုံးနိမ့်ရခြင်း မရှိပေ။ ထို့ကြောင့် အရှုံးမဲ့ အနိုင်ရသည်းဟု ဆိုရပေမည်။

ထိုမှတစ်ပါး အခြားခြားသော အတ္တနှင့်ပရ ပါဝင်ရာ ပြိုင်ပွဲဟူသမျှ၌ အတ္တတိုင်းသည် ပရအား အနိုင်ယူလိုကြ၏၊ အတ္တ၏ပန်းတိုင်က အနိုင်ရခြင်း၊ ပစ်မှတ်ကား ပရပင် ဖြစ်ပါသည်။ ထို့ကြောင့် အနိုင် အရှုံးသည် အတ္တတိုင်းအတွက် ရှိနိုင်သလို ပရတိုင်းအတွက်လည်း ရှိနိုင်ပေသည်။

သူထက်ငါ အသာရရေး ဦးတည်ကာ သူနှင့် ငါတို့ ယှဉ်ပြိုင်ရာဝယ် အနိုင်၊ အရှုံးဆိုတဲ့ ရလဒ်အမြဲရှိနေသလို အပြိုး၊ အမဲဆိုတဲ့ သက်ရောက်မှုလည်း အမြဲရှိနေပေသည်။ နိုင်သူ ပြိုး၍ ရှုံးသူ မဲရ၏။ ပြိုးလျှင် ပျော်၍ မဲလျှင် ရွဲ၏။ မဲခြင်းနှင့် ရွဲခြင်းသည် အလွန်နီးကပ်၏။ တစ်ထပ်တည်းကျသည်ဟု ဆိုလိုက ဆိုနိုင်ပေသည်။ မဲခြင်းသည် စိတ်ဒဏ်ရာဖြစ်လျှင် ရွဲခြင်းသည် နာကြည်းမှုနီးတီးခြင်းပင် ဖြစ်၏။

မဲရင်း ရွဲပြီး ရွဲရင်း မဲလိုက်လျှင်-

"ဒီတစ်ခါ ရှိစေတော့၊ တူဖြစ်တုန်း မင်း နံထားပေါ့ကွာ။ အေး...ပေဖြစ်ရင်တော့ မင်း ခံဦးပေါ့၊ တွေ့ကြသေးတာပေါ့လေ"

ဆိုတဲ့ အတွေး၊ တေးမှတ်ထားခြင်း အားယာတာရားသည် ရှုံးနိမ့်သူ၏ နှလုံးသား၌-အိပ်နေတဲ့ အဆိပ်ငြင်းမြွေပမာ အနုသယကိလေသာအားဖြင့် ကိန်းနေရာတော့၏။ အခါသင့် အခွင့်သာသည်နှင့် ထစ်ခနဲဆို နိုးထလာပြီး ပရိယုဋ္ဌာန်-ထကြွခြင်းအဆင့်သို့ ရောက်သွား၏။ သတိမထင် ဉာဏ်မဆင်ခြင်နိုင်လျှင် ချက်ချင်းပင် ဝိတိက္ကမ-လွန်ကျူးခြင်း အဆင့်သို့ ရောက်သွားတတ်ပေသည်။

မဲသူ ရွဲသည်ကိုသိလျှင် ပြိုးသူလည်း မဲရွဲလာတတ်ပြန်၏။ ထိုအခါ မိမိလက်ရှိပိုင်ဆိုင်နေတဲ့ အနိုင်ရခြင်းတည်တဲ့ခိုင်မြဲနေစေရန် ရှုံးနိမ့်နေသူ တစ်ဖက်လူ ပြန်မလှန်နိုင်စေရေးတွက် ဖိနှိပ်ချုပ်ချယ်ထားနိုင်အောင် ကြိုတင်စီမံပြန်၏။ ဤသို့နှင့်ပင် နိုင်သူရော ရှုံးသူပါ စိတ်မချနိုင်ခြင်းဟူသော ပူပင်သောက ပူလောင်ရခြင်းကို အမြဲတစေ ဖက်တွယ်နေရတတ်ပေသည်။

သို့ရာတွင် အပြိုင်အဆိုင်၊ အနိုင်အရှုံးအတွက် ပစ္စုပ္ပန်သတ်မှတ်ချက်ကို နိုင်သူရော ရှုံးသူပါ သိမြင်နိုင်သော်လည်း အတိတ်က၏ သတ်မှတ်ချက်ကိုမူ မည်သူမျှ မသိနိုင်ရှာပေ။ မမြင်သိနိုင်တဲ့ အတိတ်က ဒိုင်လူကြီးက အနိုင် အရှုံးကို ပြောင်းလဲပေးလိုက်ပါမူကား နိုင်ရာမှ ရှုံးသွားနိုင်သလို ရှုံးရာမှ တစ်ဖန် နိုင်လာနိုင်ပြန်၏။

ပုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်၊ သစ်ငုတ်မြင့်တုံမြက်မြင့်တုံ၊ ဘတစ်ပြန် ကျားတစ်ပြန် လောကခံအလှည့်အပြောင်းတွင် မိမိဘဝလည်း ရေစီးတစ်ခါ ရေသာတစ်လှည့်၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဖြစ်တတ်၏။ ထိုသဘောကို ပြိုင်ပွဲဝင်သူတိုင်း မမေ့အပ်ပေ။ အနိုင်ရချိန်တွင် မိမိမဲ့မြင်၊ နိုင်ထက်ကလူပြုလွန်းက ရှုံးနိမ့်သောအခါ ပေဘဝနှင့် တူနှံသမျှ ခံရတတ်၏။

တန်ပြန်မှုကို အပြင်းအထန်ခံရပြီး ဘဝမှာ အထိနာသွားတတ်၏။ ပြိုင်ဆိုင်သူတိုင်း နိုင်နိုင်ရှုံးရှုံး ပြိုင်ဘက်အပေါ် အလွန်ပြင်းထန်တဲ့ မာန်မာနမျိုး မထားသင့်ပေ။ ပြိုင်ပွဲရလဒ်သည် အနိုင် (သို့မဟုတ်) အရှုံးမျှသာဖြစ်၍ ပြိုင်ပွဲဝင်သူ၏ စိတ်သည်လည်း အနိုင် (သို့မဟုတ်) အရှုံး၌သာ ရပ်တန့်သင့်ပေသည်။ အနိုင်မရ အရှုံးပြေသောအခါ နောင်နှစ်နောင်ခါ နောက်တစ်ကြိမ်ဆိုတဲ့ ဘဝရည်မှန်းချက်ကိုမူ မစွန့်လွှတ်သင့်ပေ။

သို့သော် ရည်မှန်းချက်ကို ဒေါသ၊ မာန်မာန၊ အာဃာတဖြင့် ဆုပ်ကိုင်မထားသင့်ပေ။ အစနှောင့် တင်ပြခဲ့သည့်အတိုင်း အရှုံးမဲ့ အနိုင်ရနည်းဖြင့်သာ အတ္တတစ်ဦးတည်း ပြိုင်ဆိုင်နေသင့်ပေသည်။ ဤသို့ မရှုမြင်၊ မမှတ်ယူ၊

www.burmeseclassic.com

မကျင့်သုံးဘဲ အပြင်းစား မာန်မာနဖြင့် ပြိုင်ဖက်အား တေးမှတ်ထားပြီး လက်တုံ့ပြန်ပါလျှင် ဤဘဝတွင်လည်း ဒုက္ခထုထည် ကြီးမားတတ်၏။

နောင်ဘဝလည်း လှပတင့်တယ်ခြင်းမရှိတဲ့အပြင် ယခုဘဝထက်ပင် ဆိုးသွားနိုင်ပါသည်။ မိမိ သိမ်းသိမ်းဆည်းထားတဲ့ ဒေါသ၊ မာန်မာန အရှိန်အဝါအလျောက် ဒုဂ္ဂတိဘုံဘဝသို့ ရောက်သွားရတတ်၏။ ဒုက္ခကို အဖော်ပြုနေရပေမည်။ ဒုဂ္ဂတိဘဝ ဆိုးကျိုးဒုက္ခများမှ လွတ်လာသည့်တိုင် အရှုံးသမားဘဝနှင့် ရင်ဆိုင်ရတတ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ဒေါသ၊ မာန်မာန တက်နေသော ဘဝ၊ ကာလတိုင်း၌ လုံလုံ၊ ဝီရိယများ ယုတ်လျော့နေတတ်ပြီး ဉာဏ်ပညာ လုံးဝကင်းမဲ့နေတဲ့သောကြောင့် ဖြစ်ပေသည်။ ဉာဏ်ပညာခေါ် အမောဟသည် ဒေါသ၊ မာန်မာနနှင့် အတူယှဉ်လေ့ မရှိပေ။ ဒေါသ၊ မာန်မာန ဖြစ်လာလျှင် ဉာဏ်ပညာက ဝေးရာသို့ ထွက်ခွာသွားတော့၏။

ဘဝကံကြမ္မာ အတိမ်းအစောင်း၊ လောကဓံအလှည့်အပြောင်းနှင့် အနိုင်အရှုံး၊ အနိမ့်အမြင့် သဘောသည် တကယ်တော့ မည်သူ့အတွက်မျှ ထာဝရတည်တံ့ခိုင်မြဲနေခြင်း မရှိပေ။ အားလုံးအတွက် အပြောင်းအလဲ ရှိကိုမှ ရှိနေပေသည်။

လောကလူသားကို မဆိုထားနှင့်၊ ဟိုးကမ္ဘာဦးကပင် ထာဝရတည်တံ့ပြီး တစ်လောကလုံး ဝင်းပြောင်အောင် အလင်းဆောင်နိုင်တဲ့ နေမင်း၊ လမင်းတို့သည်ပင် ရာဟုစက်အိမ် နဝင်းကြွမ်၍ မိုးတိမ်ဆီးနှင်း ဖုံးအုပ်ခြင်းနှင့်ခံရက ဤလောကအား အလင်းမပေးနိုင်တော့ဘဲ သေးသိမ်မှေးမှိန်သွားရပေသည်။

ရာဟုဖမ်းခံရစဉ် လနတ်သားသည်-

"နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပွမုတ္တောသိ သမ္ဗဓိ။
ဆမ္ဘာဓ ပဋိပန္နောသွိ၊
တဿ မေ သရဏံ ဘဝံဟု ဂါထာရွတ်ဆိုကာ ဘုရားတ၊ခဲ့ရဖူးပေသည်။

ဤသဘောကို ဉာဏ်ဖြင့် မစောင့်ကြောဘဲ အတိမာန ထားခဲ့ပါက ငန်းမြွေသည် ချင့်နှိုင်းမထောက် လူ၏နောက်သို့ တကောက်ကောက်လိုက်ရင်းပင် သေရာသခိုရိုင်းကို ရွာသက့်သို့ ကိုယ်သာလျှင် မုချပျက်စီးရတတ်ပေသည်။

အနိုင်အရှုံးဆိုတဲ့ ရလဒ်နှစ်မျိုးနှင့် နပန်းလုံးရတဲ့ လောကပြိုင်ပွဲတိုင်းတွင် ဗာလအသွင် ဉာဏ်အမြင်မရှိပါက လူတွင်မထူး အမ်နှင့်စူးသို့ ကျေးဇူးဖြစ်ထွန်းခြင်းနည်းပါး၏။ အမှားတွေ့ရသည်က များပေသည်။ စူးနှင့် ဖောက်လို့ ပေါက်လျှင်ပေါက်၊ မပေါက်ခဲ့လျှင် ဖောက်သည့် လက်ကိုပင် စူးက ပေါက်အောင် ဖောက်သွားတတ်ပေသည်။

ပေါက်ခဲ့ပြန်ကလည်း တစ်ပေါက်တည်းသာ ပေါက်နိုင်၏။ ထွင်းဖောက် ဖြတ်တောက်လို့ရာကို အလိုရှိတိုင်း ထွင်းဖောက် ဖြတ်တောက်ယူနိုင်ခြင်း မရှိပေ။ ထို့အတူ လူဗာလလည်း တစ်ကြောင်းတည်း တစ်လမ်းတည်းသာ ပေါက်ရောက်နိုင်၏။ လောကအတွက် အကျိုးများများ မသက်ရောက်စေနိုင်ပေ။ မချင့်မထောက်ဘဲ အမြဲမောမာနေက နောက်ဆုံးတွင် ကိုယ်သာလျှင် ပျက်စီးရတတ်ပေသည်။

ဉာဏ်ပညာဖြင့် သင့်၊မသင့်ကို ချင့်ချိန်ကာ သင့်သည်ကို ပြုရ၏။ စော်ကားမော်မောက် မထင်လေတတ်သော မာနလောက်ကာ ငါ့အောက်လူချည်းသာ မှတ်ထင်နေပညာနည်းပါးတဲ့ ဆင်ဖြောင်ကြီးအား ဖား၊ ကျီး၊ ထင်မဲ့ရှိင်း၊ နံစုတ်ငှက်တို့ ပူးပေါင်းကာ တောမြို့ချောင်းအသက်ဆုံးအောင် ကြံဆောင်ခဲ့ဖူးသကဲ့သို့ အားနည်းဉာဏ်ကြီးရှင်တို့ ပူးပေါင်းကြစည်ခြင်းကို ခံရတတ်သည်။

အနိုင်နှင့် အရှုံးတွင် အနိုင်ကို မျှော်မှန်း၊ အနိုင်လှမ်းကိုင်လိုပါက ကာလဒေသကိုလည်း သိရ၏။ အခွင့်အခါ သာ၊မသာကိုလည်း နားလည်ရ၏။ သတ္တဝါတိုင်း အချိန်အခါအားလျော်စွာ သူ့နေရာနှင့်သူ အားစွမ်းသတ္တိများ ထက်မြတ်ကြ၏။

ထိုအကြောင်းကို မဃဒေဝလက်ာ၊ ပိုဒ်ရေ(၂၀၄)၌-

"ကုန်းမှာ ကုန်းသား၊ ရေကား ရေသူ၊ နေမူ နေ့ဂတ်ည ညဉ့်တည့်၊ ကျီးနက် ခင်ပုတ်၊ ကုတ်သလုပ်တို့ မိုးချုပ် နေထွက်၊ အားမာန် တက်၏။ သူစက် ငါ့စက်ကိုယ့်နယ်ကွက်၌၊ သားငယ်တို့မျှ၊ သမယနှင့်၊ ဌာနသာရာ၊ စွမ်းထက်စွာရှင့်" လို့ ဖွဲ့ဆိုထားပါသည်။

ဆိုလိုရင်း နားလည်လွယ်၍ အထူးရှင်းပြမနေတော့

www.burmeseclassic.com

ပါ။ သာဓကကိုသာ ထုတ်ပြပါအံ့။

အချိန်အခါနှင့် နေရာဒေသကိုလည်း မသိ၊ ဉာဏ်ပညာဖြင့်လည်း မရှုမြင်၊ ထင်တစ်လုံး ဘဝင်တစ်လုံးနှင့် နိုင်လိုကြွက်သို့ မာန်ချည်းတက်ကာ စစ်ထိုးဝါသနာပါတဲ့ ကာလိင်္ဂမင်းကြီး သမီးလည်းဆိုး၊ စစ်လည်းရှုံးခဲ့ဖူးကြောင်း စွဲကာလိင် ဇာတ်တော်၌ မြတ်ဘုရား ဤသို့ ဟောပြထားပေသည်။

အတိတ်ဝေးစွာ ရှေးအခါက ကာလိင်္ဂတိုင်း၊ ဒန္တပုရမြို့တော်တွင် ကာလိင်္ဂဘုရင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်၏။ အဿကတိုင်း၊ ပါဋလိမြို့တော်၌မူကား အဿကမင်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပါသည်။ ကာလိင်္ဂမင်းသည် ကိုယ်တိုင်လည်း ဆင်ပြောင်ကဲ့သို့ အားရှိပြီး စစ်သည်ဗိုလ်ပါ အင်းအားလည်း တောင့်တင်းသာလွန်၏။

သူ့အား ခုခံကာ တိုက်ခိုက်နိုင်စွမ်းသူ မရှိ။ တိုက်ရမည်သူ မရှိလေလေ ကာလိင်္ဂမင်း စစ်ထိုးချင်လေလေ ဖြစ်နေပါသည်။

စစ်မတိုက်ရ မနေနိုင်ဖြစ်နေ၍ ညီလာခံခေါ်ယူကာ 'အမတ်ကြီးတို့ ၊ ငါဘုရင် စစ်ထိုးချင်တယ်။ စစ်ပွဲဖြစ်ပြီး စစ်ကြီးထိုးရအောင် ဘယ်လိုလုပ်ရမလဲ' လို့ မေးမြန်းပါသည်။

အမတ်များက 'အရှင်မင်းကြီးရဲ့ သမီးတော် လေးယောက်ကို လှပစွာ တန်ဆာဆင်ပြီး အလုံပိတ်ထားတဲ့ ရထားယာဉ်ပေါ်မှာတင်၊ စစ်သည်ဗိုလ်ပါများ ခြံရံလိုက်ပါစေပြီး ရွှာနိုဂုံးကနေ မင်းနေပြည်တော်ထိ နိုင်ငံတိုင်းကို လှည့်လည်ပါ။ မင်းတစ်ပါးပါးက သမီးတော်များကို လိုလားစိတ်နှင့် သိမ်းပိုက်လာရင် အဲဒီ ဘုရင်နှင့် စစ်ထိုးမှာပေါ့ အရှင်မင်းကြီး' ဟု အကြံပေးကာ လျှောက်ထားကြပါသည်။

ထိုအကြံဉာဏ်အတိုင်းပင် ကာလိင်္ဂမင်းကြီး ဆောင်ရွက်ပါသည်။ တန်ဆာဆင်ထားတဲ့ မင်းသမီးနှင့် စစ်သည်ဗိုလ်ပါတို့ ရောက်လေရာ တိုင်းနိုင်ငံမှ မင်းတို့သည် ကာလိင်္ဂမင်းအား ကြောက်ရွံ့၍ မြို့ထဲ အဝင်မခံဘဲ မြို့ပြင်မှာတင် နေစေပြီး လက်ဆောင်ပဏ္ဏာများ ဆက်သကာ ပြန်လွှတ်လိုက်ကြ၏။

ဤသို့နှင့် အစဉ်အတိုင်းပင် နိုင်ငံတကာကို လှည့်လည်ရာ အဿကတိုင်း၊ ပါဋလိမြို့တော်သို့ ရောက်ရှိလာ၏။ အခြားဘုရင်များကဲ့သို့ပင် အဿကမင်းကြီးလည်း မြို့တံခါးများပိတ်ကာ လက်ဆောင်ပဏ္ဏာများ ဆက်သလိုက်၏။

သို့သော် ဥပါယ်တံမျဉ်ကို နားလည်တဲ့ ပညာရှိ အမတ် နန္ဒိသေနကမူ -

'လုပတဲ့ ဒီမင်းသမီးတွေ တိုင်းနိုင်ငံအနှံ့ လှည့်လည်လာသော်လည်း မည်သူမျှ စစ်မတိုက်ဝံ့ကြ၊ ဒီအတိုင်း ဆိုရင် ဓမ္မဒီပါဟာ အချည်းနှီး ဖြစ်သွားတော့မှာပေါ့။ ဒီကာလိင်္ဂမင်းကို ငါတိုက်မယ်' လို့ စဉ်းစားလိုက်၏။

ထို့နောက် မြို့တံခါး ဖွင့်ပေးရန် တံခါးမှူးတို့အား ပြောလိုက်ပါသည်။ နန္ဒိသေန အမတ်ကြီးသည် ကာလိင်္ဂမင်း၏ သမီးကညာ ရတနာတို့ကို အဿကမင်းထံသို့ ဦးဆောင်ခေါ်သွားပြီး ဆက်သလိုက်၏။

'အရှင်မင်းကြီး၊ မစိုးရိမ် မကြောက်ရွံ့ပါနှင့်။ စစ်တိုက်လျှင် ကျွန်တော်မျိုးတို့ နိုင်မှာပါ။ ဒီမင်းသမီးချောလေးတွေကို မိဖုရားမွှေက်လိုက်ပါ' လို့လည်း တိုက်တွန်းစကား လျှောက်ထားလိုက်ပါသည်။

အတူပါလာသော စစ်သည်တော်တို့အားလည်း 'သင်တို့ မင်းကြီးအား ဒီအကြောင်းကို သတင်းပြန်ပို့လေလော့' ဟု ပြောဆိုကာ ပြန်လွှတ်လိုက်ပါသည်။

သတင်းရသည်နှင့် ကာလိင်္ဂမင်းကြီး ယမ်းပုံမီးကျခေါသပုန်ထတော့၏။

'ဒီင်းက ငါ့အကြောင်းမှ ကောင်းကောင်းမသိဘဲကိုး။ တွေ့ကြသေးတာပေါ့လေ' ဟုလည်း ကြိုးဝါးလိုက်၏။

စစ်သည်တော် အလုံးအရင်းနှင့် ချက်ချင်း ချီတက်ပါသည်။ ကြိုတင်သိထားတဲ့ နန္ဒိသေန အမတ်ကြီးက မိမိတို့ နိုင်ငံအတွင်းသို့ ဝင်မလာရန်နှင့် နှစ်နိုင်ငံကြား၌ စစ်ထိုးမည့် အကြောင်းကို သတင်းပို့လိုက်၏။ ကာလိင်္ဂမင်းလည်း သဘောတူလိုက်ပြီး နှစ်နိုင်ငံနယ်စပ်၌ စောင့်နေ၏။ အဿကမင်းလည်း စစ်ထိုးရန် နယ်စပ်သို့ ချီတက်လာ၏။ မကြာမီ စစ်ထိုးကြပေတော့မည်။

ထိုစဉ်ကာလ၌ ဘုရားအလောင်းတော် ရသေ့ကြီးသည် ကာလိင်္ဂတိုင်းနှင့် အဿကတိုင်းကြားတွင် သစ်ရွက်မိုးတောင်း ဆောက်လုပ်ကာ တရားအားထုတ်လျက် ရှိပါသည်။ ရသေ့၊ ရဟန်းတို့ မည်သည့် တစ်ခုခုကို သိ

www.burmeseclassic.com

နေတတ်၏။ မည်သူရှုံး၍ မည်သူနိုင်မည်ကို သိချင်သိနေမှာပဲလို့ စဉ်းစားမိတဲ့ ကာလိုင်မင်းကြီးသည် မင်းအသွင်ဖျက်ကာ သာမန်အရပ်သားအသွင်ဆောင်ပြီး ဘုရားလောင်းအား ချဉ်းကပ်ကာ ထိုအကြောင်းကို မေးမြန်းလျှောက်ထားလိုက်ပါသည်။

ဘုရားအလောင်းက မည်သူနိုင်၍ မည်သူရှုံးမည်ကို သူ မသိပါ။ သို့သော် သိကြားမင်း မိမိထံ လာရောက်တဲ့အခါ မေးစမ်းကြည့်လို့ သိရလျှင် ပြောပြပါမည်။ မနက်ဖြန် ပြန်လာခဲ့ပါဟု ပြောလိုက်ပါသည်။

နောက်တစ်နေ့ သိကြားမင်းရောက်တော့ အလောင်းတော်က ထိုအကြောင်းကို မေးမြန်းရာ သိကြားမင်းကြီးက ကာလိုင်မင်းနိုင်ပြီး အသကမင်း ရှုံးနိမ့်မည်ဟု ပုဗ္ဗနိမိတ် ထင်သည့်အတိုင်း ပြောပြပါသည်။

ကာလိုင်မင်း ရောက်လာတော့ အလောင်းတော်ကလည်း သိကြားမင်း ပြောသည့်အတိုင်းပင် ကာလိုင်မင်းနိုင်မည့်အကြောင်း ပြောပြလိုက်ပါသည်။ ပုဗ္ဗနိမိတ် မည်သို့ပေါ်လာသည်ကို မမေးစမ်းတော့ဘဲ ငါနိုင်မတဲ့ဟော့လို့ ကာလိုင်မင်းကြီး ဝမ်းသာအားရနှင့် ထပြန်သွားပါသည်။ ထိုသတင်းသည် နှစ်ပြည်ထောင်ကြားမှာ တောမီးအလား ပျံ့နှံ့သွားပါသည်။

ထိုသတင်းအရ အသကမင်းကြီးက နန္ဒိသေန အမတ်ကြီးအား "ငါတို့ ရှုံးမှာတဲ့ အမတ်ကြီး၊ ကဲ...ဘယ်လိုလုပ်ကြမလဲ" လို့ မေးခွန်းထုတ်ပြီး သက်ပြင်းချ၏။

နန္ဒိသေန အမတ်ကြီးက "အရှင်မင်းကြီး၊ မည်သူမျှ အရှုံးအနိုင်ကို အတိအကျ မသိနိုင်ပါဘူး။ မင်းကြီး စိတ်မပူပါနှင့်" ဟု နှစ်သိမ့်ပြီး အလောင်းတော် ရှင်ရသေ့အား မေးမြန်းလျှောက်ထား၏။

အလောင်းတော်လည် ယခင်အတိုင်းပင် ဖြေလိုက်ပါသည်။ နန္ဒိသေနကား ကာလိုင်မင်းကဲ့သို့ ဘာမသိညာမသိ ချက်ချင်းထမပြန်ပေ။ အသေအချာ မေးမြန်း၏။ အတိတ်နိမိတ်က ဘယ်လိုပေါ်ပါသလဲ အရှင်ရသေ့ဟု မေးလျှောက်ပါသည်။

ဘုရားလောင်းကလည်း သိကြားမင်း စကားအရ အနိုင်ရမည့် ကာလိုင်မင်း၏ ကိုယ်စောင့်နတ်က တစ်ကိုယ်လုံး ဖြူဖွေးနေတဲ့ နွားလှဲဖြစ်ပြီး တက်ကြွနေကြောင်း၊ ရှုံးမည့် အသကမင်းရဲ့ ကိုယ်စောင့်နတ်က အမည်းရောင် နွားလားဖြစ်ပြီး ကြောက်ရွံ့အားငယ်နေကြောင်း ပြောပြလိုက်ပါသည်။

ထိုစကားကြားပြီး နန္ဒိသေန အမတ်ကြီးက စစ်သည်တော်တို့အား အသက်ပေးပြီး နောက်မဆုတ်စတမ်း စစ်တိုက်ရန်၊ အသကမင်းကြီးအား အသက်နှင့်လဲပြီး ကာကွယ်ရန် တိုက်တွန်းစကား ပြောကြားလိုက်ပါသည်။ ကာလိုင်မင်းနှင့် သူ့စစ်သည်များကား ငါတို့နိုင်မှာပါဆိုပြီး စိတ်ကို အဆုံးစွန်သို့ ပို့လွှတ်ကာ စိတ်နလုံး ဒုန်းဒုန်း ချထားလိုက်ကြ၏။ သတိ၊ ဝီရိယများ ပေါ့လျော့သွားပါသည်။

အသကမင်း၏ စစ်သည်တော်များကား နန္ဒိသေန အမတ်ကြီး၏ ဦးဆောင်တိုက်တွန်းမှုကြောင့် အသက်ပေးပြီး စတေးရန် ဝီရိယပြင်းထန်နေကြဖေသည်။ ဤသို့နှင့် နှစ်ပြည်ထောင်မင်းတို့ စစ်ချီလာသလို ကိုယ်စောင့်နတ် နှစ်ပါးလည်း စစ်ချီလာတော့၏။ ကိုယ်စောင့်နတ်တို့အား စစ်ထိုးမည့် မင်းနှစ်ပါးသာ မြင်ရ၏။ နောက်လိုက်နောက်ပါတို့ မည်သူမျှ မမြင်ကြရချေ။

သို့အတွက်ကြောင့် နန္ဒိသေန အမတ်ကြီးက "မင်းကြီး...ကိုယ်စောင့်နတ်ကို မြင်ရပါသလား" ဟု မေးလျှောက်လိုက်ပါသည်။

အသကမင်းကြီးလည်း ဘုရားလောင်း ပြောသကဲ့သို့ ကာလိုင်မင်း၏ ကိုယ်စောင့်နတ်က ဖြူဖွေးနေပြီး တက်ကြွနေကြောင်း၊ မိမိကိုယ်စောင့်နတ်က မည်းညစ်ပြီး စိတ်ဓာတ်ကျနေကြောင်း ပြောပြလိုက်ပါသည်။

"သို့ဆိုလျှင် အရှင်မင်းကြီး မြင်းပေါက ဆင်းပြီး လက်ဝဲဘက်လက်က မြင်းဝမ်းရေပြားကိုကိုင်၊ လက်ယာဘက်လက်က လုံကိုကိုင်၊ စစ်သည်တော် တစ်ထောင်နှင့် တစ်ဟုန်ထိုး ဝင်ရောက်ပြီး ကာလိုင်မင်း၏ ကိုယ်စောင့်နတ်ကို လုံဖြင့် ထိုးသတ်ပါ။ မမြင်ကြရတဲ့ နောက်လိုက်တို့က အရှင်မင်းကြီး ထိုးသတ်တဲ့ နေရာကိုပင် ဝိုင်း၍ထိုးသတ်ပါလိမ့်မည်။ ဤသို့ပြုပါက ကာလိုင်မင်း၏ ကိုယ်စောင့်နတ် သေကြေပျက်စီးပြီး ကာလိုင်မင်းလည်း စစ်ရှုံးသွားပါလိမ့်မည်။ အရှင်မင်းကြီးသာ အနိုင်ရပါလိမ့်မည်" ဟု အကြံပေးလိုက်ပါသည်။

ထိုအတိုင်းလုပ်၍ အသကမင်း အနိုင်ရပြီး နိုင်နေကျဖြစ်တဲ့ ကာလိုင်မင်း ရှုံးနိမ့်သွားပါသည်။ အသိဉာဏ်

www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်တုံတရား ကင်းမဲ့လျက် နှိပ်စက်ကလူ နိုင်လို
ငင်းမူစိတ် ပြင်းပြစွာဖြင့် ငါ့ကို တွန်းလှန်နိုင်သူ ဤ
ဘွူးတွင် တစ်လူမျှမရှိ။ ငါ နိုင်နေကျ၊ ငါ နိုင်ကို နိုင်
ရမည်ဟု အထင်ကြီးတစ်ခွဲသားနှင့် နားထင်သွေးရောက်
ဘဝင်မောက်ကာ အမြဲမတည်နိုင်တဲ့ အနိုင်အရှုံးသဘော
ကို အမြဲတည်သကဲ့သို့ သဘောထားလျက် အပိုင်တွက်
ကာ စစ်ထိုးတဲ့ ကာလိင်္ဂမင်း စစ်လည်းရှုံး၊ သမီးလည်း
ဆုံးရ၏။

အသိဉာဏ်နှင့် ကာလဒေသကို ချင့်ချိန်ဝေဖန်တတ်
တဲ့ ပညာရှိအမတ်ကြောင့် ယခင်လည်း ရှုံးနေကျ၊ ယခု
လည်း ရှုံးရလိမ့်မည်ဟု တွေးထင်နေတဲ့ အဿကမင်း
ကား အရှုံးမှ အနိုင်သို့ ချီတက်နိုင်ခဲ့၏။ ရှုံးနိမ့်ခြင်းသည်
အဿကမင်းဘဝထဲမှ လွှင့်စဉ်သွားရပြီး အောင်နိုင်ခြင်း
က အဿကမင်းအား ပွေ့ဖက်ထားပေသည်။

သို့သော် အဿကမင်း၏ အောင်နိုင်ခြင်းသည်လည်း
ထာဝရ တည်တံ့လိမ့်မည် မဟုတ်ပေ။ ကံကြမ္မာ အနိမ့်
အမြင့်ပေါ် မူတည်ကာ အသိဉာဏ် ဆင်ခြင်တုံတရား
ကင်းမဲ့လာသော တစ်နေ့တွင် အရှုံးနှင့် ရင်ဆိုင်ရတတ်
သေး၏။ အနိုင်အရှုံးဟူသမျှကား ထာဝရတည်တံ့နေခြင်း
မရှိချေ။

အရှုံးမဲ့ အနိုင်ရတဲ့ တစ်ဦးတည်း ပြိုင်ဆိုင်ခြင်းသည်
သာ အကောင်းဆုံး ဖြစ်၏။ အကယ်၍ အတွေ့သည် ပရနှင့်
ပြိုင်ဆိုင်ရပါကလည်း အနိုင် အရှုံးဟူသော ရလဒ်၌
ရပ်နိုင်အောင် မိမိစိတ်ကို ဆင်ခြင်ထိန်းချုပ်သင့်ပေသည်။
ထို့ထက်ကျော်လွန်၍ အတိမာနထားကာ အာဃာတ
အဖြစ် မတေးမှတ်သင့်ပေ။ တေးမှတ်ခဲ့ပါလျှင် အရှုံးနှင့်
ရင်ဆိုင်ရပေမည်။

'အောင်ခြင်းရှုံးခြင်း၊ အခင်းနှစ်မည်၊ ဟူတုံသည်
ကား၊ အတည်တစ်၊ မှန်မရှိဘူး၊ အောင်ပြီးတစ်ဖန်၊ ရှုံး
ပြန်တစ်ခါ၊ နိုင်ရာတစ်ချက်၊ ပျက်ရာတစ်မျိုး၊ စစ်ထိုး
ဟူလေ့၊ ပြကတော့တည့်၊ ခြသေ့ကိုဖက်၊ နိုင်လျက်ထိုခြင်၊
ပင့်ကူမျှင်၌၊ ငြိကျင်စင်းလျှင်း၊ သေတတ်လျှင်း၏' (မဃ-
၂၀၄)၏

မောင်ဉာဏ်လင်း(တောင်ကုတ်)

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အယုတ်ဆယ်ဆိုး

ကွမ်းရွက်ဆီလိမ်းဆေး (အဖေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အပြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဂက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်စေဆေး အပြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျမ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် သည်တို့ကို ရင်လူးဆေး အပြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အပြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ပြန်ဝေရေး- ကိုဝင်းမြင့်+မဘောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ဆိုင်း- ဝန်းသော်တာဆေးတိုက်၊ ၃-၁ (102) ၊ပန်းလိုင်အိမ်ရာ၊ ဒွေးသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်မြို့နယ်၊ ဖုန်း-၇၉၉၀၆၇

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ ဒေသနာတော်များတွင် ပရိတ္တခေါ် ပရိတ်တရားတော်များသည် အလွန်ထင်ရှားလှ၏။ ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်း ဤပရိတ်တရားတော်များသည် အန္တရာယ်ကင်းသည်၊ ရောဂါပျောက်သည်ဟု စသည်ဖြင့် ယုံကြည်ထားကြသည်။ ထို့ကြောင့် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအနေဖြင့်လည်း အခါအားလျော်စွာ ပရိတ် တရားတော်များကို ရွတ်ဖတ်ပေးတော်မူကြရ၏။ အမှန်တကယ်တွင်လည်း ထိုပရိတ်နာရားတော်များကြောင့် အကျိုးတရားများ ထင်ထင်ရှားရှား ရရှိခံစားခဲ့ရကြောင်း ခေတ်အဆက်ဆက် မှတ်တမ်းတင်ခဲ့ကြပါသည်။

ထို့ကြောင့် သိလိုသူ အချို့သော ပုဂ္ဂိုလ်များက ပရိတ်တရားသည် အဘယ်ကြောင့် အစွမ်းထက်ရသနည်းဟု မေးမြန်းတတ်ကြ၏။ ထိုအမေးမျိုးကို ယခုခေတ်မှသာ မဟုတ်၊ ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် မေးမြန်းခဲ့ကြသည်။ ထိုအထဲတွင် မိလိန္ဒမင်းကြီးလည်း ပါဝင်ခဲ့သည်။ ထိုမင်းသည် ဗုဒ္ဓတရားတော်တို့ကို စုံစမ်းသိမြင်လိုသည့်အနေဖြင့် အရှင်နာဂသေန

www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာအရှင်သူမြတ်ကြီးအား မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ထိုမေးခွန်းများထဲတွင် အဆိုပါ ပရိတ်တန်ခိုး စွမ်း၊ မစွမ်းနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် အရှင်နာဂသေန မထေရ်မြတ်က ဖြေကြားခဲ့ဖူးသည်။ ၄င်းဖြေကြားချက်များကို အနှစ်ချုပ် တင်ပြလိုပါသည်။

'မင်းမြတ်.. ပရိတ်အရံအတားသည် နေနိုင်ရန် အသက်ကြင်းရှိသေးပြီး အရွယ်နှင့်ပြည့်စုံသော အမိသတ်ခြင်း စသော ပဉ္စာနန္တရိယက် ပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသောသူ၏ အကျိုးငှာ ဖြစ်ပါသည်'

'မင်းမြတ်..အသက်ကြင်းရှိသေး၍ အရွယ်နှင့်ပြည့်စုံသော မာတုဃာတကက်(အမိသတ်မှက်) စသော ပဉ္စာနန္တရိယက်၏ ပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသောသူကို ပရိတ်အရံအတားသည် စောင့်ရှောက်ပါ၏။ လုံခြုံစေပါ၏။ ထိုသူ၏ အကျိုးငှာ ဘုရားရှင်သည် ပရိတ်အရံအတားကို ထုတ်ဖော်ဟောကြားပါ၏'ဟု မိလိန္ဒမင်းကြီး၏ အမေးကို အရှင်နာဂသေနမထေရ်မြတ်က ဖြေကြားတော်မူခဲ့ပါသည်။

အရှင်နာဂသေန မထေရ်မြတ်၏ ဖြေကြားချက်အရ ပရိတ်ရွတ်ခြင်း၊ ပရိတ်နာခြင်းတို့သည် ဆက်လက်ရှင်သန်နိုင်ရန် အသက်ကြင်း၊ အသက်ကျန် မရှိတော့သောသူတို့အတွက် မတတ်နိုင်ချေ။ သည်နေ့ သည်အချိန် သေရတော့ဆဲဆဲ ပုဂ္ဂိုလ်တို့အတွက် ပရိတ်နာသော်လည်း အသက်မရှင်နိုင်။ သို့သော် သေခါနီး ပရိတ်နာယူရခြင်း နောင်ဘဝအတွက်ကား အလွန်ကောင်းမွန်လှပါသည်။ သေရန်ဝေါက်ကြမ်မာ ဆိုက်လာသူအတွက်မူ ပရိတ်တရားတော်သည် အသက်ဆက်လက်ရှင်သန်နိုင်ရန် စွမ်းဆောင်မပေးနိုင်ချေ။

သို့သော်လည်း အာယုဝဍ္ဎနမင်းသားလေး ဘီလူးဖမ်းစားခံ၍ ခုနစ်နှစ်အရွယ်မျှဖြင့် သေရတော့မည်ကို သံဃာတော်တို့က ပရိတ်ရွတ်ပေးသောကြောင့် အသက်(၁၂၀) တိုးရခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ ဤမင်းသားလေး၌ ဆက်လက်ရှင်သန်ရန် အသက်ကြင်းရှိသောကြောင့်ဖြစ်သည်။ သို့သော် ထိုသို့အသက်ကြင်း ရှိသေးသော်လည်း ပရိတ်ရွတ်ခြင်း၊ နာကြားခြင်းဟူသော အရံအတားကို မပြုသော် ဘီလူးစား၍ ခုနစ်နှစ်အရွယ်ဖြင့်ပင် သေရာ၏။

ထိုသို့ အသက်ကြင်း ရှိသေးသော်လည်း အမိသတ်ခြင်း၊ အဖသတ်ခြင်း စသော ပဉ္စာနန္တရိယက်ကြီးများကို ပြုလုပ်ကျူးလွန်ခဲ့သူအတွက်မူ အသက်ရှည်ရန် ပရိတ်တရားတော်က စောင့်ရှောက်မပေးနိုင်ချေ။ အာယဝ်ကြောင့် ဆိုသော် ဆိုးရွားလွန်းသော ကံကြီးများ၏ တားမြစ်မှုကြောင့် ပရိတ်တရားတော်၏ အရှိန်အဟုန်များ ကျဆင်းသွားသဖြင့် အကျိုးအာနိသင်များ ရရှိရန် ခဲယဉ်းသွားခြင်းဖြစ်သည်။ ကားတိုက်၍၊ ဘီလူးစား၍ စသဖြင့် သေရန် အကြောင်း ကျိန်းသေရှိသော်လည်း အသက်ကြင်းရှိသူနှင့် ပဉ္စာနန္တရိယက် ကင်းရှင်းသူတို့အဖို့ ပရိတ်တရားတော်ကိုသာ ယုံကြည်စွာ ရွတ်ဖတ်နာယူပါက အသက်ဘေးတို့မှ လွတ်ကင်းမည်ဖြစ်သည်။

လောကတွင် ဆေးကုသကြသဖြင့် အနာရောဂါတို့မှ ပျောက်ကင်းသွားကြသည်ကို မြင်ဖူးကြပေလိမ့်မည်။ ထိုသို့ ဆေးကုသ၍ အနာရောဂါ ပျောက်ကင်းရာတွင် (၁) ဆေးကု၍ ပျောက်နိုင်သော အနာဖြစ်ခြင်း၊ (၂) ဆေးစစ်ဆေးမှန်ဖြစ်ခြင်း၊ (၃) ဆေးဆရာ၏ လိမ္မာကျွမ်းကျင်မှုနှင့် (၄) လူနာ၏ ယုံကြည်ချက်တို့အပေါ် မူတည်နေပါသည်။ ထို့အတူ ပရိတ်တရားတော်တည်းဟူသော ဆေးစစ် ဆေးမှန် ဇကန်ရှိသော်လည်း ထိုပရိတ်တရားတော်နှင့် မသင့်မြတ်သော အနာမျိုး(ပဉ္စာနန္တိယက်) စသည်ဖြစ်နေပါက ပျောက်ကင်းရန် အကြောင်းမရှိပေ။ ထို့အတူ ပရိတ်တရားတော်တို့သည် ဆေးဆရာနှင့် ပမာတူသော ရွတ်ဖတ်သူသံဃာတော်တို့နှင့်လည်းကောင်း၊ လူနာနှင့်တူသော ပရိတ်နာသူတို့အပေါ်တွင်လည်းကောင်း များစွာမူတည်ပါသည်။ ထို့ကြောင့် ဘုရားရှင်က ရွတ်ဖတ်သူအတွက် လိုက်နာရမည့် စည်းကမ်းအင်္ဂါသုံးပါး၊ နာယူသူဘက်မှ လိုက်နာရမည့် စည်းကမ်းအင်္ဂါသုံးပါးတို့ကို ပညတ်တော်မူခဲ့သည်။

မည်သို့ဆိုစေ ပဋိသမ္ဘိဒါမဂ်ရ ရဟန္တာကြီးဖြစ်တော်မူသော ရှင်နာဂသေနမထေရ်မြတ်က 'မင်းမြတ်..ပရိတ်ရွတ်ဆိုသော် ပရိတ်သံကို ကြားရာ၏။ လျှာခြောက်၏။ စိတ်နှလုံး တွန့်လည်၏။ လည်ချောင်း နာကျင်၏။ ထို ပရိတ်တို့ကို ရွတ်ဆိုသံကြောင့် အလုံးစုံသောရောဂါတို့သည် ငြိမ်းကုန်၏။ အလုံးစုံသော ဘေးရန်တို့သည် ဖယ်ရှောင်ကုန်၏။

မင်းမြတ်.. ပရိတ်အရံအတားကို ပြုထားသော ယောကျ်ားကို ကိုက်လိုသောမြွေသည် မကိုက်ဝံ့။ ဟုင်း

www.burmeseclassic.com

လင်းပွင့်သော မြေခဲတွင်းသည် ပိတ်၏။

ခိုးသူတို့ရိုက်ပုတ်ရန် မြှောက်ချီထားသော တင်းပုတ်သည် မရိုက်နိုင်၊ တင်းပုတ်ကိုင်သောသူတို့သည် တင်းပုတ်ကိုလွှတ်ချပြီး ချစ်ခင်မှုပြုကြကုန်၏။

အမျက်ထွက်သော ဆင်ပြောင်ကြီးသည်လည်း ထိုးအံ့သောငှာ လာသော်လည်း ဖယ်ရှောင်လေ၏။

အလျှံတပြောင်ပြောင် တောက်လောင်ထားသော မီးပူကြီးသည်လည်း အနီးသို့ရောက်လာလျှင် ငြိမ်းရာ၏။

စားသောက်၍ လတ်တလော သေစေတတ်သော အဆိပ်အတောက်ဒုသည်လည်း ဆေးဖြစ်၍ အာဟာရအကျိုးငှာ ခန္ဓာတွင်းသို့ ပို့နှုံ့၏။

လူသတ်သမားတို့သည် သတ်လို၍ လာကုန်သော်လည်း အနားရောက်သော် ကျွန်အဖြစ်သို့ ဝင်ရောက်ကုန်၏။

နင်းမိသော ကျောကွင်းသည် မဖွဲ့မိ(မချည်နှောင်မိ)ဟူ၍ ပရိတ်တရားတော်၏ အစွမ်းအနိုင်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အရှင်နာဂသေန ရဟန္တာမြတ်ကြီး၏ ဟောကြားချက်အရ ပရိတ်တရားတော်တို့သည် အလွန်အစွမ်းထက်၏။ သို့သော် အကျိုးအကြောင်းဖြင့်သာ အစွမ်းထက်ပါသည်။ နေရာတကာ အစွမ်းမထက်နိုင်ကြောင်း ထင်ရှားပါသည်။ ရည်ရွယ်ချက် မှန်ကန်သူများအတွက်သာ အကျိုးထူးပါသည်။ ရည်ရွယ်ချက် မမှန်ကန်သူများအဖို့ အကျိုးကျေးဇူးတစ်စုံတစ်ရာ ရရှိလိမ့်မည် မဟုတ်ချေ။

အကယ်၍သာ ပရိတ်တရားတော်သည် နေရာတကာ အစွမ်းထက်နေမည်ဆိုပါက သူယုတ်မာတို့၏ မန္တန်များပင် ဖြစ်သွားနိုင်သည်။ ဥပမာ-လူသတ်သမားသည် မိမိအား သက်ဆိုင်ရာက မဖမ်းဆီးနိုင်ရန် အရံအတားအဖြစ် ပရိတ်ကို ဆောင်ထားခဲ့။ ထိုသို့ဆောင်ထားနာယူသော ပရိတ်သည် ထိုလူသတ်သမား၏ အဆောင်မန္တန် ဖြစ်သွားရ၏။ ထို့အပြင် သူခိုးသည် မိမိခိုးယူလိုသောကိစ္စ၌ အန္တရာယ်ကင်းစေရန် ပရိတ်တရားတော်ကို အရံအတားပြု၏။ ထိုအခါ ပရိတ်တော်သည် သူခိုး၏ လက်ဖွဲ့သာ ဖြစ်သွားရာ၏။

သို့သော် ပရိတ်တရားတော်တို့သည် သူယုတ်မာတို့အဖို့ ဆေးစွဲ၊ ယုံကြည်မှုကလေး လွဲချော်နေလျှင်ပင် ပရိတ်အကျိုး၊ တန်ခိုးအာနိသင်တို့ကို ရရှိခံစားနိုင်လိမ့်မည် မဟုတ်ချေ။ အချို့ပုဂ္ဂိုလ်တို့သည် အကြောင်းအကျိုးဆီလျော်သော ကံ,ကံ၏ အကျိုးတရားကို မယုံကြည်ဘဲ အကြောင်းမဲ့ဝါဒ၊ အကျိုးမဲ့ဝါဒနှင့် ဖန်ဆင်းရှင်ဝါဒတို့ကိုလွဲမှားစွာ ယုံကြည်ကြ၏။ ထိုသို့ယုံကြည်မှု လွဲမှားနေသူတို့အဖို့ ပရိတ်ရွတ်ဖတ်နာယူသော်လည်း ကောင်းကျိုးကို မခံစားကြရပေ။ ပဋ္ဌာန်းရှစ်ယက်နှင့် အခြားကြီးမားသော အကုသိုလ်ကံများ ပြုလုပ်ထားသူအဖို့ အာယ်မှာ ဆိုဖွယ်ရာရှိအုံ့နည်း။

ထို့ကြောင့် ပရိတ်တရားတော်သည် အစွမ်းအနိသင်ရှိကြောင်း ထင်ရှားပါသည်။ သို့သော် နေရာတကာ၊ လူပုဂ္ဂိုလ်တိုင်းအတွက် အစွမ်းမထက်နိုင်ပါ။ ကောင်းမြတ်သောသူတို့၏ အရံအတားသာဖြစ်ပါသည်။ လာဘ်လာဘကို ရယူလိုစေဖြင့် ဒုက္ခက်၍ ရွတ်ဖတ်လျှင်ပင် ရွတ်သူအဖို့ ပရိတ်တရားတော်က အကာအကွယ် မပေးနိုင်။ ကောင်းသောရည်ရွယ်ချက် ရှိသူအတွက်သာ လုံခြုံမှုကို ပေးနိုင်၏။ သူတစ်ပါးတို့အပေါ် ယုတ်မာသောအကြံဖြင့် အတိုက်အခိုက် မန္တရားသဖွယ် အသုံးပြုသူများအတွက် ပရိတ်တရားတော်သည် အစီးအပွားကို မဖြစ်နိုင်။ အကြံယုတ်မာသူတို့အဖို့ ပျက်စီးခြင်းသာ ဖြစ်ရာ၏။

ထို့ကြောင့် ပရိတ်တရားတော်ကို ရွတ်ဖတ်မည်ဆိုလျှင်သော်လည်းကောင်း၊ နာယူမည်ဆိုလျှင်သော်လည်းကောင်း မိမိတို့ရင်ထဲတွင် အဓိကထားရှိရမည်မှာ မေတ္တာစေတနာ စိတ်ထားအမှန်တို့သာ ဖြစ်ပါသည်။ မိမိနှင့် သူတစ်ပါးတို့အတွက် ကောင်းမွန်မှုတသော ရည်ရွယ်ချက်မျိုးဖြင့်သာ ပရိတ်တရားတော်ကို ကျင့်သုံးသင့်ပါသည်။ ပရိတ်တရားဟူသည် မြင့်မြတ်ခြင်းအနန္တနှင့် ပြည့်စုံတော်မူကြသော ဘုရားရဟန္တာသူတော်စင်တို့ စီရင်ခဲ့သည့် ကောင်းမြတ်သော ရွတ်ဖတ်နာကြားစရာ တရားဓမ္မများဖြစ်သည်ကို သတိပြုသင့်ပေသည်။

ဗျာပုံ တင်နိုင်ဝင်း

မှီငြမ်းကိုးကား

၁။ ဦးသောင်းလွင်(ဘီအေ)၏ ကိုယ်ကျင့်ပရိတ်ကြီး

၂။ တက္ကသိုလ်သျှင်သိရိ (ခမ္မာစရိယ)၏ ပရိတ်တန်ခိုးပရိတ်အကျိုး။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသခင်ကိုယ်တော်မိုင်း

နိဒါန်းစကား

မြန်မာနိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုအကြီးဆုံး ဆရာကြီးသခင်ကိုယ်တော်မိုင်းကို မသိသူ မရှိသလောက်ပါပဲ။ ယနေ့ခေတ် အသက်နှစ်ဆယ်အတွင်း ဆယ်ကျော်သက် လူငယ်တွေကတော့ သိရှိသူ နည်းပါးလိမ့်မယ်ထင်ပါတယ်။ ဆရာကြီးဟာ မဟာလေးချိုးကြီးကဗျာတွေ ရေးဖွဲ့ပြီး မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းကို မီးမောင်းထိုးပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဆရာကြီးရဲ့ လေးချိုးကဗျာကြီးတွေဟာ အနက်အဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရေးဖွဲ့နိုင်ခဲ့ရုံမျှမက ကာရန်၊ နဘော၊ အချိတ်အဆက်တွေဟာလည်း မန်ကျည်းရွက် သပ်စပ်နည်း ဆိုရလောက်အောင် အကွက်စိပ်လှပေတယ်။

ဆရာကြီးသခင်ကိုယ်တော်မိုင်း ရေးဖွဲ့စီကုံးခဲ့တဲ့ လေးချိုးကဗျာကြီးတွေကို ပျော်ဝင်းစုထားတဲ့ သခင်ဦးကာ၊ ဗိုလ်ဦးကာ၊ ဒေါင်းဦးကာ၊ ခွေးဦးကာ စတဲ့စာအုပ်တွေဟာ ထင်

www.burmeseclassic.com

www.burmeseclassic.com

ရှားခဲ့ပေတယ်။ ယခုဒီဆောင်းပါးမှာတော့ ဆရာကြီးရဲ့ လေးချိုးကဗျာကြီးအကြောင်း မပြောသေးပါဘူး။ ဆရာကြီး အမြဲတမ်းရွတ်ဖွားခဲ့တဲ့ ဂါထာ(၃)ပုဒ်ကို တင်ပြမှာဖြစ်ပါတယ်။

ဆရာကြီးဟာ ဒီဂါထာတွေကို နေ့စဉ်ရက်ဆက် နှုတ်မှ တတွတ်တွတ်ရွတ်ဆိုပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ နိုင်ငံတော်အရေးအရာ ကဗျာလေးချိုးကြီးတွေကို ရေးသားဖွဲ့ဆိုပုံကို အာရုံယူကာ ကြည်ညိုလေးစားမိလို့ ဂုဏ်ပြုရေးသားတင်ဆက်လိုက်တာပါ။

(၁) ဒီကိုးချက်ဂါထာ

ဇိနာတိ မာရာရိ ဇိနေ ဒယာလယော၊
ဇိနုတ္တ ဓမ္မောစ ဇိနေန ပူဇိတော၊
ဇိနော ရသော နန္တ ဇိနပွသံသိတော၊
ဇိနာဒယော တေရိ ဇိတေ နမာမဟံ။

(အရှင်သဒ္ဓမ္မကိတ္တိမထေရ်၏ သီရိဝိစိတ္တလင်္ကာကျမ်း)

ဂါထာအနက်

ဒယာလယော-မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော (ဝါ) ခပ်သိမ်းသတ္တဝါ၊ များဗိုလ်ပါကို၊ ပုစ္ဆာဒေါသ၊ နိရတ္တသို့ မကျစေဘဲ၊ ရောင်ကြည်ဖဲလျက်၊ အခဲကြီးစွာ၊ ကျိုးရှိရာ၌၊ မချာမပြတ်၊ ယှဉ်စေတတ်သား၊ ကြီးမြတ်မဟာ၊ ကရုဏာ၏၊ တည်ရာစင်စစ် ဖြစ်တော်မူပေသော်၊ ဇိနော-ဘုရားမြတ်စွာသည် (ဝါ) ငါးမာရ်ပယ်ဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဇိနအမည်၊ ရွှေဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်၊ မာရာရိ-ယူဇနာတစ်ရာ့ငါးဆယ်၊ အုံဖွယ်ကြီးဘိ၊ ဂီရိမေခလာ၊ မည်သာတွင်ခြင်း၊ နတ်ဆင်မင်းထက်၊ စီးနင်းတက်၍၊ ကြောက်မက်ဖွယ်ရာ၊ စစ်ဗိုလ်ပါနှင့်၊ ဝဲယာစီလျက်၊ လက်ရုံးတစ်ထောင်၊ ဖန်ဆင်းဆောင်၍၊ နှိုင်အောင်စစ်ထိုး၊ ကျော်လွှဲဟိုးသား၊ တန်ခိုးတောက်ပ၊ တေဇထန်ပြင်း၊ မာရ်နတ်မင်းမှ၊ စသည်တန်တန်၊ အမာရ်များကို၊ ဇိနာတိ-အခေါင်လူလူ၊ တန်ဆောင်ထူ၍၊ အောင်တော်မူ၏။ ဇိနုတ္တ ဓမ္မောစ-မြတ်စွာဘုရား၊ ဟောကြားမူနှုတ်စွာ၊ ဓမ္မကွန်ရာ ပေါင်း ရှစ်သောင်းလေးထောင်၊ ကျမ်းကျန်အောင်ကိုလည်း၊ ဇိနေန-ငါးမာရ်ပယ်ဘိ၊ ဂုဏ်သတ္တိကြောင့်၊ ဇိနအမည်၊ အသရေတွဲ့တွဲ့နှင့်၊ ရွှေဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်၊ ပူဇိတော-အမြတ်တနိုး၊ မြတ်သကိုးဟု၊ မြတ်နိုးပူဇော်တော်မူအပ်၏။

ဇိနောရသော-ဇိနမည်တွင်၊ ဘုရားရှင်၏၊ ရွှေရင်တော်နှစ်၊ သားတော်စစ်ဖြစ်သော၊ ရှစ်ပါးအရိယာ မြတ်သံဃာတော်ကိုလည်း၊ အနန္တဇိနပွသံသိတော-နေရာဇဟို၊ လေးရောင်စိုသာ၊ မြင်းမိုရ်မြေလုံး၊ ရေတွက်ကျွံလည်း၊ မဆုံးနိုင်မျှ၊ အနန္တဂိုဏ်း၊ အဝိုင်းမသိသော၊ ကျေးဇူးတော်ရှင်၊ ဘုရားရှင်လျှင်၊ အလွန်ပင်ခိုးမွှမ်းတော်မူအပ်၏။ အရိဇိနော-မာရ်တလူလူ၊ အလံထူသည့်၊ ရန်သူခပင်းတို့ကို နှိမ်နင်းအောင်မြင်တော်မူကုန်ပြီးသော၊ တေဇိနာဒယော-ထိုဘုရားစသည်၊ မြတ်ဇနည်တို့ကို၊ အဟံ-တပည့်တော်သည်၊ နမာမိ-အမြတ်တနိုး၊ မပြတ်ကိုးကျ၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့လိုက်ပါ၏ဘုရား။

(၂) ဒီဝါတပတိ အာဒိစ္စော ဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
(တာဒိသံ တေဇ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ)

မဓုပဒ၊ ဗြာဟ္မဏဝဂ် ဂါထာ(၃၈၆)

ဂါထာအနက်

အာဒိစ္စော-ရောင်ဝါထွန်းလင်း၊ ရှင်နေမင်းသည်၊ ဒိဝါ-ညဉ့်ယံမပါ၊ နွေဦးသာလျှင်၊ တပတိ-ရောင်ဝါရှိနိုင်၊ ထွန်းလင်းတောက်ပ၏။ စန္ဒိမာ-ညခါပဝင်း၊ လမင်းစန္ဒာသည်၊ ရတ္တိမာ-နွေခါမပါ၊ ညချမ်းခါဦးသာလျှင်၊ တပတိ-အေးမြရောင်ဝင်း၊ ထွန်းလင်းတောက်ပ၏။ ခတ္တိယော-မင်းစိုးရာဇာ၊ အဖြာဖြာသည်၊ သန္နဒ္ဓေါ-ချပ်ဝတ်တန်ဆာ၊ ဆင်ယင်ထားမှသာလျှင်၊ တပတိ-ဂုဏ်ရောင်ထင်လင်း၊ တောက်ပခြင်းနှင့် ပြည့်စုံ၏၊ ဗြာဟ္မဏော-ဗြာဟ္မဏမည်ငြား၊ ရဟန္တာအရှင်မြတ်များသည်၊ ဈာယီ-ဈာန်ဝင်စားမှသာလျှင်၊ တပတိ-ဘုန်းရောင်ရွှန်းမြ၊ တောက်ပပါ၏။ ဗုဒ္ဓေါ-သစ္စာလေးပါး၊ တရားစဉ်ကို၊ သိမြင်ပေတော်၊ မြတ်စွာဘုရားသည်၊ သဗ္ဗမဟောရတ္တိ-နေ့ရောညဉ့်ပါ၊ အဟ်ခါမပြတ်၊ ကာလပတ်လုံး၊ တေသော-ဘုန်းအရှိန်ပဝင်း၊ တန်ခိုးတော်အရောင်အလင်းဖြင့်၊ တပတိ-စကြဝဠာ၊ ကမ္ဘာမြေအနှံ့၊ ကြဲဖြန့်ရှိနိုင်၊ ထွန်းလင်းတောက်ပတော်မူလေ၏။

(တာဒိသံ-ထိုသို့သဘောရှိသော၊ တေဇ သမ္ပန္နံ-တန်ခိုးတော်နှင့် ပြည့်စုံတော်မူပေသော၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ အဟံ-တပည့်တော်သည်၊ သာဒရံ-ရိုသေလေးမြတ်လျက်၊ ဝန္ဒာမိ-ရှိခိုးပူဇော်ပါ၏ဘုရား)

www.burmeseclassic.com

အမှတ်(၃)ဂါထာ

ဗုဒ္ဓေါ မေ သရဏံ အညံ၊
နာထော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ၊
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

ဂါထာအနက် (အဓိပ္ပာယ်အနက်)

ဗုဒ္ဓေါ-သစ္စာလေးအင်၊ တရားစဉ်ကို၊ ကိုယ်တော်တိုင် သိမြင်တော်မူသော ဗုဒ္ဓဘုရားရှင်သည်၊ မေ-တပည့်တော်၏၊ သရဏံ-ကိုးကွယ်ရာအစစ်ဖြစ်ပါပေ၏။ အညံ-ဘုရားမှတစ်ပါး တခြားကိုးကွယ်ရာမရှိပါ။ နာထော-ဘုံသုံးပါးတို့၏ ကိုးကွယ်အစစ် ဧကန်ဖြစ်တော်မူပေသော မြတ်စွာဘုရားရှင်သည်၊ မေ-တပည့်တော်၏၊ ဝရံ-ထူးကဲမွန်မြတ်သော၊ သရဏံ-ကိုးကွယ်ဆည်းကပ်ရာ အစစ်အမှန်ပါဘုရား။ ဧတေန သစ္စဝဇ္ဇေန-ဤသို့ မှန်ကန်သော သစ္စာစကားကို ဆိုရသောကြောင့်၊ မေ-တပည့်တော်အား၊ ဇယမင်္ဂလံ-အောင်ကြောင်းဖြာဖြာ အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်ပါစေသတည်း။ မေ-တပည့်တော်အား၊ အာယုဝဍ္ဎနံ-အသက်ရှည် ကျန်းမာနေရခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း။ မေ-တပည့်တော်အား၊ သုခဝဍ္ဎနံ-ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာခြင်း စသော ကောင်းကျိုးချမ်းသာ အဖြာဖြာသည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ ဖြစ်ပါစေသား ခြတ်စွာဘုရား။

♦♦♦

အနက်အဓိပ္ပာယ်ကို အလိုရှိသူများ ရရှိစေရန် ထည့်သွင်းရေးသားလိုက်ပါတယ်။ ကြိုက်နှစ်သက်၍ နေ့စဉ်ရွတ်ဖတ်လိုပါက ဂါထာ(ပါဠိ)များကိုသာ ရွတ်လို့ရပါတယ်။ ဂါထာများ အလွတ်မရရင် ကြည့်ပြီးရွတ်ဖတ်နိုင်ပါတယ်။ ကောင်းကျိုးချမ်းသာအဖြာဖြာနဲ့ အောင်မြင်ခြင်းအရာရာ ပြီးပြည့်စုံစေတာမှာတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကိုယ်တွေ့သက်သေခံလျက်ရှိပါကြောင်း...။

ယုံကြည်မှုဖြင့် ဘဝကို တည်ဆောက်နိုင်ကြပါစေ။

နမော သမ္မာသမ္ဗုဒ္ဓဿ

မုံရွာ-ဇနဇာ

စာကိုး

* သခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်။

www.burmeseclassic.com

ကချင်ပြည်နယ်မှ အလောင်းတော်ကသမဂ္ဂသို့
ခြေကျင်ကြွက အတွင်းသို့ ဝင်ရောက်ဖူးမြော်ခဲ့သည့်
ရာကျော်ဆရာတော်နှင့် ဘိုးခင်မောင်

စကြာကောင်းစံ

မမျော်လင့်ဘဲ အလောင်းတော်ကသပကို ဘုရားဖူးနောက်တစ်ခေါက် ထပ်ရောက်ရပြန်တယ်။ ရန်ကုန်ကနေ မန္တလေးကို ရထားနဲ့သွား၊ မန္တလေးမှာနား၊ ပြီးတော့ မန္တလေးက အလှူရှင်မိသားစုနဲ့ အလောင်းတော်ကသပကို သွားကြတာပါ။ ကားငါးစီး၊ လူ(၆၀) တာကယ်တမ်းတော့ တပါးကြီးပါဝဲ။

ဒီနှစ် အလောင်းတော်ကသပ ဖွင့်ရက် နောက်ကျပါတယ်။ မိုးများတဲ့နှစ်မို့ လမ်းပြင်တာ ကြာသွားလို့ပါ။ ဒါတောင် စာရေးသူတို့ သွားတဲ့အချိန် လမ်းနေရာအချို့ မကောင်းသေးတာရယ်၊ ချောင်းရေက အတော်လေးများတာရယ် ကြုံရပါတယ်။

တောင်ပေါ်မှာ အလှူရှင်မိသားစု အစီအစဉ်နဲ့ သံဃာဆောင်မှာ တည်းရပါတယ်။ စာညဉ်ခိစရာနေရာက လေလုံတယ်။ မန္တလေးကနေ စောင်တွေ၊ အခင်းတွေ သယ်လာတယ်ဆိုပေမယ့် အပြင်မှာ လေအေးတိုက်လို့ မေးခိုက်ခိုက် တုန်နေပါတယ်။ အလောင်းတော်ကသမဂ္ဂထဲကို သွားပြီး ပုတီးစိပ်မယ်ကြံတော့ အပေါ်က တစ်ချိန်လုံးကျနေတဲ့ ကျောက်စက်ရေတွေကြောင့် အခင်းဂုန်နီကော်ဇောတွေက ရွဲ၊ အောက်ဘက်ကချောင်းရေကလည်း တဝေါဝေါဆိုတော့ ပုတီးကြာကြာ မစိပ်နိုင်ခဲ့ပါဘူး။ ဘုရားရှိခိုးဝတ္ထု အတွင်းက ကသပကိုယ်တော်မြတ်ကြီးကို ရည်မှန်းကန်တော့ပြီး ဂူပေါက်ဝတံခါးကို ရွှေသင်္ကန်းကပ်လှူဖြစ်ပါတယ်။

ဒီဂူ တံခါးဝကြီးပေါ့။ လပြည့်နေ့၊ လပြည့်ညတွေမှာ ဖွင့်တယ်၊ ပွင့်တယ် ပြောကြတာလေ။ ရွှေသင်္ကန်းကပ်လှူရင်း အတွင်းကို ဝင်ရောက်ဖူးမြော်ခွင့်ရခဲ့တဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေ အကြောင်းကို ပြန်စဉ်းစားကြည့်မိတယ်။ စာရေးသူ စုဆောင်းသိရှိမိသမျှတော့ အဘရာကျော်ဆရာတော်၊ ဘိုးပေါက်ဆိန်၊ ဘိုးခင်မောင်၊ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်၊ ဦးဝါသဝ၊ မဲ့ရှင်ဆရာတော်၊ သီလရှင်မဥတ္တရာတို့ ဖြစ်ပါတယ်။ နောက်ထပ်လည်း ရှိနိုင်ပါသေးတယ်။

သတ္တမမြောက် ကျော်အောင်စံထားဆရာတော် အရှင်ဝါယမာဘိဝံသဟာ ရဟန်းငယ်ဘဝ မြန်မာသက္ကရာဇ် (၁၃၁၆)ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်၊ (၆)ရက်၊ ခရစ်နှစ်(၁၉၅၅)ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်က အလောင်းတော်ကသပမှာ အဓိဋ္ဌာန်ဝင်ရင်း ဂူအတွင်းကို ဝင်ရောက်ဖူးမြော်ခဲ့ရတာကို ဆရာတော်ရဲ့ အလောင်းတော်ကသပသွား ပုတီးစိပ် ကိုယ်တွေ့မှတ်တမ်းစာအုပ်မှာ တိတိကျကျ ဖြည့်ပြည့်စုံစုံ ရေးသားခဲ့ပါတယ်။ ဆရာတော်တို့ရဲ့ ကိုယ်တွေ့မှတ်တမ်းကို စာရေးသူ ဤဂမ္ဘီရမဂ္ဂဇင်းမှာပဲ လွန်ခဲ့တဲ့ ကိုးနှစ်ကျော်က ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့ပါသေးတယ်။

အခု ရေးသားတင်ပြချင်တာက အလောင်းတော်ကသပ ကိုယ်တော်ကြီးကို အတွင်းဝင်ပြီး ဖူးမြော်ခဲ့ရတဲ့ အဘရာကျော်ဆရာတော်ကြီးနဲ့ ဘိုးခင်မောင် နှစ်ဦးအကြောင်းပဲ ဖြစ်ပါတယ်။ အဘရာကျော်ဆရာတော်ကြီးကိုတော့ ဝိဇ္ဇာလမ်းစဉ်နှင့် လောကီပညာ လေ့လာသူ အများစု သိကြပါတယ်။ ယိုးဒယားဆရာတော်လို့လည်း ခေါ်တယ်။ အသက်ရာကျော် (ဘယ်နှစ်ရာထိ ကျော်သည်မသိ)အထိ နေထိုင်ပြီး မြန်မာနိုင်ငံအနှံ့သာမက ဗီယက်နမ်၊ လာအို၊ ထိုင်းနဲ့ ဟိမဝန္တာအပါအဝင် နိုင်ငံရပ်ခြားသွားလာနေထိုင် သာသနာပြုခဲ့သူမို့ အထင်ကရဖြစ်ပါတယ်။ ဘိုးခင်မောင်ဆိုတဲ့ ထွက်ရပ်ပေါက်ဘိုးတော်ကို

www.burmeseclassic.com

www.burmeseclassic.com

တော့ သိသူ နည်းပါတယ်။

ဘိုးခင်မောင့်ကို သိသူများက နိုင်ငံတော်ကောင်စီဝင် ဟောင်း မြစ်ကြီးနားကောလိပ် ကျောင်းအုပ်ကြီး(ငြိမ်း)၊ နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဆရာကြီး ဒေါက်တာစိုင်းအောင်ထွန်းနဲ့ မြစ်ကြီးနားမြို့က အောင်မော်စံဆရာတော် ဘဒ္ဒန္တအရိယဝံသတို့ ဖြစ်ပါတယ်။ စာရေးသူကို ဘိုးခင်မောင်အကြောင်း ပြောပြတာက အောင်မော်စံဆရာတော် ဖြစ်ပါတယ်။

ဘိုးခင်မောင် ကောက်ကြောင်း

ဆရာကြီး ဒေါက်တာစိုင်းအောင်ထွန်း မြစ်ကြီးနား ကောလိပ် ကျောင်းအုပ်ကြီးဘဝနှင့် ရှိနေတုန်း ဆရာကြီး အိမ်ကို ဘိုးခင်မောင် ရောက်လာတယ်။ ရောက်လာတာက ဆရာကြီးရဲ့ ငယ်သူငယ်ချင်း ဗိုလ်ကြီးအုန်းပွင့် လာပို့တာလို့ ပြောပါတယ်။ ဗိုလ်ကြီးအုန်းပွင့် ရှေ့တန်းထွက်မှာမို့ အဘိုးကို စောင့်ရှောက်ပါဆိုပြီး လာအပ်တာတဲ့။ အဲဒီအချိန်က အဘိုးခင်မောင်က အသက် (၉၆)နှစ်ရှိပြီ။ အဘိုးခင်မောင် ရောက်လာပြီးတော့ ဆရာကြီး ဒေါက်တာစိုင်းအောင်ထွန်း၊ အဘိုးခင်မောင်နှင့် အောင်မော်စံဆရာတော်တို့ဟာ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ဘုရားစေတီတွေ ပြင်တယ်၊ တည်တယ်။ အဲဒီအကြောင်းတွေ အောင်မော်စံဆရာတော် ရေးပြီး စာရေးသူ စီစဉ်ကာ လုံးချင်းအဖြစ် (၂၀၁၆)ခုနှစ်က ထုတ်ခဲ့ပါတယ်။

ဘိုးခင်မောင်က မက္ခရာမင်းသားနှင့် အမျိုးတော်ပါတယ်။ ကုန်းဘောင်ခေတ်နောင်းက သူရဲကောင်းတစ်ဦး ဖြစ်ပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေ အထက်မြန်မာနိုင်ငံကို သိမ်းပြီးတော့ နယ်ချဲ့ကို လူသူစုဆောင်း ရရာလက်နက်နှင့် ပြန်တော်လှန်တဲ့အထဲမှာ ဘိုးခင်မောင် ပါတယ်။ နောက်တော့ အားမတန် မာန်ချပြီး ရတနာပုံက မိတ္ထီလာ၊ ကျိုင်းတုံ၊ အဲဒီကမှတစ်ဆင့် ဗီယက်နမ်နိုင်ငံကို ရောင်ပြေးခဲ့ရတယ်။ ဗီယက်နမ်မှာ အလုပ်ဝင်လုပ်နေရာက အဘရာကျော်နဲ့ တွေ့တယ်။ အဘရာကျော်နှင့် ဘိုးခင်မောင်ဟာ ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ ဘာလိကျွန်းတို့ကို လျှောက်သွားခဲ့ပြီး လွတ်လပ်ရေးရတော့ မြန်မာနိုင်ငံကို ပြန်လာကြတယ်။ ပြန်လာတာ ခြေကျင်ခရီးနော်။ နောင်ကို အလျှဉ်းသင့်ရင် ထွက်ရပ်ပေါက်ဝိဇ္ဇာ အဘိုးခင်မောင်ရဲ့ အကြောင်းကို ဆောင်းပါးရေးပါဦးမယ်။

အဘရာကျော်နှင့် ဘိုးခင်မောင်

မြန်မာနိုင်ငံထဲ ပြန်ဝင်လာပြီး ကနဦးက ကချင်ပြည်နယ်မှာ နေတာ များတယ်။ အဘရာကျော်နှင့် ဘိုးခင်မောင် ဆရာ,တပည့်နှစ်ဦး ဖားကန့်၊ ပင်းတယ၊ ပျော်ဘွယ်၊ ပဲခူး၊ ရန်ကုန်(ကြို့ကုန်း)အပါအဝင် အထက်,အောက် စုန်ဆန်ကူးနေပါတယ်။

ရာကျော်ဆရာတော် ဦးကိတ္တိ

www.burmeseclassic.com

www.burmeseclassic.com

အဘရာကျော်နဲ့ ဘိုးခင်မောင်တို့ အလောင်းတော်ကဿပကို ကချင်ပြည်နယ်ကနေ ခြေကျင်သွားပြီး ဖူးကြပါသတဲ့။ ဒါကို ဆရာကြီး ဒေါက်တာစိုင်းအောင်ထွန်းက ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သော ကချင်ဆရာတော် ဘဒ္ဒန္တအရိယဝံသ၏ ကျွန်ုပ်နှင့် ရဟန်းဒကာ,ဒကာမတို့ ဘုရားတည်ခြင်း စာအုပ်မှာ ရေးသားဖော်ပြခဲ့သလို အောင်မော်စံဆရာတော်ကြီးကလည်း ဝိဇ္ဇာတကယ်ရှိပါသည်မှာ ရေးသားခဲ့ပါတယ်။

အဘရာကျော်နဲ့ ဘိုးခင်မောင် ဆရာ,တပည့် အလောင်းတော်ကဿပကို သွားတာ ခြေကျင်နော်။ စာရေးသူ စဉ်းစားကြည့်တယ်။ ကချင်ပြည်နယ် မြစ်ကြီးနားကနေ မုံရွာကို မြေပုံပေါ်မှာ အနောက်တောင်ဘက် အဖြောင့်တိုင်းတာတောင် မိုင်(၂၇၀)ကျော်တယ်။ မုံရွာကနေ ယင်းမာပင် (၁၅)မိုင်၊ ယင်းမာပင်ကနေ ကပိုင်ရွာကို (၂၁)မိုင်၊ ကပိုင်ရွာကနေ သလောက်ကို လေးမိုင်၊ သလောက်ကနေ ဆင်စခန်းကို တစ်မိုင် သုံးဖာလုံ၊ ဆင်စခန်းကနေ အလောင်းတော်ကဿပကို တစ်မိုင်ကျော် ကွာဝေးပါတယ်။

မန္တလေးမြို့ကနေ အလောင်းတော်ကဿပကို (၁၄၂) မိုင်ဝေးတယ်။ မြစ်ကြီးနားကနေ ရထားစီးလာပါဦးတဲ့။ မြစ်ကြီးနား၊ နမ္မတီး၊ မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း၊ မော်လူး၊ နဘား၊ ဝန်းသို၊ ကောလင်း၊ ချပ်သင်း၊ ကန့်ဘလူ၊ ဇီးကုန်း၊ ခင်ဦး၊ ရေဦး၊ ပြီးတော့ ကုန်းလမ်းဆက်။ ဒီပဲယင်း၊ စိုင်းပြင်၊ ဘုတလင်၊ အဲဒီကနေ မြေလမ်း ကူတော်၊ ကနီ၊ ကနီကနေ ကဿပတောင်ကို (၂၃)မိုင်ခွဲဝေးတယ်။

အလောင်းတော်ကဿပဟာ (၄၅၅)ဒသမ (၇၅) စတုရန်းမိုင် ကျယ်ဝန်းတဲ့ မဟာမြို့ကြီးအတွင်းမှာ ရှိပြီး အလောင်းတော်ကဿပနယ်မြေကကို (၆၁၆)ဒသမ (၈၄၃)စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ဤခေတ် ဤအခါ ဤလမ်းခရီးကို ခြေကျင်ဘယ်လိုများသွားသလဲ စဉ်းစားတော့။ အောင်မော်စံဆရာတော်ကြီးက စာရေးသူကို မိန့်တယ်။ မစဉ်းစားနဲ့၊ ဝိဇ္ဇာလေ။ မြေကြောရှုံ့လို့ ရတယ်၊ မိုးပျံမြေလျှိုး တန်ခိုးရှိတယ်တဲ့။

အလောင်းတော်ကဿပသို့ ခြေကျင်ကြွ

အောင်မော်စံဆရာတော်က ဘိုးခင်မောင်ကို မိန့်မလေးပေါက် ခင်မောင်လို့ ခေါ်တယ်။ ဘိုးခင်မောင်က အိမ်ထောင်လေးဆက် ရှိခဲ့တာကိုး။ အဘရာကျော် (ခေါ်) ရာကျော်ဆရာတော် ဦးသဒ္ဓမ္မဒေဝပုတ္တကိတ္တိနှင့် တွေ့ပြီး နောက်မှ ရာသက်ပန် တပည့်ခံပြီး ရာကျော်ဆရာတော် နောက်ကို ရှေ့ဝင်း နောက်ခြေဝင်း တစ်ထပ်တည်းကျအောင် တကောက်ကောက်လိုက်သွားရတဲ့ဘဝ ရောက်သွားတော့တယ်။

ရာကျော်ဆရာတော်နဲ့ ဘိုးခင်မောင် ဆရာ,တပည့် အလောင်းတော်ကဿပကို ခြေကျင်ကြွ ဘုရားဖူးတဲ့ အကြောင်း အောင်မော်စံဆရာတော် ကချင်ပြည်နယ်က ဝိဇ္ဇာတကယ်ရှိပါသည် စာအုပ်၊ စာမျက်နှာ(၆၇-၆၈)မှာ ရေးခဲ့သလို ကျွန်ုပ်နှင့် ရဟန်းဒကာ,ဒကာမတို့ ဘုရားတည်ခြင်း စာအုပ်၊ စာမျက်နှာ(၁၀၁-၁၀၂)မှာလည်း ရေးသားဖော်ပြခဲ့ပါတယ်။

အလောင်းတော်ကဿပ ရတနာတိုက်စေတီတော်

တစ်နေ့တော့ အဘရာကျော် ဆရာတော်က "ဟေ့.. ခင်မောင်၊ အလောင်းတော်ကဿပ သွားဖူးရအောင်။ အဝတ်အစား အပိုယူခဲ့။ ရိက္ခာစုဆောင်းစရာ မလိုဘူး။ လမ်းစရိတ်ငွေလည်း မလိုဘူးလို့ ဆိုပါတယ်။ ထိုခေတ် ထိုအခါက ကားလမ်းမရှိသေးသဖြင့် ခြေကျင်ခရီးကိုသာ အားပြုသွားကြရတယ်။ တစ်တောဝင် တစ်ဟောင်တက်နှင့် အတော်ပင်ပင်ပန်းပန်း

www.burmeseclassic.com

သွားကြရတယ်။ တစ်နေရာကို ရောက်တဲ့အခါ အဘရာကျော်က ဘိုးခင်မောင်ကို ပြောတယ်။

"ခင်မောင်..ငါ ညောင်းတယ်ကွာ။ ငါ့ကို ထမ်းသွားစမ်း" လို့ ပြောပါတယ်။

ဘိုးခင်မောင်လည်း ဆရာတော်ကို ကျောပိုးပြီး သွားရတယ်တဲ့။ ဘိုးခင်မောင်က ကျောပိုးရင်း ရေရွတ်သွားရာမှာ သူ့ကိုယ်သူ ဝိဇ္ဇာလည်း ဆိုသေးတယ်။ လေးလိုက်တာလို့ ဆိုတယ်။ အဲဒီလို ဘိုးခင်မောင် ရေရွတ်အပြီး ဆရာတော်ကြီးရဲ့ကိုယ်ဟာ ဥမ်းကပ်ကဲ့သို့ ပေါ့သွားပါတယ်။ ဆက်လက်ပြီး ဘိုးခင်မောင်ဟာ တောတွင်းတစ်နေရာ သွားရင်းနှင့် စိတ်ကူးမိတယ်။ ငါ ဆရာတော်ကြီးကို စမ်းဦးမယ်ဆိုပြီး တစ်နေရာရောက်လို့ နှစ်ဦးသား အနားယူနေချိန်မှာ လျှောက်တယ်။

"ဆရာတော်ဘုရား..တပည့်တော် မောတယ်။ နဂါးခေါင်း ဆေးလိပ်နှင့် အုန်းရည်သောက်ချင်တယ်ဘုရား" လို့ လျှောက်ထားပါသတဲ့။

ဒီအကြောင်းတွေဟာ ဘိုးခင်မောင် သက်ရှိထင်ရှားရှိစဉ် ပြန်ပြောလို့ ဦးစိုင်းအောင်ထွန်းနဲ့ အောင်မော်စဆရာတော်တို့ သိကြရတာပါတဲ့။

အဘရာကျော်က "ရပါတယ်ကွာ။ အရင်တစ်ခေါက် ဒီလမ်းကို ငါလာတုန်းက သစ်ပင်တစ်ပင်ပေါ်မှာ နဂါးခေါင်း ဆေးလိပ်နဲ့ အုန်းသီးတစ်လုံးကို ဝှက်ထားတယ်။ အဲဒီအပင်နားရောက်ရင် မင်း တက်ယူပေါ့ကွာ" လို့ ပြန်ပြောတယ်။

မကြာခင် သစ်ပင်တစ်ပင်နားကိုရောက်တော့ ဆရာတော်ကြီးက ဘိုးခင်မောင်ကို တက်ယူစေတယ်။ သစ်ပင်ရဲ့ သစ်ကိုင်းခွကြားထဲမှာ အုန်းသီးတစ်လုံးနှင့် နဂါးခေါင်းဆေးလိပ်တစ်လိပ်ကို တွေ့ရလို့ ယူပြီးဆင်းလာခဲ့ပါတယ်။

ဘိုးခင်မောင်ဟာ နဂါးခေါင်းဆေးလိပ်ကို သောက်ပြီး၊ အုန်းရည်ကို သောက်လိုက်နှင့် စဉ်းစားတယ်တဲ့။ ဒီဟာတွေက အစစ်မှ ဟုတ်ရဲ့လားလို့ အတွေးဝင်တယ်။ ဒါကို ဆရာတော်ကြီးက သိနေသလိုပဲ။ မင်း မစဉ်းစားနဲ့။ အစစ်တွေပါကွာလို့ ပြန်လည်မိန့်ကြားခဲ့ပါတယ်။

ရာဇကျော်သရာတော်ကြီးရဲ့ကုန်းဆိပ်အင်္ဂါ ကြွေသောဘုံ (ဥဇ္ဇဂ္ဂ)

အလောင်းတော်ကဿပ တောတွင်းဆရာတော်မှာလည်း ဘိုးခင်မောင်က စိတ်ကူးပြန်တယ်။ ဒီတောကြီးမျက်မည်းထဲမှာ အခုနေ ကပ္ပိတန်စီးကရက် သောက်ရရင် ကောင်းမှာပဲလို့ စိတ်ကူးမိပြန်တယ်။ ဒီအခါ အဘရာကျော်က ဘိုးခင်မောင်ကို မိန့်တယ်။

"မင်းအင်္ဂါမှာ အိတ်နှစ်ဖက်ပါတယ်။ ဘယ်ဘက်အိတ်ကို နှိုက်လိုက်" ဆိုလို့ ဘိုးခင်မောင် နှိုက်ကြည့်လိုက်တယ်။ ကပ္ပိတန်စီးကရက်ဘူး တစ်ဘူးရတယ်။ တစ်လိပ်ထုတ်ပြီး ဖွာလိုက်တယ်။ ခရီးဆက်တယ်။ တစ်တောလွန်တစ်တောင်တက်ပြီးတော့ ဘိုးခင်မောင် စဉ်းစားပြန်တယ်။

ဒီတစ်ခါတော့ ဗြိ(V) စီးကရက် သောက်လိုက်ရရင် ကောင်းမှာပဲ။ ဒီတော့ အဘရာကျော်ဆရာတော်က တပည့်ကြီးကိုမိန့်တယ်။ စောစောက ကပ္ပိတန်စီးကရက် သောက်ချင်တယ်။ အခုကျတော့ ဗြိစီးကရက်သောက်ချင်ပြန်ပြီ။ တောထဲ တောင်ထဲမှာ မရနိုင်တာကို အပူသိပ်မကပ်နဲ့ကွ။ စီးကရက်သောက်ချင်ရင် စောစောက ကပ္ပိတန်ဘူးကိုပဲ ထုတ်ကြည့်လိုက်ဟု မိန့်ပါတယ်။

ထုတ်ကြည့်တော့ ကပ္ပိတန်စီးကရက်ဘူး မဟုတ်တော့ဘဲ ဗြိစီးကရက် ဖြစ်နေပါသတဲ့။ ဘိုးခင်မောင် တစ်လိပ်ထုတ်ပြီး ဖွာလိုက်တယ်။

ဝူတွင်းသို့ ဝင်ရောက်ခြင်း

အလောင်းတော်ကဿပကို ရောက်ပါပြီ။ အောင်္ဂလိုဏ်ဝူကို ကြွတယ်။ အောက်လိုဏ်ဝူရှေ့မှာ ဘုရားဝတ်

www.burmeseclassic.com

ပြုကြတယ်။ ဘိုးခင်မောင် ဘုရားဝတ်ပြုနေစဉ်မှာပဲ နောက်လှည့်ကြည့်လိုက်တဲ့အခါ အဘရာကျော်ဆရာတော်ကြီးကို မတွေ့ရတော့ပါဘူး။ တောင်ပေါ်ကို ပြန်ကြွသွားတာလည်း မဖြစ်နိုင်ဘူး။ ဒီအတိုင်းဆိုရင် အပြန်ကို ငါတစ်ယောက်တည်း ပြန်ရတော့မယ်ဆိုပြီး ဘိုးခင်မောင် ငိုပါတယ်။

အခုမှ ခက်ပြီ။ ဘာစားရမလဲ။ အပြန်စရိတ်လည်း တစ်ပြားမှမရှိဘူး။ ထမင်းကလည်း ဆာလိုက်တာ။ ဆရာတော်..ဆရာတော်လို့ခေါ်တယ်။ ထိုင်နေရင်း စဉ်းစားတယ်။ ဘိုးခင်မောင်ဟာ သူ့ရှေ့မှာ ဂူထဲကို စီးဝင်နေတဲ့ စမ်းချောင်းလေးကိုတွေ့တော့ ဒါဆို ဒီဂူထဲကို စီးဝင်နေတဲ့ စမ်းချောင်းကနေ ငါ့ဆရာတော် သွားတာဖြစ်လိမ့်မယ်ဆိုပြီး ဘိုးခင်မောင် စဉ်းစားတယ်။ ဘိုးခင်မောင်ဟာ အနားမှာ တွေ့ရတဲ့ ဝါးလုံးခြောက်တစ်လုံးကို ရေမျှောပြီး ခိုစီးရင်း လိုက်ပါသွားပါတယ်။ ရေကလည်း အလွန်အေးတယ်။ ဘိုးခင်မောင် တစ်ကိုယ်လုံးလည်း ရေတွေ စိုရွှဲသွားပါတယ်။

(၁၅)မိနစ်လောက်ကြာတော့ စောစောက ပိတ်နေတဲ့ ဂူတံခါးဝနားကိုပဲ ပြန်ရောက်တယ်။ ဂူဝတံခါးကို ကြည့်လိုက်တယ်။ တံခါးပွင့်နေတယ်။ အလွန်ကြည်လင်အေးမြတဲ့ စမ်းချောင်းနှင့် ရတနာတွေလည်း အများကြီး တွေ့တယ်။ အဘရာကျော်ကိုလည်း ပြန်တွေ့တယ်။

အဘရာကျော်ဆရာတော်က မိန့်တယ်။ ငါတို့က ဘုရားဖူးလာတာ။ သိုက်တူးဖို့လာတာ မဟုတ်ဘူး။ အဲဒါတွေကို မကြည့်နဲ့၊ မကောက်နဲ့၊ မကိုင်နဲ့။ ဘိုးခင်မောင် လန့်အော်တယ်။ အမယ်လေး..ခြေထောက်ပူလိုက်တာ။ ဆရာတော်ကယ်တော်မူပါလို့ အော်တယ်။

အဘရာကျော်ဆရာတော်က ပူမှာပေါ့။ မင်းက ဒကာမတွေ အပြင်ကနေပြီး ပစ်ချလူဒါန်းထားတဲ့ ရတနာတွေကို ခြေနဲ့ နင်းမိတာကိုး။ တောင်းပန် ကန်တော့လိုက်၊ မြန်မြန်ဆိုပြီး မိန့်တယ်။ တောင်းပန် ကန်တော့လိုက်မှ အေးသွားတယ်။ အလောင်းတော်ကသပ ကိုယ်တော်ကြီးကို လိုဏ်ဂူထဲမှာ ဖူးမြော်ရပါတယ်။ အလောင်းတော်ကသပ ကိုယ်တော်ကြီးရဲ့ ဘေးပတ်လည်မှာ ရဟန်းဝိဇ္ဇာ၊ လူဝိဇ္ဇာတွေ တရားထိုင်နေတာကိုလည်း ဖူးမြော်ရပါတယ်။ ဘိုးခင်မောင်က ရာကျော်ဆရာတော်ကို ပြန်တွေ့ရလို့ စိတ်ချမ်းသာသွားကြောင်း လျှောက်တယ်။

အဘရာကျော်က ဘိုးခင်မောင်ကို တိတ်ဆိတ်စွာနေရန် လက်ဟန်ဖြင့် ပြလိုက်ပါတယ်။ ဘိုးခင်မောင်လည်း ဘာမှမပြောရဲတော့ဘဲ အလောင်းတော်ကသပ ကိုယ်တော်ကြီးကိုသာ အားပါးတရ ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ တစ်ဝကြီး ဖူးပြီးသောအခါ အဘရာကျော်ဆရာတော်က သူ့တောင်ဝှေးကို ဘိုးခင်မောင်အား ကိုင်ခိုင်းပြီး အပြင်ဘက် ဂူဝကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။

ဆရာ၊ ဘယ်သို့ ဂူအပြင်ပြန်ရောက်လာတော့ ဘိုးခင်မောင်က မြောတယ်။ အဝတ်အစားတွေလည်း ရေစိုကုန်ပြီ။ ဟင်..ဆရာတော်ဘုရား၏ သင်္ကန်းကတော့ ရေမစိုပါလား။ ဒီတော့ အဘရာကျော်က ပြန်မိန့်တယ်။ မတူဘူးလေကွာ၊ မတူဘူး။

ဘိုးခင်မောင်က အဝတ်လဲပြီးတော့ ဗိုက်ဆာလိုက်တာနော်လို့ ပြောသတဲ့။ ဆရာဇော်က မင်းလွယ်အိတ်ထဲမှာ နို့က်ကြည့်။ ပူပူနွေးနွေး ဒံပေါက်ထမင်းတစ်ထုပ်တွေ့မယ်လို့ မိန့်တယ်။ ဘိုးခင်မောင် ကြည့်လိုက်တယ်။ ဒံပေါက်တစ်ထုပ်။ အမယ်လေး..စားလို့ ကောင်းလိုက်တာလို့ ပြောတယ်။

အဘရာကျော်က မြန်မြန်စား၊ စားလို့ပြီးရင် ပြန်ကြမယ်။ အနန္တောအနန္တင်းပါး ဂုဏ်ကျေးဇူးတော်ကြောင့် စားရပါပေတယ်လို့တောင် ပြောဖော်မရဘူး။ ငါ..တယ်၊ မင်း..သတိထားဆိုပြီး ခပ်ဆတ်ဆတ်မိန့်တော့ ဘိုးခင်မောင်က ဇက်ကလေးပုပြီး နောက်ကို ပြောပါတော့မယ် ဆရာတော်လို့ ပြန်လျှောက်ခဲ့ပါတယ်။ အပြန်လမ်းခရီးမှာ တွေ့ကြုံရတဲ့ တောရိုင်းတိရစ္ဆာန်များ အကြောင်းကိုတော့ ဇာတ်လမ်းရှည်မှာစိုးလို့ ရေးမပြတော့ပါ။

ဘိုးခင်မောင်ဟာ သူ့ဆရာ အဘရာကျော်နှင့်အတူ ပြည်တွင်းရော ပြည်ပပါ ဂန္ဓာရီခရီးလှည့်လည်ပြီး နောက်ဆုံး အဘရာကျော် ရန်ကုန်မှာ၊ ကြို့ကုန်းကျောင်း စိတ္တသုခကျောင်းတို့မှာ သီတင်းသုံးတော့ အတူနေတယ်။ အဘရာကျော် ထွက်ရပ်သွားတော့ ဆရာကြီးစိုင်းအောင် ထွန်းဆီ လာနေတယ်။ ကချင်ပြည်နယ်အပါအဝင် နေရာအနှံ့ ဘုရားတွေ လိုက်တည်တယ်။ ဆရာကြီးအိမ်မှာပဲ ထွက်ရပ်ကို ကြွမြန်းခဲ့ပါတယ်။

စကြာဇာဘင်းစံ

www.burmeseclassic.com

www.burmeseclassic.com

ဘဲဥကျ ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့သော

မူလပထမ

ကျပန်း

日本の耳清液

နားသန့်ဆေးကြိုး

အစုလပ်ပုံတင်အမှတ် - အစ ၁၂(၁၀၂၉၆)
လင်ပုံတင်အမှတ် - ၄/၁၄၅၉၉

အာဏာသ

ဟဒယဆေးတိုက်
(ကျပန်နားသန့်)

ကျပန်ဆေး

ထိခိုက်ရာ
ကော်ကြာ
ကျပန်လိမ်းကျဆေး

အတုအပ
အထူးသတိပြု

ဆင်ရင်း - အမှတ် (၁၅၈)၊ ဥ လွှာ၊ ဥဉ လမ်း(အထက်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
အမှတ် (၉၅)၊ ၅ လွှာ၊ ၂၃ လမ်းလသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၃၉၅၅၆၂၂၊ ၀၁၀၄၄၀၁

ကစ်ဦးတည်းကိုယ်စားလှယ်
ကိုဝင်းမြင့် + မအေအီ မြန်မာဆေးဖျော်စက်ရုံ
အမှတ်(၄၈၂)၊၁၅ လမ်းကမ်းနားလမ်းထိပ်၊ရန်ကုန်မြို့၊ဖုန်း - ၂၄၅၈၄၂

www.burmeseclassic.com

www.burmeseclassic.com

အလှည့်ကျလျှင် မနွဲ့ကြစေချင် ဂန်ဒိုင်

ကျန်းမာရေးချို့ယွင်းချိန်၌ ကျွန်ုပ်တို့သည် သေခြင်းတရားကို ကြောက်ရွံ့မိကြသည်။ သာမန် အချိန်တွင်မူ သေခြင်းတရားကို သတိမထားမိ။ ဤထူးခြားချက်ကို သတိပြုမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာဝင်ချိန်တိုင်း နောက်တစ်ဖန် ပြန်လည်နိုးထလာမည်လား မသိနိုင်သော အခြေအနေ ယခုအချိန်တွင် မိမိတို့ ပြုမူဆောင်ရွက်နေကျ အလုပ်ဝတ္တရားများ အပြည့်အစုံ မပြီးစီးဘဲ ကျန်ရစ်နေမည့် အနေအထား။ အချိန်တိုတာလေးအတွင်း မိမိတို့ သေခြင်းတရားကို ရင်ဆိုင်ရမည့် အတွေ့အကြုံ ဘဝနိဂုံးဟူသည်မှာ မသေချာ မရေရာ။ မိမိတို့ ရောက်ရှိနေသော သက်တမ်းအချိန်မှာ ဤသို့သော မျက်တောင်တစ်ခတ်အတွင်း၌ ဖြစ်ပေါ်လာနိုင်သည့် အဖြောင်းအလွဲ။

ကိုယ့်အလှည့် ဘယ်တော့လဲဟူသော အမေး။

နီးကပ်နေလှပါပြီဟူသောအသိ။

မသေခင် ဘာလုပ်မည်နည်းဟူသော နှိုးဆော်ချက် စဉ်းစားရင်း ရင်၌ တင်းတင်းကျပ်ကျပ်။

♦ ♦ ♦

သူတို့က လူစုလူဝေး၊ တစ်ဦးမျှ စကားတစ်ခွန်းမှ ဆို။ မိမိအတွက် သူစိမ်းပြင်ပြင်မဟုတ်။ ဝင်လာသူများ ဈာ ခင်မင်ရင်းနှီးနေကျ။ သူတို့မျက်နှာက ခပ်ငူငူ ခပ်ဦတ်ဦက်။ သိကျွမ်းသော်လည်း နှုတ်မဆက်ကြ။ ရယ်၍ ခင် မပြကြ။ မိမိ၏ ခုတင်ပတ်လည် ဝိုင်းအုံလာကြသည်။ အားလုံးကို ကျွန်တော်သိနေသည်။ သူတို့သည် မိမိ၏ အဖေများ၊ အစ်ကို၊ အစ်မများ၊ မိတ်ဆွေများချည်း။ ထူးခြားသည်က သူတို့က သေလွန်ပြီးသူများသာ။ သေလွန်ပြီးသူများ ဤသို့စုရုံးရောက်ရှိလာသည့် အကြောင်းကို ကြားဖူးနေသလိုလို။ ကျွန်တော်ကိုယ်တိုင် မကြာခင် အလာတွင် သူတို့နည်းတူ သေလွန်ရမည့် နိမိတ်သဘော။

သူတို့ ခေါင်းညိတ်နေကြသည်။ သည်အမူအကျင့်ကို ကျွန်တော်သိနေပြန်သည်။ ကျွန်တော်သိဖူးသလို သူတို့ ထည်း သိနေကြသည်။ တမလွန်ဘဝမှ သူတို့ ကြိုဆိုနေကြခြင်း။ သေခြင်းကိုလည်း မလွန်ဆန်သာ။ ကျွန်တော် ထည်း ဘာသားနှင့် ထုလိုက်လေသနည်း။ ဘဝချင်း အတူတူ ဖြစ်စဉ်လည်း အလားတူ။

ကျွန်တော် သေခြင်းအတွက် ကြိုတင်ပြင်ဆင်ရတော့ မည်။

♦ ♦ ♦

ဆရာတော်အရှင်ဆန္ဒာဓိက အစမ်းသေကြည့်ရအောင် သူသော တရားစခန်းကို အမှတ်ရလာသည်။ တရားဝင် သူများက ကြမ်းပြင်တွင် မလှုပ်မယှက် အစမ်းသေနေကြသည်ကို မြင်တွေ့ရသည်။ ဆရာတော်က စစ်စစ်ပေါက်ပေါက် စိတ်ကူးရောက်သည်။ သေခြင်းတရားကို မကြောက်မရွံ့ စမ်းသပ်စစ်ဆေးစေသည့်သဘော။ သေရမည်ကို ကြောက်သည့်သူများအတွက် စိတ်စွမ်းအင်အား ပေးသည့်အနက်။

ရုပ်ရှင်လောကနှင့် တင်စားမိသည်။ လူတစ်ယောက်က သေလုမြောပါး အခြေအနေ။ သည်လူတွင် ရုပ်နှင့် စိတ် ယှဉ်တွဲပါဝင်နေသည်။ ရုပ်က သေရမည့်ကိစ္စကို စိတ်ဖြင့် ပြန်ကြည့်စေလိုသည့် သဘောထား။ ရုပ်ရှင်ရိုက် ကင်မရာသဘောအရ လူသဏ္ဌာန်တစ်ခုက လှဲအိပ်နေသည်။ စိတ်သဏ္ဌာန်တစ်ခုက ခေါင်းရင်းနေရာမှ ပြန်ထစေသည်။ စိတ်သဏ္ဌာန်က သုံးသပ်သည်။ ရုပ်သဏ္ဌာန်က သေခြင်းအတွက် ခံစားနေရပုံကို စိတ်ပိုင်းဖြင့် သိရှိနိုင်အောင် ကြိုးစားသည်။

လူတစ်ယောက်အား တစ်ယောက်က တုတ်ဖြင့်ရိုက်သည်။ ခံစားရသူက နာနာကျင်ကျင်။ သူတို့နှစ်ယောက် မြင်ကွင်းကို ရုပ်ရှင်သဘော ပရိသတ်နေရာတွင် မိမိက ရပ်တည်ကြည့်ရှုနေသည်။ ရိုက်သူသည် ငါမဟုတ်။ ခံစားသူလည်း ငါမဟုတ်။ ငါက ကြည့်ရှုနေရုံသက်သက်။ မည်သို့မျှ မခံစားရ။ ကိုယ်က အရိုက်ခံနေရသူဖြစ်ပါက ကိုယ်တိုင် ခံစားနေရန်မလို။ ဉာဏ်ဖြင့် ရှုမြင်ရန်သာ လိုသည်။

ဤနည်းဖြင့် သေခြင်းတရားကို ရင်ဆိုင်မည်။

သေမင်းနှင့် စစ်ခင်းရသူ ကြောက်စရာ မလိုကြောင်း အသိဉာဏ်ပေးသည်။ စိတ်စွမ်းအင်ရသည်။ သေမင်း၏ ထိုးနှက်မှုကြောင့် မနာမကျင် သက်သောင့်သက်သာ ခံစားရမည်ဟု မဆိုလို။ သတိဖြင့် ဆင်ခြင်ရန်သာ အရေးကြီးသည်။ ခံစားနေရစဉ် ဝင်သက် ထွက်သက် အာနာပါန ရှုမှတ်နိုင်ရန် စိတ်က ကြိုးစားရမည်။

ဆေးထိုးလျှင် နာကျင်မည်။ ဆေးမထိုးခင် သတိထားရမည်။ သတိမရှိလျှင် အသားအကြောတွင်းသို့ သွင်းသော ဆေးထိုးအပ်ဝင်ရုံဖြင့် တုန်လှုပ်သွားနိုင်သည်။ ဆေးထိုးအပ်ဝင်စဉ် သတိဖြင့် ဆင်ခြင်ပါက ထိတ်လန့်စရာ မလိုကြောင်း အနိမ့်ဆုံး သက်သေသာဓက။

ကြိုတင်ဆင်ခြင်ထားသော တရားသဘောခံယူချက်။

www.burmeseclassic.com

အမှန်တကယ် ရင်ဆိုင်တွေ့ကြုံရသည့်အခါ သေခြင်းနှင့် ကျွန်ုပ် မည်သို့ မည်သူ အနိုင်ရမည်ကိုမူ မသိရသေး။

♦ ♦ ♦

သေခြင်းတရားနှင့် အမှန်တကယ် ရင်ဆိုင်ရသူ၏ အတွေ့အကြုံကို တိတိကျကျ သိလိုသည်။ တစ်နည်းအားဖြင့် သေရွာပြန်သူများ သေမင်းနှင့် စစ်ခင်းသူတို့ မည်ရွေ့မည်မျှ ကြောက်ရွံ့ကြသည်ကို မေးမြန်းစူးစမ်းလိုသည်က ဆန္ဒအမှန်။ သေလောက်သည်အထိ ဆိုးရွားမှုကိုလည်း သိချင်သည်။ မည်သို့ လွတ်မြောက်ကျော်လွန်သွားသည်ကိုလည်း အတုယူသင့်သည်။

သေလွန်သောသူနှင့် ပတ်သက်၍ ကြောက်ရွံ့စွာ ရင်ဆိုင်ရသူလည်း တွေ့ဖူးသည်။ အချို့မှ မမျှော်လင့်သော အကြောင်းခြင်းရာကြောင့် မလွဲသာမရှောင်သာ သေခြင်းတရားကို ရင်ဆိုင်ရသူများလည်း ကြုံဖူးသည်။ အချို့မှ သေခြင်းတရားကို ရဲရဲစွာ ရင်ဆိုင်ကြသူများလည်း ရှိခဲ့ဖူးသည်။ မိမိမဟုတ်သော သူတစ်ပါး၏ ဖြစ်ရပ် အတွေ့အကြုံများ၊ မိမိကိုယ်၌မူ ရဲရဲစွာ သေခြင်းနှင့် ရင်ဆိုင်ခြင်း အဆင့်သို့ ရောက်လိုသည်။ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝလိုက်ချင်သည်မှာ ဆန္ဒလွန်ကဲမှု။

ဤသေနည်းသုံးမျိုးတွင် သေခြင်းကို ရဲရဲစွာ ရင်ဆိုင်ခြင်းအဆင့်သို့ ရောက်လိုသည်။ သေရမည်က သေချာသလောက်။ သေရမည့်တရားကို စိတ်လျှော့လက်လျှော့ လက်ခံရမည့်အဖြစ်။ စိတ်ကို တုံးတုံးချထားသည်။ သေရမည့် အမှန်တရားကို ကျေကျေနပ်နပ် လက်ခံရမည်။ သေခြင်းတရားအတွက် သေလုမတတ် ဆိုးရွားနာကျင်ခံစားရမှုကိုလည်း ရင်ဆိုင်ရဦးမည့်သဘော။

သဘောက သေခြင်းအတွက် ရင်ဆိုင်ရခြင်းမှာ နာကျင်ခံစားမှုလည်း မလွဲမသွေ၊ မည်ရွေ့မည်မျှ ကြာရှည်ခံစားရန်လည်း သိလိုသည်။ မြတ်ဗုဒ္ဓ ဟောကြားသည့် တရားတော်တွင် ကာယပသာဒအကြောင်း ပါဝင်သည်။ လူသားတို့ သေခါနီးအခါတွင် ကာယပသာဒ ချုပ်ငြိမ်းသည်ဟု သိရသည်။ ဤအခါတွင် နာကျင်မှု လုံးဝမရှိနိုင်တော့ဟု သိရသည်။ မည်သည့်ထိတွေ့မှုကိုမျှ မသိနိုင်ဟုလည်း သိရသည်။ ကာယပသာဒ ချုပ်ငြိမ်းသည်အထိ ကြာရှည်ခံစားရမည်ဟူသည့် သဘောတရား။

သေခြင်းအတွက် စတင်နာကျင်ခံစားမှုသည် ကာယပသာဒအထိ မည်မျှကြာရှည်မည်နည်းကိုလည်း သိလိုသည်။ သည်းခံရမည့် အချိန်ကို မှန်းဆလိုသည်။

ခရီးက ရှည်လွန်းသည်။ ရောက်ရမည့် လမ်းခရီးကို အတိုင်းအဆ အတိုအရှည်အလိုက် သတ်မှတ်ရည်မှန်းလိုသည်။ လမ်းခုလတ် မှတ်တိုင်တစ်ခုချင်း အာရုံပြု၍ ရောက်သွားလျှင် ခရီးတွင်မည့်သဘော သတိတရားဖြင့် ဆင်ခြင်စိတ်ဝင်စားမှု အရေးပါသည်။ ဤသို့သောသဘောကို ပါမောက္ခချုပ်ဆရာတော်ကလည်း လောဘ၊ ဒေါသ၊ မောဟ မကောင်းသည့်အတွေး ပေါ်ပေါက်လာလျှင် ပယ်ဖျောက်မည့် နည်းလမ်းကို လမ်းညွှန်ပေးသည်။

(၁) အာရုံကို ပြောင်းလဲလိုက်ရန်၊

(၂) ကိုယ်တွေးနေသည့် အတွေးဏ၏ အပြစ်ကို ဆင်ခြင်ရန်၊

(၃) ဆက်လက်မတွေးတော့ဘဲ ဖျောက်ပစ်ရန်၊

(၄) ကိုယ်တွေးနေသည့် အတွေးဏ၏အစ စတင်ပုံကို ပြန်လိုက်စဉ်းစားရန်၊

(၅) စိတ်ကို စိတ်ဖြင့် ဖိနှိပ်ပြီး မရရအောင် ဖျောက်ဖျက်ရန်။

ပါမောက္ခချုပ်ဆရာတော်၏ အတွေးအခေါ်က အဆင့်မြင့်သည်။ ခေတ်ကာလနှင့် လိုက်လျောညီထွေသည်။ စိတ်ကို စိတ်ဖြင့် ကုစားခြင်း၊ အတွေးအရှည်ကြီးကို ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်သုံးသပ်ခြင်း၊ ဤနည်းလမ်းဖြင့် မကောင်းသော အတွေးကို ပယ်ဖျောက်ရန် ဆုံးမသည်။

သေခြင်းခရီးရှည်ကို ဤနည်းနှင့်နှင့် သုံးသပ်နိုင်သည်။ ကာယပသာဒအထိ ခရီးအတိုပေါင်းများစွာကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဆင်ခြင်ရန် ကြိုးစားရမည်။ သေလွန်ခြင်း၏ သင်္ကေတမှာ အသက်ရှူရပ်ခြင်းဖြစ်သည်။ ထိုကာလတွင်ပင် အသိစိတ်က မကွယ်ပျောက်သေး။ (၁၅)မိနစ်မှ (၃၀)မိနစ်အထိ သတ်မှတ်နိုင်သေးသည်။ ကုသိုလ်စိတ် ပေါ်ပေါက်နိုင်သေးသည်။

မိမိကွယ်လွန်သည့်အခါ ကျန်ရစ်သူ မိသားစုအား မှာကြားနိုင်သည်။

အကယ်၍ ငါ သေလွန်သည့်အခါ၊ အသက်မရှူတော့သည့်အခါတွင် ငါ့ခန္ဓာကိုယ်ကို မစွန့်လွှတ်ခင်ကြာပါနဲ့။ တစ်သက်တာ ငါလုပ်သမျှ ကုသိုလ်စိတ် ပွားများ

www.burmeseclassic.com

လာအောင် ဖန်တီးပေးကြပါ။ ပဋ္ဌာန်းရွတ်တန် တရားတော် အခွေများ အသံများ ဖွင့်လှစ်ပေးဖို့ မမေ့ကြပါနဲ့ဟူ၍။

သေလွန်စကာလတွင် ကြေးစည်သံ၊ တရားခွေသံများ ဖွင့်လှစ်ခြင်းသည် သေလွန်သူအတွက် အကျိုးအနှစ်ဖြစ်ပုံရှိသည်ဟု သုတေသန တွေ့ရှိပုံရသည်။ ဤသို့ဖြစ်ရမည်ဟုံ ပြန်ပြောသူက သေလွန်သူ မဟုတ်နိုင်။ သူက သေလွန်ခြင်း အတွေ့အကြုံပြည့်ဝသော်လည်း သူက သေရွာမှ မပြန်နိုင်။ သူက ပြန်ပြော၍ မရနိုင်။

ထိုအခါ ဗုဒ္ဓမြတ်စွာ ဟောကြားသော တရားတော်ကို ကိုးကားရပါသည်။

ဓမ္မော ဟဝ ရက္ခတိ ဓမ္မစာရီ တရားတော်ကို ကျင့်ကြံအားထုတ်သူအား တရားတော်က ပြန်လည်စောင့်ရှောက်ပါသည်ဟူသော ဘုရားဟော တရားတော်စကားကို အကြွင်းမဲ့ ယုံကြည်သင့်သည်။

◆◆◆

သေခြင်းကို ကြောက်ရွံ့ကြသော်လည်း မည်သည့်ကာလတွင် သေမည်ကို မည်သူမျှမပြောနိုင်။ ကြိုမသိနိုင်သည့် အခင်းရောဂါစေဒနာကြောင့် သေရမည့် အရေးကိစ္စလည်း ရှိနိုင်သည်။ သာမန်အခြေအနေတွင် သေတစ်ရေး ဖွေးတစ်နေဟု ဆိုရမည်။ သေခြင်းအကြောင်း မစဉ်းစားခင် ဘုမသိ ဘမသိ ကွယ်လွန်ခြင်းလည်း မြင်ဖူးကြည် ထင်သည်။ သည်လိုမျိုး သေလွန်ခြင်းအတွက် မည်သို့မျှ ကြိုတင်ပြင်ဆင်ချိန်မရ။

သေခြင်းကို ကြောက်ရွံ့သဖြင့် ငြင်းပယ်၍လည်းမရနိုင်။ မည်သည့်ကာလမှန်းလည်း မသိရ။ မလွဲမသွေ ဆေးရမည်က အမှန်တရား။

အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးကို မှတ်သားမိသည်။ ဖြစ်ပွားနာဟူ၍ လူသိများသော ကင်ဆာရောဂါသည်။ ကိမိုဆေးသွင်းနေရသော လူနာမိန်းကလေး ကိမိုဆေးသွင်းခြင်းဖြင့် အသက်ဆက်နေရရှာသည်။ ကိမိုဆေးသွင်းသည်ဆိုခြင်းက သာမန်သက်သောင့်သက်သာတော်။ အတော်ခံစားရသည့် ထိခိုက်နာကျင်မှု။ ကိမိုဆေးသွင်းလျှင် နောက်ထပ်(၅)နှစ်အထိ သက်ဆိုးရှည်နိုင်သော်လည်း ဆေးသွင်းမှုဒဏ်ကို လူနာက ကြောက်လန့်နေသည်။ ဖြစ်နိုင်သမျှ ကိမိုဆေး၏အသံကိုမျှ မကြားလို။ ဦးခေါင်းတွင် ဆံပင်မျှ မကျွန်တော့သည့် ဆေးပြင်းအား။

ကိမိုမသွင်းလျှင် မကြာခင် သေလွန်ရမည်မှာ ဆေး၊ ပညာရှင်တို့၏ သတ်မှတ်ချက်။ သည်အချက်ကို ကျေကျေပန်ပန် သူလက်ခံထားသည်။ မသေလွန်ခင် တရားစခန်းဝင်သည်။ မသေခင် ကိုယ်ကာယကို အရင်းပြု၍ တရားသဘောရလိုသည့် သူ၏ဆန္ဒ၊ ဤနည်းဖြင့် သေခြင်းကို သူရင်ဆိုင်မည်။ အလွန်လေးစားဖွယ်စိတ်ကူး။

ယခုအခါ မြန်မာဆေးဖြင့်ကုသရန် မိတ်ဆွေများက အကြံပြုကြသည်။ ဝိဇ္ဇာဆေးဟုခေါ်သည်။ အင်္ဂလိပ်ဆေးကဲ့သို့ ဆေးထိုးအပ်ဖြင့် ဝိဇ္ဇာဆေးကို စုပ်ယူလျက် မြစ်ဖွားနာ ကင်ဆာအဖုပေါ်နေသော နေရာသို့ ဆေးထိုးသည်။ ဤဝိဇ္ဇာဆေးကို ယုံကြည်မှုဖြင့် ကုသရန် ပြောကြဆိုကြသည်။

သူကမူ သေလူအဖြစ် သတ်မှတ်ပြီးသော်လည်း မိတ်ဆွေသားချင်းများဆန္ဒကြောင့် ဆေးကုသခံယူသည်။ ဤဆေးကြောင့် ရောဂါသက်သာပျောက်ကင်းလျှင်လည်း မြန်မာဆေးပညာအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် သူခန္ဓာကိုယ်ကို ပေးလှူထားသည်။ တစ်ဖက်မှ ဗုဒ္ဓဘာသာ၏ တရားထူးကို ရရှိခံစားရပါက အမြတ်ဆုံးဟူ၍ ခံယူထားသည်။

ရည်ရွယ်ချက်အတိုင်း သေခြင်းမှ အကျိုးအမြတ် ရရှိစေရန် ဆုတောင်းပါသည်။ မိအမဲ့ကလေးများအနက် ရှင်လောင်းဆယ်ပါး၏ အလှူရှင်ဒကာမလေး မချို။ သေခြင်းကို ရဲဝံ့စွာ ရင်ဆိုင်နိုင်မည်ဟု အဆုံးကြိုးပါသည်။ အလားတူ သေမင်းက အခွံးပေးသော ပုဂ္ဂိုလ်များလည်း ရှိပါသေးသည်။ အသက်(၉၀)အရွယ် သက်ကြီးရွယ်အို တစ်ယောက်အကြောင်း ကြားဖူးသည်။ သူအခြေအနေမှန်ကို ရိပ်မိနေသောပုဂ္ဂိုလ်၊ သူက ဆရာဝန်အား အမှန်တရားကို မေးသည်။

မရတော့ဘူးမဟုတ်လားဟု စုံစမ်းသည်။ သေခါနီးပြဿနာတွေတယ်။ စကားကို တည်ငြိမ်စွာ သေချာအောင် မေးသည်။ တရားသဘောဖြင့် သေရန် ဟန်ဖြင်သည်။

အသက်ရှင်ခွင့်မရှိလျှင် သေရဲဝံ့ရှိသည်ဟူသော ခံယူချက်၊ ဆက်လက်အသက်ရှင်ခွင့်ရရှိပါက လှုပ်ရှားနေလိုကြသေးသည်မှာ အများသူငါ၏ဆန္ဒ။ တရားရှိမှ

www.burmeseclassic.com

သူ သမားတော်အဆင့်ဆင့်နှင့် ဆေးဝါးမျိုးစုံ ရှာဖွေမည်။ မိမိတို့ တတ်နိုင်သမျှ အင်အားဖြင့် ဆေးရုံ၊ ဆေးခန်းများ စူးစမ်းမည်။ မိမိနိုင်ငံအတွင်းသာမက နိုင်ငံရပ်ခြားအထိ ကြိုးပမ်းလိုသည်။ ဤသို့မဟုတ်ဘဲ ဆက်လက်မနေရမည့် ဇာတာတွင် မလွဲသာမရှောင်သာ သေရမည့်အခြေအနေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်မည့်သဘော။ ကျေကျေနပ်နပ် လက်ခံမည့် အခြေအနေ။ ငြင်းဆန်၍မရ။

သေကို သေရမည်။ သေခြင်းကို ရင်ဆိုင်ဖို့ ပြင်ဆင်ရမည်။

ယခုအချိန်အထိ စိတ်၌ မာကျောစေသည်။ သေရမည့်အရေး တွေးမိမှ မကြောက်ရွံ့မိစေရန် စိတ်အင်အားကို ပျိုးထောင်ထားသည်။ ယနေ့လား၊ မနက်ဖြန်လား အချိန်မရွေး သေမင်းနှင့်ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်မှုက အသင့်အနေအထား။ နောက်ဖတ္တရေး အားမွေးထားသည်။

အလှည့်ကျလျှင် မနွဲကြစေရေးဟူသော တာဝန်တစ်ရပ်ကို ခံယူထားသည်။ ရှောင်လွဲ၍မရနိုင်။ တိတိကျကျ ကြုံတွေ့ရမည့် အန္တရာယ်ကို ထိပ်တိုက်ရင်ဆိုင်မည်။ အောင်မြင်ကျော်လွှားရမည်။

သေခြင်းတရားကို မည်သို့ရင်ဆိုင်ရပုံ၊ မည်သို့ခံစားထိတွေ့ရပုံ၊ မည်သို့ခံယူကျော်လွှားရပုံများကို နောင်လာနောက်သားများအတွက် ပြန်လည်ပြောပြချင်သေးသည်။ ဤဆန္ဒနှင့်အညီ လူဘဝသို့ ပြန်ရောက်လိုသေးသည်။

ဤသို့ လူဘဝ လူသဘာဝသို့ ပြန်လည်ရောက်ရှိပါက သေခြင်းနှင့် စစ်ခင်းပုံကို ပြန်ပြောပြရန် မှတ်မိချင်သေးသည်။ သို့မှသာ ပြောပြလိုသည်ကို ပြောခွင့်ရလျှင် သေခြင်းနှင့်ပတ်သက်၍ ပိုမိုပြည့်စုံမည်ဟု ထင်ပါသည်။

ရန်နိုင်

စာညွှန်း

* ဆရာတော်ရှင်ဆန္ဒာဓိက တရားစခန်း။
* ပါမောက္ခချုပ်ဆရာတော်၏ လမ်းညွှန်ချက်။
* ဆရာဝန် ဒေါက်တာဖေသက်ထွန်း၏ ဓမ္မရေချမ်းစင်စာစု။

Dictionary for All

သာလွန် အင်္ဂလိပ်–မြန်မာ အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

- ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းပြိုးနယ်၊ ရန်ကုန်ပြိုး၊ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈
- အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းပြိုးနယ်၊ ရန်ကုန်ပြိုး၊ ဖုန်း - ၂၄၀၁၅၃၃၊ ၂၄၂၀၃၈၊ ၃၀၉၂၂၈
- ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်ပြိုးနယ်၊ ရန်ကုန်ပြိုး၊ ဖုန်း - ၂၉၉၂၂၈

www.burmeseclassic.com

www.burmeseclassic.com

ဆရာဘုန်းမြတ်မင်း

နက္ခတ္တလေဒ (ကံကြမ္မာ) အကြိုပေးပညာရှင်

ကျွမ်းနိုင်ငံမှ စီးပွားရေးဂျပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေးရှု ဘဝတွင် မေမျှော်မှန်းထားသမျှအတိုင်း 'အထူး' ဒေါင်မြင့်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရဖြေသားဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကဟောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသောကလေး ဘစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြောင်ကြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ပုန်းဆက်ပါ။

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားစေတီနား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com

www.burmeseclassic.com

ရွှေဒန်းကြီးပြတ်ဂါထာတစ်ပုဒ်

သာယာကြည်နူးဖွယ် ကောင်းလှတဲ့ နေ့တစ်နေ့မှာ ဘောဇဘုရင်ကြီးနဲ့ သူ့ရဲ့ အဂ္ဂမဟေသီ မိဖုရားကြီး လီလာဝတီနဲ့အတူ နန်းဥယျာဉ်ထဲကိုထွက်ပြီး စံမြန်းတော်မူနေကြတယ်။ မွေးကြိုင်ထုံသင်းနေတဲ့ ပန်းဥယျာဉ်ထဲမှာ ရွှေကြိုးကျစ်ပြီး ပြုလုပ်ထားတဲ့ ရတနာကိုးပါး စီခြယ်ထားသော ရွှေဒန်းတစ်ခုလည်း ရှိတယ်။

ကျေးငှက်ပေါင်းစုံရဲ့ တွန်ကျူးသံ လေးများကလည်း သာယာနာပျော်ဖွယ် ကောင်းသလို သစ်ရွက်တွေကို လေခတ်သံတွေကလည်း ဗျပ်စောင်းတီးသံလို သာယာ ကြည်နူးစရာ ကောင်းလှ ပါတယ်။

သည်လို သာယာကြည်နူးဖွယ်ကောင်းလှတဲ့ အသံတို့နဲ့အတူ ဘော ဘုရင်ကြီးနဲ့ လီလာဝတီ မိဖုရားကြီးတို့ရဲ့ အချစ်ကျီစယ်မြူချိုတဲ့ ဂါထာ သီချင်းတို့နဲ့ ထုံမွှမ်းလိုက်တော့ ရတနာရွှေဒန်းတော် စီးနေတဲ့ ဘော ဘုရင်ကြီးနဲ့ မိဖုရားကြီးတို့နှစ်ဦး လောကကြီးကို မေ့နေလောက်အောင် ဖြစ်နေကြတယ်။

www.burmeseclassic.com

မောင်ကျယ်ဦး (စက်လမ်းမြို့)

ဘောဇဘုရင်ကြီးနဲ့ ပညာရှိ ကာလီဒါသ (၉)

ဘောဇဘုရင်ကြီးနဲ့ လီလာဝတီမိဖုရားကြီးတို့ ရတနာရွှေဒန်းတော်စီးပြီး လောကကြီးကို မေ့နေစဉ်မှာ ဆွေးမြည့်နေပြီဖြစ်တဲ့ ရွှေဒန်းကြီး ရုတ်တရက် ပြတ်ကျသွားပြီး ကရကရမွှေဆိုတဲ့အသံ ထွက်ပေါ်လာလို့ လေးချိုးဂါထာတစ်ပုဒ်ရဲ့ နောက်ဆုံးပိုဒ်ကို စပ်ဆိုတော်မူလိုက်တယ်။

ကရိကရကဂ ဤကရကရကမွတဲ့။

ဘောဇဘုရင်ကြီးလည်း အပေါ်ပိုဒ်တွေကို ဆက်ဖို့ကြိုးစားပေမယ့် ဘယ်လိုမှ ဆက်လို့မရတော့လို့ ရထားတဲ့ တစ်ပိုဒ်ကို မှတ်သားထားပြီး မနက် ညီလာခံမှ မှူးမတ်တွေကို အရှေ့ပိုဒ်တွေ ဆက်စပ်ခိုင်းမယ်လို့တွေးပြီး နန်းတော်ထဲကို နှစ်ဦးစုံတွဲ ပြန်ကြွသွားတော့တယ်။

နောက်နေ့မနက် ညီလာခံမှာ မှူးမတ်တွေစုံတော့ ဘောဇဘုရင်ကြီးက မနေ့က ရွှေဒန်းကြီးပြတ်လို့ စပ်ဆိုခဲ့တဲ့ လေးချိုးဂါထာကို ရွတ်ဆိုပြလိုက်တယ်။

'ကဲ..မှူးမတ်ပညာရှိအပေါင်းတို့၊ ယခု ကျနော်ပ် ရွတ်ဆိုပြလိုက်တဲ့ လေးချိုးဂါထာရဲ့ နောက်ဆုံးပိုဒ်မို့ အပေါ်ပိုဒ်က ဂါထာနှစ်ပိုဒ်ကို ရွတ်ဆိုပြပြီး အဆုံးသတ်ကြပေတော့ မှူးမတ်အပေါင်းတို့'

သည်အခါမှာ ဆရာကာလီဒါသက ထရပ်ပြီး အပေါ်နှစ်ပိုဒ်ကို အောင်မြင်ခန့်ညားသော အသံနဲ့ စပ်ပြလိုက်တော့တယ်။

ဘောဇပြေမဘရဘယို သုဂျဂလိပဋ္ဌိ၊
လီလာဝတီ ကာအံဂဇုဇအာ နန္ဒဘယို။
ဂရဂပွကရိ ကရယဂ ဤတရကရဓမ္မ။

ဘောဇဘုရင်မင်းမြတ်သည် မိမိအိမ်သူသက်ထား မိဖုရား လီလာဝတီနှင့်အတူ ကလူကျီစယ်ရင်း ရတနာရွှေဒန်းကို စီးတော်မူကြ၏။ ယင်းသို့ ပျော်ရွှင်မြေ့မြေ့ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့လျက် နေတော်မူကြစဉ် ရတနာရွှေဒန်းကြီး ပြတ်၍ကျသံဖြင့် ကရကရဓမ္မဟူတဲ့ အသံကို



ဘောဇဘုရင်ကြီးက အပေါ်ဆုံးနှစ်ပိုဒ်ကို စပ်ဆိုကြဖို့ အမိန့်ပေးလိုက်တော့ မှူးမတ်တို့က အသံထွက်မလာဘဲ ရင်ထဲကသာ စပ်ဆိုနေကြတာမို့ အသံတို့က ညီလာခံတစ်ခုလုံး တိတ်ဆိတ်လို့နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ၏။

ဘောဇာရင်ကြီးနဲ့ လီလာဝတီမိဖုရားကြီးတို့ ရတနာ ရွှေဒန်းစီးပြီး ကလူကျီစယ်နေချိန်မှာ ဆရာကာလီဒါသ အနားတွင် မရှိပေ။ ဒါပေမဲ့ ပညာရှိတို့မည်သည် ပြေးကြည့်တာထက် တွေးကြည့်တာက ပိုမှန်သည်ဆိုတဲ့ စကားလိုပါပဲ။ အတိအကျ ကိုယ်တိုင်မြင်တွေ့ရတဲ့အတိုင်း ဖော်ထုတ်ပြနိုင်ပါတယ်။

ဆရာကာလီဒါသရဲ့ ကဗျာဉာဏ် လျင်မြန်ပုံနဲ့ အဓိပ္ပာယ်အယူအဆ ကောင်းမွန်လှပုံတို့ကို ဘောဇာရင်နဲ့တကွ အလုံးစုံသော မှူးမတ်ပညာရှိအပေါင်းတို့ အံ့သြမဆုံးနိုင်အောင်ရှိပြီး ကောင်းချီးပေးကြတော့တယ်။

ဘောဇာရင်ကြီးကလည်း သည်လေးချိုးကဗျာဂါထာကို နှစ်သက်တော်မူလွန်းလို့ ထိုက်တန်တဲ့ ရတနာ ဆုလာဘ်များကို ပေးသနားတော်မူလိုက်ပါတယ်။

လောကကို ခါးစောင်းတင်နိုင်သူ

တစ်နေ့တော့ ဘောဇာရင်ကြီး အတွေးတစ်ခု ရလာလို့ သည်အတွေးကို ဆရာကာလီဒါသကို ဖြေရှင်းခိုင်းမှတော်မယ်လို့ ဆင်ခြင်ကာ မင်းချင်းတစ်ဦးကို ဆရာကာလီဒါသထံ လွှတ်ပြီး အခေါ်ခိုင်းလိုက်တယ်။ ဆရာကာလီဒါသလည်း ဘောဇာရင်ကြီး ဘာအရေးတကြီးကိစ္စပေါ်သလဲ မသိဘူး။ အမြန်သွားမှ တော်မယ်လို့တွေးကာ ဘောဇာရင်ကြီးထံ အမြန်ခစားဝင်တော့တယ်။

'အချင်းကာလီဒါသ..အဘယ်သူတို့သည် လောကကို ခြယ်လှယ်နိုင်အောင် ကျွမ်းကျင် လည်ပတ်ကြပြီး အဘယ်သူက မကျွမ်းကျင် မလည်ပတ်ကြသလဲ'

'အရှင်မင်းမြတ်..လောကကို ခြယ်လှယ်နိုင်အောင် ခါးစောင်းတင်နိုင်သူ ကျွမ်းကျင်လည်ပတ်သူတို့မှာ ကုန်သည်စီးပွားရေးသမား၊ ယခုအခေါ် ခရိုနီများ ဖြစ်ကြပါတယ်။ မကျွမ်းကျင် မလည်ပတ်ဘဲ ရိုးသားသူတို့မှာ စာဟောဆရာ ယခုဆို စာရေးဆရာပေါ့တို့ ဖြစ်ကြပါတယ်'

သည်အဖြေကို ဘောဇာရင်ကြီးက မကျေနပ်သေးလို့ ထင်ရှားအောင် သာဓကဆောင်ပါလို့ မိန့်လိုက်ပြန်တယ်။

'မှန်ပါ မင်းမြတ်၊ ကျွန်ုပ် ထင်ရှားအောင် တင်ပြတဲ့အခါမှာ မင်းကြီးက တစ်စုံတစ်ရာ ဝင်ရောက်မပြောပါဘဲ ကြည့်နေရုံသာ ကြည့်နေပေးဖို့ နေနိုင်ပါရဲ့လား'

'ကျွန်ုပ် ဘာမှဝင်မပြောဘဲ ပွဲကြည့်ပရိသတ်တစ်ဦးလို နေပေးမယ် မောင်မင်း'

ဘောဇာရင်ကြီးနဲ့ ဆရာကာလီဒါသတို့ ကတိကဝတ်ရှိပြီး ဆရာကာလီဒါသက မြို့ထဲကိုထွက်ကာ ရှာပုံတော် ဖွင့်ပါတော့တယ်။ မကြာခင်မှာတော့ မုတ်ဆိတ်မွေး ကောင်းမွန်လှတဲ့ စာဟောဆရာ တစ်ယောက်နဲ့ လည်ဝယ်တဲ့ ကုန်သည်စီးပွားရေးသမား တစ်ယောက်ကို နန်းတော်ထဲ ခေါ်လာခဲ့တယ်။ ဘောဇာရင်ကြီး ရှေ့တော်ကို ရောက်ကြတော့ ဆရာကာလီဒါသက ဦးစွာ စာဟောဆရာကို စကားစမြွောတယ်။

'မိတ်ဆွေ စာဟောဆရာ၊ ဘုရင်မင်းမြတ်က သင့်ရဲ့ မုတ်ဆိတ်မွေးကို အလိုရှိလို့ အသင် ပေးနိုင်ပါသလား။ အသင့်မုတ်ဆိတ်မွေးပေးတဲ့အတွက် ဘဏ္ဍာတိုက်ထဲက အသပြာ လိုသလောက် ယူသွားပါ'

စာဟောဆရာက နန်းတော်ထဲ ရောက်တာနဲ့ ဘုရင်ကို တွေ့ပြီး ကြောက်လန့်နေတာမို့ အသံတုန်ယင်စွာနဲ့ လျှောက်ထားလိုက်တယ်။

'အဆွေကာလီဒါသ..ကျွန်ုပ်သည် မုတ်ဆိတ်မွေးကို နှစ်ပေါင်းများစွာ အမြတ်တနိုးမွေးမြူထားရလို့ မပေးပါရစေနဲ့။ တခြား ကျွန်ုပ်ကို ကြိုက်ရာခိုင်းပါ။ လုပ်ပေးပါ့မယ်'

ဆရာကာလီဒါသက စိတ်ဆိုးဟန်နဲ့ စာဟောဆရာကို ခြိမ်းခြောက်လိုက်တယ်။

'အသင် စာဟောဆရာ၊ အသင်သည် ဘုရင့်ဘုန်းရိပ်ကဲရိပ်ကို ခိုလှုံပြီး ဘုရင်ပိုင်တဲ့နိုင်ငံမှာ နေထိုင်တာကို မသိသလော။ သင့်မုတ်ဆိတ်က ဘယ်လောက်အဖိုးတန်လို့လဲကွယ့်'

'အရှင့်သား၊ အသက်ကိုတော့ချမ်းသာပေးပါ။ ကျွန်ုပ် အလွန်နှစ်သက်မြတ်နိုးတဲ့ မုတ်ဆိတ်ကို စွန့်လွှတ်ပါတော့မယ်။ ယူပါတော့ အရှင့်သား'

'အသင့်မုတ်ဆိတ်ကို ဘယ်လောက်ရလျှင် ကျေနပ်မှာလဲ'

'များများမယူဝံ့ပါ အရှင်။ နှစ်ဆယ့်ငါးကျပ်လောက်ရလျှင် တော်ပါပြီ'

စာဟောဆရာက ရိုးသားစွာနဲ့ပဲ လိုချင်တဲ့ငွေကို

www.burmeseclassic.com

တောင်းဆိုလိုက်လို့ ဆတ္တာသည်ကိုခေါ်ပြီး မုတ်ဆိတ်မွေးတို့ ရိတ်စေကာ အသပြာနှစ်ဆယ့်ငါးကျပ်ပေးပြီး ပြန်လွှတ်လိုက်တယ်။ စာဟောဆရာ ပြန်သွားပြီး ကုန်သည်စီးပွားရေးသမားကို ဆရာကာလီဒါသ ခေါ်လိုက်တယ်။

'ကုန်သည်မိတ်ဆွေ.. အသင့်မုတ်ဆိတ်ကို ဘုရင်အလိုရှိတော်မူတယ်။ အသင် အသပြာဘယ်လောက်ရလျှင် ပေးနိုင်ပါမည်လဲ။ အသင်မပေးဘူးလို့ မဆိုလေနှင့်၊ အသက်ကိုတောင် ယူလို့ရတယ်ဆိုတာ သတိပြုလေ'

'အသက်တော့ ချမ်းသာပေးပါ အရှင့်သား။ ဘုရင်မင်းမြတ်က ကျွန်ုပ်မုတ်ဆိတီကို လိုချင်တာဆိုတော့ သည်မုတ်ဆိတ်ကို ကျွန်ုပ် တယုတယ မွေးမြူထားကာ အလွန်မြတ်နိုးလှတယ်။ ဘုရင်မင်းမြတ် လိုချင်တယ်ဆိုတော့ ပေးရမှာပေါ့။ ကျွန်ုပ်လည်း အခုလောလောဆယ်ဆယ်ငွေ(၁၅၀၀၀)ကျပ် ကုန်စရာရှိနေလို့ (၁၅၀၀၀)ကျပ်သာ ပေးပြီး ဖြတ်ယူပါတော့ အရှင့်သား'

ကုန်သည်က လှည့်ပတ်ပြောဆိုကာ ငွေများများရအောင် တောင်းယူပါတော့တယ်။

'ကုန်သည်မိတ်ဆွေ..သင်က (၁၅၀၀၀)ကျပ်ဖြတ်ပေးမယ့် ကျွန်ုပ်က အမြတ်(၁၀၀၀၀)ကျပ် ပိုဆောင်းပြီး (၂၅၀၀၀)ကျပ် ပေးလိုက်မယ်။ သင် ကျေနပ်ပါလား'

'မှန်ပါ အရှင်၊ ကျေနပ်ပါပြီ'

ဆရာကာလီဒါသက ဆတ္တာသည်ကိုခေါ်ပြီး မုတ်ဆိတ်ရိတ်စေပါတယ်။ ကုန်သည်က မုတ်ဆိတ်ရိတ်ရန် အတွက် နံ့သာရည် ရောစပ်ထားတဲ့ တရော်ကင်ပွန်းရည်တို့နဲ့ မုတ်ဆိတ်ကို လိမ်းကျံနေတဲ့ ဆတ္တာသည်လက်ကို ဖုတ်ပြီး ရိုင်းပျစွာ ပြောဆိုလိုက်တယ်။

'အသင် မိုက်ရိုင်းလှ၏။ သည်မုတ်ဆိတ်တို့သည် ကျွန်ုပ်မုတ်ဆိတ်များ မဟုတ်တော့ပါ။ အသပြာ(၂၅၀၀၀) ကျပ်နဲ့ ရောင်းထားပြီးဖြစ်လို့ ဘုရင့်ရဲ့မုတ်ဆိတ် ဖြစ်သွားပြီ။ ဘုရင်မင်းမြတ် မုတ်ဆိတ်ကို သည်လိုရိုင်းပျစွာ ဖြုတ်ရသလား'

ကုန်သည်ရဲ့ ရိုင်းပျတဲ့စကားကို ကြားလိုက်ရတဲ့ ဆာဘုရင်ကြီးက ဒေါသအမျက်ထွက်မေမယ့် တစ်လုံးမှ ဝင်မပါပါဘူး။ ကုန်သည်ကိုလည်း သူမုတ်ဆိတ် မရိတ်ဆုံးတဲ့ ပြန်လွှတ်လိုက်တော့တယ်။

ကုန်သည်လည်း မုတ်ဆိတ်ကို မရိတ်ရသဲ့ ငွေ(၂၅၀၀၀)ကျပ် အလကားရကာ ပြန်သွားတော့တယ်။

'အရှင်မင်းမြတ် မြင်တဲ့အတိုင်းပါပဲ၊ စာဟောဆရာက ဘဏ္ဍာတိုက်ကို ဖွင့်ပေးပါလျက် နည်းနည်းယူသွားပါတယ်။ များများရအောင် ပရိယာယ်ယှဉ်ပြီး မပြောတတ်ပါ။ ကုန်သည်ကတော့ ထိုက်တန်တာထက် ပို၍ရအောင် စကားပရိယာယ်ကြွယ်ကြွယ်နဲ့ ပြောဆိုတတ်ပေသည်။ အဖိုးမတန်တဲ့ မုတ်ဆိတ်ကိုပင် အသပြာနှစ်သောင်းငါးထောင်ရအောင် လှည့်ပတ်ပြောဆို လုပ်ကိုင်တတ်သူဖြစ်လို့ ကုန်သည်သာလျှင် လောကရဲ့အကြောင်းကို ကောင်းစွာကျွမ်းကျင်ပြီး ခြယ်လှယ်နိုင်စွမ်းရှိသူ ဖြစ်ပါတယ်'

'မှန်ပါပေတယ် မောင်မင်း'

ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကို ချီးမွမ်းပူဇော်တော်မူလိုက်ပါတော့တယ်။

အာသောကပင် သက်သေ

ဘောဇဘုရင်ကြီးအုပ်စိုးတဲ့ ဓာရတိုင်းအတွင်းမှာရှိတဲ့ မတုဝဇီရွာမှာ အိုးအိုးတစ်ယောက်ရှိတယ်။ ထိုအိုးအိုးမှာ ငယ်စဉ်က ကြိုးစားရှာဖွေ စုဆောင်းထားတဲ့ ရွှေဂံုးတစ်ရာကို လက်ဝယ်ပိုင်ဆိုင်ထားတယ်။ တစ်နေ့တော့ အဘိုးအိုမှာ တခြားရွာတစ်ရွာကို သွားရန် ကိစ္စပေါ်လာတယ်။

အဘိုးအို တစ်ဦးတည်းနေတာမို့ ခရီးသွားလျှင် စုဆောင်းထားတဲ့ ရွှေဂံုးတွေကို ယူသွားလို့လည်း စိတ်မချ၊ အိမ်မှာထားခဲ့ဖို့ကလည်း လူတောင်မရှိတာမို့ စိတ်ချရတဲ့လူ တစ်ဦးဦးထံမှာ အပ်ထားနိုင်ဖို့ စဉ်းစားရတော့ အိမ်နီးချင်း လူငယ်တစ်ဦးကို သွားတွေ့တယ်။ သည်သူငယ်က ရွာမှာ ရိုးသားသူ၊ မှန်မှန်ကန်ကန် လုပ်တတ်သူ၊ ရပ်ရေးရွာရေးမှာလည်း ရှေ့တန်းက ပါသူဆိုတော့ လုလင်ပျိုထဲသွားပြီး အဘိုးအိုက အကူအညီတောင်းတော့ လုလင်ငယ်ကလည်း လိုလိုလားလား လက်ခံလိုက်တယ်။

အဘိုးအိုလည်း ရွှေဂံုးထုပ်ကိုယူဆောင်ပြီး လုလင်ပျိုကိုပါခေါ်ကာ လူသူမရောက်တဲ့ တောတောင်လျှိုမြောင်အတွင်းမှာရှိတဲ့ အာသောကပင်အောက်ကို ခေါ်သွားပြီး အာသောကပင်ကို အသိသက်သေထားကာ ရွှေဂံုးတစ်ရာကို ပေးအပ်ပြီး အဘိုးအိုလည်း အမျိုးတွေရှိရာကို စိတ်ချမ်းသာစွာနဲ့ ထွက်သွားတော့တယ်။

လူဆိုတာက စိတ်အပြောင်းအလဲ မြန်တတ်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com

ရွေ့တာပါ။ ပစ္စည်းဥစ္စာ မတွေ့ခင်ကတော့ လောဘစိတ် မဝင်ပေမယ့် လက်ဝယ်ရှိလာတော့ လူငယ်ကို လောဘ တရားက အနိုင်ယူသွားတော့တယ်။

သည်ရွှေဒင်္ဂါးတို့ဟာ ငါနဲ့ထိုက်လို့ ငါရလာတာပဲ။ အတိုးကြီးပေးတုန်းက အသက်မရှိတဲ့ အာသောကပင်ကြီးသာ သက်သေရှိတာ။ ဘယ်သူမှသိတာမဟုတ်တော့ ငါ ပြန်ပေးစရာမလိုဘူးလို့ လိုရှင်းတပ်မက်စိတ်က အနိုင်ယူတော့တယ်။

လဝက်လောက်ကြာတော့ အတိုးအိုး အိမ်ကို ပြန်ရောက်လာပြီး လူငယ်ထံကိုသွားကာ သူအပ်ထားတဲ့ ရွှေဒင်္ဂါးတစ်ရာ ပြန်တောင်းတာပေါ့။

'သင့်လို အတိုးအိုးလူမွဲတစ်ယောက်က သည်လောက် များတဲ့ရွှေ ရှိတယ်ဆိုတာ ယုတ္တိမရှိပါလား။ ကျွန်ုပ်ကို ပြောင်လှောင်နေတာလားဗျ။ သွားစမ်းပါ အတိုးကြီးရာ'

လူငယ်က သရော်ပြုံး၊ ပြုံးပြီး အတိုးအိုကို မောင်းထုတ်လိုက်တော့ အတိုးအိုလည်း စိတ်ဆင်းရဲပြီး သုဝဏ္ဏဝတီ အမည်ရှိတဲ့ အိမ်နီးချင်း အမယ်အိုကို အကျိုးအကြောင်း ပြောပြလိုက်တော့ အမယ်အိုက အကြံဉာဏ် ပေးလိုက်တယ်။

'ညော်...မောင်ကြီးရယ်၊ အရန်ကောရှင်။ ကျွန်မတို့နေတဲ့ ဓာရာတိုင်းကို အုပ်စိုးတဲ့ ဘောဘုရင်မင်းမြတ်နဲ့ ပညာရှိကြီး ကာလီဒါသတို့ဟာ တိုင်းသူပြည်သားတွေကို တရားနဲ့အညီ အုပ်ချုပ်နေတာကို မသိရော့သလား မောင်ကြီးရယ်။ တရားကိုစောင့်တဲ့ မင်းနဲ့ အမတ်ကောင်း ကာလီဒါသ ရှိပါလျက် အာယ်ကြောင့် မိမိပစ္စည်းကို အရှုံးခံရမှာလဲရှင့်။ ရွှေနန်းတော်သွားပြီး တိုင်ကြားပေါ့ မောင်ကြီးရဲ့'

အတိုးအိုလည်း အိမ်နီးချင်းကောင်း အမယ်အိုရဲ့ အကြံဉာဏ်ကိုယူပြီး မင်းကောင်းမင်းမြတ်တို့သည် တရားနဲ့အညီ အုပ်စိုးတာမို့ ငါ့အမှုကိုလည်း တရားနဲ့အညီဆုံးဖြတ်ရင်နိုင်လိမ့်မယ်လို့တွေးပြီး ဘောဘုရင်ကြီး နန်းတော်ထဲ ဝင်ပြီး တိုင်ကြားတော့တယ်။

ဘောဘုရင်ကြီးက အတိုးအို တိုင်ကြားတဲ့အမှုကို သေသေချာချာ နားထောင်ပြီး အတိုးအိုအမှုကို ဆရာကာလီဒါသကို လွှဲအပ်လိုက်တယ်။ ဆရာကာလီဒါသလည်း အတိုးအိုနဲ့ လူငယ်တို့ကိုခေါ်ပြီး မေးမြန်းတော့တယ်။

'အတိုးက အသင်လူငယ်ကို ရွှေဒင်္ဂါးတွေ အပ်တုန်းက အနားမှာ ဘယ်သူတွေရှိသလဲ'

'ပညာရှိကြီးခင်ဗျာ...သည်လူငယ်ကို ကျွန်ုပ် ရွှေဒင်္ဂါးအပ်စဉ်က အနားမှာ ဘယ်သူမှ မရှိကြပါဘူး။ မိမိတို့ နှစ်ယောက်တည်း တောထဲ တောင်ထဲ လျှိုမြောင်ထဲမှာ ရှိတဲ့ အာသောကပင်ကြီးအောက်မှာ အာသောကအပင်ကြီးကို သက်သေထားပြီး ပေးအပ်ခဲ့တာပါ'

'ဒါဆို အသင်က သက်သေအဖြစ် အာသောကပင်ကြီးကို သွားခေါ်ချေပါ။ တကယ်လို့ မလိုက်နာပါက ဘောဘုရင်မင်းမြတ်နဲ့ ကာလီဒါသရဲ့ အမိန့်လို့ပြောပြီး ခေါ်လာခဲ့ပါ။ အာသောကပင်ကြီး လိုက်လာပါလိမ့်မယ်။ သွားချေတော့ အတိုးအို'

အတိုးအိုမှာ ဆရာကာလီဒါသ ခေါ်ခိုင်းလို့သာ အာသောကပင်ကြီးဆီကို လာခဲ့ရပေမယ့် သက်မဲ့ အာသောကပင်က လိုက်မှာမဟုတ်တာ သိနေပေမယ့် ဆရာကာလီဒါသ ပြောခိုင်းတဲ့အတိုင်း အာသောကပင်ကြီးကို ပြောဆိုလို့ ခေါ်တော့တယ်။

အတိုးအို မိုးမခပင်ကြီးဆီကို သွားနေတုန်း ဆရာကာလီဒါသက ရွှေဒင်္ဂါး လိမ်ယူထားတဲ့ လူငယ်ကို ကောက်ခါငင်ခါ မေးလိုက်တယ်။

'အမောင်လူငယ်၊ အခုအချိန်ဆို အတိုးအိုပြန်ရောက် လောက်သေးဘူးလား'

လူငယ်က အမှုမဲ့အမှတ်မဲ့နဲ့ လွတ်ခနဲ ဖြေလိုက်တော့တယ်။

'မရောက်နိုင်သေးပါဘူး ပညာရှိကြီးခင်ဗျာ။ သွားရမယ့်နေရာမှာ ခရီးခြောင့်ခရလုတ်တွေ၊ တောခွေးတွေ များတာမို့ အတော်ကြာအောင် သွားရမှာပါခင်ဗျာ'

ဆရာကာလီဒါသက လူငယ်ရဲ့စကားကို ကြားလိုက်ရတော့ သည်လိုကောက်ချက်ချလိုက်တော့တယ်။

သည်လူငယ်သည် ထိုနေရာကို အာယ်ကြောင့် သိသနည်း။ ကောက်ကျစ်စဉ်းလဲစွာနဲ့ အတိုးအိုရဲ့ ရွှေဒင်္ဂါးတွေ ယူထားလို့သာ သည်နေရာကို သိနိုင်မှာပါလို့ တွေးမိလိုက်တယ်။

အတိုးအိုလည်း အချိန်အတော်လေးကြာမှ ပြန်ရောက်လာပြီး ဆရာကာလီဒါသကို

www.burmeseclassic.com

ပြောလိုက်ပါတယ်။

'အရှင် မှာလိုက်တဲ့အတိုင်း အာသောကပင်ကြီးကို ဘုရင်ကြီးအမိန့်နဲ့ အတန်တန်ခေါ်ပါသော်လည်း အာသောကပင်က မည်သို့မှ မလှုပ်ရှားပါဘူး အရှင်'

'မစိုးရိမ်နဲ့တော့ အဘိုးအို။ သင် ဟိုနေရာကိုရောက်လောက်တဲ့ အချိန်လောက်မှာပဲ အာသောကပင်က ကျွန်ုပ်ထံ ရောက်လာပြီး အကြောင်းစုံ ပြောသွားပြီးပါပြီ'

'အာသောကပင်ကြီး ဒီကိုရောက်တာ ကျွန်ုပ် မမြင်ပါလား ပညာရှိကြီး'

လူငယ်က မနေနိုင်ဘဲ ဝင်ရောက်ပြောဆိုလိုက်တယ်။ သည်တော့ ဆရာကာလီဒါသက လူငယ်ကို ဆက်မေးလိုက်တော့တယ်။

'သည်အာသောကပင်ကို မောင်မင်း မှတ်မိလို့လား ကွဲ'

'ကျွန်ုပ် မှတ်မိပါတယ်ခင်ဗျာ'

'အင်...ဒါဆို အမောင်က အဘိုးအိုရဲ့ ရွှေဂံါးတွေ ယူဘူးလို့သာ ပြောတယ်။ သင်ကိုယ်တိုင်က သည်အာသောကပင်ကြီးရှိရာကို အသေအချာပြောနိုင်တယ်။ အပင်ကြီးကိုလည်း မှတ်မိတယ်လို့ သင်ကိုယ်တိုင် ဝန်ခံပြီးဖြစ်နေလို့ အဘိုးအိုရဲ့ ရွှေဂံါးတွေကို သင်ယူထားတာကိုပါ ဝန်ခံပြီးဖြစ်ပေတာယ်။ အမောင်...သူများဥစ္စာကို မတရားလိုချင်ပါနဲ့။ ခိုးမှု၊ လိမ်လည်မှုဆိုတာ အလွန်မှ အပြစ်ကြီးတယ်။ အဘိုးအိုရဲ့ ရွှေဂံါးတွေကို ပြန်ပေးလိုက်ပါ။ သင့်ကို လက်နှစ်ဖက် ဖြတ်ရမယ် မောင်မင်း'

လူငယ်လည်း အလွန်ကြောက်ရွံ့ပြီး အပြစ်ကို စိန်ခံတာ အပြစ်မှလွတ်ပေးဖို့ ငိုယိုတောင်းပန်ရှာတယ်။

ဆရာကာလီဒါသက အဘိုးအိုနဲ့ လူငယ်တို့ နှစ်ဦးကို ဘောဘုရင်ကြီးထံကို ခေါ်သွားပြီး စစ်ဆေးပုံ အသေးစိတ်ကို တင်လျှောက်လိုက်တော့ မင်းကြီးက လူငယ်ကို ထိရွယ်သူဖြစ်နေလို့ အပြစ်ဒဏ်လျှော့ပေါ့စေကာ ကျေးဇူးတင် သူခိုးဟူသောစာကို ရေးစေပြီး မြို့ကို ခုနစ်ပတ် ပတ်လည်စေပါတယ်။ ဆရာကာလီဒါသကိုလည်း များစွာချီးကျူးတော်မူလိုက်ပါတယ်။

ဆရာကာလီဒါသရဲ့ ကြက်ဥပြဿနာ

ဘောဘုရင်နဲ့ မူညာရိုကာလီဒါသ အဖွဲ့တ်(၆)တွင် ဘုရင်ပြီးသော် ကာလီဒါသရဲ့ နတ်သဘင်အစည်းအဝေး မြင်ကွင်းတွင် ဘောဘုရင်ကြီးရဲ့ မိဖုရားကြီးက မှူးမတ်တွေ မြှောက်ပေးလို့ မဖြစ်နိုင်မှန်း သိသိကြီးနဲ့ နတ်သဘင်အစည်းအဝေး လုပ်တာကို ကြည့်ချင်တယ်လို့ ပူဆာလို့ ဘောဘုရင်ကြီးက စေခိုင်းခဲ့လို့ ဆရာကာလီဒါသက မိဖုရားကြီးနဲ့ မှူးမတ်တွေကို ပညာပေးချင်လို့ ငွေတစ်ထောင်စီလည်း ကုန်စေကာ မှူးမတ်တွေလည်း ပညာရစေ၊ မိဖုရားကြီးလည်း အသိတရားရစေရန် နတ်သဘင်အစည်းအဝေးကို ပြခဲ့ဖူးတာကို အခဲမကျေတဲ့ မိဖုရားကြီးနဲ့ အပေါင်းပါတို့က ဆရာကာလီဒါသကို ဘောဘုရင်ကြီး ငြိုငြင်စေရန် ကြက်ဥပြဿနာကို ကြံစည်ကြပြန်တယ်။

အဲ့ဒါကြံကြံတိုင်း မှူးမတ်တို့က ဘောဘုရင်ကြီးကို ချောက်တွန်းကြသော်လည်း ဆရာကာလီဒါသ မခံရဘဲ သူတို့သာ ခံကြရတော့ အခဲမကျေနိုင် ဖြစ်တော့တာပေါ့။ အခုလည်း မိဖုရားကြီးနဲ့ပေါင်းပြီး ကြံစည်နေကြပြန်ပြီလေ။

တစ်နေ့ မိဖုရားကြီးနဲ့ပေါင်းပြီး မှူးမတ်တွေရဲ့ အကြံကို အကောင်အထည် ဖော်ပြတယ်။ မိဖုရားကြီးက မှူးမတ်တွေကို မနက်ဖြန်ညလာခံလာရင် ကြက်ဥတစ်လုံးစီ လျှို့ဝှက်စွာ ယူလာရမယ်။ ဘယ်သူမှလည်း အသိမပေးရ။ အထူးကတော့ ဆရာကာလီဒါသကို ပေးမသိစေတာပါ။

ညီလာခံစတော့ မင်းကြီးကို သည်လို လျှောက်တင်ကြပါတော့တယ်။ နန်းတော်ရှေ့က ရေကန်ထဲကို တစ်ယောက်စီ ဆင်းငုပ်ပြီး ပြန်တက်လာရင် ကြက်ဥတစ်လုံးစီ ပါလာရမယ်။ ကြက်ဥပါလာသူက အဖေတစ်ယောက်သာရှိသူလို့ ဘောဘုရင်ကြီးကို လျှောက်ထားကြတယ်။

ဘောဘုရင်ကြီးက သဘောတူပြီး တစ်ယောက်စီ ရေကန်ထဲကို ဆင်းငုပ်စေပါတယ်။ ဆင်းငုပ်တဲ့ မှူးမတ်တိုင်းက ကြက်ဥပါသူတွေဆိုတော့ ကြက်ဥကို အားလုံး ပြန်ငြင်ကြတယ်။

ဆရာကာလီဒါသက သည်အစီစဉ်ကို စဉ်းစားလိုက်တယ်။ နတ်သဘင်အစည်းအဝေးကိစ္စကို မကျေနပ်ကြလို့ မှူးမတ်တွေ၊ မိဖုရားကြီးနဲ့ ပေါင်းကြံတာလို့ တွေးမိပြီး ချေဖျက်ဖို့ အစွမ်းကုန်စဉ်းစားတော့တယ်။ သည်အခါမှာ မင်းကြီးအသံက ဟိန်းထွက်လာတယ်။

'ဟော...အချင်းကာလီဒါသ၊ အားလုံး ဆင်းငုပ်ကုန်

www.burmeseclassic.com

www.burmeseclassic.com

ကြပြီ။ သင်လည်း သွားငုပ်ချေတော့'

သည်အခါမှာ ဆရာကာလီဒါသ ဉာဏ်ကွန့်မြူးလာပြီး အကြံထွက်လာတာနဲ့ ရေကန်ဆီကိုပြေးပြီး ဆင်းငုပ်လိုက်တယ်။ အတော်လေးကြာတော့ ဆရာကာလီဒါသ ရေပေါ် ပေါ်လာပြီး လက်နှစ်ဖက်ကိုဆန့်ကာ ကြက်အတောင်ပံ ရိုက်သလို လေး,ငါးချက် ရိုက်လိုက်ပြီး အောက်အီး...အီး...အွတ်လို့ ကြက်ဖလို တွန်ပြလိုက်တော့တယ်။

ဆရာကာလီဒါသရဲ့ လုပ်ဟန်ကို ညီလာခံထဲမှာ ရှိနေကြတဲ့ ပရိသတ်အားလုံးက အံ့အားသင့်နေကြတာပေါ့။ ဘောဇဘုရင်ကြီးလည်း အံ့အားသင့်နေရင်းက သတိရပြီး မေးလိုက်တယ်။

'မောင်မင်းရဲ့ကြက်ဥ ဘယ်မှာလဲဟ'

မင်းကြီးက မေးလိုက်တော့ မိဖုရားကြီးနဲ့ မှူးမတ်တွေကလည်း အသံမျိုးစုံ ထွက်လာကြတယ်။

'ကာလီဒါသမှာ အဖေနှစ်ယောက် ရှိနေလို့သာ ကြက်ဥကို မပြနိုင်တာပါ'

ညီလာခံထဲမှာ ထွက်ပေါ်နေတဲ့ အသံမျိုးစုံကို ဆရာကာလီဒါသ ပြောလိုက်တဲ့ အသံက ဖုံးလွှမ်းသွားတော့တယ်။

'အရှင်မင်းမြတ်...ရေထဲဆင်းငုပ်ပြီး ကြက်ဥမပြနိုင်ရုံနဲ့ ကျွန်ုပ်မှာ အဖေနှစ်ယောက် ရှိတယ်ဆိုတာ မဖြစ်နိုင်ပါ။ ရုတ်တရက် ရေထဲ ဆင်းငုပ်ရုံနဲ့ ကြက်ဥပြနိုင်သူများသည် ကြက်မသာ ဖြစ်ရပါမည်။ ကျွန်ုပ်သည် ကြက်ဖသာဖြစ်လို့ အခုလို တွန်ပြနိုင်ခြင်း ဖြစ်ပါတယ်'

ဘောဇဘုရင်ကြီးလည်း ဆရာကာလီဒါသရဲ့ တန်ဇာပွတ္တိဉာဏ်နဲ့ လျှောက်တင်တာကို လွန်စွာသဘောကျ နှစ်ခြိုက်တော်မူလို့ ကောင်းချီးပေးလိုက်ပါတယ်။

မိဖုရားကြီးနဲ့ ကြံရာပါ မှူးမတ်တို့ အကြံမအောင်မြင်တာရယ်၊ အားလုံးပင် ကြက်မတွေ ဖြစ်ကုန်ကြတာကြောင့် အရှက်ကွဲကြရပြန်တယ်။

ဆရာကာလီဒါသက ပြုံးပြုံးလေးနဲ့ မတူရင် မတူကြနဲ့ကွလို့ ပြောနေသလို မထိတရိ ကြည့်နေပါတော့တယ်။

ဆရာကာလီဒါသ ဖန်တီးတဲ့ ပညာရှိ ဖိုးသုည

ဆရာကာလီဒါသသည် စိတ်ကောင်း စေတနာကောင်းရှိပြီး ပညာမာနမထားဘဲ ကျောသားရင်သား မခွဲခြား မေတ္တာတရားနဲ့သာ ဆက်ဆံတတ်သူ ဖြစ်တယ်။

နာဂရတိုင်းအပြင်ဘက် ဓမ္မကမြို့လေးမှာ ကေသဝဆိုတဲ့ ပုဏ္ဏားတစ်ဦး နေထိုင်တယ်။ ကေသဝပုဏ္ဏားဟာ မိဘနှစ်ပါးက ပုဏ္ဏားမျိုးဖြစ်ပေမယ့် ပုဏ္ဏားတို့ တတ်အပ်တဲ့ ဗေဒင်သုံးပုံ မတတ်ရုံမက ပုဏ္ဏားတွေ လက်ကိုင်ထားရွတ်ဆိုတဲ့ မန္တန်လည်း မတတ်သလို စာလည်း လုံးဝ မတတ်သူ ဖြစ်တယ်။

ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူး။ အပြောအဆိုမှာလည်း စကားလေးလုံးကွဲအောင် မပြောတတ်သူဆိုတော့ နိတိကျမ်းလာ ဆန်ကုန်မြေလေး ဖိုးသုည စာရင်းဝင်သူတစ်ဦး ဖြစ်နေတော့တယ်။

မံဆာကွာ ဆုရာပါနာ၊
မရခါကျာ ချရဝကျိတာ
ပရွာဘီး ပုရယှာ ကာရိုက်
ဘရာကရကန္တ ကျမိုဒိနီ။ (သကဋဂါထာ)

'အသားစားလေ့ရှိသောသူ၊ သေရည်အရက် သောက်လေ့ရှိသောသူ၊ အက္ခရာကိုမျှမသိသော သူတို့သည် ဤလောကၠ၌ တိရစ္ဆာန်နှင့်မခြား ဖိုးသုည လူစားမျိုးဖြစ်၏၊ ဤပထဝီမြေ၌ ဝန်ထုပ်လည်း မည်၏။ (ဝါ) ဆန်ကုန်မြေလေးသူတည်း'

သည် ကေသဝဖိုးသုည ပုဏ္ဏားဟာ အိမ်ခြေရာခြေ အတွာည်မရှိဘဲ အမြဲမြဲ့အနယ်နယ် အရွာရွာကို သွားလာပြီး တောင်းရမ်းစားနေသူလည်းဖြစ်တယ်။ ပုဏ္ဏားထဲမှာ အညံ့ဖျင်းဆုံး ပုဏ္ဏားလို့ ဆိုရမှာပါ။ နောက်ဆုံး နဂရတိုင်းကို ရောက်လာပြီး ဆရာကာလီဒါသထံကို ချဉ်းကပ်အသနားခံတော့တယ်။

'အို...ပညာရှိကြီးခင်ဗျာ။ ကျွန်ုပ်မှာ ဆင်းရဲမွဲတေနေတဲ့ဘဝကယ်တင်ပေးနိုင်သူမှာ ပညာရှိကြီးမှတစ်ပါး ကျွန်ုပ်မမြင်ပါ။ ကျွန်ုပ်ကို ဆင်းရဲခြင်းမှလွတ်ကင်းအောင် လုပ်ဆောင်ပေးပါ အရှင်။ ကျွန်ုပ်ကို သနားသောအားဖြင့် ဘောဇဘုရင်မင်းမြတ်ထံမှ ဥစ္စာပစ္စည်းအနည်းငယ် ကြံဆောင်ပေးတော်မူပါ။ ပညာရှိကြီးအား ဘုရားရှင်က စောင့်ရှောက်ညှာမှုရှိပါမည်။ ကျွန်ုပ်လည်း ဆင်းရဲခြင်းမှ လွတ်ကင်းသွားပါမည် အရှင်'

ပုဏ္ဏားရဲ့ သနားစဖွယ်စကားကို ကြားရတဲ့ ဆရာ

www.burmeseclassic.com

ကာလီဒါသမှာ သနားစိတ်ဝင်သွားပြီး ပုဏ္ဏားကို ဘယ်မှ သွားစေဘဲ အိမ်မှာပဲ ခေါ်ထားလိုက်ပြီး နက္ခတ်(၂၈)လုံး အမည်တွေကို အလွတ်ရအောင် တပည့်တွေကို သင်ကြားခိုင်းထားလိုက်တယ်။

ဧေး၃ငါးရက်ခန့် သင်ကြားပေးပြီး အလွတ်ရသွားတော့ သည်ဖိုးသုည ပုဏ္ဏားကို ဘုရင်ရဲ့ရှေ့တော်ကို ခေါ်သွားနိုင်ဖို့ ကေသဝပုဏ္ဏားကို သူ့ရှေ့ကို ခေါ်လိုက်တယ်။

'အသင်ကေသဝ ပုဏ္ဏား..သင့်ကို ဘုရင့်ရှေ့မှောက်ကို ခေါ်သွားပေးမယ်။ ဘုရင့်ရှေ့တော်မှောက် ရောက်လို့ ရှိရင် ဘာစကားမှမပြောဘဲ သင့်ကို သင်ထားတဲ့ နက္ခတ်(၂၈)လုံး အမည်ကိုသာ ရွတ်ပြလေပါ'

ဆရာကာလီဒါသက ကေသဝပုဏ္ဏားကို ပြောဆိုသင်ထားပြီး အင်္ဂါအဝတ်အစား အသင့်အတင့် ဝတ်ဆင်ထားခိုင်းပြီး ဆရာကာလီဒါသ တစ်ဦးတည်း ညီလာခံကို ထွက်ခဲ့တယ်။ ညီလာခံမှာ တိုင်းရေးပြည်ရေး တိုင်ပင်ဆွေးနွေးနေပြီး အတော်ကြာလို့ အခွင့်သာတာနဲ့ လျှောက်ထားလိုက်တယ်။

'အရှင်မင်းမြတ်..ကျွန်ုပ်အိမ်တွင် ပညာရှိ ပုဏ္ဏားတစ်ဦး ခေတ္တတည်းခိုနေပါတယ်။ သည်ပညာရှိရဲ့ အရည်အချင်းကို သိရလို့ ကျွန်ုပ်လည်း ဝမ်းမြောက်ဝမ်းသာနဲ့ နှစ်ရက်လောက်နေဖို့ တောင်းပန်ထားရပါတယ် အရှင်မင်းမြတ်'

ဘောဇဘုရင်ကြီးကလည်း ပညာရှိဆို အလွန်တွေ့ချင်သူဆိုတော့ ဝမ်းသာအားရနဲ့ မင်းချင်းတစ်ဦးကို ဆရာကာလီဒါသ အိမ်ကိုလွှတ်ပြီး ပညာရှိကို ခေါ်ခိုင်းလိုက်တယ်။

ကေသဝပုဏ္ဏားလည်း ဆရာကာလီဒါသ မှာထားတဲ့အတိုင်း သင့်တင့်တဲ့ အဝတ်အစားဝတ်ပြီး မင်းချင်းနဲ့အတူ ငါးလာတဲ့ ဝေါထမ်းစင်ပေါ်မှာ ဖိနပ်ကျကျနဲ့ လိုက်လာတော့တယ်။

ကေသဝပုဏ္ဏားမှာ ကြီးကျယ်ခန်းနားတဲ့ ဘုရင့်ညီးခံကို မတွေ့ဖူးတော့ တအံ့တသြဖြစ်နေပြီး ကျိုးကြည့်ကြောင်ကြည့်နဲ့ပေါ့။ သည်လိုခမ်းနားတဲ့ နန်းတော်ကြီးကို ကြည့်ပြီး သူ အလွတ်ကျက်ထားတဲ့ နက္ခတ်(၂၈)လုံး အမည်တွေကို မေ့ကုန်တော့တယ်။ မှတ်မိသလောက်ဘဲ ဘောဇဘုရင်ကြီးကို ရွတ်ဆိုပြလိုက်ရတယ်။

အဿဝတီ၊ ပုဏ္ဏဖုဿ၊ ရေဝတီ၊ ကျတ္တိကာလို့ အလျင်အမြန် ရွတ်ဆိုလိုက်တော့ ဘောဇဘုရင်ကြီးလည်း အံ့သြပြီး ကြည့်နေတော့တယ်။ နောက်မှ သတိရပြီး ဆရာကာလီဒါသကို အပြစ်ဆိုလိုက်တယ်။

'အချင်းကာလီဒါသ..သင်က သင့်ပုဏ္ဏားကို မဟာပညာရှိ အကျော်အမော်ကြီးလို့ ပြောတယ်။ ဒါပေမဲ့ ကျွန်ုပ်ကတော့ ဖိုးသုညပုဏ္ဏားလို့ပဲ ထင်တယ်ကွယ့်'

'အို..အရှင်မင်းမြတ်၊ သည်ပညာရှိပုဏ္ဏားက နက္ခတ်လေးလုံးတို့နဲ့ အရှင်မင်းမြတ်ကို ကောင်းချီးပေးခြင်းသာဖြစ်ပါတယ်။ သည်နက္ခတ်လေးလုံးနဲ့ ကောင်းချီးပေးတာကို နားပန်ဆင်တော်မူပါဘုရား'

ဆရာကာလီဒါသက သည်လို သင့်အောင်လျှောက်ထားလိုက်ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်ပါတယ်။

အဿဏိဝဆတု ဒေဝမံစိရေ၊
မဒိရေ ဝဆတု စောပုနပုဿ၊
ရေဝတိပတိ ကတိဋ္ဌဆေဝယာ၊
ကတ္တိကာတနယ ဝိကြမိဘဝ။ (သကဋ္ဌဂါထာ)

အဿဝဏီနက္ခတ်သည် (၀၊) မြင်းသည် အရှင်မင်းမြတ်အိမ်၌ အမြဲရှိပါစေသတည်း။ ပုဏ္ဏဖုဿနက္ခတ်သည် (၀၊) လက္ခဏနတ်သမီးသည် အရှင်မင်းမြတ်၏ ဘုံဗိမာန်၌ အမြဲကိန်းဝပ်ပါစေသတည်း။ ရေဝတီနက္ခတ်သည် (၀၊) ဗလဒေဗ္ဗီ၏ညီငယ် ကရိယ္ယာသည် အရှင်မင်းမြတ်အား စောင့်ရှောက်ပါစေသတည်း။ ကတ္တိကာနက္ခတ်သည် (၀၊) ကတ္တိကာအရှင်သည် အရှင်မင်းမြတ်အား စောင့်မ,ပါစေသတည်း။

ဆရာကာလီဒါသရဲ့ လိမ္မာပါးနပ်မှုနဲ့ လျှောက်ထားလိုက်တာကြောင့် ဘောဇဘုရင်ကြီး သဘောကျတော်မူပြီး ကေသဝပုဏ္ဏားကို အရိုအသေပေးကာ အသပြာငါးထောင် ပူဇော်လိုက်တယ်။ ကေသဝပုဏ္ဏားလည်း ဆရာကာလီဒါသကို ကောင်းချီးအခါခါပေးပြီး နေရပ်ကို ပြန်သွားတော့တယ်။

ဂုဏာနိဒီပညာရှိနဲ့ အထမ်းသမား ကာလီဒါသဉာဏ်စွမ်း

ဘောဇဘုရင်ကြီးအုပ်ချုပ်တဲ့ ဓာရာနဂရတိုင်းကြီးမှာ ဆရာကာလီဒါသ ပညာရှိကြီး ရှိနေခြင်းမှာ အလွန်ရှားပါးတဲ့ ရတနာတစ်ပါး လက်ဝယ်ပိုင်ဆိုင်ထားသလို ဘော

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီး မြတ်မြတ်နိုးနိုး ရှိလှပါတယ်။ သူ့ရဲ့ပြိုင်ဘက်တွေ၊ သူ့ကို မလိုမုန်းထားသူတွေကိုလည်း ဆရာကာလီဒါသက ပညာသားပါပါနဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်အနိုင်ယူခဲ့လို့လည်း အတိုင်းတိုင်းအပြည်ပြည်နဲ့ ပြည်သူပြည်သားတွေကလည်း ချစ်ခင်ကြည်ညိုကြတယ်။ ဓာရတိုင်းက ဘောဇဘုရင်ကြီးနဲ့ ပြည်သူပြည်သားတွေဆို ပြောစရာ မရှိပါဘူး။

တစ်နေ့မှာတော့ ဂုဏာနိဒိ အမည်ရှိတဲ့ တခြားတိုင်းတစ်တိုင်းက ပညာရှိတစ်ဦးဆိုသူဟာ ဘောဇဘုရင် အုပ်စိုးနေတဲ့ ဓာရနဂရမြို့တော်ကို ရောက်လာပြီး သည်တိုင်းမှာရှိကြတဲ့ ပညာရှိတွေထဲမှာ အကျော်ကြားဆုံးဖြစ်နေတဲ့ ဆရာကာလီဒါသနဲ့ ပညာစမ်းရအောင် ရောက်ရှိလာတယ်။

ဘောဇဘုရင်ကြီးရဲ့ ညီလာခံမှာ ဆရာကာလီဒါသကို အနိုင်ယူပြီးပါက တစ်လောကလုံးရဲ့ ပဏ္ဍိတဘွဲ့ခံယူဖို့ အားခဲထားလို့ အတိုင်းတိုင်းအပြည်ပြည်ကို လှည့်လည်ပြီး ပညာစမ်းကာ အနိုင်ယူခဲ့သူလည်းဖြစ်တယ်။ အခုနောက်ဆုံး ဓာရတိုင်း ဘောဇဘုရင်ရဲ့ ပညာရှိကြီး ဆရာကာလီဒါသနဲ့ပြိုင်ဖို့ ရောက်လာတာပါပဲ။

ဆရာကာလီဒါသကလည်း ဂုဏာနိဒိ ပညာရှိသူနဲ့ ပညာလာပြိုင်မှာကို ကြိုသိထားတာမို့ သည်ပညာရှိကြီး တည်းခိုတဲ့ တည်းခိုဆောင်အနီးမှာ အထမ်းသမားအသွင် ရုပ်ဖျက်ပြီး သွားနေနေလိုက်တယ်။

မကြာခင်မှာတော့ ဂုဏာနိဒိရဲ့ တပည့်တစ်ယောက် ထွက်လာပြီး အထမ်းသမား ရှာဖွေတယ်။

'ဟေ့...ဒီအနီးအနားမှာ အထမ်းသမားတွေ မရှိဘူးလား'

'ရှိပါတယ်ခင်ဗျ။ ကျွန်ုပ်က အထမ်းသမားပါပဲ'

ဆရာကာလီဒါသက သူ အထမ်းသမားပါလို့ ပြောလိုက်တယ်။

'ကောင်းပြီ၊ ဒါဆို နောက်ထပ် အထမ်းသမား သုံးယောက် ထပ်ရှာချေပြီး တည်းအိမ်ကို လာခဲ့ကြကွယ်'

ဆရာကာလီဒါသလည်း နောက်ထပ် အထမ်းသမား သုံးယောက် ထပ်ရှာပြီး တည်းအိမ်ကိုသွားကာ ရောက်ရှိကြောင်း အကြောင်းကြားတယ်။

ဂုဏာနိဒိက သူကိုယ်သူ ပညာရှိကြီးဆိုတဲ့ မာန်မာနကို တံခွန်ထူကာ ထမ်းစင်ပေါ်မှာ ခန့်ခန့်ကြီးထိုင်ကာ မြို့ကို ပတ်စေတယ်။ မြို့ဈေးကိုရောက်တော့ ဂုဏာနိဒိ ပညာရှိ အသံက ထွက်လာတယ်။

'ကျွန်ုပ်အား နန်းမြို့တော်ကို တစ်ပတ်ပတ်ပြီး သည်နေရာကို ပြန်ပို့ပါ'

ဆရာကာလီဒါသနဲ့ အထမ်းသမား သုံးဦးလည်း ဂုဏာနိဒိကို နန်းမြို့တစ်ပတ်ပို့ပေးပြီး မူလ သူ့တည်းတဲ့နေရာကို ပြန်ပို့တော့တယ်။ ဂုဏာနိဒိက ထမ်းစင်ပေါ်က ဟန်ပါပါဆင်းကာ အထမ်းသမား ဟန်ဆောင်ထားတဲ့ ဆရာကာလီဒါသကို ဂါထာတစ်ပုဒ်နဲ့ မေးလိုက်ပါတယ်။

အယမဝံ ဒိလိကာဒဏ္ဍား

ဆကန္ဓံကိတဝ ဗာစတိ။

'အို...အထမ်းသမားတို့၊ ဤထမ်းစင်၏ သစ်သားသည် သင်၏ပခုံးကို အတော်ပင် ဒုက္ခပေးသလော'

ဂုဏာနိဒိပညာရှိမှာ ဗာစတေလို့ တေဝိဘတ်နဲ့ ပြောရမယ့်အစား ဗာစတိလို့ တိဝိတက်နှင့် သဒ္ဒါအနေအထားမှားပြီး ပြောလိုက်လို့ အထမ်းသမားဟန်ဆောင် ဆရာကာလီဒါသက ဂါထာတစ်ပုဒ် ရွတ်ဆိုပြီး ပြောလိုက်တယ်။

နဗာဓတေ တတာ တဆ ယထာ တစတိ ဗာဓတေ။

သင်သည် ဗျာကရိုက်ကျမ်းနဲ့ ဆန်းကျင်ပြီး ဗာဓတေပြောရမယ့်အစား ဗာစတိလို့ ပြော၏။ ထိုဗာဓတိသည် အကြင်မျှလောက် ဒုက္ခပေးတတ်၏။ ထိုမျှလောက် ဒုက္ခမပေးတတ်ပါဟု ဆိုတယ်။

အထမ်းသမားဟန်ဆောင် ဆရာကာလီဒါသရဲ့အမှားကို ထောက်ပြသံကို ကြားလိုက်ရတဲ့ ဂုဏာနိဒိမှာ အံ့သြရွှင်သွားပြီး မျက်နှာပျက်သွားတယ်။

'သည်မျှလောက်သော အသိဉာဏ်ကို သင် ဘယ်ကဲ့သို့ ရသနည်း'

'သင်ကဲ့သို့သော ပညာရှိနဲ့တွေ့လို့ အနည်းအပါး ရတာပါ အရှင်'

'အဘယ်ပညာရှိပါလဲ အထမ်းသမား'

'သည်မြို့တော်ကြီးမှာ ဆရာကာလီဒါသဆိုတဲ့ ပညာရှိကြီးတစ်ဦး ရှိပါတယ်။ သူ့ကို ဟိုဒီလိုက်ပို့ဖူးတဲ့ ဆရာပညာရှိကြီးထံမှ အနည်းအကျဉ်း မှတ်သားခဲ့ရပါတယ် အရှင်'

www.burmeseclassic.com

www.burmeseclassic.com

သည်စကားကို ကြားရတော့ ဂုဏာနိဒိက စဉ်းစားရတော့တယ်။ ကာလီဒါသရှိတဲ့မြို့မှာ နေထိုင်တဲ့ အထမ်းသမားတောင် သည်လောက်တတ်သိနေရင် ကာလီဒါသဆို ဘယ်လောက်ပညာဉာဏ်ကြီးမလဲ။ ငါမှားပြီ ထင်ပါတယ်။ သည်ပညာရှိမျိုးကို ငါဘယ်လိုနိမ့်နင်းလို့ ရပါ့မလဲ။ ငါ ငွေကြေးအကုန်အကျခံပြီး ဤဓာရာနဂရမြို့တော်ကို လာခဲ့တယ်။ သည်အတိုင်း ပြန်သွားရင် ငွေကုန်ကျိုးနပ်မှာ မဟုတ်ဘူး။ သည်တော့ ငါနာမည်လျှို့ဝှက်ပြီး ကာလီဒါသနဲ့တွေ့ရင် ကောင်းမယ်'

ဂုဏာနိဒိက သည်လိုစဉ်းစားပြီး ဆရာကာလီဒါသ အိမ်ကိုသွားရန် ပြင်ဆင်တော့တယ်။ ဆရာကာလီဒါသလည်း အထမ်းသမားတစ်ယောက်ကို အစားထိုးပြီး အိမ်ကို အရင်ရောက်အောင်ပြန်ပြီး ကျွန်အဝတ်အစားတွေဝတ်ဆင် ရုပ်ဖျက်ပြီး ပန်းခြံထဲမှာ အလုပ်လုပ်ချင်ယောင်ဆောင်နေလိုက်တယ်။

သည်အချိန်မှာပဲ ဂုဏာနိဒိရောက်လာပြီး ကျွန်အသွင်ဆောင်ထားတဲ့ ဆရာကာလီဒါသကို မေးလိုက်တယ်။

'ကာလီဒါသ အဘယ်မှာရှိသနည်း'

အလုပ်သမားယောင်ဆောင်ထားတဲ့ ဆရာကာလီဒါသက သကဋဂါထာနဲ့သာ ဖြေဆိုလိုက်တယ်။

မုခလ နခလိ နလိလယာ နိမယ် နန္ဒမယန္ဒဝံဟယံ၊
နိရဂါ ဒုရဂါ ရီရံဟဆာ ပရဂါရုတမတာ ဂေါပုရန္တဟိ။

ခြင်းဇက်ကြိုးကိုဆွဲ၍ မြင်းပေါ်သို့တက်စီးလျက် မြင်းကို ခုန်လျှောက်စေသော ကာလီဒါသသည် မြန်စွာသော အဟုန်ဖြင့် တံခါးဝမှ အပြင်သို့ ထွက်သွားသည်။

သည်ဂါထာကို ကြားလိုက်ရတဲ့ ဂုဏာနိဒိ ပညာရှိက ဖြေသူရဲ့ ပညာအရည်အချင်းကို စဉ်းစားဆင်ခြင်ပြီး စူးစမ်းကာ မေးလိုက်ပြန်တယ်။

'အချင်းဉယျာဉ်မှူး.. သင်သည် ကာလီဒါသရဲ့ ဉယျာဉ်စောင့်သာဆိုတယ်၊ သင့်ရဲ့ဦးခေါင်းမှာ တန်ဆာဖလာ ဘာလို့မရှိသလဲ'

ဂုဏာနိဒိ ပညာရှိက စူးစမ်းသလို မေးလိုက်တော့ ဉယျာဉ်စောင့်ယောင်ဆောင် ဆရာကာလီဒါသက ဂါထာနဲ့ဝင် ပြန်ဖြေလိုက်ပြန်တယ်။

ဟဆတဆယ ဘုပ်ပျံနဲ့ဒါနံ
ဆတျံကံဌဆယ်ကုယှနံ။

ရှရှိကြဆယဘုယှနံရှကြံ၊
ဆူယှနိုင် ကိုပြယိုဂျနံ။ (သကဋဂါထာ)

အလှူပေးခြင်းသည် လက်၏တန်ဆာပလာ မည်၏။ မှန်ကန်စွာပြောဆိုခြင်းသည် လည်၏ တန်ဆာပလာ မည်၏။ ကျမ်းဂန်ကြားနာခြင်းသည် နား၏ တန်ဆာပလာ မည်၏။ အခြားတန်ဆာပလာသည် အဘယ်အကျိုးရှိအံ့နည်း။

သည်စကားကို ကြားလိုက်ရတော့ ဂုဏာနိဒိပညာရှိက ဆက်မေးလိုက်ပြန်တယ်။

'အိုး.. ဉယျာဉ်မှူး၊ သင်သည် အဘယ်ဒေဝကို ပူဇော်ဆည်းကပ်ပါသနည်း'

ဝိဟာရိဇာယနံ ယဆယတြိကကျာ ယတြဘူယျနံ၊
ဆလပါ ဝါမသာဂေဂျ တေဒေဝါး ရှရုဏ်မမ။

ဂဠုန်၊ ဟင်္သာနှင့် နွားတို့သည် ငါ၏ လက်ယာဘက်၌ ရှိကုန်၏။ ဆောက်၊ ပုတ်၊ ချွန်းနှင့် လေးတို့သည် လက်ဝဲဘက်၌ ရှိကုန်၏။

သည်စကားကို ကြားလိုက်ရတဲ့ ဂုဏာနိဒိ ပညာရှိလည်း အပြင်ကို ထွက်သွားပြီး စဉ်းစားတော့တယ်။ ဤဓာရတိုင်းက ဆင်းရဲသားအလုပ်သမားတွေတောင် သည်လောက် ပညာဉာဏ်တို့ ထက်မြက်နေကြလျှင် ကာလီဒါသဆို ဆိုဖွယ်ရာမရှိပေ။ ငါ၏အမည် ဂုဏာနိဒိပညာဘဏ္ဍာတို့ဆိုတာ အလကားပါလား။ ရှက်စရာကောင်းလှတယ်။ ကာလီဒါသနဲ့ မတွေ့ခင် သည်ဓာရတိုင်းကနေ ထွက်ခွာမှ သက်သာမည်လို့တွေးကာ အရှက်ကြီးရှက်ပြီး ထွက်ခွာသွားတော့တယ်။

<u>လောကကြီးမှာ ကံတရားသာ အရေးကြီးဆုံး</u>

တစ်နေ့မနက် ဘောဇဘုရင်ကြီးနဲ့ မှူးမတ်တို့ စုံစုံညီညီ ညီလာခံသဘင်ကျင်းပနေစဉ် ဘောဇဘုရင်ကြီးက ဆရာကာလီဒါသကို ကောက်ခါငင်ခါ မေးလိုက်ပါတယ်။

'အချင်းကာလီဒါသ.. သည်လောကကြီးမှာ မည်သည့်အရာက အရေးအကြီးဆုံး ဖြစ်ပါသလဲ'

ဘောဇဘုရင်ကြီးရဲ့ အမေးကို ဆရာကာလီဒါသက စဉ်းစားမနေဘဲ ချက်ချင်းပဲ ဖြေဆိုလိုက်ပါတယ်။

'အရှင်မင်းကြီး.. လောကမှာ ကံတရားကသာ အရေးအကြီးဆုံး ဖြစ်ပါတယ်'

'အချင်းကာလီဒါသ.. အသင်ဖြေဆိုတာ မှန်ပြည့်စုံ

www.burmeseclassic.com

သေးပါ။ ပြည့်စုံအောင် လျှောက်တင်ပါလေ့'

ဘောဇဘုရင်ကြီးက အကျိုးအကြောင်းနဲ့ ဆီလျော်အောင် လျှောက်တင်ခိုင်းလိုက်ပြန်ထယ်။

'မြတ်သောမင်းကြီး.. သည်လောကကြီးမှာ ကံတရားလောက် မည်သည့်အရာမှ မကြီးပါ။ ကံကြီးသူကို မည်သူကမှ လွှမ်းမိုးလို့မရပါ။ တစ်ဦးတစ်ယောက်က ချုပ်ချယ်လို့လည်း မရနိုင်ပါ။ တုပြိုင်ဖို့ဆို သာ၍တောင် ဝေးပါသေးတယ်။ ထိုမျှလောက်ပင် ကံတရားက အရေးကြီးပါတယ် မင်းမြတ်'

ဆရာကာလီဒါသက စကားခဏနားပြီး စိတ်ဝင်စားမဝင်စား မင်းကြီးနဲ့ မျက်မှောက်ပို့လ်ပါတွေကို ငေ့ကြည့်လိုက်ပြီး စိတ်ဝင်စားနေကြတာတွေ့ရလို့ ဆက်လက်လျှောက်တင်လိုက်ပြန်တယ်။

'အရှင်မင်းမြတ်..အခုပစ္စက္ခကာလမှာ မျက်မြင်ဖြစ်တဲ့ သက်ရှိသတ္တဝါတို့မှာ ကောင်းတဲ့ကံကြောင့်သာ ချမ်းချမ်းသာသာ ဝတ်စားနေထိုင်ကြရပြီး ကံနည်းပါးခဲ့သူတို့ကတော့ ချို့ချို့ငဲ့ငဲ့နဲ့ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်နေကြရပါတယ်။ ရှုတော်မူပါလော့။ အရှင်မင်းကြီးသည် ကြီးလှတဲ့ ကံတရားကြောင့်သာ အခုကဲ့သို့ ရွှေနန်းစည်းစိမ်ကို ခံစားနေရခြင်း ဖြစ်ပါတယ်။ ယင်းစည်းစိမ်ချမ်းသာကို မည်သည့်ပုဂ္ဂိုလ်ကမှ လာမပေးပါ။ ကံတရားကသာ ပေးထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကံတရားသည်သာ လောကမှာ အရေးကြီးသလို ကံတရားကသာ အကြီးဆုံးပါပဲ မင်းကြီး'

သည်ပြဿနာကို မေးမြန်းတဲ့အချိန်က ဘောဇဘုရင် နပျိုစဉ် ထီးနန်းရစဉ်အချိန်ကဖြစ်ပြီး ဆရာကာလီဒါသ ပညာရှိသုခမိန်အဖြစ် မြှောက်စားထားချိန်လည်း ဖြစ်ပါတယ်။ ဘောဇဘုရင်လေးမှာ လောကအတွေ့အကြုံ နုနယ်သေးတာမို့ ဆရာကာလီဒါသ လျှောက်ထားလာတာကို ဘဝင်မကျ ဖြစ်နေပါတယ်။

ကံသာလျှင် အရေးကြီးဆုံးဆို မိမိဘုရင်ဖြစ်တာကိုပင် ကံက ဖေးကူလို့ဆိုတာကို ဉာဏ်မဝင်နိုင် ဖြစ်နေတယ်။ မိမိဘုရင်ဖြစ်ခြင်းမှာ ပညာစွမ်းသတ္တိစွမ်းများကြောင့်သာ ဟူ၍လည်းကောင်း၊ ဆရာကာလီဒါသကို မှူးမတ်ခန့်ထားတာမှာလည်း မိမိကပေးထားလို့သာ ရလာခြင်းကို မသိရှောသလား။ ဒဇ်းကို သိအောင်တော့လုပ်မလို့ ရာဇမာန်တက်ပြီး အမြန်ချမှတ်လိုက်ပါတော့တယ်။

'ဒါဆို ကောင်းပြီ မောင်မင်း။ အသင်ရဲ့ ပညာရှိအမတ်ရာထူးကို ငါကိုယ်တော်မြတ်က ပေးထားပါလျက် ကံကသာ ပေးထားတာဆို အခုပင် မောင်မင်းကို ရာထူးက ချလိုက်ပြီ။ သည်နေ့ကစလို့ နန်းတော်ထဲ အဝင်အထွက် မရှိစေရ'

ဆရာကာလီဒါသလည်း ဘောဇဘုရင်ကြီးရဲ့ ဆန္ဒအတိုင်း ဘုရင်ကို အရှိအသေပေးပြီး နန်းတော်မှ ထွက်ခဲ့ပါတော့တယ်။ သည်ပြဿနာကို မေးမြန်းစဲ့အချိန်က ဘောဇဘုရင်ကြီး နန်းတက်စ နုပျိုစဉ်ဖြစ်သလို ဆရာကာလီဒါသကိုလည်း ဘောဇဘုရင်ကပင် ခေါ်ယူခန့်ထားချိန်ပါ။ ဘောဇဘုရင်မှာ ငယ်ရွယ်သေးတာတစ်ကြောင်း၊ ဘုရွှင်ဖြစ်တဲ့အတွက် မာန်မာန တက်နေချိန်ဆိုပေမယ့် ဘောဇဘုရင်ရဲ့ မွေးနေ့ရောက်တိုင်း လျှို့လျှို့ဝှက်ဝှက်နဲ့ မွေးနေ့အလှူကို ပြုလုပ်လေ့ရှိပါတယ်။ ကံပြဿနာဖြစ်ကြပြီး မကြာမီရက်အချိန်မှာပဲ ဘောဇဘုရင်ကြီးရဲ့ မွေးနေ့ရောက်မှာမို့ မင်းချင်းတစ်ယောက်ကို ခေါ်ပြီး စျေးမှ ရွှေဖရုံသီး(၁၂)လုံးကို ဝယ်ခိုင်းလိုက်တယ်။ သည်ရွှေဖရုံသီးကို အတွင်းက ကလီစာတွေကို ပုံမပျက်ထုတ်ပြီး ရွှေဒင်္ဂါးတွေ အပြည့်ထည့်စေကာ ဖောက်ထားတဲ့ အပေါက်ကိုလည်း ပုံမပျက် ပြန်ပိတ်ထားစေလိုက်တယ်။

ဘောဇဘုရင်ကြီးရဲ့ မွေးလ၊ မွေးနေ့ကို ရောက်လာတော့ မြို့တွင်း မြို့ပြင်မှာ နေထိုင်ကြတဲ့ အသက်အကြီးဆုံး၊ သိလအရှိဆုံး ပုဏ္ဏား(၁၂)ယောက်ကို နန်းတော်ထဲကို ပင့်ပြီး ရွှေဖရုံသီးတစ်ယောက်တစ်လုံး ပေးလှူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားအိုကြီးတွေ အလှူခံအပြီး နန်းတော်အပြင်ဘက်ကို ရောက်ကြတော့ ညည်းညူသံတွေ အသီးသီး ထွက်လာတော့တယ်။

'တို့များဘုရင်ကတော့ကွာ ကပ်စေးနဲ့လိုက်တာ လွန်ပါရော။ သူမွေးနေ့မှာ ရွှေဖရုံသီးတစ်လုံး လှူတယ်လို့ကွာ'

'ဟုတ်ပါ့ ရောင်းရင်းကြီးရ၊ တို့ဘုရင်က လွန်တယ်ကွာ။ အဖိုးတန်တာကိုမလှူ ရွှေဖရုံသီးလှူရတယ်လို့ကွာ။ သယ်ရတာတောင် လေးသေးတယ်'

'ဟုတ်တယ်ဗျ။ စျေးလည်း ရောက်လာပြီ။ ဘယ်လောက်ရရ ရောင်းလိုက်ကြအောင်'

အားလုံးညှိကြပြီး အလေးမခံလိုလို့ ရတဲ့စျေးနဲ့ ဝင်ရောင်းကြတယ်။ စျေးသည်အမယ်အိုကြီးကလည်း ညည်းညူနေပြန်တယ်။

'အရောင်းအဝယ် မကောင်းလှပါဘူး မောင်ကြီးတို့ရယ်။ ရောင်းချင်သပဆိုရင် ကြွေစေ့ခြောက်စေ့စီသာ ပေးနိုင်ပါတယ်ရှင်' (ဟိုတုန်းက ကြွေကစားတဲ့ ကြွေစေ့ကို အကြွေအဖြစ် အသုံးပြုကြတယ်။)

ပုဏ္ဏား(၁၂)ဦးတို့ကလည်း ရွှေဖရုံသီးကို အလေးခံပြီး မသယ်လိုတော့လို့ ပေးတဲ့စျေးနဲ့ပဲ ရောင်းချကြပြီး အိမ်အသီးသီး ခွဲပြီး ပြန်ကြတော့တယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ဘောဇဘုရင် မွေးနေ့လုပ်တဲ့ နေ့မှာပဲ ဆရာကာလီဒါသအိမ်ကို တောပျော်ရသေ့တို့ အလှူခံကြွလာကြပါတယ်။ သဒ္ဓါတရား ထက်သန်သူဆိုတော့ ရသေ့တို့ကို ပြည့်ပြည့်စုံစုံ လှူဒါန်းချင်ပေမယ့် အရာအချခံထားရတာမို့ ငွေကြေးက မပြည့်စုံဖြစ်နေချိန် ရသေ့တို့ကလည်း ဒကာရင်းမို့ သူတို့ကို ပြည့်ပြည့်စုံစုံ လှူဒါန်းဖို့ တိုက်တွန်းလာတယ်။ ဆရာကာလီဒါသက ယူး ပြည့်ပြည့်စုံစုံ လှူဒါန်းဖို့ အမြန်ဆောင်ရွက်ရပါတော့တယ်။

ရာထူးချခံရတာမို့ ငွေကြေးမလွယ်ဘဲ လက်တွင်းတတ်သောတဲ့ နဝရတ်လက်စွပ်ကို သူဌေးတစ်ဦးထံ သွားပေါင်ပြီး သူဌေးကလည်း ဆရာကာလီဒါသ အခက်အခဲတွေ့နေကြောင်းဆိုတာသိလို့ အကောက်ကြေပြီး လက်စွပ်ကို အပေါင်ခံပါ။ အပြတ်ရောင်းမှ ဝယ်မယ်လို့ပြောလာပြီး နဝရတ်လက်စွပ်ကို ရွှေဂင်္ဂါးတစ်ပြားနှုန်း ပေးမယ်လို့ စျေးဖြတ်ပြီးတော့ မရောင်းမဖြစ်လို့ ရသမျှနဲ့ပဲ ရောင်းလိုက်ရတယ်။

ဆရာကာလီဒါသက ရွှေဂင်္ဂါးပြားကိုးပြား ရလာလို့ မင်္ဂလာရှိပေတယ်။ ကိုးသည် နဝင်းဖြစ်တယ်။ သွပ်၊ သံ၊ ပြဒါးတို့က အင်္ဂါရတ်မာတ်ကိုးပါး။ ဒါရကိုးပေါက်စတဲ့ နဝင်းစကြဝဠာတယ်လို့ တွေးကာ ပီတိဖြစ်လေတယ်။

သည်ရွှေဂင်္ဂါးပြားကိုးပြားနဲ့ ဆွမ်းဝေယျာဝစ္စအတွက် လောက်ငမှာမဟုတ်လို့ အိမ်မှာရှိတဲ့ အိုးတဲ့ ခုတင်စားပွဲ၊ ကုလားထိုင်၊ စာတိုက်သေတ္တာနဲ့ နောက်ဆုံး ပေစာထုပ်တွေပါ ချရောင်းရတော့တယ်။

သည်လောက်ဆို လောက်ငပြီလို့ မှန်းပြီး စျေးကို ကိုယ်တိုင်ပင် သွားခဲ့တယ်။ ဆရာကာလီဒါသတို့ ဆရာတပည့် စျေးရောက်တော့ မနက်စောစောကပင် ပုဏ္ဏားတို့ ထံမှ ဝယ်ထားတဲ့ ရွှေဖရုံသီးတွေကို ကြိုက်လို့ စျေးမေးကြည့်တယ်။

အမယ်အိုစျေးသည်မကြီးကလည်း မလိမ်မကောက်ဘဲ မနက်က ဝယ်ထားတဲ့စျေးကို ပြောပြပြီး သင့်တဲ့အမြတ်ကိုသာ ပေးပါလို့ ပြောဆိုလိုက်တော့ ဆရာကာလီဒါသလည်း အမယ်အိုကြီးရဲ့ မှန်တဲ့စကားကို သဘောကျပြီး မတန်တဆ စျေးပိုပေးကာ ရွှေဖရုံသီး(၁၂)လုံးလုံးကို ဝယ်လိုက်တော့တယ်။

အိမ်ရောက်တော့ ဆရာကာလီဒါသက ကိုယ်တိုင် လုပ်အားပါ လှူချင်တာနဲ့ ကိုယ်တိုင်ပင် ရွှေဖရုံသီးတို့ကို ခွဲလိုက်ရာ ရွှေဖရုံသီးထဲမှ ရွှေဂင်္ဂါးများ ထွက်လာတာကို တအံ့တသြ တွေ့လိုက်ရတယ်။ သည်တော့ အချောင်မှယူလိုတဲ့ ဆရာကာလီဒါသက စဉ်းစားတော့တယ်။

သည်ရွှေဖရုံသီးတွေက စျေးသည်အမယ်အိုကြီးဆီက ဝယ်တာဆိုတော့ သူကိုခေါ်ပြီး ပြောပြမှ သင့်မယ်လို့ တွေးပြီး အမယ်အိုကြီးကို ခေါ်မေးတယ်။

'စျေးသည်အမယ်ကြီးခင်ဗျာ..သင့်ဆိုင်က ရွှေဖရုံသီးတွေ ဝယ်လာခဲ့တယ်နော်။ အိမ်ရောက်လို့ ချက်ပြုတ်ရန်အတွက် ကျွန်ုပ်ခြမ်းလိုက်တော့ ရွှေဂင်္ဂါးတွေ ထွက်လာတာ တွေ့ရတယ်။ သည်ရွှေဖရုံသီး လာရောင်းတဲ့ ပုဏ္ဏားတွေကို သိပါသလား'

စျေးသည် အမယ်အိုကြီးက လာရောင်းသူတွေကို မသိကြောင်း ပြောပြလိုက်တယ်။

'ဒါဆိုလည်း အဘွားရယ်..အဘွားဆိုင်က ဝယ်ခဲ့

www.burmeseclassic.com

တာမို့ အဘွားနဲ့လည်း ဆိုင်ပါတယ်။ သည်တော့ ရွှေဒင်္ဂါးတွေ အဘွား လိုသလောက် ယူသွား အဘွား'

လောဘနည်းတဲ့ စျေးသည် အဘွားအိုက ကံတရား များ ဆန်းကြယ်ပုံကို သံဝေဂတရားစကား ပြောလာတယ်။

'အဘွားလည်း အသက်ကြီးပါပြီကွယ်။ အဘွား လည်း မကြာခင် ဂျသေဝတ်တော့မှာပဲ။ သည်ရွှေဒင်္ဂါး တွေ မလိုပါဘူး သားရယ်။ သားစိတ်ချမ်းသာအောင် လှူဖို့အတွက် အနည်းငယ် ယူပါ့မယ်'

ရွှေဖရုံသီးသည်ကြီးက တစ်လုံးစာသာ ယူပြီး ပြန် သွားပါတော့တယ်။ ဆရာကာလီဒါသလည်း လေးပြင် လေးရပ်မှ သူတော်စင်ရသေ့(၁၀၈)ဦးတို့ကို လိုလေသေး မရှိစေရအောင် အလှူကြီး ပေးတော့တယ်။

ဆရာကာလီဒါသရဲ့ ကြီးကျယ်မြင့်မြတ်လှတဲ့ အလှူ ကြီးကို ဓာရတိုင်းသူတိုင်းသားတွေက ကောင်းချီးပေးကြ ချီးမွမ်းကြနဲ့ ပြည်သူတွေရဲ့ နှုတ်ဖျားမှာ ပဲ့တင်ထပ်နေ တော့တယ်။

သည်ကောင်းသတင်းကို ဘောဇဘုရင်ကြီး ကြားရ တော့ အင်း...ငါရထူးချထားတာတောင် ဒင်း အလှူကြီး ပေးနိုင်တာပါလား။ ငါ ခေါ်မေးမှ သင့်မယ်လို့တွေးပြီး ဆရာကာလီဒါသကို အခေါ်လွှတ်လိုက်တော့တယ်။

'အချင်းကာလီဒါသ...သင်သည် ရာထူးမှ ထုတ် ပယ်ခံထားရလို့ ညှိုးငယ်နေရမယ့်အစား အခုတော့ အလှူ ကြီးတောင် လုပ်နိုင်ပြီး ပြည်သူပြည်သားတွေကတောင် ချီးကျူးခံရတာဆိုတော့ သင့်မှာ ကောင်းကွက်တစ်ခုတော့ ရှိရမယ်။ ကျွန်ုပ်ကို အမှန်အတိုင်း လျှောက်တင်လေ'

ဆရာကာလီဒါသက အလှူလုပ်နိုင်ဖို့အတွက် နဝ ရတ်လက်စွပ် ရောင်းရပုံ၊ မလုံလောက်သေးလို့ အိမ်ရှိတဲ့ ခုတင်ညောင်စောင်း၊ ဗီရို၊ စာပေထည့်တဲ့ သေတ္တာတွေ၊ ပေစာထုပ်တွေပါ ထုတ်ရောင်းပြီး စျေးထဲက ရွှေဖရုံသီး ဝယ်ပြီး ခွဲလိုက်တော့ အထဲက ရွှေဒင်္ဂါးတွေ ရရှိပုံကို အစုံအလင်လျှောက်တင်ပြီး ဆုံးမစကားပါ ဆက်လျှောက် ထားလိုက်ပါတယ်။

'အရှင်မင်းမြတ်...များစွာသောသူတို့သည် ရာထူး၊ စည်းစိမ်နဲ့ မာန်ဇာက်ပြီး စိတ်ကြီးဝင်တတ်ပါတယ်။ သည်လို စိတ်မျိုးထားလျှင် အမှားကြီး မှားပါတယ်။ ဘုရင် ဖြစ်စေ၊ မိဖုရားဖြစ်စေ၊ မှူးမတ်သေနာပတိဖြစ်စေ၊ သူဌေး သူကြွယ်ပင်ဖြစ်စေ မိမိရာထူးစည်းစိမ်ကြောင့် မာနထောင် လွှားခြင်း၊ စိတ်ကြီးဝင်ပြီး ဘဝင်မြင့်မှု မရှိစေခြင်း၊ ရှင် ဘုရင်တို့မှု ရာဇမွန်နဲ့အညီသာ ပြည်သူများအပေါ်မှာ ကျင့် သုံးရမည်သာ ဖြစ်ပါတယ်။

အရှင်မင်းမြတ်...နှုန်းယ်သူတို့သည် ရာထူးစည်းစိမ် ဥစ္စာ အစရှိတာတွေနဲ့ ကြုံကြိုက်တဲ့အခါ အလွန်ကြည် လင်သောရေမှာ ရွှံညွန်ရနောက် ရောစွက်ထားသလို အမှားမှားအယွင်းယွင်း ဖြစ်တတ်ကြပါတယ်။ အရှင်မင်း မြတ်...ဤသူတို့သည် အမှန်အားဖြင့်ဆိုသော် ယင်းသို့ တစ်ဦးကိုတစ်ဦး အထင်သေးမှု မပြုလုပ်သင့်ပေ။ ကံ အကြောင်းတရား ကြီးမားလွန်းလို့ ကံ,ကံရဲ့အကျိုးကို ခံစားနေရခိုက်မှာ ဘယ်သူမဆို တိုးတက်ကြီးပွားကြမည် မှာ ဓမ္မတာပင် ဖြစ်ပါတယ်။

အရှင်မင်းမြတ်...အရှင်သည်လည်း ငယ်ရွယ်စဉ်က သတ်စေလို့ အမိန့်ခံရတဲ့အချိန်ဖြစ်ပေမယ့် ကြီးမားတဲ့ ကံတရားကြောင့်သာ အသက်မခံရတဲ့အပြင် မင်းစည်းစိမ် ကိုပင် ခံစားခွဲရတာ မဟုတ်လား။ ဒါကြောင့်မို့ အရှင် သည်လည်း အခုအချိန်အခါ သံဝေဂရသင့်ပြီ ထင်ပါ တယ်'

ဆရာကာလီဒါသရဲ့ ဆုံးမစကားတို့ကြောင့် ဘောဇ ဘုရင်ကြီး အသိတရား ဝင်လာပြီး ငါသည် ဘုရင်တစ်ပါး ဖြစ်နေပါလျက် ငါ့ရဲ့ ပညာရှိကြီးကို ပြစ်မှားမိလေပြီ။ အပြစ်တွေကို လျစ်လျူရှု၍ မထားထိုက်တော့လို့တွေးပြီး ဆရာကာလီဒါသကို အပြစ်မလွှတ်ပြီး မူလရာထူးနဲ့ ခစား စေတယ်။ နောက် ဘောဇဘုရင်ကြီးက သူ အပြစ်ကျခံဖို့ ဆရာကာလီဒါသထံမှာ အပြစ်ကို တောင်းခံလာတယ်။

'ကောင်းပါပြီ။ အရှင်မြတ်သည် မင်းကောင်းမင်း မြတ် ဖြစ်ပါသည်။ (၄၉)ရက် ဥပုသ်စောင့်ပြီး ရွှေနန်း တော်ကို ခေတ္တခွာစဉ် မြေပေါ်အိပ်၊ မြေပေါ်စားပြီး တရား ကျင့်ပါလေ'

ဘောဇဘုရင်ကြီးလည်း ဆရာကာလီဒါသ ညွှန် ကြားတဲ့အတိုင်း ဆောင်ရွက်တော်မူပြီး ဆရာကာလီဒါသ ကိုလည်း ဘုရင်တစ်ပါးကဲ့သို့ ချီးမြှင့်တော်မူပါတယ်။

ကောင်းကျိုးလိုရာပြည့်စေ

မောင်လှယဉ်(ဇေယျလပြိုင်)

www.burmeseclassic.com

ဆရာတော်ကြီး ဦးခန္တာဇောတိ၏ ကဏ္ဍသယကျင့်စဉ်

ပုရောဟိတ်ဆရာဦးမြတ်စံ

တစ်နေ့သောအခါ ကျွန်ုပ်ဆရာဦးမြတ်စံ၏ ဓာတ်ခန်းသို့ လာနေကျဖြစ်သော ဆရာဝန်တစ်ဦးသည် ဆိုင်းမဆင့်ခံမဆင့် -

'ဆရာကြီးခင်ဗျား..ဆရာကြီး ရန်ကုန်ကျောင်းရင်က ဆရာကြီးဦးမြတ်စံတို့ကို အာဠာနာဠိယဂိုဏ်း ပညာပေးခဲ့ပုံလေး သိပါရစေ'ဟု ဗဟုသုတအဖြစ် မေးမြန်းပါသည်။

'အဲဒီတုန်းက ဆရာကြီးက ကျွန်တော်တို့ကို ဆရာဖြစ်သင်တန်း အသိမှတ်ပြုလက်မှတ် ပေးအပ်ပွဲလုပ်တော့ ကျွန်တော်က ကန်တော့ပွဲနဲ့ ဆရာကြီးထံမှ ဆရာဖြစ်လက်မှတ်ယူဖို့ ခံုးဖြတ်ခဲ့ပြီး ကန်တော့ပွဲနှင့် ကန်တော့ခဲ့ပါတယ်'ဟု ဆရာဝန်လေး၏ အမေးကို ဖြေကြားခဲ့ပါသည်။

ကျွန်ုပ်မှပင် ဆက်၍-

'ဆရာကြီးကို သီးခြားဉာဏ်ပူဇော်ခကိုလည်း ကန်တော့ခဲ့ပါသေးတယ်။ အဲဒီတော့ ဆရာကြီးက သူ့ခရီးသူသိတယ်နဲ့ တူပါတယ်။ သူအနိစ္စမရောက်ခင်မှာ ကျွန်တော့်ကို အာဠာနာဠိယဂိုဏ်းပညာကို ပေးအပ်ခဲ့ပါတယ်'ဟု ရှင်းပြလိုက်ပါသည်။

ဆရာကြီး ရန်ကုန်ကျောင်းရင်နှင့် ရင်းနှီးတဲ့ ဂိုဏ်းပညာညီအစ်ကိုတော်တဲ့ ရာမဆရာဦးအုန်းမောင်ကလည်း ဆရာကြီး ရန်ကုန်ကျောင်းရင် ကွယ်လွန်ပြီးနောက်ပိုင်း ကျွန်ုပ်ကို အာဠာနာဠိယဂိုဏ်းချုပ် တာဝန်ယူဖို့ ကမ်းလှမ်းခဲ့ပါသေးတယ်။ ဒါပေမဲ့ မိမိမှာ လေ့လာစရာ၊ သင်ယူစရာ၊ ကျင့်ကြံအားထုတ်စရာတွေ ရှိနေသေးတာကြောင့် ဂိုဏ်းချုပ်တာဝန်ကို မဆက်ခံခဲ့ပါ။ သို့သော် အချို့သော ပုဂ္ဂိုလ်များအနှုတ်မှားနေသည်မှာ ဆရာကြီး ရာမဦးအုန်းမောင်သည် ဂိုဏ်းပညာ မသိ မတတ်ဟု အထင်လွဲခဲ့ကြပါသည်။

နောက်ဆုံးတွင် တာချီလိတ်မှ ပုဂ္ဂိုလ်တစ်ဦးအား ဂိုဏ်းချုပ်တာဝန် ပေးအပ်ခဲ့ပါသည်။

ရတနာမာန်အောင်ကျောင်းတိုက် ဆရာတော်ကြီး အရှင်ဥိဝိဇောဗလသည်လည်း အာဠာနာဠိယဂိုဏ်းမှ အကြီးအကဲတစ်ဦး ဖြစ်ပါသည်။ ဆရာတော်ကြီးမှလည်း စာရေးသူနှင့် လွန်ခဲ့သောအနှစ်(၂၀)ခန့်က ဆရာကြီး ရန်ကုန်ကျောင်းရင်၏ ဆက်သွယ်ပေးမှုကြောင့် တွေ့ခဲ့စဉ်က ဂမ္ဘီရပညာရပ်များကို စနစ်တကျ ရှင်းလင်းသင်ကြားပေးခဲ့ပါသည်။ ဂမ္ဘီရကျင့်စဉ်များအပြင် (၁၂၈၂)ခုနှစ်၊ တန်ခူးလတွင် ပုန်ပိတ်ထုတ်ဝေခဲ့သော ခန္ဓာဇောတိမဏိရတနာ၊ ဝိပဿနာစမသာရ မှော်ပုံကျင့်စဉ် စာအုပ်ကိုလည်း ပေးအပ်ခဲ့ပါသည်။ ယခု စာရေးသူ အသုံးပြုနေသော ယတြာအစီရင်အချို့မှာ ဆရာတော်ကြီး ဦးဝိဇ္ဇာဗလ ရွှေဗျိုင်းနား ဆရာတော်၏ ပညာရပ်များဆိုလျှင် ဝန်ခံရပေမည်။ ဆရာကြီး ရန်ကုန်ကျောင်းရင်မှလည်း ထိုစာအုပ်ထဲတွင် ကျင့်စဉ်အချို့ကို ထုတ်နှုတ်၍ ကျွန်ုပ်အား အဓိဋ္ဌာန်ကျင့်စဉ်အဖြစ် ကျင့်ကြံစေခဲ့ပါသည်။

မကြာခဏဆိုသလို စမရေးနည်း၊ အင်းဆွဲနည်း၊ ဂါထာ၊ မန္တန်ရွတ်နည်းတို့ကို ဆရာကြီး ရန်ကုန်ကျောင်းရင်မှ သင်ကြားပြသပေးခဲ့ပါသည်။ ယနေ့ သင်ပေးပြီး နောက်နေ့ကျလျှင် ကျွန်ုပ်မှ ဂါထာ၊ မန္တန်များကို ဆရာကြီးရှေ့မှောက်၌ အလွတ်ရွတ်ပြလေ့ရှိပါသည်။ အင်း၊ စမဆိုလျှင် တစ်ပတ်အတွင်း အလွတ်ရေးပြခဲ့ပါသည်။ လိုအပ်ချက်များရှိပါက ဆရာကြီးက စမများ အချိုးညီစေရန် အယူအဆများကို အသေးစိတ် ပြသခဲ့ပါသည်။

ယခု အောက်တွင် ဖော်ပြထားသောအင်းမှာ အာဏာပိုင်အင်း ဖြစ်ပါသည်။ အမှောင့်ပယောဂများ ဝင်ရောက်နှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန် မိမိ၏ အမိန့်အာဏာ

www.burmeseclassic.com

ဖြင့် ဖယ်ရှားနိုင်စေသောအင်း ဖြစ်ပါသည်။ ဗေဒင်ပညာရှင်များ၊ လူအများနှင့်ဆိုင်သော အုပ်ချုပ်ရေးဆောင်ရွက်ရသော ပုဂ္ဂိုလ်များအနေဖြင့် မိမိအာဏာ တည်မြဲမှသာလျှင် အဆင်ပြေမည် ဖြစ်ပါသည်။ ကြေးပြား၊ ငွေပြားတွင် ချ၍ သောက်ရေအိုးတွင် စိမ်၍ထားရပါသည်။ သို့မဟုတ်က မိုင်းကိုင်စက္ကူတွင်ချ၍ စိမ်၍သောက်ပါက အာဏာတည်စေပါသည်။ (၇)ရက် (၇)လီ တစ်ရက်ချင်း သောက်ရသောအင်း ဖြစ်ပါသည်။ ဆောင်အင်းအဖြစ် မိမိကိုယ်နှင့် မကွာ ဆောင်ထားနိုင်ပါသည်။

ထိုအခါ ဆရာတော်က-

"ဒကာမြတ်စံကို ထပ်ပြီး ပုတီးစိပ်ကျင့်စဉ် ပေးရဦးမယ်။ လိုတရစေဂါထာလို့ ခေါ်တယ်။ ဒကာမြတ်စံ အလိုရှိရာသာ တ,ပေတော့။ ဒါကြောင့် ဒီဂါထာတော်ကြီးကို **ကျွန်ုသယ လိုရာတ ရစေ ဂါထာလို့** ခေါ်တယ်။ ဂါထာ(၄)ပိုဒ် ရှိတယ်။

(၁) ကျွန်ု ဗုဒ္ဓေဟိ သရဏံ
သဗ္ဗဒေဝါ ပီယံမမ။
(၂) ကျွန်ု ဓမ္မေဟိ သရဏံ
သဗ္ဗေ စတုရာဇာ ပီယံမမ။
(၃) ကျွန်ု သံဃေဟိ သရဏံ
သဗ္ဗေ ကုဋ္ဌိပုရိသ ပီယံမမ။
(၄) သဗ္ဗေ အန္တရာယာပိ
ဝိနဿန္တု အသေသတော။



အာဏာပိုင်အင်းတော်ကြီး

စာရေးသူလည်း ဆရာတော်ကြီး၏ လမ်းညွှန်ချက်၊ ဆရာကြီးရန်ကုန်ကျော်ရင်၏ စီရင်မေးမှုဖြင့် အထက်ပါအင်းတော်ကြီးကို (၇)ရက်(၇)လီ သောက်ပြီးသောအခါ အိပ်မက်ထဲတွင် ထပ်၍ ဆရာတော် ဦးဝိန္နာဗလကို မြင်မက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကယ်ဒတ်

၄င်းစာမကို မျိုးသောက်သော် တန်ခိုးအာနိသင်ကြီး၏။ လာဘ်လာဘ ပွားများ၏။ ခရီးသွားလျှင် ခရီးဆောင် ကျောပိုးအိတ်တွင်ထည့် ရန်အပေါင်း ဖယ်ရှား၏။ အိတ်ကပ်၊ အိတ်ဆောင်တွင်ဆည့်၊ လိုရာပြည့်စုံ၏။

ကဒ်ဒဏ်

၄င်းစာမကို မျိုးသောက်သော် ပညာတိုက်၊ စုန်းတိုက်၊ ဆရာတိုက် ပြုသူ ပြန်၏။

ကယာတ်

၄င်းစာမကိုမျိုး သောက်သော် တစ်ပါးသော ဆရာတို့ မိမိအား လေးစား၏။ အိမ်ခေါင်းရင်းမှာ ကပ်ပါက လာဘ်လာဘ ရွှင်လန်း၏။

ကဏ္ဍ

၄င်းစာမကို မျိုးသောက်သော် အခြားမကောင်းသော ပညာများ ပျက်စေ၏။ မကောင်းသော အတိုက်ပညာများ ပျက်စေလိုသော် စာမ(၇) ချပ်ရေးး၍ ပြာချ၍ တိုက်ပါ။

အထက်ပါအတိုင်း ဆရာတော်ကြီး၏ မိန့်မှာချက်နှင့် အတူ ကျွန်ုပ် ဆရာဦးမြတ်စံ လိုက်နာကျင့်ကြံခဲ့ရာ ဘေးအပေါင်း ရန်အပေါင်းမှ ကင်းလွတ်၍ ကျန်းမာရွှင်လန်း လျက် မိမိ၏ နိစ္စဓူဝ စရဏကျင့်စဉ်များကို ကျင့်ကြံအား ထုတ်လျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉၅၁ ၇၆၆၄၇၉

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

ဟောကိုကို ကောလိပ်မှ ဒေါက်တာဖြင့်ပါပည်

ပြီးခဲ့သော(၂၀၁၆)ခုနှစ်တွင် ပညာအလင်းပြ စာအုပ်တိုက်က ဦးခင်မောင်အေး၏ မိတ်ဆက်ပေးမှုကြောင့် စာရေးသူထံသို့ ထိုင်းနိုင်ငံမှ ဗေဒင်ဝါသနာရှင်တစ်ဦး ရောက်လာပြီး စာရေးသူ ပြုစုရေးသားထုတ်ဝေခဲ့သော အသုံးချကမ္ဘီရဗေဒ အတွဲ(၁)နှင့် အတွဲ(၂)ကို ဝယ်ယူသွားပါသည်။

အချိန်မအားလပ်သည့်ကြားမှ တဲရော့ဗေဒဖြင့် ကံကြမ္မာ ဖတ်ခိုင်းပါသည်။ ကံကြမ္မာဟောကိန်းများတွင် နိုင်ငံခြားသားကို ဖွဲ့နွဲ့ဟော၍ မရနိုင်ပါ။ Short to the Point အချက်အလက်နှင့်ဟောမှ အဆင်ပြေကြောင်း လက်တွေ့ဟောပြောချက်က အတွေ့အကြုံအရ သိရပါသည်။ အင်္ဂလိပ်ဘာသာစကားပြောသော၊ အင်္ဂလိပ်စကားနားလည်လွယ်သော နိုင်ငံခြားသားများအတွက် Guide (စည်္ဆလမ်းညွှန်)မှ ဘာသာပြန်ပေးစရာ မလိုသဖြင့် နိုင်ငံခြားသားများက ကိုယ်ရေးအချက်အလက် လုံခြုံသဖြင့် သဘောကျ နှစ်ခြိုက်ကြပါသည်။ ထိုင်းလူမျိုးများကိုလည်း ထိုင်းဘာသာဖြင့် တိုက်ရိုက်ဟောခဲ့ပါသည်။ သို့သော် ဗေဒင်ပညာကို စိတ်ဝင်စားသော ချင်းမိုင်မှ ထိုင်းလူမျိုး အတွက် ဗေဒင်ဝေါဟာရ Vedic Terminology ကိုတော့ ထိုင်းဘာသာစကားဖြင့် Guide အကူအညီ ရယူခဲ့ရပါသည်။

သူသိချင်သော မဟာဘုတ်၊ အင်္ဂါဝိဇ္ဇာ နဝင်းပညာတို့ကို ဝါသနာကြီးစွာဖြင့် နီးစပ်ရာ ဆရာများထံ လေ့လာသင်ကြားခွင့် ရခဲ့သော်လည်း မူရင်းပင်မ ဆရာကြီးများကို မတွေ့ခဲ့ရသဖြင့် ဘဝင်မကျခဲ့ပါ။ နောက်နှစ်(၂၀၁၇)ခုနှစ်တွင် နောက်တစ်ခေါက်လာပါက ဆရာကြီး ဦးလင်းအောင် (ခေါ်) ဦးဝိမလဘွဲ့ခံ ဆရာဘုန်းကြီးအား တွေ့ဆုံနိုင်ရန် စီစဉ်ပေးရန် ကတိပေးလိုက်ပါသည်။

စာရေးသူ၏ စရဏကျင့်စဉ်၊ သမာဓိကျင့်စဉ် (Meditation) Concerntration will Power တို့ကို အသေးစိတ် မေးမြန်းလေ့လာ ဆွေးနွေးကြပါသည်။ အခြေခံပုတီး စိပ်ကျင့်စဉ်ကို နားလည်လွယ်ကူစေရန် အခြေခံ ဗုဒ္ဓဝုဏ်တော်စိပ်နည်းကို လက်တွေ့သင်ကြား ပြသပေးလိုက်ပါသည်။ နဝရတ်ပုတီး လက်ဆောင်ကိုလည်း ဓမ္မလက်ဆောင်အဖြစ် ပေးလိုက်ပါသည်။

(၂၀၁၇)ခုနှစ် နှစ်ဦးပိုင်းတွင် စာရေးသူထံသို့ ဖုန်းဆက်၍ ချင်းမိုင်မှ မြန်မာနိုင်ငံသို့ လာလည်မည့်ရက်ကို အကြောင်းကြားလာပါသည်။ အာကျန်(ဆရာကို ဆိုလိုသည်) ဘာများလိုအပ်ပါသလဲဟုမေးရာ စာရေးသူ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နေထိုင်၍ ဗေဒင်ဟောခြင်း လုပ်ငန်းဆောင်ရွက်စဉ်က နေ့စဉ်သွား၍ ပူဇော်လေ့ရှိသော လေးချက်နှာဘုရား (မြန်မာအခေါ်) ဂဏပတိဘုရားနှင့် လာရန် ပြောလိုက်ပါသည်။ ယိုးဒယားလူမျိုးတွေက ဖာဖုန်(ဓ)ဟု ခေါ်ပြီး ဟိန္ဒူအယူဝါဒအရ ဗြဟ္မာကြီး ဖြစ်ပါသည်။ စီးပွားရေး လူမှုရေး၊ အတိုက်အခိုက်၊ ရောဂါ အဆိုင်များအတွက် လွန်စွာမှ ထိ

အင်္ဂါဝိဇ္ဇာနှင့် နဝင်းစံးဗေဒင်ပညာရှင် ဆရာကြီးဦးလင်းအောင် (ခေါ်) ဦးဝိမလနှင့် ယိုးဒယားလူမျိုးများ။ (စာရေးသူနှင့် အမှတ်တရ (အဖေါင်ပြု) ကျွဲကကျေးရွာ)

www.burmeseclassic.com

www.burmeseclassic.com

ရောက်အစွမ်းထက်သော ဗြဟ္မာကြီး(လေးမျက်နှာဘုရား)ပင် ဖြစ်ပါသည်။

စာရေးသူ ထိုင်းနိုင်ငံတွင် ဗေဒင်ဟော၊ ယူကြာပြုရာ၌ လေးမျက်နှာဘုရားတွင် ဆောင်ရွက်ရသော ယဇ်ကြာများကို ဆောင်ရွက်သဖြင့် အောင်မြင်မှုများ ရရှိခဲ့ကြပါသည်။ ကာလဒေသ အင်္ဂ ဓနံ ကာလ ဒေသ ပယောဂ ကို သိခြင်းသည်ပင် ပညာရှိဟု သတ်မှတ်ရပေမည်။

ထိုချင်းမိုင်မှ Mr.Ta Na Wat ၏ ကျင့်စဉ်များ၊ ယဇ်ကြာအစီအရင် ဗေဒင်ပညာများကို တစ်ဆင့်စကား တစ်ဆင့်ကြားပြီး နောက်ထပ် ယိုးဒယားမိတ်ဆွေ(၃)ဦး ပေါင်း(၄)ဦး ထပ်မံတွေ့ဆုံခွင့် ရခဲ့ပါသည်။ ပညာမဂ္ဂက် စတမ်း(ပညာမလျှို့ခြင်း)၊ ဆရာ မဂ္ဂက်စတမ်း စိတ်ဓာတ် ဖြင့် ဦးဝိမလဘွဲ့ခံ ဆရာဦးလင်းအောင်အား ရက်ချိန်းယူ၍ ဆရာဘုန်းကြီး သီတင်းသုံးရာ မွန်ပြည်နယ်၊ အုပေါင် မြို့နယ်၊ ကျုံကကျေးရွာသို့ စာရေးသူကိုယ်တိုင် သွားရောက်ပို့ဆောင်ကာ ဆရာဦးလင်းအောင်နှင့် မိတ်ဆက်၍ မြန်မာ့ဗေဒင်ပညာရေးကို လေ့လာဆွေးနွေးခွင့်ရခဲ့ကြပါသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ဗေဒင်သင်တန်းများ အကြောင်း လေ့လာလိုပါသည်ဟု ပြောကြားခဲ့သဖြင့် (၁၉၈၂)ခုနှစ် စာရေးသူ တက်ရောက်သင်ကြားခဲ့သော မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ ဝိဉာဉ်ရှိရာ (၂၈)လမ်း၊ ပန်းဘဲတန်းမြို့နယ်သို့ သွားရောက်ပြီး အတွင်းရေးမှူး ဆရာဦးကျော်မြင့်နှင့် တွေ့ဆုံစေခဲ့ပါသည်။

စာရေးသူ၏ မိတ်ဆက်ပေးမှုကြောင့် ဆရာဦးကျော်မြင့်က ဝေဒသုတေသန၏ မူဝါဒ၊ သင်တန်းအဆင့်၊ သုတေသနအဆင့်၊ စေတနာသင်တန်းအကြောင်း၊ တရားဝင်မှတ်ပုံတင် ရရှိထားခဲ့သော အသင်းအဖွဲ့ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထိုင်းလူမျိုး (၄)ဦးအား မြန်မာနိုင်ငံ ဝေဒသုတေသနထုတ် ပြတ္တဒိန်ကို လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။ ထိုင်းလူမျိုးတွေက သည်း မြန်မာနိုင်ငံ ဝေဒသုတေ



ထိုဒယားမှ ပင့်ဆောင်လာသော လေးမျက်နှာဘုရား (ခြေတော်)

သနအဖွဲ့အား ကြည်ညိုလေးစားပါကြောင်း လက်အုပ်ချီ၍ ဂုဏ်ပြုလိုက်ပါသည်။

Mr. Ta Na Wat က စာရေးသူ၏ အသုံးချဂန္ထီရ ဝေဒတွင် ဖော်ပြပါရှိသော ရှင်ဗာကုလ အင်းတော် အကြောင်း ဆွေးနွေးကြပါသည်။ ၄င်းတို့ အဖွဲ့ထဲတွင် အင်္ဂလိပ်လို ကျွမ်းကျင်စွာ ပြောဆိုနိုင်သော ခွဲစိတ် ပါရဂူ၏လက်ထောက် Nurse တစ်ဦး ပါဝင်ပါသည်။

ဝဏ္ဏသုတေသီ၊ APK ထိုင်းဆေးတက္ကသိုလ်တွင် ညွှတ်တားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပါ။

သို့သော် မိမိမွေးနံ့ နဝင်းကျသော အရပ်ထောင့်ရှိပါက အရပ် နဝင်းကို (၂၇)ပတ် စိပ်ပေးရပါမည်။

ဥပမာ-စနေသား မောင်ထွန်းဆိုပါစို့။

စနေသည် ဂြိုဟ်စဉ်အရ(၇)၊ တနလ်းသည် ဂြိုဟ်စဉ်အရ (၂) ဖြစ်၍ စနေ+တနလ်း (၂+၇) ကိုး နဝင်းရပါသည်။ထို့ကြောင့် အရပ်ဂုဏ်တော် (၂၇)ပတ်ထပ်ဆောင်း၍ စိပ်ရပါမည်။

	တနလ်းထောင့် ဂြိုဟ်သက်(၁၅)နှစ် လောကဝိဒူ (၁၅)ပတ်	
သောကြာထောင့် ဂြိုဟ်သက်(၂၁)နှစ် ဝိဇ္ဇာစရဏသမ္ပန္နော (၂၁)ပတ်		ဗုဒ္ဓဟူးထောင့် ဂြိုဟ်သက်(၁၇)နှစ် သတ္ထာဒေဝမနုဿာနံ (၁၇)ပတ်
	ကြာသပတေးထောင့် ဂြိုဟ်သက်(၁၉)နှစ် ဘဂဝါ (၁၉)ပတ်	

ကော(တနလ်းနေ့)မှ စတင်၍ သောမအရပ်မှ ဂြိုဟ်စဉ်အလိုက် စိပ်ပါ။

သူသည် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် (၂)နှစ်ခန့် ပညာတော်သင် သွားခဲ့ဖူးသော Nurse တစ်ဦး ဖြစ်ပါသည်။

သူမ၏ ပြောပြချက်အရ ရှင်ဗာကုလအင်းတော်ကြီး အစွမ်းကြောင့် မြန်မာပြည်မှ ဝေဒနာရှင် လူနာတစ်ဦးမှာ ခွဲစိတ်ရာတွင် ခက်ခဲမည်ဟု ထင်ခဲ့ရသော်လည်း မထင်ရလောက်အောင် လွယ်ကူပြီး မြန်ဆန်စွာ Recovery (နာလန်ထ)ရခဲ့ကြောင်း ပြောပြပြီး ၄င်းအင်းကို စိရင်ပေးရန် ပူဆာကြပါတော့သည်။ စာရေးသူလည်း ဓာတ်ခန်းတွင် အင်း(၄)ခုကို မဆိုင်းမတွစီရင်ပြီး မြန်မာနိုင်ငံမှ မထွက်ခွာမီ ပေးအပ်ခဲ့ပါသည်။

၄င်းတို့ တစ်ဦးချင်စီအတွက် ပုတီးများ တစ်ကုံးစီ ပေးအပ်ခဲ့ပါသည်။ ပုတီးစိပ်ကျင့်စဉ်ကိုတော့ Guide မှတစ်ဆင့် ရှင်းပြ၍ ကောလိပုတီးစိပ်ကျင့်စဉ် အတိုင်း ကျင့်ကြံခိုင်းပါသည်။ တပို့တွဲလပြည့်နေ့ (၁၁-၂-၂၀၁၇) ရက်နေ့မှစ၍ အဓိဋ္ဌာန်ဝင်ကြရန် ရှင်းပြလိုက်ပါသည်။

ကြေးလင်ပန်းတွင် အလယ် ၌ အလင်းတိုင်တစ်တိုင် စိုက်ကာ မီးပူဇော်၍ ပုတီးစိပ်ကျင့်စဉ်ကို အောက်ပါ အတိုင်း ဖော်ပြပါသည်။

တနလ်းနေ့မှစ၍ ဓာတ်မိတ်သဘောအရ ဂဇ္ဇော၊ တနလ်းထောင့် လောကဝိဒူ (၁၅)ပတ်၊ တနလ်းနေ့မှစ၍ ဂြိုဟ်စဉ်အလိုက် စိပ်ပါ။

ကြာသပတေးထောင့် ဘဂဝါ(၁၉)ပတ်၊

တစ်ဖန် ဝံသေဓာတ်မိတ် သဘောအရ ဗုဒ္ဓဟူးထောင့် သတ္ထာဒေဝမနုဿာနံ (၁၇)ပတ်။

သောကြာထောင့် ဝိဇ္ဇာစရဏသမ္ပန္နော (၂၁)ပတ်စိပ်ပြီးလျှင် ဗုဒ္ဓဟူးနေ့မှစ၍ ဓာတ်မိတ်သဘောအရ အန္တော၊ တနင်္ဂနွေထောင့် သမ္မာသမ္ဗုဒ္ဓေါ(၆)ပတ်၊ ဗုဒ္ဓဟူးနေ့မှစ၍ ဂြိုဟ်စဉ်အလိုက် စိပ်ပါ။

နောက်တစ်ဖန် စနေထောင့် ဗုဒ္ဓေါ(၁၀)ပတ် ဆက်၍ စိပ်ပါ။

ထို့နောက် ဓာတ်မိတ်သဘော စရေဖြစ်၍ အင်္ဂါထောင့်ကို ဆက်၍စိပ်ပါ။

အင်္ဂါထောင့်တွင် အနုတ္တရောပုရိသ ဒမ္မသာရထိ၊ ရာဟုထောင့်တွင် သုဂတော (၁၂)ပတ်စိပ်ပါ။

သို့သော် မိမိမွေးနံ့ နဝင်းကျသော အရပ်ထောင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေထောင့် ဂြိုဟ်သက်(၆)နှစ် သမ္မာသမ္မုခ္ခေါ (၆)ပတ်		အင်္ဂါထောင့် ဂြိုဟ်သက်(၈)နှစ် အနုတ္တရော ပုရိသ ဒမ္မသာရထိ (၈)ပတ်
ရာဟုထောင့် ဂြိုဟ်သက်(၁၂)နှစ် သုဂတော (၁၂)ပတ်		စနေထောင့် ဂြိုဟ်သက်(၁၀)နှစ် ဗုဒ္ဓေါ (၁၀)ပတ်

လို(ဗုဒ္ဓဟူးနေ့)မှ စတင်၍ ပါပရပ်မှ ဂြိုဟ်စဉ်အလိုက် စိပ်ပါ။

၀ါက အရဟံနဝင်းကို (၂၇)ပတ်စိပ်ပေးရပါမည်။
ဥပမာ-သောကြာသား မောင်သိန်း ဆိုပါစို့။
သောကြာဂြိုဟ်စဉ်အရ (၆)၊ အင်္ဂါဂြိုဟ်စဉ်အရ (၃)
ဖြစ်၍ သောကြာ+အင်္ဂါ (၆+၃) (၉)နဝင်းရပါသည်။
ထို့ကြောင့် အရဟံဂုဏ်တော်ကို (၂၇)ပတ်ထပ်ဆောင်း စိပ်ရပါမည်။

ထို့ကြောင့် လောကီကိစ္စမှန်သမျှကို အဆင်ပြေစေရန် ကောလိပုတီးစိပ်ကျင့်စဉ်ကို ဆောင်ရွက်ရပါမည်။ နဝင်း ပုတီး ခေါ် နဝရတ်ပုတီးဖြင့်စိပ်လျှင် ပို၍ထိရောက်ပါသည်။ အစွမ်းထက်ပါသည်။ အခက်အခဲမှန်သမျှ အောင်မြင်ကျော်လွှားနိုင်ခြင်း၊ တရားရင်ဆိုင်နေရသော ပုဂ္ဂိုလ်များဖြစ်ပါက မိမိက အမှန်တရားအတိုင်း ရင်ဆိုင်ခံစားရပါမည်။ ပညာရေးအတွက် စာမေးပွဲဖြေဆိုနိုင်ရန် လွယ်ကူစွာ ဖြေဆိုနိုင်ခြင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော သူများ ရန့်အတိုက်အခံများ အောင်မြင်ကျော်လွှားနိုင်ပါသည်။ ယုံကြည်စွာဖြင့် လောကီကိစ္စ ကောလိ(ပုတီး)စိပ်မှ အောင်မြင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉၅၁ ၇၆၆၄၆

ဆရာကြီးဦးဇေးထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဖီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈

www.burmeseclassic.com

ကျွန်တော်သည် ရန်ကုန်မြို့သို့သွား၍ (၂၀၁၆)ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့က (Toyota RAV-4) အိမ်စီးကားတစ်စီး ဝယ်ဖြစ်ခဲ့သည်။ မှတ်မှတ်ရရ ထိုနေ့ ညနေ ရွှေတိဂုံဘုရားသို့သွား၍ ကားဖြင့် ဦးတိုက်ပြီး

ဒီကားကား(အာစည်)
ပစ်ပယ်ခြင်းမရှိသည့်မဟုတ်သော ရွှေးက ဆိုစကားမျှား



www.burmeseclassic.com

www.burmeseclassic.com

ထန်တော့နေစဉ် မြေငလျင်လှုပ်သတဲ့ ဟူသောသတင်း ရွာမှ ဖုန်းဝင်လာသည်။

ကျွန်တော် နေထိုင်သော မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သာဂရရွာနှင့် တိုင်းတစ်ခုတည်းတွင် ရှိသော ညောင်ဦး ပုဂံသည် မိုင်တစ်ရာခန့်မျှ ကွာဝေးသည်။ ယင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ငလျင်လှုပ်ခတ်သည့် ဒဏ်ကြောင့် စေတီပုထိုး ငါးရာနီးပါးခန့် ပြိုကျမြေခကုန်သည်ဟု စိတ်မကောင်းဖွယ်ရာ ကြားသိရသည်။

ကျွန်တော်လည်း ကားကလေး ဝယ်ထားပြီးက တည်းက ဘုရားဖူးသွားချင် ခရီးထွက်ချင်နှင့် တကြွကြွ တရွရွဖြစ်နေသည်။ ကနဦး ပုဂံဒေသကိုသွားပြီး ဘုရားဖူးရင်း ပြိုကျမြေခကုန်သော ဘုရားပုထိုးများအတွက် အလှူငွေလည်း ထည့်ရင်း ခရီးထွက်ရန် စိတ်အားသန်နေမိလေသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်နှင့် ကြုံကြိုက်သဖြင့် ကလေးများလည်း ပုဂံဒေသသို့ ရောက်ဖူးသည် ရှိအောင် မိသားတစ်စုလုံးပဲ သွားကြရန် စီစဉ်လိုက်သည်။ ထိုစဉ် အိမ်နီးဝိုင်းချင်း ကပ်လျက်နေသော ဘကြီးအေးက **တစ်အိမ်လုံးကျွတ် ခရီးမသွားကောင်းဘူး။ အိမ်စောင့်တစ်ယောက် ချန်ထားခဲ့ရတယ်**ဟု ပြောသည်။ သို့သော်လည်း ဒီစဉ်ထားပြီးဖြစ်နေ၍ တစ်ယောက်ယောက်ကို ချန်ခဲ့လျှင် ကျန်ခဲ့သူက စိတ်ကောက်ဦးမည် ဖြစ်သဖြင့် မထူးပါဘူးဟု ဆုံးဖြတ်ကာ တစ်အိမ်သားလုံးပဲ ထွက်လာခဲ့ကြသည်။

ရွာမှ နံနက်အရုဏ်တက်ချိန်တွင် ထွက်လာရာ ကျောက်ခင်းမြေဖို့လမ်းအတိုင်း ဆယ်မိုင်ခန့်မျှ မောင်းပြီး ဝမ်းသာလမ်းခွဲအရောက်၌ ကတ္တရာခင်းကားလမ်းဆေး မတက်မီ ကားကို စစ်ရင်း ခဏနားသည်။ မကြာမီ ကွေ့ရမည့် သပြေဝတိုးဂိတ်တွင် လမ်းကြေးပေးရန် စဉ်းစားမိပြီး ဟိုစမ်းဒီစမ်းလုပ်ကြည့်မှ ထင့်ခနဲဖြစ်ကာ ပိုက်ဆံအိတ် ပါမလာဘဲ အိမ်က တီဗွီခုံပေါ် မေ့ကျန်ခဲ့မှန်း သတိရလိုက်သည်။

ခရီးသွားရင်းတန်းလန်းနှင့် ကျန်ခဲ့သော ပစ္စည်းကို ဆည်ပြန်ပြီး မယူကောင်း၊ တစ်ခေါက်ပြန်လှည့်ပါက ခရီးလမ်းပန်း မဖြောင့်ဖြူးတတ်ဟု ကြားဖူးထားသဖြင့် ပြန်လည်း မလှည့်ရဲပေ။ အိမ်တွင် လူကျန်ခဲ့မည်ဆိုလျှင် ဝမ်းသာလမ်းခွဲကို ဆိုင်ကယ်နှင့် အမြန်လာပို့ပေးဖို့ ဖုန်းနှင့် လှမ်းပြောလည်း ရနိုင်သေးသည်။ ယခုတော့ ဘကြီးအေး ပြောသောစကားက ဒက်ထိမှန်နေလေသည်။ မိတ္ထီလာ ရောက်မှပဲ မိတ်ဆွေတစ်ယောက်ယောက်ဆီ ဝင်ပြီး အသုံးလိုသလောက် ငွေချေးသွားမည်ဟု စိတ်ကူးကာ ဆက်လက်ထွက်လာခဲ့ပါသည်။

သက်ကြီးစကား သက်ငယ်ကြားလည်း မှတ်သားမြဲသင့်လှ ဟူသော စကားရှိ၍ **ချေးသုံးမလွယ်နှင့် ရှေးထုံးလည်းမပယ်နှင့်**ဟူသည့် ဆိုရိုးကလည်း ထင်ရှားစွာရှိခဲ့သည်။ မြော်မြင်မှုရှိသော ရှေးလူကြီးသူမတို့သည် အကျိုးယုတ်စေမည့် အကြောင်းခြင်းရာတို့ကို မလုပ်မိ မကိုင်မိစေရန် ဥပါယ်တံမျဉ်နည်းဖြင့် သွယ်ဝိုက်သော စကားကို သုံး၍ ဆိုဆုံးမလေ့ရှိကြသည်။

မြင်ပြင်းကတ်စရာတွေ့၍ အပြုသဘောနှင့် တဲ့တိုးပြောလျှင် တချို့တလေက မကြိုက်ချင်။ သူဖို့ ကိုယ်ဖို့ ပြောမှန်းမသိ၊ ပေကပ်ကပ်နှင့် မထုံတက်သေး လုပ်တတ်သည်။ ထိုအခါ ဘာလုပ်လျှင် ဘာဖြစ်တတ်သည်ဟူသော ခြောက်လှန့်သည့် စကားကို ထည့်ညှပ်ပြောခဲ့ကြရလေသည်။

ခြောက်လုံး ကြောက်လုံးများပါသော ယင်းစကားရပ်တို့သည် အယူသီးစရာဖြစ်ခြင်းကြောင့် တချို့က ပစ်ပယ်လာကြသည်။ အမှန်တော့ အယူသီးပြီး အစွဲကြီးဖို့ မလိုသလို အနာဂတ်အကျိုး မျှော်ကိုးပြောသော စကားများဖြစ်ခြင်းကြောင့် ခေတ်အမြင်နှင့်ပေါင်းစပ်၍ ညှိနှိုင်းလက်ခံသွားရန်သာ လိုသည်။

ဟိုတုန်းက လက်သည်း ခြေသည်း ညှပ်ရာတွင် ခေတ်မီသော လက်သည်းညှပ်က ကျယ်ပြန့်စွာ မရှိသေး၍ ဖက်ကြမ်းဆေးလိပ်လိပ်သော ကတ်ကြေးဖြင့် ညှပ်ရသည်။ ရေနံဆီမီးရောင် မှုန်ဝါးဝါးသာရှိသော ယင်းကာလက ညတွင် ညှပ်သည့်အခါ အသားပဲ့ပါသွားနိုင်သဖြင့် ညကြီးအမှောင်ထဲ လက်သည်း ခြေသည်း မညှပ်နှင့်ဆိုကာ တားမြစ်ပါက ယောင်နန လုပ်ချင်လုပ်နေမည်။ ဆင်းရဲတာရှည်တတ်သည်ဟု ထည့်ပြောမှ အကြောက်တရားနှင့် လက်ခံသွားသည်။ ထို့အတူ မြင်ဝိုးတဝါးညအခါများတွင် အမှိုက်လှည်းလျှင်လည်း မေ့လျော့ထွက်ကျနေသော အဖိုးတန်ပစ္စည်းများ တံမြက်စည်းနောက်

www.burmeseclassic.com

ပါသွားကာ အမှိုက်သရိုက်ထဲ ရောထွေးပျောက်ဆုံးသွားနိုင်သည်။ ထို့ကြောင့် လင်းလင်းကျင်းကျင်းရှိမှ တံမြက်စည်း လှည်းရသည်။ မမြင်မထင်ချိန်တွင် လှည်းကျင်းပါက လာဘ်လာဘ တိတ်တတ်သည်ဟု ပြောဆိုကြလေသည်။

ကတ်ကြေးနှင့် ကွမ်းညှပ်တို့သည် ပစ္စည်းတစ်ခုခု မပါဘဲ ခဏ၊ခဏ အချည်းနှီးညှပ်နေလျှင် စိတ်ချောင်ပြီး ပျက်စီးသွားနိုင်သည်။ မညှပ်နှင့်၊ မဆော့နှင့်ဆိုလျှင်လည်း အပြောခံရသူက ကျေနပ်ချင်မှ ကျေနပ်မည်။ အမြင်ကျယ်သော လူကြီးသူမတို့က အဲလိုမဆော့နှင့်၊ ခိုက်ရန်ဖြစ်တတ်သည်ဆိုမှ ငြိမ်ကျသွားတတ်သည်။

လမ်းပေါ်တွင် ရပ်ထားသော ကားတစ်စီးကို ဖြတ်သွားဖြတ်လာများအနေနှင့် ကားကို သာမန်ကာလျှံကာ သဘောဖြင့်သာ ကြည့်လျှင် ကြည့်ပါမည်။ မကိုင်ရ၊ မထိရဟု စာရေးပြီး ကားတွင် ကပ်ထားကြည့်ပါ။ အဘယ်ကြောင့် မကိုင်စေ မထိစေချင်တာပါလိမ့်ဟု လူသဘောသဘာဝကိုက သိချင်စိတ်ဖြင့် အနည်းငယ်ဖြစ်စေကိုင်ကြည့်၊ တို့ကြည့်ရမှ ကျေနပ်သည်။

ကျေးလက်ဒေသများရှိ တစ်ရွာနှင့်တစ်ရွာ ကူးသော လမ်းဘေးတို့တွင် သောက်သုံးချင်စဖွယ်ကောင်းသော ရေချမ်းစင်လေးများကို တွေ့ရလေ့ရှိသည်။ စိုစိမ့်နေသော ရေအိုးစဉ်နှင့် အုန်းမှုတ်ခွက်ကလေးကို အရိပ်ရ သစ်ပင်၏ ခွဆုံတွင်တင်၍ ခရီးသွားများ သောက်သုံးရန်အတွက် လှူဒါန်းထားကြသည်။ ခွဆုံပါသော သစ်ပင်လေးများသည် ရေရှိးကြီးသည့်အခါ ရေလွတ်စေရန်အတွက် ပစ္စည်းအတန်အသင့်ကိုလည်း ခွဆုံကြားတွင် တင်ထားနိုင်သေးသည်။

ဤသို့ အသုံးဝင်သစ်ပင်များကို ထင်းလောင်စာအဖြစ် အခုတ်မခံရအောင် အသိရှိသူတို့က အပင်အခြေတွင် ရှင်းလင်းထားကြသည်။ ထိုအခါကျမှ မကိုင်ရ၊ မထိရ သဘောမျိုး သက်ရောက်၍ စိတ်ဝင်စားလာကာ တချို့က တို့ကြည့်၊ ထိကြည့်ချင်ကြသည်။ ထို့ကြောင့် ခွဆုံပါသော သစ်ပင်ကား နတ်နေသည်၊ ရက္ခစိုးစောင့်သည်၊ ခုတ်ချိုင်သူကို အသေလုပ်တတ်သည်ဟု ခြိမ်းခြောက်ထားကြလေသည်။

ညောင်သားကို ထင်းလောင်စာအဖြစ်လည်းကောင်း၊ လူ့အသုံးအဆောင် အဆောက်အအုံအလို့ငှာလည်းကောင်း မသုံးကောင်းဟု ဆိုသည်။ ဗောဓိညောင်ပင်သည် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူစဉ်က အဖိုတံကဲပြုရာ အထွတ်အမြတ်အပင်ဖြစ်၍ အခြားသော ညောင်ပင်များနှင့် လွဲမှားရောထွေးပြီး သုံးစွဲမိမည် စိုးရိမ်ရသည်။ ထို့ပြင် အရိပ်အာဝါသ ကျယ်ပြန့်စွာရသော အပင်မျိုးဖြစ်ခြင်းကြောင့်လည်း မခုတ်မချိုင်စေချင်သဖြင့် တားမြစ်ပြောဆိုသော စကား ဖြစ်သည်။ ယင်းအားအစွဲပြု၍ ညောင်ပင်မှန်လျှင် နတ်ကြီးသည်ချည်းမဟုတ်ကာ အမြဲလိုလိုကြောက်နေရသူကို နှိုင်းစာပြောလျှင် ညောင်ပင်အောက် အိမ်ဆောက်နေရသလိုပဲဟု ကိုးကား၍ ပြောလေ့ရှိကြသည်။

ဘုရားရှင်ထံ သစ်သီးဆွမ်း ကပ်လှူသည့်အခါ ကောင်းပေ့၊ ညွှန့်ပေ့ဟူသော အုန်း၊ ငှက်ပျော၊ သစ်သီးမျိုးစုံတို့ဖြင့် ဖွယ်ဖွယ်ရာရာ ကပ်လှူလေ့ရှိကြသည်။ သို့သော်လည်း ပွဲပြန့်စွန့်ရာတွင် ကပ်လှူသည့် အလှူရှင်များက ပွဲတော်ကျများကို မစားကောင်း၊ ဥဏ်ထိုင်းတတ်သည်။ အခြားသူများကို စွန့်ကြဲကျွေးမွေးပစ်ရသည်ဟုဆိုသည်။ အမှန်မှာ မိမိလှူထားသော ပစ္စည်းအပေါ် အာရုံပြတ်စေချင်၍ ပြောသောစကားဖြစ်၍ တန်ဖိုးရှိလှလေသည်။

အိမ်တစ်အိမ်ရှိ မိသားစုဝင်တစ်ယောက်ယောက် နေထိုင်မကောင်းဖြစ်နေချိန်တွင် ကျန်မိသားစုများအနေဖြင့် ခေါင်းမလျှော်ကောင်းဟုဆိုသည်။ ခေါင်းလျှော်ခြင်းသည် အဆင်မသင့်လျှင် ကျန်းမာရေးကို ထိလွယ်ရှလွယ် ဖြစ်စေနိုင်သည်။ လက်ရှိနာမကျန်းဖြစ်နေသူအတွက် အလုပ်ပျက် အကိုင်ပျက်နှင့် စိုးရိမ်ပူပန်နေရချိန်တွင် နောက်ထပ်ယောက်ထပ်ပြီး နေထိုင်မကောင်းဖြစ်လာမည်စိုး၍ ပြောခြင်းဖြစ်သည်။

နာတာရှည်ရောဂါဖြစ်နေသူ၏ အနီးအပါး၌ ကြည့်မှန်ကို လွယ်လင့်တကူ မထားရချေ။ ဖုံးအုပ်ကာရံမထား၍ လူနာက မှန်ကိုကြည့်မိလျှင် ယင်းလူနာ ရောဂါတိုးစေသည်။ သေလျှင် မကျွတ်မလွတ် ဖြစ်စေသည်ဟုဆိုပါသည်။ ပိန်ချည့်ပြီး ချွတ်ခြုံကျလျက်ရှိသော မိမိရုပ်ကိုမြင်၍ စိတ်ဓာတ်ပျက်ပြား အားငယ်သွားနိုင်သောကြောင့် မှန်မကြည့်စေချင်၍ ပြောဆိုခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် ခင်မင်သူ အချင်းချင်း

www.burmeseclassic.com

ဆုံတွေ့သည့်အခါ နေကောင်းလား၊ ထမင်းစားချိန်ဆိုလည်း စားပြီးပြီလားဟူ၍ နှုတ်ဆက်လေ့ရှိကြသည်။ ထို့ထက်ပို၍ ဘာဟင်းနဲ့ စားခဲ့တာလဲဆိုပြီး မေးမြန်းတတ်ရာ အမေးခံရသူက စားလာသောဟင်းကို တဲ့တိုးမပြောဘဲ အိုးကပ် ချိုးကပ်နဲ့ပါဟု ပြောသလို အိုးလူးခွက်လူးလေး စားလာတာပါဟုလည်း ဖြေတတ်ကြသည်။ အိုးကပ် ချိုးကပ်ဆိုသည်မှာ အိုးတွင်ကပ်သော ဟင်းအကြွင်းအကျန်ကို ပြောခြင်းဖြစ်၍ အိုးလူးခွက်လူးဆိုသည်ကား အရည်အဖတ်မျှ မကျန်ဘဲ အိုးကပ်အနှစ်သက်သက်ကို ဆိုလိုရင်းဖြစ်သည်။

အိုးလူးခွက်လူးကို အိုးစွပ်ခွက်စွပ်စားသည်ဟုလည်း ခေါ်၍ ဟင်းချက်သော အိုးထဲသို့ ထမင်းထည့်လူးပြီး စားပါက စွပ်စွဲခံရတတ်သဖြင့် မစားကောင်းဟု ဆိုစမှတ် ရှိခဲ့သည်။ လူကြီးသူမများသည် ထိုစကားကို အကြောင်းခဲ့ ထားခဲ့သည်တော့ဟုတ်မည်မထင်။ တစ်ခါက ဘကြီးပုအား သရက်သီးခွဲကျွေးသော ဖိုးမောင်၏ အကြံအဖန်လုပ်သလိုမျိုးရှိ၍သာ နောင်တွင် မစားရဲအောင် ချုန်ရစ်ခဲ့သော ဇာတ်ကောင်ဖြစ်လိမ့်မည်။

ဖိုးမောင်တို့ လယ်ပွဲသည် သာဂရရွာ၏အရှေ့ စမုံမြစ်တစ်ဖက်ကမ်းတွင်ရှိ၍ ရွာနှင့် သုံးမိုင်မျှကွာဝေး၏။ မိုးလအခါ သွားလာရခက်ခဲသဖြင့် လယ်တောင်္ခ လူနေတဲကလေးများဆောက်၍ ညအိပ်နေထိုင် ထွန်ယက်လုပ်ကိုင်ကြ၏။ တစ်ရွာတည်းမှ ဘကြီးပု၊ ကိုချက်၊ ဖိုးမောင်၊ ဆောင်တို့၏တဲများ အသီးသီးရှိကြရာ ဘကြီးပုနှင့် ဖိုးမောင်၏တဲကား သိပ်ဝေးလှပေ။ ဘကြီးပု၏တဲသို့ တစ်လယ်ပွဲတည်းနေတဲ့ သားများ တစ်ခါတစ်ရံ အပျင်းပြေ လာရောက်လည်ပတ်လေ့ရှိ၍ တဲချင်းနီးကပ်နေသော ဖိုးမောင်က ဘကြီးပုတဲသို့ အမြဲလိုလို ရောက်သည်။

ဘကြီးပုသည် ဖိုးမောင်ကို ခိုင်းစရာရှိလျှင်ခိုင်း၍ ကောင်းကောင်းကန်းကန်း စားစရာရှိလျှင်လည်း ကျွေးသည်။ ဖိုးမောင်ကား ဘကြီးပုအား သရော်စရာလူကြီးအဖြစ်များ အောက်မေ့ထားသလား မသိ။ အားအားရှိ ဘကြီးပုတဲဘက် ရောက်ရောက်လာပြီး ဘကြီးပုကို ချွတ်ချော်လုပ်လိုလုပ် ကျီစားလိုကျီစားနှင့် အမြဲလိုကလိနေတတ်သည်။ ဘကြီးပုကလည်း ဖိုးမောင်ကို နာမည်ကြီးအတိုင်း မခေါ်တော့ဘဲ ပေါသွပ်ဟုသာ ခေါ်လေ့ရှိ



တော့သည်။

တစ်နေ့ နံနက်စာထမင်းစားပြီးချိန်တွင် ဘကြီးပုတဲသို့ ဖိုးမောင်တစ်ယောက် လေကလေး တကျူးကျူးခွန်၍ ရောက်လာ၏။

ထိုစဉ် ဘကြီးပုက 'ပေါသွပ်..မင်း သရက်သီးခွဲတတ်လား' ဟု မေးကာ ရွာမှ သမက်ယူလာသော သရက်သီးနှစ်လုံးကို လှမ်းပေးလိုက်သည်။

'သရက်သီးခွဲတာများ ဘာခက်တာမှတ်လို့' ဟု ဖိုးမောင်က ပြောကာ သရက်သီးကို ရေတွင်စင်ကြယ်အောင် ဆေး၍ အခွံသင်သည်။

'ဘကြီးပု..ကျုပ်ကတော့ အစေ့ကပ်နေတာလေးပဲ စားမှာ။ အစေ့တော့ ကျုပ်ယူရလိမ့်မယ်' ဟု သွားရည်ယိုနေရာမှ ခေါခနဲသိမ်းရင်း ဘကြီးပုကို လှမ်းပြောလိုက်သည်။

တဲရှေ့ သစ်ပင်အောက် ဝါးကွပ်ပျစ်တွင် ရေနွေးကြမ်းပွဲနှင့် ထိုင်နေသော ဘကြီးပုက ပေါသွပ်ကလည်း 'သရက်စေ့လောက် ယူတာများ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေရသေးကွာ။ ယူပါဗျာ..ယူပါ..ယူပါ' ဟုပြောရင်း ရေနွေးကြမ်းတစ်ခွက်ကို ငွတ်ခနဲသောက်ချ

www.burmeseclassic.com

လိုက်သည်။

ထို့နောက် ဖိုးမောင် လာချပေးသော ပန်းကန်ထဲမှ သရက်သီးကို နှိုက်ယူ၍စားသည်။ သရက်သီးက အသားမပါဘဲ အခွံချည်းသက်သက်ဖြစ်နေသည်။ နောက်တစ်ခု၊ နှစ်ခု၊ သုံးခုအထိ ကောက်ယူစားကြည့်သော်လည်း ထိုးနည်းလည်းကောင်းပင် ဖြစ်သည်။ ရိပ်စားမိလာသော ဘကြီးပုက 'ပေါ်သွပ်..မင်း သရက်သီးက ဒါပဲလား' ဟု လှမ်းမေးလိုက်သည်။

သရက်စေ့သာ ယူမည်ပြောသော ဖိုးမောင်ကား အစေ့တွင် အသားတွေ ချန်လှီးပြီး အခွံသာသာလောက်ကို ပန်းကန်တွင်ထည့်၍ ဘကြီးပုအား ပေးလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ဖိုးမောင်က ပေရေညစ်ပတ်နေအောင် သရက်စေ့ကို တပြွတ်ပြွတ်စုပ်နေရင်း 'ဧရာ်..ဘကြီးပု ကလည်း ကျုပ် အစေ့ပဲယူမှာလို့ အစောတည်းကပြော ထားသားနဲ့' ဟု ပြောလိုက်ရာ ဘကြီးပုလည်း မျက်နှာကြီး ရှုံ့မဲ့ပြီး အောင့်သည်းအောင့်သက်ဖြစ်၍နေလေသည်။

စလောင်းဖုံးနှစ်ချပ်ကို လင်းကွင်းလိုလုပ်ပြီး မတီးကောင်း ကျားကိုက်တတ်သည်တဲ့။ မြေနှင့်လုပ်သောအိုး တွင် လက်ကိုင်ပါသော အဖုံးကလေးများသည် ကိုင်ချင် စဖွယ်ဖြစ်၍ တစ်ခုနှင့်တစ်ခု ထိခတ်ပြီးကစားလျှင် အလွယ်တကူ ကွဲကြေသွားနိုင်သည်။ ချက်ပြုတ်ရာတွင် အခက်အခဲမဖြစ်စေလို၍ ယင်းခေတ်အနေအထားအရ ကြပ်ကြပ်မတ်မတ် တားမြစ်ထားသော စကားဖြစ်သည်။

ငရုတ်ဆုံကို ထုထောင်းပြီးနောက် ကျည်ပွေ့ကို ဆုံတွင်း တန်းလန်းမထားကောင်း။ အိမ်သားအချင်းချင်း ရန်ဖြစ် စကားများတတ်သည်တဲ့။ ပေကျဲနေသော ငရုတ်ဆုံတွင် ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ်၊ ပုရွက်ဆိတ် အစရှိသည်တို့ လာရောက်သောင်းကျန်းသဖြင့် ရောဂါဘယ ရန်ဝင်သောကြောင့် ဆေးကြောသန့်စင် ဆုံကိုမှောက်ထား စေချင်၍ ပြောသောစကား ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် ချစ်စရာကောင်းသော ဓလေ့တစ်ခုမှာ တစ်အိမ်မှတစ်အိမ်သို့ ဟင်းပေးစားလေ့ရှိကြသည်။ ဟင်းယူသောအိမ်က ပန်းကန်ဆေးပြီး ပြန်မပေးကောင်း၊ ရဲရဲဖြစ်တတ်သည်ဆိုကြ။ အမှန်မှာ ပန်းကန်ကို ပြီးကပစ်ဆေးကာ ပြန်မပေးဘဲ ပေးသူ၏ စေတနာကို တုံ့ပြန်အသိအမှတ်ပြုသောအားဖြင့် နည်းများမဆို တစ်စုံတစ်ရာကို ပြန်ထည့်ပေးစေလိုသောကြောင့်ဖြစ်သည်။

မိမိပိုင်ဆိုင်သော ပစ္စည်းတစ်ခုခုကို အခြားသူတစ်ယောက်ယောက်အား ပေးပြီးနောက် အလိုမကျ အခန့်မသင့်ဖြစ်သည့်အခါ ပြန်မတောင်းကောင်း၊ ပြန်တောင်းလျှင် မျက်စိစွန့်တတ်သည်တဲ့။ ပေးတုန်းကပေးပြီး သဘောမတွေ့သည့်အခါကျမှ ပြန်တောင်းပါက အတောင်းခံရသူက အရှက်ရပြီး ရန်တွေ့နိုင်သဖြင့် မြော်မြင်ပြောဆိုထားခြင်းဖြစ်သည်။

လူကြီးသူမများအနေဖြင့် ရင့်ကျက်သော အတွေ့အကြုံများကိုယူ၍ နောင်လာနောက်သားတို့၏ အကျိုးကို မျှော်ကိုး၍ မှတ်သားလိုက်နာဖွယ်ရာ စကားများအား ချန်ထားရစ်ခဲ့ကြသည်။ ယင်း၌ ခြောက်လှန့်၍တစ်မျိုး၊ သွယ်ဝိုက်ပြီးတစ်မည်၊ တဲ့တိုးပြောခြင်းဖြင့်တစ်ဖုံ၊ အမျိုးအစား စုံလင်များပြားလှသည်။ အယူသီးစရာစကားများအဖြစ်ဖြင့် တစ်သမတ်တည်း လက်ကိုင်ထားသူများရှိသကဲ့သို့ ခေတ်အမြင်နှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုက်နာသူတို့ကလည်း ရှိနေကြလေသည်။

BURMESE CLASSIC

ကိုယ့်နေရာကိုသာ ကြည့်တတ်ပြီး သူတစ်ပါးနေရာကို ဝင်မကြည့်သောသူသည် အတွေ့လွဲမှီးမိုး၍ အကောင်းမြင်စိတ်ဓာတ် နည်းပါးတတ်ကြသည်။ ရှုထောင့်မှန်မှသဏ္ဌာန် အစစ်ကို မြင်နိုင်သဖြင့် အပြုသဘောပါသောရှုထောင့်က ကြည့်တတ်ရန်လိုသည်။ သူတစ်ထူးကို ဝေဖန်သည်မှာ အလွန်လွယ်ကူသော်လည်း မိမိအကြောင်းပြန်သိအောင်လုပ်ဖို့ကမူ ခက်ခဲပါလိမ့်မည်။

မှန်တစ်ချပ်သည် မျက်မြင်သူအတွက် အသုံးဝင်မည် မဟုတ်သော်လည်း လိုအပ်သူများအတွက်မူ အသုံးဝင်သဖြင့် အသုံးချတတ်လျှင် အသုံးကျမည်မှာ သေချာပါသည်။ မည်သို့ဆိုစေ ရတနာပစ္စည်း အသီးသီးသည် သူ့တန်ဖိုးနှင့်သူ ရှိနေသည်ကတော့ ငြင်းဆို၍ရမည်မဟုတ်ပါချေ။

အကြောင်းခြင်းရာတစ်ခုခုကို ချင့်ချိန်မှုမရှိဘဲ တရားသေလက်ကိုင်ထားခြင်းသည် အယူသီးခြင်းဖြစ်၍ ဆင်ခြင်တုံတရားထား ဇွတ်တရွတ်သမားများသည်လည်း အယူသီးသူများ ဖြစ်ကြလေသည်။

အာကာသ(သာစည်)

www.burmeseclassic.com

www.burmeseclassic.com

မင်းနေဇွန်း (ကန့်ဘလူ)
သမုဒ္ဒရာထက်က ရေတစ်စက်

(၂၀၁၇)ခုနှစ် မတ်လထုတ် ဂျွန်ဖရမဂ္ဂဇင်းမှာ တစ်စက်မြိတ်ရေသည် ပုရွက်ဆိတ်တို့အတွက် သမုဒ္ဒရာ အမည်ခေါင်းစဉ်နဲ့ နာမည်ပေးရာမှာ ရှောင်သင့်တဲ့၊ သတိထားသင့်တဲ့ အချက်အလက်အချို့ကို မဟာဘုတ်အယူအဆများနှင့် နှိုင်းယှဉ်ပြီး တင်ပြခဲ့ပါတယ်။ အဲဒီဆောင်းပါးကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြတဲ့ စာဖတ်ပရိသတ်အချို့က ကျွန်တော့်ဆောင်းပါး အဆုံးသတ်ခါနီးမှာ ဖော်ပြခဲ့တဲ့ သာမန်ဝါသနာပါရုံဖြင့်၊ တော်ရုံလေ့လာလိုက်စားထားရုံဖြင့် နာမည်ကောင်း နာမည်သန့် တစ်ခုရဖို့ အတော်ခက်ပါတယ်။

ကျွန်တော် တင်ပြခဲ့တဲ့ စဉ်းစားစရာများပင်လျှင် တကယ်တမ်းကျတော့ အသေးအဖွဲလောက်မျှသာ ဖြစ်ပါသေးတယ်။ တကယ်ပညာရှင်ကြီးများအနေဖြင့် သုံးသပ်ဆုံးဖြတ်ကြမည်ဆိုလျှင် ထို့ထက်အပြစ်အနာအဆာများစေါလာဦးမည် ဖြစ်ပါတယ်လို့ ဖော်ပြခဲ့ထားတာနှင့် ပတ်သက်ပြီး မေးခွန်းတွေ မေးလာကြပါတယ်။

အဲဒီ မေးခွန်းတွေရဲ့ အဓိက ဦးတည်ချက်ကတော့ ပညာရှင်ကြီးများ သုံးသပ်ဆုံးဖြတ်ကြပုံတွေထဲက သိထားသမျှရှိရင် ဖော်ပြပေးဖို့ပါပဲ။ ဒါကြောင့်မို့ ဒီတစ်ပတ်တော့ နာမည်တိုင်စဉ်နှင့်ပတ်သက်လို့ ကျွန်တော် လက်လှမ်းမီသမျှ တင်ပြလိုက်ရပါတယ်။ စာဖတ်ပရိသတ်များ ဟဒယပြေမယ်ထင်ပါတယ်။

နာမည်တိုင်စဉ်ဆိုတာ အဆန်းတကြယ်ကြီးတော့ မဟုတ်ပါဘူး။ မဟာဘုတ်ခွင်က အထွန်းအိမ်ရှိနှုန်းကို တိုင်ထိပ်မှာတင်ပြီး အဆန်းစဉ်အရ လက်ယာ၊ လက်ဝဲ ခွဲပြီး အောက်ခြေက တိုင်ထိပ်ထိ ရေးဆွဲစီစဉ်ထားတဲ့ နာမကွဲရတိုင်ပဲ ဖြစ်ပါတယ်။

ပုံစံအားဖြင့် (၁)ကြွင်းမဟာဘုတ် ဆိုပါတော့။

(၁)ကြွင်းမဟာဘုတ်မှာ-

	အဓိပတိ	
အထွန်း	သိုက်	ရာဇ
မရဏ	ဘဝ်	ပုတိ

(မဟာဘုတ်ခွင်)

www.burmeseclassic.com

www.burmeseclassic.com

	၅	
၀	၃	၆
၄	၁	၂

(၁)ကြွင်း

တိုင်ထိပ်

လက်ဝဲ(၁)	လက်ယာ(၁)
လက်ဝဲ(၂)	လက်ယာ(၂)
လက်ဝဲ(၃)	လက်ယာ(၃)

၀

၆	၅
၄	၃
၂	၁

နာမက္ခရတိုင် (၁)ကြွင်းတိုင်

စနေနံ(၀)ဟာ အထွန်းအိမ်မှာ ရှိနေတဲ့အတွက် အဲဒီ စနေနံ(၀)ကို နာမက္ခရတိုင်ထိပ်မှာထားပြီး တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)တို့ကို လက်ယာ(၃)၊ လက်ဝဲ(၃)၊ လက်ယာ(၂)၊ လက်ဝဲ(၂)နဲ့ လက်ယာ(၁)၊ လက်ဝဲ(၁)တို့မှာ ဂဏန်းစဉ်အတိုင်း ရေးသွင်းတာပါပဲ။ အဲဒါ နာမည်တိုင် နာမက္ခရတိုင်ပါပဲ။

ပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အရ နာမည်တစ်ခု ပေးမယ်ဆိုရင် နာမည်အရင်းလုံး (အစလုံး)နဲ့ နာမည်အဖျားလုံး (အဆုံးလုံး)ဟာ အဓိကထားရမယ်ပေါ့။ အဲဒီ နာမည်အရင်းလုံးနှင့် နာမည်အဖျားလုံးဟာ နာမက္ခရတိုင်မှာ တိုင်စဉ်မှန်ဖြစ်ဖို့ လိုတယ်ပေါ့။ အလွယ်ပြောရရင်တော့ တိုင်စဉ်ဇောက်ထိုး မဖြစ်ရဘူးပေါ့။

တိုင်စဉ်မှန် ဆိုတာကတော့ တစ်မျိုးတစ်စားတည်း ရှိတာဖြစ်ပေမယ့် တိုင်စဉ်မှား ဇောက်ထိုးဆိုတာကတော့ နှစ်မျိုးနှစ်စားရှိပါတယ်။ အဲဒီတိုင်စဉ်မှား နှစ်မျိုးကတော့ (က) တိုင်ပြန်ဦးဇောက်နဲ့ (ခ) ပက္ခဦးဇောက်တို့ပဲ ဖြစ်ပါတယ်။ တိုင်စဉ်မှန်ဆိုတာကတော့ အောက်ခြေမှ အထက်သို့မှည့်တဲ့ နာမည်များပါ။ ဥပမာ-အင်္ဂါသားတစ်ယောက်ကို မောင်စန်းမြင့်၊ မောင်စိုးဟိန်း၊ မောင်စိုးထွန်း..စသဖြင့် (၁)ကြွင်းတိုင်အရ နာမည်ပေးတာများပါပဲ။

တိုင်စဉ်မှာ ပထမဖြစ်တဲ့ တိုင်ပြန်ဦးဇောက်ကတော့ စနေသားဆိုရင် မောင်ထွန်းဟန်၊ မောင်တင်လင်း၊ မောင်နေကျော်၊ မောင်တင်မြင့်၊ မောင်ထွန်းဆွေ၊ မောင်တင်အောင်..စသည်ဖြင့် နာမည်ပေးတာများ။

သောကြာသားဆိုရင် မောင်ဟန်လင်း၊ မောင်ဟိန်းကျော်၊ မောင်သန်းအောင်။ ကြာသပတေးဆိုရင် မောင်မြင့်စော၊ မောင်မြအောင်၊ မောင်မြတ်ကျော်..စသည်ဖြင့် နာမည်ပေးတာများ။ အလွယ်ဆုံးပြောရရင်တော့ အထက်ကအောက်သို့ ဇောက်ထိုးနာမည်တွေပါပဲ။ တိုင်စဉ်မှားတယ်ပေါ့။

ဒုတိယ တိုင်စဉ်အမှားဖြစ်တဲ့ ပက္ခဦးဇောက် နာမည်တွေကတော့ မောင်ထွန်းကျော်၊ မောင်သန်းဆွေ၊ မောင်မြင့်လင်း၊ မောင်အောင်အောင် စသည်တို့ပါပဲ။ အဲဒီမှာ ပက္ခကို ပိုမိုရှင်းအောင် တင်ပြရရင်တော့ တိုင်ထိပ်နဲ့ လက်ယာ(၃)(၀+၅)၊ လက်ယာ(၁)နဲ့ လက်ဝဲ(၅)(၅+၄)၊ လက်ဝဲ(၁)နဲ့ လက်ယာ(၅) (၆+၃)၊ လက်ယာ(၁)အချင်းချင်းတွေဟာ ပက္ခသဘောတွေပါပဲ။ နာမည်ပေးမှည့်ရာမှာ အဲဒီတိုင်စဉ်မှားတွေကို ရှောင်ရှားရမယ်လို့ ပညာရှင်ကြီးများက သတ်မှတ်ထားကြပါတယ်။

တံစက်မြိတ်ရေသည် ပုရွက်ဆိတ်တို့အတွက် သမုဒ္ဒရာ ဆောင်းပါးမှာ ဖော်ပြခဲ့တဲ့ ရှေးရိုးနည်းတစ်နည်း နာမည်မှည့်နည်း တစ်မျိုးဖြစ်တဲ့ အရင်းမွေးနဲ့ အဖျားခံ မှတ်ရန် ပဉ္စပွတ်၊ သားသမီးရတနာ မည်သည်မှ မှတ်ရာလောကဝတ်၊ ဤသို့သည်ပြုသူမှာ ချမ်းသာမှန်မချွတ်ဆိုတဲ့ ပဉ္စပွတ်နည်းနဲ့ အခု(၁)ကြွင်း နာမက္ခရတိုင်အရ ဗုဒ္ဓဟူးသားသမီး၊ ကြာသပတေးသားသမီး၊ သောကြာသားသမီးနဲ့ စနေသားသမီးတွေကို နာမည်ပေးမှည့်လို့ မရနိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီနေ့သားအားလုံးအတွက် အဲဒီပဉ္စပွတ်နည်းဟာ တိုင်စဉ်မှားတွေချည်း ဖြစ်နေလို့ပါပဲ။

ပထမအမျိုးအစားဖြစ်တဲ့ တိုင်ပြန်ဦးဇောက်နာမည်တွေဟာ အားရန်များတတ်တယ်။ အောင်မြင်နည်းတတ်တယ်။ တန်ခိုးညြောမဲ့တတ်တယ်။ ပညာ...စီးပွားရေး တိုးတက်မြင့်မားလာရင် ဘေးရန်အန္တရာယ်

www.burmeseclassic.com









ပေါ်ပေါက်လာတတ်တယ်။ အတိုက်အခိုက် ပေါ်လာတတ်တယ်။ အပျက်အစီး၊ အဆုံးအရှုံးတွေ ပေါ်လာတတ်တယ်ဆို ပညာရှင်ကြီးများက ရှောင်ကြပါတယ်။

ဒုတိယအမျိုးအစားဖြစ်တဲ့ ပက္ခဓောက်ထိုး အမည်နာမများကျတော့ ကိုယ်လက်အင်္ဂါ ချို့ယွင်းထိခိုက်စေတတ်တယ်။ ရောဂါဘေးဆိုး အနာကြီး စတဲ့ဥပဒ်အန္တရာယ်တွေ စွဲကပ်တွေ့ကြုံစေတတ်တယ်၊ ကျရောက်စေတတ်တယ်ဆိုပြီး ရှောင်ဖို့ရှားဖို့ ဝိဂြိုဟ်ပြုထားခဲ့ကြပါတယ်။

ဒီဆောင်းပါးရဲ့ ကနဦးမှာ တိုင်စဉ်မှန်ကတော့ တစ်မျိုးတစ်စားတည်းပဲ ရှိပါတယ်။ အဲဒါကတော့ တိုင်အောက်မှ အထက်ကို ဆန့်တက်သွားတဲ့ နာမည်တွေပါပဲလို့ ဖော်ပြထားခဲ့ပါတယ်။ အဲဒီမှာ ထပ်မံသိရှိဖို့လိုတဲ့ အချက်တစ်ချက်ကတော့ ယောကျ်ားလေး တိုင်စဉ်မှန်နဲ့ မိန်းကလေး တိုင်စဉ်မှန်ဆိုပြီး ခွဲခြားထားခြင်းပါပဲ။

ယောကျ်ားလေး တိုင်စဉ်မှန်ဆိုတာကတော့ နာမည်အရင်းလုံး အစလုံး နံအက္ခရာဟာ နာမက္ခရတိုင်ရဲ့ လက်ယာဘက်မှာရှိရမှာ ဖြစ်သလို မိန်းကလေးတွေအဖို့ကတော့ လက်ဝဲဘက်မှာ နာမည်အရင်းလုံးရှိရမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုရှိမှလည်း တိုင်စဉ်မှန်တယ်လို့ ပြောလို့ရမှာပါ။

အကယ်လို့ ယောကျ်ားလေးဖြစ်ပြီး နာမည်အရင်းလုံးဟာ လက်ဝဲဘက်က အစပြုရင် ဝဲယာတိုင်စဉ် မှားတယ်လို့ ပြောလို့ရသလို အဲဒီယောကျ်ားလေးဟာလည်း စိတ်နေစိတ်ထား၊ အပြုအမူ၊ အလှူပ်အရှား၊ အတွေးအခေါ်တွေကလည်း မိန်းကလေးဆန်နေတတ်ကြပါတယ်။ ထိုနည်းတူစွာပါပဲ၊ မိန်းကလေးဖြစ်ပါလျက်နဲ့ နာမည်အရင်းလုံးကို လက်ယာဘက်ကစရင် အဲဒီမိန်းကလေးဟာလည်း ဝဲယာတိုင်စဉ် မှားယွင်းနေသလို အဲဒီမိန်းကလေးရဲ့ စိတ်နေစိတ်ထား၊ အပြုအမူ၊ အလှူပ်အရှားတွေနဲ့ အတွေးအခေါ်တွေဟာလည်း ယောကျ်ားလေးဆန်နေတတ်ပါတယ်။

ဒီနေရာမှာ အစမွေးနံ အရင်းခံချင်သူတွေအဖို့ အခက်အခဲဖြစ်လာတတ်ပါတယ်။ နမူနာဖော်ပြထားတဲ့ နာမက္ခရ ဝဲယာတိုင်အရ ယောကျ်ားလေးတစ်ယောက်ဟာ တနလာသား၊ ဗုဒ္ဓဟူးသားနဲ့ သောကြာသား ဖြစ်နေတယ်ဆိုရင် သူတို့ရဲ့ မွေးနံတွေဟာ လက်ဝဲဘက်အခြမ်းမှာ ရှိနေကြတဲ့အတွက် မွေးနံကို အရင်းခံပြီး နာမည်ပေးဖို့ အခက်အခဲရှိနိုင်သလို တနင်္ဂနွေသမီး၊ အင်္ဂါသမီးနှင့် ကြာသပတေးသမီးတွေအဖို့လည်း မွေးနံဟာ လက်ယာဘက်မှာရှိနေတဲ့အတွက် အစမွေးနံ အရင်းခံဖို့ အခက်အခဲဖြစ်နေတတ်ပါလိမ့်မယ်။ အဲဒီနေ့သား၊ နေ့သမီးတွေအဖို့လည်း အရင်း

www.burmeseclassic.com

မွေးနံ့ အဖျားခံ မှတ်ရန် ပဋ္ဌပ္ပတ်နည်းကို လုံးဝသုံးဖို့မဖြစ်နိုင်တော့ပါဘူး။

တစ်ဆင့်ထပ်တိုးကြည့်ရင် ဖော်ပြခဲ့တဲ့ ဗုဒ္ဓဟူးသားသမီး၊ ကြာသပတေးသားသမီး၊ သောကြာသားသမီးနှင့် စနေသားသမီးတွေဟာ (၅)ကြွင်းမဟာဘုတ်နေ့နံသားတွေဖြစ်နေကြတယ်ဆိုရင် (က၊ သစ်၊ ပေါ်၊ ဥစ်၊ တူ၊ လင်၊ စုတ်) (ကြက်၊ သွန်၊ ဖြူ၊ ဥ၊ တစ်၊ လုံး၊ စု)နည်းကိုလည်း ဝမ်းနည်းစွာ ရှောင်ကြရတော့မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီနည်းကို အသုံးပြုပြီး နာမည်ပေးမှည့်မယ်ဆိုရင် အဲဒီနာမည်တွေ အားလုံးဟာ နာမက္ခရတိုင်စဉ်ဇောက်ထိုး(တိုင်စဉ်မှား)တွေချည်း ဖြစ်သွားစေလို့ပါပဲ။ သတိပြုသင့်ပါတယ်။









နောက်တစ်ခု အမြစ် အညွှန့်နည်းနဲ့ နာမည်ပေးတဲ့နည်းကို အသုံးပြုမယ်ဆိုရင်လည်း သတိထားရမယ့် နာမက္ခရတိုင်တွေ ရှိနေပြန်ပါတယ်။ အမြစ်၊ အညွှန့်နှင့်ပတ်သက်လို့လည်း ယခင်ဆောင်းပါးမှာ တင်ပြခဲ့သလို သက်ဆိုင်ရာ နေ့နံ့မတိုင် မရောက်မီ နေ့နံ့ကို အမြစ်လို့ ခေါ်ဝေါ်သတ်မှတ်ပြီး သက်ဆိုင်ရာနေ့နံ့ရဲ့ ရှေ့နေ့နံ့ကိုတော့ အညွှန့်လို့ သတ်မှတ်ထားတာပါပဲ။ ဥပမာ-တနင်္ဂနွေသားသမီးတစ်ယောက်ရဲ့ အမြစ်နံ့ဟာ စနေဖြစ်ပြီး အညွှန့်နံ့ကတော့ တနင်္လာဖြစ်ပါတယ်။ ကျန်နေ့သားသမီးတွေ အဖို့လည်း ဒီသဘောအတိုင်းပါပဲ။

ဒီတော့ကာ (၁)ကြွင်းမဟာဘုတ်သမား စနေနေ့ဖွား သားသမီးတစ်ယောက်ဆိုပါတော့၊ သူ့ရဲ့နာမက္ခရတိုင်အရ အမြစ်နံ့ဖြစ်တဲ့ သောကြာဟာ လက်ဝဲ(၁)မှာရှိပြီး အညွှန့်နံ့ဖြစ်တဲ့ တနင်္ဂနွေကတော့ လက်ယာ(၃)မှာ ရှိနေတဲ့အတွက် အမြစ် အညွှန့်နည်းနဲ့ မောင်သန်းအောင်၊ မသိန်းအေး စသဖြင့် နာမည်ပေးလို့ မရဘူး ဖြစ်နေပါတယ်။ ပေးခဲ့သော် တိုင်စဉ်မှား(ဇောက်ထိုး)ဖြစ်မှာ အသေအချာပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းတူစွာပါပဲ။ တနင်္ဂနွေသားသမီးဖြစ်နေလို့ မောင်ထွန်းကျော်၊ မတင်ခိုင် စသဖြင့် အမြစ် အညွှန့်နည်းနဲ့ နာမည်ပေးလိုက်ရင်လည်း တိုင်စဉ်မှား ဧောက်ထိုးပဲ ဖြစ်သွားမှာပါ။ ဒီတော့ ရှောင်ကြရမှာပဲ ဖြစ်ပါတယ်။

နာမကံရတိုင်နဲ့ပတ်သက်ပြီး ရှောင်ကြဉ်ဖို့ အချက်တစ်ခု ရှိနေပါသေးတယ်။ အဲဒါကတော့ ဘယ်နေ့နံသားသမီးကိုပဲဖြစ်ဖြစ် နာမည်အရင်းလုံး (အစလုံး)ဟာ လက်ထာ(၁)၊ လက်ဝဲ(၁)မှာရှိတဲ့ နေ့နံနဲ့ မပေး မမှည့်ရဘူးဆိုတာပါပဲ။ ဥပမာ-တနင်္ဂနွေသားတစ်ယောက် ဆိုပါတော့၊ (၁)ကြွင်းမဟာဘုတ်ဝိုင်ရင်လည်း ဖြစ်တယ်ဆိုပါတော့၊ နာမကံရတိုင်အရ ဘာမှပြောစရာ မရှိဘူး အထင်နဲ့ အထွန်းတွဲ နာမည်ပေးနည်းကို အသုံးပြုပြီး မောင်အောင်ထွန်း၊ မအေးတင် စသဖြင့် နာမည်ပေးလို့ မရပါဘူး။ တနလ်းသားသမီးတစ်ယောက် ဖြစ်နေတယ်ဆိုရင်လည်း မောင်ကျော်တင့်၊ မကြင်နု စသဖြင့် နာမည်ပေးလို့ မရပါဘူး။ ပေးခဲ့သော် တိုင်စဉ်မှား ဖြစ်သွားပါ့မယ်။ ရှောင်ရပါမယ်။



အခုတင်ပြခဲ့တာတွေကတော့ ပညာရှင်ကြီးများ သုံးသပ်ဆုံးဖြတ်တတ်ကြတဲ့ ပညာရပ်တွေထဲက စံတစ်ရပ်ပဲ ဖြစ်ပါတယ်။ နာမည်ပေးစိတ်ဝင်စားသူ ဝါသနာရှင်များ ကြားမြင်သုတရသွားကြပြီဆိုရင် သမုဒ္ဒရာရေမျက်နှာပြင်အထက် ရေတစ်စက် ချပြရကျိုးနပ်ပါပြီခင်ဗျား။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကန့်ဘလူ)

ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘာန.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံကြော အားနည်း၊ လေငန်း/လေပြတ်၊ ကိုယ်စံအားကျခြင်း၊ အစကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ ဂေပြတ်ရောဂါ ဆေးနာရှင်များ အထူးကုသပေးပါသည် ✤

ဂေပြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

ဖြစ်ပေါ်စေတတ်သည့် လက္ခဏာများ

* ဦးခေါင်းနောက်ခေ့တွင် ခေါင်းတိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ရှိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနလ်းနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။

၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၅၇၂

www.burmeseclassic.com

(၁၃၇၉)ခုနှစ် ပကွဲအဖဟန်ဝင်ယဂြာ

မဟာဘုတ်ဗေဒင်ပညာတွင် ပက္ခအယူအဆ ရှိပါသည်။ အထွန်းနှင့် ပုတိ၊ ရာဇနှင့် သိုက်၊ အဓိပတိနှင့် မရဏ၊ ဘင်္ဂနှင့် ဘင်္ဂဟူ၍ ပက္ခအတွဲ (၄)တွဲရှိပါသည်။ ထပ်မံ၍ ခွဲခြားသိရန်မှာ ပုတိမှ အထွန်းသို့တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အထွန်းမှ ပုတိသို့ဆင်းသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ မရဏမှ အဓိပတိသို့တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အဓိပတိမှ မရဏသို့ဆင်းသော အတွဲသည် အဆိုးပက္ခဖြစ်ပါသည်။ သိုက်မှ ရာဇသို့သွားသော အတွဲသည် အကောင်းပက္ခဖြစ်ပြီး ရာဇမှ သိုက်သို့သွားသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ ဘင်္ဂနှင့် ဘင်္ဂအတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။



အကောင်းပက္ခ



အဆိုးပက္ခ



(၀)ကြွင်းမဟာဘုတ်

ထို့ကြောင့် အကောင်းပက္ခ(၃)တွဲနှင့် အဆိုးပက္ခ(၄)တွဲဟူ၍ ပက္ခအတွဲ(၇)တွဲ ဖြစ်သွားပါသည်။

(၇)ရက်သားသမီး အားလုံးတို့သည် မြန်မာနှစ်တစ်နှစ်တွင် ပက္ခတစ်လုံးလုံးနှင့် မိနေတတ်ပါသည်။ အကောင်းပက္ခမိခြင်းနှင့် အဆိုးပက္ခမိခြင်းဟူ၍သာ ကွာခြားကြမည် ဖြစ်ပါသည်။ ယခုလာမည့် (၁၃၇၉)ခုနှစ်သည် (၀)ကြွင်းသော မဟာဘုတ်နှစ် ဖြစ်ပါသည်။



(၀)ကြွင်းမဟာဘုတ်နှစ်တွင် သောကြာသားသမီးများသည် ပုတိဌာနရှိ တနင်္ဂနွေဂြိုဟ်နှင့် အဆိုးပက္ခ မိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် ဖခင်၊ ကြီးကဲသူတို့နှင့် အဆင်မပြေ ပြဿနာပေါ်ခြင်း၊ ၄င်းတို့ ကျန်းမာရေးညံ့တတ်ခြင်း၊ အိမ်ထောင်ဦးစီးအတွက် စိတ်ညစ်ညူးရတတ်ခြင်း၊ ၄င်းသည် အိမ်မကပ်တတ်ခြင်း၊ ကြီးကဲသူ အထက်

www.burmeseclassic.com

အရာရှိတို့၏ အပြစ်တင် အထင်လွဲခံရ၊ မျက်နှာကောင်းရခြင်း၊ အကြီးအကဲများနှင့် ပူးတွဲတာဝန်ထမ်းဆောင်ရ ပါက အန္တရာယ်ရှိခြင်း၊ အရှိန်အဝါများ မှေးမှိန်ခြင်း၊ အိမ်ထောင်ရေးစိတ်ကုန်ခန်းခြင်း၊ အလုပ်ပျက်အကိုင်ပျက် အလုပ်မှ ရပ်နားရတတ်ခြင်း၊ အလုပ်ပြုတ်ခြင်း၊ အိုးအိမ် ကိစ္စ စိတ်ဆင်းရဲရခြင်း၊ အိမ်ထောင်ရေး အညံ့ကြုံခြင်း၊ ဦးခေါင်းပိုင်းဆိုင်ရာဝေဒနာ၊ အူရောင်၊ အရိုးတွင် ထိခိုက် ဒဏ်ရာရတတ်ခြင်း၊ အင်း၊ အဆောင်၊ အနီရောင်ပစ္စည်း များ ဝင်လာလျှင် ခိုက်တတ်ခြင်း အစရှိသော တနင်္ဂနွေ ဗရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါ သည်။

တနင်္ဂနွေသားသမီးများသည် အထွန်းဌာနရှိ သော ကြာကြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် ပြည် တွင်း၊ပြည်ပ ခရီးဝေး၊ ကောင်းသောခရီးများ သွားလာ ရခြင်း၊ ဇနီးဖြစ်သူ၏ အဆင်ပြေအောင်မြင်မှု၊ မိမိအပေါ် အလိုက်သိမှုတို့ကြောင့် စိတ်ချမ်းသာရခြင်း၊ ဆွေမျိုးများ ၏ အကျိုးပြု ကူညီခံရခြင်း၊ အနုပညာအသံထွက်ပစ္စည်း၊ အလှအပပစ္စည်း၊ ဖိမ်ခံပစ္စည်းများဝင်ခြင်း၊ အစားအသောက် ကောင်းများ စားသောက်ရခြင်း၊ သူတော်စင် သူတော် ကောင်းတို့နှင့် ဆုံတွေ့ရခြင်း၊ သက်သတ်လွတ်စား၊ သီလ ဆောက်ထိန်းလျှင် တိုးတက်အောင်မြင်မှုများ ကြုံတွေ့ရခြင်း၊ ဓောက်ရာဒေသတွင် ပျော်ရွှင်ရခြင်း၊ ချွေးမကောင်းရခြင်း၊ ရုက္ခစိုးနတ်တို့၏ အကူအညီပေးခြင်း ခံရခြင်း၊ ရပ်ဝေးမှ သတင်းစကားကောင်း ကြားရခြင်း၊ အစားအသောက် ပျက်နေသူများ ခံတွင်းလိုက်လာခြင်း အစရှိသော သော ကြာပရိယာယ်အကောင်းများကို အနှောင့်အယှက်မကင်း၊ အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

ဗုဒ္ဓဟူးသားသမီးများသည် မရဏာဌာနရှိ အင်္ဂါဂြိုဟ်



နှင့် အဆိုးပက္ခ မိပါသည်။ ထို့ကြောင့် စက်ပစ္စည်းများ ဒုက္ခပေးခြင်း၊ စက်ဘီး,ဆိုင်ကယ်စီးသူများ အန္တရာယ်ရှိ ခြင်း၊ အစွပ်အစွဲ၊ အပြိုင်အဆိုင် မလိုသူတို့ ပေါ်တတ်ခြင်း၊ အတိုင်အတော ခံရတတ်ခြင်း၊ ပတ်ဝန်းကျင်နှင့် ပြဿနာ ပေါ်ခြင်း၊ ဆေးမှား,အစားမှားခြင်း၊ ညီငယ်,ညီမငယ်၊ အောက်လက်ငယ်သားတို့နှင့် ရန်ပေါ်ခြင်း၊ ၄င်းတို့၏ကျန်း မာရေး အထူးညံ့ခြင်း၊ မုဆိုးဖို,မုဆိုးမတို့နှင့် ပြဿနာ ပေါ်ခြင်း၊ စိတ်တိုစိတ်မြန် စိတ်ဒေါသများ ထွက်နေရတတ် ခြင်း၊ လင်သားအတွက် စိတ်ဆင်းရဲ မျက်ရည်ကျရခြင်း၊ ဆေးထိုး,ဆေးသောက်မလွတ် ဆေးဝါးကုသမှု ခံရခြင်း၊ ခွဲစိတ်ခံရခြင်း၊ ဆေးအတုမိခြင်း၊ ကျေးရွာဒေသများတွင် စုန်းအတတ်နှင့် ပြုစားခံရခြင်း၊ ဆီး၊ မျက်စိ၊ အစာအိမ် ဝေဒနာဟောင်းများ ပြန်လည်ဖြစ်ပေါ်ခြင်း အစရှိသော အင်္ဂါပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ရမည် ဖြစ် ပါသည်။

အင်္ဂါသားသမီးများသည် အဓိပတိဌာနရှိ ဗုဒ္ဓဟူး ဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် ညီအစ်ကို မောင်နမ၊ သားသမီးတို့၏ တိုးတက်အောင်မြင် အဆင် ပြေခြင်း၊ လူမှုရေးလုပ်ငန်းများ အောင်မြင်ခြင်း၊ အရောင်း အဝယ် ဖွံ့ဖြိုးခြင်း၊ ရွှေ၊ လက်ဖက်၊ လက်ဖက်ရည်၊ ရေ၊ အရက်၊ ဗီဒီယို၊ ယပ်တောင်၊ အအေးဆိုင်လုပ်ငန်းများ အကျိုးပေးခြင်း၊ ဓာတ်ပုံဆိုင်၊ အနုပညာလုပ်ငန်းများ တိုး တက်မှုရှိခြင်း၊ ရွှေဝင်ခြင်း၊ ရဟန်းဝတ်ရတတ်ခြင်း၊ အလှူ ဒါနပြုရခြင်း၊ တောင်အရပ်မှ လာဘ်ဝင်ခြင်း၊ ကရင်၊ ရှမ်း၊ တရုတ်လူမျိုးတို့၏ အကျိုးပြုကူညီခံရခြင်း၊ ဘုရား၊ ရှင်သီဝလိ ဓာတ်တော်တို့ ကြွလာတတ်ခြင်း၊ သတင်း ကောင်းကြားရခြင်း၊ သားသမီးတို့ကြောင့် ဂုဏ်တက်ခြင်း၊ အသားဖြူသူတို့၏ အကျိုးပြုခံရခြင်း၊ အလုပြင်ဆိုင်များ တိုးတက်မှုရှိခြင်း အစရှိသော ဗုဒ္ဓဟူးပရိယာယ် အကောင်း များကို အနှောင့်အယှက်မကင်း၊ အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

ကြာသပတေးသားသမီးများသည် သိုက်ဌာနရှိ တနင်္လာဂြိုဟ်နှင့် အဆိုးပက္ခမိပါသည်။ ထို့ကြောင့် ငွေ ကြေးများ ဝင်ငေသော်လည်း စုဆောင်းမရ၊ ထွက်ငွေများ ခြင်း၊ အကြွေးတချို့ရပြီး ကျန်ငွေများ အတောင်းရခက် ခြင်း၊ ငွေကြေးသွားရောက်ချေးငှားရာတွင် လိုသလောက်

www.burmeseclassic.com





မရခြင်း၊ မိခင်၊ အစ်မတို့အတွက် ပူပင်သောက တွေ့ရခြင်း၊ ပြေလည်နေသော အချစ်ရေးများ သွေးအေးသွားခြင်း၊ ကျောက်အရောင်းအဝယ်လုပ်သူများ အလိမ်ခံရခြင်း၊ ကားဝယ်လျှင် အလိမ်ခံရခြင်း၊ အလှူအတန်းများတွင် ပြဿနာ အခက်အခဲများ ကြုံရခြင်း၊ မင်္ဂလာပွဲများ ရက်ရွှေ့ရခြင်း၊ အဆင်မပြေမှုများ ကြုံတွေ့ရခြင်း၊ ရေဘေး အန္တရာယ်ရှိခြင်း၊ ရောဂါသည် ခြေနှစ်ချောင်း ညအိပ်ည နေ လက်ခံသော် လာဘ်တိတ်တိတ်ခြင်း၊ ငွေကြေးအခက်အခဲ ပြဿနာများ ကြုံတွေ့ရခြင်း အစရှိသော တနလာပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

တနလာသားသမီးများသည် ရာဇဋ္ဌာနရှိ ကြာသပတေးဂြိုဟ်နှင့် အကောင်းပက္ခ မိပါသည်။ ထို့ကြောင့် ဘုရား၊ ဘုန်းကြီးဖူးရသော ခရီးများ သွားလာရခြင်း၊ အတွေးအခေါ်ကောင်းများပေါ်ခြင်း၊ အဓိဋ္ဌာန်လုပ်ငန်းများ အောင်မြင်ခြင်း၊ ဘာသာရေးဆိုင်ရာ ပဂ္ဂိုလ်များ နေအိမ်သို့ ရောက်လာတတ်ခြင်း၊ မျက်မှန်သမားများ အကြည်ဓာတ် ပိုရ၍ ပါဝါလျော့လာတတ်ခြင်း၊ မိတ်ဆွေကောင်း ဆရာသမားကောင်း ဘုန်းကြီးတို့၏ မ,စကူညီခံရတတ်ခြင်း၊ သင်တန်းတက်ရခြင်း၊ စာမေးပွဲအောင်ခြင်း၊ ကိုယ်ပိုင်ငွေများ စုဆောင်းမိခြင်း၊ ဘာသာရေးလုပ်ငန်းများ လုပ်ကိုင်ရတတ်ခြင်း၊ မြေ,အမွေကိစ္စများ အကျိုးခံစားရခြင်း၊ မိန်းမသားတို့၏ အကျိုးပြုကူညီခံရခြင်း အစရှိသော ကြာသပတေးပရိယာယ် အကောင်းများကို အနှောင့်အယှက် မကင်း၊ အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

စနေသားသမီးများသည် ဘင်္ဂဒါနရှိ စနေဂြိုဟ်နှင့် အဆိုးပက္ခ မိပါသည်။ ထို့ကြောင့် သူတစ်ပါးအတွက် သက်သေလိုက်ရတတ်ခြင်း၊ သူတစ်ပါးကိစ္စ ဝင်ကူညီမိရာမှ ကြားညပ်သွားခြင်း၊ တရားအားထုတ်ရာတွင် အနှောင့်အယှက်ပေါ်ခြင်း၊ ထင်ပေါ်အောင်နေလျှင် အန္တရာယ်ရှိတတ်ခြင်း၊ လောဘကြီးလျှင် မှားတတ်ခြင်း၊ ထိခိုက်ဒဏ်ရာ၊ သွေးထွက်သံယိုဖြစ်ခြင်း၊ အတိုက်အခံ၊ အနှောင့်အယှက် ရန်ပေါ်ခြင်း၊ အမှုအခင်း ဖြစ်ပွားတတ်ခြင်း၊ ဖြစ်လျှင် ရှုံးတတ်ခြင်း၊ လူမျိုးကွဲနှင့် ပြဿနာပေါ်ခြင်း၊ သူခိုး၊ အဆိပ်ရှိသတ္တဝါရန် ကြုံခြင်း၊ သူတစ်ပါး အကောက်ကြံခံရခြင်း၊ နှတ်ဖမ်းစား၊ နှတ်တိုက်ခံရခြင်း၊ အပူလောင်၊ ဓာတ်လိုက်၊ မီးဘေးကြုံရတတ်ခြင်း၊ ကိုယ်ဝန်ထိခိုက်တတ်ခြင်း၊ သူတစ်ပါးလာအပ်သော အထုပ်အထည်များကို လက်ခံမိလျှင် ပြဿနာဖြစ်ပွားခြင်း၊ ထမင်းစားပျက်ခြင်း အစရှိသော စနေပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

(၇)နေ့သားသမီးများအတွက် ပက္ခဟောချက်များကို ဖော်ပြခဲ့ပြီးဖြစ်သဖြင့် မက္ခပညာရပ်အရ ယတြာခန်းများကို ဆက်လက်ရေးသားဖော်ပြပေးပါမည်။

တနင်္ဂနွေသားသမီးများ

သောကြာနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်ကို သစ်သီး(၆)မျိုး ကပ်လှူပါ။ သမ္မုဒ္ဓေဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ် ပူဇော်ပါ။

တနလာသားသမီးများ

ကြာသပတေးနေ့ နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီအတွင်းတွင် ကိုရင်ကို ပန်းသီး(၅)လုံး ဆက်ကပ်လှူဒါန်းပါ။ ပထမံဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ် ပူဇော်ပါ။

အင်္ဂါသားသမီးများ

ဗုဒ္ဓဟူးနေ့ နံနက်(၁၁)နာရီမှ မွန်းလွဲ(၁)နာရီအတွင်း

www.burmeseclassic.com

www.burmeseclassic.com

တွင် သီလရှင်ဆရာကြီး၊ ဆရာလေးများကို လိမ္မော်သီး (၄)လုံး လှူဒါန်းပါ။ ဝစကြာဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။

စုဒ္ဓဟူးသားသမီးများ

အင်္ဂါနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ဆီတ် (သို့မဟုတ်) စာကလေးများကို အစာကျွေးပါ။ စာ(၃) ကောင် လွှတ်ပါ။

ကြာသပတေးသားသမီးများ

တနင်္လာနေ့ နံနက်(၈)နာရီမှ (၁၀)နာရီအတွင်းတွင် ဘုန်းကြီးတစ်ပါးကို ကိတ်မုန့်(၂)ခု ကပ်လှူပါ။ ဘုရား ဝတ်တော်ကိုးပါးကို နေ့စဉ် သက်စေ့ရွတ်ဖတ် ပူဇော်ပါ။

သောကြာသားသမီးများ

တနင်္ဂနွေနေ့ မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ(၂)နာရီ အတွင်းတွင် သူစိမ်းကလေးများကို အာလူးကြော် ကျွေး မွေးပါ။ အုတ်ကျိုး လမ်းခင်း၊ ချိုင့်ခွက်ဖို့ပါ။

စနေသားသမီးများ

စနေနေ့ မွန်းလွဲ(၂)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နွား (သို့မဟုတ်) ဒရယ်ကို အစားအစာ သွားကျွေးပါ။ ဘုန်းကြီးကျောင်းကို ထင်း (သို့မဟုတ်) မီးသွေး လှူဒါန်း ပါ။

ယတြာများကို တစ်လလျှင် တစ်ကြိမ်ခန့် လစဉ် ဆောင်ရွက်သွားရပါမည်။ ပက္ခယတြာများကို ဆောင်ရွက် ခြင်းဖြင့် အဆိုးပက္ခသမားများအနေဖြင့် အဆိုးများ ပြေ ပျောက်လျော့နည်း ပျောက်ကွယ်စေကာ အကောင်းပက္ခ သမားများအနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ၊ အနှောင့်အယှက်ရန် ကင်းရှင်းစွာဖြင့် ရရှိခံစားကြရမည် ဖြစ်ပါသည်။

စကားချပ်-အကောင်းပက္ခသမားများသည် ကောင်း ကျိုးများကို ရရှိမည်ဖြစ်သော်လည်း ပက္ခ၏ သဘော သဘာဝအရ အတိုက်အခံ၊ အနှောင့်အယှက် ရန်များနှင့် မကင်းတတ်ကြပါ။

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ

သုခစုစံ(ကျိုက်လတ်)

အာဆရာကြီး မင်းသိန်း ၏ တပည့်ရင်း

ဆရာ မိုးသစ်ခိုင်

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ

ဘဝဆိုတာ လွှင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ပေးပြောပေးရပါအံ့။

တိုက်ရော် **ပေး** **လက္ခဏာ**

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးတိုင်းဒေသကြီး၊ ညောင်ကြတ်စမ်းအုပ်စု၊ ညောင်ကြတ်စမ်းရွာမှ မွေးချင်းများဖြစ်ကြသည့် ဦးထွန်းဝင်း၊ ဒေါ်မြမြဝင်း၊ ဒေါ်အမာစိန်၊ လူပျိုကြီးကို လှဦး၊ မောင်ချစ်ကို'တို့ ရောက်လာကြသည်။

သူတို့သည် မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးက အလှူမင်္ဂလာပွဲ တစ်ခုသို့ ရောက်လာကြရင်းကနေ ကျွန်တော့်ဟောခန်းကို ဝင်လာကြခြင်းဖြစ်သည်။ ပိုမိုတိကျအောင် ပြောရမည်ဆိုက မွေးချင်းသားချင်း တော်စပ်သော ကျွန်တော့်လို ဗေဒင်ဆရာတစ်ယောက်ထံသို့ လမ်းကြုံ၍ ဗေဒင်အလကားမတ်တင်းဝင်မေးကြခြင်း ဖြစ်၏။

ကျွန်တော့်မှာလည်း အဘဆရာကြီး ဒေါက်တာမင်းသီခံထံ ပညာသင်ယူခဲ့စဉ်က မိဘနှစ်ပါးမှလွဲ၍ မည်သူ့ကိုမျှ အလကားမဟောရပါဆိုသည့် သစ္စာစကားကို သူတို့အား ဖွင့်မပြောရက်သဖြင့် စိတ်ညစ်ညစ်ပဲ ဟောနေရရှာလေသည်။ သူတို့ကတော့ အလိုက်ကန်းဆိုးမသိစွာ ဆွေစဉ်မျိုးဆက်(၇)ဆက် မေးရုံတင် အားမရ ရွာနီးချင်းသစ်ရာကောက်၊ ထန်းပင်စမ်း၊ အစစမ်း၊ ရှားဘိုရွာများမှ မိတ်ဆွေအပေါင်းအသင်းတွေအကြောင်းပါ အားမနာ လျှာမကျိုး မေးမြန်းသွားကြသည်။

ပြီးမှ ကားပေါ် တင်ယူလာသည့် မြေပဲပီနံအိတ်တစ်အိတ်ကို ဟောခအဖြစ် ချထားပေးခဲ့ကြ၏။

ညြော်...တော်သေးတာပေါ့ အမျိုးတွေရယ်ဟု။

ထိုဆွေမျိုးတွေ မေးမြန်းခဲ့သမျှကို အရင်းအတိုင်း ဖောက်သည်ချလိုက်ပါပြီ။ တချို့အကြောင်းအရာများကို ချန်ထားခဲ့ပါမည်။ စာရှည်မည်စိုး၍ ဖြစ်ပေသည်။

ပထမဆုံး ကားပိုင်ရှင် ဒေါ်မြမြဝင်း အမေးကို တင်ပြပါမည်။

'ဟဲ့...ကျန်းကျန်း (ကြည့်စမ်း၊ ကြည့်စမ်း) နင်က တကယ့်ကို ဗေဒင်ပညာရှင်ကြီးပုံ ပေါက်တယ်ဟယ်။ ဒီမယ် ငါတို့ အခုတလော ညောင်ကြတ်စမ်း-မကွေး လိုင်းကားဆွဲရတာ အဆင်မပြေဘူးဟဲ့'

'ကားတွေ ပေါလာလို့ ဖြစ်မှာပေါ့ဗျ'

'ဒါတော့ နင်ဟောမှလား။ ပေါပေါ,မပေါပေါ ငါတို့ လိုင်းကား အော်ဒါများများဆွဲရအောင် နင် ယတြာလုပ်ပေး'

'ဒါနဲ့ ခင်ဗျားတို့ လင်မယားနှစ်ယောက်က ဘာနဲ့သမီးတွေလဲ'

'အမယ်မင်းဟယ်...ငါ့ယောကျ်ားထွန်းဝင်းက စနေ၊ ငါက ကြာသပတေးပေါ့'

'ဟုတ်ပြီ၊ ခဏစောင့်။ နောက်ပြီး ယတြာပေးမယ်။ နောက်တစ်ယောက်ပြော၊ ဘာသိချင်သလဲ'

'ငါ...ငါကတော့ အချစ်ကံမကောင်းလို့ကွာ'

ထင်ငေါ်တာမှန်သမျှ ကင်းဝေးစေသောယတြာ

သာထက်ကော်(မတ္တရာ)

www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုမကောင်းတာလဲ ပြောဦးလေဗျာ'

ကျွန်တော်က အစ်ကိုကြီးကိုလှဦးကို အချွန်နဲ့ မ,ပေးပြီး မေးလိုက်၏။ ကိုလှဦးသည် ယခုဆို အသက်(၅၀) နီးပါး ရှိတော့မည်။ အချစ်ရေးက မကောင်းသေးချေ။ မလေးပြန်၊ စင်ကာပူပြန် လူပျိုကြီး၊ ဘောစီ။

'ဟွာ(ဟို) မကောင်းလို့ မကောင်းတာပေါ့ကွာ'

'မဟုတ်ဘူးလေဗျာ၊ အနာသိမှ ဆေးရှိတာကို။ ပြောပြမှပေါ့'

'ဟုတ်သားပဲ ငလှဦးရဲ့၊ ကိုယ့်အနာအကြောင်း အဲလေ..ဟုတ်ပေါင်၊ ကိုယ့်အချစ်ရေးအကြောင်း ပွင့်ပွင့်လင်းလင်းပြောပြမှ ယတြာပေးလို့ရမယ်ဟာကို'

အနီးတွင် ထိုင်နေသော ဒေါ်အမာစိန်က ကရုဏာဒေါသနဲ့ ဝင်ပြီး ဘုတ်လိုက်သည်။

ထိုအခါကျမှ -

'ဒီလိုကွာ၊ ငါ့ကောင်မလေးက လက်ထပ်ခါနီးကျမှ တခြားကောင်မလေး တစ်ယောက်နဲ့ စွပ်စွဲနေလို့။ အဲဒါ'

'ဒါလေးများ ခင်ဗျား ကျွန်တော်ပေးမယ့် အခု ယတြာသာလုပ်လိုက်၊ အိုကေမှာ စိုပြည်ပြီသာ မှတ်လိုက်။ ခင်ဗျားက ဗုဒ္ဓဟူးသားနော်'

'အေး..ဗုဒ္ဓဟူးသား'

'ရပြီ၊ နောက်တစ်ယောက်ပြော'

'ကျွန်တော်က တနလ်းသား'

မျက်နှာပြုံးစစ အမူအရာဖြင့် ညီငယ်ချစ်ကိုက ပြောသော၏။

'ကဲ..ဆို၊ ငါ့ညီမှာရော ဘယ်လိုအခက်အခဲ ရှိနေသလဲ'

'ကျွန်တော်က အစ်ကိုကြီးအောင်ကိုကို့နဲ့ အစ်ကိုကြီးဆာဒီက ကိုလှဦးတို့လို နိုင်ငခြားကို သွားချင်တာ။ သွားချင်တာက ဂျပန်၊ အမြန်သွားချင်တာ။ အားလုံးစီစဉ်ပြီးကာမှ ကြာနေလို့ဗျာ'

'သွားရစေမယ်၊ ဟုတ်ပြီလား။ အစ်ကိုပြောမယ့် ယတြာသာ ယုံယုံကြည်ကြည်နဲ့လုပ်။ ကဲ..ငါ့အစ်မကြီး ဒေါ်အမာစိန် တစ်ယောက်ပဲ ကျန်တော့တယ်။ မေးဗျာ'

'ကဲ..မေးပြီဗျော့။ ပထမဆုံး ငါ့မှာ အရွယ်ရောက်ပြီး သားသမီးတွေကို အလုပ်ရပြီး နေရာမြဲမြံစေချင်တဲ့ကိစ္စ ခြင်းစားနေတာ ကြာပြီ။ နောက် ငါ့စီးပွားရေးလုပ်ငန်း အခက်ခဲမရှိ အောင်မြင်စေချင်တယ်။ အကြွေးအောင်၊ အဲ..ပွင့်လာဆဲ ပွင့်ချင်တယ်။ ကျန်းမာရေးကောင်းချင်တယ်။ အိမ်ထောင်ရေး ကံကောင်းစေဖို့၊ စီးပွားတက်စေဖို့ အင်း..နောက်ပြီး..'

'တော်ပါတော့ ဒေါ်အမာစိန်ရယ်၊ ခင်ဗျားရဲ့ အလိုဆန္ဒတွေ အကုန်ပြည့်ဝစေရပါမယ်။ အခု ကျွန်တော့်ဆီရောက်လာတဲ့ မွေးချင်းသားချင်းတွေနဲ့ (၇)နေ့သားသမီး အားလုံးရဲ့ အချစ်ရေး၊ အိမ်ထောင်ရေး၊ နိုင်ငခြားခရီး၊ အလုပ်မရှိရင် အလုပ်ရဖို့နဲ့ ရပြီးအလုပ် မြဲဖို့၊ ပြောင်းရွှေ့ဖို့၊ စီးပွားရေးကောင်းဖို့၊ ကံပွင့်လာဘ်ပွင့်စေဖို့၊ ရာထူးတိုးဖို့၊ လုပ်ငန်းအခက်ခဲမျိုးစုံ အောင်မြင်ဖို့၊ ရည်မှန်းချက်အောင်မြင်ဖို့၊ အကြွေးအစည်အောင်မြင်ဖို့၊ ကျန်းမာရေး၊ လူမှုရေး၊ အညှဉ်းအခိုက်ပြေစေဖို့၊ ကံအညှဉ်းအခိုက်မှန်သမျှ ပြေစေဖို့အတွက် ရည်ရွယ်ပြီး ကွန်ပျူတာအသင့်စီထားတဲ့ ယတြာတွေ ရှိတယ်ဗျာ'

'ရှိရင် ငါ့တို့တစ်တွေကို အများကြီးပေးလိုက်ပါနော်'

တိုင်ပင်ထားသည့်အတိုင်း ဆွေမျိုးတွေက သံပြိုင် ရွတ်ဆို တောင်းခံလာကြသည်။

'ညီပါပေ့ဗျာ၊ ညီပုံရဲ့'

'အများကြီးတော့ ပေးလို့ဘယ်ဖြစ်ပါ့မလဲဗျ။ ကျွန်တော့်ဗေဒင်မေး ပရိသတ်လည်း ပေးရဦးမှာလေ။ တနင်္ဂနွေသားအမီးကနေ စနေသားသမီးအထိ (၇)ရွက် ပေးလိုက်မယ်။ ဟုတ်ပြီလား။ ရွာရောက်မှ မိတ္တူပြန်ပွားယူပေါ့။ အမှန်တကယ် အခက်အခဲကြုံတွေ့နေသူရှိရင် ကူညီပေးလိုက်ပေါ့ဗျာ။ ဒါပေမဲ့ တစ်ခုမှာလိုက်မယ်နော်။ ဂါထာပေး တေးတော့ မဖြစ်စေနဲ့'

<u>တနင်္ဂနွေသားသမီးများ</u>

အတာအိုးတစ်လုံးထဲမှာ နှင်းဆီ(၇)ပွင့်၊ ကဲ့ကော်(၂)ညွှန့် ထည့်ပါ၊ ရေထည့်ပါ။ တနင်္ဂနွေနေ့ မနက်(၉)နာရီ(၄၅)မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီးလှူဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက်ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လှူထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသော မြစ် (သို့မဟုတ်) ချောင်းမှာ မျှောပြီး ဆုတောင်းပါ။ လိုအပ်ပါက ပြန်ထပ်မံလုပ်ပေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အတာအိုးတစ်လုံးထဲမှာ အုန်း(၆)ညွှန့်၊ ဓော်စိမ်း(၃)ညွှန့်ထည့်ပါ၊ ရေထည့်ပါ။ တနလ်ာနေ့ မနက်(၉)နာရီ(၄၅)မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီး လျှဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက်ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လျှထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသော မြစ် (သို့မဟုတ်) ချောင်းမှာမျှောပြီး ဆုတောင်းပါ။ လိုအပ်ပါလျှင် ထပ်မံလုပ်ပေးနိုင်ပါသည်။

အင်္ဂါသားသမီးများ

အတာအိုးတစ်လုံးထဲမှာ ကုံကော်(၂)ညွှန့်၊ ရွှက်လှ(၄)ညွှန့် ထည့်ပါ၊ ရေထည့်ပါ။ အင်္ဂါနေ့ မနက်(၉)နာရီ(၄၅) မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီး လျှဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက်ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လျှထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသောမြစ် (သို့မဟုတ်) ချောင်းမှာ မျှောပြီး ဆုတောင်းပါ။ လိုအပ်ပါလျှင် ထပ်မံလုပ်ပေးနိုင်ပါသည်။

ဗုဒ္ဓဟူးသားသမီးများ

အတာအိုးတစ်လုံးထဲမှာ ဓော်စိမ်း(၃)ညွှန့်၊ ဝိတောက်(၅)ညွှန့် ထည့်ပါ၊ ရေထည့်ပါ။ ဗုဒ္ဓဟူးနေ့မနက် (၉)နာရီ(၄၅)မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီး လျှဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက်ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လျှထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသော မြစ် (သို့မဟုတ်) ချောင်းမှာ မျှောပြီး ဆုတောင်းပါ။ လိုအပ်ပါလျှင် ထပ်မံလုပ်ပေးနိုင်ပါသည်။

ကြာသပတေးသားသမီးများ

အတာအိုးတစ်လုံးထဲမှာ ရွှက်လှ(၄)ညွှန့်၊ သပြေ(၆)ညွှန့် ထည့်ပါ၊ ရေထည့်ပါ။ တနင်္ဂနွေနေ့ မနက်(၉)နာရီ(၄၅)မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီးလျှဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက်ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လျှထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသော မြစ် (သို့မဟုတ်) ချောင်းမှာမျှောပြီး ဆုတောင်းပါ။ လိုအပ်ပါလျှင် ထပ်မံလုပ်ပေးနိုင်ပါသည်။

သောကြာသားသမီးများ

အတာအိုးတစ်လုံးထဲမှာ ဝိတောက်(၅)ညွှန့်၊ နှင်းဆီ(၇)ပွင့်ထည့်ပါ၊ ရေထည့်ပါ။ သောကြာနေ့ မနက်(၉)နာရီ(၄၅)မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီးလျှဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက်ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လျှထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသောမြစ် (သို့မဟုတ်) ချောင်းမှာမျှောပြီး ဆုတောင်းပါ။ လိုအပ်ပါလျှင် ထပ်မံလုပ်ပေးနိုင်ပါသည်။

စနေသားသမီးများ

အတာအိုးတစ်လုံးထဲမှာ သဲသန့်သန့် ထည့်ရမည်။ အုန်း(၆)ညွှန့် ထိုးစိုက်ပါ၊ ရေထည့်ပါ။ စနေနေ့ မနက်(၉)နာရီ(၄၅)မိနစ်တိတိမှာ ဘုရားစင်၏ ထောင့်တစ်နေရာတွင် တင်ပြီးလျှဒါန်းပေးပါ။ မိမိအလိုရှိရာများကို အသံထွက် ဆုတောင်းပါ။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် ဆုတောင်းပါ။ (၂၁)ရက်ကြာအောင် လုံးဝမထိမကိုင်ဘဲ လျှထားပါ။ (၂၁)ရက်ပြည့်ပါက စီးဆင်းနေသော မြစ် (သို့မဟုတ်) ချောင်းမှာ မျှောပြီး ဆုတောင်းပါ။ လိုအပ်ပါလျှင် ထပ်မံလုပ်ပေးနိုင်ပါသည်။

ကျွန်တော်သည် ညောင်ကြတ်စမ်းရွာကနေ အလုပ်လာရင်း လမ်းကြုံ၍ ဗေဒင်ဝင်မေးလာကြသော မွေးချင်းတစ်စုအား အထက်ပါ (၇)နေ့သားသမီးအားလုံးအတွက် အသုံးပြုနိုင်သည့် ယတြာစာရွက်များကို လက်ဆောင်ပေးခဲ့လေသည်။

ထို့အတူ ဂဠိဿရမဂ္ဂင်း စာဖတ်ပရိသတ်ကြီးကိုလည်း မိမိတို့အရေး၊ မွေးချင်းသားချင်းအရေး၊ သားသမီးအရေး၊ ညီအစ်ကိုမောင်နှမအရေး၊ မိတ်ဆွေသူငယ်ချင်းအရေး စသည့်အရေးများစွာတို့အတွက် အရေးကြုံရင် အသုံးချနိုင်ရန် ကျွန်တော့်အနေဖြင့် ဖော်ပြပေးလိုက်ရပြန်ပါပြီ။

မွေး ဟဝေ ရက္ခတိ မွေး

သာထက်အောင်(မ

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၇)ခုနှစ်၊ ဂုလိုင်လအတွင်း
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့်မွန်းတည့်မျဉ်းဖြတ်ရေးယား

(၂၀၁၇)ခုနှစ်၊ ဂုလိုင်လအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ဂနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များဆို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများအတွင်း မဟာဝေဒဗွမန္တန်၊ စူဠဝေဒဗွမန္တန်များ ရွတ်ဖွားပူဇော်ခြင်း၊ အခြားလာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ဖွားပူဇော်ခြင်း၊ လာဘ,ဓနဆိုင်ရာ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားပါလိမ့်မည်။

အထူးမှာ (၁၁-၇-၂၀၁၇).ည(၉း၅၇း၀၇)နာရီမှ (၁၂-၇-၂၀၁၇) ည(၁၁း၃၆း၁၂)နာရီအတွင်း တို့ထွင် စန်း (ခေါ်) တနလာ်ဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းကြောင့် ဖြတ်ကျော်စီးနင်းနေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၁၂-၇-၂၀၁၇) ည(၈း၂၁း၀၇)နာရီမှ (၉း၀၇း၀၈)နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၂-၇-၂၀၁၇) နံနက်(၂း၀၄း၄၄)နာရီမှ (၂း၅၆း၂၂)နာရီအတွင်းတို့တွင် လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ဖွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများ ဧကန်ခံစားကြရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၇)ခုနှစ်၊ ဇူလိုင်လအတွင်း

ဧရာဝတီမြို့နယ်ထဲတွင်ရှိသော မူနာအာဇာနည်ပျဉ်းပြင်ကားများ

ထွက်ခွာချိန်	စုဝင်ချိန်	ရုပ်
၁၁း၁၀း၁၀	၁၂း၀၀း၀၀	၁
၁၁း၁၀း၂၀	၁၂း၀၀း၂၀	၂
၁၁း၁၀း၃၀	၁၂း၀၀း၃၀	၃
၁၁း၁၀း၄၀	၁၂း၀၀း၄၀	၄
၁၁း၁၀း၅၀	၁၂း၀၀း၅၀	၅
၁၁း၂၀း၀၀	၁၂း၁၀း၀၀	၆
၁၁း၂၀း၁၀	၁၂း၁၀း၁၀	၇
၁၁း၂၀း၂၀	၁၂း၁၀း၂၀	၈
၁၁း၂၀း၃၀	၁၂း၁၀း၃၀	၉
၁၁း၂၀း၄၀	၁၂း၁၀း၄၀	၁၀
၁၁း၂၀း၅၀	၁၂း၁၀း၅၀	၁၁
၁၁း၃၀း၀၀	၁၂း၂၀း၀၀	၁၂
၁၁း၃၀း၁၀	၁၂း၂၀း၁၀	၁၃
၁၁း၃၀း၂၀	၁၂း၂၀း၂၀	၁၄
၁၁း၃၀း၃၀	၁၂း၂၀း၃၀	၁၅
၁၁း၃၀း၄၀	၁၂း၂၀း၄၀	၁၆
၁၁း၃၀း၅၀	၁၂း၂၀း၅၀	၁၇
၁၁း၄၀း၀၀	၁၂း၃၀း၀၀	၁၈
၁၁း၄၀း၁၀	၁၂း၃၀း၁၀	၁၉
၁၁း၄၀း၂၀	၁၂း၃၀း၂၀	၂၀
၁၁း၄၀း၃၀	၁၂း၃၀း၃၀	၂၁
၁၁း၄၀း၄၀	၁၂း၃၀း၄၀	၂၂
၁၁း၄၀း၅၀	၁၂း၃၀း၅၀	၂၃
၁၁း၅၀း၀၀	၁၂း၄၀း၀၀	၂၄
၁၁း၅၀း၁၀	၁၂း၄၀း၁၀	၂၅
၁၁း၅၀း၂၀	၁၂း၄၀း၂၀	၂၆
၁၁း၅၀း၃၀	၁၂း၄၀း၃၀	၂၇
၁၁း၅၀း၄၀	၁၂း၄၀း၄၀	၂၈
၁၁း၅၀း၅၀	၁၂း၄၀း၅၀	၂၉
၁၂း၀၀း၀၀	၁၂း၅၀း၀၀	၃၀

(၂၀၁၇)ခုနှစ်၊ ဇူလိုင်လအတွင်း

ဧရာဝတီမြို့နယ်ထဲတွင်ရှိသော ဘဝပြောင်းကားများ

ထွက်ခွာချိန်	စုဝင်ချိန်	ရုပ်
၁၁း၁၀း၁၀	၁၂း၀၀း၀၀	၁
၁၁း၁၀း၂၀	၁၂း၀၀း၂၀	၂
၁၁း၁၀း၃၀	၁၂း၀၀း၃၀	၃
၁၁း၁၀း၄၀	၁၂း၀၀း၄၀	၄
၁၁း၁၀း၅၀	၁၂း၀၀း၅၀	၅
၁၁း၂၀း၀၀	၁၂း၁၀း၀၀	၆
၁၁း၂၀း၁၀	၁၂း၁၀း၁၀	၇
၁၁း၂၀း၂၀	၁၂း၁၀း၂၀	၈
၁၁း၂၀း၃၀	၁၂း၁၀း၃၀	၉
၁၁း၂၀း၄၀	၁၂း၁၀း၄၀	၁၀
၁၁း၂၀း၅၀	၁၂း၁၀း၅၀	၁၁
၁၁း၃၀း၀၀	၁၂း၂၀း၀၀	၁၂
၁၁း၃၀း၁၀	၁၂း၂၀း၁၀	၁၃
၁၁း၃၀း၂၀	၁၂း၂၀း၂၀	၁၄
၁၁း၃၀း၃၀	၁၂း၂၀း၃၀	၁၅
၁၁း၃၀း၄၀	၁၂း၂၀း၄၀	၁၆
၁၁း၃၀း၅၀	၁၂း၂၀း၅၀	၁၇
၁၁း၄၀း၀၀	၁၂း၃၀း၀၀	၁၈
၁၁း၄၀း၁၀	၁၂း၃၀း၁၀	၁၉
၁၁း၄၀း၂၀	၁၂း၃၀း၂၀	၂၀
၁၁း၄၀း၃၀	၁၂း၃၀း၃၀	၂၁
၁၁း၄၀း၄၀	၁၂း၃၀း၄၀	၂၂
၁၁း၄၀း၅၀	၁၂း၃၀း၅၀	၂၃
၁၁း၅၀း၀၀	၁၂း၄၀း၀၀	၂၄
၁၁း၅၀း၁၀	၁၂း၄၀း၁၀	၂၅
၁၁း၅၀း၂၀	၁၂း၄၀း၂၀	၂၆
၁၁း၅၀း၃၀	၁၂း၄၀း၃၀	၂၇
၁၁း၅၀း၄၀	၁၂း၄၀း၄၀	၂၈
၁၁း၅၀း၅၀	၁၂း၄၀း၅၀	၂၉
၁၂း၀၀း၀၀	၁၂း၅၀း၀၀	၃၀

www.burmeseclassic.com

ဗေဒင်ဝါသနာရှင်များ အချို့က 'ဂန္ဓိရမဂ္ဂဇင်းမှာ ဆရာရေးထားတဲ့ ဗေဒင်ဆောင်းပါးလေး ကြိုက်လို့ပါ ဆရာ' လို့ နိဒါန်းချီကာ မိတ်ဖွဲ့ကြပါသည်။

အချို့ကတော့ 'ဆရာ..ကျွန်မက ဂန္ဓိရမဂ္ဂဇင်း လစဉ်ဖတ်တဲ့ ဆရာ့ပရိသတ်ပါ ဆရာ' ဆိုပြီး မိတ်ဖွဲ့နှုတ်ဆက်ကြပါသည်။ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး ခင်မင်မှု ဖလှယ်ကြသည်က များပါသည်။

အချို့ကျတော့ 'အဆင်ပြေရင် ဆရာနဲ့ တွေ့ချင်ပါတယ် ဆရာ' လို့ တွေ့ခွင့်တောင်းပါသည်။

ထိုသို့ တွေ့လိုသူများကို လက်ုန်ခါနီးတိုင်း ဂန္ဓိရမဂ္ဂဇင်းတိုက်သို့ ဆရာ ပုံမှန်ရောက်ကြောင်း ပြောပြပြီး တွေ့လိုသူအိမ် (သို့မဟုတ်) သင့်တော်ရာတွင် ချိန်းချက်တွေ့ဆုံလေ့ ရှိပါသည်။

ဗေဒင်မေးချင်လို့ တွေ့လိုကြသလို ဗေဒင်ဆွေးနွေးချင်လို့ လာတွေ့ကြသူများလည်း ရှိပါသည်။

(၂၆-၁-၂၀၁၇) ကြာသပတေးနေ့မှာ ရန်ကုန်ရောက်တော့ ပထမဆုံး ရောက်လာသူ နှစ်ဦးက စာရေးသူရဲ့ အစ်မကြီးအရွယ် နှစ်ယောက်ပါ။ သူတို့သည် ဗေဒင်ဝါသနာရှင်များ ဖြစ်ပါသည်။ သို့သော် မေးဖို့မဟုတ်၊ ဟောဖို့ ဖြစ်ပါသည်။

ဆရာကံထူး
(ဝေဒသုတေသီ)

ဘဝဆိုတာ ကံတူအကျိုးပေးပါ

www.burmeseclassic.com

www.burmeseclassic.com

ခံတွဲ့စကား ပြောကြရင်းပင် တက်ရောက်သင်ယူ သင်တန်းများ၊ ဆရာများ အကြောင်းကိုလည်း ပြောဖြစ်ကြပါသည်။ စာရေးသူထက် အဆရာထောင် တဲ့ ဆရာကြီးတွေဆီမှာ သင်ယူလာသူတွေမို့ စာ မှန်တာပြောရင် ဆရာ မလုပ်ရဲပါ။

ထို့ကြောင့် ဆရာဆိုတဲ့ ဝေါဟာရကိုပင် မသုံးဘဲ "ဦးကျော်က အဲလောက် မတွက်တတ်ပါဘူးဗျာ" လို့ ပြောလာ အကာအကွယ် လုပ်ထားပါသည်။

"ခုခေတ်မှာက ဆော့ဖ်ဝဲတွေ အသင့်ရှိနေပြီဆိုတော့ ဆရာရေ၊ ပင်ပန်းခံ တွက်နေဖို့ မလိုတော့ပါဘူး။ တွက် တတ်ဖို့ထက် ဟောတတ်ဖို့က ပိုအရေးကြီးပါတယ်" လို့ ပြောဆိုကာ တစ်ယောက်က စာရေးသူ အားရှိအောင် အားပေး၏။ မတွက်တတ်လည်း ကိစ္စမရှိ၊ ဟောတတ်ဖို့ပဲ လိုတယ်ဆိုတဲ့သဘော ဖြစ်ပါသည်။

အခြားတစ်ယောက်ကတော့ "ဟယ်..နင်ကလည်း၊ တွေ့တတ်ရင် တကယ်လို့ ဆော့ဖ်ဝဲ မှားနေရင် နင် အယ်လိုလုပ်သိမလဲ" ဆိုပြီး တွက်တတ်ဖို့လည်း လို ကြောင်း၊ အတွက်ကလည်း အရေးကြီးကြောင်း တွက် နည်းသင်တဲ့ ဆရာသမားတွေကို အားနာပါးနာနှင့် ကာ ကွယ်ပါသည်။

"ဒေါ်တင် ပြောတာ မှန်တယ် ဒေါ်ညွှန့်ရဲ့" လို့ ပြော ဆိုထောက်ခံပြီး တစ်ခါတစ်ရံမှာ ဆော့ဖ်ဝဲလည်းပဲ မှား တတ်ကြောင်း ရှင်းပြလိုက်ပါသည်။ အဲလိုမျိုး ဆော့ဖ်ဝဲ မှားလို့ ဇာတာများနေရင် သိန်းငိုတဲ့ အမှား၊ အမှန် စစ်ဆေး နည်းများကိုလည်း ပညာပါရမီအဖြစ် ရှင်းပြပေးလိုက်ပါ သည်။

ဗေဒင်ပညာအကြောင်းလည်း ပြောဆိုဆွေးနွေး၊ သူ တို့ ယူလာတဲ့ စားစရာတွေလည်းစား၊ စာရေးသူ ယူလာ တဲ့ ကျုံပျော်လက်ဆောင် ငှက်ပျောကြော်လည်း ဝါးရင်း ဉာဏ်ပူဇော်ခဟုဆိုကာ စာအိတ်လေး လှမ်းပေး၏။

"နည်းတယ်၊ များတယ် သဘောမထားပါနဲ့ ဆရာ ရယ်" ဆိုတော့ ငြင်းမနေတော့ဘဲ လက်ခံလိုက်ပါသည်။

နောက်လများမှာလည်း တွေ့ဆုံကြမည့်အကြောင်း ပြောနေစဉ်မှာပင် ဖုန်းဝင်လာ၍ စာရေးသူ ဖုန်းလက်ခံ လိုက်ပါသည်။

"ဟဲလို..အမိန့်ရှိပါခင်ဗျာ"

"ဟုတ်..ဆရာ၊ ကျွန်တော် ကျုံပျော်မှာ လာတွေ့ မလို့ ဖုန်းလှမ်းဆက်ထားတဲ့ ဦးချိုပါ ဆရာ"

"သြော်..ဟုတ်ကဲ့ပါ၊ လာခဲ့လေ"

စာရေးသူ ရန်ကုန်မရောက်ခင် တစ်ပတ်လောက်က ပင် ဖုန်းဆက်ပြီး ကျုံပျော်မြို့သို့ သူကားနှင့် လာတွေ့ဖို့ ပြောပါသည်။

စာရေးသူက "ခရီလည်းကုန်မယ်၊ လူလည်းပန်းမယ်၊ ငွေကုန် လူပန်းခံပြီး လာမနေပါနဲ့ဗျာ။ နောက်အပတ်ဆို ရန်ကုန်ရောက်ပါပြီ" လို့ ပြောထားတဲ့အတွက် စောင့်နေသူ ဖြစ်ပါသည်။

အိုးဘိုရပ်ကွက်တွင် နေသည်မို့ စာရေးသူ တည်းခိုတဲ့ ပျော်ဘွယ်ကြီးကျောင်းနှင့်လည်း နီးပါသည်။ သိလည်း သိပြီးသားမို့ လိုတိုရှင်းပြောပြီး ချိန်းလိုက်ခြင်း ဖြစ်ပါ သည်။ ခဏဆို ဦးချို ရောက်လာ၏။

တွေ့တွေ့ချင်းပင် "ဆရာ..မင်္ဂလာပါ" လို့ နှုတ်ဆက် လာ၍ အလိုက်သင့်ပင် "ဟုတ်၊ မင်္ဂလာပါ ဆရာ" ဟု နှုတ်ဆက်လိုက်ပါသည်။

ထိုင်ပြီးသည်နှင့် ဦးချို ဉာဏ်ပူဇော်ခ ထုတ်ပေး၏။ ပြီးတော့ ဖုန်းထဲ အသင့်ထည့်ထားတဲ့ သူဇာတာကို ဖွင့်ပြ ပါသည်။ ဗေဒင်ဆော့ဖ်ဝဲတောင် ဖုန်းထဲ ထည့်ထားက တည်းက သာမန်ဗေဒင်ဝါသနာရှင် မဟုတ်သည်ကို စာ ရေးသူ ရိပ်မိပါသည်။ ဦးချိုလည်း စာရေးသူ တစ်မျိုး ထင်မှာ စိုးဟန်တူ၏။

"ကျွန်တော်က ဟောမစားပါ ဆရာ၊ လေ့လာရုံပါ" ဟု ဆိုပါသည်။

"ရပါတယ် ဆရာရယ်၊ ဟောစားလည်း ဘာမှမဖြစ် ဘူး။ ပင်လယ်ရေ တစ်ယောက်တည်း သောက်လို့ မကုန် ပါဘူးဗျာ" လို့ စာရေးသူ စိတ်ရင်းအတိုင်း ပြောလိုက် ပါသည်။

ဤသို့နှင့် စကားတပြောပြောပင် သူဇာတာကို နမူနာ ထားကာ ဗေဒင်ပညာ ဆွေးနွေးဖလှယ်ကြပါသည်။

"ဆရာက အချို့ဆရာတွေလို ပြီးခါနီးကျမှ ဖျောက် ထားတာ၊ ပညာဝှက်ထားတာ၊ ပိုရွှပ်အောင် လုပ်ထား ခဲ့တာမျိုး မရှိဘူး။ ရှင်းနေတာပဲ။ ဒါကြောင့် ကျွန်တော် ဆရာ့ဆောင်းပါးတွေကို သဘောကျတယ်။ အသေအချာ ကို ဖတ်ပါတယ်" လို့ စကားခံပြီး သိချင်တာလေးတွေ

www.burmeseclassic.com

မေးပါသည်။

စာရေးသူလည်း မိမိတတ်သလောက်ကို အသေအချာ ရှင်းပြပါသည်။

'လုပ်ပါဦး ဆရာရယ်၊ ကျွန်တော့်ဇာတာလေးကို ဆရာမြင့်တဲ့အတိုင်း ဟောပေးပါဦး' ဆိုလာ၍ သူပြောတဲ့အတိုင်း စာရွက်ပေါ်တွင် ချရေးလိုက်သောအခါ အောက်ပါအတိုင်း ပေါ်လာပါသည်။



မေထုန်လဂ်၊ မေထုန်စန်း၊ အင်္ဂါနိစ်၊ ဗုဒ္ဓဟူး ကသစ်ပါ။ (၃)တန့်သခင် တနင်္ဂနွေ (၁၂)တန့် ဗျယဘာဝ၌ ရပ်တည်ခြင်း၊ ပထနီဘာဝသခင်လည်းဖြစ်ပြီး ကမ္မဘာဝသခင်လည်းဖြစ်တဲ့ ကြောသစတေး အာရီဘာဝ၌ ရပ်တည်ခြင်းကြောင့် ဇာတာသန့်စင်မှု အားနည်းပါသည်။

နဝင်းစက် လှမ်းကြည့်လိုက်တော့ ကုမ်လဂ်၊ မိဿစန်း၊ တနင်္ဂနွေ ကသစ်နဝင်း၊ ကြောသပတေး ဥစ်နဝင်း၊ သောကြာ နိစ်နဝင်း၊ စနေ ပြနဝင်း၊ ရာဟုနှင့် ကိတ်က ဥစ်နဝင်း စီးထားပါသည်။ ရာသီလဂ်သခင် ဗုဒ္ဓဟူး ကသစ်စံနေတော့ ပထမအရွယ်နှင့် ဒုတိယအရွယ်မှာ တင့်တင့်တယ်တယ် ရှိနေခဲ့တတ်၏။ ထိုအတိုင်း ဟောလိုက်ရာ 'မှန်ပါတယ် ဆရာ' ဟု ဆိုပါသည်။

နဝင်းလဂ်သခင် စနေ ပြခံပြီး (၆)တန့် (နဝင်းတွင် အတန့်ဘာဝ ရေတွက်ရိုး မရှိသော်လည်း နားလည်လွယ်အောင် သုံးနှုန်းလိုက်ပါသည်) အာရီဘာဝ၌ ရပ်တည်နေသည်မို့ တတိယအရွယ် ရောက်လာတဲ့ခါ ဘဝတောက်ပြောင်မှု မှေးမှိန်လာတတ်ပါသည်။ ထိုအတိုင်း ဟောလိုက်ရာ ခေါင်းညိတ်ပြီး 'ဟုတ်တာပေါ့ ဆရာ' ဟု ဆို၏။

'ဘဝရဲ့ အဓိကကျတဲ့ အချစ်၊ ငွေကြေး၊ မိခင်၊ စိတ်ကူးစိတ်သန်း၊ သွေးကို ကိုယ်စားပြုတဲ့ တနင်္လာဂြိုဟ်က လဂ်နှင့်ပူးပြီး ရန်ရာသီမှာ ရပ်တည်နေ၏။ အဆိုပါ အရာများအားလုံး အားနည်းနေမှာ သေချာ၏။ ဘယ်လိုမှ စိတ်တိုင်းမကျနိုင်။ ဒါ့ကြောင့် ဆရာ့ဘဝမှာ အချစ်ရေးက စိတ်တိုင်းကျနိုင်မယ် မထင်ပါဘူးလို့ ခပ်အေးအေးလေး ဟောလိုက်ပါသည်။

ခေါင်းကုတ်ပြီး အဖြေပေး၏။ 'သိပ်မှန်တာပေါ့ ဆရာ' တဲ့။ ပြီးတော့ ဇနီးအကြောင်း ရင်ဖွင့်ဖို့ လုပ်လာပါသည်။ သူ့ရင်ထဲက ခံစားချက်ဟာ အချစ်ရေး မဟုတ်ဘဲ အိမ်ထောင်ရေး ဖြစ်နေ၍ စာရေးသူက 'နေပါဦး၊ အဲဒါက အိမ်ထောင်ရေးပါ' ဟု ဆိုကာ ကောဇာကို ကြည့်လိုက်ပါသည်။

(၂၆-၁-၂၀၁၇)နေ့ကစပြီး စနေဂြိုဟ်သည် ဦးချို၏ အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာဝသို့ ရောက်ရှိနေပါသည်။ မူလဇာတာမှာလည်းပဲ- စနေက ပထနီဘာဝ၌ ရပ်တည်နေ၏။ ထို့ကြောင့် ပထနီဘာဝတွင် စနေကို စနေစီးနေပါသည်။ အချစ်ဦး စနေမဟုတ်ပေမယ့် နှစ်ဦး စနေက ဦးချို့အား ကြိုဆိုနေတော့၏။

နှစ်ဦးစနေ မီးလို မွေ့ဦးမလားလေလို့ ရယ်စရာသဘော ဟာသသံနှောကာ ဆိုပြလိုက်ပါသည်။ သဘောကျဟန်တူ၏၊ တခစ်ခစ် ရယ်သံထွက်လာ၏။

မှန်၏၊ ဤသို့ ကြိုလာလျှင် အိမ်ထောင်ရေးမှာ မရှင်ပျံနိုင်တော့ သေချာပါသည်။ ငယ်ရွယ်သူများဆိုပါက အခန့်မသင့်လျှင် ကွဲသွားတတ်၏။

'ဦးချို့တို့က တတိယအရွယ်ဆိုတော့ မကွဲလောက်ပါဘူးဗျာ' လို့ ဟောကိန်းထုတ်လိုက်ပါသည်။

'ကွဲတော့ မကွဲသေးဘူး ဆရာ၊ ဒါပေမဲ့ သူက ကျွန်တော့်ကို စကားမပြောဘူး' ဟု ဖြေပါသည်။

'နှစ်နှစ်နဲ့ ခြောက်လအတွင်း နည်းနည်းတော့ သဘီထားပေါ့ ဆရာ' လို့ စေတနာစကား ဆိုလိုက်ပါသည်။

'ဒါနဲ့ နေပါဦး၊ ဆရာမိန်းမဇာတာကော သိလား' လို့ စာရေးသူ မေးလိုက်တော့ ဖုန်းဖွင့်ပြီး ဇာတာပုံကို ပြပါသည်။

စာရေးသူက စာရွက်တွင် ချရေးထားလိုက်ရာ အောက်ပါအတိုင်း ပေါ်လာပါသည်။



www.burmeseclassic.com



ထားသစ်ပါ။ ကုစ္ဆန်းဆိုကတည်းက ရန်ရာသီမှာ စန်းရပ်တည်နေတာမို့ သူလည်း ဦးချိုကဲ့သို့ပင် အချစ်ရေး စိတ်တိုင်းမကျနိုင်ပါ။ စိတ်တိုင်းမကျတဲ့ အချစ်ကို ပိုင်ဆိုင်တဲ့ ဇာတာရှင်နှစ်ဦး တွေ့အောင် ဖူးစာရေးနတ်က အကျိုးဆောင်ပေးထားပါသည်။ စိတ်တိုင်းကျအောင် ဖန်တီးလို့ ရှိုးမရှိပေ။ ဤသို့ နှစ်ယောက်လုံး စိတ်တိုင်းမကျတဲ့ အချစ်နှင့် ဆုံတွေ့ရခြင်းသည် ကံတူအကျိုးပေးပင် ဖြစ်ပါသည်။

ဒီတစ်ယောက် စိတ်တိုင်းမကျနိုင်လို့ အခြားတစ်ယောက် ဖန်တီးလျှင် နောက်တစ်ယောက်လည်း ထိုနည်းလည်းကောင်းပင် စိတ်တိုင်းမကျနိုင်ပါ။ ကျနိုင်သည်ဟု ဆိုလျှင် သူကံဇာတာ မှားသွားပေတော့မည်။ ထို့ကြောင့် ငါ့မှာကိုက စိတ်တိုင်းမကျတဲ့ အချစ်မျိုးနှင့် တွေ့ရမယ့်ကံ ပါနေတာပါလို့ သိထားဖို့သာ အရေးကြီးပါသည်။

သိထားလျှင် သတိဖြစ်၍ သတိကြောင့်ပင် အသိပြန်ဖြစ်ရကား စိတ်တိုင်းမကျခြင်း သက်သာ၍ စိတ်တိုင်းကျခြင်းဘက်သို့ ဦးတည်သွားနိုင်ပေသည်။ ထိုသို့ ဦးတည်သွားခြင်းသည် ယတြာလွန်မြောက်ခြင်းပင် ဖြစ်ပါသည်။ အခြားနည်းလမ်းဖြင့် ယတြာလုပ်လျှင် ဘာညာသာရကာ အပလာပဲ ဖြစ်ဖို့များပါသည်။ ယတြာအစစ် မဖြစ်နိုင်ပါ။

အာယ်ကြောင့်ဆိုသော် ဗေဒင်ဆရာသည် လူတစ်ယောက်ရဲ့ ကံဇာတာ (သို့မဟုတ်) ကံကြမ္မာကို ပြောင်းပေးနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ဂဏိတဗေဒင်ဖြင့် မူလကံဇာတာကို တွက်ထုတ်နိုင်၏။ ဖလိတသာဖြင့် ဟောနိုင်၏။ သံဟိတပညာဖြင့် ကောဇာဂြိုဟ်ကြောင့် ဖြစ်ပေါ်မည့် ဆိုးကျိုးဆိုးပြစ်များကို ဖယ်ရှားနိုင်၏။ မူလကံဇာတာကိုမူ သံဟိတပညာဖြင့် မဖယ်ရှားနိုင်ပေ။

ဆက်ဦးအံ့။ ဦးချိုဇာတာတွင် ပထနိဘာဝသခင်လည်း ဟုတ်၊ ကမ္မဘာဝသခင်လည်း ဟုတ်တဲ့ ကြာသပတေးသည် အာရိဘာဝ၌ ရပ်တည်၏။ ထို့အတူပင် ဇနီးဇာတာ၌လည်း ပထနိဘာဝသခင်လည်း ဟုတ်၊ မရဏဘာဝသခင်လည်း ဟုတ်တဲ့ စနေဂြိုဟ်သည် အာရိဘာဝ၌ ရပ်တည်နေပါသည်။

နှစ်ယောက်လုံး ဇာတာမှာ အိမ်ထောင်ရေးဆိုင်ရာ ပထနိဘာဝ သခင်ဂြိုဟ်များ အာရိဘာဝမှာ ရပ်တည်နေတော့ အိမ်ထောင်ရေး၊ အိမ်ထောင်ဖက် နှင့်ပတ်သက်လာလျှင် ဆန့်ကျင်ဘက် ရန်သူအသွင် ဆောင်နေမှာ သေချာ၏။ အပြန်အလှန် မခံချင်စိတ်တွေ ထကြွနေပေမည်။ ဤသို့ မတည့်အတူနေရခြင်းသည်လည်း နှစ်ဦးလုံးရဲ့ ကံတူအကျိုးပေးပင် ဖြစ်ပါသည်။ လွဲဖယ်၍ မရနိုင်ပေ။

တစ်ဖန် ဦးချိုဇာတာတွင် ကောဇာစနေက ပထနိဘာဝနှင့် ယင်းဘာဝရှိ မူလစနေကို (၂၆-၁-၂၀၁၇)က စပြီး စီးနင်းထား၏။ ကာလအားဖြင့် (၂)နှစ် (၆)လ ကြာမြင့်ပေမည်။ ထို့အတူ ဇနီးဇာတာ၌လည်း အာရိဘာဝတွင် ရပ်တည်နေတဲ့ မူလစနေကို ကောဇာစနေက စီးနင်းထားပါသည်။ အာရိနှင့် ပထနိသာ ကွာ၏။ စနေစီးခြင်းတူပါသည်။ ကံတူအကျိုးပေးပင် မဟုတ်ပေလော။

ဒသာကို ကြည့်လိုက်ပြန်တော့လည်း ဦးချိုဇာတာတွင် သော်ကြာထူလဒသာ စားနေသည်ကို တွေ့ရ၏။ သောကြာပိုင်အိမ်သည် ပြိဿရာသီနှင့် တူရာသီ ဖြစ်ပါသည်။ ပြိဿရာသီသည် မေထုန်လဂ်မှ ထောက်လျှင် (၁၂)တန့် ဗျယဘာဝ ဖြစ်ပါသည်။ တူရာသီကတော့ မေထုန်လဂ်မှထောက်လျှင် (၅)တန့် ပုတ္တရဘာဝ ဖြစ်ပါသည်။ ဗျယထူလဟုလည်း ဆိုနိုင်၏။ ပုတ္တရထူလဟုလည်း ဆိုနိုင်ပါသည်။

ရပ်တည်ဘာဝကို စစ်ဆေးကြည့်သောအခါ ကုဋုမ္ဗဘာဝ ဖြစ်နေပါသည်။ ကိတ်ထူလဒသာ စားစဉ်က လုပ်ငန်းကိုင်တာ ကောင်းခဲ့၍ စုမိဆောင်းမိခဲ့သမျှ ငွေကြေးဓနတို့သည် သားရေး၊သမီးရေး၊ ပညာရေး၊ ငွေကြေးကိစ္စများကြောင့် တမြည့်မြည့် ကုန်နေတတ်တဲ့ ကာလဟု ဆိုချင်ပါသည်။

သားသမီး ပညာရေးကြောင့် ကုန်တတ်သလို ငွေ

www.burmeseclassic.com

ကြေးရလိမ့်မှု၊ ငွေကြေးအစုရှယ်ယာ ဝယ်ယူမှုတို့ကြောင့်လည်း ကုန်ခန်းဆုံးရှုံးနိုင်၏။ ထိုသို့ အမြင်အတိုင်း ဟော်ကြည့်ရာ မသိမသာ မှန်ကန်နေပါသည်။ တစ်ဖန် ဇနီးဇာတာရဲ့ ဒသာကို စစ်ဆေးကြည့်ပြန်ရာ ဗုဒ္ဓဟူးထူလ ဒသာ စားနေသည်ကို တွေ့ရပြန်ပါသည်။ ဗုဒ္ဓဟူးဝိုင်အိမ်သည် မေထုန်ရာသီနှင့် ကန်ရာသီခွင် ဖြစ်ပါသည်။

မေထုန်ရာသီသည် ကရကဋ်လဂ်မှ ထောက်လျှင် (၁၂)တန့် ဗျယဘာဝ ဖြစ်နေ၏။ ကန်ရာသီကတော့ (၃) တန့် သဟဇာဝ ဖြစ်ပါသည်။ ဗျယထူလဒသာဟုလည်း ဆိုနိုင်သလို သဟဇထူလဒသာဟုလည်း ဆိုနိုင်ပါသည်။ တဖြည်းဖြည်း ဇွဲ၊ လုံ့လ၊ ဝီရိယ ကျဆင်းနေတတ်၏။ ဘဝအတွက် အက်တစ်မဖြစ်နိုင်တဲ့ ကာလဟု ဆိုရပေမည်။

တစ်ဦးက ငွေကြေး တမြည့်မြည့်ကုန်နေပြီး တစ်ဦးက ဝီရိယကျဆင်းနေမည်။ ပြောလိုရင်းကား နှစ်ယောက်လုံး ဗျယထူလဒသာချည်း တူနေကြပေသည်။ ထို့ကြောင့် ကံတူအကျိုးပေးပင် ဖြစ်ပါသည်။ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဘာဝ၊ ဒသာစား အားလုံး ကံတူအကျိုးပေး ဖြစ်နေသည်ကို တွေ့ရ၏။

ဒသာဂြိုဟ်ကတော့ နှစ်ယောက်လုံး သောမဂြိုဟ်ချည်း ဖြစ်ပါသည်။ သောမဂြိုဟ်သည် သောမ၏သဘောကို မစွန့်ပေ။ ထို့ကြောင့် ဆိုးကျိုးပေးလည်း သက်သာနိုင်ပါသည်။ အကယ်၍သာ စနေထူလဒသာချည်း တူနေခဲ့ပါမူကား စနေကိုလည်း စနေစီးထားသောကြောင့် *'တစ်ဆိတ်မျှ မှိတ်မပြေတယ်၊ စိတ်ထွေထွေ ယောင်ယမ်း၊ ကြိတ်လေလေ လောင်ကျွမ်းလို့၊ မောင်မချမ်းပုပ်'* ဆိုတဲ့ အပိုဒ်ကို စဆိုပြရပေတော့မည်။

ဒုတိယအနေဖြင့် *'ကြေးငွေကျ ကုန်တာမှာ သုံးဆယ်ရာထောင်သောင်းပလေး'* ဆိုတဲ့ အပိုဒ်ကို ထပ်ဆိုပြပြီး နောက်ဆုံးအနေဖြင့် *'မသေဆို ထူးတဲ့ ကံဆန်း'* လို့ ရွတ်ပြသင့်တော့၏။ ခုတော့ စနေစီးနေသော်လည်း ဗျယထူလဒသာပင် ဖြစ်လင့်ကစား သောမဂြိုဟ်ဆိုတဲ့ ဂုဏ်ပုဒ်လေးကို ထောက်ဆကာ လျှော့ပေါ့ဟောလိုက်ပါသည်။

'ဆရာ့မှာ စုငွေတွေ တမြည့်မြည့် ကုန်လာတတ်ပြီး ဇနီးကတော့ မလုပ်ချင်မကိုင်ချင် ဖြစ်လာတတ်ပါတယ်။ နည်းနည်းလေး သတိထားပေါ့ဗျာ' လို့ ပြောပြလိုက်ပါသည်။

ဦးချို နည်းနည်းလေး အတွေးဝင်သွားဟန် တူ၏။ ဟုတ်ပါ့ ဆရာရယ်ဆိုပြီး သံသေသံထားရော မျက်နှာပါလေးတွဲသွားပါသည်။

ကံတူအကျိုးပေးဆိုတဲ့ ခေါင်းစီးအောက်မှာ စာရေးသူ ပြောချင်တာက ဦးချိုတို့ကဲ့သို့ပင် ကံတူအကျိုးပေးနေကြရသည့် မိသားစုများစွာ ရှိပါသည်။ ထိုသို့ ကံတူအကျိုးပေး တစ်မိသားစုလုံး တစ်ပြိုင်တည်း ဗေဒင်မေးလျှင် 'ဟာ..တစ်ယောက်မှကို ကောင်းတာမရှိဘူး။ ဗေဒင်ပညာနဲ့ ဗေဒင်ဆရာ ဟုတ်မှ ဟုတ်သေးရဲ့လား' လို့ သံသယဝင်တတ်ပါသည်။

ဗေဒင်ဆရာ စားပေါက်ထွင်တာ မဟုတ်ပါဘူး။ ကံတူအကျိုးပေး စုနေကြခြင်းသာ ဖြစ်ပါသည်။ ကံတူအကျိုးပေးဖြစ်တတ်တဲ့ သဘောကို ဗေဒင်ပညာအရ ဗေဒင်ဆရာက ဖော်ထုတ်ပြခြင်း ဖြစ်ပါသည်။ ကံတူအကျိုးပေး ဖြစ်တတ်တဲ့ သဘောကို နားလည်ထားသင့်၏။ နားလည်စေချင်ပါသည်။

နားလည်ထားလျှင် ကြိုတင်ဆင်ခြင်နိုင်ခွင့် ရှိပါသည်။ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ အသိ၊ သတိဖြင့် နေထိုင်ပါက အစနားတွင် ဆိုခဲ့သည့်အတိုင်း အသိ၊ သတိကြောင့် ဆိုးကျိုးဒုက္ခမှ သက်သာနိုင်၏။ ကောင်းစွာနေသည့်အပြင် ကောင်းမှုလည်း လုပ်ဖြစ်ပါမူကား ဆိုးကျိုးဒုက္ခ လုံးဝမကျရောက်ဘဲ လွန်မြောက်သွားနိုင်ပါသည်။

ထိုသို့ လွန်မြောက်သွားခြင်းသည်ပင်လျှင် ဗေဒင်ပညာအရ ဆရာပေးတဲ့ ယတြာပင်တည်း။ အကယ်၍ ကံတူအကျိုးပေး ဖြစ်နေခဲ့လျှင် ဗေဒင်ပညာအရ ဗေဒင်ဆရာ ပေးအပ်တဲ့ အသိ၊ သတိဖြင့် ဆိုးကျိုးကို ပယ်ဖျက်နိုင်ကြောင်း တင်ပြရင်း..။

ဂန္ဓီရပရိသတ်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေရာ

ဆရာကံထူး(ဝေဒသုတေသီ)

ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၅၃

<u>ဝန်ခံချက်</u>

ကာယကံရှင်ဆန္ဒအရ နေရာဒေသနှင့် အမည်နာမကို လွှဲထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နလုံးသုခ သွေးသန့်အားတိုးဆေး

နလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နလုံးစူးအောင့်ခြင်း၊ နလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နလုံးနောက်သူများ- သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးဒကာင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ပက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ဖြန့်ချိရေး
မော်လမြိုင်ပြန်ချိရေး - ဖဒဂ(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝ၅၇-၂၁၈၃၆

အကြောသုခ ဒဏ်ကြွေလိမ်းဆေး

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအသစ်)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံခြင်း၊ ဇက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်ရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ဖြန့်ချိရေး
မော်လမြိုင်ပြန်ချိရေး - ဖဒဂ(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝ၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၇]ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဟော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

☼ ☼ ☼ ဆရာကံထူး(ဝေဒသုတောသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန်ကုသိုလ်၊ အကုသိုလ်လောကခံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပဉ္စင်္ဖြစ်ပါသည်။ အတိတ်ကံကောတ်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက်ဖြူရတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့သွစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာ့မဒီရိယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ ့ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ ့ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရာကြည့်ရုံဖြင့် သေားတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပို့က်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဧနုဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ဗြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရဋ်ကဋ်
၁၆း၁၀ - ၁၈း၁၀	သိဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၀း၄၅ - ၀း၄၅	မိသ
၀း၄၅ - ၀၉း၄၅	ဗြိသ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အထွေး

မွေးချိန်	လင်္ဂ
၇း၂၅ - ၈း၂၅	ပြိဿ
၈း၂၅ - ၉း၂၅	မေထုန်
၉း၂၅ - ၁၀း၂၅	ကရကဋ်
၁၀း၂၅ - ၁၁း၂၅	သိဟ်
၁၁း၂၅ - ၁၂း၂၅	ကန်
၁၂း၂၅ - ၁၃း၂၅	တူ
၁၃း၂၅ - ၁၄း၂၅	ဗြိစ္ဆာ
၁၄း၂၅ - ၁၅း၂၅	ဓနု
၁၅း၂၅ - ၂၀း၂၅	မကာရ
၂၀း၂၅ - ၂၁း၂၅	ကုမ်
၂၁း၂၅ - ၂၂း၂၅	မိန်
၂၂း၂၅ - ၂၃း၂၅	မိဿ
၂၃း၂၅ - ၂၄း၂၅	ပြိဿ

ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အထွေး

မွေးချိန်	လင်္ဂ
၇း၂၀ - ၈း၂၀	မေထုန်
၈း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၀း၂၀	သိဟ်
၁၀း၂၀ - ၁၁း၂၀	ကန်
၁၁း၂၀ - ၁၂း၂၀	တူ
၁၂း၂၀ - ၁၃း၂၀	ဗြိစ္ဆာ
၁၃း၂၀ - ၁၄း၂၀	ဓနု
၁၄း၂၀ - ၁၅း၂၀	မကာရ
၁၅း၂၀ - ၂၀း၂၀	ကုမ်
၂၀း၂၀ - ၂၁း၂၀	မိန်
၂၁း၂၀ - ၂၂း၂၀	မိဿ
၂၂း၂၀ - ၂၃း၂၀	ပြိဿ
၂၃း၂၀ - ၂၄း၂၀	မေထုန်

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အထွေး

မွေးချိန်	လင်္ဂ
၇း၁၀ - ၈း၁၀	ကရကဋ်
၈း၁၀ - ၉း၁၀	သိဟ်
၉း၁၀ - ၁၀း၁၀	ကန်
၁၀း၁၀ - ၁၁း၁၀	တူ
၁၁း၁၀ - ၁၂း၁၀	ဗြိစ္ဆာ
၁၂း၁၀ - ၁၃း၁၀	ဓနု
၁၃း၁၀ - ၁၄း၁၀	မကာရ
၁၄း၁၀ - ၁၅း၁၀	ကုမ်
၁၅း၁၀ - ၂၀း၁၀	မိန်
၂၀း၁၀ - ၂၁း၁၀	မိဿ
၂၁း၁၀ - ၂၂း၁၀	ပြိဿ
၂၂း၁၀ - ၂၃း၁၀	မေထုန်

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အထွေး

မွေးချိန်	လင်္ဂ
၇း၄၀ - ၈း၄၀	သိဟ်
၈း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၀း၄၀	တူ
၁၀း၄၀ - ၁၁း၄၀	ဗြိစ္ဆာ
၁၁း၄၀ - ၁၂း၄၀	ဓနု
၁၂း၄၀ - ၁၃း၄၀	မကာရ
၁၃း၄၀ - ၁၄း၄၀	ကုမ်
၁၄း၄၀ - ၁၅း၄၀	မိန်
၁၅း၄၀ - ၂၀း၄၀	မိဿ
၂၀း၄၀ - ၂၁း၄၀	ပြိဿ
၂၁း၄၀ - ၂၂း၄၀	မေထုန်
၂၂း၄၀ - ၂၃း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အထွေး

မွေးချိန်	လင်္ဂ
၇း၅၀ - ၈း၅၀	ကန်
၈း၅၀ - ၉း၅၀	တူ
၉း၅၀ - ၁၀း၅၀	ဗြိစ္ဆာ
၁၀း၅၀ - ၁၁း၅၀	ဓနု
၁၁း၅၀ - ၁၂း၅၀	မကာရ
၁၂း၅၀ - ၁၃း၅၀	ကုမ်
၁၃း၅၀ - ၁၄း၅၀	မိန်
၁၄း၅၀ - ၁၅း၅၀	မိဿ
၁၅း၅၀ - ၂၀း၅၀	ပြိဿ
၂၀း၅၀ - ၂၁း၅၀	မေထုန်
၂၁း၅၀ - ၂၂း၅၀	ကရကဋ်
၂၂း၅၀ - ၂၃း၅၀	သိဟ်
၂၃း၅၀ - ၂၄း၅၀	ကန်

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အထွေး

မွေးချိန်	လင်္ဂ
၇း၅၅ - ၈း၅၅	တူ
၈း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၁း၅၅	မကာရ
၁၁း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၃း၅၅	မိန်
၁၃း၅၅ - ၁၄း၅၅	မိဿ
၁၄း၅၅ - ၁၅း၅၅	ပြိဿ
၁၅း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၁း၅၅	ကရကဋ်
၂၁း၅၅ - ၂၂း၅၅	သိဟ်
၂၂း၅၅ - ၂၃း၅၅	ကန်

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အထွေး

မွေးချိန်	လင်္ဂ
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြိဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂၆း၅၅	သိဟ်
၂၆း၅၅ - ၂၈း၅၅	ကန်
၂၈း၅၅ - ၃၀း၅၅	တူ
၃၀း၅၅ - ၆း၅၅	ဗြိစ္ဆာ

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အထွေး

မွေးချိန်	လင်္ဂ
၆း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိဿ
၁၆း၅၅ - ၁၈း၅၅	ပြိဿ
၁၈း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၂၄း၅၅	သိဟ်
၂၄း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၆း၅၅	ဗြိစ္ဆာ

(၂၀၁၇)ခုနှစ်၊ ဇူလိုင်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

မိသလင် (Aries)

(၁၁)ရက်နေ့ထိ ဇွဲကောင်းနေပြီးမှ နေအိမ်နေရာဒေသနှင့် ပတ်သက်ပြီး စိတ်ဆင်းရဲရလို့ မလုပ်ချင် မကိုင်ချင်၊ စာမကျက်ချင် ဖြစ်သွားတတ်ပါသည်။ [illegible]ငှားလူငယ်များ ပညာရေးစိတ်ဝင်စားမှုရှိသော်[illegible]ည်း အကြင်နာသံယောဇဉ်ဘက် စိတ်ပြောင်းသွားတတ်[illegible]။ နေကြိုးဟ် လက်စွမ်းပြလို့ မှတ်ဉာဏ်အားနည်းနေ[illegible]တတ်ပါသည်။ ပညာရေးအခြေအနေ သိပ်မကောင်းနိုင်ပါ။ သို့သော် သင်ကိုယ်တိုင် ဇွဲကောင်းနေ၍ တစ်အားကြိုးလည်း မည့်ပါ။ ငွေကြေးကိစ္စများ (၁၇)ရက်နေ့နောက်ပိုင်း အဆင်ပြေသွားလိမ့်မည်။ အချစ်ရေး အဆင်ပြေနေမည်။ သို့သော် သင်ကိုယ်တိုင်က သံယောဇဉ်တွယ်ရမှာကို ကြောက်နေ၍ ဆင်ခြေများနေတတ်ပါသည်။ သားရေး သမီးရေး ရင်လေးစရာ မရှိပါ။ နိုင်ငံရပ်ခြား သွားလိုသူများ အဆင်မပြေနိုင်သေးပါ။ ရောက်နေပြီးသူများ ယခင်လများကထက် အဆင်ပြေနေမည်။ ယခင် အကြွေးဟောင်းကိစ္စကြောင့် စကားများရတတ်ပါသည်။ ဟာပဲ

www.burmeseclassic.com

www.burmeseclassic.com

ပြောပြော အတိုက်အခံတွေ့လာလျှင် မိမိ အနိုင်ရမည်။ အလုပ်အကိုင်အတွက်ဆို (၁၀၊ ၁၁)ရက်များကိုဆောင်၊ (၁၅၊ ၁၆)ရက်များကို ရှောင်ပါလေ။ အိမ်ထောင်ရေးကိစ္စဆိုလျှင် (၃၊ ၄)နှင့် (၃၀၊ ၃၁)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၃၊ ၁ ၆၊ ၂၊ ၈၊ ၉)ပါ။

ယတြာ - ကိုက်လန်ရွက်ကို ကြက်ဥနှင့်ကြော်ပြီး ဆွမ်းလောင်း၊ ကိုယ်လည်း စားပါ။ အဆင်ပြေလိမ့်မည်။

ပြဿဒါး (Taurus)

ဘဝက အဆင်ပြေသလိုလို စိုစိုပြေပြေ ရှိလာမည်။ မိမိရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်လည်း စိတ်အားထက်သန်နေမည်။ သို့သော် ရှေ့တစ်လှမ်းတိုးရမှာကို စိုးရိမ်ကြောက်ရွံ့နေတတ်ပါသည်။ မကြောက်ပါနှင့်၊ ရဲရဲသာ ရှေ့တိုးလိုက်ပါ။ ငွေကြေးကအစ အရာရာအဆင်ပြေသွားလိမ့်မည်။ အချစ်ရေး၊ ငွေကြေး၊ ပညာရေး၊ သားရေး သမီးရေး၊ တပည့်တပန်း၊ အောက်လက်ငယ်သားများ အကျိုးကို အပြည့်အဝ ခံစားရမည်။ ပြေလည်နေတဲ့ အိမ်ထောင်ရေးက ခုတော့ သိပ် အဆင်မပြေချင်ပါ။ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် ပညာသင်ယူတဲ့ ကျောင်းသားကျောင်းသူများ အကြင်နာသံယောဇဉ်ကြောင့် ပညာရေးမှာ မှန်းချက်မကိုက် ဖြစ်သွားတတ်ပါသည်။ အထူးသတိပေးချင်တာကတော့ ဖက်စပ်လုပ်ငန်းဆို ရှောင်ဖြစ်အောင် ရှောင်ပါလေ။ ငယ်ရွယ်သူ အိမ်ထောင်ရှင်များ ကွဲကွာသွားတတ်၍ အထူးသတိထားပါလေ။ ဘာပဲပြောပြော လက်ဆောင်ပဏ္ဏာရခြင်း၊ လာဘ်လာဘပေါများခြင်း ရှိနေမည်။ ငွေကြေး၊ အချစ်ရေးအတွက် (၁၊ ၂)နှင့် (၂၈၊ ၂၉)ရက်များကိုဆောင်၊ (၁၇၊ ၁၈)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၆၊ ၁၊ ၂၊ ၃၊ ၅)ပါ။

ယတြာ - သကြားလုံးဝယ်ပြီး မိမိထက် ငယ်သူများကို သက်စေ့ ဝေငှပေးလိုက်ပါ။ အဆင်ပြေလိမ့်မည်။

မေထုန်လဂ် (Gemini)

ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်

ထောင်ရေးများ ယခင်ထက်ပိုမိုကောင်းမွန်နေမည်။ အလုပ်မှ ထုတ်ပယ်ခံရလုလုတွင် ကြာသပတေး သားသမီးအကူအညီကြောင့် ပြန်လည်အဆင်ပြေသွားမည်။ ပညာရေးစိတ်ဝင်စားမှု အားကောင်းသော်လည်း တကယ့်တကယ် မကြိုးစားဖြစ်ပါ။ ရည်မှန်းချက်အတွက် ကိုယ်ရောစိတ်ပါ သွက်လက်နေမည်။ အတိုက်အခံ တွေ့မှာ သေချာ၏။ တွေ့လည်း ဂရုမစိုက်ပါနှင့်၊ အချိန်တန်လျှင် ကျော်လွှားနိုင်လိမ့်မည်။ ဆီးကျင်၊ ဆီးအောင့်ခြင်း၊ အင်္ဂါဇာတ် နာကျင်ခြင်းများ ဖြစ်ပေါ်ခံစားရတတ်ပါသည်။ ဆုံးရှုံးနစ်နာထားသည်များ ပြန်ရတတ်၏။ နောက်ဆုတ်ထားရသည်များ ပြန်လုပ်ဖြစ်မည်။ မှားယွင်းတဲ့ အကြင်နာသံယောဇဉ်များ ထားချင်နေမည်။ နေအိမ်ကိစ္စ အနည်းငယ် ပူပန်နေရတတ်၏။ ပြဿနာတစ်ရပ်လို့ မထင်မှတ်ဘဲနှင့်၊ အလိုလိုပြေလည်သွားမှာပါ။ (၁၃၊ ၁၄)ရက်ကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၁၊ ၂၊ ၅၊ ၉)ပါ။

ယတြာ

မွေးနေ့တွင် ငါးစာ၊ လိပ်စာ ကျွေးလိုက်ပါ။ အသံအဆိုးများ ကင်းစင်ကာ အဆင်ပြေလာမည်။

ကရကဋလဂ် (Cancer)

(၁၆)ရက်နောက်ပိုင်းတွင် ကိုယ်ရည်မှန်းထားတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စများကို မဖြစ်မနေ စတင်လိုက်ပါ။ ထင်ထားသည်ထက် အောင်မြင်သွားလိမ့်မည်။ သားရေးသမီးရေး တွေးပူနေရတတ်၏။ ပညာရေးကတော့ ထင်သလောက် အဆင်မချောနိုင်ပါ။ ငွေကြေးကို ခေါင်းထဲ မထည့်ပါနှင့်၊ အလုပ်ကိုပဲ ကြိုးစားလုပ်ကိုင်ပါ။ ယခင်ပြေလည်နေသည်ဟု ထင်မှတ်နေတဲ့ အစုစပ်လုပ်ငန်းများ ထင်သလောက် အဆင်မပြေနိုင်၍ အရင်းအနှီး လျော့ထားပါ။ အိမ်ထောင်ရေး ကတော်ကဆဖြစ်တတ်၏။ သို့သော် စိုးရိမ်စရာ မရှိပါ။ လည်ချောင်းကို ဒုက္ခပေးတတ်၏။ သူစိမ်းလူထက် ဆွေမျိုးပိုသတိထားရမည့် ကာလပါ။ ရပိုင်ခွင့်ကြောင့် စကားများရတတ်၏။ စက်မှုအင်ဂျင်နီယာများ၊ စက်မှုလုပ်ငန်း

www.burmeseclassic.com

ရှင်များ အထူးအောင်မြင်နေမည်။ ဆေးဖက်ဆိုင်ရာ ဝန်ထမ်းအားလုံး ဝင်ငွေကောင်းနေတတ်၏။ ရာထူးကြီးမားသူများ လခနှုန်းပိုင်းတွင် သတိထားပါ။ ရည်မှန်းချက်နှင့် ပတ်သက်လျှင် (၂၁၊ ၂၂)ရက်များကို ရှောင်ပြီး (၁၀၊ ၁၁၊ ၁၂)ရက်များကို ဆောင်ပါလေ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၂၊ ၀၊ ၆၊ ၃၊ ၅)ပါ။

ယကြာ

ခေါင်းလျှော်ရည်ထုပ်ကလေးတွေ သက်စေ့ဝယ်ပြီး ကြီးသူများကို လှူပေးလိုက်ပါ။

သိဟ်လဂ် (Leo)

ခုထိ မအောင်မြင်နိုင်သေးတဲ့ ရည်မှန်းချက်တစ်ခုကြောင့် စိတ်ဓာတ်ကျနေရတတ်၏။ ကျန်းမာရေး အနည်းငယ် ညံ့နေတတ်၏။ သည်ကြားထဲ စိတ်မပါတဲ့ ခရီးဝေးတစ်ခု သွားနေရတတ်၏။ သို့သော် ငွေကြေးကတော့ စုမိနေမှာပါ။ မှတ်ဉာဏ်များ ယခင်ထက် ပိုကောင်းလာပြီး စာကျက်လို့ ရလွယ်နေမည်။ တတိယ ပတ်ကစပြီး စိတ်ပျက်စရာများ တစ်ခုပြီးတစ်ခု တွေ့လာရတတ်၏။ ခေါင်းမာခြင်းကို မူဝါဒသဖွယ် ဆုပ်ကိုင်ထားနိုင်မှ သက်သာမည်။ စာသင်ကျောင်း၊ သင်တန်းကျောင်း၊ မီဒီယာ,ဆရာအသင်းများနှင့် သက်ဆိုင်သူများ ရှေ့မတိုးသာ နောက်မဆုတ်သာ ပြဿနာများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ဆေးစတိုး၊ စားသောက်ဆိုင်၊ စာရေးကိရိယာနှင့် ကုန်စုံဆိုင်များ နှစ်ပတ်အတွင်း လက်မလည်နိုင်အောင် ရောင်းကောင်းမည်။ နေအိမ်အပြောင်းအလဲ လုပ်ရတတ်၏။ အကြင်နာစကားဆို မကြားချင်လောက်အောင် နားခါးနေမည်။ ဘဏ်လုပ်ငန်းရှင်များ၊ ဘဏ်ဝန်ထမ်းများ အထူးအဆင်ပြေနေမည်။ ပညာရေးဝန်ဆောင်မှု ပေးသူများ ဝင်ငွေရော စုငွေပါ စိတ်တိုင်းကျ ဖြစ်နေတတ်တဲ့ အာလပါ။ လူမျိုးခြား၊ ဘာသာခြား ကိစ္စများ မဆောင်ရွက်တာ အကောင်းဆုံးပါ။ အထက်လူကြီးနှင့်ပေါင်းလျှင် ဒုက္ခတွေ့ကုန်းက မရ၊ တုတ်ဝေမှ ရကိန်းနှင့် တိုးမည်။ (၈၊ ၉)နှင့် (၁၇၊ ၁၈)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၁၁၊ ၈၊ ၀၊ ၇)ပါ။

ထကြာ - မီဘကျေးဇူးနှင့်စပ်တဲ့ သီးချင်းတစ်ပုဒ်ကို သတိရတိုင်း သီဆိုပါလေ။ တကယ်ထူးခြားလိမ့်မည်။

ကန်လဂ် (Virgo)



မိသားစုကိစ္စတစ်ခုကြောင့် စိတ်ဆင်းရဲနေရတတ်ပါသည်။ ဝညာရေး၊ အချစ်ရေး၊ ငွေကြေးနှင့် ပတ်သက်တဲ့ ရည်ရွယ်ချက်များ အောင်မြင်မည်။ အိမ်ထောင်ရေး၊ စီးပွားရေးနှင့် ပတ်သက်တဲ့ ရည်မှန်းချက်များ အောင်မြင်ရန် မလွယ်ပါ။ နိုင်ငံရေး၊ သံတမန်ဆိုင်ရာများ အဆင်ပြေချောမွေ့နေမည်။ သံရုံး၊ သံတမန် ဝန်ထမ်းများ အဆင်ပြေမည်။ အိမ်ထောင်ရှင်များ စိတ်ချမ်းသာရမည်။ ကားဝယ်ရန် ရည်ရွယ်သူများ စိတ်တိုင်းကျ ဝယ်ဖြစ်သွားမည်။ ခုမှစတင်မည့် အလုပ်များ ခဏဆိုင်းထားပါ။ နိုင်ငံခြားခရီး စီစဉ်နေပါက အဆင်လည်းပြေ၊ အကျိုးလည်း ရှိမည်။ အနုပညာ စာပေပညာရှင်များ အောင်မြင်မှု မြင့်မားနေမည်။ (၂၂)ရက်နောက်ပိုင်းတွင် ကျန်းမာရေး ညံ့တတ်၏။ မထင်မှတ်ဘဲ အချုပ်အနှောင်ခံရတတ်၍ သတိဖြင့် ပြုမူပြောဆိုပါ။ သင့်ဝန်းကျင်တွင် ဆီးရောဂါ ဝေဒနာ ခံစားနေရသူ ရှိနေတတ်၏။ ရှိနေလျှင် သင်တတ်နိုင်သရွေ့ ဆေးဖိုးဝါးခ ထောက်ပံ့လိုက်ပါ။ သင့်ကျန်းမာရေး ကောင်းသွားလိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ၃၊ ၄၊ ၅၊ ၁)ပါ။

ယကြာ

သမ္မုဒ္ဓေဂါထာကို မနက်အိပ်ရာထတိုင်း သက်စေ့ရွတ်ပါလေ။ ထူးခြားပါလိမ့်မည်။

တူလဂ် (Libra)

သင့်လုပ်ငန်းအရှိ ရပ်တန့်သွားလိမ့်မည်။ (၂၆)ရက်နေ့နောက်ပိုင်းမှ သင့်ကံကြမ္မာ ပြန်ကောင်းလာမည်။ ဖျားနာနေသူများ တတိယပတ်ကုန်လျှင် ကောင်းသွားမည်။ သစ်တောဝန်ထမ်းများ သစ်တောထွက် ပစ္စည်း ရောင်းဝယ်သူများ သုံးပတ်လောက်ထိ အဆင်မပြေနိုင်သေးပါ။ အိုးမကွာအိမ်မကွာ စီးပွားရေးလုပ်ကိုင်သူများ အထူးအဆင်ပြေနေမည်။ မည်သည့်လုပ်ငန်းမဆို လုပ်လုပ် စုမိဆောင်းမိဖို့ရာ မလွယ်ကူသေးပါ။ ဒေါ်လာ

www.burmeseclassic.com

မြည့် ကုန်နေဦးမည်။ ကျောင်းသူကျောင်းသားများ စာကျက်ရသော်လည်း မေ့လွယ်မည်။ အဲပေါင်ဆိုင်၊ ငွေတိုးငွေချေးလုပ်ငန်းများ ကသိကအောက်နိုင်လွန်းမည်။ သိပ်ပြီး အဆင်မပြေချင်ပါ။ အစားအသောက်၊ အနေအထိုင် စည်းကမ်းပျက်နေတတ်၏။ ကိုယ့်ကို သတိပြုဆင်ခြင်မှ ရသင့်သည်များ ရလာမည်။ ပညာရေး၊ ငွေကြေး၊ အချစ်ရေးအတွက် (၁၃၊ ၁၄)ရက်များကိုဆောင်၊ အလုပ်အကိုင်အတွက် (၂၃၊ ၂၄)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၀၊ ၃၊ ၂၊ ၁)ပါ။

ယတြာ

သစ်သီးဖျော်ရည် တစ်ခုခုဝယ်ပြီး သောကြာနေ့သား ရှင်ရဟန်း တစ်ပါးပါးကို လှူလိုက်ပါ။

ဗြိစ္ဆာလ် (Scorpio)

လာပြန်ပြီဟေ့ နောက်တစ်မျိုးလို့ ပြောရမလောက်အောင်ပါပဲ၊ မထင်မှတ်ထားတဲ့ ဒုက္ခလောကဓံဆိုး ရောက်လာတတ်ပါသည်။ အထူးအားဖြင့် ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာကို သတိထားပါလေ။ အိမ်ထောင်ရှင်များ အခန့်မသင့်ပါက အခြေအနေမပေးတော့လည်း ဝေးရတာပေါ့လို့ ဖြေသိမ့်နေရတဲ့ကိန်း ဆိုက်သွားနိုင်ပါသည်။ ကုမ္ပဏီဝန်ထမ်းများ စိတ်ဆင်းရဲစရာများနှင့် ပက်ပင်းတိုးနေမည်။ ကိုယ်ကျင့်တရား ကောင်းမွန်လျှင် အရာရာသက်သာမည်။ မကောင်းလျှင်တော့ လောကဓံပြင်းထန်တတ်ပါသည်။ လာဘ်လာဘကတော့ နဂိုအတိုင်း ကောင်းမြဲကောင်းနေမည်။ မိမိလုပ်ငန်းခွင်တွင် အမှားအယွင်း ဖြစ်လာတတ်၏။ မူလအရင်းအမြစ် မပျော်၊ ဟိုလိုလို ဒီလိုလို ဖြစ်လာတတ်ပါသည်။ မပြောင်းပါနှင့်။ မထင်မှတ်ဘဲ ကြွေးတင်သွားတတ်၍ ရသုံးစားရင်းကို ဂရုစိုက်ပါ။ အရန်ညီးချင် နည်းပါစေ၊ ဂုဏ်ရှိရှိနှင့် အေးဆေးတည်ငြိမ်တဲ့ အလုပ်မျိုးကို ရွေးချယ်သင့်တဲ့ ကာလပါ။ ပညာသင်လူငယ်များ ကျောင်းစာကို စိတ်မဝင်စား ဖြစ်နေတတ်၏။ စနေသားသမီးများကို ရောင်ပါ။ ရွှေလုပ်ငန်းရှင်များ၊ ရွှေဆိုင်များ၊ ရေသန့်နှင့် ရေသန့်သုံး စက်ပစ္စည်းရောင်းဝယ်သူများ အထူးမြတ်စွန်းမည်။ ပစ္စည်းအဟောင်းရောင်းဝယ်သူများ အောင်မြင်မည်။ (၅၊ ၆၊ ၇)နှင့် (၁၅၊ ၁၆)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၂၊ ၈၊ ၄၊ ၃)ပါ။

ယတြာ

ရှင်ရဟန်း တစ်ပါးပါးအား ထီးတစ်လက် လှူပေးလိုက်ပါ။ အဆင်ပြေသွားလိမ့်မည်။

ဓနုလ် (Sagittarius)

အလုပ်ရှာနေသူများ အဆင်တပြေ အလုပ်ရမည်။ မုန့်မျိုးစုံ ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်သူများ၊ စာအုပ်စာပေ ထုတ်ဝေဖြန့်ချိသူများ ဝင်ငွေလာဘ်လာဘ ကောင်းနေမည်။ သို့သော် စုဆောင်းရှာကား မရနိုင်သေးပေ။ နိုင်ငံရပ်ခြား သွားရောက်လုပ်ကိုင်သူများ ထင်သလောက် အဆင်မပြေနိုင်ပါ။ အိမ်ထောင်ရေး အခြေအနေ သာသာယာယာရှိမည်။ အိမ်ထောင်ဖက် ကျန်းမာရေးကို ဂရုစိုက်ပေးပါ။ မိမိထက်ကြီးကဲသူကြောင့် မိမိဂုဏ်သိက္ခာ ကျရတတ်၏။ တနင်္ဂနွေသားသမီးနှင့် လူကြီးသူမများကို သတိထားပြီး ပေါင်းသင်းပါလေ။ အိမ်ရောင်းဝယ်လိုသူများ ဤလတွင် ရောင်းဝယ်ခြင်း မလုပ်သင့်ပါ။ လုပ်လျှင် အရှုံးပေါ်တတ်ပါသည်။ ကား၊ ဆိုင်ကယ်၊ စက်ဘီး တစ်ခုခု ဝင်မည်။ လျှပ်စစ်ကို အထူးသတိထားပြီး သုံးပါ။ ဒုတိယပတ်ကစပြီး ရေစိမ်းများများ သောက်ခြင်းကို ရှောင်ပါ။ မှတ်ဉာဏ်များ ယခင်ထက် ပိုကောင်းနေမည်။ အမွေအနှစ်ရတတ်၏။ (၈၊ ၉)နှင့် (၁၇၊ ၁၈)ရက်များကိုဆောင်၊ (၂၃၊ ၂၄၊ ၂၅)ရက်များကို ရှောင်ပါ။ အစိမ်းရောင်များကို ဤလတွင် မဝတ်ဆင်သင့်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၄၊ ၁၊ ၃၊ ၂)ပါ။

ယတြာ

အဝတ်ဟောင်းများကို သင့်တော်သူအား ပေးကမ်းလိုက်ပါ။ ဆိုးကျိုးကင်းသွားလိမ့်မည်။

မကာရလ် (Capricon)

အချိုကြီးရဖို့ မျှော်လင့်ရင်း ကျန်းမာရေးက မသာမယာ ဖောက်လာတတ်၏။ ကိုယ်ရေးကိုယ်တာ ရောဂါများ ကသိကအောက်ဖြစ်ပြီးမှ အောင်မြင်မည်။ အရေ

www.burmeseclassic.com

www.burmeseclassic.com

ရာ အထင်နှင့်အမြင် လွဲနေတတ်၏။ ဘဝဆိုတာ တံလျှပ်ပမာ တကယ် မဟုတ်တဲ့ အရာပါလားလို့ မကြာခဏ နှလုံးသွင်းပေးနိုင်မှ စိတ်သောက သက်သာမည်။ ဉာဏ်ဖြင့် ခရီးနှင်ပါ။ ဥပဒေနှင့် မကင်းတဲ့ လုပ်ငန်းများ လုပ်ကိုင်ပါက အကြောင်းအမျိုးမျိုးကြောင့် ရုပ်တန့်သွားမည်။ မရဲပတန့်ပါက ဆုံးရှုံးနစ်နာမှုများတဲ့အပြင် အသက်ကို အန္တရာယ်ပြုလာတတ်၏။ အလုပ်အကိုင်မရှိသူများ၊ ရှာဖွေနေသူများ စပ်ကူးမပ်ကူးမှာ မိမိနှစ်သက်တဲ့ သစ်သီးကိုသာ ဝယ်ရောင်းလိုက်ပါ။ အဆင်ပြေသွားလိမ့်မည်။ အချစ်ရေး၊ ငွေကြေးများ မပူနှင့်၊ အလိုလို အဆင်ပြေသွားမည်။ ပညာသင် လူငယ်များကတော့ ယခုလတွင် ပြောစရာမလိုလောက်အောင် အထူးအဆင်ပြေနေမည်။ ဘာပဲလုပ်လုပ် (၃၊ ၄၊ ၃၀၊ ၃၁)ရက်များကိုဆောင်၊ (၂၁၊ ၂၂)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၁၊ ၂၊ ၅၊ ၆)ပါ။

ယတြာ

စနေထောင့် ဂြိုဟ်တိုင်ဘုရားတွင် ထီးအနီ(၁၀) သတ် လှူဒါန်းပါလေ။ အဆင်ပြေလိမ့်မည်။

ကုံလုံး (Aquarius)

သင့်အလုပ်အကိုင် အဆင်မပြေချင်သေးပါ။ နောက်ပြန်ပြေးနေရသူကဲ့သို့ ကသိကအောက် ဖြစ်နေတတ်ပါသည်။ တစ်ခါတစ်ရံ ဆေးခန်းပြေးနေရတတ်၏။ သို့သော် စိုးရိမ်စရာတော့ မရှိပါ။ စိတ်ဓာတ်ကျပြီး ထုပ်ချင်မကိုင်ချင် ဖြစ်နေတတ်၏။ ညီအစ်ကိုမောင်နှမများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းကို ရှောင်ပါ။ နေအိမ်နေရာသာနှင့် ပတ်သက်ပြီး စိတ်ချမ်းသာမှု ရရှိမည်။ မိခင်ရဲ့ အကူအညီကို အပြည့်အဝရလိမ့်မည်။ မိမိချမှတ်ထားတဲ့ အိမ်ထောင်ရေးစည်းကမ်းကို ကိုယ်တိုင် ချိုးဖောက်မိတတ်၏။ အထူးသတိပြုဆင်ခြင်ပါ။ လျှို့ဝှက်အိမ်ထောင်ရေးနှံတီးလိုစိတ်လည်း အခါအခါ ဖြစ်နေတတ်၏။ ငါဟာဟာ ငါဟာပါပဲလို့ အမြဲနှလုံးသွင်းပါ။ သူဟာဟာ သူ့ဟာပါပဲလို့ ဆင်ခြင်နိုင်လာလိမ့်မည်။ ကျောင်းသူကျောင်းသားများ ပညာရေးကို စိတ်ဝင်စားမှု အားကောင်းနေမည်။ သို့သော် ဆရာကောင်း မတွေ့၊ နည်းကောင်းမရ ဖြစ်နေတတ်၍ မိမိနှင့် အဆင်ပြေမည့် ဆရာ၊ နည်းစနစ်ကို ရွေးချယ်တတ်ပါစေ။ ဘာပဲလုပ်လုပ် (၂၁၊ ၂၂)နှင့် (၃၊ ၄)ရက်များကို ဆောင်ပါလေ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ၃၊ ၂၊ ၉၊ ၇)ပါ။

ယတြာ

အိမ်ရှိဘုရားကို သစ်သီးဆွမ်းကပ်ပြီး ယပ်တောင်ဖြင့် (၁၈)ချက် ယပ်ခတ်ပေးလိုက်ပါ။

မိန်လက် (Pisces)

သင် ဇွဲကောင်းနေမည်။ သားရေးသမီးရေး အနည်းငယ် ပူလောင်နေရတတ်၏။ စကားပြောမတတ်တဲ့ အိမ်ထောင်ကြောင့် တစ်ခါ,တစ်ခါ ဝေးရာသို့ ပြေးခွာလိုစိတ် ပေါက်နေတတ်ပါသည်။ မပြေးပါနှင့်။ မဝေးနိုင်တဲ့အပြင် သံယောဇဉ်ကြောင့် သောကပိုကြီးသွားလိမ့်မည်။ ပညာရေးတွင် အနှောက်အယှက်များ တွေ့ရတတ်ပါသည်။ အချစ်ရေး မပြေတပြေပါ။ ငွေကြေးကတော့ အသင့်အတင့် အဆင်ပြေမည်။ သို့သော် စုတော့ မစုမိပါ။ ကျပြီးတဲ့ဂုဏ်သိက္ခာ ထပ်ကျနိုင်၍ အနေအထိုင်၊ အပြောအဆို အထူးဆင်ခြင်ပါ။ နိုင်ငံရေး၊ ဘာသာရေး ဆိုင်ရာ စည်းရုံးရေးမှူးလုပ်ပါက အထူးအောင်မြင်မည်။ ဗေဒင်ဆရာများ၊ ပါးစပ်ဖြင့် လုပ်စားသူများ အတိုက်အခံတွေ့တတ်ပါသည်။ စာပေအနုပညာရှင်များကတော့ အေးဆေးပင် ဝင်ငွေကောင်းနေမည်။ အချစ်ရေးမှာ အကြောင်းမထူးသေးပါ။ ဘာပဲလုပ်လုပ် စနေသားသမီးနှင့် (၅၊ ၆၊ ၇)ရက်များကို ရှောင်ပါ။ ကြာသပတေးသားသမီးနှင့် (၂၃၊ ၂၄)ရက်များကို ဆောင်ပါ။ အဆင်ပြေသွားလိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၆၊ ၂၊ ၁၊ ၀)ပါ။

ယတြာ

မွေးနေ့တွင် ပုန်းရည်ကြီး နိုင်သလောက် လှူပေးလိုက်ပါ။ အဆင်ပြေသွားလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြယ်စေဗျာ
ဆရာကံထူး(ဇဝေသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၁၄

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘီရမဂ္ဂဇင်းမှ

ဆရာရန်အောင်ဟိန်း ပြေသည့်

ကမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ကမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဇာတာပုဒ်း

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

- မေးသူ၏အမည် _____
- မွေးနေ့ (နှစ်၊ လ၊ ရက်) _____
- မွေးဖွားရာ မြို့/ရွာ _____
- အချိန်နာရီ (နေ့/ည) _____

မေးခွန်းများ

(၁) _____

(၂) _____

(၃) _____

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ပဟေဠိသင်္ချာ အကြိုက်ဆုံးဂိမ်းများ ဖြေသည်

ခနုနုထွေး
(၁၈-၁၂-၁၉၈၈၊ ၁၃း၀၅ နာရီ၊ ရန်ကုန်မြို့)



၁။ *မည်သည့်လုပ်ငန်းမျိုးနှင့် အသက်မွေးရမလဲ။*

(၁၀)တန်သင် ၅တေးကြိုဟ် တူရာသီတွင် ရပ်တည်ဖြစ်ရာသီ (၉)တန်ရပ် ဖက်ကြာကြိုဟ်နှင့် အပြန်အလှန် အခြင်ကြုံနေသည်။ စားသောက်ကုန်၊ အထည်၊ အလှကုန်၊ စက်ိုးဆိုင်၊ ရေ,အရည်နှင့် ပတ်သက်သောလုပ်ငန်း (ရေသန့်၊ အချိုရည်..စသည်)ထဲမှ လုပ်ကိုင်နိုင်သည်။

၂။ *အိမ်ထောင်က၊ အိမ်ထောင်ပြုသင့်သောကာလ။*

(၇)တန်သင်ကြိုဟ် ၄ဟူး (၁၀)တန်ဘာဝတွင် (၁၁၊ ၁၂)သင် စနေကြိုဟ် (၆)တန်သင် ၁နွေကြိုဟ်တို့နှင့် ကျွမ်းကျင်ရပ်တည်သည်။ အိမ်ထောင်က် မကောင်းလှပါ။ အိမ်ထောင်မပြုသင့်သော ဇာတာမျိုးဖြစ်သည်။ (၂၀၁၇) ခုနှစ်၊ ဩဂုတ်လမှ (၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွင်း အိမ်ထောင်ပြုရန် အကြောင်းပေါ်လာတတ်သည်။

၃။ *အိုဇာတာ ကောင်း/မကောင်း၊ ဘဝအဆင့်အတန်း။*

(၁၀)တန်သင် ၅တေး မေထုန်ရာသီ (၂)တန်ရပ်၍ ဘဝအဆင့် မနိမ့်တတ်ပါ။ အသက်(၅၁)နှစ်နောက်ပိုင်း (၆၁)နှစ်ထိ ကုမ်ရာသီ (၁၁)တန်ရပ် ရာဟု ထူလဒသာ၊ (၆၁)နှစ်မှ (၈၄)နှစ်ထိ (၂)တန်ရပ် ၅တေး ထူလဒသာ အဆင့်မည်ဖြစ်ပေရာ အိုဇာတာ ကောင်းပေမည်။

ဦးမောင်မောင်ထွန်း
(၄-၃-၁၉၄၉၊ ၂း၄၀ နာရီ၊ လယ်ဝေးမြို့)



၁။ *ဘဝတွင် အေးချမ်းစွာ နေရမည်လား။ အိုဇာတာ ကောင်း/မကောင်း။*

လင်္ဂသခင် ၅တေးကြိုဟ် မကာရရာသီ လာဂ်ဘာဝတွင် နိစ်မူရပ်တည်၍ (၇၊ ၁၀)တန်သခင် ၄ဟူးကြိုဟ်နှင့် ပူးရကား ဘဝအေးချမ်းမှု မရနိုင်ပါ။ သို့သော် မိဿ၊ စန်း၊ မကာရ ၅တေးကြိုဟ်သည် ဂဇကေသရီယုဂ်၊ နိစ္စဘင်္ဂရာဇယုဂ်များ ရ၍ ဘဝအဆင့် မနိမ့်စေတတ်ပါ။ (၁၁-၉-၂၀၁၅)မှ (၁၁-၉-၂၀၃၁)ထိ ၅တေးထူလဒသာ စားဝင်ပေရာ စိတ်ပူပင်စရာများ ကြုံရသော်လည်း ဘဝအခြေအနေကား မနိမ့်ကျတတ်ပါ။

၂။ *ကျန်းမာဘော်ရွှင်စွာ ဘဝကို ကျော်ဖြတ်ရမည်လား။*

ဘော်ရွှင်မှု ကောင်းစွာမရတတ်ခြင်းအား အထက်တွင် ရှင်းပြခဲ့ပါပြီ။ (၆)တန်သခင်ကြိုဟ် ဖက်ကြာ (၃)တန်တွင် (၉)တန်သခင် ၁နွေကြိုဟ်၊ (၅၊ ၁၂)တန်သခင် အင်္ဂါကြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်ခြင်းကြောင့် တစ်ခါတစ်ရံ ဆေးရုံ၊ ဆေးခန်း ပြသရတတ်သော်လည်း ကျန်းမာရေးအညံ့ကြီး မဖြစ်တတ်ပါ။ မျက်စိ၊ အသက်ရှူလမ်းကြောင်း၊ အစာအိမ်၊ အသည်း ရောဂါထဲမှ သတိပြုပါ။

၃။ *ထိဆုကြီးပေါက်ကိန်း၊ ကာလ။*

www.burmeseclassic.com

(၂၊ ၃)တန်သခင် စနေကြိုဟ် သိဟ်ရာသီ (၈)တန် ဘာဝမှနေ၍ (၁၁)တန်ဘာဝအား (၃)တန်အထူးမြင်၊ (၃) တန်ဘာဝအား (၇)တန်အမြင်၊ (၆)တန်ဘာဝအား (၁၀) တန်အထူးမြင် ကြုံ၍ ဘာဝတွင် ထီပေါက်ကံကား ရှိပါ၏။ ဆုကား မကြီးတတ်ပါ။ (၂၀၁၇)ခုနှစ်၊ (၁၀)လပိုင်း လွန်လျှင် ထီပေါက်ကိန်းရှိသည်။ (၂၀၁၈)ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလတို့တွင် ထီကံစမ်းကြည့်ပါလေ။

မအိအိလွင်

(၇-၁၁-၁၉၉၉၊ ၉း၀၅ နာရီ၊ ရန်ကုန်မြို့)



၁။ *(၁၀)တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်မည်လား။*

(၁၆-၃-၂၀၁၇)ထိသည် ၅တေး ထူလ၊ ၅တေး ဘုတ္တိ၊ ရာဟု အန္တရဒသာ စားဝင်ပါသည်။ (၁၊ ၄)သခင် မိဿရာသီ (၄)တန်ဘာဝရပ် ၅တေး၏ ထူလ၊ ဘုတ္တိ ဒသာဖြစ်၍ အန္တရဒသာသခင်ကြိုဟ် ရာဟုသည် (၈)တန်တွင် ရပ်၍ (၉)တန်အား (၂)တန်အထူးမြင်၊ (၄)တန်အား (၉)တန်အထူးမြင် ကြုံထားသည်။ ဂုဏ်ထူးပါတတ်သော်လည်း မှန်းသလောက် မရတတ်ဘဲ အချို့ဘာသာများ အမှတ်လျော့တတ်ပါမည်။

၂။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန်သခင်ကြိုဟ် စီနေ မိဿရာသီ (၅)တန်တွင် (၁၊ ၄)သခင် ဓနကာရက ၅တေးကြိုဟ်နှင့် ပူးယှဉ်ရပ်တည်ပါသည်။ စနေကြိုဟ်သည် (၂)တန်ဘာဝအားလည်း (၁၀)တန်အထူးမြင် ကြုံနေသည်။ ထီပေါက်တတ်သော်လည်း ဆုမကြီးတတ်ပါ။ (၁၆-၃-၂၀၁၇)မှ (၂၈-၉-၂၀၁၉)တွင် ၅တေး ထူလ၊ စနေ ဘုတ္တိဒသာ စားဝင်ပါသည်။ (၂)တန်ရပ် ကိတ် အန္တရဒသာသည် (၁၉-၁၂-၂၀၁၇)မှ (၁၃-၂-၂၀၁၈)တွင် စားဝင်ပါမည်။ ယင်းကာလတွင် ထီကံစမ်းသင့်ပါသည်။

၃။ *ဘဝအဆင့်အတန်း။*

လင်္ဂသခင်ကြိုဟ် ၅တေး (၅)တန်ရပ်ခြင်း၊ (၁၀)တန် သခင်ကြိုဟ် ၄ဟူး (၁၂)တန်ရပ်ခြင်းကြောင့် ဘဝအဆင့် လူလတ်တန်းစားတွင် ရှိပါမည်။

ဦးခင်မောင်မြင့်

(၃-၁၂-၁၉၅၂၊ ၆း၄၅ နာရီ၊ ပခုက္ကူမြို့)



၁။ *အနာဂတ်စီးပွားရေးအခြေအနေ ကောင်း/မကောင်း။*

(၈-၈-၂၀၀၆)တွင် ၄ဟူး ထူလဒသာ စတင်စားဝင်ခဲ့သည်။ (၅-၂-၂၀၁၆)မှ (၂၃-၈-၂၀၁၈)အတွင်း ၄ဟူး ထူလ၊ ရာဟု ဘုတ္တိဒသာ စားဝင်မည်။ (၈၊ ၁၁) သခင်ကြိုဟ်အမြင် ဗြိဿ္ပာရာသီ (၁၂)တန်ရပ် ၄ဟူးသည် (၁၀)တန်သခင် ၁နွေနှင့် ပူးခြင်းကား သင့်တင့်သော အကျိုးကိုပေးသည်။ ဘုတ္တိဒသာသခင်ကြိုဟ် ရာဟုသည် မကာရရာသီတွင် (၁၊ ၆)သခင် အင်္ဂါနှင့် ပူးယှဉ်၍ (၂)တန်ဘာဝသို့ ပြောင်းလဲရပ်တည်ရကား စီးပွားရေး တိုးတက်လာဖို့ ရှိနေပါသည်။ သို့သော် တံ့ဆိုင်းနှေးကွေး သောသဘော ကြုံရင်း တဖြည်းဖြည်း တက်တတ်သည်။

၂။ *စာရေးဆရာဘဝဖြင့် အောင်မြင်နိုင်မလား။*

(၁၀)တန်သခင် ၁နွေ လင်္ဂဖြင့်ပူးကာ (၁၂)တန်တွင် (၈၊ ၁၁)သခင် ၄ဟူးကြိုဟ်နှင့် ပူးယှဉ်သည်။ (၃)တန် သခင် စနေက မြင်/ယှဉ်ခြင်း ကင်းနေ၍ စာရေးဆရာ အဖြစ် အသင့်အတင့်သာ အောင်မြင်တတ်သည်။

၃။ *အိမ်ထောင်ကံ ကောင်း/မကောင်း။*

(၇)တန်သခင်ကြိုဟ် ၆ကြာ (၂)တန်တွင် ရှိတည်သည်ကို မိဿရာသီ (၅)တန်ဘာဝရပ် ၅တေး (၂)

www.burmeseclassic.com

သခင်)က (၉)တန်အထူးမြင် ကြိုနေ၍ အိမ်ထောင်ရေးကံ ကောင်းပါမည်။

M.T.L

(၂၇-၁၀-၁၉၈၇၊ ၆း၅၅ နာရီ၊ တောင်ကြီးမြို့)



၁။ *လက်ရှိလုပ်ငန်းဖြင့် အကျိုးပေး/မပေး။*

(၁၅-၅-၂၀၁၇)မှ (၂၁-၉-၂၀၁၇)ထိ ၁နွေ ထူလ၊ ကိတ် ဘုတ္တိဒသာ စားဝင်သည်။ (၂၁-၉-၂၀၁၇)မှ (၂၁-၉-၂၀၁၈)ထိ ၁နွေ ထူလ၊ ဗကြာ ဘုတ္တိဒသာ စားဝင်မည်။ ထူလဒသာသခင် ၁နွေဂြိုဟ် (၁၁)တန်သခင် အဖြစ် လင်္ဂနှင့်ပူးကာ နိစ္စဘင်္ဂရာဇယုဂ် ရထားသည်။ ၁နွေကို (၉၊ ၁၂)သခင် ၄ဟူးဂြိုဟ်၊ (၁၊ ၈)သခင် ဗကြာဂြိုဟ်တို့ ပူးယှဉ်ထားသည်။ အခက်အခဲကြားမှ အောင်မြင်မှု ရစေတတ်သည်။ (၂၁-၉-၂၀၁၇)ထိ စားဝင်မည့် ကိတ် ဘုတ္တိဒသာတွင် ဘုတ္တိဒသာသခင်ဂြိုဟ် ကိတ်သည် ကန်ရာသီ (၁၁)တန်ဘာဝတွင် (၂၊ ၇)သခင် အင်္ဂါနှင့် ပူးယှဉ်ရပ်တည်ရာ စီးပွားတိုးတက်စေမည်။ တူရာသီ (၁၂)တန်ရပ် (၁၊ ၈)သခင် ဗကြာ ဘုတ္တိဒသာ ကာလ (၂၁-၉-၂၀၁၇)မှ (၂၁-၉-၂၀၁၈)ထိတွင်ကား လုပ်ငန်းတွင် မထင်မှတ်ထားသော ပြဿနာ၊ အခက်အခဲမျိုး ကြုံကာ နစ်နာဆုံးရှုံးမှု အတိုင်းအတာတစ်ခုထိ ကြုံရဖို့ ရှိနေသည်။ (၂၁-၉-၂၀၁၈)နောက်ပိုင်းတွင် (၁၀)တန်သခင်အဖြစ် (၂)တန်တွင် ရပ်တည်သော ၂လီဟူလ ဒသာ (၁၀)နှစ်တာ ဆက်လက်စားဝင်သော ကာလတွင် စီးပွားတိုးတက်ရန် ရှိနေပါသည်။

၂။ *ဘဝအဆင့်အတန်း။*

လင်္ဂသခင် ဗကြာ လင်္ဂနှင့်ပူးကာ (၁၂)တန်ဘာဝသို့ ပြောင်းလဲရပ်တည်သည်။ (၁၀)တန်သခင် ၂လီဂြိုဟ် ဓနုရာသီ (၂)တန်ဘာဝတွင် ရပ်တည်သည်။ ဘဝအဆင့် မြင့်မားစွာ နေရဖို့ ရှိပါသည်။ (၂၀၁၈)ခုနှစ်နောက်ပိုင်းတွင် ဖြစ်မည်။

၃။ *ထီပေါက်ကံ၊ ကာလ။*

(၃)တန်သခင် ၅တေးဂြိုဟ် (၆)တန်တွင် ရာဟုနှင့် ပူးယှဉ်ရပ်တည်နေပြီး ကန်ရာသီ (၁၁)တန်ဘာဝရပ် (၂၊ ၇)သခင် အင်္ဂါနှင့် အပြန်အလှန် အမြင်ကြိုနေသည်။ ထီစပ်တူပေါက်ကိန်းရှိသည်။ (၂၁-၉-၂၀၁၈)နောက်ပိုင်း ထီကံစမ်းကြည့်ပါလေ။

K.M.M

(၉-၅-၁၉၈၃၊ ၂း၀၀ နာရီ၊ ပုသိမ်မြို့)



၁။ *မည်သည့်အရွယ်တွင် ချမ်းချမ်းသာသာ နေရမလဲ။*

(၂)တန်သခင် စနေ (၁၁)တန်တွင် ရပ်တည်၍ ဥစ္စာမူနေသည်။ (၉)တန်သခင် ၁နွေနှင့် (၁၀)တန်သခင် ၄ဟူးတို့ မိဿမရပ်၍ ယင်းစနေနှင့် အပြန်အလှန် အမြင်ကြိုနေ၍ ဘဝတွင် ချမ်းသာနိုင်သောက် ရှိသည်။ သက်လတ်ပိုင်းလွန်ပြီးမှ ချမ်းသာပြည့်စုံမည်။ (၂၄-၁-၂၀၂၈)မှ (၂၄-၁-၂၀၃၄)ထိ ၁နွေ ထူလဒသာ စားချိန်တွင် ချမ်းသာပြည့်စုံမှု ကြုံရဖို့ ရှိသည်။

၂။ *အိမ်ထောင်ကံ၊ ကောင်း/မကောင်း။*

(၇)တန်သခင်ဂြိုဟ် ၄ဟူး (၅)တန်တွင် (၉)တန်သခင် ၁နွေနှင့် ပူးယှဉ်ရပ်တည်ပြီး တူရာသီ (၉)တန် ဘာဝရပ် ဥစ္စာ စနေနှင့် အပြန်အလှန် အမြင်ကြိုနေသည်။ အိမ်ထောင်ကံ ကောင်းပါမည်။

၃။ *အကျိုးပေးမည့် လုပ်ငန်းအမျိုးအစား။*

(၁၀)တန်တွင် စနေ ဥစ္စာမူပြီး (၁၀)တန်သခင် ဗကြာ (၆)တန်ဘာဝ (မေထုန်ရာသီ)တွင် ရပ်တည်၍ အထည်၊ ပရိဘောဂ၊ သားရေပစ္စည်း၊ စားသောက်ကုန်၊ အလှကုန် လုပ်ငန်းများထဲမှ အကျိုးပေးနိုင်ပေသည်။

www.burmeseclassic.com

ခင်မောင်ဝင်း

(၄-၃-၁၉၈၈၊ ဝဝးဘဂ္ဂ နာရီ၊ ရန်ကုန်မြို့)



၁။ *ဘဝတွင် အိမ်ထောင်ဘယ်နှစ်ဆက် ကျနိုင်ပါသလဲ။*

(၇)တန်သခင်ဂြိုဟ် ဖြကြာ မိဿရာသီ (၅)တန် ဘာဝတွင် (၂၊ ၅)သခင် ၅တေး (ခွေးဒဟာသခင်)နှင့် ပူးယှဉ်ရပ်တည်၍ အိမ်ထောင်ဆက် များတတ်ပါသည်။ အိမ်ထောင်(၂)ဆက်မှ (၄)ဆက်ထိ ကျနိုင်ချေရှိသည်။ ဓနုရာသီရပ် အင်္ဂါ၊ ဖြကြာကို ၅တေးဂြိုဟ် မိဿမှ (၉) တန်အထူးမြင်၍ ဖြစ်သည်။

၂။ *အောင်မြင်ကျော်ကြားသော ဗေဒင်ပညာရှင် ဖြစ်နိုင်ပါသလား။*

(၁၀)တန်သခင် ၁နွေ (၄)တန်တွင် ရပ်တည်၍ (၃)တန်သခင် စနေဂြိုဟ်က ဓနုရာသီတွင် ရပ်တည်ကာ (၃)တန်အထူးမြင် ကြိုနေသည်။ စနေကို အင်္ဂါက ဝင်ပူးကာ (၂၊ ၅)သခင် ၅တေး မိဿရာသီ (၅)တန်ဘာဝမှ (၉)တန်အထူးမြင်သည်။ ဟောရဲ၊ ပြောရဲရှိသော်လည်း ဟောချက်နှေးကွေး၍ တစ်ခါတစ်ရံ နှုတ်ထွက်မဝံ့မရဲ ဖြစ်တတ်သည်။ သင့်တင့်စွာတော့ အောင်မြင်နိုင်ပါမည်။

၃။ *သက်တမ်း၊ ကျန်းမာစွာ နေရမလား။*

လင်္ဂသခင်ဂြိုဟ် အင်္ဂါ ဓနုရာသီ (၁)တန်သို့ ပြောင်းရပ်၍ (၃၊ ၄)သခင် စနေနှင့်ပူးသဖြင့် အသက်(၇၀) ကျော်ထိ နေရတတ်သည်။ ရောက်ဆဲ (၂၀၂၀)ပြည့်နှစ်၊ ဧပြီလထိ စားဝင်မည့် (၁၊ ၆)သခင် အင်္ဂါဒသာကား ကျန်းမာရေးအည့် များတတ်သည်။ ထိုနောက်ပိုင်း ရာဟု၊ ၅တေး ဒသာတို့ ဆက်လက်စားဝင်ချိန် အသက် (၆၆) နှစ်ထိကား ကျန်းမာရေး ကောင်းမွန်နေပါလိမ့်မည်။

မနုန္ဒာလှိုင်

(၂၆-၁-၁၉၇၅၊ စးဘ၅ နာရီ၊ ဘီးလင်းမြို့)

၁။ *ပြည့်စုံချမ်းသာမည့် အသက်ပိုင်း။*



(၂)တန်သခင် ၅တေးဂြိုဟ် လင်္ဂဘာဝတွင် (၅၊ ၈)သခင် ၄ဟူးဂြိုဟ်၊ (၄၊ ၉)သခင် ဖြကြာတို့နှင့် ပူးယှဉ် ရပ်တည်၍ အသင့်အတင့်သာ ချမ်းသာနိုင်မည်။ ပြီးသာရာသီ (၃)တန်ဘာဝတွင် ရပ်တည်သော ကိတ်ထူလဒသာတွင် သင့်တင့်ပြည့်စုံသော ဘဝသို့ ရောက်ရှိပါမည်။ (၂၂-၁၀-၂၀၂၆)မှ (၂၂-၁၀-၂၀၃၃)အတွင်း ဖြစ်မည်။

၂။ *အိမ်ထောင်က် ကောင်း/မကောင်း။*

(၇)တန်သခင် ၁နွေဂြိုဟ် (၁၂)တန်တွင် ရပ်တည်နေသည်။ (၅)တန်ရပ် (၆)တန်သခင် ၂လ်ာပိုင် နက္ခတ်ကို စီးထားသည်။ အိမ်ထောင်က် သင့်ရုံသာရှိမည်။

၃။ *ကြီးပွားတိုးတက်မည့် အလုပ်အကိုင်။*

ကြီးပွားတိုးတက်မည်က အလုပ်နှင့် မပတ်သက်ပါ။ အချိန်နှင့်သာ ပတ်သက်ပါသည်။ (၁၀)တန်သခင် အင်္ဂါဂြိုဟ် ဓနုရာသီ (၁၀)တန်ဘာဝတွင် ရပ်တည်၍ စက်မှုလုပ်ငန်း၊ စက်ချုပ်ခြင်း၊ စက်ပစ္စည်း အင်္ဂါသည် ၂လ်ာ စနေနှင့် အမြင်ကြိုနေ၍ ရေ၊အရည် (ရေသန့်၊ အချိုရည်)၊ ဖိနပ်၊ အထည် လုပ်ငန်းများထဲမှ လုပ်ကိုင်ရတတ်သည်။ (၂၀၂၆)ခုနှစ်မှ (၂၀၃၃)ခုနှစ်အတွင်း လုပ်ငန်းသင့်တင့်စွာ တိုးတက်မည်။

မသင်းသင်း

(၁-၇-၁၉၈၈၊ ၄းဒဝ နာရီ၊ ကြေခင်းမြို့)

၁။ *အိမ်ထောင်ဖက် ပုံသဏ္ဌာန်၊ အဆင့်အတန်း၊ ကာလ။*

(၇)တန်သခင် ဖြကြာဂြိုဟ် မကာရရာသီတွင် ရပ်တည်၍ အသားညို၊ အရပ်မြင့်၊ ပိန်ရှည်ရှည်၊ မျက်နှာရှည်သော အိမ်ထောင်ဖက်ကို ရမည်။ (၇)တန်သခင် (၃)တန် (၇-တန်မှ ၉-တန်)တွင် ရပ်၍ အိမ်ထောင်ဖက် ဘဝအဆင့် မြင့်မည်။ (၂၊ ၅)သခင်အဖြစ် (၅)တန်ဘာဝ

www.burmeseclassic.com



၌ ရပ်တည်သော ၅တေးထူလဒသာ ဝင်အပြီး (၂၁-၉-၂၀၂၂)နောက်ပိုင်း အသက်(၃၅-၃၆)နှစ်တစ်ဝိုက်တွင် အိမ်ထောင်ကျဖို့ ရှိသည်။

၂။ *အိုးပိုင်အိမ်ပိုင်နှင့် နေရမည့်ကာလ။*

(၄)တန်သခင် စနေဂြိုဟ် ဓနုရာသီ လင်္ဂဘဝတွင် ရပ်တည်၍ မိမိပိုင် (၄)တန်ဘဝကို (၃)တန်အထူးမြင် နေခြင်းက ဘဝတွင် အိုးပိုင်အိမ်ပိုင် ရနိုင်ခြင်းကို ဖော်ပြ နေသည်။ စနေဂြိုဟ်သည် (၁၀)တန်သခင် ၁နွေဂြိုဟ် (၇-တန်မှ ၄-တန်)၊ (၈၊ ၁၁)တန်သခင် (၇-တန်မှ ၂၊ ၅-တန်)၊ ၄ဟူးဂြိုဟ်တို့နှင့် ပူးယှဉ်၍ အိမ်ထောင်ကျ ပြီးမှ အိမ်ထောင်ဖက်ကြောင့် အိမ်ပိုင်ဖြင့် နေရပေမည်။

၃။ *ဘဝတွင် စည်းစိမ်ချမ်းသာနှင့် နေရမည်လား၊ ကာလ။*

(၂)တန်သခင် ဓနကာရကဂြိုဟ် ၅တေး (၅)တန်တွင် ကသစ်မူ ရပ်တည်၍ (၁၁)တန်သခင် ၄ဟူးနှင့် ပရိဝတ္တနသမ္မန္ဓပြု၍ ဘဝတွင် စည်းစိမ်ချမ်းသာဖြင့် နေ ရပါမည်။ (၂၁-၉-၂၀၂၂)နောက်ပိုင်း စားဝင်မည့် ၅တေး ထူလဒသာတွင် ဖြစ်ပါမည်။

ဆရာရန်အောင်ဟိန်း(B.Sc)

(ခရစ်ရှနားမူတီးပဒ္ဓတိ ရွှေဆောင်နက္ခတ်ပေဒင်ပညာရှင်)

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ဝန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊

၀၉ ၂၆၁ ၄၄ ၇၇၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ပေးသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ဒေါင်းဆည်းကျွန်း၊ ပဲခူး ဒေးဒွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သွားနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၉)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နိုလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နှဲ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁၀ ၁၂၁၄၆

www.burmeseclassic.com

www.burmeseclassic.com



မင်းမဟော်ညွှန့်

နက္ခတ်ဂေဟာ

ရက်ပြတ်ကောင်းအချိန်အခါ

(၂၀၁၇)ခုနှစ်၊ ဇူလိုင်လအတွက် ဧရာကွက်ခန့်မှန်းချက်

မေထုန်ရာသီတွင် တနင်္ဂနွေကြီးဟာ ရပ်တည်နေသဖြင့် ဘဏ္ဍာလတွင် ဝါဂွမ်း၊ နှမ်းဆီ၊ သစ်ဥ၊ သစ်ပြစ်၊ ဆန်စပါး ရွားဒဲ့။ ၄င်းမေထုန်ရာသီခွင်မှာပင် အင်္ဂါနှင့် ပုဒ္ဓဟူးကြီးဟာတို့ ရှိခိုက်အချိန်တွင် မိုးလေအထူးအားကောင်းနေမည်။ မိုးသက်လေပြင်း ဘေးအန္တရာယ်မျိုး တိုင်းဒေသအချို့တွင် ကျရောက်လိမ့်မည်။ ကန်ရာသီတွင် ကြာသပတေးကြီးဟာ ရှိသဖြင့် ဆန်စပါး ပေါများနေမည်။

၂-၇-၂၀၁၇ (တနင်္ဂနွေနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၉)ရက်

ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသပြုရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဥ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံစည်းခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားဆိုရန်၊ အောင်ဘာလေထိ ထိုးရန် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မြတ်ထွန်း၊ မအောင်ကြင်ဦး...ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

၃-၇-၂၀၁၇ (တနလာနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၁၀)ရက်

မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်း

ခံ,ရှင်ပြုရန်၊ စေ့စပ်ပွဲလုပ်ရန်၊ ရေတွင်း, ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ ဆံရိတ်, ဆံသ ပြုလုပ်ရန်၊ အလှပြင်ဆိုင် ဖွင့်ရန်၊ အလှကုန်ပစ္စည်းသစ် ဈေးကွက်သို့ ဖြန့်ချိရန်၊ ငွေကြေးချေးငှားရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ အလုပ်သစ် လျှောက်ရန်၊ ခရီးသွားလာရန်၊ ပရဟိတ အသင်းအဖွဲ့ထောင်ရန်၊ အဝတ်အစားဒီဇိုင်းသစ် ထွင်ချုပ်ရန်၊ အချစ်ရေးစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မခိုင်ခင်စိုး...ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၄-၇-၂၀၁၇ (အင်္ဂါနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၁၁)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့,နှင့် ဓာတ်သတ္တုစုစမ်းရှာဖွေ တူးဖော်ရန်၊ ရေတွင်း,ရေ

www.burmeseclassic.com

www.burmeseclassic.com

ကန်,အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံပင်များ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတ, ရုပ်ရှင် အနုပညာလုပ်ငန်း စတင်ရန်၊ ခရီးသွားရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ စာနယ်ဇင်းလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ (၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေမင်းဇော်၊ မဆွေသူဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ မိုးပြာရောင် ဖြစ်သည်။

၅-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၁၂)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတ,အနုပညာ သရုပ်ဆောင်လုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ ကန်တော့ပွဲတင်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွမ်းဇော်ဟိန်း၊ မယမင်းဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၆-၇-၂၀၁၇ (ကြာသပတေးနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်

အမှုကိစ္စ ပြီးစီးသောယုဂ် ရရှိသဖြင့် ယနေ့ ပြည်တွင်း,ပြည်ပ ခရီးထွက်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရှင်ပြု,နားသရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ခရီးထွက်,ဆံသပြုရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဆေးဝါးသစ် ဖော်စပ်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ပျိုးကြဲစိုက်ပျိုးရန်၊ စပါးကို သွင်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ (၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်ဟိန်းဇော်၊ မမျိုးသူဆွေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

၇-၇-၂၀၁၇ (သောကြာနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်

ကြံစည်သမျှ ပြီးသောယုဂ် ရရှိသဖြင့် ယနေ့ မညာစသင်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီစသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မေတ္တာရေးရာ စကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်းမြတ်၊ မသူဇာမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၉-၇-၂၀၁၇ (တနင်္ဂနွေနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆုတ် (၁)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ စူးစမ်းရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ စာအုပ်စာပေ ရေးသားပြုစုရန်၊ ရေကြောင်း,လေကြောင်းခရီး သွားလာရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ အနုပညာလုပ်ငန်း လုပ်ဆောင်ရန်၊ ဘဝသာရေး,လူမှုရေး ကိစ္စအဝဝ ဆောင်ရွက်ရန်၊ အလှပြင်လုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း

www.burmeseclassic.com

ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မြတ်ထွန်း၊ မအင်ကြင်းဦး..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၁၂-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆုတ် (၄)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံတူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ တိုင်ထူ၍ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်ရန်၊ လေကြောင်းခရီး သွားလာရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွမ်းဇော်ဟိန်း၊ မယမင်းဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့)
(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆုတ် (၈)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသပြုရန်၊ ရှင်ပြု,နားသပွဲ ကျင်းပရန်၊ စေ့စပ်,လက်ထပ်ရန်၊ အလှပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီ ဧည့်ခံပွဲ ကျင်းပရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မြတ်ထွန်း၊ မအင်ကြင်းဦး..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆုတ် (၁၁)ရက်

အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့,နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အိုင်စိတွင်း တူးဖော်ရန်၊ အားကစားဆိုင်ရာကိစ္စ ဆောင်ရွက်ရန်၊ ဂီတ,ရုပ်ရှင်,ဗီဒီယိုနှင့် သဘင်အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာ ဝင်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပညာစသင်ယူရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကျန်းမာရေးအတွက် ဆေးကုသမှု ခံယူရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွမ်းဇော်ဟိန်း၊ မယမင်းဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

၂၁-၇-၂၀၁၇ (သောကြာနေ့)
(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆုတ် (၁၃)ရက်

ဘုန်းကံထုတ်မြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇောတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသပြုထုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ပွဲ ကျင်းပရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီဧည့်ခံပွဲ ကျင်းပရန်၊ အချစ်ရေးဆိုင်ရာ စကားဆိုရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်းမြတ်၊ မသူဇာမေ ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ ပန်းရောင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့)

(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆုတ် (၁၅)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ နာမည်ပေး ကင်ပွန်းတပ်ရန်၊ ဘုရားတည်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော် တင်ရန်၊ ရှင်ပြု၊နားသရန်၊ ဆံရိတ်၊ဆံသရန်၊ အလှပြင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်၊ ဆေးခန်းဖွင့် ဆေးဖော်ရန်၊ ပညာစ၍သင်ယူရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဘဏ်စာရင်း ဖွင့်ရန်၊ ထီထိုးရန်၊ အိမ်ခွာနှံဝင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မြတ်ထွန်း၊ မအင်ကြင်ဦး..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၂၄-၇-၂၀၁၇ (တနလ်ာနေ့)

(၁၃၇၉)ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ထီးတော် တင်ရန်၊ ရုပ်ပွန်းခံ၊ရှင်ပြုရန်၊ ရတနာဝတ်ဆင် ရောင်းဝယ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊အုတ်စီရန်၊ တိုင်ထူ၊လေ့ကားထောင်ရန်၊ အလုပ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မခိုင်ခင်စိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်စင်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

၂၅-၇-၂၀၁၇ (တနင်္ဂနွေနေ့)

(၁၃၇၉)ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက်

ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ဆွေးနွေးမှုကိစ္စရပ်များ တိုးတက်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ ဂီတ၊ရုပ်ရှင်၊ သဘင် အနုပညာလုပ်ငန်းများ စတင်ရန်၊ အိမ်ပြောင်း၊တိုက်ခန်းသစ် တက်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အစုရှယ်ယာ ဝင်ရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်၊ မျိုးစေ့ချ၍ သစ်ပင်စိုက်ပျိုးရန်၊ သီးနှံရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွှမ်းဇော်ဟိန်း၊ မယမင်းဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ အစိမ်းရောင် ဖြစ်သည်။

၂၈-၇-၂၀၁၇ (သောကြာနေ့)

(၁၃၇၉)ခုနှစ်၊ ဝါခေါင်လဆန်း (၅)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောရက် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်ဂူတိုင်းခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ပန်းချီစသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ အဆောက်အအုံ တိုင်ထူရန်၊ အိမ်တက်၊ လေ့ကားထောင်ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ငွေကြေးအပ်နှံရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ထီထိုးရန်၊ ကျန်းမာရေး ဆေးစစ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်းမြတ်၊ မသူဇာမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

၃၀-၇-၂၀၁၇ (တနင်္ဂနွေနေ့)

(၁၃၇၉)ခုနှစ်၊ ဝါခေါင်လဆန်း (၇)ရက်

ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အဆောက်အအုံအတွက် ပန္နက်ရိုက်၊ ကျင်းတူး၊ တိုင်ထူရန်၊ အိမ်ပြောင်း၊အိမ်သစ်တက်ရန်၊ ရေတွင်း၊ရေကန်တူး

www.burmeseclassic.com

www.burmeseclassic.com

ဖော်ရန်၊ အဝီစိတွင် တူးရန်၊ ကျောက်မျက်ရတနာနှင့် သတ္တုသိုက်,ဓာတ်ငွေ့ ရှာဖွေရန်၊ ဆံရိတ်,ဆံသရဏ်၊ အလှကုန်ပစ္စည်းသစ် ဖြန့်ဖြူးရောင်းချရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ထီထိုးရန်၊ အသီးဆွတ်ခူးရန်၊ စပါးကျီသွင်းရန်၊ အချစ်ရေးစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ (၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မင်းထက်၊ မအေးချမ်းထွန်း ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

၃၁-၇-၂၀၁၇ (တနလာနေ့)
(၁၃ရက်)ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်

မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာ

ကိစ္စများ တိတ္ထင်ဖန်တီးရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အဆောက်အအုံ တိုင်ထူရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ရဟန်းခံ, ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပါတီနည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မခိုင်ခင်စိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အညိုရောင် ဖြစ်သည်။

မင်းမဂေဟာဥယျာန်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

မဟာဗန္ဓုလာ ဒေါက်တာခင်မျိုးစိုး

Ph.D (Hon - Docter of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဏ္ဍင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောတ်ထတ်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အခန်းနံပါတ်၊ ခြေထုံနှစ်ကောင်အိန်း၊ ပဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ၀၉ ၅၁၀ ၇၅၅ ၂၇

ဒေါက်တာယုဝြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင် ရက်ချိန်းပေးပါ

လူမှုရေးဝိုင်း၊ ဂုဏ်သိက္ခာဝိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉ ၅၂၁ ၁၀၇၃၅

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

နှလုံးရောဂါဖြင့် သေဆုံးခြင်းကို ဂဏန်းဝဒ နည်းဖြင့် ဝေဖန်ပြခြင်း



ဗေဒင်မိတ်ဆွေ အချို့မှ ဆေးနက္ခတ်ဗေဒင်နှင့် ပတ်သက်၍ ရေးသားပေးပါရန် မန်ကြားလာခဲ့ကြသည်ကို အကြောင်းပြု၍ ဤကော်ပီစနစ် ပညာပေး ဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

(၂၀၁၅)ခုနှစ်၊ ဇန်နဝါရီ-မတ်လထုတ် JASA နက္ခတ်ပညာပေး ဂျာနယ်မှ ဆောင်းပါးရှင် R.V.S.N Sarma ၏ "Heart Failure and Death : A. K.P Analysis" ဆောင်းပါးကို ဆီလျော်စွာ ဘာသာပြန် တင်ပြပေးထားခြင်း ဖြစ်ပါသည်။

(၁၀-၈-၁၉၅၉)၊ ဝါရန်ဂါလ် အနှီးား ပရာဒေ့ရှ် (၁၈ ဝဝ' မြောက်၊ ၇၉ ၃၅' အရှေ့)တွင် မွေးဖွားခဲ့သူ၏ ဇာတာဖြင့် တင်ပြပေးထားခြင်း ဖြစ်ဝါသည်။

(၅-၁၂-၂၀၁၇)တွင် ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်သည်။

KP Natal Horoscope

Current Dt: 20/3/2017 — Saya Xan Aung Nain

Name	: MAYME	Longitude	: 79D 30M 0S (East)
Date of Birth	: 10 Aug 1959 AD	Latitude	: 18D 00M 0S (North)
Local Time	: 17:59:00	Time Zone	: 05:30
KP Ayana	: 23Deg 11Min 30Sec	Sidereal Time	: 15 Hr 0 Min 15 Sec
Birth Day	: Mon	Town Name	: WARANGAL,ANDHRA PRADESH

	D	M	S	No	R	R	R	Significators
☉	113	58	35	052	☽	♂	♀	VII VII VI IX VIII
☽	188	16	01	844	♀	☊	☊	VIII IX VII
♂	139	57	45	038	☉	☊	☽	VIII VIII V X IV XI
☿	106	04	19	-030	☽	♄	☉	XI VII I II VI IX
♃	209	36	07	004	♀	♃	☊	X X III XII III XII
♀	142	55	31	000	☉	♀	♀	VIII VIII V X V X
♄	247	46	45	-002	♃	♃	♃	III XI I II
♅	163	07	53	-003	☿	☊	☊	IX VIII VII
♆	343	07	53	-003	♃	☊	☊	XI III I II
♇	113	31	28	004	☽	♂	♃	VII VII VI IX
☿	191	09	29	001	☿	☊	♂	VIII IX
⊕	357	31	01		♃	☿	☽	VII VI IX

	D	M	S	R	R	R	Significators
Asc	283	11	35	♄	☽	☊	VII ♄
II	318	57	25	♄	☊	☽	VI ♄
III	353	56	48	♃	☿	♀	♄ ♂ ♃ ♃
IC	024	20	16	♂	☿	♂	♂
V	058	40	22	♀	☽	♀	☿ ♀
VI	075	46	54	☿	☊	☽	☽ ☉ ☿
DC	103	11	35	☽	♄	☊	☉ ☿ ☉ ♀ ☽
VIII	138	57	25	☉	☊	♄	♂ ☽ ☿ ♀
IX	173	56	48	☿	♂	♂	♀ ☽ ☿ ☉ ☿
MC	204	20	16	♀	♃	☿	♃ ♀
XI	230	40	22	♂	☿	♃	☿ ♂
XII	255	46	54	♃	☿	☉	♃ ♃



Planet <- Planet Aspect...
☉120☿ ☽072☉ ☽045♂ ☽045☿
☽072♃ ♂030☉ ♂030♀ ♂030♃
♂144☿ ☿120♇ ♄072♂ ♄045♇
☿030☉ ☿030♃ ☿144☿ ♄135☉
♄060☽ ♄144♀ ♄135♃ ♄060♀
♀060♀ ♀120♇ ♂135♄ ♂120♇
♂135♀ ♇150♄ ♇120☉ ♇144♀
♇144♄ ♇150♃

House <- Planet Aspect...
I 144♂ I 120♀ I 072♄ I 144♃
I 120♇ I 090♅ II 120♂ II 180♀
II 072♄ III 144♄ IV 135♄ IV 045♇
IV 030☉ VI 090♇ VII 120♇ VIII 030♅
VIII 144☿ IX 060☉ IX 030♂ IX 030♀
IX 060♅ IX 180♇ X 090☉ X 060♀
X 045♇ X 090♅ XI 120☉ XI 045☽
XI 090♂ XI 090♀ XI 120♃ XII 144♂
XII 150♀ XII 045♄ XII 090♇ XII 144♅

End Date of Dasa	DY	MN	Year	BKT	DY	MN	Year	SUB
12	6	1971	☊	9	11	2012	♅	21	9	2016	☉
12	6	1983	♄	6	11	2013	♇	17	10	2016	☽
12	6	2189	♃	6	9	2016	♀	4	11	2016	♂
12	6	2027	♅	12	7	2017	☉	20	12	2016	☊
12	6	2034	♇	12	12	2019	☽	1	2	2017	♄
12	6	2054	♀	9	12	2019	♂	20	3	2017	♃
12	6	2066	☉	27	6	2022	☊	3	5	2017	♅
12	6	2079	☽	3	10	2024	♄	21	6	2017	♇
12	6	2077	♂	12	6	2027	♃	12	7	2017	♀

Saya Xan Aung Nain

Prog: by www.xnm6030gmail.com

ဇာတာအား ဆန်းစစ်ပြချက်များ

မကာရလဂ်၊ လဂ်စီးဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ရာဟုဖြစ်သည်။ ရာဟုသည် (၈)တန့်ဘာဝတွင် ရပ်တည်နေသည်။ (၁၁)တန့် (ဘာဓကဘာဝ)ရပ် (၁၊ ၂)တန့် သခင်ဂြိုဟ်စနေက ရာဟုကို (၁၀)တန့် အထူးမြင်ကြိုထားသည်။ ရာဟုကိုယ်တိုင် (၈)တန့်တွင် ရပ်၍ (၉)တန့်ဘာဝရပ် (၇)တန့် (မာရကသခင်) ၂လံဝိုင်နက္ခတ်ကို စီးထားသည်။ ကန်ရာသီရပ် ရာဟုသည် (၆၊ ၉)သခင် အဖြစ် (၇)တန့် (မာရကဘာဝ)ရပ် ၄ဟူးဂြိုဟ်အား ကိုယ်စားပြုထားသည်။ သို့ဖြစ်၍ ဇာတာရှင်၏ သက်တမ်းမှာ သက်လတ်တမ်း (၃၄ မှ ၆၇)အတွင်း ဖြစ်ကြောင်း ဆုံးဖြတ်ရပါမည်။ ကြီး

www.burmeseclassic.com

www.burmeseclassic.com



မားသော ကျန်းမာရေးပြဿနာ ကြုံရတတ်ကြောင်းလည်း သိထားရပါမည်။

(၆)တန့် (ရောဂါ)ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင် ကြိုဟ်သည် ဖကြာ ဖြစ်သည်။ (၅၊ ၁၀)တန့်သခင်အဖြစ် (၈)တန့်ဘာဝတွင် (၄၊ ၁၁)တန့်သခင် အင်္ဂါနှင့် အတူ ပူးယှဉ်ရပ်တည်နေသည်။ ဖကြာနှင့် အင်္ဂါသည် နှလုံးကို အစိုးရသော သိဟ်ရာသီတွင် ရပ်တည်နေကြခြင်း ဖြစ်သည်။ (၄)တန့်၊ (၅)တန့်ဘာဝ အကျိုးဆောင်ခြင်းကလည်း နှလုံးနှင့် ပတ်သက်ကြောင်း ဖော်ပြနေပါသည်။

ဖကြာကြိုဟ်သည် ပြုပြဖလဂုဏ် နက္ခတ်ကို စီးထား၍ ယင်းနက္ခတ်သည် နှလုံးကို စိုးမိုးဖော်ပြပါသည်။ ယင်းက ရုတ်တရက် နှလုံးဖောက်ပြန်ခြင်း၊ နှလုံးရောင်ရမ်းခြင်း၊ နှလုံးအဆို့ရှင်များကို ဖော်ပြပေသည်။

သို့ဖြစ်၍ ဇာတာရှင်သည် နှလုံးရောဂါကို ခံစားရသည်။ (၈)တန့် ပါဝင်ပတ်သက်ခြင်းက ကျောက်ကပ်၊ ဆီးလမ်းကြောင်းကို သတိပြုရန်ပါ ဖော်ပြနေသည်။ ဇာတာရှင်သည် နှလုံးရောဂါ ရုတ်တရက်ထ၍ ရှောခ်မိကာ ဆေးရုံတင်ခဲ့ရသည်။ နောက်ပိုင်းတွင် ကျောက်ကပ် အလုပ်မလုပ်တော့၍ ကျောက်ကပ်ဆေးခဲ့ရကြောင်း သိခဲ့ရပါသည်။

ဆုံးဖြတ်သောရက် (၁၂-၅-၂၀၁၃)တွင် ဗုဒ္ဓဟူး ထူလ၊ ကိတ် ဘုတ္တိ၊ ရာဟု အန္တရဒသာ စားဝင်နေခဲ့ပါသည်။ ထူလဒသာသခင်ကြိုဟ် ၄ဟူးသည် ၆(ရောဂါ)(၉)တန့်သခင်ဖြစ်၍ (၇)တန့် (မာရကဘာဝ)တွင် (၈)တန့်သခင် ၁နွေကြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေပါသည်။ ၄ဟူးကြိုဟ်သည် ၂(မာရက)သခင်ဖြစ်၍ (၁၁)တန့် (ဘာဓကဘာဝ)တွင် ရပ်တည်နေသော စနေကြိုဟ်ပိုင်နက္ခတ်ကို စီးထားပါသည်။

ဘုတ္တိဒသာသခင် ကိတ်ကြိုဟ်သည် (၂)တန့် (မာရကဘာဝ)တွင် ရပ်တည်နေပြီး (၁၁)တန့် (ဘာဓက



သခင်) အင်္ဂါ၏ (၈)တန့်အထူးမြင်ခြင်း ခံထားရပါသည်။ ကိတ်ကိုယ်တိုင် (၂)တန့် (မာရကသခင်)ဖြစ်၍ (၁၁)တန့် (ဘာဓကဘာဝ)တွင် ရပ်တည်သော စနေပိုင် နက္ခတ်ကို စီးထားပါသည်။

အန္တရဒသာသခင် ရာဟုသည် (၈)တန့်ဘာဝ ကန် ရာသီတွင် ရပ်၍ ထူလဒသာသခင် ၄ဟူးအတွက် ကိုယ်စားပြု လုပ်ဆောင်ပါသည်။ ရာဟုသည် (၉)တန့်ရပ် (၇)တန့် (မာရကသခင်) ၂လ်ကြိုဟ်ပိုင် နက္ခတ်ကို စီးထားပါသည်။

ယင်း ၄ဟူး ထူလ၊ ကိတ် ဘုတ္တိ၊ ရာဟု အန္တရဒသာကာလသည် (၄-၆-၂၀၁၃)ထိ စားဝင်ပေမည်။ ယင်းကာလအတွင်း ဇာတာရှင်၏သက်တမ်း ဆုံးခန်းတိုင် ဖို့ ရှိနေပေသည်။

ဇာတာရှင်သည် (၂၄-၄-၂၀၁၃)တွင် ဘဝနိဂုံး အဆုံးသတ်သွားခဲ့ရသည်။ ယင်းနေ့တွင် ထူလဒသာသခင် ကြိုဟ် ၄ဟူးသည် အင်္ဂါကြိုဟ်(ဘာဓကသခင်)ပိုင် နက္ခတ်၊ ဘုတ္တိနက္ခတ်ပေါ် ကောဇာသွား၍ စီးနင်းနေခဲ့သည်။ မူလ ဇာတာရှိ ဘုတ္တိဒသာသခင်ကြိုဟ် ကိတ်အား ယင်းကောဇာ ၄ဟူးကြိုဟ် အမြင်ကြုံနေခဲ့သည်။ သေဆုံးသောနေ့၏ ကောဇာ ဇာတာတွင် ကိတ်ကြိုဟ်သည် အင်္ဂါပိုင် ရာသီတွင် စနေကြိုဟ် (မာရကသခင်၊ ဘာဓကဘာဝရပ်)ပေါ် ကောဇာသွားခြင်းဖြင့် စီးနင်းဖြတ်ကျော်နေခဲ့သည်ကို တွေ့ရှိရပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

ဝဖြိုးခြင်း၊ အဝလွန်ခြင်းနှင့် အဝပြဿနာ အဖြေရာ

ဟိန်း(ဘဝဓိ)

(ယခင်လမှအဆက်)

ဝခြင်း၏ စိတ္တဇေဒနှင့် လူမှုရေးတို့ပေါ်သွက်ဝိုက်၍ သက်ရောက်ချက်များ

ဝသူများတွင် ဆေးပညာအရ ကျန်းမာရေးတွင် ပြင်းထန်သော ရှုပ်ထွေးမှုများ ဝင်ရောက်လာသောအခါ စိတ္တဇေဒနှင့် လူမှုရေးများအရလည်း ပြင်းထန်စွာ ပြဿနာများ ဖြစ်ပေါ်လာတတ်ပေသည်။ ဝခြင်းသည် စိတ်ကျရောဂါ၊ ပူပင်သောကများခြင်း၊ အပြစ်ကျူးလွန်မိခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်ခြင်း စသည်တို့နှင့် ဆက်စပ်နေပေသည်။ သို့ဖြစ်၍ လူတစ်ဦး၏ စိတ်ခံစားချက်ပေါ်ကြီးမားစွာ သက်ရောက်နေတတ်သည်။ လေ့လာဆန်းစစ်ချက်များအရ ခန္ဓာကိုယ်ပေါ် စိတ်ကျေနပ်မှု အတိုင်းအတာသည် မိမိကိုယ်ကို တန်ဖိုးထားမှုနှင့် ကြီးမားစွာ ဆက်စပ်နေကြောင်း တွေ့ရပါသည်။

ဝဖြိုးသူ များစွာတို့သည် မိသားစုတွင်းရော လူမှုဆက်ဆံရေးတွင်ပါ အဆင်မပြေဘဲ ရုန်းကန်ရင်ဆိုင်ရတတ်သည်။ အလွန်ဝသူများမှာ လူမှုရေးအရ အလွန်ဖိစီးမှု ခံရတတ်လေ့ရှိသည်။ အလုပ်အင်တာဗျူးတွင် အပယ်ခံရခြင်း၊ ပြဿနေသော ဆရာဝန်များ၏ အဆင်သေးမှု ခံရခြင်း၊ လူမှုရေးလှုပ်ရှားမှုများတွင် အပယ်ခံရခြင်း၊ ယုတ်စွအဆုံး အများသုံး ကား,လေယာဉ်ပျံ စသည်စီးရာ၌ ထိုင်ခုံမဆံ့ခြင်း၊ ပါတီပွဲများတွင် အဆင်မပြေဖြစ်ရခြင်း၊ ရက်စုတောရင့်များတွင် ထိုင်ရခြင်း၌ အဆင်မပြေခြင်း စသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ ယင်းလူမှုဆက်ဆံရေးတွင် အဆင်မပြေ စိတ်ပျက်ရမှုများနှင့် မကြာခဏ ကြုံရသောအခါတွင် မိမိကိုယ်ကို စိတ်ပျက်လာပြီး အထီးကျန်ခြင်းမျိုး ခံစားလာရတတ်ပေသည်။

ဝခြင်းကို ရောဂါစစ်တမ်းထုတ်ခြင်း

ဝခြင်းဟု သတ်မှတ်ခြင်း၌ ဘီ.အမ်.အိုင် (B.M.I) ဟု ခေါ်သည့် ခန္ဓာကိုယ် အညွှန်းကိန်းနှင့် တိုင်းတာပါသည်။ ကိုယ်အလေးချိန်များခြင်း အကြောင်းတွင် ဆိုခဲ့ပြီ။ ထို့ပြင် ဝခြင်း၌ ခါးအတိုင်းအတာကိုလည်း ထည့်သွင်းစဉ်းစားပါသည်။ ဆရာဝန်က ဝသည်ဟု သတ်မှတ်ဖော်ထုတ်ပြီးနောက် ကိုယ်အလေးချိန် လျှော့ချသော အစီအစဉ် (weight loss programme) ကို လိုအပ်သလို အကြံပေးပါလိမ့်မည်။ ဝခြင်းနှင့်ဆက်စပ်သော ကျန်းမာရေးရှုပ်ထွေးမှုများနှင့် ပတ်သက်သည့် ဆေးစစ်မှုများလည်း လိုအပ်သလို ပြုလုပ်စေပါလိမ့်မည်။

ထို့ပြင် ဝရခြင်း အကြောင်းရင်းကို သိနိုင်ရန် ဆရာဝန်က မေးခွန်းများ လိုအပ်သလို မေးပါလိမ့်မည်။ သင့် ကျန်းမာရေးဖြစ်စဉ်များကို လိုအပ်သလို မေးပါလိမ့်မည်။ သင် စတင်ဝလာသည့် အသက်ပိုင်း၊ မိသားစု၏ ကိုယ်အလေးချိန်၊ ကျန်းမာရေးဖြစ်စဉ်များ၊ စားသောက်ပုံ၊ လေ့ကျင့်ခန်းလုပ်သော အမူအကျင့်များ၊ ဆေးလိပ်သောက်

www.burmeseclassic.com

www.burmeseclassic.com

သလား၊ အရက်သောက်သလား စသည်ဖြင့် မေးမြန်းပါလိမ့်မည်။

သင့်ဆရာဝန်က သိုင်းရွိုက်လုပ်ဆောင်ပုံကိုလည်း စစ်ဆေးခိုင်းကောင်း ခိုင်းပေလိမ့်မည်။ သွေးချို၊ ဆီးချို၊ ကော်လက်စထရောပမာဏ စသည်တို့ကို စစ်ဆေးခိုင်းပါလိမ့်မည်။ လက်ရှိတွင် ဆီးချို၊ သွေးချိုရောဂါ ရှိ,မရှိ ဆန်းစစ်လို၍ ဖြစ်ပေသည်။

ခါးအတိုင်းအတာ

ခါးတစ်ပတ်လည် တိုင်းရာတွင် လက်မမည်မျှရှိသည်ကို တိုင်းတာရသည်။ ဝခြင်းလား၊ အဝလွန်ခြင်းလား၊ ကျန်းမာရေးအညွှန်းကိန်း ကောင်း,မကောင်း ဆန်းစစ်လို၍ ဖြစ်သည်။ လူအများတွင် ခန္ဓာကိုယ်၌ အလေးချိန် အပိုစုရာနေရာ ကွဲပြားတတ်သည်။ အချို့နေရာများက အခြားနေရာများထက် ပို၍အန္တရာယ်ကြီးခြင်းမျိုး ရှိသည်။ ခန္ဓာကိုယ်တွင်း ခါးတစ်ဝိုက် (သို့မဟုတ်) ကိုယ်ခန္ဓာ အပေါ်ပိုင်းတွင် အဆီစုခြင်း(ဖန်းသီးပုံစံ) ဖြစ်နေလျှင် ဝခြင်းနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာ ပိုမိုခြင်းထန်စွာ ကြုံတွေ့ရဖို့ အလားအလာ ပိုတတ်သည်။ ခန္ဓာကိုယ်တွင် အဆီပိုများ တင်ပါး၊ ပေါင်၊ ခန္ဓာကိုယ်အောက်ပိုင်းတွင် စုခြင်း (သစ်တော်သီးပုံစံ)က ခါးတစ်ဝိုက်နှင့် ကိုယ်အထက်ပိုင်း စုခြင်းလောက် ပြဿနာမကြီးတတ်ပါချေ။

* အမျိုးသမီးများတွင် ခါးတစ်ပတ်လည် တိုင်း၍ (၃၅) လက်မထက် ပိုခြင်း၊
* အမျိုးသားများတွင် ခါးတစ်ပတ်လည် တိုင်း၍ (၄၀) လက်မထက် ပိုခြင်းမှာ ဘေးအန္တရာယ်ကြီးလှပြီး မည်သို့ကိုယ်အလေးချိန် ချရမည်ကို ဆရာဝန်ထံမှ လမ်းညွှန်ချက် ခံယူရပေတော့မည်။

ဝခြင်း၏ အကြောင်းရင်းများကား အဘယ်နည်း

ဝခြင်း၏ အကြောင်းရင်းများ များစွာရှိပါသည်။ အတွေ့ရများသည်မှာ ခန္ဓာကိုယ်က စွမ်းအင်အတွက် သောင်ကျွမ်းနိုင်သည်ထက် ကယ်လိုရီများ ပိုများ၍ ဖြစ်ရပါသည်။ ခန္ဓာကိုယ်သည် ကယ်လိုရီများကို လောင်ကျွမ်းခြင်း မပြုနိုင်ပါက အဆီအဖြစ် သိုလှောင်ပေရာ အလေးချိန် မြင့်တက်လာပေသည်။

ကယ်လိုရီများ စားသုံးခြင်းက လောင်ကျွမ်းသည်ထက်ပိုလျှင် ဝလာမည်သာဖြစ်သည်။ ဝခြင်း အကြောင်းရင်းများစွာကို အောက်တွင် စုပေါင်း ဖော်ပြပေးသွားပါမည်။

ဝခြင်း အချက်များ

* **မျိုးဗီဇ**

ဝခြင်းသည် မိသားစုတွင်း မျိုးရိုးလိုက်၍ ဖြစ်တတ်သည်။ ယင်းမှာ မိသားစု စားသောက်ပုံ အမူအကျင့် မကောင်းခြင်းက လွှမ်းမိုးသောအချက် ဖြစ်တတ်သော်လည်း မျိုးဗီဇဆက်စပ်မှုကိုလည်း ထည့်သွင်းစဉ်းစားရပါသည်။ သုတေသီများက ဝဖြိုးသူများတွင် မျိုးဗီဇအရင်းခံခြင်းများရှိကြောင်း အခိုင်အမာ တွေ့ရှိခဲ့ပြီး ဖြစ်သည်။

* **ဇီဝကမ္မဖြစ်စဉ်**

အချို့သူများသည် သူတစ်ပါးထက် ဇီဝကမ္မဖြစ်စဉ် ပိုမိုမြန်ဆန်တတ်၍ ကယ်လိုရီများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်နိုင်ကာ ခန္ဓာကိုယ် အပူချိန်ကို ထိန်းပေးထားနိုင်သည့် လိုအပ်သော ဇီဝကမ္မဖြစ်စဉ် ရှိပေသည်။ ဝိန်သွယ်သော ခန္ဓာကိုယ်များသည် လူအဖွဲ့အစည်းတွင် စားသောက်မှုပုံစံ ကောင်းမွန်ခြင်းကို တွေ့ရပြီး စားသောက်မှုပုံစံ ပြောင်းလဲဖောက်ပြန်သွားသည်နှင့် ဇီဝကမ္မဖြစ်စဉ် နှေးနှေးကာ ဝဖြိုးခြင်း ဖြစ်လာတတ်ကြောင်း တွေ့ရသည်။

* **စိတ္တဇေဒ**

အချို့က စိတ်ခံစားချက် အလိုလိုက်၍ စားတတ်ကြသဖြင့် ဤအချက်ကို ရှောင်ကြဉ်ရမည်။ စားကောင်းသောက်ဖွယ်များ ဖိမ်ခံစားသောက်ခြင်းက စိတ်ခံစားချက် နိမ့်ကျခြင်း၊ စိတ်ဖိစီးခြင်း၊ ဝမ်းနည်းရခြင်းတို့ ဖြစ်စေ၍ ယင်းစိတ်ခံစားချက်မှာ ဝခြင်းနှင့် ဆက်စပ်နေသည်။

* **လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်များ**

ကျွန်ုပ်တို့၏ လူအဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်မှာ အပြန်စာနှင့် စားလွယ်စာများ၊ စွမ်းအင်မြင့်မားသော အသင့်အစားအစာများ (အာဟာရဓာတ် နည်းပြီး အဆီများ) ရလွယ်ပြီး စားသောက်လေ့ရှိပါက ဝဖြိုးရန် ကြီးမားသော အကျိုးသက်ရောက်မှု ရှိပေသည်။

* **ဖိမ်ခံ၍ လှုပ်ရှားမှုနည်းသော ဘဝနေမှုပုံစံ**

မယုက် နေထိုင်သော ပုံစံက ဝခြင်း၏ အကြောင်းရင်းများဆီ ဦးတည်သွားတတ်သည်။ လှုပ်ရှားမှုနည်းပြီး ထိုင်

www.burmeseclassic.com

www.burmeseclassic.com

၍ လုပ်ရသော ရုံးထိုင်အလုပ်မျိုး လုပ်ရခြင်း၊ ကလေးများ ရပ်မြင်သံကြားရှေ့ ထိုင်၍ အကြည့်များခြင်း၊ တီဗီဂိမ်း ကစားလေ့ရှိခြင်းက ဝခြင်းဆီ ဦးတည်သွားတတ်သည်။ ယင်းအစား လှုပ်ရှားမှုပြုရသော အားကစားမျိုး လုပ်ဆောင်ခြင်း ပြုပေးသင့်သည်။ များသောအားဖြင့် လူအများသည် ကယ်လိုရီများ လောင်ကျွမ်းသွားရန် လိုအပ်သော လေ့ကျင့်ခန်းမျိုး ပြုလုပ်လေ့ မရှိတတ်ပါချေ။

*** ဆေးကုသခံယူမှု အခြေအနေ**

အချို့ ဆေးကုသမှု ခံယူရသော အခြေအနေမျိုးက ကိုယ်အလေးချိန် တက်ပြီး ဝဖြိုးစေတတ်သည်။

*** ဆေးကုသမှု ခံယူရခြင်း တစ်ရပ်၏ ဘေးထွက်ဆိုးကျိုးများ**

ဆေးကုသမှု ခံယူရခြင်း အခြေအနေတစ်ရပ်၏ ဘေးထွက်ဆိုးကျိုးအဖြစ် ကိုယ်အလေးချိန်တက်၍ ဝလာတတ်၏။ သို့သော် ယင်းမှာ ယာယီမျှသာဖြစ်ပြီး ကြာရှည် မဝတတ်ပါချေ။

ဝခြင်းအတွက် အထောက်အကူဖြစ်မည့် အချက်များ

ကျွန်ုပ်တို့၏ လူနေမှုဘဝပုံစံသည် ဝဖြိုးခြင်းကို ကာကွယ်နိုင်ပြီး စားသောက်မှုပုံစံမှာလည်း ကျန်းမာရေးနှင့် ညီညွတ်မှု ရှိစေသင့်ပါသည်။ ပုံမှန် ကာယလေ့ကျင့်ခန်း လုပ်ဆောင်လေ့ရှိခြင်းကလည်း ဝခြင်းကို ကာကွယ်ဟန့်တားပေးတတ်ပြီး ဝခြင်းနှင့် ဆက်စပ်သော ရောဂါလက္ခဏာများကို လျော့ပါးစေကာ ဘဝအရည်အသွေးကို တိုးတက်စေနိုင်ပါသည်။ သင့်အနေနှင့် လက်ရှိတွင် ဝဖြိုးမှုနှင့် ကြုံနေရပါက အမြန်ဆုံး ကုသမှုခံယူရမည်။ ဝခြင်းက ပြင်းထန်သော ကျန်းမာရေးပြဿနာများကို ဖြစ်စေတတ်ပေရာ ဆေးဝါးကုထုံး၊ စိတ်ပညာကုထုံး၊ ခွဲစိတ်ကုသခြင်း၊ လူနေမှုဘဝပုံစံ ပြောင်းလဲပစ်ခြင်းနှင့် သဘာဝအပင်ထွက် ဆေးဝါးများ၊ ဟိုမီယိုပက်သီ ဆေးဝါးများ စသည်ဖြင့် အသုံးပြုကာ ကိုယ်အလေးချိန် ကျအောင် ဆောင်ရွက်ရပေမည်။

ဆေးဝါးကုထုံး

ဝခြင်းကို ဆေးဝါးများ အသုံးပြု၍ လျော့ချပေးနိုင်သည်။ သို့သော် ကုသမှုပုံစံကို ရွေးချယ်ရာတွင် အရေးကြီးသော အချက်မှာ ယင်းဆေးဝါးများသည် အဲ့ဖွယ်ဆေးဝါးများ မဟုတ်ဘဲ စားသောက်မှုပုံစံကောင်း၊ သင့်လျော်သော ကာယလေ့ကျင့်ခန်းတို့နှင့် တွဲ၍ အသုံးချရမည်ဟူသော အချက်ဖြစ်ပါသည်။ ထို့ပြင် ဆေးဝါးက စိတ်ခံစားမှု ပြဿနာကို မဖြေရှင်းပေးနိုင်ဘဲ စားသောက်ပုံ ချုတ်ယွင်းသော ပတ်ဝန်းကျင်နှင့် အမူအကျင့်ကို ရှောင်ရှားနိုင်ရန်လည်း လိုအပ်ပါသည်။ ဝခြင်းအတွက် အသွန်းပြုလေ့ရှိသော ဆေးဝါးများကို ဖော်ပြပေးပါမည်။

* အော်လီစတက်(Orlistat) - ယင်းဆေးကို ဇန်နီကယ်(Xenical) ဟုလည်း ခေါ်၏။ စားသမျှထဲမှ အဆီ(၃၀)ရာခိုင်နှုန်းခန့်ကို စုပ်ယူခြင်း မပြုနိုင်အောင် ဟန့်တားပေးသည်။

* ဖန်တာမင်း(Phentermine) - စားချင်စိတ်ကို ထိန်းချုပ်ဟန့်တားပေး၏။

* စီဗျူထရာမင်း(Sibutramine) - ယင်းဆေးကို မာရီဒီးယား(Meridia) ဟုလည်း ခေါ်၏။ စားချင်စိတ်ကို ထိန်းချုပ်ဟန့်တားပေးသည့်အပြင် ရေရှည် အသုံးပြုရန် ထောက်ခံချက်လည်း ရထား၏။

ဆေးဝါးများ အသုံးပြုရန် သင် ဆုံးဖြတ်ပါက သင့် ဆရာဝန်နှင့် ပုံမှန် ဆေးစစ်မှု ခံယူပြီး ထိုးတက်မှုကို မှတ်တမ်းတင်ထားရမည်။ အသုံးပြုမည့် ဆေး၏ စိတ်ချရမှုကို ဆန်းစစ်ထားရမည်။ ယင်းဆေးဝါးများတွင် ဘေးထွက်ဆိုးကျိုးများ ရှိနိုင်သည်ဖြစ်၍ အသုံးမပြုမီ သုတေသနပြုထားရန် လိုအပ်ပါသည်။

စိတ္တဗေဒကုထုံး

စိတ်ပညာကုထုံး မူကွဲများစွာရှိပြီး ဝခြင်းကို တိုက်ဖျက်လိုသူများအတွက် ကြီးမားစွာ အထောက်အကူပြုပေးနိုင်သည်။ လူအများစုမှာ စားချင်ရာစားသော အပျက်စိတ်ထား(negative emotions) ကို လျှော့တွက်တတ်ကြ၍ ယင်းအချက်ကို အထူးဂရုထားရမည်။

ထင်ရှားသိသာလွယ်သော အပြုအမူကုထုံးများတွင် အပြုသဘောဆောင်သည့် ကောင်းသော အပြုအမူများ (ဥပမာ-ကျန်းမာစေသော စားသောက်မှုပုံစံ၊ လေ့ကျင့်ခန်း လုပ်ဆောင်ခြင်း စသည်တို့)သို့ ပြောင်းလဲသွားစေရန် စိတ်ကို ပြုပြင်ပေးရမည်။ စိတ်ကုထုံးပညာရှင်၏ အထူးအညီဖြင့် စိတ်ခံစားမှုကို ဆန်းစစ်ကာ မှားယွင်းနေသော စိတ်အစွဲများကို ချေဖျက်ပစ်၍ အမှန်ရောက်အောင် ပြင်လဲစေရမည်။

www.burmeseclassic.com

www.burmeseclassic.com

ခွဲစိတ်ကုထုံးနည်း

ဝသောသူများသည် ခွဲစိတ်ကုမှု ခံယူခြင်းဖြင့် အဆီလျှော့ချ၍ ရပါသည်။ လွယ်ကူသော အချက်ကား မဟုတ်ပါချေ။ ယေဘုယျအားဖြင့် ခွဲစိတ်ကုသခြင်းကို ခန့်ဘကိုယ်အညွှန်းကိန်း အမှတ်(၄၀)ကျော်ခြင်း (ဝါ) ကျန်းမာရေးပြဿနာများ ပြင်းထန်စွာ ကြုံရခြင်းများအတွက်သာ အသုံးပြုလေ့ ရှိခဲ့သည်။

ခွဲစိတ်ကုသခြင်းပုံစံ နှစ်မျိုးရှိသည်။ အောက်ပါအတိုင်း ဖြစ်သည်။

* ဂက်စထရစ် ဘိုင်ပတ်စ်(Gastric Bypass) ခေါ် အစာမစုပ်ယူအောင် ခွဲစိတ်ခြင်း၊
* ဂက်စထရစ် စတက်ပလင် (Gastric Stapling) ခေါ်. အစာအိမ် ကျုံ့စေသော ခွဲစိတ်နည်း။

ယင်းခွဲစိတ်ကုသမှု ခံယူမှု နှစ်မျိုးလုံး ရှုပ်ထွေးပြီး စွန့်စားလွန်းရကား ,မခွဲစိတ်မီ အပြည့်အဝ နားလည်အောင် လေ့လာထားရမည်။ ရှုပ်ထွေးမှုများက စိတ်ပိုင်းဆိုင်ရာ အပေါ် သက်ရောက်မှု ဖြစ်စေနိုင်သည်။

ခွဲစိတ်ကုသမှု ခံယူထားသူ များစွာတို့သည် ပိန်ကျသွားသည်နှင့် ပြဿနာအားလုံး ပြေပျောက်သွားကာ စိတ်ခံစားမှု ပိုမိုကောင်းမွန်လာတတ်သည်။

ဘဝနေမှုပုံစံ ပြောင်းလဲပစ်ခြင်း

အခြားကုထုံးနည်းများနှင့်အတူ ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲကျင့်သုံးရမည်။ မကောင်းသော အမူအကျင့်များ ပယ်ဖျောက်ကာ ကောင်းသော အမူအကျင့်များကို လုပ်ဆောင်ပေးရပါမည်။

ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်ခြင်း၊ လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်းတို့မှာ ဝခြင်းကို ကာကွယ်ပေးနိုင်ပါသည်။ ကိုယ်အလေးချိန် ချရာတွင် အမြန်ကျခြင်းမျိုးကို မလိုလားအပ်ပါချေ။ ဖြည်းဖြည်းမှန်မှန် ကျန်းမာရေး မထိခိုက်စေဘဲ ကျစေရမည်။

ဝခြင်းအတွက် သဘာဝအပင်ထွက် ဆေးဝါးများ

ကိုယ်အလေးချိန် များခြင်းတွင် ဖော်ပြထားသည့် အတိုင်းပင် မှတ်ယူရမည်။

ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုပုံစံများအတွက် လမ်းညွှန်ချက်များ

* ဖြစ်နိုင်သော ရည်မှန်းချက်ပန်းတိုင် ချမှတ်ပြီး အတိအကျ လိုက်နာလုပ်ဆောင်ပါ။ ယင်းတွင် စားသောက်ပုံ၊ လေ့ကျင့်ခန်းလုပ်ခြင်းနှင့် အစားအသောက်နှင့် ပတ်သက်၍ စိတ်ထားပြောင်းလဲပစ်ရန်များ ပါဝင်ပါမည်။ ယင်းအပြောင်းအလဲကို သက်သောင့်သက်သာနှင့် ဖြည်းဖြည်းမှန်မှန် လုပ်ဆောင်ပေးပါ။ ယင်းပန်းတိုင်များတွင် ပထမဆင့်မှာ သင့်ဘဝနေမှုပုံစံ ပြောင်းလဲပစ်ရန်ဖြစ်ပြီး ကျန်သည်များကို ဆက်လက်လိုက်နာလုပ်ဆောင်သွားရပါမည်။ သို့မှသာ ကျန်းမာပျော်ရွှင်မှု ခံစားလာရပေမည်။
* ကိုယ်အလေးချိန်ကျခြင်း အကျိုးရလဒ် ချက်ချင်းထွက်ပေါ်မလာ၍ စိတ်ပျက်စရာ မလိုပါချေ။ ကျန်းမာစွာဖြင့် ဖြည်းဖြည်းမှန်မှန် တိုးတက်မှုရခြင်းကား တန်ဖိုးကြီးမားလှပါသည်။
* သင့်အတွက် မတိုးတက်ခြင်း (ဝါ) နောင့်နှေးခြင်း ဖြစ်နေပါလျှင် ကျွမ်းကျင်သော ပညာရှင်ထံမှ အကူအညီ ရယူပါ။ သင် စားချင်သည်များ ဆက်စားနေမိပြီး စိတ်ခံစားချက်ကို မတွန်းလှန်နိုင်သော အခြေအနေမျိုးတွင်ရှိလျှင် စိတ်ရောဂါကု ဆရာဝန်ထံ ပြသ၍ (ဝါ) ကျွမ်းကျင်သော စိတ်ပညာရှင်ထံ ပြသ၍ ယင်းအကျင့်ပျောက်အောင် ကြိုးစားပေးပါ။ ကျန်းမာစွာ လေ့ကျင့်ခန်း ပြုလုပ်နိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

အတွက် သင့်အနေနှင့် အတော်ပင် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ကာ ရုန်းကန်ရပေမည်။ လေ့ကျင့်ပေးနိုင်သော ဆရာသမားကောင်း (သို့မဟုတ်) အာဟာရဗေဒပညာရှင် (သို့မဟုတ်) အကူအညီပေးနိုင်သော လူအုပ်စုနှင့် ဆက်သွယ်၍ လမ်းညွှန်မှုများ ခံယူပါ။

* အစားအစာ ရွေးချယ်မှု မှန်ပါစေ။ ကိုယ်အလေးချိန် လျှော့ချရန် စိတ်ဖိစီးမှု မဖြစ်ပါစေနှင့်။ စားသင့်သည်များ စားနိုင်သည်။ အဆီများခြင်း၊ ကယ်လိုရီများခြင်း၊ လိုအပ်သော အာဟာရဓာတ် နည်းပါးခြင်းရှိသော စားစရာများနှင့် သက်ဆိုးတို့ကို ရှောင်ပါ။ အမျှင်ဓာတ် မြင့်မားသော [ဥပမာ-ပေါင်မုန့်ကြမ်း၊ အစေ့၊ အဆန်များ(ကောက်စပါး)၊ ပါစတာ (pasta)၊ ဆန်လုံးညှို၊ ပဲသီးတောင့်၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ] စားနိုင်၏။ စားစရာများ သင့်တင့်မျှတရုံ စားခြင်းမျိုး ရေရှည်လုပ်ဆောင်ခြင်းဖြင့်လည်း မိမိဘာသာ ကုသနိုင်၏။

* ကျန်းမာစေသော စားသောက်ပုံစနစ်တွင် သင့်တင့်မျှတရုံဟူသော အချက်မှာ သော့ချက်တစ်ခုဖြစ်သည်။ အစားအစာများကို နည်းနည်းချင်းစီ တဖြည်းဖြည်း လျှော့စားသွားခြင်းဖြင့် ဝမ်းဗိုက်အကျင့်ဖြစ်သွားပေမည်။ ဖြည်းဖြည်းစားခြင်း အကျင့်ကလည်း ဝမ်းဗိုက်ကို ပြည့်လွယ်စေတတ်၏။ ခန္ဓာကိုယ်က လိုအပ်သည်ထက် ပိုမစားမိစေရန် သတိပြု စားသောက်ရမည်။

* အစားအစာများကို နည်းနည်းချင်းစီ စားပေးပါ။ မစားဘဲ အနပ်ကျောခြင်း မပြုမိပါစေနှင့်။ သုံး, လေးနာရီမျှ ခြားပြီး နည်းနည်းချင်းစီ စားခြင်းက ဇီဝကမ္မဖြစ်စဉ်ကို တိုးမြှင့်စေနိုင်၏။

* သင့်စားချင်စိတ် အစွဲကို ရှာဖွေဆန်းစစ်ပါ။ ယင်းစိတ်အစွဲကို ပြောင်းပစ်ရမည်။ ငြီးငွေ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ဆာလောင်ချိန်တိုင်းတွင် သင့်အား စားချင်ရာ စားခြင်းဆီသို့ တွန်းပို့လိမ့်မည်။

* နေ့စဉ် အချိန်တစ်ခု ပုံမှန်ထား၍ လေ့ကျင့်ခန်းလုပ်ပေးပါ။ တစ်နေ့ မိနစ်(၃၀)မျှ လေ့ကျင့်ခန်းလုပ်ဆောင်ပေးခြင်းကပင်လျှင် ကိုယ်အလေးချိန် ကျစေပြီး ကိုယ်ခန္ဓာကျန်းခဲ့အောင် ထိန်းပေးထားနိုင်သည်။ ဖြည်းဖြည်းမှန်မှန်မှ အစပြုပြီး သင့်ခန္ဓာကို လိုက်လျောနိုင်သလောက် တဖြည်းဖြည်း တိုးလုပ်ပေးပါ။ စကတည်းက အပြင်းအထန် တွန်းလုပ်ခြင်းက သင့်ကိုယ်သင် ပင်ပန်းနာကျင်စေနိုင်ပြီး နောင်လေ့ကျင့်ခန်း လုပ်ရမည်ကို ကြောက်ရွံ့သွားစေနိုင်သည်။

* လူပ်ရှားမှုတိုင်းသည် အကျိုးသက်ရောက်မှု ရှိစေနိုင်ပါသည်။ သို့ဖြစ်၍ လေ့ကားတက်ခြင်း၊ ကားပါကင်ထိုးခြင်းကအစ ကိုယ့်ဘာသာလုပ်ပါ။ နေ့စဉ်ကိစ္စများတွင် ရုပ်မြင်သံကြား ရှိမှတ်တို့ ဝေးဝေးကရှောင်နိုင်ဖို့ ကြိုးစားပါ။

* ကာယလူပ်ရှားမှု ပြုခြင်းကို နှစ်သက်နိုင်ပါစေ။ ငြိမ်သက်စွာ နေခြင်းမှာ သင့်အတွက် မဟုတ်ဟု ခံယူထားပါ။ ယောဂကျင့်ခြင်း၊ ခရီးရှည် လမ်းလျှောက်ခြင်း၊ ပုံမှန် ရေကူးခြင်း၊ အားကစားတစ်ခုခု လုပ်ဆောင်ခြင်း ပြုပေးပါ။ ယင်းကိစ္စများက လူမှုရေးတွင်ပါ အထောက်အပံ့ ကောင်းစွာရစေနိုင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်း များစေနိုင်ပါသည်။

* သင့် နေ့စဉ်စီမံချက်ကို မေ့ပျောက်ကျော်လွှားခြင်း မပြုမိပါစေနှင့်။ အပျက်သဘောစိတ် များခြင်းက ဆင့်အား နောက်ကြောင်းပြန်လှည့်စေပြီး လူမှုရေး ကျန်းမာရေးအရ အကျိုးယုတ်စေနိုင်ပေသည်။

* အစားအစာပေါ် မဟုတ်ဘဲ သင့်လုပ်ဆောင်ချက်များ အပေါ် ပျော်ရွှင်ကျေနပ်စွာ ခံစားရင်း တိုးတက်မှု ရလဒ်ဖြစ်သည့် ကိုယ်အလေးချိန် ကျဆင်းသွားခြင်း (၀၊) ပန်းတိုင်ကို ရောက်ရှိခြင်း ဆုလာဘ်များ ရယူလိုက်ပါ။

* အကောင်းမြင်ပါ။ အပြုသဘော တိုးတက်မှုက စိတ်ထားကိုပါ အကောင်းဘက်မှ တိုးတက်စေနိုင်သည်။ ခိုင်မာယုံကြည်သော စိတ်ထားဖြင့် ကြိုးစားလုပ်ဆောင်ပေးပါက သင့်စိတ်ခံစားချက်များ ပိုမိုကောင်းမွန်လာပြီး ကိုယ်အလေးချိန် သေချာပေါက် ကျခြင်းကို ခံစားရပါလိမ့်မည်။

ဟိန်း(ဘူမိ)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးနယ်ကိုယ်တော် 0412 YR 004887
လိုင်စင် ၅/၂၀၀၈ တာဆေးလ (တိုး)-၁၉၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှုန်စေတဲ့

မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှုန်ဆေး

ကြော်ငြာမှုမပြုရန်အတွက်တဆေးလ(စာနယ်ဇင်း)၁၃၀/၀၀၀၅

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှုန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်တကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှုန့်မမှုန် မိမိကိုယ်တိုင် ဆုန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြိုးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း ထွက်လမ်း မှုန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အခြေသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှုန်ဆေးဟာ ဝမ်းမှုန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အခြေသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှုန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှုန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံတိုင်း ဖိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခဲတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်အင်အားသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရံ၊ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှုန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှုန်ဆေးဟာ ဘယ်ဘူး/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရုံးကုန်ပြီး မန္တလေးမြို့နှင့် မုံရွာမြို့မော်လမြိုင်မြို့ မြန်မာ့ဆေးဖိုးစုံခြင်းရိုးရာတိုင်ကြားများမှတစ်ဆင့် တစ်ပြည်လုံးသို့ခြင်းရိုးပေးနေပါပြီ။

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
[illegible] ပေဖတိုလမ်းမကြီး၊ ငြိမ်ကျွတ္တလာပျဉ်ကုန်း၊ ဒုန်ကုန်ပြို့။ ဖုန်း-၀၁၁-၆၉၀၅၀၇၊ ၀၉-၅၁-၀၈၆၂၂
မုံရွာဆရာမိုး - ဖုန်း-၆၂၉၆၁၁ လိုင်းကွဲ (၃၄၇)၊ ၆၉၀၅၀၇ လိုင်းကွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

နတ်နွံနဂါး လှည့်စားသော် ကြောင်မျက်စေ့ (မော်စတာသို့)

(၁၄-၁၁-၂၀၁၆)ရက်နေ့၊ မြန်မာလို (၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလပြည့် တနင်္လာနေ့ ဖြစ်ပါတယ်။

ည(၈)နာရီကျော်လောက်မှာ ကျွန်တော့်မြေး ဒီပါကျော် ဆိုင်ကယ်ကယ်ရီသိမ်းပြီး အိမ်အပြန် ကျွန်တော့်ကို ဝင်တွေ့ပါတယ်။ ကိစ္စကတော့ သူတို့အငှားနေတဲ့အိမ်ဟာ မနက်ဖြန် ဆင်းပေးရမှာဖြစ်လို့ နောက်ထပ်စပေါ်တင်တဲ့ အိမ်ကို ပြောင်းရွှေ့ဖို့ ဆင့်မသင့် လာမေးတာပါ။

'ဒီလကုန်ပြီးမှပြောင်း'

ကျွန်တော့်မြေး ဒီပါကျော် ပြောင်းရမယ့်အိမ်ဟာ ကျွန်တော့်အိမ်အနီး အနောက်အရပ်မှာရှိလို့ နဂါးလှည့်ကို တွက်ချက်ပြီး ပြောလိုက်ခြင်းပဲ ဖြစ်ပါတယ်။

'အဲဒီအထိ အိမ်ရှင်က လက်မခံဘူး အဘိုး၊ နောင်

www.burmeseclassic.com

www.burmeseclassic.com

လူတင်မယ်ချည်းပဲ ပြောနေတယ်'

'ဒါဆိုလည်း တစ်ဆယ့်ငါးရက်စာ တစ်သောင်းခွဲ ထပ်တင်ပြီး တောင်းတောင်းပန်ပန်နဲ့ ပြောပေါ့ကွာ'

'အိမ်ရှင်က သိပ်ကြီးကျယ်တာ။ မတောင်းပန်ချင်ပါဘူး'

'လူပိလို့ မသေပါဘူးကွာ သည်းခံစမ်းပါ။ ဇွတ်မလုပ်ချင်စမ်းပါနဲ့'

'ဒီရက်အတွင်းပြောင်းတော့ ဘာဖြစ်တတ်လို့လဲ'

'မင်း သေရင်သေ၊ မင်း မသေရင် မင်းမိန်းမ သေမှာစိုးလို့ ပြောနေတာ'

'အဘိုးကတော့ လုပ်ပြီ'

'အကောင်းပြောတာ။ မင်းဟာ ငါ့မြေးဖြစ်နေလို့ မဖြစ်သင့်တာ မဖြစ်စေချင်လို့ ပြောနေတာ။ တခြားလူဆို အဲလိုအထွန့်တက်ရင် မောင်းချလိုက်ပြီ'

'တခြားမကြည့်နဲ့၊ မင်းအဘွားကိုပဲကြည့်။ မိန်းမရယ်..ဆယ့်လေးငါးရက်နဲ့ မထူးပါဘူးကွာ။ တို့ပြောင်းမှာ အနောက်အရပ်။ တို့ပြောင်းမှာက အရှေ့ကနေ အနောက်ကိုပြောင်းရမှာ နဂါးပါးစပ်ထဲဝင်ရမှာ ပြောတာကို မရဘူး။ ညီမ အိမ်ငှားမှာ တစ်နာရီကောင် မနေချင်ဘူး။ ကိုယ့်အိုးပိုင်အိမ်ပိုင်ကို ပြောင်းမယ်။ ရေခြားမြေခြားမဟုတ် သုံးအိမ်ကျော်ပဲရှိတာလို့ပြောပြီး အဘိုးအလုပ်သွားနေတုန်း ပြောင်းလိုက်တယ်။ အဲဒီတော့ ဘာဖြစ်လဲ။ ဘာဖြစ်လဲ မင်းရှေ့တင်ပဲလေ'

'နဂါးခေါင်းအလှည့်အပြောင်း ရက်ရာဇာ ပြဿဒါးရွေးနည်း မင်းအမေ သင်မထားဘူးလား'

'မသင်ဘူး'

'ကောင်းရော၊ ငါ့ကို ငါ့အဖေက သင်တယ်။ ငါက ငါ့သားသမီးတွေဖြစ်တဲ့ မင်းအမေကို ဆရာစားမချန် သင်ပေးတယ်။ အေး..မင်းအမေက မင်းတို့ကို မသင်တော့ ငါက ရိုက်သတ်ချင်တာ'

'ပြက္ခဒိန်ကြည့် ရတာပဲအဘိုးရာ'

'ဒါဆိုလည်း ဘာလို့လာမေးနေလဲ။ မင်းတို့ အဲဒါ ခက်တာပေါ့။ ကိုယ်တိုင်သိထားတော့ မကောင်းဘူးလား။ ပြက္ခဒိန်လည်း ကြည့်စရာမလိုဘူး။ သူများကိုလည်း ဆရာတင်စရာ မလိုဘူး။ လိုက်မှတ်၊ ငါပြောမယ်။ မင်းစိတ်ပါရင် တစ်ထိုင်တည်းနဲ့ နဂါးခေါင်းအလှည့်အပြောင်း သိသွားမယ်'

'**တတန်ကနောက်** အတိုကောက်ပေါ့ကွာ။ တပေါင်း၊ တန်ခူး၊ ကဆုန်လ သုံးလမှာ နဂါးခေါင်း အနောက်ဘက်လှည့်တယ်။ **နဝါဝါမြောက်** နယုန်၊ ဝါဆို၊ ဝါခေါင် နဂါးခေါင်း မြောက်ဘက်လှည့်တယ်။ **တော်၊ ကျွတ်၊ မုန်းရှေ့** တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း နဂါးခေါင်း အရှေ့ကိုလှည့်တယ်။ **နှ၊ ပြာ၊ တွဲတောင်** နတ်တော်၊ ပြာသို၊ တပို့တွဲလတွေမှာ နဂါးခေါင်း တောင်ဘက်ကို လှည့်တယ်။ အခု တန်ဆောင်မုန်းလမှာ နဂါးခေါင်း အရှေ့ဘက်ကို လှည့်တယ်။ မင်းပြောင်းမှာက အနောက်အရပ်ဆိုတော့ နဂါးပါးစပ်ထဲ ဝင်သွားမှာ။ ဒါကြောင့် တန်ဆောင်မုန်းလကုန်ပြီး နဂါးခေါင်း တောင်ဘက်လှည့်မယ့် နတ်တော်လထဲရောက်မှ ပြောင်းမိုလို့ ပြောတာ'

'ဒါတောင် ရက်ရာဇာကို ရွေးပြောင်းရမှာနော်။ အေး..ဘယ်လမှာ ရက်ရာဇာဘယ်နေ့ကျလဲဆိုတာ ပြောပြဦးမယ်။ **တန်ခူးသာလ၊ ထွန်းပဏာဆုန်၊ နယုန်ညွှန့်စ၊ ဆောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင်တော်သလင်း၊ သီတင်းကျွတ်ဆီ၊ အောရီတန်ဆောင်မုန်း၊ သန်းလုံးနတ်တော်၊ မိနော်ပြာသို၊ ဆီးညှိတပို့တွဲ၊ ထဲဝင်တပေါင်း၊ အခါကောင်းသည် ရက်မြတ်ရက်ကောင်း ရာဇာတည်းတဲ့**။ နတ်တော်လထဲမှာ သောကြာနဲ့ ဗုဒ္ဓဟူး ရက်ရာဇာကျတယ်။ အဲဒီရက်တွေမှာပြောင်း'

'မင်းကို ရှောင်ရမယ့်ရက်တွေပါ ပြောလိုက်ဦးမယ်။ မှတ်ရလွယ်ပါတယ်ကွာ။ **တမာသက်ရင်း၊ အင်ကြင်းဆူးရုစ်**တဲ့။ တန်ခူးလ တမာဆိုတော့ စနေ၊ ကြာသပတေး။ ကဆုန်လ သက်ရင်းဆိုတော့ သောကြာနဲ့ ဗုဒ္ဓဟူးညနေပိုင်း။ နယုန်လမှာ အင်ကြင်းဆိုတော့ တနင်္ဂနွေနဲ့ တနင်္လာ။ ဝါဆိုမှာ ဆူးရစ်၊ အင်္ဂါနဲ့ ဗုဒ္ဓဟူး။ နောက် တမာသက်ရင်း အင်ကြင်းဆူးရစ်က ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း လေးလကို ဆိုလိုတာ။ နောက်ဆုံး တမာသက်ရင်း အင်ကြင်းဆူးရစ်က နတ်တော်၊ ပြာသို၊ တပို့တွဲနဲ့ တပေါင်းလေးလကိုဆိုလိုတာ။ မင်းပြောင်းမယ့် နတ်တော်လမှာ မြန်မာလနဲ့ ကိုးလမြောက်လ တမာဆိုတော့ စနေနဲ့ ကြာသပတေးရက်တွေက ပြဿဒါးရွေးတွေ့ မပြောင်းမိစေနဲ့။ ငါပြောတာ မှတ်မိလား'

www.burmeseclassic.com

'မမှတ်မိဘူး။ အဘိုး စာရွက်နဲ့ ရေးပေးထား။ မနက်ဖြန် သားလာယူမယ်'

'အေး..ရေးထားပေးမယ်။ အဘိုးရဲ့ အမွေပေါ့ကွာ'

'ဟီး..ဟီး'

'ဘာသဘောကျလို့ ရယ်တာလဲ'

'အမွေပေးမယ် ဆိုလို့ပါ'

'ညြော်..မင်းတို့က ရွှေ၊ ငွေ၊ မြေ ပေးမှ၊ စိန်တွေ အိမ်တွေပေးမှ အမွေလို့ ထင်နေကြတာကိုး။ ငါပေးတဲ့ အမွေက ပညာအမွေ။ ငါ့အဖေ ငါ့ကို ပေးခဲ့တဲ့အမွေ။ ငါကတစ်ဆင့် မြေးဖြစ်တဲ့ မင်းကို လက်ဆင့်ကမ်းပေးတဲ့ အမွေလို့မှတ်'

♦♦♦

ကျွန်တော့်အဖေရဲ့ မွေးသက္ကရာဇ်ဟာ (၁၂၅၈)ခုနှစ်၊ ခရစ်နှစ်(၁၈၉၆)ခုနှစ် ဖြစ်တာကြောင့် အဖေသက်ရှိထင်ရှား ရှိနေမယ်ဆိုရင် အသက်(၁၂၀)အရွယ်ပါ။ အသက်(၈၀)မှာ အဖေသေတော့ ရုပ်ဝတ္ထုဆိုလို့ ပေထက်အက္ခရာ တင်ထားတဲ့ ဓာတ္တာတစ်ခုနဲ့ မှတ်ပုံတင်ပုံဟောင်းကို ပြုပြင်ပုံကြီးချဲ့ထားတဲ့ ဓာတ်ပုံပဲ အမွေအဖြစ် လက်ခံရရှိပါတယ်။

အမွေဆိုတာ စံထိုက်မှ စံရတာ ဆိုစကားဟာ ကျွန်တော့်အတွက် ရာနှုန်းပြည့်မှန်တဲ့ စကားပါ။ အဖေသေတော့ လယ်တွေ၊ မြေတွေ၊ ကျွဲ၊ နွားတွေ ကျန်ပါတယ်။ ကျွန်တော် စစ်မှုထမ်းဘဝ အရှိန်ကောင်းနေဆဲဖြစ်လို့ အဖေ့မွေးစားသမီး ကျွန်တော့်အစ်မက ထိန်းပေးထားပါတယ်။ ကျွန်တော် စစ်မှုထမ်းသက်(၂၂)နှစ်မှာ တပ်က ထွက်တော့ အဖေပိုင်အမွေဆိုင်ပစ္စည်းမှန်သမျှ မွေးစားအစ်မက အမည်ပေါက် နာမည်ခံထားပြီးဖြစ်လို့ သားအရင်းဖြစ်တဲ့ကျွန်တော် ဘာအမွေမှ မရရှိပါဘူး။

ကျွန်တော် ဝမ်းမနည်းပါဘူး။ ကျွန်တော့်မှာ အဖေပေးခဲ့တဲ့ ပညာအမွေတွေ ရရှိလိုက်လို့ပဲ ဖြစ်ပါတယ်။

အဖေ့မွေးသက္ကရာဇ်အရဆိုရင် အဖေ့ဘဝဟာ နယ်ချဲ့ကိုလိုနီကျွန်ပြုခံထားရတဲ့ခေတ်မှာ ကြီးခဲ့ရတာပါ။ ဒါကြောင့် အဖေဟာ အတန်းပညာ မသင်ခဲ့ရဘဲ ဘုန်းကြီးကျောင်းသားဘဝ၊ ရှင်သာမဏေဘဝနဲ့ ဘာသာရေးသာသနာရေးစာပေတွေပဲ သင်ခဲ့ရပါတယ်။ ဒါကြောင့် ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်းဒေသနာတော်တွေကို အာဂုံဆောင်နိုင်အောင် တတ်မြောက်တဲ့အပြင် လောကီရေးရာ စပါးတွက်၊ သစ်တွက်၊ အိမ်ဆောက်ကျမ်း ဗေဒင်အခြေခံပညာတွေကိုလည်း ကျွမ်းကျင်စွာတတ်မြောက်ထားလို့ သူသားဖြစ်တဲ့ ကျွန်တော့်ကိုလည်း သိတတ်စအရွယ်ကတည်းက တဖြည်းဖြည်းချင်း ပညာအမွေပေး သင်ကြားပေးတာကြောင့် ဆယ်နှစ်သား လေးတန်းကျောင်းသားအရွယ်မှာ အဖေတစ်ဝက်လောက် တတ်မြောက်နေပါပြီ။

နှစ်စဉ် မိုးဦးကျ လေဦးကျကာလဆို ကျွန်တော်တို့ အိမ်မှာ လူပြတ်တယ် မရှိပါဘူး။ လာသမျှလူတွေဟာ လယ်သမားတွေချည်းပါ။ အကြောင်းကိစ္စကတော့ ဘယ်နေ့ လယ်စထွန်ရမယ်၊ မျိုးစပါးစိမ်ရက်၊ မျိုးကျဲရက်၊ မျိုးနုတ်ရက်၊ ကောက်စိုက်ရက် နေ့ကောင်းရက်မြတ် ရွေးပေးဖို့ပါပဲ။

မိုးကုန်ပြီဆိုရင်လည်း စပါးရိတ်၊ တလင်းသွင်း၊ ကျီထည့်ရမယ့် နေ့ကောင်းရက်မြတ်တွေ လာမေးကြပါတယ်။ လာသမျှ လယ်သမားတိုင်းကို အဖေက တစ်ခွန်းတည်းသော စကားနဲ့ ပြောလိုက်တာကတော့ 'ငါသားဘိုကြီးကို မေးသွားကြကွာ' လို့ပါပဲ။

အဖေ့စကားဟာ မြားတစ်စင်းနဲ့ ငှက်သုံးလေးကောင် မှန်အောင် ပစ်လိုက်တဲ့သဘောပါ။ လာမေးသမျှ လယ်သမားတွေလည်း သိချင်တဲ့အဖြေ ရမယ်။ ကျွန်တော့်ကို ပညာရဲရင့် ပွဲလယ်တင့်သဘောနဲ့ ပွဲထုတ်တဲ့သဘော၊ ခေါင်းဆောင်စိတ်၊ ဆရာစိတ် ဝင်သွားစေချင်တဲ့သဘောတွေပါ။

ကျေးဇူးကြီးမားလှပါတယ် အဖေ။

♦♦♦

တစ်ကမ္ဘာလုံးမှာ အသုံးပြုနေတဲ့ စံတော်ချိန်စက်နာရီတွေဟာ တစ်ရက်မှာ (၂၄)နာရီပဲဖြစ်ပေမယ့် ကျွန်တော်တို့ မြန်မာမင်းအဆက်ဆက် အသုံးပြုတဲ့ နာရီကတော့ နေ့နာရီသုံးဆယ်၊ ညနာရီသုံးဆယ်၊ တစ်ရက်မှာ နာရီပေါင်း ခြောက်ဆယ် ရှိပါတယ်။

(၁၂)လရှိတဲ့အတွက် ရာသီက(၁၂)ရာသီ နွေ၊ မိုးဆောင်း (၃)ခုရှိတဲ့အတွက် ဥတု(၃)လီမှာ နေ့တာအတို အရှည် ညတာအတို အရှည်ဆိုတာလည်း ရှိပါတယ်။ ဒါကြောင့် နေ့၊ညနာရီပိုင်းခြားတဲ့ လက််သိရင် အလွယ်တကူတွက်ချက်လို့ ရပါတယ်။ ပဲသာရှည် ကိုသန်မြင့်

www.burmeseclassic.com

လက်ဆီကံသားရေး တစ်ဆယ်တိုး တပိုးတင်ပဲ ဖြစ်ပါတယ်။ ဝါဆို နေ့တာရှည်တဲ့လနဲ့ ပြာသို ညတာရှည်တဲ့ နှစ်လကို တွက်ပြပါမယ်။

ဝါဆို ရှည် = ၄
+ ၁၀ တိုး
၁၄
+ ၁၄ တပိုးတင်
၂၈ ည ၂၈ နာရီ နေ့ ၃၂ နာရီ

ပြာသို က် = ၂
+ ၁၀ တိုး
၁၂
၁၂ တပိုးတင်
၂၄ နေ့ ၂၄ နာရီ၊ ည ၃၆ နာရီ

လ၊အလိုက် နေမွန်းတည့်ချိန်ကိုလည်း ဖဝါးနဲ့တိုင်းတဲ့ လက်ံရှိပါတယ်။ စစ်ကိုင်းအနောက် အုတ်ကျောက်စုရာ မှတ်သားပေလေ့ ဖြစ်ပါတယ်။ တန်ခူးလ=စစ်(၃) ဖဝါး နေမွန်းတည့်၊ ကဆုန်လ=ကိုင်း(၂) ဖဝါးနေမွန်းတည့်ချိန်ပါ။

♦♦♦

အဖေဟာ မြန်မာသုံးသက္ကရာဇ်၊ ကမ္ဘာသုံးသက္ကရာဇ်တွေ စတည်ပုံ ၊ ပြောင်းလဲပုံ၊ ကွာခြားပုံတွေကိုလည်း သင်ပေးဖူးပါတယ်။ တစ်ဆင့်ဖောက်သည်ချ တင်ပြပါရစေ။

မြန်မာမှာ မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်၊ ကောဇာသက္ကရာဇ်ဆိုပြီး သက္ကရာဇ်သုံးမျိုး ရှိပါတယ်။ မဟာသက္ကရာဇ်ဆိုတာ ဘုရားရှင် ဖွားမြင်တော်မမူခင် (၆၈)နှစ်ကို ဆိုလိုတာပါ။ သာသနာသက္ကရာဇ်ဆိုတာကတော့ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး အရှင်မဟာကဿပနဲ့ ဖခင်ကိုသတ်ပြီး နန်းတက်တဲ့ အဇာတသတ်မင်းတို့ ကမကထပြုတဲ့ ပထမသင်္ဂါယနာတင်တဲ့ နှစ်ကာတေရတွက်တာဖြစ်ပြီး ကောဇာသက္ကရာဇ်ကတော့ သာသနာသက္ကရာဇ်ကို (၂)ကြိမ်တိုင် ဖြိုဖျက်ခံရပြီးနောက် သက်ရှိသုံးစွဲနေတာ ကောဇာသက္ကရာဇ်ပါပဲ။

သရေခေတ္တရာခေတ်၊ သုမုဒ္ဒရာဇ်မင်းလက်ထက် (၂၂)နှစ်ဖြိုပြီး နှစ်ပေါင်း(၅၆၀)အကြာ ပုဂံခေတ် ပုပ္ပားဆရာဟန်းမင်းလက်ထက် ထပ်ဖြိုလိုက်ပြီး ကောဇာသက္ကရာဇ်ရယ်လို့ ဖြစ်တည်ခဲ့ခြင်း ဖြစ်ပါတယ်။ နှစ်ကြိမ်တိုင် အဖြိုခံရတဲ့ နှစ်ပေါင်း(၆၂၂+၅၆၀=၁၁၈၂)နှစ် ပါတယ်။ ဒါကြောင့် သာသနာနှစ် သိလိုက လက်ရှိကောဇာသက္ကရာဇ်နဲ့ ပေါင်းလိုက်ရုံပါပဲ။

၁၃၇၈ လက်ရှိကောဇာသက္ကရာဇ်
+ ၁၁၈၂ မင်းနှစ်ပါးဖြိုနှစ်ပေါင်း
၂၅၆၀ သာသနာသက္ကရာဇ် ဖြစ်ပါတယ်။

တစ်ဆက်တစ်စပ်တည်းရှိလို့ အဖေသင်ကြားပေးခြင်း မရှိပေမယ့် စာပေဗဟုသုတနဲ့ ကမ္ဘာသုံး ခရစ်နှစ်ကို ဆင့်ပွားလိုက်ပါတယ်။

ဘီစီဆိုတာ ခရစ်တော်မပေါ်မီ နှစ်တွေဖြစ်ပြီး အေဒီဆိုတာကတော့ ခရစ်တော်ဖွားမြင်ပြီး ရေတွက်တဲ့ လက်ရှိသုံးစွဲနေတဲ့နှစ်တွေကို ဆိုလိုတာပါ။ ခရစ်တော်ဟာ မြန်မာလို သာသနာသက္ကရာဇ်(၅၄၄)မှာ မွေးဖွားတာဖြစ်လို့ လက်ရှိခရစ်နှစ်နဲ့ ပေါင်းရင်လည်း သာသနာနှစ်ကို သိရှိနိုင်ပါတယ်။

၂၀၁၆ လက်ရှိခရစ်နှစ်
+ ၅၄၄ ခရစ်တော်ဖွားမြင်နှစ်
၂၅၆၀ သာသနာသက္ကရာဇ်

ယနေ့တိုင် တောအရပ်ဒေသတွေမှာ သားသမီးတွေရဲ့ မွေးဂုဏ်ကို မြန်မာကောဇာသက္ကရာဇ်ကို အစွဲပြုမှတ်ကြပါတယ်။ ခရစ်နှစ်သိလိုရင်တော့ နှစ်တစ်ရာပြက္ခဒိန် ရှာကြည့်ရင် အလွယ်တကူ သိနိုင်ပေမယ့် နှစ်တစ်ရာပြက္ခဒိန် မရှိရင်တော့ ကိုယ့်မွေးနေ့၊ ကိုယ့်သားသမီးတွေရဲ့မွေးနေ့ သိဖို့ဟာ ခက်ခဲစာကြောင့် နေ့၊ လ အတိအကျ မဟုတ်ပေမယ့် နှစ်အတိအကျရနိုင်တဲ့ နည်းလမ်းရှိပါတယ်။ စာရေးသူ ကျွန်တော်မောင်ဘိုကြီးရဲ့ မွေးသက္ကရာဇ်နဲ့ပဲ နမူနာပေးတင်ပြလိုက်ပါတယ်။ ပုံသေဂဏန်း (၆၃၈) ဖြစ်ပါတယ်။

၁၃၀၆ စာရေးသူ မောင်ဘိုကြီး မွေးသက္ကရာဇ်ပါ။
+ ၆၃၈ ပုံသေဂဏန်းပါ။
၁၉၄၄ မောင်ဘိုကြီးရဲ့ မွေးခရစ်နှစ်ပါ၊

ခရစ်နှစ်သာသိပြီး မြန်မာလို မွေးသက္ကရာဇ်သိလိုရင်တော့ ပုံသေဂဏန်း(၆၃၈) နုတ်လိုက်ရုံပါပဲ။

(၁၉၄၄ - ၆၃၈ = ၁၃၀၆) ရှင်းရှင်းလေးပါပဲ။

♦♦♦

www.burmeseclassic.com

(၂၀၁၃)ခုနှစ်မှာ ကျွန်တော်တို့မိသားစု မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ နွယ်ခွေရပ်ကွက်မှာ မြေအငှားမှာ အိမ်ဆောက် နေထိုင်ရာက (၂၀၁၅)ခုနှစ်ကုန်ဝိုင်း လောက် (ပေ ၃၀ × ပေ ၂၀) အကျယ်ရှိတဲ့ မြေတစ်ကွက် သိန်းအစိတ်နဲ့ဝယ်ပြီး အိမ်ဆောက်ပါတယ်။ ကျွန်တော် မြေအငှားကွက်နဲ့ နှစ်ကွက်ကျော် အနောက်အရပ်မှာပါ။

နေ့ကောင်းရက်မြတ် မဖြစ်သေးလို့ အိမ်ဟောင်းဖျက် အိမ်သစ်ဆောက်စဉ်ကာလမှာ မြေအငှားနေရာမှာ တစ်ဖက်ရပ်တဲထိုးပြီး နေစဉ်မှာ ကျွန်တော့်အိမ်သူက အိမ်သစ်ကိုပြောင်းဖို့ အကြိမ်ကြိမ်တောင်းဆိုပါတယ်။

'အစ်ကို..တို့ ပြောင်းကြရအောင်'

'အိမ်သစ်က အခင်းနဲ့ အကာ ပြီးအောင်စောင့်ပါကွာ'

အကာနဲ့ အခင်း မပြီးအောင် ကျွန်တော်ကိုယ်တိုင် အချိန်ဆွဲထားတာပါ။

'ညီမ ဒီနေရာမှာ တစ်နာရီတစ်မိနစ်တောင် မနေချင်ဘူး။ ကိုယ့်အိုးကိုယ့်အိမ် အပိုင်နဲ့ နေချင်ပြီ။ အိမ်သစ်ရောက်မှပဲ အကာတွေ၊ အခင်းတွေ လုပ်ရအောင်ပါ'

'ညီမ မြေကြီးပေါ် အိပ်မှာလား'

'အိပ်မယ်'

'ဆောင်းဝင်နေပြီ။ လေတဝူးဝူးနဲ့ နေထိုင်မကောင်းဖြစ်နေပါမယ်ကွာ၊ စောင့်ပါဦး'

'ထရံတွေ ဝယ်ထားပြီးပြီပဲ ကာပြီးနေမှာပေါ့'

'အင်း..မင်းက တည့်တည့်ပြောမှ ရတော့မှာဆိုတော့ ပြောရတော့မှာပေါ့။ တို့ လက်ရှိနေတဲ့နေရာက အရှေ့အရပ်၊ နဂါးခေါင်း အရှေ့ကို လှည့်နေတယ်။ တို့အိမ်သစ်လေးက အနောက်အရပ်မှာ၊ နဂါးခေါင်းနဲ့ မလွတ်ဘူး။ ပါးစပ်ထဲ 'တန်းဝင်သွားမှာ။ တန်ဆောင်မုန်းလကုန်အထိ စောင့်။ နတ်တော်၊ ပြာသို၊ တပို့တွဲ နဂါးခေါင်းတောင်ဘက် လှည့်တယ်။ ဒါကြောင့် နတ်တော်လဆန်းအထိ စောင့်'

'မြစ်ကူးချောင်းကူး တစ်နယ်တကျေးမှ မဟုတ်ဘဲ အစ်ကိုရယ်၊ ဒီနားတင် ကပ်ပြောင်းတာပဲဟာ'

'မယုံမရှိနဲ့ညီမ။ အဖေသင်ထားတဲ့ပညာတွေ အစ်ကို လေးစားတယ်၊ လိုက်နာတယ်။ နတ်နဲ့နဂါး မလှည့်စားရဘူး'

'တစ်ဆိတ်ရှိ ဒီအဖေနဲ့ပဲ ကိုင်ပေါက်တော့တာပဲ'

'ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့'

'တော်ပါတော့ ကိုယ်တတ်ပရယ်'

'အစ်ကိုလည်း မသေချင့်သေးဘူး။ မင်းကိုလည်း မသေစေချင်လို့ဘဲ'

ကျွန်တော် လှိုင်မြို့နယ်၊ သံလမ်း လုံခြုံရေးကုမ္ပဏီမှာ မန်နေဂျာအဖြစ် လုပ်ပါတယ်။

(၂၉-၁၁-၂၀၁၅)ရက်၊ တနင်္ဂနွေနေ့။

မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်၊ ကျွန်တော့်အလုပ်ချိန်အဓိ (၆)နာရီ (၁၀)မိနစ် အိမ်က ထွက်နေကျပါ။ အဲဒီနေ့မနက် ငါးနာရီခွဲလောက်ကတည်းက အလုပ်သွားဖို့ တဂျီဂျီတိုက်တွန်းနေလို့ ကျွန်တော် စိတ်လေးလေးနဲ့ အိမ်က ထွက်ပါတယ်။

စိတ်လေးတာ ဒီနေ့မှ မဟုတ်ပါဘူး။ (၁၇-၁၁-၂၀၁၅)ရက်နေ့ အိမ်ပြန်ရောက်ချိန်တည်းကပါ။ ဘာကြောင့်ဆို ကျွန်တော့်ဇနီးဟာ အတန်တန် တားနေတဲ့ကြားက အိမ်ပြောင်းထားပြီး ဖြစ်လို့ပါ။

စိတ်လေးတယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် တွေးပူပြီး စိုးရိမ်စိတ်နဲ့ပါ။ ကျွန်တော်ဟာ နေ့စဉ် သွားပြန်မော်ဘိုကား စီးနေရလို့ပါ။ ကားချင်းဖိုက်ပြီဆို ကောင်းကင်ပျံတက်တော့မယ့် ဂျက်လေယာဉ် အရှိန်ယူသလို မော်တင်းတတ်ကြလို့ပါပဲ။

ကျွန်းမာရေးကောင်းပြီး အိမ်မှုကိစ္စတွေ လုံးပန်းလှုပ်ရှားနေတဲ့ ကျွန်တော့်ဇနီးသည်အတွက် ပူပန်မှုလုံးဝမရှိပဘူး။ ဒါပေမဲ့ မနက်ဆယ်နာရီခွဲမှာ ကျွန်တော့်သမီးက ဖုန်းဝင်လာပါတယ်။

'အဖေပြန်လာ၊ အမေမူးလဲလို့'

ငိုသံပါကြီးနဲ့ဆက်လို့ စိတ်ထင့်သွားပါတယ်။

'အဖေ့ကို မစောင့်နဲ့သမီး၊ ဆေးခန်းမြန်မြန်ခေါ်။ အခုပဲ ထွက်လာပြီ'

ကျွန်တော့်စကား မဆုံးခင်မှာဘဲ ကြားဖြတ်ပြောတဲ့ ငိုရိုက်သံကြီးနဲ့ ပြောတာကြောင့် ကျွန်တော် နှလုံးရောဂါ ရပ်သလို ခံစားလိုက်ရပါတယ်။

'အဖေ..အဖေ၊ အမေ..အမေ သေပြီ'

ရှစ်ခွင်ကျော်(ဖောင်တော်)

www.burmeseclassic.com

ကျွန်မသည် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရ၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၊ သာမညတောင်ဆရာတော်ကြီး ဦးဝိနယတို့အား လွန်စွာကြည်ညိုသူဖြစ်သည်။ ထိုကြောင့် ဆရာတော်ကြီးများ၏ ဓာတ်ပုံတော်များအား အိမ်ဘုရားခန်း၌ ပူဇော်ထားရှိသည်။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရအား သက်ရှိထင်ရှား မဖူးမြော်ခဲ့ရသော်လည်း တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရကို (၁၉၉၂)ခုနှစ်က အနီးကပ် ဖူးမြော်တရားနာခဲ့ရဖူးသည်။

ထိုနည်းတူစွာ သာမညတောင် ဆရာတော်ကြီး ဦးဝိနယ သီတင်းသုံးရာ သာမညတောင်သို့ (၁၉၉၄)ခုနှစ်က တစ်ခေါက်ရောက်ရှိ၍ ဆရာတော်ကြီးအား ကိုယ်တိုင်ကိုယ်ကျ သက်နှံးကပ်လှူခွင့်ကို ရရှိခဲ့သည်။ ထို့နောက် ကျွန်မသည် အကြောင်းအမျိုးမျိုးကြောင့် သာမညတောင်သို့ ဆယ်နှစ်နီးပါးခန့်ကြာသည့်တိုင် တစ်ခေါက်မျှ မရောက်တော့ပေ။ သို့သော်လည်း ကျွန်မမှာ နေ့စဉ် ဘုရား ဝတ်တက်ပြီးသည့်အခါ တိုင်း ဆရာတော်ကြီးများ ဓာတ်ပုံတော်များအား ရှိခိုးကန်တော့လျက် မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်။

ကျွန်မသည် ဆရာတော်ကြီးများအား နေ့စဉ် ဝတ်မပျက် မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို ပြုလုပ်ခဲ့ရာ တစ်ညသောအခါ ကျွန်မ၏ အိပ်မက်အတွင်း၌ သာမညတောင် ဆရာတော်ကြီး ဦးဝိနယမှ ကျွန်မတို့အိမ် ဘုရားခန်းသို့ ကြွရောက်လာသည်ကို ထင်ထင်ရှားရှား ဖူးတွေ့ရလေသည်။

ပြောမယုံ ကြုံမှသိ စကားပမာ ထိုအိပ်မက်အကြောင်း အရာနှင့်ပတ်သက်၍ ဝမ်းသာလိုက်လဲစွာ အခြားသူတို့အား ပြောပြသော်လည်း အခြားသူတို့မှာ ကျွန်မ၏ ပြောစကား

www.burmeseclassic.com

www.burmeseclassic.com

ကို ပြက်ရယ်ပြုကြလေသည်။

ထိုသို့ဖြင့် နောက်ထပ်ရှစ်လခန့် ကြာသောအချိန်၌ ကျွန်မ၏ အိပ်မက်အတွင်း၌ပင် သာမည်တောင်ဆရာတော်ကြီးသည် သာမည်တောင်ရှိ မြတ်စောညီနောင်စေတီတော်နှစ်ဆူအနက် ညီတော်စေတီရင်ပြင်တော်မှ နောင်တော်စေတီတော်ဘက်သို့ မျက်နှာမူကာ တရားအားထုတ်နေသည်ကို ပြင်ပ၌ ဖူးမြော်မြင်တွေ့ရသကဲ့သို့ ထင်ထင်ရှားရှား ထပ်မံဖူးမြော်ရပြန်သည်။ ထိုစဉ်က သာမည်တောင် ဆရာတော်ကြီးသည် သက်ရှိထင်ရှားရှိနေသည့် အချိန်ကာလ ဖြစ်သည်။

ကျွန်မသည် ထူးထူးခြားခြား အိပ်မက်တွင်း၌ သာမည်တောင် ဆရာတော်ကြီးအား နှစ်ကြိမ်ဖူးတွေ့ရသော အခါ ကျွန်မမှာ သာမည်တောင် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာလေသည်။ ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ရာတွင် မွန်မြတ်သန့်စင်သော သာသနာတော်တွင်း ဝင်ရောက်၍ သီလရှင်ဝတ်နှင့်သာ သွားရောက်ဖူးမြော်ချင်စိတ် ထပ်မံဖြစ်ပေါ်လာပြန်သည်။

ထို့ကြောင့် ကျွန်မသည် ခင်ပွန်းထံ ခွင့်ပန်၍ ရွှေပြည်သာမြို့ရှိ အောင်သော်တာပရိယတ္တိ သီလရှင်စာသင်တိုက်၌ ဆရာကြီး ဒေါ်နန္ဒသီဂီကို ဦးပဏ္ဍာယ်ပြုလျက် သီလရှင်ဝတ်ခဲ့သည်။ ထိုအောင်သော်တာပရိယတ္တိ သီလရှင်စာသင်တိုက်ကြီးတွင် သီလရှင်တို့၏ ကျင့်ကြံနေထိုင်ရမည့် သိက္ခာပုဒ်များကို ခုနစ်ရက်ကြာပင် သင်ယူနေထိုင်ပြီး နောက် သာမည်တောင်သို့ တစ်ပါးတည်း သွားရောက်ခဲ့ပါသည်။

ထိုသာမည်တောင်သို့ လွန်ခဲ့သော ဆယ်နှစ်နီးပါးခန့်က တစ်ခေါက်မျှသာ ရောက်ခဲ့ဖူးသဖြင့် အသိအကျွမ်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါ။ သို့သော် အသက်အရွယ်နှင့် သီလရှင်တစ်ပါး ဖြစ်သောကြောင့် ကျွန်မအနေဖြင့် မည်သည့်အရာကိုမျှ စိတ်ဝင်စားခြင်း မဖြစ်မိပေ။ ကျွန်မသာမည်တောင်သို့ သွားရသည့် ဦးတည်ချက်မှာ ဆရာတော်ကြီးအား ဖူးတွေ့လိုခြင်း၊ အားချမ်းစွာ တရားအားထုတ်လိုခြင်း စသည့်ရည်ရွယ်ချက်များသာ ဖြစ်သည်။

ကျွန်မသည် သာမည်တောင်ခြေရှိ ဆရာတော်ကြီး သီတင်းသုံးရာ နိဗ္ဗာန်ကျောင်းဆောင်နှင့် တွဲလျက်ရှိသော ရွှေဘုံသာကျောင်းဆောင်ပေါ်တွင် ဝေယျာဝစ္စ ပြုလုပ်သော ယောဂီအမေနု၏ အကူအညီဖြင့် ရွှေဘုံသာကျောင်းဆောင်ပေါ်၌ တည်းခိုခွင့်ရလေသည်။ ကျွန်မအနေဖြင့် ထိုသာမည်တောင်သို့ ရောက်သောနေ့ ညနေ(၆)နာရီတွင် သင်္ကန်း၊ သပိတ်၊ ထီး၊ ယပ် စသည်တို့ကို ဆရာတော်ကြီးအား ဖူးတွေ့လှူဒါန်းခွင့် ရခဲ့ပါသည်။

ကျွန်မအနေဖြင့် နောက်ရက်များတွင်လည်း ဝတ္ထုဇွေလှူဒါန်းရင်း ဆရာတော်ကြီးအား လေးကြိမ်ထပ်မံ၍ ဖူးမြော်ခွင့်ရခဲ့သည်။ ထိုစဉ်က ဆရာတော်ကြီးမှာ ရွှင်ရွှင်လန်းလန်းရှိနေကာ ဖူးမြော်ကြည်ညိုရသူအပေါင်း၏ နှလုံးစိတ်ဝမ်းကို အေးငြိမ်းချမ်းသာစေပါသည်။ ထိုသို့ဖြင့် ကျွန်မ သာမည်တောင်သို့ရောက်ပြီး ငါးရက်မြောက်သော မွန်းလွဲတစ်နာရီတွင် ဆရာတော်ကြီးအား ဆေးကုသမှု ခံယူနိုင်ရန် သက်ဆိုင်ရာမှ ရန်ကုန်မြို့သို့ ပင့်ဆောင်သွားကြလေသည်။

ကျွန်မသည် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါသည်။ မိသားစုအားလည်း သာမည်တောင်၌ တစ်လခန့် နေထိုင်၍ ဆရာတော်ကြီးအား အခွင့်အရေးရလျှင်ရသလို ဝင်ရောက်ဖူးမြော်၍ သာမည်တောင်ပေါ်၌ တရားအားထုတ်မည့်အကြောင်းကို ပြောထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သာမည်တောင်၌သာလျှင် ဆက်လက်နေထိုင်၍ တရားအားထုတ်ရင်းမှ ဆရာတော်ကြီး သာမည်တောင်သို့ ပြန်ကြွအလာကို စောင့်မျှော်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်မသည် သာမည်တောင်၌ နံနက်အရုဏ်တွင် ရွှေဘုံသာကျောင်းဆောင်ရှိ ဆရာကြီး ပူဇော်ထားတော်မူသော မဟာမြတ်မုနိမြတ်စွာဘုရား ရုပ်တုတော်ရှေ့တွင် ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်းအမှုကို ပြုလုပ်သည်။ ထို့နောက် တောင်ပေါ်သို့တက်၍ မြတ်စောညီတောင်းစေတီပေါ်တွင် နောင်တော်စေတီ၌တစ်လှည့်၊ ညီတော်စေတီ၌ တစ်လှည့် ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း၊ ဆရာတော်ကြီး တရားအားထုတ်ခဲ့သော သရက်ဖြူပင်ကြီးအောက်၌ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း အမှုတို့ကို ပြုလုပ်လျက် ဝေနေများစွာတို့အား ဓမ္မဒါန ပေးကမ်းနိုင်ရန် သီလတော်မြတ်ကို ထိန်းသိမ်းလျက်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ရန်ကုန်မြို့သို့ ဆေးကုသမှုခံယူရန် ကြွသွားပြီး. ခြောက်ရက်မြောက်သောနေ့တွင် ကျွန်မမှာ တောင်ခြေမှ ဘုရားစောင်းတန်းအတိုင်း တောင်ပေါ်သို့ တက်နေစဉ်-

'ဆရာလေး..ဆရာလေး'

နောက်မှ ခေါ်နေသောအသံ ကြားသဖြင့် ကျွန်မ နောက်သို့ လှည့်ကြည့်လိုက်ရာ ကျွန်မအား ပြုံးပြနေသော သူမအား တွေ့လိုက်ရသည်။ သူမမှ ဆက်၍-

'ဆရာလေး.. ခဏနေပါဦး။ တပည့်တော် တစ်ယောက်တည်းမို့ပါ။ တပည့်တော်က ဒီသာမည်တောင်ကို တစ်ခေါက်မှ မရောက်ဖူးပါဘူး'

သူမ စောင်းတန်းပေါ်တက်လာရင်း ကျွန်မအား လှမ်းပြောနေသဖြင့် ကျွန်မမှ သူမအားစောင့်ဆိုင်းနေစဉ် ကျွန်မအနီးသို့ ရောက်ရှိလာသည်။

'ဆရာလေး..ဒီသာမည်ကလား၊ တစ်ပါးတည်းလား'

သူမက မေးပြန်သောကြောင့် ကျွန်မမှ ပြန်လည်ပြောကြားလိုက်ရသည်။

'ဆရာလေးက သာမည်တောင်က မဟုတ်ပါဘူး။ ရန်ကုန်ကပါ။ တစ်ပါးတည်း လာတာပါ။ တောင်ခြေက ရွှေဘုံသာကျောင်းဆောင်မှာ တည်းပါတယ်။ ဒကာမလေးက သာမည်တောင်ကို မရောက်ဖူးဘူးဆိုတော့ ဘယ်မြို့က လာတာလဲ'

'တပည့်တော်က ဘားအံမြို့ ထောင်ဝရပ်ကွက်မှာ နေပါတယ်။ သာမည်တောင်ကို တစ်ခေါက်မှ မရောက်ဖူးသလို ဆရာတော်ကြီးကိုလည်း တစ်ခါမှ မဖူးတွေ့ဖူးပါဘူး'

ကျွန်မသည် အသက်သုံးဆယ်ကျော် လေးဆယ်ဝန်းကျင်ခန့်ရှိ ဖြူနုနုနဲ့နှင့် သူမအားကြည့်ကာ အံ့သြစွာနှင့် မေးလိုက်မိသည်။

'နေပါဦး ဒကာမလေးရဲ့၊ ဒကာမလေးနေတဲ့ ဘားအံမြို့နဲ့ ဒီသာမည်တောင်က ဘယ်လောက်မှ ဝေးတာမှ မဟုတ်တာ။ ဆရာတော်ကြီးကို မဖူးဖူးဘူးဆိုတော့ အံ့သြစရာပဲနော်'

ကျွန်မ၏ ပြောစကားကြောင့် သူမသည် ခေါင်းကလေးကိုငုံ့ကာ ပြောလာပြန်သည်။

'ဟုတ်ပါတယ် ဆရာလေး။ တပည့်တော်က အိမ်မှာ ဆရာတော်ကြီးရဲ့ ဓာတ်ပုံတော်ကိုပဲ ဖူးနေရတာပါ။ အပြင်မှာ တစ်ခါမှ မဖူးဖူးပါဘူး။ လွန်ခဲ့တဲ့သုံးရက်က တပည့်တော် အိပ်မက်,မက်တယ်။ အိပ်မက်ထဲမှာ တပည့်တော်တို့ ထောင်ဝိကျောက်လိုဏ်ဂူဘုရားမှာ ဆရာတော်ကြီးကို တပည့်တော် ဆွမ်းကပ်ခဲ့ရတယ်'

သူမသည် ဘုရားစောင်းတန်းပေါ် တက်ရင်းမှ စကားပြောရသဖြင့် မောလာသောကြောင့် ထင်သည်၊ စကားပြောကို ရပ်လိုက်သည်။ ထို့ကြောင့် ကျွန်မမှ သူမအား ဘုရားစောင်းတန်းရှိ ကျောက်ခုံတန်းလျားလေးဆီ ခေတ္တနားရန် ပြောလိုက်ရသည်။

'ဒကာမလေး..မောနေပြီ ထင်တယ်။ ဒီတောင်က နည်းနည်းမတ်စောက်တယ်။ ဒီကျောက်ခုံတန်းလေးမှာ ခဏနားဦးလေ။ ပြီးတော့မှ ဆက်ပြောပေါ့။ ဒကာမလေးရဲ့ စကားကို ဆရာလေး စိတ်ဝင်စားပါတယ်'

ကျွန်မ၏ ပြောစကားကြောင့် သူမသည် ကျောက်ခုံတန်းလျားလေးပေါ် ထိုင်ကာ အမောဖြေကာ သူမ၏ စကားကို ဆက်ပြောလသည်။

'အဲဒီမှာ ဆရာတော်ကြီးက တပည့်တော်ကို ဘုန်းကြီးကို အခုလို ဆွမ်းကပ်ရလျှူရတဲ့ အကျိုးကျေးဇူးကြောင့် သူတော်ကောင်းတရားကို ပွားများအားထုတ်ရပြီး စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝပါစေလို့ ဆုတွေပေးသွားတယ်။ တပည့်တော် အဲဒီအိပ်မက်ကို အခုချိန်ထိ မျက်စိထဲ၊ နားထဲမှာ မြင်ယောင်ကြားယောင်နေတယ်။ တပည့်တော်လည်း အဲဒီလို အိပ်မက်,မက်ပြီးကတည်းက ဆရာတော်ကြီးကို ဖူးတွေ့ချင်နေတာ ဒီနေ့မှပဲ လာဖြစ်တော့တယ်။ အဲဒါကြောင့် ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းဆောင်ကို ဆရာလေး လိုက်ပို့ပေးပါ'

သူမ၏ ပြောစကားကြောင့် ကျွန်မသည် စိတ်မကောင်းစွာဖြင့် သူမကို ကြည့်ကာ-

'ဆရာတော်ကြီးက အခု သာမည်တောင်မှာ မရှိဘူး။ ဆေးကုသခံယူဖို့ ဆရာတော်ကြီးရဲ့ ဒါယကာတွေက ရန်ကုန်မြို့ကို ပင့်သွားတာ ခြောက်ရက်ရှိသွားပြီ'

ကျွန်မ ပြောလိုက်သော စကားကြောင့် သူမသည် ညှိုးငယ်သော မျက်နှာလေးဖြင့် ကျွန်မကိုကြည့်၍-

'အဲဒါဆိုရင် တပည့်တော် အားခဲပြီး လာခဲ့ဘာ

www.burmeseclassic.com

ဘာလုပ်ရမှန်းတောင် မသိတော့ဘူး'

'ဒကာမလေးရယ်..အခု မဖူးရပေမယ့် နောက်ဖူး ရမှာပေါ့။ အခု သာမညတောင်ကို ရောက်လာ့်စမ်းပါ။ တောင်ပေါ်ကိုတက်ပြီး မြတ်စောည်နောင်စေတီတော်ကို ဖူးသွားဦးပေါ့'

သူမသည် ကျွန်မ ပြောစကားကို ခေါင်းညိတ်အဖြေ ပေးသဖြင့် ကျွန်မမှ ဦးဆောင်ကာ မြတ်စောည်နောင် စေတီတော်ပေါ်သို့ ခေါ်ဆောင်သွားပြီး စေတီတော်များ အား ရွှေသင်္ကန်းကို နှစ်ယောက်အတူ ကပ်လှူကြသည်။ ထိုမှတစ်ဆင့် အမေနှန်းကြာဟဲကလည်း ကရင်ဝတ်စုံနဲ့ သွားချင်သည်ဆို၍ လိုက်ပို့ရပြန်သည်။ တစ်ဖန် ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းဆောင်သို့ ရောက်ဖူးချင်ဆိုပြန်ရာ နှစ်ယောက်သား တောင်ခြေသို့ ပြန်ဆင်း၍ ဆရာတော် ကြီး သီတင်းသုံးရာ နီဗွာန်ကျောင်းဆောင်၊ ရွှေဘုံသာ ကျောင်းဆောင်တို့ကို လိုက်ပြရပြန်သည်။ ထို့နောက် သူမသည် ကျွန်မအား ပြောလာပြန်သည်။

'ဆရာလေးကို တပည့်တော်မ ကျေးဇူးလည်းတင် တယ်။ ကြည်လည်း ကြည်ညိုတယ်။ ဆရာလေးကို ကျေး ဇူးဆပ်တဲ့အနေနဲ့ တပည့်တော်မတို့ အိမ်ကို တစ်ရက် လောက်လိုက်ခဲ့ပါ။ ထောင်ဝကျောက်လိုဏ်ဂူဘုရား ဖူးရ အောင် တပည့်တော် လိုက်ပို့ပေးပါ့မယ်။ ဆရာတော်ကြီး ကို အိပ်မက်ထဲမှာ တပည့်တော် ဆွမ်းကပ်ခဲ့တဲ့ နေရာ ကိုလည်း ပြမယ်လေ'

သူမ၏ ပြောစကားကို ကျွန်မ စိတ်ဝင်စားကာ တစ် ရက်တာမျှ သူမနောက် လိုက်သွားရန် ကျွန်မဆုံးဖြတ် လိုက်သည်။ ထို့ကြောင့် ယောဂီအမေနှအား ခွင့်ပန်ကာ သူမနောက်သို့ လိုက်သွားဖြစ်ခဲ့သည်။ ထိုနေ့ညနေ ငါး နာရီခန့်တွင် သူမနေထိုင်ရာ ဘားအံမြို့သစ် ထောင်ဝရပ်ရွာ အိမ်သို့ ရောက်သွားလေသည်။ ထိုသောအခါမှ သူမ၏ အမည်မှာ နန်းကျင်မြင့်ဖြစ်ကြောင်း သိရသည်။ သူမတွင် တစ်ဆယ့်လေးနှစ်အရွယ် သမီးတစ်ယောက်နှင့် ခုနစ်နှစ် ခန့် သမီးလေးတစ်ယောက် သားအမိသုံးယောက်သာရှိ ကြောင်း သိရသည်။

သူမ နန်းကျင်မြင့်သည် နံနက်လေးနာရီခန့်တွင် အရက်ဆွမ်း ထချက်၍ ဘုရားဆွမ်းတော်ကပ်ခြင်း၊ ဘုရား ရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းအမှုများ ပြီးစီးသောအခါ ကျွန်မ ကို အရက်ဆွမ်း ကျွေးရင်း ပြောလာပါသည်။

'ဆရာလေး..တပည့်တော်မ ညက အိပ်မက်ထပ် မက်တယ်။ တပည့်တော်မရဲ့ အိပ်မက်ထဲမှာ ဆရာတော် ကြီး ပျံလွန်တော်မူသွားလို့ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ် တော်ကို မြတ်စောည်နောင်စေတီတော် အတက်အဆင်း စောင်းတန်းရင်း ကွက်လပ်မှာ ပြင်ဆင်ထားတယ်။ အမေ နှန်းကြာဟဲကလည်း ကရင်ဝတ်စုံနဲ့ မဟုတ်ဘဲ ယောဂီ ဝတ်စုံနဲ့ ဘုရားစောင်းတန်းကနေ ဆင်းလာပြီး ဆရာတော် ကြီးရဲ့ ရုပ်ကလာပ်တော်ကို ကြည့်နေတယ်လေ'

သူမ၏ စကားကြောင့် ကျွန်မရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသော်လည်း ကြန့်ကြေနိုဆယ်၍-

'ဒကာမလေး စိတ်စွဲလမ်းနေလို့ အိပ်မက်,မက်တာ ဖြစ်ပါလိမ့်မယ်'

သူမအား ကျွန်မအနေဖြင့် နှစ်သိမ့်စကား ဆိုလိုက် ရသော်လည်း ကျွန်မရင်ထဲ၌ စိုးထိတ်နေသည်ကတော့ အမှန်ပင် ဖြစ်သည်။

ထိုနေ့ နံနက်ရှစ်နာရီခွဲ၌ သူမသည် ကျွန်မအား ထောင်ဝကျောက်လိုဏ်ဂူဘုရားသို့ လိုက်ပို့ပေးသည်။ ထို အချိန်တွင် မိုးမှာအုံ့မှိုင်း၍ လေပြင်းစွာ တိုက်ခတ်နေလေ သည်။

ထောင်ဝကျောက်လိုဏ်ဂူမှာ လူတစ်ရပ်ပင် မလွတ် ပေ။ ကျောက်စက်ရေများ တစ်ပေါက်ပေါက် ကျလျက် ရှိသည်။ ကျောက်လိုဏ်ဂူအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရား ရှင်၏ ဘုမိဖသဏ္ဍုတ်တော်များ၊ ဥာဏ်တော်အနိမ့်အမြင့် များစွာရှိသော ဆင်းတုတော်များ ကိန်းဝပ်စံပယ်လျက်ရှိ သည်။

သူမသည် ဥာဏ်တော်အမြင့်ဆုံး ဘုမိဖသဏ္ဍု ဆင်းတုတော်ရှေ့သို့ ရောက်သောအခါ-

'ဆရာလေး..တပည့်တော်မ အိပ်မက်ထဲမှာ ဆရာ တော်ကြီးကို ဆွမ်းကပ်ခဲ့တာ ဒီနေရာမှာပေါ့'

'အင်း.. ဒကာမလေးလည်း ဆရာတော်ကြီးကို အပြင်မှာ မဖူးရသေးပေမယ့် အိပ်မက်ထဲမှာ ဆွမ်းကပ် ခွင့်ရခဲ့တယ်ဆိုတော့ ပါရမီတစ်မျိုး ထူးတာပေါ့'

ကျွန်မ၏ ပြန်ပြောသည့်စကားကြောင့် သူမသည် နှစ်ခြိုက်စွာပြုံးလျက် ထိုထောင်ဝကျောက်လိုဏ်ဂူအတွင်း သာမညတောင်ဆရာတော်ကြီး တည်ထားပူဇော်တော်မူခဲ့

www.burmeseclassic.com

www.burmeseclassic.com

သော ကိုးတောင်ပြည့်စေတီတော်သို့ လိုက်ပို့ပေးပြန်ပါသည်။ သူမနှင့် ကျွန်မသည် ဆရာတော်ကြီး တည်ထားပူဇော်တော်မူခဲ့သော ကိုးတောင်ပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် သူမသည် ထောင်ဝိုကျောက်လိုဏ်ဂူ ဘုန်းတော်ကြီးကျောင်းတွင် ကျွန်မအား နေ့ဆွမ်းကိုကျွေးသည်။ မွန်းလွဲနှစ်နာရီတွင် ကျွန်မ သာမညတောင်သို့ပြန်ရန် ဘားအံ-သာမညတောင်သွား ကားဂိတ်သို့ သူမမှ ကျွန်မအား လိုက်ပို့ပေးလေသည်။

ထိုကားဂိတ်၌ပင် သာမညတောင်ဆရာတော်ကြီး ပျံလွန်တော်မူ၍ ရုပ်ကလာပ်တော်အား သာမညတောင်သို့ မွန်းလွဲတစ်နာရီခန့်ကပင် ပြန်လည်ပင့်ဆောင်သွားပြီ ဖြစ်ကြောင်းကို ကြားသိရလေသည်။ ထို့ကြောင့် သူမမှာ ကျွန်မနှင့် အတူလိုက်ခဲ့ပြန်သည်။ ကျွန်မတို့နှစ်ဦး သာမညတောင်သို့ ရောက်ရှိသွားသောအချိန်တွင် ရွှေဘုံသာကျောင်းဆောင်ပေါ်၌ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ရောက်ရှိလာကြသော ဧည့်ပရိသတ်များ ဖူးမြော်ကြည်ညိုနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။ သူမသည် ကျွန်မနှင့်အတူ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဝင်ရောက်ဖူးမြော်၍ ထိုနေ့ညနေ(၆)နာရီခန့်၌ ဘားအံမြို့သို့ ပြန်သွားခဲ့ပါသည်။

– ကျွန်မသည် ဆရာတော်ကြီး၏ အန္တိမစျာပန ခုနစ်ရက်ခုနစ်လီ ကျင်းပရာတွင် ဝေယျာဝစ္စများ ကူညီလုပ်ကိုင်ပေးခဲ့သည်။ ထို့နောက် ဆရာတော်ကြီး၏ ထူပရူပဂူဗိမာန်ကျောင်း ဆောက်လုပ်ရန်အတွက် ကျောက်ခဲများ၊ မြေကြီးများကို သယ်ခြင်း စသည်တို့ကို လုပ်အားဒါန အဖြစ် ကုသိုလ်ယူခဲ့ရပါသည်။

ကျွန်မသည် ရှစ်ပါးသော သီလတော်မြတ်ကို လုံခြုံစွာ ထိန်းသိမ်း၍ သာမညတောင်၌ တစ်လတာမျှ နေထိုင်၍ ရန်ကုန်မြို့သို့ ပြန်ခဲ့ပါသည်။ ရန်ကုန်ပြန်ခရီးစဉ် တစ်လျှောက်တွင် ဆရာတော်ကြီး၏ ထေရပွတ္တိအကျဉ်း စာအုပ်ကလေးမှ စာပိုဒ်ကလေးကို သတိရမိလိုက်သည်။

'ဆရာတော် သက်တော်(၆၇)နှစ် တစ်နေ့သော ည သန်းခေါင်ယံအချိန်၌ တစ်ခုသောတောင်ထက်မှ စေတီနှစ်ဆူကို ဖူးတွေ့ရုံမျှမက ထိုသာမညတောင်သို့ ကြွမြန်းတော်မူပါရန် တစ်စုံတစ်ဦးက (မယ်တော်ဟောင်း ဖွားနန်းကြာဟဲဟု ဆရာတော်ကြီးကိုယ်တိုင် မိန့်ခဲ့ဖူးပါသည်။) ပင့်ဖိတ်နေသည်ကို တရားထိုင်နေစဉ် အာရုံတွင် နိမိတ်ထူးကြီး ထင်မြင်လာသည်နှင့် မဆိုင်းမတွပင် ထိုတောင်သို့ ကြွရန် ဆုံးဖြတ်ချက်ချခဲ့သည် ဖြစ်၏'

ဆရာတော်ကြီးသည် အာရုံမြင်နိမိတ်ထူးဖြင့် သာမညတောင်သို့ရောက်ရှိကာ သာမညတောင်၌ သက်တော်(၆၇)နှစ်မှ သက်တော်(၉၃)နှစ်တိုင် (၂၆)နှစ်တာကာလ ပတ်လုံး သာသနာ့အကျိုးပြု လုပ်ငန်းများကို စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ပါသည်။

ကျွန်မသည် အိပ်မက်၏ကျေးဇူးကြောင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိနေစဉ် အမှီပြုမြော်ခွင့် ရရှိသကဲ့သို့ ဆရာတော်ကြီး၏ အန္တိမစျာပနတွင်လည်း လုပ်အားဒါနများ ပေးလှူခွင့်ရရှိခဲ့သည်။

ထိုအကြောင်းများမှာ တိုက်ဆိုင်မှုတစ်ခုဟု ဆိုရသော်ငြားလည်း အလွန်ထူးဆန်းသောအကြောင်း ဖြစ်သည်။ သာမန်အားဖြင့် ကြည့်မည်ဆိုလျှင် ကျွန်မအနေဖြင့် သာမညတောင်သို့ သွားချင်သော်လည်း ထိုသို့ လျင်မြန်စွာ သွားရောက်နိုင်မည် မဟုတ်ပေ။ ထို့အပြင် သီလရှင်ဝတ်ရန်လည်း စိတ်ကူးမရှိခဲ့ပါ။ အိပ်မက်နှစ်ကြိမ် မြင်မက်ခြင်း၊ ထိုအိပ်မက်ထဲ၌ ဆရာတော်ကြီးကို ဖူးတွေ့ရခြင်း အကြောင်းများ၏ နှိုးဆော်မှုကြောင့် သာလျှင် ကျွန်မမှာ သီလရှင်ဝတ်ဖြင့် သာမညတောင်သို့ ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်။

ထိုနည်းတူစွာ ကျွန်မနှင့် မမျှော်လင့်ဘဲ သာမညတောင်၌ ဆုံစည်းခဲ့ရသည့် နန်းကျင်မြင့်၏ အိပ်မက်များမှာလည်း ထူးခြားဆန်းပြားလှပါသည်။ သာမညဆရာတော်ကြီး ပျံလွန်တော်မူ၍ အန္တိမစျာပန ကျင်းပနေပုံကို တစ်ညကြိုတင် မြင်မက်ခဲ့သော နန်းကျင်မြင့်၏ အိပ်မက်မှာလည်း တိုက်ဆိုင်မှု မဖြစ်နိုင်ပါ။

အားလုံးကို ခြုံငုံလေ့လာကြည့်မည်ဆိုလျှင် မြင်၍တွေ့၍ မရသော အကြောင်းအကျိုးများ၏ ရစ်ပတ်ဆက်နွယ်နေမှုများဟု ကျွန်မအနေဖြင့် ထင်မြင်ယူဆနေမိပါတော့သည်။

မရည်မွန်(ကျုံပျော်)

(မှတ်ချက် - ဇော်ပြပါ အကြောင်းအရာများမှာ ကျွန်မ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များသာ ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဒီရုပ်ရှင်ကားတို့ကသို့ စာမူပေးပို့ရန်အတွက် မည်သည့်စာမူအား ပေးပို့လျှင် ကောင်းမလဲဆိုသည်ကို စာရေးသူ အိပ်စက်နေရင်းက နဖူးပေါ်သို့ လက်တင်ကာ စဉ်းစားတွေးနေမိပါသည်။

အတွေးများသည် ဟိုဒီပြေးလွှားရ၍ ပုံ့လွင့်ကာ နေကြသော်လည်း တိတိပပရေးရမည့် အကြောင်းအရာ တစ်ခုမှ ပေါ်မလာသဖြင့် အိပ်ရာထက်မှထပြီး ဘုရားကျောင်းဆောင်မှ စိပ်ပုတီးအား သွားယူကာ လွင့်ပုံ့နေသော စိတ်တို့ကို တည်ငြိမ်ရန်အတွက် ဂုဏ်တော်ကွန်ချာ ပုတီးပတ်ကိုလည်း လမ်းလျှောက်ကာ စိပ်နေလိုက်ပါသည်။

ပုတီး(၃)ပတ်မျှ ရပြီးသည့်နောက် စာရေးသူ၏စိတ် အစဉ်ဝယ် လွန်ခဲ့သည့် (၁၀) နှစ်ကျော်ကျော်လောက်က ဘချစ်၏ အကြောင်း ဦးခေါင်းထဲဝယ် ပေါ်ပေါက်လာပါလေသည်။

ဦးကိုကြီး (စစ်ဆေးရေး)
ဌာန်းနှစ်ပင်စိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် စိပ်ပုတီးအား ဘုရားကျောင်းဆောင်သို့ ပြန်သွားထားလိုက်ပြီး စာရေးစားပွဲဆီသို့သွားကာ စာရေးသားလိုက်ပါပေတော့သည်။

ဘချစ်ဆိုသူမှာ စာရေးသူနှင့် ကျောင်းနေဖက်သူ ငယ်ချင်း ဖြစ်ပါသည်။ ငယ်စဉ်က ဆိုးတူကောင်းဖက် တွဲလာခဲ့သော ငယ်သူငယ်ချင်းဖြစ်ပြီး ကြီးပြင်းလာသည့် အခါ သူကလည်း သူ့အလုပ်နှင့်သူ သွားလုပ်နေပြီး စာရေးသူကလည်း ကစလ(၄) ထုံးဘိုသို့ အလုပ်လုပ်ရန် မွေးဇာတိ မကွေးမှ ထွက်ခွာခဲ့ပါသည်။

ခွဲခွာခဲ့ကြသော်လည်း စာအဆက်အသွယ်တော့ မကြာခဏဆိုသလို ရေးဖြစ်ကြပါသည်။

စာရေးသူ ထုံးဘိုမှ မကွေးသို့ အလုပ်ဌာနမှ ခွင့်ယူ၍ အလည်ပြန်တော့လည်း ဘချစ်အိမ်သို့ ရောက်ဖြစ်ခဲ့ပါသည်။ ဘချစ်တစ်ယောက် အိမ်ထောင်ကျနေပြီ ဖြစ်ပါသည်။

ဘချစ်သည် ဝန်ထမ်းအလုပ်မှ ထွက်ပြီး အိမ်တွင် ကုန်စုံဆိုင်ဖွင့်၍ ဈေးရောင်းကာ တော်တော့်ကို စီးပွားရေး ကြီးပွားတိုးတက်ကောင်းမွန်နေပြီ ဖြစ်ပါသည်။ ဘချစ်၏ နေ့ကလည်း ဖော်ရွေပါ၏။

ဘချစ်၏နေ့အား စာရေးသူကြည့်လိုက်မိရာမှာတော့ ရွှေလက်ကောက်များ ဘယ်ဘက်လက်(၁၀)ကွင်း၊ ညာဘက်လက်(၁၀)ကွင်းမျှ ဝတ်ဆင်ထားတာ တွေ့ရသလို ဆွဲကြိုးကြီးကလည်း လည်ပင်းမှာဆွဲလို့ လက်စွပ်တွေကလည်း ဘယ်လက်သူကြွယ်၊ ညာလက်သူကြွယ်တို့မှာ အပြည့်နှင့်။

"ဘော်...ချမ်းသာလိုက်ပါဘိ"

သူငယ်ချင်း ချမ်းသာနေတာ တွေ့မြင်ရတော့လည်း စာရေးသူ ဝမ်းသာရပါသည်။ သူ့ရောက်တိုင်း ဘချစ်တို့ မိသားစုမှ ဧည့်ဝတ်အင်မတန် ကျေပွန်ကြပါသည်။

♦♦♦

သည်လိုနှင့် (၂)နှစ်ခန့် အကြာတွင်-

ကစစ(၁၂)၊ အေးချမ်းသာယာ (၁)ရပ်ကွက်ရှိ စာရေးသူ၏ အိမ်ရှေ့သို့ ကလေးတစ်ယောက်လက်ကိုဆွဲပြီး ဘချစ် စာရေးသူထံ ရောက်လာပါသည်။

စာရေးသူလည်း ဘချစ်အား ဖက်လဲတကင်း ကြိုဆိုလိုက်ပါသည်။ မလာစဖူး အလာထူးကာ ရောက်လာသည့် သူငယ်ချင်းမို့ စာရေးသူ ဧည့်ဝတ်ကျေပွန်ရပါမည်။

စာရေးသူက ပျူငှာစွာ ကြိုဆိုသော်လည်း ဘချစ်မျက်နှာ မသာမယာဖြစ်နေသဖြင့် စာရေးသူက 'ဘချစ်၊ ခရီးပန်းလာလို့လား မျက်နှာမကြည်မလင်နဲ့' ဟု မေးလိုက်မိပါသည်။

ဘချစ်သည် စာရေးသူ ပြေးသော ကုလားထိုင်တွင် သားအဖနှစ်ယောက် ဝင်ထိုင်လိုက်ကြရင်း အတန်ကြာအောင် စဉ်းစားနေပြီးမှ-

'ငါတို့လင်မယား ကွဲလာတယ်ကွာ'

'ဟေ'

စာရေးသူ အံ့သြသွားပါသည်။

ဘချစ်က ဆက်၍ 'ကလေး(၂)ယောက်ကို သူတစ်ယောက် ငါတစ်ယောက် ခွဲယူလာခဲ့ကြတယ်။ ဘယ်သွားရမှန်း မသိလို့ မင်းဆီ ထွက်လာခဲ့တာပဲ' ဟု ပြောပြပါသည်။

စာရေးသူက 'မင်းတို့ကလည်းကွာ၊ ကလေးနှစ်ယောက်ရမှ ကွဲရတယ်လို့။ ကွာရှင်းလက်မှတ် ထိုးခဲ့ပြီလား' ဟု မေးရာ 'လက်မှတ်တော့ မထိုးရသေးဘူး' ဟု ပြန်ပြောပါသည်။

'မင်းတို့ စီးပွားရေး ဒီလောက်ကောင်းနေတာတောင် ဘယ်လိုဖြစ်ကြတာလဲ။ စီးပွားရေးလုပ်ငန်းတွေ ဒီတိုင်း ပစ်ထားခဲ့ရသလားကွ။ စီးပွားရေးတွေ ဆုံးရှုံးကုန်ပါ့မယ်' ဟု သတိပေးစကား ပြောကြားမိပါသည်။

ထိုအခါ ဘချစ်က 'စီးပွားရေးတွေလည်း အကုန် ပျက်ကုန်ပြီ။ မိန်းမမှာ ရွှေဆိုလို့ လက်စွပ်တစ်ကွင်းတောင် မရှိတော့ဘူး။ အိမ်နဲ့ အိမ်ပိုင်းပဲ ကျန်တော့တယ်' ဟု ပြောသဖြင့် စာရေးသူ တော်တော့်ကို အံ့သြမိပါသည်။

ဘချစ်က ဆက်၍ 'ယောကျ်မတွေ၊ ခယ်မတွေ အိမ်မှာ လာနေကြတာညီးက တို့လင်မယား ရန်တကျက်ကျက် ဖြစ်လာတယ်။ ယောကျ်မတွေ၊ ခယ်မတွေက လက်ဆော့ ခြေဆော့တွေ အိမ်တွင်းသူခိုးတွေရှိတော့ အဲဒီကနေ စပြီး စီးပွားကျလာလိုက်တာ လင်မယားကွဲတဲ့ထိပဲပေါ့။ တို့စီးပွားပျက်မှန်းသိတော့ ယောကျ်မတွေ၊ ခယ်မတွေ အိမ်က ပြေးကြပြီလေ' ဟု ဘချစ်ပြောဆိုကာ မျက်ရည်များ ဝိုင်းနေလေပြီ။

ဘချစ်နှင့် အတူပါလာသော သူ့သားလေးမှာလည်း

www.burmeseclassic.com

www.burmeseclassic.com

ဖခင်၏ စကားပြောသံကို ကြားနေရ၍ မျက်ရည်ပေါက်ပေါက်ကျကာ ငိုကြွေးရှာလေသည်။ သနားစရာပါပင်။

စာရေးသူလည်း သားအဖနှစ်ယောက်အား နှစ်သိမ့်ပြောဆိုကာ ရေမိုးချိုးခိုင်းပြီး အနားယူခိုင်းလိုက်ပါသည်။

ညေ့်..စာရေးသူ၏ မျက်မြင်ကိုယ်တွေ့ ရှေ့ ငွေတွေ ပြည့်စုံရုံမက လျှံနေသော ဘချစ်၊ ယခု ဘာမျှမရှိတော့ပါလားနော်ဟုပင် စာရေးသူ သံဝေဂရမိပါတော့သည်။

♦ ♦ ♦

စာရေးသူ၏အိမ်တွင် သူတို့သားအဖအား တစ်ပတ်မျှ စိတ်ချမ်းသာသလို နေထိုင်ခိုင်းပြီးနောက် ဘချစ်လည်း စိတ်အနည်းငယ် ပြေပျောက်လာပြီဖြစ်၍ ဒီအတိုင်းထားပါက ကလေးများ၏ရှေ့ရေး ရလဒ်မကောင်းနိုင်သောကြောင့် စာရေးသူ၏ ဦးခေါင်းထဲတွင် ဘချစ်တို့မိသားစုအတွက် တစ်ခုခုလုပ်ပေးရန် စီစဉ်လိုက်ပါသည်။

စာရေးသူအနေဖြင့်ကလည်း သူငယ်ချင်း ဒုက္ခတွေ့နေချိန်တွင် သူငယ်ချင်းကောင်းတစ်ယောက်ပီသဖို့ လိုပေမည် မဟုတ်ပါလား။

သို့အတွက်ကြောင့် စာရေးသူသည် ဘချစ်တို့ သားအဖနှင့်အတူ စာရေးသူတို့ ကစစ(၁၂)မှ (၅)မိုင်မျှဝေးသော နှစ်မလည်တောင်တွင် တောရဆောက်တည်နေသော ဆရာတော်ကြီး ဦးဣန္ဒစာဏ်ထံသို့ ခေါ်ဆောင်သွားခဲ့ပါသည်။

ဆရာတော်ကြီး ဦးဣန္ဒစာဏ်သည် လူအများကရဟန္တာဟု သမုတ်ခံရသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။

နှစ်မလည်တောင်သည် ယခင်က တောတောင်ထူထပ်စွာ ပေါက်ရောက်ပြီး ချုံနွယ်ပိတ်ပေါင်းတို့ ကြီးစိုးသောနေရာတွင် ဆရာတော်ကြီးမှာ ဝါးကျောင်းလေးနှင့် သီတင်းသုံးနေရပါသည်။

ထိုမှ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများနှင့် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ မှန်ကန်မှုတို့ကြောင့် ယခုအခါ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဓရုပ်၊ စေတီတို့ဖြင့် တောကြီးတောင်ကြီးထဲတွင် လှုဒါန်းသူများပေါများကာ အင်မတန်မှ ထည်ဝါစွာရှိသည်ကို တွေ့ရပါသည်။

ဆရာတော်ကြီးမှာ လူသတ္တဝါတို့အပေါ်ဝယ် သီးခြားလိုက်ကယ်တာမျိုးမဟုတ်ဘဲ အခွင့်အခါ သင့်လျှင်သင့်သလို ကယ်တင်ထိုက်သူကို ကယ်တင်ပေးတတ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါသည်။

ဆရာတော်ကြီးနှင့်ပတ်သက်၍ စာရေးသူတို့ ကိုယ်တွေ့ကြုံခဲ့ဖူးပါသည်။ ထိုစဉ်က စိန်ကုန်သည်၊ ကျောက်ကုန်သည် အမျိုးသမီးကြီးတစ်ဦးမှာ တောရဆောက်တည်နေသော ဆရာတော်ကြီးထံ ဖူးတွေ့လိုသောဆန္ဒ ပြင်းပြသဖြင့် ကန်တော့ရန် လှူဖွယ်ပစ္စည်းများနှင့်အတူ ရောက်လာခဲ့ပုံအား ထည့်သွင်းရေးသားလိုပါသည်။

ထိုနေ့က စိန်၊ ကျောက် ကုန်သည်အမျိုးသမီးကြီးသည် ဆရာတော်ကြီးအား ဖူးတွေ့ကန်တော့ပြီး ပြန်ရန် လက်အုပ်ချီမိုးလျက်ရပ်လိုက်ရာ ဆရာတော်ကြီးမှ-

'ဒကာမကြီးက မန္တလေးကဆိုတော့ ဘာစီးပွားရေးများ လုပ်သလဲကွယ့်'

ဟု မိန့်လေရာ အမျိုးသမီးကြီးက-

'တပည့်တော်မ စိန်၊ ကျောက် အရောင်းအဝယ် လုပ်ပါတယ်ဘုရား။ အခု တပည့်တော်မမှာ စိန်၊ ကျောက်တွေ ဝယ်ထားတာများပြီး အရောင်းပြန်မထွက်တဲ့ လက်ထဲမှာ သောင်တင်နေတော့ ငွေပြန်မပေါ် ဖြစ်နေရပါတယ် ဘုရား'

ဟု လျှောက်လေရာ ဆရာတော်ကြီးက-

'အိမ်း..ဒကာမကြီးရဲ့ လှူဒါန်းရတဲ့ အကျိုးကြောင့် မန္တလေးပြန်ရောက်ရင် အဆင်ပြေသွားမှာပါ' ဟု မိန့်လေသည်။

ထို့နောက် စိန်ကျောက်ကုန်သည် အမျိုးသမီးကြီး ပြန်သွားလေသည်။ (၁)နှစ်ခန့်အကြာ ထိုအမျိုးသမီးကြီး ဆရာတော်ကြီးထံ ပြန်လာစဉ် စာရေးသူနဲ့ ထိုအမျိုးသမီးကြီးနဲ့ တွေ့ဆုံခဲ့ရပြန်ပါသည်။

ထိုအမျိုးသမီးကြီး ပြောပြလိုက်ပုံက-

'ဆရာရေ..ဆရာတော်ကြီးက အဆင်ပြေသွားမှာပါ ဆိုတဲ့ မိန့်မှာလိုက်တဲ့ စကားအတိုင်းပါပဲ ကျွန်မရဲ့ ရောင်းမထွက်တဲ့ စိန်၊ ကျောက်တွေ မန္တလေးလည်း ပြန်ရောက်ရော ငါးနှစ်လောက် ရောင်းမကုန်တဲ့ ကျောက်တွေပဲ တစ်နှစ်အတွင်းမှာ ရောင်းကောင်းလိုက်တာ ဆရာရယ်။ ကျွန်မလက်ထဲမှာ ကျောက်တစ်ပွင့်တောင် မကျန်ခဲ့

www.burmeseclassic.com

တော့ပါဘူး။ ခုလာခဲ့တာက ရောင်းလို့ရတဲ့ ငွေတွေကို ဓမ္မာရုံကြီးနဲ့ စေတီတည်လှူဖို့ ဒီကိုရောက်အောင် ပြန်လာခဲ့တာပါ' ဟု စာရေးသူအားပြောသဖြင့် သိရှိခွင့်ရခဲ့ဖူးပါသည်။

♦♦♦

ဘချစ်နှင့် ဆရာတော်ကြီးထံသို့ ရောက်သည်နှင့် ဆရာတော်ကြီးအား ဦးသုံးကြိမ်ချ ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းအချို့နှင့် လှူဒါန်းလိုက်ကြပါသည်။

သည့်နောက် စာရေးသူက ဆရာတော်ကြီးအား ဘချစ်၏ အကြောင်းများကို ခရေစေ့တွင်းကျ လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးက-

'လောကီလူသားတွေ ဆိုတော့လည်း ခက်သားကလား ကွယ်။ လူကြီးတွေကြောင့် အပြစ်မဲ့တဲ့ ကလေးတွေ ဒုက္ခတွေ့ပါ့မယ်။ အိမ်ကိုသာပြန်ပါ ဒကာ။ အိမ်ပြန်ရောက်သွားရင် ငွေဘန်းနှစ်ပင် စိုက်ကွယ့်။ ဒါကို ဒကာ နားလည်သလား' ဟုမိန့်ရာ ဘချစ်က 'နားလည်ပါတယ် ဘုရား' ဟု ပြန်လျှောက်လေ၏။

ဆရာတော်ကြီးက ဆက်၍ 'အဲဒီလိုဆို အဆင်ပြေသွားပါလိမ့်မယ်' ပြောဆိုကာ ဆရာတော်ကြီးသည် စာရေးသူတို့အနီးမှ အဓိဋ္ဌာန်ဝင်မည့်နေရာသို့ ထွက်ခွာသွားပါလေသည်။

သည်လိုနှင့် ဘချစ်နှင့် သူ့သား မကွေးသို့ ပြန်သွားကြပါသည်။

♦♦♦

(၆)လမျှအကြာ ဘချစ် စာရေးသူအိမ်သို့ ဒီတစ်ခါတော့ သူတစ်ဦးတည်း ရောက်ချလာပြန်ပါသည်။

စာရေးသူ၏ အိမ်ပေါ်သို့ ရောက်သည်နှင့် ထိုင်ခုံဝင်ထိုင်လိုက်ရင်း ဘချစ်က-

'ဆရာတော်ကြီး မှာလိုက်တဲ့အတိုင်း ဘုရားသွားပြီး ဆန်းနှစ်ပင် စိုက်တယ်။ ရေလည်း မကြာ မကြာ သွားလောင်းတော့ ဆန်းနှစ်ပင်လည်း ရှင်တယ်ကွ'

'ငါလည်း ငါ့ရဲ့အိမ်ဝိုင်းကို တစ်ဝက်ခွဲရောင်းပြီး ဒီးပွားရေးပြန်လုပ်တာ အိမ်ဝိုင်းတစ်ဝက်သာ ပြုတ်သွားတာယ်၊ အရင်ပုံစံအတိုင်း ပြန်ဖြစ်သွားတယ်ကွာ။ ငါလည်း ဒီတစ်ခါတော့ မင်းဆီ ရောက်လာပြန်တာ' ဟု ပြောသဖြင့် စာရေးသူပင် စိတ်ပျက်လက်ပျက် ဖြစ်ရပါလေသည်။

စာရေးသူလည်း ဘာအကြံပေးရမှန်း မသိသဖြင့် နောက်တစ်နေ့တွင် ဆရာတော်ကြီးထံ အားနာနာဖြင့် ဘချစ်နှင့်အတူ သွားရောက်ဖြစ်ခဲ့ကြပါသည်။

ဘချစ်ကလည်း ဆရာတော်ကြီး မှာသည့်အတိုင်း ထန်းနှစ်ပင်စိုက်ကြောင်း၊ အပင်မှာလည်း ရှင်ကြောင်း၊ သို့သော်လည်း အိမ်ဝိုင်းတစ်ခြမ်းသာ ပြုတ်သွားသည်၊ ဘာမှဖြစ်မလာကြောင်း ဆရာတော်ကြီးအား လျှောက်လေ၏။

ဆရာတော်ကြီးသည် တစ်ချက်မျှပြုံးပြီး-

'ဒကာက ဘုန်းကြီးမိန့်စဉ်မှာ နားလည်သလား မေးတော့ နားလည်ပါတယ် ပြောတာ မှတ်မိသလား'

ဘချစ်က-

'မှတ်မိပါတယ်ဘုရား'

'အိမ်း...အဲဒီတုန်းက ဒကာက နားလည်တယ်ဆိုတော့လည်း ဘုန်းကြီးက ရှင်းမပြတော့ဘူးလေ။ ဒကာက လွဲမှားစွာ မှတ်သွားတာကိုး'

'ဘုန်းကြီးပြောတဲ့ ငွေဘန်းနှစ်ပင်ဆိုတာက ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်ကို ငွေဘန်းဆိုပြီး အတိုကောက်သုံးပြီး နံနက်(၁)ကြိမ် ည(၁)ကြိမ် ဘုရားကို ရွတ်ဆိုစိုက်ထူပူဇော်ခိုင်းတာ ဒကာရဲ့။ ဒါကို ငွေဘန်းနှစ်ပင်စိုက်လို့ မိန့်လိုက်တာကွယ့်။ နောက်ဆို ကိုယ့်အထင်နဲ့ နားလည်ပါတယ် မလျှောက်နဲ့။ ဝါဟည့်တော်ကို ရှင်းရှင်းလင်းလင်း နားလည်သွားအောင် ရှင်းပြတော်မူပါဦးဘုရားလို့ လျှောက်၊ ကြားလား'

'တင်ပါ့ဘုရား'

ထို့နောက် ဘချစ်သည် မကွေးသို့ အားချင်းပြန်သွားလေတော့သည်၊

♦♦♦

သုံး၊လေးနှစ်မျှအကြာတွင်...။

ဘချစ်သည် သူ၏ဇနီး၊ သားနှစ်ယောက်နှင့် စာရေးသူ၏အိမ်သို့ အလည်ရောက်ရှိလာကြပါသည်။

ဘချစ်၏ဇနီး ခင်နှင်းရည်တွင်လည်း ယခင်စတွေ့ စကလို လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်အပြည့်ဖြင့် မြင်တွေ့ရပါသည်။

သူတို့မိသားစု ပျော်ပျော်ရွှင်ရွှင်နှင့် မြင်တွေ့လိုက်ရသည်မို့ စာရေးသူလည်း ဝမ်းသာအားရ ဖြစ်ရပါသည်။

www.burmeseclassic.com

ခရီးရောက်မစိုက် စာရေးသူကပင်-

'မိသားစုအစုံအလင်နဲ့ ဘယ်လိုများ အဆင်ပြေသွားကြတာတုန်း ကိုဘချစ်ရဲ့'

ဟု မေးလိုက်ရာ ဘချစ်က-

'ငါလည်း ဆရာတော်ကြီးဆီက ပြန်လာပြီး ဆရာတော်ကြီး မိန့်တော်မူတဲ့အတိုင်း မြတ်စွာဘုရားကို မနက် (၄)နာရီတစ်ကြိမ်၊ ည(၈)နာရီတစ်ကြိမ် လင်ရော မယားရော တစ်ရက်မှ ရက်ပျက်မရှိဘဲ ဌာန်းနှစ်ပင် ရွတ်ဖတ်စိုက်ထူပူဇော်ကြတော့ (၃)လလည်းပြည့်ရော တို့လက်ကျန်အိမ်နဲ့ အိမ်ဝိုင်းဝယ်မယ့်သူ ပေါ်လာတယ်။ အဲဒီရငွေနဲ့ ရပ်ကွက်တစ်ခုမှာ အိမ်သေးသေးလေးတစ်လုံး ဝယ်လိုက်ပြီး ဈေးထဲမှာ ဆိုင်တစ်ဆိုင် ဝယ်လိုက်တယ်ကွာ။ ရှိတဲ့ငွေနဲ့ ကုန်စုံတင်ပြီး ရောင်းချကြတယ်'

'သူငယ်ချင်းရေ..ဈေးကလည်း ဘာရောင်းကောင်းသလဲ မမေးနဲ့။ လက်မလည်အောင် ရောင်းရတယ်။ စီးပွားဖြစ်လာတာနဲ့ တို့အိမ်နဲ့ဝိုင်းကိုလည်း ပြန်ဝယ်နိုင်တယ်ကွ။ အဆင်ပြေလွန်းလို့ ဆရာတော်ကြီးရဲ့ ကျေးဇူးတော်ကို ဆပ်ဖို့ ကန်တော့ရအောင် လာတာပါ။ မင်းကိုလည်း ကျေးဇူးပြုရင်း လာခဲ့တာပါကွာ။ ဌာန်းနှစ်ပင်ကတော့ ယခုအချိန်ထိ ရွတ်ဖတ်ပူဇော်စိုက်ထူလျက်ပဲ သူငယ်ချင်း'ဟု ပြောပြပါသည်။

ဘချစ်တို့ မိသားစုအားကြည့်ပြီး စာရေးသူ တိုးတိုးလေး တွေးလိုက်မိသည်က 'သြော်..ဌာန်းနှစ်ပင် အကျိုးက တယ်လည်း တန်ခိုးကြီးပါလားနော်'ဟု တွေးတောရင်း ဂန္ဓီရမဂ္ဂဇင်း၏ စာဖတ်ပရိသတ်တို့အား မိမိတို့မှာ စီးပွားပျက်လို့ အခက်အခဲ ကြုံလာခဲ့ရင်ဖြင့် ဌာန်းနှစ်ပင်ကို စိုက်ထူပူဇော်လိုက်ကြပါက အမှန်တကယ်ပင် အကျိုးကျေးဇူး အင်မတန်မှပင် ထူးခြားလှပါကြောင်းကို စာရေးသူ၏ ကိုယ်တွေ့ကြုံခဲ့ရသည့်ဖြစ်အင်အား မေတ္တာ၊ စေတနာအပြည့်ဖြင့် ဂန္ဓီရမဂ္ဂဇင်းမှတစ်ဆင့် အကြံပြုကာ ရေးသားတင်ဆက်လိုက်ရပါပေသတည်း။

ဂန္ဓီရမဂ္ဂဇင်းနှင့်တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစားတန်ဖိုးထားလျက်။

ဦးကိုကိုကြီး(စစ်ဆေးရေး)

ဆရာကြီးရာဇာဇော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရွေးမှုမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရာဂု ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်လျှင်သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဥာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသံဆက်လိုက်ပါ။

အမှတ်-၉၄ (ဝထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊
မဂ်လာဘောင်ညွှန်ကြီးနယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ) ☎ (01)394727, (01)399426, 09 7300 9994, 09 51 52521

www.burmeseclassic.com

မိုးဦးကျအချိန်ဖြစ်သည်။ နွေရာသီ၌ ရေငတ်၍ ရွက်အိုမြေခ အရီးဖြိုင်ဖြိုင်ကျခဲ့ကြသော ရွက်ခြောက်တောသည် ယခုအခါ စိမ်းစိမ်းစိုစို ရွက်နုများ ဝေကုန်ကြပြီ။ တောတန်းတောင်စွယ်များ တွင် အမျိုးမျိုးသော တောပန်းများလည်း ပွင့်ကုန်ကြပြီ။ ငှက်ကလေးများလည်း သားပေါက်များကို အပျံသင်နေ ကြပြီ။ ဖက်ရှေသောက် တောကြက်ဖများလည်း တွန်နေကြပြီ။ မြက်နုစားရသော ချေပေါက်များ လည်း ဟောက်သံ၊ တွန်သံပေး၍ ဖို,မ လက်တွဲ ကုန်ကြပြီ။ တောတိုင်း၊ တောင်တိုင်း၊ ချောက် တိုင်း၊ မြောင်တိုင်းက စမ်းရေကျသံကိုလည်း ကြား နေရပြီ။

မောင်အေးချမ်း ရဟန်းဝတ်ရန် ရွှေတောင် ငွေတောင် တောရကျောင်းသို့ ရောက်နေသည်မှာ တစ်ပတ်ကျော် ခဲ့ပြီ။ ရွှေတောင်ငွေတောင် တောရ ကျောင်းသည် အမဲမြို့နယ်၊ တန်းတင်

မဟာတွန်း တောရကျောင်းက သရဲမ

www.burmeseclassic.com

www.burmeseclassic.com

ရွာ၏ အရှေ့ဘက်တွင် ရှိသည်။

ရခိုင်ရိုးမကြီး၏ တောင်စွယ်တောင်တန်းကြီးဖြစ်ပြီး ရွာများနှင့် လယ်တော၊ ကိုင်းတောများ၏ အတွင်းဘက်သို့ သုံးမိုင်နီးပါးတွင် တည်ရှိသည်။ ထို့ကြောင့် တောနက်သည်ဟု ဆိုနိုင်သည်။

မိုးချုပ်သည်နှင့် ဝက်ဝံများ ကျောင်းနှင့် ပတ်ဝန်းကျင်သို့ ရောက်လာတတ်သည်။ ကျားကျူတ်နှင့် ကျားသစ်များလည်း ထိုနည်းလည်းကောင်း ကျောင်းနှင့် အနီးဝန်းကျင်သို့ ရောက်တတ်မြဲ ဖြစ်သည်။ ရံခါ တောဆင်အုပ်များ၊ ကျားကြီးများလည်း ရောက်ကြသည်။

တောကြောင့်နှင့် ခွေးအော်များမှာ မိုးရွာသော ညနေခင်းများတွင် ကျောင်းအောက်သို့ ဝင်အိပ်လေ့ရှိကြသည်။ဝက်ဝံများလည်း ရံခါ ညနေခင်း ပိန္နဲသီး၊ သရက်သီးများ လာစားလေ့ရှိသည်။

မည်သည့် သားရဲသားကောင်များဖြစ်စေ တောနေ ရှင်ရဟန်းတို့အား ရန်သတ္တုရုပြုလေ့ မရှိကြပေ။ သူတို့၏ သဘာဝအလျောက်သာ သွားလာနေကြမြဲဖြစ်သည်။ ရွေတောင်ငွေတောင်တောရ ဆရာတော်ကြီး၏ တရား၊ သီလ၊ မေတ္တာကြောင့်ဟု ကြည်ညိုနိုင်သည်။

ဆရာတော်ကြီးမှာ ယခု ဿက်တော် ရှစ်ဆယ်ကျော်ပြီ။ ရာသက်ပန် တောရနေသည်။ သီလ၊ သမာဓိ၊ မေတ္တာ ပြည့်ဝသည်။ စရဏကို ပိုသန်သည်။

ထို့ကြောင့်လည်း မောင်အေးချမ်း ရဟန်းဝတ်ရန် ဆုံးဖြတ်ပြီးနောက် ဥပဇ္ဈာယ်ဆရာရင်း ဖြစ်ခဲ့ဖူးသော ဤရွှေတောင်ငွေတောင် တောရကျောင်း ဆရာတော်ကြီး၏ ထံတော်ပါးသို့ ရောက်လာခဲ့သည်။ ယခု တစ်ပတ်ကျော်ခဲ့ပြီ။ ဆရာတော်ကြီးက ဝတ်မပေးသေးပေ။

"ဒီကောင် လူလောကမှာ အဲလောက်ထိ ကြာကြာနေခဲ့ပြီးမှ ရဟန်းပြန်ဝတ်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟူ၍ပင် ဆိုသတတ်၏။

ဟုတ်သည်၊ ကိုရင် မောင်အေးချမ်း အသက်(၁၇) နှစ် အရွယ်ကပင် ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သဖြင့် မိခင်ကြီး၏ ကျန်းမာရေးကို စောင့်ရှောက်ရန် လိုင်ပြန်ခဲ့ရသည်။

ထို့နောက် ယခု ဤနှစ်အတန်ကြာပြီးမှ ရဟန်းဝတ်ရန် ဆရာတော်ကြီး၏ထံပါးသို့ ရောက်လာသောအခါ ဆရာတော်ကြီးက လူနှံ့လူသက် နံစော်နေသည့် တပည့်ဖြစ်သူ မောင်အေးချမ်းအား ရဟန်းဘဝမှာ ပျော်နိုင်ပါ့တော့မလားဟု သံသယဖြစ်ဖွယ် ရှိနေသည်။

"နေဦး၊ နောက်မှ ဝတ်ပေးမယ်" ဟု မိန့်တော်မူသည့်ထို့ကြောင့် မောင်အေးချမ်းမှာ တောရကျောင်းတော်၏ ဝေယျာဝစ္စများကို ပြုလုပ်ပြီးသာ နေရလေသည်။

နေ့အခါတွင် ချုံခုတ်၊ သစ်ပင်စိုက်၊ တွင်းဖော်၊ ထင်းထမ်း။ ညအခါများတွင် ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း "သီလဆောက်တည်ခြင်း၊ ဘုရားရှိခိုးခြင်းမှသည် ညဉ့်ဦးယံ ကုန်သည်အထိ မေတ္တာပို့၊ ဓာရဏာဘာဝနာများ ရှုမှတ်ပွားများအားထုတ် စသည်ဖြင့် နိစ္စဝတ်များကို မလပ်ပြုကျင့်၍ ရဟန်းဝတ်ရန် အချိန်ကို စောင့်ဆိုင်းနေရလေသည်။

(မိုးချုပ်သည်မှ ညဆယ်နာရီအထိ ညဉ့်ဦးယံ၊ ဆယ်နာရီမှ နှစ်နာရီအထိ သန်းခေါင်ယံ၊ နှစ်နာရီမှ အရုဏ်တက်သည်အထိ မိုးသောက်ယံ။)

ညဆယ်နာရီ ကျော်ပြီ။

မောင်အေးချမ်း ဘုရားကြီး၏ ရင်ပြင်တော်မှ ဓမ္မဇလ နိစ္စဝတ်များကို ဖြည့်ကျင့်ပြီး ပရဘုတ် (ဖက်လက်ကြိုရုံ)သို့ ဆင်းလာခဲ့သည်။

လမိုက်ညဖြစ်၍ ကောင်းကင်၌ မိုးသားများ အုံ့ဆိုင်းနေသည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ရိပ်များကြောင့် အမိုက်လွှမ်းသဖြင့် မြေနီလမ်းကလေးကိုပင် အာရုံစိုက်ပြီး ကြည့်သွားနေရသည်။

ပရဘုတ်ရှေ့သို့ရောက်လျှင် မောင်အေးချမ်း ရပ်သွားသည်။ လေ့ကားခုံတွင် တစ်ခုံတစ်ယောက် ငူငူကြီးထိုင်နေသယောင် မြင်သည်။

"ဘယ်ဆူများ ရောက်နေပါလိမ့်"

စိုကိုကြည့်ရင်း အမှောင်ခွင်း၍ အလင်းရစတွင် အနည်းငယ်မျှ သဲကွဲလာသည်။ အမျိုးသမီးတစ်ယောက်။

"ဘယ်သူလဲ"

မေးလိုက်မှ ထိုနေရာက ထကာ ပရဘုတ်၏ နောက်ဘက်သို့ ပတ်ဆင်းသွားလေသည်။

"ရော်"

မောင်အေးချမ်း ပရဘုတ်ပေါ်တက်ပြီး ဓာတ်မီးကို ယူကာ ဆက်လိုက်သွားသည်။ ဓာတ်မီးနဲ့ ဟိုဟို့သည့်

www.burmeseclassic.com

သည် ထိုးကြည့်သည်။ ဘာမျှမတွေ့။ အဝေး အနီး ထိုး ရှာကြည့်လျှင်လည်း မတွေ့ရ။

'သရဲများလား'

မောင်အေးချမ်း ရှည်ရှည်ဝေးဝေး ဆက်မတွေးဘဲ ပရဘုတ်ပေါ် တက်အိပ်လိုက်သည်။

* * *

'နင် ငါ့ကို ဘယ်သူလဲ မမေးနဲ့။ ငါကပဲ နင့်ကို မေးရမှာ။ နင်က ခုမှ ရောက်လာတဲ့ကောင်၊ ငါ ဒီမှာ နေတာ ကြာပြီ။ ဘယ်လောက်ကြာပြီလဲ သိချင်သလား။ လွန်ခဲ့ပြီးတဲ့ အချိန်တစ်ခုက စားကျက်လုကြရင်း ဒီနေရာမှာ သွေးချောင်းစီးခဲ့ဖူးတာကို နင်ကြားဖူးမယ်။ အဲဒီအချိန်ကတည်းက ငါ ဖာသည်မအဖြစ်နဲ့ ပါလာရပြီး သေကျန်ခဲ့လို့ သရဲမ ဖြစ်နေတာဟဲ့။ နားလည်ရဲ့လား' ဟု ပြောပြပြီး ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

'ဟာ'

'ဘာလဲကွ၊ ဘာတွေဟာနေတာလဲ' ဟု ကပ္ပိယကြီး ဦးအောင်တင်က ပြောလိုက်၍ မောင်အေးချမ်း နိုးသွားသည်။

(ဦးအောင်တင်၊ ၁၃၇၃ ခုနှစ်၊ ကွယ်လွန်သွား)

မောင်အေးချမ်း ဘာမျှမပြောပေ။ ဓာတ်မီးနဲ့ နာရီကို ထိုးကြည့်သည်။ နံနက်လေးနာရီထိုးရန် ဆယ်မိနစ်အလို။ ထို့ကြောင့် ထပြီး ဆန်ပြုတ်,ပြုတ်ရင်း လက်ဖက်ရည်ကျိုသည်။ ငါးနာရီထိုးလျှင် ဘုရားဆွမ်းတော်ကပ်ပြီး ဆရာတော်ကြီး၊ ဦးပဉ္စင်းကြီးနှင့် ကိုရင်ကြီးတို့အား ဆန်ပြုတ်နှင့် လက်ဖက်ရည် ကပ်သည်။

ထို့နောက် ပရဘုတ်၏ နောက်ဘက် နှစ်ချိုကြက်ရိုးပင်ကြီးနားသို့ သွားကာ-

'ညက လှေကားရင်းမှာ မြင်လိုက်ရပြီး ငါ့ကို အိပ်မက်လာပေးတဲ့ သရဲမ ဒီကြက်ရိုးပင်ကြီးမှာများ နေသလား'

'အိမ်း' ဟူသော အသံကြီးကို ကြားလိုက်ရ၍ မောင်အေးချမ်း မျက်လုံးပြူးချင်ချင် ဖြစ်သွားသည်။ အသံကြီးက ကြီးလွန်းသည်။ မောင်အေးချမ်းက သရဲ၊ တစ္ဆေများကိုတော့ မကြောက်တတ်ပေ။

'အေး..ကောင်းပြီ၊ ဒါဆိုရင် ငါ ကုသိုလ်လုပ်ပြီး အမျှဝေပေးမယ်' ဟု ပြောကာ မောင်အေးချမ်း ပြန်လာခဲ့သည်။

မောင်အေးချမ်း နေ့လယ်အတွက် ရေနွေးမကျိုမီ သံဇလုံကြီးဖြင့် တောရကျောင်းနားက ရရာ တောပန်းလေးများကို လိုက်ခူးသည်။ ထို့နောက် ဘုရားကြီးမှာ ပန်းတော်ကပ်ပြီး ကြက်ရိုးပင်ကြီးနားသို့သွားကာ သရဲမအား အမျှအတန်း ဝေပေးလိုက်သည်။

နေ့ဆွမ်း စားပြီးသည်နှင့် မင်းတက်ရွာက ဦးဝေဖြူအောင် သစ်စက်ဖွင့်ပွဲမှဝင့်၍ မောင်အေးချမ်း ဆရာတော်ကြီးနောက်မှ ကျောင်းသား ကပ္ပိယအဖြစ် လိုက်ပါရသည်။

ထို့နောက် ဆယ်ချက်လုပ် အောက်ကျွန်း ကျောင်းလွတ်ပွဲနှင့် ပဋ္ဌာန်းပွဲမှ ဆက်ပင့်၍ ခရီးဆက်ကြရပြန်သည်။ တစ်ဆက်တည်းပင် ဆပ်ကျူပ်ပြင် ဆရာတော်၏ သက်တော်(၆၅)နှစ်ပြည့် အထိမ်းအမှတ် သံဃာတော် ခြောက်ဆယ့်ငါးပါး ဝါဆိုသင်္ကန်းကပ်ပွဲဟု ပွဲသုံးပွဲပြီးမှ မူလ ရွှေတောင်ငွေတောင် တောရကျောင်းကို ပြန်ရောက်ကြသည်။

ထိုနေ့မှာပင် ဆရာတော်ကြီးက မောင်အေးချမ်းအား ကိုရင်ဝတ်ပေးသည်။ မောင်အေးချမ်းက အသက်နှစ်ဆယ် ကျော်လာခဲ့ပြီဖြစ်၍ တန်းပြီး ရဟန်းဝတ်ချင်သော်လည်း အဘယ်ကြောင့်မသိ၊ ဆရာတော်ကြီးက 'နောက်နှစ်မှ' ဟု ဆိုသည်။

ထိုညနေမှာပင် သဘော်ဆိပ်ကိုဆင်းပြီး ဆရာ ကန်တော့ရန် ကျောက်ဖြူကို ဆက်ကြွပြန်၍ ကိုရင် မောင်အေးချမ်း လိုက်ပါရပြန်သည်။

ကျောက်ဖြူမြို့ တောင်ရင်းအုတ်ကျောင်း သက်တော်ရှည် ဆရာတော်ဘုရားကြီးမှာ တစ်ချိန်က ကိုရင် မောင်အေးချမ်းတို့၏ တန်းတင်ရွာကျောင်းတွင် ကျောင်းထိုင်ခဲ့ဖူး၍ ကိုရင် မောင်အေးချမ်း၏ ဖခမည်းတော်ကြီး ဦးအောင်သိန်း၏ ငယ်ဆရာဖြစ်ခဲ့ဖူးသလို ရွှေတောင်ငွေတောင်တောရ ဆရာတော်ကြီး၏ ဥပဇ္ဈာယ်ဆရာတော် ဘုရားလည်း ဖြစ်သည်။

ထို့နောက် ရခိုင်ပြည်နယ် နဂါးဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည်လည်း အမ်းမြို့နယ်၊ လုတ်ကျေးရွာတွင် ကျောင်းထိုင်ခဲ့ဖူး၍ ထိုအချိန်က ရွှေတောင်ငွေတောင်တောရ ဆရာတော်ကြီး ရဟန်းပျိုဘဝဖြင့် ဘယေ

www.burmeseclassic.com

www.burmeseclassic.com

သင်ကြားဖူးသောကြောင့် တောင်ရင်းဆရာတော်ကြီးကို ကန်တော့ပြီးနောက် နဂါးဆရာတော်ကြီးကိုလည်း ကန်တော့ကြသည်။

ထို့ကြောင့် ကျောက်ဖြူမှာ တစ်လခွဲနီးပါးကြာ နေခဲ့ကြသည်။ ရွှေတောင်ငွေတောင် တောရကျောင်းသို့ ပြန်ရောက်လာကြသောအခါ မိုးဦးကျ၍ လယ်ထွန်နေကြပြီ။ ရွှေတောင်ငွေတောင် တောရကျောင်းတော်ကြီးကို ခွေပတ်စီးဆင်းနေသော ချောင်းခဲချောင်းကြီး၏ တောင်ကျရေများလည်း ကျောက်ခုတင်(ရေတံခွန်)ကြီးဆီမှ ဆူညံနေလေပြီ။

ကိုရင် မောင်အေးချမ်း ရေမိုးချိုးကာ ကျောက်ဖြူမှ လှူဒါန်းလိုက်ကြသော ကျောင်းသုံး ဆီမီးတိုင်၊ ဖယောင်းတိုင်၊ အမွေးတိုင် စသည့် အခြောက်အခြမ်းများကို သန့်သိမ်းသိုသိပ်ပြီးနောက် ဘုရားကြီး၏ ရင်ပြင်တော်သို့ တက်လာကာ နိစ္စဝတ်များကို ဖြည့်ကျင့်သည်။

ညဆယ်နာရီ အချိန်တွင် ပြန်ဆင်းလာရာ လှေကားရင်းဌ သရဲမကို (အမှောင်ထဲတွင်) တွေ့ရပြန်သည်။

'ဟာ...အမျှဝေတာ မကျွတ်လွတ်သေးဘူးလား'

သရဲမကြီးသည် ယခင်ကကဲ့သို့ ပရဘုတ်၏ နောက်ဘက်သို့ ပတ်ဆင်းသွားပြန်လေသည်။

* * *

'တောပန်းလေးလောက် လှူဒါန်းအမျှဝေရုံနဲ့ အဆင့်မြင့်တဲ့ ဘုံဘဝ တစ်ခုခုကို ဘယ်ရောက်နိုင်ပါ့မလဲဟဲ့။ ဒါကြောင့် ငါ သာခုမခေါ်လိုက်ဘူး။ ကိုရင်လုပ်နေပြီး အဲဒါလေးတောင် မသိဘူးလား'

'ဟာ'

'ငါ့ကို တကယ်ကျွတ်လွတ်စေချင်တဲ့ စိတ်စေတနာကောင်းရှိရင်၊ အဆင့်မြင့်တဲ့ ဘုံဘဝတစ်ခုခုကို ရောက်စေချင်ရင် ပရိက္ခရာ၊ ပိဋ္ဌကတ်သုံးပုံ (ပိဋ္ဌကတ်ကျမ်းစာ)စတဲ့ ရဟန်းအသုံးအဆောင် တစ်ခုခုကို လှူဒါန်းပြီး အမျှဝေပေါ့'

'ဗိုလ်သံကြီးနဲ့ပါလား။ ကောင်းပြီလေ။ လုပ်ပေးပါ့မယ်'

သည်အကြိမ်တွင် သရဲမက အိပ်မက်လာပေးပြီး သော်လည်း သဘော်ခရီး ပန်းလာ၍လောမသိ၊ ကိုရင် မောင်အေးချမ်း မနိုးပေ။ ဆရာတော်ကြီး တုံးခေါက်မှ နိုးလေသည်။ ကပ္ပိယကြီး ဦးအောင်တင်လည်း မရှိပေ။ သူညီအစ်ကို ဉာဏ်သိန်းဆီမှာ လယ်ထွန်ကူရန် သွားနေသည်။

ကိုရင် မောင်အေးချမ်း အိပ်မက်အကြောင်းကို ခဏလေး စဉ်းစားပြီး ထကာ လက်ဖက်ရည်အိုးနှင့် ဆန်ပြုတ်အိုး တည်သည်။ ဘုရားရှိခိုးသည်။

ထို့နောက် ဘုရားဆွမ်းတော်ကပ်၊ ဆရာတော်ကြီးနှင့် ဦးပဉ္စင်းတို့ကိုလည်း ဆန်ပြုတ်နှင့် လက်ဖက်ရည်ကပ်ပြီး ကိုရင်ကြီးနှင့် ကိုရင် မောင်အေးချမ်းတို့လည်း ဘဉ်းပေးကြသည်။

ထို့နောက် ကျောက်ဖြူမှ ရလာသော သင်္ကန်းအသစ်တစ်စုံကို ဆရာတော်ကြီးအား သွားကပ်ရာ-

'ငါမှာ မလိုသေးဘူး။ ဦးပဉ္စင်းကြီး ဦးတောလှ(ဦးသာသန)ကို သွားကပ်လိုက်' ဟု မိန့်တော်မူ၍ ဘုရားကြီး၏ နောက်ကြောဘက် ကမ်းပါးယံတွင် ဝါးကျောင်းလေးဖြင့် သီတင်းသုံးသော ဦးသာသနအား သွားကပ်လိုက်သည်။

ပြီးမှ ကြက်ရိုးပင်ကြီးနားသို့ သွားကာ အမျှဝေပေးလိုက်သည်။ သာခုခေါ်သံတော့ မကြားရ။ ခေါ်လား၊ မခေါ်လားလည်း မသိ။

* * *

'ခေါ်ပါတယ် ကိုရင်ရယ်။ ကိုရင် မကြားအောင် ခေါ်လိုက်လို့ပါ'

'သာခုခေါ်သံပဲ ကြားရင် ဘာဖြစ်တုံး'

'အရင်တစ်ခါ ကိုရင် (မောင်အေးချမ်း)က မေးလို့ အိမ်းဆိုပြီး တပည့်တော် ပြောလိုက်တော့ ကိုရင် မျက်လုံးပြူးချင်ချင် ဖြစ်သွားတယ်လေ။ ဒါကြောင့် ခုတစ်ခါ အဲလို ဖြစ်မှာစိုးလို့ တိုးတိုးလေးပဲ သာခုခေါ်လိုက်တာပါ'

'ကျုပ်က သရဲ၊ တစ္ဆေတွေကို မကြောက်ပါဘူး'

'ဒကာမလည်း အခု သရဲမ မဟုတ်တော့ပါဘူး။ ကိုရင့် သင်္ကန်းအလှူကုသိုလ်ကို သာခုခေါ်လိုက်ရပြီး နောက် နတ်သမီးချောချောလေး ဖြစ်သွားပါပြီ'

'သရဲမတုန်းကတော့ ကိုယ်ထင်ပြတယ်။ အခု နတ်သမီးလေး ဖြစ်သွားလို့ ဘဝင်မြင့်ပြီး ကိုယ်ထင်မပြတော့တာလား'

'ကိုရင်ကလည်း မဟုတ်တာ၊ အဲဒီတုန်းက ကိုရင့်သရဲ မကြောက်တတ်တာ သိလို့သာ ကိုယ်ထင်ပြတာပါ။

www.burmeseclassic.com

အခု နတ်သမီးလေးအဖြစ်နဲ့ ကိုယ်ထင်ပြလိုက်ရင် ကိုရင် ဈာန်လျှောသွားတော့မှာပေါ့'

'မဟုတ်တာ၊ ကျုပ်မှာ ဘာဈာန်မှလည်း မရှိပါဘူး'

'ကိုရင့်နှယ် ခက်တော့တာပဲ။ ဈာန်မရှိရင် ဝိုမဆိုး ဘူးလား ကိုရင်ရဲ့။ နတ်သမီးနဲ့ ထိတွေ့ရင် သုံးနှစ်လောက် တောင် သတိမေ့သွားတတ်တယ် ဆိုတာလေ'

ကိုရင်မောင်အေးချမ်း သက်မ,တစ်ချက်ကို ချလိုက် သည်။

'ထားလိုက်ပါတော့။ အခု ဒကာမ နတ်သမီး ဖြစ် သွားပြီပေါ့'

'အင်း...တင်ပါ့၊ သရဲမ မဟုတ်တော့ဘူးလေ။ကိုရင် ပြုပေးလိုက်တဲ့ သင်္ကန်းကုသိုလ်ကြောင့် အခုတော့ နတ် သမီးလေး ဖြစ်သွားပါပြီ'

'အင်း...ဟုတ်မယ်။ အရင်ကလို လေကျ မမာတော့ ဘဲ နည်းနည်းပျော့သွားတာတော့ သတိပြုမိတယ်'

'အရင်က လေကျ မာမှာပေါ့ ကိုရင်ရဲ့။ အရင်ကဆို မိစ္ဆာဒိဋ္ဌိ သရဲမလေးပဲ။ အခုဟာက သမ္မာဒိဋ္ဌိ နတ်သမီး လေး ဖြစ်သွားပြီ'

'ဒါကြောင့် လိမ္မာသွားတယ်ပေါ့'

'တင်ပါ့။ ဒါကြောင့် ယဉ်ကျေးသွားတယ်လို့ပဲ ပြော ရမှာပေါ့'

'ဟုတ်ပါပြီ၊ ဒီတော့ နတ်ပြည်ကို မသွားသေးဘူး လား။ ကြက်ရိုးပင်ကြီးမှာပဲ ဆက်နေမှာလား'

'ကြက်ရိုးပင်ကြီးမှာတော့ ဆက်နေမလား ကိုရင်ရဲ့၊ နတ်ပြည်ကို သွားမှာပေါ့။ ဒါပေမဲ့ ခုချက်ချင်းကြီး သွား လို့ မရသေးဘူး။ လူ့ပြည်ကပဲ ကုသိုလ်ကောင်းမှု တစ်ခုခု ကို ပြုလုပ်ရဦးမှာ။ ဒကာမမှာတော့ ကံကောင်းတယ်လို့ ဆိုရမယ်။ ဒီဝါဝင်တာနဲ့ ဟင်းရွက်မော်ရွာနား တောင် ကုန်းက ဒကာ မပေါ်သေးတဲ့ ဘုရားရှင်ရဲ့ ဓာတ်တော်ကို သွားစောင့်ရင်း ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်း ဆောက်တည်ပြီး တာဝတိံသာနတ်ပြည်ကို တရားတက် နာရမှာ။ ဝါကျွတ်တာနဲ့ တာဝတိံသာနတ်ပြည်ကို သွား နေရတော့မယ်လေ။ ဒါကြောင့် ကိုရင့်ကိုလည်း အရမ်း ကျေးဇူးတင်တာပဲ။ ကိုရင် ကြိုးစားနော်။ တာဝတိံသာ မှာ ပြန်ဆုံရအောင်လို့'

'ဘယ်လို'

နတ်မသည် ဘာမျှမပြောခဲ့တော့ပေ။

(ယခု ဟင်းရွက်မော်ရွာနား တောင်ကုန်းက ဓာတ် တော်ကို ရှာဖွေကြရင်း တွေ့ရှိသူ ဒကာပေါ်၍ ထိုနေရာ တောင်ကုန်းမှာပင် ကျောင်း၊ ကန်၊ ဘုရားများ ပြုလုပ် လှူဒါန်းကာ ကိုးကွယ်နေကြ၍ စည်ပင်လျက် ရှိနေပေ ပြီ။)

* * *

ကိုရင် မောင်အေးချမ်း ဖျတ်ခနဲ နိုးသွား၏။ အိပ်မက် အနားကို ကြည့်မိသော်လည်း ဘာမျှမတွေ့ရပေ။ ထို့ ကြောင့် အိပ်မက်ကို ဆက်စပ်ကြည့်ရင်း ကြက်ရိုးပင် သရဲမ ကျွတ်လွတ်သွား၍ အိပ်မက်ပေးသွားခြင်းပင် ဖြစ် မည်ဟု သိလိုက်သည်။

နိမ့်သောဘဝ တစ်ခုမှ သရဲမသည် မြင့်သောဘဝ တစ်ခုသို့ တက်ရောက်သွားနိုင်လေပြီဟု သိလိုက်ရ၍ ကိုရင် မောင်အေးချမ်းလည်း အလွန်အမင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသည်။

ထို့နောက် ဆရာတော်ကြီး၏ သံချောင်းခေါက်သံ လေးချက်ကို ကြားလိုက်ရသည်။

ထို့ကြောင့် ကိုရင် မောင်အေးချမ်းလည်း ဆက်အိပ် ရန် အချိန်မရှိတော့။

စာကြွင်း

သေသူ (သို့တည်းမဟုတ် သရဲ၊ တစ္ဆေတို့အား ရည် စူး၍ ကုသိုလ်ပြုလုပ်ရာ၌ ရဟန်းတို့၏ အသုံးအဆောင် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ဝိဋ္ဌကတ်ကျမ်းစာ စသည် များကို လှူဒါန်းပြီး အမျှပေးဝေပါမှ ကုသိုလ်ထူးကိုရရှိ၍ မြင့်မြတ် သော နတ်ပြည် စသည့် ဘုံဘဝတစ်ခုခုကို ရောက်နိုင်၊ ရနိုင်သည်ဟု နားလည်နိုင် ၏။

မဟာထွန်း

www.burmeseclassic.com

www.burmeseclassic.com

သုခရတနာ

ဝမ္မစာပေဖြန့်ချိရေး



- ပဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဝမ္မစကြာနှင့်
  အနတ္တလက္ခဏသုတ် ပါဠိတော်
- မာရဇာပရိတ် အဘိဏှသုတ်နှင့်
  ပရိမိတ္တဇာလသုတ် ပါဠိတော်

ဆိုတော်ဆောင်လက်ဆောင် သဒ္ဓရာစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄

နယ်လှည့်သာသနာပြု ဖိုးဝမ္မသီဒို၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အာကြားအမြင်)

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

သို့အပ်ပါက ပညာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရေပကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉ ၄၂၈ ၃၁၀ ၂၉၉

www.burmeseclassic.com

www.burmeseclassic.com

မျင်းခုတ်
လပြည့်နေ့
ည(၈)နာရီ

www.burmeseclassic.com

www.burmeseclassic.com

မြောင်းရိပ်တို့ဖြင့် လွှမ်းခြုံထုံမွှမ်းထားသော နေပြည်တော်၏ ဟေမန္တသည် အေးမြဆဲ။ ညဦးပိုင်း အချိန်ရလျှင် ရသလို ဟိုနား သည်နား အညောင်းပြေအညာပြေ လမ်းလျှောက်ထွက်လေ့ရှိသည့် ကျွန်တော်သည် စားသောက်ပြီးသည်နှင့် ထုံးစံအတိုင်း အပြင်ထွက်ရန် ပြင်ဆင်လျက်ရှိ၏။

အနွေးခေါင်းစွပ်ကိုစွပ်၊ ဆွယ်တာကိုဝတ်ပြီး ဝရန်တာသို့ ထွက်ကာ ကြိမ်ခုံလေးတစ်လုံး ချထိုင်လျက် တရုတ်ကင်းဘတ်ဖိနပ်ကို ကြိုးချည်နေခိုက် Grand Tiger အမျိုးအစား 4 Wheel Double Cab အနက်ရောင် ကားလေးတစ်စီးသည် ကျွန်တော်ထိုင်နေရာမှ ရှေ့ဝါးနှစ်ရိုက်ခန့်အကွာ ဆင်ဝင်ရှေ့တွင် ဝူးခနဲ ထိုးရပ်လာ၏။

ဝန်ထမ်းမိသားစု(၂၄)စု နေထိုင်သည့် ဤတိုက်သို့ ဧည့်သည်များစုံတို့၏ ကားအဖုံဖုံတို့ မကြာခဏ အဝင် အထွက်ရှိသဖြင့် ဘာသိဘာသာ လုပ်နေခိုက်မှာပင် ဟွန်းသံတပွမ်ပွမ် တီးနေသဖြင့် မော်ပြီးအကြည့်-

'ဗိုလ်ကြီး...အခု အားတယ် မဟုတ်လား'

-မှန်ချထားသော ကားတံခါးမှ ခေါင်းပြူကာ လှမ်းအော်လိုက်သူက ကျွန်တော့်မိတ်ဆွေ ကိုမြို့မြင့်ဆွေ။ အခုတလော သူ ကျွန်တော်တို့ဘက် ခြေဦးမလှည့်သည်မှာ ကြာချေပြီ။

(၂၀၁၀)ပြည့်နှစ်၊ ဆန်းစသောင်းကာလ လပြည့်နေ့ ညဦးယံခါ။

မိုးသားမြူတိမ်ကင်းစင်သော အရှေ့ဘက် ကောင်းကင်ယံထက်ဝယ် ရွှန်းပပသော်တာလမင်းကြီးက စောစီးစွာ ထွက်ပေါ်လာ၏။ တောရိပ်တောင်ရိပ် ချောင်းရိပ် မြန်မာကိုင်ဒိုကုမ္ပဏီ၏ နေပြည်တော်ရုံးခွဲတာဝန်ခံ ကိုမြို့မြင့်ဆွေနှင့် ကျွန်တော် အလုပ်သဘော ဆက်စပ်မှုမှ အစပြု သိကျွမ်းခဲ့ကြပြီး တစ်နေ့တွင် ကျွန်တော့် ရုံးစားပွဲပေါ်

www.burmeseclassic.com

ခဲ့ ကွန်ပျူတာစီပြီး တင်ထားသော ဝတ္ထုစာမူလေးကို အမှတ်မထင် မြင်သွားရာက သူတို့ဇနီးမောင်နှံ စွဲစွဲမြဲမြဲ စောင့်ဖတ်နေသည့် ဂန္ဓိရမဂ္ဂဇင်းမှ စစ်မြေပြင် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများ၏ ကလောင်ရှင် ဖျင်ဒူဝါသည် ကျွန်တော်ဖြစ်ကြောင်း သိသွား၏။ ထိုမှ မိသားစုချင်းပါရင်းနှီးကျွမ်းဝင်လာခဲ့ကြသည်မှာ တစ်နှစ်နီးပါးမျှ ရှိရော့မည်။ သူတို့ဇနီးမောင်နှံသည် မကြာခဏဆိုသလို ကျွန်တော်တို့ ဇနီးမောင်နှံကို ဖိတ်ခေါ်ကာ မြို့မစျေး၊ သပြေကုန်းစျေးတို့ရှိ စားသောက်ဆိုင်များသို့သွားကာ ညစာကျွေးမွေးရင်း စကားစမြည်ပြောလေ့ရှိသည်။

'မြို့ကြီးသား ကိုမြင့်ဆွေ၊ ကားအသစ်ကြီးနဲ့ဆိုတော့ လူမှားသွားတယ်။ ဘာလဲ၊ လိုက်ပြစုမလို့လား။ တော်ပါပြီ။ ကျုပ် ထမင်းစားပြီးပြီဗျ။ အခုပဲ လမ်းလျှောက်ထွက်တော့မလို့'

'နောက်မှ ပြစုမယ်။ ခု ဗိုလ်ကြီးကို အင်မတန်ကောင်းတဲ့ ကုန်ကြမ်းလေးတစ်ခု ပေးမလို့။ အချိန်သိပ်မရှိဘူး။ လာ..မြန်မြန်ကားပေါ်တက်' ဟု အလောတကြီး ခေါ်လေ၏။

ကျွန်တော်သည် ကုန်ကြမ်းဟူသောအသံ ကြားသည်နှင့် သားကောင်ရနံ့ရသော မုဆိုးပမာရှိပေရာ အဝတ်အစားပင် လဲမနေအားတော့ဘဲ မှတ်စုစာအုပ်ကို ခါးကြားထိုး၊ ဘောပင်တစ်ချောင်းကို အိတ်ကပ်ထဲ ကောက်ထည့်ကာ ကပျာကယာ ဖုတ်ဖတ်ခါ ထလိုက်သွားခဲ့မိတော့၏။ စာရေးဆရာတစ်ယောက်အနေဖြင့် ကုန်ကြမ်းဟူသည် စားကောင်းသောက်ဖွယ်တို့ထက် ပိုမိုမက်မောဖွယ်ကောင်းသောအရာ မဟုတ်ပါလော။

♦♦♦

လမင်းကြီးသည် လမ်းမီးတိုင်များ၏ အလင်းရောင်တို့နှင့်အပြိုင် ထွန်းလင်းတောက်ပနေ၏။

ကျွန်တော်တို့ကားလေးသည် နေပြည်တော် ဗလသိဒ္ဓိရပ်ကွက်ရှိ အနည်းငယ်ချောင်ကျသော စာရေးသူ၏ ဂေဟာနန်းတိုက် (၂၂၀၆)မှ ထွက်ထွက်ချင်း ကွန်ကရစ်လမ်းပေါ်ရောက်သည်နှင့် ညာဘက်သို့ ချိုးကွေ့လိုက်သည်။ မြို့မစျေး၊ သပြေကုန်း၊ ပျဉ်းမနား၊ လယ်ဝေးတို့သို့ သွားမည်ဆိုလျှင် ဘယ်ကွေ့ကာ အ-ထ-က(၇)အဝိုင်းကိုပတ်လျက် MICC-2 လမ်းဆုံကို ဖြတ်သန်းပြီး ရှေ့ဆက်သွားရမည် ဖြစ်ပေရာ ယခု ညာဘက်သို့ ကွေ့သဖြင့် ထိုဘက်သို့ သွားမည် မဟုတ်သည်ကို ရိပ်စားမိလိုက်ပါ၏။ စိတ်ခပ်လောလောသမား ကျွန်တော်က ကိုမြို့မြင့်ဆွေဘက်သို့ ငဲ့ဆောင်းကြည့်ပြီး သွားမည့်နေရာကို မေးမည်ဟု ကြံရွယ်လိုက်စဉ်မှာပင် ကားဒက်ရှ်ဘုတ်တစ်နေရာတွင် ချိတ်ဆွဲထားသော သူလက်ကိုင်ဖုန်းမှ တတီတီမြည်သံ ထွက်ပေါ်လာနေသဖြင့် အလိုက်တသိ ငြိမ်နေပေးလိုက်၏။

တစ်ဖက်က ပြောနေသူမှာ မည်သူမည်ဝါ မသိရသော်လည်း ကိုမြို့မြင့်ဆွေထံမှ 'တို့ထွက်လာပြီ။ မင်းပြောတဲ့ ဦးလေးကြီးကို ခေါ်ထားဦး' ဟု ပြောသံကြားလိုက်ရပေရာ ကျွန်တော်တို့ ဦးတည်နေသောနေရာမှ တစ်နာရီတစ်ယောက်နှင့် အချိန်းအချက်ပြုနေကြောင်း ခန့်မှန်းမိလေ၏။

ကိုမြို့မြင့်ဆွေကား အသက်(၃၀)ကျော်ခန့်၊ အရပ်မနိမ့်မမြင့်၊ ဝဝဖိုင့်ဖိုင့်၊ အသားဖြူဖြူ၊ ပြည့်ပြိုးပြိုးဖြင့် ဝန်ကိုင်းသော မျက်နှာက ထာဝစဉ်ချိုမြလျက် ခင်မင်နှစ်လိုဖွယ်ကောင်း၏။ ကိုမြို့မြင့်ဆွေကို အစအနောက်သန်သော ကျွန်တော်က မြို့ကြီးသား ကိုမြင့်ဆွေဟု အပြောင်အပြက် ပြုခေါ်သော်လည်း ထိုနှယ်ခေါ်ခြင်းကို စိတ်ခုစိတ်ကောက်ခြင်း အလျှင်းမရှိ၊ သည်းခံခွင့်လွှတ်၏။

ကိုမြို့မြင့်ဆွေသည် ကားလေးကို ဗလသိဒ္ဓိရပ်ကွက် အရာထမ်းအိမ်ရာနှင့် အမှုထမ်းအိမ်ရာကို ဆက်သွယ်သည့် ပြည်တော်အေးလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာခဲ့ရာမှ အ-ထ-က(၈) ခြံစည်းရိုးလွန်သည်နှင့် ဘယ်ဘက်သို့ကွေ့ကာ ဗလသိဒ္ဓိနှင့် ဘေဂသိဒ္ဓိရပ်ကွက်တို့ကို အရှေ့-အနောက် ပိုင်းခြားထားသော ရွှေကြာပင်လမ်းမကြီးဆီသို့ ဦးတည်လိုက်သည်။ သို့သော် ယူကလစ်နှစ်ပင် လမ်းဆုံသို့ရောက်သော် လက်ယာဘက်သို့ကွေ့ကာ ရွှေကြာပင်လမ်းမကြီးအတိုင်း အနောက်ဘက်သို့ မောင်းလာခဲ့၏။ ရပ်ကွက်နှစ်ခု၏အစွန် Honey Tree မူကြိုကျောင်း လမ်းဆုံသို့ရောက်သော် ယာဘက်သို့ချိုးလျက် ဗေယျာဆောင်မြေလမ်းခေါ် အနောက်မြို့ပတ်လမ်းကြီးအတိုင်း ဘယ်ဝိုက်လိုက် ညာကွေ့လိုက်ဖြင့် အသွေးနှင့်တော့သည်။

လူသူအသွားအလာ ကြေမါးလှသည့် အနောက်မြို့ပတ်လမ်းသည်ကား သမိုင်းဆိုးရှိသောလမ်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဇေယျာအောင်မြေလမ်းသည် အကွက်ကြီး(၄)နှင့် (၅)ကြားမှ ဖြတ်သန်းကာ ပျဉ်းမနား-တောင်ညိုလမ်းသို့ ပေါက်သည်။ နေပြည်တော်တည်စက ထိုလမ်း မပွင့်သေး။ နေပြည်တော်တည်ဆောက်ဆဲကာလက ထိုလမ်းကြောတစ်ဝိုက်တွင် မက်(စ်)မြန်မာ တည်ဆောက်ရေးထုမွှထီမှ လူနေတဲများ ဟိုတစ်စု သည်တစ်စု ရှိခဲ့သည်။ ထိုလမ်းပေါ် ကိုင်းလေးဘုန်းကြီးကျောင်းအနီး တောင်ကုန်းအခြေ၌ ပျံကျအလုပ်သမားများ စုဖွဲ့တဲထိုးနေထိုင်ခဲ့စဉ်က ညဘက်တွင် အလုပ်သမား လူပျိုမီးဖိုဆောင်တစ်ခုမှ ချက်ပြုတ်ထားသော အမဲအူဟင်းများ ပျောက်ပျောက်သွားသဖြင့် အချင်းချင်း ရန်ဖြစ်ရသည်အထိပင် ဖြစ်ခဲ့သည် ဆို၏။ နောက်ဆုံး ပရလောကနှင့် ဆက်နွယ်နေကြောင်း သိရသဖြင့် ဘုန်းကြီးပင့် ပရိတ်ရွတ်မှ အေးငြိမ်းသွားသော ဟူ၏။ ကွန်ကရစ်လမ်းခင်းနေစဉ်ကလည်း အလုပ်သမားသားအမိ မြေသယ်ယာဉ်ကြိတ်မိပြီး နှစ်လောင်းပြိုင် ပွဲချင်းပြီး သေဆုံးသွားရာ ယခုချိန်ထိတိုင် မကျွတ်မလွတ်ဘဲ မကြာခဏ ကိုယ်ထင်ပြ ခြောက်လှန့်နေဆဲဟု နာမည်ဆိုးထွက်နေသောလမ်း ဖြစ်၏။

ဂန္ဓိရဖြစ်ရပ်များကို အယုံအကြည်နည်းပါးသလောက် ဝါသနာထုံသည့် ကိုမြို့မြင့်ဆွေသည် ထိုနေရာဆီသို့ ကျွန်တော့်ကို ခေါ်သွားလေသလားဟု တွေးမိလေ၏။ သို့ရာတွင် ကိုမြို့မြင့်ဆွေသည် ဉာဏသိဒ္ဓိရပ်ကွက် လမ်းခွဲသို့ ရောက်သည်နှင့် မြို့ပတ်လှည်းမှ ဖယ်ခွာလျက် ညာဘက်သို့ကွေ့ကာ ဉာဏသိဒ္ဓိရပ်ကွက်အတွင်းသို့ ဖဲ့ဝင်လိုက်ပြန်ရာ ကျွန်ုပ်၏ အထင်နှင့်အမြင် ပါစင်အောင် လွဲမှားပါချေပြီ။

ပြောရမည်ဆိုလျှင်တော့ အကွက်ကြီး(၃)ခေါ် ဉာဏသိဒ္ဓိရပ်ကွက်သည်လည်း ဇ,မသေး။

သည်ရပ်ကွက်တွင် တလောတုန်းက အဖြစ်အပျက်လေးတစ်ခု ဟိုးလေးတကျော် ဖြစ်ခဲ့ဖူးသည်။ ပညာရေးဝန်ထမ်းမိသားစု နေထိုင်သော တိုက်ခန်းတစ်ခန်း၏ မီးဖိုခန်းတွင် အိမ်ရှင်အမျိုးသားက ဖုန်းကင်မရာဖြင့် ဓာတ်ပုံတစ်ပုံရိုက်ရာ ပုံ၏ လက်ယာဘက်အောက်ထောင့်တွင် ဆံပင်ဖားလျားချကာ နောက်ပြန်ထိုင်နေသော ဝတ်လစ်စလစ် အမျိုးသမီးတစ်ယောက်ပုံ ပေါ်လာသည် ဆို၏။ ယင်းဓာတ်ပုံကို အခန်းချင်း ကပ်နေသူများအား ပြသရာက တစ်ဆင့်စကား တစ်ဆင့်နားကားလျက် ထိုတိုက်ခန်းတွင် သရဲမတစ်ကောင်ရှိသည်ဟူသော သတင်းက တော်မီးပမာ ပျံနှံ့သွားသည်။ ထိုစဉ်က ကင်မရာတွင် ဆော့ဝဲတစ်မျိုး ထည့်ထားလျှင် ထိုပုံမျိုးပေါ်စေသည့် နည်းပညာ ရှိကြောင်း လူအတော်များများ မသိကြသေး။

ဟုတ်တယ်၊ ထူးဆန်းတယ်၊ ဖြစ်နိုင်တယ်။ သည်နေရာတွေက နေပြည်တော် မတည်ခင်က ကျွဲတိုးကုန်းတွေ၊ တစ်စပြင်တွေ အစရှိသဖြင့် ထင်ရာမြင်ရာ ဆွဲယူပြောဆိုကာ ပွဲဆူအောင် လှုံ့ကြသည်။ နောက်ပိုင်းတော့ လုပ်ကြသတင်းဝဲ ပေါ်သွားသလော၊ သရဲမပဲ ထွက်ပြေးသွားသလော မသိ၊ ထိုသတင်း မှေးမှိန်သွားခဲ့၏။ ထိုသတင်းကို ကိုမြို့မြင့်ဆွေက ယခုမှ သိရှိလာကာ ကျွန်တော့်အား ထိုတိုက်သို့ ခေါ်ဆောင်သွားပြီး အထူးအဆန်းလုပ်ကာ ကုန်ကြမ်းဟု ပြောလာလျှင်တော့ ကိုယ့်လူနောက်ကောက်ကျသွားပြီဟု ရယ်သွမ်းသွေးကာ အပေါ်စီးက ပြောပစ်လိုက်ဦးမည်ဟု စိတ်ထဲ တေးထားလိုက်၏။

သို့သော် ကိုမြို့မြင့်ဆွေသည် ကားကို ရပ်တန့်ခြင်း မရှိဘဲ ဇေယျသုခလမ်းမကြီးအတိုင်း တည့်တည့်တန်းတန်း မောင်းနှင်လာခဲ့ပြန်ရာ အ.ထ.က(၉)၊ ဂန္ဓမာစေ့ စသည်တို့ကို ကျော်လွှန်ကာ အကွက်ကြီး(၄) ဇရီယာအတွင်းရှိ အ.ထ.က(၁၀) ကုန်းဆင်းကိုပင် ဆင်းနေပြီဖြစ်သည်။ စာရေးသူမှာ မုန်းချက်နှင့် နှမ်းထွက်မကိုက်ပြန်တော့သဖြင့် မချင့်မရဲ ဖြစ်လာရပြန်၏။ အောင့်အည်းသည်းခံနိုင်စွမ်းလည်း ဆိတ်သုဉ်းသွားရပြန်၏။

'ဟေ့လူ..ဘယ်အထိ သွားမှာတုန်းဗျ။ တောင်ညိုဘက်ကိုလား။ အဲဒီဘက်က မိုးချုပ်ရင် တစ်ယောက်တည်း သွားလို့ မသင့်ဘူးနော်'

ကျွန်တော်က စကားတောက်ကြည့်လိုက်၏။ အာယ်ကြောင့်ဟူမူ တောတောင်ချောင်းမြောင်းတို့နှင့် နီးစပ်သော တောင်ညို၊ မိုးစွေ၊ သရက်တော၊ ဘုရားတောင် စသောအရပ်ဒေသများတွင် ထိုနှယ် ဂန္ဓိရဆန်ဆန် အဖြစ်အပျက်များ၊ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမြောက်အများရှိနေကြောင်း သူပြော ငါပြောဖြင့် ကြားဖူးထားသလို ငယ်စဉ်ဘဝက အသဲသံမဲမဲ ဖတ်ခဲ့ဖူးသော ဆရာမင်းသိခ်၏ ဝတ္ထုတစ်ပုဒ်ပါ ချစ်ရသူ၏ စိမ်းစိမ်းကားကား ပက်ပက်စက်စက် ပြောဆိုငြင်းပယ်ခံရခြင်းကြောင့် ဦးစွေ

www.burmeseclassic.com

ချောင်းကူးတံတားပေါ်မှ ကြိုးဆွဲချကာ မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့ရာသော တောသားလူမိုက် ညိုမောင်ကြီး တစ်ယောက် လျှာတစ်လစ်ဖြင့် သေဆုံးနေသည့် သရုပ်ဖော်ချက်ကို ပြေးမြင်မိလိုက်သောကြောင့် ဖြစ်၏။

ကိုမြို့မြင့်ဆွေကား ကျွန်တော့်အမေးကို မသိကျိုးကျွန် ပြုနေပြန်ပါသည်။

ဆွာလမ်းဆုံးဟုခေါ်သော လမ်းလေးခွဆုံသို့ ရောက်သောအခါမှ အဲဒီဘက် မဟုတ်ပါဘူးဟုပြောရင်း ဝဲယာလမ်းကြောရှင်းခိုက် ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးကို အရှိန်မြှင့် ဖြတ်ကူးလေ၏။ Grand Tiger လေးသည် မြို့မစ္စားဘက်သို့လည်းမကွေ့၊ တောင်ညိုဘက်သို့လည်း မသွားဘဲ ခရေရုပ်ကွက်ဘက်သို့ ပေါက်သော အတက်ယောင်ယောင် တောင်ကြားလမ်းအတိုင်း တဝေါဝေါ မောင်းတက်ခဲ့ပါလေပြီ။ ဤလမ်းသည် ခရေရုပ်ကွက်မှတစ်ဆင့် မြို့အစွန်ရှိ မြို့တော်ဂေါက်ကွင်း၊ ချောင်းမကြီးဆည်တို့ဘက်သို့ ပေါက်၏။

ထိုနေရာများသည်လည်း (၁၉၅၀)ပြည့်နှစ်ဝန်းကျင် ကွန်မြူနစ်သူပုန်တို့ နေထိုင်ကျက်စားစဉ်က သေနတ်သံများ ပွက်ပွက်ညံခဲ့သည့် နေရာများဖြစ်ကြောင်း သိရသဖြင့် ဇာတ်လမ်းကောင်းလေးများ ကျန်ခဲ့နိုင်၏။ ရှိစေတော့၊ ရှိပါစေတော့။ ဘယ်ဝယ်ဘယ်ဆီ သွားမည်နည်း၊ ဘယ်ရွှေဘယ်မျှ ကြာမည်နည်း၊ ဘာအကြောင်းနည်း၊ မမေးလိုတော့ပါပြီ။

တောင်ကြားလမ်းထဲတွင် အဆောက်အအုံ တစ်လုံးတလေမျှမရှိ။ လူရိပ်လူယောင်လည်း မတွေ့။ လမ်းမီးတိုင်မရှိ။ ကွန်ကရစ်လမ်းလည်း မခင်းရသေး။ ကားလမ်းဝဲယာ ရှိ ပေ(၃၀)ခန့်မြင့်သော ကုန်းကမူလေးများပေါ်တွင် သစ်ပင်ချုံနွယ်များက အုံ့ဆိုင်းညို့မှိုင်းလို့နေ၏။ ကားရှေ့ပေ(၆၀)ခန့်အကွာ လမ်းဘေးမြက်ခင်းစပ်မှ ကြောင်လိုလို သတ္တဝါတစ်ကောင် လှုပ်ခနဲ ထပြေးကာ ဝဲဘက်တောင်ကမူပေါ် တက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ အိမ်ကြောင်လော၊ တောကြောင်လော မဝေခွဲတတ်။ မျက်လုံးအစုံက ကားမီးရောင်ဖြင့် ဝင်းဝင်းတောက်နေ၏။

သို့နှယ် တောကြီးကန္တာရဆန်လှစွာသည့် တောင်ကြားလမ်းလေးအတိုင်း မောင်းနှင်လာခဲ့ပြီး မိနစ်ပိုင်းမျှ အကြာ လမ်း၏ ယာဘက်ခြမ်းတွင် လျှပ်စစ်မီးရောင်ရှိန်ထိန်ထိန်ညီးလျက် သံကြိုးအထပ်ထပ် ကာရံထားသော တည်ဆောက်ရေးလုပ်ငန်းခွင်ကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရလေ၏။

ထိုနေရာအနီးသို့ရောက်သော် ကိုမြို့မြင့်ဆွေသည် ဦးစွာ ကားကို အရှိန်လျှော့ချလိုက်သည်။ ထို့နောက် ဟွန်းသံတတီတီပေးကာ လုပ်ငန်းခွင်ကြီး၏ ပင်မဝင်ပေါက်ထဲသို့ ကွေ့ဝင်လိုက်တော့သည်။ ခရီးလမ်းဆုံးလောက်ပြီထင့်။ အိမ်နှင့်ရုံးကိုသာ လွန်းပြန်သွားလာနေရသော ကျွန်တော်ကား ဤနေရာတွင် တည်ဆောက်ရေးလုပ်ငန်းကြီးတစ်ခု ရှိနေသည်ကို လားလားမျှမသိ။ ဝင်ပေါက်တွင် စိုက်ထူထားသော ဆိုင်းဘုတ်ကြီးအား လျှပ်စစ်မီးရောင် အလင်းအားဖြင့် ကမန်းကတန်း ဖတ်ရှုကြည့်မိရာ **နောင်တုံကုမ္ပဏီ၊ ခုတင်(၅၀)ဆုံဆေးရုံ တည်ဆောက်ရေးလုပ်ငန်း** ဟူ၏။

◆◆◆

'အစ်ကို.. တစ်ခါတည်း ဟိုနေရာကို သွားကြမလား။ ရုံးထဲမှာ ခဏထိုင်ဦးမလား'

သွပ်မိုးထံရံကာ ယာယီအဆောက်အအုံလေးတစ်လုံး၏ရှေ့၌ ကားကိုထိုးရပ်ပြီး နှစ်ယောက်သား ဆင်းလိုက်ကြသည်နှင့် ပညာတတ်ဟန် အပြည့်ဖြင့် ရည်မွန်သော လူရွယ်တစ်ယောက်က ခရီးဦးကြိုပြုရင်း ပဋိသန္ဓာရစကား ဆို၏။

ကိုမြို့မြင့်ဆွေ၏ မိတ်ဆက်ပေးမှုအရ နောင်တုံကုမ္ပဏီတွင် လုပ်ငန်းခွင်အင်ဂျင်နီယာအဖြစ် တာဝန်ယူနေသော ကိုမြို့မြင့်ဆွေ ညီမငယ်၏ခင်ပွန်း ကိုအောင်အောင်ဖြစ်ကြောင်း သိရသည်။ ကိုအောင်အောင်တို့ ဇနီးမောင်နှံက ထိုအဆောက်အအုံတွင်ပင် အခန်းကန့်လျက် နေထိုင်ကြသည်။

ကိုမြို့မြင့်ဆွေက ကုမ္ပဏီရုံးခန်းအတွင်း လှမ်းမြင်နေရသည့် နံရံကပ်နာရီတစ်လုံးကို လှမ်းကြည့်ရင်း 'မထိုင်တော့ဘူး။ အချိန်နီးနေပြီ မဟုတ်လား' ဟု ပြောလိုက်ရာ ကျွန်တော့်မျက်လုံးအစုံသည်လည်း နာရီဆီသို့ ရောက်သွားသည်။ စက်ဝိုင်းပုံ SEIKO နာရီ၏လက်တံ နှစ်ချောင်းသည်(၇)နာရီတိတိ အချိန်ကို ညွှန်ပြလျက်။

ကိုအောင်အောင်က 'ဒါဖြင့် သွားစို့' ဟု ခေါ်ကာ ရှေ့မှ ဦးဆောင်လျက် ညဆိုင်းလုပ်သားမြောက်မြားစွာတို့

www.burmeseclassic.com

လုပ်ငန်းခွင်ဝင်နေသည့် တည်ဆောက်ရေးလုပ်ငန်းခွင်ဘက်သို့ ထွက်ခဲ့ကြတော့သည်။

လမင်းကြီးက တဖြည်းဖြည်း မြင့်တက်လာနေ၏။

တဖြည်းဖြည်း မြင့်တက်လာသဖြင့် ထွက်ပြူစက ထက် အလုံးအဝန်း သေးသေးလာသော်လည်း အလင်းရောင်အားက ပို၍ပို၍ တောက်ပလာ၏။ လနတ်သား၏ ကိုယ်ကောင်ကိုယ်ဝါတို့သည်ကား ဘောလုံးကွင်းတစ်ကွင်းမျှ ကျယ်ပြောလှသော ဆေးရုံနယ်မြေကြီး တစ်ခုလုံးနှင့် အနီးအပါးရှိ တောင်ကုန်းများ၊ သစ်ပင်များ ခပ်လှမ်းလှမ်းမှ လူနေတိုက်ခန်းများသို့တိုင် ဖြန့်ကြက်လွှမ်းမိုးလျက်ရှိ၏။

လုပ်ငန်းခွင်အတွင်း နေရာအတော်များများနှင့် ခြံစည်းရိုးစပ်တို့တွင် မာကျူရီမီးတိုင်များ လက်ယှက်ထိုးစိုက်ထူထွန်းညှိထားသောကြောင့် တည်ဆောက်ရေးလုပ်ငန်းခွင်ကြီး တစ်ခုလုံးသည်လည်း လရောင်နှင့် လျှပ်စစ်မီးရောင် နှစ်ရောင်ပေါင်းကာ ထိန်ထိန်ညီးလျက်ရှိ၏။

ကိုအောင်အောင်က သွားရင်းလာရင်းပင် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြမ်းဖျင်း ရှင်းပြသည်။ စင်စစ် ကျွန်တော်တို့ ဤနေရာသို့ ရောက်ရှိလာခြင်းမှာ အဆောက်အအုံတည်ဆောက်ရေးအကြောင်း သိရှိလို၍ မဟုတ်ပါ။ သို့ရာတွင် ဗဟုသုတဟူသည် သိထားလေ ကောင်းလေဖြစ်ရကား ပြောသမျှကိုတော့ နားထောင်မှတ်သားခဲ့ပါ၏။

အဆောက်အအုံမှာ လူတစ်ရပ်ခန့်အမြင့်သို့ ရောက်ရှိပြီဖြစ်ပြီး အလူမိနီယံပြတင်းပေါက်များ တပ်ဆင်နေသည်ကို တွေ့ရ၏။ သံမဏိငြမ်းစင်များ အပြည့်နီးပါး တပ်ဆင်ထားပြီး ညဆိုင်းလုပ်သားများသည် သံချောင်းများ တပ်ဆင်ချည်တုပ်သူကတုပ်၊ ဝရိန်စက်ဖြင့် မီးတလက်လက်ပွင့်အောင် ဝရိန်ဆော်သူကဆော်၊ သံဖြတ်လွှစက်ဖြင့် သံထည်များကို မီးများ တဖွားဖွားပန်းထွက်အောင် ဖြတ်သူကဖြတ်၊ ကွန်ကရစ်ဖျော်သူကဖျော်၊ သယ်သူကသယ်၊ လောင်းသူကလောင်းနှင့် ပျားပန်းခပ်မျှ ရှိချေ၏။

ကိုအောင်အောင်သည် စာရေးသူတို့အား ထိုအဆောက်အအုံကြီး၏ ခေါင်းရင်းဘက်မှ ကွေ့ပတ်ခေါဆောင်သွားသည်။ သို့နှယ် ခေါဆောင်ရင်း ကွန်ကရစ်တန်းကလေးရွက်လာသော မိန်းမရွယ်တစ်ဦးအား "ညီမလေး တဲမှာ ဦးလေးကြွက်နီ ရှိလား" ဟု မေးမြန်းသံကြားလိုက်ရပြီး ထိုမိန်းကလေးထံမှလည်း "အဖေ ရှိတယ် ဆရာ။ ဟိုကိစ္စလား" ဟူ ပြန်ပြောလိုက်သည်ကို ကြားလိုက်ရ၏။

စိတ်မြန်ကိုယ်မြန်ရှိသော စာရေးသူမှာ ခုချိန်ထိလိုရင်းမရောက်ဘဲ ပမာဒဋ္ဌများကိုသာ တွေ့နေရသဖြင့် အတော်ပင် စိတ်ကို အောင့်အည်းချုပ်တည်းထားရလေသည်။ ကိုမြို့မြင့်ဆွေလည်း ကျွန်တော်ကဲ့သို့ပင် ရှိလေသလားမသိ။

"လွတ်သွားဦးမယ်၊ မြန်မြန်" ဟု သူယောက်ဖအား လောဆော်လိုက်ရာ ကိုအောင်အောင်သည် ကျွန်တော်တို့ကို တည်ဆောက်ဆဲ အဆောက်အအုံကြီး၏ နောက်ကျောဘက် ပေ(၂၀၀)ခန့်အကျယ် မြေကွက်လပ်ကြီးကို ဖြတ်၍ မီးရောင်ထိန်ထိန်အောက်တွင် လှမ်းမြင်နေရသော တဲစုဆီသို့ ခေါဆောင်သွားတော့၏။

စက်ယန္တရားဖြင့် မြေညှိထားသော ကွင်းကြီးအတွင်း သစ်တိုသစ်စပုံ၊ ဝါးတိုဝါးစပုံနှင့် ဗွက်အိုင်ငယ်တို့ကို ရှောင်ကွင်းလျက် မြွေပါးကင်းပါး သတိထားသွားကြရ၏။ လေအတွေ့တွင် တဲတန်းစုဘက်ဆီမှ ဂီတသံတစ်စလွှင့်ပျံ့လာ၏။ တစ်ခဏမျှအကြာတွင်မူ တဲစုအနီးသို့ ချဉ်းကပ်မိကြပါလေပြီ။ လရောင်သည် တဲစု၏နောက်ကျောဘက် ကပ်လျက်ရှိနေသော သစ်တောညိုညို့ပေါ်သို့ ဖြာဆင်းလျက်ရှိသောကြောင့် ကျွန်တော်တို့ ရောက်ရှိနေသောနေရာသည် ကမ္ဘာထိပ်တစ်ခုဖြစ်ကြောင်း သိရှိနိုင်၏။

ကမ္ဘစွန်းတစ်လျှောက် နှစ်ခန်းတွဲ၊ လေးခန်းတွဲ၊ လုံးချင်းပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဆောက်လုပ်ထားသော သက်ငယ်မိုး ဝါးထရံကာ တဲအိမ်လေးများကို မြင်ရသည်မှာ တောင်ပေါ်ရွာငယ်လေး တစ်ရွာပမာကဲ့သို့ ဖြစ်၏။ နောင်တုံကမ္ဘဏီသည် အမြင်မတင့်စေသည့် အလုပ်သမားတဲများကို အများပြည်သူ မမြင်ကွယ်ရာတွင် နေရာချပေးထားခြင်း ဖြစ်ပါ၏။ သို့သော်လည်း တဲအားလုံးသို့ လျှပ်စစ်မီးသွယ်တန်းပေးထားသလို တဲစုများအတွင်း လမ်းမီးများလည်း တပ်ဆင်ပေးထားသဖြင့် မီးရောင်တထိန်ထိန်နှင့် ဖြစ်နေ၏။

တဲစုသို့ဝင်ဝင်ချင်း တွေ့ရသည်က ကာရာအိုကေနှင့် တွဲဖက်ထားသော စားသောက်ဆိုင်လေးတစ်ဆိုင်။ ဆာ

www.burmeseclassic.com

စောက ကြားလိုက်သော ဂီတသံသည် ဤတဲလေးထဲမှ ထွက်ပေါ်လာခြင်းပင်။ ဆံပင်ရှည်ရှည် NY စာတန်းပါ လျှာထိုးဦးထုပ်ကို နောက်ပြန်ဆောင်းထားသော လူရွယ်တစ်ယောက်သည် အဆိုတော် အောင်သူ၏ အစကကြို သိခဲ့ရင် သီချင်းကို ဟန်ကျပန်ကျ ဆိုနေသည်။ ဆောင်းဘောက်လေးနှစ်လုံးအား လုပ်ငန်းခွင်နှင့် ဆန့်ကျင်ဘက်သို့ လှည့်ထားသဖြင့် ကွင်းဘက်မှ သိပ်မကြားရခြင်းသာ။ ပလတ်စတစ်စားပွဲ သုံး၊လေးလုံးခင်း၊ ပလတ်စတစ် ခွေးခြေလေးတွေချ၊ နံရံကပ်စင်လေးပေါ်တွင် ပြည်တွင်းထုတ် ယမကာ ပုလင်းလေးတွေ တန်းစီလျက် သူ့အရပ်နှင့် သူ့ဇာတ် ဟုတ်လို့နေ၏။ အတွင်းခပ်ကျဉ်းကျ စားပွဲတစ်လုံးတွင် လူရွယ်သုံးယောက်သည် ပုလင်းပြားလေးတစ်လုံး၊ မြေပဲဆားလှော် တစ်ထုပ်ဖြင့် ဝိုင်းဖွဲ့လျက်ရှိသလို ခုံတစ်လုံးတွင်မူ လူရွယ်နှစ်ယောက် ကျားထိုးရင်း ငြင်းခုံနေကြသည်။ ထိုလူငယ်လေးများမှာ နေ့ဆိုင်း အလုပ်သမားများ ဖြစ်ကြောင်း ကိုအောင်အောင့်အပြောအရ သိရ၏။ ဆိုင်ရှေ့မာကျူရီမီးတိုင်အောက်၌ ပုစုခရု လေး၊ငါးယောက်သည် ဝိုင်းကြီး ပတ်ပတ်ခူဝေဝေ ကစားရင်း ဆူညံပွက်လောရိုက်နေ၏။

ကျွန်တော်သည် မြင်ရ တွေ့ရသည်များအပေါ် သုံးသပ်ရင်း ကိုမြို့မြင့်ဆွေတို့ သမီးယောက်ဖသည် ဂန္ဓိရစာရေးဆရာကို ဘဝသရုပ်ဖော် ရေးရန်အတွက်များ ခေါ်ဆောင်လာလေသလားဟု တွေးမိတော့၏။ သို့ရာတွင် မပြီးလျှင် ဗမာမမြင်စေနှင့် ဟူသောထုံးကို နှလုံးမူလျက် မျိုသိပ်နှုတ်ဆိတ်ကာ အခြေအနေကို စောင့်ကြည့်ရုံမှတစ်ပါး အခြားမရှိတော့ပါချေ။

♦♦♦

စားသောက်ဆိုင်တဲရှေ့မှ ဖယ်ခွာခဲ့ကြ၏။

ကိုအောင်အောင်က စားသောက်ဆိုင်တဲ၏ ယာဘက်ခြမ်းရှိ တဲတန်းလျားများဘက်သို့ ခြေဦးမလှည့်ဘဲ ဝဲဘက်ခြမ်းရှိ တဲစုဆီသို့သာ ရှေးရှုခဲ့သည်။ ကျွန်တော်တို့ရှေ့ ညာခပ်ယွန်းယွန်းရှိ ရိုးတံကြဲကြဲသစ်ပင်ကြီး၏ ထိပ်ဖျား ထက်ဆီမှ လမင်းကြီးက အစွမ်းကုန် ထွန်းပနေ၏။ ယာဘက်အနိမ့်ပိုင်းတွင် ခါးစောင်းခန့်အရှည် သက်ငယ်ရိုင်း တောပါးပါးအောက်ခံနှင့် သေးသွယ်သွယ် သစ်ပင်ရှည်များရှိပြီး အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိ။ ဝဲဘက်ခြမ်းတွင်သာ လုံးချင်းတဲသုံးလုံးကို ဝါးတစ်ပြန် ခန့်စီခြားကာ ဆောက်ထားသည်။ မည်သည့်အတွက် ကြောင့် ထိုဘက်ခြမ်းတွင် အဆောက်အအုံမဆောက်သည်ကို စူးစမ်းဆဲမှာပင် တဲတစ်လုံး၏ သက်ငယ်မိုးအဖီလေး အောက်သို့ ရောက်ရှိကြတော့သည်။ ဤကို လုပ်ငန်းခွင်ဘက်သို့ မျက်နှာမူကာ တည်ဆောက်ထား၏။ ခုနက လှမ်းမြင်ရသော ရိုးတံကြဲကြဲ သစ်ပင်အိုကြီးသည် တဲ၏ နောက်တည့်တည့် ပေ(၂၀)ခန့်အကွာ၌ရှိပေရာ တဲကြီးကို စိုးမိုးနေသယောင်။

တဲတွင် ကွမ်းယာဆိုင်နှင့် လက်ဖက်ရည်ဆိုင် တွဲဖွင့်ထား၏။ တဲရှေ့မျက်နှာစာ (၁၀)ပေပတ်လည်ခန့်အကျယ် မြေကွက်လပ်ကလေးပေါ် အဖီလေးဆွဲကာ စားပွဲခုံပုလေး (၄)ခုခင်း ဓာတ်ဘူးတစ်လုံးနှင့် အကြမ်းပန်းကန် သုံး၊လေးလုံး တင်ထားပြီး ခွေးခြေ(၄)လုံး စီချထားလိုက်ခြင်းဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖြစ်သွားသလို ထင်းရှူးသေတ္တာလေးပေါ် ကွမ်းနှင့် ကွမ်းယာပစ္စည်းများကို ပြတင်းပေါက်မှခုံပြားလေး တစ်ချပ်ခံကာ တင်လိုက်ခြင်းဖြင့် ကွမ်းယာခုံ ဖြစ်လို့နေ၏။

ကွမ်းယာခုံတွင် ကွမ်းယာနေသော အမျိုးသမီးကြီးအား ကိုအောင်အောင်က 'ဦးလေးကြွက်နီ ရှိလား အန်တီ' ဟု ရောက်မဆိုက် မေးလိုက်ရာ ထိုအမျိုးသမီးကြီးက 'ဘုရားဝတ်ပြုနေတယ်။ ပြီးခါနီးပါပြီ၊ ထိုင်ကြဦး' ဟု ပြောသဖြင့် စားပွဲခုံတစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။

ဆိုင်တွင် ကျွန်တော်တို့သုံးယောက်မှအပ တခြားသူများကို မတွေ့ရ။ အလုပ်သမားများကား သည်အချိန်မျိုးတွင် သည်ဆိုင်ကို ထိုင်လိမ့်မည်မထင်။

'ဘာတွေရလဲ' ဟု ကိုမြို့မြင့်ဆွေကမေးရာ ဆိုင်ရှင် အမျိုးသမီးကြီးက 'ကော်ဖီမစ်တစ်မျိုးပဲ ရတယ်' ဆို၏။

သို့နှင့် သုံးယောက်လုံး ကော်ဖီမစ်တစ်ငုပ်စီ မှာလိုက်ကြ၏။ ဆိုင်ရှင်၏ သမီးဖြစ်ဟန်တူသော ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ဦးက ကော်ဖီမစ်ထုပ်နှင့် ရေနွေးဖြူထည့်ထားသော ဖန်ခွက်လေး သုံးခွက်ကို ဖွန်းသေးလေးများတပ်ကာ လာချပေး၏။

ထိုစဉ်ခိုက်မှာပင် အဟမ်း...အဟမ်းဟူသော ချောင်ဟန့်သံနှင့်အတူ အသက်(၆၀)ခန့်အရွယ် အသားပြည်ပိန်ပိန်ပါးပါးနှင့် ဦးလေးကြီးတစ်ယောက် ခပ်မခန်းထဲမှ

www.burmeseclassic.com

ထွက်လာ၏။

'ဆရာတို့ ရောက်ကြပြီလား'

'ဟုတ်ကဲ့ ဦးလေးကြွက်နီ၊ အခြေအနေဘယ်လိုရှိလဲ။ ဘာထူးခြားတာတွေ ဆက်ဖြစ်သေးလဲ'

'ဒီကြားရက်ထဲမှာတော့ ဘာမှမထူးပါဘူး။ အဲ.. လပြည့်နေ့ဆိုရင်တော့ အေအီးသိတဲ့အတိုင်းပဲ'

'ဒီကနေ့ လပြည့်နေ့လေ။ ကျွန်တော့်အစ်ကိုနဲ့ ဒီဗိုလ်ကြီးကို လေ့လာရအောင် ခေါ်လာခဲ့တယ်။ ဗိုလ်ကြီးက စာရေးဆရာ'

ကိုအောင်အောင်နှင့် ဦးကြွက်နီတို့ ပြောဆိုနေကြသော စကားများကို နားထောင်နေမိသော ကျွန်တော့်အဖို့ ကျဲပါးစောင်းတီးသဖွယ် ဖြစ်နေဆဲ။ သည်ကနေ့ လပြည့်နေ့။ ပြည့်လိုက်သမှ ခပ်ဝေးဝေးရှိ တိုက်တာများ၊ သစ်ပင်၊ သစ်တောများကို နေ့လယ်နေ့ခင်းအလား ထင်ထင်ရှားရှား မြင်နေရသည့်အပြင် ကွင်းပြင်ထဲ၌ လူတစ်ယောက် ရပ်တန့်နေလျှင်ပင် ယောကျ်ား,မိန်းမ ခွဲခြားသိမြင်နိုင်၏။ ဟုတ်ပါပြီ။ ဤနှယ် လမင်းကြီးသာသော ညတွင် မည်သို့မည်ပုံ ထူးခြားသည့်အရာများ ဖြစ်လာမှာနည်း။ ကျွန်တော် သိပ်ပြီးစိတ်မရှည်ချင်တော့။

'ကဲ..ကျွန်တော်တော့ ခုချိန်ထိ ဘာတစ်ခုမှ မသိရသေးဘူး။ ခုလို လပြည့်ညမှာ ဘာတွေရမှာတုံး'

'ဩော်..ဗိုလ်ကြီးကို အစ်ကိုက လမ်းမှာ ဘာမှ မပြောပြလာခဲ့ဘူးလား'

ကိုအောင်အောင်က ကော်ဖီပူပူကို တစ်ကျိုက်စုတ်သောက်ရင်း ပြောသည်။

'ဘာမှမပြောဘူးဗျ။ ခင်ဗျားရွေယောက်ဖက ကုန်ကြမ်းပေးမယ်ဆိုပြီး ကျူပ်ကို ဒီအတိုင်း ခေါ်လာတာပဲ'

ကျွန်တော်က ထိုနှယ် မကျေမနပ် ပြစ်တင်ပြောဆိုလိုက်သော် ကိုမြို့မြင့်ဆွေက ကျွန်တော့်ဘက်သို့ လှည့်ကာ-

'ကျွန်တော်လည်း ခုညမှ သိရမှာလေ ဗိုလ်ကြီးရဲ့။ သေသေချာချာ သိမထားသေးတော့ ဘယ်ပြောတတ်မှာတုံး'

ကျွန်တော်နှင့် ကိုမြို့မြင့်ဆွေတို့ အချီအချပြောနေစဉ် ကိုအောင်အောင်က သူလက်မှနာရီကို စူးစူးစိုက်စိုက်ကြည့်လျက်ရှိ၏။ ထို့နောက် ဦးကြွက်နီဘက်သို့လှည့်ကာ-

'ဦးလေးပဲ ရှင်းပြလိုက်ပါတော့'

ဟု ဆိုလိုက်ရာ ဦးကြွက်နီက ပလတ်စတစ်အိတ်လေးထဲမှ ကွမ်းယာကို ထုတ်ယူကာ ပါးစောင့်တွင် ထည့်လိုက်ပြီး-

'သည်လို မောင်တို့ရဲ့၊ ဟိုမှာမြင်ရတဲ့ မယ်သုန်တို့တဲနဲ့ ဦးလေးတို့ရဲ့တဲမှာ လပြည့်နေ့တိုင်းလိုလို မမြင်ရတဲ့ အရာတွေက နှောင့်ယှက်နေတာ။ ဒီကို ဦးကြီးတို့ စရောက်ကတည်းကပါပဲ။ ဦးကြီးတို့လည်း ဘုန်းကြီး(၃)ပါးကိုပင့်ပြီး ပရိတ်ရွတ်ပါတယ်။ ဒါပေမဲ့ ပရိတ်ရွတ်ပြီးတဲ့နောက် ပိုင်းမှာလည်း ပြန်ဖြစ်နေတုန်းပါပဲ'

'ဘယ်လိုနှောင့်ယှက်တာလဲ ပြောပါဦး'

ယခုအချိန်ထိတော့ စိတ်ဝင်စားဖွယ် မရှိသေးဟု အထင်ရှိသော ကျွန်တော့်က အလောတကြီး မေးလိုက်မိသည်။

'ဒီလိုပါ။ ဟိုဘက် မယ်သုန်တို့တဲ တွေ့လား။ အဲဒီတဲမှာ မယ်သုန်တို့လင်မယား အလုပ်သွားနေကြတုန်း တံခါးပိတ်ထားခဲ့ရင် ခေါင်းရင်းဘက် ဘုရားစင်နားက နံရံမှာ ချိတ်ထားတဲ့ သူ့အဖေရဲ့ဓာတ်ပုံကြီးဟာ သူ့အလိုလို အိပ်ခန်းထဲက ကြမ်းပြင်မှာ ထောင်လျက်ရောက်ရောက်နေတာ သုံးခါရှိပြီ။ ပြီးတော့..'

'တစ်ယောက်ယောက်ကများ နောက်ပြီး ခိုးရွေ့ထားတာများ မဖြစ်နိုင်ဘူးလား ဦးလေး'

ထိုနှယ် စောဒကတက်လိုက်သူက ကိုမြို့မြင့်ဆွေ။

သည်အခါ ဦးကြွက်နီက ခပ်ယဲ့ယဲ့ပြုံးကာ ဦးခေါင်းကို ညင်သာစွာ ခါယမ်းရင်းက-

'အဲလိုလုပ်မယ့်သူ မရှိပါဘူး။ အဲသည်အချိန်မှာ တစ်ပြိုင်တည်းဖြစ်တာက သူတို့ချက်ထားတဲ့ ဟင်းအိုးတွေကို မြေကြီးပြင်ပေါ်-မှောက်ထားတာလည်း သုံး,လေးခါပဲ'

www.burmeseclassic.com

'ခွေးတွေဘာတွေ ဝင်စားတာရော မဖြစ်နိုင်ဘူးလား ဦးလေး'

'ဒီအလုပ်ဆိုဒ်ထဲမှာ ခွေးမွေးတဲ့သူ မရှိပါဘူး။ ပြီးတော့ သူတို့တဲကလည်း လုံခြုံပါတယ်'

ဦးကြွက်နီ၏ စကားဆုံးသည်နှင့် ကျွန်တော်က-

'ဦးလေး..မယ်သုန်တို့တဲကို ကြည့်ချင်တယ်'

ဟု ခွင့်တောင်းလိုက်ရာ ဦးကြွက်နီက-

'မယ်သုန်ရေ..ဒီမှာ ဆရာတို့ လာလိမ့်မယ်။ ပြောပြလိုက်ဦး'ဟု လှမ်းအော်လိုက်၏။

ကျွန်တော်တို့ သုံးယောက်သား စားပွဲမှ ပြီးတူထကြကာ ပေ(၃၀)ခန့်သာကွာသော မယ်သုန်တို့တဲသို့ သွားကြသည်။ မယ်သုန်ကား ချေချေငံငံ ချက်ချက်ချာချာရှိ၏။ သူတို့ ဇာတိမှာ တောင်သာဘက်ကဟု သိရ၏။ သူ ယောကျ်ားက စားသောက်ဆိုင်ဘက်သို့ သွားနေသည်ဆို၏။ ကလေးသနာလည်း မရှိကြသေး။ သူက ဖြစ်ပျက်ပုံကို ပြောလည်းပြော၊ ပြလည်းပြ၏။

ဘုရားခန်းနှင့် အိပ်ခန်းထရံတစ်ခုပင် ခြားသည်ကို တွေ့ရသလို တစ်ပေခွဲပတ်လည်ခန့်ရှိ သစ်သားပေါင်းသွင်းထားသော သူဖခင်၏ အဖြူအမည်းဓာတ်ပုံကြီးကို ဘုရားစင်၏အောက်ကြမ်းပြင်တွင် ထောင်ထားသည်ကို တွေ့ရ၏။

မေးကြည့်သောအခါ အပေါ်ဘုရားစင်တိုင်ရှိ သံတွင်ချိတ်ဆွဲထားပါက အိပ်ခန်းထဲသို့ ရောက်ရောက်လာတတ်သဖြင့် အောက်ချထားရသည်ဟူ၏။ ဟင်းအိုးများ မှောက်သွန်ခံရပုံကို ကျွန်တော်တို့အနီးသို့ ဝိုင်းအုံရောက်ရှိလာကြသော အခြားတဲမှ အမျိုးသမီးများ ကလေးများကပါ ဝိုင်းဝန်းသရုပ်ပြပေးကြသည်။ ကျွန်တော်နှင့် ကိုမြို့မြင့်ဆွေမှာ ယုံရအခက် မယုံရအခက် ထိုတဲမှ ပြန်လှည့်ခဲ့ကြ၏။

ဦးကြွက်နီတို့ဆိုင်ထဲ ပြန်ထိုင်မိကြသောအခါ ထိုအကြောင်းကို စုံထောက်ပညာ၊ သိပ္ပံပညာဖြင့် မည်သို့မည်ပုံ ဖြစ်နိုင်သည်ကို ဝေဖန်ပြောဆိုရင်း ရေနွေးကြမ်းပန်းကန်ကိုယ်စီငဲ့ကာ သောက်နေကြ၏။ ထို့နောက် စောစောက ပြောပြရန် ကျန်နေသေးသော ဤဆိုင်၏အဖြစ်အပျက်ကို ဆက်မေးကြပြန်သည်။

ဦးကြွက်နီကား သည်အကြောင်းကို သိပ်ပြီးပြောပြချင်ပုံမရ။ သို့သော် မပြောလျှင်လည်း ကျွန်တော်တို့က ပြန်မည့်သူတွေ မဟုတ်ရကား ပြောကိုပြောပြမှဖြစ်မည်ကို သိထားပေရာ-

'ကဲ..ဗိုလ်ကြီးတို့၊ ကျွန်တော်ပြောပြီးတဲ့အခါ မယုံဘူးတို့၊ မဖြစ်နိုင်ဘူးတို့ မပြောစေချင်ဘူး။ နောက်ပြီးတော့ ဒေါသအလျောက် ဆဲတာပြုတာလည်း မလုပ်စေချင်ဘူး'ဟု ကတိတောင်းသည်။

ကြားချင်လှပြီဖြစ်သော ကျွန်တော်နှင့် ကိုမြို့မြင့်ဆွေတို့က ထိုသို့ပြုလုပ်လိမ့်မည် မဟုတ်ကြောင်း ကတိပြုရ၏။ ကျွန်တော်တို့ထံမှ ကတိရသည်နှင့် ပါးစောင့်တွင်ငုံထားသော ကွမ်းယာကို နောက်ပြန်လှည့်ထွေးသုတ်လိုက်ပြီး ကျွန်တော်တို့ဘက်သို့ မျက်နှာမူကာ-

'ဒီလိုပါ၊ ကျွန်တော်တို့ဆိုင်မှာ ဒီလိုညရောက်တိုင်း ခဲမိုးရွာရွာနေတာ သုံး,လေးခါရှိပါပြီ'

ထိုနှယ်ပြောအပြီး ပထမဦးဆုံး စည်းကမ်းဖောက်လိုက်သူက ကိုမြို့မြင့်ဆွေ ဖြစ်၏။

'ဘယ်လို ဦးလေးရဲ့၊ ခဲမိုး ဟုတ်လား။ ဘယ်လိုခဲမိုးလဲ။ ကျွန်တော်တော့ တစ်ခါမှ မကြားဖူးဘူး။ မဖြစ်နိုင်ပါဘူး'

ဦးကြွက်နီ၏မျက်နှာ တည်ခန့်ဖြစ်သွားသည်။ အပေါ်သို့ မော့ကြည့်လိုက်၊ အောက်သို့ငုံ့ကြည့်လိုက်နှင့် မူမမှန်သော အမူအရာရှိသလို ပါးစပ်ကလည်း တလုပ်လုပ်နှင့် တစ်ခုခုကို တိုးတိုးရေရွတ်ကာ ရုတ်တရက် ထိုင်ရာမှ ထရပ်ပြီး တဲပေါ်သို့ ပြန်တက်သွားတော့သည်။ ကျွန်တော့်မှာ အဘိုးကြီးကို အားနာမိသလို ကိုမြို့မြင့်ဆွေကို စိတ်အချဉ်ပေါက်မိတော့၏။

ထိုအချိန် လက်ပတ်နာရီ တကြည့်ကြည့်နှင့် တေမိလုပ်နေသော ကိုအောင်အောင်က ရှေ့နောက်ဝဲယာကို မျက်စိကစားရင်း 'သည်လို အစ်ကိုရဲ့'ဟု နိဒါန်းချီလိုက်ရင်း အဖြစ်အပျက်တစ်ခုကို နောက်ကြောင်းပြန်သည်

ခုတင်(၅၀)ဆုံဆေးရုံ တည်ဆောက်ရေးလုပ်ငန်း အစပြုစဉ်ကာလ သိန်းမင်းဟု ခေါ်သော သံချည်သံကွေးအလုပ်သမားတစ်ယောက်သည် ဇနီး၊ (၃)နှစ်အရွယ် သမီးလေး တစ်ယောက်နှင့်အတူ ဤတဲရှေ့ နေရာလွတ်တွင် တောဘက်သို့ မျက်နှာမူကာ တဲကလေးတစ်လုံး တည်နေသည်။ ထိုစဉ်က ယခုကဲ့သို့ တဲများများစားစား မရှိ

www.burmeseclassic.com

www.burmeseclassic.com

သေး။ အနည်းငယ်စရိုက်ကြမ်းသော သိန်းမင်းသည် ပူအိုက်သော တစ်ည၌နေခင်း၌ တဲရှေ့မြေပြင်တွင် ဖျာခင်းထိုင်ကာ အပေါ်ဝိုင်းဗလာကျင်းလျက် တောအရက်တစ်ဝိုင်းကို သောက်နေ၏။ သောက်ရင်း သူ့ဇနီးကို တဗျစ်တောက်တောက် ကြိမ်းမောင်းလိုက်၊ ဆဲဆိုလိုက် လုပ်နေ၏။

ထိုစဉ် ၄င်း၏ ကျောပြင်ကို မြေစာခဲနှင့် ပစ်ပေါက်ခြင်း ခံလိုက်ရသည်။ သိန်းမင်း ဒေါသအိုးပေါက်ကွဲကာ ရုန့်ရင်းကြမ်းတမ်းသော စကားများကို ပြောဆိုလျက် အော်ကြိုးဟစ်ကျယ် ဆူဆဲလေတော့သည်။ ထိုအချိန်မှာပင် နောက်ထပ်ခဲတစ်လုံး အမှန်ခံရသဖြင့် ရုတ်တရက် ထရပ်ကာ ခဲလာသည်ဟု ထင်ရသော သက်ငယ်ရိုင်းတောဘက်သို့ မျက်နှာမူကာ မကြားဝံ့မနာသာ ဆဲသည့် အပြင် မရိုသေစကား ပုဆိုးကိုပါ ချွတ်ချပစ်လိုက်လေသည်။ မကြာပါချေ၊ သိန်းမင်း၏ ပါးစပ်မှ အမြွှုပ်များ ထွက်ကျကာ ဝူးဝူးဝါးဝါး ဗလုံးဗထွေး အော်ဟစ်သံများနှင့်အတူ သက်ငယ်ရိုင်းတောထဲတွင် မှောက်လျားထိုး အနေအထားဖြင့် မြွေတစ်ကောင်ပမာ တွန့်လိမ်ကောက်ကွေး တွားသွားနေလေတော့သည်။ အနီးအပါးမှ လူများ ဝိုင်းဝန်းဖမ်းချုပ်ကာ ဦးကြွက်နီထံ ခေါ်လာသဖြင့် ဦးကြွက်နီက ဘုရားစင်ပေါ်ရှိ အနည်းငယ်ကျန်နေသေးသော တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်ရေကို အမြန်ယူကာ ပါးစပ်ထဲသို့ လောင်းထည့်တန်ထည့်၊ မျက်နှာကို တောက်တန်တောက် ပြုလုပ်လေရာ ခဏအကြာ သတိပြန်လည်လာလေသည်။ သတိလည်လာသောအခါ သိန်းမင်းတစ်ယောက် ယောင်နနဖြင့် သူကိုယ်သူ ဘာဖြစ်ခဲ့မှန်း မသိပေ။ ရူးခြောင်းသည်မှာ သက်ငယ်ရိုင်းတောထဲ (၅)မိနစ်ခန့် အဝတ်ဗလာဖြင့် လူးလိမ့်နေခဲ့သော သိန်းမင်း၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မည်သည့်ပွန်းရာ ခြစ်ရာမျှ မတွေ့ရခြင်းပင်။

ယခုတော့ ထိတ်လန့်သွားသော သိန်းမင်း အလုပ်မှ အပြီးထွက်ကာ သူ့ဇာတိ ငါန်းဖွန်နယ်သို့ ပြန်သွားပါလေပြီ။

♦♦♦

ကျွန်တော်ကား အဖြစ်အပျက်ကို စိတ်ဝင်တစားရှိလှသဖြင့် မည်သို့မည်ပုံ စာပန်းချီခြယ်မှုန်းရန် အတွေးစိတ်ကူးတို့ပင် ဖြန့်ကြက်နေပါပြီ။ သို့သော်-

'ဒါ ဒီကောင် မူးနေလို့ ကယောင်ချောက်ချားဖြစ်တာ နေမှာပါ'။ ကျွန်တော်ကတော့ သိပ်မယုံဘူး။ တချို့လူတွေက အရက်နဲ့ဆေတ် မတည့်တော့ ဟစ်တီးရီးယားဘာညာဖြစ်တာနေမှာ။ လူစိတ်ဝင်စားအောင် လုပ်တာရော မဖြစ်နိုင်ဘူးလားဗျာ'

ကိုမြို့မြင့်ဆွေက ကျေနပ်မှုရှိပုံမရ။ သူက ထူးခြားဆန်းကြယ် အဖြစ်အပျက်များအား အလွန်စိတ်ဝင်စားတတ်သလို အလွန်လည်း သံသယကြီးတတ်သူဖြစ်၏။ တစ်ဆက်တည်းပင် သူ့ဇာတိ ပေါက်ခေါင်းနယ်၌ သူတို့ငယ်စဉ် (၉)တန်းကျောင်းသားဘဝက ရပ်ကွက်ထဲမှ အမျိုးသမီးကြီးတစ်ယောက်က အများစိတ်ဝင်စားအောင် လုပ်ဇာတ်ခင်းတာမျိုး ကြုံခဲ့ဖူးကြောင်းကို ပြောပြနေပြန်၏။

'ဖျောက်..ဒေါက်..ဒေါက်..ဒေါက်'

'ဖျော'

'ဖုတ်'

'အဲတော့ ကုန်ပါပြီ။ ကျုပ် ကွမ်းယာပြီးသားတွေပေါ် သဲတွေကျကုန်ပြီ။ ဆရာတို့၊ ဗိုလ်ကြီးတို့၊ ပြန်ကြပါတော့ရှင်'

ဆိုင့်ရှင်အဒေါ်က အပေါ်မှ ဖျောခနဲကျလာသော သဲမှုန်များကြောင့် ကွမ်းယာများ ပျက်စီးကုန်သဖြင့် ထအော်သည်။ အဒေါ်ကြီး ရုတ်တရက် အော်လိုက်ခြင်းကြောင့် မှင်တက်မိနေခိုက်မှာပင် ကျွန်တော့်ခြေရင်းသို့ ဖုတ်ခနဲ အရာဝတ္ထုတစ်ခုခု ပြုတ်ကျလာ၏။ ဆတ်ခနဲကောက်ယူကြည့်လိုက်ရာ တစ်လက်မပတ်လည်ခန့် ဂဏန်းကျစ်စာခဲလေး ဖြစ်သည်ကို တွေ့ရ၏။ ဤလုပ်ငန်းခွင်အနီးတွင် လယ်ကွင်းမရှိ၊ ရေအိုင်မရှိ၊ ထိုင်လျက်နှင့်ပင် ဘေးဘီကို ကျွန်တော် အမြန်လှည့်ပတ်ကြည့်သည်။ မိနစ်ပင်မခြားကိုမြို့မြင့်ဆွေ၏ကျောပြင်ကို ဂဏန်းကျစ်စာခဲတုံးတစ်တုံးလာရောက်ထိမှန်ကာ ထိပြီးသည်နှင့် ဖွာခနဲဖြစ်သွား၏။ ၄င်းက 'အား..ပစ်တယ်ဟ၊ ဘယ်မအေလဲ'ဟု အော်ဟစ်ရင်း နောက်သို့လှည့်ကြည့်သည်။

ထိုအခိုက်အတန့်လေးအတွင်းမှာပင် တဖြည်းဖြည်း ခဲကျစိပ်လာ၏။ တစ်ကြိမ်တွင် လက်မဝက်ခန့်အရွယ် သုံးမြွှောင့်ချွန် အုတ်နီခဲစတစ်စပင် ပါလာ၏။ ကိုအောင်

www.burmeseclassic.com

အောင်အားပြဿရာ ကိုအောင်အောင်က ဤတည်ဆောက်ရေးလုပ်ငန်းခွင်တွင် အုတ်နီခဲ လုံးဝအသုံးပြုခြင်းမရှိကြောင်း လက်ခါပြသည်။ ကျွန်တော်တို့သုံးယောက်လုံး ပြိုင်တူလိုလို ထရပ်လျက် တဲအပြင်ထွက်ကာ လက်သည်းကို ရာဖွေကြသည်။ ဝန်းကျင်တစ်ခွင်လုံး လမင်းကြီးက ထိန်ထိန်သာနေ၏။ ခဲဖြင့်ပစ်ပေါက်နိုင်သော အကွာအဝေးအထိ လိုက်ကြည့်ကြ၏။ လူမပြောနှင့်၊ ခွေးတစ်ကောင်ကြောင်တစ်ဖြီးမျှပင် မတွေ့။

ကျောပြင်စပ်ဖျဉ်းဖျဉ်း ဖြစ်သွားပုံရသော ကိုမြို့မြင့်ဆွေက-

'ဘာလဲကွ၊ သူရဲလား တစ္ဆေလား။ ငါက ခြောက်လို့ ကြောက်မယ်များ ထင်နေသလား။ မအေပေး၊ သတ္တိရှိရင် ထွက်ခဲ့'ဟု ချဲလင်းခေါ်လေတော့၏။

ထိုသို့ ချဲလင်းခေါ်လေ ခဲစခဲနတို့ တဖြည်းဖြည်း ပိုပြီးကျကျလာလေဖြစ်၏။ သမ္မန်များက သက်ငယ်မိုးကို ဖောက်ထွက်ကျလာနေသလို အရွယ်အစားပိုကြီးသော ကျောက်စရစ်ခဲများပါ ပါလာ၏။ ခဲလာရာလမ်းကြောင်းကို မှန်းဆကြည့်ရာ ဘေးဘီမှလာခြင်းမဟုတ်ဘဲ အပေါ်တည့်တည့် (၉၀)ဒီဂရီမှ လာနေခြင်းဖြစ်၏။ မကျေနပ်သေးသဖြင့် သုံးယောက်သား ဆူညံပူညံလုပ်နေကြသော အခါ ဦးကြွက်နီက အမြန်ဆုံး ဤတဲမှ ပြန်ထွက်သွားကြဖို့ တောင်းပန်သည်။ ကျွန်တော်တို့ပြန်သွားလျှင် အလိုအလျောက် ခဲကျရပ်သွားမည်ဟုလည်း ဆို၏။ ထူးခြားသည်က ဤအဖြစ်သည် ဤတဲနှစ်လုံး၌သာ ဖြစ်ပွားနေခြင်းပင်။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တဲ ထဲမှ ပြန်ထွက်ခဲ့ကြသည်။

လမင်းကြီးကို တိမ်ညိုပဝါတစ်စ အုပ်လွှမ်းခြင်းခံလိုက်ရသောကြောင့် သြကာသလောကကြီး တစ်ခုလုံး တဒဂ်မျှ အမှောင်ဖုံးသွား၏။ စစ်သားဘဉ် မပျောက်သေးသော ကျွန်တော်က လမ်းမီးတိုင်နှင့် အလှမ်းဝေး တဲအိမ်များ လွတ်ကင်းသည့် တစ်နေရာအရောက် သက်ငယ်ရိုင်းတောထဲ အသာတိုးဝင်ကာ အပေါ့အပါးစွန့်ရန် ကြိုရွယ်၏။ ထိုစဉ် ကိုအောင်အောင်က ရုတ်တရက် ကျွန်တော့်ဘေးနားကပ်ကာ လဲက်ကိုဖမ်းကိုင်ပြီး ဆွဲခေါ်လာသဖြင့် အကြံအစည် ပျက်သွားသည်။

ထိုစဉ်အခိုက်လေးမှာပင် လဝန်းက ရုတ်တရက် ပြန်လည်ထွက်ပေါ်လာရာ ညမျက်စိပါသော ကျွန်တော်က ရွက်ဟောင်းကြွေစ သစ်ပင်အိုကြီးအနီး သက်ကယ်ရိုင်းတောထဲတွင် တစ်စုံတစ်ရာကို ဖျတ်ခနဲ လှမ်းမြင်လိုက်သည်။ ထိုတစ်စုံတစ်ရာကြောင့်ပင် ကိုအောင်အောင်က ကျွန်တော့်ကို ဟန့်တားခြင်းဖြစ်ဖွယ် ရှိ၏။ ယင်းကား အပေါ်ဘက်၌ ပြာသာဒ်ပါသော ဘုန်းကြီးအုတ်ဂူကြီး တစ်လုံးပေတည်း။

♦ ♦ ♦

ဤဇွေလဝန်းသည် အစွမ်းကုန် ထွန်းလင်းတောက်ပနေ၏။

ကြည်လင်ခြင်း၊ အေးမြခြင်း၊ ရွှင်လန်းခြင်းတို့သည် လဝန်း၏ သဘော်တများဖြစ်၏။ သို့တစေ ကျွန်တော်၏ စိတ်ထဲတွင် မတင်မကျနှင့် မကြည်မလင် မအေးမမြ မရွှင်မလန်းဖြစ်နေရပါ၏။ စိတ်ခံစားမှုများ ပြန်းတီးလွှပ်ခတ်နေသော ကျွန်တော်က ကိုမြို့မြင့်ဆွေထံမှ လက်ကိုင်ဖုန်းကို တောင်းယူကာ ပုဂ္ဂိုလ်ကြီးတစ်ယောက်ထံသို့ ဖုန်းခေါ်လေသည်။ ကံအားလျော်စွာ ဖုန်းက တန်းတန်းမတ်မတ် ဝင်သွားသည်။

ကျွန်တော်ခေါ်သည့် ဖုန်းပိုင်ရှင်မှာ ကျွန်တော် တောင်ကြီးတပ်တွင် တာဝန်ထမ်းဆောင်စဉ်က ခင်မင်ရင်းနှီးခဲ့သော ဗိုလ်မှူးတစ်ယောက်ဖြစ်ပြီး လက်ရှိ ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကာ မကြာမီ ပင်စင်ယူတော့မည်။ ၄င်းသည် လောကီရေးရာအဖြာဖြာနှံ့စပ်ကျွမ်းကျင်၏။ ငယ်နစဉ်က ယမကာမှီဝဲလေ့ရှိသော်လည်း အသက်(၅၀)ပြည့်သည့်နေ့မှ စတင်ကာ ယတိပြတ် စွန့်လွှတ်ပြီး တရားဘာဝနာအလုပ်ကို လုပ်နေသူဖြစ်၏။ အဖြစ်အပျက်ကို ကျွန်တော်က အသေးစိတ် ပြောပြလိုက်သည်။ ဖုန်းလိုင်း သိပ်မကောင်း။ တဂျီဂျီသံများစွက်ကာ ဝေဝေဝါးဝါးသာ ကြားရ၏။

သူက စစ်သားထွက်ပီပီ တိုတိုပြတ်ပြတ် အချက်(၂)ချက် ပြောပြသည်။ ပထမအချက်ကို သဲသဲကွဲကွဲ မကြားရ။ ဒုတိယအချက်ကိုသာ ပီပီပြင်ပြင် ကြားလိုက်ရသည်။ ၄င်းမှာ မေတ္တာပို့ အမျှအတန်းပေးဝေလိုက်ပါဟူ၏။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းစွမ်း
ဓားပြကြီး
ဗိုလ်နဂါး

"လကွယ်ညမှာ ဗိုလ်နဂါးလာမယ်။ စပါးရောင်းထားတဲ့ ငွေနှစ်ထောင်နဲ့ အသင့်စောင့်ပါ"

ဦးသူတော်သည် စာကိုဖတ်ပြီး ထိတ်လန့်သွားပါသည်။ စပါးရောင်းသည့်သတင်းက ချက်ချင်း ဗိုလ်နဂါးဆီ ရောက်သွားသည်။

ဗိုလ်နဂါးသည် နယ်လှည့်တိုက်နေသော ဓားပြဗိုလ် ဖြစ်သည်။ ဗိုလ်နဂါးတို့အဖွဲ့ ပေပင်ကုန်းရွာကို သုံးကြိမ် ဓားပြတိုက်ပြီးပြီ။ သူတို့အဖွဲ့သည် ဓားပြမတိုက်မီ သုံးရက်ကြို၍ စာပို့တတ်သည်။ သုံးရက်ပြည့်လျှင် မဖျက်မကွက် လာလေ့ရှိသည်။ သူတို့တောင်းသည့်ငွေကို ပေးလိုက်ပါက အေးအေးစွာ

www.burmeseclassic.com

ပြန်သွားတတ်သည်။ တောင်းသည့်ငွေ မရပါက အိမ်သားများကို ဒုက္ခပေးတတ်သည်။ သုံးရက်ကြိုတင်အကြောင်းကြားထားသဖြင့် ကြိုတင်ရှောင်တိမ်းနေ၍ မရဘူးလားဟု မေးစရာရှိသည်။ ပေပင်ကုန်းရွာ၏ နယ်မြေအနေအထားအရ ပြေးစရာ ရှောင်စရာ နေရာမရှိပါ။ ထွက်ပြေး၍ တစ်ကြိမ်လွတ်နိုင်သော်လည်း နောက်တစ်ကြိမ် ဗိုလ်နဂါး၏ လက်က လွတ်ရန် မလွယ်ကူပါ။ ခေတ်ပျက်ကာလတွင် ဘယ်ကိုပြေးပြေး တစ်ကွေ့မတွေ့ တစ်ကွေ့တွေ့ရမည်မှာ သေချာပါသည်။ ဓားပြများ တောင်းသည့်ငွေကို ပေးလိုက်ခြင်းသည် အကောင်းဆုံးသာ ဖြစ်သည်။

ဂျပန်လက်အောက်သို့ ရောက်ရှိနေသောကာလဖြစ်သည်။ ရောင်စုံသောင်းကျန်းသူ အဖွဲ့များကလည်း နေရာအနှံ့ ရှိနေသည်။ ဥပဒေမဲ့ကာလဖြစ်၍ လက်နက်ရှိသူများက ဆိုးချင်တိုင်း ဆိုးနေကြသည်။ လူသတ်မှုများ နေ့စဉ် ကြားနေရသည်။ ရွာသားများ ရွာပြင်သို့ပင် မထွက်ရဲသည့် အချိန်ဖြစ်သည်။

ပေပင်ကုန်းရွာ၏အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် အနောက်ရိုးမတောကြီးရှိသည်။ အရှေ့သို့သွားပါက ငါးမိုင်အကွာတွင် ညောင်ပင်ကွင်းရွာရှိသည်။ အိမ်ခြေတစ်ထောင်ကျော်ရှိသည့် ရွာကြီးဖြစ်၍ ရွာသူကြီးရှိပြီး လောလောဆယ် ဂျပန်တပ်စွဲထားသော ဂျပန်စစ်စခန်းလည်း ရှိသည်။ ပေပင်ကုန်းရွာနှင့် ညောင်ပင်ကွင်းရွာကြားတွင် ယမားတောင်တန်းကြီးရှိသည်။ တောင်ကြားလမ်း ငါးပေခန့် အကျယ်တွင် လူသွားလမ်းရှိသည်။ ထိုလူသွားလမ်းမှ လမ်းလျှောက်ပါက ညောင်ပင်ကွင်းရွာသို့ ရောက်ပါသည်။ လမ်းမှာ မညီမညာရှိ၍ လမ်းလျှောက်ရုံသာ သွားနိုင်ပြီး ခရီးမတွင်ပါ။ ဘေးနှစ်ဖက်တွင် တောင်နံရံများ ရှိသည်။ ထိုလမ်းတစ်လမ်းသာရှိသဖြင့် ရွာကထွက်ပါက ထိုလမ်းအပြင် အခြားမရှိတော့ပါ။ ညောင်ပင်သာသို့ ရောက်ပါက လမ်းဆုံလမ်းမဖြစ်၍ မြို့သို့လည်း သွားနိုင်သည်။ အခြားရွာများသို့လည်း သွားနိုင်ပါသည်။ ပေပင်ကုန်းရွာ၏ ထွက်ပေါက်သည် ညောင်ပင်ကွင်းအထိ လမ်းလျှောက်လာနိုင်မှ လွတ်မြောက်နိုင်သည်။ လမ်းခရီးမှာလည်း ရန်သူနှင့် တိုးနေပါက အခြားပြေးစရာမရှိပါ။ ညောင်ပင်ကွင်းရွာရှိ ဂျပန်စစ်တပ်ကိုလည်း ကြောက်ရသဖြင့် ရွာမှ ထွက်၍ မသွားရဲအောင် ရှိနေကြပါသည်။

မိမိအိမ်သို့ ဓားပြတိုက်မည့်အကြောင်း ညောင်ပင်ကွင်းရွာသို့ အကြောင်းကြားနိုင်ပါသည်။ သူကြီးကို တိုင်ကြားနိုင်သည်။ ဂျပန်စစ်တပ်ကို အကြောင်းကြားနိုင်သည်။ သို့သော် တိုင်ကြားသည့်သတင်း မပေါက်ကြားရန် အရေးကြီးပါသည်။ သတင်းပေါက်ကြားပါက အသက်ပျောက်နိုင်သည်။ ရွာထဲရှိ ရွာသားများကို စိတ်ချရသည် မဟုတ်ပါ။ ဗိုလ်နဂါးနှင့် ဆက်သွယ်နေသော သူလျှိုများ ရှိသလို ဂျပန်အလိုတော်ရှိ သူလျှိုများလည်း ရှိပါသည်။ ဗိုလ်နဂါးအဖွဲ့သည် ဓားပြတိုက်မည့်အိမ်ကို သေချာလေ့လာသည်။ ငွေရမှာသေချာမှ စာပို့တတ်သည်။ စာပို့ပြီးပါကလည်း ထိုအိမ်၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေတတ်သည်။ ဓားပြမတိုက်မီ ရှောင်ပြေးမည်ကြံစည်ပါက လမ်းက စောင့်ဖမ်းတတ်သည်။ ထိုအခက်အခဲများကြောင့် ဓားပြလာမည်ကို ကြိုတင်သိသော်လည်း လွတ်မြောက်ရန် မစဉ်းစားတော့။ သူတို့တောင်းသောငွေကို ပေးလိုက်ရန်သာ စဉ်းစားတတ်ကြခြင်းဖြစ်သည်။

ဦးသူတော်သည် ဗိုလ်နဂါး၏စာကို ပြန်ဖတ်ကြည့်သည်။ လွန်ခဲ့သောသုံးရက်က သူ စပါးရောင်းရငွေ နှစ်ထောင်ရခဲ့သည်။ ထိုငွေတိတိကျကျကို လာယူခြင်းဖြစ်သည်။ ဓားပြအဖွဲ့ကို လက်ထောက်ချသူ ရွာခံသားများရှိသည်မှာ သေချာသည်။ အိမ်ရောင်းပါက သူတို့ချက်ချင်းသိသည်။ ရွာထဲတွင် နွားကိုရောင်းရောင်း၊ ဝက်ကိုရောင်းရောင်း ဓားပြက ချက်ချင်းသိကြသည်။ သူတို့တောင်းသည့်ငွေ အတိအကျပေးမှ ကျေနပ်သည်။ သူတို့တောင်းသည့်ငွေကို အပြည့်အဝမရပါက ရရာပစ္စည်းကို ရှာဖွေယူတတ်သည်။ ပစ္စည်းမရပါက အိမ်သားများကို ရန်ရှာတတ်သည်။ ဦးသူတော်သည် စပါးရောင်းရငွေ နှစ်ထောင်ကို ဓားပြအဖွဲ့သို့ပေးရန် ဆုံးဖြတ်လိုက်သည်။ အိမ်တွင် ယောကျ်ားဆို၍ သူတစ်ယောက်သာရှိသဖြင့် ဓားပြကို ခုခံရန် မလွယ်ပါ။ ဇနီးနှင့် သမီးပျိုသာရှိသဖြင့် မိန်းမသားများကို အန္တရာယ်ပေးမှာလည်း စိုးရိမ်ရပြန်သည်။

ဦးသူတော်သည် တရားအလုပ်ကို လုပ်နေသူဖြစ်၍ တရားကို နှလုံးသွင်းနိုင်သည်။ ပစ္စည်းသခိါရ လူသခိါရကို သဘောပေါက်သည်။ ဥစ္စာဟူသည် ပျက်စီးတတ်သော သဘောကို နားလည်သည်။ ဖြစ်ပျက်သဘောကို သိမြင်နေသူဖြစ်၍ ဓားပြတောင်းသည့် ငွေနှစ်ထောင်ကို

www.burmeseclassic.com

ကြည်ကြည်ဖြူဖြူ ပေးနိုင်သည်။ သူ အထူးစိတ်ပူနေသည်မှာ တောင်ပေါ်စေတီ ထီးတင်ရာတွင် လျှုဒါန်းနိုင်ရန် အနှစ်နှစ်အလလက စုဆောင်းထားသော ငွေသုံးထောင်ကိစ္စ ဖြစ်သည်။ ထိုငွေသားသုံးထောင်ကို ဘုရားစင်တွင် တင်၍ နေ့စဉ် ပီတိမှားနေရသည်။ ထိုငွေကို ဓားပြလက်သို့ ပါမသွားစေရန်သာ စိတ်ပူနေသည်။ ထိုငွေကို ဓားပြများ မရှာစေရန် စပါးရောင်းငွေ နှစ်ထောင်ကို အသာတကြည်ပေးရန် ကြံစည်ခဲ့ခြင်းဖြစ်သည်။ ထိုငွေ ပါသွား၍ လုံးဝမဖြစ်နိုင်ပါ။ အသက်သာ အသေခံမည်၊ ထိုငွေကို အထိမခံနိုင်ပါ။ ထိုငွေအတွက် စိတ်ပူလွန်း၍ အမျိုးမျိုး စဉ်းစားနေရသည်။ ထိုငွေကို တောင်ပေါ်စေတီမှ ဘရဏ္ဍေထံ အပ်နှံသော်လည်း ဘရဏ္ဍေက လက်မခံသဖြင့် အိမ်တွင် ထားရခြင်းဖြစ်သည်။ ယခုအခါ ထိုငွေအတွက် စိတ်ပူစရာဖြစ်လာ၍ ဘရဏ္ဍေထံ အပ်နှံရန် ငွေကိုယူ၍ အိမ်က ထွက်ခဲ့ပါသည်။

ဘရဏ္ဍေထံသို့ ငွေယူသွားသည်ကိုပင် လူမသိအောင် လှိုက်လှဲသွားရသည်။ ဘရဏ္ဍေထံ မရောက်မချင်း စိတ်တထင့်ထင့်နှင့် သွားရသည်။ ဘရဏ္ဍေကို အသင့်တွေ့လိုက်ရမှ စိတ်အေးရပါသည်။

'အိမ်မှာထားရတဲ့ ငွေအတွက် လုံခြုံမှုမရှိတော့လို့ ဘရဏ္ဍေထံ ယူလာခဲ့ပါတယ် ဘရဏ္ဍေ'

'ဘယ်ငွေလဲ။ ဘုရားထီးတင်ဖို့ ငွေလား'

'မှန်ပါတယ်။ ဘုရားထီးတော်အတွက် အနှစ်နှစ်အလလက စုဆောင်းခဲ့ရတဲ့ ငွေသုံးထောင်ပါ။ ဘုရားစင်မှာ တင်ထားပြီး ဘုရားရှိခိုးတိုင်း ငွေထုပ်ကိုကြည့်ပြီး ကြည်နူးရပါတယ်။ ဒါပေမဲ့ အိမ်မှာ ဆက်ထားလို့မရတဲ့အတွက် ဘရဏ္ဍေထံ အပ်နှံပါတယ်။ လက်ခံပေးပါ'

'ကျုပ်က ဘုရားမှာ တစ်ဦးတည်း နေတာဆိုတော့ လုံခြုံရေး မကောင်းဘူး။ နောက်ပြီး ငွေရှိမှန်းသိရင် အန္တရာယ်များလို့'

'အခု ကျွန်တော့်အိမ်ကို ဗိုလ်နဂါးက ဓားပြတိုက်ဖို့ စာပို့ထားပါပြီ။ နောက်သုံးရက်ဆိုရင် လာကြတော့မှာ။ ဒါကြောင့် ငွေအတွက် စိတ်မချရလို့ ဘရဏ္ဍေထံ ယူလာရတာပါ'

'ဘယ်နေ့ တိုက်မှာလဲ'

'လကွယ်နေ့ညပါ'

ဘရဏ္ဍေသည် ငြင်းပယ်ခြင်းမရှိတော့ဘဲ ငွေကိုလက်ခံလိုက်ပါသည်။

'ကျုပ်က တန်ဆောင်မုန်းလပြည့်နေ့မှာ ထီးတင်ချင်နေတာ။ နောက်ထပ် အလှူရှင်ကို စောင့်နေခဲ့တာ'

'ကျွန်တော်လည်း စပါးရောင်းရတဲ့ ငွေနှစ်ထောင်ကို လှူဖို့ စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ ဓားပြကို ပေးရတော့ မယ်ဆိုတော့ လှူဖို့ မလွယ်တော့ပါဘူး'

'ဒါဆို အိမ်မှာရှိတဲ့ ငွေနှစ်ထောင်က ဓားပြကို မပေးရဘူးဆိုရင် လှူမှာမဟုတ် သဘောလား'

'ဓားပြကိုသာ မပေးရရင် လှူချင်တာပေါ့'

'ကောင်းပြီ၊ ဓားပြအန္တရာယ်ကာကွယ်ဖို့ ညီးလင်းရှာကြည့်မယ်။ ဒီကနေ့ကစပြီး ကျုပ်မေတ္တာအိမ်မှာ ပရိတ်ကြီး(၁၁)သုတ်ကို မနက်တခေါက် ရွတ်ပါ။ ကျုပ်ရဲ့မေတ္တာ၊ ပရိတ်မရသေးဘူးဆိုရင် နောက်တစ်မျိုး ကြံစည်ပေးပါ'

'ဘယ်လိုကြံမှာလဲ ဘရဏ္ဍေ။ အလှူငွေ ထည့်နိုင်အောင် ကူညီပေးပါ'

ဘရဏ္ဍေသည် ခေတ္တစဉ်းစားပြီးမှ ပြောပါသည်။

'ဒီလိုလုပ်ပါ။ လကွယ်နေ့ ညနေ ခရီးသည်တစ်ဦး ရောက်လာလိမ့်မယ်။ သူက ညအိပ်မယ့်အကြောင်း ပြောရင် လက်ခံလိုက်ပါ။ နောက်နေ့မနက်စောစော သူ ပြန်လိမ့်မယ်'

'ဖြစ်ပါ့မလား။ လကွယ်နေ့ညဆို ဓားပြအဖွဲ့လာရင် စည့်သည်အတွက် အန္တရာယ်ရှိနိုင်လို့ပါ'

'မစိုးရိမ်ပါနဲ့။ ကောင်းသောလာခြင်းလို့ မှတ်ပါ'

'ဒါဆိုရင် လက်ခံရမှာပေါ့'

'ပရိတ်ရွတ်ဖို့လည်း မမေ့နဲ့။ ကျုပ်လည်း မေတ္တာပို့မယ်။ အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားနိုင်မှာပါ'

ဦးသူတော် ဘရဏ္ဍေထံက ပြန်ခဲ့သည်။ အိမ်သို့ပြန်ရောက်သည်နှင့် ဇနီးနှင့် သမီးထံတွင်ရှိသော ရွှေတိုငွေစများကို လုံခြုံမည့်နေရာတွင် သိမ်းဆည်းထားရသည်။ စပါးရောင်းရသည့် ငွေနှစ်ထောင်ကို ဓားပြအဖွဲ့ရောက်လာပါက ပေးရန် အသင့်ထားရသည်။ ဘရဏ္ဍေ မှာလိုက်သည့်အတိုင်း ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ရပါသည်။

ဦးသူတော်သည် တရားရှိသူဖြစ်၍ ဂံစီမံရာကို နှောင့်ရန် အသင့်ရှိပါသည်။ ဝဋ်ကြွေးရှိလျှင် ရောင်လို့မနဲ့ ပေး

www.burmeseclassic.com

ဆပ်ရမြဲဖြစ်သည်။ သေချိန်ရောက်က သေရမည်ကို နားလည်ပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ ဓားပြတိုက်ခံရခြင်း မှာလည်း ယခင်ဘဝများက ကြွေးဟောင်းကို ဆပ်လိုက်ရသည်ကို သဘောထားပါသည်။

ရင်တထိတ်ထိတ်နှင့် စောင့်ခဲ့ရသော လက္ခယ်ညသို့ ရောက်ခဲ့ပါသည်။ ဦးသူတော်သည် ပရိတ်ရွတ်ရင်း ညအိပ် စည့်သည်ကို မျှော်နေခဲ့သည်။ စည့်သည်အတွက် စားသောက်ဖွယ်ရာများကို စီစဉ်ထားသော်လည်း ညနေစောင်းသည်အထိ စည့်သည်က ပေါ်မလာပါ။ ခေတ်ပျက်ကာလ ဖြစ်၍ နေဝင်သည်နှင့် ရွာသို့ လူအဝင်အထွက် မရှိတော့သဖြင့် စည့်သည်မလာဖြစ်တော့ဟု ယူဆကာ ညစာစား လိုက်သည်။

ဦးသူတော် ညစာစားပြီးချိန်တွင် အိမ်ရှေ့၌ ဝတ်ဖြူစင်ကြယ်နှင့် အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးတစ်ဦး ရောက်လာပါသည်။ အဘိုးကြီးတွင် တောင်ဝှေးတစ် ချောင်းနှင့် လွယ်အိတ်တစ်လုံးသာ ပါသည်ကို တွေ့ရ သည်။ အဘိုးကြီးသည် ရဲရဲဝံ့ဝံ့ခွင့်မတောင်းဘဲ အိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာသဖြင့် ဦးသူတော်က ကြိုဆို နှုတ်ဆက်လိုက်ရသည်။

'အဘိုးက ညအိပ်မယ့် စည့်သည်လား'

'ဟုတ်တယ်။ ကျုပ် ဒီမှာ တစ်ညနားပြီး မနက်စော စော ပြန်မယ်'

'ဟုတ်ကဲ့၊ ဘုရားခန်းကိုကြွပါ အဘိုး'

ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးကို ဘုရားခန်းသို့ ပို့လိုက်ရသည်။

'အဘိုးအတွက် ညစာပြင်လိုက်ရမလား အဘိုး'

ဦးသူတော်က အဘိုးအနီးကပ်၍ မေးလိုက်သည်။

'အဘိုးက ညစာ မစားပါဘူး။ အဘိုးအတွက် ဘာမှ လုပ်ပေးစရာမလိုဘူး။ အဘိုးက ဘုရားခန်းမှာ တစ်ညတာ နားပြီး နံနက်စောစော ခရီးဆက်မှာပါ။ မောင်ရင်တို့ လုပ်စရာရှိတာသာ လုပ်ကြပါ'

အဘိုး ဘုရားဝတ်ပြုနေသဖြင့် ဦးသူတော်က ခပ် လှမ်းလှမ်းက ကြည့်နေရပါသည်။ ညအမှောင်ဖုံးလာသည် နှင့် ဇနီးနှင့် သမီးတို့ကို လုံခြုံမည့်အခန်းထဲပို့ပြီး ဦးသူ တော်သာ အဘိုး၏ နောက်နားတွင်ထိုင်ရင်း ပရိတ်ရွတ် နေခဲ့သည်။ ပရိတ်ရွတ်နေရသော်လည်း စိတ်က မဖြောင့် နိုင်ပါ။ ဗိုလ်နဂါးအဖွဲ့ ဘယ်အချိန်ရောက်၍ ဘာတွေ ဆက်ကြုံရမည်ကို ရင်တထိတ်ထိတ်နှင့် ရှိနေရသည်။ အဘိုးမှာ ဘုရားတွင် အာရုံပြုနေသည်မှာ လူပ်ရှားခြင်း မရှိ ငြိမ်သက်နေသည်။ ပတ်ဝန်းကျင်ကိုပင် သတိထား မိပုံမရအောင် သမာဓိအားကောင်းနေပါသည်။ ဦးသူတော် မှာ ဗိုလ်နဂါး ဘယ်အချိန်လာမည်ကို စောင့်မျှော်ရင်း ရင်ထိတ်လျက် ရှိပါသည်။ အဘိုးမှ သန်းခေါင်ကျော်သည့် တိုင် လုံးဝလူပ်ရှားခြင်းမရှိဘဲ တရားတွင် ဝင်စားနေပါ သည်။ သန်းခေါင်ကျော်သည်နှင့် လေအေးများ ဝင်လာ၍ အအေးဓာတ်ရောက်လာပါသည်။ အအေးဓာတ် ရောက် လာသော်လည်း ဦးသူတော်မှာ ရင်ထဲက အပူကြောင့် ချွေးပြန်လျက် ရှိနေပါသည်။

ထိုအချိန် ရွာ၏အနောက်ဖျားဆီက မြင်းခွာသံများ ကြားရသည်။ ဗိုလ်နဂါးတို့အဖွဲ့ လာပြီထင်၍ ဦးသူတော် ၏ ရင်မှာ ပိုမိုလှုပ်ရှားနေပါသည်။ မြင်းခွာသံများ တစ်စ, တစ်စ ရွာနှင့် နီးလာသည်ကို သတိပြုမိသည်။ ရွာအဝင် ဆီက ခွေးဟောင်သံများပါ ကြားလာရသည်။ ဗိုလ်နဂါး တို့အဖွဲ့ လာသည်မှာ သေချာသွားပါသည်။ မြင်းခွာသံများ ဆက်တိုက်ကြားရပြီး ဦးသူတော်၏ခြံအတွင်း မြင်းများ ဝင်ရောက်လာသည်။ မကြာမီ အိမ်လှေကားမှ တက်လာ သံများကို ကြားရသည်။ တံခါးခေါက်သည်နှင့် ဦးသူ တော်က တံခါးဖွင့်ပေးလိုက်သောအခါ ဓားပြငါးဦး ဓား ကိုယ်စီဖြင့် အတင်းတိုးဝင်လာသည်။

'ဦးသူတော်ဆိုတာ ခင်ဗျားလား'

'ဟုတ်ပါတယ်။ ကျွန်တော် သူတော်ပါ'

'စပါးရောင်းရငွေနှစ်ထောင် အသင့်ရှိပြီလား'

'ဟုတ်ကဲ့၊ ရှိပါတယ်'

ဓားပြတစ်ဦးနှင့် ဦးသူတော်တို့ အပြန်အလှန်ပြောနေ ကြခြင်းဖြစ်သည်။ ဓားပြတစ်ဦး သူတော်ထံမှ ငွေထုပ် ပေးရန် ပြောလိုက်သည်။

'ငွေထုပ်ပေးလေ'

ဓားပြ၏ စကားဆုံးသည်နှင့် ဘုရားအာရုံပြုနေသော အဘိုးက အော်လိုက်သည်။

'နေကြဦး'

ဦးသူတော်သည် ငွေထုပ်ကို ပေးမည့်ဆဲဆဲ အဘိုး၏ အသံကြောင့် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ ဓားပြခေါင်းဆောင်က ဘယ်သူလဲ'

အဘိုးက အသံမာမာနှင့် မေးလိုက်သည်။ ဓားပြက ပြန်ဖြေလိုက်ပါသည်။

'ဗိုလ်နဂါးပါ'

'အခု နဂါး မပါဘူးလား'

'ပါပါတယ်ခင်ဗျ'

'နဂါးကို ခေါ်လိုက်'

အဘိုးက အသံမာမာနှင့် ပြောနေသဖြင့် ဓားပြခေါင်းဆောင်သည် အိမ်အောက်သို့ လှေကားမှ ပြေးဆင်းသွားပါသည်။ မကြာမီ အရပ်ရှည်ရှည်၊ အသားမည်းမည်း ဓားပြဗိုလ်ကြီးဗိုလ်နဂါးက လက်က ,ဓားကိုဝင့်လျက် ဒေါသတကြီး အိမ်ပေါ်သို့ တက်လာပါသည်။ အဘိုးသည် ဗိုလ်နဂါး ဆိုသူကို စူးစိုက်ကြည့်ပြီး မေးလိုက်သည်။

'မင်းက နဂါးလား'

'ဟုတ်ပါတယ်။ ဗိုလ်နဂါးပါ'

'ဟေ့ကောင် နဂါး၊ မင်း ငါ့ကို ကြည့်စမ်း'

ဗိုလ်နဂါးမှာ ဓားပြတိုက်လာသည်များတွင် သူ့ကို ထိုကဲ့သို့ မာမာထန်ထန် ပြန်ပြောဝံ့သူ မရှိ၍ ကြောင်တောင်တောင် ဖြစ်နေသည်။

'ဟေ့ကောင် နဂါး၊ မင်း ငါ့ ကို မမှတ်မိဘူးလား'

ဗိုလ်နဂါးမှာ ရုတ်တရက် အံ့သြပြီး အဘိုးရှေ့တွင် ဒူးထောက်လိုက်သည်။

'အဘိုး..ကျွန်တော် မမှတ်မိလို့ပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'ဒီနေ့ မင်း ဒီအိမ်ကို လာမယ်ဆိုတာသိလို့ ငါ လာစောင့်နေခဲ့တာ။ မင်းဟာ အခုထိ မိုက်တုန်းပါပဲလား'

'ကျွန်တော် မမိုက်တော့ပါဘူး အဘိုး'

'ဓားပြတိုက်နေတာ မမိုက်တာလားကွ'

'ဒီလိုပါ အဘိုး၊ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ဖို့ ကြိုးစားနေတာပါ။ လိုအပ်တဲ့ လက်နက်ခဲယမ်းအတွက် ရန်ပုံငွေ လိုနေလို့ ရှာနေရတာပါ'

'ဂျပန်ကိုတိုက်ဖို့ ကြိုးစားနေတာအတွက် ငါ မပြောလိုဘူး။ ဒါပေမဲ့ အပြစ်မဲ့တဲ့ ရွာသားတွေဆီက မတရား တိုက်ခိုက်ယူတာတော့ ဘယ်ကောင်းမလဲ။ အခု ဒီအိမ်က ပိုက်ဆံကို မင်းယူမိရင် မင်း အပါယ်ငရဲ ရောက်တော့မယ်။ ဒီအိမ်က ပိုက်ဆံတွေက ဘုရားထီးတော်အတွက် လှူဖို့ ရည်မှန်းထားတာ'

'ကျွန်တော် မသိလို့ပါ အဘိုး၊ ကျွန်တော် ပြန်ပါတော့မယ်။ နောက်လည်း ဒီရွာကို မလာတော့ပါဘူး။ ကျွန်တော့်အသက်ကို ကယ်ခဲ့ဖူးတဲ့ အဘိုးကို ကန်တော့ခဲ့ပါတယ်'

အဘိုးကို ကန်တော့ပြီး ဗိုလ်နဂါးသည် အိမ်ပေါ်က အပြေးဆင်းသွားပါတော့သည်။ ဓားပြများသည် မြင်းကိုယ်စီဖြင့် ရွာကထွက်သွားကြပါသည်။ မြင်းခွာသံများ တစ်စ,တစ်စ ဝေး၍,ဝေး၍သွားရာမှ နောက်ဆုံး ပျောက်ကွယ်သွားပါတော့သည်။ အဘိုးသည် မည်သူ့ကိုမျှ စကား မပြောဘဲ ဘုရားရှေ့တွင်ထိုင်ကာ တရားရှုမှတ်နေခဲ့သည်။ ဦးသူတော်ကိုယ်တိုင် ကြုံလိုက်ရသော အဖြစ်အပျက်များကို အံ့သြဖွယ် ခံစားလိုက်ရပါသည်။ အံ့သြမှု၊ ဝမ်းသာမှုများကြောင့် ရင်မှာ ပီတိများ ဖြာခဲ့ရပါသည်။ အရှေ့ဆီတွင် အရောင်တက်သည်နှင့် အဘိုးသည် ပြန်ရန်ပြင်ဆင်နေသည်ကို တွေ့ရပါသည်။

'တစ်ညတာကိစ္စတော့ ပြီးပြီ။ ခရီးဆက်ရဦးမယ်'

'အဘိုး..ဘယ်ကိုကြွမှာလဲ'

'တောင်ပေါ်ရသေ့ကို ဝင်နှုတ်ဆက်ပြီး ခရီးရှည်သွားရမယ်'

'ဘရသေ့ဆီအထိ လိုက်ခွင့်ပြုပါ အဘိုး'

အဘိုးက ရှေ့ကသွား၍ ဦးသူတော် နောက်က လိုက်ခဲ့ပါသည်။ ထိုအချိန် အရှေ့ဆီမှာ ပတ္တမြားရောင်စောက်ပလျက် ရောင်နီထွက်ခဲ့ပါတော့သည်။

ကောင်းမသာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သည် ဖြစ်ခဲ့ကြ
ဖူးသူတိုင်းက အိမ်ထောင်ရှင်ဘဝ
ကို မရောက်ခင် အပြောကျယ်လှတဲ့ အချစ်
ပင်လယ်ကြီးထဲကို ရေးဦးစွာ ဝင်ရောက်လို့ လက်ပစ်
ကူးခဲ့ကြရတာချည်းပါပဲ။ ဒါက ယေဘုယျအားဖြင့် ပြောတာပါဗျာ။
မယုံရင်ဆက်ပြီး ဖတ်ကြည့်ပေါ့။

အဲဒီလို အချစ်ပင်လယ်ကြီးထဲကို စပြီးဝင်ရောက်တော့မယ် ဆိုတဲ့
အခါမှာ ပထမဦးဆုံး လွှဲဆော်မှုတစ်ခုကနေပြီးမှ စတင်ခဲ့ရခြင်းပါပဲ။ အဲဒီလွှဲဆော်မှုကြောင့်
စတင်လာတဲ့ ဇာတ်လမ်းရဲ့ အစက ချစ်ခြင်းရဲ့ အစပါပဲ။ ချစ်ခြင်းရဲ့ အစတွေဟာ တစ်သောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ချစ်ခြင်းအစ ကမ္ဘာ့ ချစ်ဆုံးဝိုင်

တစ်ယောက်ကတော့ မတူနိုင်ပါဘူး။ မတူညီနိုင်ပေမယ့် ချစ်ခြင်းရဲ့ အစတွေကတော့ဖြင့် အိမ်ထောင်ပြုဖူးသူတိုင်းတာ ရှိနေခဲ့ကြတာ အမှန်ပါပဲ။

ချစ်ခြင်းများရဲ့ အစဟာ အချို့သူတွေက ကောင်းခြင်းတာ စခဲ့ပြီး အချို့က မကောင်းခြင်းက စခဲ့ကြတာပေါ့။ ဒီလိုပါပဲ၊ လှိုက်ဆန်းကြယ်နိုင်လှတဲ့ ဖြစ်စဉ်ဖြစ်ရပ် တစ်ခုခုကို အခြေခံပြီးတော့လည်း ချစ်ခြင်းရဲ့ အစတွေ ပေါ်ပေါက်လာနိုင်ပါသေးတယ်။

ကျွန်ုပ်မှာလည်း အိမ်ထောင်သည်ဆိုတော့ ကျွန်ုပ်ရဲ့ ချစ်ဆုံးချောအပုလေး(နာမည်အရင်းကတော့ မပုမ)နှင့် လက်ထပ်ပြီး မပေါင်းသင်းခင်က သူနဲ့ကျွန်ုပ်ဟာ ချစ်ခြင်းတွေနှင့် အပြုခဲ့ကြတာပေါ့။ အပုလေးကတော့ဖြင့် ကျွန်ုပ်အပေါ် ဘယ်လိုချစ်ခြင်းအစတွေနဲ့ လက်ထပ်ပေါင်းခဲ့တယ် မသိပေမယ့် ကျွန်ုပ်က သူ့အပေါ် လက်ထပ်ပေါင်းသင်းဖြစ်ဖို့ စတင်ပြီး ချစ်လာခဲ့ရတဲ့အကြောင်း တစ်နည်းအားဖြင့် ကျွန်ုပ်ရဲ့ ချစ်ခြင်းအစကိုတော့ သိတာပေါ့။

ကျွန်ုပ်ရဲ့ ချစ်ခြင်းအစက လှိုက်ဆန်းကြယ်နိုင်မှုက စခဲ့တယ်လို့ပြောရင် မှန်သဗျ။ ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီး ကျွန်ုပ်က မဂ္ဂဇင်းတွေရဲ့ စာမျက်နှာများပေါ်မှာ ရေးသားပြီး တင်ပြနေချင်ခဲ့တာပါ။ ဒါပေမဲ့ ကျွန်ုပ်က စာမရေးတတ်ဘူးဗျ။ စာကသာ မရေးတတ်တာပါဗျာ၊ အရက်ကလေးတမြမြ သောက်ပြီး သူတစ်ထူးရဲ့ အပြစ်အနာအဆာတွေကို ရှာကြံပြောဆိုတဲ့ နေရာမှာတော့ ပြိုင်ဘက်ကင်းဗျ။ ဂျပိုးကို လိပ်ဖြစ်အောင် ပြောတတ်သလို လိပ်ကိုလည်း ဂျပိုးဖြစ်အောင် ပြောတတ်တယ်ဗျ။ ဒါကတော့ စကားစပ်မိလို့ ထည့်ပြီးပြောမိတာပါဗျာ။ အဲ.. စာရေးဆရာတွေလို တန်ဖိုးရှိတဲ့ စာတွေတော့ မရေးတတ်ပါဘူး။

♦♦♦

တစ်နေ့မှာတော့ ကျွန်ုပ်နေထိုင်ခွင့်ရတဲ့ (၈၀၀)ကျပ် တန်လိုင်းရဲ့ ဝန်ထမ်းနေအိမ်ကို ညစောင့်ကြီး ဦးတင်စိုးနှင့် အတူ ကျွန်ုပ် မမြင်ဖူးတဲ့ လူတစ်ယောက် ရောက်ရှိလို့လာ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြပါတယ်။ ကျုပ်ကလည်း အလုပ်ပိတ်ရက်ဆိုတော့ အရက်ကလေးတမြမြနဲ့ စာဖတ်ရင်း အနားယူနေတာပါ။

ညစောင့်ကြီး ဦးတင်စိုးနဲ့ ကျုပ်နဲ့က အလုပ်ရုံတစ်ရုံထဲမှာပဲ အတူတကွ တာဝန်ထမ်းဆောင်နေရတဲ့သူပါ။ သူကတော့ ညစောင့်တာဝန်ကို အမြဲယူထားသူမို့ ကျုပ်တို့က သူ့ကို ညစောင့်ကြီးလို့ပဲ ခေါ်ကြပါတယ်။ ကျုပ်တို့ရဲ့ စက်ရုံက ပြည်မြို့ရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ ဆင်တဲရွာအနားက ကစစ(၃၇)ကြီးပါပဲ။ စက်မှုဝန်ကြီးဌာနလက်အောက်မှာ ရှိတဲ့ အထင်ကရစက်ရုံကြီးပါ။

ညစောင့်ကြီးက ကျုပ်ရဲ့အိမ်ပေါ်ကို ရောက်လာတာနဲ့-

'အာစရိရေ..ဟောဒါက ရန်ကုန်သား စာရေးဆရာကြီးပါ။ သူ့ရဲ့နာမည်အရင်းက ဘုံးကျော်တဲ့။ ကလောင်နာမည်ကတော့ သီးသန့်ရှိတာပေါ့။ လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတွေကို ရေးနေတဲ့ စာရေးဆရာပါပဲ။ ကျုပ်တို့သရဲဇီးရွာက အမျိုးသမီးနဲ့ ညားကြပေမယ့် ရန်ကုန်မှာပဲ သွားပြီးနေကြတာပါ။ အခု သူ့ယောကျ်ားမများ ကန်တော့ဖို့ ဆိုပြီး ရွာကို ခဏပြန်လာတယ်။ အဲဒါကြောင့် သူ ရန်ကုန်အပြန်မှာ စာမူကုန်ကြမ်းလေး ရသွားအောင်ဆိုပြီး အာစရိဆီကို ခေါ်လာခဲ့တာပါ။ အရင်တစ်ခါ ကျုပ်ကို ပြောပြဖူးတဲ့ အကြောင်းလေးကို ပြောပြစေချင်တယ်'ဆိုပြီးတော့ ပြောပြလာတယ်။

မှန်ပါတယ်။ ညစောင့်ကြီးကို ကျုပ်ဘဝရဲ့ အချစ်ဇာတ်လမ်းအကြောင်း ပြောပြခဲ့ဖူးပါတယ်။ ညစောင့်ကြီးက အတော်လေးကို စိတ်ဝင်စားခဲ့ပုံရပါတယ်။ ဖြစ်နိုင်ရင် ပေထက်မှာ အကျဉ်ရောတင်ပြီး နောင်လာနောက်သားတွေအတွက်ပါ သိရှိလို့သွားအောင် ထားရစ်ခဲ့ချင်ပုံရတယ်။ ဒါပေမဲ့ သူလည်း မတတ်နိုင်သလို ကျုပ်လည်း မစွမ်းဆောင်နိုင်ပါဘူး။

ဟော..အခုတော့ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို ဖြစ်လာပြီ။ ဒီလို စာတွေရေးတတ်တဲ့ စာရေးဆရာမျိုးတွေကို မျှော်ခဲ့ရတာ ကြာပြီ။ မျှော်လင့်တုန်း ကျော့ဆုံးတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို အိမ်ပေါ်အထိ တက်လာပါပြီ။

ကျုပ်ကလည်း ကျုပ်ရဲ့ အချစ်ဇာတ်လမ်းကို ပုံဖော်ပြီး ရေးပြပေးမယ့် လျှို့ဝှက်ဆန်းကြယ် စာရေးဆရာကြီးကို နေရာထိုင်ခင်းတွေပေးပြီး စားသောက်ဖွယ်ရာများကိုပါ နေရာတကျ စီစဉ်ပေးလိုက်ပါတယ်။

အရပ်ရှည်ရှည်၊ အသားလတ်လတ်၊ ပိန်ပိန်ပါးပါး ဆံပင်စုတ်ဖွားကလေးနဲ့ဆိုတော့ သူဝတ်ထားတဲ့ အဖြူရောင်လက်ပြတ်အင်္ကျီနဲ့ လိုက်ဖက်လှပါတယ်။ ပြီးတော့ ပါဝါမျက်မှန်ကလေးနဲ့ဆိုတော့ ပိုပြီးခံညားသွားပြန်ပါတယ်။

ကျုပ်က ကျုပ်သောက်နေတဲ့ အရက်ပုလင်းလေးကိုပါ သူ့ဘက်နားအထိ တိုးပေးလိုက်ပါတယ်။ သောက်ပါဆိုတဲ့ သဘောပါပဲ။ သူကတော့ လက်ခံခြင်း၊ ငြင်းဆန်ခြင်း မပြုပါဘူး။

ဘာပဲဖြစ်ဖြစ် ကျုပ်ဆီရောက်လာတဲ့ ဒီလျှို့ဝှက်ဆန်းကြယ် စာရေးဆရာကြီးကတော့ ကျုပ်ရဲ့ အချစ်ဇာတ်လမ်းကို မနားတမ်း မေးကောင်းမေးလာနိုင်ပါတယ်။

အဲဒါကြောင့် သူ မမေးခင် ကျုပ်က ဦးဦးပြီး-

'ကဲ..စာရေးဆရာရေ၊ စာရေးဆရာက ကျုပ်ကို မမေးခင် ကျုပ်က စာရေးဆရာကို အရင်ဦးစွာ မေးပါရစေ။ အခု စာရေးဆရာက လျှို့ဝှက်ဆန်းကြယ်တဲ့ အကြောင်းအရာတွေ ရေးနေတယ်လို့ ညစောင့်ကြီး ပြောပြလို့ သိရတယ်။ ကျုပ်သိချင်တာက အဲဒီလို လျှို့ဝှက်ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေကို ဘာကြောင့် အသားပေးပြီး ရေးဖြစ်နေတာလဲ ဆိုတာကိုပါပဲ'

ဟု မေးလိုက်လျှင် အဆိုပါ စာရေးဆရာဆိုသူက-

'ဒါကတော့ ဒီလိုရှိပါတယ်။ လောကကြီးမှာ ကျွန်တော်တို့ရဲ့ဉာဏ်နဲ့ မမီနိုင်တဲ့အရာတွေ ရှိနေပါလားဆိုတာကို စာဖတ်သူတွေ သိစေချင်တယ်။ တချို့လူတွေက အဲဒီရဲ့ လျှို့ဝှက်ဆန်းကြယ်နိုင်မှု အစုစုတွေကို သိပ္ပံနည်းနဲ့ ချဉ်းကပ်ကြတယ်။ မရတာမျိုးတွေ ရှိနေတယ်။ ကျုပ်တို့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားတော်တွေထဲမှာ လောက အကြောင်း မကြံစည်ကောင်း ဆိုတာပါတယ်ဗျ။ ဒီတရားတော်ဟာ မှန်နေတယ်ဆိုတာကို ကျုပ်က ချပြချင်နေတာပါ။

ပြီးတော့ ပရလောကသားတွေအကြောင်း ပါမယ်။ ဒါလည်း ခုနကအတိုင်းပါပဲ။ ပရလောကသားတွေ ရှိနေတယ်ဆိုတဲ့အကြောင်း ချပြချင်တယ်။ ဘာကြောင့်ချပြရသလဲဆိုတော့ ကျွန်တော်တို့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားတော်တွေထဲမှာ မြင်အပ်,မမြင်အပ်ဆိုတာ ပါတယ်လေ။ အဲဒီ မမြင်အပ်တဲ့ ပရလောကသားတွေ ရှိနေတယ်ဆိုတာ ကျွန်တော် ရေးပြရင်းနဲ့ပဲ လူတွေက လက်ခံလာခဲ့ပြီဆိုရင် ကျွန်တော်တို့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ အခြားသော ဘုံသားတွေ ရှိနေသေးတယ်ဆိုတာ မှန်နေနဲ့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့လည်း အခြားသော ဟောကြားခဲ့မှု တရားမွန်အစုစု တွေဟာလည်း အမှန်တွေပါပဲလို့ ဆက်ပြီး လက်ခံလာနိုင်ပြီပေါ့။ ဒီအခါ ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်ဖို့ လမ်းအစကို တွေ့နိုင်သွားပြီ။ ဒါကြောင့် ရေးတာပါ။ ကဲ..ကျွန်တော် သိချင်တဲ့ ဆရာရဲ့ အချစ်ဇာတ်လမ်းလေးကို ပြောပြပါတော့' ဟုပြောရင်း တောင်းဆိုလာပါတော့သည်။

ထိုအခါ ကျုပ်က အောက်ပါအတိုင်း ပြောပြဖြစ်လိုက်ပါတော့သည်။

♦♦♦

ကျွန်ုပ်သည် တစ်ချိန်သောအခါက တပ်မတော်သား တစ်ဦး ဖြစ်ခဲ့ပါသည်။ ကျွန်ုပ် တာဝန်ထမ်းဆောင်ရသော တပ်ရင်းမှာ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်၏ လက်အောက်ခံ တပ်ရင်းဖြစ်သော အမှတ်(၂)ခြေမြန်တပ်ရင်း ကျိုက်ထိုမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

ကျွန်ုပ်တို့ တပ်မတော်သား လူပျိုစစ်သည်များအနေဖြင့် အိမ်ထောင်လိုင်းသို့ အကြောင်းမရှိဘဲ မသွားရပါ။ သွားလိုပါက သက်ဆိုင်ရာတာဝန်ရှိသူဆီသို့ တင်ပြတောင်းခံပြီးမှသာ သွားရပါသည်။ အထူးသဖြင့် ညအချိန်ဆိုလျှင် ပို၍ဆိုးသည်။ တပ်ရင်းတွင် ခန့်အပ်တာဝန်ပေးထားသော တပ်ရဲ(RP) များက နေ့ဖြစ်စေ၊ ညဖြစ်စေ အလှည့်ကျ တာဝန်များပေးပြီး စောင့်ကြပ်ကြည့်ရှုနေကြသည်။

ထိုစဉ်အခါက ကျွန်ုပ်အား အရက်သမားပါဟု ပြောလျှင် ရသည်။ အရက်သမားဆိုသော်လည်း စည်းမဲ့ကမ်းမဲ့တော့ မဟုတ်ပါ။ စည်းမဲ့ကမ်းမဲ့ သောက်စားမူးယစ်လျှင်လည်း တပ်ရင်းက လက်ခံမည်မဟုတ်။ အချုပ်ခန်းဆိုတာက တွင်းထဲမှာရှိသည်။ အဆိုပါ အချုပ်ခန်းသည် စည်းမရှိကမ်းမရှိ။ စစ်စည်းကမ်းဖောက်ဖျက်သူများအတွက် ထားရှိခြင်းဖြစ်သည်ဟုဆိုလျှင် မမှားပါ။

သို့ဖြစ်၍ ကျွန်ုပ်က အလုပ်တာဝန်များ ပြီးဆုံးသော ညနေပိုင်းအချိန်သို့ ရောက်မှသာ သောက်သည်။ စနေ၊ တနင်္ဂနွေလိုနေ့မျိုးဆိုရင်တော့ တစ်နေကုန် သောက်ဖြစ်သည်က များသည်။ အရက်သောက်သော်လည်း သူများနှင့် စကားများပြီး ရန်ဖြစ်ဖူးခဲ့သည်ဟူ၍ မရှိခဲ့ပါ။ သူတစ်ပါး သားမယားအား သွားရောက်ပြစ်မှားဖို့ ဆိုသည်မှာ ဝေလာဝေး။ အပျိုပေါက်များကိုပင် သွားရောက်ပြီး ရည်းစားစကားပြောဖို့ အစီအစဉ် မရှိခဲ့ပါ။ အရက်နဲ့မိန်းမ ဘယ်ဟာကို ရွေးမလဲ မေးလာသည်ရှိသော် ကျွန်ုပ်က အရက်ကို သာ ရွေးမည်။ မိန်းမကိုရွေးမည်သူထဲတွင် မပါဝင်ခဲ့ပါ။ အရက်နှင့် ပတ်သက်လာလျှင် ကလေးငယ်တစ်ဦးက မိခင်၏ နို့ရည်အား ကြိုက်နှစ်သက်သကဲ့သို့ ကြိုက်နှစ်သက်သူ ဖြစ်ပါသည်။

နေညိုချိုန် ရောက်ရှိခဲ့ပြီဆိုသည်နှင့် အရက်ဆိုင်သို့ ရောက်နေကျဖြစ်သည်။ ထိုစဉ်အခါက ကျွန်ုပ်တို့တပ်ရင်းနဲ့ ကျိုက်ထိုမြို့အကြား ကျိုက်ထိုမြို့သို့အသွား ကားလမ်း၏ ညာဘက်အခြမ်းတွင် စားသောက်ဆိုင်တစ်ဆိုင် ရှိပါသည်။ စိတ်ငြိမ်ရာ စားသောက်ဆိုင်ဟု အမည်ပေးထားကြသည်။ အဆိုပါစားသောက်ဆိုင်သည် တပ်နဲ့သော်လည်းကောင်း၊ မြို့နဲ့သော်လည်းကောင်း မနီးကပ်လှပါ။ သို့ဖြစ်၍ ဆိုင်နာမည်ပေးထားသည့်အတိုင်း ဆိတ်ငြိမ်လှတော့သည်။ နားအေးပါးအေးဖြင့် သောက်စားလိုသူများအဖို့ကတော့ အတော်ကလေးကို စိတ်ချမ်းသာရပါ၏။ အဆိုပါဆိုင်သို့ ကျွန်ုပ်က ညနေတိုင်း ရောက်ဖြစ်၊ သောက်ဖြစ်ပါသည်။

ဤသည်တို့မှာ ကျွန်ုပ်၏ ချစ်ခြင်းအစကို မတွေ့ရှိရသေးခင်က အခြေအနေပင် ဖြစ်တော့သည်။

♦♦♦

ကျွန်ုပ်တို့တပ်ရင်းတွင် အပတ်စဉ် စနေနေ့သို့ရောက်တိုင်း တပ်ရင်းလုပ်အားပေး လုပ်ကြရသည်။ အဆိုပါတပ်ရင်းလုပ်အားပေးတွင် စစ်သည်ရော ရဲမေများပါ ပါဝင်ကြရသည်။

ထိုကဲ့သို့ လုပ်အားပေးနေကြရင်းက ခင်သန်းဝင်းဆိုသောရဲမေက-

'ချစ်ဖေရေ..ငါ့ညီမ သန်းသန်းနဲ့ ကျိုက်ထီးရိုးဘုရားလာဖူးတုန်းက ငါတို့အိမ်မှာ တည်းခိုသွားကြတယ်။ အဲ..သူတို့ နဂါးမောက်ရွာကို ပြန်တော့မယ်ဆိုတော့ မင်းရဲ့ဓာတ်ပုံကို မြင်တွေ့သွားပြီး စာတစ်စောင်နဲ့ ဓာတ်ပုံတစ်ပုံကို ပေးခဲ့တယ်။ သူက မင်းကို မိတ်ဆက်ချင်လို့ပါတဲ့။ အဲဒါ ညရောက်တော့ ငါတို့အိမ်မှာ လာယူပေါ့' ဟု ပြောလေသည်။

ခင်သန်းဝင်းဆိုသော ရဲမေမှာ အခြားသူမဟုတ်။ ကျွန်ုပ်နှင့်အတူ အမှတ်(၃) တိုင်းဗဟိုလေ့ကျင့်ရေးစခန်း ဗထူးတပ်မြို့တွင် အခြေခံတပ်သားသစ်သင်တန်းကို တက်ရောက်ခဲ့ကြရသော သူငယ်ချင်းတပ်သား မြတ်မင်း၏ဇနီးပင် ဖြစ်သည်။

သူငယ်ချင်း တပ်သားမြတ်မင်းနှင့် ကျွန်ုပ်က သား

www.burmeseclassic.com

စာနှံးကျောင်းတွင် အိပ်ဆောင်တစ်ဆောင်တည်း။ တပ်စု တစ်စုတည်းအပြင် တပ်စိတ်ကလည်း တစ်စိတ်တည်းပင် ဖြစ်ခဲ့ကြရသည်။ သင်တန်းပြီးဆုံးတော့မည် ဆိုသောအခါ အချစ်ဆုံးသူငယ်ချင်းများနှင့်တွဲကာ ဓာတ်ပုံများရိုက်ကြသည်။ ဓာတ်ပုံရိုက်ပြီး ဝေယူကြသည်။ သို့မှသာ တပ်ရင်း အသီးသီးသို့ ပြောင်းရွှေ့ရောက်ရှိသွားသောအခါ ပြန်လည် အမှတ်ရနေစေရန်အတွက် ရိုက်ကြခြင်းသာဖြစ်သည်။

တပ်သားမြက်မင်းနှင့် အတူတွဲပြီးရိုက်ခဲ့သော ဓာတ်ပုံ စုံတွဲမှာ မြက်မင်းတို့အိမ်တွင် ရှိသလို ကျွန်ုပ်ဆီမှာလည်း ရှိပါသည်။ အဆိုပါဓာတ်ပုံကို ကျိုက်ထီးရိုးဘုရားဖူးရန် ရောက်ရှိလာသော ခင်သန်းဝင်း၏ ညီမဖြစ်သူက တွေ့ရှိ သွားရာမှ ယခုကဲ့သို့ မိတ်ဆက်စာနှင့် ဓာတ်ပုံကို ပေးခဲ့ ခြင်းဆိုသည်မှာ ဖြစ်နိုင်ချေတော့ ရှိပါသည်။

ကျိုက်ထီးရိုးဘုရား ဆိုသည်မှာလည်း ကျွန်ုပ်တို့ကျိုက် ထိုမြို့အနီးတွင်ရှိကြောင်း လူတိုင်းနီးပါးက သိကြပြီးသား ဖြစ်သည်။ ကျွန်ုပ်တို့တပ်ရင်း ဆိုသည်မှာလည်း ကျိုက်ထို မြို့မှ ကျိုက်ထီးရိုးဘုရားသို့အသွား ကားလမ်း၏ ညာဘက် ခြမ်းတွင် တည်ရှိနေခြင်းသာဖြစ်ပါသည်။ သို့ဖြစ်၍ ကျိုက် ထီးရိုးဘုရားဖူးခရီးသွားများအတွက် အသွားရော အပြန်မှာ ပါ ဝင်ရောက်တည်းခိုလို့ အဆင်ပြေလှပါသည်။

သို့ဖြင့် ကျွန်ုပ်က ခင်သန်းဝင်းအား 'အေးပါ၊ ည ရောက်တော့ လာယူပါ့မယ်' ဟု ကတိပေးလိုက်ပါသည်။

မိန်းကလေးတွေကို လုံးဝစိတ်မဝင်စားခြင်းကား မဟုတ်။ သို့ပါသော်လည်း အရက်လောက် ခုံမင်မြတ်နိုး ခြင်း မရှိသည့် အဆင့်မှာသာ ရှိသည်။ ယခုကဲ့သို့ မိန်း ကလေးရှင်ကနေပြီး တကူးတကနဲ့ ရှေးဦးစွာ မိတ်ဆက်စာ ရေးလာခဲ့ခြင်းအတွက်ကိုတော့မူ ကျွန်ုပ်က ကြည့်ချင်၏၊ ဖတ်ချင်၏။ အနည်းနဲ့အများဆိုသလို စိတ်ဝင်စားမှုကိုတော့ ပြနေ၏။ ယုန်ကမတိုး ပိုက်ကတိုးလာမှတော့ ယောကျ်ား ပဲလေ။

သို့ဖြစ်၍ ညနေပိုင်း နေညိုချိန်သို့ ရောက်သောအခါ သူငယ်ချင်းတစ်စုနှင့် ထုံးစံအတိုင်း စိတ်ငြိမ်ရာစားသောက် ဆိုင်သို့ ချီတက်ခဲ့ကြသည်။ မြို့ထဲက စားသောက်ဆိုင်ကို တော့ ကျွန်ုပ်တို့က တော်တော်နဲ့ အနားမကပ်နိုင်ကြပါ။ စိတ်ငြိမ်ရာစားသောက်ဆိုင်တွင်ကား သရက်သီး၊ ဆီးသီး၊ မြေပဲလှော်၊ ပဲလှော်အဆင့်လောက်နဲ့ အရက်အမြည်းလုပ် ပြီး စားသောက်နိုင်သည့်အပြင် အကြွေးစနစ်ပါ ဝယ်ယူ၍ ရသည့်အတွက် များစွာမှ အဆင်ပြေလှပါသည်။

သောက်စားပြီး အတော်ကလေးအရှိန်ရလာခဲ့မှ တပ် ရင်းကို ပြန်ခဲ့ကြသည်။ ညစာထမင်းဟင်းကိုတော့မူ ကြို တင်ချူခပ်ယူထားပြီး အိပ်သည့်နေရာတွင် သိမ်းထားကြရ သည်။ သို့ဖြင့် လူဖျိုလိုင်းသို့ ရောက်သောအခါ ကျွန်ုပ်က ထမင်းမစားသေးဘဲ ခင်သန်းဝင်းတို့၏ နေအိမ်ရှိရာ အိမ် ထောင်သည်လိုင်းခန်းဘက် ထွက်ခဲ့ရသည်။ သူငယ်ချင်း များကိုခေါ်တော့ သူတို့က မလိုက်ရဲ။ ကျွန်ုပ်တစ်ယောက် တည်း မည်သူ့ခွင့်ပြုချက်မှမယူဘဲ ထွက်ဖြစ်ခဲ့ခြင်းသာဖြစ် သည်။ သွားပြောနေလျှင်ကား စကားကြောရှည်နေပါဦး မည်။ ဖြစ်နိုင်က အရက်မူးပြီး မသွားနဲ့ဟုပင် ဖြစ်လာနိုင် သည်။ ကိုယ့်ဟာကိုယ် လူမသိ သူမသိ ခပ်ကုတ်ကုတ်လေး ထွက်လာခဲ့တာမှ ဟုတ်တုတ်တုတ် ဖြစ်ပေဦးမည်။

ခင်သန်းဝင်းတို့အိမ်ကိုရောက်တော့ သူ့ယောကျ်ားကို မတွေ့ရ။ သူ့ယောကျ်ားမှာ တပ်ရင်းဗဟိုကင်းတွင် တစ် ပတ်တိတိ အလှည့်ကျတာဝန်နေရသည်မို့ ဗဟိုကင်းမှာပဲ ညအိပ်ညနေ နေရသည်။ ယခုမှညားခါစဖြစ်၍ သားသမီး များလည်းမရှိ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် လူဖျို စစ်သည်တစ်ယောက်အနေဖြင့် မည်မျှပင်ခင်မင်နေစေကာမူ မသွားသင့်။ ပတ်ဝန်းကျင်က ရှိနေသည့်အပြင် တပ်ရဲများ ကလည်း လှည့်ပတ်ကာ ချောင်းကြည့်နေတတ်ကြသည်။

သူတို့အိမ်သည် တိုက်လိုင်းမဟုတ်၊ တပ်ရင်းတည် ဆောက်ခါစမို့ လိုင်းခန်းမရသေး။ သို့ဖြင့် ကိုယ့်နည်းကိုယ် ဟန်ဖြင့် ယာယီတဲအိမ်ကလေးဆောက်ပြီး နေကြရသည်။ အခြားသောယာယီတဲအိမ်ကလေးများကလည်း ရှိနေသည်။ ရှိနေသော်လည်း အနည်းငယ်မျှကျဲသည်။ တော်သေးသည် က သူတို့အိမ်တွင် အလည်လာဟန်ရှိသော အမျိုးသမီးတစ် ယောက်က ည့ဲခန်းမှာ ထိုင်နေ၍ဖြစ်သည်။ ကျွန်ုပ်နဲ့ သက် တူရွယ်တူထဲကဖြစ်သည်။ ကျွန်ုပ်က ထိုအမျိုးသမီးကို စိတ် မဝင်စားပါ။ ရွာကြမ်းရေကျိုအဆင့်ထက်သာသော အလှ လောက်ကိုတော့ သူမက ပိုင်ဆိုင်ထားသည်။ အသားက ခပ်ညိုညို။ ခပ်ညိုညိုဟုသာ ဆိုရသော်လည်း ပြာနမ်းနှမ်း အဆင့်ဘက်ကို ခပ်ယိုင်ယိုင်ကလေး ပါနေ၏။ သူမ၏အလှ မှာ ပို၍ထူးခြားမှုဟူ၍ တစ်ခုမှ ကျွန်ုပ် မတွေ့ခဲ့ပါ။

ကျွန်ုပ်ရောက်သည်နှင့် ခင်သန်းဝင်းက မီးဖိုချောင် ဘက်ဝင်သွားသည်။ ရေနွေးအိုးသွားကျိုခြင်းဖြစ်သည်။

ကျွန်ုပ်က ည့ဲသည်အမျိုးသမီးအား ကျောခိုင်းထိုင်

www.burmeseclassic.com

ကာ မီးဖိုချောင်ဘက်လှည့်ပြီး-

'ကဲ..ငါ့ကိုပေးခဲ့တဲ့ စာနဲ့ဓာတ်ပုံပေးလေ။ အခု ငါလာယူတာ'

ဟု ပြောလိုက်လျှင်-

'နေပါဦး ကိုချစ်ဖေရဲ့၊ ဒီမှာ ရေနွေးလေးသောက်သွားပါဦး။ စကားလေးဘာလေး ပြောရင်းနဲ့ပေါ့။ ဓာတ်ပုံနဲ့ စာက သေတ္တာထဲမှာ သိမ်းထားတာ။ ရှာရဦးမယ်'

ဟု ပြောရာ ကျွန်ုပ်က-

'ရေနွေးတည်မနေနဲ့တော့ သောက်လို့မရဘူး။ အရက်သောက်ထားတာလေ။ ဓာတ်ပုံနဲ့ စာကိုပဲ သွားရှာပါတော့'

ဟု ပြောလိုက်ရာ သူမက အခန်းထဲဝင်သွားပြီး ဟိုရှာဒီရှာဖြင့် လိုက်ရှာနေပါတော့သည်။ လိုက်ရှာနေရင်းက အခြားသော ထွေရာလေးပါး စကားများကိုလည်း ပြောဆိုဖြစ်ကြသည်။

ကျွန်ုပ်သည် သူတို့၏နေအိမ်တွင် အကြာကြီး မနေရဲပါ။ ယခုဝင်လျှင် ကျီးလန့်စာစားဘဝဖြင့် ထိုင်နေရသည်။ ဖြစ်နိုင်လျှင် ကျွန်ုပ်က ပြန်ချင်နေပြီဖြစ်သည်။ သို့သော် သူမက အချိန်ဆွဲပြီး စကားပြောနေ၍သာ ကြာနေရသည်။

သို့ဖြင့် ကျွန်ုပ်က စိတ်မရှည်ဖြစ်လာသဖြင့် 'ကဲ.. ခင်သန်းဝင်းရေ၊ မနက်ဖြန်မှ တစ်ခါလာတော့မယ်။ ရအောင်သာ ရှာထားတော့'ဟု ပြောဆိုနှုတ်ဆက်ပြီး လူပျိုလိုင်းဘက်သို့ ကုပ်ချောင်း,ကုပ်ချောင်းဖြင့် ပြန်ခဲ့ရသည်။

ကံကောင်းထောက်မ၍ တပ်ရဲတွေနဲ့တော့ မတွေ့ခဲ့ရပါ။ ရှောရှောရှူရှူဖြင့် ဘားတိုက်ရှိရာဆီသို့ ပြန်ရောက်ခဲ့ရပါသည်။

♦♦♦

ကျွန်ုပ်သည် နောက်နေ့ ညများတွင်လည်း ဆက်ပြီး သွားဖြစ်သည်။ သွားဖြစ်သည့်အခါတိုင်းလည်း အရက်မူးပြီးမှ သွားဖြစ်သည်။ သွားနေရသည့် အကြောင်းရင်းမှာလည်း ဓာတ်ပုံနှင့် မိတ်ဆက်စာ ကိစ္စကြောင့်သာဖြစ်သည်။ သွားသာ သွားနေရသည်၊ မည်သည့်အခါမှ စာနဲ့ဓာတ်ပုံကို ဓရခဲ့ပါ။ အကြောင်းမှာ ရှာရန် မေ့နေ၍၊ ရှာတွေ့ပြန်တော့လည်း သေတ္တာထဲမှာ သိမ်းထားပြီး သေတ္တာသော့က မြတ်ခင်း၏ နောက်သို့ပါသွား၍ ဒီလိုနဲ့ပဲ ပြီးခဲ့ရသည်။ လေး, ငါးခါမက သွားရပြီးသောအခါ ကျွန်ုပ်က စိတ်ပျက်လာတော့သည်။

သူတို့အိမ်တွင် အလည်လာတတ်သော ရွာကြမ်းရေကျို အမျိုးသမီးကိုတော့ဖြင့် သွားတိုင်း တွေ့ဖြစ်ပါသည်။ တွေ့ဖြစ်ခဲ့ကြရသော်လည်း စကားတစ်ခွန်းမှ မပြောဆိုဖြစ်ခဲ့ကြပါ။ ကျွန်ုပ်၏ စိတ်မဝင်စားမှုကြောင့်ပင် ဖြစ်သည်။ အပြန်အလှန်ဆိုသလို ဖုတ်လေးသည့်ငါးပိ ရှိသည်ဟုပင် မထင်ခဲ့ကြ။

သို့ဖြင့် တစ်နေ့သော ညတွင် ကျွန်ုပ်က အရက်ကို အလွန်အကျွံနီးပါးမျှ သောက်စားပြီး ခင်သန်းဝင်း၏ နေအိမ်သို့ ရောက်သွားရပြန်သည်။ လာနေကျအမျိုးသမီးကိုလည်း ဧည့်ခန်းမှာထိုင်နေကြောင်း မြင်တွေ့ရသည်။ သို့သော် ကျွန်ုပ်က သူ့ကိုလည်းမကြည့်၊ စကားကိုလည်း သွားမပြော။ ကိုယ်၏ လာရင်းတိစ္ဆကိုပဲ လိုရင်းတိုရှင်းပြောလိုက်သည်။

'ခင်သန်းဝင်း..စာနဲ့ဓာတ်ပုံ ပေးပါ။ ဒီတစ်ခါမှမရရင် နောက်ဘယ်တော့မှ မလာတော့ဘူး'

ဟု ပြောလိုက်ရာ ခင်သန်းဝင်းက-

'ဒီနေ့ ရမသွားလည်း နောက်နေ့ ညတွေမှာ လာခဲ့ပေါ့။ ဘာများဖြစ်နေလို့လဲ။ ဒီမှာ သော့ပျောက်လို့ ရှာနေ

www.burmeseclassic.com

ရောက် မောရလို့ ဟု ဆင်ခြေပေးသည်။

ကျွန်ုပ်က-

'ဒီမှာ ခင်သန်းဝင်း..ငါက ဒီကိုလာရတာ လွယ်တယ်များ မှတ်နေလား။ RP တွေကြားမှာ ရှောင်ရင်းတိမ်းရင်း လာရတာ။ အဲ..သူတို့မိသွားလို့ကတော့ သိတယ်မဟုတ်လား။ အချုပ်ခန်းက အဝေးကြီးမှာမဟုတ်ဘူး။ တပ်ထဲမှာကို ရှိနေတာ'

ဟု ပြောလိုက်ရာ-

'အမယ်လေး ကိုချစ်ဖေရယ်..အဲဒီ RP တွေဆိုတာက ကျွန်မတို့က ပိုင်ပါတယ်ရှင်။ အာ(ရ်)ပီဆာဂျင်ကြီးနဲ့ ကျွန်မက ရင်းနှီးပြီးသားပါ။ ဘာမှမဖြစ်နိုင်ပါဘူး။ လာမှာဖြင့် ရဲရဲကြီးသာ လာစမ်းပါ'ဟု ပြောလေသည်။

ကျွန်ုပ်က-

'မင်းဟာနဲ့မင်း အာ(ရ်)ပီနဲ့ ပိုင်တယ်ပဲထား၊ ငါ့မှာတော့ သောက်စားမူးရူးပြီးမှ ဒီကိုရောက်လာရတာ။ ဒီတော့ စကားအပြောအဆိုကအစ မမှားဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။ မှားသွားရင် ပြဿနာဆိုတာ ရှိလာတတ်တယ်။ ဒါကြောင့်ပါ'

'ကိုချစ်ဖေက မလာချင်တာနဲ့ အကြောင်းတွေပြနေတာပါ။ တကယ်တော့ ကိုချစ်ဖေမှာ သောက်စားတာကလွဲပြီး မူးရူးလို့ စကားမှားတာမျိုး မရှိခဲ့ပါဘူးနော်။ မှားသွားခဲ့ပြီပဲထား ဘယ်သူကရော စိတ်ဆိုးပေးမယ့်သူ ရှိလို့လဲ။ ပြောစမ်းပါဦး'ဟု ပြောလေသည်။

ကျွန်ုပ်ကလည်း-

'စကားပြော မမှားဘူးပဲထား၊ သောက်စားထားလေတော့ အော့တာအန်တာတွေ ဖြစ်လာနိုင်တယ်။ ရုပ်ပျက်ဆင်းပျက် ဖြစ်လာနိုင်တယ်'ဟု ပြောလိုက်သောအခါ စည်သည်ခန်းတွင် ထိုင်နေသော အမျိုးသမီးက နေအိမ်အပြင် ဘက်သို့ ထွက်ခွာသွားကြောင်း ကျွန်ုပ်က လှည့်မကြည့်ဘဲ သိလိုက်ပါသည်။

ကျွန်ုပ်၏ အာလေးလျှာလေးအသံကို မကြားလိုသဖြစ်နိုင်သလို ကျွန်ုပ်စကားအတိုင်း သူဘက်လှည့်လာပြီး ဟိုပြောဒီပြောဖြင့် လုပ်မလာဘူးဟု မပြောနိုင် စသည်..စသည် အတွေးမျိုးဖြင့် ကျွန်ုပ်အား ရှောင်ထွက်သွားခြင်းဖြစ်နိုင်သည်ဟု ကျွန်ုပ်က သုံးသပ်လိုက်မိသည်။

အတော်ကလေးကို အထင်သေးတတ်တဲ့ မိန်းမပေပဲ။ ဒီမယ်ဟေ့..ချစ်ဖေဆိုတဲ့ အကောင်က အရက်နှင့်မိန်းမယှဉ်လာရင် အရက်ကိုပဲ ဦးစားပေးတဲ့အကောင်ပါ။ မိန်းမကို ဦးစားပေးတတ်တဲ့အကောင် မဟုတ်သလို ဖွံ့ကြောင်တတ်တဲ့ အကောင်လည်း မဟုတ်ပါဘူး။ အရက်သောက်ပြီး ပေါက်လွှတ်ပဲစား ပြောဆိုလုပ်ကိုင်တတ်တဲ့ အကောင်လည်း မဟုတ်ပါဘူး။ ဒီလိုအကောင်ကိုမှကွာ ဒင်းက အထင်သေးပြီး ထွက်ပြေးနေရသေးတယ်လို့။ အေးပေါ့ကွာ၊ မင်းအထင်သေးသလိုမျိုး ဖြစ်လာအောင် ငါက လုပ်ပြရတော့မှာပေါ့ဟု စိတ်ထဲတွင် ကြိတ်မနိုင်ခဲမရ ဒေါသစိတ်တွေက အလိုလိုပဲဖြင့် တက်လာရလေတော့သည်။

ခင်သန်းဝင်းကလည်း-

'ကိုချစ်ဖေရယ်..အော့လိုက်,အန်လိုက်စမ်းပါ။ ကျွန်မကျိုးပစ်လိုက်ပါ့မယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေလည်း ဘယ်သူမှ မြင်ရတာ မဟုတ်လို့'

သူမ၏ စကားမဆုံးခင် ကျွန်ုပ်က အပြင်ဘက်ကို ထွက်သွားသော စည်သည်အမျိုးသမီး၏နောက်သို့ ထပြီး လိုက်ဖြစ်ခဲ့သည်။ တဲအိမ်၏ တံခါးပေါက်လောက်ကနေပြီး လှမ်းကာကြည့်လိုက်တော့ စည်သည်အမျိုးသမီးလေးက အိမ်ရှေ့မှာရှိတဲ့ အဝတ်တန်းကြိုးကိုကိုင်ပြီး ကောင်းကင်ပေါ်မှာ သာနေတဲ့ လမင်းကြီးကို မော့ကြည့်နေကြောင်း မြင်တွေ့လိုက်ရတော့တယ်။ အဲဒီအဝတ်တန်းကြိုးက ၄၀ ပျော်ပင်တစ်ပင်ကို ချည်ထားပြီး ကျန်တဲ့ကြိုးစရဲ့ တစ်ဖက်မှာတော့ ခြံတိုင်တစ်တိုင်ကို ချည်နှောင်ထားတဲ့ကြိုးပါ။

ကျွန်ုပ်က ခန္ဓာကိုယ်ကို ယိုင်လဲကျမသွားအောင် တံခါးပေါက်ရဲ့ နံရံတစ်ဖက်ကိုကိုင်ထားပြီး သူမကို ကြည့်လိုက်တော့ အလို..အတော်ကလေးကိုလှပတဲ့ မိန်းမချောကလေး ဖြစ်နေပါပေါ့လားဗျာ။ လပြည့်ညဖြစ်လို့ ဖြာဆင်းလာတဲ့ လမင်းရဲ့ အလင်းရောင်တွေက သူ့ရဲ့ခန္ဓာကိုယ်ပေါ်ဆလိုက်ထိုးထားသလို ဖြစ်နေတာပေါ့။ ယခင်က မြင်တွေ့ခဲ့ရတဲ့ ရွက်ကြမ်းရေကျိုလိုအဆင့်မျိုး မဟုတ်တော့ပါဘူး။ ဒါကလည်း ယခင်က သူမကို စေ့စေ့စပ်စပ် မကြည့်မိခဲ့တာလည်း ဖြစ်ပါလိမ့်မယ်။

လရောင်အောက်မှာ မတ်တတ်ရပ်ပြီး လမင်းကြီးကို ကြည့်နေတဲ့ သူ့ရဲ့ရုပ်ပုံလွှာဟာ ရုပ်ရှင်တွေထဲမှာ မြင်တွေ့ရတတ်တဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက် ချစ်သူရဲ့ ပြန်အလာကို စောင့်မျှော်နေတဲ့ဟန်ပါပဲ။ အရပ်ကလေးက နည်းနည်းလေး ပုနေပေမယ့် သူ့ရဲ့ခန္ဓာကိုယ်အချိုးအဆစ်နဲ့တော့ လုံးဝက်ဖက်လို့နေပြန်ပါတယ်။ ဒါကြောင့်လည်း ယူကို သူများက

www.burmeseclassic.com

www.burmeseclassic.com

အပုလေးလို့ ခေါ်နေကြတာပါ။ သူ့ရဲ့နာမည်အရင်းက ပုမတဲ့။ ဒါကလည်း ခင်သန်းဝင်းက ပြောပြထားလို့ သိခဲ့ရတာပါ။ ဝိုင်းစက်နေတဲ့ သူ့ရဲ့မျက်လုံးအလုကို ကျွန်ုပ်က အတိုင်းသားကြီးကို မြင်တွေ့နေရတာပါ။ ကျွန်ုပ်ဘက်ကနေပြီး ကြည့်လိုက်ရင် သူက ဘေးတစောင်းအနေအထားမျိုးမှာ ရှိနေတော့ သူက ကျွန်ုပ်ကို မမြင်တွေ့ရနိုင်ဘူးပေါ့။

သူ့ကို ကြည့်ရင်း၊ကြည့်ရင်းက ကျွန်ုပ်ရဲ့စိတ်တွေ မရိုးမရွ ဖြစ်လာရတော့တယ်။ လွန်စွာမှ ဆွဲဆောင်အားကောင်းတဲ့သူလေးပါပဲ။ ဟော..ကြည့်စမ်း၊ အခုထွက်ပေါ်လာတဲ့ အမွေးရုန့်လေးကတော့ဖြင့် သူ့ရဲ့ခန္ဓာကိုယ်ပေါ်က ထွက်လာတဲ့ အမွေးရုန့်တွေပဲ ဖြစ်ရမယ်။ မွေးလိုက်တာလည်း လွန်ပါလေရော။

မိန်းမတွေရဲ့အပေါ်မှာ စိတ်ဝင်စားမှု နည်းပါးခဲ့တဲ့ ကျွန်ုပ်ဟာ ဒီတစ်ခါမှာတော့ သံမဏိအသည်းတွေလည်း အရည်ပျော်ခဲ့ရပြီ ထင်ပါရဲ့။ ပြီးတော့ သူက လူလွတ်ဆိုတာကို ကျွန်ုပ်က သိထားပြီးသားပါ။

ဘာပဲဖြစ်ဖြစ် စက္ကန့်ပိုင်းလေးအတွင်းမှာ ဖြစ်ပေါ်လာတဲ့ ကျွန်ုပ်ရင်ထဲက ပြင်းထန်တဲ့ တောင်းဆိုမှုတစ်ခုကို ကျွန်ုပ်က စိတ်လွတ်ကိုယ်လွတ်ဆိုသလို ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်နဲ့ ချလိုက်တယ်။ ဘာဖြစ်လဲ၊ စစ်သားနဲ့ ကွာဝဲား လင်မယားပဲဟာ။ နောက်ဆုံးမှာ ညားကြလေသတည်းနဲ့ ပြီးဆုံးခဲ့ရရင်တော့ ကျွန်ုပ်ဘက်က လုံးဝအမြတ်ပါ ပဲ။ အပုလေးကို မရအရယူမယ်။ နောင်ခါလာ နောင်ခါစျေးပဲပေါ့။

ကဲ..လာလေရော့ဆိုပြီး ကျွန်ုပ်က ပြေးထွက်ပြီး သူ့ရဲ့ ခန္ဓာကိုယ်ကြီးကို အားနဲ့ဖက်လိုက်တော့တယ်။ ပြေးဖက်ပြီးတော့ သူ့ရဲ့ပါးပြင်နှစ်ဖက်ကိုလည်း အငမ်းမရ ဘယ်ပြန်ညာပြန် နမ်းလိုက်မိတယ်။ အပုလေးခမျာမှာတော့ မရုန်းမကန်ပါဘူး။ တောင့်တောင့်ကြီးကို ရပ်လို့နေလေရဲ့။ သူ့ခမျာလည်း ရုတ်တရက်ကြီးဆိုတော့ ကြောက်ကြောက်လန့်လန့်နဲ့ ကြက်သေ၊သေပြီး ရပ်နေတာပဲ ဖြစ်ရမယ်။ ကြောက်စိတ်ကြောင့်လား၊ ရှက်စိတ်ကြောင့်လားတော့ မသိပါဘူး သူ့ရဲ့ ခန္ဓာကိုယ်ကြီးကလည်း အေးစက်စက်လို ဖြစ်နေလေရဲ့။

ဖက်နမ်းပြီးပြီးချင်း ကျွန်ုပ် အသိအာရုံမှာ ငါ မှားသွားလေပြီလားမသိဘူး ဆိုတဲ့အတွေးက ချက်ချင်းဝင်လာပြန်တယ်။ ဒီအခါမှာ ကျွန်ုပ်က သူ့ကို မကြည့်ရဲတော့ပါဘူး။ မျက်လုံးကို အောက်ငဲ့ ခေါင်းငိုက်စိုက် ထိုင်ကာချလိုက်တယ်။ သူ့ရဲ့ဒူးဆစ်တစ်လျှောက်လောက်မှာတော့ ကျွန်ုပ်က ဖက်ထားပြီး တောင်းပန်စကားတွေ ပြောဆိုဖြစ်တော့တယ်။

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ အပုလေးရယ်။ ကျွန်တော် ချစ်လွန်းအားကြီးလို့ မနေနိုင် မထိုင်နိုင်နဲ့ ဖက်နမ်းမိတာပါ။ အဲဒီအတွက် အပြစ်ရှိတယ်လို့ ကျွန်တော့်အပေါ် မြင်လာရင် ခွင့်လွှတ်ပေးပါနော်။ အပုလေး ကျေနပ်သည်အထိ ကျွန်တော်တောင်းပန်ပါမယ်ဗျာ"လို့ ပြောဆိုတောင်းပန်စကားတွေ ပြောဖြစ်တယ်။

ဒါပေမဲ့ အပုလေးဆီကတော့ဖြင့် ဘာတစ်ခုမှ ပြန်ပြောလာတဲ့ စကားသံကို မကြားရပါဘူး။ ရှက်စိတ်တွေနဲ့ မွန်ထူပြီး စကားတွေ ပြောမထွက်တော့တာနဲ့ တူပါရဲ့။ အဲဒီအချိန်မှာပဲ နေအိမ်ထဲက ခင်သန်းဝင်းတစ်ယောက် ချောင်းဟန့်သံပေးပြီး အပြင်ဘက်ကို ထွက်လာဟန်ရှိတယ်။ ဒါကြောင့် ကျွန်ုပ်ကလည်း အပုလေးကို အမြန်ဆုံးလွှတ်ပြီး လူမျိုဘားတိုက်ရှိရာဘက်ဆီသို့ ခွေးပြေးဝင်ပြေး ပြေးပြီး ပြန်လာခဲ့ရတော့တာပေါ့။

ဘားတိုက်ကိုရောက်တော့ ရင်တွေတုန်၊ ရင်တွေခုန်ပြီး နေမရ ထိုင်မရနဲ့ ရင်ထဲမှာ ဗလောင်ဆူနေရတော့တယ်။ ဘုရား..ဘုရား..မနက်ဖြန် မိုးလင်းလာရင်တော့ ဘာတွေများ ဆက်ပြီးဖြစ်လာမလဲဆိုတဲ့အတွေးက တစ္ဆေတစ်ကောင်ရဲ့ ခြောက်လှန့်ခြင်းကို ခံနေရသလိုပါပဲ။ နေ့မထိ ထိုင်မသာနဲ့ မျောက် မီးခဲကိုင်မိသလို ဖြစ်နေရတော့တယ်။

ဒါကြောင့် အိပ်ရာဘေးက လက်ကျန်အရက်ကလေးကို မော့သောက်ပြီး ရင်ထဲက သောကအပူကို ငြိမ်းအောင်လုပ်နေရတယ်။ စစ်သည်သူငယ်ချင်းအချို့ရဲ့ ဘာဖြစ်လာတာလဲဆိုတဲ့ အမေးကိုလည်း ပြန်မဖြေဖြစ်ခဲ့တော့ပါဘူး။ ဒီမှာဖြင့် ရူးရပါတော့မယ်။

အရက်ကလေး နှစ်ခွက်၊ သုံးခွက်လောက် ဗိုက်ထဲရောက်သွားတယ်ဆိုရင်ပဲ ကျွန်ုပ်ရဲ့ အတွေးအခေါ်တွေက ကြည့်လင်လို့လာရတော့တယ်။ အထူးသဖြင့် မနက်ဖြန်မှာ ရင်ဆိုင်တွေ့ကြုံရမယ့် ပြဿနာတစ်ရပ်ကို ဘယ်လိုများ ကြိုတင်ကာကွယ်ရမလဲဆိုတဲ့ အချက်တွေကိုပါပဲ။ သူတို့တစ်တွေ တိုင်လားတောလား မလုပ်ကြခင်မှာ ကျွန်ုပ်က အပုလေးရဲ့အချစ်ကို အရင်ဦးပြီး အရယူထားလိုက်မယ်ဆိုရင်တော့ ကိုယ့်ချစ်သူ ဒုက္ခရောက်အောင် တိုင်လားတော

www.burmeseclassic.com

လားတော့ ဖြစ်မလာနိုင်တော့ဘူးပေါ့။ ကောင်းလိုက်တဲ့ အကြံဉာဏ်ကြီးပါပဲ။

ဒါကြောင့် ကျွန်ုပ် ဖတ်မှတ်ခဲ့ဖူးတဲ့ အချစ်ဝတ္ထုထဲက စာစုအချို့ကို ဖျစ်ညှစ်ထုတ်ပြီး ရည်းစားစာ ရေးနေမိတော့တယ်။ တစ်ညလုံးနီးပါးမျှ ကြိုးစားပြီး ရေးခဲ့ရတာမှာ မိုးလင်းခါနီးအထိ ဆိုပါတော့။ ဘာပဲပြောပြော စာမျက်နှာလေးမျက်နှာအထိတော့ စာစီသမှုဖြုန်ိုင်တာ အမှန်ပါပဲ။

နံနက်မိုးလင်းလာတော့ ရဲဆေးတစ်ခါ ထပ်ကာတင်ပြီး ခင်သန်းဝင်းတို့အိမ်ကို အပြေးတစ်ပိုင်းနဲ့ ရောက်ရှိလို့သွားတယ်။ ရောက်တာနဲ့ ခင်သန်းဝင်းကို ဒီအိမ်မှာ အလည်လာတတ်တဲ့ အပုလေးကို သွားခေါ်ခိုင်းရတယ်။ သူကလည်း ဘုမသိ ဘမသိနဲ့ သွားခေါပေးပါတယ်။ ရောက်လာတော့ ခင်သန်းဝင်းကို ခဏလောက် အပြင်ကို ရှောင်ထွက်ခိုင်းထားပြီး အပုလေးကို ကျွန်ုပ်က ရှိခိုးမတတ် တောင်းပန်ရတယ်။

"အပုလေးရယ်..ကျွန်တော် အပုလေးကို အမှန်တကယ်ကို ချစ်မိလို့သွားခဲ့ရပါပြီ။ ဘယ်လိုအကြောင်းကြောင့်နဲ့ပဲ ဖြစ်ပါစေ ကျွန်တော့်ကို ဗွေမယူပါနဲ့။ ကျွန်တော်က သူများနေအိမ်မှာ စကားပြောရတာမို့ မလွတ်လပ်ပါဘူး။ ဒါကြောင့် ကျွန်တော်ပြောချင်တဲ့ စကားတွေကို ဟောဒီစာထဲမှာ ရေးထားပါတယ်။ ကျေးဇူးပြုပြီး ဖတ်ပေးပါ။ ကျွန်တော်နဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ တိုင်လားတောလားတော့ မလုပ်ပါနဲ့ အပုလေးရယ်နော်။ က်..ကျွန်တော် ပြန်တော့မယ်"လို့ တစ်ဖက်သတ် ဇွတ်အတင်းပြောဆိုပြီး မပြေးရုံတစ်မည်နဲ့ အိမ်ထဲကနေ ထွက်ခဲ့တော့တယ်။

အပုလေးကတော့ဖြင့် မနေ့က ညအတိုင်းပါပဲ ကြောင်တောင်တောင် အတွေးနဲ့ ကျွန်ုပ်ကို ကြည့်နေရုံမှတစ်ပါး

သူ့ဆီက ဘာတစ်ခုမှ ပြန်မပြောခဲ့ပါ။ ပြန်ပြောဖို့ကိုလည်း ကျွန်ုပ်က အရိုန်မပေးနိုင်ခဲ့ပါ။

ဒီလောက်အထိ တောင်းပန်ခွင့်ရခဲ့တာကိုပဲ ကျေနပ်လှပါပြီ။ လတ်တလော သူ့ကို ကြည့်ရတာမှာတော့ ကျွန်ုပ်ကို ဒေါသတွေ ဖြစ်နေဟန်တော့ မခြင်ခဲ့ရပါဘူး။ လိုလား ခွင့်လွှတ်ဟန်ပြသလား ဆိုတော့လည်း ဒီလိုလည်း မဟုတ်ပါဘူး။ စဉ်းစားဝေဖန်ရခက်တဲ့ အနေအထားလို့ပဲ ပြောရမလား မသိပါဘူး။

တစ်ဆက်တည်းဆိုသလို ကျွန်ုပ်က ဗဟိုကင်းဘက်ကို ထွက်လာခဲ့တယ်။ သူငယ်ချင်းမြတ်မင်းကို တွေ့တော့ "သူငယ်ချင်း..အပုလေးကို ငါ ရည်းစားစာ ပေးခဲ့တယ်။ အဲဒါ မင်းတို့ပါ ဝိုင်းပြီး ဘေးတီးပေးစမ်းပါကွာ။ ငါ သူ့ကို တကယ်ချစ်လို့ပါ"ဆိုပြီး အကူအညီတောင်းလိုက်တယ်။

သူတို့ လင်မယားနှစ်ယောက်နဲ့ အပုလေးက အတော်ကလေးကိုမှ ရင်းနှီးကြတာလေ။ အဲဒီနေ့ကစပြီး ကျွန်ုပ်လည်း သူတို့ဆီ မသွားခဲ့တော့ပါဘူး။ ဒီလိုနဲ့ ရှေ့တန်းထွက်ခါနီးလေးမှာ အပုလေးဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေစာရွက်ကို ကျွန်ုပ်လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ပါတော့တယ်။ ရှေ့တန်းထွက်ခါနီးဆိုတော့ ကျွန်ုပ်လည်း မအားတာနဲ့ လူချင်း မတွေ့ဖြစ်ခဲ့ကြပါဘူး။ ဒီလိုနဲ့ပဲ ရှေ့တန်းထွက်ခဲ့ရတယ် ဆိုပါတော့။

ရှေ့တန်းရောက်တော့ လစာပေးတွေရဲ့ အသွားအပြန်နဲ့ စာတွေ အဆက်မပြတ် ရေးဖြစ်ခဲ့ကြတယ်။ ချစ်ကြောင်းကြိုက်ကြောင်းတွေပါပဲ။

ဇာတ်လမ်းကို အမြန်ဆက်ရရင်တော့ နောက်တန်းကို ရောက်တာနဲ့ အကြင်နာမယားဘဝကို ရောက်ရှိလို့ သွားခဲ့ရတယ် ဆိုပါတော့။

အိမ်ထောင်သည်ဖြစ်သွားပြီဆိုတော့ အိမ်ထောင်သည်လိုင်းကို နွေရောညပါ သွားလို့ရပြီပေါ့။

တစ်နေ့မှာတော့ ကျွန်ုပ်တစ်ယောက်တည်း သူငယ်ချင်း မြတ်မင်းတို့အိမ်ကို ရောက်သွားတယ်။ လင်မယားနှစ်ယောက်စလုံးကိုလည်း တွေ့ရပါရဲ့။ ခင်သန်းဝင်းညီမ ပေးခဲ့တယ်ဆိုတဲ့ ဓာတ်ပုံနဲ့စာကိုလည်း မတောင်းတော့ပါဘူး။ ကျွန်ုပ်က အိမ်ထောင်သည်ဖြစ်သွားခဲ့ပြီပဲ။ ဒီစာနဲ့ ဓာတ်ပုံကို မတောင်းသင့်တော့ဘူးပေါ့။

အဲဒီမှာ ခင်သန်းဝင်းကတော့ ပြောပါတယ်။

"ကိုချစ်ဖေကြီး နောက်ဆုံးရောက်လာခဲ့တဲ့ ညက

www.burmeseclassic.com

www.burmeseclassic.com

အတော်ကလေးကို မူးနေတာပဲနော်။ ကိုချစ်ဖေကြီး မူးနေတာကို ကြောက်လို့ထင်ပါရဲ့ အပုလေးက ထွက်ပြေးသွားတယ်။ ကိုချစ်ဖေ ဆက်လိုက်သွားပေမယ့် ခြံအပြင်ကို မထွက်ပါဘူး။ အသံတွေ ကြားနေရလို့ လိုက်ကြည့်တော့ အဝတ်တန်းကြီးချည်ထားတဲ့ ငှက်ပျောပင်ကြီးကိုဖက်လို့ ဘာတွေများ လျှောက်ပြောနေတယ် မသိပါဘူး။ ကျွန်မကတောင် စိတ်မကောင်းဖြစ်ခဲ့မိရသေးတယ်။ ဩော်..ငါ့ညီမ ရေးခဲ့တဲ့စာနဲ့ ဓာတ်ပုံ မရသွားလို့ ဝမ်းနည်းပက်လက်ဖြစ်ပြီး ငှက်ပျောပင်ကြီးကို ဖက်ငိုနေတာများလားလို့။ နောက်တော့လည်း ဘယ်လိုဖြစ်သွားတယ် မသိပါဘူး။ ထွက်ပြေးသွားတာ တန်းနေတာပဲ' ဟု ပြောလေတော့သည်။

ထိုအခါ ကျွန်ုပ်က များစွာမှ တုန်လှုပ်ချောက်ချားသွားခဲ့ရပါတော့သည်။ ကျွန်ုပ် ပြေးဖက်ခဲ့စဉ်အခါက အပုလေးမှ အပုလေးအစစ်ကြီးပါ။ အခု ခင်သန်းဝင်း ပြောနေတာ ငှက်ပျောပင်ကြီးတဲ့။ ဘယ်လိုတွေများ ဖြစ်ကုန်ကြပါလိမ့်။ ပြန်စဉ်းစားကြည့်တော့ အဲဒီနေ့ ညက လပြည့်နေ့လေ။ လပြည့်၊ လကွယ်လို ညများမှာ မရလောကသားတွေ မြူးထူးတတ်တယ်လို့တော့ လူကြီးသူမတွေက ပြောကြဆိုတတ်ကြတယ်။ ကြောက်စရာကောင်းလိုက်တာဗျာ။ သံရဲ ကုပ်ချိုးမခံခဲ့ရတာကိုပါ။

ကျွန်ုပ်က ခင်သန်းဝင်းအား-

'အဲ..အဲဒီအကြောင်းတွေကို အပုလေးဆီ ပြောပြဖြစ်သေးလား။ သွားတော့ မပြောလိုက်ပါနဲ့တော့နော်။ ကျွန်တော်ကလည်း သန်းသန်းနဲ့ စာနဲ့ဓာတ်ပုံကို အရင်လို မရူးသွပ်တော့ပါဘူးဗျာ။ လိုလည်း မလိုချင်တော့ပါဘူး' ဟု ပြောမိပြောရာ ပြောလိုက်ရတော့သည်။

'စိတ်ချပါ ကိုချစ်ဖေရယ်၊ ဟိုတုန်းကလည်း မပြောဖြစ်ခဲ့ပါဘူး။ ခုလည်း မပြောဘူး။ နောင်လည်း ဘယ်တော့မှ ပြောမပြပါဘူးတဲ့ရှင်' ဟု ပြန်ပြောဖြစ်ပါသည်။

ကျွန်ုပ်၏ နေအိမ်သို့ ပြန်ရောက်လာသောအခါ ကျွန်ုပ်၏ ချစ်ဇနီးချော အပုလေးက-

'ခင်သန်းဝင်းတို့ဆီ သွားခဲ့တာမဟုတ်လား။ အဲဒီအိမ်ကို သိပ်ပြီးမသွားနဲ့ အစ်ကို၊ တကယ်တော့ ခင်သန်းဝင်းက အစ်ကို့ကို အပိုင်ကြဖို့ ကြိုးစားနေတဲ့သူပါပဲ။ သူ့ရဲ့ညီမ သန်းသန်းနဲ့ ဆိုတာလည်း အပြင်မှာ တကယ်မရှိခဲ့သလို ကျိုက်ထီးရိုးဘုရားဖူးလည်း မလာပါဘူး။ သူက တမင်သက်သက် အစ်ကို့ကို သူ့ဆီ မရောက်၊ ရောက်လာအောင် တမင်တကာ ဖန်တီးထားတဲ့ ဓာတ်လမ်းကြီးပါ။ ဘာစာ၊ ဘာဓာတ်ပုံမှလည်း မရှိပါဘူး။ သူက သူ့ယောကျ်ားမြတ်မင်းနဲ့ မရ၊ ရအောင်ကွာပြီး အစ်ကို့ကို အရယူဖို့ ကြံစည်နေတာပါ။ ဒါကလည်း သူကိုယ်တိုင် အပုလေးကို ပြန်ပြောပြလို့ သိခဲ့ရတာပါ' ဟု ပြောပြလေတော့သည်။

ထိုအခါ ကျွန်ုပ်မှာ ဆက်ပြီး ရင်တုန်ပန်းတုန် ဖြစ်ရပြန်တော့သည်။ ဘုရား..ဘုရား..ကံကောင်းလို့သာပေါ့။ သူ့အိမ်ကိုရောက်စဉ် အပုလေးရှိနေလို့သာပေါ့။ ဘယ်သူမှ မရှိဘူးဆိုရင် ဆက်ပြီးမတွေးရဲစရာကြီးပါလား။ ဒု၊ သ၊ နှ၊ သော လောကထဲကို ရောက်ရှိလို့ သွားနိုင်သလို လက်ရှိ ဘဝမှာလည်း ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်မှာ ပက်လက်မျောနေရမယ့် အဖြစ်ကြီးပါ။ ကျွန်ုပ်ကတော့ သူမရဲ့အပေါ်မှာ တစ်ကြိမ်တစ်ခါမှတောင် စိတ်ထဲကနေပြီး မပြစ်မှားမိခဲ့ပါဘူး။ လက်တွေ့အားဖြင့် ပစ်မှားဖို့ ဆိုတာကတော့ ဝေလာဝေးကြီးပါဗျာ။

ကျွန်ုပ်သည် ရန်ကုန်သား စာရေးဆရာကြီးအား ကျွန်ုပ်၏ အချစ်ဓာတ်လမ်းကို ပြောဆို၍ ပြီးဆုံးသွားသောအခါ အရက်ခွက်ကို ပြိုင်တူမော့ကာ သောက်ဖြစ်လေတော့သည်။

စာရေးဆရာက-

'ဆရာရဲ့ အချစ်ဓာတ်လမ်းက လျှို့ဝှက်ဆန်းကြယ်မှုနဲ့ လုပ်ကြံမှုတွေ ပါနေလို့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အစကတော့ အပုလေးရဲ့ အလှအပကို သတိမမူ ဂူမမြင် ဆိုသလို ဖြစ်ခဲ့ရလေတော့ အချစ်စိတ်တွေလည်း မဝင်ခဲ့ဘူးပေါ့။ အဲဒီလပြည့်နေ့ ညမှာတော့ အပုလေးရဲ့ အလှအပကို သတိမူ မြူတွေပါ မြင်လိုက်တော့ အချစ်စိတ်တွေဟာလည်း ပေါက်ဖွားလာရတော့တာပေါ့။ အဲဒီမှာတင် စခဲ့တယ်လို့ ပြောရမှာပဲ။ ဒါကြောင့် ရှေးလူကြီးသူမတွေက ပြောခဲ့ကြတာပေါ့။ ချစ်ခြင်းအစ မျက်စိက ဆိုပြီးမှတော့ ပေါ့လေ' ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က-

'သူတို့ပြောခဲ့တော့ သူတို့အတွက်ကတော့ ဟုတ်မှာပေါ့။ ကျုပ်တို့အတွက်တော့ ဟုတ်ချင်မှ ဟုတ်မှာပါ'

ဟု ပြောလိုက်သောအခါ စာရေးဆရာက-

'ဘယ်လိုများ မဟုတ်ရတာတဲ့တုံး' ဟု အရက်ခွက်ကို မော့ချပြီး ပြောလေတော့သည်။

ကျွန်ုပ်က-

'ဆရာတို့မှာ ကျွန်တော်တို့ထက် အတွေးအခေါ်တွ

www.burmeseclassic.com

ရှိပါတယ်ဗျာ။ တချို့အိမ်ထောင်ရှင်များ မျက်စိကို မမြင်ကြရပါဘူး။ ဒါပေမဲ့ သူတို့မှာလည်း ချစ်တတ်တဲ့ နှလုံးသားက တော့ ရှိနေကြတာပါပဲ။ သူတို့ကို သွားမေးရင် သူတို့ရဲ့ ချစ်ခြင်းအစက အထီအတွေ့က၊ အနှံ့အသက်က၊ ဒါမှ မဟုတ် အသံကဆိုပြီး ဖြေကောင်းဖြေကြမှာပါဗျ။ ပြောလို့ သာ ပြောရတာပါဗျာ ဟာချို့များ ချစ်ခြင်းရဲ့ အစဆိုတာ မရှိခဲ့ကြပါဘူး' ဟု ပြောလိုက်သောအခါ စာရေးဆရာက အရက်တစ်ခွက်ကို ထပ်ကာ ငဲ့လိုက်သလို ကျွန်ုပ်ကလည်း ထပ်ကာ ငဲ့လိုက်သည်။

စာရေးဆရာက ကျွန်ုပ်အား စူးစူးစိုက်စိုက် ကြည့်လာရင်း 'ဘယ်လိုများ ချစ်ခြင်းရဲ့ အစတောင်မရှိ ဖြစ်ရပြန်တဲ့တုံး' ဟု အရက်ခွက်ကို ဆောင့်ချရင်း ပြောလေတော့သည်။

'ဥပမာ မုဒိမ်းမှုဖြစ်ရာကနေ ကြောက်ကြောက်လန့်လန့်နဲ့ လက်ထပ်ပေါင်းသင်းခဲ့ကြရတဲ့သူတွေကို ပြောတာပါ။ ဘယ်မှာများ သူတို့ရဲ့ ချစ်ခြင်းအစက ရှိခဲ့ကြမှာလဲ။ ဒါကြောင့် ချစ်ခြင်းတွေရဲ့အစဟာ တစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်ပါဘူး'

ကျွန်ုပ်သည် အဆိုပါ ရန်ကုန်သား စာရေးဆရာဆိုသူအား စေတနာရှေ့ထားပြီး ရှင်းပြနေရသည်မှာ အတော်ကလေးပင် ပါးစပ်အရသာ တွေ့နေပါသည်။

စာရေးဆရာက-

'ဆက်ပြောစမ်းပါဦး။ အဲဒီမတူညီတဲ့ ချစ်ခြင်းတွေရဲ့ အစတွေကို'

'ဥပမာဗျာ၊ ပကာသနကိုမက်ပြီး ချစ်ဟန်ပြလို့ လက်ထပ်ပေါင်းသင်းဖြစ်ခဲ့ကြရာကနေ နောင်သောအခါ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေရသွားပြီး ရာသက်ပန်ပေါင်းသင်းနေထိုင်သွားကြသူတွေလည်း ရှိတယ်။ အဲဒီလူတွေအတွက် သူတို့ရဲ့ ချစ်ခြင်းအစဟာ ပကာသနကပဲပေါ့။ ဒီလိုပဲ မိဘရဲ့ နှလုံးရောဂါကြောင့် ယူခဲ့ရပြီး နောင်သောအခါ အဆင်ပြေသွားကြတဲ့ အတွဲတွေအတွက်ဆိုရင် သူတို့ရဲ့ ချစ်ခြင်းအစက မိဘများရဲ့ နှလုံးရောဂါကပဲပေါ့။ ဆက်ပြောရရင် မဆုံးနိုင်ဘူး'

စာရေးဆရာဆိုသူမှာ စိတ်ပျက်လာဟန်ဖြင့် နောက်ထပ် အရက်တစ်ခွက်ကို မော့သောက်လိုက်သလို ကျွန်ုပ်လည်း သူ့အတိုင်းပင်။

'ဆရာပြောသလိုဆိုရင် မုဒိမ်းမှုကြောင့် ယူခဲ့ကြရသူတွေအတွက် သူတို့ရဲ့ ချစ်ခြင်းအစက မုဒိမ်းမှုကလို့ပဲ ပြောရမှာပေါ့'

'ဒါကလည်း သူတို့အတွက် မှန်တယ်။ ကျုပ်တို့အတွက် မမှန်ဘူး။ ဘယ်လိုနည်းနဲ့ပဲ ပေါင်းသင်းခဲ့ကြရသည်ဖြစ်စေ နောက်ဆုံးမှာတော့ အချစ်ဆိုတဲ့ နယ်ပယ်ထဲကို မရောက်ရှိနိုင်သေးသမျှတော့ ချစ်ခြင်းရဲ့အစကို ပြန်မရနိုင်ဘူး။ ချစ်ခြင်းဆိုတဲ့ နယ်ပယ်ထဲကို ရောက်ရှိလို့ သွားခဲ့နိုင်ပါမှ ချစ်ခြင်းရဲ့အစကို ပြန်ရကြရတာပါ။ ကျုပ်ပြောချင်တာက နေရာတကာမှာ ချစ်ခြင်းအစ မျက်စိကဆိုပြီး လှေနံဓားထစ် ပုံသေကားကျ မမှတ်ယူအပ်ဘူးဆိုတာပါပဲ'

ဟု ပြောလိုက်ရာ စာရေးဆရာ ဆိုသူက-

'ဒါဆိုရင် ဆရာရဲ့ ချစ်ခြင်းအစက ဘာကလဲလို့ မေးရင်'

'ပြောခဲ့ပြီးသားလေ။ ပရလောကသားကို ဖက်နမ်းမိရာက စခဲ့တာမို့ ကျုပ်ရဲ့ ချစ်ခြင်းအစဟာ ပရလောကသားကို ဖက်နမ်းခဲ့မိရာကပေါ့' ဟု ပြောလိုက်ရာ အဆိုပါ စာရေးဆရာ ဆိုသူက ကျွန်ုပ်အား လူထူးလူဆန်း လူခွစာအဖြစ် မြင်တွေ့သွားသည်လား မဆိုနိုင်။ သူ၏ခေါင်းကို တဖျင်းဖျင်းနဲ့ ကုတ်နေလေသည်။ ညစောင့်ကြီးကတော့ ဘာမှ ဝင်ပြီးမပြောပါ။

အဆိုပါ စာရေးဆရာက-

'ဒီလိုလုပ်ပါလား၊ ဆရာရဲ့ ချစ်ခြင်းအစက ပရလောကသားကို ဖက်နမ်းမိခဲ့ရာက စခဲ့တာ မှန်တယ်။ ဒါက လျှို့ဝှက် ဆန်းကြယ်မှုပဲလေ။ လျှို့ဝှက်ဆန်းကြယ်မှုဆိုတာ ဂမ္ဘီရပဲပေါ့။ ဒီတော့ ဆရာရဲ့ ချစ်ခြင်းအစဟာ ဂမ္ဘီရကလို့ ပြောရင် မကောင်းဘူးလား'

ဟု ပြောလာသောအခါ ကျွန်ုပ်က မဆိုင်းမတွ ဆိုသလို-

'ပြောခဲ့ပြီးပြီပဲ။ ဆရာတို့မှာ ကျွန်တော်တို့ထက် အတွေးအခေါ် ရှိပါတယ်လို့'

ထိုအခါကျမှသာ အဆိုပါ ဆံပင်စုတ်ဖွားနဲ့ ရန်ကုန်သား စာရေးဆရာဆိုသူက ပြီးပြီး,ပြီးပြီးဖြင့် ဖြစ်လာပြီး 'ကောင်းပါပြီဗျာ။ ပြန်လိုက်ပါဦးမယ်' ဟုဆိုကာ ညစောင့်ကြီးနဲ့အတူ ကျွန်ုပ်၏နေအိမ်မှ ပြန်လည်၍ ထွက်ခွာသွားခဲ့ကြပါလေတော့သတည်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆုံးဦး

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျင်းစေဒင်၊ လက္ခဏာ၊ ဝဇ္ဇီရဝဇ္ဇာ၊ ဇေတ်ရိုက်ဇေတ်ဆင်ယင်ကြာပညာရှင်

အယူဇော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အာဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊ အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မတိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယကြာအစီအရင်များ ဝိယလာဘ်ဖွင့်

ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်

ဘဝအောင်မြင်မှုကို ရယူပါ။

သား, သမီးရထုနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရုက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊ ဖြန့်ဝေးရုံးရာ နာမတရုဏာမင်္ဂလာဒုံအညီ ကလေးနာမည်ပေးခြင်း၊ နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သဘော်ထက်ဝန်) S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ တျောက်မျက်ရထနာ၊ ကုန်ပစ္စည်းများ အဖြန့်ဖောင်းထွက်ရန် အာမခံဖြင့် ဈေးသင့်သလောက် စီရင်ပေးပါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုဆောင်ရွက်ချိန်းယူပါ

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ

မျိုးကော်အောင်

သစ်ကနက် မန်းဗုရမ်



ပြင်ဦးလွင်၏ ခရီးစဉ်သည် ကျွန်ုပ်အဖို့ များစွာမစိမ်းလှသော မြို့တစ်မြို့ဖြစ်လေ၏။ မကြာခဏဆိုသကဲ့သို့ပင် ကျွန်ုပ်သည် ပြင်ဦးလွင်သို့ ရောက်လေ့ရှိလေ၏။ ကျွန်ုပ်၏ အလုပ်မှာ ရပ်ရှင်ရိုက်ခြင်းနှင့် စာရေးခြင်း အလုပ်ကို တွဲလျက် ဖေဖေနှင့် ဘိုးဘိုးနည်းတူ အသက်မွေးဝမ်းကျောင်း မှုသဖွယ် လုပ်ကိုင်စားသောက်နေသူ ဖြစ်လေ၏။

ယခုလည်း ကျွန်ုပ်သည် ရုပ်ရှင်အနုပညာအကြောင်း ကိစ္စနှင့် ပြင်ဦးလွင်သို့ ရောက်ရှိ၍နေလေ၏။ ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားအတွက် ရိုက်ကွင်းရိုက်ကွက် လာရောက်ကြည့်ရှုလေ့လာခြင်း ဖြစ်လေ၏။

စတန်မင်းသား ကျော်မင်း(ကျွမ်း)သည် ကျွန်ုပ်၏ တပည့်ရင်းတစ်ယောက် ဖြစ်လေ၏။ ၎င်း၏အဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်ဟူဆိုလျှင် ပို၍မှန်ပေလိမ့်မည်ဖြစ်၏။

ကျော်မင်းဇနီး မိသားစုတို့မှာ ပြင်ဦးလွင်အရှေ့ဘက် နောင်လှိုင်ရွာသူများ ဖြစ်လေ၏။ နောင်လှိုင်ရွာမှာ တောင်ခြေရွာလေးဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်မှ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ စေတီပုထိုးများ ကျန်ရှိနေသည်ကို တော်ရုံတန်ရုံ မသိနိုင်ကြပေ။ ကျော်မင်း ဖောက်သည်ချ ဓာတ်ပုံရိုက်လာမှ သိရှိရခြင်းဖြစ်၍ နောင်လှိုင်ရွာသို့ ရောက်ရှိလာခြင်းဖြစ်၏။ ကျော်မင်းဇနီးတို့နှင့် မိသားစုက ကျော်မင်း ကြိုတင်စီစဉ်ပြောထား၍ ကျွန်ုပ် နောင်လှိုင်ရွာရှိ သူမတို့၏ နှစ်ထပ်အိမ်အပေါ်ထပ်တွင် သီးခြားတည်းခိုရန် စီစဉ်ထားလေ၏။

'ဆရာ..ကိုကျော်မင်း သေသေချာချာ မှာထားလို့ ကျွန်မတို့မိသားစု ဆရာလာမယ်ဆိုတာ ကြိုပြီးသိနေပါတယ် ဆရာ။ ဆရာနေဖို့ အခန်းကိုလည်း အပေါ်ထပ်မှာ ပြင်ဆင်ထားပါတယ် ဆရာ။ လွတ်လွတ်လပ်လပ်နေပါဆရာ။ လိုအပ်တာရှိရင်လည်း ပြောပါ။ ကျွန်မတို့ကို အားမနာပါနဲ့နော်။ ဆရာ့ကျေးဇူးတွေက ကျွန်မတို့ မိသားစုအပေါ်မှာ အများကြီးပါ ဆရာ' ဟု ကျော်မင်း၏ အမျိုးသမီးမှာ လွန်စွာဖော်ရွေ နွေးထွေးပုံရလေသည်။

'ဆရာ..ဆရာ' ဟု ဓာတ်ပြားအပ်ကြောင်းထပ်သလို ပြောနေသောကြောင့် ကျွန်ုပ်မှာ ဆရာတွေ ထပ်နေပြီ။ လျှော့ပါဦးဟု ပြောဖို့ရာပင် နှုတ်က အားတုံ့အားနာ ဖြစ်မိလေ၏။

ထို့နောက် ကျွန်ုပ်နေထိုင်ရန် အပေါ်ထပ် အခန်းကို လိုက်ပြ၍ ကျွန်ုပ်လိုက်ကြည့်ရာ ကျွန်ုပ်နေထိုင်မည့် အပေါ်ထပ် အခန်း၏ ခေါင်းရင်းဘက်စားပွဲပေါ်တွင် သစ်သားအနက်ဖြင့် ထွင်းထုထားသော သစ်သားရုပ် အရုပ်တစ်ခုကို တွေ့လိုက်ရလေ၏။

၄င်းသစ်သားရုပ်တုမှာ လွန်စွာလက်ရာမြောက်ပေ၏။ ဓားရေးပြနေသော မြန်မာ့သိုင်းသမားတစ်ယောက်၏ ပန်းပုရုပ်တု ဖြစ်လေ၏။ အသားမှာ သစ်ကနက်သား ဖြစ်ဟန်တူပြီး နက်မှောင်ပြောင်ချော၍ အသက်ဝင်ဟန် ပုံသဏ္ဌာန် ရှိလေ၏။

'ဒီအရုပ်က မောင်ကျော်မင်းထုတဲ့ အရုပ်လား' ဟု အရုပ်ကို သေသေချာချာကြည့်၍ ကျွန်ုပ်က မေးလိုက်ရာ မောင်ကျော်မင်း အမျိုးသမီးက-

'ကိုကျော်မင်း ထုတာ မဟုတ်ဘူး ဆရာ။ တလောက မှ သူ့ဆရာတစ်ယောက်က လက်ဆောင်ပေးတာလို့ ပြောပြီး ယူလာတာပဲ ဆရာ' ဟု ပြန်၍ဖြေကြားလေ၏။

သြော်ဟု ကျွန်ုပ်က ထိုမျှသာပြော၍ အခန်းဆောင်ကို တစ်ခေါက်ခေါင်း အကဲခတ်ကြည့်ရှု၍နေလေ၏။

'ကိုကျော်မင်း ကားရိုက်နေလို့ မနက်ဖြန်လောက်မှ ရောက်မယ် ဆရာ'

'သြော်..ဒါထက် ကလေးတွေလည်း မတွေ့ပါလား'

ဟု မောင်ကျော်မင်းအကြောင်း ပြောပြရင်း ကျွန်ုပ်က မေးလိုက်ရာ-

'လမ်းဆုံမှာ ကုန်စုံဆိုင်လေး ဖွင့်ထားတယ် ဆရာ။ အိမ်ဝင်ငွေလေး ရအောင်လို့။ ဆရာ့,တပည့်က နေ့တိုင်း ကားရိုက်ရတာ· မဟုတ်ဘူးလေ။ ဗီဒီယိုတွေက အရိုက် ကျလာတော့ ဝင်ငွေလေး ရအောင်'

'ကောင်းတယ်။ နေ့စဉ် ဝင်ငွေရှိဖို့ အရေးကြီးတယ်'

'အဲဒါ ကလေးတွေ မြို့ဈေးကြီးပြီး ကုန်ပစ္စည်းလေးတွေ သွားဝယ်နေတယ် ဆရာ။ နေ့လယ်ဆို ရောက်ပါပြီ။ ဆရာလည်း ခရီးပန်းလာတယ်ဆိုတော့ ခဏတစ်ဖြုတ် နားလိုက်ပါ ဆရာ။ ပြီးတော့ ဆရာ့အတွက် ညနေစာ ကျွန်မ ပြင်ဆင်လိုက်ပါဦးမယ်' ဟု ဆို၍-

'ငါ့အတွက် အထွေအထူးတွေ လုပ်မနေနဲ့။ တော်ရုံတန်ရုံနဲ့လည်း ဖြစ်တယ်။ ရတယ်နော်' ဟု ပြောလိုက်လေ၏။

'ဟုတ်' ဟု ခေါင်းညိတ်ပြောပြီး ထွက်သွားလေ၏။

ကျွန်ုပ်လည်း အသင့်ပြင်ဆင်ပေးထားသော ခုတင်ပေါ်၌ထိုင်ကာ အိတ်ထဲက စီးကရက်တစ်လိပ်ထုတ်၍ သောက်နေတော့သည်။ ကျွန်ုပ်ထိုင်နေသော ခုတင်ခေါင်းရင်းဘက် စားပွဲပေါ်မှ တင်ထားသော မြန်မာ့ဓားရေးပြနေသော သစ်ကနက်ပန်းပုရုပ်တုက အသက်ဝင်နေသလို ကျွန်ုပ်အား စိုက်၍ သေသေချာချာ ကြည့်နေသလို စိတ်ထဲ၌ ခံစား၍ ကြည့်နေမိလေသတည်း။

♦ ♦ ♦

'မင်းလည်း လျှို့ဝှက်သည်းဖိုနှင့် ဂန္ဓီရကို စိတ်ဝင်စားနေတဲ့ စာရေးဆရာတစ်ယောက်ပဲ။ ငါကလည်း ဂန္ဓီရသိုင်းပညာရှင် တစ်ယောက်ပဲလေ။ ဒီတော့ မင်းနဲ့ငါ တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်ရအောင်လေ။ ကဲ..ဘယ့်နယ်လဲ' ဟု ပြောပြောဆိုဆို စားပွဲပေါ်မှ ဓားရေးပြနေသော သစ်

www.burmeseclassic.com

ကနက်ရုပ်တုသည် ရုတ်တရက် စားပွဲပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်သလို ပြုတ်ကျလာလေ၏။

ရုပ်တုမှာ ကြမ်းပြင်ပေါ်၌ မတ်တတ်ရပ်လျက် အနေအထားမှ လူသားပကတိအတိုင်း တဖြည်းဖြည်း ကြီးထွားလာပြီး အသက်ဝင်လာလေတော့၏။ ကျွန်ုပ်ကိုလည်း မျက်ဆောက်နှိုက်ကြီးဖြင့် စိမ်းစိမ်းကားကား ကြည့်နေပြန်လေ၏။

ကျွန်ုပ်လည်း ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ခုတင်ပေါ်မှ ရုတ်ခနဲ မတ်တတ်ထရပ်လိုက်လေ၏။

'မဆိုးပါဘူး။ မင်းလည်း သတိကောင်းသားပဲ။ ကဲ.. စမ်းလိုက်ကြရအောင်' ဟု ထိုသစ်ကနက်ရုပ်တုက မချိပြုံးပြီး၍ ကျွန်ုပ်အား စိန်ခေါ်လိုက်လေတော့၏။

'ဒါထက် နေဦး။ မင်းက ဓားနဲ့၊ ငါက လက်ဗလာနဲ့ ဆို နည်းလမ်းမကျဘူး။ နည်းလမ်းတကျ လုပ်စမ်းပါ။ ဓား,ဓားချင်း၊ လက်,လက်ချင်း အဲဒါမှ တရားမျှတပေမပေါ့။ မဟုတ်ဘူးလား ကိုယ့်လူ'

ဟု ကျွန်ုပ်က ပြောလိုက်ရာ သစ်သားပန်းပု ရုပ်တုက-

'ဟုတ်တယ်။ မင်းပြောတာ တရားနည်းလမ်းကျတယ်။ မှန်တယ်။ ငါလည်း ဓားဘေးချပြီး မင်းနဲ့ လက်ရည်ချင်း ယှဉ်ပြိုင်ကြတာပေါ့' ဟု ပြောပြောဆိုဆို အရုပ်လူသားက သူ့လက်ထဲက ကိုင်ဆောင်ထားသည့် ဌက်ကြီးတောင်ဓားကို ချွင်ခနဲမြည်အောင် ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေတော့၏။

'ကဲ.. ဒါရိုက်တာ စာရေးဆရာကြီး၊ ငါ့လက်သီးချက်တွေ ဘယ်လောက်ပြင်းထန် မာကျောတယ်ဆိုတာ အခုမင်းသိအောင် ပြလိုက်မယ်' ဟု ဆိုကာ အရုပ်လူသားက ကျွန်ုပ်အား စတင်၍ တိုက်ခိုက်လေတော့၏။

ကျွန်ုပ်သည်လည်း လူသူတော်သျှောင်တစောင်းရုပ်ရှင် ရိုက်ရန်အတွက် ဆရာကြီးရာဇာဇီထံမှ သင်ယူတတ်မြောက်ထားသော မြန်မာ့ရိုးရာသိုင်းပြောင်းပြန်ဖြင့် ကာကွယ်ခုခံ၍ ပြန်တိုက်ခိုက်ရာ ကျွန်ုပ်၏ အပေါ်ထပ်အခန်းဆောင်အတွင်း၌ ဝုန်း..ဝုန်း..ဒိုင်း..ဒိုင်းဖြင့် သတ်ပုတ်နေကြလေတော့၏။ ကျွန်ုပ်သည်လည်း အရုပ်လူသားအား အားမာန်အပြည့်ဖြင့်၊ ခွန်အပြည့်ဖြင့် ချွေးသီးချွေးပေါက်ထွက်ကာ ခုခံကာကွယ်နေတော့လေ၏။

'ဆရာ..ဆရာ..ဘာဖြစ်တာလဲ' ဟု အော်မေးသံနှင့်အတူ ကျော်မင်းအမျိုးသမီးနှင့်အတူ ဖခင်ဖြစ်သူ ပါလာပြီး ကျွန်ုပ်နေသော အပေါ်ထပ်အခန်းဆောင်တွင်းသို့ ဝင်ရောက်လာကြလေ၏။

ကျွန်ုပ်လည်း အိပ်ရာမှ လန့်နိုးရ၍ ဖြုန်းခနဲ ထလိုက်လေ၏။

'ဆရာ..အိပ်မက်,မက်နေတယ်နဲ့တူတယ်။ ခုန တခုန်းခုန်း တခိုင်းခိုင်းနဲ့ဆိုတော့ ဘာများဖြစ်သလဲဆိုပြီး လာမေးတာဆရာ။ ကျွန်မအဖေပါ စိုးရိမ်လို့ လိုက်လာတာ'

'ဩော်..ခရီးပန်းလာပြီး ကျွန်တော်ကလည်း ယောင်တတ်လို့ ဖြစ်ပါလိမ့်မယ် ဦး။ ရပါတယ်။ ကျွန်တော် ဘာမှ မဖြစ်ပါဘူး'

ကျော်မင်းယောကျ်ားမက ကျွန်ုပ်အား ပြုံး၍ကြည့်ပြီး သမီးဖြစ်သူအား 'ဆရာ ထမင်းစားဖို့ ပြင်တော့လေ' ဟု ပြောပြောဆိုဆို အောက်ထပ်သို့ ဆင်းသွားတော့၏။

ကျွန်ုပ် စဉ်းစားနေမိသည်။ အိပ်မက်လေလား၊ ယောင်တာလေလားတော့ ကျွန်ုပ်ကိုယ်တိုင်ပင် သေသေချာချာ ရေရေရာရာ မသိချေ။ စိတ်ထဲ၌ ဇဝေဇဝါဖြစ်၍နေလေ၏။ အိပ်မက်လို၊ တကယ်လို ဝေခွဲမရစွာ ခံစားရတော့၏။

ကျွန်ုပ်သည် စောစောက အရုပ်လူသားနှင့် ခေတ္တမျှ တိုက်ခိုက်လိုက်ရ၍ အနည်းငယ်မဟုတ် အတော်ပင် မောပန်းဟိုက်သွားသလိုရှိလေ၏။ ခေါင်းရင်းရှိ စားပွဲပေါ်သို့ ကျွန်ုပ် လှမ်းကြည့်လိုက်ရာ သိုင်းရေး၊ ဓားရေးပြနေသော သစ်ကနက်ရုပ်တုကို ယခင်နေရာမှာမဟုတ်ဘဲ အနည်းငယ် ရွှေ့ပြောင်းလဲလျက် ဖြစ်နေလေတော့၏။

အို့ဩ်ဩ်ထူးဆန်းဖွယ်ကောင်းသည်မှာ ထိုအရုပ်၏ လက်တွင်းမှ သစ်သားဌက်ကြီးတောင်ဓားသည် ၄င်း၏ လက်တွင်း၌မရှိဘဲ ကြမ်းပေါ်၌ ကျလျက်နေသည်ကို တွေ့လိုက်ရသောကြောင့် ကျွန်ုပ်မှာ အိပ်မက်မဖြစ်နိုင်မှန်း ကိုယ့်ဘာသာ သိလိုက်လေတော့သတည်း။ ကျွန်ုပ်လည်း ဓားကို ကြမ်းပြင်ပေါ်မှ ကောက်ယူ၍ ရုပ်တုလက်ထဲ ပြန်၍ထည့်တပ်ပေးလိုက်လေတော့၏။

♦ ♦ ♦

ထိုနေ့ ညနေစောင်းချိန်သို့ ရောက်လာသောအခါ ကျွန်ုပ်၏တပည့်ကျော် လူကြမ်းသရုပ်ဆောင် ကျော်မင်းပြန်ရောက်လာလေ၏။

'ဆရာ..အဆင်ပြေရဲ့လား' ဟု ခရီးရောက်မဆိုက်ပင် ပဋိသန္ဓာရစကား ဆိုလေ၏။

'ပြေပါတယ်ကွာ။ မင်းမှာထားလို့ အားလုံးအဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com

တယ်' ဟု ကျွန်ုပ်ကလည်း ကျော်မင်းအား ပြန်၍ဖြေကြား လေ၏။

သို့သော် ကျွန်ုပ်၏ ရင်ထဲမှာတော့ စားပွဲပေါ်ရှိ သစ်ကနက်ရုပ်တုနှင့် ပတ်သက်ခဲ့သော ထူးဆန်းဖြစ်ရပ်ကိုတော့ နောက်မှပဲ အေးအေးဆေးဆေး မေးတော့မည်ဟု ဆုံးဖြတ်ကာ မမေးဘဲ နှုတ်ပိတ်ထားလိုက်လေ၏။

♦♦♦

အိမ်ရှေ့ကပြင်တွင် ကျွန်ုပ်နှင့် ကျော်မင်းတို့ ရုပ်ရှင်ရိုက်ကူးရေးကိစ္စများ ဆွေးနွေးကြရင်း ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို မြည်း၍ သောက်ကြလေ၏။

'ဆရာ..ရုပ်ရှင်ရိုက်ဖို့ ရိုက်ကွင်းတွေ လိုက်ကြည့်ပြီး ပြီလား' ဟု ကျော်မင်းက မေးသည်။

သည်တွင် ကျွန်ုပ်က-

'ငါက မင်းကို စောင့်နေတာလေ။ မင်း တယ်လီဖုန်းနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေ တစ်ချိန်က သီဟတင်စိုး၊ ရွှင်အောင်တို့နဲ့ ရိုက်ခဲ့တဲ့ တောင်ခြေနေရာတွေကတော့ သိတယ်။ ဒါပေမဲ့ ခေတ်အခြေအနေက ပြောင်းလွဲလာတော့ မင်းရှိမှပဲ ငါတို့ သေသေချာချာ ရိုက်ကွင်းရိုက်ကွက်ကြည့်ပြီး ကင်မရာနဲ့ပါ ရိုက်ဖို့ ငါစီစဉ်လာတယ်'

'ကောင်းတယ် ဆရာ။ ကိုယ့်ဆရာကြီးက်မယ့် ရိုက်ကွင်းရိုက်ကွက်မျိုး၊ ဆရာဖေဖေ၊ ဘဘဒါရိုက်တာ ဦးသန်းကျော်ဌေးကြိုက်တဲ့ ရိုက်ကွက်မျိုးက ကျွန်တော်က ဓာတ်သိပါ ဆရာ။ ဒီအတွက် စိတ်ချပါ။ ရိုက်ကွက်အသစ်အဆန်း ဖြစ်စေရပါမယ် ဆရာ'

♦♦♦

နေ့လယ်အချိန်သို့ ရောက်သောအခါ နေ့လယ်စာ ထမင်းစားသောက်ကြပြီးနောက် ကျွန်ုပ်နှင့် ကျော်မင်းတို့ သည် ရိုက်ကွင်းရိုက်ကွက်ကြည့်ရှုရန် အိမ်မှ ထွက်ခွာခဲ့ကြ လေ၏။

နောင်လှိုင်ရွာအရှေ့တောင်ခြေစခန်းမရောက်ခင် ရွေးဘောင်းဇရပ်ပျက်(တိုက်ပျက်)အဟောင်းသို့ ရောက်လာကြ လေ၏။ ကျွန်ုပ်နှင့် ကျော်မင်းတို့လည်း ၄င်းဇရပ်ပျက်၌ ခေတ္တနားကြလေ၏။ ကျော်မင်းက သူသယ်လာသည့် ဓာတ်ဘူးထဲမှ ကော်ဖီနှင့် ဘီစကွတ်များကို ကျွန်ုပ်အား ထုတ်ကျွေးသည်။ ကျွန်ုပ်လည်း ဆာဆာဖြင့် အနည်းငယ် စား သောက်လေ၏။

ကျွန်ုပ်ရင်ထဲ၌ ညက ဓားကိုင်သစ်ကနက်ပန်းပုရုပ် အကြောင်းကို ကျော်မင်းအားမေးရန် စိတ်ကူးရလာသဖြင့်-

'မင်းကို မေးစရာတစ်ခုရှိတယ်'

ဟု အစချီ၍ သစ်ကနက်သားဖြင့် ထုလုပ်ထားသော ဓားကိုင်ရုပ်တုအကြောင်းကို မေးမြန်းလိုက်ရာ ကျော်မင်း က-

'အဲဒီ သစ်ကနက်ပန်းပုရုပ်တုကို ဆရာကြီးဦးအောင်ဇမ္ဗူက ကိုယ်တိုင်ထုလုပ်ပြီး ကျွန်တော့်ကို တပည့်တစ် ယောက်အနေနဲ့ လက်ဆောင်ပေးခဲ့တာပါ ဆရာ'

'ဦးအောင်ဇမ္ဗူ ဆိုတာက'

'လူပုဂ္ဂိုလ်ပါပဲ ဆရာ။ သူက ပန်းချီ၊ ပန်းပုအနုပညာ နဲ့ ဘာသာရေး သိပ်လိုက်စားတယ်။ အဲဒီဆရာကြီးက အရမ်းထူးဆန်း အံ့သြဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပဲဆရာ။ ဆရာရောက်လာတုန်း ကျွန်တော် အဲဒီဆရာကြီးနဲ့ ဆရာ့ကို မိတ်ဆက်ပေးဦးမယ်' ဟု ကျော်မင်းက ပြောလေ၏။

ကျွန်ုပ်ကလည်း ပန်းပုရုပ်တုအကြောင်း မျက်ခြည် ပြတ်သွားမှာစိုး၍ သစ်ကနက်ဓားကိုင်ရုပ်တုအကြောင်းကိုပဲ အဓိကထားပြီး ကျော်မင်းအား ဆက်၍မေးမြန်းလိုက်ပြန် လေ၏။

'မင်းစားပွဲပေါ်မှာ တင်ထားတဲ့ သစ်ကနက်ပန်းပုရုပ် တုက ဘာတွေထူးထူးဆန်းဆန်း လုပ်ပြတတ်လဲ'

ဟု ကျွန်ုပ်က စိတ်မထိန်းနိုင်ဘဲ မေးလိုက်ရာ သည် တွင် ကျော်မင်းက-

'ဘာဖြစ်လို့လဲ ဆရာ။ အဲဒီအရုပ်က လက်ရာမြောက် ရုံကလွဲပြီး တခြားထူးခြားဆန်းပြားတွေ ဘာမှမရှိပါဘူး ဆရာ။ ဆရာက ဘာဖြစ်လို့မေးတာလဲ ဆရာ။ ဆရာ ဘာ တွေကြုံရလို့လဲ၊ ပြောပါ ဆရာ' ဟု မေးလေ၏။

ကျွန်ုပ်လည်း ၄င်းပန်းပုရုပ်တုအကြောင်းကို ဖြစ်စဉ် ဖြစ်ရပ်မှန်အတိုင်း တွေ့ကြုံခဲ့စားရမှုများကို ပြောပြလိုက် ရာ ကျော်မင်းက-

'ဟုတ်ရဲ့လား ဆရာရယ်။ ဒီအရုပ် ကျွန်တော့်အိမ် ရောက်နေတာ တစ်ပတ်တောင် ကျော်နေပြီ။ ဆရာ မြင်ခဲ့ သလို၊ တွေ့ကြုံခဲ့ရသလို ကျွန်တော်တို့ မကြုံဖူးပါဘူး။ အပေါ်ထပ် အဲဒီအရုပ်ရှိတဲ့အခန်းက ကျွန်တော့်အိပ်ခန်း လေ။ ဆရာ အိပ်မက်,မက်တာ ဖြစ်ပါလိမ့်မယ် ဆရာ။ နေရာပြောင်း၊ အိပ်ရာပြောင်းရင်လည်း ကယောင်ချောက် ချား အိပ်မက်,မက်တတ်ပါတယ် ဆရာ။ အိပ်မက်တာ ဖြစ်မှာပါ ဆရာ။ တကယ်မဟုတ်နိုင်ပါဘူး' ဟု ၄င်းဆို

www.burmeseclassic.com

သဖြင့် ကျွန်ုပ်လည်း မချိပြုံး ပြုံး၍ ဆက်လက်မေးမြန်းခြင်း မပြုတော့ပေ။

ထို့နောက် ကျွန်ုပ်သည် ထိုရုပ်တုကိစ္စကို နှုတ်ပိတ်၍ ထားလိုက်လေတော့၏။ ကျော်မင်း၏ ဆရာကြီးဆိုသူ ဦးအောင်ဇမ္ဗူအကြောင်းကို စိတ်ဝင်စားလာသဖြင့်-

'မင်းပြောသလို မင်းရဲ့ဆရာကြီး ဦးအောင်ဇမ္ဗူနဲ့ ငါ့ကို မိတ်ဆက်ပေးပါလား။ ငါ သူ့ကို စိတ်ဝင်စားတယ်။ တွေ့လည်း တွေ့ချင်တယ်' ဟု ပြောလိုက်လေ၏။

'ဒီနေ့ပဲ ဆရာ့ကို ဆရာကြီးဦးအောင်ဇမ္ဗူနဲ့ မိတ်ဆက်ပေးမယ်။ ရိုက်ကွင်းကြည့်ရင်း ဆရာကြီးဆီ သွားကြတာပေါ့' ဟု ကျော်မင်းကဆို၍ ကျွန်ုပ်တို့နှစ်ယောက် ရှေးဟောင်းဇရပ်ပေါ်မှ ဆင်းခဲ့ကြလေတော့သတည်း။

♦ ♦ ♦

ဆရာကြီးဦးအောင်ဇမ္ဗူ၏ အိမ်ကြီးကို အဝေးမှ မြင်တွေ့လိုက်ရသည်။ အလွန်ရှေးကျ၍ တိတ်ဆိတ်ချောက်ချားစရာလည်း လွန်စွာကောင်းလေ၏။ ခြံကြီးမှာလည်း လွန်စွာကျယ်ဝန်း၍ ခြံတွင်းရှိ သီးပင်စားပင်တို့မှာလည်း အပြိုင်းပြိုင်းဖြင့် တောကြီးတစ်တောသို့ ရောက်ရှိနေသကဲ့သို့ ထင်ရလေ၏။

ကျွန်ုပ်တို့ ခြံဝင်းကြီးအတွင်းသို့ ဝင်လာကြသောအခါ ချမ်းစိမ့်စိမ့်ဖြစ်မိလေ၏။ အေးစိမ့်နေသကဲ့သို့ ခံစားရလေ၏။ ပိန္နဲ၊ သရက်အနုံများ၊ နှင်းဆီ၊ စံပယ်အနုံများမှာလည်း ကြိုင်လိုင်ကာသင်းလျက် ပျံ့ထုံလျက်ရှိနေကြလေ၏။

'မင်းပြောတဲ့ ဆရာကြီးဦးအောင်ဇမ္ဗူ ဆိုတဲ့သူက သူ့မိသားစုနဲ့ နေတာလား။ သူတစ်ယောက်တည်း နေတာလား' ဟု ခြံထဲ တော်တော်လေးဝင်ရောက်လာပြီးသောအခါ၌ အထက်ပါအတိုင်း ကျွန်ုပ်က ကျော်မင်းကို မေးလိုက်လေ၏။

'မိသားစုတော့ မရှိဘူး ဆရာ။ တပည့်တစ်ယောက်တော့ လက်တိုလက်တောင်းခိုင်းဖို့ မွေးထားတာတော့ ရှိတယ်' ဟု ကျော်မင်းက ဖြေလေ၏။

'ငါတို့ ခုလို ကြိုတင်မပြောဘဲလာတာ သူ့အတွက် အနှောင့်အယှက်များ ဖြစ်နေမလားတော့ မသိဘူး။ ဖြစ်ပါ့မလား ကျော်မင်း။ ကြည့်လည်း လုပ်ဦးနော်' ဟု ကျွန်ုပ်က တစ်ဖက်လူစိမ်း အနှောင့်အယှက်ဖြစ်မှာစိုး၍ ကြိုတင်၍ မေးမြန်းလိုက်လေ၏။

'မဖြစ်ပါဘူး ဆရာရယ်။ ဆရာ့အကြောင်းနဲ့၊ ဆရာလာမယ့်အကြောင်းကို ကျွန်တော် ကြိုမပြောလည်း သူက ကြိုတင်ပြီး သိနေမှာပါ ဆရာ'

ဟု ကျော်မင်းက ပြောလိုက်ရာ-

'ငါတို့လာမှာကို မင်းဆရာကြီးက ဘယ်လိုလုပ်ပြီး ကြိုတင်သိနေရတာလဲ' ဟု ကျွန်ုပ်က မေးမြန်းစူးစမ်းလိုက်လေ၏။

ကြိုတင်မပြောဘဲ ကြိုပြီး သိနေ၊ မြင်နေခြင်းမှာ အကြားအမြင်ပေါက်သူတို့၊ ဝိဇ္ဇာတို့သာ သိမြင်နိုင်သော အရာဟု ကျွန်ုပ် နားလည်ထားသောကြောင့် ဤမေးခွန်းကို ကျွန်ုပ် ကျော်မင်းကို မေးလိုက်ခြင်းဖြစ်လေ၏။

'ဆရာကြီးနဲ့ ဆရာ တွေ့ပြီးသွားရင် ဆရာသိချင်တာတွေ အကုန်လုံး သိသွားလိမ့်မယ်' ဟု ပဟေဠိဆန်ဆန် ကျော်မင်းကဆို၍ ကျွန်ုပ်၏လက်ကိုဆွဲကာ အိမ်ကြီးရှေ့ဆီသို့ သုတ်သုတ်လျှောက်လာခဲ့ကြလေ၏။

အိမ်ကြီး၏ ဝင်ပေါက်တံခါးမကြီးမှာ ရှေးဆန်ဆန် ပန်းလက်ရာများ၊ ကနုတ်များဖြင့် လက်ရာမြောက်စွာ ထုထွင်းလုပ်ဆောင်ထားလေ၏။ တံခါးမကြီး၏အဝင်ဝဲယာ နှစ်ဖက်တွင် မာန်ဖီနေသော ခြင်္သေ့နှစ်ကောင်မှာ အသက်ဝင်တော့မည့်ဟန်ဖြင့် ရုန်းသူကို စောင့်ကြည့်နေသကဲ့သို့ ရှိလေ၏။

ကျွန်ုပ်သည် ဂန္ဓိရစာရေးဆရာပီပီ အိမ်ကြီးကို သေသေချာချာကြည့်ပြီး လွန်စွာစိတ်ဝင်စားလျက် ရှိနေလေတော့၏။ အိမ်ကြီးမှာ တစ်ချိန်က ဖေဖေတို့ရိုက်ကူးခဲ့တဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီးကဲ့သို့ဖြစ်၍ ဖေဖေ့ကို သတိရမိလေတော့၏။

သည့်နောက် 'ဒါတွေရော မင်းဆရာကြီးရဲ့ လက်ရာတွေပဲလား' ဟု ကျွန်ုပ်က မာန်ဖီ၍ကြည့်နေသော ခြင်္သေ့ကြီးနှစ်ကောင်ကို ကြည့်၍ မေးမြန်းလေ့၏။

'အဲဒီကိစ္စတော့ ကျွန်တော် မမေးမိဘူး ဆရာ။ အရင်ကတည်းက ရှိနေတာလား၊ ဆရာကြီးရောက်မှ ဆရာကြီး ထုလုပ်တာလားဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော် ကတော့ ဆရာကြီးရဲ့လက်ရာလို့ပဲ ထင်တယ်' ဟု ကျော်မင်းက ပြောလေ၏။

'ဆရာကြီးရောက်မှ ဆိုတဲ့စကားက စဉ်းစားစရာပဲ။ ဒီအိမ်ကြီးက ဆရာကြီး ဒီကိုရောက်မလာခင်ကတည်းက ရှိနေတယ်ဆိုတဲ့ သဘောလား ကျော်မင်း'

'အဲဒီအထိတော့ ကျွန်တော်လည်း သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com

မပြောတတ်ဘူး။ ရေးအိမ်ကြီးလို့တော့ ကြားဖူးတာပဲ။ ထွက်ရပ်ပေါက် အဘာဆရာကြီးငြိမ်းက သူတပည့်ဖြစ်တဲ့ ဆရာကြီး ဦးအောင်ဇမ္ဗူကို အပ်သွားတယ်လို့လည်း ကြားတယ်။ အဲဒါက ဆရာကြီး ကျွန်တော့်ကို ပြောပြတာ'ဟု ကျော်မင်းက ပြောပြီး အိမ်ရှေ့ရှိ တံခါးမကြီးတွင်ချိတ်ထားသော ကြေးခေါင်းလောင်းကို လှုပ်ယမ်းလိုက်လေတော့၏။

သည်တွင်-

'တံခါးစေ့ထားတယ် မောင်ကျော်မင်း။ မင်းရဲ့ဆရာ ဧည့်သည်ကိုပါ ခေါ်ခဲ့လေကွယ်။ မင်းတို့ ဆရာ,တပည့် နှစ်ယောက်အတွက် စားဖို့သောက်ဖို့၊ ဧည့်ခံဖို့ အဆင်သင့်ပြင်ထားတယ်။ လာကြကွယ်'ဟု ဧည့်ခန်းအတွင်းဘက်ဆီမှ ဆရာကြီး၏ အသံသြသြကြီးကို ကျွန်ုပ်တို့ကြားလိုက်ရလေ၏။

ကျွန်ုပ်သည် တံခါးမကြီး ခြေးထားလျက်က ကျွန်ုပ်တို့၏ အခြေအနေကို သိနေ,မြင်နေသကဲ့သို့ ကြိုဆိုလိုက်သော ဆရာကြီးဦးအောင်ဇမ္ဗူကို ပို၍အံ့သြမိရလေတော့၏။

ကျော်မင်းသည် တံခါးကို တဖြည်းဖြည်းချင်း တွန်း၍ ဖွင့်လိုက်လေ၏။ တံခါးမကြီး ပွင့်သောအခါ အတွင်းပိုင်းသည် ဟာလာဟင်းလင်းဖြစ်၍နေလေ၏။

ဟာလာဟင်းလင်း၏ နောက်တစ်ဖက်ခြမ်းတွင် တောကြီးတစ်တောကို တွေ့ရလေ၏။ တောကြီးမှာ သစ်ပင်သစ်နွယ်များ တစ်ပင်နှင့်တစ်ပင် ယှက်နွယ်သွယ်တန်းလျက် မျောက်များ၊ သမင်များ၊ ကျေးငှက်သရကာများ၊ ဒေါင်းများ၊ ယုန်များနှင့် မြွေများပါမကျန် သစ်ပင်နွယ်ကိုင်းများတွင် တွန့်လိမ်ယှက်နွယ်နေကြကာ ငှက်ပေါင်းစုံတို့သည်လည်း မြူးထူးပျော်ပါးနေကြသည်ကို အံ့သြစွာတွေ့မြင်ရလေ၏။

ကျွန်ုပ်သည် တောအုပ်ကြီးကို တအံ့တသြစိုက်၍ကြည့်နေမိရာ မိနစ်အတန်ကြာလေ၏။ ထူးဆန်းသည်မှာ သစ်ပင်များ လှုပ်ခတ်ခြင်းမရှိခြင်း၊ တိရစ္ဆာန်၊ ငှက်၊ မျောက်၊ မြွေ စသည်တို့မှာလည်း လှုပ်ရှားခြင်းရှိမနေခြင်းတို့ကြောင့် တကယ့်တော၊အုပ်မဟုတ်ဘဲ လက်ရာမြောက်လှသော ပန်းချီကားချပ်ကြီးတစ်ချပ်ဖြစ်ကြောင်း သိလိုက်ရလေ၏။

'ဟာ..လက်ရာမြောက်လိုက်တာ'ဟု ကျွန်ုပ်သည် နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်မိလေတော့၏။

'လိုက်ကာဖွင့်ပြီး ဝင်လာကြပါ'ဟု အတွင်းက အသံပြုလိုက်သောကြောင့် ကျော်မင်းသည် ကျွန်ုပ်၏လက်ကို ဆွဲ၍ လိုက်ကာကိုဖယ်ကာ အတွင်းသို့ ဝင်လိုက်ကြလေ၏။

'ထိုင်ဟေ့ မောင်ကျော်မင်း။ မင်းရဲ့ ဆရာကိုလည်း ငါက မျှော်လင့်ကြိုဆိုနေပါတယ်။ ပဌာန်းဆက်တွေ၊ ရေစက်မကုန်လို့ ပြန်တွေ့ကြပြီပေါ့ကွာ'ဟု ဆရာကြီး ဦးအောင်ဇမ္ဗူဆိုသူက ကျွန်ုပ်အား ပြုံးရွှင်သောအကြည့်ဖြင့် ကြည့်ကာ ထူးဆန်းသောစကားဖြင့် ဆိုလေ၏။

ကျွန်ုပ်သည်လည်း ဆရာကြီးဟုဆိုသော ဦးအောင်ဇမ္ဗူဆိုသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ဆန်းကို စိတ်ဝင်တစား အကဲခတ်ကြည့်ရှုမိလေ၏။

ထိုပုဂ္ဂိုလ်၏ မျက်နှာပြင်မှာ လွန်စွာထူးဆန်းသည်ဟု ကျွန်ုပ်ထင်လေ၏။ အဘယ်ကြောင့်ဆိုသော် ၎င်း၏မျက်လုံးများသည် တောက်ပကြည်လင်ရုံတင်မက စူးရှမှုလည်း ရှိပေ၏။ နှာတံမှာမူ ဖြောင့်စင်း၍ အနည်းငယ်ချွန်သယောင်ရှိလေ၏။ ပါးစပ်ကိုမူ ကောင်းစွာအကဲခတ်၍မရပေ။ မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးတို့ကို ဖယ်ရှင်းပြီးမှ ကျွန်ုပ်ဝေဖန်သုံးသပ်နိုင်မည်ထင်၏။ အဘယ်ကြောင့်ဆိုသော် ရှည်လျားသော မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးတို့က တောတစ်တောသဖွယ် ပါးစပ်၏ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ကို ဖုံးပိတ်လွှမ်းမိုးထားသောကြောင့်ဖြစ်လေ၏။

ဆရာကြီးဆိုသူ၏ နောက်တစ်ခု ထူးခြားချက်မှာ မျက်တောင်ကို အကြာကြီးနေမှ တစ်ခါမျှသာ ခတ်ရုံခတ်၍ နောက်အကြာကြီး မခတ်ဘဲနေသောကြောင့် ဖြစ်လေ၏။

'ကဲ..မောင်ကျော်မင်း၊ ငါ့ကို မင်းဆရာနဲ့ မိတ်ဆက်ပေးပါဦး'ဟု ဆရာကြီးဦးအောင်ဇမ္ဗူက ပြောလိုက်သောကြောင့် ကျော်မင်းရော ကျွန်ုပ်ပါ သတိဝင်လာသလို ကဗျာကယာ မတ်တတ်ရပ်၍ မိတ်ဆက်ကြလေ၏။

'ဩော်..ဒါထက် ဆရာဒါရိုက်တာကြီးက ကျူပ်ကို ဘယ်လိုခြင်လို့လဲ'ဟု ပြုံးရင်းက ဆရာကြီးဦးအောင်ဇမ္ဗူက ကျွန်ုပ်အား မေးလေ၏။

'မျက်နှာအနေအထားတွေက လူသာမန်တွေနဲ့မတူဘဲ ထူးခြားနေတယ်လို့ ထင်လို့ပါ'ဟု ကျွန်ုပ်က အဆင်ပြေစွာ ပြန်၍ပြောလိုက်လေ၏။

'ဆရာ့ကို ကြည့်ရတာ ကျူပ်ကို တစ်ခုခုမေးချင်နေပုံရတယ်။ မေးပါ ဆရာ။ ဘာမေးချင်လို့လဲ'ဟု ဆရာကြီး ဦးအောင်ဇမ္ဗူက အစဖော်မေးလိုက်သော စကားသည်ပင် ကျွန်ုပ်၏ ရင်တွင်းထဲက ဆန္ဒကိုပင် ကြို၍သိနေသကဲ့သို့ ထင်ရလေ၏။

www.burmeseclassic.com

"ဆရာကြီးက ကျွန်တော့်စိတ်ကို ကြိုသိနေသလိုပဲ။ ကျွန်တော် ဘာမေးမယ်ဆိုတာရော ဆရာသိနေသလား မသိဘူး" ဟု ကျွန်ုပ်က သွေးတိုးစမ်းသလို မေးလိုက်ရာ ဆရာကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးလေ၏။

"ဆရာမေးချင်တဲ့ အကြောင်းအရာက ဓားကိုင်ထားတဲ့ သစ်ကနက်သားနဲ့ထုထားတဲ့ သစ်သားပန်းပုရုပ်အကြောင်း မဟုတ်လား" ဟု မေးလိုက်ရာ ကျွန်ုပ်မှာ "ဟာ..." ဟု ပါးစပ်ကပင် အထိတ်တလန့် ရေရွတ်လိုက်မိလေတော့၏။

"ဒါလည်း တိုက်ဆိုင်မှုပဲလို့ ပြောရမလား မသိဘူး။ ညက ကျုပ်လည်း အဲဒီဓားကိုင်သစ်ကနက်ရုပ်တုနဲ့ ပတ်သက်ပြီး အိပ်မက်တစ်ခုမက်တယ်။ ဆရာမက်တဲ့ အိပ်မက်နဲ့ တူ၊မတူတော့ ကျုပ် မသိဘူး။ အဲဒီဓားကိုင်အရုပ်က အသက်ဝင်လာပြီး ကျုပ်ကို ဓားနဲ့ ခုတ်တယ်။ ကျုပ်က ဓားကို ပြန်လုယူပြီး အဓေးကို လွှင့်ပစ်လိုက်တယ်။ အဲဒီနောက် ကျုပ်လည်း အိပ်ရာကလန့်နိုးတာပဲ ဆရာ" ဟု ပြောလေ၏။

ဆရာကြီး၏ အိပ်မက်သည် ကျွန်ုပ်မက်သော အိပ်မက်နှင့် တစ်ထပ်တည်းတူနေသောကြောင့် ကျွန်ုပ်မှာ အံ့သြရပြန်လေ၏။

"ဟာ..တစ်ထပ်တည်းပဲ ဆရာကြီးရာ။ ကျွန်တော် မက်တဲ့ အိပ်မက်အတိုင်းပဲဗျာ။ ထူးဆန်းလိုက်တာ" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"လောကမှာ တိုက်ဆိုင်မှုတွေ အများကြီးရှိပါတယ် ဆရာ။ အဲဒီအရုပ်ကို ကျုပ်ကိုယ်တိုင် စိတ်ကူးပုံဖော်ပြီး ထုခဲ့တာပါ။ အဲဒီပန်းပုအရုပ်က ပုဂံခေတ်က ခေတ်စားခဲ့တဲ့ ပွဲကျောင်းသားတစ်ယောက်ရဲ့ ဓားခုတ်၊ လှံထိုး ပညာရပ်ကို စိတ်ကူးနဲ့ထုလုပ်ခဲ့တာ။ ထုလို့ပြီးတဲ့နေ့မှာပဲ အဲဒီဓားကိုင်ပန်းပုရုပ်တုက တစ်ညမှာ ကျုပ် အသက်ပြန်ရှင်လာပြီ၊ ကျုပ် အသက်ပြန်ရှင်လာပြီ။ ကျုပ်ကို အသက်ပြန်သွင်းပေးတဲ့ ဆရာကြီးကို ကျေးဇူးတင်တယ်လို့ အိပ်မက်ပေးခဲ့တယ် ဆရာ" ဟု ဖြောပြလေ၏။

ကျွန်ုပ်မှာလည်း ဆရာကြီးဦးအောင်ဇမ္ဗူ၏စကားကို ယုံရခက် မယုံရခက် ဖြစ်၍နေတော့၏။

"သစ်သားပန်းပုရုပ်တုက အသက်ဝင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလဲ ဆရာကြီး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆရာကြီးက-

"တစ်ခါနိုက ဂါထာ၊ မန္တန်ကောင်းရင် သစ်ရွက်တွေကို နာနာရုပ်ဖန်တီးတာမျိုး၊ စစ်သည်တော်တွေ ဖြစ်လာတာမျိုး ကျုပ်ကြားဖူးတယ်။ ဆရာကြီးတွေ ပြောဖူးတာတွေလည်း ကျုပ်ကြားဖူးတယ်။ အဲဒီကိစ္စရပ်တွေက လောကီပညာရပ်၊ ဝိဇ္ဇာပညာရပ်တွေနဲ့ သက်ဆိုင်တယ်။ ဝိဇ္ဇာ၊ ဓော်ဂျီတွေဟာ သူယောင်ပင်က သူယောင်သီးတွေကို ဆေးတောင်ဝှေးနဲ့ ထိုးပြီး လူယောင်ဖန်ဆင်းပေးတာမျိုးပေါ့ဗျာ" ဟု ရှင်းပြလေ၏။

"သူယောင်ပင်တို့၊ သူယောင်သီးတို့ဆိုတာက တကယ်ရော ရှိလို့လား ဆရာကြီး။ ကျွန်တော်က စာရေးဆရာတွေ စိတ်ကူးယဉ်ပြီး ရေးခဲ့တာလို့ပဲ ထင်တာ" ဟု ကျွန်ုပ်ကပြောလိုက်လျှင် ဆရာကြီးက ပြုံးလေ၏။

ထို့သို့ပြုံးရင်းကပင်-

"သူယောင်ပင်တို့၊ သူယောင်သီးတို့ဆိုတာ တကယ် ရှိပါတယ်။ ကျုပ်ကိုယ်တိုင် ကုလားပြည်မှာ မြင်ခဲ့ဖူးတယ်။ အဲဒီတုန်းက ကျုပ်ရဲ့ဆရာကြီးက ဟိမဝန္တာတောကို ခေါ်သွားပြီး ကျုပ်ကို လိုက်ပြဖူးတယ် ဆရာ" ဟု ပြောလေ၏။

ထို့နောက် ဆရာကြီးက သူယောင်ပင်အကြောင်းနှင့် သူယောင်သီးအကြောင်းကို အောက်ပါအတိုင်း ဆက်၍ရှင်းပြလေ၏။

"အသီးတွေ၊ အပင်တွေ အများကြီးထဲမှာ သူယောင်ပင်နဲ့ သူယောင်သီးဟာ အင်မတန်ဆန်းကြယ်တဲ့ အပင်တစ်မျိုးပဲ ဆရာ။ သူ့အသီးတွေဟာ တွဲလောင်းခိုတွဲပြီး သီးကြတယ်။ အသီးတွေရဲ့ ပုံစံအနေအထားက အဝတ်တန်ဆာတွေ ဝတ်ဆင်မထားတဲ့ မိန်းကလေးရုပ်၊ ယောကျ်ားရုပ်တွေနဲ့ တူတယ်။ လေတိုက်ရင် အသီးတွေက ဘယ်ညာယိမ်းထိုးလှုပ်ခါပြီး အသီးအချင်းချင်း ဖက်တွယ်နမ်းရှုံ့နေကြသလို မြင်တွေ့နေရတယ်။

ဝိဇ္ဇာ၊ ဓော်ဂျီတွေကမြင်ရင် ဆေးတောင်ဝှေးနဲ့ထိုးပြီး လူယောင်ဖန်ဆင်းပေးတယ်။ ပြီးတော့ လိင်မတူ ဆက်ဆံပျော်ပါးကြတယ် ဆရာ။ သိပ်အံ့သြဖို့ ကောင်းတာက သူယောင်ပင်က သူယောင်သီးတွေ မှည့်ပုပ်ပြီး ကြွေကျလာရင် လူသေကောင်အပုပ်နဲ့ ထွက်တယ် ဆရာ" ဟု ဆရာကြီးဦးအောင်ဇမ္ဗူက ရှင်းပြလေ၏။

"နောက်ပြီး လောကီနယ်တွေမှာ ဓနိသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အင်း၊ အိုင်၊ မန္တန်များအပြင် မော်သွင်းနည်း၊ ဝိယမန်းဆေး ကအစ အရင်တစ်ချိန်တုန်းက ပြုလုပ်ခဲ့ကြတာတွေ အများကြီးပါပဲဗျာ"

www.burmeseclassic.com

ကျွန်ုပ်လည်း ဗဟုသုတများ ရရှိလိုက်သလို မှတ်သားထားလိုက်လေ၏။ ထို့နောက် ဆရာကြီးက ဓားကိုင်သိုင်းသမားရုပ်တုနှင့်ပတ်သက်ပြီး ဆက်၍ရှင်းပြပြန်လေ၏။

'မောင်ကျော်မင်းအိမ်မှာရှိတဲ့ ကျုပ်ထုပေးထားတဲ့ ပွဲကျောင်းသား ဓားကိုင်ထားတဲ့ အရုပ်ဟာ သက်တမ်းမရှည်နိုင်တဲ့ အရုပ်တစ်ရုပ်ပဲလို့ ကျုပ်ယူဆမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရုပ်ဟာ ကျေးဇူးရှင်ကို ပြစ်မှားပြီး ကျေးဇူးမသိတတ်တဲ့ အရုပ်တစ်ရုပ် ဖြစ်နေလို့ပဲ' ဟု ဆရာကြီးက ပြောလိုက်ရာ ကျုပ်မှာလည်း သစ်သားပန်းပုရုပ်တုက ကျေးဇူးမသိတတ်ဘူးဟုဆိုသော စကားကို ဘဝင်မကျဘဲဖြစ်၍ နေမိလေ၏။

ထို့ကြောင့် 'သစ်သားရုပ်တုက လူမှမဟုတ်ဘဲ ဆရာကြီး၊ ကျေးဇူးတွေ၊ ကျေးဇူးတရားတွေ သိတတ်ဖို့ လိုအပ်လို့လား ဆရာကြီး'

ဟု မေးလိုက်ရာ ကျွန်ုပ်အား ဆရာကြီးက စိုက်ကြည့်၍-

'လိုအပ်တာပေါ့ ဆရာ။ သစ်သားအရိုင်းတုံးကနေ လူဖြစ်လာတာ ကျုပ်ဖန်တီးပေးလိုက်တာလေ။ ကျုပ်ဟာ သူ့ရဲ့ဆရာ၊ သူ့ရဲ့ကျေးဇူးရှင်ပေါ့ ဆရာ။ ကျုပ်ကို ဓားနဲ့ခုတ်ဖို့ ကြိုးစားတာဟာ ကျေးဇူးရှင်ကို ပြစ်မှားတာနဲ့ အတူတူပဲလေ။ အဲဒါ ကျေးဇူးကန်းတဲ့သဘောပဲ ဆရာ။ မယုံရင် ဆရာ စောင့်ကြည့်နေ။ ဆရာတို့ အိမ်ကိုပြန်တဲ့အခါ အဲဒီအရုပ်ဟာ ခြေ၊လက်တွေကျိုးပဲ့ပြီး ကြမ်းပြင်ပေါ်မှာ ပိုးလိုးပက်လက်နဲ့ တစ်စစီ ဖရိုဖရဲဖြစ်နေတာကို တွေ့ရလိမ့်မယ်။ အဲဒါ သူ့အသက်ကုန်သွားပြီ။ သေဆုံးသွားပြီဆိုတဲ့ သဘောပဲ။ အရုပ်တစ်ရုပ်ရဲ့ တန်ဖိုးဟာ ထုလုပ်တဲ့ ဆရာပေါ်မှာ တန်ဖိုးသတ်မှတ်ရတယ်။ ဆရာက တန်ဖိုးသတ်မှတ်ပေးမထားရင် သစ်တုံးဟာ သစ်တုံးရဲ့ တန်ဖိုးလောက်ပဲ ရှိရပါတယ်။ ဥပမာ-ဆရာရေးတဲ့ ဝတ္ထုတစ်ပုဒ်၊ ဒါမှမဟုတ် ရုပ်ရှင်ဇာတ်ကား တစ်ကားအတွက် ဆရာ့ပညာရပ်နဲ့ ပတ်သက်ပြီး တန်ဖိုးဆိုတာ ရှိပါတယ်။ ဘယ်ဟာမှ အလကားမရတတ်ပါဘူး။ ဆရာ စိတ်ကောင်း စေတနာကောင်းထားပြီး လုပ်ရင် ဝတ္ထုလည်း ကောင်းမယ်။ ရုပ်ရှင်ဇာတ်ကားလည်း ကောင်းမယ်။ ကျုပ်ပြောတာ ဆရာ လက်ခံမလားမသိဘူး' ဟု ဆရာကြီးဦးအောင်ဇမ္ဗူက ကျွန်ုပ်အား တစ်ချက်ကြည့်၍ မေးလိုက်လေ၏။

ကျွန်ုပ်ကလည်း 'လက်ခံပါတယ် ဆရာကြီး' ဟု ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် ဆရာကြီးကပင်-

'မိတ်ဆွေတို့ကို ကျုပ် နေ့လယ်စာကျွေးဖို့ အားလုံးပြင်ဆင်ထားတယ်။ စားပြီးသောက်ပြီးမှ ပြန်ကြပါ' ဟု ဆရာကြီးက ဆိုလေ၏။

ထိုသို့ဆိုရင်း ဆရာကြီးအနီးနံဘေးမှာ စင်မြင့်တစ်ခုပေါ်မှ ဆင်စွယ်နှစ်ချောင်းနှင့် ဆက်သွယ်ထားသော ကြေးမောင်းကို သုံးချက်တိတိထုလိုက်ရာ လူတစ်ယောက် ပန်းချီကားချပ်ကြီးလိုက်ကာအတွင်းဘက်မှ ဘွားခနဲထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်ရလေ၏။

ထိုလူမှာ ကမ်းစပ်မှ ကုန်းပေါ်သို့ တက်ရောက်လာသော ကဏန်းတစ်ကောင်ကဲ့သို့ ကွတ၊ကွတဖြင့် ကိုယ်တစ်ဖက်စောင်းနေသော လူတစ်ယောက် ဖြစ်လေ၏။

'ဟော့ကောင် မိုးထိ၊ စားဖို့သောက်ဖို့ကိစ္စ အဆင်သင့်ဖြစ်ပြီလား' ဟု ဆရာကြီးက မေးလိုက်ရာ မိုးထိဆိုသော ပုဂ္ဂိုလ်က 'ဟုတ်ကဲ့ဆရာကြီး၊ အဆင်သင့်ဖြစ်ပါပြီခင်ဗျာ' ဟု ပြန်၍ဖြေကြားလေ၏။

မိုးထိဆိုသော လူပုဂ္ဂိုလ်မှာ သက်ကြီးပုဖြစ်၍ အရုပ်မှာ သုံးပေကျော်ကျော်ခန့် ရှိလေ၏။ အသက်မှာ (၅၀) နှစ်ခန့် ရှိလေ၏။ လူမျိုးမှာ ဂေါရခါးလူမျိုး ဖြစ်လေ၏။ ၄င်းမိုးထိကို အရုပ်ပုသောကြောင့် မိုးထိဟူ၍ နောက်ပြောင်

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆိုခဲ့ခြင်း ဖြစ်လေ၏။ ၎င်း၏ ဂေါရခါးနာမည်ရင်းမှာ ဗီကွန့်ဟူ၍ ဖြစ်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဆရာကြီးဦးအောင်ဇမ္ဗူ၏ ဖိတ်ခေါ်ချက်အရ ထမင်းဝိုင်းဖွဲ့ စားသောက်ကြလေ၏။

ကျွန်ုပ်သည် ထမင်းစားသောက်နေရင်းက ဟင်းသုံးလေးငါးမျိုးခန့်ကို ဟိုနည်းနည်း သည်နည်းနည်း စမ်းစားသောက်ကြည့်ရာ အရသာမှာ ကုလားဟင်းအရသာ၊ တရုတ်ဟင်းအရသာနှင့် ဗမာဟင်းအရသာ သုံးမျိုးသုံးစားကို အရသာခံစားမိလေ၏။

'ဆရာက ကျုပ်တပည့်လက်ရာကို ဝေဖန်နေတယ်နဲ့ တူတယ်' ဟု ကျွန်ုပ်၏ အတွင်းစိတ်ကို ကြိုတင်၍ သိရှိနေသကဲ့သို့ မေးလိုက်လေ၏။

'ဆရာကြီးက ကျွန်တော့်စိတ်ထဲက အကြံအစည်တွေကို ကြိုပြီးသိနေတာ အံ့သြစရာပဲ' ဟု ကျွန်ုပ်က ကျွန်ုပ်ရင်ထဲရှိသည့်အတိုင်း ပြောလိုက်လေ၏။

ထိုအခါ ဆရာကြီးက-

'ကြိုသိတဲ့ကိစ္စက သူ့ရဲ့လှုပ်ရှားမှုကိုကြည့်ပြီး ပြောဆိုရတဲ့ သဘောတစ်ခုပါ ဆရာ။ အခု ဆရာ ဟင်းတွေ ဟိုနည်းနည်း ဒီနည်းနည်း လိုက်ပြီး မြည်းစမ်းနေတာကိုကြည့်ပြီး ကျုပ်က ဝေဖန်ပြောဆိုလိုက်တာပါ' ဟု ပြောလိုက်ကာ ထမင်းစားသောက်ခြင်းကို အဆုံးသတ်လိုက်ကြလေတော့၏။

'ဆရာကြီးနဲ့ စကားပြောရတာ အရမ်းကောင်းပါတယ်။ နောက်လည်း ပြောချင်ပါသေးတယ်။ ခုလောလော ဆယ် ရိုက်ကွင်းလေးတွေ လိုက်ကြည့်စရာရှိသေးလို့ ခွင့်ပြုပါဦး ဆရာကြီး'

ဟု နှုတ်ဆက်လိုက်ရာ ဆရာကြီးက-

'မနက်ဖြန် ကျုပ်ဆီ လာခဲ့ပါဦးလေ။ ဆရာစိတ်ဝင်စားမယ့် အကြောင်းအရာတစ်ခု ကျုပ်ပြောပြချင်လို့' ဟု ဆိုကာ ဖိတ်ခေါ်လေ၏။

ကျွန်ုပ်လည်း 'ဆက်ဆက်လာခဲ့ပါ့မယ်' ဟု နှုတ်ဆက်ပြီး ပြောဆိုကာ ကျော်မင်းနှင့်အတူ ဆရာကြီးဦးအောင်ဇမ္ဗူ အိမ်ကြီးမှ ထွက်ခွာခဲ့ကြလေတော့သတည်း။

♦ ♦ ♦

ဆရာကြီးဦးအောင်ဇမ္ဗူအိမ်မှ ထွက်လာခဲ့ပြီးနောက် ကျွန်ုပ်နှင့် ကျော်မင်းတို့သည် ကျော်မင်း၏အိမ်သို့ပင် တန်းရှည်ခဲ့ကြလေ၏။

'သားတို့ မဆော့ပါဘူး မေမေ'

'ဘာမဆော့ရမှာလဲ။ မင်းတို့ ယူဆော့လို့ အခုလို အရုပ်ပျက်စီးသွားတာမဟုတ်လား။ အရုပ်က ခြေထောက်ပေါက်ပြီး ဆင်းမလာဘူး။ မင်းအဖေ သိရင်တော့ ဆူတော့မှာပဲ' ဟု ပြောဆိုသံကို ကျွန်ုပ်တို့ အပေါ်ထပ်လှေကားပေါ်တက်စဉ်မှာပင် ကြားလိုက်ရသည်။

နောက်မှ ကပ်ပါလာသော ကျော်မင်းက-

'ဟော့..မိန်းမ၊ ကလေးတွေကို ဘာမှမဆူနဲ့တော့'

ဟု ပြောလိုက်စဉ် ကျော်မင်း၏ ဇနီးဖြစ်သူမှာ ကျွန်တော်တို့ကို ကြည့်ပြီး-

'ဒီမှာ ကြည့်ပါဦး ဆရာ။ သူ့အဖေ လက်ဆောင်ရတဲ့ ပန်းပုရုပ်တု ကလေးတွေ ဆော့ကစားရင်း ထိခိုက်မိလို့ ပျက်စီးသွားပြီ'

'မဟုတ်ဘူး ဖေဖေ၊ သားတို့ ဒီရုပ်တုကို ယူမဆော့ဘူး'

'အေးပါ သားတို့ရယ်၊ ဖေဖေသိပါတယ်။ ကဲ..သားတို့ အောက်မှာ သွားကစားချေ။ မင်းကလည်း ကလေးတွေပဲ ဆူနေတာပဲ'

'ဆူတာမဟုတ်ဘူး ကိုကျော်မင်း' ဟု ပြောရင်း ပန်းပုရုပ်တုကို မေးငေါ့ပြလိုက်ရာ ပန်းပုရုပ်တုမှာ ကြမ်းပြင်ပေါ်တွင် ခေါင်းတခြား ကိုယ်တခြား လက်,ခြေများ ကျိုးပဲ့ကာ ဖရိုဖရဲ ဖြစ်လျက်နေသည်ကို တွေ့လိုက်ရလေ၏။

သည်တော့မှ ကျွန်ုပ်လည်း အထိတ်တလန့်ဖြင့် အံ့သြ၍သွားလေတော့၏။ အာယ်ကြောင့်ဆိုသော် ဆရာကြီးဦးအောင်ဇမ္ဗူ၏ သည်အရုပ် သက်ဆိုးမရှည်ဘူးဟူသော စကားကို ပြန်လည်ကြားယောင်နေမိသောကြောင့်တည်း။

သည်နောက် ကျော်မင်းအား-

'မင်းရဲ့ ဆရာကြီးကတော့ တော်တော့်ကို ထူးဆန်းအံ့သြဖို့ ကောင်းနေပြီကွ။ မင်းရော ငါရော ကြားခဲ့တာပဲလေ။ မင်းရဲ့ပန်းပုရုပ်တုလေး သက်ဆိုးမရှည်ဘူးလို့ ပြောခဲ့တာ။ အခု မင်းဆရာကြီး ကြိုပြောခဲ့တဲ့အတိုင်း ကျိုးပဲ့ပျက်စီးသွားပြီကွ။ တော်တော်ထူးဆန်းအံ့သြဖို့ ကောင်းတာပဲ' ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျော်မင်းလည်း ပျက်စီးနေသော သူ့ပန်းပုအရုပ်ကိုကြည့်ပြီး ဘာမှမပြောနိုင်တော့ဘဲ ပါးစပ်ကြီးဟောင်းလောင်းဖြစ်၍သွားပြီး ကျွန်ုပ်အား ကြည့်နေလေတော့သတည်း။

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

ဂန္ဓိရ ဆရာလှမျိုး (B.Sc)

အောင်ကောင်းမြ (သာကေတ)

ဇေဒင် + လက္ခဏာ + နဝင်းစီးယဘြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းတိုစွ အဆင်ပြေစေရန် တတ်ရိုက်မှတ်ဆင်ယဘြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယဘြာ ပြုလုပ်ပေးခြင်း။

ဟောခန်းလိပ်စာ အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ကြိုတိုင်းအောင် စာပေနှင့် ဟောခန်း

ဟောပြောအချိန် နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉၄၂၀၄၀၄၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယဘြာချေနိုင်ပါသည်။

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး **ဟိမဝန္တာ သွေးသန့်ဆေး**

ခရုသင်း သမင်ဖြူ။

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ ပွိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊
ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိက်၊ ရေယုန်၊ မှက်ခရုနာ၊ ကြွက်နို့၊
ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို
အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အေးဆောင်တို့ ရွာကလေးက ပင်လယ်ကမ်းနားရွာကလေး ဖြစ်သည်။ ပင်လယ်နားနီးသဖြင့် ရွာသူရွာသားများမှာ ပင်လယ်ပြင်သို့ ငါးထွက်ရှာကြကာ ရေလုပ်ငန်းလုပ်၍သာ အသက်မွေးနေထိုင်ကြသည်။ ယောကျ်ားများက ငါးဖမ်းလှေများဖြင့် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ကြ၏။

အိပ်မက်ဆိုးဝေးလာသောအိုလုံး

(ဇေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောတွင် ငါးဖမ်းထွက်ကြပြီး ညနေပိုင်းတွင် ငါးဖမ်းလေ့များ ရွာဆီသို့ ပြန်လာကြသည်။ ရွာတွင် ကျန်ရစ်ခဲ့သော ဇနီးနှင့် သားသမီးများက ညနေစောင်းရောက်လာသည်နှင့် ပင်လယ်ကမ်းစပ်သို့ လာရောက်ကြကာ သူတို့၏ဖခင်များ ငါးများ ဖမ်းလာကြမည်ကို စောင့်မျှော်နေကြသည်။ ဖခင်ဖြစ်သူ ငါးများများဖမ်းလာနိုင်ကြလျှင် သူတို့ အလွန်ပျော်ကြလေသည်။

'ဟာ..ဟိုးခပ်လှမ်းလှမ်းက ဗင်လယ်ရေပြင်ထဲမှာ ခပ်ရေးရေးလှမ်းမြင်ကြရတာဟာ ငါးဖမ်းလေ့တွေ မဟုတ်လား'

'ဟုတ်တယ်ဟေ့၊ ငါတို့အဖေများ ပြန်လာကြပြီဟေ့'

ပင်လယ်ကမ်းခြေတွင် လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေကြသော ကလေးများလည်း ဟိုအဝေးမှ လှေများ ပြန်လာကြသည်ကို မြင်ကြသည်နှင့် လက်ခုပ်လက်ဝါးတီးသူက တီးကြသည်။ ခုန်ပေါက်ပြေးလွှားသူက ပျော်မြူးခုန်ပေါက်နေသည်။ ကွေးနေအောင် ကသူက ကနေကြလေသည်။ ထိုလှေများ ဆိုက်ရောက်လာလျှင် လှေပေါ်ပါလာသော ငါးများကို ဝိုင်းဝန်းသယ်ယူပေးကြရမည်။ ထိုငါးများကို ငါးခိုင်သို့ ပို့ပြီးသည့်အခါ သူတို့တောင်းလိုသော မုန့်ဖိုးများ ရကြမည်။ သူတို့ဖခင်မှ သူတို့အတွက် သီးသန့် ဖမ်းယူလာသော ငါး၊ ပုစွန်များကို ချက်နိုင်တော့မည်ဖြစ်၍ သည်ညတွင် ဟင်းကောင်းကောင်းနှင့် ဗိုက်ကားအောင် စားကြရမည်ဖြစ်၍ ပျော်နေကြခြင်းဖြစ်သည်။

ကလေးများမှာ ငါးဖမ်းလေ့များ လာနေကြသည်ကို မြင်ကြသည်နှင့် သူတို့တဲအိမ်ဆီသို့ အပြေးအလွှားသွားကြကာ တဲအတွင်း မီးဖိုထဲတွင် ထမင်းချက်နေသော မိခင်ဖြစ်သူအား သတင်းပေးကြလေသည်။

'အေး..အေး..အမေ ငါးတွေသယ်ဖို့ တောင်းယူပြီး လိုက်ခဲ့မယ် သားရေ'

'ဒါဆိုရင် သား ကမ်းခြေကိုပြန်သွားတော့မယ် အမေ'

ဇနီးဖြစ်သူတို့လည်း ခင်ပွန်းသည်များမှ ပင်လယ်ပြင်သို့ ထွက်ကြကာ ရွာဖွေဖမ်းယူရရှိခဲ့သော ငါးများကို သယ်ယူနိုင်ရန် ခေါင်းခုပုဆိုးစုတ်တစ်ထည်ကို ပခုံးပေါ် စောင်းကာ တောင်းတစ်လုံးကို ခါးစောင်းတင်၍ ကမ်းစပ်သို့ ထိုက်လာလေသည်။

'အင်း..လေ့ဆိုက်လို့ရလာတဲ့ငါးတွေကို ငါးခိုင်ပို့ပြီးရင်တော့ အိမ်မှာမရှိတဲ့ ဆန်နဲ့ဆီကို ဝယ်ရမယ်။ အိမ်နီးချင်းဆီက ချေးပြီးသုံးထားတဲ့ အကြွေးကိုလည်း ပြန်ပြီးဆပ်ရမယ်'

'ဟင်..ရှင် ဒီနေ့ ငါးတော်တော်ရခဲ့တာပဲ။ အိမ်မှာဆန်၊ ဆီ ပြတ်နေတာနဲ့ အတော်ပဲ'

'အေး..အေး..ငါးရောင်းပြီးရင် လိုနေတာတွေ ပြည့်စုံအောင် ဝယ်ထားဟေ့။ ငါတို့ လူကြီးတွေက ဆန်မရှိလို့ ထမင်းမချက်နိုင်ရင် ရေသောက်ပြီး ဗိုက်မှောက်နေလို့ဖြစ်ပေမယ့် ကလေးတွေက ထမင်းမစားရရင် ငိုယိုသောင်းကျန်းကြမှာကွ'

တကယ်တော့ အေးဆောင်တို့ တစ်ရွာလုံးက ငါးဖမ်းအလုပ်ဖြင့်သာ အသက်မွေးကြသူများဖြစ်သည်။ ပင်လယ်ပြင်ထွက် ငါးရှာပြီး ငါးခိုင်တွင် ငါးများ ရောင်းရပါမှ ဝင်ငွေရပြီး အိမ်အတွက် လိုအပ်သည်တို့ကို ဝယ်ကြရသည်။ သို့သော် တချို့နေ့ရက်တို့တွင် မုန်တိုင်းရှိပြီး လှိုင်းထနေပါက ငါးဖမ်းလေ့များ မထွက်ကြရပေ။ ထိုနေ့မျိုးတွင် အိမ်တွင်ပင် နားနေကြရ၏။ လူက အလုပ်မရှိ၍ နားနေရသော်လည်း ဗိုက်က နားချိမနေပေ။ စားချိန်ရောက်လျှင် ဗိုက်ဆာလာသည်။

'မိန်းမရေ..အိမ်မှာရှိတဲ့ဆန်ကို ချွေတာပြီးချက်နော်။ တော်တော်ကြာ မုန်တိုင်းရက်ရှည်ပြီး ငါးဖမ်းမထွက်နိုင်မီမှာ ဆန်ကုန်ရင် အခက်ကွ'

'ကျုပ်လည်း အလေအလွင့်မရှိအောင် ဂရုစိုက်ချက်ပါတယ်တော်။ ရှင့်ကလေးတွေအကြောင်းလည်း သိလျက်သားနဲ့တော်'

'အေးလေ..ဆန်ကုန်လို့ ထမင်းမချက်နိုင်ရင် ထမင်းစားရဖို့ အခက်တွေ့ကြမယ် မဟုတ်လားကွ'

'ဆန်အိုးထဲမှာတော့ နှစ်ရက်စာလောက်တော့ ချက်နိုင်ပါသေးတယ်။ အဲဒီရက်ထက်ပိုရင်တော့ ဆန်ပြတ်ပြီပဲလေ'

'အေးလေ..ငါးဖမ်းမြန်မြန်ထွက်နိုင်အောင် မုန်တိုင်းမြန်မြန်စဲပါစေလို့ပဲ ဆုတောင်းကြရတော့မှာပဲ'

အေးသောင်တို့တစ်ရွာလုံးက မရှိအတူ ရှိအတူနေလာခဲ့ကြ၍ အချင်းချင်း ရိုင်းပင်းကြသည်။ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်လည်း တစ်ဦးနှင့်တစ်ဦး ကူညီဖေးမ,ကြသည်။

'အေးရင်ရေ..ငါ့ကို ဆန်နှိုဆီသုံးဘူးလောက် ချေးပါလားဟယ်။ အိမ်မှာ တစ်နပ်စာချက်ဖို့ မပြည့်လို့ပါဟယ်'

'အေးလေ.. သုံးဘူးလောက်တော့ ချေးပေးနိုင်ပါ

www.burmeseclassic.com

တယ်။ ကျုပ်မှာလည်း ဆန်က နှစ်ရက်စာလောက်ပဲ ကျန်တော့တာတော့'

အိမ်နီးချင်းများထံမှ ချေးငှားချက်သည့်တိုင် ငါးဖမ်းမထွက်နိုင်သေးလျှင် နေ့စဉ် ချက်ပြုတ်စားနိုင်ရေးအတွက် ငါးဒိုင်သို့သွားကာ ငါးကြိုတင်ဌေး ချေးယူကြမည်ပင်။ ငါးဒိုင်မှ ငါးကြိုတင်ဌေပေးသည်မှာ ပေါက်ဈေးထက်လျှော့ပြီး ဈေးနှိမ်ပေးကြခြင်းဖြစ်သည်။ ထို့ကြောင့် ရေလုပ်သားတို့မှာ မိမိတို့တွင် လွန်စွာကျပ်တည်းသည့်အခါမှသာ မဖြစ်မနေ ကြိုတင်ဌေယူကြလေသည်။

'ဟာ..ကောင်းကင်ကြီး လင်းထင်းလာပါလားဟေ့'

'ဟုတ်တယ်ဟေ့၊ မုန်တိုင်းမရှိတော့ဘူး ထင်တယ်။ ဒါဆိုရင်တော့ မနက်ဘက်မှာ ငါတို့ ငါးဖမ်းထွက်နိုင်ကြပြီကွ'

တစ်ရွာလုံးက ရေလုပ်သားတို့မှာ မုန်တိုင်းစဲလျှင် ပင်လယ်ပြင်ထွက်နိုင်တော့မှာမို့ ပျော်နေကြသည်။ သူတို့တစ်ရွာလုံးရှိ ရွာသူရွာသားအားလုံး၏ စားဝတ်နေရေးမှာ ပင်လယ်ပြင်ထဲတွင်သာရှိသည်။ ပင်လယ်ပြင်ထွက်ကာ ငါး၊ ပုစွန်များ ဖမ်းယူနိုင်ပါမှ ဌေပေါ်ပြီး သူတို့၏ လိုအပ်ချက်များ ပြည့်လာနိုင်ကြမည် ဖြစ်သည်။ ရွာသားအားလုံးမှာ ပင်လယ်ပြင်ကိုမှီ၍ လုပ်ကိုင်စားသောက် အသက်မွေးနေကြခြင်းဖြစ်သည်။

နိစ္စဓ္ဝ ငါးထွက်ရှာကာ ရလာသည့် ငါးများကို ဒိုင်သွင်းရောင်းချကြသဖြင့် စားဝတ်နေရေးရကြသည် မှန်သော်လည်း လျှုရေးတန်းရေး ကုသိုလ်ရေးတွင်တော့ မရှိသလောက်ပင်။ ဘာသာရေးအသိ အားနည်းကြသဖြင့် စရိုက်ကြမ်းကြသည်။ တစ်ဦးနှင့်တစ်ဦး စိတ်အခန့်မသင့်ကြ၍ စကားများကြလျှင် မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာကြသည်။ စိတ်ခက်ထန်ကြသဖြင့် ရန်ဖြစ်ကြလျှင် ရိုက်မောင်းပုတ်မောင်းလုပ်ခဲ့ကြ၍ ကွဲပြဲကြသည်။ ကျိုးပဲ့ကြသည်။ မူးမူးရွှားရွှားနှင့်ဖြစ်ကြလျှင် ဒေါသမထိန်းနိုင်ခြင်းကြောင့် ခုတ်ကြထစ်ကြ သေကြရသည်။

ရွာတွင် ဘုန်းကြီးဈေးရှိသော်လည်း ရွာသားများက ပင်လယ်ပြင်မှာသာ ထွက်နေကြ၍ ကျောင်းအရောက် နည်းကြသည်။ ကျောင်းအရောက်အပေါက်နည်းလေတော့ ဘာသာရေးအဆုံးအမနည်းကြတော့သည်။ ကျောင်းထိုင်ဆရာတော်သည်ပင် သူ့အသက်နှင့် အသက်မွေးကြသည့် ရွာသူရွာသားတို့အား သားငါးဖမ်း၍ အသက်မွေးလျှင် ပါဏာတိပါတာက် ကျူးလွန်ရာရောက်ကြောင်း မဟိန့်ခဲ့ပေ။ ထိုသို့မိန့်ခဲ့လျှင် ဆွမ်း၊ကွမ်း လောင်းလှူကြတော့မည် မဟုတ်ပေ။

'ဘဝပေးအရ ငါးဖမ်းပြီး အသက်မွေးနေကြပေမယ့် သေခါနီးအချိန်မှာ ကောင်းတဲ့စိတ်ကလေးဝင်ခဲ့ရင် ကောင်းရာဘဝ ရောက်နိုင်ပါတယ်လေ'

ရွာသူရွာသားများ၏ အလုပ်နှင့်ကိုက်ညီနိုင်မည့်စကား ဖြင့်သာ မိန့်ကြားပေးရလေသည်။

♦ ♦ ♦

တစ်နေ့ ညနေပိုင်းတွင် အေးဆောင်တို့ တံငါလှေများ ရွာသို့ ပြန်ဆိုက်ရောက်လာကြသည်။ ဇနီးနှင့် သားသမီးများက ကမ်းစပ်မှ ကြိုခဲ့ကြ၍ ပါလာသော ငါးများအား ဒိုင်သို့ပို့ရန် ကူသယ်ပေးကြသည်။

'ဟင်..ကိုအေးဆောင်၊ ကျုပ်တောင်းထဲကို ငါးတွေ ထပ်ထည့်ပါဦး၊ ဘာကြောင့် တစ်ဝက်ပဲ ထည့်ရတာလဲတော့'

'ဟာ..မင်းမှာ ကိုယ်ဝန်ကြီးနဲ့လေ။ တစ်ဝက်ပဲ သယ်ဟေ့'

'အိုတော်..ကျုပ်သယ်ပေးနိုင်ပါသေးတယ်တော်'

'တော်ပြီ၊ တော်ပြီ။ ထည့်ပေးသလောက်နဲ့ပဲ ရွက်သွားတော့။ ကျန်တာကလေးတွေ ဝိုင်းသယ်ကြလိမ့်မယ်ဟေ့။ ဒိုင်ရောက်ရင် မင်းကစောင့်နေပြီး ဒိုင်ကို ငါးတွေ ပေးသွင်းပြီး ငွေသာ တစ်ခါတည်း ရှင်းလာခဲ့တော့ဟေ့။ ငါတော့ အိပ်ချင်လို့ တဲပြန်ပြီး အိပ်တော့မယ်'

'ဩော်..ဒါနဲ့ ဒိုင်ကပြန်လာရင် ရှင့်ဖို့ ဘာဝယ်ခဲ့ရဦးမလဲတော့'

'ဆေးလိပ်တော့ နည်းနည်းဝယ်လာပေးပါကွာ'

မကြာမီ မိန်းမနှင့် ကလေးများ ဒိုင်မှ အိမ်ပြန်ရောက်လာကြသည်။

'ဩော်..ရှင်နိုးနေပြီလား'

'ဟုတ်တယ်၊ ဒါနဲ့ ဆေးလိပ်ပါလာသလား၊ကွ'

'ပါပါတယ်တော်။ ရော့..ရော့..ဒီမှာ'

ကိုအေးဆောင်က ဆေးတစ်လိပ်ကို မီးညှိ၍ ထိုင်သောက်နေသည်။

'ရှင် ဒီတစ်ခေါက် ငါးဖမ်းထွက်တာ ငါးအချိန်တော် တော်ရခဲ့တာပဲတော့'

'ဟုတ်တယ်၊ မုန်တိုင်းမရှိခဲ့တော့ ငါးတွေလည်း မြွေး

www.burmeseclassic.com

www.burmeseclassic.com

ကြတယ်လေ။ ဒါကြောင့် ငါးများများဖမ်းလာနိုင်ခဲ့တာပဲ'

'ဩော်..နေစမ်းပါဦး၊ မင်းကိုယ်ဝန်က မွေးဖွားဖို့ ဘယ်လောက်လိုသေးလဲကွ'

'လက်သည်အဒေါ်ကြီး ပြောတာကတော့ သိပ်မလိုတော့ဘူးတဲ့'

'အင်း..မွေးခါနီးဖွားခါနီးမှာ ဆင်ဆင်ခြင်ခြင်လည်းနေဦးဟော့။ နောက်ပြီး မီးနေသည်လိုအပ်တဲ့ ပစ္စည်းတွေလည်း ပြည့်စုံအောင် ကြိုဝယ်ထားပေါ့ကွာ'

'အေးပါတော်၊ ဒါတွေ ကျွန်ုပ်သိလို့ ကြိုဝယ်ထားပြီးပါပြီလေ'

တဖြည်းဖြည်း ဇနီးဖြစ်သူ၏ကိုယ်ဝန် ရင့်လာပြီး မွေးဖွားခါနီးလေလေ ကိုအေးဆောင်မှာ ပင်လယ်ပြင်သို့ ထွက်ရသည်မှာ နောက်ဆံတင်းနေလေသည်။ မဖြစ်သာလို့သာ ငါးဖမ်းထွက်ခဲ့ရပေမယ့် နောက်ပိုင်းကို စိတ်မချဖြစ်ခဲ့သည်။

လက်သည်ကို အပ်ပေးထားပြီးသည် မှန်သော်လည်း ယောကျ်ားသားက အိမ်တွင် ရှိနေရမည်ဖြစ်သည်။ လင်ယောကျ်ား ရှိနေခြင်းကြောင့် သားဖွားမည့် ဇနီးသည်လည်း အားရှိပေမည်။ လိုအပ်သမျှလည်း စောင့်၍လုပ်ပေးနိုင်လေသည်။

'အင်း..မယ်ငွေ မီးဖွားရင်တော့ ငါ ပင်လယ်ပြင်ကို ထွက်နိုင်မှာမဟုတ်ဘူး။ ခေတ္တခဏ အိမ်မှာ နေပေးရဦးမှာဖဲ့။ ဒီတော့ မီးဖွားစရိတ်က လိုလာလိမ့်မယ်။ ငါ အခုကစည်းက ငါးများများရအောင် ကြိုးစားပြီး ရှာမှဖြစ်မယ်'

အေးဆောင်လည်း နံနက်စောစောကတည်းက ငါးဖမ်းလှေအုပ်စုနှင့် ငါးဖမ်းရန် လိုက်ပါသွားလေသည်။

နေ့လယ်ပိုင်းတွင် မယ်ငွေမှာ ဗိုက်ထဲက နာတာတာရှိတာကြောင့် တဲအတွင်း၌ လဲနေသည်။

'အမေ..သားတို့စားဖို့ ဘာဟင်းရှိလဲဗျ'

'အမေ ချဉ်ပေါင်ချဉ်ဟင်း ချက်ထားတယ်လေ။ ပြီးတော့ ငါးပိထောင်းရှိတယ်'

'ဟာဗျာ..ဒီဟင်းကြီးနဲ့ မစားချင်ပါဘူး။ ကျွန်ုပ် ဘဲဥကြော်စားမယ်။ အမေ ဘဲဥဝယ်ဖို့ ပိုက်ဆံပေးပါ'

'ဟဲ့..ငါ့မှာ တစ်ပြားမှ ဓရှိဘူးလေ။ နံ့အဖေ ပြန်လာမှ ငါးရောင်းပြီး ပိုက်ဆံရဲမှာလေ'

'အိုဗျာ..ကျွန်ုပ်မသိဘူး။ ဘဲဥဖိုးပိုက်ဆံပေးပါဗျာ'

'ဟဲ့..သေနာလေးရဲ့၊ ချက်ထားတဲ့ဟင်းနဲ့ မမျိုချိုနိုင်ဘူး။ ပိုက်ဆံမရှိပါဘူးပြောလည်း နားမလည်ပါလား'

မယ်ငွေလည်း ဇွတ်အတင်းပူဆာနေသော သူ့ဓါးသားအား ပြောမရ ဆိုမရသဖြင့် အယုတ္တအနတ္တတွေ ထွက်ကာ မြည်တွန်တောက်တီးနေလေသည်။

ညနေပိုင်း ငါးနာရီခန့်တွင် အေးဆောင်တို့ ငါးဖမ်းလှေအုပ်စု ရွာကမ်းခြေသို့ ပြန်လည်ရောက်ရှိလာကြလေသည်။

'မယ်ငွေရေ..မင်းရဲ့ကံပဲကွ။ ဒီတစ်ခေါက် ငါးဖမ်းတာ ငါးတွေ ခါတိုင်းထက် ပိုရလာတယ်ဟေ့'

'အင်း..ရလာမှပဲလေ။ ကျွန်ုပ်မီးဖွားရင် ကုန်စရာတွေက အများကြီးလေ။ ပြီးတော့လည်း ရှင်က ကျွန်မ မီးဝင်နေစဉ်မှာ ပင်လယ်ပြင်မထွက်နိုင်တော့ အိမ်ရှိတာပဲ၊ ထိုင်စားကြရမှာလေတော်'

'ဩော်..ကျွန်ုပ်လေ နေ့လယ်က ဗိုက်ထဲက နာသလိုလိုပဲတော့'

'အင်း..ဒါဆိုရင် မင်းမွေးတော့မယ်နဲ့တူတယ်။ လက်သည်ကို သွားခေါ်ထားရမလားကွ'

'ခဏစောင့်ကြည့်ပါဦးမယ်တော်။ အခုမှ ဗိုက်က အစမ်းနာတာလား မသိဘူး။ အတော်ကလေး နာလာမှပဲ သွားခေါ်ပေါ့တော်'

ညကိုးနာရီလောက်တွင်တော့ မယ်ငွေမှာ ဗိုက်အတော် နာလာခဲ့သဖြင့် အေးဆောင်လည်း လက်သည်အဒေါ်ကြီးကို ပြေးခေါ်ရလေသည်။

'ဟဲ့..အေးဆောင်၊ နင့်မိန်းမ ဒီညမှာ မွေးတော့မှာဟဲ့'

'အေးဗျာ အဒေါ်ရယ်..မယ်ငွေကို ဂရုတစိုက်ကြည့်ပေးပါဗျာ'

'စိတ်ချပါ အေးဆောင်ရယ်၊ အရင်ကလေးတွေလည်း ငါပဲ မွေးပေးခဲ့တာပဲဟာ'

ညကိုးနာရီထိုးပြီးချိန်တွင် မယ်ငွေလည်း ဗိုက်ထဲက တစ်အားနာလာကာ အော်ဟစ်ညည်းညူနေရတော့သည်။

'ဟုတ်ပြီဟေ့၊ မယ်ငွေ မွေးတော့မယ်။ အားတင်းပြီး ညှစ်အားပေးလိုက်စမ်းဟေ့'

'အူဝဲ..အူဝဲ..အူဝဲ'

'ဟောဗျာ..မွေးလာပြီ'

အေးဆောင်က အခန်းအပြင်မှနေ၍ ဘာလေးမွေးကြောင်း လှမ်းမေးနေသည်။

'ယောကျ်ားလေးမွေးတယ်ဟေ့'

'ကဲ..ငါ ကိစ္စဝိစ္စတွေ အကုန်လုပ်ပေးပြီးပြီ။ မယ်ငွေလည်း ပင်ပန်းသွားပြီ။ အိပ်ပျော်သွားပြီကွယ်'

www.burmeseclassic.com

'ဟင်'

'မွေးလာတဲ့ကလေးရဲ့ ပါးစပ်မှာ သွားစွယ်နှစ်ချောင်း ပါလာခဲ့ပါလား။ အံ့သြစရာပဲ'

'ဟဲ့..ဟဲ့..အေးဆောင်၊ လာခဲ့စမ်းပေ့ မြန်မြန်'

'ဟင်..အဒေါ်၊ ဘာဖြစ်လို့တုန်းဗျ'

'အခုမွေးတဲ့ နင့်သားပါးစပ်ကို ကြည့်စမ်း။ ပါးစပ်ရဲ့ တစ်ဖက်တစ်ချက်မှာ သွားစွယ်နှစ်ချောင်း ပါလာတယ်လေ'

'ဟာ..ဟုတ်ပါရဲ့ဗျာ။ ဒါ..ဒါ..ဘယ်လိုဖြစ်ရတာလဲဗျာ'

'ဘယ်လိုဖြစ်တာမှ မဟုတ်ဘူးဟဲ့။ ဒီလိုသွားစွယ်ပါလာရင် လူမဖြစ်နိုင်ဘူး။ ဘီလူးကလေးဝင်စားပြီး မွေးလာတာပဲ'

'ဒီလိုမွေးရင် ဘာဖြစ်တတ်တုံး အဒေါ်'

'ဘာဖြစ်ရမှာလဲကွယ်။ ဘီလူးလေးဖြစ်နေမှတော့ အိမ်သားအားလုံးကို ဒုက္ခပေးလာတော့မှာပေါ့လေ'

'ဟင်..ဒါဆိုရင် ဘယ်လိုလုပ်ရမလဲဗျာ'

'ငါကြားဖူးတာကတော့ ဒီလိုအစွယ်ပါပြီး ဘီလူးကလေးမွေးလာရင် အသက်ရှင်လျက် မထားရဘူးတဲ့။ သူသာန်ကို ယူသွားပြီး ချက်ချင်း မြေမြှုပ်သင်္ဂြိုဟ်ပစ်ရတယ်တဲ့။ သားလေးဆိုပြီး သံယောဇဉ်ထားပြီး မွေးထားရင် အိမ်သားအားလုံး အစားခံရသတဲ့'

'ဟာ..ဟုတ်လားဗျာ။ လူမဟုတ်ဘဲ ဘီလူးလေးဆိုတော့ ဘယ်သံယောဇဉ်ထားနိုင်မှာလဲဗျာ။ မြန်မြန်သွားမြှုပ်ပစ်မှပေါ့။ တော်တော်ကြာ ကျုပ်တို့တစ်အိမ်သားလုံး ဘီလူးအစားခံကြရမှာပေါ့'

ဘီလူးကလေးဝင်စားပြီး မွေးလာခြင်းကြောင့် သူတို့တစ်အိမ်သားလုံး အစားခံကြရမည်ဆိုးသဖြင့် လက်ဦးမှုရအောင် ထိုဘီလူးလေးအား သုသာန်သို့ သယ်ယူသွားကာ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့တော့သည်။ မယ်ငွေလည်း ဘီလူးကလေးမွေးသည်ဟု သိခဲ့ရ၍ ရှက်လည်းရှက် ကြောက်လည်းကြောက် နှမြောလည်းနှမြောမိကာ ငိုကြွေးနေလေတော့သည်။

ထိုညသန်းခေါင်ယံအချိန်တွင် အေးဆောင် အိပ်မောကျနေလေသည်။ ထိုစဉ် သူ့အား အိပ်မက်ဆိုးတစ်ခု မြင်မက်လာခဲ့လေသည်။

'ဟင်း..ဟင်း..နင်တို့က လက်ဦးခဲ့ကြတော့ ငါ့ရည်မှန်းချက် ပျက်ခဲ့ရတော့တာပေါ့လေ။ အင်္ဂါယ်၍သာ နင်တို့ လက်ဦးမှုမယူဘဲ ငါ့ကို ဆက်လက်မွေးထားကြမယ်ဆိုရင် နင်တို့တစ်အိမ်သားလုံး၊ နင်တို့တစ်ရွာလုံးမှာ ရှိတဲ့လူမှန်သမျှ ငါစားသောက်ခဲ့မှာလေ။ အခုတော့ ငါမစားရမီ နင်တို့က ငါ့ကို လက်ဦးအောင် ဖယ်ရှားလိုက်ကြတာပဲ။ နင်တို့အတော်ကံကောင်းသွားကြတယ်လို့ မှတ်ပါ'

ကိုအေးဆောင်လည်း ထိုအိပ်မက်ဆိုးမြင်မက် ကာ အိပ်ရာမှ လန့်နိုးလာခဲ့သည်။

'ဟာ.. ဒါ..ဒါ.. မယ်ငွေမွေးလိုက်တဲ့ ဘီလူးကလေးက ပေးလာတဲ့ အိပ်မက်ဆိုးပါလား။ လက်သည်အဒေါ်ကြီး ပြောပြလို့ ဘီလူးမွေးရင် အရှင်မထားဘဲ မြန်မြန်မြေမြှုပ် သင်္ဂြိုဟ်ပေးလိုက်ရတယ်ဆိုလို့ ငါ ညတွင်းချင်း သုသာန်ကို သွားမြှုပ်ခဲ့လို့ တော်သွားသေးတာပါလား။ သားလေး မွေးလာတာဆိုပြီး သံယောဇဉ်ထားပြီး မွေးထားခဲ့ရင် ငါတို့ တစ်အိမ်သားလုံးရော ရွာက လူအားလုံးပါ အစားခံသွားရမှာပါလား'

အေးဆောင်လည်း မွေးမွေးလာချင်းတွင် သားလေး မွေးသည်ဟု သိလိုက်ရ၍ သူ့အတွက် အားကိုးရလာမည့် သားကလေးတစ်ယောက် တိုးလာပြီဟု တွေးမိကာ ဝမ်းသာခဲ့မိသည်။ မကြာမီ လက်သည်အဒေါ်ကြီး ခေါ်ပြီးပြလာသော ကလေး၏ ပါးစပ်တွင် အစွယ်နှစ်ချောင်း ပါရှိလာပြီး ဘီလူးကလေးဖြစ်နေမှန်း သိ

www.burmeseclassic.com

လာခဲ့သောအခါ အတော်ပင် ကြောက်ရွံ့ခဲ့မိလေသည်။ တစ်ဖန် ညအခါ အိပ်မောကျနေစဉ်တွင် ဘီလူးဝင်စားသော ဘီလူးလေးက အိပ်မက်ဆိုးကြီး ပေးလာခဲ့သောအခါ သူတို့ တစ်မိသားစုလုံးသာမက တစ်ရွာလုံးမှာ ရှိကြတဲ့ လူတွေ အားလုံးကို စားမည်ဟု သိလိုက်ရ၍ ပို၍ပင် ကျောချမ်းခဲ့ရသည်။

မကြာမီရက်တွင် ကိုအေးဆောင်တို့လည်း ဘီလူးဝင်စားသော သားလေးအား စွန့်ပစ်ခဲ့ရသော်လည်း ကောင်းမှုကုသိုလ်ပြုပေးပြီး ထိုကုသိုလ်၏ အဖို့ဘာဂကို သားလေးအား ရည်မှန်း၍ အမျှအတမ်းပေးဝေလျှင် ဘီလူးဘဝမှ မြင့်မြတ်သော ဘုံဘဝသို့ ကူးပြောင်းရောက်ရှိနိုင်ကြောင်း ဆရာတော်၏ မိန့်ကြားချက်ဖြင့် အိမ်တွင် ဆွမ်းနှင့် ဆွမ်းဟင်းများချက်ကာ အိမ်နီးချင်းမှတချို့ကို ဖိတ်ကြားပြီး ဆွမ်းကျွေး၍ တရားနာယူခဲ့ကြသည်။

'ကဲ..ဒကာကြီး ရေစက်ခွက်ကိုင်၊ ဘီလူးဝင်စားတဲ့ သားလေးအတွက် ဘဝကူးကောင်းအောင် ရေစက်ချမယ်။ တရားနာပရိသတ်အားလုံး လိုက်ဆိုကြပါ'

ဆရာတော်လည်း ရေစက်ချ ရွတ်ဖတ်ပြီးသောအဆုံး ၌ အမျှပေးဝေ၍ သာဓုသုံးကြိမ် ခေါ်စေခဲ့လေသည်။

'အားလုံး..ကြားကြားသမျှ အမျှ..အမျှ..အမျှ..ယူ တော်မူကြပါကုန်'

'သာဓု..သာဓု..သာဓု'

'အားလုံး..ကြားကြားသမျှ အမျှ..အမျှ..အမျှ..ယူ တော်မူကြပါကုန်'

'သာဓု..သာဓု..သာဓု'

'အားလုံး..ကြားကြားသမျှ အမျှ..အမျှ..အမျှ..ယူ တော်မူကြပါကုန်'

'သာဓု..သာဓု..သာဓု'

ထိုထိတ်လန့်တုန်လှုပ်ဖွယ်ကိစ္စကြီး ကြုံတွေ့ခဲ့ကြပြီးသောအခါ ကိုအေးဆောင်တို့လည်း စားဝတ်နေရေးအရပင်လယ်ပြင့်ထွက်ကာ ငါးဖမ်းကြရသော်လည်း ယခင်ကလို ပေးကမ်းလှူဒါန်းမှုမရှိခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း မရှိသည်တို့ကို တတ်စွမ်းသမျှ ပေးလှူကြ၏။ ဥပုသ်နေ့များတွင် ဥပုသ်သီလယူခဲ့ကြသည်။ အပြောအဆို ကြမ်းတမ်းခြင်းများကိုလည်း ဆင်ခြင်နေထိုင်ခဲ့ကြလေတော့သည်။

တင့်ထူး(ဇေယျဝတီ)

စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာပေးပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ဂျာဒူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကံကုသိုလ်ဝဋ် အားလုံးတို့ကိုပါ ဆရာမက ဓမ္မတာ၊ ဒေတနာ ရှေ့ထားပြီး "အတူ" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင့်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ခွန်အားကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

ရှင်ထွေးအောင် ကမ္ဘာ့ရဆန်သော လူသားများ

နှစ်ခန့် ငယ်လေ၏။ ၄င်း၏အမည်မှာ ဦးစောတင်ထွေးဟူ၍ ဖြစ်လေ၏။

၄င်းသည် ကျွန်ုပ်ထက် ငယ်ရွယ်သူဖြစ်သော်လည်း သူ၏ပညာရပ်၊ သူ၏ဂုဏ်ကို လေးစားသောအားဖြင့် ကျွန်ုပ်က ဦးဟု ရှေ့ကတပ်၍ ဦးစောတင်ထွေးဟု ခေါ်လေ၏။ ၄င်းကလည်း ကျွန်ုပ်အား ဦးအင်ကြင်းဟု ခေါ်လေ၏။

ကျွန်ုပ်သည် ကောင်းသော မွန်သော စကားကိုသာ အခါအားလျော်စွာ ပြောဆိုတတ်သသကဲ့သို့ ကောင်းသော မွန်သော စကားတို့ကိုလည်း အခါအားလျော်စွာ ကြားလို၊ နာလိုတတ်သူ ဖြစ်လိုသောကြောင့် ကျွန်ုပ်သည် ကောင်းသော မွန်သော ပုဂ္ဂိုလ်တို့ကိုသာ အစဉ်သဖြင့် မှီဝဲလိုသူ၊ ဆည်းကပ်လိုသူ ဖြစ်ဖေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ကောင်းသော၊ မွန်သော၊ မြတ်သောစကားကိုသာ ပြောဆိုတတ်သော ပုဂ္ဂိုလ်တစ်ဦးနှင့် ကြုံဆုံခဲ့ဖူးလေ၏။ ၄င်းပုဂ္ဂိုလ်မှာ အသက်အားဖြင့် အသက်(၆၀)အရွယ်ရှိ၍ လူမျိုးမှာ ကရင်အမျိုးသားကြီး တစ်ဦး ဖြစ်လေ၏။ ၄င်းပုဂ္ဂိုလ်မှာ ကျွန်ုပ်ထက် (၁၀) ဦးစောတင်ထွေး၏ လုပ်ငန်းမှာ ပန်းချီပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသော လုပ်ငန်းဖြစ်လေ၏။ ထူးဆန်းသော၊ မှတ်သားဖွယ်ကောင်းသော စကားကိုဆိုတတ်သကဲ့သို့ ထူးဆန်းသော မျက်လုံးအစုံလည်း သူ၌ရှိလေ၏။ သူ၏ မျက်လုံးများသည် ရေခဲစိမ်ထားသကဲ့သို့ သူကို ကြည့်လျှင် ကျွန်ုပ်၏ ရင်အစုံတို့သည် အေးမြကြည်လန်း၍ သွားသကဲ့သို့ရှိလေ၏။

ကျွန်ုပ်တို့သည် လပြည့်ဆိုသော လက်ဖက်ရည်ဆိုင်တွင် မနက်တိုင်း ဆုံဖြစ်ကြလေ၏။ သူသည် ကျွန်းမာရေးအတွက် မနက်တိုင်း လမ်းလျှောက်ထွက်တတ်သကဲ့သို့ ကျွန်ုပ်လည်း လမ်းလျှောက်တတ်လေ၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဆုံဖြစ်ကြလေ၏။

ထိုနေ့လည်း လပြည့်လဲက်ဖက်ရည်ဆိုင်၌ ကျွန်ုပ်တို့ ဆုံကြပြန်လေ၏။ ထိုသို့ဆုံကြသောအခါ ၄င်းက-

'ဦးအင်ကြင်းကို ကျွန်တော် ဒီနေ့ ဒကာခံမယ်။ မနက်ဖြန်ကျတော့..'

၄င်းက စကားရပ်လိုက်သဖြင့် ကျွန်ုပ်က-

'မနက်ဖြန် ကျွန်တော့်အလှည့်။ ကျွန်တော် ဒကာခံဆိုတဲ့ သဘောပေါ့။ ဒီလိုဆိုလိုတာ မဟုတ်လား'

ဟု မေးလိုက်ရာ-

'မဟုတ်ဘူး။ ကျွန်တော်ပဲ ဒကာခံမယ်'ဟု ဦးစောတင်ထွေးက ပြောလေ၏။

ထိုအခါ ကျွန်ုပ်က-

'ဒါဆို သဘက်ခါ ကျွန်တော်ဧည့်ခံရမှာပေါ့'

'မဟုတ်ဘူး။ ကျွန်တော်ပဲ ဧည့်ခံမယ်'

ဟု ဦးစောတင်ထွေးက ပြောလိုက်သောကြောင့် ကျွန်ုပ်သည် ဦးစောတင်ထွေးကို ကြည့်လျက်-

'ဘယ်လိုလဲဗျာ။ ဦးစောတင်ထွေးချည်း ဧည့်ခံနေတာ ကျွန်တော့်အလှည့်တောင် မရောက်တော့ဘူး'ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

'ဦးအင်ကြင်းအလှည့်လည်း ရှိပါသေးတယ်။ တစ်လလုံးလုံး ကျွန်တော် ဒကာခံ၊ ဧည့်ခံပြီးရင် နောက်လက စပြီး ဦးအင်ကြင်း တစ်လလုံးလုံး ဧည့်ခံရမယ်။ ကျွန်တော်က ဦးအင်ကြင်းရဲ့ ဧည့်ခံခြင်းကို လက်ခံပြီး တစ်လ ပြည့်အောင် စားသောက်သွားမယ်လေ။ အဲဒီအစီအစဉ် ဘယ့်နယ်လဲ။ မကောင်းဘူးလား။ ဦးအင်ကြင်း လက်ခံလား'ဟု မေးလေ၏။

ကျွန်ုပ်လည်း 'သဘာဝလည်းကျတယ်၊ တရားလည်း မျှတတယ်၊ လက်ခံတယ်၊ ကြိုက်တယ်ဗျာ' ဟု ပြောလိုက်ရာ ဦးစောတင်ထွေးက ရယ်မောလေ၏။

ဤသို့ ရယ်မောရင်း-

'လူဆိုတာ တစ်ရက်လောက် ပေါင်းသင်းဆက်ဆံရုံနဲ့ သူ့အကြောင်း ကိုယ့်အကြောင်း သိနိုင်သလို တချို့ကတော့ တစ်လလောက်ပေါင်းမှ သိနိုင်တာမျိုးလည်း ရှိတယ်။ ဒါကြောင့် ကျွန်တော်က တစ်လလို့ အချိန်သတ်မှတ်လိုက်တာ'ဟု ဦးစောတင်ထွေးက ပြောလေ၏။

ကျွန်ုပ်လည်း ထိုထူးဆန်းသော ဦးစောတင်ထွေးကို လွန်စွာသဘောကျ၍သွားလေ၏။

'ကျွန်တော်က လူတွေကို အဲဒီလိုပဲ စမ်းသပ်ပြီး ပေါင်းသင်းခဲ့တာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီး စိတ်တိုင်းကျ စရာ တစ်ယောက်မှ မတွေ့သေးဘူး။ အဲဒီလို စိတ်တိုင်းမကျတဲ့ လူစားထဲမှာ ကျွန်တော့်မိန်းမလည်း ပါတယ်။ သူဆိုရင် (၁၅)ရက်ပဲခံတယ်။ ကျွန်တော် မရှိတုန်း ကျွန်တော်ပိုင် ပစ္စည်းတချို့ကိုယူပြီး လင်ငယ်နောက် လိုက်ပြေးသွားတာ။ ခုဆို (၅)နှစ်ကျော် (၆)နှစ်အတွင်းတောင် ရောက်နေပြီ'ဟု ၄င်းကပြောပြီး တဟားဟားဖြင့် ရယ်မောလေ၏။

ကျွန်ုပ်သည် ဦးစောတင်ထွေးကိုကြည့်လျက် ၄င်း၌ ထူးဆန်းသော လျှို့ဝှက်ချက်များ ရှိလိမ့်မည်ဟု စိတ်ထဲက အလိုလိုထင်မြင်မိနေလေ၏။ မေးရမှာ အားနာသဖြင့် ကျွန်ုပ် မမေးမိခဲ့ပေ။

ကျွန်ုပ်တို့သည် လက်ဖက်ရည်နှင့် မုန့်များကို စားသောက်ရင်း ဦးစောတင်ထွေးက-

'ဦးအင်ကြင်းလည်း လူတွေအကြောင်းကို တော်တော်တန်တန်လောက်တော့ သိမှာပါ။ ကျွန်တော် သိသလောက်တော့ လူလေးမျိုးလောက်ပဲသိတာ။ ဦးအင်ကြင်းကတော့ ကျွန်တော့်ထက် ပိုပြီးသိရင်လည်း သိနေမှာပါ'

ဟု ဆိုသဖြင့် ကျွန်ုပ်က-

'ဦးစောတင်ထွေးရဲ့ လူလေးမျိုးတောင် ကျွန်တော် ကောင်းကောင်းမသိဘူး'

ဟု ပြောလိုက်ရာ ၄င်းက-

'ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်။ လူအမျိုးမျိုး စိတ်အထွေထွေ နတ်အဖုံဖုံ ဇြဟ္မာအသွယ်သွယ် ဆိုတဲ့စကားတောင် ရှိနေတာ။ လူအကြောင်းကတော့ အမြဲတမ်း ထိတွေ့နေတာပဲ။ ခင်ဗျားသိမှာပါ'

'သိတော့ သိနေသလိုပဲဗျာ။ ဒါပေမဲ့ ကျွန်တော် သိပ်ပြီးမခွဲခြားတတ်ဘူး'

'ဟုတ်တယ်။ ခွဲခြားရခက်တဲ့အထဲမှာ လူဟာ ထိပ်ဆုံးကပဲ။ ဒါပေမဲ့ လူ(၄)မျိုးအကြောင်းတော့ ဦးအင်ကြင်းကို ကျွန်တော်ပြောပြချင်တယ်'

ဟုဆိုလျှင် ကျွန်ုပ်က-

'သိပ်ကောင်းတာပေါ့ဗျာ။ ကျွန်တော့်အတွက် ဟု

www.burmeseclassic.com

သုတ ရတာပေါ့'ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးစောတင်ထွေးက လက်ဖက်ရည်လက်ကျန်ကို မော့သောက်လိုက်ပြီး ရေနွေးတစ်ခွက်ကို ငဲ့၍ သောက်လေ၏။ ထို့နောက်-

'လူလေးမျိုးက လူ့ငရဲသား၊ လူပြိတ္တာ၊ လူတိရစ္ဆာန်နဲ့ လူစင်စစ်ဆိုပြီး လေးမျိုးရှိတယ် ဦးအင်ကြင်း'

ဟု ပြောလိုက်ရာ ကျွန်ုပ်က-

'အဲဒီလေးမျိုးရဲ့ အဓိပ္ပာယ်လည်း ကျွန်တော့်ကို ရှင်းပြပါဦး ဦးစောတင်ထွေး'ဟု မေးလိုက်လေ၏။

'ရှင်းပြရမှာပေါ့ဗျာ'ဟု ဦးစောတင်ထွေးကဆို၍ အောက်ပါအတိုင်း လူ(၄)မျိုးအကြောင်းကို ရှင်းပြလေ၏။

'တစ်က ငါးပါးသီလ မလုံလို့ နာတာရှည်ရောဂါကို အမြဲခံစားနေရတဲ့လူ၊ ထောင်တန်းကျပြီး အမြဲတမ်း အညှဉ်းအပန်း အနှိပ်စက်ခံနေရတဲ့လူ၊ ဒါန၊ သီ၊ ဘာဝနာလည်း တစ်ခါမှ ကျင့်ကြံအားထုတ်မှု မရှိတဲ့လူ။ အဲဒီလူမျိုးက ငရဲသားလူမျိုးလို့ခေါ်တယ် ဦးအင်ကြင်း'

'ဟာ..မှတ်သားလောက်တဲ့ စကားပဲဗျာ။ ဒုတိယလူစားမျိုးကရောဗျာ'

ဟု ကျွန်ုပ်က မေးလိုက်ရာ ဌင်းက-

'နှစ်အမျိုးအစားကတော့ ပြိတ္တာတွေဟာ ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှမလုပ်နိုင်ဘဲ တစ်ဝမ်းတစ်ခါးအတွက် ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးရသလို လူဖြစ်လျက်နဲ့ ဒါန၊ သီလ၊ ဘာဝနာ တုစ်ခုခုမလုပ်နိုင်ဘဲ တစ်ဝမ်းတစ်ခါးအတွက် ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးကြရသူတွေကို လူပြိတ္တာလို့ ခေါ်တယ်။

တတိယလူစားမျိုးကတော့ တိရစ္ဆာန်တွေလို အိပ်၊ စား၊ ကာမ သုံးမျိုးပဲသိပြီး ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှ မလုပ်တာ။ လူဖြစ်ပြီး အိပ်၊ စား၊ ကာမနဲ့ပဲ ပြီးနေတဲ့လူကို လူတိရစ္ဆာန်လို့ခေါ်တယ်'

'ဟာ..ဒီစကားတော့ လူတိုင်းပါးစပ်ဖျားမှာ ကြားကြားနေရတဲ့စကားပဲ ဦးစောတင်ထွေး။ ကဲ..စတုတ္ထလူအကြောင်းလည်း ဆက်ပြီးပြောပြစမ်းပါဦး'ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးစောတင်ထွေးက ရေနွေးတစ်ခွက်ထည့်ငဲ့ပြီး သောက်လေ၏။

ပြီးနောက် စကားကို ဆက်၍ပြောလေ၏။

'စတုတ္ထလူကတော့ စီးပွားရေးလည်း အတန်အသင့်ရှိအောင် ရှာတယ်။ ဒါန၊ သီလ၊ ဘာဝနာလည်း စွမ်းနိုင်သလောက် တတ်နိုင်သလောက်လုပ်တယ်။ အဲဒီလူမျိုးကျတော့ လူပရမတ္ထ။ လူစင်စစ်လို့ခေါ်တယ် ဦးအင်ကြင်း'

ဟု ပြောပြီး နိဂုံးချုပ်လိုက်ရာ ကျွန်ုပ်က-

'ဟာ..တန်ဖိုးရှိလိုက်တာဗျာ။ ဦးစောတင်ထွေးက ကျွန်တော့်ထက် အသက်ငယ်ပြီး ဗဟုသုတကျတော့ ကျွန်တော့်ထက် အသက်ကြီးနေပါလားဗျာ'ဟု ပြောလိုက်ရာ တဟားဟားဖြင့် ဦးစောတင်ထွေးက ရယ်မောလေ၏။

'အဲဒီဗဟုသုတတွေက ကျွန်တော့်ဆရာကြီးပေးတဲ့ ဗဟုသုတလေ။ ခဏစောင့်နေ။ ကျွန်တော် အဲဒီဆရာကြီးနဲ့ ချိန်းထားတယ်။ တော်နေကြာ အဲဒီဆရာကြီး ရောက်လာလိမ့်မယ်'ဟု ဦးစောတင်ထွေးက ပြောလေ၏။

ထို့နောက် ဦးစောတင်ထွေးက-

'ကျွန်တော့်ဆရာကြီးကို ဦးအင်ကြင်းမြင်ရင် အရမ်းအံ့သြသွားလိမ့်မယ်'ဟု ပြောလေ၏။

'အရမ်းအံ့သြသွားမယ်ဆိုတော့ ဘယ်လိုကြောင့်လဲဗျာ။ ဦးစောတင်ထွေး ပြောတာနဲ့တင် ခုတင် ပြေးတောင်သွားတွေ့လိုက်ချင်တော့တယ်'ဟု ကျွန်ုပ်က ပြောလိုက်ရာ ဌင်းက ဟက်ခနဲရယ်မောလိုက်လေ၏။

ထိုသို့ရယ်မောရင်းက-

'ကျွန်တော့်ဆရာကြီးက တရုတ်လူမျိုးဗျာ။ ဒါပေမဲ့ ဆာဒူးအကျင့်ကိုကျင့်ပြီး ကုလားဝတ်စုံနဲ့ အိန္ဒိယတိုင်းရင်းသားလို နေတာ။ သူက လူတစ်ဖက်သားကို ဒုက္ခလည်း မပေးဘူး။ ပညာပေးပြီး အမြဲတမ်းဆုံးမလေ့ရှိတဲ့ စကားတစ်ခုရှိတယ်။ အဲဒီစကားကို ဦးအင်ကြင်း မသိချင်ဘူးလား'ဟု မေးလိုက်ရာ ကျွန်ုပ်လည်း ကမန်းကတန်း 'သိချင်တာပေါ့ ဦးစောတင်ထွေးရာ'ဟု ပြောလိုက်လေ၏။

'အဲဒီစကားက အင်မတန် မှတ်လောက်တဲ့စကားဗျာ'

'ဟုတ်ကဲ့၊ ပြောပါ ဦးစောတင်ထွေး'

'ဟုတ်ကဲ့၊ ကျွန်တော်ပြောမယ်'ဟု ဦးစောတင်ထွေးက အစချီလိုက်စဉ်မှာပင် လူတစ်ယောက် ဆိုင်ထဲဝင်လာသည်ကို ကျွန်ုပ်မြင်လိုက်ပေ၏။

'မောင်စော..ရောက်နေတာကြာပြီလား'ဟု ဌင်းလူက ပြောရင်း ကျွန်ုပ်တို့၏ လက်ဖက်ရည်ဝိုင်းနှင့် ပင်ထိုင်

www.burmeseclassic.com

လေ၏။

'ဆရာကြီးရောက်လာတာ အတော်ပဲ။ သူက ဦးအင်ကြင်းလို့ခေါ်တယ်။ ဆရာကြီးနဲ့ မိတ်ဆက်ပေးမလို့ ခုလေးတင် ပြောနေကြတာ' ဟု ဦးစောတင်ထွေးကပြောပြီး ကျွန်ုပ်နှင့် ၄င်းဆရာကြီးတို့အား မိတ်ဆက်ပေးလေ၏။

'တွေ့ရတာဝမ်းသာပါတယ် ဆရာကြီး။ ကျွန်တော့် နာမည် မောင်အင်ကြင်းလို့ ခေါ်ပါတယ်'

ဟု ကျွန်ုပ်က အရိုအသေပေး၍ မိတ်ဆက်လိုက်ရာ ၄င်းပုဂ္ဂိုလ်ကြီးက ခေါင်းညိတ်ပြု၍-

'မောင်အင်ကြင်းနဲ့ ကျုပ်နဲ့က ကက်ကင်းပဲကွ။ ကျုပ် နာမည်က ကြင်းအင်လို့ တရုတ်လိုခေါ်တယ်' ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ နာမည်ချင်း အပြန်အလှန်ဖြစ်နေ၍ တအံ့တသြ ဖြစ်နေလေ၏။

'ကျုပ်တို့ တွေ့ဆုံခြင်းဟာ ကောင်းသောတွေ့ဆုံခြင်းပဲ ဖြစ်ရမယ်။ ကဲ မောင်စော၊ စောစောက ငါရောက်လာလို့ ရပ်သွားတဲ့ မင်းစကားတွေ ဆက်ပြောလေ။ ငါလည်း ကြားရတာပေါ့'

ဟု ဆရာကြီးဆိုသူက ဦးစောတင်ထွေးကို ပြောလိုက်ရာ ဦးစောတင်ထွေးက-

'ကျွန်တော် ဦးအင်ကြင်းကို ပြောမယ့်စကားက ဆရာကြီး ကျွန်တော့်ကို ပြောခဲ့ဖူးတဲ့စကားကို ပြောမလို့ပါ ဆရာကြီး။ ဆရာကြီးရောက်လာလို့ စကားပြတ်သွားတာပါ'

ဟု ပြောလိုက်လျှင် ဆရာကြီးက-

'ငါပြောခဲ့တဲ့ စကားတွေက အများကြီးပဲ။ ငါ ဘယ် မှတ်မိနိုင်တော့မလဲကွာ။ ကဲပါ၊ ပြောပါ။ ငါလည်း ပြန် အမှတ်ရတာပေါ့' ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးစောတင်ထွေးက-

'ဆရာကြီးပဲ ကျွန်တော့်ကို ပြောခဲ့တာလေ။ လူတစ်ယောက်ကို ငါးတစ်ကောင်ပေးရင် တစ်နေ့တည်းနဲ့ စား ပစ်လိုက်မယ်။ လူတစ်ယောက်ကို ငါးမျှားနည်း သင်ပေးရင် တစ်သက်လုံး စားရလိမ့်မယ်ဆိုတဲ့ စကားလေ ဆရာကြီး'

ဟု ပြောလိုက်ရာ ဆရာကြီးက တဟားဟားဖြင့် ရယ်မောကာ-

'အဲဒါ တစ်ပွဲထိုးမဟုတ်တဲ့ အမြဲသုံးစကားလို့ ခေါ်တယ်။ ရင်ဘတ်ထဲ ထည့်ထားလိုက်ရင် အဲဒါ လူအစစ်ပဲ' ဟု ပြောလိုက်လေတော့၏။

ဆရာကြီးသည် လက်ဖက်ရည်တစ်ခွက် မှာ၍ သောက်နေစဉ်မှာပင် မိန်းကလေးတစ်ယောက် ဆိုင်ထဲသို့ ဝင်လာပြီးလျှင်-

'ထမင်းဖိုး ဟင်းဖိုးလေး မ,စကြေပါရှင်' ဟု ပြောဆို တောင်းခံနေသဖြင့် ကျွန်ုပ်က ပိုက်ဆံတစ်ထောင်ကိုထုတ်၍ သူမ၏လက်ထဲ ထည့်ပေးလိုက်လေ၏။

သူမသည် ထိုငွေတစ်ထောင်ကိုယူ၍ 'အစ်ကိုကြီး ခုလို ကျွန်မကို ပေးကမ်းစွန့်ကြဲလိုက်တဲ့အတွက် သွားလေရာ လာလေရာ ဘေးကင်းရန်ရှင်းပါစေ။ စီးပွားဥစ္စာ ဒိရေအလား တိုးပွားပါစေ' ဟု ဆုတောင်းလိုက်ပြီး ဦးစောတင်ထွေးဘက်လှည့်၍ ငွေတောင်းဖို့ ပါးစပ်ပြင်လိုက်စဉ်မှာပင် ဟင်ဟု နှုတ်က အာမေဋိတ်သံထွက်၍ သုတ်ခနဲ လှည့်၍ ပြေးထွက်သွားလေတော့၏။

ကျွန်ုပ်လည်း သူမ အထိတ်တလန့်ဖြင့် သုတ်ခနဲ ထွက်ပြေးသွားသည့် သဘောကို သဘောမပေါက် နားမလည်သဖြင့်-

'ဒီအမျိုးသမီးက ဘယ်လိုဖြစ်တာလဲ။ ဦးစောတင်ထွေးကို မြင်တာနဲ့ ဘာလို့ထွက်ပြေးသွားတာလဲဗျာ'

ဟု မေးလိုက်ရာ ဦးစောတင်ထွေးက ခေါင်းလေးတညိတ်ညိတ်ဖြင့်-

'ကျွန်တော် ဦးအင်ကြင်းကို ပြောခဲ့တဲ့ ကျွန်တော်နဲ့ (၁၅)ရက်လောက်ပေါင်းတယ် ဆိုခဲ့တဲ့. ကျွန်တော့်မိန်းမလေ။ စိတ်တော့မကောင်းဘူးဗျာ။ ဒါပေမဲ့ ကျွန်တော်လည်း မကယ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူနောက်လင်က အရက်သမား ဒုက္ခိတ။ သူက သူနောက်လင်ကို တောင်းကျွေးနေတဲ့ ဝဋ်ဒုက္ခ၊ လူပြိတ္တာဆိုတာ အဲဒီလူမျိုးကို ပြောတာပေါ့ဗျာ'

ဟု ဦးစောတင်ထွေးက ပြောလိုက်ရာ ဆရာကြီးက တဟားဟား ရယ်မောလိုက်သောကြောင့် ကျွန်ုပ်သည် ဆရာကြီးကိုကြည့်၍ ဆရာကြီး ဘာကြောင့်ရယ်မှန်း မသိသဖြင့် ဦးစောတင်ထွေးကို ထပ်၍ကြည့်လိုက်ပြန်ရာ ဦးစောတင်ထွေးကလည်း ဆရာကြီးကဲ့သို့ပင် တဟားဟားဖြင့် ရယ်မော၍နေတော့သတည်း။

ရှင်ထွေးအောင်

www.burmeseclassic.com

စိတ္တဇအမြင်
ကဲ့ခြီးနွန်းကို

ဝင့်ဝါအိမ်သည် ဘေးဘီသို့ လုံးဝမကြည့်ဘဲ မြေပြင်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။ ခေါင်းကြီးငုံ့ကာ လေးဖင့်ဖင့်လျှောက်နေပုံက စိတ်မမှန်သူ တစ်ယောက်လို။

သူမ သွားနေသော လမ်းကလေးသည် ကွန်ကရစ်ခင်းထားသော စကြံလမ်းလေးဖြစ်ပြီး အဆုံးတွင် အဆောက်အအုံတစ်လုံး ရှိနေသည်။ ထိုအဆောက်အအုံအပေါ် ထပ်၌ ဝင့်ဝါအိမ် သွားရောက်ရမည့် ကျောင်းခန်းမရှိ၏။ လာမည့် သီတင်းကျွတ်တွင် ဝင့်ဝါအိမ်တို့ မူလတန်းကျောင်းသူလေးများက ယိမ်းအကဖြင့် ဖျော်ဖြေရမည်ဖြစ်ရာ ထိုခန်းမတွင် အကတိုက်ရမည်။ သို့သော်လည်း အကမသင်လို၍လို့လား မပြောတတ်၊ သူမ၏ ခြေထောက်များသည် လေးကန်ထိုင်းမှိုင်းနေသည်။

မည်မျှပင် လေးလံပါစေ၊ တိုတောင်းတောင်း စကြံလမ်းလေး ဆုံးသည့်အခါ အဆောက်အအုံရှေ့သို့ ရောက်ရှိခဲ့ပြီ။ ဝင့်ဝါအိမ်သည် လှေကားထစ်များကို ကြောက်ရွံ့သလို ငေးကြည့်သည်။ ခွက်ချင်းပင် မျက်လုံးများကို မှိတ်ကာ သက်ပြင်းရွေ့ရွေ့ကို ရှူထုတ်ရင်း လက်သီးတို့ကို ဆုပ်လိုက်သည်။ ဝင့်ဝါအိမ်၏ အမူအရာက တစ်စုံတစ်ရာအပေါ် ချောက်ချားနေဟန် အပြည့်။

သို့သော် ထိုလှေကားကို တက်မှဖြစ်မည်။ ခန်းမဆီ

www.burmeseclassic.com

www.burmeseclassic.com

သို့ မသွားရှိမရ။ ဆရာမ ဆူလိမ့်မည်။ ပြဇာတ်ထဲမှာ ဝင့်ဝါအိမ်က အဓိကဇာတ်ဆောင်တစ်ဦး၊ အင်ဂျင်နီယာအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ သီတင်းကျွတ် အာစရိယပူဇော်ပွဲတော်ကျင်းပမည့်ရက်က နီးကပ်နေပြီမို့ အကကို သူမတို့နေ့စဉ် စနစ်တကျ သင်ကြားနေရသည်။ သို့မှသာ သီတင်းကျွတ်ပွဲတော်တွင် ညီညီညာညာ ကပြနိုင်မည် မဟုတ်လား။

ဝင့်ဝါအိမ်က စတုတ္ထတန်း(က)မှ ကျောင်းသူလေး။ အသားဖြူဖြူ။ လူကောင်ထွားထွားနှင့် ချစ်စရာကောင်းသော ကလေးမလေး တစ်ဦးဖြစ်သော်လည်း သူမ၏ ပင်ကိုစရိုက်ကြောင့် ကျောင်းဌ ချစ်ခင်သူ ရှားပါးလှသည်။ သူမဟာ အခြားက်လေးများနှင့် ရောရောနှောနှော မနေတတ်။ တစ်ကိုယ်တည်း ငေးငိုင်နေတတ်သည်။ သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်မရှိသော သူမကို ဆရာ၊ ဆရာမများက အထူးတလည် သတိမထားမိကြချေ။ သည်ကြားထဲ အပေါင်းအသင်းကလည်း နည်းသဖြင့် ဘယ်သွားသွား ဘယ်လာလာ တစ်ယောက်တည်း။ အကယ်၍များ ဤကျောင်းမှ သူမပျောက်ဆုံးသွားခဲ့လျှင်တောင် မည်သူမျှ သတိထားမိကြမည် မဟုတ်။

လှေကားထစ်များအတိုင်း ဝင့်ဝါအိမ် ဖြည်းညင်းစွာ တက်လာသည်။ ဤကျောင်းကြီးက နှစ်ပေါင်းတစ်ရာနီးပါး ကြာမြင့်နေပြီဖြစ်၍ ရှေးဟောင်းကျောင်းကြီးဟု ဆိုနိုင်ပြီး အဆောက်အအုံများကလည်း ပြန်လည်ပြုပြင်ထားသော ရှေးခေတ်ပစ္စည်းများသာ ဖြစ်သည်။ သစ်သားလှေကားထစ်များက နင်းလိုက်တိုင်း တကျိကျိ မြည်နေ၍ မှောင်မိုက်သော ထောင့်ချိုးကွေ့များ၌ ထိုတကျိကျိ မြည်သံသည် စိတ်ချောက်ချားချင်စရာပင်။

ဝင့်ဝါအိမ်သည်လည်း ထိုမြည်သံကြောင့် ထိတ်လန့် နေဟန်တူ၏။ တစ်ချက်, တစ်ချက် နောက်ကျောဘက်သို့ မျက်လုံးပြူးလေးများဖြင့် လှည့်ကြည့်ရှာသည်။ သူမ၏ အမူအရာက ကြောက်လန့်နေကြောင်းကို ဖော်ပြလျက်ရှိ၏။ လှေကားထစ်များကမူ မဆုံးနိုင်သေး။ ရှည်လျားလိုက်ပါဘိ။

'ကျိ'

'ချတ်'

လှေကားထစ် အပေါ်ဆုံးအဆင့်ရှိ သစ်သားပြားကို နင်းချလိုက်သည့်အခါ ပဲ့ဆန်း

www.burmeseclassic.com

ဆန်း မြည်သံကိုပါ တွဲလျက် ကြားလိုက်ရတာကြောင့် ဝင့်ဝါအိမ်ခမျာ သွေးလန့်သွားကာ နောက်ကျောဆီသို့ ဖျတ်ခနဲလှည့်ကြည့်သည်။ သို့သော် ဘာကိုမှမတွေ့ရ။ သူမ၏နောက်တွင် မည်သူမျှမရှိ။

အကခန်းဆီသို့ နောက်ဆုံးမှ ရောက်လာတတ်သော ဝင့်ဝါအိမ်အဖို့ သူမထက် နောက်ကျမည့်သူကို မျှော်လင့်ရန် အခွင့်အရေးမှာ နည်းပါးလွန်းလှသည်။ သို့ပေမဲ့ တစ်စုံတစ်ဦးက နောက်မှ လှမ်းခေါ်လိုက်သလိုမျိုး ချွတ်ခနဲ အသံကိုပါ ကြားလိုက်ရတာကြောင့် တအံ့တသြ လှည့်ကြည့်လိုက်ခြင်းဖြစ်သည်။ သို့သော် နောက်တွင် မည်သူမျှမရှိ။ ပတ်ဝန်းကျင်သည် ရုတ်ခြည်း အေးစက်လာသယောင်။

သူမ စိတ်လှုပ်ရှားစွာဖြင့် အကခန်းဆီသို့ မြန်မြန်ပြေးသွားရန် ခြေလှမ်းပြင်လိုက်စဉ်-

'ဖတ်'

ပခုံးကို တစ်စုံတစ်ယောက်က လာရောက်ပုတ်ခတ်၏။ လက်ကလည်း လက်အေးကြီး။ ရုတ်တရက်တွေ့ကြုံလိုက်ရသည့် အခြေအနေကြောင့် ဝင့်ဝါအိမ် သွေးပျက်ထိတ်လန့်ကာ ဟစ်အော်လိုက်မိပြီ။

'အား'

'ဟဲ့..ဟဲ့..နင်..နင် လန့်သွားတာလား။ တောင်းပန်ပါတယ်ဟယ်။ ငါပါ၊ ယုယုပါ'

ယုယုက အသံတိမ်လေးဖြင့် တောင်းပန်လေ၏။ တောင်းပန်ရုံသာမကဘဲ ဝင့်ဝါအိမ်ကိုလည်း မျက်နှာငယ်လေးနှင့် ငေးကြည့်နေသည်။ ယုယု၏ မျက်ဝန်းလေးများက ညိုးရော်အားဖျော့နေ၍ သနားစဖွယ် ကောင်းနေသည်။ အသားညိုညက်ညက်နှင့် နူးညံ့သိမ်မွေ့ဟန်ရှိသည့် ယုယုကို ပြန်ငေးကြည့်နေသော ဝင့်ဝါအိမ်၏မျက်နှာမှာ ထိတ်လန့်နေဆဲလား၊ ကြောက်ရွံ့နေတာလား၊ ဒါမှမဟုတ် ဒေါသထွက်နေသလား ဆိုတာကို ခွဲခြားမရ။

'နင်..နင်..အရမ်းစိတ်ဆိုးသွားလား။ တောင်းပန်ပါတယ်နော်။ စိတ်မဆိုးပါနဲ့ဟာ။ ငါက နင် လန့်မယ်မထင်လို့ လှမ်းပုတ်လိုက်မိတာပါ'

ယုယုက မျက်နှာငယ်ငယ်နှင့် ထပ်တောင်းပန်ပြန်သည်။ သို့သော် ဝင့်ဝါအိမ်ကတော့ တုံးကိုဘာဝေ၊ ဘာတစ်ခုမျှပြန်မဖြေ။ ထိုအခိုက် ခန်းမထဲမှ အကသင်သည် ဆရာမ ထွက်လာ၏။

'ဟောတော့..မြန်မြန်လာလေ။ ပြဇာတ်က တိုက်လို့ပြီးတော့မယ်။ နောက်ကျပါ'

'ဩော်..ဟုတ်..ဟုတ်ကဲ့ ဆရာမ'

အကဆရာမက ထိုသို့လှမ်းအော်ခေါ်သဖြင့် ဝင့်ဝါအိမ်နှင့် ယုယုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေရာမှ ခန်းမဆီကို အပြေးတစ်ပိုင်း ဝင်ရောက်သွားလိုက်တော့သည်။

♦♦♦

'ဟယ်..အမလေး..လေး..ဘုရားရေ'

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဆရာမဒေါ်နီလာတစ်ယောက် ရင်ဘတ်ကို လက်တစ်ဖက်နှင့်ဖိရင်း ဘုရားတလိုက်မိသည်။ စောစောကတင် စာအုပ်စင်ပေါ်တွင် စနစ်တကျ စီရရီတင်ထားခဲ့သော စာအုပ်များအားလုံး ကြမ်းပြင်တွင် ပြန့်ကျဲလျက် ကစဉ့်ကလျား။

စာအုပ်အားလုံးက အဖိုးတန်သည့် ရှားပါးစာအုပ်များ။ တန်ဖိုးကြီးပေးဝယ်ကာ ကျောင်းရှိ ကျောင်းသူကျောင်းသားများ ဗဟုသုတရှာမှီးနိုင်စေရန် အလေးထားထိန်းသိမ်းထားရသော စာအုပ်များဖြစ်သည်။ ထိုစာအုပ်အားလုံးကို စာကြည့်တိုက်မှူး ဆရာမဒေါ်နီလာက နေ့စဉ်စစ်ဆေးပြီး သားသမီးလို အမြတ်တနိုး တန်ဖိုးထားခဲ့ရသည်။ ယခုများတော့ ထိုစာအုပ်အားလုံး ကြမ်းပြင်တွင် တစ်စီပြန့်ကျဲနေပြီ။

ပြန့်ကျဲနေသော စာအုပ်များကို ငေးကြည့်ရင်း ဒေါ်နီလာ၏ နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်လာသည်။ မျက်လုံးတို့ကလည်း ဒေါသအရှိန်ကြောင့် မီးဝင်းဝင်းတောက်တော့မတတ်။ အကြည့်တို့က စာအုပ်စင်ထောင့် တစ်နေရာတွင် စာအုပ်တစ်အုပ်ကိုကိုင်လျက် ကြောင်တောင်တောင် ရပ်နေသော ကျောင်းသူလေးဆီသို့ ဆိုက်ရောက်သွား၏။

'ညည်း..ဘယ်လိုလုပ်လိုက်တာလဲ။ ဒီစာအုပ်တွေက တော်ရုံတန်ရုံ စာအုပ်တွေ မဟုတ်ဘူး။ ဘာဖြစ်လို့ ဖျက်ဆီးပစ်ရတာလဲ။ ပြောစမ်း၊ ဟဲ့..ပြောစမ်းလို့ မေးနေတယ်လေ။ ဘာအခုမှ ငါ့ကို ကြောက်နေတာလဲ'

ဒေါသအလွန်ထွက်နေသဖြင့် ဆရာမဟူသော ဂုဏ်နှင့်အညီ ပြောဆိုခေါ်ဝေါ်မနေနိုင်တော့။ ရှေ့၌ ငူငိုင်ငိုင် ရပ်ကြည့်နေသော ကျောင်းသူလေးကို အော်ငေါက်မေး

www.burmeseclassic.com

ပစ်လိုက်သည်။

ကျောင်းသူလေးက မေးသည်ကိုမဖြေဘဲ ပြူးကြောင်ကြောင် မျက်ဝန်းတွေနှင့် ငေးကြည့်နေ၍ ဒေါ်နီလာ ဒေါသပိုထွက်လာ၏။ အူတူတူအတတနှင့် မထုံတက်တေး အိုက်တင်မျိုးက ဒေါ်နီလာအတွက် ရိုးဟိုးဟိုးနေပြီ။

'ဟဲ့...ဖြေလေ။ ဘာလို့ ဖွပစ်လိုက်တာလဲ။ ညည်းလက်ထဲက စာအုပ်ကို လိုချင်လို့ အောက်ထပ်က စာအုပ်တွေကို ဆွဲချပစ်တာလား။ ညည်းလိုချင်တာရှိရင်လည်း ငါ့ကို လာပြောပေါ့။ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ ငါ့ကို လူမထင်တဲ့ သဘောလား'

ကောင်မလေး၏ လက်ထဲက စာအုပ်ကို ကြည့်လိုက်တော့ စာအုပ်စင် အပေါ်ဆုံးထပ်မှ ဖြစ်နေသည်။ ထိုစာအုပ်ကို လိုချင်၍ စာအုပ်စင်ပေါ် ကုတ်ကပ်တက်ရင်း ကျန်စာအုပ်များ ပြုတ်ကျကုန်ခြင်းဖြစ်မည်ဟု ဒေါ်နီလာ တွေးမိသည်။

'မ...မဟုတ်ဘူး။ သမီး...သမီး ဖွထားတာ မဟုတ်ဘူး။ ဒီ...ဒီစာအုပ်ကို အခု...အခုမှ ကောက်လိုက်တာပါ'

ကတုန်ကယင် အသံလေးနှင့် ပြောထွက်လာသော ကလေးမလေး၏စကား။ ဘယ့်နယ်လုပ် ယုံနိုင်ပါ့မလဲ။ သည်စာကြည့်တိုက်ထဲမှာ ကိုယ်နှင့်သူပဲ ရှိသည့်ဥစ္စာ။ ဆရာမဒေါ်နီလာ ပို၍ဒေါပွသွားရပြီ။

'ညည်း မလိမ်နဲ့။ ငါ အပေါက်ဝက ကောင်တာမှာ ထိုင်နေတာ။ စာကြည့်ခန်းထဲကို ညည်းအပြင် ဘယ် ကျောင်းသားမှ မလာဘူး။ မှန်မှန်ဖြေ၊ ညည်း အဲဒီစာအုပ်ကို လိုချင်လို့ ဆွဲချရာကနေ ပွသွားတာ မဟုတ်လား'

အစက စာအုပ်များ ပြန့်ကျဲနေ၍ ဒေါသထွက်ခဲ့ရာယခု ကျောင်းသူက လိမ်ညာနေသဖြင့် ဒေါ်နီလာ၏ ဒေါသဒီဂရီမှာ တဖြည်းဖြည်းတိုးလာခဲ့ပြီ။ ဒေါ်နီလာက စည်းကမ်းတင်းကျပ်သော ဆရာမဟု သတင်းကြီးနေသူ ဖြစ်ရာ ယခုကဲ့သို့ မူလတန်းကျောင်းသူတစ်ဦး၏ လိမ်ညာမှုကိုသာ ငြိမ်ခံနေလိုက်လျှင် သူများပြောစရာ ဖြစ်ကုန်တော့မည်။

'သမီး...သမီး မလိမ်ဘူး။ သမီး မဖွပါဘူး၊ မဖွပါဘူး ဆရာမ'

'ကဲ...ငါ စိတ်မတိုတော့ဘူး။ ညည်း မှန်မှန်ဖြေ။ ညည်း အမှန်အတိုင်းဖြေရင် ကြီးကြီးလေးလေး အပြစ်မပေးဘူး။ စာအုပ်တွေကို ပြန်စီရုံစီပြီး ထမင်းစား ကျောင်းဆင်းရမယ်။ အေး...ငါ့ကိုလိမ်လို့ကတော့ ညည်း ရုံးခန်းကို ရောက်စေရမယ်မှတ်'

နောက်ဆုံးအနေဖြင့် ဒေါ်နီလာ အပေးအယူစနစ်ဖြင့် စစ်ကြောလိုက်ပြီး စုံထောက်တစ်ဦး၏မျက်လုံးမျိုးနှင့် ထိုကျောင်းသူကို စူးစူးစိုက်စိုက်ကြည့်နေကာ အဖြေမှန် ပေါ်ထွက်ရန် စောင့်ဆိုင်းနေလိုက်သည်။

ကျောင်းသူက ခေါင်းငုံ့နေဆဲဖြစ်ပြီး တစ်ချက်,တစ်ချက် သိမ့်ခနဲတုန်သွားသည်ကို ကြည့်ခြင်းအားဖြင့် အသံတိတ်ငိုရှိုက်နေဟန်တူ၏။ သို့သော် ဒေါ်နီလာ မသနားပေ။ အပြစ်ရှိသူကို အပြစ်ပေးရမည်၊ လိမ်လည်သူကို စစ်ဆေးရမည်။ ကျောင်းသားကျောင်းသူများကို မှတ်လောက်သားလောက် နာကျင်လောက်အောင် ဆုံးမရမည်မှာ ဆရာမတို့၏ တာဝန်ဟု ပြတ်သားစွာ ခံယူထားသည်။

မိနစ်အနည်းငယ် ကြာသည့်အခါ ခေါင်းငုံ့ငိုနေသော ကျောင်းသူလေးမှာ ခေါင်းမော့လာပြီး နီရဲနေသော မျက်လုံးကလေးများနှင့် ဒေါ်နီလာကို စိုက်ကြည့်လိုက်ကာ-

'သမီး...သမီး မလိမ်တတ်ဘူး ဆရာမ။ ဒါတွေကို သမီးလုပ်တာ မဟုတ်ဘူး'ဟု တိုးညင်းညင်းပြောလိုက်သည်။

ကောင်မလေး၏အဖြေမှာ ဒေါ်နီလာ မျှော်လင့်ထားသလို မဟုတ်သဖြင့် ဒေါသမီး ဟုန်းခနဲတောက်ကာ တစ်ကိုယ်လုံးပင် ဆတ်ဆတ်တုန်သွားသည်။ မိမိ၏ အတန်းသားသာဖြစ်ကြည့်၊ နေရာတွင် ရပ်မနေနိုင်လောက်အောင် ဆွဲရိုက်ပစ်မိမှာ အမှန်။ သို့သော် မိမိ၏အတန်းမှ မဟုတ်သဖြင့် ဒေါ်နီလာ ထိုသို့လုပ်၍မဖြစ်။ ကျောင်းအုပ်ကြီးနှင့်သာ တိုင်ရပေတော့မည်။

'အေး...ကောင်မလေးရေ၊ ညည်းက ဝန်မခံမှတော့ ငါကလည်း မညှာတာတော့ဘူး။ ညည်းကို ကျောင်းအုပ်ကြီးလက် အပ်ရတော့မှာပေါ့။ စာအုပ်တွေ ပြန်စီထားလိုက်။ ပြီးရင် ရုံးခန်းကို လိုက်လာခဲ့။ ဒါပဲ'

ဒေါ်နီလာသည် ဒေါသကို မျိုသိပ်ထိန်းကာ ဒေါက်ဖိနပ်သံ တဂွပ်ဂွပ်ဖြင့် အခန်းတွင်းမှ ထွက်ခွာသွား၏။ သူမ ဦးတည်သွားနေသည်က ကျောင်းအုပ်ကြီးရုံးခန်းဆီ၊ စာကြည့်တိုက်ထဲ၌ ကျောင်းသူလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှ တရွေ့ရွေ့ထွက်ခွာသွားသော ဆရာမကြီး၏ ကျောပြင်ကို ငေးကြည့်ရင်း ဝင့်ဝါအိမ် ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ သူမတွင် အားကိုးစရာမရှိတော့။ အမှန်အတိုင်း ဖြေသည်ကို ဆရာမကြီး ယုံကြည်လိမ့်မည် မဟုတ်မှန်း သိနေပေမယ့် လိမ်ညာ၍လည်း မပြောချင်။ ကိုယ်မလုပ်သည့်ကိစ္စတစ်ခုကို လုပ်ပါသည်ဟူ၍လည်း ဝန်မခံနိုင်။ ထိုစဉ်-

'ဟင့်အင်း..မလုပ်ဘူး၊ သမီး..မလုပ်ချင်ဘူး'

ဘာတွေဖြစ်နေသလဲဆိုတာကိုတော့ ဝင့်ဝါအိမ်ပဲ သိလိမ့်မည်။ အများအမြင်အရတော့ ဝင့်ဝါအိမ်ဟာ တစ်စုံတစ်ယောက်၏ ခိုင်းစေမှုကို ငြင်းဆန်နေသည့်အလား ခေါင်းတခါခါ ဖြစ်နေရှာသည်။ သို့သော် သူမအနားမှာ မည်သူမျှမရှိ။ ထို့နောက် အနားသို့ ကြောက်ရွံ့စရာတစ်ခု ခု တိုးကပ်လာသကဲ့သို့ ဝင့်ဝါအိမ်သည် နောက်သို့ တစ်လှမ်းချင်း ဆုတ်ကာ,ဆုတ်ကာသွားရာ နောက်ဆုံး၌ နံရံသို့ ကပ်သွားတော့သည်။

ဝင့်ဝါအိမ်၏နောက်တွင် နံရံကြီးခံနေပြီ။ ရှေ့မှာ မည်သူမျှမရှိပေမယ့် သူမ၏ အမှုအရာက တစ်စုံတစ်ယောက်ကို တွေ့မြင်နေရသလိုမျိုး မျက်လုံးတို့ ပြူးကြောင်လျက်သား။ မသိလျှင် သူမအနားမှာ မကောင်းဆိုးဝါးတွေပဲ ဝိုင်းနေသည့်အလား။ ထိုအခိုက် ဖွင့်ထားသော ပြတင်းပေါက်ကနေ လေပြည်တွေ တိုက်ခတ်လာရာ တပ်ဆင်ထားသော လိုက်ကာစသည် လေထဲသို့ ပျံဝဲသွားသည်။ ထိုသို့ လိုက်ကာစ ပျံဝဲနေသည့် မြင်ကွင်းကို ဝင့်ဝါအိမ် ငေးကြည့်ရင်း မျက်လုံးအိမ်၌ မျက်ရည်စတို့ ရစ်ဝဲလာလေ၏။

သူမသည် တစ်စုံတစ်ရာကို အသည်းအသန် ထိတ်လန့်နေဟန်ရှိသည်။ ဘာကိုကြောက်လန့်နေပါလိမ့်။ သူမပဲ သိလိမ့်မည်။ အခန်းထဲတွင် တစ်ယောက်တည်းဖြစ်သော်လည်း ဝင့်ဝါအိမ်မှာ ပတ်ဝန်းကျင်သို့ ဘယ်ပြန်ညာပြန် ဝဲဝဲကြည့်ကာ စိတ်ချောက်ချားလျက် တစ်စ, တစ်စ အသက်ရှူချုန်မြန်လာပြီး နံရံတွင် မှီကပ်နေရာမှ ရှေ့သို့ အရူးတစ်ယောက်လို ပြေးထွက်သွားကာ စားပွဲပေါ်မှ စာအုပ်များကို တွန်းချလိုက်၏။ ကြမ်းပြင်ပေါ်သို့ စာအုပ်များ နောက်တစ်သုတ် ပြန့်ကျဲသွားသည့်အခါဝယ် ဝင့်ဝါအိမ်လေးခမျာ အလွန်မောပန်းသွားဟန်ဖြင့် စာအုပ်စင်နံဘေးတွင် ခွေခွေလေး ထိုင်ချလိုက်ကာ မျက်စိကို စုံမှိတ်နားကို လက်နှစ်ဖက်နှင့် စုံပိတ်ရင်း 'ဟင့်အင်း..ဟင့်အင်း' ဟူ၍သာ ရေရွတ်နေရှာတော့သည်။

♦♦♦

ဝင့်ဝါအိမ်၏ အုပ်ထိန်းသူနှင့် ကျောင်းအုပ်ဆရာမကြီးတို့ ထွေ့ဆုံကြမည့်သတင်းက ကျောင်းတွင် ဟိုးလေးတကျော်ကျော် ပျံနှံ့နေသည်။ မူလတန်းကျောင်းသူလေးများပင် ဖြစ်လင့်ကစား ဟိုတစ်စု သည်တစ်စု စုရုံးကာ ဝင့်ဝါအိမ်၏အကြောင်းကို တီးတိုး,တီးတိုး သဖန်းပိုးလုပ်နေကြသည်။

အများစုမှာ အူကြောင်ကြောင် အမှုအရာနှင့် တစ်ကိုယ်တည်း နေတတ်သည့် ဝင့်ဝါအိမ်ကို အသားလွတ် အမြင်ကပ်နေသူများဖြစ်သည်။ ယခုလို သူမ ဒုက္ခရောက်မည့်အရေးကို ကြိတ်၍တစ်မျိုး ပေါ်တင်တစ်သွယ် ဝမ်းသာနေကြသည်။

ဝင့်ဝါအိမ်၏ ရှေ့တွင်ပင်-

'ဂေါက်သီးမ..အခုတော့ အကြီးအကျယ် ထိပြီ။ ကောင်းတယ်'

'ငကြောင်လေးပေမယ့် ဇ,ကမသေးဘူးဟဲ့။ အကြမ်းထိပ်ခေါင် ဆရာမကြီးနဲ့မှ ပြဿနာသွားတက်တာဟ'

'ကောင်းပါ့။ စတိုင်ထုတ်ချင်တာ အခု မလိုင်လုံးအလုပ်ခံရတော့မယ်။ ဝမ်းသာတယ်'

'ပြောမနေပါနဲ့ဟယ်၊ လေကုန်တဲ့ဟယ်။ သူ့စရိုက်နဲ့ သူ သွားတာပဲပေါ့'

နားနှင့်မဆံ့အောင် ကဲ့ရဲ့ဝေဖန်နေကြသဖြင့် ဝင့်ဝါအိမ် ဒေါသထွက်လာသည်။ သို့ကြောင့် အတန်းထဲတွင် ခပ်ကုပ်ကုပ် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

တစ်ချိန်လုံး ငြိမ်ဝပ်နေခဲ့ရာမှ ရုတ်တရက်ထရပ်လိုက်၍ အတန်းသားအားလုံး အလန့်တကြား လှည့်ကြည့်ကြသည်။ တဝေါဝေါ ဆူညံနေသော အသံများသည်လည်း မီးကို ရေနှင့် ငြှိမ်းလိုက်သကဲ့သို့ တိခနဲတိတ်သွား၏။

'နင်တို့..နင်တို့ ငါ့ကို ငကြောင်လို့ မခေါ်နဲ့။ ငါက ငကြောင်မဟုတ်ဘူး။ နင်တို့..နင်တို့ ငါ့နေရာကနေ တွေးကြည့်ကြစမ်းပါ။ သူတို့က ငါ့ကိုပိုင်းပြီး စောင့်ကြည့်နေကြတာ။ သူတို့ကို နင်တို့ မမြင်ပေမယ့် ငါမြင်နေရတယ် သိရဲ့လား။ နင်တို့ ကိုယ်ချင်းစာကြည့်

www.burmeseclassic.com

'အရူးမ'

ဝင့်ဝါအိမ်၏ စကားမဆုံးခင်မှာပဲ အတန်းထိပ်မှ ခပ်ထက်ထက် ကျောင်းသူတစ်ယောက်က အရူးမဟုလှမ်းအော်လိုက်သည်။ ထိုအော်သံကြောင့် တစ်ခန်းလုံး ဝေခွဲနဲ့ ဝိုင်းရယ်ကြသည်။ ဝင့်ဝါအိမ်ကို ဝိုင်းလှောင်ပြောင်ကြခြင်းပင်။ သူတို့အမူအရာတွေကြောင့် ဝင့်ဝါအိမ် အလွန်အမင်း ဒေါသထွက်သွားသည်။ စိတ်ထဲ၌ ချုပ်တည်းထားသမျှကို ဤနေရာတွင် ပေါက်ကွဲပစ်လိုက်တော့သည်။

'ဟိုထောင့်မှာ ငါတို့ကို စောင့်ကြည့်နေတဲ့ သရဲတစ်ကောင် ရှိတယ်'

တဝေဝေ ရယ်သံများကို လွှမ်းလောက်အောင် ဝင့်ဝါအိမ် ကျူးအော်ပစ်လိုက်၏။

မုန့်စားဓကျောင်းဆင်းချိန်ဖြစ်၍ တစ်ကျောင်းလုံး ဆူညံလျက်ရှိသော်လည်း ဝင့်ဝါအိမ်၏ အော်သံကြောင့် သူမတို့ တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။ အတန်းသားအားလုံး၏အကြည့်က သူမဆီသို့ စုပြုံရောက်ရှိလာသည့် အခိုက် ဝင့်ဝါအိမ်က စကားဆက်သည်။

'သူက ဘယ်သူလဲ သိလား။ လွန်ခဲ့တဲ့(၁၀)နှစ်က ဝရန်တာကနေ ပြုတ်ကျပြီး သေသွားတဲ့ ကျောင်းသူလေးပဲ။ သူက သူ့အမေ လာအခေါ်ကို စောင့်နေတာတဲ့။ ဒါပေမဲ့ သူ့ကို ဘယ်သူမှ လာမခေါ်တော့ဘူး ဆိုတာကို သူ မသိရှာဘူး'

ဝင့်ဝါအိမ်က ဒါပေမဲ့ နောက်က စကားကို လေသံလေးဖြင့် တိုးဖွဖွပြောလိုက်ခြင်းဖြစ်သည်။ မသိလျှင် တစ်စုံတစ်ယောက် ကြားသွားမှာစိုးသလို အမူအရာမျိုးနှင့်ပေါ့။

စကားအဆုံးတွင် ကျောင်းသူလေးများအားလုံး တစ်ယောက်အနားတစ်ယောက် ပူးကပ်သွားကြပြီး ဝင့်ဝါအိမ်ညွှန်ပြသည့်ထောင့်သို့ အသည်းအသန် လှည့်ကြည့်ကြသည်။ သို့သော် ဆရာမ ထိုင်နေက္ခ ထိုင်ခုံမှလွဲ၍ ဘာကိုမျှ မတွေ့ရ။ ဝင့်ဝါအိမ်က စကားဆက်ပြန်သည်။

'သူ့ပုံစံကို နင်တို့ သိချင်လား။ အေး...ငါပြောပြမယ်။ သူက ငါတို့နဲ့ ရွယ်တူပဲ။ သူမျက်နှာ တစ်ခြမ်းက ညိုမည်းနေတယ်။ မျက်လုံးတွေကလည်း အပြင်ကို ကျွတ်ထွက်နေပြီ။ နှာခေါင်းနေရာကလည်း သွေးတွေ တစက်စက် စီးကျနေတယ်။ သူက ငါ့ဆီလာပြီး သူ့အမေကို ရှာပေးဖို့ ပြောတတ်တယ်။ သူ့အသံကိုကြားရင် နင်တို့ လိပ်ပြာလွင့်သွားလိမ့်မယ်။ ဟော...သူက သူ့အကြောင်း ပြောမှန်း သိသွားပြီ။ သူ့အကြောင်းပြောလို့ ပျော်နေရှာတယ်။ ဟော...သူရပ်နေရာကနေ ငါတို့နားကို လျှောက်လာပြီ'

ဝင့်ဝါအိမ်က ထိုသို့ပြောလိုက်ရာ အတန်းသားများ ခမျာ နေစရာ မရှိကြတော့။ အော်ဟစ်ရင်း အချင်းချင်း ပူးကပ်ကာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်ထားကြသည်။ တချို့တလေကလည်း အခန်းထဲသို့ ဝင်ဝေကြည့်ရင်း ဝင့်ဝါအိမ်ပြောသော သရဲမကို ရှာဖွေနေသည်။ သို့သော်လည်း အခန်းထဲက မည်သူမှ ပြေးထွက်မသွားကြ။ မမြင်ရသည့် သရဲမနှင့် ဝင်တိုးမိမည်ကို စိုးရိမ်၍လားမသိ။

'ဟင်...သူ...သူ...ယဉ်ယဉ်ထက်ရဲ့ ပခုံးကို ကိုင်ဖို့ ကြိုးစားနေတယ်။ ဒါပေမဲ့ သူလက်က ချက်ချင်းမြွှောက်မရဘူး။ အဆောင်ပေါ်က ပြုတ်ကျတဲ့နှမ်းက ကျိုးသွားတာထင်တယ်'

'အား...သွား...သွား...ငါ့အနား မလာနဲ့'

ဝင့်ဝါအိမ်၏အပြောကြောင့် စောစောက ဝင့်ဝါအိမ်ကို အရူးမဟုအော်သော ကျောင်းသူလေးခမျာ ဘေးဘီသို့ ကြောက်လန့်တကြား ဝေဝဲကြည့်လိုက်၏။ သို့သော် ဝင့်ဝါအိမ်ပြောသော တစ္ဆေကို သူမ မမြင်ရချေ။ သို့ပေမဲ့ ယဉ်ယဉ်ထက်၏စိတ်ထဲ သူမ၏ ပခုံးကို တစ်စုံတစ်ယောက်က လာရောက်ထိကိုင်နေသလို ခံစားလာရသဖြင့် ဘေးက သူငယ်ချင်းကို အသည်းအသန်ဖက်ကာ ကြောက်လန့်တကြား ဟစ်အော်နေလေ၏။ ထိုစဉ်-

'သမီး ဝင့်ဝါအိမ်...အပြင်ကို ခဏထွက်ခဲ့ပါဦးကွယ်'

အတန်းရှေ့သို့ ဆရာမတစ်ဦး ရောက်လာပြီး ခေါ်သဖြင့် အခန်းပြင်သို့ ဝင့်ဝါအိမ် ရွံ့တွန့်တွန့် ထွက်ခွာလာခဲ့သည်။ ဝင့်ဝါအိမ် ထွက်သွားချိန်တွင် အခန်းထဲ၌ ဆူညံအော်ဟစ်လျက် ကျန်ရစ်ခဲ့ကြ၏။

ဆရာမသည် သရက်ပင်အောက်ရှိ ထိုင်ခုံတွင် ထိုင်လျက် ဝင့်ဝါအိမ်ကို အပြုံးဖြင့်စောင့်ကြိုနေသည်။ ဆရာမ၏ ပုံစံက မေတ္တာတရားကြီးမားပြီး စိတ်ရှည်သည်းခံတတ်ပုံရသည်။ ဝင့်ဝါအိမ်က ဆရာမရှိရာဆီသို့ ချက်ချင်း

www.burmeseclassic.com

မလာသေးဘဲ စာသင်ခန်းရှေ့တွင်ရပ်ကာ လှမ်းကြည့်ပြီး အကဲခတ်နေသည်။ ဆရာဆိုးများစွာကို တွေ့ကြုံဖူးခဲ့၍ ခဲမှန်ဖူးသော စာသူငယ်ပမာ ဆရာများအပေါ်တွင် အယုံအကြည်ကင်းမဲ့နေသော အမူအရာက ဝင့်ဝါအိမ်၏ မျက်နှာ၌ အထင်းသား။

သို့သော် ဤဆရာမသည် အခြားဆရာများနှင့်မတူ၊ တစ်မူထူးခြားသော အပြုံးကို ပိုင်ဆိုင်ထားပြီး ဝင့်ဝါအိမ် အပေါ်တွင်လည်း နားလည်သည်းခံမည့်ပုံ ရှိသောကြောင့် သူမရှိရာဆီသို့ ဝင့်ဝါအိမ် လျှောက်လာခဲ့သည်။

'လာ..သမီး၊ ဆရာမရဲ့ဘေးမှာ ထိုင်ပါဦး'

အနားသို့ရောက်လာသော ကျောင်းသူကို ဆရာမ ခွန်းသွဲ့က ချိုချိုသာသာ ဖိတ်ခေါ်လိုက်သည်။ ကျောင်းသူက ဆရာမကို မသက်သလိုအကြည့်တို့နှင့် စူးစမ်းသလို စိုက်ကြည့်ကာ ဝင်မထိုင်ဘဲ ရပ်နေသည်။

'ထိုင်ပါဦး သမီးရဲ့၊ ဆရာမ သမီးနဲ့ စကားပြောချင်လို့ပါ'

'ဆရာမကို သမီးသိတယ်။ ဆရာမက သမီးတို့ ကျောင်းကို ဟိုတလောကမှ အသစ်ရောက်လာတဲ့ ဒေါ်ခွန်းသွဲ့ မဟုတ်လား'

ကျောင်းသူလေး ဝင့်ဝါအိမ်က ဆရာမခွန်းသွဲ့၏မျက်နှာကို အသေအချာစိုက်ကြည့်ပြီး ပြောလိုက်သည်။ ပုံစံက လေးလေးကန်ကန်နှင့် စိတ်အားငယ်နေဟန်ရှိသော်လည်း ဤကဲ့သို့ ပတ်ဝန်းကျင်လေ့လာမှု အားကောင်းလိမ့်မည်ဟု ခွန်းသွဲ့ ထင်မထားခဲ့။ မမျှော်လင့်ဘဲ မိမိ၏ နာမည်သာမက မိမိ၏အကြောင်းကိုပါ တိတိကျကျသိနေသဖြင့် ခွန်းသွဲ့ အံ့သြသွားကာ ပြုံးလိုက်မိသည်။

'သမီးလေးက ဉာဏ်ကောင်းလိုက်တာ။ ဟုတ်တယ်၊ ဆရာမနာမည်က ဒေါ်ခွန်းသွဲ့။ သမီးနာမည်ကိုတော့ ဆရာမကြိုး ပြောပြလို့ သိနေပါပြီ'

ဆရာမအပြောကို ဝင့်ဝါအိမ် ခေါင်းညိတ် ခေါင်းခါ ခြင်းမပြုဘဲ ငူငူငိုင်ငိုင် ဆက်ရပ်နေသော ဆရာမကပဲ စကားဆက်သည်။ ဆရာမ၏ မျက်နှာပြင်က အပြုံးရိပ်မှာမူ လျော့နည်းမသွားသေး။ ပြုံးဆဲ ပြုံးမြဲဖြစ်၍ ဝင့်ဝါအိမ် အနည်းငယ် စိတ်သက်သာရာရသွားသည်။ ဤဆရာမသည် ဝင့်ဝါအိမ်အတွက် အားကိုးယုံကြည်ဖွယ်ရာ ပုဂ္ဂိုလ် တစ်ဦး ဖြစ်လာလေမလားမသိ။

'သမီးရဲ့အကြောင်းကို ဆရာမ ကြားပြီးသွားပြီ။ သမီးက စာကြည့်တိုက်ကို အမြဲသွားနေကျလား။ စာအုပ်သွားဖတ်တာလား'

'ဟုတ်'

'ဟယ်..သိပ်တော်တဲ့ ကလေးပဲ့။ ဒီအရွယ်လေးနဲ့ စာဖတ်ဝါသနာပါတယ်ပေါ့။ ဆရာမ တုကယ်ချီးကျူးတယ်။ ဒီနေ့ခေတ်မှာ စာပေမြတ်နိုးသူ ရှားပါးလာပြီ။ စာဖတ်မှ အသိပညာရမှာပေါ့ ဟုတ်တယ်ဟုတ်။ ကဲ..ပြောပါဦး။ ဘာစာအုပ်တွေ ဖတ်ဖြစ်လဲ'

'ကာတွန်းတွေ၊ နောက်ပြီး ဂန္ဓီရမဂ္ဂဇင်းတွေ၊ တစ္ဆေသရဲနဲ့ ပတ်သက်တဲ့ စာအုပ်တွေ'

ကျောင်းသူလေးက သူမ ဖတ်နေကျ စာအုပ်များအကြောင်းကို ရိုးသားပွင့်လင်းစွာ ပြောပြသဖြင့် ခွန်းသွဲ့ အဖြေရှာရ လွယ်သွားသည်။

ဤကလေး စောစောကလို တစ္ဆေသရဲတွေအကြောင်း အဟုတ်လုပ် ပြောတတ်နေခြင်းမှာ ထိုစာအုပ် မဂ္ဂဇင်းများကို ဖတ်ရှုသောကြောင့်ဟု အရွယ်ရောက်သူတိုင်း တွေးမိလိမ့်မည်သာ။ သို့ဖြစ်၍ ကလေးကို လမ်းမှန်သို့ ညွှန်ပြနိုင်အောင် စကားအလိမ္မာသုံးကာ သိမ်းသွင်းစည်းရုံးရမည်ဟု ခွန်းသွဲ့ သုံးသပ်မိ၏။

'ဩော်..သမီးက ဘာဖြစ်လို့ ဒီအကြောင်းတွေကို ဖတ်ရတာလဲ။ သမီး သဘောကျလို့လား။ စိတ်ဝင်စားလို့ပေါ့။ ဟုတ်လား'

'ဟို..ဟိုလေ'

ကျောင်းသူလေးက မေးခွန်းကို ချက်ချင်းမဖြေသေးဘဲ ဆရာမ၏မျက်နှာကို မငဲ့မရဲမော့ကြည့်သည်။ ခွန်းသွဲ့က ကျောင်းသူလေး စိတ်သက်သာရာရစေရန် ရဲရဲငဲ့ငဲ့ဖြေနိုင်စေရန် အစွမ်းကုန်ပြုံးထားမိသည်။

'သမီး..ဆရာမကို မကြောက်ပါနဲ့။ ဆရာမက ကလေးတွေကို သိပ်ချစ်တယ်။ အထူးသဖြင့် သမီးလို ကလေးမျိုးကို သနားချစ်နဲ့ ပိုတောင်ချစ်သေး'

'ဟင်..သမီးကို ရူးနေတယ်လို့ ဆရာမ ထင်နေသလား။ ဟင့်အင်း..သမီး မရူးဘူး။ သမီးကို ဆရာမ သနားစရာ မလိုဘူး'

ခွန်းသွဲ့က ကလေးမလေး စိတ်ပေါ်ပါးအောင် နှစ်သိမ့်လိုက်ရာ ကျောင်းသူလေး ဝင့်ဝါအိမ်က တစ်မျိုး

www.burmeseclassic.com

အဓိပ္ပာယ်ကောက်ကာ တုန်ယင်သော နှုတ်ခမ်းအစုံဖြင့် ပြန်ပြောရင်း တစ်ဖက်သို့ မျက်နှာလှည့်သွားသည်။ ဝိုင်းစက်မှိန်ဖျော့နေသော မျက်လုံးလေးများက အားလျော်သိမ်ငယ်မှုကို ဖော်ပြလျက်ရှိသည်။ မျက်ဝန်းအိမ်လေး အတွင်းမှ မျက်ရည်စများ တလိမ့်လိမ့်စီးကျလာ၏။

'အိုး..မဟုတ်တာ၊ မဟုတ်ရပါဘူး သမီးရယ်။ သမီးကို ရူးနေတယ်လို့ ဆရာမ မထင်ပါဘူး။ သမီးအပေါ်ကို ဆရာမ သနားတယ်ဆိုတာက အစွပ်စွဲခံရတာကို ပြောတာပါ။ ဆရာမလည်း ငယ်ငယ်က မကြာ၊မကြာ အစွပ်စွဲခံရတယ်။ အဖြစ်မှန်ပေါ်သွားမှ အားလုံးက ဝိုင်းသနားကြတာ။ အဖြစ်မှန် မပေါ်ခင်ကဆို ဆရာမမှာလည်း ခံရတာ အလူးအလဲပဲ။ ဒါကြောင့် ဆရာမက သမီးကို ကိုယ်ချင်းစာလို့ သနားမိတာပါကွာ'

ထိုအခါမှ ဝင့်ဝါအိမ်၏ မျက်လုံးလေးများ အရောင်တောက်သွားသည်။ ဆရာမဒေါ်ခွန်းသွဲ့ဟာ မိမိအတွက် အားကိုးရာဖြစ်လိမ့်မည်ဟု ဝင့်ဝါအိမ် ခံစားမိလိုက်သည်။

'ဒါ..ဒါဆို သမီးပြောပြတာတွေကို ဆရာမ ယုံမှာလား'

'အိုး..ယုံမှာပေါ့။ ဆရာမက လူကဲ့ခတ် ဒီလောက် မည့်ပါဘူး။ သမီးကို ကြည့်လိုက်ရုံနဲ့ သိတယ်။ သမီးက လိမ်ပြောတတ်တဲ့ကလေး မဟုတ်ဘူး'

'ဒီ..ဒီလိုဆိုရင် သမီး ဆရာမကို ပြောပြပါ့မယ်။ အဲဒီစာအုပ်တွေကို သမီး လိုအပ်လို့ ဖတ်တာပါ'

'လိုအပ်လို့ ဟုတ်လား။ ဘယ်လိုများ လိုအပ်နေလို့လဲ သမီးရယ်'

'ဟို..သမီးကို စောင့်ကြည့်နေတဲ့သူတွေ အများကြီးရှိတယ်။ သူ..သူတို့အကြောင်းကို သမီးမသိလို့။ ဒါကြောင့် သမီး ဖတ်ရတာပါ ဆရာမ။ သမီး..သမီး သူတို့ အကြောင်းကို သိရမှဖြစ်မှာ။ ဒါမှသာ သမီး သူတို့ စောင့်ကြည့်မှုအောက်ကနေ ထွက်ပြေးလို့ရမှာ'

ကျောင်းသူကလေး၏ စကားများက အထူးတဆန်းတွေချည်း။ စောင့်ကြည့်သူတွေ ဝိုင်းနေသောကြောင့် တစ္ဆေသရဲစာအုပ်တွေကို ဖတ်နေရတာပါတဲ့။ ဘာအဓိပ္ပာယ်လဲ။

'စောင့်ကြည့်သူတွေ၊ ဟုတ်လား သမီး။ ဆရာမ သဘောမပေါက်လို့ သေချာပြောပြပါလား'

'သူတို့က သမီးကိုစောင့်ကြည့်နေကြတာ။ သူတို့ကို အမြဲမမြင်နိုင်ဘူး။ သူတို့ပြရင်တော့ တစ်ချက်၊တစ်ချက် သမီး မြင်ရတယ်။ ဒါပေမဲ့ သူတို့ စောင့်ကြည့်နေတာကို တော့ သမီး ခံစားပြီး သိနိုင်တယ်။ သူတို့မှာ ဆာလောင်မွတ်သိပ်နေတဲ့ ကြောက်စရာ အကြည့်စူးစူးကြီးတွေ၊ တဆာဆာ အော်ဟစ်ညည်းတွားနေတဲ့ အသည်းယားစရာ အသံဆိုးကြီးတွေရှိတယ်။ သူတို့က သမီးကို အမြဲတမ်း စောင့်ကြည့်နေကြတယ်။ အခွင့်ရရင် ရသလို တောင်းဆိုကြတယ်။ သူတို့ တောင်းဆိုတာတွေ လုပ်မပေးရင် သမီးကို အနှောင့်အယှက်ပေးတယ်။ အခုတောင် သမီးနားထဲမှာ သူတို့အသံတွေ ကြားနေရပြီ'

'ဟင်..ဟုတ်လား၊ ဘာတွေကြားနေရလဲ သမီး'

'ဒီနားကနေ ထွက်သွား၊ ထွက်သွားတဲ့'

'အို'

ဝင့်ဝါအိမ်၏ အပြောကြောင့် ခွန်းသွဲ့မှာ ကြက်သီးတဖြန်းဖြန်းထကာ ကလေးမ၏ မျက်နှာကို စိုးရိမ်တကြီး ငေးကြည့်မိသည်။ ဝင့်ဝါအိမ်၏မျက်နှာမှာ လိမ်ညာလှည့်ဖြားနေသော အရိပ်အရောင်မျိုး လုံးဝမတွေ့ရ။ ပကတိဖြူစင်နေကာ အနည်းငယ် ထိတ်လန့်အားငယ်နေရှာသည်။ ကလေးမလေးကို ခွန်းသွဲ့ သိပ်သနားသွားပြီ။ ဘာပဲဖြစ်ဖြစ် သူကလေးကို ခွန်းသွဲ့ ကူညီရမည်။

'ဒါ..ဒါဆို သမီးပြောချင်တာ သမီးက သရဲတွေကို မြင်နေရတယ်၊ သူတို့အသံတွေကို ကြားနေရတယ်ပေါ့ ဟုတ်လား'

'ဟို..သူတို့တွေက သရဲဆိုတာထက် ဇွမ်ဘီတွေနဲ့ ပိုတူတယ်။ ဇွမ်ဘီဆိုတာကို ဆရာမ သိတယ်မဟုတ်လား။ နိုင်ငံခြားကားတွေထဲမှာပါတဲ့ ကြောက်စရာ သတ္တဝါတွေလေ။ အဲဒီလိုကြောက်စရာ သတ္တဝါတွေက သမီးအနားမှာ အမြဲရှိနေကြတယ်။ ဟို..အမြဲတမ်း အကောင်အထည် လိုက်ကြီး မြင်ရတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သမီးကို ဝိုင်းအုံကြည့်နေသလိုမျိုး အမြဲခံစားနေရတယ်။ တစ်ချက်၊တစ်ချက်တော့ သူတို့ကိုမြင်ရတယ်။ တစ်ခါတလေလည်း နားထဲမှာ ခိုင်းစေတဲ့ အသံတွေ ကြားရတယ်'

'စကြည့်တိုက်ကိစ္စကရော တကယ်ပဲ သမီးလုပ်တာ မဟုတ်ဘူးလား'

'ဟို..ဟိုလေ..တစ်ဝက်က သမီးလုပ်တာ။ တစ်ဝက်က သမီးလုပ်တာ မဟုတ်ဘူး'

www.burmeseclassic.com

"ဘယ်လိုတုန်း သမီးရဲ့"

"ဒီ..ဒီလိုပါ ဆရာမ။ အပေါ်ဆုံးထပ်က စာအုပ်တွေကိုတော့ သမီးမမီပါဘူး။ အဲဒီစာအုပ်တွေက သမီးရှေ့မှာပဲ ဝေခနဲ ပြုတ်ကျလာတာ။ နောက်တော့ သမီးရဲ့ပတ်လည်မှာ လူတွေဝိုင်းနေသလို ခံစားလာရတယ်။ သမီးနားထဲမှာလည်း အသံတွေ အဆက်မပြတ် ကြားလာရတယ်။ နားထဲမှာ ကြားနေရတဲ့ အသံတွေက စာအုပ်တွေကို တွန်းချလိုက်၊ စာအုပ်တွေကို တွန်းချလိုက်လို့ ပြောနေကြတာ။ သမီး..သမီးလည်း ကြောက်ပြီး စားပွဲပေါ်က စာအုပ်တွေကို တွန်းချလိုက်မိတယ်။ သမီး တောင်းပန်ပါတယ် ဆရာမရယ်။ သမီး လုပ်ချင်လို့ မဟုတ်ပါဘူး"

"ဆရာမ နားလည်ပါတယ် ကလေးရယ်။ ဒါတွေဟာ ကလေးရဲ့အပြစ် မဟုတ်ပါဘူး"

ခွန်းသွဲ့က ကျောင်းသူလေး၏ ဆံနွယ်များကို ခပ်ရွရွ ပွတ်သပ်ရင်း ဆိုလိုက်သည်။ ကျောင်းသူလေးက ခွန်းသွဲ့၏ မျက်နှာကို ညှိုးငယ်သောမျက်ဝန်းလေးများဖြင့် မော့ကြည့်နေသည်။

"ဆရာမ..ဆရာမရော သမီးကို ရူးနေတယ်လို့ ထင်လားဟင်။ အားလုံးကတော့ သမီးကို ရူးနေတယ်လို့ ထင်နေကြတာ"

"အို..မထင်ပါဘူး၊ မထင်ပါဘူး သမီးရယ်။ သမီး ပြောတာကို ဆရာမ ယုံပါတယ်။ ဒါနဲ့..သမီး သူတို့ကို ဘယ်လိုရင်ဆိုင်မယ်လို့ စိတ်ကူးထားလဲ။ သူတို့ခိုင်းစဲ့အတိုင်း သမီး အမြဲလုပ်ပေးနေတော့မှာလား"

"ငြင်းနိုင်သလောက်တော့ သမီးငြင်းပါတယ်။ ဒါပေမဲ့ မငြင်းနိုင်တဲ့အခါကျရင်တော့ သမီး လုပ်ပေးရတာပေါ့။ သမီး ဘာဆက်လုပ်ရမလဲဟင်။ သမီး သူတို့ကို ကြောက်တယ်"

"အဓိကက သူတို့ခိုင်းတာတွေကို သမီးဂရုမစိုက်နဲ့၊ သူတို့ကို အရေးမလုပ်နဲ့။ နောက်ထပ်အရေးကြီးတာတစ်ခုက ကိုယ့်မှာ အကာအကွယ်ကောင်းတစ်ခုရှိနေဖို့ လိုတယ်ကွ"

"သမီး သဘောမပေါက်ဘူး။ ဘယ်လိုအကာအကွယ်ကို ခေါ်တာလဲ။ ဒီလို ကြောက်စရာ သတ္တဝါတွေကနေ ကာကွယ်နိုင်တဲ့အရာ ရှိလို့လား"

"ညြော်...ရှိတာပေါ့ သမီးရယ်။ မဟုတ်ရင် ဘာသာတရားဆိုတာ ဘယ်ပေါ်ထွန်းလာပါ့မလဲ။ ဒီတော့ သမီးက ဗုဒ္ဓဘာသာဝင် မဟုတ်လား။ နေ့တိုင်း သီလစောင့်ထိန်းရမယ်၊ မေတ္တာပို့ရမယ်၊ အမျှအတန်းပေးဝေရမယ်။ ဒါဆိုရင် သမီးက်မြင့်လာမယ်။ ဘယ်သတ္တဝါကမှ သမီးကို ဒုက္ခပေးလို့ မရတော့ဘူး။ ဒီလိုသတ္တဝါတွေက ကံနိမ့်တဲ့ သူကိုပဲ နှောင့်ယှက်လို့ရတာ သမီးရဲ့။ ဒီအကြောင်းတွေကို သမီးမေမေက ပြောမပြဘူးလား"

ခွန်းသွဲ့၏အမေးကြောင့် ဝင့်ဝါအိမ် တက်ကြွနေရာမှ ခေါင်းငုံ့သွားရှာ၍ မိမိ၏စကား မှားသွားပြန်ပြီဟု သိလိုက်ရသည်။ ကြည့်ရတာ အုပ်ထိန်းသူမိဘများကိုယ်တိုင်က ကလေးမကို စိတ်မမှန်သူဟု သတ်မှတ်ထားပုံရသည်။ အမှန်မှာ ဤကဲ့သို့ရောဂါမျိုးကို ဆိုက်ကိုအမြင်ဖြင့် ကြည့်မည်ဆိုလျှင် ငယ်ရွယ်နုနယ်သော အရွယ်၌ တစ်ရာလျှင် တစ်ယောက် ဖြစ်လေ့ဖြစ်ထရှိသော စိတ်အရိပ်ထင်မှုပြဿနာတစ်မျိုးပင်။

ကလေးအရွယ်ဟာ စိတ်နူးညံ့လွန်းသဖြင့် ကြောက်မက်ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာတို့ကို မကြာခဏထိတွေ့သည့်အခါ ထိုအရာများကို အပြင်၌ အမှန်တကယ်မြင်တွေ့ရသည်ဟု ထင်မှတ်လာတတ်၏။ ထိုစိတ်ဝေဒနာမျိုးကို ဘာသာတရားဖြင့် ထိန်းသိမ်းပဲ့ပြင်လိုက်လျှင် အချိန်တိုအတွင်း ပျောက်ကင်းသွားလိမ့်မည်သာ။

ခွန်းသွဲ့ အတွေးနက်နေစဉ်တွင် ဝင့်ဝါအိမ် ခေါင်းပြန်မော့လာသည်။

"ဟို..ဆရာမ ပြောသလိုလုပ်ရင် သူတို့တွေကို သမီး တကယ်ကြောက်စရာ မလိုတော့ဘူးလားဟင်"

"တကယ်ပဲပေါ့ သမီးရယ်၊ သမီး သူတို့ကို ကြောက်စရာမလိုတော့ဘူး။ အဓိကကတော့ သမီးဆီက အမျှအတန်းပေးဝေတာကို လိုချင်နေကြတာပါကွယ်"

"ဟုတ်..ဆရာမ၊ ကျေးဇူးတင်ပါတယ်။ ဆရာမက စိတ်ကောင်းရှိမှန်း သမီး ဟိုတစ်နေ့ကတည်းက သိတယ်။ ဆရာမကြီးတွေက ဆူနေပေမယ့် ဆရာမက သမီးကို အားပေးတယ်။ သမီးကို ဘယ်သူမှ အဲဒီလို မဆက်ဆံကြဘူး"

"အေးပါကွယ် သမီးရယ်။ သမီးလေး ပျော်ရွှင်နေရင် ဆရာမ ကျေနပ်ပါပြီ"

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

ဆရာမ ဒေါ်ခွန်းသွဲ့နှင့် တွေ့ဆုံပြီးနောက်ပိုင်း ဝင့်ဝါအိမ်၏ပုံစံသည် သိသိသာသာ ပြောင်းလဲလာသည်။ သူမကိုယ်သူမ ယုံကြည်မှု ရှိလာသည်။ ယခင်ကလို တစ်ယောက်တည်း ကြောက်ရွံ့ထိတ်လန့်ကာ ငိုင်တွေမနေတော့ဘဲ လူအများနှင့် ရောထွေးလျက် ပြောရဲဆိုရဲ ရှိလာသည်။ ဆရာမများ မေးမြန်းလျှင်လည်း သွက်သွက်လက်လက် ဖြေဆိုတတ်သည်။ ဝင့်ဝါအိမ်၏ ပြောင်းလဲမှုအပေါ် တစ်ကျောင်းလုံးက အံ့သြကြရသည်။ အားလုံးထဲတွင် ဂုဏ်အယူရဆုံးသူကတော့ ဆရာမဒေါ်ခွန်းသွဲ့ပါ။

ဝင့်ဝါအိမ်၏ မိဘများအပါအဝင် ကျောင်းရှိ ဆရာ, ဆရာမအားလုံးက ဆရာမလေး ဒေါ်ခွန်းသွဲ့ကို ကလေးများအပေါ် နားလည်လွယ်သူဟု သတ်မှတ်ကာ လေးစားကြည်ညိုလျက်ရှိသည်။ အားလုံးက ဝင့်ဝါအိမ်၏ လူကြောက်သော စိတ်ရောဂါကို ပျောက်ကင်းရန်မလွယ်ဟု ထင်ထားခဲ့ရာမှ ယခုကဲ့သို့ ပြောင်းလဲသွားသည့်အတွက် အံ့အားသင့်လျက်ရှိကြပြီး ဝင့်ဝါအိမ်၏မိဘများက ဆရာမဒေါ်ခွန်းသွဲ့ကို ကျေးဇူးတင်မဆုံး ဖြစ်နေကြ၏။

'ဆရာမရယ်..ကျေးဇူးတင်လိုက်တာ။ အခုလို သမီးလေးရဲ့ စိတ်ရောဂါကို ပျောက်ကင်းအောင် ကုစားပေးခဲ့အတွက် ဘယ်လိုကျေးဇူးဆပ်ရမလဲတောင် မသိတော့ပါဘူး'

'အိုး..မဟုတ်တာ အဒေါ်ရယ်။ ခုလိုကူညီခွင့်ရတာ ဝမ်းသာလှပါပြီ'

'သမီးလေးက စိတ်အားသိပ်ငယ်တော့ အခုလို ယုန်ထင်ကြောင်ထင်တွေ ဖြစ်နေတာကြာပြီ။ အဒေါ်လည်း ဘယ်လိုမှ ဆုံးမပဲ့ပြင်လို့မရဘူး။ ဒီလိုထင်နေတာတွေက အကယ်မဟုတ်ပါဘူးလို့ ဘယ်လောက်ပြောပြော သူ နားမဝင်ဘူးလေ။ ဆရာမလေး ဖြေရှင်းပြမှပဲ သူသဘောပေါက်သွားရှာတယ်။ ခုဆို အရင်ကထက်တောင် ပိုလိမ္မာသေး။ ဘုရား တရားလည်း လုပ်လာပြီ။ ကျေးဇူးတင်ပါကယ် ဆရာမရယ်။ ကျွန်မက သမီးလေးကို ကလေးအရွယ်ဆိုတော့ ဘုရား တရားကို နားမလည်ဘူးထင်လို့ သွန်သင်ခဲ့မိဘူး။ အခုလို သူဘာသာသူ သိတတ်နေကာ မြင်ရတော့ ဝမ်းသာမိတယ်'

'ဟုတ်တာပေါ့။ ဒီအရွယ်က စိတ်အားငယ်လွယ်ကယ်၊ သိမ်ငယ်လွယ်တယ်။ ဒီတော့ ဟိုအကြောင်း ဒီ

အကြောင်းတွေတွေးပြီး ထင်ချင်ရာထင် ကြားချင်ရာကြားပြီး ချောက်ချားနေတတ်တယ်။ ဘာသာတရားဆိုတာ ချောက်ချားမှုတွေကို ကင်းဝေးစေတဲ့ တစ်ခုတည်းသော တည်ငြိမ်ရာပဲ မဟုတ်လား။ ဒါကြောင့် ဘာသာတရားနဲ့ ထိန်းသိမ်းပေးတာ အကောင်းဆုံးပေါ့။ သူ့ကို ကျောင်းဝိတ်ရက် ကျရင် သီလရှင်တွေ ဝတ်ပေးတာဖြစ်ဖြစ်၊ ဓမ္မကျောင်းတော် တက်ခိုင်းတာဖြစ်ဖြစ် လုပ်ပေးလိုက်ပါဦး အဒေါ်'

'စိတ်ချ ဆရာမ။ သူ့ကိုရော သူ့သူငယ်ချင်း ယုယုကိုရော သီလရှင်ဝတ်ပေးဖို့ ကျွန်မတွေးထားတယ်။ ဒါနဲ့ ဆရာမ၊ ယုယုကို သိလားဟင်။ သူနဲ့ အတန်းအတူတူပဲလေ။ မနှစ်ကတော့ အိမ်ကို ခဏ,ခဏ လာလည်တယ်။ ဒီနှစ် တစ်ခေါက်မှ မလာဘူး။ သမီးကို မေးကြည့်တော့လည်း ဘာမှပြန်မဖြေဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက် အကခန်းမကို နောက်ကျမှရောက်တဲ့အကြောင်း၊ အားကစားကွင်းကို အတူသွားတဲ့ အကြောင်းတွေတော့ ပြန်ပြောရှာသား။ သမီးလေးမှာလည်း သူငယ်ချင်းဆိုလို့ ဒီတစ်ယောက်ပဲရှိတာ ဆရာမရဲ့'

'ယုယု..ဟုတ်လား'

ကျောင်းသူလေး ဝင့်ဝါအိမ်၏မိခင် ဒေါ်သီတာ၏ အမေးစကားကြောင့် ခွန်းသွဲ့ တွေဝေသွားသည်။ ယုယုဟူသော အမည်ကို သူမ ကြားဖူးသလိုလို။ သေချာပြန်စဉ်းစားကြည့်သည်။ ရုတ်တရက် တစ်စုံတစ်ခုကို သတိရမိကာ ခွန်းသွဲ့၏မျက်လုံးများ ပြူးကျယ်သွား၏။

သို့ပေမဲ့ ချက်ချင်းပင် ကူးနွေ့ဆည်လိုက်ပြီး-

'ဩော်..ယုယုလား၊ သူ..ဟိုတလောက ကျောင်းပြောင်းသွားပြီ ဆိုလားပဲ။ ကျွန်မလည်း ကျောင်းသားအားလုံးရဲ့ နာမည်ကို သေချာတော့ မမှတ်မိဘူး အဒေါ်'

www.burmeseclassic.com

'အင်းပေါ့..ဟုတ်တာပေါ့။ ကဲ..ဆရာမလည်း ထမင်းစားရဦးမှာ မဟုတ်လား။ ကျွန်မတို့ကို ခွင့်ပြုဦး နော်'

'ဟုတ်ကဲ့ အဒေါ်'

ဒေါ်နီလာက ခွန်းသွဲ့ကို နှုတ်ဆက်ကာ အဆောင်ပြင်သို့ တလှုပ်လှုပ်ထွက်ခွာသွားသည်။ ခွန်းသွဲ့မှာ ဒေါ်နီလာ၏ကျောပြင်ကို ငေးမျှော်ကြည့်လျက် အတွေးကိုလိုက်ပြုရင်း ကျန်ရစ်ခဲ့၏။ ဟိုအကြောင်း သည်အကြောင်း စဉ်းစားရင်း ဝင့်ဝါအိမ်လေးအကြောင်း ခေါင်းထဲသို့ ဝင်လာသည်။ ဝင့်ဝါအိမ်လေးနှင့် ပတ်သက်သည့်ကိစ္စကို ရှင်းရှင်းလင်းလင်း ဖြစ်အောင်လုပ်ဖို့ ကျန်နေသေးသည်။

ယခင်က ဝင့်ဝါအိမ်လေးဟာ အများအမြင်၌ အလွန်တစ်ယောက် ဖြစ်နေခဲ့ရာမှ ခွန်းသွဲ့၏ နှစ်သိမ့်အားပေးမှုကြောင့် ဖြည်းဖြည်းချင်း ပြောင်းလဲလာခဲ့သည်။ သို့သော် ကဗီလေးအမေ၏ ပြောသွားချက်အရ ပြောင်းလဲမှုက အရှင်းဟုတ်ပုံမရ။ သူ့အိမ်မှာ ယုယုအကြောင်း ပြောသတဲ့။ သူတို့နှစ်ယောက် အကခန်းမနှင့် အားကစားရုံသို့ အတူသွားခဲ့သတဲ့။ ဤအချက်က သိပ်ထူးဆန်းနေသည်။

အခြားဆရာမ တစ်ယောက်ကိုသာ ဤအကြောင်း သွားပြောပြကြည့် 'ဘာ..ဒါဆို ဝင့်ဝါအိမ် ရူးနေတာပဲ ဖြစ်လိမ့်မယ်။ သူ့သူငယ်ချင်း ယုယုက လပတ်စာမေးပွဲ မဖြေခင် ကျောင်းပိတ်ရက်တုန်းက ရေနှစ်ပြီး ဆုံးသွားပြီလေ။ ဘယ်လိုလုပ်ပြီး အကခန်းမနဲ့ အားကစားရုံကို အတူသွားနိုင်ဦးမှာတုန်း' ဟူ၍ အထိတ်ထိတ်အလန့်လန့်နှင့် ပြန်ပြောလိမ့်မည်သာ။

သို့ပေမဲ့ ခွန်းသွဲ့ကတော့ ဝင့်ဝါအိမ်လေး၏ မိခင်ကို မပြောဘဲ ထိမ်ချန်ထားသည်။ မိခင်ဖြစ်သူ၏ စိတ်ချမ်းသာမှုကို ဖျက်ဆီးရှုမဖြစ်။ ဝင့်ဝါအိမ်နှင့်သာ တိုက်ရိုက်ဆွေးနွေးရန် စဉ်းစားထားလိုက်၏။

ကျောင်းသူလေး ဝင့်ဝါအိမ်ကို ခွန်းသွဲ့ ဝေးဝေးလံလံ မရှာလိုက်ရပါ။ စတုတ္ထတုန်း(က)၏ သန့်ရှင်းရေးကွင်းတွင် အခန့်သင့် တွေ့ရသဖြင့် လှမ်းခေါ်လိုက်သည်။

'သမီးဝင့်ဝါအိမ်..ဆရာမဆီ လာခဲ့ပါဦး'

'ဩော်..ဆရာမ၊ လာပြီ'

ခွန်းသွဲ့ကိုတွေ့တော့ ဝင့်ဝါအိမ်၏မျက်နှာတွင် အပြုံးပန်းတို့ လင်းလက်သွားကာ ဆရာမဆီသို့ အပြေးတစ်ပိုင်း ရောက်လာသည်။ သူမ၏ အပြုံးပန်းတို့ကား လင်းလက်ရွှန်းစိုနေဆဲ။

'သမီး..အရင်ကလို မျက်လုံးစိမ်းတွေ စောင့်ကြည့်နေသလိုမျိုး ခံစားရသေးလား'

'ဟင့်အင်း၊ မခံစားရတော့ဘူး။ ဆရာမ ပြောတဲ့အတိုင်း သီလယူ မေတ္တာပို့ အမျှပေးဝေတာတွေလုပ်ပြီး နောက်ပိုင်း သမီး အသံတွေလည်း မကြားရတော့ဘူး။ အဲသလိုမျိုးတွေလည်း မခံစားရတော့ဘူး'

'ဆရာမ ဝမ်းသာလိုက်တာ သမီးရယ်။ ဒါနဲ့ ဟို..သမီးသူငယ်ချင်း ယုယုအကြောင်းကို သမီးရဲ့အမေက ဆရာမကို လာမေးတယ်'

ထိုသို့ဆိုလိုက်သည့်အခါ ခွန်းသွဲ့၏ မျက်နှာကို ကျောင်းသူလေးက အလန့်တကြားမော့ကြည့်သည်။ ဝင့်ဝါအိမ်လေး၏ မျက်နှာက လျှို့ဝှက်ချက်တစ်ခု ပေါက်ကြားသွားသည့်အတွက် စိုးရွံ့သွားသည့်ဟန်။ သူမကို စိတ်မဆင်းရဲစေလိုဘဲ ခွန်းသွဲ့က နားလည်ပြုံးလေး ပြုံးပြလိုက်ပြီး စကားဆက်သည်။

'စိတ်မပူပါနဲ့။ သမီးရဲ့အမေကို ဆရာမ ဘာမှမပြောလိုက်ဘူး။ ဆရာမကိုတော့ သမီးနားလည်အောင် ရှင်းပြရမယ်နော်။ ကဲ..ပြောပါဦး၊ သမီးက သူ့ကို သမီးရဲ့အနားမှာ ရှိနေတယ်လို့ ထင်နေတာလား'

'သူသေသွားပြီဆိုတာ သမီးသိပါတယ်။ ဒါပေမဲ့ သူ့ဝိညာဉ်ကတော့ သီတင်းကျွတ်ပွဲတော် မတိုင်ခင်အထိ သမီးအနားမှာ ရှိနေခဲ့တယ်။ တစ်ခါတလေ သမီး သူ့ကို မြင်ရတယ်။ သူက သူ့ကိုယ်သူ သေမှန်း မသိရှာဘူး။ သမီးက သူ့ကို နင်သေသွားပြီလို့ ပြောပြတော့ သူက သီတင်းကျွတ်ပွဲတော်ပြီးမှပဲ သူသေချင်တယ်တဲ့။ သီတင်းကျွတ်ပွဲမှာ သူသရုပ်ဆောင်ဖို့ ရှိသေးတယ်တဲ့။ အခု သူ မရှိတော့ပါဘူး။ ပွဲတော်ပြီးတဲ့နောက် သမီး သူ့ကို မတွေ့ရတော့ဘူး။ သမီး မလိမ်ပါဘူး ဆရာမရယ်၊ သမီး တကယ်ပြောနေတာပါ။ ဆရာမ..ဆရာမ သမီးကို အရူးလို့ ထင်သွားပြီ မဟုတ်လားဟင်'

ခေါင်းလေးငုံ့လျှိုးလျက် လေးလေးပင်ပင် ရှင်းပြနေသော ဝင့်ဝါအိမ်ကို ဆရာမခွန်းသွဲ့ ငုံ့ကြည့်နေမိ၏။ သူမကို စိတ်မထိခိုက်စေလို။ နောက်ပြီး စိတ်ဒဏ်ရာလည်း မရစေလိုပါ။ သို့ကြောင့်-

www.burmeseclassic.com

www.burmeseclassic.com

'အို..လုံးဝမထင်ပါဘူး သမီးရယ်။ ဒါလည်း ဖြစ်နိုင်တာပဲလေ။ အရေကြီးတာက သမီး အဲဒါတွေအားလုံးကို မေ့လိုက်တော့။ ကျောင်းစာကိုပဲ သမီးစိတ်ဝင်စားနော်ကွယ်။ ဘာသာတရားလည်းကိုင်းရှိုင်း။ ဟုတ်ပြီလား'

'ဟင့်..ဟုတ်..ဟုတ်ကဲ့ပါ ဆရာမ'

ခွန်းသွဲ့၏ အားပေးစကားကြောင့် ဝင့်ဝါအိမ်၏မျက်ဝန်းထဲ၌ အံ့သြသော အရိပ်အယောင်များ ပြည့်နှက်သွားကာ တစ်ဆက်တည်းမှာပဲ မျက်ရည်များ စီးကျလာသည်။ ထိုသို့ ခွန်းသွဲ့က နားလည်ပေးလိမ့်မည်ဟု သူမ ထင်ထားပုံမရ။ တစ်ပြိုင်နက်ဆိုသလို ဆရာမခွန်းသွဲ့၏ ခါးကို ခပ်တင်းတင်းဖက်ကာ ရှိုက်ကြီးတငင်ငိုသည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်နေကြသည်ကို သန့်ရှင်းရေးကွင်းရှိ ကျောင်းသူကျောင်းသားတချို့နှင့် အတူ အတန်းပိုင် ဆရာမများက ကြည်နူးစွာ ငေးကြည့်နေကြ၏။

အားလုံးတွေးနေကြမည်မှာ ယုတ္တိရှိရှိ သဘာဝကျကျ အယူအဆတစ်မျိုး။ အားငယ်စိတ်ဝင်ကာ စိတ္တဇအမြင်တွေဖြစ်နေသော ကျောင်းသူလေးဝင့်ဝါအိမ်။ ထိုကျောင်းသူလေးကို အမြင်မှန်အောင် ဆောင်ရွက်ပေးခဲ့သူ ဆရာမလေးခွန်းသွဲ့။ ဆရာမကြောင့် ကျောင်းသူလေးဘဝ အောင်မြင်ခဲ့ရသလို ကျောင်းသူလေး၏ အောင်မြင်မှုကြောင့် ဆရာမ၏ ဂုဏ်သတင်း ထွန်းတောက်ခဲ့ရသည်။

ထိုအကြောင်းတို့ကြောင့် ကျေနပ်ပီတိဖြစ်ရင်း တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွယ်နှောင်လျက် ပွေ့ဖက်နေကြသည်ဟူ၍ သူတို့အတွေးက အမှားကြီးတော့ မဟုတ်။ သို့သော် အကုန်လည်း မမှန်။

အကယ်၍ ဝတ်စုံတစ်ယောက်မှသာ တစ္ဆေသရဲတွေကို တွေ့မြင်နိုင်သည့် ပါရမီထူးကို ပိုင်ဆိုင်ထားလျှင် ကျောင်းသူလေး ဝင့်ဝါအိမ်ကို စိတ္တဇအမြင်တွေရှိနေသူ၊ သံသယစိတ် လွန်ကဲနေသူဟု သတ်မှတ်လိမ့်မည်မထင်။ တကယ်တော့ ဝင့်ဝါအိမ်လေး၏ ဝန်းကျင်၌ စောင့်ကြည့်သူများ အမှန်ပဲ ရှိနေခဲ့၏။ ဝင့်ဝါအိမ် ကယောင်ချောက်ချားဖြစ်ကာ စိတ်ထင်ခဲ့ခြင်းမဟုတ်ပါ။ ထိုသူတို့က သူမ၏အနီးမှာ ဝိုင်းအုံလျက် ကြောက်မက်ဖွယ်အကြည့်တို့နှင့် စောင့်ကြည့်နေခဲ့ကြခြင်းသာ။

စောင့်ကြည့်နေသူများသည် သူတို့ကိုယ်သူတို့ သေ[illegible] စိမ့်ကြောက်ခြင်း ဆိုးဝါးမှု သို့မဟုတ် ဆင်းရဲဒုက္ခ တစ်စုံတစ်ရာ ကြုံတွေ့နေကြရသည်။ သူတို့ကိုယ်တိုင် ကျော်လွန်ခဲ့ကြီးများကို ဝင့်ဝါအိမ်အား ဖိုင်းခေါ်ခဲ့ကြသည်။

သို့သော် ပတ်ဝန်းကျင်မှ လူများက ဝင့်ဝါအိမ်ထံ နားမလည် ကိုယ်ချင်းမစာနာဘဲ အပြစ်တင်ဟောကိုလို သဘောထားခဲ့ကြသည်။ သတ်မှတ်ခဲ့ကြသည်။ ဒါထာလည်း သူတို့အပြစ်မဟုတ်။ ထိုအရာတွေကို သာမန်လူတွေမှ မမြင်တွေ့နိုင်ဘဲကိုး။ ဘယ်လိုလုပ် စာနာနိုင်ပါမလဲ။

ကံကောင်းချင်တော့ ဝင့်ဝါအိမ်လေးကို ယုံကြည်လက်ခံနိုင်မည့် ဆရာမခွန်းသွဲ့ ပေါ်ပေါက်လာခဲ့၏။ ခွန်းသွဲ့၏ ဖေးမ,မှုကြောင့် ဝင့်ဝါအိမ်လေးဟာ စိတ်ခွန်အားတို့ တိုးတက်လာခဲ့သည်။ ထိုအရာတို့ကို တွေ့မြင်ရခြင်းမှာ စိတ်အားငယ်မှုကြောင့်ဖြစ်သည်။ ဆရာမခွန်းသွဲ့ကိုယ် ထိုင်လည်း ငယ်စဉ်က ထိုအရာတွေကို ကြုံတွေ့ခဲ့ရဖူးသဖြင့် ဝင့်ဝါအိမ်ကို အရူးတစ်ယောက်လို မသတ်မှတ်ဘဲ စိတ်အားတက်လာအောင် အားပေးနှစ်သိမ့်ခဲ့ခြင်းဖြစ်သည်။ နောက်ပြီး ကံမနိမ့်စေရန်အတွက် ဘာသာတရားကိုင်းရှိုင်းရန်လည်း သွန်သင်လမ်းပြခဲ့သည်။ အလွတ်ရွန်းလိုသူ ဝင့်ဝါအိမ်ကလည်း ဆရာမခွန်းသွဲ့ မှာသည့်အတိုင်း ယုံယုံကြည်ကြည် လိုက်နာခဲ့သောကြောင့် ယခုအခါ၌ စောင့်ကြည့်နေသူများအားလုံး အဝေးသို့ ထွက်ပြေးသွားကြရပြီ။ တချို့လည်း ကျွတ်လွတ်သွားခဲ့ကြ၏။

ယခုတော့ ခွန်းသွဲ့ ကူညီရက္ခိုးနပ်ခဲ့ပြီ။ လောကအလယ်တွင် ပန်းလေးတစ်ပွင့် လှပစွာ ပွင့်လန်းနေလေပြီ။ ပန်းပေါင်းများစွာ ပွင့်လန်းနိုင်စေရန် ကလေးငယ်များကို အရမ်းကာရော ရိုက်နှက်ကြိမ်းမောင်းကာ စိတ်အားငယ်အောင် ပြုလုပ်မည့်အစား အားပေးနှစ်သိမ့်၍ လမ်းပြပေးခြင်းသာလျှင် အကောင်းဆုံးဖြစ်မည်ဟု ခွန်းသွဲ့တွေးနေမိသည်။

နိဂုံးတစ်နိဂုံး၏ အနာဂတ်သည် ကလေးများ၏ လက်၌သာ တည်ရှိနေသည် မဟုတ်ပါလား။

စေတနာရှေ့ထားလျက်

ဂျိုင်းခွန်းကို

www.burmeseclassic.com



စိုးယဉ်ထွန်း

ချက်ကြိုးကွင်းစွပ်

သင်းမောင်

ရွာအဝင် ရွာဦးဘုန်းတော်ကြီးကျောင်း။ ကျောင်း၏ ခြံစည်းရိုးကို အုတ်စီအုတ်တံတိုင်း ခတ်၍ ကာရံထားသည်။ ကျောင်းဝင်း၏ နေရာအနှံ့တွင် သရက်ပင်၊ ဝိန်ပင်၊ မရမ်းပင်၊ တည်းပင် ကြီးကြီးမားမားများက အုံ့ဆိုင်းစွာ ပေါက်နေသည်မှာ နေရောင်မကျနိုင်အောင်ပင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ကျောင်းခြံစည်းရိုး အုတ်တံတိုင်းနားတွင်ကပ်၍ ပေါက်နေသော သရက်ပင်၊ မရန်းပင်တို့၏ အကိုဝိုး အခက်တို့က ရွာအဝင် လူသွားလမ်းနှင့် လှည်းလမ်းကြောင်းပေါ်ကို အုပ်မိုး၍ကျနေသည်။ အသီးသီးသော ကာလတွင် သရက်သီး အကင်းကလေးများက မြေလမ်းပေါ်ကို ကြွေကျကြသည်။

ရွာထဲမှ ကလေးများက ကြွေကျနေသော သရက်သီး အကင်းကလေးများကို အလုအယက် ကောက်ယူကြသည်။ အပင်ပေါ်မှ အသီးများကို တံချူနှင့်ခူးခြင်း၊ တုတ်ခဲတို့ဖြင့် ပစ်ခတ်ယူခြင်း မပြုကြပေ။ ဒါကလည်း ရွာဦးကျောင်းဆရာတော်ကြီးကို ကြောက်ရွံ့ရိုသေကြ၍ ဖြစ်သည်။

အပင်ပေါ်တွင် သရက်သီးက အရွက်တို့နှင့်အပြိုင် သီးနေသည်။ မြေလမ်းပေါ်နှင့် လှည်းလမ်းပေါ် အသီးကြွေတို့တ အများအပြား။ ကလေးငယ်များက ကောက်ယူနေကြသည်။ သရက်သီးကောက်နေသော ကလေးများနှင့် ရွယ်တူကလေးတစ်ယောက်က ဝင်မကောက်ဘဲ ရပ်ကြည့်နေသည်။

'ဟေ့ကောင် သင်းမောင်၊ လာလေကွာ။ မင်းက ဝင်မကောက်ဘဲ ဘာရပ်ကြည့်နေတာလဲ'

'မင်းတို့ပဲ ကောက်ပါ ဒချစ်ရာ။ ငါကြည့်နေတာက အပြင်မှာတော့ငင် အဲဒီလောက် ကြွေကျနေရင် ကျောင်းခြံစည်းရိုးထဲမှာဆိုရင် အများကြီးနေမှာပဲလို့ စဉ်းစားနေတာကွ'

'ဘာလဲ၊ မင်းက ကျောင်းခြံစည်းရိုးထဲ ဝင်ကောက်မလို့လား'

'အေး..ငါ ကျောင်းခြံထဲ ဝင်ကောက်ရင် ပန်းကို အဖော်ခေါ်မယ်။ ဒချစ်က ဘုန်းဘုန်းကိုကြောက်လို့ လိုက်ရဲမှာ မဟုတ်ဘူး'

'တော်ပါကွာ သင်းမောင်ရာ၊ ဒချစ်လည်း မလိုက်ရဲသလို ငါလည်း မလိုက်ရဲဘူး'

ပန်းဟု အခေါ်ခံရသော ကလေးက ပြောလိုက်သဖြင့် ကျန်ကလေးများက ဝိုင်းရယ်ကြသည်။ ကောက်၍ပုံထားသော သရက်သီး အကင်းကလေးများကို ပုဆိုးခါးပုံစထဲကို ကောက်ထည့်သူ၊ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ယူသွားပြီး ပြန်ကြသည်။

ပန်းဟု အခေါ်ခံရသော ပန်းလှနှင့် ဒချစ်ဟု ခေါ်နေသော ချစ်အောင်တို့က သင်းမောင်နှင့် ကျန်ခဲ့ကြပြီး ကောက်ထားသော သရက်သီးလေးများကို ပုဆိုးခါးစထဲကိုထည့်ပြီး သင်းမောင် ဘာလုပ်မှာလဲဟု ကြည့်နေ

www.burmeseclassic.com

ကြသည်။

သင်းမောင်က ကျောင်းခြံဝင်းထဲကိုဝင်၍ သရက်သီး ကောက်ရန် စိတ်ကူးနေမှန်းကို ပန်းလှနှင့် ချစ်အောင်တို့က သိသည်။ ရွာဦးကျောင်း ဆရာတော်ကြီးက ကြွမ်လုံး ထက်သလို လက်ကလည်း သွက်သည်။ ရွာခံသား ငယ်ဖြူကိုယ်တော်ကြီးဖြစ်ပြီး မျိုးရိုးကလည်း ရွာလူကြီးမျိုး ဖြစ်သလို ချမ်းသာပြည့်စုံကြသူများလည်း ဖြစ်သည်။ ဒါကြောင့် တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြသည်။ ရွာအနီးဝန်းကျင်ရွာများကလည်း ရိုသေကြသည်။ ဆည်းကပ်ကိုးကွယ်ကြသည်။

သင်းမောင်က ကျောင်းခြံဝင်းတံခါးကို တွန်းဖွင့်၍ ဝင်လိုက်သည်။ ပန်းလှနှင့် ချစ်အောင်တို့က အပြင်ဘက်တွင် ချန်နေရစ်ခဲ့ပြီး သင်းမောင်ကို ဆရာတော်ခေါ်၍ရိုက်လျှင် ပြေးကြရန် အသင့်ပြင်ထားကြသည်။ အချိန်က တော်တော်ပင် ကြာသွားသည်။

သင်းမောင်က ပုဆိုးခါးပုံစထဲတွင်လည်း တစ်ထုပ်၊ လက်တစ်ဖက်ကလည်း ပိန္နဲသီးတစ်လုံးကိုပါ ကိုင်ပြီး ကျောင်းခြံစည်းရိုး တံခါးပေါက်မှပင် ပြန်ထွက်လာပြီး-

'ဟေ့...ငချစ်၊ ငါ ဒီမှာကွ။ ပြန်ကြမယ်။ ငပန်းရော ပြန်မယ်လေကွာ'

ချစ်အောင်နှင့် ပန်းလှတို့က သင်းမောင် ရပ်နေသည့် ကျောင်းရှေ့ တံခါးနားကို လာကြပြီး-

'ဟာ...မင်းက သရက်သီးတွေလည်း အများကြီးပဲ။ ပိန္နဲသီးလည်း ခူးလာတယ်။ ဟုတ်လား'

'အေး...ဟုတ်တယ် ငပန်း၊ သရက်သီးက ကိုရင်လေးတွေပါ ဝိုင်းကောက်ပေးလို့ များတာ။ ပိန္နဲသီးကလည်း ဘုန်းဘုန်းက ခူးပြီးသားရှိလို့ ပေးလိုက်တာ'

'ဟော...ဟုတ်ရဲ့လား သင်းမောင်ရာ'

'ငပန်း...မင်းက မယုံဘူးလား။ ငါ သရက်သီးကောက်နေတာကို ဘုန်းဘုန်းကမြင်ပြီး ကိုရင်လေးတွေကိုခေါ်ပြီး ဝိုင်းကောက်ပေးခိုင်းတာ။ ပိန္နဲသီးလည်း ခေါ်ပေးလိုက်တာပဲ'

'ဟ...ဘုန်းဘုန်းက မင်းကို ဘာမှမလုပ်ဘဲနဲ့'

'သင်းမောင်က လိမ်ပြောမလားကွ။ ကဲ...ကဲ...ပြန်မယ်။ သင်းမောင်က ငါတို့ထက် ပိုရတယ်'

ငယ်ရွယ်သူ တောလက်ကျေးရွာတွင် နေထိုင်သူတို့မှာ သဘာဝအရ လေးခွတစ်ချောင်းနှင့် ငှက်ပစ်၊ ငါးမျှား၊ ကြွက်ထိုး၊ ယုန်လိုက်၊ ငှက်ထောင် လုပ်ကြသည်။ သင်းမောင်က ပိုမိုထူးကဲ၍ အကောင်ပလောင်များလည်း ပိုရသည်။ မြွေအန္တရာယ်လည်း ကင်းသည်။ အတူတွဲ အတူပေါင်းနေကြသူများထဲမှ ချစ်အောင်က သင်းမောင်၏ ထူးကဲမှုကို သတိထားမိသည်။ သင်းမောင်ကလည်း ချစ်အောင်ကို အားလုံးထက် ပို၍ခင်သည်။

ချစ်အောင်က ရိုးသားသည်။ အမေမုဆိုးမကြီးအတွက် အစစအားကိုးအားထားပြုရသည်။ ရွယ်တူတန်းတူများ၊ သားငါး၊ ဖား၊ ကြွက်ရှာလျှင် သင်းမောင်နှင့်သာ အတူတူရှာသည်။ ရွာ၏အနောက်ဘက် သရဲရိုင်းကုန်းက ညဆိုလျှင် ဆိုးဆိုးဝါးဝါး ခြောက်လှန့်သည်ဖြစ်၍ နေဝင်ပြီးချိန် နောက်ပိုင်းတွင် ရွာထဲမှ လူကြီး,လူငယ်များမှာ သရဲရိုင်းကို မသွားရဲကြပါ။ သင်းမောင်ကတော့ တစ်ယောက်တည်း အချိန်မရွေး သွားရဲသည်။ သင်းမောင် သွားလျှင် ချစ်အောင်က လိုက်သည်။ မည်သည့်သရဲမှ မခြောက်ပေ။ သင်းမောင်ပါ၍ သရဲမခြောက်မှန်းကို ချစ်အောင်က သိသည်။ ပန်းလှတို့၊ စိုးဝင်းတို့၊ ဖိုးဆူးတို့ကို ခေါ်၍မရ။ မလိုက်ရဲကြပေ။

တစ်နေ့တွင် ရွာလယ်ပိုင်းမှ ဦးတင်မောင်၊ ဒေါ်ညာတို့အိမ်တွင် ဝက်စာကျွေရာမှ အိမ်ကို မီးစွဲလောင်လေသည်။ အိမ်အပေါ်ထပ်တွင် ပုခက်နှင့် သိပ်ထားသော ဦးတင်မောင်၊ ဒေါ်ညာတို့၏ မြေးကို မမေနေကြပြီး ပစ္စည်းဥစ္စာများကို အမိအရသယ်ယူနေကြသည်။ သူငယ်ချင်းများနှင့် ရွာထိပ်တွင် ငှက်ပစ်နေသော သင်းမောင်က ပြေးလာပြီး ဦးတင်မောင်၏ အိမ်အပေါ်ထပ်ကို မီးလောင်နေသည့် လှေကားမှ အပြေးအလွှား တက်သွားသည်။

'ဟဲ့...ဟဲ့...သင်းမောင် ဘယ်လိုလုပ်တာလဲ။ နင်တော့ သေတော့မှာပဲ'

'ဟယ်...ဒီကောင်လေးတော့ သေတော့မယ်'

'ဟိတ်...ဟိတ်...သင်းမောင်'

လူကြီးများ၏ ပြောဆိုအော်ဟစ်သံများကြားမှပင် သင်းမောင်က ကလေးလေးနှင့် ပုခက်ကိုပါ ရောထွေးပွေ့ချီ၍ မီးလောင်နေသည့် လှေကားကို ခုံကျော်ပြီး ဆင်းလာသည်။

'ဟယ်...ပုခက်နဲ့ ကလေးနဲ့၊ အဲ...'

www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့တော့၊ ကလေးနဲ့ သင်းမောင်'

'ဟယ်...သင်းမောင်ကို မီးမလောင်ဘူးဟဲ့'

မြင်ရသူများက သင်းမောင်အနားကို ဝိုင်းအုံပြီး တအံ့တသြနှင့် ကြည့်ကြ ပြောကြသည်။

ဒေါ်ညာက ပြေးလာပြီး-

'အောင်မယ်လေး...ငါ့မြေးလေး...ငါ့မြေး'

'ဟာ...ငါ့မြေးလေး ကံကြီးပေလို့ပဲကွာ'

ပစ္စည်းများ သယ်ရွှေ့နေသော ဦးတင်မောင်၏ သားနှင့် ချွေးမက အပြေးအလွှား ရောက်လာပြီး-

'သားလေး...ကျေးဇူးတင်လိုက်တာ သင်းမောင်ရယ်'

'ငါ့ညီ သင်းမောင်ကို ကျေးဇူးတင်ပါတယ်ကွာ'

မီးက နှစ်အိမ်သုံးအိမ်ကို ကူးစက်လောင်ပြီးမှ ငြိမ်းသွားသည်။ ထိုအကြောင်းသည် ရွာတစ်ရွာလုံးနှင့် အနီးအပါးရွာများမှ ပြောစရာဖြစ်ခဲ့သည်။ ချစ်အောင်က သင်းမောင်၏ အစွမ်းအစကို ပို၍သိလိုက်သည်။

တစ်နှစ် ရွာ၏ ဘုရားပွဲတွင် တော်တော့်ကို ဆိုးဝါးစွာ ရန်ဖြစ်ကြသည်။ ရွာမှ ကာလသားတချို့နှင့် တခြားရွာမှ ပွဲလာကြည့်သော မိန်းကလေးကို ပြောင်နောက်မှုနှင့် ဖြစ်ကြသည့်ရန်ပွဲ။ တစ်ဖက်လူငယ်တွေက သူတို့ရွာသူကို ပွဲခင်းမှာတွေ့၍ စခြင်း နောက်ခြင်းဖြစ်သည်။ မိန်းကလေးက တစ်ရွာတည်းသားမေမယ့် အစအနောက်မခံ၍ စိုးဝင်း၊ ပန်းလှ၊ ဖိုးထူးတို့က ဝင်ပြောရာမှ တစ်ဖက်နှင့်တစ်ဖက် ထိုးကြိတ်ရိုက်နှက်ကြခြင်း ဖြစ်သည်။

စိုးဝင်းနှင့် ပန်းလှတို့က သောက်စားထားတော့ ပို၍ ရှုပ်ကုန်သည်။ သင်းမောင်နှင့် ချစ်အောင်တို့က ဝင်ရောက်ဖျန်ဖြေသည်ကို တစ်ဖက်မှ ဝါးစိမ်းတုတ်နှင့် ဝိုင်းရိုက်ကြသည်။

'ဖြောင်း...ဖြောင်း'

တစ်ဖက်မှ နှစ်ဆိုင်၍ ရိုက်လိုက်သည့် တုတ်တွေက ပြန်ကန်ထွက်သွားသည်။ ချစ်အောင်ရိုက်လိုက်သည့် တုတ်ချက်ကို သင်းမောင်က ခေါင်းထိုး၍ ခံလိုက်သည်။

'ဖြောင်း'

'ဟာ...ဒီကောင် ဘာလဲကွ'

'ထပ်ချကွာ၊ ဓားပါလား။ ငါ့ကိုပေး'

'ဟေ့ကောင်တွေ...ရပ်စမ်း၊ ရပ်'

'တစ်ယောက်မှ မပြေးစေနဲ့၊ သင်းအောင် ကြည့်'

ရပ်ရွာလူကြီးများနှင့် ပွဲထိန်းများ၊ ပွဲလုံခြုံရေးများပါ ရောက်လာကြပြီး တစ်ဖက်ရွာမှ လူငယ်သုံးယောက်ကို ဝိုင်း၍ထိန်းလိုက်ပြီး လက်ထဲမှ တုတ်များကိုလည်း သိမ်းလိုက်သည်။ သင်းမောင်နှင့် ချစ်အောင် ကြည့်နေကြသည်။

'သင်းမောင်...မင်း ဘာဖြစ်သွားသေးလဲ'

'ဦးလေးကြီး...ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ပန်းလှနဲ့ စိုးဝင်းသာ နှုတ်ခမ်းပေါက်ပြီး လက်ကို ထိသွားတာ'

'မင်းကို ဟိုကောင်လေး နှစ်ယောက်ကလည်း ရိုက်တယ်။ ချစ်အောင်ကို ရိုက်လိုက်တာလည်း ဝင်ခံလိုက်ပြီး မင်းကွာ၊ ဘာမှမဖြစ်ဘူးဆိုတာ'

'ဟုတ်ပါတယ် ဘူစိန်၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး'

'ကိုကြီးရယ်...ကျုပ် လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး မြင်လိုက်တာပါ'

ဦးစိန်၏ ပြောစကားကြောင့် ဘေးလူများကပါ အသံပေါင်းစုံ ထွက်လာကြသည်။ ပွဲခင်းကိုထိန်း၍ လူကြီးများက တစ်ဖက်ရွာမှ လူငယ်များကိုပါခေါ်၍ ရွာလူကြီးအိမ်ကို သွားကြသည်။

♦♦♦

သင်းအောင်က ရွာတွင် သတင်းကြီးသည်။ တခြားလူငယ် ကာလသားများနှင့်လည်း မတူ။ ကြက်တိုက်လောင်းကစား၊ အသောက်အစားလည်း မရှိ။ ရွာမှရပ်မှ ကိုလည်း ရှောင်နှုတ်မှလုပ်သည်။ ကျောင်းစာကိုလည်း ကြိုးစားသလို မိဘ၏အလုပ်ကို မျက်နှာလွဲရအောင် လုပ်ဆောင်သည်။ မိဘများတွင် သင်းမောင်ကလွဲ၍ သားထောက် သမီးခံ မရှိသဖြင့် ဝေးကွာသော မြို့ကြီးတွင် ကျောင်းတက်၍ ပညာကို ဆက်မသင်ဘဲ ဆယ်တန်းအောင်နှင့် ကျောင်းထွက်ပြီး ရွာမှာပင် မူလတန်းကျောင်းဆရာ လုပ်သည်။

ရွာတွင် မီးလောင်မှု ထပ်ဖြစ်သည်။ ပထမတစ်ခါတုန်းက ဦးတင်မောင်တို့အိမ်မှ ဝက်စာကျီရင်းမှ မီးလောင်ခြင်း ဖြစ်သည်။ အဲဒီတုန်းက သင်းမောင်မှာ လူပျိုပေါက်အရွယ်။ ယခု မီးလောင်သည်က သင်းမောင် ကျောင်းဆရာ လုပ်နေသည့် ကျောင်းမှ ကျောင်းစောင့် အခန်းမှစ၍ လောင်ခြင်း ဖြစ်သည်။

ကျောင်းအားရက်ဖြစ်လို့ အိမ်အလုပ် လုပ်နေရင်းမှ

www.burmeseclassic.com

ပြေးလာရသဖြင့် အပေါ်ဝိုင်းက အင်္ကျီမပါ၊ ပုဆိုးတိုတိုနှင့် ဖြစ်သည်။ မီးလောင်နေသည့်ကြားမှာပင် ကျောင်းရုံးခန်းထဲကိုဝင်ပြီး စာရွက်စာတမ်းများကို တစ်ပွေကြီး ယူထုတ်လာသည်။

'ဟယ်..သင်းမောင်၊ အဲ..အဲ..ဆရာလေး သင်းမောင်တော့'

'သင်းမောင်ရေ..သတိထား၊ မီးက များတယ်'

ရွာသူရွာသားများက အတော်ပင် ဝိုင်းရှုပ်ခြိမ်းရသည်။ ရေနှင့်မီး၊ လူအားနိုင်၍သာ ကျောင်းတစ်ကျောင်းလုံးမကုန်ခြင်းဖြစ်သည်။

'မီးထဲကို ဝင်ပြီး စာရွက်စာတမ်းတွေ ယူပေလို့ပဲ။ အင်း..သင်းမောင်၊ သင်းမောင်'

တစ်ရွာလုံးက သင်းမောင်၏အကြောင်းက ပြောစရာဖြစ်နေသည်။ ထိုမီးလောင်ပြီးသည့်နောက်တွင် မူလတန်း ဝါးထရံကာ ကျောင်းကလေး အုတ်ပတ်ကားနှင့် သစ်တလင်းခင်း သစ်နှင့် သွပ်မိုးကျောင်းဖြစ်သွားသည်။ သင်းမောင်မှာလည်း လက်ထောက်ကျောင်းအုပ်ဖြစ်ပြီး အလယ်တန်းအဆင့်ကျောင်း ဖြစ်သွားသည်။

ကျောင်းသစ်ဖွင့်ပွဲနှင့် ဆရာလေးသင်းမောင်ကို ရာထူးတစ်ဆင့်တိုး ပေးအပ်ပွဲပါ ပြုလုပ်ရန် ရွာလူကြီးများနှင့် ပညာရေးဌာနမှ တာဝန်ရှိသူတို့က ရွာလူကြီး ဦးကြိုင်၏

အိမ်တွင် အကြိုညီနှိုင်းဆွေးနွေးပွဲ ပြုလုပ်ကြသည်။

'အင်း..ကျုပ်တို့ရွာမှာက မောင်သင်းမောင်က လူထူးဗျ'

'ပြောပါဦး ဦးစိန်ရယ်၊ ဆရာသင်းမောင်က ဘယ်လို ထူးတာလဲ'

'ဒီလိုဗျ၊ မြို့ဇည့်သည်တွေက မျက်မြင်မဟုတ်လို့ ယုံချင်မှယုံမယ်။ ဟိုခပ်ငယ်ငယ်ကတစ်ခါ ရွာလယ်ပိုင်းမှာ အိမ်မီးလောင်တော့ အိမ်က နှစ်ထပ်အိမ်၊ အပေါ်ထပ်မှာ ကလေးကို ပုခက်နဲ့ သိပ်ထားပြီး မီးဆိုတော့ ကလေးကိုမေ့ပြီး ပစ္စည်းတွေလောက်ပဲ သယ်နေကြတာ။ မောင်သင်းမောင့်က ပြေးလာပြီး မီးလောင်နေတဲ့ လှေကားကတက်သွားပြီး ကလေးရော ပုခက်ပါ ဖြုတ်ပွေ့ယူလာတာ သူ့ကို မီးမဟပ်ဘူး။ ပူတယ်လည်း မပြောဘူး။ နောက်ဘုရားပွဲမှာ ဝိုင်းရိုက်တာ တခြားလူဆိုရင် အသက်ပါထွက်သွားမယ်။ မောင်သင်းမောင်က ဘာမှမဖြစ်ဘူး။ အခုလည်း ဒီလိုပဲ၊ မီးထဲကိုဝင်ပြီး စာရွက်စာတမ်း ယူတာဗျာ'

'ဟင်..ဟုတ်လား။ ဒါဆိုရင် ဒီကျောင်းဆရာက တစ်ခုခုစွမ်းလို့ ဖြစ်မယ်'

'အေးဗျ..မီးလည်းမလောင်၊ ရိုက်လို့လည်း မကွဲမပြဲနဲ့ဆိုတော့ တစ်ခုခုစွမ်းလို့ပဲ ဖြစ်မယ်'

မြို့မှပညာရေးဌာန အရာရှိများက တအံ့တသြပြောကြသည်။ သင်းမောင်က ဘာမှမပြောဘဲ ငြိမ်နေသည်။

'အေး..ဟုတ်တယ်ဗျ။ ကိုစိန်ပြောမှ ကျုပ်လည်း သတိရသွားပြီ။ သူ့အဖေနဲ့ အမေကို သင်းမောင်မွေးတုန်းက ဘာထူးခြားလဲလို့ မေးမယ်,မေးမယ်နဲ့ဗျာ'

'ဟုတ်တယ်၊ ရွာလူကြီးကရော မသိဘူးလား'

'အင်း..ကိုကြိုင်က မေးဆိုပြီး မေ့မေ့နေတာကို။ အဲဒါနဲ့ မလှတင်..သင်းမောင်ကို မွေးပေးတဲ့ ဟိုဝမ်းဆွဲမတုတ်ကို မေးရအောင်ကလည်း အဲဒီမတုတ် ရွာကထွက်သွားတာပဲ အနှစ်နှစ်ဆယ်လောက် ရှိပြီပဲဗျာ'

ရွာလူကြီးဦးကြိုင်နှင့် ဦးစိန်တို့ ပြောနေကြသည်ကို ကျန်လူများနှင့် မြို့မှမည်သည်များကပါ နားထောင်နေကြသည်။ မြို့မှ အရာရှိဧည့်သည်ကက သင်းမောင်ကိုကြည့်၍ မေးလိုက်သည်။

'ဆရာသင်းမောင်ကို မွေးခါစက ထူးခြားမှုရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို ပြောပြဖူးလား ဆရာသင်းမောင်'

'ကျွန်တော့်ကိုမွေးတုန်းက ဘယ်လိုဖြစ်တယ်၊ ဘာထူးခြားတယ်လို့ အဖေနဲ့အမေက တစ်ခါမှ မပြောဖူးပါဘူး ဆရာကြီး'

'အေးဗျာ၊ စဉ်းစားရတော့ ခက်သားပဲ။ ကျုပ်ကြားဖူးတာက အချင်းစလွယ်၊ မျက်နှာဖုံး၊ ကိုယ်မှာ မဲ့စလွယ်၊ နေတက် ရေတက်တို့က စွမ်းတယ်ဆိုတာကိုတော့ ကြားဖူးတယ်'

ဦးဘတိုးဆိုသူ လူကြီးက ကြားဖူးနားဝရှိသည်ကို ဝင်ပြောလိုက်သည်။

မြို့က စည့်သည်များက ဦးဘတိုးကို ကြည့်ပြီး-

'အဲဒီကြားဖူးတာလေးတွေကို ပြောပြစမ်းပါ'

'မှတ်သားရတာပေါ့'

'ဟုတ်ကဲ့၊ ကျုပ်မိဘဘိုးဘွားတွေ ပြောဖူးတာက အချင်းစလွယ်သမားက အကြီးအကဲဖြစ်ရတယ်။ မျက်နှာဖုံးသမားများကတော့ မျက်နှာပွင့်လန်းပြီး အဲဒီမျက်နှာဖုံးကို ဆောင်ထားရင် မီးကွင်းတယ်လို့ ဆိုတယ်။ ကိုယ်မှာ မဲ့စလွယ်ပါသူက ယောကျ်ားလေးဆိုရင် ကောင်းရင် ကြီးပွားချမ်းသာပြီး သြဇာရှိတယ်။ မိန်းကလေးကျတော့ အရာရှိ အရာခံကတော် ဖြစ်တယ်တဲ့။ အဲ..နေတက်ရေတက် သမားကျတော့ ဆေးဝါးကုစားလို့ ဆေးလိုက်တယ်လို့ဆိုတယ်။ စနေသားသမီးများသာ အချင်းစလွယ်၊ မျက်နှာဖုံးနဲ့ နေတက် ရေတက် မွေးခဲ့သူများ လိုက်မမီအောင် ကောင်းစားပြီး ဆိုးရင်လည်း ကမ်းကုန်အောင် ဆိုးတယ်လို့ ဆိုတယ်ဗျ'

သင်းမောင်နှင့်ပတ်သက်၍ ဘာအဖြေမှ မရကြပေ။ လူကြီးများက ကျောင်းသစ်ဖွင့်ပွဲ အစီအစဉ်များကို ပြောဆိုဆွေးနွေးပြီး ပြန်သွားကြသည်။

♦♦♦

ရွာလူကြီးများနှင့် လူငယ်များ၊ တချို့ရွာသူများပါ ကျောင်းသစ်ဖွင့်ပွဲအတွက် ပစ္စည်းသယ်၊ အလှစင် မဏ္ဍပ်ထိုးခြင်းများကို လုပ်ကိုင်နေကြသည်။ ချစ်အောင်နှင့် တချို့လူငယ်များက အကျွေးအမွေးကိစ္စများ၊ ဧည့်ကြိုပို့ရန် နွားလှည်းများကို ပြင်ကြသည်။ ရွာအနီးအပါးမှ ကျောင်းမှ ဆရာ,ဆရာမများနှင့် ကျောင်းသူကျောင်းသား တချို့အတွက်လည်း ကြိုပို့လုပ်ရန်များပါ ဖိတ်စာများ ပေးပြီးသား ဖြစ်သည်။

ရွာဦးကျောင်း ဆရာတော်နှင့် ဘေးရွာများမှ ဆရာတော်များ၊ သံဃာတော်များကို အရင်ဆွမ်းကပ်ရန် အစီအစဉ်ပါ၍ ဆရာတော်ကျောင်းကို သင်းမောင်နှင့် မိဘများဖြစ်သည့် ဦးသိန်းခင်နှင့် ဒေါ်လှတင်တို့ကိုယ်တိုင် လျှောက်ထားပင့်သည်။

ကျောင်းသစ်ဖွင့်ပွဲနေ့ တစ်ရွာလုံးနီးပါး ယောကျ်ားလေး၊ မိန်းကလေးတို့ကပါ အလှအပများပြင်၍ စုရုံးနေကြသည်။ ချစ်အောင်ကတော့ ရှပ်အင်္ကျီအဖြူ၊ တိုက်ပုံမီးခိုးရောင်နှင့် အင်းမပုဆိုးအသစ်ဖြင့် ရှိုးအပြည့်။ သင်းမောင်က ရှပ်အင်္ကျီအဖြူ၊ တိုက်ပုံအဖြူနှင့် ကျောင်းစိမ်းပုဆိုးနှင့်၊ ဟန်အပြည့်နှင့် တည်တည်ခန့်ခန့်။ စိုးဝင်းနှင့် ပန်းလှ၊ ဖိုးထူးတို့က ကျွေးမွေးဧည့်ခံရန် ပြင်နေကြသည်။

မိုးပျံဘောလုံးအတွဲကို ဖဲကြိုးများတွဲ၍ အသင့်ပြင်ထားသည်။ ဖဲကြိုးဖြတ်မည့်သူများက ခရိုင်ပညာရေးမှူး၊ ရွာလူကြီး၊ ကျောင်းအုပ်ကြီးတို့ဖြစ်သည်။ ဖဲကြိုးဖြတ်ရန် ကတ်ကြေးကို ဇနီးနှင့်ထည့်၍ ကိုင်ရသူများက ရွာမှ အချောအလှ စာရင်းဝင်များဖြစ်သည့် ရွာလူကြီးဦးကြိုင်၏ သမီးနှစ်ယောက်နှင့် မြို့မှရောက်လာသည့် ဆရာမအသစ်ကလေးတို့ ဖြစ်သည်။

အခမ်းအနားအစီအစဉ်ကို ကြေညာ၊ အခမ်းအနားစလိုက်သည်။ လက်ခုပ်သံများက 'ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း' နှင့် ဆူညံသွားသည်။ ဖဲကြိုးများကို ဖြတ်လိုက်သည်တွင် ဘောလုံးများက ကောင်းကင်ကို ထိုးတက်သွားသည်။

ဟေး..ဟေးဆိုသည့် အသံများက ထွက်ပေါ်လာသည်။ အခမ်းအနားလုပ်သည့် ကျောင်းရှေ့ကို သီလရှင်ကြီးတစ်ပါးက ရောက်လာသည်။ ရွာလူကြီး ဦးကြိုင်က 'ချစ်အောင်..သီလရှင်ဆရာကြီးကို ပင့်ခဲ့'ဟု ခိုင်းလိုက်သည်။

သီလရှင် ဆရာကြီးက ချစ်အောင်၏နောက်မှ လိုက်လာပြီး ဦးသိန်းခင်နှင့် ဒေါ်လှတင်တို့နှင့် မနီးမဝေးတွင် ဝင်ထိုင်လိုက်သည်။ ရွာလူကြီးကတော်က သီလရှင်ဆရာကြီးကို ဆွမ်းကပ်ရန် သမီးနှစ်ယောက်နှင့် မိန်းကလေးတချို့ကို ပြောလိုက်သည်။

သီလရှင်ဆရာကြီးက ဆွမ်းစားရန် ကြွပါဟုဖိတ်သည့်

www.burmeseclassic.com

www.burmeseclassic.com

အတွက် ထိုင်ရာမှထရင်း ဦးသိန်းခင်နှင် ဒေါ်လှတင်ကို-

'ဒကာကြီးနှင့် ဒကာမကြီးတို့..ကျန်းမာရဲ့လား။ ကလေးရော ရှိသေးလား'ဟု မေးလိုက်သည်။ ဦးသိန်းခင်နှင့် ဒေါ်လှတင်တို့က သီလရှင်ဆရာကြီးကို သေချာစွာ ကြည့် ပေမယ့် ဇဝေဇဝါဖြစ်နေကြသည်။

'နေကောင်းကြပါတယ် ဆရာကြီး'

နှစ်ဦးစလုံးက ပြိုင်တူဖြေလိုက်သည်။ သီလရှင်ဆရာကြီးက ဆွမ်းစားပြီးမှ စကားပြောမည်ဟု ပြောသွားသည်။

သီလရှင်ကြီးက နှုတ်ဆက်သွားပြီး ဆွမ်းစား၍ တစ်ဖက်တွင်လည်း စည်သည်များကို ဆည်ခံကျွေးမွေးနေကြသည်။ ကျောင်းဆရာမများကတစ်ဝိုင်း၊ စည်သည်လူကြီးများနှင့် ရွာလူကြီးတို့ကတစ်ဝိုင်း စားသောက်နေကြသည်။ သင်းမောင်က အဖေနှင့် အမေကိုတွဲ၍ ထမင်းဝိုင်းတွင် ထိုင်ရန် လုပ်ပေးလိုက်သည်။ သင်းမောင်နှင့် ဦးသိန်းခင်၊ ဒေါ်လှတင်တို့ကို သီလရှင်ဆရာကြီးက သေချာစွာကြည့်၍ ခေါင်းညိတ်ပြီး ဆွမ်းကိစ္စ ပြီးသွားသဖြင့် စည်သည်ထိုင်သည့်နေရာတွင် ပြန်ထိုင်ပြီး ရွာလူကြီးကတော် ဒေါ်မြင့်ထွေးကို နှုတ်ဆက်လိုက်သည်။

'ဒကာမကြီး မမြင့်ထွေးက ဆရာကြီးကို မမှတ်မိဘူးကိုး။ ဆရာကြီးက လူဝတ်ဘဝက မတုတ်လေ ဒကာမကြီးရဲ့'

'ရှင်..အဲ..ဘုရား၊ ဆရာကြီးက မ..အဲ..မတုတ်'

'ဟုတ်ပါတယ် ဒကာမကြီး'

ဦးကြိုင်နှင့် ဦးစိန်၊ ဦးဘတိုးတို့ကို ဒေါ်မြင့်ထွေးက ပြောပြလိုက်သဖြင့် အားလုံးက အံ့သြဝမ်းသာဖြစ်သွားကြသည်။ ဦးသိန်းခင်နှင့် ဒေါ်လှတင်တို့ကို သီလရှင်ဆရာကြီးက လက်ပြ၍ ခေါ်လိုက်သဖြင့် ထမင်းစားပြန်လာသည့် ဦးသိန်းခင်နှင့် ဒေါ်လှတင်တို့က သီလရှင်ဆရာကြီး ဘေးနားတွင် ဝင်ထိုင်လိုက်သည်။

'ဒကာကြီးနဲ့ ဒကာမကြီး မတုတ်ကို မမှတ်မိဘူးလား'

'ဟင်..မကြီးတုတ်၊ အဲ..ဆရာကြီး'

'ဟာ'

'ကဲ..ကဲ..ဒီကပြီးရင် ဒကာကြီးတို့ ဒကာမကြီးတို့ အိမ်ကို လိုက်ခဲ့မယ်။ ဟိုက ကျောင်းဆရာလေးက ဒကာကြီး သားလား'

'မှန်ပါ့ ဆရာကြီး'

'မှန်ပါ'

သီလရှင် ဆရာကြီးကို ရွာ၏ ဝမ်းဆွဲလက်သည် မတုတ်မှန်း သိကြပြီး ဝမ်းသာကြသည်။ ရွာမှပျောက်သွားပြီး သည်လိုဘဝမျိုးနှင့် တွေ့ကြ၍လည်း အံ့သြကြသည်။ အားလုံးက ဝိုင်း၍နှုတ်ဆက်ကြသည်။

ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားနှင့် သင်းမောင်ကို ပညာရေးဌာနမှ ရာထူးတိုးမြှင့်ပေးသည့် လက်ထောက်ကျောင်းအုပ် ဖြစ်ကြောင်းကိုပါ ကြေညာသည်။ ပွဲပြီး၍ မြို့မှ စည်သည်များ ပြန်သွားကြသည်။ နှုတ်ဆက်ကြ၊ လိုက်ပို့ကြနှင့် ကျန်လူများက ပစ္စည်းများသိမ်းကြ၊ အခမ်းအနားမဏ္ဍပ်ကို ဖျက်သူဖျက်နှင့် လုပ်ကိုင်နေကြသည်။

သင်းမောင်က ပစ္စည်းသိမ်းသည်ကို ကြည့်၍-

'ငပန်းရော..မင်းနဲ့ စိုးဝင်းက ပစ္စည်းတွေ ပြန်ပို့တာ မကျန်စေနဲ့ကွာ။ ငါ အိမ်ကို ခဏသွားဦးမယ်။ ငချစ်လာရင်လည်း ငါ့အိမ်ကို လွှတ်လိုက်ကွာ'

'အေး..အေး..သွားလေ သင်းမောင်'

သင်းမောင်က အိမ်ကိုပြန်လာခဲ့သည်။ အိမ်တွင် ရွာဦးကျောင်း ဆရာတော်၊ ရွာလူကြီး ဦးကြိုင်၊ ဦးစိန်၊ ဦးဘတိုး၊ သီလရှင်ဆရာကြီး၊ ဒေါ်မြင့်ထွေးနှင့် သမီးနှစ်ယောက်ပါ ရှိကြပြီး ဦးသိန်းခင်နှင့် ဒေါ်လှတင်တို့က ရေနွေးကြမ်းဝိုင်းနှင့် စည်ခံနေသည်။

'အင်း..လူလည်း စုံပါပြီ။ ရွာဦးကျောင်း ဆရာတော်ကို ဦးထိပ်ထားပါတယ်။ တပည့်တော်ရဲ့ လူဝတ်ကြောင်နဲ့ ကျူးလွန်ခဲ့တဲ့ အပြစ်တစ်ခုကို အခု ဝန်ခံပါမယ်။ ကာယကံရှင်များကိုလည်း တောင်းပန်ပါမယ်။ ကျူးလွန်ခဲ့မိတဲ့အပြစ်နဲ့ ဖြစ်ခဲ့တာတွေက ဒီလိုပါ'

ရွာ၏ လက်သည် အရပ်ဝမ်းဆွဲ မတုတ်က ရွာမှာ ဆွေမရှိ မျိုးမရှိ၊ ညီအစ်ကိုမောင်နမ မရှိ၊ အပျိုကြီး။ မိဘဆုံးပါးပြီး အိမ်တစ်လုံး ခြံဝင်းနှင့်နေသူ အသားညိုညို၊ ပိန်ပိန်ပါးပါး။ မိခင်ကြီးက အရပ်ဝမ်းဆွဲဖြစ်၍ မိခင်ကို လိုက်ပါကူညီရင်းမှ သားဖွားခြင်းအလုပ်ကို လုပ်တတ်ကိုင်တတ် ကျွမ်းကျင်လာသည်။

အရွယ်ကလေးရပြီး မိခင်ကြီး ဆုံးပါးသည့်နောက် ဝိုင်းတွင် မတုတ်က ရွာ၏ လက်သည်ဝမ်းဆွဲဖြစ်ပြီး အနီးအပါး ရွာများတွင်လည်း ကိုယ်ဝန်ဆောင်များကို လိုက်၍

www.burmeseclassic.com

မွေးဖွားလုပ်ကိုင်ပေးသည်။

မလှတင်၏ ကိုယ်ဝန်က နေ့လစေ့လာပြီဖြစ်၍ မွေးဖွားချိန်နီးသည်နှင့် မတုတ်ကို အိမ်တွင်လာနေရန် ကိုသိန်းခင်က တောင်းပန်ပြီး ခေါ်ထားသည်။ ခင်မင်ရင်းစွဲရှိသူများဖြစ်လို့လည်း အစစအဆင်ပြေသည်။

'မကြီးတုတ်..ကျွန်မဗိုက်ထဲက မျှင်းမျှင်းနဲ့ နာ့ဥသလိုပဲ'

'ကဲ..ကဲ..လှတင်၊ ထ..ငါ့ကိုတွဲပြီး လမ်းနည်းနည်းလျှောက်'

'ဟင်..မကြီးတုတ်ကလည်း နာပါတယ်ဆိုမှ လမ်းလျှောက်ရဦးမယ်'

'ဟဲ့..အဲဒါမှ မွေးရင်မြန်တယ်။ လူလည်း သက်သာတယ်ဟ'

'အင်း..အင်း..သူက မွေးဖူးတာကျနေတာပဲ'

အိမ်ထဲတွင် ရယ်သံများ ပဲ့ကြွင့်သွားသည်။ မတုတ်ကိုတွဲ၍ မလှတင်က အိမ်ထဲမှာ လမ်းလျှောက်လိုက်သည်။ လျှောက်နေရင်းမှ ပို၍နာလာသဖြင့် အခန်းထဲကိုဝင်၍ လဲလိုက်သည်။ မတုတ်ကလည်း ညီအစ်မလိုပင် ပြုစုပေးသည်။ အိမ်နီးနားချင်းများလဲလည်း ရောက်လာကြသည်။

'အ..အ..မ..ကြီးတုတ်..နာ..နာ'

'အေးပါ ညီမလေးရယ်၊ ခဏနော်။ အခုပျောက်သွားမှာ၊ ငြိမ်ငြိမ်နေ'

ဘေးအကူများဖြင့် မတုတ်က ညင်သာစွာ ကိုင်တွယ်လုပ်ကိုင်၍ မလှတင်၏ ကိုယ်ဝန်ကို မွေးဖွားပေးလိုက်သည်။ ကလေးက ယောကျ်ားလေး၊ စနေနေ့မွေးတာက သားဦး။ မတုတ်၏ ကျွမ်းကျင်မှုကြောင့် မခဲယဉ်းဘဲ ရှောရှောရှုရှု မွေးနိုင်ခဲ့သည်။ ဘေးအကူများ ဝိုင်းလုပ်ပေးနေသည်။

ကလေး၏ ချက်ကြိုးကိုဖြတ်ရန် မတုတ်က ကြည့်လိုက်ရာ-

'ဟယ်..အဲတော့'

မတုတ်က ကလေး၏ ချက်ကြိုးကိုကြည့်ပြီး မျက်လုံးလည်းပြူး၊ ရင်လည်းခုန်သွားသည်။ ကလေး၏ ချက်ကြိုးက ကွင်းစွပ်(ချက်ကြိုးကွင်းထိုး) ဖြစ်နေ၍ပင်။

အမေရှိစဉ်က ကလေးမီးဖွားတိုင်း လိုက်ကူရင်းမှ မွေးလာသော ကလေးကိုပြ၍-

ဒါက ချက်ကြိုးခါးပတ်၊

ဒါက ချက်ကြိုးနွယ်လိမ်၊

ဒါက ချက်ကြိုးကွင်းထိုး (ချက်ကြိုးကွင်းစွပ်)ဟု ပြသ၍ အပြစ်အနာ ကောင်းခြင်း၊ ဆိုးခြင်းများကို ရှင်းပြသည်။

ချက်ကြိုးခါးပတ်က ကောင်းမှု၊ ဆိုးမှု မဖြစ်သော်လည်း ချက်ကြိုးနွယ်လိမ်က ကိုယ်လုံးကို လိမ်မိလျှင် အမာရွတ်လို ချိုင့်ခွက်၍ ကျန်ခဲ့ပြီး လက်သိမ်၊ ခြေသိမ်ဖြစ်တတ်သည်။ လည်ပင်းကို နွယ်ပတ်လိမ်မိလျှင် ကလေးသေဆုံးတတ်သည်။

ချက်ကြိုးကွင်းထိုး (ချက်ကြိုးကွင်းစွပ်)က မွေးဖွားလာသော ကလေးမှာ မျက်နှာပွင့်၍ လူချစ်လူခင်ပေါများသည်။ ထိုချက်ကြိုးကို ဆောင်ထားလျှင်လည်း ထို့အတူပင်။ ချက်ကြိုးကွင်းထိုးက စွေးခေါ်ကောင်းသည်။ စီးပွားဖြစ်သည်။ ပို၍အစွမ်းထက်သည်မှာ မီးမလောင်ခြင်း၊ မီးမကူးခြင်း၊ တုတ်၊ ဓား မထိရှ၊ မထိရောက်၊ မပေါက်မပြဲခြင်း (တုတ်ပြီး၊ ဓားပြီး)တို့ စွမ်းသည်ဟု အမေက မတုတ်ကို ပြောပြထားဖူးသည်။

အခု မလှတင် မွေးလိုက်သော ကလေးက သားဦးစနေ မွန်းတည့်နေ၊ ချက်ကြိုးကွင်းထိုး(ချက်ကြိုးကွင်းစွပ်) ဖြစ်နေသည်။ သည်အကြောင်းကိုလည်း ဘယ်သူမှမသိ။ မတုတ်က ချက်ကြိုးဖြတ်၍ အဝတ်နှင့်ထုပ်ပြီး သိမ်းထားလိုက်သည်။ မလှတင် မီးထွက်ပြီး အိမ်ခဏပြန်မည်ဟုပြော၍ ချက်ကြိုးအထုပ်ကိုယူပြီး ပြန်လာခဲ့သည်။ နောက်နေ့မှ မြို့ပေါ်တက်၍ ရောင်းမည်။ အိမ်ကလေးနှင့် ခြံဝိုင်း

www.burmeseclassic.com

လေးကို ပေါင်ထားသည်ကိုလည်း ပြန်ရွေးမည်ဟု စိတ်ကူးထားသည်။ အိမ်နှင့်ခြံကို ပြန်ရွေးမည်ဟု အပေါင်ခံထားသူကို ပြောလိုက်သည်။

နောက်တစ်နေ့ ရွာမှတွက်၍ မြို့ကိုလာခဲ့သည်။ ပွဲစားဟု သိထားသော စိုးမောင်၊ အုန်းမြင့်တို့ကို လိုက်ရှာပြီး ပြကြည့်ရာ သိဒ္ဓိဝင်ပြီး ပီယပစ္စည်းက ဈေးကောင်းရသည်။ ပွဲခလည်း ခပ်မြင့်မြင့်ကလေး ပေးရမည်ဟု ပြောပြီး လက်ဖက်ရည်ဆိုင် ထိုင်စောင့်ခိုင်း၍ ထိုင်နေသည်မှာ မိုးချုပ်၍ လက်ဖက်ရည်ဆိုင် သိမ်းသည်အထိ စိုးမောင်ရော အုန်းမြင့်ရော ပွဲစားနှစ်ယောက်က ပေါ်မလာ။

လက်ဖက်ရည်ဆိုင်ကို အကျိုးအကြောင်းပြော၍ တစ်ညအိပ်ပြီး မိုးလင်းသည်တွင် ကားကြိုနှင့်လိုက်ခဲ့ရာ ဘုရားဖူးကားဖြစ်၍ ဝိုင်းဝန်းကျွေးမွေးပြီး စစ်ကိုင်းကို ရောက်သည်တွင် သီလရှင်ဝတ်မည်ဟုပြော၍ အများ၏ ကူညီမှုနှင့် ယခုဘဝ ရောက်ခဲ့သည်။ သာသနာ့ဝန်ထမ်းရင်းမှ စာပေသင်ကြားပြီး ပြုခဲ့သမျှ၏ အပြစ်များကို သိမြင်လာကာ ယခုလို လာရောက်ဝန်ချတောင်းပန်ခြင်း ဖြစ်သည်။ သီလရှင်ဆရာကြီး ဒေါ်စာရဝတီ၏ စကားအဆုံးတွင် အားလုံးက သည်ဘဝနှင့် မြင်ရခြင်းအတွက် ခွင့်လွှတ်ကြသည်။

'ညော်..ဒါကြောင့် သင်းမောင်က မီးမကူး၊ ဓား မရှု၊ တုတ်ပါ ပြီးတာကိုးကွ။ ငါ့ဒကာလေး သင်းမောင်ရဲ့ ထူးခြားမှုကကွယ်..မျက်နှာလည်း ပွင့်ပါ့ဗျာ'ဟု ရွာဦးကျောင်းဆရာတော်က မိန့်ကြားသည်။

ရွာလူကြီး ဦးကြိုင်ကလည်း အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့် -

'အင်း..သင်းမောင် စွမ်းပါတယ်လို့ ထင်နေတာ။ ချက်ကြိုးကွင်းစွပ်ကြောင့်ကိုး။ အေး..ကောင်းသပေ့။ ငါ့အတွက် အားတစ်ခုပဲကွ'

ဦးကြိုင်၏ စကားကြောင့် ဒေါ်မြင့်ထွေးက ပြုံးလိုက်သလို သမီးပျိုနှစ်ယောက် ရှက်မျက်နှာနှင့် ခေါင်းငုံ့သွားကြသည်။

စိုးယဉ်ထွန်း

ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမူတီး ရှေ့ဆောင်နက္ခတ်ပေဒင်ပညာရှင်)

ကော်ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကော်ပီ စနစ်၊ ပြိုဟ်သွားပြကွဒ်နိန်များ၊ ကွန်ပျူတာပရိဝရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄

www.burmeseclassic.com

www.burmeseclassic.com

လိပ်ပြာလှတဲ့ မင်းသမီးလေး ချစ်မင်းသူ

ကျွန်ုပ်တို့ဇနီးမောင်နှံ တည်ထောင်ခဲ့သော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် တစ်ခါတွင် ငပုတောအနောက်ဘက် သင်္ဘန်းကုန်းကြီးရွာ ဘုရားပွဲ၌ ကပြရလေ၏။ ကျွန်ုပ်တို့၏ ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ရန်ကုန်မြို့မှ သီတင်းကျွတ်လဆန်း (၁၃၊ ၁၄)ရက်တွင် စတင်ထွက်ခွာလာခဲ့ပြီးသည့်နောက် ရန်ကုန် မပြန်တော့ဘဲနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌သာလျှင် တစ်မြို့ဝင် တစ်မြို့ထွက် ဝင်ရောက်ကပြလေ့ရှိ၏။

နယ်ကန်ထရိုက်ပွဲငှားများနှင့် ဆက်သွယ်ထားရှိပြီး မိမိတို့ဇာတ်ရုံရောက်ရှိရာ အရပ်သို့ ပွဲကန်ထရိုက်များက လိုက်ပါငှားယူရန်လည်း နဂိုကတည်းကပင် ကြိုပြောဆိုထားခဲ့ကြ၏။ အကယ်၍ ကန်ထရိုက်ပွဲ မရခဲ့ပါက ဇာတ်ရုံရှိပြီး အသွားအလာ လွယ်ကူချောမွေ့သော နေရာများသို့ ဇာတ်ဆရာသွင်းပွဲ အုန်းရိုးကပြလေ့ရှိ၏။ ကျွန်ုပ်တို့ ဇာတ်ဆရာအနေဖြင့် ဇာတ်ပွဲကို မကဘဲ ထိုင်နားနေ၍ မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် ဇာတ်အဖွဲ့၌ ဇာတ်သူဇာတ်သားပေါင်း (၅၀)ဦးခန့် ပါဝင်၏။ ထိုဇာတ်သူဇာတ်သား (၅၀)၏ နေ့စဉ် ထမင်းစားရေးအတွက် ဇာတ်ဆရာတာဝန်ယူရသောကြောင့် ဖြစ်ပါ၏။

သို့ဖြစ်ရာ ဇာတ်၌ ရှေ့ပြေးမန်နေဂျာထားရှိကာ ကန်ထရိုက်များနှင့် ချိတ်ဆက်၍လည်းကောင်း၊ ပွဲငှားမရပါက အုန်းရိုးဇာတ်ဆရာသွင်းပွဲ ကရန်အတွက် ကြိုတင်ပြင်ဆင်ထားရန် ရှေ့ပြေးမန်နေဂျာကို တာဝန်ပေးထားရလေ၏။ ကျွန်ုပ်တို့ဇာတ်ပွဲ တည်ထောင်ခဲ့သည့် အဲချိန်ကာလဆီက

www.burmeseclassic.com

ာခုကဲ့သို့ ခေတ်မီတံတားများ ဆောက်ထားခြင်း မရှိ
သးရာ အများအားဖြင့် ရေလမ်းခရီးဖြင့်သာ တစ်နေရာမှ
တ်နေရာသို့ ကူးပြောင်း၍ ပွဲကခဲ့ကြရ၏။ တစ်ခါတစ်ရံ
သာ မော်တော်ကားကြီးများဖြင့် ကုန်းလမ်းသွားကြရ၏။

လွန်ခဲ့သော သုံးရက်က ငပုတောမြို့ပေါ်မှာ ဓာတ်ပွဲ
ာခဲ့ကြရ၏။ ထိုသို့ ဓာတ်ပွဲကပြခဲ့ရခြင်းမှာ ကန်ထရိုက်ပွဲ
ဟုတ်ချေ။ ဓာတ်ရုံအဆင့်သင့်ရှိနေသောကြောင့် အုန်းရွိုး
ာတ်ဆရာသွင်းပွဲ ဝင်ကခဲ့ကြရခြင်း ဖြစ်ပါ၏။ ကံအား
လျှော်စွာပင် ဓာတ်ပွဲသုံးည ကပြနေစဉ်အတွင်း ပွဲကန်
ာရိုက်များ ရောက်လာကာ သဃ်ိန်းကုန်းကြီးရွာ ဘုရားပွဲ
ကျွန်ုပ်တို့၏ ပန်းကမ္ဘာဓာတ်ပွဲ ကပြရန် ပွဲငှားခံခဲ့ရ
ခြင်းပင် ဖြစ်ပါ၏။ ထို့ကြောင့် ငပုတော နောက်ဆုံးည
ာတ်ပွဲ ကပြီးသည်နှင့် မော်တော်ငယ်တစ်စင်းဖြင့် ခရီး
ဆက်ခဲ့ကြရာ သဃ်ိန်းကုန်းကြီးရွာသို့ မွန်းလွဲနှစ်ချက်တီး
ခွင် ရောက်ကြ၏။

သဃ်ိန်းကုန်းကြီးရွာ ကမ်းနားသို့ မော်တော်ဆိုက်
သည်နှင့် ကျွန်ုပ်တို့ ဓာတ်ဆရာအပါအဝင် ဓာတ်သူဓာတ်
ားအားလုံးမှာ ခြေခါခါ လက်ခါခါဖြင့် မော်တော်ပေါ်မှ
ဝင်းကာ ဓာတ်ရုံရှိရာသို့ လမ်းလျှောက်သွားကြရ၏။
ုံသို့ ခြေလွတ်လက်လွတ် သွားလာနိုင်သည်မှာလည်း
ကန်ထရိုက်ငှားပွဲ ဖြစ်သောကြောင့်ပင်ဖြစ်၏။ အကယ်၍
ာ အုန်းရွိုးဓာတ်ဆရာသွင်းပွဲ ဖြစ်မည်ဆိုပါက ထိုသို့
ခြေလွတ်လက်လွတ် သွား၍မရချေ။ မော်တော်ပေါ်မှ
ာတ်ပစ္စည်းများ ဓာတ်ရုံသို့ရောက်ရန် ကိုယ့်တိုင်တာဝန်
ူ ပို့ဆောင်ရမည်သာ ဖြစ်ပါ၏။ ယခုမူကား စာချုပ်ပါ
အတိုင်း ဓာတ်ပစ္စည်းများ ဓာတ်ရုံသို့ရောက်ရန် သယ်ရန်
ာ ပွဲငှားသူတို့၏တာဝန် ဖြစ်၍သာလျှင် ကျွန်ုပ်တို့မှာ
အားဆေးစွာ နေနိုင်ခြင်း ဖြစ်လေ၏။

သို့ရာတွင်- ကျွန်ုပ် ကမ်းပေါ်သို့ တက်မိသည်နှင့်
ငှားတို့မှ ကျွန်ုပ်အား တစ်နေရာသို့ ဦးဆောင်ခေါ်သွား
ကြသဖြင့် ကျွန်ုပ်မှာ လိုက်ပါသွားရ၏။ ကျွန်ုပ်ရောက်
ငှားသည့်အိမ်မှာ ဘုရားပွဲဖြစ်မြောက်ရေး ဂေါပကအဖွဲ့
ကတ္တဒအိမ်ဖြစ်မှန်း သိရ၏။ ထိုအိမ်တွင် ကျွန်ုပ်တို့ ဓာတ်
အဖွဲ့အား လာရောက်ငှားရမ်းသည့် ဂေါပကအဖွဲ့ အတွင်း
ရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့အပြင် ဂေါပကအဖွဲ့ အကျိုး
ဆောင်များလည်း ရောက်ရှိနေကြ၏။

ကျွန်ုပ်တို့ ပန်းကမ္ဘာ ဓာတ်အဖွဲ့မှာ သဃ်ိန်းကုန်းကြီး
ရွာ ဘုရားပွဲတွင် ရုံပွဲအဖြစ် သုံးည ကပြရမည် ဖြစ်၏။
ဘုရားဂေါပကအဖွဲ့အနေဖြင့် ဓာတ်ပွဲကို ငှားရမ်းခဲ့ကြ
သည်မှာ ရွာသူရွာသားများ ပျော်ပွဲရွှင်ပွဲအဖြစ်သာ ရည်
ရွယ်ခဲ့ကြ၏။ သို့ရာတွင် ရန်ပုံငွေနည်းပါးသောကြောင့်
ဓာတ်ပွဲကို ဗလာပွဲမကစေဘဲ ရုံပွဲသွင်းရခြင်း ဖြစ်၏။
သို့မှသာ အမြတ်ကြီး မရခဲ့သည့်တိုင် ဓာတ်ပွဲငှားရမ်းခ
ကြေး ပြန်ရရှိလျှင်ပင် ဂေါပကအဖွဲ့အနေဖြင့် အသက်ရှူ
ချောင်ကြောင်း ကျွန်ုပ်အား ရှင်းပြကြ၏။

သို့ဖြစ်ရာ သဃ်ိန်းကုန်းကြီးရွာ အနီးပတ်ဝန်းကျင်
ရှိ ရွာများသို့ ဓာတ်ပွဲကြော်ငြာလှည့်ရန်၊ ဓာတ်ရုံထဲ၌
ခြောက်ကောင်ကျင်ဝိုင်း ထည့်ရန်နှင့် အခြေအနေကောင်း
ပါက နောက်ထပ်ရက်တိုး ကပြရန်တို့ကို ဂေါပကအဖွဲ့နှင့်
ကျွန်ုပ် တိုင်ပင်ညှိနှိုင်းပြီးမှ ဓာတ်ရုံသို့ ကျွန်ုပ်လာခဲ့ရ၏။
ကျွန်ုပ် ဓာတ်ရုံရောက်သောအခါတွင် သူဓာတ်သားအချို့
မှာ ကိုယ့်သတ်မှတ်နေရာများတွင် ခင်းကျင်းပြင်ဆင်ပြီး
နောက် လဲလျောင်းအနားယူနေကြလေ၏။

ကျွန်ုပ် ပြန်လာသည်ကို မြင်သော ကျွန်ုပ်၏ဇနီး
ဓာတ်ဆရာမက-

'ဟဲ့..ခင်သူနဲ့ ခင်မူ၊ ဟောဒီမှာ ညည်းတို့ဘာဘ
ပြန်လာပြီ။ ထမင်းစားဖို့ ပြင်ပေးလိုက်ကြဦး' ဟူ၍ အော်
ပြောသံ ကြားရ၏။

မကြာမီ ကျွန်ုပ်တို့ဇနီးမောင်နှံ နေထိုင်ရာ အခန်း
တွင်းထဲသို့ ထမင်းဟင်းပန်းကန်များ ကိုင်ဆောင်၍ ခင်သူ
နှင့် ခင်မူတို့ ညီအစ်မ ရောက်လာကြ၏။ ပြီးနောက် ကျွန်ုပ်
ရှေ့တွင် ကျွန်ုပ် အဆင်သင့်စားရန် ထုမင်းဟင်းများကို
ခူးခပ်ပြင်ဆင်ပေးကြ၏။ ကျွန်ုပ် ထမင်းစားနေချိန်တွင်
ကျွန်ုပ်၏ ဘေးတစ်ဖက်တစ်ချက်ဆီမှ ထိုင်ရင်း ကျွန်ုပ်
အား ယပ်တောင်ကိုယ်စီကိုင်လျက် ယပ်ခပ်ပေးနေကြ၏။
ကျွန်ုပ်၏ ဇနီးသည်ကမူ အဝတ်အစားသေတ္တာထဲမှ အဝတ်
အစားများကို ထိုင်၍ ရှင်းလင်းနေလေ၏။

'ကိုမောင်..ဒီဘုရားပွဲမှာ ဓာတ်ထုပ်အသစ် ကမယ်
ဆိုရင် ခင်မူကို လက်ထောက်မင်းသမီးတင် ကပေးလိုက်
ပါတော့'

'ငါသိပါတယ်ကွာ။ အဲဒီကိစ္စက ပြဓာတ်မင်းသားနဲ့
ငါညှိပါဦးမယ်'

www.burmeseclassic.com

'ဟုတ်ပါတယ်။ ကျွန်မက ရှင် အလုပ်တွေ များပြီး မေ့သွားမှာ စိုးလို့ပါ။ ခင်မှတို့ညီအစ်မက ကျွန်မတို့ရဲ့ ခွေးစားသမီးတွေ မဟုတ်လား။ သူတို့ အောင်မြင်အောင် မြေတောင်မြှောက်ပေးရမှာ ရှင်တို့၊ ကျွန်မတို့ တာဝန်လေ'

'အေးပါကွာ၊ အေးပါ။ ထမင်းအေးအေးဆေးဆေး စားပါစေကွာ။ အလုပ်များလွန်းလို့ ခုမှ ထမင်းစားရတာ အေးအေးဆေးဆေး မစားရဘူး'

ကျွန်ုပ်စကားကြောင့် ဇနီးသည် အသံတိတ်သွား၏။ ကျွန်ုပ် ထမင်းစားပြီးသောအခါ ခင်သူနှင့် ခင်မှတို့ ညီအစ်မက ထမင်းဟင်းပန်းကန်များ သိမ်းဆည်းကာ အပြင်သို့ ထွက်သွားကြ၏။

ကျွန်ုပ်မှာ ထိုင်ရင်း ဆေးလိပ်ဖွာကာ ရောက်တတ်ရာရာ စဉ်းစားနေမိ၏။ မကြာမီ မျက်လုံးစင်းလာကာ အိပ်ချင်လာသဖြင့် ခေတ္တလဲလျောင်းလိုက်ရာ ချက်ချင်းပင် အိပ်ပျော်သွားလေတော့၏။

♦♦♦

ကျွန်ုပ် မည်မျှအိပ်ပျော်သွားသည်မသိ၊ ကျွန်ုပ်ဘေးနားမှ ဆူညံပူညံ အသံများကြောင့် ကျွန်ုပ် ဖျတ်ခနဲ လန့်နိုးလာရ၏။ အိပ်ရာမှ နိုးလာပြီဖြစ်၍ လဲလျောင်းနေရာမှ ထထိုင်၍ ဘေးဘီသို့ လှည့်ကြည့်မိရာတွင် ကျွန်ုပ်၏ အခန်းထဲ၌ လူစိမ်းမိန်းမနှစ်ဦး ရောက်ရှိနေသည်ကို တွေ့ရလေ၏။

'ကိုမောင်ဟောဒါက ခင်သူနဲ့ ခင်မှတို့ရဲ့ အမေ၊ ဒါကတော့ သူတို့အမေရဲ့အစ်မ သူတို့ ကြီးဒေါ်ပေါ့'

'တွေ့ရတာ ဝမ်းသာပါတယ်။ ဒါနဲ့ ဒီကို ဘယ်လို လုပ်'

'ဟိုလေ ခင်မှတို့နဲ့ သူအမေက အဆက်အသွယ်ရပြီး ငပုတောကို အမီလိုက်ခဲ့မယ်လို့ ပြောထားတာ။ အဲဒါ အကြောင်းကိစ္စတစ်ခုကြောင့် တစ်ရက်နောက်ကျသွားတယ်။ အဲဒါ ငပုတောကိုရောက်ပြီး ဒီကို ခရီးဆက်တယ်ဆိုလို့ လိုင်းမော်တော်နဲ့ လိုက်လာခဲ့ကြတာလေ။ အိမ်က နေ ဇာတ်ထွက်လာကတည်းက သမီးတွေကို မတွေ့ရတာကြာတော့ ငြိမ်းလို့ပေါ့ ကိုမောင်ရယ်။ နောက်ပြီး ခင်မှတို့ အမေတွေက ဇာတ်ကိုလည်း သိပ်ကြိုက်ဆိုပဲ။ ကဲ..ခင်မှနဲ့ ခင်သူ၊ ညည်းတို့ အမေတွေကို လာခေါ်ပြီး နေရာထိုင်ခင်း ပေးလိုက်ကြ၊ ကြားလား။ ကဲ..ခုတော့ အနားယူထိုက်ပါဦး။ နောက်ခြင် ညတော့ ဇာတ်ပွဲကောင်းကောင်း ကြည့်ကြတာပေါ့'

ဇနီးသည်အသံကြောင့် ခင်သူနှင့် ခင်မှတို့ ဆောတ်လာကြကာ သူတို့ အမေနှင့် အဒေါ်အား သူတို့နေထိုင်ရာ အခန်းဆီသို့ ခေါ်သွားကြ၏။ ခင်မှတို့အုပ်စု ထွက်သွားသောအခါတွင် ကျွန်ုပ်၏ ခေါင်းထဲ၌ ခင်မှနှင့် ခင်သူတို့ ညီအစ်မ အကြောင်းက ရောက်လာ၏။ ကျွန်ုပ်တို့ ဇနီးမောင်နှံ ပန်းကမ္ဘာဇာတ်အဖွဲ့ကို တည်ထောင်လာခဲ့သည်မှာ သုံးနှစ်ရှိလေပြီ။ ထိုသုံးနှစ်တာကာလအတွင်း ပန်းကမ္ဘာဇာတ်အဖွဲ့ စတင်တည်ထောင်ခဲ့စဉ်ကပင် ခင်သူနှင့် ခင်မှတို့ ညီအစ်မနှစ်ယောက်က ယိမ်းသမလေးများအဖြစ် ကျွန်ုပ်တို့ ဇာတ်အဖွဲ့ထဲကို ရောက်လာခဲ့ကြ၏။

ခင်သူနှင့် ခင်မှတို့ ညီအစ်မမှာ အထက်အောက်ဖြစ်ကာ ခင်သူက အကြီးဖြစ်၍ ခင်မှက အငယ်ဖြစ်၏။ သို့ရာတွင် အငယ်မ ခင်သူက ရုပ်ရည်ရော အရပ်အမောင်းခန္ဓာကိုယ်အလှပါ ဝံ့ကြွားသူဖြစ်၏။ ခင်သူက အေးဆေးတည်ငြိမ်သက်သို့ လေးလေးပင်ပင်လည်း ရှိ၏။ ခင်မှက မျက်နှာချိုသလောက် အလုပ်အကိုင်၊ အပြောအဆို လျင်မြန်ဖျတ်လတ်သူ ဖြစ်၏။ သို့ဖြစ်ရာ ဇာတ်သမားအားလုံးက ခင်မှကို ပို၍အာရုံပြုမိကြ၏။ တစ်နည်းအားဖြင့် ခင်သူနှင့် ခင်မှတို့ ညီအစ်မမှာ ကျွန်ုပ်တို့ ဇာတ်ဆရာအခန်းနှင့် ကပ်၍ နေရာရကြလေရာ ကျွန်ုပ်တို့ ဇာတ်ဆရာ ဇနီးမောင်နှံ၏ ဓဝယျာဝစ္စများကို ထိုညီအစ်မကပင် လုပ်ကိုင်ပေးကြရ၏။ ထိုအထဲတွင် သွက်လက်သော အငယ်မ ခင်မှက ကျွန်ုပ်တို့ ဇနီးမောင်နှံကို ပို၍ကူညီလုပ်ကိုင်ပေးရ၏။ ထို့ကြောင့် ခင်မှကို ကျွန်ုပ်၏ ဇနီးသည်က လက်ထောက်မင်းသမီး တင်ရန် ကျွန်ုပ်အား တိုက်တွန်းနေခြင်းဖြစ်၏။

ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ ဇာတ်တည်ထောင်သူများဖြစ်ခြင်းကြောင့် တစ်နည်းအားဖြင့် ဇာတ်သူဇာတ်သား ဇာတ်အဖွဲ့သားတို့၏ မိဘများသဖွယ် ဖြစ်ရ၏။ ဇာတ်တစ်ရာသီလုံးလုံး ဇာတ်သူဇာတ်သားတို့၏ စားဝတ်နေရေး အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးကြရသူများ ဖြစ်ကြ၏။ ကျန်းမာရေးကိုလည်း ဂရုစိုက်ကြည့်ပေးရ၏။ တစ်ခုခုဖြစ်လာပါက လည်း ကိုယ်တိုင်ကြီးကြပ် ကုသပေးကြရ၏။ ဇာတ်အဖွဲ့တွင် မင်းသားကြီး၊ မင်းသားငယ်၊ မင်း

www.burmeseclassic.com

သမီးကြီး၊ မင်းသမီးငယ်၊ လူရွှင်တော်၊ တီးဝိုင်း၊ ဆိုင်းဝိုင်း၊ ယိမ်းသမနှင့် စက်အဖွဲ့မကျန် အောက်ခြေ ကားဆွဲအထိ ကိုယ့်အလုပ်နှင့် ကိုယ့်တာဝန်နှင့် ဖြစ်လေရာ ပန်းကန်ပို့ မရှိသလောက်ပင် ဖြစ်၏။ ပန်းကန်ပို့(ဧည့်သည်)များကိုလည်း ဇာတ်ရုံနှင့်အပြင် လိုက်ပါခွင့် မပြုပေ။

ဇာတ်ဆရာအနေဖြင့် ဇာတ်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်၍ အနုပညာလုပ်ငန်း လုပ်ကိုင်နိုင်သူကိုသာ ဂုဏ်ရမ်းစာချုပ်ချုပ်၍ ညကြေးအဖြစ် သတ်မှတ်ပေးထားခဲ့လေရာ သူပေါင်း(၅၀)ခန့်ရှိ၏။ ထိုလူ(၅၀)ခန့်ကိုသာလျှင် ဇာတ်ဆရာက နေရေးထိုင်ရေး၊ စားရေးသောက်ရေးနှင့် ကျန်းမာရေးကို တာဝန်ယူနိုင်၏။ ပန်းကန်ပို့များကိုကား ဇာတ်ဆရာက အလကား မကျွေးနိုင်ပေ။ ထို့ကြောင့် ဇာတ်သမားများအနေဖြင့် မိမိမှလွဲ၍ ပန်းကန်ပို့များကို မခေါ်နိုင်ကြပေ။ အကယ်၍ ခေါ်မိပါကလည်း မိမိတာဝန်ယူရမည်ဆိုသောကြောင့် ဇာတ်ဆရာ၏ ခွင့်ပြုချက်ရမှသာ ခေါ်ခွင့်ရှိလေ၏။ ခင်သူနှင့် ခင်မူတို့အနေဖြင့် သူတို့၏ အမေကို ဇာတ်ရုံနှစ်ရုံသို့ လိုက်ပါရန် ခေါ်ယူခြင်းကို ကျွန်ုပ်၏ ဇနီးသည်ထံ ကြိုတင်ပြောဆိုထားဟန်တူ၏။

'ယောကျ်ား..ခင်မူကို ဇာတ်ထုပ်အသစ် တင်ရင် ပက်ထောက်မင်းသမီးနေရာ ထည့်ကနော်'

ကျွန်ုပ်အတွေး ဖြာနေစဉ် ဇနီးသည်စကားကြောင့် ကျွန်ုပ်၏ အတွေးစမှ ပြတ်တောက်သွား၏။ ဇနီးသည်ကားကြောင့် ပြဇာတ်မင်းသားနှင့် ညီနှိုင်းစကားပြောရန် ကျွန်ုပ်၏ အခန်းထဲမှ ထွက်လာပြီး ပြဇာတ်မင်းသားနှင့် တွေ့လိုက်၏။

'ခင်မူကတော့ သူအစ်မထက်စာရင် သွက်သွက်ခက်လက် ရှိပါတယ်။ ရုပ်ရော ခန္ဓာကိုယ်ရော အဆင်ပြေတာမို့ ဇာတ်ဆရာပြောတဲ့ နေရာပေးဖို့က ကျွန်တော့်အတွက် ဝန်မလေးပါဘူး'

'အေးဗျာ၊ မင်းသားဆီက ဒီစကားကြားရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ဇာတ်သူဇာတ်ကားမှန်သမျှ ကျွန်တော်တို့ သားသမီးတွေလိုပဲ သဘောထားပါတယ်။ ဒီအထဲက ဖြစ်နိုင်ခြေရှိတဲ့သူ၊ လိမ္မာရေးရာရှိတဲ့သူတွေကို သူတို့နဲ့ တန်ရာ၊တန်ရာဖြစ်အောင် ခဲတောင်မြှောက်ပေးချင်တာပါ။ ကဲ..ဒီတော့ မင်းသားတ်ထုတ်တိုက်ရင် ခင်မူကို ခေါ်တိုက်လိုက်ပါနော်။

ကျွန်တော်လည်း သူ့ကို ပြောထားလိုက်ပါ့မယ်'

ပြဇာတ်မင်းသားနှင့် ညီနှိုင်းစကားပြောပြီးနောက် ကျွန်ုပ်အခန်းရှိရာသို့ ပြန်လာစဉ် ဇာတ်စင်နောက်ဘက်ရှိ ကျွန်ုပ်တို့အခန်းနှင့် ကပ်လျက်ရှိသော ခင်သူ၊ ခင်မူတို့၏ အခန်းဝင်္ဂ လူများစုဝေးကာ အသံဗလံများကိုလည်း ကြားနေရသဖြင့် ကျွန်ုပ် ထိုနေရာသို့ အပြေးသွားလိုက်၏။

'ဟော့..တို့က ဟောဒီက ဘုရားသိုက်ကို စောင့်တဲ့သူတွေ။ နင်တို့အဖွဲ့ထဲမှာ လိပ်ပြာလုတဲ့သူ ပါတယ်။ ငါတို့သူ့ကို သဘောကျတယ်။ သူ့ကို တို့နဲ့အတူ ဒီသိုက်မှာ စောင့်ရအောင် ခေါ်ထားမယ်လို့ လာပြောတာ။ သူ့ကို ပြောပြလိုက်'

'သူဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ ရှင်းရှင်းပြောပါ'

'ဟုတ်ပါတယ် ဥစ္စာစောင့်တို့ရယ်၊ ဘယ်သူလဲဆိုတာ နှုတ်က ရှင်းရှင်းလင်းလင်း ဖွင့်ပြောပြပါ'

ကျွန်ုပ် ခင်မူ၊ ခင်သူတို့၏ အခန်းရှေ့ ရောက်သည်တွင် အခန်းတွင်း၌ ခင်မူက ဖင်ထိုင်လျက် မျက်စိ နှစ်လုံးကိုပိတ်ကာ ကိုယ်ကိုယမ်းရင်း ပြောနေသကဲ့သို့ သားမှဝိုင်းကြည့်နေသူတို့ကလည်း တစ်ယောက်တစ်ပေါက် ဝင်ရောက်ပြောဆိုနေသံကို ကြားရ၏။ ခင်သူနှင့် သူတို့၏ မိခင်၊ ကြီးဒေါ်တို့က ဘာမျှနားမလည်ဟန် ခင်မူ၏ လှုပ်ရှားမှုကို ငေးကြောင်ကာ ကြည့်နေ၏။ ကျွန်ုပ်၏ ဇနီးသည်ကလည်း ခင်မူ၏ရှေ့၌ ထိုင်ရင်း တစ်စွန်းတစ်စ ဝင်ပြောနေ၏။

'သူ ဘယ်သူလဲဆိုတာကို တို့ မပြောဘူးဟေ့။ သူ့ကို တို့ကိုယ်တိုင် ပြောပြမယ်'

'သိချင်လို့ပါ အရှင်သခင်တို့ရယ်၊ ပြောပြလို့ရရင် ပြောပြပေးပါ'

'ကဲ..သွားပဟေ့'

အသံများ မရှေးမနှောင်းမှာပင် ခင်မူတစ်ယောက် ဝမ်းလျားမှောက် တစ်ချက်လှဲချပြီးနောက် ပြန်၍သတိဝင်လာပြီး သူ ဘာမှမသိသလို သူမဘေးရှိ လူများကို လိုက်ကြည့်ကာ စဉ်းစားနေ၏။ ခင်မူမိခင်က ခင်မူ၏ နားနား သို့ကပ်၍ တိုးတိုးရင်းပြနေရာ ချက်ချင်း ခင်မူ သဘောပေါက်သွားပုံရ၏။

'အင်း..ငါ့အထင်တော့ နှတ်ဝင်သည်တွေ ကြောသွား

www.burmeseclassic.com

တဲ့ လိပ်ပြာလှတဲ့သူဆိုတာ မဟုတ်မှလွဲရော ခင်မူ ဖြစ်လိမ့်မယ် ထင်တယ်'

'ဟ..မဖြစ်နိုင်ဘူး။ ခင်မူဆိုရင် ခင်မူကိုယ်မှာ ဘယ်နတ်က ဝင်မှာလဲ'

'ဟုတ်တယ်၊ တခြားတစ်ယောက်ကို ပြောချင်လို့ ခင်မူကိုယ်မှာ ဝင်စီးပြောတာပေါ့'

'နတ်ကလည်းကွာ၊ လူတွေများလို့ ရှက်ပြီး ချက်ချင်း ပြန်ပြေးသွားတာ ဖြစ်မယ်'

'ဟား..ဟား..ဟား'

'ဟီး..ဟီး..ဟီး'

လူရွှင်တော်ပေါက် စကားကြောင့် ဦးအားထက် ရယ်အားသန်ကာ ခင်မူတို့အနီးမှ အလျှိုလျှို ထွက်သွားကာ လူစုကွဲသွားကြလေ၏။ ကျွန်ုပ်နှင့် ဇနီးသည်လည်း ကျွန်ုပ်တို့အခန်းသို့ ပြန်လာခဲ့ကြ၏။ မကြာခင် မောင်စပျိုးလာကာ ညနေစာစားရန် ဟန်ပြင်ကြတော့၏။ ထိုနေ့က ဇာတ်မက်ရသေးသည်ဖြစ်ရာ ညနေစာ စားပြီးသည်နှင့် အိပ်ရေးဝအောင် စောစောစီးစီး အိပ်ရာဝင်ခဲ့ကြလေ၏။

♦♦♦

နောက်တစ်နေ့ ညတွင် ဇာတ်ပွဲစ၍ ကပြကြရ၏။ ဘုရားပွဲတော်ဖြစ်၍လည်းကောင်း၊ ဇာတ်ရုံတွင်း၌ ခြောက်ကောင်ဂျင်ပိုင်းဆည့်ထား၍လည်းကောင်း ဇာတ်ရုံတွင်း၌ လူပြည့်လျှံနေလေ၏။ ကျွန်ုပ်တို့ ဇာတ်အဖွဲ့သားများမှာလည်း ပရိသတ်ကိုကြည့်၍ အားပါးတရ ဖျော်ဖြေတင်ဆက်ကြ၏။ ပြဇာတ်တွင် တစ်ခါဖူးမျှ မကခဲ့ဖူးသော ပြဇာတ်ကို တင်ကရာ ထိုပြဇာတ်တွင် ခင်မူကို လက်ထောက်ပြဇာတ်မင်းသမီး နေရာထား၍ ကပြစေ၏။ ထိုအခါ ပရိသတ်က ခင်မူကို အရမ်းအားပေးခဲ့ကြသဖြင့် မင်းသမီးသစ် ခင်မူမှာ ဇာတ်စင်အောက် ရောက်သည်နှင့် ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျရှာ၏။

ဒုတိယနေ့ ညတွင်လည်း ပွဲကြည့်ပရိသတ်က ထိုပြဇာတ်အသစ်ကိုပင် ပြန်လည်ကပြတင်ဆက်ရန် တောင်းဆိုထားသဖြင့် နောက်ညတွင်လည်း ထိုပြဇာတ်ကိုပင် ကပြခဲ့ရ၏။ ပွဲကြည့်ပရိသတ်မှာ ဇာတ်ပွဲကောင်းသည့်သတင်းကြောင့် ပထမညကထက်ပင် ပွဲကြည့်ပရိသတ် ပိုဝင်လာလေရာ ပွဲဌားသူတို့လည်း ပြုံးပျော်နေကြလေ၏။ ကျွန်ုပ်အဖို့မှာကား ပွဲဌားကြေး ရထားပြီးပြီဖြစ်ရာ ငွေကြေးအမြတ် ထပ်မရနိုင်သော်လည်း ဇာတ်ပွဲကောင်းကြောင့် သတင်းကို ကြားရသဖြင့် ဝမ်းသာကြည်နူးရ၏။ ပွဲဌားများဖြစ်သည့် ဘုရားဂေါပကအဖွဲ့ကလည်း ဇာတ်ပွဲတစ်ရက်တိုး ကပေးရန် ကျွန်ုပ်နှင့် လာရောက်ညှိနှိုင်းရာ အဆင်ပြေသဖြင့် ဝမ်းသာသွားကြ၏။ ကျွန်ုပ်မှာလည်း ဇာတ်ပွဲ တစ်ရက်တိုးကရသဖြင့် အနည်းငယ် အဆင်ပြေခဲ့ရရာ စိတ်ချမ်းသာရပြန်၏။

သို့နှင့် ဇာတ်ပွဲသုံးညကပြီး နောက်ဆုံးတိုးကသည့် နေ့သို့ ရောက်လာခဲ့၏။ ရက်ထပ်တိုးသဖြင့် ဇာတ်ထုပ်နှင့် ပြဇာတ်များကိုလည်း ပြင်ဆင်ပြောင်းကရန် စီစဉ်ရသဖြင့် နေ့ခင်းပိုင်းတွင် ပြဇာတ်မင်းသား၊ မင်းသမီးနှင့် ကျွန်ုပ်မှာ မနားကြရပေ။ အော်ပရာ၊ ပြဇာတ်၊ ဇာတ်ထုပ်များကို သုံးခုစီသာလျှင် ပြင်ဆင်ထားလေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် ရုံတစ်ရုံတွင် အနည်းဆုံး နှစ်ည၊ သုံးည သာလျှင် ကပြရလေ့ရှိသောကြောင့် ဖြစ်၏။ ထိုမှ ရက်ထပ်တိုးလာပါက အနှီဇာတ်ရုံတွင် အော်ပရာ၊ ပြဇာတ်၊ ဇာတ်ထုပ်များကို အသစ်တိုက်ကာ ကပြလေ့ရှိကြ၏။

'အမယ်လေး..ကယ်ကြပါဦးရှင်၊ ကျွန်မသမီးလေးကို ကယ်ကြပါဦး'

ကျွန်ုပ်နှင့် နောက်ပိုင်းမင်းသားတို့ နောက်ပိုင်းဇာတ်ထုပ် တိုက်နေကြစဉ် ဇာတ်စင်အောက်ဘက်မှ အော်သံကြားရာ ကျွန်ုပ် ဇာတ်စင်အောက်သို့ ဆင်းလာခဲ့၏။ ခင်မူတို့ အခန်းဝ၌ လူများအုံကာ တစ်ယောက်တစ်ပေါက် ပြောသံ ကြားရလေရာ ထိုနေရာ ကျွန်ုပ်သွားလိုက်၏။

'နင်တို့ဇာတ်အဖွဲ့ ဒီနေရာကနေ အေးအေးချမ်းချမ်း သွားချင်ရင် နင်တို့ ဇာတ်အဖွဲ့ထဲက လိပ်ပြာလှတဲ့သူကို တို့ကို ဒီမှာ ထားခဲ့ရလိမ့်မယ်'

'အဲဒီလိပ်ပြာလှတဲ့သူက ဘယ်သူလဲဟင်'

'ကျွန်မတို့ကို နှုတ်ဖွင့်ပြောပြပါ'

'ဟေ့..နင်တို့ဇာတ်ပွဲ ဒီနေရာမှာ အောင်မြင်တာ အဲဒီလိပ်ပြာလှတဲ့သူကြောင့်ဆိုတာ သိထား။ သူကြောင့် နင်တို့ကို တို့က စောင့်ရှောက်ထားတာ။ ဒါပေမဲ့ သူကို တော့ နင်တို့ ထားခဲ့ရလိမ့်မယ်'

နတ်ဝင်သည်မ ခင်မူစကားကြောင့် သူဘေးနားရှိ ဇာတ်သမားတို့မှာ အာမေဋိတ်ဖြစ်ကာ တစ်ယောက်နှစ်ယောက် တစ်ယောက်ကြည့်ရင်း ခေတ္တငြိမ်သက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ထိုနတ်ကိစ္စများနှင့် ပတ်သက်၍ ဇနီးသည်လောက် မသိရှိလေရာ ဘယ်လိုတွေးရဖွဲ့နိုင်ပင် စဉ်းစားမရရှိလေ၏။

'ကဲပါ၊ ဒီအဖွဲ့ထဲမှာ ဘယ်သူက လိပ်ပြာလုံလဲဆိုတာ ကျွန်မတို့ မသိကြဘူး။ တကယ်လို့ သိခဲ့ရင်လည်း သူက ဒီမှာနေခဲ့ချင်တဲ့ ဆန္ဒရှိမှ ဖြစ်မှာလေ။ အရှင်သခင်မတို့ သူ့ကို ခေါ်ကြည့်ပေါ့။ ကျွန်တဲ့ ကျွန်မတို့ ဇာတ်အဖွဲ့သားတွေကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းအောင် စောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်'

ကျွန်ုပ်၏ ဇနီးသည်က နတ်ဝင်သည်မ ခင်မူကို တလေးတစား ပြန်ပြောနေ၏။ မခင်မူမှာ ကိုယ်ကို ရှေ့နောက် ယိမ်းရင်းမှ လက်နှစ်ဖက်က ခါးကိုထောက်လျက် ကျွန်ုပ်၏ ဇနီးသည်အား မျက်လုံးပြူးကြည့်လျက်မှ-

'အေး..တို့ကလည်း နင်တို့အဖွဲ့ထဲက လိပ်ပြာလုံတဲ့သူကိုပဲ ခေါ်ထားမှာပါ။ သူ့ကိုလည်း တို့ ပြောပြီးပြီ။ သူက တို့နဲ့ နေခဲ့မယ်ဆိုလို့ နင်တို့ကို ပြောပြတာ။ နင်တို့အားလုံး သူ့ကို ကျေးဇူးတင်ကြ။ သူသာ မကယ်ရင် နင်တို့အားလုံး မလွယ်ဘူးဆိုတာ မှတ်ထား။ ကြားလား၊ သွားမယ်'

နတ်ဝင်သည် ခင်မူမှာ ရှေ့သို့ ဝမ်းလျားမှောက်ကျရင်းမှ နဖူးနှင့် ကြမ်းပြင်ထိကာ ချက်ချင်း သတိပြန်ရလာပြီး သူဘေးဘီဝဲယာသို့ ရိုက်ကြည့်နေ၏။ သူ့အမေက ထုံးစံအတိုင်း သူမနားနားသို့ကပ်ကာ တိုးတိုးရှင်းပြ၏။ ခင်မူ ခေတ္တမျှကြောင်ငေးကာ ဘာစကားမျှ ပြန်မပြောငြိမ်နေ၏။

'ကဲ..ကဲ..တို့ဇာတ်အဖွဲ့မှာ နံတ်ပဲဖြစ်ဖြစ်၊ ဥစ္စာစောင့်ပဲဖြစ်ဖြစ် လာခေါ်ခံရတဲ့သူ ရှိကြသလားပေါ့။ ရှိရင် ဒီမှာ လာပြောကြစမ်း။ အရေးကြီးလို့ မေးနေတာနော်။ သေသေချာချာလာပြီး ပြောကြ'

ကျွန်ုပ်၏ ဇနီးသည်က အသံမာမာဖြင့် အော်ပြောလိုက်၏။ ခေတ္တကြာသည်အထိ မည်သူမျှ တုတ်တုတ် မလှုပ်ကြ။ လာရောက်ပြောဆိုသူလည်း မရှိဖြစ်နေ၏။

ထိုစဉ်-

'ဟီး..ဟီး..ဟီး.. ဟင်း..ဟင်း..ဟင်း'

ခင်မူက ရုတ်တရက်ဝမ်းနည်းသွားဟန်ဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်လေ၏။ ဝိုင်းအုံနေသောလူစုမှာ ခင်မူ၏ အဖြစ်ကိုကြည့်ကာ ကြောင်ငေးနေကြပြန်၏။ ကျွန်ုပ်၏ ဇနီးသည်ကမူ ချက်ချင်း တစ်ခုခုကို ရိပ်မိသည့်အလား ခင်မူ၏ ပခုံးလေးကို နွေးထွေးစွာဆုပ်ကိုင်ရင်းမှ တိုးတိုးမေးလိုက်၏။

'ခင်မူ..အမေကြီးကို မှန်မှန်ပြောစမ်း၊ ညည်းကို သူတို့တွေ လာခေါ်လား၊ လာပြောလား ပြောလေ ခင်မူ။ ဒါ ညည်းအတွက် အတော်အရေးကြီးတယ်နော်။ အမေကြီးကို အမှန်အတိုင်း ပြောပြ'

'ဟီး..ဟီး..ဟီး... ဟင်း..ဟင်း..ဟီး'

'ခင်မူ...ဒီအချိန်မှာ ဝမ်းနည်းစရာတွေ တွေးမနေနဲ့။ အမှန်အတိုင်းကိုသာ ပြောပြပါကွယ်နော်'

'ခင်..ခင်..မူကို သူတို့ လာခေါ်ကြတယ်။ ခင်မူကို မင်းသမီးဖြစ်အောင် သူတို့ လုပ်ပေးမယ်လို့ ပြောတယ်။ မင်းသမီးဖြစ်ရင် သူတို့နဲ့ လိုက်ရမယ်ဆိုလို့ ခင်မူ ခေါင်းညိတ်လိုက်မိတယ် ထင်တယ်။ ခင်..ခင်မူ.. ကောင်းကောင်း မမှတ်မိတော့ဘူး။ ဟီ..ဟီး..ဟီး..ဟီး'

ခင်မူက ငိုရှိုက်ရင်းမှ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောပြနေရာ သူမနံဘေးရှိ နားထောင်သူတို့မှာ မှင်တက်မိကာ ငေးကြောင်လျက် ခေတ္တငြိမ်သက်သွားကြလေ၏။

'ဒီမှာ ဒီကိစ္စကို ဒီလိုငေးကြောင်ကြည့်နေလို့ မပြီးဘူးလေ။ တတ်သိနားလည်တဲ့ ဆေးဆရာကိုပင့်ပြီး တစ်ခုခုလုပ်မှ ဖြစ်မှာပေါ့။ ကဲ..ငါ ဆေးဆရာ သွားပင့်လာခဲ့မယ်'

ကျွန်ုပ်၏ အသံကြားမှ အားလုံးလှုပ်လှုပ်ရွရွဖြစ်ကာ တစ်ယောက်တစ်ပေါက်ပြောရင်း ခင်မူတို့အိမ်မှ ထွက်သွားကြလေ၏။

ကျွန်ုပ်တို့ ဇနီးမောင်နှံလည်း ဆေးဆရာသွားပင့်ရန် လှည့်အထွက်တွင်-

'အမယ်လေး..သမီးလေး၊ ခင်မူ..သမီးလေး..ဇာတ်ဆရာတို့၊ ကျွန်မသမီးလေးကို ကယ်ကြပါဦး ရှင်'

ခင်မူအမေ၏ အလန့်တကြားအသံကြောင့် နောက်သို့ပြန်လှည့်ကြည့်ရာ ခင်မူတစ်ယောက် တက်ရင်းမေ့မြောသွားသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်၏ ဇနီးသည်က ခင်မူထံသို့သွားကာ ခင်မူ၏ ခြေထောက်များကို နှိပ်နယ်ပေးရင်း ပြန်သတိရအောင် ပြုစုနေ၏။ ကျွန်ုပ်ကမူ ဆေးဆရာကို အမြန်ဆုံးပင့်ရန် ထိုနေရာမှ ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ရွာထဲမှ ပယောဂကု ဆေးဆရာကြီးကို ပင့်လာပြီးနောက် ခင်မူကို ဆေးကုသစေရာ ခဏအတွင်းမှာပင် ခင်မူ ပြန်သတိရလာ၏။ သို့ရာတွင် ခင်မူမှာ သတိပြန်ရလာသည်နှင့် ရိုက်ကြီးတင် ငိုနေပြန်ရာ တက်၍ သတိမေ့သွားပြန်၏။ ဤသို့ နှစ်ကြိမ်၊ သုံးကြိမ် တက်ပြီးသည့်နောက် ခင်မူတစ်ယောက် လုံးဝငြိမ်သက်သွားလေတော့၏။

'အင်း...ကျုပ်လည်း အတတ်နိုင်ဆုံး ကြိုးစားကုပေးတာပဲ။ သူက်က နည်းတာကိုး။ ပြီးတော့ သူမှာက တက်တဲ့ရောဂါအပြင် ပယောဂလည်း ဝင်နေတော့ နှည်းနည်းနောက်ကျသွားတယ်။ ဒီဘုရားမှာရှိတဲ့သိုက်တာ နာမည်ကြီး သိုက်ပေါ့။ သိပ်သတိထားရတယ်။ ဒီကလေးမလေးက လိပ်ပြာလှတယ်လေ။ အင်း...သူက ဒီလိုက် ပါလာတာကိုး။ အနီစွ...အနီစွ...အနီစွ၊ တရားနဲ့သာ ဖြေကြပါတော့ကွယ်'

ဓာတ်ရုံတစ်ရုံလုံး ငိုရှိုက်သံများ ဖုံးလွှမ်းသွား၏။ ဓာတ်သူဓာတ်သားအားလုံး ခင်မူအဖြစ်ကို ယူကျုံးမရဖြစ်ကာ စိတ်မကောင်းဖြစ်ကြ၏။ မိုးညက ကျွန်ုပ်တို့ ဓာတ်အဖွဲ့အနေဖြင့် ဓာတ်ပွဲကရန် တစ်ညကျွန်သေးသည်ဖြစ်ရာ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြရသော်လည်း အနုပညာသမားများဘဝပီပီ ဓာတ်လမ်းဓာတ်ထုပ်များကို ဟန်လုပ်သရုပ်ဆောင်ကြရင်း မိုးစင်စင်လင်းခဲ့ကြရ၏။

နောက်တစ်နေ့တွင် ခင်မူ၏ ရုပ်အလောင်းကို ထိုရွာ၌ပင် မြေမြှုပ်သင်္ဂြိုဟ်ရလေရာ တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြ၏။ ကျွန်ုပ်တို့ ပန်းကမ္ဘာဓာတ် တစ်ဖွဲ့လုံးလည်း စိတ်မကောင်းခြင်းများစွာဖြင့် ထိုရွာမှ ဆက်လက်ထွက်ခွာလာခဲ့ရပါ၏။

ခင်မူအကြောင်းကို တွေးမိတိုင်း မြတ်စွာဘုရား ဟောကြားခဲ့သည့် မသိခြင်းတရား(၅)ပါးဖြစ်သော ဘယ်အရှယ်၊ ဘယ်အနာရောဂါနဲ့ ဘယ်ကာလမှာ ဘယ်နေရာမယ် သေဖြီး ဘယ်ဘုံကို ရောက်မလဲဆိုတာကို ဆင်ခြင်မိပါ၏။ ထို့အတူ ခင်မူ၏ အဖြစ်အပျက်များကိုလည်း အမြဲသတိရနေမည်သာ ဖြစ်ပါတော့၏။

ချစ်မင်းသူ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တစ်ခွင် မိုးသားကင်းစင်၍ ပြာလဲ့လဲ့ မဆုံး အေးရိပ်များ လွှမ်းခြုံလျက်ရှိသော တန်ဆောင်မုန်း လဆန်း၏ ပထမပတ်အတွင်းတွင် ဖြစ်လေသည်။ ကထိန် ရာသီဖြစ်သော ကာလအလျောက် နတ္ထမင်းကုန်းရွာ၊ ကွမ်း ခြံကုန်းရွာ၊ အလယ်ကုန်းရွာ၊ ခွေတောက်ကွင်းရွာ၊ အထက် စုရွာ၊ အောင်ဘော်ရွာတို့ ကိုးကွယ်ဆည်းကပ်သော သပြေ ပင်ကျောင်းတွင် တန်ဆောင်မုန်းလပြည့်နေ့၌ နှစ်စဉ် ကထိန်ပွဲ ကျင်းပပြုလုပ်ကြမြဲဖြစ်သဖြင့် ဆိုခဲ့ပြီးသော ရွာများမှလည်းကောင်း၊ ပဒေသာပင်များအား အိုးစည် ဝိုင်း၊ ဒိုးပတ်ဝိုင်းများ စည်ကားသိုက်မြိုက်စွာ ပို့ဆောင် လှူဒါန်းကြလေသည်။

ယခုနှစ် သပြေပင်ကျောင်း ကထိန်အား အောင်ဘော် ရွာမှ ဘကြီးစံခင် ယောက်ဖတော်စပ်သူ ဦးဘိုးချစ်၊ ၎င်း၏သမက် ကိုမောင်မြ၊ သမီးဖြစ်သော မခင်သန်းတို့က လည်းကောင်း၊ ရန်ကုန်မြို့ စာပေဗိမာန်တွင် ရုံးအပ်မှူး (မခင်သန်း၏အစ်ကို) ကိုအုန်းခင်တို့ မိသားစုကလည်း ကောင်း မ,တည်၍ ကထိန်ခင်းသောနှစ် ဖြစ်လေသည်။

ဆန်းဝင်း (အောင်မြေ)
ထောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ရွာအသီးသီးမှ ရှိကြသော ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတို့ကား အစီအစဉ်များချလျက် သီချင်းတီးကွက်တိုက်ခြင်းများ အသီးသီး အားကြိုးမာန်တက် ညစဉ်ညတိုင်း တီးမှုတ်သီချင်းတိုက်ကြလေသည်။

ဟိုးယခင်နှစ်များကတည်းက ထိုသပြေပင်ကျောင်းတွင်ကား တစ်ဦးနှင့်တစ်ဦး မသင့်မြတ်သော အိုးစည်ဝိုင်းနှစ်ဝိုင်းရှိသည်။ ၄င်းတို့ကား နတ္ထမင်းကုန်းရွာ ကိုရွှေဦးစီးသော မြသားစိန်ရောင် အိုးစည်ဝိုင်းနှင့် ရွာချင်းမကွာ မလှမ်းရှိ အလယ်ကုန်းရွာမှ မောင်မောင်သိန်း ခေါင်းဆောင်ဦးစီးသော ရွှေလားမြလား အိုးစည်ဝိုင်းတို့ ဖြစ်လေသည်။

ထိုတန်ဆောင်မုန်းလပြည့်နေ့နှင့်နက် ပဒေသာပင်များ အသီးသီးပို့ဆောင်စုံလင်ပါက သပြေပင်ကျောင်းကြီးရှေ့ကွင်းကွက်လပ်တွင် တစ်ဖွဲ့လျှင် (၁၀)မိနစ်မျှ ယှဉ်ပြိုင်တီးမှုတ်ကြရသည်။ ဒိုင်အဖွဲ့မှ လက်ကျလက်နှ အဖြတ်အတောက်သံချပ်၊ အသံအဝင်အထွက်၊ စည်းဝါး စသော ကျေးလက် အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများအား ဆိုင်းဆရာ (ဝိုင်းတီး) ကိုမောင်မြ ပါဝင်သော နိုင်အဖွဲ့ဝင်(၈)ဦးက အမှတ်ပေးရလေသည်။ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ငွေသားများ ကျပ်ငါးထောင်၊ ကျပ်နှစ်ထောင့်ငါးရာ၊ ထောင့်နှစ်ရာငါးဆယ်၊ တစ်ထောင် စသည်အားဖြင့် အသီးသီး ဆုသတ်မှတ်၍ ချီးမြှင့်လေသည်။

ထိုပြိုင်ပွဲတွင် အိုးစည်နှင့် ဒိုးပတ်ဝိုင်းနှစ်မျိုးသာရှိသည်။ ပြိုင်ပွဲဝင်သည်။ အိုးစည် (ပ၊ ဒု၊ တ)၊ ဒိုးပတ် (ပ၊ ဒု၊ တ)များ ရွေးချယ်၍ ပေးနိုင်ကြပြီး နတ္ထမင်းကုန်းရွာ မြသားစိန်ရောင် အိုးစည်ဝိုင်းကား နှစ်စဉ် ပထမရ၍ အလယ်ကုန်းရွာ ရွှေလားမြလား အိုးစည်ဝိုင်းကလည်း နှစ်တိုင်းပင် ဒုတိယရလိုက်၊ တတိယရလိုက် ရှိလေသည်။ ယခုနှစ်တွင်ကား အလယ်ကုန်းရွာမှ အိုးစည်ဝိုင်းကား ပထမဆုကို ရနိုင်စေရန် အိုးစည်ဆရာတစ်ဦးပါ သင်ကြားပြသ တီးမှုတ်လျက်ရှိပြီး ညစဉ်လည်း လေ့ကျင့်လျက်ရှိလေသည်။ နတ္ထမင်းကုန်းရွာ အိုးစည်ဝိုင်းကား ပုံမှန်ပင် ကြိုးစားလျက်ရှိလေသည်။

တစ်နေ့တွင် ဝိုင်းခေါင်းဆောင် ကိုရွှေအား ဘကြီးစံခက ခေါ်သည်ဆိုသောကြောင့် နေ့လယ် ထမင်းစား အပြီး ဘကြီးစံခ၏အိမ်သို့ ရောက်ရှိနေလေပြီ။

'အစ်ကိုစံ၊ ခေါ်တယ်ဆိုလို့'

'အေးကွ ကိုရွှေ၊ ငင်းကို အိုးစည်ဝိုင်းဆရာအစစ်တွေ ဘာတွေ တိုက်ထားလား။ အိုးစည်ကိုရော ကုသရော ရှိတာတွေ လုပ်ထားရဲ့လား'

'အာ...လုပ်ရတာပေါ့ အစ်ကိုရယ်။ အလယ်ကုန်းရွာ အိုးစည်ဝိုင်းက ဒီနှစ် ပထမဆုကိုရအောင်ယူမယ် ကြားနေတယ်။ အိုးစည်ဆရာတွေဘာတွေ ခေါ်လို့တဲ့လေ'

'အေး...အဲဒါ ငါပြောတာပေါ့ကွ။ ဒီကောင်တွေ တို့ဝိုင်း မယှဉ်နိုင်ပါဘူးဆိုပြီး ပေါ့နေလို့မရဘူး။ ပထမဆုကို ဆက်ထိန်းဖို့က မင်းမှာ တာဝန်အပြည့်ရှိတယ်။ ကြိုးစားဖို့လိုတယ်။ သူတို့ နဲ့ဆရာအသစ်လည်း ပြောင်းတယ်တဲ့။ တို့နဲ့ဆရာနဲ့ ဆရာတူ တပည့်ဆိုလား ကြားရသကွ'

'ဟုတ်တယ် အစ်ကို၊ သံချပ်က အသစ်၊ ဒီညတိုက်ရမှာ။ ဒီနှစ်လည်း ပထမဆုကိုရဲ့အောင် ကျွန်တော်တို့ ကြိုးစားပါ့မယ်။ မပူပါနဲ့ အစ်ကိုစံရယ်'

'အေး...ကြိုးစားကွာ။ ကောင်းပြီ။ အေး...အေး'

ဟိုယခင်ကတည်းက အိုးစည်ဝိုင်းရော ဒိုးပတ်ဝိုင်းပါ ပလွေတိုနှင့်မရ နဲပါးရမည်ဟူသော သဘံမှတ်ချက်ဖြင့် ယှဉ်ပြိုင်လာကြသည်မှာ နှစ်အတန်ကြာလေပြီ။ နဲ့ဆရာကား နောက်ဝိုင်း အနည်းငယ် ရှားလာလေသည်။ သပြေပင်ကျောင်းကထိန်ရာသီ အိုးစည်ဒိုးပတ်ပြိုင်ပွဲကား စည်ကားလှသည်။ ရွာပေါင်းများစွာ လာရောက်ကြည့်ရှုရင်း ကထိန်ထမင်း၊ ငါးခြောက်နပ်၊ ငါးကြော်၊ ဝက်သား၊ ပဲတီချဉ်၊ ခဲလီဟင်း၊ ငါးဝိဆီကြော်တို့အား လွန်စွာစားချိုကောင်းလှသဖြင့် လူစည်ကားခြင်းလည်း ဖြစ်ပေမည်။

♦♦♦

နတ္ထမင်းကုန်းရွာ မြသားစိန်ရောင်အဖွဲ့ခေါင်းဆောင် ကိုရွှေ တီးသော အိုးစည်ကား ရွှေတိဂုံဘုရားဈေး အရှေ့ဘက်စောင်းတန်းမှ ဝယ်ယူလာသော ပိတောက်သားနှင့် ထွင်းလုပ်ထားသော အိုးစည်ဖြစ်ပြီး လွန်စွာအသံကောင်းလှသည်။ ကျွမ်းကျင်သော အိုးစည်ဆရာ ကိုရွှေ၏ လက်သံသည်လည်း ခြေဖြင့်လွန်းလှသည်။ အပိုင်တီး၊ အပိတ်အဆို့တီး၊ သံချပ်တီး စသောအိုးစည်ပညာရပ်တွင် ဆရာအဆက်ဆက် လက်ဆင့်ကမ်း သင်ယူလေ့ကျက်ခဲ့သောကြောင့် ယှဉ်ပြိုင်တီးခတ်ချိန်တွင် သတ္တိစွမ်းပကားများဖြင့် လက်စွမ်းပြ၍ ပထမဆုအား ရယူနိုင်သူလည်း ဖြစ်

www.burmeseclassic.com

၏။

ကိုရွှေ၏ ထိုပိတ္တောက်သား အိုးစည်တွင် ထူးခြားသော အံ့သြစရာတစ်ခုကြောင့် တစ်နယ်လုံး နာမည်ကျော်သော အကြောင်းအရာတစ်ခုကား အိုးစည်ဝယ်လာပြီး တစ်ပတ်တိတိကြာသော နွေနေတစ်နေ့၏ နေ့လယ် ထမင်းစားပြီးတိုင်း ခေတ္တအိပ်လေ့ရှိသော ကိုရွှေအား ထူးဆန်းသော အိပ်မက်တစ်ခု မက်လေတော့၏။

အိပ်မက်ထဲတွင် အိုးစည်ကြီးကား မည်သူမှမကိုင်ဘဲ ကိုရွှေ၏ရှေ့သို့ ဒုန်းခနဲ အသံမြည်လျက် မတ်တတ်လာထောင်ပြီးနောက် အိုးစည်အတွင်းမှ ခေါင်းပေါင်းစုံ ဖန်ဖက်ချထားသော ဓော်ဂျီများကဲ့သို့ ဝတ်ဆင်ထားသော လူတစ်ယောက် ခုန်ထွက်လာပြီး-

'ဟေ့...ဟေ့...ဆရာ၊ အိုးစည်တီးတဲ့ဆရာ'

'အမ်...အာ...ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ'

'ငါလား၊ မင်း အိုးစည်နဲ့ ပါလာတဲ့လူလို့ပဲ မှတ်ထားကွာ။ မင်း ဝိုင်းစတော့မယ်ဆိုတိုင်း အိုးစည်ဖင်ထောင်ပြီး အရက်တစ်ပိုင်း (တစ်ပုလင်း၏တစ်ဝက်)တော့ လောင်းထည့်ပေး။ ငါပြောတဲ့အတိုင်းလုပ်၊ မင်း ပထမရရစေမယ်။ ငါ ကူညီမယ်၊ ကြားလား။ မှတ်ထားဟေ့'

ကိုရွှေ အံ့သြမှင်တက်နေချိန် ဖျတ်ခနဲ လန့်နိုးသွားလေသည်။ ပက်လက်အနေအထားမှ ဆတ်ခနဲ ငုတ်တုတ်ထိုင်လိုက်ချိန် အိမ်ခေါင်းရင်းတိုင်တွင် ချိတ်ဆွဲထားသော အိုးစည်ကား ကိုရွှေ၏ အိပ်ရာဘေး ကြမ်းခင်းပြင်ပေါ်တွင် ထောင်လျက်သား။ ကိုရွှေ မှိန်းခနဲ ခေါင်းမွေးထောင်သွား၏။

'လုံးတင်...ဟေး...လုံးတင်'

ကိုရွှေ၏ ကျယ်လောင်သော ခေါ်သံကြောင့် ဇနီးမလုံးတင် အိမ်ရှေ့အိမ်မှ ပြေးလာလေသည်။

ပြီး ကိုရွှေအား လှမ်းကြည့်၍-

'ဘယ်လိုဖြစ်တာလဲ။ အိပ်မှုန်စုံမွှားနဲ့ ဘာပြုလို့ အော်ခေါ်နေတာလဲ၊ ပြောစမ်းပါဦးဟဲ့'

'ဟဲ့...လုံးတင်၊ ဒီအိုးစည် ငါ့အိပ်ရာဘေး ငါ အိပ်နေတုန်း ဘယ်သူ လာထောင်ထားတာလဲ'

ဒုတိယ မျက်လုံးပြူးသွားရသူမှာ မလုံးတင် ဖြစ်ပေတော့သည်။

'ရှင် အိပ်ကတည်းက ဘယ်သူမှလည်း အိမ်ကိုမလာဘူး။ ကျွန်မလည်း အိမ်ရှေ့အိမ်မှာ စကားထိုင်ပြောနေတာ။ ရှင့်ဟာရှင် ယူတာ မဟုတ်ဘူးလား။ ဒီပြင် ဘယ်သူက ဒါကြီး မ,ပြီး ရွှေမှာလဲ။ ကလေးနှစ်ယောက်ကလည်း အိမ်မှာရှိတာ မဟုတ်ဘူး။ အင်း'

'အင်း...အင်း...ကဲ...ကဲ...ထားပါတော့။ ငါပဲ ရွှေမိသလား မပြောတတ်ပါဘူးဟယ်'

'ကြောင်တီကြောင်တောင်နဲ့ ဘာမှန်း မသိဘူး'

တကယ်တော့ ကိုရွှေ သူ မရွှေတာ မကိုင်တာ အသေအချာ မှတ်မိသည်။ သို့သော် မကိုင် မရွှေဘဲ ဘာကြောင့် အိပ်ရာဘေး ထောင်လျက်သား ရောက်နေရသနည်း။ မတော်တဆ လူပေါ် လဲကျပါက ခေါင်းကွဲသွားနိုင်သည်။ ခန္ဓာကိုယ်အလယ်ပိုင်း နှစ်တောင်ခန့်နေရာတွင် ဖြစ်၍ ခေါင်းဘက်လဲလဲ ခြေဘက်လဲလဲ မလွတ်။

အား...လန့်စရာဟု ဒုတိယအကြိမ် ပခုံးတွန့်၍ ထို အကြောင်းအား ဘကြီးစံခအား ပြောပြသောအခါ-

'အင်း...မင်း အိုးစည်က တော်တော်ဆန်းတယ်ဟ။ သူပြောသလို အရက်လောင်းကြည့်လိုက်လေ။ ဘာဖြစ်လာမလဲ၊ မင်း သိရမှာပေါ့'

ထို့နောက်တွင်တော့ အိုးစည်ဝိုင်းတီးတိုင်း အိမ်မှ အထွက် အိုးစည်အား ဖင်ထောင်၍ တောချက်အရက်တစ်ပိုင်း အမြဲလောင်းထည့်သွားသည်။ ပြီး အိုးစည်ပြန်ထောင်လျှင် လောင်းလိုက်သော အရက်များ တစ်စက်မှ ပြန်မကျ၊ ထူးဆန်းလှ၏။ မြည်လွန်း ကျယ်လွန်းလှ၍ လျှော့၍ပင် တီးရလေသည်။ ပြိုင်ပွဲတိုင်း အနိုင်ရ ဖိုလ်စွဲသည်ချည်းမှာ အရက်သောက်သော နတ္ထမင်းကုန်းရွာက အိုးစည်ဟုပင် နာမည်ကြီးလှသည်။ အခြားသူတစ်ဦးဦး လွဲပြောင်းတီးပါက အသံသိသာစွာ တိုးသွားသည်မှာလည်း လွန်စွာအံ့စရာပင်။ ဤကား ကိုရွှေနှင့် ၄င်းတီးသော အိုးစည်၏ ဖြစ်ကြောင်းဇာတ်လမ်း တစ်ခုပင်။

ထိုအကြောင်းကလည်း အခြားယှဉ်ပြိုင်ရမည့်ဝိုင်းတို့ကြောက်ရွံ့စေသော အရေးကြီး အချက်တစ်ချက်ပင် ဖြစ်ပေသည်။

♦♦♦

'အစ်ကိုစံ'

'အင်း...ကိုရွှေ၊ ဘာလဲဟ။ မင်း ခေါင်းကုတ်နေချည်

www.burmeseclassic.com

လား။ ဘာများဖြစ်သလဲဟ။ ပြောစမ်းပါဦး'

'ကျွန်တော် တစ်ခုတည်းကိုပဲ ထပ်ထပ်ကော်တာ အိပ်မက်သုံးခါရှိပြီ အစ်ကို။ တစ်ခုခုများ ဖြစ်နိုင်စရာ ရှိမလား မသိဘူး'

'မင်း အိပ်မက်က ဘယ်လိုအိပ်မက်ရှိုးလဲ ပြောစမ်းပါဦး'

'ကျွန်တော် အသည်းအသန် အိုးစည်တီးနေတဲ့အချိန်မှာ ကျွန်တော့်ဘေးနား အုန်းသီးတွေ တအုံးအုံးနဲ့ ကြွေကျတယ်။ မော့ပြီးကြည့်လိုက်တော့ အုန်းပင်နှစ်ပင်က အသီးတွေ တဖြုတ်ဖြုတ် ကြွေလာတာ အုန်းပင်ကြီး နှစ်ပင်က လည်း ယိမ်းထိုးလူပ်ရှားနေတယ် အစ်ကို။ အဲဒါပဲ ထပ် ထပ်မက်နေတာ'

'အင်း...သုံးကြိမ်သုံးခါလုံး တစ်ထပ်တည်း မက်တာ ဆိုတော့ အံကြောင်းတစ်ခုရှိမယ်။ ငါ စဉ်းစားကြည့်ပါဦး မယ်ကွာ၊ ဟုတ်လား။ ပြီးတော့ အဖြေပေါ်လာမှာပါ'

'ဟုတ်ကဲ့ အစ်ကို'

ကိုရွှေ ပြန်သွားသောအခါ ဘကြီးစံခ ဆေးတံအား ဆေးသစ်တစ်အိုးဖြည့်၍ မီးညှိလျက် ဧည့်ခန်းတွင် လမ်း လျှောက်ရင်း ဆက်စပ်တွေးတော စဉ်းစားလျက် ရှိလေ သည်။

အုန်းပင် နှစ်ပင်လုံး သွက်သွက်ခါ လူပ်ခါတယ်။ အသီးတွေ ကြွေတယ်။ ပြီးတော့ အိုးစည်တီးတဲ့အချိန်ကြွေ တယ်။ အင်း...ကိုရွှေ ခြံထဲ အုန်းပင် မရှိဘူး။ အိုးစည် ညစဉ်တိုက်တဲ့ ကိုညီတို့ ခြံထဲလည်း အုန်းပင် မရှိဘူး။ ဘယ်နေရာများ ရှိသေးလဲ စဉ်းစားစမ်း။ အတန်ကြာစဉ်း စားသောအခါ ဘကြီးစံခ ခေါင်းထဲသို့ သပြေပင်ကျောင်း အဝင်ဝမှ အသီးများ ပြုတ်သိပ်နေသော ဘယ်ညာလည်း ပေါက်နေသော လူသွားလမ်းပေါ်ကိုသာ ကြွေတတ်သော အုန်းပင် နှစ်ပင်အား စိတ်ထဲ ပေါ်လာလေသည်။

'ဟား...သေချာပြီ၊ ဒါပဲ'

အုန်းပင်ကား လမ်းပေါ် အနည်းငယ်ကိုင်းနေသည်။ အိုးစည်ဝိုင်းသမားများ ပဒေသာပင်များကို ကျောင်းရှေ့ ကွင်းလယ်သို့ ပို့ဆောင်လာကြစဉ် သံချပ်နှင့် အကနှင့် ထိုအဝင်ဝ အုန်းပင်အောက်မှ ဖြတ်သန်းကြရပေမည်။ အိုးစည်ဝိုင်းတိုင်း အန္တရာယ်ရှိနိုင်သည်ဟုလည်း စဉ်းစား မိသဖြင့် ညနေဝိုင်းတွင် မဆိုင်းမတွ သစ်ပင်တက် ကျွမ်း သော နတ္တင်းဆုန်ရွာလယ်မှ ကိုဟန်မောင်အား ကြိုး များပါ လူဆောင်ခေါ်၍ အုန်းတော်ကြီးအား တက်ရောက် လျှောက်ထားလေသည်။

'ဟာ...တောကြီး အဲဒါ ဖြစ်နိုင်ပါ့မလား။ ဦးပဉ္စင်း ကတော့ ကြိုးကျူးဒါဆရဲ့ အုန်းသီးအရင့်အခြောက် တွေလည်း များနေတာဆိုတော့ ဒကာကြီးပြောတာ ယုတ္တိ ရှိလောက်ပါတယ်။ အင်း...ဒီ...ဒီ...ဒကာကြီး သဘော ပဲ။ အဲဒီအုန်းပင်နှစ်ပင် ဒကာကြီး လုပ်သင့်သလို ကြည့် သာ လုပ်ပေတော့။ လုပ်ပါ'

ပြီးတော့ ကိစ္စတစ်ခု ရှိသေးတယ်ဘုရား'

'ဘာများပါလိမ့် ဒကာကြီးရယ်'

ဆရာတော်အနီးသို့ တိုးကပ်သွားပြီး အသံနှစ်ကိုယ် ကြားဖြင့် ဘကြီးစံခက ဆရာတော်အား အကျိုးအကြောင်း ရှင်းပြသည်။ ဆရာတော်ကား အံ့သြလျက် မျက်လုံးအိုင်း သားနှင့် ဦးခေါင်းတညိတ်ညိတ်နှင့် ရှိလေသည်။ ထို့ နောက်တွင်ကား အရင့်အခြောက်များသော အုန်းသီးခိုင် တို့အား တစ်ခိုင်လုံးသော်လည်းကောင်း၊ အခြားအခိုင်များ မှ အခြောက်လုံးများ အရင့်များကိုသော်လည်းကောင်း အားလုံး ရှင်းလင်းလိုက်လေတော့သည်။

သို့သော် ဘကြီးစံ၏ စိတ်ကူးအစီအစဉ်ကား မပြီး သေးပါပေ။ ထိုရက်၊ ထိုအချိန်ကိုကား စောင့်ရန်ရှိသေး သည်။

♦ ♦ ♦

ထိုရက်၊ ထိုအချိန်ကား ကထိန်ပဒေသာပင်များ တဖွဲ့ ဖွဲ့ပို့ဆောင်တော့မည့် တန်ဆောင်မုန်းလပြည့်နေ့ နံနက်(၆) နာရီကပင် ဘကြီးစံခ၏ အစီအစဉ်ဖြင့် စီစဉ်လျှောက်ထား ချက်အရ အုန်းပင်များနှင့် မျက်စောင်းထိုး ကိုက်(၂၀)ခန့် အကွာ သိမ်ကျောင်းအပေါ်ထပ် အခန်းတံခါး ပြတင်းများ ပိတ်၍ တရုတ်ကတ်ကြားမှ ကျောင်းဝမှဝင်လာသော အိုး စည်ဝိုင်းများအား စောင့်ကြည့်ရန် ဆရာတော်နှင့် ဘကြီးစံ ခတို့ ပုန်းကွယ်စောင့်ဆိုင်းလျက်ရှိလေသည်။

မကြာမီ အိုးစည်ဝိုင်းများ၊ ဒိုးပတ်ဝိုင်းများ ပဒေသာ ပင် အသီးသီးနှင့် သယ်ဆောင်လာကြပေပြီ။ အချိန်ကား နံနက်(၇)နာရီခန့်။

ပထမဆုံး အထက်စု ဒိုးပတ်ဝိုင်းနှင့် ပဒေသာပင် ရောက်လာပြီး ခြံဝမှ အဝင်လမ်းအတိုင်း အကာအဝိုင်း အသီး

www.burmeseclassic.com

နှင့် သယ်ဆောင်လာလေသည်။ ထိုဦးပတ်ဝိုင်း အုန်းပင် နှစ်ပင်အောက် ရောက်သောအခါ ထူးဆန်းစွာ အုန်းပင် အဖျား၊ အကိုင်းအလက်များ လူပ်ယမ်းလျက်ရှိသည်ကို ဆရာတော်အား ဘကြီးစံခက လက်တို့၍ ပြလေသည်။

'အာ...ဘယ်လိုဖြစ်တာလဲ ဒကာကြီး။ ဆန်းလှချေကလား'

'ဆက်ကြည့်ပါဦး ဘုန်းတော်ကြီးဘုရား။ ပြီးတော့ တပည့်တော် ရှင်းပြပါ့မယ်ဘုရား'

'အေး...အခုပဲ မြင်ဖူးသဗျာ၊ ဦးပတ်ဝိုင်းတီးလို့ အုန်းပင်သွက်သွက်ခါအောင်လှုပ်တာ။ အင်း...ဆန်းတာပေါ့'

'ဟာ...အိုးစည်ဝိုင်း လာပြီဘုရား။ ကြည့်ပါဦး'

ထိုအထက်စုဝိုင်း ပြီးသောအခါ နတ္ထမင်းကုန်းရွာကို ရွှေ့၏အိုးစည်ဝိုင်း ဝင်လာလေရာ အုန်းပင်ကား ပို၍ပင် လူပ်ယမ်းလေသည်။ ဆရာတော်ကား ပါးစပ်အဟောင်း သားနှင့် အံ့သြဆုံးအောင် ရှိလေတော့သည်။ သို့သော် အိုးစည်ဝိုင်းသားတို့ သတိမပြုမိပါပေ။ ထို့ကြောင့် တီးမြဲတီးကြလျက် ပဒေသာပင်များ စီရာနေရာသို့ သွားကြပြီး ခဏနားကြစဉ် အလည်ကုန်းရွာ အိုးစည်ဝိုင်း ဝင်လာလေတော့သည်။

အလယ်ကုန်းရွာ အိုးစည်ဝိုင်းလည်း ကျောင်းအဝင် အနီး စ၍တီးကြလျက် အုန်းပင်အနီး အောက်ရောက်သော အခါ လက်နှစ်ဖက်အား အပေါ်သို့မြှောက်၍ ရပ်ရန် ဝိုင်း ခေါင်းဆောင် မောင်မောင်သိန်းမှ အချက်ပြပြီး အုန်းပင် အောက်မှလွတ်အောင် တစ်ဝိုင်းသားလုံး ရှေ့သို့ ခပ်သွက် သွက်လျှောက်ကြသည်။ ပြီးမှ ဆက်တီးကြပြီး ပဒေသာ ပင်များ စီရာသို့ သွားကြလေသည်။

ထိုအခြင်းအရာအား ဆရာတော်က မြင်လေသော ကြောင့်-

'ဒကာကြီး...ဒီအလယ်ကုန်းရွာ အိုးစည်ဝိုင်းက ထူးတယ်။ အပင်အောက်တည့်တည့် မရောက်ခင် အတီးရပ်တယ်။ ရှေ့ကို ခပ်သွက်သွက်လျှောက်တယ်။ အုန်းပင်လွတ်မှ တီးကြတယ်။ ပြီးတော့ သူတို့တစ်ဖွဲ့လုံး အုန်းပင်ကို ဘီလူးသဘက်သဖွယ် မော့ကြည့်ကြပြီး အပြေးတစ်ဝိုင်းနဲ့ အုန်းပင်လွတ်မှ တီးကြတယ်'

ထို့နောက် အခြားတီးဝိုင်းတို့ ဖြတ်သန်းဝင်ရောက်ကြသည်။ သို့သော် ၄င်းတို့ ဘာမျှ သတိမပြုမိကြ။ တီးမြဲ၊ ကမြဲ၊ သွားကြမြဲ အုန်းပင်လှုပ်ယမ်းသည်ကို အခြားသော ဝိုင်းသားများ မသိလိုက်ကြ။ အလယ်ကုန်းရွာမှ အိုးစည် ဝိုင်းကား ထူးခြားနေပြီ။ မည်သို့ပင်ဆိုစေ ထိုဆုကား နတ္ထမင်းကုန်းရွာ မြသားစိန်ရောင် အိုးစည်ဝိုင်းသည်ပင် ပထမဆုကို ဆက်လက်ဆွတ်ခူးရရှိသွားလေသည်။

-♦♦♦

ကထိုနေ့ရောက်ချအပြီး ဆရာတော်၏ အခန်းအတွင်း၌ အလယ်ကုန်းရွာ အိုးစည်ဝိုင်းခေါင်း မောင်မောင်သိန်း၊ ဘကြီးစံခ၊ ဆရာတော်ပါ သုံးဦး အရေးပါသော စကားစုအား ဆွေးနွေးမေးမြန်းနေဆဲ။

'မောင်မောင်သိန်း'

'အရှင်ဘုရား'

'ဘုန်းကြီး တစ်ခုပြောမယ်ကွ။ ထူးဆန်းတာလေးပေါ့ကွာ။ အိုးစည်ဝိုင်းနဲ့ ဒီးပတ်ဝိုင်းတွေ ဝင်လာတော့ ကျောင်းအဝင်ဝက အုန်းပင်ကြီး နှစ်ပင်က ယိမ်းထိုးလှုပ်ယမ်းသမှကွာ ကနေတဲ့အတိုင်းပဲ။ အုန်းသီးအခြောက်တွေများ ရှိနေလို့ကတော့ ကြွေကျဦးခေါင်းပေါ်ကျ သေကောင်း သေနိုင်တယ်ကွ'

မောင်မောင်သိန်း မျက်နှာအနည်းငယ်ပျက်နေသည်ကို ဘကြီးစံခနှင့် ဆရာတော်ပါ ရိပ်မိလိုက်ကြလေသည်။ ဆရာတော် စကားဆက်ပြန်လေသည်။

'အဲ...ဒါပေမဲ့၊ ဘယ်အိုးစည်ဝိုင်း ဦးပတ်ဝိုင်းမှ သတိမပြုမိရှာကြဘူးကွ။ သတိလည်း သေသေချာချာပြုတယ်။ အုန်းသီးကြွေကျမှာကို သိနေတဲ့ မင်း ဦးဆောင်တဲ့ ဝိုင်းကတော့ ကြိုတင်ရပ်တန့်ပြီး အုန်းပင်ကျော်မှ တီးကြတယ်။ အုန်းပင်ပေါ်ကိုလည်း သရဲသဘက် တွေ့ရသလို မော့ကြည့်ကြတယ်။ အဲဒါ မင်းက ခေါင်းဆောင်ဆိုတော့ ဒါကို အသေအချာသိတဲ့ သဘောပဲကွ။ ကဲ...မောင်မောင်သိန်း၊ ဒါ ရာဇဝတ်မှုနော်။ ဒါ သေကြောင်းကြိစည်မှု၊ ကြိုတင်ကြိစည်တာနော်။ ဒကာကြီးစံခကြောင့် လူတွေ ဘာမှမဖြစ်တာ။ မင်းလုပ်ပုံက လူတွေ အများကြီးသေနိုင်တယ်။ သဘောပေါက်ပြီလား။ ကဲ...'

'မှန်ပါ့၊ မှန်ပါ့၊ မှန်ပါ့။ တပည့်တော် လုပ်မိပါတယ်ဘုရား။ တပည့်တော် မှားပါတယ်ဘုရား။ တောင်းပန်ပါတယ်ဘုရား။ ခွင့်လွှတ်သည်းခံတော်မူပါဘုရား'

တုန်တုန်ယင်ယင်နှင့် သူနိုးလူမိသည့်အသွင် ဆတက်

www.burmeseclassic.com

တည်ရာမရဖြစ်လျက် ပြားပြားဝပ်။ ဆရာတော်အား တောင်းပန်လေတော့သည်။

'အေး..အဲဒီလို ဝန်ခံတာကတော့ သူတော်ကောင်းလက္ခဏာပေါ့။ နောက် ဒီလိုမျိုး သူတစ်ပါး အကျိုးနည်းစေမယ့်ကိစ္စတွေ မလုပ်ရဘူး။ လာမယ့်နှစ် သန့်သန့်ရှင်းရှင်းပြိုင်၊ ကြားလား။ မင်း ပန်းတောကြီးစခန်း အချုပ်ထဲရောက်ဖို့ပဲ။ ဟောဒီ ဒကာကြီး ကယ်မေလို့မှတ်'

'ဘကြီးစံ၊ သား မှားပါတယ်။ ခွင့်လွှတ်ပါ။ နောက်မကြွစည်ရဲတော့ပါဘူး။ အိုးစည်ဝိုင်းတော့ ဆက်ပြိုင်ပွဲဝင်ပါရစေ။ ခွင့်ပြုပေးပါ ဘကြီး။ အီး..ဟီး..ဟီး'

ငိုလျက်တောင်းပန်သော မောင်မောင်သိန်းအား ဆရာတော်က ဆုံးမသြဝါဒများပေးလျက် ပြန်လွှတ်လိုက်လေတော့သည်။

ဆရာတော်ကား ဒကာကြီးဦးစံခအား ခပ်ပြုံးပြုံးကြည့်လျက်-

'ဒကာကြီးပြောသလို မောင်မောင်သိန်းကို ဆုံးမသြဝါဒ ပေးသာပေးရတယ်။ ဘယ်လိုကြောင့် ဘာဆိုတာ ဘုန်းကြီး အခုအထိ ဝိဝါဒမကွဲပြားသေးဘူး ဒကာစံရေ။ ဘုန်းကြီးကို ရှင်းပြစမ်းပါဦးဗျာ'

ဘကြီးစံခကား ကိုရွှေ၏ ဆက်တိုက်မက်နေသော ထူးဆန်းအိပ်မက်အား အခြေခံ၍ ဆွဲဆန့်စဉ်းစားစရာ ကျောင်းခြံဝ အဝင်မှ အုန်းပင်နှစ်ပင်အား အတွေးရောက်မိကြောင်း အုန်းပင်အား တစ်ခုခု ဘာများ လုပ်ထားနိုင်သနည်း လေ့လာလာသောအခါ အထောက်အထား မသက်ဝင်စရာတချို့ အုန်းပင်ခြေရင်းအနီး တွေ့ရှိရခြင်း၊ ထိုအရာကား ပင်နီဆီလင် (ထိုးဆေးပုလင်း) အဟောင်းများသည် တစ်ပင်တစ်ပင်စီ၏ အမြစ်ခြေရင်းအနီးတစ်ဝိုက်တွင် တွေ့ရှိရသောအခါ မိမိတွေးဆချက် မှန်ကန်သဖြင့် နောက်ဆုံးအချက်အနေဖြင့် အိုးစည်ဝိုင်းများအား အကဲခတ်သောအခါ မူဖျက်လွန်းသော အလယ်ကုန်းရွာ အိုးစည်ဝိုင်းခေါင်းဆောင် မောင်မောင်သိန်းအား ခေါ်ယူတွေ့ဆုံ၍ ဆရာတော်အား ဤသို့ဤနှယ် စကားများသုံး၍ မေးမြန်းပြောဆိုရင်း မောင်မောင်သိန်း ဝန်ခံသည်အထိ အားလုံးပေါ်သွားကြောင်း ဆရာတော်အား ရှင်းပြလျှောက်ထားလေသည်။

'အဲ..ဟုတ်ပြီ ဒကာကြီး၊ အကုန်ရှင်းပါပြီ။ ဒါပေမဲ့ အိုးစည်ဝိုင်း ဒီအုန်းပင်အောက်နားဖြတ်မှ ဘာဖြစ်လို့ အုန်းပင်က ယိမ်းထိုးလှုပ်ယမ်းရတာလဲ။ အသီးကြွေလောက်အောင် တစ်ခါတည်း လှုပ်ယမ်းရတာလဲ၊ အဲဒီတစ်ခုကျန်နေတယ်။ မသိဘူး၊ ဓလူးဘူး၊ အဲဒါ ရှင်းစမ်းပါဦး ဒကာကြီး'

'မှန်ပါဘုရား။ အဲဒါကတော့ အိုးစည်ဝိုင်းထဲကပါတဲ့ ယကွင်း(လင်းကွင်း)ကြောင့်ပါဘုရား။ ကြေးနဲ့လုပ်ထားတဲ့ အဲဒီလင်းကွင်းနဲ့ မတည့်တဲ့အရာတစ်ခု အုန်းပင်ထဲမှာ မောင်မောင်သိန်းက ထည့်ထားတာဘုရား။ ဒါကြောင့် အပင်အောက်ကနေ အဲဒီယကွင်း(လင်းကွင်း) တီးတာနဲ့ တစ်ခါတည်း အုန်းပင် က,တော့တာပါပဲဘုရား'

'ကြော့..ဆန်းလှချည်။ အဲ..အုန်းပင်ထဲ မောင်မောင်သိန်းက ဘာများထည့်ခဲ့လို့လဲ ဒကာစံရယ်၊ လုပ်စမ်းပါဦး။ ထူးဆန်းတယ်'

'မှန်ပါဘုရား။ မောင်မောင်သိန်းက ညဘက်ဖြစ်ဖြစ်၊ ဒါမှမဟုတ် နေ့ဘက်ဖြစ်ဖြစ် ဆရာတော်ကို လာပြီး လျှောက်နိုင်ပါတယ်။ အုန်းပင် ပြင်ပေးမယ်။ အုန်းသီး တောင်းမယ်။ တစ်ခုခုပေါ့'

'အဲ..ဟုတ်ပေ့။ ဆက်ပါဦး ဒကာစံရ'

'အဲ..နောက်တော့ အသင့်ပါလာတဲ့ ဆောက်ပြားနဲ့ အုန်းပင်ကို နှစ်လက်မလောက်ထွင်းမယ်။ ပြဒါးတစ်ကျပ်သား ပင်နီဆီလင်ပုလင်းဟောင်း တစ်လုံးစီတွင်ထည့်၍ (ပရဆေးဆိုင်များတွင် ရနိုင်သည်) စီထည့်ကာ သစ်သားနဲ့ ပြန်ပိတ်ပြီး အဲဒီအောက်ကနေ လင်းကွင်းတီးကြည့်၊ ကြေးဓာတ်နဲ့ ပြဒါးဓာတ်ဟာ မတည့်လေတော့ လှုပ်ရှားပြေပေါ့ဘုရား။ အချုပ်ကတော့ ဒီသဘောပါပဲ'

'အင်း..ဆန်းလည်း ဆန်းပါပေ့။ နို့ပေမဲ့ နို့ကနို့ကျွတ်ချွတ်လည်း တွေးတတ် ဖော်ထုတ်နိုင်ပါပေ့။ တော်ပါပေ့ ဒကာကြီးရယ်။ အင်း..အင်း'

ဆရာတော်သည် လွန်ခဲ့သော နှစ်ပတ်၊ သုံးပတ်ခန့်ကပင် မောင်မောင်သိန်း ကျောင်းသို့ ဆွမ်းလာပို့ရင်း အုန်းပင်အား အုန်းလက်များ ရှင်းပေးပါမည်ဟုဆိုပြီး အုန်းပင်အား ပြဒါးထည့်၍ ဤသို့ဤနှယ် ကြံစည်ပြုလုပ်သွားသကိုးဟု ယခုမှ ပြန်လည်စဉ်းစားမိလျက် ခပ်လေးလေး ခေါင်းညိတ်လျက် အချက်များစွာ။

ဆန်းဝင်း(မောင်ခြွေ)

www.burmeseclassic.com

www.burmeseclassic.com

ဘူလေးလဲတာ

ကိုယ်ပေါ်ကအုံးဝင်း

အင်္ဂလိပ်ဘာသာအားဖြင့် MAGIC (မက်ဂျစ်)ဟူသော စကားလုံးကို မြန်မာဘာသာဖြင့် မှော်ပညာဟု ဆိုကြလေ၏။ ထိုစကားလုံးမှာ မူလရှေးဟောင်း ပါရှားပြည်မှ MAGUS (မေးဂတ်စ်)ဟူသော ဘုန်းတော်ကြီးများကို အစွဲပြု၍ ဖြစ်ပေါ်လာသော စကားလုံးဖြစ်သည်ဟူ၏။

နောင်အခါတွင် ဥရောပတိုက်သားများသည် အရှေ့တိုင်းပညာရှင်များကို MAGUS ဟူ၍ ခြုံငုံခေါ်ဝေါ်ပြီး သူတို့၏ ပညာကိုလည်း MAGIC ဟု ခေါ်ဝေါ်ကြသည်တွင်မှ MAGIC ဟူသော စကားလုံးမှာ ယေဘုယျအားဖြင့် မှော်ပညာ ဖြစ်လာရသည်ဟု ဆိုလေ၏။

ခရစ်ယာန်တို့၏ ဓမ္မသစ်ကျမ်းစာထဲတွင် ဆိုင်မွန်

www.burmeseclassic.com

www.burmeseclassic.com

(Simon) ဆိုသူသည် မော်အစီအရင်ကို မြို့ထဲတွင် လုပ်ဆောင်ခဲ့ရာ ဆာမားရီးယားတစ်နိုင်ငံလုံး အံ့အားသင့်စေခဲ့လေ၏။

ခရစ်ယာန်တို့ ရွေးကာ ရေးခဲ့သော စာများတွင် မော်ဆရာ ဆိုင်မွန်သည် ရှိန်းဆာယာ ပိုမောက်၍ ကိုယ်ပျောက်နိုင်ကြောင်း၊ မိမိကိုယ်မှ အခြားသော လူများ၊ တိရစ္ဆာန်များဖြစ်အောင် ပြုလုပ်နိုင်စွမ်းရှိကြောင်း၊ လေထဲသို့ ပျံဝဲ၍ တက်နိုင်ကြောင်း၊ ကျောက်နံရံများကို ဖောက်ထွင်းဖြတ်သန်းနိုင်ကြောင်း ပါရှိလေ၏။

အဆိုပါ မော်ပညာဆိုသည်မှာ ကဝေပညာနှင့်လည်း ဆင်ဆင်တူနေသေး၏။ စုန်းကဝေအတတ် တတ်သူတို့သည်လည်း ကြောင်၊ ခွေး၊ ယုန်၊ လိပ်၊ မြွေပါ၊ ကြွက်၊ ဖား၊ ကင်းလိပ်ချောတို့၏ အသွင်သဏ္ဌာန်ကို ပြုနိုင်ကြောင်း တစ်ဆင့်စကား ကြားသိခဲ့ရဖူးလေ၏။

လူကဖြစ်သော သမန်းကျား၊ လူကဖြစ်သော ဝံပုလွေ၊ လူကဖြစ်သော ဂျာဂွာကျားသစ်၊ လူကဖြစ်သော ဝက်ဝံ စသည့် အကြောင်းများကိုလည်း ဖတ်မှတ်ဖူးလေ၏။ မြန်မာပြည်တွင် သမန်းကျားဖြစ်ရပ်များ ရှိနေသကဲ့သို့ ဥရောပတိုက်တွင်လည်း သမန်းဝံပုလွေ ဖြစ်ရပ်များ လူသိများလေ၏။

ဆိုခဲ့သလို မော်ပညာ၊ စုန်းကဝေအတတ် တတ်သူတို့သည် သူတို့ကိုယ်သူတို့ အခြားသော အသွင်သဏ္ဌာန်များ လုပ်ဆောင်နိုင်စွမ်းရှိကြောင်း အကျဉ်းမျှ သိလောက်ပေပြီ။

♦ ♦ ♦

ယင်းကဲ့သို့ မော်အတတ်၊ စုန်းကဝေအတတ်ကို လေ့လာလိုက်စား သင်ယူနေသော ဂျိုနသန်ကွင်ဘီ ဆိုသော ပုဂ္ဂိုလ်တစ်ယောက် ရှိခဲ့ပါ၏။

တစ်နေ့သော် သူသည် စိတ်ဂနာမငြိမ်ဖြစ်လျက် သားဖွားဆေးရုံရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အိတ်ထဲက စီးကရက်အစီခံဘက်ကို မီးညှိပြီး အခြားတစ်ဖက်မှ မှားပြီး ဖွာရှိုက်နေခြင်းကို သူဘာသာသူ မသိချေ။ အလွန်စိတ်လှုပ်ရှားပြီး သောကဖိစီးနေလေ၏။

သူမှာ သောကဖြစ်စရာ အကြောင်းကလည်း ရှိနေသည်။ တစ်ညနေမှာ သူတို့လင်မယားနှစ်ယောက် တိရစ္ဆာန်ဥယျာဉ်သို့ နောက်ဆုံးအကြိမ် သွားခဲ့ခြင်းက စတင်ခဲ့သည်။

'နောက်ဆုံးအကြိမ်'

ထိုနောက်ဆုံးအကြိမ် သွားမိပြီးနောက် လင်ယောနှစ်ယောက်စလုံး တိရစ္ဆာန်ဥယျာဉ်ဘက်ကို ယောင်မှားချပင် ခြေဦးမလှည့်ချေတော့။ အနီနောက်ဆုံးအကြိမ်တုန်းက သူဇနီး လိမ့်ကျခဲ့သည်။ သို့သော် လိမ့်မကျခင်တုန်းက အကြောင်းအရာကို အရင်ပြောပြလေမှ လိုပ်ပတ်လည်စေလိမ့်မည်တည်း။

ဆိုခဲ့သလို ဂျိုနသန်ကွင်ဘီသည် ငယ်စဉ်တုန်းကပင် ဝါသနာအထုံကြီးကာ မော်ပညာရပ်များကို လေ့လာလိုက်စားခဲ့သည်။ သာမန်ကာလျှံကာ ပညာမျိုးမဟုတ်၍ ခက်ခဲနက်နဲစွာ လေ့လာသည်။ သူသည် ဂါထာစုတ်၊ မန္တန်ရွတ်ခြင်းတို့ကို အကြိမ်ပေါင်းများစွာ ပြုလုပ်သည်။ ကျင့်စဉ်ကျင့်ရပ်များကို ပြင်းထန်စွာ လုပ်ဆောင်သည်။ သို့ရာတွင် ထိုအတတ်ပညာသည် အစွမ်းအာနိသင် ဖြစ်စေသော်လည်း သူ့အဖို့ကား အစွမ်းမပြခဲ့ပါချေ။

သို့သော် နောက်ဆုံး မန္တန်တစ်ခုကို ရွတ်ဆိုရာတွင် သူမှာ အံ့ဖွယ်အစွမ်းအာနိသင်ကို ရရှိလေတော့၏။ သူဖြစ်လိုသော တိရစ္ဆာန်ဘဝကို မှန်းဆပြီး မန္တန်ရွတ်လိုက်လျှင် လူအဖြစ်မှ တိရစ္ဆာန်ဘဝသို့ ပြောင်းလဲသွားလေ၏။ ထိုမန္တန်ကိုပင် ပြောင်းပြန်ရွတ်ဆိုလိုက်လျှင် မူလလူအဖြစ်သို့ ပြန်လည်ရောက်ရှိလာ၏။

ကြမ်းကြုတ်ရက်စက်သူအဖို့ (သို့မဟုတ်) လက်စားချေတတ်သူအဖို့ဆိုလျှင် ဤမန္တန်သည် အလွန်အသုံးကျပေလိမ့်မည်။ သို့သော် ဂျိုနသန်ကွင်ဘီက ထိုကဲ့သို့သော လူစားမျိုးမဟုတ်။ အထူးအဆန်းကို စပ်စုစမ်းသပ်လိုသူ အချို့၏ ဆန္ဒအရ မန္တန်အစွမ်းကို စမ်းသပ်ပြီးနောက် သူသည် မန္တန်ကို အသုံးမပြုဘဲ ထားခဲ့လေ၏။

သူ အသက်သုံးဆယ်တွင် အချိန်အတော်ကြာကာ နှင့် လက်ထပ်ခဲ့လေ၏။ သူ့ခင်ပွန်း စပ်စုတတ် နှစ်သိမ့်ဖွယ်ရလေအောင် ထိုမန္တန်ကို သူ တစ်ကြိမ်အသုံးပြုခဲ့ရပါ၏။ သူက မန္တန်၏ ထူးခြားပြစ်ဆဲ့ကို ပြောပြလေရာ သူ့ခင်ပွန်းက လုံးဝ၊ လုံးဝယုံကြည်ပြီး လက်တွေ့ပြပါဟု စိန်ခေါ်လေ၏။

ဤတွင် သူက မန္တန်ရွတ်ပြီး ခင်ပွန်းကို ခွေးအဖြစ်ကြောင်ကလေးအဖြစ်သို့ ပြောင်းလဲလိုက်၏။ ခေတ်အကြာ မန္တန်ကို ပြောင်းပြန်ရွတ်လိုက်ရာ နဂိုမိန်းမအဖြစ်သို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com

လည်ရောက်ရှိစေလေ၏။ ဇနီးသည်မှာ လွန်စွာအံ့သြဘနန်းဖြစ်ကာ ယုံကြည်သွားပြီး ဤမန္တန်ကို နောက်နောင်အသုံးမပြုဖို့ ကတိတောင်းလေတော့၏။ သူကလည်း ကတိပေးရလေတော့၏။

သို့သော် မလွဲသာမရှောင်သာသောကြောင့် တိရစ္ဆာန်ဥယျာဉ်သို့ သွားခဲ့သော တစ်ညနေမှာ မန္တန်ကို တစ်ကြိမ်အသုံးပြုလိုက်ရလေ၏။

သူတို့ ဇနီးမောင်နှံသည် တိရစ္ဆာန်ဥယျာဉ်သို့ နှစ်ယောက်သား လျှောက်သွား၏။ ထိုအချိန်က ရှေ့နောက်ဝဲယာ အခြားလူတစ်ယောက်တလေကိုမျှ မတွေ့မမြင်ရချေ။ သို့ဖြင့် ဝက်ဝံများထားရှိရာ ချိုင့်ဝှမ်းသို့ သူတို့ရောက်ရှိခဲ့လေ၏။

သူတို့ ကြည့်ရှုသော်လည်း ဝက်ဝံများကို မမြင်ရတော့။ ဝက်ဝံများသည် အိပ်ရန်အတွက် အမိုးအကာရှိသောအပိုင်းသို့ ဝင်သွားကြပြီဖြစ်၏။ ဇနီးက သံတန်းကို အားပြုမှီလိုက်လေ၏။ ဤတွင် အရှိန်လွန်ပြီး ဝက်ဝံတွင်းထဲသို့ မတော်တဆ ကျသွားလေ၏။ ကံကောင်းထောက်မ[illegible]သဖြင့် ထိခိုက်ဒဏ်ရာရခြင်း မရှိချေ။

သူမက ကပျာကယာ မတ်တတ်ရပ်လိုက်ပြီး ဂျို နသန်ကွင်ဘီကို မော်ကြည့်လေ၏။ ပြီးတော့ သူမက ပါးစပ်ကို လက်ချောင်းများဖြင့် ထိကပ်ပြီး ဝက်ဝံများရှိရာ တံခါးပေါက်ဆီ ညွှန်ပြသည်။ ကွင်ဘီ သဘောပေါက်လေ၏။ သူမကို ကူညီကယ်ဆယ်တင်ပေးရပေမည်။ သို့သော် ငြားလည်း အသံမမြည်စေရ။

အသံကြားလျှင် အဆောက်အအုံထဲမှာ မှိန်နေသည့် ဝက်ဝံတွေ နိုးလာနိုင်သည်။ သူက ခေါင်းညိတ်ပြသည်။ သူက တစ်ခုခုကို ရှာဖွေရန် တစ်ဖက်သို့ လှည့်စဉ်မှာ ဇနီးထံမှ အထိတ်တလန့်ရေရွတ်သံ ကြားလိုက်ရလေ၏။

သူက ဝက်ဝံတွင်းထဲ ပြန်ကြည့်လေရာ ဇနီးကို ကယ်ထုတ်ဖို့ အခွင့်အရေးမှာ အလွန်နောက်ကျသွားပြီဟု သိလိုက်ရလေတော့၏။ အရွယ်ကောင်းသော ဝက်ဝံထီးကြီး တစ်ကောင်သည် တံခါးပေါက်မှ ထွက်လာလေ၏။ မာန်ဖီသောအသံပြုပြီး သူအမျိုးသမီးထံသို့ ရှေးရှုလာနေလေ၏။ သတ်ဖြတ်ပစ်မည်မှာ သေချာလေ၏။

ဇနီးအသက်ကို ကယ်တင်ရန် တစ်နည်းသာ ရှိတော့လေ၏။ ကွင်ဘီသည် ထိုနည်းကို အသုံးပြုလိုက်ရလေတော့၏။ ဝက်ဝံထီးသည် ဝက်ဝံမကို သတ်ပစ်မည်ဟူ၍ မရှိပါချေ။

ဝက်ဝံထီးသည် ဝက်ဝံမကို သတ်ရန် စိတ်ကူးမရှိသော်ငြားလည်း အခြားစိတ်ကူး ရှိနေပုံရလေ၏။ ဝက်ဝံမတစ်ဖြစ်လဲ သူဇနီးမှာ ဝက်ဝံထီးပို့ ပြုသမျှ နုရချေတော့၏။ ကွင်ဘီမှာ စိတ်ထဲ၌ မချိမဆံ့ ခံစားရခြင်း မကြည့်ချင်မြင်လျက်သား ရှိနေလေ၏။ တစ်ခဏကြာလေတော့ ဝက်ဝံထီးသည် အလိုဆန္ဒပြည့်စွာဖြင့် အမိုးအကာရံအတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေ၏။

ကွင်ဘီက ဝက်ဝံထီး ပြန်ထွက်လာလေဦးမလားဟု သတိထားကြည့်လိုက်ပြီး မန္တန်ကို ပြောင်းပြန်ရွတ်လိုက်လေရာ သူ၏ဇနီးသည် မူလလူအဖြစ်သို့ ပြန်လည်ဖြစ်တည်လာ၏။ ဇနီးက ကမ်းပါးကို ကုတ်ကပ်တက်လာ၏။ လက်လှမ်းမီသောအခါတွင် ကွင်ဘီက လှမ်းဆွဲပြီး ကူညီတင်ပေးသဖြင့် အပေါ်သို့ ရောက်လာလေ၏။ အန္တရာယ်တစ်စုံတစ်ရာ မရှိတော့ချေ။

[illegible]လင်မယားနှစ်ယောက် မျက်နှာဖြူဖပ်ဖြူရော် ကတုန်ကယင်ဖြစ်လျက် တက္ကစီကားငှားကာ အိမ်သို့ ပြန်ခဲ့လေ၏။ ဤဖြစ်ရပ်ကို ဘယ်တော့မှ ပြန်မပြောစတမ်းဟု လင်မယားနှစ်ယောက် သဘောတူထားကြလေ၏။ သူမအသတ်မခံရတာနှင့်စာလျှင်တော့ တော်သေးသည်ဟု ဆိုရပေမည်။ သို့သော်...။

သူတို့အိမ်ထောင်သက် ဆယ်နှစ်ရှိခဲ့ပြီး သားသမီးလိုချင်လျက်နှင့် မရခဲ့။ ဇနီးသည် ဝက်ဝံတွင်းထဲ ကျခဲ့ပြီး သီတင်းပတ်အတော်ရှိလာသည့်အခါ ကိုယ်ဝန်ရှိနေပြီဟု သိရလေတော့၏။ သားသမီး လာချေပြီတည်း။

ယခုအချိန်တွင် သားဖွားဆောင်ရွက်ခဲ့ စောင့်ဆိုင်းရင်းအစိုးရိမ်ဆုံးစိတ်ဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသူသည်ကား ဂျို့နသန်ကွင်ဘီ။

ကိုမောင်သန်းဝင်း

www.burmeseclassic.com